http://www.dhammadownload.com



အရှင်ကုမာရ

၏

ပုဒ္ဓအလိုတော်ကျ

ကျင့်သုံးနေထိုင်နည်း

သာသနာ - ၂၅၄၁ ကောဇာ - ၁၃၇၉ ဒုတိယ - ၁၉၉၈

http://www.dhammadownload.com

http://www.dhammadownload.com



အရှင်ကုမာရ

၏

မဒ္ဒအလိုတော်ကျ

ကျင့်သုံးနေထိုင်နည်း

သာသနာ - ၂၅၄၁ ကောဇာ - ၁၃၅၉ ခရစ် - ၁၉၉၈

http://www.dhammadownload.com

ဗုဒ္ဓအလိုတော်ကျကျင့်သုံးဓနထိုင်နည်း(ပထမတွဲ)
ပဉ္စမအကြိမ်၊ ၁၉၉၈ မတ်လ၊ အုပ်ရေ ၂၀၀၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅/၉၇(၁၀) နှင့် စာမူခွင့်ပြုချက်အမှတ်
၆၄/၉၇(၉) တို့အရ ဦးဝင်းမြင့်(၀၁၅၁၂)၊ ဝင်းမြင့်အောင်စာပေ၊ ၃၁၅၊
၂-ခ ရပ်ကွက်၊ ထောက်ကြန့်တိုးချဲ့၊ မင်္ဂလာဒုံ က ထုတ်ဝေ၍
မျက်နှာဖုံးနှင့်အတွင်းစာသားကို ဦးသန်းဝင်း(၀၅၂၅၉)
သော်တာဝင်းအော့ဖ်ဆက်၊ ၇၊ ကြေးပန်းတိမ်တန်းလမ်း၊
မင်္ဂလာတောင်ညွန့် က ပုံနှိပ်သည်။

တန်ဖိုး ကျပ်

ပါရမီစာဝေ

၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂ /၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

http://www.dhammadownload.com

ဗုဒ္ဓအလိုတော်ကျ

ကျင့်သုံးနေထိုင်နည်း

မာတိကာ

နံပါတ်	အကြောင်းအရာ				စာမျက်နှာ
	ကျမ်းဦးအမှာ				(၁)
	နိဒါန်း				(၃)
၁။	စံပြမင်္ဂလာဆောင်				၁
	မင်္ဂလာဆွမ်းကျွေး-၁	---	---	---	၂
	ကပ်ပို့ ကပ်ဖွဲနည်း	---	---	---	၄
	ပစ္စည်း ၄-ပါး ဖြင့် ဖိတ်ပုံ	---	---	---	၅
	ဦးချ ရှိခိုးပုံ	---	---	---	၆
	အမြတ်ဆုံးတရား ၆-ပါး	---	---	---	၈
	မင်္ဂလာဆွမ်းကျွေး-၂	---	---	---	၁၂
	အကျိုးလက်ငြတ်နှင့် အကျိုးပါး	---	---	---	၁၄
	ဆွမ်းကပ်ရာဝယ် သတိပြုဖွယ်များ		---	---	၁၅
၂။	ကထိန်အလှူ				၂၁
	သာသနာမှာ အကျိုးပြုကထိန်	---	---	---	၂၃
	လက်တွဲညီညာ ဆရာဒကာ	---	---	---	၂၆
	ပကာသနကထိန်	---	---	---	၃၀
	၂-ဖက်ရုံးအလှူ	---	---	---	၃၄
	တာဝန်ကိုယ်စီ	---	---	---	၃၅
	ဆရာဒကာဆက်ဆံရေး	---	---	---	၃၈

http://www.dhammadownload.com

နံပါတ်	အကြောင်းအရာ			စာမျက်နှာ
	မထီလေးစားမပြုသင့်သောအရာ ၄-ပါး:	---	---	၃၉
	ရဟန်းများအား မထီလေးစား ပြုပုံ	---	---	၄၀
	ရဟန်းသာမဏေများအား ပြောင်လှောင်ပုံ	---	---	၄၂
	မာတိကမာတာ	---	---	၄၄
	တရားခြေချုပ်	---	---	၄၅
	စိတ္တသူကြွယ်	---	---	၅၀
	ပဋိသာရဏီယကံ	---	---	၅၂
	သပိတ်မှောက်ကံ	---	---	၅၄
	ပကာသနကထိန်မှ အကျိုးပြုကထိန်သို့-	---	---	၅၇
၃။	လူရောရှင်ပါ ပြုပြင်ရေး			၅၉
	ကြီးပွားကြောင်း ၆-ပါး:	---	---	၆၁
	ပြုပြင်ရေးလမ်းစ	---	---	၆၃
	သာသနာ့ဘေးရန်	---	---	၆၅
	ဘေးရန်ဖြစ်ခြင်း အကြောင်းရင်း-	---	---	၆၇
	ကုလဒူသန= အမျိုးဖျက်မှု	---	---	၆၉
	အနေသန= မအပ်မစပ်ရှာဖွေမှု	---	---	၈၂
	၁။ ကုဟနာ	---	---	၈၆
	က။ ပစ္စယပဋိသေဝန	---	---	၈၆
	ခ။ သာမန္တဇပ္ပန	---	---	၈၈
	ဂ။ ဣရိယာပထသန္ဓိသိတ	---	---	၈၉
	ရဟန္တာထက်ကြည်ညိုသူများသော ကုဟကရဟန်:		---	၈၉
	ပါဝိစ္ဆ= ယုတ်မာသောအလိုရှိသူ	---	---	၉၁
	စဉ့်အိုးရဟန္တာ	---	---	၉၆
	မြစ်ပျဉ်းရဟန္တာ	---	---	၉၇
	၂။ လပနာ	---	---	၉၉
	၃။ နေမိတ္တိကတာ	---	---	၁၀၁
	ဇာတကဘာဏကရဟန်:	---	---	၁၀၃
	၄။ နိပ္ပေသိကတာ	---	---	၁၀၄
	၅။ လာဘေနလာဘံနိဓိဂိသနတာ	---	---	၁၀၅
	၆။ ၁၅။ ဒါရဒါနာဒီ	---	---	၁၀၆

http://www.dhammadownload.com

နံပါတ်	အကြောင်းအရာ			စာမျက်နှာ
၁၆။	စာတုကမျတာ	---	---	၁၀၆
၁၇။	မုဂ္ဂသူပျတာ	---	---	၁၀၆
၁၈။	ပါရိဘဋ္ဌတာ	---	---	၁၀၇
၁၉။	ပိဋ္ဌမဒ္ဒိကတာ	---	---	၁၀၇
	က။ ကာယပါဂဇ္ဈိယ	---	---	၁၀၇
	ခ။ ဝါစာပါဂဇ္ဈိယ	---	---	၁၀၈
၂၀။	ဝတ္ထုဝိဇ္ဇာ	---	---	၁၀၉
၂၁။	တိရစ္ဆာနဝိဇ္ဇာ	---	---	၁၀၉
၂၂။	အင်္ဂဝိဇ္ဇာ	---	---	၁၁၁
၂၃။	နက္ခတ္တဝိဇ္ဇာ	---	---	၁၁၁
၂၄။	ဒူတဂမန	---	---	၁၁၁
၂၅။	ပဟိဏဂမန	---	---	၁၁၂
	အခိုင်းမတော်က ကျွန်ဖြစ်ရ	---	---	၁၁၂
၂၆။	ဓမ္မပေသနိယ	---	---	၁၁၃
၂၇။	ဝေဒကမ္မ	---	---	၁၁၃
	ဆေးဆရာရဟန်း	---	---	၁၁၃
	အရှက်မရှိတဲ့ရဟန်း	---	---	၁၁၄
	ကျီးရဲနဲ့တူတဲ့ရဟန်း	---	---	၁၁၅
	သူများဂုဏ်ကို ဖျက်ဆီးတတ်တဲ့ရဟန်း		---	၁၁၆
	ဟန်ဆောင်ကောင်းတဲ့ရဟန်း	---	---	၁၁၆
	ကြမ်းကြုတ်တဲ့ရဟန်း	---	---	၁၁၇
၂၈။	နဝကမ္မ	---	---	၁၁၇
၂၉။	ပိဏ္ဍပဋိပိဏ္ဍ	---	---	၁၁၇
	ဆွမ်းဦးပေးကောင်းသူ	---	---	၁၁၈
	ဒီလို တုံ့ပြန်ပူဇော်ပါ	---	---	၁၁၈
၃၀။	ဒါနာနုပ္ပဒါန	---	---	၁၁၉
	ပဋိသန္ဓာဂရ	---	---	၁၁၉
	ပဋိသန္ဓာဂရအကျိုး	---	---	၁၂၀
	ကိမိလသုတ်	---	---	၁၂၃
	ဒွန်းစဏ္ဍားရဲ့ စားကြွင်းစား	---	---	၁၂၄
	သီလကွန်ပါဋ်တော်လာ မိစ္ဆာဇီဝအချို့	---	---	၁၂၅

http://www.dhammadownload.com

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
	သံသဂ္ဂ= ရောနှောမှု --- --- ---	၁၂၇
၁။	သဝနသံသဂ္ဂ --- --- ---	၁၂၇
	သီချင်းသံကြောင့်စျာန်လျော --- --- ---	၁၂၇
၂။	ဒဿနသံသဂ္ဂ --- --- ---	၁၂၈
	မျက်နှာမြင် ချစ်ခင်သူ --- --- ---	၁၂၈
၃။	သမုလ္လပနသံသဂ္ဂ --- --- ---	၁၃၁
	ဦးပဉ္စင်းပန်းကျော် --- --- ---	၁၃၁
	ငရွှေကင်းအမှု --- --- ---	၁၃၃
၄။	သမ္ဘောဂသံသဂ္ဂ --- --- ---	၁၃၄
	ဝါ ၆၀-ရမှ လူဖြစ်ကြ --- --- ---	၁၃၄
၅။	ကာယသံသဂ္ဂ --- --- ---	၁၃၅
	အထိမတော်တစ်ချက် --- --- ---	၁၃၆
	သံသဂ္ဂဖြစ်စရာ ပုဂ္ဂိုလ်များ --- --- ---	၁၃၆
	မာတုဂါမဋ္ဌ ကျင့်သုံးရန် --- --- ---	၁၃၇
	မတွေ့အောင် နေ --- --- ---	၁၃၇
	စကားမပြောနဲ့ --- --- ---	၁၃၈
	အမေနှင့်သား ယွင်းဖောက်ပြား --- ---	၁၃၈
	သတိထားပေါ့ --- --- ---	၁၄၀
	သာသနာမှာ နေနိုင်ခြင်း --- --- ---	၁၄၁
	ရဟန်းတော်များနှင့် ဒကာဒကာမဆက်ဆံရေး ---	၁၄၆
	အဂေါစရ ၅-ပွာန --- --- ---	၁၄၆
	အဂေါစရ --- --- ---	၁၄၇
	၁။ ပြည့်တန်ဆာမ --- --- ---	၁၄၇
	၂။ လင်သေလင်ပြတ် တစ်ခုလပ်မုဆိုးမ --- ---	၁၄၈
	၃။ အပျိုကြီး --- --- ---	၁၄၈
	၄။ နပုံး ပဏ္ဏာကြ် --- --- ---	၁၄၈
	၅။ ဘိက္ခုနီ --- --- ---	၁၄၉
	အိမ်လည်ရဟန်းအပြစ် --- --- ---	၁၄၉
	ရဟန်းများအတွက် ဘေးကြီး ၄-ပါး: --- ---	၁၅၀
	စစ်မှုထမ်းအလား ရဟန်း-၅ --- --- ---	၁၅၂
	မာတုဂါမနှင့် ၂-ဦးချင်း ဆိတ်ကွယ်ရာမှာ မနေရ--- ---	၁၅၄

http://www.dhammadownload.com

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
	မာတုဂါမနှင့်တိုင်ပင်၍ ခရီး အတူမသွားရ --- ---	၁၅၅
	ရဟန်းတော်များ အိမ်မှာ မတည်းခိုသင့် --- ---	၁၅၆
	ဖြဟ္မစရိယ ကျိုးပေါက်ပြောက်ကျားမှု --- ---	၁၅၉
	ရွှေငွေကို အလှူခံမှု --- --- ---	၁၆၂
	ဒုတိယသင်္ဃိယနာ --- --- ---	၁၆၂
	ရွှေငွေကို ခံယူမှု --- --- ---	၁၈၃
	အပ်နှံလှူဒါန်းတဲ့ ရွှေငွေ --- --- ---	၁၈၅
	သာယာတဲ့ ရဟန်း --- --- ---	၁၈၅
	ဒကာများပါ နားလည်သင့် --- --- ---	၁၈၅
	အပ်အောင်လှူနည်း --- --- ---	၁၈၅
	ရွှေငွေဖြင့် လဲလှယ်ရောင်းဝယ်မှု --- --- ---	၁၈၆
	အပ်သောပစ္စည်းချင်း လဲလှယ်မှု --- --- ---	၁၈၆
	အထူးထူး အပြားပြားရှိတဲ့ --- --- ---	၁၈၈
	မအပ်သော လဲလှယ်နည်း --- --- ---	၁၈၈
	အပ်သော လဲလှယ်နည်း --- --- ---	၁၈၈
	ခိုင်းစေရာ၌ အပ်, မအပ် --- --- ---	၁၈၉
၄။	ကိုယ်ဝန်သူငယ်နှင့် သရဏဂုံ	၁၉၀
	ဗောဓိမင်းသားဝတ္ထု --- --- ---	၁၉၁
	ကိုယ်ဝန်သူငယ်အတွက် သရဏဂုံ ယူပုံ --- ---	၁၉၈
၅။	ကလေးဆိုင်ရာ မင်္ဂလာမျိုးစုံ	၁၉၉
	ဝနဝါသီတိဿသာမဏေဝတ္ထု --- --- ---	၂၀၀
	၇-နှစ်အတွင်းမှာ မင်္ဂလာ --- --- ---	၂၂၂
	ရှင်ပြုမင်္ဂလာ --- --- ---	၂၂၃
	ဂဇ္ဇပရိဟရဏမင်္ဂလာ လုပ်လိုပါ --- --- ---	၂၂၄
၆။	နမော တဿ သမိုင်း	၂၂၅
	၁။ ဖြဟ္မာယုပုဏ္ဏား --- --- ---	၂၂၇
	၂။ ဓာတုသောဏိပုဏ္ဏား --- --- ---	၂၂၈
	၃။ ကောသလမင်း --- --- ---	၂၃၁

http://www.dhammadownload.com

နံပါတ်	အကြောင်းအရာ			စာမျက်နှာ
၄။	ဓနဥ္ဇာနီ	---	---	၂၃၄
၅။	သိကြားမင်း	---	---	၂၃၇
၆။	ကာရဏပါလီ	---	---	၂၃၈
၇။	အာရာမဒဏ္ဍပုဏ္ဏား	---	---	၂၄၀
၈။	မဟိန္ဒမင်း	---	---	၂၄၁
	အဆောင်ကောင်း	---	---	၂၄၂
	ဘုရားဂုဏ်တော် ၉-ပါး	---	---	၂၄၆
	တရားဂုဏ်တော် ၆-ပါး	---	---	၂၄၇
	သံဃာဂုဏ်တော် ၉-ပါး	---	---	၂၄၈
	သာသနာတော်ပြည့်စုံပုံ	---	---	၂၄၉
၇။	သရဏဂုံနှင့် သီလအကျိုး			၂၅၀
	သရဏဂုံ ညစ်နွမ်းပုံ	---	---	၂၅၀
	ဓမ္မစေတီယသုတ်	---	---	၂၅၁
	သရဏဂုံအကျိုး	---	---	၂၆၂
	မောင်ဆတ္တ	---	---	၂၆၅
	မြန်မာလို သီလယူ	---	---	၂၇၂
	အမြတ်ဆုံးကြည်ညိုမှု	---	---	၂၇၅
	ဝေလာမသုတ္တန်	---	---	၂၇၈
	သမယသုတ္တန်	---	---	၂၈၁
	သက္ကသုတ်	---	---	၂၈၂
	စဏ္ဍာလီ	---	---	၂၈၃
	ဖားနတ်သား	---	---	၂၈၆
	ဝန္ဒနာဗိမာန်	---	---	၂၈၉
	ဒမိဋ္ဌတံခါးစောင့်	---	---	၂၉၀
	ဗုဒ္ဓဂုဏ်သတိလာဘပဥ္စာ	---	---	၂၉၁
	တိသရဏဂမနိယထေရ်	---	---	၂၉၂
	တရားစောင့်ရခြင်းအကျိုး	---	---	၂၉၆
	ကေသကာရီ	---	---	၃၀၄
	ဆေးနည်းကောင်းတစ်လက်	---	---	၃၀၇

http://www.dhammadownload.com

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
၈။	ပရိတ်တန်ခိုး အကျိုးအာနိသင်	၃၁၃
	အရှင်အာနန္ဒာ၏ပရိတ်တန်ခိုး --- --- ---	၃၁၄
	ပစ္စေကဗုဒ္ဓါတွေရဲ့ပရိတ် --- --- ---	၃၂၀
	မောင်သက်ရှည် --- --- ---	၃၂၈
	သေမင်းကျော့ကွင်းက လွတ်နိုင်, မလွတ်နိုင် --- ---	၃၃၂
၉။	ထိမ်းမြားလက်ထပ်မင်္ဂလာ	၃၃၇
	အိမ်ထောင်ကျ --- --- ---	၃၃၈
	ခုလဲအတူ နောင်လဲအတူ --- --- ---	၃၃၉
	ဇနီးမောင်နှံ ၄-မျိုး --- --- ---	၃၄၁
	နတ်ဖြစ်လဲ အတူ --- --- ---	၃၄၃
	လင်သိကြား မယားဗျိုင်းမ --- --- ---	၃၄၄
	လင်သောတာပန် မယားတိရစ္ဆာန် --- --- ---	၃၄၇
	မယား ၇-မျိုး --- --- ---	၃၅၇
	မယားကျင့်ဝတ် --- --- ---	၃၆၀
	လင့်ကျင့်ဝတ် ၅-ပါး --- --- ---	၃၆၄
	ကြီးပွားချမ်းသာရေး --- --- ---	၃၆၆
၁၀။	အိမ်တက်မင်္ဂလာ	၃၇၂
	ပါဠလိဂါမိယသုတ် --- --- ---	၃၇၂
၁၁။	ဒုမင်္ဂလာ= သပိတ်သွတ်ဆွမ်းကျွေး	၃၉၁
	အဿကဇာတ် --- --- ---	၃၉၂
	ဒုဿီလချည်းပဲ လုစားနေတယ် --- --- ---	၃၉၇
	တိရောကုဋ္ဌသုတ် --- --- ---	၃၉၇
	ဇာဏုဿောဏိသုတ် --- --- ---	၄၁၀
	ပုဗ္ဗပေတဝိသယဉာ --- --- ---	၄၁၂

မာတိကာပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

ကျမ်းဦးအမှာ

ဗုဒ္ဓဘာသာဝင်ဖြစ်သူ မည်သူမဆို ဗုဒ္ဓကို ကြည်ညိုး၍ ဗုဒ္ဓ၏အဆုံးအမမှာ တည်သင့်ပါသည်၊ မိမိလုပ်ဆောင်သမျှ ကိုယ်မှု, နှုတ်မှု, စဉ်းစားမှုတို့သည်လည်း ဗုဒ္ဓ၏အလိုတော်အတိုင်းသာ ဖြစ်စေသင့်ပါသည်၊ ဗုဒ္ဓ၏အလိုတော်အတိုင်း ဖြစ်မလာခဲ့ပါလျှင် ပြုပြင်ရန် ဝန်မလေးသင့်ပါ။

ဤကျမ်းစာသည် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များ ဗုဒ္ဓ၏အလိုတော်ကျ ဖြစ်အောင် ပြုမူလုပ်ကိုင်ဆောင်ရွက်ရမည့် ကိစ္စအတော်များများကို ဖော်ညွှန်းဖွင့်ပြထားသော ကျမ်းစာတစ်စောင် ဖြစ်ပါသည်၊ နေ့စဉ် အိမ်မှုကိစ္စ အဝဝကို ဆောင်ရွက်ရာမှအစ မင်္ဂလာဆောင်(မင်္ဂလာအမျိုးမျိုး ပြုလုပ်ပုံ)ကိစ္စ, အသုဘကိစ္စ, ရဟန်းသံဃာတော်များနှင့် ဆက်ဆံရေး စသည်တို့ကိုပါ အသေးစိတ် သိခွင့်ရအောင် တိကျစွာဖော်ပြထားပါသည်။

"ခံတွင်းထဲရောက်အောင် ဆေးဖျော်၍တိုက်သည်ကိုမှ မမျိုလိုက်မူ၍ နေခဲ့လျှင် သူနာ မကျန်းမာ သေစရာသာ ရှိတော့သည်၊ သမားကိစ္စ ကုန်လေပြီ"။

ဤသည်မှာ စတုဂိရိရှုဖွယ်ကျမ်းလာ တောင်လေးလုံး ဆရာတော်ဘုရားကြီး၏ အဆိုအမိန့်ဖြစ်ပါသည်။

သို့ဖြစ်သည်အားလျော်စွာ ဗုဒ္ဓဘာသာဝင် ဖြစ်ပါလျက် ဗုဒ္ဓအလိုတော်ကျ မကျင့်သုံး မနေထိုင်တတ်ပါက စာရေးသူ, စာအုပ်ဖြစ်အောင် ကြိုးစားထုတ်ဝေသူတို့၏ တာဝန် မဟုတ်တော့ပါ၊ မဖတ်ရှု, မလိုက်နာ, မကျင့်သုံးသူတို့၏ တာဝန်သာ ဖြစ်ဖွယ်ရာ ရှိပါတော့သည်။

ဤကျမ်းစာ၌ ဖော်ပြထားသော ကိစ္စများမှာ ဗုဒ္ဓဘာသာဝင် လူကြီး, လူငယ်, ယောကျ်ား, မိန်းမ အဆင့်အတန်းမရွေး လူတိုင်း မသိမနေရ၊ သိရမည့်ကိစ္စများသာ ဖြစ်ပါသည်၊ ထို့ပြင် ဗုဒ္ဓ၏တပည့်သား(သာဝက) အကြောင်းကို လေ့လာလိုသူများသည်လည်း ဤကျမ်းစာကို လက်လွတ်မခံသင့်ပါ။

http://www.dhammadownload.com

ဤကျမ်းစာကို ရေးသားချီးမြှင့်ပေးသော ဆရာတော်အရှင်ကုမာရသည် ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီး၏ တပည့်တစ်ပါး ဖြစ်ပါသည်၊ မြောင်းမြဆရာတော်ဘုရား ပဇ္ဇောတာရုံကျောင်းတိုက်(ဟောင်း)တွင် သီတင်းသုံးနေထိုင်စဉ်ကပင် မြောင်းမြဆရာတော်ဘုရား၏ ခြေတော်ရင်းမှာ စာပေသင်ကြားနေထိုင်လာခဲ့ပါသည်၊ သို့ဖြင့် မြောင်းမြဆရာတော်ဘုရား၏ သာသနာရေးဆိုင်ရာ အနီးကပ် စောင့်ရှောက်ညွှန်ကြားမှုကို တိတိကျကျ ရရှိလာခဲ့ပါသည်။

မြောင်းမြဆရာတော်ဘုရား မန္တလေးကို ကြွရောက် သီတင်းသုံးရသည့် နောက်ပိုင်းမှာလည်း ဆရာသခင် ကျေးဇူးရှင်၏ တာဝန်ပေးချက်အရ ပဇ္ဇောတာရုံကျောင်းတိုက်(ဟောင်း)၌ စာချတာဝန်, ကျောင်းတိုက်သံဃာအုပ်ချုပ်ရေးတာဝန် စသည်တို့ကို ဆရာတော်ဘုရား၏ အလိုတော်ကျ လုပ်ကိုင်ဆောင်ရွက် လာခဲ့ပါသည်၊ နောက်ပိုင်းမှာ မြောင်းမြမြို့ တိုက်သစ်ပဇ္ဇောတာရုံကျောင်းတိုက်ကို မြောင်းမြဆရာတော်ဘုရား တည်ထောင်ချမှတ်ထားခဲ့သောမူအတိုင်း ထိန်းသိမ်းစောင့်ရှောက် လာခဲ့ပါသည်။

ထို့ပြင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကျောက်ကုန်း မဟာဗောဓိကျောင်းတိုက်မှာလည်း မြောင်းမြဆရာတော်ဘုရား ပျံလွန်တော်မူသည့်အချိန်အထိ ဆရာသခင် ကျေးဇူးရှင်က စေခိုင်းသမျှ ကိစ္စအဝဝတို့ကို သက်စွန့်ကြိုးပမ်း လုပ်ကိုင်ဆောင်ရွက် လာခဲ့ပါသည်၊ ဆရာတော်ဘုရား ပျံလွန်တော်မူပြီးသည့် နောက်ပိုင်းမှာလည်း ဆရာတော်ဘုရား လက်ထက်က မပြီးပြတ်ပဲ ကျန်ရှိနေသော မဟာဗောဓိ အဓိက ရုဏ်းကို ဆရာတော်ဘုရား ယုံကြည်စိတ်ချ လွှဲအပ်ထားခဲ့သော ဂေါပကများနှင့် တွဲဖက်၍ တရားနှင့်အညီ အေးငြိမ်းပြီးပြေသည်အထိ ဆောင်ရွက်လာခဲ့ပါသည်။

ယင်းအရှင်ကုမာရသည် မြောင်းမြဆရာတော်ဘုရား သက်တော်ထင်ရှား ရှိစဉ်ကပင် ဆရာတော်ဘုရား၏ အမိန့်ကို ဦးထိပ်ရွက်ပန်ဆင်လျက် စာသင်သားများအတွက်–

အလင်္ကာပန်းကုံး
မာတိကာမာတုကထာပန်းကုံး
ယမကပန်းကုံး (ပ+ဒု)
ပဋ္ဌာနပန်းကုံး
အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး
ကဗျာအုတ်မြစ် စနစ်သစ်–

ကျမ်းစာများကို ရေးသားပြုစု ဖြန့်ဝေခဲ့ပါသည်၊ ထို့ပြင် မြောင်းမြဆရာတော်ဘုရား ပျံလွန်တော်မူပြီးသည့်နောက် တပည့်ကြီးများ၏ တာဝန်လွှဲအပ်ချက်အရ–

http://www.dhammadownload.com

"မြောင်းမြဆရာတော် သာသနာ ဘယ်လိုပြုခဲ့သလဲ" ဟူသော အမည်ဖြင့် မြောင်းမြဆရာတော်ဘုရား ထေရပွတို့ (သာသနာအတွက် ဆောင်ရွက်ချက်များ)ကို ရေးသားပြုစုခဲ့ပါသည်။

ယခုအချိန်မှာမူ မြောင်းမြမြို့. တိုက်သစ်ပဇ္ဇောတာရုံကျောင်းတိုက်တွင် တစ်ရာကျော်မျှသော သံဃာတော်များကို ထိန်းသိမ်းအုပ်ချုပ် စာပေပို့ချကာ သီတင်းသုံး နေထိုင်လျက် ရှိပါသည်။

ကျွန်တော်သည် ဤကျမ်းစာမျိုး ဖြစ်ပေါ်လာအောင် ကြိုးစားလာခဲ့သည်မှာ နှစ်ပေါင်း အတော် ကြာလာခဲ့ပါပြီ၊ တစ်နေ့မှာ ဖြစ်လိုဖြစ်ငြား ဆရာတော် အရှင်ကုမာရကို ဆွေးနွေးလျှောက်ထားခဲ့ပါသည်၊ ဆရာတော်ကလည်း စာဝါတွေအကြား အကြားမှာ ရသမျှအချိန်ကို အသုံးချကာ ရေးသားပြုစု ပေးခဲ့ပါသည်၊ သို့ဖြင့် ၂-နှစ်ခန့် ကြာမှ ယခုစာရွှသူများ ရှေ့မှောက်သို့ စာအုပ်အဖြစ်ဖြင့် ဆိုက်ရောက်လာခဲ့ရပါသည်။

အကြောင်းညီညွတ်၍ အခွင့်သာပါက ဘုရားရှင်၏ အလိုတော်နှင့်အညီ ဒါယကာ ဒါယိကာမများကိုယ်တိုင် သာသနာပြုနိုင်အောင်, သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်တွေကို တစ်ဖက်တစ်လမ်းမှ အကူအညီ ပေးနိုင်အောင် အသိဉာဏ် ပွင့်လင်းရရှိစေမည့် ကျမ်းစာများကို ကြိုးစားထုတ်ဝေနိုင်ခွင့် ရနိုင်လိမ့်အုံးမည်-ဟု မျှော်လင့်ပါသည်။

ကြိုးစားအားထုတ်သလောက် ပြီးမြောက်အောင်မြင်ကြပါစေ။

ထိန်ဝင်း

၁၃၄၄-ခု၊ ဒု-ဝါဆိုလဆန်း ၆-ရက် (တနလင်္ဂနေ့။)
(၂၆-၇-၈၂)

http://www.dhammadownload.com

ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း

နိဒါန်း

မန်လည်ဆရာတော်၏ သြဝါဒတော်

ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းကျမ်း၏ နိဒါန်း၌–

ရယ်ဖွယ်လည်းကောင်းသော,
အံ့သြဖွယ်လည်းကောင်းသော,
ဝမ်းနည်းဖွယ်လည်းကောင်းသော–

အဖြစ်အပျက် အကြောင်းအရာတစ်ခုကို တင်ပြလိုပါသည်။

ပေါ့ဆသည့် ဦးပဉ္စင်းကြီး = ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးသည် မဟာသုတကာရီ မဃဒေဝလင်္ကာသစ်–စသော ကျမ်းပေါင်းများစွာကို ပြုစုတော်မူသောကြောင့် မြန်မာပြည်၌ အလွန်ထင်ရှားကျော်ကြားတော်မူပါသည်။

ဆရာတော်ကြီး၏ စာပေဗဟုသုတ ပရိယတ္တိဂုဏ်တော်ကြောင့် စာပေပညာကို လေ့လာဆည်းပူးလိုသော ရဟန်းတော်များ အနယ်နယ် အရပ်ရပ်မှ ဆရာတော်ဘုရားကြီး သီတင်းသုံး နေထိုင်တော်မူရာ ကျောင်းတိုက်သို့ လာရောက်ခိုလှုံ နေထိုင်ကြသည်။

ဆရာတော်ဘုရားကြီး၏ ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းမှာ တစ်နေ့ထက်တစ်နေ့ ထူးကဲပျံ့နှံ့လာပေရာ အင်္ဂလိပ်အစိုးရကလည်း **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်သည်၊ မြန်မာပြည် အထက်အောက် မြို့ရွာများကလည်း ကြွရောက်၍ တရားဒေသနာ ချီးမြှင့်ပါရန် ပင့်လျှောက်ကြသည်၊ လှူဒါန်းပူဇော်ကြသည်။

တစ်နေ့သော် ခရီးဝေး မြို့ရွာတို့မှ တရားဟောပြောပြီး ပြန်ကြွလာသောအခါ ဆရာတော်ကြီး ရှေ့တော်မှောက်သို့ ကျောင်းတိုက်တွင် နေထိုင်သော ဦးပဉ္စင်းကြီး

http://www.dhammadownload.com

ဦးပါမောက္ခ လာပြီး ဦးချသည်၊ ထို့နောက် သင်္ကန်းအိတ်တစ်ခုကို ဆရာတော်ကြီး လက်တော်သို့ ဆက်ကပ်သည်။

"ဘာလဲ ဦးပါမောက္ခရဲ့ ?"။

ဆရာတော်ကြီးက ဦးပါမောက္ခဆက်ကပ်သည့် သင်္ကန်းအိတ်ကို ခံယူရင်းက မေးမြန်းတော်မူသည်။

"ဆရာတော်မရှိတုန်း လာပင့်သည့် မသာကလူသည့် သင်္ကန်းပါ ဘုရား"။

"ဦးပါမောက္ခတစ်ပါးတည်းလား၊ တခြားကိုယ်တော်တွေ မပါဘူးလား ?"။

"မပါပါဘုရား၊ မသာက ကာလသားရောဂါနဲ့ သေသလိုလို သတင်းကြားလို့ ဘယ်ကိုယ်တော်မှ မလိုက်ဝံ့၍ တပည့်တော်ပဲ လိုက်ပါသည်ဘုရား"။

ယင်းသို့ ဦးပါမောက္ခက လျှောက်ထားသောအခါ ဦးပါမောက္ခ၏ ပျင်းရိပေါ့ဆပုံ, ထုံထိုင်းညံ့ဖျင်းပုံများကို သိရှိတော်မူပြီး ဖြစ်တော်မူသော ဆရာတော်ကြီးက စိုးရိမ်တော်မူစွာဖြင့်–

"ဟဲ့–သည်လိုဆို ဘယ်သူ ရေစက်ချသလဲ ?"။

"တပည့်တော်ပဲ ချပါတယ်ဘုရား"။

"ကိုယ်တော်က ရေစက်ချတတ်လို့လား ဦးပါမောက္ခရဲ့ ?"။

"ချတတ်ပါတယ်ဘုရား၊ ရဟန်းခံတုန်းက သိမ်ထွက်ရေစက်ချ ရပါသေးတယ်"။

ယင်းသို့ ဦးပါမောက္ခ လျှောက်ထားသောအခါ မန်လည်ဆရာတော်ကြီးသည် လှိုက်လှိုက်လဲလဲ ရယ်တော်မူသည်၊ အနီးရှိ သာမဏေနှင့် ရဟန်းတော်များ, လူဝတ်ကြောင်များလည်း ရယ်ကြလေသည်။

အညာအရပ်ဒေသ၌ ရဟန်းဖြစ်ခါစ ရဟန်းသစ်သည် သိမ်မှထွက်သောအခါ တရားဦးဟောရ, ရေစက်ချရသည့် ထုံးစံရှိသည်၊ ယင်းသို့ တရားဟော ရေစက်ချနိုင်ရန်အတွက် ရက်ပေါင်း, လပေါင်းများစွာ ကြိုတင်သင်ယူ လေ့ကျင့်ထားရသည်။

သိမ်ထွက် ရေစက်ချမှာ ရဟန်းခံပွဲ၌ လူသမျှ သင်္ကန်း, ထီး, ဖိနပ်,ကော်ဇော, သပိတ်, ပရိက္ခရာစသည် အစုံအလင် အမည်များ ဖော်ထုတ်၍ ရေးလေ့ရှိသည်၊ သံသေတ္တာ, သားရေသေတ္တာ, နာရီများ, သင်ဖြူးများ ဆွဲချိတ် သီးထားသည့်

http://www.dhammadownload.com

ပဒေသာပင်များ မည်မျှရှိသည် စသည်ကိုလည်း ဖော်ထုတ်ဂုဏ်ယူ ရေးသားထားလေ့ရှိသည်၊ သာသနာ့အမွေ ခံယူနိုင်ရန် ပစ္စည်း ၄-ပါးဒကာ ခံယူပြီး မြင့်မြတ်သော သာသနာတော်တွင်းသို့ ပဉ္စင်းအဖြစ် သွတ်သွင်းပါကြောင်း စသည်ကိုလည်း ထည့်သွင်းရေးသားသည်။

မသာရေစက်ချမှာ ဘဝတစ်ပါး ပြောင်းသွားစုတေ သေလွန်သူအား ရည်စူး ပါကြောင်းစသည် ပါရသည်၊ သို့ဖြစ်သောကြောင့် ရဟန်းခံ သိမ်ထွက် ရေစက်ချနှင့် မသာအသုဘရေစက်ချမှာ မည်သို့မျှ မစပ်ဆိုင်ပေ၊ တစ်မျိုးတစ်ဖုံစီသာ ဖြစ်သည်၊ ယင်းသို့ တစ်မျိုးတစ်ဖုံစီ ဖြစ်ပါလျက် မသာအလှူ၌ ရဟန်းခံသိမ်ထွက် ရေစက်ချကို ချခြင်းသည် အလွန်ရယ်ဖွယ် ကောင်းလှသည်၊ ထို့ကြောင့် ဆရာတော်ကြီးနှင့် အနီးရှိပရိသတ်က ရယ်ခြင်းဖြစ်သည်၊ ရယ်ရာမှ ဆရာတော်ကြီးက ဣန္ဒြေဆည်ပြီး ဆက်မေးတော်မူသည်။

"ဦးပါမောက္ခ ! ဘယ်နှစ်ဝါ ရပြီလဲ ?"။

"၁၅-ဝါ ရပါပြီဘုရား"။

"သည် ၁၅-ဝါအထိ သည်သိမ်ထွက်ရေစက်ချနှင့် ဘယ်လိုအလှူမျိုး တွေမှာ ရေစက်ချဘူးသေးသလဲ ?"။

"ရက်လည်ဆွမ်းအလှူ, ရှင်ပြုအလှူ, အိမ်တက်မင်္ဂလာအလှူ, အန္တရာယ်ကင်း ပရိတ်ဟောအလှူစသည်ဖြင့် ကြုံတွေ့သမျှ အလှူတိုင်းမှာ ချဘူးပါသည်ဘုရား"။

မြင်းစီးပြီး အထီး, အမ မသိ ဆရာတော်ကြီးနှင့်တကွ အနီးရှိ ပရိသတ်များ ရယ်မော ကြပြန်ပြီ၊ ဆရာတော်ကြီးက ရေစက်ချသူသည် ကိုယ်တိုင် လှူဒါန်း ဆုတောင်း အမျှဝေသည့်ရေစက်ချ၏ အဓိပ္ပာယ်ကို သိသင့်သည်၊ မြင်းစီးပြီး အထီး, အမမှန်း မသိ မဖြစ်သင့်ကြောင်း၊ ရေစက်ချဆိုသည်မှာ အရာဌာနအားလျော်စွာ ချရကြောင်းစသည်ဖြင့် ဆုံးမစကား မိန့်ကြားတော်မူပြီး ဦးပါမောက္ခအား ရရှိထားသည့် အလှူဝတ္ထုသက်နှံကို ပြန်၍ စွန့်လှူလိုက်လေသည်။

ဤအကြောင်းအရာကို ဘုန်းတော်ကြီး ဦးပါမောက္ခကိုယ်တိုင်က ပြန်ပြောသောကြောင့် နိဒါန်းရေးသူ မှတ်သားခဲ့ရခြင်း ဖြစ်သည်။

ရယ်ဖွယ်ရာ ဦးပါမောက္ခသည် သိမ်ထွက် ရဟန်းခံအလှူ ရေစက်ချကို အသုဘ အလှူ၌ ချပေးသည် ဆိုခြင်းမှာ အမြီးအမောက်မတည့် မဆီမဆိုင် ဖြစ်သောကြောင့် မြို့ထဝသီချင်းဆို စည်တော်သံတီးရာ၌ မင်းသမီးအဝတ်အစား ဝတ်ဆင်၍ မျောက်က ကသကဲ့သို့ ရယ်ဖွယ်ကောင်းနေလှပေသည်။

http://www.dhammadownload.com

အံ့ဖွယ်ရာ ဦးပါမောက္ခသည် မိမိ ၁၅-နှစ်လုံးလုံး မမေ့မပျောက် အရဆောင်ထားသည့် ရေစက်ချ၏ အဓိပ္ပာယ်ကို မစဉ်းစားမိဘဲ မဆိုင်သည့် အလှူများ၌ ရေစက်ချသည်ကိုလည်းကောင်း, ယင်းသို့ ဦးပါမောက္ခ ရေစက်ချသည်ကို သတိမပြု မသိမကြားဘဲ ဤမျှနှစ်ကာလကြာအောင် လျစ်လျူရှုနေသည့် ပုဂ္ဂိုလ်များကိုလည်းကောင်း "သြော်-သည်လိုလဲ ရှိပေသကိုး" ဟု အံ့သြမိသည်။

ဝမ်းနည်းဖွယ်ရာ ဦးပါမောက္ခ ဤမျှကာလကြာကြာ ရေစက်ချကို အမှတ်မဲ့နေခြင်းကြောင့် အကျိုးမကြီး အချီးနှိုးဖြစ်နိုင်ပုံနှင့် အလှူ.ရှင် ဒါယကာ ဒါယိကာမများ အကျိုးမကြီး အချီးနှိုး ဖြစ်နိုင်ပုံများကို တွေးမိသောကြောင့်လည်းကောင်း, ဤဦးပါမောက္ခနှင့် သိမ်ထွက်ရေစက်ချနည်းတူ အခြားသာသနာရေး, ဘာသာရေး ကိစ္စများ၌ အနက်အဓိပ္ပာယ် သဘောတရားမသိဘဲ ဆရာဒကာ လုပ်မိလုပ်ရာ ပြုလုပ်ဆောင်ရွက်ခြင်းများ ရှိနိုင်မည်ကိုလည်းကောင်း စဉ်းစားတွေးတောမိကာ ဝမ်းနည်းခြင်း ဖြစ်ရပြန်ပါသည်။

ဤသို့လျှင် ဦးပါမောက္ခနှင့် သိမ်ထွက်ရေစက်ချ အကြောင်းအရာသည် ရယ်ဖွယ်ကောင်းသော, အံ့သြဖွယ်ကောင်းသော, ဝမ်းနည်းဖွယ်ကောင်းသော အကြောင်းအရာတစ်ခု ဖြစ်ပါတော့သည်။

လေးနက်စွာ စဉ်းစားဖွယ် = မန်လည်ဆရာတော်ဘုရားကြီးက ဦးပါမောက္ခအား "မြင်းစီးလို့မှ အထီး, အမမှန်း မသိ မဖြစ်စေသင့်" ဟု ဆုံးမတော်မူသည်မှာ ကိုယ်လုပ်နေသည့် အလုပ်ကို "ဘာလုပ်နေသည်" ဟု မသိဘဲ မနေစေရန် ရှေးစကားပုံ ရှိသည့်အတိုင်း လွယ်လွယ်ဆုံးမတော်မူခြင်းဖြစ်သည်၊ သူ့ခေတ်နှင့် သူ့အခါအားလျော်စွာ "မြင်းစီးလို့မှ အထီး, အမမှန်း မသိ" ဟူသော စကားပုံဖြင့် မိမိချနေသည့် ရေစက်ချ၏ သဘော အဓိပ္ပာယ်ကို မသိနားမလည်ဘဲ ရေစက်ချသည့် ပုဂ္ဂိုလ်အား ပုံခိုင်းဆုံးမသည်မှာ လျော်ကန်သင့်မြတ်လှပါသည်၊ ထင်းကနဲ ရှင်းကနဲ့ ကွင်းကွင်းကွက်ကွက် သိမြင်သွားစေနိုင်ပါသည်။

ယခုခေတ်မှာမူကား လေလှည်းဆင်မြင်းတို့ထက် များစွာလျင်မြန်သည့် ယာဉ်အမျိုးအစားများစွာ ပေါ်ပေါက်၍ နေပေပြီ၊ ကုန်းလမ်းမှာဆိုလျှင် စက်ဘီး, မော်တော်ဆိုင်ကယ်, မော်တော်ကား, မီးရထားစသည်၊ ရေလမ်းမှာဆိုလျှင် စက်လှေ, စက်တပ်သမ္ဗန်နှင့် လှေ, မော်တော်, သင်္ဘောစသည်၊ လေလမ်းမှာဆိုလျှင် လေယာဉ်ပျံ, ရဟတ်ယာဉ်, ဒုံးယာဉ်စသည်ဖြင့် ယာဉ်အမျိုးမျိုးရှိသည်၊ ခရီးသွားလိုလျှင် သွားရောက်လိုသည့် ခရီးစဉ်နှင့် ယာဉ်များအကြောင်း သိရန်သာ လိုသည်၊ လိုရာအရပ်သို့ လျှင်မြန်စွာ ရောက်နိုင်သည်။

http://www.dhammadownload.com

မြင်းစီးလို့မှ အထီး, အမမှန်း မသိ ဟူသောစကားပုံမှာ ယခုခေတ်နှင့် အံဝင်ခွင်ကျ မဖြစ်လှချေ၊ လိုရာအရပ်သို့ ရောက်လိုၗ ခရီးသွားသူသည် မြင်းစီးသွားရာ၌ အထီး, အမ ခွဲခြားသိရန်မှာ အရေးကြီးသောကိစ္စ မဟုတ်ပါ၊ အထီး, အမ ခွဲခြားသိသည်ဖြစ်စေ, မသိသည်ဖြစ်စေ မြင်းကိုစီးသွားလျှင် မိမိလိုရာအရပ်သို့ ရောက်ရမည်မှာ အမှန်ပင်ဖြစ်သည်၊ ထို့ကြောင့် ယခုခေတ်မှာသာ မန်လည်ဆရာတော်ကြီး ရှိနေပါလျှင် ခေတ္တညူ, ကာလညူ ဖြစ်တော်မူ၍ ခေတ်ကာလအကြောင်း သိတော်မူသော ဆရာတော်ကြီးသည် "မြင်းစီးလို့မှ အထီး, အမမှန်း မသိမဖြစ်စေနဲ့"ဟု ဆုံးမတော်မမူဘဲ "ယာဉ်စီးလို့မှ ခရီးစဉ်နှင့် ယာဉ်အကြောင်း မသိမဖြစ်စေနဲ့"ဟု ခေတ်မီမီ ပေါ်လွင်သည့် ပုံကိုခိုင်း၍ ဆုံးမတော်မူလိမ့်မည်ဟု တွေးမိပါသည်။

မှန်ပါသည်၊ အရပ်ဌာနတစ်ခုသို့ ရောက်ချင်လျှင် ယင်းအရပ်သို့ သွားရမည့် ခရီးလမ်းစဉ်ကိုလည်း သိရန်လိုပါသည်၊ ယင်းအရပ်သို့ သွားနိုင်သည့် ယာဉ်နှင့် ယင်းယာဉ်ကို စီးရမည့် အစီအစဉ်စသော ယာဉ်အကြောင်းကိုလည်း သိရန်လိုပါသည်၊ ယင်းသို့ ခရီးစဉ်နှင့် ယာဉ်အကြောင်းသိလျှင် မိမိသွားလိုသောအရပ်သို့ ရောက်နိုင်ပါသည်။

ခရီးသွားယာဉ်စီးလို့မှ ခရီးစဉ်နှင့် ယာဉ်အကြောင်း မသိလျှင် သွားလိုရာအရပ်သို့ မရောက်ဘဲ တလွဲတချော်အရပ်များသို့ ရောက်သွားနိုင်ပေသည်။

သတိမမူ ဂူမမြင် "သတိမမူ ဂူမမြင်, သတိမူမှ မြူမြင်ရ" ဟူသော မြန်မာစကားပုံ တစ်ခုရှိသည်၊ အဓိပ္ပာယ်မှာ သတိမမူ အမှတ်မဲ့ နေသူသည် ကျောက်တောင် ကြီးကို ထွင်းထားသည့် လိုဏ်ဂူကြီးကိုပင် မမြင်နိုင်၊ သတိထားကြည့်သူသည် ဆေးငယ်လှသည့် မြူမှုန်ကလေးကိုပင် မြင်နိုင်သည်ဟု ဆိုလိုသည်၊ ယင်းစကားပုံနှင့် ပတ်သက်၍ လူတစ်ယောက် ဖြစ်ပျက်ခဲ့ဖူးသည့် အဖြစ်အပျက်ကလေးတစ်ခုကို တင်ပြလိုသည်။

သက္ကရာဇ် ၁၃၁၆–ခုနှစ်ခန့်က တောမှ လူတစ်ယောက်သည် ရန်ကုန်မြို့သို့ အလည်လာရာ ကမ္ဘာအေး သီရိမင်္ဂလာကုန်းမြေသို့ ဆဋ္ဌသံဂါယနာတင် လိုဏ်ဂူတော်ကို ဖူးရန်သွားသည်၊ ထိုအခါက ဆင်ဖြူတံဆိပ် ဘတ်စ်ကားသည် ကမ္ဘာအေး, ရေကူး, သမိုင်းသို့ ဂိတ်ထိုးလမ်းဆုံးသည်၊ ဆင်မဲတံဆိပ် ဘတ်စ်ကားသည် မိုးကောင်း ကံဘဲ့မှာ လမ်းဆုံးသည်၊ ယင်းဇည့်သည်သည် ဆင်ဖြူ, ဆင်မဲတံဆိပ်ကို သတိမထားမိဘဲ ဆင်းမဲတံဆိပ်ကားကို စီးမိသောကြောင့် မိုးကောင်း ကံဘဲ့အရပ်သို့ ရောက်သွားလေရာ ဆဋ္ဌသံဂါယနာတင် လိုဏ်ဂူတော်ကို မဖူးရဘဲ ပြန်လှည့်ခဲ့ရပြီး–

http://www.dhammadownload.com

"သတိမမူ ဂူမမြင်–ဆိုတဲ့စကား သိပ်မှန်သဗျ၊ ကျွန်တော် သတိမထားဘဲ ဆင်မဲဘတ်စ်ကား စီးသွားမိလို့ ဂူမမြင်ခဲ့ရဘူး။"

ဟု အားရပါးရ ရှေးစကားကို ထောက်ခံပြောဆိုလေသည်။

ဤသည်မှာ "သတိမမူ ဂူမမြင်" စကားပုံကို အနက်တစ်မျိုး ဖွင့်ဆိုချက် ဖြစ်သည်၊ ယင်းဖွင့်ဆိုချက်သည် အနည်းငယ် ပေါ့ဆသည်ဟု ထင်ရသော်လည်း ယာဉ်စီးလို့မှ ခရီးစဉ်နှင့် ယာဉ်အကြောင်းမသိလျှင် လိုရာအရပ်သို့ မရောက်နိုင်ကြောင်းကို သိစေနိုင်သောကြောင့် ဦးပါမောက္ခ၏ သိမ်ထွက်ရေစက်ချကို အသုဘဌ္ဌ ချပေးခြင်းနှင့်စပ်၍ အလှူမြောက်, မမြောက်၊ ဆုတောင်းသည့်အတိုင်း ရနိုင်, မရနိုင် စဉ်းစားဆင်ခြင်ရန် ဖော်ပြရေးသားခြင်း ဖြစ်ပါသည်။

ထို့ထက် တစ်ဆင့်တက်၍ လေးနက်စွာ တွေးမိပြန်သည်။

ဖော်ပြခဲ့သည့် မြင်းစီးလို့မှ အထီး, အမမှန်း မသိ၊ ယာဉ်စီးလို့မှ ခရီးစဉ်နှင့် ယာဉ်အကြောင်း မသိ၊ သတိမမူ ဂူမမြင်–ဟူသည့် စကားပုံတို့မှာ မိမိလုပ်သည့် အလုပ်ကို အကြောင်းအကျိုး, အကောင်းအဆိုး ခွဲခြားမသိဘဲ လုပ်မိလုပ်ရာ လုပ်တတ်ပုံကို ဖော်ပြသည်၊ လောကလူသားတို့ ပြောဆိုသုံးစွဲသည့် စကားများသာ ဖြစ်သည်၊ သုံးလောကထွတ်ထား မြတ်ဗုဒ္ဓရှင်တော်ဘုရားကမူကား–

"အန္ဓီဘူတော အယံ လောကော၊ တနုကေတ္ထ ဝိပဿတိ။"

ဟူ၍ ဓမ္မပဒပါဠိတော်၌ ရှုမြင်သုံးသပ်၍ ဟောကြားတော်မူသည်၊ ယင်းပါဠိကို မြန်မာပြန်လျှင်–

ဤလူအပေါင်းသည် ပညာမျက်စိ မရှိ စမ်းတန်း အကန်းအတိသာ ဖြစ်သည်၊ ဤလူများထဲမှ အနည်းငယ်မျှသာ အထူး သိမြင်ကြသည်–

ဟု ပြန်ဆိုရမည် ဖြစ်သည်။

ဤဟောတော်မူသည့် စကားတော်တွင် အန္ဓီဘူတ=အကန်းဟူသည်မှာ ပကတိ မျက်စိကန်းနေသူကို မယူရ၊ ပညာမျက်စိ ချွတ်ယွင်းပျက်စီးနေသူ ပညာမဲ့ကိုသာ ယူရမည်ဖြစ်ကြောင်း သံယုတ်ဋီကာ(ပ–နှာ၊ ၂၄၂)၌–

ပညာစက္ခုဝိရဟတော အန္ဓီဘူတော= ပညာမျက်စိ ချွတ်ယွင်းသော ကြောင့် မျက်စိကန်းသည့် အန္ဓီဘူတဖြစ်သည်–

ဟူ၍ ဖွင့်ဆိုထားပေသည်။

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ဓမ္မစကြာတရားတော်ကို ဟောရန် မိဂဒါဝုန်တောသို့ ကြွတော်မူသောအခါ လမ်း၌ တွေ့ရသူ ဥပက–အမည်ရှိ တက္ကတွန်းကြီးအား–

http://www.dhammadownload.com

"ဓမ္မစက္ကံ ပဝတ္တေတုံ၊ ဂစ္ဆာမိ ကာသိနံ ပုရံ။
အန္ဓီဘူတသ္မိံ လောကသ္မိံ၊ အာဟဉ္ဆံ့ အမတဒုန္ဒြဘိ်။"

ဟူ၍ မာဂဓဘာသာ ပါဠိဂါထာဖြင့် ပြောဆိုတော်မူပါသည်၊ ယင်းကို–

"ဥပက ! ငါသည် ဓမ္မစက္ကြာတရားကို ဟောခြင်းငှာ ကာသိတိုင်း ဗာရာဏသီပြည် လွှသိပတန မိဂဒါဝုန်တောသို့ သွားပေအံ့၊ ပညာမျက်စိ မရှိစမ်းတန်း သူကန်းသဖွယ်ဖြစ်သော နတ်လူအပေါင်း၌ တရားဒေသနာ တည်းဟူသော အမြိုက်စည်ကြီးကို ရိုက်တီးဆော်ရွှမ်းပေအံ့"–

ဟူ၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသက ဖော်ပြခဲ့သော သံယုတ်ဋီကာနှင့်အညီ ဟန်ပါပါ, မာန်ပါပါစာအသက်ဝင်စွာဖြင့် (မဟာဗုဒ္ဓဝင် ဒုတိယတွဲ–နှာ၊ ၄၁၆–၌) မြန်မာပြန်ဆိုထားပါသည်။

ဤပြဆိုချက်များအရ ဉာဏ်ပညာ ကင်းမဲ့သူများကို မြတ်စွာဘုရားရှင်က မျက်စိကန်းသူများနှင့် ဥပမာပေး၍ "အန္ဓီဘူတ= ပညာမျက်စိကန်းနေသူများ" ဟု ဟောကြားထားသည်ကို များစွာသတိထား မှတ်သားသင့်သည်။

လောက၌ ပကတိမျက်စိကန်းသူများမှာ အလွန်တရာ ဆင်းရဲဒုက္ခ များလှချေသည်၊ မည်သည့်အလုပ်ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေ စမ်းမှန်းရမ်းဆ၍သာ ဆောင်ရွက်ရသည်၊ တိတိကျကျ ပိုင်ပိုင်နိုင်နိုင် မရှိလှပေ၊ ယင်းသို့ဖြစ်သောကြောင့် လုပ်ကိုင်ဆောင်ရွက်သမျှသည် အလွဲအချော်ကများ၍ ချိန်သားမကျဘဲ ဆင်းရဲဖို့ကသာ များနေတတ်ပါသည်။

ဤအကြောင်းနှင့်စပ်၍ မျက်စိဒုက္ခိတတစ်ဦး ဖြစ်ဖူးသည့် အကြောင်းအရာ ပုံပြင်ကလေး တစ်ခုကို ဖော်ပြလိုပါသည်။

လယ်သမားညီအစ်ကို ပုံပြင် တစ်ခါက လယ်ယာလုပ်ကိုင်စားရသည့် ညီအစ်ကို ၂–ယောက်ရှိသည်၊ ညီမှာ မိခင်ဝမ်းတွင် ပဋိသန္ဓေနေစဉ်မှစ၍ မျက်စိ ၂–ကွင်း အလင်းမရသူ ဖြစ်သည်၊ အစ်ကိုမှာမူကား ကျန်းမာသူ လူကောင်းဖြစ်၍ ညီငယ်ကို ပြုစုစောင့်ရှောက် ကျွေးမွေးရသည်။

လယ်သမားတို့သဘာဝ နတ်တော်လ, ပြာသိုလအခါရောက်သော် အစ်ကို ကြီးသည် နံနက်စောစောထ၍ စပါးရိတ်ရန် လယ်တောသို့ သွားအိပ်ရသည်၊ သွားသောအခါ၌ မျက်မမြင်ညီငယ်ကို စိတ်မချ၍ အိမ်မှာမထားခဲ့ဘဲ လယ်တောသို့ ခေါ်သွားသည်၊ လယ်တောသို့ ရောက်သောအခါ အစ်ကိုကြီးသည် အခြားလယ်လုပ်သားများ, တဲနီးချင်းများ စောစောထ၍ လုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်ဖို့အတွက် "ထကြဟေ့ အရဏ်တက်ပြီဟေ့"ဟု အော်၍ သတိပေး နှိုးဆော်လေ့ရှိသည်။

http://www.dhammadownload.com

နေ့စဉ်လိုလိုပင် အစ်ကို၏အော်သံကို ကြားရသော ညီငယ်က "အစ်ကိုအော်တဲ့ 'အရှဏ်'ဆိုတာ ဘာလဲဗျ?" ဟု မေးသည်၊ "အရှဏ်ဆိုတာ အရှေ့က မိုးပေါ်မှာ နီနီအရောင် တက်လာတာကွ" ဟု ဖြေသည်၊ နီနီအရောင်ကိုမှ မမြင်ဘူးရှာသော ဒုက္ခိတညီငယ်က "နီနီအရောင်ဆိုတာကရော ဘာလဲ?" ဟု ထပ်၍ မေးပြန်သည်။

"နီနီအရောင်ဆိုတာက ငါတို့တဲမှာ မွေးထားတဲ့ ကြက်တူရွေးရဲ့ နှုတ်သီးလို ပေါ့ကွာ" ဟု အစ်ကိုက ပြန်ဖြေသည်။

ဤတွင်မှ ညီငယ်သည် မွေးထားသည့် ကြက်တူရွေးငှက် နှုတ်သီးကို စမ်းကြည့်သည်၊ နှုတ်သီးကောက်ကောက်ချွန်ချွန်ကို စမ်းမိသည်၊ "အင်း–အရှဏ်ဆိုတာ ကောက်ကောက်ချွန်ချွန်ပါလား" ဟု မှတ်ထားလိုက်သည်။

တစ်နေ့ အစ်ကိုကြီး အိပ်ပျော်နေ၍ စောစောစီးစီး မနိုးသောအခါ ညီငယ်သည် "ထကြပေ့ ကောက်ကောက်ချွန်ချွန် တက်ပြီပေ့" ဟု အော်သည်၊ ထပ်ကာထပ်ကာ အော်သည်။

ထိုအခါ အိပ်ပျော်နေသော အစ်ကိုနှင့် လယ်လုပ်သားများ, တဲနီးချင်းများသည် "မျက်စိဒုက္ခိတကလေး ဘာကောင်များ တက်ပါလိမ့်" ဟု ကြောက်လန့်စိုးရိမ်စွာ ကဗျာကယာထ၍ ဝိုင်းလာကြသောအခါ ညီငယ်က "အရှဏ်" မှေ့နေ၍ မှတ်မိသည့် "ကောက်ကောက်ချွန်ချွန်" လို့ အော်ကြောင်း သိရသောအခါ များစွာရယ်မောကြရလေသည်။

ဤသည်မှာ ပကတိမျက်စိကန်းသူတို့ စမ်းတဝါးဝါး အထင်မှား၍ အမှန်ကတခြား အသံကတခြား တလွဲတချော် ဖြစ်တတ်ပုံကို ဖော်ပြသည့် ပုံပြင်ကလေး ဖြစ်သည်။

ယင်းပုံပြင်၌ ပကတိမျက်စိ မမြင်သူသည် အရှဏ်၏ အမှန်သဘောကို မသိရှာဘဲ ကောက်ကောက်ချွန်ချွန်ဟု လွဲမှားစွာ အမှန်ကတခြား အသံကတခြား ဟစ်အော်မိသကဲ့သို့ ဉာဏ်မျက်စိ မရှိသည့် မသိစမ်းတန်း သူကန်းများသည်လည်း အမှားကိုပင် အမှန်ထင်၍ ပြောဆိုလုပ်ကိုင် ကျင့်ကြံတတ်ပေသည်၊ ထို့ကြောင့် နတ်လူအများတို့အား သနားကြင်နာ မဟာကရုဏာတော်ရှင် မြတ်ဗုဒ္ဓဘုရားသခင်က–

"နတ်လူအပေါင်းသည် ပညာမျက်စိ မရှိ အကန်းအတိသာ ဖြစ်သည်၊ အနည်းငယ်မျှသော သူသည်သာ အထူးသိမြင်နိုင်သည်။

ပညာမျက်စိ မရှိ စမ်းတန်း သူကန်းသဖွယ် ဖြစ်သော နတ်လူအပေါင်း"–

ဟူ၍ မှတ်လောက်သားလောက် ထိထိမိမိ မိန့်ဆိုတော်မူခဲ့သည်။

http://www.dhammadownload.com

ဤမျှအထိ ဤနိဒါန်းအစမှစ၍ ဖော်ပြရေးသားခဲ့သော စကားအစဉ်များကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် အောက်ပါအကြောင်းအရာ ၃-ချက်ကို တွေ့ရပါလိမ့်မည်။-

(က) ဦးပဉ္စင်းကြီး ဦးပါမောက္ခ၏ သိမ်ထွက်ရေစက်ချဖြင့် အသုဘဌ် ရေစက်ချပေးခြင်းကို အကြောင်းပြု၍ မန်လည်ဆရာတော်ကြီးက "မြင်းစီးလို့မှ အထီး, အမမှန်း မသိ မဖြစ်စေသင့်"ဟု ဆုံးမစကား ပြောကြားတော်မူသည့် အကြောင်းကိုလည်း ဖော်ပြခဲ့ပေပြီ။

(ခ) ကမ္ဘာအေး ဆဋ္ဌသံဂါယနာတင် လိုဏ်ဂူတော်ဖူးရန် ဆင်ဖြူတံဆိပ်မော်တော်ယာဉ် စီးရမည်ကို သတိမထားဘဲ ဆင်မဲတံဆိပ် မော်တော်ယာဉ်ကို စီးသွားမိသူသည် ကမ္ဘာအေးမရောက်ဘဲ လိုဏ်ဂူမမြင်ခဲ့ရသူ ပုံပြင်ဖြင့် သတိမမူ ဂူမမြင်ဖြစ်ကြောင်းကိုလည်း ဖော်ပြခဲ့ပေပြီ။

(ဂ) မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ နတ်လူအပေါင်းကို ပညာမျက်စိ မရှိသည့် အကန်းအတိသာ ဖြစ်သည်ဟု သုံးသပ်ရှုမြင်တော်မူချက်အရ မျက်စိ ၂-ကွင်း အလင်း မရသူတို့ စမ်းတဝါးဝါး လွဲမှားတတ်ပုံကို လယ်သမားညီနောင် ပုံပြင်ဖြင့် ခိုင်းနှိုင်းလျက် ပညာမျက်စိ မရှိသူများ လွဲမှားချွတ်ချော်ကာ အမှန်တခြား အသံ တခြား အဟုတ်တခြား အလုပ်တခြား ဖြစ်တတ်ကြောင်းကို ဖော်ပြခဲ့ပေပြီ။

ဤဖော်ပြခဲ့သည့် အကြောင်းအရာ ၃-မျိုးနှင့် ကိုက်ညီစွာပင်လျှင် ကျွန်တော်တို့ လူသားများတွင်လည်း-

(က) မိမိကိုယ်တိုင် လုပ်ကိုင်ကျင့်ကြံနေသည့် အလုပ်ကို အမှားအမှန် ဝေဖန်ခွဲခြား မသိဘဲ လုပ်ကိုင်ကျင့်ကြံနေခြင်းများဖြင့် မြင်းစီးလို့မှ အထီး, အမမှန်း မသိသူများ၊ ယာဉ်စီးလို့မှ ခရီးစဉ်နှင့် ယာဉ်အကြောင်း မသိသူများလည်း ရှိတတ်ပေသည်။

(ခ) မိမိကိုယ်တိုင် ရောက်လိုဖြစ်လိုသည့် လမ်းစဉ်လုပ်ငန်းကို မသွားမိ မလုပ်မိဘဲ သတိပညာ လွတ်ကင်းစွာဖြင့် မှားယွင်းချွတ်ချော်သည့် လမ်းစဉ်နှင့် လုပ်ငန်းများကို သွားမိ လုပ်မိသောကြောင့် မိမိကိုယ်တိုင်က မရောက်လို မဖြစ်လိုသည်တို့ကို ရောက်မှ ဖြစ်မှများ တွေ့ကြုံရကာ သတိမမူ ဂူမမြင် ဖြစ်ရသူများလည်း ရှိတတ်ပေသည်။

(ဂ) မိမိကိုယ်တိုင် ပညာမျက်စိ အသိအမြင် မရှိသောကြောင့် စမ်းတဝါးဝါးဖြင့် အမှားကိုပင် အမှန်ထင်လျက် အမှန်ကတခြား အသံကတခြား အဟုတ်ကတခြား အလုပ်ကတခြား ဖြစ်နေသူများလည်း ရှိတတ်ပေသည်။

http://www.dhammadownload.com

ယင်းသို့ မြင်းစီးလို့မှ အထီး, အမမှန်း မသိသူ၊ ယာဉ်စီးလို့မှ ခရီးစဉ်နှင့် ယာဉ်အကြောင်း မသိသူ၊ သတိမမူ ဂူမမြင်သူ၊ အမှန်တခြား အသံတခြားဖြစ်သူ အမျိုးမျိုး အစားစား များစွာရှိနိုင်ရာတွင် ယင်းများစွာထဲမှ ကျွန်တော်တို့အတွက် တန်ဖိုးရှိ၍ အကျိုးကြီးမားသည့် အချက်တစ်ခုတည်းကိုသာ ဤနိဒါန်းမှာ တင်ပြဆွေးနွေးလိုပါသည်၊ တန်ဖိုးရှိ၍ အကျိုးများသည့် အချက်ဟူသည်မှာ–

"ကျွန်တော်တို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ပါလျက် အမှန်တကယ် ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းကို သိရှိကြပါ၏လော ?။"

ဟူသော တစ်ခုတည်းသော အချက်ပင် ဖြစ်သည်။

ဤတစ်ခုတည်းသော အချက်သည်ပင်လျှင် ယခုစာရှူသူတို့လက်ဝယ် ရောက်ရှိနေသော "ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း" ကျမ်းနှင့် ရာခိုင်နှုန်းအပြည့် သက်ဆိုင်နေသောကြောင့် အနည်းငယ်မျှ ရှင်းလင်းရေးသား ဖော်ပြလိုပါသည်။

ဗုဒ္ဓဘာသာဝင်တစ်ယောက်သည် ဗုဒ္ဓအလိုတော်နှင့် ဆန့်ကျင်သည့်အလုပ် ကျင့်စဉ်များကို လိုက်နာပြုလုပ်နေပါလျက် "ငါသည် ဗုဒ္ဓအလိုတော်နှင့် ဆန့်ကျင်သည့် အလုပ်ကို လုပ်မိနေပါပကော" ဟု မသိလျှင် မြင်းစီးလို့မှ အထီး, အမမှန်း မသိသူကဲ့သို့လည်းကောင်း၊ ယာဉ်စီးလို့မှ ခရီးစဉ်နှင့် ယာဉ်အကြောင်း မသိသူကဲ့သို့လည်းကောင်း ဖြစ်နေပေလိမ့်မည်။

ဗုဒ္ဓဘာသာဝင်တစ်ယောက်သည် အသိပညာ ကင်းမဲ့စွာဖြင့် ဗုဒ္ဓအလိုတော်ကျ မဟုတ်သည့် အလုပ်ကျင့်စဉ်များကို လုပ်ကိုင်ကျင့်ကြံ နေမည်ဆိုပါလျှင်လည်း ဗုဒ္ဓဝါဒီတို့၏ ရည်မှန်းချက် ပန်းတိုင်သို့ မရောက်နိုင်ဘဲ ချွတ်ချော်လွဲမှား မတော်မလျော်သည့် ခရီးစဉ်များသို့ ဆိုက်ရောက်သွားကာ သတိမမူ ဂူမမြင်သူကဲ့သို့ ဖြစ်နေပေလိမ့်မည်။

ဗုဒ္ဓဘာသာဝင်တစ်ယောက်သည် ပညာမရှိ အသိတရား မရှိငြားဘဲ ဗုဒ္ဓအလိုတော်နှင့် ဆန့်ကျင်သည့် လုပ်ငန်းခွင် ကျင့်စဉ်များကို "ဒါမှ ဗုဒ္ဓအလိုတော်ကျ ကျင့်စဉ်များပေ့" ဟု ဟစ်အော်ကြွေးကြော်၍ လုပ်ကိုင်ကျင့်ကြံနေပါလျှင်လည်း အရုဏ်ကို မသိမမြင်ဖူးဘဲ ကြက်တူရွေးနှုတ်သီးဟု အထင်အမြင် လွဲမှားပြီး "အရုဏ်တက်ပြီပေ့" ဟု အော်ရမည်ကို "ကောက်ကောက်ချွန်ချွန် တက်ပြီပေ့" ဟု အော်ဟစ်သူကဲ့သို့ အမှန်တခြား အသံတခြား, အဟုတ်တခြား အလုပ်တခြား ဖြစ်နေပေလိမ့်မည်။

ယင်းသို့ ဗုဒ္ဓဘာသာဝင်များသည် မြင်းစီးလို့မှ အထီး, အမမှန်း မသိသူကဲ့သို့၊ သတိမမူ ဂူမမြင်သူကဲ့သို့၊ အမှန်တခြား အသံတခြား အော်ဟစ်မိသူကဲ့သို့ ဖြစ်နေမည်

http://www.dhammadownload.com

ဆိုပါလျှင်လည်း များစွာရယ်ဖွယ် ကောင်းနေပေလိမ့်မည်၊ များစွာအံ့သြဖွယ် ကောင်းနေပေလိမ့်မည်၊ များစွာဝမ်းနည်းဖွယ် ကောင်းနေပေလိမ့်မည်။

ယင်းသို့သော အကြောင်းကြောင်းများကြောင့် ဗုဒ္ဓဘာသာဝင်များအား ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများကို သိရှိပြီး ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများအတိုင်း ကျင့်သုံးနေထိုင်နိုင်ကြစေရန် ရည်ရွယ်ချက်ဖြင့် ဤဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းကျမ်းကို ရေးသားပြုစုခြင်း ဖြစ်ပေသည်။

ကျမ်းပြုပုဂ္ဂိုလ် ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းကျမ်းကို ပြုစုရေးသားသည့် ပုဂ္ဂိုလ်မှာ မြောင်းမြမြို့ တိုက်သစ်ပဇ္ဇောတာရုံကျောင်းတိုက်ဆရာတော် သာသနဓဇသီရိပဝရဓမ္မာစရိယဘွဲ့ရ အရှင်ကုမာရဖြစ်တော်မူသည်။

နိဒါန်းရေးသူသည် ဤကျမ်းပြုဆရာတော်နှင့် တစ်ခါမှ မတွေ့ဆုံ မဖူးမြော်ဘူးပါ၊ သို့သော် ဆရာတော်အရှင်ကုမာရ ပြုစုတော်မူသည့် ယမကပန်းကုံး, အလင်္ကာပန်းကုံးစသော စာသင်သားသုံး ကျမ်းများနှင့်စပ်လျဉ်း၍ စာသင်သားများထံမှ ကောင်းမွန်ကြောင်း ကျော်စောသံ ကြားဖူးပါ၏၊ စာအုပ်ကို မဖတ်ဘူးပါ။

ရွှေကျင်နိုင်ငံတော် သာသနာပိုင် မြောင်းမြဆရာတော်ကြီးမှာမူ ထင်ရှားသော လေးစားထိုက်သည့် ဆရာတော်ကြီးတစ်ပါး ဖြစ်သောကြောင့် ဆရာတော်ကြီး၏ ဖြစ်တော်စဉ် ထေရပွတ္တိကျမ်းကြီးကို စိတ်ဝင်စားစွာ လေ့လာဖတ်ရှုကြည့်ရာမှတ်သားကျင့်ကြံဖွယ် ဗဟုသုတ အပြည့်အဝဖြင့် စေ့စပ်သေချာစွာ စာမျက်နှာ ၆–ရာကျော်မျှ ရေးသားထားသည်ကို တွေ့ရှိရသည်၊ ကျမ်းပြုပုဂ္ဂိုလ်ကို ကြည့်သော အခါ "တပည့်ကြီးများ ပြုစုသည်"ဟုသာ ရေးသားထား၏၊ မည်သူပြုစုသည်ဟု ရေးမထားပေ၊ နီးစပ်သူများအား စုံစမ်းကြည့်သော် ဆရာတော်ကြီးတပည့် ပဇ္ဇောတာရုံ အရှင်ကုမာရ ပြုစုရေးသားသည်ဟု သာမန်သာပြောဆိုကြသည်၊ တိတိ ကျကျ မသိရချေ။

လောကဥ္စ မထင်မရှား ဝိုးတဝါးအာရုံကို ပိုမိုး၍ မြင်ချင်ကြားချင် သိချင်လေ့ရှိသည်မှာ ဓမ္မတာတစ်ခု ဖြစ်သည်၊ ဤနိဒါန်းရေးသူသည် ရွှေကျင်သာသနာပိုင် ဝိသုဒ္ဓါရုံ မြောင်းမြဆရာတော်ကြီး၏ ထေရပွတ္တိရေးသူဟု မသေမချာ သာမန် ဝိုးတဝါး သိနေရသေးသည့် ဆရာတော်အရှင်ကုမာရကို အထူးဂရုစိုက်၍ လေ့လာမိ၏။

ယင်းသို့ လေ့လာနေစဉ် အချိန်မှာပင် မြောင်းမြဆရာတော်ကြီး၏ တပည့် ဒါယကာရင်းဖြစ်သော ဦးထိန်ဝင်း ယူလာသည့် တိုက်သစ်ပဇ္ဇောတာရုံကျောင်းတိုက်

http://www.dhammadownload.com

ဆရာတော်အရှင်ကုမာရ ပြုစုသည်ဆိုသော "ဤဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း" ကျမ်းစာမူကို ရရှိသောအခါ "ကဲ ဒီတစ်ခါတော့ သေသေချာချာသိရတော့မှာပေါ့ဗျာ"ဟု စာမူကို စိတ်ပါဝင်စား အားကြိုးမာန်တက် လေ့လာဖတ်ရှုပါတော့သည်။

ပုဂ္ဂိုလ်အကဲခတ်နည်း မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် အဂုံတ္တရပါဠိတော် ဌာနသုတ်၌-

"၁။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အကျင့်သီလ ကောင်းသည်, မကောင်းသည်ကို ယင်းပုဂ္ဂိုလ်နှင့် ပေါင်းသင်းကြည့်မှ သိနိုင်သည်။

၂။ ယင်းသို့ ပေါင်းသင်းရာ၌လည်း အချိန်ကြာမြင့်စွာ ပေါင်းသင်းမှသာ သိနိုင်သည်၊ ခဏတာမျှ ပေါင်းသင်းခြင်းဖြင့် မသိနိုင်။

၃။ ယင်းသို့ ကြာမြင့်စွာ ပေါင်းသင်းရာ၌လည်း သတိထားနှလုံးသွင်း၍ ပေါင်းသင်းမှသာ သိနိုင်သည်၊ သတိမထား နှလုံးမသွင်းဘဲ ပေါင်းသင်း၍ မသိနိုင်။

၄။ ယင်းသို့ သတိထား နှလုံးသွင်းပေါင်းသင်းရာ၌လည်း မိမိက သိနိုင်လောက်သော ပညာအခြေခံရှိမှ သိနိုင်သည်၊ သိနိုင်လောက်သော ပညာအခြေခံ မရှိလျှင် မသိနိုင်"-

ဟူ၍ ပုဂ္ဂိုလ်တစ်ယောက်၏ အကျင့်သီလ ကောင်း, မကောင်း သိရှိဆုံးဖြတ်နိုင်သောနည်းကို အဆင့်ဆင့် ဟောကြားထားပါသည်။

ကျမ်းစာ အကဲခတ်နည်း ဤသို့ မြတ်ဗုဒ္ဓ ရှင်တော်ဘုရား ဟောကြားတော်မူသည့် နည်းကို မှီငြမ်းပြု၍ ကျမ်းစာတစ်စောင်တစ်ဖွဲ့သည် ပြုစုသူ၏ ရည်ရွယ်ချက်အတိုင်း အောင်မြင်စွာ ဖော်ပြနိုင်သည်, မဖော်ပြနိုင်သည်ကို ဆုံးဖြတ်နိုင်သည့် နည်းကို သိရှိနိုင်သည်၊ ယင်းနည်းမှာ-

"၁။ ကျမ်းစာတစ်ဆူသည် ရည်မှန်းချက်အတိုင်း အောင်မြင်စွာ ဖော်ပြနိုင်သည်, မဖော်ပြနိုင်သည်ကို ယင်းကျမ်းကို လေ့လာဖတ်ရှုကြည့်မှသာ ဆုံးဖြတ်နိုင်သည်။

၂။ ယင်းသို့ လေ့လာဖတ်ရှုရာ၌လည်း အချိန်ကြာမြင့်စွာ ဖတ်ရှုလေ့လာကြည့်မှသာ ဆုံးဖြတ်နိုင်သည်၊ ခဏတာမျှ ဖတ်ရှုလေ့လာကြည့်၍ မဆုံးဖြတ်နိုင်။

၃။ ယင်းသို့ ကြာမြင့်စွာ ဖတ်ရှုရာ၌လည်း သတိထား နှလုံးသွင်းလေ့လာဖတ်ရှုမှသာ ဆုံးဖြတ်နိုင်သည်၊ သတိမထား နှလုံးမသွင်းဘဲ ဖတ်ရှုလေ့လာ၍ မဆုံးဖြတ်နိုင်။

http://www.dhammadownload.com

၄။ ယင်းသို့ သတိထား နှလုံးသွင်း ဖတ်ရှုလေ့လာရာ၌လည်း မိမိက ဆုံးဖြတ်နိုင်လောက်သော ပညာအခြေခံရှိမှသာ ဆုံးဖြတ်နိုင်သည်၊ ဆုံးဖြတ်နိုင်လောက်သော ပညာအခြေခံမရှိဘဲ မဆုံးဖြတ်နိုင်"–

ဟူသော အချက် ၄–ချက်ပါဝင်သော နည်းပင်ဖြစ်ပါသည်။

ဤကျမ်းစာကို အကဲဖတ်နည်း ဤနည်းအရ "ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း" ကျမ်းသည် အမှန်တကယ်ပင် ဗုဒ္ဓရှင်တော်ဘုရား၏ အလိုဆန္ဒတော်အတိုင်းကျအောင် ကျင့်သုံးနေထိုင်နည်းကို ပြဆိုနိုင်ပါ၏လော, မပြဆိုနိုင်ဘူးလော ?–ဟူသည်ကို စာရှုသူများ ဤကျမ်းကို ယခုမှ နဖူးထွေ့ ဒူးတွေ့ ဘွားကနဲတွေ့ရသည်ဖြစ်ပေရာ ဆုံးဖြတ်ရန် မလွယ်ကူဘဲ ဖြစ်နေနိုင်ပေသည်၊ ဤနိဒါန်းရေးသူသည်ကား ဤကျမ်းကို စာလုံးမစီသေးမီ စာမူဘဝမှာတုန်းကရော, စာစီရိုက်နှိပ်ပြီး စာအုပ်မချုပ်သေးမီ စာဖောင်ဘဝမှာ တုန်းကရော ဖတ်ရှုလေ့လာခွင့် ရခဲ့ပါသည်၊ အချိန်ရရ ဖတ်ရှုလေ့လာခွင့်ရခဲ့ပါသည်၊ သတိထား၍ နှလုံးသွင်း၍ ဖတ်ရှုလေ့လာခွင့် ရခဲ့ပါသည်၊ တတ်သမျှ အခြေခံပညာ မျှဖြင့်လည်း ဆင်ခြင်သုံးသပ်ခွင့်ရခဲ့ပါသည်၊ ယင်းသို့ ဖတ်ရှုလေ့လာ သုံးသပ်ခွင့် ရသောကြောင့်–

"ဤ 'ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း' ကျမ်း၌ ရေးသားချက်တို့သည်ကား ကျမ်းပြုဆရာတော် ရည်မှန်းချက်အတိုင်း အမှန်ပင် ဗုဒ္ဓအလိုတော်အတိုင်း ကျစေနိုင်မည့် ကျင့်သုံးနေထိုင်နည်းများကို ဖော်ပြနိုင်ပါ၏သည်"–

ဟူ၍ ဆုံးဖြတ်ချက် ချနိုင်ခဲ့ပါသည်။

ယင်းသို့နိဒါန်းရေးသူက ဆုံးဖြတ်ချက် ချမှတ်ခြင်းသည် ဟုတ်ချင်မှ ဟုတ်မည်, မှန်ချင်မှ မှန်မည်–ဟု စာရှုသူတို့ သံသယဖြစ်နိုင်ဖွယ်ရှိပါသည်၊ သို့သော် လောကမျက်မြင်လက်တွေ့အားဖြင့် ပင်လယ်ရေ ငန်ပါသည်ဟု ပြောချင်မယုံသူအား ပင်လယ်ရေတစ်တို့လောက် လျက်ကြည့်စေရုံမျှဖြင့် ပင်လယ်ကြီး တစ်ခုလုံးရှိ ရေများ ငန်သည်ကို သိရှိလက်ခံယုံကြည်ခြင်း ဖြစ်စေနိုင်သကဲ့သို့ ဤကျမ်းလာ အချက်အလက် အချို့ကို တင်ပြသက်သေထူကာ စာရှုသူများအား တင်ပြဆွေးနွေးလိုပါသည်၊ ဤနိဒါန်းမှ တင်ပြချက်များကို သုံးသပ်မြည်းစမ်းပြီး ဆုံးဖြတ်ကြစေလိုပါသည်။

ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများ

ဤကျမ်း၌ ရေးသားဖော်ပြထားသည့်ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများစွာထဲမှ စာရှုသူတို့အား စာမြည်းအဖြစ် အကဲခတ်သိရှိစေရန် အချို့ကို ဤနိဒါန်းတွင် တင်ပြရာ၌–

http://www.dhammadownload.com

(က) လောကရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း၊
(ခ) ဓမ္မရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း၊
(ဂ) သံဃာ့ရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း၊
(ဃ) ဝိနယရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း၊
(င) သာသနာ့ရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း-

ဟူ၍ ၅-မျိုးမျှကိုသာ အဓိကထား၍ တင်ပြမည် ဖြစ်ပါသည်၊ ဤ ၅-မျိုးအပြင် ဤကျမ်း၌ ရေးသားဖော်ပြထားသည့် အခြားသော ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများ ကျန်ရှိသေးသော်လည်း ဤ ၅-ချက်မျှကို ပြဆိုလျှင်ပင် ဤကျမ်း၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများကို ပြဆိုထားနိုင်ကြောင်း စာရှုသူများ လေ့လာ၍ အကဲခတ် သိနိုင်လောက်ပြီ ဖြစ်သောကြောင့် ယင်း ၅-မျိုးကိုသာ ဖော်ပြပါအံ့။

(က) လောကရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း

သုမင်္ဂလနှင့် ဒုမင်္ဂလ လောကရေးရာ-ဟူသည်မှာ ဝိနယရေးရာ သာသနာ့ရေးရာ စသည်မဟုတ်ဘဲ လောကီသား လူဝတ်ကြောင်များဆိုင်ရာ ကိစ္စများကို ဆိုလိုပါသည်၊ ယင်းလူဝတ်ကြောင်များမှာ ကိစ္စများစွာရှိပါသည်၊ ပုံစံအဖြစ်ဖော်ပြရလျှင် သုမင်္ဂလခေါ် မင်္ဂလာဆောင်စသော ကိစ္စနှင့် ဒုမင်္ဂလခေါ် မသာအသုဘ ဆွမ်းသွတ်စသော ကိစ္စများဖြစ်သည်။

ယင်းသုမင်္ဂလ, ဒုမင်္ဂလ-ဟူသော လူမှုရေးကိစ္စများကို လူဝတ်ကြောင် များသည် မလွဲသာ မရှောင်သာ တွေ့ကြုံဆောင်ရွက် နေကြရပေသည်၊ ယင်းသို့ ဆောင်ရွက်ရာ၌ မြတ်ဗုဒ္ဓ ရှင်တော်ဘုရား ဟောကြားညွှန်ပြချက် ပါဠိတော်နှင့် အဋ္ဌကထာ ဋီကာတို့၌ လာရှိသည့်အတိုင်း ဤကျမ်း၌ ရေးသားဖော်ပြထားပေသည်၊ ပုံစံအဖြစ် ဤကျမ်းမှ ထုတ်နုတ်၍-

၁။ လက်ထပ်မင်္ဂလာပြုနည်း၊
၂။ မင်္ဂလာအမျိုးမျိုးပြုနည်း၊
၃။ အိမ်တက်မင်္ဂလာပြုနည်း၊
၄။ ဒုမင်္ဂလကိစ္စများပြုနည်း၊
၅။ ကြီးပွားရေး, စီးပွားရေးပြုနည်း-

ဟူ၍ ၅-မျိုးမျှ တင်ပြပါအံ့။

၁။ လက်ထပ်မင်္ဂလာပြုနည်း လက်ထပ်မင်္ဂလာ-ဟူသည်မှာ ကျား-နှင့်မ လူသားတို့ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ရန် အတိအလင်း

http://www.dhammadownload.com

ဆိုင်ရာလူသားများအား အသိပေးသည့်ပွဲ ဖြစ်သည်၊ ယင်းလက်ထပ်မင်္ဂလာပွဲကို မြတ်ဗုဒ္ဓရှင်တော်ဘုရားက ကောင်းမြတ်သင့်လျော်သည့်ပွဲဟူ၍လည်း၊ ချီးမွမ်းအားပေးခြင်း ပြုတော်မမူချေ၊ လုပ်ဆောင်ကြ, ဆင်နွှဲကြဟူ၍လည်း၊ တိုက်တွန်းတော်မမူချေ၊ မလုပ်ဆောင်ကြနှင့်, မဆင်နွှဲကြနှင့်ဟူ၍လည်း၊ တားမြစ်တော်မမူချေ။

သို့သော် မြတ်စွာဘုရားအား ကြည်ညိုလေးစားသူ ဗုဒ္ဓဘာသာဝင် ဥပါသကာကြီးများက လူ့လောကသဘာဝအလျောက် သားငယ် သမီးငယ်များ အိမ်ထောင်ပြုလက်ထပ်မင်္ဂလာဆောင်သောအခါ ဘုရားရှင်နှင့် ရဟန်းသံဃာတော်များကို ပင့်ဖိတ်ပြီး ဆွမ်း သင်္ကန်းစသော လှူဖွယ်များဖြင့် ဆက်ကပ်ပူဇော်ခြင်းကိုလည်း၊ လက်ခံတော်မူသည်၊ ကြွရောက်အလှူခံပြီး သတို့သား သတို့သမီး မင်္ဂလာမောင်မယ်များ ပစ္စုပ္ပန်တမလွန် အကျိုး ၂-တန် တိုးပွားစေရန်လည်း၊ ဆုံးမသြဝါဒစကား မိန့်ကြားတော်မူသည်။

အိမ်ထောင်ပြုသူ အမျိုးသား အမျိုးသမီးများ မှတ်သားကျင့်သုံးဖွယ်ရာ တရားများ, တစ်ဦးနှင့်တစ်ဦး ချစ်မြတ်နိုးသူ ဇနီးမောင်နှံများ ဤဘဝမှာလည်း၊ မကွေမကွင်း ပေါင်းသင်းနေနိုင်၍ နောင်ဘဝအဆက်ဆက်မှာလည်း အတူယှဉ်တွဲအမြဲနေရမည့် နည်းလမ်းကျင့်စဉ်များကိုလည်း ဟောကြားတော်မူသည်။

ဤသို့သော အကြောင်းအရာ မှတ်တမ်းများသည် ပါဠိတော်, အဋ္ဌကထာ, ဋီကာစသော ဗုဒ္ဓစာပေကျမ်းဂန်တို့၌ အထင်အရှား ရေးသားဖော်ပြထားလျက် ရှိသည်၊ ယင်းသို့ မှတ်တမ်းရှိသည့်အတိုင်း နောင်လာနောက်သား ဗုဒ္ဓဘာသာဝင်များ လိုက်နာကျင့်သုံး နေထိုင်နိုင်ကြစေရန် ဤဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းကျမ်း၌ စာမျက်နှာ ၃၃၇-မှ စာမျက်နှာ ၃၆၅-အထိ ကျယ်ကျယ်ပြန့်ပြန့် ထိထိမိမိ ရေးသားဖော်ပြထားသည်ကို လေ့လာဖတ်ရှုနိုင်ပေသည်။

၂။ **မင်္ဂလာအမျိုးမျိုး ပြုနည်း** လူသားတို့လောက ဘဝတစ်သက်တာ၌ လက်ထပ်မင်္ဂလာ ပြုပြီးနောက် ဆက်လက်၍ ပြုလုပ်ရမည့် မင်္ဂလာ များစွာရှိသည်၊ ယင်းမင်္ဂလာတို့ကိုလည်း ကာလ, ဒေသ, ကုလဟူသော ခေတ်အချိန်အခါ, အရပ်ဒေသ, လူမျိုး ဓာတိအလျောက် ထုံးတမ်းစဉ်လာ ရှိသည့်အတိုင်း လုပ်ဆောင်ကြရသည်။

ယင်းသို့ ဆောင်ရွက်ကြသည့် မင်္ဂလာများစွာထဲတွင် ဗုဒ္ဓစာပေကျမ်းဂန်တို့၌-

ဂဇ္ဇပရိဟရဏမင်္ဂလာ= ဘဝဦးမင်္ဂလာ၊
ဝိဇာတမင်္ဂလာ= မွေးနေ့မင်္ဂလာ၊

http://www.dhammadownload.com

နာမကရဏမင်္ဂလာ= အမည်ပေးမင်္ဂလာ၊
အာဟာရပရိဘောဂမင်္ဂလာ= ထမင်းခွဲ့မင်္ဂလာ၊
ကဏ္ဍဝိဒ္ဓနမင်္ဂလာ= နားသမင်္ဂလာ၊
ဒုဿဂဟဏမင်္ဂလာ= အဝတ်ဝတ်မင်္ဂလာ၊
စူဠာကပွနမင်္ဂလာ= ဥသျှောင်ထုံးမင်္ဂလာ၊
ပဗ္ဗဇ္ဇမင်္ဂလာ= ရှင်ပြုမင်္ဂလာ-

ဟူ၍ ၈-မျိုး တွေ့ရှိရပေသည်။

ယင်းမင်္ဂလာတို့တွင်-

ဂဗ္ဘပရိဟရဏမင်္ဂလာ= ဟူသည်မှာ ကိုယ်ဝန်စတည်သည်ဟု သိသည့် အခါမှစ၍ သူငယ်အတွက် ရည်ရွယ်၍ ရဟန်းသံဃာတို့အား ဆွမ်းစသော ပစ္စည်း ၄-ပါး လှူခြင်း, သရဏဂုံ သီလဆောက်တည်ခြင်း, တရားနာခြင်းစသည်ကို ပြုခြင်းဖြင့် မင်္ဂလာယူခြင်းဖြစ်သည်၊ လူ့လောကသို့ ရောက်လာသည့် သူငယ်အတွက် ဘဝဦး မင်္ဂလာဟု ဆိုသင့်သည်။

ဝိဇာတမင်္ဂလာ= ဟူသည်မှာ အမိဝမ်းမှ ကျွတ်လွတ်၍ မွေးဖွားပြီးစ သူငယ် အတွက်ပြုသော မင်္ဂလာဖြစ်သည်၊ မွေးနေ့မင်္ဂလာဟု ဆိုသင့်သည်။

နာမကရဏမင်္ဂလာ= ဟူသည်မှာ မွေးဖွားပြီးနောက် ကလေးသူငယ်အား အမည် ပေးသောမင်္ဂလာဖြစ်သည်၊ ကင်ပွန်းတပ်မင်္ဂလာဟု ဆိုသင့်သည်။

အာဟာရပရိဘောဂမင်္ဂလာ= ဟူသည်မှာ မွေးဖွားပြီးစ သူငယ်အား အစာစတင် ကျွေးသည့် မင်္ဂလာဖြစ်သည်၊ ထမင်းခွဲ့မင်္ဂလာဖြစ်သည်၊ အစာခွဲ့မင်္ဂလာ ဟူ၍လည်း ဆိုသင့်သည်။

ကဏ္ဍဝိဒ္ဓနမင်္ဂလာ= ဟူသည်မှာ ကလေးသူငယ်အား နားဖောက်ပေးသည့် နားထွင်းမင်္ဂလာ ဖြစ်သည်၊ နားသမင်္ဂလာဟုလည်း ဆိုသင့်သည်။

ဒုဿဂဟဏမင်္ဂလာ= ဟူသည်မှာ အဝတ် စတင်ဝတ်ဆင်ပေးသော မင်္ဂလာ ဖြစ်သည်၊ ပုဆိုးဝတ်မင်္ဂလာဟုဆိုသင့်သည်၊ အဝတ်ဝတ်မင်္ဂလာဟူ၍လည်း အဓိပ္ပာယ် ရသည်။

စူဠာကပွနမင်္ဂလာ= ဟူသည်မှာ ဆံပင်ကို စတင်ဖွဲ့စည်းသော မင်္ဂလာဖြစ်သည်၊ သျှောင်ထုံးမင်္ဂလာဟု ဆိုသည်၊ ဆံသမင်္ဂလာဟုလည်း ဆိုသင့်သည်။

ပဗ္ဗဇ္ဇမင်္ဂလာ= ဟူသည်မှာ သူငယ်အား သာသနာတွင်း သွတ်သွင်း၍ ရှင်ပြု ပေးသော မင်္ဂလာဖြစ်သည်။

http://www.dhammadownload.com

ယင်းသို့ မင်္ဂလာအမျိုးမျိုးကို ဗုဒ္ဓစာပေ၌ ရှိသည့်အတိုင်း ဤကျမ်း၌ ပြုလုပ်ရသော အချိန်အခါ, ပြုလုပ်ပုံနည်းနှင့်တကွ အကျယ်ရေးသား ဖော်ပြထားပေသည်၊ ဤကျမ်းစာမျက်နှာ ၁၉၀-မှစ၍ ၂၂၄-အထိ ရေးသားဖော်ပြထားသည်ကို လေ့လာဖတ်ရှုနိုင်သည်။

ယင်းသို့ မင်္ဂလာအမျိုးမျိုးကို ဆောင်ရွက်နိုင်ရန် ရေးပြီးလျှင် ဒေသ အရပ် အလျောက်, လူမျိုးဓလေ့ထုံးစံအလျောက် ဤ၌ မဖော်ပြဘဲ ကြွင်းကျန်သေးသည့် မင်္ဂလာများရှိလျှင်လည်း ဤတွင်ဖော်ပြခဲ့သော မင်္ဂလာများနည်းကို မှီး၍ ဗုဒ္ဓအလိုတော်ကျ ဖြစ်စေရန် ကျင့်သုံးကြပါဟု တိုက်တွန်းစကား ရေးသားထားပေသည်။

၃။ အိမ်တက်မင်္ဂလာပြုနည်း အိမ်တက်မင်္ဂလာဟု ဆိုသော်လည်း နေစရာ, အသုံးပြုစရာ အဆောက်အအုံတစ်ခုခု လုပ်ဆောင်ပြီးခါစ၌ ရှေးဦးစွာ မင်္ဂလာဖြစ်စေရန် ရည်ရွယ်၍ ပြုလုပ်သည့် မင်္ဂလာအားလုံးကို ယူရသည်။

ယင်းသို့အိမ်တက်မင်္ဂလာပြုလုပ်ကြရာ၌ အိမ်သစ်အဆောက်အအုံသစ်ဆောက်လုပ်ပြီ.မှ မဟုတ်ဘဲ မဆောက်လုပ်မီ နေရာသတ်မှတ်စဉ်ကလည်း ပရိတ်တရားနာကြားခြင်း, အလှူဒါနပြုခြင်း, နတ်များကို အမျှဝေခြင်းတို့ကို ပြုလုပ်သင့်ကြောင်း ပါဠိလိုဂါမိယသုတ်ကို အကျယ်တဝင့် ရေးသားကိုးကား ပြဆိုထားပေသည်။

ဤကျမ်းစာမျက်နှာ ၃၇၂-မှစ၍ စာမျက်နှာ ၃၉၁-အထိ အကျယ်ဖော်ပြထားပေသည်။

၄။ ဒုမင်္ဂလကိစ္စများ ပြုလုပ်နည်း ဒုမင်္ဂလဟူသည်မှာ ဒု-မဟုတ်သော+မင်္ဂလာ-မင်္ဂလာများဟု အနက်ရသည်၊ မင်္ဂလာမဟုတ်သော လူသေခြင်း, ရက်လည်သပိတ်သွတ်ခြင်း စသည့်ကိစ္စများဖြစ်သည်။

လူသေရာ၌ သက်ဆိုင်သူများစွာသည် ဝမ်းနည်းကြေကွဲ ငိုပွဲဆင်ကြသည်။

သက်ရှိလောကဌ် အိုခြင်း, နာခြင်း, သေခြင်းဟူသော တားဆီးကာကွယ်၍ မရသည့်ဘေးအန္တရာယ်ကြီး ၃-မျိုးရှိရာတွင် အကြီးမားဆုံးသော ဘေးအန္တရာယ်ကြီး ဖြစ်သည်ဟု ယူဆကြသည်၊ ယင်းသေခြင်း ဘေးအန္တရာယ်ကြီး မိမိကိုယ်တိုင် ဌ်သော်လည်းကောင်း, မိမိနှင့်ချစ်ခင်နှီးရင်း အပေါင်းအသင်းများဌ်သော်လည်းကောင်း ကျရောက်ဖြစ်ပေါ်လာသည်ရှိသော် သက်သာမှုရစေရန်, အကျိုးအမြတ်ရစေရန် ဆောင်ရွက်ကျင့်သုံးရမည့်တရားကျင့်စဉ်များနှင့် မလုပ်သင့်သည့်အလုပ်များ, နောက်မှလုပ်သင့်သည့် အလုပ်များကို ဤကျမ်းစာမျက်နှာ ၃၉၁-မှစ၍ ၃၉၇-အထိ ရေးသားဖော်ပြထားပါသည်။

http://www.dhammadownload.com

လူတစ်ယောက် သေဆုံးသွားသောအခါ၌ ထိုသေသူအတွက် ရှေးဘုရားမပွင့်မီ ခေတ်များမှပင် ဗြာဟ္မဏဝါဒအရ ပေးလှူသည့်ဓလေ့ ရှိခဲ့သည်၊ မြတ်စွာဘုရားပွင့်တော်မူလာသောအခါ ဘဝတစ်ခုသို့ ပြောင်းသွားသူအတွက် လှူဒါန်းပေးကမ်းပြီး အမျှဝေရာ၌–

မည်သည့်ဂုဏ်အင်္ဂါနှင့် ပြည့်စုံသူကို လှူဒါန်းအမျှဝေမှ သေသွားသူ အကျိုးရရှိခံစားနိုင်သည်၊

မည်သည့်ဘဝသို့ ရောက်နေသူသာ အကျိုးရရှိ ခံစားနိုင်သည်၊

မည်သို့ ကုသိုလ်ကောင်းမှု အလှူဒါနပြုရမည်၊

မည်သို့ ရည်ရွယ်ပြောဆို လျှောက်ထား၍ လှူရမည်–

ဟူ၍ မြတ်စွာဘုရားရှင် ဝေဖန်ဟောကြားတော်မူသည်။

ယင်းသို့ မြတ်ဗုဒ္ဓရှင်တော်ဘုရား ဟောကြားချက်များကို ထင်ရှားအောင် ရေးသားဖော်ပြထားသည်ကို ဤကျမ်းစာမျက်နှာ ၃၉၇–မှ ၄၁၅–အထိ၌ ဖတ်ရှုလေ့လာနိုင်ပေသည်။

၅။ ကြီးပွားရေး စီးပွားရေး ပြုနည်း လောကဥ်၌ လူသားတို့မှာ သုမင်္ဂလ, ဒုမင်္ဂလ ကိစ္စများကို ဆောင်ရွက်ခြင်းသာလျှင် အရေးကြီးသည့်ကိစ္စ မဟုတ်ပါ၊ ယင်းကိစ္စများကို ဆောင်ရွက်နိုင်ရန် စီးပွားချမ်းသာ ပြည့်စုံရမည့် ကိစ္စသည်လည်း အရေးကြီးသည့် ကိစ္စတစ်ခု ဖြစ်ပါသည်၊ စီးပွားချမ်းသာမရှိသူ လူဝတ်ကြောင်တစ်ယောက်အတွက် ဖော်ပြခဲ့သည့် သုမင်္ဂလ, ဒုမင်္ဂလကိစ္စများကို ဆောင်ရွက်ရန်မှာ အလွန်ပင်ခဲယဉ်း ဆင်းရဲလှပေသည်၊ စီးပွားချမ်းသာ မရှိဘဲ ဆင်းရဲမွဲတေသူများ၏ ဒုက္ခကား အလွန်ကြီးမားလှချေသည်၊ ထို့ကြောင့် မြန်မာပညာရှိ စတုရင်္ဂလအမတ်ကြီးက–

သားသမီးမရှိသောအိမ်သည် ဆိတ်သုဉ်း၏၊ မင်းမဲ့တိုင်းပြည်သည် ဆိတ်သုဉ်း၏၊ အတတ်ပညာမဲ့သူ၏ ပါးစပ်သည် ဆိတ်သုဉ်း၏၊ ဆင်းရဲမွဲတေသူ၏ အဖြစ်သည် အားလုံး ဆိတ်သုဉ်း၏–

ဟူ၍ လောကနီတိကျမ်း၌ ရေးသားထားပေသည်။

ယင်းသို့ ကြီးပွားရေး စီးပွားရေးသည် လူ့လောကဥ်၌ အလွန်လိုအပ်ရကား ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အလိုတော်ကျ ကြီးပွားရေး စီးပွားရေးလမ်းညွှန်နည်းနယ်များကို ဤကျမ်းစာမျက်နှာ ၃၆၆–မှစ၍ စာမျက်နှာ ၃၇၁–အထိ ရေးသားဖော်ပြထားပေသည်။

http://www.dhammadownload.com

ဤသို့ စသည်ဖြင့် လောကရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများကို ဤကျမ်း၌ များစွာဖတ်ရှုလေ့လာနိုင်ပေသည်။

(ခ) ဓမ္မရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း

ဓမ္မရေးရာ ဓမ္မရေးရာဆိုသည်မှာ လူသားများ ကျင့်သုံးရမည့် တရားဓမ္မရေးရာဟု ဆိုလိုပါသည်၊ ယင်းကျင့်သုံးရမည့် ဓမ္မများမှာ များစွာပင်ရှိနိုင်သော်လည်း ယခုအခါ အလွန်သိရှိရန်လိုအပ်သည့်-

၁။ နမော တဿဖြင့် ရှိခိုးခြင်း၊
၂။ သရဏဂုံဆောက်တည်ခြင်း၊
၃။ သီလဆောက်တည်ခြင်း၊
၄။ ပရိတ်နာခြင်း၊
၅။ ရေစက်ချခြင်း-

စသည့် ကျင့်သုံးလိုက်နာရမည့် တရားသဘော ဓမ္မရေးရာများကို ဗုဒ္ဓစာပေ၌ လာရှိသည့်အတိုင်း ရေးသားဖော်ပြထားပေသည်၊ အကျဉ်းမျှ ပုံစံထုတ်ပြပါအံ့။

၁။ နမော တဿဖြင့် ရှိခိုးခြင်း ဗုဒ္ဓဝါဒ ဗုဒ္ဓတရားစာအုပ်တိုင်းမှာလိုလိုပင် "နမော တဿ"ဖြင့် စချီရေးသားလေ့ရှိသည်၊ ထို့ကြောင့် "စာအစ နမောက"ဟူ၍ မြန်မာစကား ဆိုရိုးရှိသည်၊ ဗုဒ္ဓဘာသာဝင်များစွာပင် ကလေးဘဝမှစ၍ နမော တဿကို နှုတ်တက်ရွရွ ရရွှိကြသည်၊ သို့သော် နမော တဿ၏ အနက်အဓိပ္ပာယ်နှင့် ဘုရားရှိခိုးဖြစ်ခြင်း ဟူသည်ကို သိရှိသူကား နည်းပါးကြမည်ထင်သည်၊ နမော တဿဖြင့် မည်သည့်ပုဂ္ဂိုလ်များ စတင်ရွတ်ဆို၍ မည်သို့သော အကြောင်းအရာဖြင့် မြတ်စွာဘုရားကို ရှိခိုးခြင်းစသော နမော တဿ သမိုင်းကြောင်းကိုကား သိသူ ပို၍နည်းပေလိမ့်မည်။

သို့ဖြစ်သောကြောင့် ဤကျမ်း၌ နမော တဿဟူသည် ၅-ပါဒရှိသည့် ဥဒါန်းဂါထာဖြစ်သည်၊ ယင်း နမော တဿဂါထာဖြင့် ဥဒါန်းကျူး၍ ဘုရားရှိခိုးသူ ဖ-ဦး၏ အတ္ထုပ္ပတ်အပြည့်အစုံနှင့် နမော တဿဂါထာ၏ မြန်မာပြန်, အနက်အဓိပ္ပာယ် အပြည့်အစုံကို ရေးသားဖော်ပြသည်။

နမော တဿ ၅-ပိုဒ်ဖြင့် နတ်ကြီး ၅-ပါး ရှိခိုးသည်ဟူသော ရှေးအယူအဆမဟုတ်မှန်ကြောင်းကိုလည်း ဖော်ပြထားသည်။

နမော တဿသမိုင်း အပြည့်အစုံကို ဗုဒ္ဓဘာသာဝင်တိုင်း ဖတ်ရှုနားလည်စေရန် ဤကျမ်း စာမျက်နှာ ၂၂၅-မှစ၍ ၂၄၂-အထိ ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြထားပါသည်။

http://www.dhammadownload.com

၂။ သရဏဂုံ ဆောက်တည်ခြင်း သရဏဂုံသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အလွန်အရေးကြီးသည်၊ ရွေးအစဉ်အလာအားဖြင့် ဗုဒ္ဓဘာသာဝင်အဖြစ်ကို ခံယူသူတိုင်း သရဏဂုံကို ဆောက်တည်ကြသည်ကို သိရှိရသည်၊ ဖခင်ဗိမ္ဗိသာရမင်းကြီးကို ကိုယ်တိုင်သတ်၍ ဒေဝဒတ်အား မြတ်စွာဘုရားကို သတ်ရန် အားပေးသူ အဇာတသတ်မင်းသည် မြတ်စွာဘုရား၏ သာမညဖလသုတ္တန်တရားတော်ကို နာယူရပြီးသောအခါ သရဏဂုံဆောက်တည်၍ ဗုဒ္ဓဘာသာအဖြစ်ကို ခံယူရသည်၊ ဗုဒ္ဓစာပေ၌ ယင်းသို့သောသာဓက များစွာရှိသည်။

သရဏဂုံပျက်လျှင် ဗုဒ္ဓဘာသာဝင်အဖြစ်မှလည်း လွတ်ထွက်သွားပြီ ဖြစ်သည်၊ ကိုရင်သာမဏေများမှာ သရဏဂုံမပီသလျှင် ကိုရင်သာမဏေ မဖြစ်နိုင်၊ ရှင်ပြုသော်လည်း ရှင်ပြုပေးရာ မရောက်ချေ။

ယင်းသို့သော **အကြောင်း**များကြောင့် သရဏဂုံသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အလွန်အရေးကြီးလှချေသည်၊ သရဏဂုံဆိုသည်မှာ ဘယ်လိုသဘောတရားမျိုးဖြစ်သည်၊ သရဏဂုံ ဘယ်လိုဆောက်တည်ရသည်၊ သရဏဂုံ၏ အနက်အဓိပ္ပာယ် မည်သို့ဖြစ်သည်၊ သရဏဂုံ အမျိုးအစား မည်မျှရှိသည်၊ သရဏဂုံကို မည်သို့ ဆောက်တည်ရသည်၊ သရဏဂုံ၏ အကျိုးတရား, သရဏဂုံတည်သူများ ဝတ္ထုစသည်ဖြင့် သရဏဂုံဆိုင်ရာ သိမှတ်ဖွယ်များကို ဤကျမ်း စာမျက်နှာ ၂၅၀–မှစ၍ ၂၉၆–အထိ ရေးသားဖော်ပြထားသည်။

၃။ သီလဆောက်တည်ခြင်း "ထီးနှင့်ဖိနပ်မပါလျှင် နွေအခါမှ သိလိမ့်မည်၊ ဒါနနှင့် သီလမပါလျှင် သေခါမှ သိလိမ့်မည်" ဟု မြန်မာစကားပုံရှိသည်၊ ထို့ကြောင့် ရှေးမြန်မာ ဗုဒ္ဓဘာသာ ပညာရှိကြီးများသည် သီလကို အလွန်အရေးပေ· ကျင့်သုံးကြကြောင်း သိသာသည်။

ဗုဒ္ဓဘာသာ စာပေကျမ်းဂန်တို့၌လည်း သီလေ ပတိဋ္ဌာယ နရော သပ္ပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ–ဟု သီလ၌တည်ပြီးမှ သမာဓိနှင့်ပညာကို ပွားရမည်ဟု မိန့်ဆိုချက်ရှိပေသည်၊ သာသနာ၌ သမထတရားနှင့် ဝိပဿနာတရားသည် အမြင့်မြတ်ဆုံးတရား ၂–ပါးဖြစ်သည်၊ ယင်းအမြတ်ဆုံးတရား ၂–ပါးကို ရလိုလျှင် သီလရှိပြီးမှ ကျင့်ကြံပွားများမှသာ ရနိုင်ကြောင်း မိန့်မှာခြင်းပင်ဖြစ်သည်၊ ယင်းဖော်ပြချက်များအရ သီလသည် နောင်သံသရာရေးနှင့် လောကုတ္တရာရေးရာများအရ အရေးပါသည့် ပဓာနအလုပ်ကြီးတစ်ခု ဖြစ်ကြောင်း သိနိုင်သည်။

မျက်မှောက်လောက ယခုဘဝ၌လည်း သီလသည် အလွန်အရေးပါသော ကျင့်စဉ်တစ်ခု ဖြစ်ပါသည်၊ ကျန်းမာရေး, အသက်ရှည်ရေး, စီးပွားရေး, ပေါင်းသင်း

http://www.dhammadownload.com

ဆက်ဆံရေးများမှာလည်း သီလမရှိလျှင် မဖြစ်နိုင်ပါ၊ သီလရှိမှသာ အောင်မြင်မှု ရရှိနိုင်ပါသည်။

ယင်းသို့ သီလသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အရေးကြီးသောကြောင့် သီလ ဟူသည် အဘယ်တရားမျိုးနည်း ?၊ သီလကို ဘယ်လိုဆောက်တည်ရသနည်း ?၊ စသည်ကို ပေါ်လွင်ထင်ရှားစေရန် ၅-ပါး၊သီလ, ၈-ပါး၊သီလ, ၉-ပါး၊သီလဆောက် တည်နည်းများကို ခွဲခြား၍ မြန်မာဘာသာဖြင့် ဤကျမ်းစာမျက်နှာ ၂၇၂-မှစ၍ စာမျက်နှာ ၂၇၄-အထိ အကျဉ်းချုပ်မျှ ရေးပြထားပေသည်။

၄။ ပရိတ်နာခြင်း ပရိတ်ရွတ်ခြင်း, ပရိတ်နာခြင်းသည် ဗုဒ္ဓဘာသာ မြန်မာတို့၏ အတွက် ဟင်းချက်ရာ၌ ဆားပါရသကဲ့သို့ သာကီစွ, နာကီစွ-သုမင်္ဂလ, ဒုမင်္ဂလကီစွတိုင်းမှာ ပါဝင်ရပါသည်၊ ပြုလုပ်ဆောင်ရွက်ကြရသည်။

ယင်းသို့ ပရိတ်ရွတ်ခြင်း, ပရိတ်နာခြင်းနှင့် စပ်ဆိုင်သမျှကို ဗုဒ္ဓအလိုတော်ကျ ပြုလုပ်ဆောင်ရွက်နိုင်ကြစေရန်-

ပရိတ်ဟောရန် လျှောက်ထားတောင်းပန်နည်း၊
ပရိတ်ရွတ်သူတို့၌ ရှိသင့်သည့်အင်္ဂါရုပ်၊
ပရိတ်နာသူတို့၌ ရှိသင့်သည့် အင်္ဂါရုပ်၊
ပရိတ်ရွတ်ရာ၌ ထားသင့်သည့် အခြံအရံ ပစ္စည်းများ၊
ပရိတ်တော်တန်ခိုး အကျိုးတရား-

စသည် စုံလင်စွာဖြင့် မှတ်သားဖွယ်ရာ ဤကျမ်းစာမျက်နှာ ၃၁၃-မှစ၍ စာမျက်နှာ ၃၃၇-အထိ ရေးသားဖော်ပြထားပေသည်။

၅။ ရေစက်ချခြင်း ရေစက်ချခြင်းသည် ရှေးအခါ မြတ်ဗုဒ္ဓရှင်တော်ဘုရား မပွင့် မီက စ၍ မြတ်ဗုဒ္ဓရှင်တော်ဘုရား လက်ထက်တော်နှင့် ယခု ခေတ်တိုင်အောင် ဗုဒ္ဓဘာသာဝင်တို့ လုပ်ဆောင်နေကြသည့် အလုပ်ဖြစ်သည်။

ပေးလှူသူက ရေလွှတ်ဖြင့် အလှူခံသူ၏ လက်ပေါ်သို့ဖြစ်စေ, အခြားခွက်တစ်ခု အတွင်းသို့ဖြစ်စေ ရေစက်ချ သွန်းလောင်းသောကြောင့် "ရေစက်ချသည်"ဟု ခေါ်သည်၊ ပါဠိလို "ဒက္ခိဏောဒက"ခေါ်သည်၊ "အလှူရေ"ဟု အဓိပ္ပာယ်ရသည်၊ ဒက္ခိဏောဒကံ ပါတေတွာ-ဟု ပါဠိဘာသာဖြင့်ဆိုလျှင် အလှူရေစက်ချ၍-ဟု မြန်မာအဓိပ္ပာယ်ရသည်။

ယင်းရေစက်ချနည်းသည် ယခုမျက်မှောက်ခေတ်အထိ ကာလအတွင်း၌-

(က) အလှူရှင်ကိုယ်တိုင် ပြောဆိုလှူဒါန်း၍ ရေစက်ချခြင်း၊

http://www.dhammadownload.com

(ခ) အလှူခံပုဂ္ဂိုလ်က ရှေ့ကဆိုပြပြီး အလှူရှင်က နောက်ကလိုက်ဆို၍ ရေစက်ချခြင်း၊

(ဂ) အလှူခံပုဂ္ဂိုလ်ကသာ ဆိုသွား၍ အလှူရှင်က ဘာမျှမဆိုဘဲ ရေစက်ချခြင်း-

ဟူ၍ သုံးမျိုးလေ့လာတွေ့ရှိရသည်၊ ယင်းသုံးမျိုးတွင် ပထမ(က)နည်းသာ အကောင်းဆုံးဖြစ်၍ ဒုတိယ(ခ)နည်းမှာ သင့်ရုံရှိသည်၊ တတိယ(ဂ)နည်းသည် မသင့်ကြောင်း ဤကျမ်းစာမျက်နှာ ၁၂-၁၃-၌ ရေးသားထားပေသည်။

ဤသို့စသည်ဖြင့် ဓမ္မရေးရာအတွက် ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းကို ဤကျမ်း၌ များစွာလေ့လာနိုင်ပေသည်။

(ဂ) သံဃာ့ရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း

သံဃာ့ရေးရာ-ဟူသည်မှာ ရဟန်းသံဃာတော်များနှင့် လူဝတ်ကြောင်များ ဆက်ဆံရေးကို ဆိုလိုသည်။

သာဂါရာ အနာဂါရာ စ ၊ ဥဘော အညောညနိဿိတာ-ဟု မြတ်စွာဘုရား ဟောတော်မူသည်၊ သာသနာတော်၌ ရဟန်းသံဃာတော်များနှင့် လူဝတ်ကြောင် ဒကာများသည် အချင်းချင်း အမှီသဟဲ ပြုလုပ်၍ နေကြရသည်၊ ဆရာဒကာ ယှဉ်တွဲနေထိုင်ရသည်ဟု ဆိုလိုပေသည်၊ ဆရာက တရားဓမ္မဖြင့် ဒကာကို ချီးမြှောက်ရသည်၊ ဒကာက ပစ္စည်း ၄-ပါးဖြင့် ဆရာကို ထောက်ပံ့ရသည်။

ယင်းသို့ ယှဉ်တွဲနေထိုင်ရာ၌ ဆရာဖြစ်သော ရဟန်းသံဃာများ၏ ကျင့်သုံးနေရသည့် ဝိနည်းတော်နှင့်အညီ လူဝတ်ကြောင် ဒကာများက ဆရာရဟန်းတော်များအား အကူအညီပေးခြင်း, လှူဒါန်းခြင်း ဆက်ဆံကျင့်သုံးနည်းများကို ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်စေရန်-

၁။ ရဟန်းသံဃာတော်အား ဦးချရှိခိုးနည်း၊
၂။ အပ်စပ်အောင် ကပ်ပွနည်း၊
၃။ ပစ္စည်း ၄-ပါးဖြင့်ဖိတ်ကြားနည်း၊
၄။ ပေးလှူဆက်ကပ်နည်း၊
၅။ လေးစားစိတ်ထားနည်း၊
၆။ ကူညီစောင့်ထိန်းနည်း-

စသည်ဖြင့် ရဟန်းသံဃာတော်များနှင့် ဆက်ဆံနည်းများစွာကို ဤကျမ်း၌ ရေးသား ဖော်ပြထားပေသည်၊

http://www.dhammadownload.com

၁။ ရဟန်းသံဃာအား ဦးချရှိခိုးနည်း ဦးချရှိခိုးခြင်းသည် ရတနာ ၃-ပါးဂုဏ်ကို ယုံကြည်သည့် ဗုဒ္ဓဘာသာဝင်များက ရတနာ ၃-ပါးအား ပြုလုပ်ရမည့် ဝတ္တရားတစ်ခု ဖြစ်သည်၊ ယခုကာလ၌ "ဦးတော်, ဦးတော်"ဟု ငယ်စဉ်က မိဘက သင်ပေးလို့သာ ဦးချရှိခိုးကြရသည်၊ ရှိခိုးဦးချပုံနည်းနာကျသူ အလွန်နည်းပါးလှပေသည်။

ယင်းသို့ ဖြစ်သောကြောင့် ဦးချပုံကို စာပေကျမ်းဂန်လာအရ ဤကျမ်း စာမျက်နှာ ၆-နှင့် ၇-တို့၌ ရေးသားထားပေသည်။

၂။ အပ်စပ်အောင် ကပ်ပို့နည်း ရဟန်းသံဃာတော်တို့အား ဆွမ်းနှင့်စားသုံးဖွယ်များကို ကပ်လှူသည့်အခါ ဆက်လက်၍ ရှင်သန်ပေါက်ပွားနိုင်မည့် သစ်ပင်များ, မျိုးစေ့များပါလျှင် ကပ်ပို့ပြီးမှ ဘုဉ်းပေးနိုင်ခွင့်ရှိသည်၊ မကပ်ရ သေးလျှင် မဘုဉ်းပေး မသုံးဆောင်ကောင်းချေ၊ မအပ်သောစားဖွယ် ဖြစ်သည်။

ရဟန်းသံဃာတော်များအား မအပ်သောပစ္စည်းကို လှူလျှင် သူတော်ကောင်းတို့အလှူ သပ္ပုရိသဒါနမဖြစ်၊ သူတော်ကောင်း မဟုတ်သူတို့၏အလှူ အသပ္ပုရိသဒါန ဖြစ်သည်၊ ထို့ကြောင့် သူတော်ကောင်းအလှူ ဖြစ်စေရန် ရဟန်းသံဃာတော်တို့နှင့် အပ်စပ်သော အလှူပစ္စည်းကိုသာ လှူသင့်သည်၊ ကြီးပွားရှင်သန် ပေါက်ပွားနိုင်သည့် သစ်ပင်များ, မျိုးစေ့များကို ရဟန်းတော်များ စားသုံးကောင်းအောင် ကပ်ပို့ပေးရသည်၊ ယင်းကပ်ပို့နည်းကို ဤကျမ်းစာမျက်နှာ ၄-နှင့် ၅-တို့၌ ရေးသားပြဆိုထားပေသည်။

၃။ ပစ္စည်း ၄-ပါး ဖိတ်ကြားနည်း ရဟန်းတော်များမှာ ဆွမ်း, သင်္ကန်း, ကျောင်းပစ္စည်း ၃-ပါးကို လိုချင်လျှင် "ဆွမ်းပေးပါ" စသည်ဖြင့် ဆွေမျိုးမတော်သူ , ဖိတ်ကြားမထားသူထံ မတောင်းကောင်း၊ ဆွေမျိုးတော်သူ , ဖိတ်ကြားထားသူတို့ထံမှာသာ တောင်းကောင်းသည်၊ လိုချင်လျှင် အရိယာပုဂ္ဂိုလ်တို့၏ တောင်းနည်းဖြင့်သာ တောင်းကောင်းသည်။

အရိယာတို့၏ တောင်းနည်းဟူသည်မှာ ဤသို့ ပြုမူလုပ်ကိုင်ခြင်းမျိုးပင် ဖြစ်သည်၊ မိမိလိုချင်သည့် ပစ္စည်းကို ရည်ရွယ်၍ ပစ္စည်းလှူနိုင်မည့် ပုဂ္ဂိုလ်ရှေ့မှာ ဘာမျှမပြောဘဲ ရပ်နေရမည်၊ ပစ္စည်းလှူနိုင်သူက အလိုက်သိစွာလှူလျှင် ယူကောင်းသည်၊ "ဘာအလိုရှိပါသလဲ ?"မေးလျှင်လည်း လိုချင်သည့်ပစ္စည်းကို ပြောနိုင်သည်၊ ပြော၍ လှူလျှင်လည်း ခံယူခွင့်ရှိသည်၊ ဤသည်မှာ အရိယာတို့၏ တောင်းနည်းဖြစ်သည်။

ယင်းသို့ ဖြစ်သောကြောင့် မိမိတို့ အားထားကိုးကွယ်ရာဖြစ်သော ရဟန်းသံဃာ

http://www.dhammadownload.com

တော်များ ပစ္စည်း ၄–ပါး၌ ချမ်းသာစွာ အလိုရှိရာ သုံးဆောင်နိုင်ရန်အတွက် တပည့် ဒကာများက ဖိတ်ကြားထားသင့်သည်။

ဤအကြောင်းအရာ အပြည့်အစုံကို ဖိတ်ကြားနည်းနှင့်တကွ ဤကျမ်း စာမျက်နှာ ၅–နှင့် ၆–တို့၌ ရေးသားဖော်ပြထားပေသည်။

၄။ ပေးလှူဆက်ကပ်နည်း ဒကာ–ဟူသော အမည်၏ အဓိပ္ပာယ်မှာ ပေးတတ်သူဟု ဆိုလိုသည်၊ ပါဠိပြည့်ပြည့်စုံစုံဆိုလျှင် "ဒါယကာ"ဟု ဆိုရမည် ဖြစ်သည်၊ ဒကာ=ပေးတတ်သူ–ဟူသည့် အမည်နှင့် လိုက်လျောစွာပင် အလှူခံရဟန်းသံဃာတော်များကို လိုရာပစ္စည်း ထောက်ပံ့ပေးလှူကြရသည်။

ယင်းသို့ ပေးလှူရာ၌ စားဖွယ် သောက်ဖွယ်များကို နည်းကျကျ ဆက်ကပ် ပေးလှူပါမှ ရဟန်းတော်များ ဘဉ်းပေးသုံးဆောင်ကောင်းသည်၊ နည်းမကျလျှင် မသုံးဆောင်ကောင်းပေ၊ ထို့ကြောင့် ရဟန်းတော်များအား ပေးလှူဆက်ကပ်နည်းကို ကျကျနန ခွဲခြားဝေဖန်၍ ဤကျမ်းစာမျက်နှာ ၁၅–မှစ၍ ၂၁–အထိ ရှင်းလင်း ဖော်ပြထားသည်ကို ဖတ်ရှုနိုင်ပေသည်။

၅။ လေးစားစိတ်ထားနည်း လူသားတို့၏ အားထားကိုးကွယ်ရာ ရဟန်းသံဃာ တော်များသည် သရဏဂုံထိုက်သည့် ရတနာမြတ်ကြီး တစ်ခုဖြစ်သည်၊ ယင်းသံဃာရတနာမြတ်ကြီးများကို ပေါ့ပေါ့ဆဆ သဘောထား၍ သွားလာဝင်ထွက်၍ လူလူချင်း ဆက်ဆံသကဲ့သို့ မဆက်ဆံသင့်ချေ။

လူအချင်းချင်းနှင့် ဆက်ဆံသကဲ့သို့ ပေါ့ပေါ့ဆဆ ပြောဆိုကျင့်ကြံ ဆက်ဆံ မိလျှင် ကြီးလေးသော အပြစ်ဒဏ်ရောက်နိုင်သည်၊ ထို့ကြောင့် ရဟန်းသံဃာ အပေါ်၌ ရိုသေလေးစားသည့်စိတ် ထားရန်, မလေးမစား ပြောင်လောင်ခြင်း မပြုရန်နှင့် ရိုသေလေးစားခြင်း အကျိုးများကို ဤကျမ်းစာမျက်နှာ ၃၈–မှစ၍ စာမျက်နှာ ၄၉–အထိ ရေးသားထားပေသည်။

၆။ ကူညီစောင့်ထိန်းနည်း လူဝတ်ကြောင် ဒကာ ဒကာမများမှာ မိမိတို့ ကိုးကွယ်သည့် ဆရာရဟန်းသံဃာများကို ပစ္စည်း ၄–ပါး ပေးလှူရန်သာ တာဝန်ရှိသည် မဟုတ်ချေ၊ ရဟန်းသံဃာတော်များ မြတ်စွာဘုရား၏ သာသနာ့ တာဝန်ကို နှစ်ခြိုက်ပျော်ပိုက်စွာ ထမ်းဆောင်နိုင်စေရန် ကူညီစောင့်ထိန်းရမည့် တာဝန်လည်း ရှိပေသေးသည်။

ပထမတာဝန် ယင်းတာဝန်နှင့် ပတ်သက်၍ အမျိုးသမီးများက ကိလေသာထက္ကြီး စေမည့် ဝတ်စားဆင်ယင်ပုံများဖြင့် ရဟန်းသံဃာတော်တို့နေထိုင် ရာကျောင်းသို့ ဝင်ထွက်သွားလာမှုသည်ပင် ရဟန်းတော်များ သာသနာတော်၌ မပျော်မွေ့မှု ဖြစ်စေနိုင်သောကြောင့် စောင့်ထိန်းသင့်ကြောင်း ဤကျမ်းစာမျက်နှာ

http://www.dhammadownload.com

၁၄–၌ ရေးသားဖော်ပြထားသည်ကို ဖတ်ရှုနိုင်သည်၊ ဆက်လက်၍လည်း အမျိုးသမီးများ၏–

၁။ အသံကြားမှု၊
၂။ အဆင်းရုပ်ပုံမြင်မှု၊
၃။ တွေ့ဆုံ စကားပြောဆိုမှု၊
၄။ ပစ္စည်းသုံးစွဲမှု၊
၅။ ကိုယ်လက်ထိတွေ့မှု–

များသည်လည်း ရဟန်းတော်များအတွက် သာသနာမှာ မမွေ့လျော်မှုဘေးရန် ဖြစ်သောကြောင့် စောင့်ထိန်းနိုင်ရန် ဤကျမ်းစာမျက်နှာ ၁၂၇–မှစ၍ ၁၆၁–အထိ အကျယ်တဝင့် ဖွင့်ဆိုရေးပြထားပေသည်။

ဒုတိယတာဝန် ထို့နောက် တာဝန်တစ်ခုမှာ ဆရာဖြစ်တော်မူသော ရဟန်းသံဃာတော်များ တရားဓမ္မလမ်းကြောင်းနှင့် လွဲချော်သောအခါ၌ တားဆီးရမည့်တာဝန် ဖြစ်သည်။

မှန်လှ၏၊ ဆရာရဟန်းတော်များသည်လည်း အချို့မှာ သာမန်ပုထုဇဉ်ပုဂ္ဂိုလ်များဖြစ်ခြင်းကြောင့် တရားဓမ္မလမ်းကြောင်းနှင့် လွဲချော်တတ်ပေသည်၊ ဥပမာ–

၁။ လူဝတ်ကြောင်များကို ဥစ္စာပစ္စည်းမရအောင် အားထုတ်ခြင်း၊
၂။ လူတွေ အကျိုးစီးပွားပျက်အောင် အားထုတ်ခြင်း၊
၃။ လူတွေကို ဆဲရေးကြိမ်းမောင်းခြင်း၊
၄။ လူအချင်းချင်း ကွဲပြားအောင် ကုန်းတိုက်ခြင်း၊
၅။ ဘုရားရှင်၏ ကျေးဇူးမဲ့ကဲ့ရဲ့စကား ပြောခြင်း၊
၆။ တရားတော်၏ ကျေးဇူးမဲ့ကဲ့ရဲ့စကား ပြောခြင်း၊
၇။ သံဃာတော်၏ ကျေးဇူးမဲ့ကဲ့ရဲ့စကား ပြောခြင်း၊
၈။ ရဟန်းတော်များ မသွားလာသင့်ရာသို့ သွားလာခြင်း–

ဟူသော ၈–မျိုးထဲမှ တစ်မျိုးမျိုးကို ပြုလုပ်နေသည့် ရဟန်းကို တွေ့မြင်လျှင် တားဆီးစောင့်ထိန်းနိုင်သည့်နည်းကို ဤကျမ်းစာမျက်နှာ ၅၀–မှစ၍ စာမျက်နှာ ၅၄–အထိ စိတ္တသုကြွယ်ဝတ္ထုကို ဖော်ပြရေးသားထားပေသည်။

ထို့အတူပင် ရဟန်းကလည်း လူဝတ်ကြောင် ဒကာ ဒကာမများကို စောင့်ထိန်းတားဆီးရန် နည်းကိုလည်း တစ်ဆက်တည်းရေးသားထားပေသည်။

ဤသို့စသည်ဖြင့် သံဃာ့ရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများကို ဤကျမ်း၌ လေ့လာဖတ်ရှုနိုင်ပေသည်။

http://www.dhammadownload.com

(ဃ) ဝိနယရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း

ဝိနယရေးရာ ဝိနယရေးရာ–ဟူသည်မှာ မြတ်ဗုဒ္ဓရှင်တော်ဘုရား ပညတ်တော်မူသော ဝိနည်းသိက္ခာပုဒ်ဆိုင်ရာ ကိစ္စအကြောင်းအရာများဖြစ်သည်၊ ယင်းဝိနယရေးရာများ၌ လူပုဂ္ဂိုလ်များ သိရှိထားမှသာ ဆရာရဟန်းသံဃာတော်များ အပြစ်ကင်းကွာ အကျိုးရှိစွာ သီတင်းသုံး နေထိုင်နိုင်ကြပြီး သာသနာတော်ကြီးလည်း သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်နိုင်ပေလိမ့်မည်။

ယင်းသို့ သိရှိထားပြီး ဆောင်ရွက်ရမည့် ဝိနယရေးရာ အချို့မှာ–

၁။ ကထိန်သင်္ကန်းလှူခြင်း၊

၂။ ကုလဒူသနခေါ် ဒကာကိုဖျက်ဆီးခြင်း၊

၃။ အနေသနခေါ် မတရားပစ္စည်းရှာဖွေခြင်း၊

၄။ ရွှေငွေရတနာလှူခြင်း–

ဟူသော အကြောင်းအရာ ၄–မျိုးဖြစ်သည်၊ ယင်း ၄–မျိုးကို အကျဉ်းချုပ်မျှ တင်ပြပါအံ့။

၁။ ကထိန်သင်္ကန်း လှူဒါန်းခြင်း ဗုဒ္ဓဘာသာ မြန်မာတို့သည် "တစ်နှစ်မှတစ်ခါ ကြိမ်သည့် မဟာကထိန်"ဟူသော ဆောင်ပုဒ်ဖြင့် တစ်နှစ်တစ်ခါ ကထိန်သင်္ကန်း လှူဒါန်းသည့်ပွဲ ဆင်နွှဲလေ့ ရှိကြသည်။

ကထိန်သင်္ကန်း လှူဒါန်းခြင်း၏ မူရင်းအကျိုးမှာ ပုရိမဝါခေါ် ဝါဆိုလပြည့်ကျော် ၁–ရက်နေ့၌ ဝါဆိုပြီး ဝါမပျက်ဘဲ ပုရိမဝါရဏာခေါ် သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုနိုင်သည့် ရဟန်းတော်များ ချမ်းချမ်းသာသာဖြင့် ဝိနည်းသိက္ခာပုဒ် ၅–မျိုးမှ အာပတ်မသင့်ဘဲ နေထိုင်ရခြင်းပင်ဖြစ်ပါသည်၊ မူရင်းမဟုတ်သော အကျိုးဆက်များလည်း ရနိုင်သေးပေသည်။

မူရင်းမဟုတ်သော အကျိုးဆက်ဟူသည်မှာ ကထိန်ခင်းရာ၌ အခြံအရံအဖြစ် လှူသော ပစ္စည်းလာဘ်လာဘများပင် ဖြစ်သည်။

သို့သော်လည်း ခေတ်အဆက်ဆက် ပြောင်းရွှေ့လာသောအခါ ယင်းအကျိုးရင်းမှာ မှေးမှိန်သွားပြီး ကထိန်အကျိုးဆက်များကို ရထိုက်သည့် ရဟန်းတော်များ ရသင့်သမျှမရဘဲ မရသင့်သော ရဟန်းတော်များက ပိုမိုရခြင်း, ကထိန်မူရင်းအကျိုးနှင့် အကျိုးဆက်များကို ရထိုက်ပါလျက် မရခြင်း, "ကထိန်အတွက်"ဟု ကြော်ငြာ အလှူခံပြီး အခြားစားပွဲ သောက်ပွဲ, ပျော်ပွဲ ရွှင်ပွဲများအတွက် သုံးစွဲခြင်းများစသည်ဖြင့် ဗုဒ္ဓအလိုတော်နှင့် ဆန့်ကျင်သည်ပြုလုပ်မှု, အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်တတ်ချေသည်။

http://www.dhammadownload.com

ယင်းသို့ မလိုလားအပ်သည့် ကထိန်သင်္ကန်းအလှူမျိုး မဖြစ်စေဘဲ လိုလားအပ်သည့် ကထိန်သင်္ကန်းလှူပွဲစစ်စစ် ပြုလုပ်နိုင်စေရန် ဤကျမ်း စာမျက်နှာ ၂၁–မှစ၍ စာမျက်နှာ ၃၈–အထိ ရေးသားဖော်ပြထားပါသည်။

၂။ ကုလဒူသနခေါ် ဒကာကိုဖျက်ဆီးခြင်း ကုလဒူသန–ဟူသော ပါဠိကို ဒကာကို ဖျက်ဆီးခြင်း:ဟု အနက်ပြန်ရသည်၊ အမှန်မှာ ဒကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်းဟု အဓိပ္ပာယ်အမှန်ကို ယူရမည် ဖြစ်သည်။

ယင်းကုလဒူသနခေါ် ဒကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်းမှာ–

၁။ သစ်သီးပေးခြင်း၊

၂။ ပန်းပေးခြင်း–

စသည်ဖြင့် ၈–မျိုး ရှိသည်၊ (ဤကျမ်း စာမျက်နှာ ၇၅–၇၆ ကြည့်ပါ။)

ရဟန်းတော်များကို လူဝတ်ကြောင်များက အမှန်ကြည်ညိုသင့်သည်မှာ သီလ, သမာဓိ, ပညာဂုဏ်များကို ကြည်ညိုရမည်ဖြစ်သည်၊ ယင်းသို့ မဟုတ်ဘဲ သစ်သီးပေးလို့ ကြည်ညိုခြင်း, ပန်းပေးလို့ ကြည်ညိုခြင်း စသည်တို့မှာ တကယ့်သဒ္ဓါတရား မဖြစ်နိုင်၊ သစ်သီးနှင့်ပန်းရလို့ ချစ်ခင်ခြင်း တဏှာပေမသာဖြစ်သည်၊ ကြည်ညိုဖွယ်ရာ သီလ, သမာဓိ, ပညာမရှိသူ ရဟန်းများကို သစ်သီးများ, ပန်းများရသောကြောင့် ခင်မင်ပြီး တကယ့်ကြည်ညိုဖွယ် သီလ, သမာဓိ, ပညာရှိသည့် ရဟန်းတော်များကို မကြည်ညိုနိုင်ဘဲ, မခင်မင်နိုင်ဘဲ သဒ္ဓါတရားအစစ် မဖြစ်ခြင်းသည် ဒကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်းပင်ဖြစ်တော့သည်၊ ဖျက်ဆီးခြင်း ခံရသော ဒကာဒကာမတို့မှာ သဒ္ဓါတရားအစစ် ဖြစ်ခွင့်မရှိတော့ချေ။

ယင်းသို့ ဖြစ်သောကြောင့် သစ်သီး, ပန်းစသည် ပေးခြင်းတို့ကို ရဟန်းတော်များ မပြုလုပ်ကောင်းချေ၊ ပြုလုပ်လျှင် အာပတ်သင့်သည်၊ ပြုလုပ်သော ရဟန်းများတွေ့လျှင် ယင်းရဟန်းမျိုးကို ရှောင်ကွင်း၍ မပြုလုပ်သော သီလ, သမာဓိ, ပညာရှိသော ရဟန်းများ၌ သဒ္ဓါတရားအစစ်ဖြစ်ပြီး မိမိအကျိုး, ရဟန်းတော်များအကျိုး, သာသနာတော်အကျိုးကို ဆောင်ရွက်နိုင်စေရန် ဤကျမ်း စာမျက်နှာ ၆၉–မှစ၍ ၈၂–အထိ ရေးသားဖော်ပြထားပေသည်။

၃။ အနေသနခေါ် မတရားပစ္စည်းရှာဖွေခြင်း အနေသန–ပါဠိကို မသင့်သောရှာခြင်း:ဟု မြန်မာပြန်ရသည်၊ မသင့်လျော်သော နည်းများဖြင့် ပစ္စည်း ၄–ပါးကို ရှာဖွေခြင်း:ဟုဆိုလိုသည်၊ မိစ္ဆာဇီဝ=မှားသော အသက်မွေးမှု–ဟူ၍လည်း ခေါ်သေးသည်၊ ယင်းမတရား ပစ္စည်းရှာဖွေခြင်းတို့မှာ–

http://www.dhammadownload.com

၁။ ကုဟနာခေါ် ဒကာ ဒကာမများ အံ့သြဖွယ်ရာ ပြုလုပ်ပြောဆို၍ရှာဖွေခြင်း၊

၂။ လပနာခေါ် ပစ္စည်းလာဘ်ရအောင် ဆွယ်၍ပြောဆိုခြင်း–

စသည်ဖြင့် အမျိုးပေါင်း ၃၀–ကျော်ရှိသည်၊ မိလိန္ဒပဉှာပါဠိတော်လာ နည်းပေါင်း ၂၀–ကျော်နှင့် ပေါင်းလျှင် အနေသနအမျိုးပေါင်း ၅၀–ကျော်သည်။

ယင်းအနေသနခေါ် မတရားပစ္စည်းရှာနည်းဖြင့် ရှာဖွေနေသည့် ဝိနည်းနှင့် မလျော်သော ရဟန်းများကိုတွေ့လျှင် ရှောင်ရှားနိုင်ရန်အတွက် လူဝတ်ကြောင် ဒကာများ သိထားသင့်သည်၊ သို့မှလည်း မတရားပစ္စည်းရှာဖွေသည့် ရဟန်းများ နည်းပါးသွား၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားနိုင်မည်ဖြစ်သည်။

ထို့ကြောင့် အနေသနခေါ် မတရားပစ္စည်းရှာဖွေနည်း ၅၀–ကျော်ကို ဤကျမ်းဌ စာမျက်နှာ ၈၂–မှစ၍ ၁၂၆–အထိ ရေးသားထားသည်ကို လေ့လာဖတ်ရှုနိုင်ပေသည်။

၄။ ရွှေငွေကို လှူခြင်း "ရဟန်းတော်များ ရွှေငွေကိုခံယူကောင်းသည်, မခံယူကောင်း"

ဟူသော ငြင်းခုံမှုမှာ မြတ်ဗုဒ္ဓ ရှင်တော်ဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီး နှစ်ပေါင်းတစ်ရာ ရှိသောအခါ၌ ကြီးမားသောငြင်းခုံမှု အဓိကရုဏ်းကြီး ဖြစ်သည်။

မခံယူကောင်းဟူသောဘက်မှ ပါဠိတော် အဋ္ဌကထာ အကိုးအကား ပြည့်စုံခိုင်လုံသောကြောင့် အနိုင်ရရှိခဲ့သည်၊ ယင်းရွှေငွေကို မခံယူသင့်ဟူသော အချက်နှင့်တကွ ငြင်းခုံမှုအဓိကရုဏ်း ၁၀–ချက်ကိုပါ အဓမ္မဝါဒအဖြစ် သတ်မှတ်ပြီး ဒုတိယသံဂါယနာပွဲ ပြုလုပ်ခဲ့ကြသည်။

ထိုအခါမှစ၍ ရှုံးနိမ့်သော အဓမ္မဝါဒရဟန်းများက "မဟာသံဃိကဂိုဏ်း"ဟု ဂိုဏ်းသီးသန့် ခွဲထွက်ခဲ့သည်၊ မဟာသံဃိက–ဟူသည်မှာ ရဟန်းသံဃာ အများစုဟု အဓိပ္ပာယ်ရှိသည်၊ ရွှေငွေကို ပိုင်ဆိုင်ရယူမှုဟူသည် ပုထုဇဉ်သားတို့၏ အကြိုက်ဖြစ်သောကြောင့် ရွှေငွေကို လိုလားသူများက ရွှေငွေကို ခံယူသင့်သည်ဟု ဆုံးဖြတ်သည့်ဂိုဏ်းဘက်သို့ လိုက်သွားကြသောကြောင့် အများစုဖြစ်သွားသည်ဟု ထင်ရသည်၊ ရွှေငွေကို ရဟန်းတော်များ မခံယူကောင်းဟု ဆုံးဖြတ်သည့် ရဟန်းတော်များမှာ ပါဠိတော်အထောက်အထား ခိုင်လုံသော်လည်း အကြိုက်နည်းသောကြောင့် အရေအတွက် အနည်းငယ်မျှသာ ကျန်ခဲ့သည်၊ အရှင်မဟာကဿပ အစရှိသော ရှေးမဟာထေရ်ကြီးများ၏ အယူဝါဒအတိုင်း ယူဆသောကြောင့် "ထေရဝါဒ" အမည်တွင်သည်။

ယင်းသို့ သာသနာတော်၌ ရွှေငွေကို ရဟန်းတော်များ အလှူခံခြင်းကို အကြောင်းပြု၍ တိုက်ရိုက်အားဖြင့်လည်းကောင်း, သွယ်ဝိုက်သောအားဖြင့်လည်းကောင်း

http://www.dhammadownload.com

ငြင်းခုံမှုအဓိကရုဏ်များ ဖြစ်ပေါ်ခဲ့ရာ သာသနာနှစ် ၂၄၀၀-ကျော်ခန့် ရောက်သော အခါ မင်းတုံးအမည်ရှိ မြန်မာဘုရင်သည် ရဟန်းတော်များအား ဒေါင်းတံဆိပ် ငွေဒင်္ဂါးများကို ဆွမ်းဆံတော်အမည်ဖြင့် လှူသည်။

ယင်းလှူခြင်းကို ဝိနည်းတော်နှင့် မအပ်စပ်သောကြောင့် ဝိနည်းကိုအလေး ပြုသော ဆရာတော်များက ကန့်ကွက်ကြသည်၊ စာပေရေးသား၍ မေတ္တာစာများ ပို့ကြသည်၊ အချို့ပုဂ္ဂိုလ်များက ထင်ထင်ရှားရှား မပြောဝံ့သောကြောင့်-

> "မိုးချုပ်တဲ့ နေဝင်သော်။ ။မြတ်လေးစွယ်တော်ပေါ်သည့်ချောင်း ဒေါင်းတွေက အော်။ ဒေါင်းအော်လျှင် အကြိုလွတ်ပါ့၊ ပျိုတို့မောင် ဝါဝါဝတ်ကို ဒေါင်းခွပ်ချည့်လေး-"

စသည်ဖြင့် သင်္ကန်းဝတ် ရဟန်းတော်များအား ဒေါင်းတံဆိပ်ငွေဒင်္ဂါးကြောင့် အာပတ် သင့်မည့်အကြောင်းကို ကဗျာများဖြင့် စောင်းပါးရိုက်ခြေ ရေးသားသတိပေးကြသည်၊ သို့သော်လည်း ငွေလှူမှုကို မတားဆီးနိုင်ခဲ့ပေ။

ဖော်ပြခဲ့သည့်အတိုင်း ရွှေငွေစသည့် ရတနာလှူခြင်းသည် ရဟန်းသံဃာတော် တို့နှင့် မအပ်စပ်သောကြောင့် ကောင်းမြတ်သော သူတော်ကောင်းအလှူ သပ္ပုရိသ ဒါနဖြစ်ရန်, ကုသိုလ်ဖြစ်ရန် မလွယ်ချေ၊ ရွှေငွေပေးလှူသူနှင့် ရွှေငွေအလှူခံသူများ ပြောဆိုကျင့်သုံးနည်း, စိတ်ထားနည်း မှန်ကန်မှသာ အပ်စပ်၍ သူတော်ကောင်းအလှူ သပ္ပုရိသဒါန ဖြစ်နိုင်သည်။

ရွှေငွေရတနာများနှင့် စပ်ဆိုင်သည့် ဗုဒ္ဓအလိုတော်ကျ ကျင့်ထုံးကို ဤကျမ်း စာမျက်နှာ ၁၆၂-မှစ၍ စာမျက်နှာ ၁၉၀-အထိ ရေးသားထားသည်ကို လေ့လာ ဖတ်ရှုနိုင်ပါသည်။

ဤသို့ စသည်ဖြင့် ဝိနယရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း များစွာကို လေ့လာဖတ်ရှုနိုင်ပေသည်။

(c) သာသနာ့ရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း

သာသနာ့ရေးရာ သာသနာ့ရေးရာ-ဟူသည်မှာ မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ သာသနာ တော်ကြီးတစ်ခုလုံးနှင့်ခြိုး၍ သက်ဆိုင်သော အကြောင်းအရာများ ကိုသာလျှင် သာသနာ့ရေးရာ-ဟု ဆိုလိုပါသည်၊ ဤကျမ်း၌ပြဆိုသမျှ အကြောင်း အရာများအားလုံးသည်ပင်လျှင် သာသနာ့ရေးရာများ ဖြစ်သော်လည်း ယင်းတို့မှာ သာသနာတော်၏ တစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်သောကြောင့် ယင်းတို့ကို သာသနာ့ ရေးရာ-ဟု မဆိုဘဲ ဤအပိုင်း၌ ပြဆိုသည့် သာသနာတော် တစ်ခုလုံးကို ခြုံမိ

http://www.dhammadownload.com

ငုံမိသော အကြောင်းအရာများကိုသာ သာသနာ့ရေးရာ–ဟု ခွဲခြားဝေဖန်ပြလိုခြင်း ဖြစ်ပါသည်။

ယင်းသာသနာတော် တစ်ခုလုံးနှင့် သက်ဆိုင်သော သာသနာ့ရေးရာမှာ များစွာ ကျယ်ဝန်းသော်လည်း ဤအပိုင်းခွဲမှုကား သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိုသာလျှင် အကျဉ်းချုပ်၍ အဓိကထားပြဆိုမည် ဖြစ်ပါသည်၊ ယင်းအဓိကထားပြမည့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်နိုင်ရန် မှာလည်း–

၁။ သာသနာတော် ပျက်စီးခြင်းအကြောင်း၊

၂။ သာသနာတော် တည်တံ့ခြင်းအကြောင်း–

ဟူ၍ ၂–မျိုးခွဲခြားသိရန် လိုအပ်ပါသည်။

၁။ သာသနာတော် ပျက်စီးခြင်းအကြောင်း သာသနာ့ရေးရာ၌ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် ဗုဒ္ဓဘာသာဝင်များ သိရှိပြီး လိုက်နာဆောင်ရွက်နိုင်ရန် အကြောင်းအရာများကို မြတ်ဗုဒ္ဓရှင်တော် ဘုရားသည် အင်္ဂုတ္တရပါဠိတော်ဒုတိယတွဲ စာမျက်နှာ ၂၁၆–ကိမိလသုတ်၌ ဟောကြားတော်မူသည်။

ယင်းကိမိလသုတ်လာ သာသနာတော် မတည်တံ့ဘဲ ပျက်စီးခြင်း၏အကြောင်း ၇–ပါး မြန်မာပြန်အကျဉ်းမှာ–

၁။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် မြတ်စွာဘုရား၌ မရိသေ မကျိုးနွံခြင်း၊

၂။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် တရားတော်၌ မရိသေ မကျိုးနွံခြင်း၊

၃။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် သံဃာတော်၌ မရိသေ မကျိုးနွံခြင်း၊

၄။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် အကျင့်သိက္ခာ၌ မရိသေ မကျိုးနွံခြင်း၊

၅။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် သမာဓိတရား၌ မရိသေ မကျိုးနွံခြင်း၊

၆။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် အပ္ပမာဒတရား၌ မရိသေ မကျိုးနွံခြင်း၊

၇။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် အစေ့အစပ်ပြုမှု ဆက်ဆံရေး၌ မရိသေ မကျိုးနွံခြင်း–

ဟူသော ၇–မျိုးဖြစ်သည်။

၁။ ဘုရား၌ မရိသေခြင်း–ဟူသည်မှာ မြတ်စွာဘုရားရှင်၌ လေးစားရိုသေမှု ကင်းခြင်းဖြစ်သည်၊ **မကျိုးနွံခြင်း**–ဟူသည်မှာ မြတ်စွာဘုရား၌ မိမိက နှိမ့်ချမှု မပြုခြင်းဖြစ်သည်။

ယင်းဘုရား၌ မရိသေ မကျိုးနွံပုံကို မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် အခါ၌ မဆည်းကပ်ခြင်း၊ မြတ်စွာဘုရားရှင်က ဖိနပ်မစီးဘဲ မိမိက ဖိနပ်စီးခြင်း၊

http://www.dhammadownload.com

မြတ်စွာဘုရားရှင်က ထီးမဆောင်းဘဲ မိမိက ထီးဆောင်းခြင်း၊ မြတ်စွာဘုရားက အောက်နိမ့်ရာမှာရှိလျက် မိမိက အထက်မြင့်ရာမှာနေခြင်း၊ မြတ်စွာဘုရားရှင် မြင်လောက်ရာအရပ်၌ ပခုံး ၂-ဖက်ခြုံနေခြင်း၊ ဖိနပ်စီး, ထီးဆောင်းခြင်း၊ ရေချိုးခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်းစသည့် မရိုသေသည့် အပြုအမူများဖြစ်ကြောင်း သိသင့်သည်၊ ပရိနိဗ္ဗာန်စံပြီးသော အခါ၌မူ စေတီရုပ်ပွားများကို ရှိမခိုးခြင်း၊ စေတီရုပ်ပွား ထင်ရှားရာအရပ်၌ ဆိုခဲ့သည့် ပခုံး ၂-ဖက်ခြုံခြင်းစသည် ပြုခြင်းတို့ကို မရိုမသေ မကျိုးနွံခြင်း-ဟု သိရမည်။

၂။ **တရားတော်**-၌ မရိုသေ မကျိုးနွံခြင်းကို တရားနာရန် ရိုသေစွာ မသွားခြင်း၊ ရိုသေစွာ မနာယူခြင်း၊ တရားနာစဉ် အခြားစကားများကို ပြောခြင်း၊ နားထောင်ခြင်း၊ ရိုသေစွာ မမှတ်သားခြင်း၊ ရိုသေစွာ ပြန်မပြောဟောခြင်းစသည်ဖြင့် သိနိုင်သည်။

၃။ **သံဃာတော်**-၌ မရိုသေ မကျိုးနွံခြင်းကို မထေရ်ကြီးက မတိုက်တွန်းခွင့်မပြုဘဲ တရားဟောခြင်း၊ ထိုင်ခြင်း၊ မေးခြင်း၊ ဖြေခြင်း၊ ဝါကြီးသည့် ပုဂ္ဂိုလ်ကို တိုးဝှေ့နေထိုင်ခြင်း၊ ဒူး ၂-ဖက်ကို အဝတ်ဖြင့်သိုင်း၍, လက်ဖြင့်သိုင်း၍ နေထိုင်ခြင်း၊ ရဟန်းသံဃာ မြင်လောက်ရာ၌ ပခုံး ၂-ဖက်ခြုံခြင်းစသည်တို့ကို ပြုလုပ်ခြင်းတို့ဖြင့် သိနိုင်သည်၊ ရဟန်းတစ်ပါးကို မရိုသေ မကျိုးနွံပြုခြင်းသည်လည်း သံဃာ၌ ပြုခြင်းပင် ဖြစ်သည်။ (ဒီ-၄-၃၊ နှာ-၂၁၇။)

ဘုရား တရား သံဃာတို့၌ မယုံကြည်ခြင်း၊ ဘုရား တရား သံဃာဂုဏ်တို့၌ မယုံကြည်ခြင်း၊ မယုံကြည်သည့်အကြောင်းကို ကြံခြင်း၊ ပြောခြင်း၊ ပြုမူခြင်းများကိုလည်း မရိုသေ မကျိုးနွံခြင်းဟု ယူဆရမည်၊ (ဒီ-၄-၁၊ နှာ-၃၇။ ၃၈။) မှန်၏၊ ယင်းဘုရား, တရား, သံဃာနှင့် ဘုရား, တရား, သံဃာ၏ ဂုဏ်တော်များ၌ မယုံကြည်ခြင်းအကြောင်းများကို ကြံစည်ခြင်း၊ ပြောဟောခြင်း၊ ပြုမူခြင်းများသည်လည်း မရိုသေ မကျိုးနွံပြုခြင်း၏ အကြောင်းရင်းများ ဖြစ်ပေသည်။

၄။ **အကျင့်သီလ**-၌ မရိုသေ မကျိုးနွံခြင်း-ဟူသည်မှာ ရဟန်းတို့မှာ မိမိ၏ ဝိနည်းသိက္ခာပုဒ်ကို မကျင့်လိုခြင်းနှင့် မကျင့်သုံးခြင်းဖြစ်သည်၊ လူတို့မှာ-၅-ပါး သီလနှင့် ဆောက်တည်ထားသည့် ၈-ပါး, ၉-ပါးသီလများကို မကျင့်လိုခြင်း မကျင့်သုံးခြင်းဖြစ်သည်၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာ ၃-ပါးတရားတို့ကို မပွားများ မကျင့်သုံးလိုခြင်းဖြစ်သည်။

၅။ **သမာဓိတရား**-၌ မရိုသေ မကျိုးနွံခြင်းဟူသည်မှာ ဈာန်တရား, သမာပတ် ၈-ပါးတို့ကို မပွားများ မကျင့်သုံးခြင်း၊ မပွားများ မကျင့်သုံးလိုခြင်းဖြစ်သည်။ (သံ-၄-၂၊ ၁၈၉။)

http://www.dhammadownload.com

၆။ အပွမာဒ-ခေါ် အကုသိုလ်မပြုမိရန် ကုသိုလ်ပြုရန် သတိမထားခြင်း, သတိတရားကို မပွားများခြင်းသည် အပွမာဒတရား၌ မရှိသေ မကျိုးနွံခြင်းဖြစ်သည်။

၇။ အစေ့အစပ်ပြုခြင်း ပဋိသန္ဓာရ-ခေါ် ဆက်ဆံရေး၌ မရှိသေ မကျိုးနွံခြင်း- ဟူသည်မှာ ရဟန်းတော်အချင်းချင်းနှင့် ဆက်ဆံရေး, ဆရာရဟန်းနှင့်ဒကာ ဆက်ဆံရေး, ဒကာအချင်းချင်း ဆက်ဆံရေးတို့၌ မြတ်စွာဘုရား၏ တရားတော်နှင့်အညီ ဆက်ဆံမှုကို မပြုခြင်း၊ မပြုလိုခြင်းပင်ဖြစ်သည်။

ယင်းသို့ တရား ၇-မျိုး၌ မရှိသေ မကျိုးနွံခြင်းကြောင့် သာသနာတော်ကြီး မတည်တံ့ဘဲ ပျက်စီးသွားနိုင်ပေသည်။

ဤအကြောင်းကို သိရလျှင် ဗုဒ္ဓဘာသာဝင် ရှင်လူအများတို့သည် ယင်း သာသနာပျက်စီးခြင်း အကြောင်းများကို မပြုလုပ်ဘဲ ရှောင်ရှားနိုင်စေရန် ဤကျမ်း စာမျက်နှာ ၁၂၃-၌ ကိမိလသုတ်မြန်မာပြန် သာသနာပျက်စီးခြင်းအကြောင်း ၇-ပါးကို ရေးသားဖော်ပြထားပေသည်။

သာသနာတော် တည်တံ့ခြင်းအကြောင်း ကိမိလသုတ်လာ သာသနာတော်တည်တံ့ခြင်း အကြောင်း အကျဉ်းချုပ်မှာ-

၁။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် မြတ်စွာဘုရား၌ ရိုသေကျိုးနွံခြင်း၊
၂။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် တရားတော်၌ ရိုသေကျိုးနွံခြင်း၊
၃။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် သံဃာတော်၌ ရိုသေကျိုးနွံခြင်း၊
၄။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် အကျင့်သိက္ခာ၌ ရိုသေကျိုးနွံခြင်း၊
၅။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် သမာဓိတရား၌ ရိုသေကျိုးနွံခြင်း၊
၆။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် အပွမာဒတရား၌ ရိုသေကျိုးနွံခြင်း၊
၇။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် အစေ့အစပ်ပြုမှုခေါ် ဆက်ဆံရေး၌ ရိုသေကျိုးနွံခြင်း-

ဟူ၍ ၇-မျိုးရှိသည်၊ ယင်း ၇-မျိုး၏အဓိပ္ပာယ်ကို ဖော်ပြပြီးဖြစ်သည့် သာသနာပျက်စီးခြင်းအကြောင်း ၇-မျိုးမှ ပြောင်းပြန်လှန်သောအားဖြင့်သိနိုင်သည်၊ အချုပ်မှာ သာသနာပျက်စီးခြင်းအကြောင်း ၇-မျိုး မဖြစ်စေအောင် စောင့်ထိန်းခြင်းဖြင့် သာသနာတည်တံ့ခြင်းအကြောင်း ၇-မျိုးဖြစ်နိုင်သည်ဟု ဆိုလိုပေသည်။

ဤအကြောင်းကိုသိရလျှင် ဗုဒ္ဓဘာသာဝင် ရှင်လူအများတို့သည် ယင်း သာသနာမပျက်မစီး တည်တံ့ခြင်းအကြောင်း ၇-မျိုးကို ပြုလုပ်ဆောင်ရွက်နိုင်စေရန် ကိမိလသုတ် မြန်မာပြန်ကိုလည်း ဤကျမ်း စာမျက်နှာ ၁၂၃-၁၂၄-၌ ဖော်ပြထားပေသည်။

http://www.dhammadownload.com

သီဟဝိလောကနနည်း သာသနာတော်ကြီး ယိမ်းယိုင်ပျက်စီးသွားကာ မတည်တံ့နိုင်ခြင်းအကြောင်းနှင့် သာသနာတော်ကြီး မပျက်မစီး အရှည်တည်တံ့ခြင်းအကြောင်းကို ဟောကြားတော်မူသော **ကိမိလသုတ်မြန်မာပြန်**ကို ဤကျမ်းအစပိုင်းမှာလည်းမပြ, အဆုံးပိုင်းမှာလည်းမပြဘဲ ကျမ်းအလယ်ပိုင်းမှာ ပြဆိုထားသည်မှာ **သီဟဝိလောကနနည်း**ဖြင့် ပြဆိုခြင်းဖြစ်သည်။

ပါဠိစာပေလောကဌ် စာပေ၏သဘောအဓိပ္ပာယ် ယူဆနည်းမှာ နဒီသောတနည်း မြစ်ရေစီးနည်း၊ မဏ္ဍူကဂတိကနည်း ဖားခုန်နည်း၊ သီဟဝိလောကနနည်း ခြင်္သေ့ကြည့်နည်းဟူ၍ နည်း ၃-မျိုး ရှိသည်။

မြစ်ရေများသည် အညာမှ အကြေသို့ အစဉ်အတိုင်း စီးဆင်းသကဲ့သို့ အစဉ်အတိုင်း နောက်သို့လိုက်၍ ယူဆရသည့်နည်းသည် နဒီသောတနည်း ဖြစ်သည်။

ဖားသတ္တဝါသည် ရှေ့သို့ခုန်ကျော်သွားသကဲ့သို့ ရှေ့သို့ လိုရာလိုရာမှာသာ ယူဆရသည့်နည်းသည် မဏ္ဍူကဂတိကနည်း ဖြစ်သည်။

ခြင်္သေ့သည် သွားလာသောအခါ ရှေ့ကိုလည်းကြည့်၍ နောက်သို့လည်း ပြန်၍ကြည့်ပြီး ဘေးပတ်ဝန်းကျင်ကိုလည်း ကြည့်ရှုကာ မိမိအစာနှင့် မိမိရန်သူများကို သတိထား ကြည့်ရှုသကဲ့သို့ ရှေ့နောက် အစအဆုံးအကုန်လုံး ခြုံယူရသော နည်းသည် သီဟဝိလောကနနည်း ဖြစ်သည်။

ဤကျမ်း၌လည်း သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းကို ဖော်ပြဟောကြားသည့် ကိမိလသုတ်မြန်မာပြန်ကို ကျမ်းစာအလယ် စာမျက်နှာ ၁၂၃-၁၂၄-လောက်မှာထား၍ ပြခြင်းသည် ၁၂၃-မှ ၁-တိုင်အောင် နောက်ပြန်၍လည်းကောင်း, စာမျက်နှာ ၁၂၄-မှ ၄၁၅-အထိ ရှေ့သို့လည်းကောင်း ကိမိလသုတ် အဓိပ္ပာယ်သဘောသို့ သွတ်သွင်းကာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဖြစ်စေရန် ယူဆရသည်ဟု သိစေခြင်းငှာဖြစ်သည်။

မှန်ပေသည်-ဤ"ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း"ကျမ်း၌ ပြဆိုသမျှ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများသည် ကိမိလသုတ်လာ သာသနာတော် မတည်တံ့ပျက်စီးခြင်းအကြောင်းဖြစ်သည့် ဘုရား, တရား, သံဃာ, အကျင့်သိက္ခာ, သမာဓိ, အပွမာဒ, ပဋိသန္ထာရခေါ် ဆက်ဆံရေး-ဟူသော တရား ၇-ပါးကို မပျောက်ပျက်စေရန် ရေးသားချက်များသာ ဖြစ်သည်။

သာသနာတော် မပျက်မစီးဘဲ အရှည်တည်တံ့ခြင်းအကြောင်းဖြစ်သည့်-ဘုရား, တရား, သံဃာ, အကျင့်သိက္ခာ, သမာဓိ, အပွမာဒ, ပဋိသန္ထာရခေါ် စေ့စပ်ဆက်ဆံရေးဟူသောတရား ၇-ပါးကို ရှိသေကျိုးနွံခြင်းကို ဖြစ်စေရန် ရေးသားချက်

http://www.dhammadownload.com

များသာ ဖြစ်ပေသည်၊ ထို့ကြောင့် ကိမိလသုတ်ကို အလယ်၌ထား၍ သီဟဝိလောကန နည်းဖြင့် ပြဆိုပေသည်။

ဤသို့ စသည်ဖြင့် သာသနာတော်ရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းကို ဤကျမ်း၌ ဖတ်ရှုလေ့လာနိုင်ပေသည်။

နိဂုံးဆုတောင်း

ဤသို့လျှင် ဤဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများကို-

(က) လောကရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း၊
(ခ) ဓမ္မရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း၊
(ဂ) သံဃာ့ရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း၊
(ဃ) ဝိနယရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း၊
(င) သာသနာ့ရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း-

အားဖြင့် နည်း ၅-မျိုး ခွဲခြား၍ အကြောင်းအရာ ၂၂-မျိုးမျှ **ဤနိဒါန်း**၌ ရွေးထုတ် တင်ပြထားသည် ဖြစ်ပေရာ ဤမျှ ဖတ်ရှုရလျှင်ပင် **တစ်ထွာပြလျှင် တစ်လံမြင်**သည့် ပညာရှင် စာရှုသူများသည် ဤကျမ်းသည် နာမည်နှင့်လိုက်အောင် ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများကို ပြဆိုသည့်ကျမ်းဖြစ်ကြောင်း ဆုံးဖြတ်သိမြင်နိုင်ကြလိမ့်မည်ဟု ယုံကြည်ကြပါသည်။

ယင်းသို့ ဆုံးဖြတ်သိမြင်နိုင်ကြလျှင်လည်း စိတ်ချလက်ချ ဤကျမ်းကို လေ့လာဖတ်ရှုကြပြီးလျှင် ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများကို တတ်သိနားလည်ကြသောကြောင့်-ဤနိဒါန်းအစဉ် ဖော်ပြခဲ့သည့်အတိုင်း မြင်းစီးလို့မှ အထီး,အမမှန်း မသိသူ၊ ယာဉ်စီးလို့မှ ခရီးစဉ်နှင့် ယာဉ်အကြောင်း မသိသူ၊ သတိမမူ ဂူမမြင်သူ၊ အမှန်တခြား အသံတခြား, အဟုတ်တခြား အလုပ်တခြား ဖြစ်နေသူများကဲ့သို့ မဖြစ်ကြဘဲ ရယ်ဖွယ်၊ အံ့သြဖွယ်၊ ဝမ်းနည်းဖွယ်အဖြစ်များမှ ကင်းဝေးကာ ဗုဒ္ဓဘာသာဝင် ပီပီသသ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နိုင်ကြပါစေသတည်း။

သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားပါစေသတည်း။

ဦးထွန်းလှိုင် (ဝိနယပါရဂူ)
ပရိယတ္တိသာသနဟိတဓမ္မာစရိယဝဠံသကာ၊
သာသနဓဇသိရီပဝရဓမ္မာစရိယသိရောမဏိ၊
စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယဂဏဝါစကာ။

http://www.dhammadownload.com

အရှင်ကုမာရ

ရေးသားပြုစုသော ကျမ်းစာများ

ရိုက်ပြီး-

၁။ အလက်ာပန်းကုံး -- -- -- ၅-ကြိမ်၊
၂။ မာတိကာ မာတုကထာပန်းကုံး -- -- ၆-ကြိမ်၊
၃။ ယမကပန်းကုံး -- -- -- ၃-ကြိမ်၊
၄။ ပဋ္ဌာနပန်းကုံး -- -- -- ၁-ကြိမ်၊
၅။ ကဗျာအုတ်မြစ် စနစ်သစ် -- -- -- ၁-ကြိမ်၊
၆။ အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး -- -- -- ၂-ကြိမ်၊
၇။ မြောင်းမြဆရာတော် သာသနာ ဘယ်လိုပြုခဲ့သလဲ -- ၁-ကြိမ်၊
၈။ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း -- -- ၃-ကြိမ်၊
၉။ ဗုဒ္ဓအလိုတော်ကျ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ၁-ကြိမ်၊

ရိုက်ဆဲ-

၁။ ဓမ္မပဒပန်းကုံး -- -- -- ၁-ကြိမ်၊
၂။ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း -- -- ၄-ကြိမ်၊

ရိုက်လတ္တံ့

၁။ ဝိနယသင်္ဂဟအဋ္ဌကထာပန်းကုံး
၂။ ဓာတုကထာပန်းကုံး

ဗုဒ္ဓအလိုတော်ကျ
"သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး"အတွက်
ဤကျမ်းစာများကို ရိုက်နှိပ်ဖြန့်ချီပါသည်။

ဂေါပကအဖွဲ့
သာသနာ့ဝန်ဆောင်ကျောင်းတိုက်
မော်ဘီ-ရန်ကုန်။

http://www.dhammadownload.com

"အာသီသပုဗ္ဗကဂ္ဂါဂါထာ"



ဝန္ဒနီယော ဝရဂ္ဂါဟော , ဝရဓမ္မဝလဒ္ဓိတော၊
ဝဇ္ဇာပေတော ဝရညူ နော , ဝရံ ဒေတု ဝရတ္တမော။

ဝန္ဒနီယော–လူမင်း နတ်မင်း, ဗြဟ္မာမင်းတို့, ဝပ်စင်းဦးခိုက်, ပူဇော်ရှိခိုးခြင်းငှာ ထိုက်တော်မူပေထသော၊ ဝရဂ္ဂါဟော–အပြစ်လွတ်ကင်း, ဂုဏ်ပြည့်တင်း၍, လွန်မင်းထူးချွန်, သူမတန်အောင်, မြတ်မွန်အထွတ်, အရဟတ္တာမဂ်ကို ရယူတော်မူတတ်ပေထသော၊ ဝရဓမ္မဝလဒ္ဓိတော–ဖလသမာ, ဝင်စားကာဖြင့်, မကွာထပ်ထပ်, သုံးစွဲအပ်သည့်, မြင့်မြတ်ကုံလုံ, အရဟတ္တဖိုလ်တရားနှင့်လည်း ပြည့်စုံတော်မူပေထသော၊ ဝဇ္ဇာပေတော–ပရိသတ်အလယ်, မတင့်တယ်၍, ရွှဲဖွယ်စင်စစ်, ကဲ့ရဲ့ပြောဆိုအပ်သော အပြစ်မှလည်း ကင်းတော်မူပေထသော၊ ဝရညူ–အပူဟူသမျှ, ကင်းစင်ပျ၍, တောင့်တဖို့ရန်, လွန်ထိုက်တန်သည့်, နိဗ္ဗာန်ခေါ်အပ်, တရားမြတ်ကို, မချွတ် ကြည်လင်, သိမြင်တော်မူတတ်ပေထသော၊ ဝရတ္တမော–သီလမှာ တုမရှိ, သမာဓိမှာ သူ့ထက်သာ, ပညာမှာ အခေါင်ချင်း, တုဖက်ကင်းစင်, အမြင့်မြတ်ဆုံးသောဘုရားရှင်သည်၊ နော–အမှာကံ–တရားဒေသနာ, မြို့က်ရသာကို, ဖွေရှာကြိုးကုပ်, အကျွန်ုပ်တို့အား၊ ဝရံ–ခုလည်းချမ်းသာ, နောင်ချမ်းသာဖို့, မျှော်ကာမှန်းဆ, ကျိုးကြွင်းတို့, ပြည့်ဝထပ်ထပ်, လိုလားတောင့်တသမျှသောဆုလာဘ်ကို၊ ဒေတု–သနားကရုဏာ, မေတ္တာတော်မိုး, ရွာသွန်းဖြိုးလျက်, ကောင်းကျိုးဟူသမျှ, ပြည့်စုံရအောင်, စောင်မကောင်းစွာ, ပေးသနားတော်မူပါစေသတည်း။

http://www.dhammadownload.com



http://www.dhammadownload.com

ပုဒ္ဓအပိုတော်ကျ

ကျင့်သုံးနေထိုင်နည်း

"ဟေ့–မျိုးသန့် ! ခုထက်ထိ မထသေးဘူးလား ?။"

"ထပါပြီ အဖေရယ်။"

ဦးရာကျော်၏ အိမ်ဦးခန်းမှ တအားအော်နှိုးလိုက်သော အသံကြောင့် မောင်မျိုးသန့်သည် အိပ်ရာမှ လန့်နိုးကာ လူးလွန့်ထလာသည်၊ မျက်နှာသုတ်ပုဝါ, ရေခွက်, သွားတိုက်ဆေးတို့ကို ယူလျက် မျက်နှာသစ်ရန် ထွက်သွားသည်။

"ဘယ့်နှယ် အိမ်ထောင်ဦးစီးလုပ်မဲ့လူက ဒီထိအောင် အိပ်နေရတယ်လို့၊ ဘာမှ ထထကြွကြွ မရှိဘူး၊ ခုကာလ သားသမီးတွေဟာ ဒါကြောင့် ခက်နေကြတာပဲ၊ ဘယ့်နှယ်လုပ် တိုးတက်ကြီးပွားနိုင်ကြမလဲ ?"။

ဦးရာကျော်က အားမလို အားမရနဲ့ လူကြီးပီပီ ဆက်လက်ပြောဆို မြည်တွန်နေသည်။

"ကလေးက ညဉ့်နက်အောင် ဧည့်သည်တွေကို ဧည့်ခံနေရတာနဲ့ အိပ်ရာဝင်နောက်ကျလို့ အိပ်ရာထနောက်ကျတာ ဖြစ်ပါလိမ့်မယ်ရှင်"။

ဒေါ်သဲနုက လက်ဖက်ရည်အိုးကို ယူလာချထားရင်း မောင်မျိုးသန့်ဘက်မှ ရှေ့နေလိုက်ကာ ကာကွယ်ပြောဆိုလိုက်သည်။

၁။ စံပြမင်္ဂလာဆောင်

ဦးရာကျော်, ဒေါ်သဲနုတို့သည် မြောင်းမြမြို့တစ်ဖက်ကမ်း ကွယ်လွယ်ရွာ၌ နေထိုင်ကြသည်၊ ဒေါ်သဲနုက ဟင်းသီးဟင်းရွက်ရောင်းသည်၊ ဦးရာကျော်က ကူးတို့သမ္မန်ခတ်သည်၊ ယင်းသို့ ရိုးရိုးကုပ်ကုပ် လုပ်ကိုင်စားသောက်လာခဲ့ကြသည်။

ယခုအခါမှာမူ ဒေါ်သဲနုကလည်း ဟင်းသီးဟင်းရွက် မရောင်းရတော့ပါ၊ ဦးရာကျော်ကလည်း ကူးတို့သမ္မန် မခတ်ရတော့ပါ၊ ခရီးသည်တင် ၂-ထပ် သင်္ဘောပိုင်ရှင်များ ဖြစ်နေကြပါပြီ။

http://www.dhammadownload.com

သူတို့မှာ သားသမီးဟူ၍လည်း များများစားစား မထွန်းကားခဲ့ပါ၊ မောင်မျိုးသန့် တစ်ယောက်သာ ထွန်းကားခဲ့ပါသည်၊ မောင်မျိုးသန့်ကလည်း တစ်ဦးတည်းသော သားပင် ဖြစ်စေကာမူနွဲ့ဆိုးမဆိုးတတ်ပါ၊ အနေအထိုင်ရိုးသားသည်၊ မိဘစကားကို နားထောင်သည်၊ ပညာကို ကြိုးစားသည်၊ ဘိအက်စိဘွဲ့ကို ရသည်အထိ ရန်ကုန် တက္ကသိုလ်၌ ပညာသင်ယူခဲ့သည်။

မောင်မျိုးသန့်ကို အိမ်ထောင်ချထားရန် မြောင်းမြမြို့ ၁၁-လမ်းနေ ဦးအင်ဖား, ဒေါ်တင်ကြည်တို့၏သမီး မကြည်ဝင်းနဲ့ စေ့စပ်ထားသည်၊ ယင်းမကြည်ဝင်း သည်လည်း ဘဝတူ သဘော်ပိုင်ရှင်၏သမီးပင် ဖြစ်သည်၊ ရိုးရိုးအေးအေး နေထိုင် တတ်သည်၊ ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရပြီး ခေတ်ပညာတတ် အမျိုးသမီးတစ်ဦး ဖြစ်သည်၊ ဘာသာရေးကို စိတ်ပါဝင်စားသည်။

မြောင်းမြမြို့မှ သူငယ်ချင်းမိတ်ဆွေများက လာရောက်၍ မောင်မျိုးသန့်တို့မင်္ဂလာ ဆောင်ကိစ္စအတွက် ကူညီလုပ်ကိုင် ဆောင်ရွက်ပေးနေကြသည်၊မောင်မျိုးသန့်က လည်း အတော်ညဉ့်နက်အောင် ဧည့်ခံကျွေးမွေးနေရသည်၊ သူငယ်ချင်း မိတ်ဆွေများ ပြန်သွားမှ အိပ်ရာဝင်ရသည်၊ သို့အတွက် အိပ်ရာထ နောက်ကျရခြင်း ဖြစ်သည်။

မျက်နှာသစ်ပြီးသည့်အခါ မောင်မျိုးသန့်က အမေအဖေများနဲ့အတူ လက်ဖက် ရည်ကြမ်း ဝင်သောက်နေသည်။

မင်္ဂလာဆွမ်းကျွေး-၁

"မင်းတို့မင်္ဂလာဆောင်မှာ လူတွေကို ကျွေးမွေးဧည့်ခံမှု မပြုလုပ်ခင် ဗုဒ္ဓ အလိုတော်ကျ သံဃာတော်တွေကို အရင်ဆက်ကပ်ကျွေးမွေးရမယ်၊ သံဃာ တော်ရဲ့တရားကို နာယူရမယ်၊ ဒီတော့ နက်ဖြန်အရုဏ်ဆွမ်းအတွက် ဓမ္မိကာရုံ ကျောင်းတိုက်က သံဃာတော် ၉-ပါး မင်းကိုယ်တိုင် သွားပင့်ရမယ်"။

"ကျွန်တော်က ဘုန်းကြီးပင့်ဖူးတာမှ မဟုတ်ဘဲ၊ ဘယ်လိုပင့်ရမယ်ဆိုတာ အဖေကလဲ ပြောပြအုံးမှပေါ့"။

"အေး-ပြောပြရတာပေါ့ကွာ၊ မင်းက ဆရာတော်ဦးဓမ္မိကဆီကို သွားပါ၊ သေချာစွာ ရှိခိုးဝပ်ချပါ၊ ပြီးတော့ဆောင်ကြောင့်ထိုင် လက်အုပ်ချီပြီး 'နက်ဖြန် တန်ဆောင်မုန်းလဆန်း ၂-ရက် နံနက် ၅-နာရီအရောက် ဘုရားတပည့်တော်တို့ အိမ်ကို သံဃာတော် ၉-ပါး ဆွမ်းဘုဉ်းပေး ကြွတော်မူပါဘုရား'လို့ လျှောက် ပေါ့ကွာ၊ ကျန်တာတွေကိုတော့ ဆရာတော်က အမိန့်ရှိတဲ့အတိုင်း မင်းက အဆင် ပြေအောင် ရေလိုက်ငါးလိုက်ဆိုသလို လျှောက်ထားရုံပေါ့"။

http://www.dhammadownload.com

မောင်မျိုးသန့်လည်း အဖေက သင်ပေးလိုက်သည့်အတိုင်း ဓမ္မိကာရုံဆရာတော် ဦးဓမ္မိကကို သွားရောက်လျှောက်ထားသည်။

"မင်းတို့ဆွမ်းကျွေးက ဘာကိစ္စအတွက် ကျွေးတာလဲ?"။

"တပည့်တော်တို့ရဲ့ မင်္ဂလာဆောင်ကိစ္စအတွက် ကျွေးတာပါဘုရား"။

"ဒါဖြင့်ရင် နံနက် ၅-နာရီ သံဃာတော်များ ရောက်လာတဲ့အခါ သီလယူ တရားနာပြီး လှူဖွယ်ဝတ္ထုများကို ဆက်ကပ်ရေစက်ချနိုင်အောင် အဆင်သင့် လုပ်ထားရမယ်၊ ကပ်တဲ့အခါမှာလဲပဲ သူများကို အကပ်မခိုင်းရဘူး၊ မင်းတို့ အလှူရှင်များဖြစ်ကြတဲ့ သတို့သားနဲ့သတို့သမီးကိုယ်တိုင် ကပ်ကြ ရမယ်၊ ဒါမှလဲ သာဟတ္ထိကကုသိုလ်ဖြစ်နိုင်မယ်၊ နားလည်ရဲ့လား၊ မှတ်ကောမှတ်မိရဲ့လား?"။

"မှန်ပါဘုရား၊ နားလည်ပါတယ်၊ မှတ်မိပါတယ်"။

ဆရာတော်ဦးဓမ္မိကသည် ပရိယတ်တာဝန်, ပဋိပတ်တာဝန် ၂-ပါးစုံကို ဘက်ညီ အောင် ထမ်းဆောင်နေသော ပုဂ္ဂိုလ်ဖြစ်သည်၊ ဓမ္မိကာရုံကျောင်းတိုက်သို့ ရောက်လာ ခြင်းမှာလည်း ဦးရာကျော်၏ ပယောဂနဲ့ မကင်းပါ။

ဦးရာကျော်သည် မြောင်းမြမြို့ တိုက်ကျောင်းဆရာတော် ဦးပညာ၏ တပည့်ရင်း ဖြစ်သည်၊ ဆရာတော်ဦးပညာ၏ ဆုံးမဩဝါဒကို လိုက်နာသည်၊ ရတနာ ၃-ပါးကို စနစ်တကျ ဆည်းကပ်ကိုးကွယ်တတ်သည်၊ ဝိနည်းကျင့်ဝတ်နဲ့မညီသော ရဟန်း တော်များကို စွန့်ပယ်၍ ဝိနည်းကျင့်ဝတ်နဲ့အညီ ကျင့်ကြံနေထိုင်သော ရဟန်းတော် များကို ဆည်းကပ်ကိုးကွယ်ရန် ဝန်လေးသူမျိုး မဟုတ်ပါ။

ဆရာတော်ဦးဓမ္မိက မရောက်ခင် ဓမ္မိကာရုံကျောင်းတိုက်၌ ဦးသောမ သီတင်းသုံး နေထိုင်ခဲ့သည်၊ ယင်းဦးသောမကား ပရိယတ်ကို မဆိုထားဘိ မိမိကျင့်ရမည့် ဝိနည်း ပဋိပတ်ကိုပင် ကောင်းစွာကျင့်သုံးမဟုတ်ပါ၊ ဂိုဏ်းဆရာလိုလို, ဆေးဆရာလိုလို လုပ်နေပါသည်၊ ရံခါ ဖိုရုံသို့ဝင်၍ ဖိုထိုးမှုကိုပင် ပြုလိုက်ပါ သေးသည်၊ ဦးရာကျော်နဲ့ တကွ ရပ်ရွာလူကြီးများကလည်း ဦးသောမ၏အလုပ် အကိုင်ကို သဘောမကျကြပါ၊ အဆုံးမှာ ဆေးလာကုနေသော ဒကာမတစ်ယောက်နဲ့ မှားယွင်းဖောက်ပြား လူ့ဘောင်ကို ရောက်သွားပါတော့သည်။

ဦးသောမ မရှိသည့်နောက်ပိုင်းမှာ ရပ်ရွာလူထုက စုဝေးတိုင်ပင်ကြသည်၊ ဦးရာကျော်ထံမှလည်း အကူအညီတောင်းခံကြသည်၊ ဦးရာကျော်က ပခုက္ကူ မဟာ ဝိသုတာရာမတိုက်မှာ ပညာသင်နေသော ဦးဓမ္မိကကိုပင့်ရန် အကြံပေးသည်။

ဦးဓမ္မိကသည် မြောင်းမြ တိုက်ကျောင်းဆရာတော်ဦးပညာ၏ အဆက်အနွယ် ထဲက ဖြစ်သည်၊ ငယ်စဉ် သာမဏေဝတ်ဖြင့် ဆရာတော်ဦးပညာထံမှာ ဦးရာကျော်

http://www.dhammadownload.com

တို့နဲ့အတူ နေခဲ့ဖူးသည်၊ ဉာဏ်ထက်မြက်သည်၊ သဒ္ဓါတရားရှိသည်၊ ဝိနည်းသိက္ခာကို ရိုသေလေးစားစွာ လိုက်နာကျင့်သုံးတတ်သည်၊ သာသနာပြုရန် စိတ်အားထက်သန်သူ ဖြစ်သည်၊ ဆရာတော်ဦးပညာ မရှိသည့်နောက်ပိုင်းမှာ မန္တလေး, ပခုက္ကူတို့၌ ပညာသင်ယူနေသည်။

ဦးရာကျော်ကလည်း ဦးဓမ္မိကအကြောင်းကို ကောင်းကောင်းသိနားလည်ထားသည်၊ သို့ဖြင့် "ခင်ဗျားတို့ ဘုန်းကြီးကောင်းလိုချင်ရင် ပခုက္ကူမှာ စာသင်နေတဲ့ ဦးဓမ္မိကကို ရအောင်ပင့်ကြပါ"ဟု အကြံပေးလိုက်သည်။

ဤသို့လျှင် ဦးရာကျော်၏ ညွှန်ကြားချက်ဖြင့် ရပ်ရွာလူကြီးများ၏ ပင့်လျှောက်ချက်အရ ဦးဓမ္မိကသည် ဓမ္မိကာရုံကျောင်းတိုက်သို့ ရောက်လာရပါသည်၊ ဆရာတော်ဦးဓမ္မိကသည် ဓမ္မိကာရုံကျောင်းတိုက်သို့ ရောက်သည့်အချိန်မှစ၍ ကျောင်းတိုက်အနေအထားနဲ့ ရပ်ရွာလူထု၏ သဒ္ဓါတရားကို နှိုင်းချိန်စဉ်းစားလျက် ပရိသတ်ကို တဖြည်းဖြည်း တိုးချဲ့လက်ခံ၍ စာပေပို့ချလာခဲ့သည်၊ ပရိသတ်နဲ့တကွ မိမိကိုယ်တိုင် ဝိနည်းကျင့်ဝတ်ကို အတိအကျ လိုက်နာကျင့်သုံးနေထိုင်သည်၊ သဒ္ဓါတရားခေါင်းပါးကိုယ်ကျင့်ပျက်ပြားသူများကိုမူ လက်ခံထားလေ့ မရှိပါ။

တန်ဆောင်မုန်းလဆန်း ၁-ရက်နေ့ ညနေ သံဃာတော်များ ဘုရားဝတ်ပြုချိန်မှာ ဆရာတော်ဦးဓမ္မိကကိုယ်တိုင် ဝတ်ပြုရာသိမ်အတွင်းသို့ ကြွရောက်လာသည်၊ ၂-ရက်နေ့ အရက်ဆွမ်းစား လိုက်ရမည့်သံဃာတော်များ၏ စာရင်းကို ဖတ်ပြတော်မူသည်၊ စနစ်တကျသွားလာ စားသောက်ကြရန်လည်း လမ်းညွှန်တော်မူသည်၊ ဩဝါဒပေးတော်မူသည်။

ဆရာတော်ဦးဓမ္မိကသည် အချိန်ကို ရိုသေလေးစားသည်၊ အချိန်နာရီအတိုင်းတိတိကျကျ အလုပ်လုပ်တတ်သည်၊ နံနက် ၅-နာရီထိုးသည်နဲ့တစ်ပြိုင်နက် ဦးရာကျော်တို့အိမ်သို့ ကြွရောက်လာသည်၊ ၅-ပါးသီလပေးပြီးလျှင် ဆွမ်းအနုမောဒနာတရား ဟောတော်မူသည်၊ လှူဖွယ်ဝတ္ထုများကို အကပ်ခိုင်းပြီး ရေစက်ချပေးလိုက်သည်၊ ပြီးမှ ဆွမ်းဘုဉ်းပေးတော်မူသည်။

ကပ္ပိပုံ ကပ္ပိနည်း

ဆရာတော်ဦးဓမ္မိကက ဆွမ်းဘုဉ်းပေးတော့မည်ဟု ဆွမ်းဝိုင်းကို ကြည့်လိုက်သည့်အခါ နံနံပင်များနှင့် ငရုတ်သီးစိမ်းများကို တွေ့ရသည်။

"ဟေ့ မျိုးသန့် ! လာခဲ့အုံး၊ ဒါနံနံပင်တွေ, ငရုတ်သီးစိမ်းတွေ မဟုတ်ဘူးလား ?"။

"မှန်ပါ၊ ဟုတ်ပါတယ်၊ ဘာဖြစ်လို့ပါလဲဘုရား ?"။

http://www.dhammadownload.com

"မင်း–တယ်ခက်တဲ့အကောင်ပဲ၊ ဘုန်းကြီးတွေက ဒါကို ဒီအတိုင်း မစားကောင်းဘူးကွ၊ ဘုန်းကြီးတွေဆိုတာဟာ စိုက်လို့ပျိုးလို့ရတဲ့ မျိုးစေ့ကစပြီး မြက်သစ်ပင်တွေကို မခုတ်မဖြတ်ကောင်းဘူး၊ မဖျက်ဆီးကောင်းဘူး၊ ပြန်စိုက်လို့ ပေါက်နိုင်, ရှင်နိုင်တဲ့ အပင်ဖြစ်စေ, အကိုင်းဖြစ်စေ၊ သို့မဟုတ် စိုက်ပျိုးလို့ပေါက်နိုင်တဲ့ အစေ့ပါတဲ့ အသီးဖြစ်စေ, အစေ့ဖြစ်စေ၊ ဒီလို မျိုးစေ့သဘော သက်ရောက်တဲ့ အရာဝတ္ထုများကို စားချင်ရင် ကပ္ပိပြီးမှ စားရတယ်၊ ဒီတော့ မင်း–ကပ္ပိတတ်သေးရဲ့လား ?"။

"မတတ်တော့ပါဘုရား"။

"ဒါဖြင့် ပြောတာကို ကောင်းကောင်းနားထောင်၊ 'တို့က ကပ္ပိယံ ကရောဟိ'လို့ ဆိုမယ်၊ မင်းက 'ကပ္ပိယံ ဘန္တေ'လို့ဆိုပြီး အဲဒီ နံနံပင်ကို လက်သည်းနဲ့ ပေါက်အောင်ဆိတ်လိုက်၊ ဒါကပ္ပိတာပဲ၊ ဘာခက်လို့လဲ၊ လက်နဲ့တော့ ဆွဲမဖြတ်ရဘူး၊ မှတ်မိပလား ?"။

"မှန်ပါဘုရား"။

"ဒါဖြင့် လုပ်စမ်း၊ ကပ္ပိယံ ကရောဟိ"။

"ကပ္ပိယံ ဘန္တေပါဘုရား"။

"ကိုင်း သွား၊ ဟိုဝိုင်းကိုလဲ လုပ်ပေးလိုက်အုံး"။

ဆရာတော်ဦးဓမ္မိကသည် ဆွမ်းဘုဉ်းပေးပြီးသည့်အခါ သတို့သားနှင့် သတို့ သမီးများ ကျင့်သုံးလိုက်နာဖွယ်ရာ **သိင်္ဂါလောဝါဒ**–သုတ်လာ ကျင့်ဝတ်များနဲ့ ပဋ္ဌင်္ဂုတ္တရ ပါဋ္ဌိတော် **ဥဂ္ဂဟ**–သုတ်လာ ကျင့်ဝတ်များကို ခေတ်နဲ့ဆီလျော်အောင် ဟောပြောပြသလျက် ကျောင်းကိုပြန်ကြွလာခဲ့သည်။

ပစ္စည်း ၄–ပါးဖြင့် ဖိတ်ပုံ

မင်္ဂလာဆောင်ကိစ္စပြီးသည့် နောက်တစ်နေ့မှာ ဦးရာကျော်က သားနဲ့ချွေးမတို့ကို ဓမ္မိကာရုံကျောင်းတိုက်သို့ စေလွှတ်သည်၊ ဒေါ်သဲနုလည်း အဖော်အဖြစ် လိုက်ပါသွားရသည်။

"ဘုရားစကားကို လိုက်နာနေထိုင်တဲ့ ဘုန်းကြီးတွေကျတော့ ဒကာ ဒကာမတွေက လိမ်မာပါးနပ်မှ ဖြစ်တယ်၊ မင်းတို့က ဆရာတော်နဲ့တကွ သံဃာတော်များကို ပစ္စည်း ၄–ပါး ဖိတ်ထားရမယ်၊ ဖိတ်မထားလို့ရှိရင် မင်းတို့လို ဆွေမျိုးမတော်တဲ့ လူများဆီမှာ သံဃာတော်များက ရေကိုတောင် တောင်းသောက်ကောင်းတာ မဟုတ်ဘူး"။

http://www.dhammadownload.com

"ဒီပစ္စည်း ၄-ပါး ဖိတ်တယ်ဆိုတာဟာ ဘယ်လိုဟာတဲ့လဲ အဖေရယ်၊ ဘယ်လိုဖိတ်ရမှာတဲ့လဲ ?"။

"အေး-မသိရင်လဲအဖေက ပြောပြမှာပေါ့ကွာ၊ မင်းတို့ ၂-ယောက်လုံးက 'တပည့်တော်များထံမှာ အလိုရှိသော ပစ္စည်း ၄-ပါးကို အလိုရှိသောအခါ တောင်းခံတော်မူပါဘုရား၊ ကပ္ပိယဒကာအဖြစ်လဲ အသိအမှတ် ပြုတော်မူပါဘုရား' လို့ လျှောက်ထားရမယ်၊ ဒီလို လျှောက်ထားမှလဲ ကိစ္စရှိတဲ့အခါ တောင်းလို့ ပြုလို့ ဖြစ်တယ်၊ မှတ်ကောမှတ်မိရဲ့လား၊ ဖိတ်တတ်ပါ့မလား ?"။

"ဒါလောက်ကိုတော့ မှတ်လဲမှတ်မိပါတယ်၊ ဖိတ်လဲဖိတ်တတ်ပါတယ်"။

"ပြီးတော့ မင်းတို့အိမ်ထောင်ဦးမှာ သံဃာတော်များအတွက် လှူမယ်လို့ ရည်မှန်းထားတာတွေ ရှိသေးတယ်မဟုတ်လား၊ အဲဒါတွေကိုကော အပ်စပ်အောင် လျှောက်တတ်ရဲ့လား ?"။

"သံဃာတော်များအတွက် ငွေတစ်ထောင်လှူမယ်လို့ ရည်မှန်းထားကြပါတယ်၊ လျှောက်တော့မလျှောက်တတ်ပါဘူး"။

"အရှင်ဘုရား ! တပည့်တော် မောင်မျိုးသန့်နဲ့မကြည်ဝင်းတို့ထံမှာ တစ်ထောင်တန် ပစ္စည်း ၄-ပါးကို သံဃာတော်များအတွက် အလှူခံတော်မူပါ၊ ကပ္ပိယကိုသော်လဲညွှန်ပြတော်မူပါ၊ လုံခြုံရာအရပ်ကိုသော်လဲ ညွှန်ပြတော်မူပါ-လို့ လျှောက်ထားပေါ့၊ ဒါက သိပ်အရေးကြီးတယ်၊ မင်းတို့လျှောက်ထားပုံလွဲချော်သွားရင် သံဃာတော်အတွက်လဲ အပ်မှာ မဟုတ်ဘူး၊ ဆရာတော်ကလဲပဲ လက်ခံမှာ မဟုတ်ဘူး၊ ဒါကြောင့် တိတိကျကျ စာနဲ့ရေးမှတ်သွားပေါ့"။

ဦးချွှိုးပုံ

ဤသို့လျှင် ဦးရာကျော်၏ သင်ကြားစေလွှတ်ချက်အရ မောင်မျိုးသန့်တို့ ၃-ဦးသား ဓမ္မိကာရုံကျောင်းတိုက်ကို ရောက်သွားကြသည်၊ ဆရာတော်ဦးဓမ္မိကကို သွားရောက်ဦးချကြသည်၊ ဆရာတော်ဦးဓမ္မိကကလည်း သေချာစွာကြည့်ရှုနေသည်၊ မောင်မျိုးသန့်နှင့် ဒေါ်သဲနုတို့က ဦးရာကျော်သင်ပေးထားသည့်အတွက် စနစ်တကျ ဦးချတတ်သည်၊ မကြည်ဝင်းကမူ စနစ်တကျသင်ပြပေးမည့်သူ မရှိသည့်အတွက် ဌာနကရိဏ်းကျအောင် ဦးမချတတ်သေးပါ။

"အေး-ဒကာမလေး ဦးချတာ မမှန်သေးဘူး၊ တို့ဗုဒ္ဓဘာသာ မြန်မာမှာ 'ဦးချတယ်, ဦးခိုက်တယ်, ကန်တော့တယ်, ရှိခိုးတယ်' ဆိုတဲ့စကား ၄-ခွန်းရှိတယ်၊ အနက်အဓိပ္ပာယ်က မထူးလှပါဘူး၊ အတူတူပဲဖြစ်တယ်၊ မြေနဲ့ ဒါမှမဟုတ်ရင် ကြမ်းနဲ့ နဖူးထိအောင် ဦးခေါင်းကို ညွှတ်ခြင်း ဦးခေါင်းကို

http://www.dhammadownload.com

မြေနဲ့ ဒါမှမဟုတ်ရင် ကြမ်းနဲ့ ထိခိုက်အောင်ပြုခြင်းလို့ အနက်အဓိပ္ပာယ် ထွက်တယ်၊ အဲဒီလိုပြုလုပ် အရိုအသေပေးတာမျိုးကိုပဲ 'ဦးချတယ်, ဦးခိုက်တယ်, ကန်တော့တယ်, ရှိခိုးတယ်'လို့ ခေါ်တယ်။

အဲဒီလို အရိုအသေပြုတဲ့ အခါမျိုးမှာ လက် ၂-ဖက်ကို စုမထားရဘူး၊ ဦးခေါင်းချသာအောင် ချဲထားရတယ်၊ ဒါမှလဲ မြေနဲ့, ကြမ်းနဲ့ထိအောင် ဦးခေါင်း ကောင်းကောင်းညွတ်နိုင်မယ်။

ခုခေတ်မှာတော့ လက် ၂-ဖက်ကို စုယှက်ထားပြီး ဦးခေါင်းကိုလဲ ကောင်းကောင်းမညွတ်ကြဘူး၊ မြေနဲ့, ကြမ်းနဲ့ထိမှာတော့ ဝေးပါသေးရဲ့၊ လက်နဲ့ တောင် မထိတဲ့အတွက် လက်ညှိုး ၂-ချောင်းကို ကော့ထောင်ပြီး နဖူးနဲ့ ထိပေးရလောက်အောင် မတ်ထားတတ်ကြတယ်၊ ဒါဟာ စနစ်ကျတဲ့ ဦးချ ခြင်းမျိုး, ဦးခိုက်ခြင်းမျိုး, ကန်တော့ခြင်းမျိုး, ရှိခိုးခြင်းမျိုး မဟုတ်ဘူး။

ပဉ္စပတိဋ္ဌိတ= တည်ခြင်း ၅-ပါးဆိုတာနဲ့လဲပဲ မညီဘူး၊ အဲဒီတည်ခြင်း ၅-ပါးဆိုတာက ဒူး ၂-ဖက်ရယ်, လက် ၂-ဖက်ရယ်, နဖူးရယ်၊ ဒီ ၅-မျိုးလုံးကို မြေမှာ, ဒါမှမဟုတ် ကြမ်းမှာတည်နေစေရမယ်-လို့ ဆိုလိုတယ်။

'ဥက္ကောင်းမြေထိ, ပြားပြားပိမ္ဖ, အတိဂါရဝ, ရိသေခလျက်, တုပ်ကွ ကျစ်လစ်, မြတ်ရှင်ချစ်အား, ပုဆစ်နှစ်ဖက်, စုံလက်ပြိုင်ပူး, နဖူးထိပ်စ, ဦးနှိမ်ချပြီး, ပဉ္စပတိဋ္ဌိ, ငါးလိမယွင်း, တည်ညွတ်ခြင်းဖြင့်, အချင်း ခပ်သိမ်း, ညွတ်ညွတ်တိမ်းမှ'--

ဒီလိုလဲ မဃဒေဝလင်္ကာ (ပိုဒ်ရေ-၁၈)မှာ ဆိုထားပါတယ်။

"ဒကာမကြီးဒေါ်သဲနု ကလဲ ကိုယ့်ရွေးမကို ကောင်းကောင်းသင်ပေးထား မှပေါ့"။

"မှန်လှပါဘုရား၊ နောက်တစ်ခါ ဒီလို မဖြစ်စေရပါဘူး၊ သင်ပေးထား ပါ့မယ်"။

ဆရာတော်ဦးဓမ္မိကနဲ့ ဒေါ်သဲနုတို့ စကားဆုံးသည်နဲ့ တစ်ပြိုင်နက် မောင်မျိုးသန့်နဲ့ မကြည်ဝင်းတို့က ဦးရာကျော်သင်ပေးလိုက်သည့်အတိုင်း ဆရာတော်ဦးဓမ္မိကကို လျှောက်ထားကြသည်။

ဆရာတော်ဦးဓမ္မိကကလည်း တစ်ထောင်တန်ဝတ္ထုအတွက် ဒေါ်သဲနုကိုပင် ကပ္ပိယလွှဲအပ်လိုက်သည်၊ ဒေါ်သဲနုကလည်း "တပည့်တော်ထံ တစ်ထောင်တန် အပ်စပ်သောပစ္စည်းကို တောင်းတော်မူပါဘုရား"ဟု လျှောက်ထားသည်၊ ထို့နောက် မှတ်သားဖွယ်ရာ တရားစကား ဆက်လက်ဟောကြားတော်မူသည်။

http://www.dhammadownload.com

အမြတ်ဆုံးတရား ၆-ပါး[၁]

အေး---ကြဲကြိုက်တုန်း နည်းနည်းတော့ ပြောရအုံးမယ်၊ တို့က ခမ္မကထိက တွေလို သွယ်သွယ်ဝိုက်ဝိုက် နားထောင်ကောင်းအောင်တော့ မပြောတတ်ဘူး၊ ဘုရား ဟော စကားတော်ကိုပဲ တစ်ဆင့်ပြောပြပါ့မယ်။

၁။ အမြတ်ဆုံး အမြင်,
၂။ အမြတ်ဆုံး အကြား,
၃။ အမြတ်ဆုံး လာဘ်,
၄။ အမြတ်ဆုံး သင်ယူမှု,
၅။ အမြတ်ဆုံး လုပ်ကျွေးမှု,
၆။ အမြတ်ဆုံး အောက်မေ့မှု-ရယ်လို့ အမြတ်ဆုံးတရား ၆-ပါးရှိတယ်။

၁။ အမြတ်ဆုံး အမြင်-ဆိုတာဟာ ဘာလဲ?။

ဒီလောကမှာ တချို့လူတွေက ဆင်ရတနာကိုလဲ သွားကြည့်တတ်ကြတယ်၊ မြင်းရတာနာကိုလဲသွားကြည့်တတ်ကြတယ်၊ ပတ္တမြားရတနာကိုလဲ သွားကြည့် တတ်ကြတယ်၊ မြတ်မြတ်ယုတ်ယုတ် ဘာပဲဖြစ်ဖြစ် တစ်ခုခုကို သွားကြည့်တတ် ကြတယ်၊ လွဲမှားတဲ့အယူကို ယူပြီး လွဲမှားတဲ့အကျင့်ကို ကျင့်နေသူကိုသော်လဲ သွားကြည့်တတ်ကြတယ်။

အဲဒီမြင်ခြင်းမျိုးဟာ အောက်တန်းကျတဲ့ မြင်ခြင်းမျိုးဖြစ်တယ်၊ ရွာသူရွာသား တွေရဲ့ အမြင်ဖြစ်တယ်၊ ပုထုဇဉ်တို့ရဲ့အမြင်ဖြစ်တယ်၊ မြတ်တဲ့အမြင်မျိုး မဟုတ်ဘူး၊ အကျိုးစီးပွားနဲ့ စပ်ယှဉ်တဲ့အမြင်မျိုး မဟုတ်ဘူး၊ ဝဋ်ဆင်းရဲမှာ ငြီးငွေ့ဖို့ရန်, ရာဂ-စသည်ကင်းဖို့ရန်, ချုပ်ဖို့ရန်, ငြိမ်းအေးဖို့ရန်လဲ မဖြစ်နိုင်ဘူး၊ ဒီလိုမြင်ခြင်းမျိုးနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလဲ မရနိုင်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက် မပြုနိုင်ဘူး။

အချို့ပုဂ္ဂိုလ်များကတော့ သဒ္ဓါတရားလဲ အပြည့်အဝရှိတယ်၊ ချစ်ခင်လေးစား မှုလဲ အပြည့်အဝရှိတယ်၊ ခိုင်ခိုင်မြဲမြဲလဲ ယုံကြည်တယ်၊ အတိုင်းထက်အလွန်လဲ ကြည်ညိုတတ်တယ်၊ အဲဒီပုဂ္ဂိုလ်မျိုးဟာ ဘုရားရှင်ကိုသော်လဲ သွားရောက်ဖူးမြင် တတ်တယ်၊ ဘုရားရှင်ရဲ့ တပည့်သာဝကကိုသော်လဲ သွားရောက်ဖူးမြင်တတ်တယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့ ဖူးမြင်ရခြင်းမျိုးကသာ အမြတ်ဆုံးသောအမြင် ဖြစ်တယ်။

အဲဒီအမြင်မျိုးကသာ သတ္တဝါများစင်ကြယ်ရန်, စိုးရိမ်ရခြင်း ငိုကြွေးရခြင်း တို့ကို ကျော်လွန်ရန်, ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုတို့ ချုပ်ရန်, မဂ်ဉာဏ် ဖိုလ်ဉာဏ် ရဖို့ရန်, နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရန် ဖြစ်နိုင်ပေတယ်။

၁။ အံ ပါ-၂၊ ၂၈၆။ ၄င်း ၆-၃၊ ၈၈။ ၁၀၄။

http://www.dhammadownload.com

၂။ အမြတ်ဆုံး အကြား–ဆိုတာ ဘာလဲ?။

အချို့သော ပုဂ္ဂိုလ်များက စည်သံကိုလဲ သွားနားထောင်တတ်တယ်၊ စောင်းသံကိုလဲ သွားနားထောင်တတ်တယ်၊ သီချင်းသံကိုလဲ သွားနားထောင်တတ်တယ်၊ ကောင်းကောင်းဆိုးဆိုး တစ်မျိုးမျိုးသော အသံကိုသော်လဲ သွားနားထောင် တတ်တယ်၊ လွဲမှားတဲ့ အယူကိုယူပြီး လွဲမှားတဲ့ အကျင့်ကို ကျင့်နေတဲ့ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ရဲ့ စကားကိုသော်လဲ သွားနားထောင်တတ်တယ်။

အဲဒီနာကြားရခြင်းမျိုးဟာ အောက်တန်းကျတယ်၊ မြင့်မြတ်တဲ့ နာကြားရခြင်းမျိုး မဟုတ်ဘူး၊ အဲဒီလိုနာကြားရခြင်းမျိုးနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလဲ မရနိုင်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက်မပြုနိုင်ဘူး။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကတော့ သဒ္ဓါတရားလဲ အပြည့်အဝရှိတယ်၊ ချစ်ခင်လေးစားမှုလဲ အပြည့်အဝ ရှိတယ်၊ ခိုင်ခိုင်မြဲမြဲယုံကြည်မှုလဲ ရှိတယ်၊ အင်မတန်လေးမြတ်ကြည်ညိုမှုလဲ ရှိတယ်၊ အဲဒီပုဂ္ဂိုလ်က ဘုရားရှင်ရဲ့ တရားစကားတော်ကို သွားရောက် နာကြားတတ်တယ်၊ ဘုရားရှင့် တပည့်သာဝကရဲ့ တရားစကားတော်ကို သွားရောက်နာကြားတတ်တယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့ နာကြားရခြင်းမျိုးကသာ အမြတ်ဆုံးသော နာကြားရခြင်းမျိုး ဖြစ်ပေတယ်။

အဲဒီလို နာကြားရခြင်းမျိုးကသာ သတ္တဝါတွေကို စင်ကြယ်စေနိုင်တယ်၊ စိုးရိမ်ခြင်း, ငိုကြွေးမြည်တမ်းရခြင်းတို့ကို ကျော်လွန်စေနိုင်တယ်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကိုလဲ ရစေနိုင်တယ်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက်ပြုစေနိုင်တယ်။

၃။ အမြတ်ဆုံး လာဘ်–ဆိုတာ ဘာလဲ?။

အချို့သောပုဂ္ဂိုလ်များကျတော့ သားဆိုတဲ့ လာဘ်ကိုလဲ ရတတ်တယ်၊ မယားဆိုတဲ့ လာဘ်ကိုလဲ ရတတ်တယ်၊ ဥစ္စာဆိုတဲ့ လာဘ်ကိုလဲ ရတတ်တယ်၊ ယုတ်ယုတ်မြတ်မြတ် အမှတ်မထား တစ်ပါးပါးသော လာဘ်ကိုသော်လဲ ရတတ်တယ်၊ အယူလွဲမှားနေသူတို့အပေါ်၌ ကြည်ညိုမှု(သဒ္ဓါတရား)ဆိုတဲ့ လာဘ်ကိုလဲ ရတတ်တယ်။

အဲဒီလာဘ်မျိုးဟာ အင်မတန် အောက်တန်းကျတယ်၊ မြင့်မြတ်အထက်တန်းကျတဲ့ လာဘ်မျိုးမဟုတ်ဘူး၊ အဲဒီလာဘ်မျိုးနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလဲ မရနိုင်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက်မပြုနိုင်။

အချို့ပုဂ္ဂိုလ်တွေကတော့ သဒ္ဓါတရားအပြည့်အဝ ချစ်ခင်လေးစားမှုအပြည့်အဝနဲ့ ဘုရားရှင်အပေါ်မှာပဲဖြစ်ဖြစ်, ဘုရားရှင်ရဲ့ တပည့်သာဝကအပေါ်မှာပဲဖြစ်ဖြစ် ယုံကြည်မှုသဒ္ဓါတရားဆိုတဲ့ လာဘ်ကို ရတတ်တယ်၊ အဲဒီပုဂ္ဂိုလ်မျိုးရဲ့လာဘ်ကသာ အမြတ်ဆုံးလာဘ်မျိုး ဖြစ်ပေတယ်။

http://www.dhammadownload.com

အဲဒီလာဘ်ရခြင်းမျိုးကသာ သတ္တဝါတွေကို စင်ကြယ်စေနိုင်တယ်၊ စိုးရိမ်ခြင်း, ငိုကြွေးမြည်တမ်းရခြင်းတို့ကို ကျော်လွန်စေနိုင်တယ်၊ ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှုတို့ကို ချုပ်ဆုံးစေနိုင်တယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလဲ ရစေနိုင်တယ်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက်ပြုစေနိုင်တယ်။

၄။ အမြတ်ဆုံး သင်ယူမှု–ဆိုတာ ဘာလဲ?။

အချို့ပုဂ္ဂိုလ်တွေဟာ ဆင်အတတ်ကိုလဲ သင်တာပဲ၊ မြင်းအတတ်ကိုလဲ သင်တာပဲ၊ ရထားအတတ်ကိုလဲ သင်တာပဲ၊ လေးအတတ်ကိုလဲ သင်တာပဲ၊ ကောင်းကောင်းဆိုးဆိုး အတတ်တစ်မျိုးမျိုးကိုတော့ သင်ကြတာပဲ၊ ပြီးတော့ အယူလွဲမှားနေတဲ့ ပုဂ္ဂိုလ်တွေရဲ့ အကျင့်ကိုလဲ သင်ယူကြတာပဲ။

အဲဒီသင်ယူခြင်းမျိုးတွေဟာ အောက်တန်းကျတဲ့ သင်ယူခြင်းမျိုးဖြစ်တယ်၊ မြင့်မြတ်အထက်တန်းကျတဲ့ သင်ယူခြင်းမျိုး မဟုတ်ဘူး၊ အဲဒီသင်ယူခြင်းမျိုးနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလဲ မရနိုင်ဘူး၊ နိဗ္ဗာန်ကိုလဲ မျက်မှောက်မပြုနိုင်ဘူး။

အချို့သောပုဂ္ဂိုလ်တွေကတော့ သဒ္ဓါတရားအပြည့်အဝ, ချစ်ခင်လေးစားမှုအပြည့်အဝနဲ့ လွန်ကဲတဲ့သီလ (အဓိသီလ)ကိုလဲ သင်ယူတယ်၊ လွန်ကဲတဲ့သမာဓိ (အဓိစိတ္တ)ကိုလဲ သင်ယူတယ်၊ လွန်ကဲတဲ့ပညာ (အဓိပညာ)ကိုလဲ သင်ယူတယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့ သင်ယူခြင်းမျိုးကသာ အမြတ်ဆုံးသင်ယူခြင်းမျိုး ဖြစ်ပေတယ်။

အဲဒီသင်ယူခြင်းမျိုးကသာ သတ္တဝါတွေကို စင်ကြယ်စေနိုင်တယ်၊ စိုးရိမ်ရခြင်း, ငိုကြွေးမြည်တမ်းရခြင်းတွေကို ကျော်လွန်စေနိုင်တယ်၊ ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှုတွေကို ချုပ်ဆုံးစေနိုင်တယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလဲ ရစေနိုင်တယ်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက်ပြုစေနိုင်တယ်။

၅။ အမြတ်ဆုံး လုပ်ကျွေးမှု–ဆိုတာ ဘာလဲ?။

အချို့သောပုဂ္ဂိုလ်တွေဟာ မင်းကိုလဲ လုပ်ကျွေးကြတယ်၊ ပုဏ္ဏားကိုလဲ လုပ်ကျွေးကြတယ်၊ သူဌေးသူကြွယ်ကိုလဲ လုပ်ကျွေးကြတယ်၊ မြတ် ယုတ်မဟူ တစ်ယောက်ယောက်သော သူကိုသော်လဲ လုပ်ကျွေးတတ်ကြတယ်၊ အယူလွဲမှားနေသူကိုသော်လဲ လုပ်ကျွေးတတ်ကြတယ်၊ အဲဒီလုပ်ကျွေးခြင်းမျိုးဟာ အောက်တန်းကျတဲ့ လုပ်ကျွေးခြင်းမျိုး ဖြစ်တယ်၊ မွန်မြတ်အထက်တန်းကျတဲ့ လုပ်ကျွေးခြင်းမျိုး မဟုတ်ဘူး၊ ဒီလိုလုပ်ကျွေးခြင်းမျိုးနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလဲ မရနိုင်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက်မပြုနိုင်ဘူး။

တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်ကတော့ သဒ္ဓါတရားအပြည့်အဝ, ချစ်ခင်လေးစားမှု အပြည့်အဝနဲ့ ဘုရားကို လုပ်ကျွေးမယ်၊ ဒါမှမဟုတ် ဘုရားရဲ့တပည့်

http://www.dhammadownload.com

သာဝကတွေကို လုပ်ကျွေးမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ရဲ့ လုပ်ကျွေးခြင်းမျိုးကသာ အမြတ်ဆုံး လုပ်ကျွေးခြင်းမျိုး ဖြစ်ပေတယ်။

အဲဒီလုပ်ကျွေးခြင်းမျိုးကသာ သတ္တဝါတွေကို စင်ကြယ်စေနိုင်တယ်၊ စိုးရိမ်ခြင်း, ငိုကြွေးမြည်တမ်းခြင်းတို့ကို ကျော်လွန်စေနိုင်တယ်၊ ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှုတွေကို ချုပ်ဆုံးစေနိုင်တယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလဲ ရစေနိုင်တယ်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက်ပြုစေနိုင်တယ်။

၆။ အမြတ်ဆုံး အောက်မေ့မှု-ဆိုတာ ဘာလဲ?။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကတော့ သားသမီးရမှုကိုလဲ အောက်မေ့တတ်တယ်၊ မယား ရမှုကိုလဲ အောက်မေ့တတ်တယ်၊ ဥစ္စာ ရမှုကိုလဲ အောက်မေ့တတ်တယ်၊ ကောင်းဆိုး(ယုတ်မြတ်) ၂-ဖြာ တစ်စုံတစ်ရာ ရမှုကိုလဲ အောက်မေ့တတ်တယ်၊ လွဲလွဲမှားမှားကျင့်နေသူ တစ်ဦးတစ်ယောက်ကိုသော်လဲ အောက်မေ့တတ်တယ်။

အဲဒီအောက်မေ့ခြင်းမျိုးဟာ အောက်တန်းကျတဲ့ အောက်မေ့ခြင်းမျိုးဖြစ်တယ်၊ မွန်မြတ်အထက်တန်းကျတဲ့ အောက်မေ့ခြင်းမျိုးမဟုတ်၊ အဲဒီလိုအောက်မေ့ခြင်းမျိုးနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလဲ မရနိုင်၊ နိဗ္ဗာန်ကိုလဲပဲ မျက်မှောက်မပြုနိုင်ဘူး။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကတော့ သက်ဝင်တဲ့သဒ္ဓါတရားလဲ ရှိတယ်၊ သက်ဝင်တဲ့ ချစ်ခင်လေးစားမှုလဲ ရှိတယ်၊ ခိုင်ခိုင်မြဲမြဲယုံကြည်မှုလဲ ရှိတယ်၊ အတိုင်းထက်အလွန် လေးမြတ်ယုံကြည်မှုလဲ ရှိတယ်၊ အဲဒီ ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားကို ထပ်ဖန်တစ်လဲလဲ အောက်မေ့မယ်၊ ဒါမှမဟုတ်ရင် မြတ်စွာဘုရားရဲ့ တပည့်သာဝကတွေကို ထပ်ဖန်တလဲလဲ အောက်မေ့မယ်ဆိုရင် အဲဒီ ပုဂ္ဂိုလ်ရဲ့ အောက်မေ့မှုမျိုးကသာ အမြတ်ဆုံးအောက်မေ့မှုမျိုး ဖြစ်ပေတယ်။

အဲဒီလို အောက်မေ့မှုမျိုးကသာ သတ္တဝါတွေကို စင်ကြယ်စေနိုင်တယ်၊ စိုးရိမ်ခြင်း, ငိုကြွေးမြည်တမ်းခြင်းတို့ကို ကျော်လွန်စေနိုင်တယ်၊ ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှုတွေကို ချုပ်ဆုံးစေနိုင်တယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလဲ ရစေနိုင်တယ်၊ နိဗ္ဗာန်ကိုလဲပဲ မျက်မှောက်ပြုစေနိုင်တယ်။

အဲဒီလို ဘုရားရှင်က ဟောကြားထားတယ်၊ ဒီတော့ကာ မင်းတို့တစ်တွေဟာ အဲဒီအမြတ်ဆုံးတရား ၆-ပါးထဲက ဘယ်နှစ်ပါးနဲ့ ပြည့်စုံနေတယ်ဆိုတာကို ဒီနေရာမှာပဲ စစ်တမ်းထုတ်ကြည့်သင့်တယ်။

၁။ မင်းတို့တစ်တွေဟာ ဘုရားရှင်ရဲ့ တပည့်သာဝကဖြစ်တဲ့ ရဟန်းတော်သံဃာတော်တွေကို မနေ့ကရော ဒီနေ့ပါ ဖူးမြင်ကြရပြီမဟုတ်လား?၊ ဒါဟာအမြတ်ဆုံး အမြင်ပေါ့။

http://www.dhammadownload.com

၂။ ပြီးတော့ ဘုရားရှင်ရဲ့ တပည့်သာဝကဖြစ်တဲ့ တို့ကဟောကြားတဲ့ တရား စကားကိုလဲပဲ မနေ့ကရော ဒီနေ့ပါ နာကြားကြရပါပြီ၊ ဒါကတော့ အမြတ်ဆုံး အကြားပေါ့။

၃။ ပြီးတော့ ဘုရားရှင်ရဲ့ တပည့်သာဝကဖြစ်တဲ့ ရဟန်းတော်များ သံဃာတော်များအပေါ်မှာ ယုံကြည်မှု သဒ္ဓါတရားကိုလဲ ရကြပြီမဟုတ်လား ?၊ ဒါကတော့ အမြတ်ဆုံး လာဘ်ပေါ့။

၄။ ပြီးတော့ တို့ဆီကပဲ မွန်မြတ်တဲ့ အကျင့်သီလ-စသည်ကိုလဲပဲ သင်ယူရပြီ၊ ဒါကတော့ အမြတ်ဆုံး သင်ယူမှုပေါ့။

၅။ မနေ့ကလဲပဲ သံဃာတော်တွေကို ပင့်ဖိတ်ပြီး ဆွမ်းကျွေး၊ ဒီနေ့မှာလဲပဲ သံဃာတော်အတွက် ရည်မှန်းလှူဒါန်း၊ ဒါတွေကတော့ အမြတ်ဆုံး လုပ်ကျွေးမှုမျိုးပေါ့။

၆။ ပြီးတော့ ဘုရားရှင်ရဲ့ဂုဏ်တော်တွေ, သံဃာတော်ရဲ့ဂုဏ်တော်တွေကို အောက်မေ့နေကြတာ ထပ်ဖန်တလဲလဲ သတိရနေကြတာကတော့ အမြတ်ဆုံး အောက်မေ့မှုမျိုးပေါ့။

ဒီတော့ မင်းတို့တစ်တွေဟာ ဒီနေ့ဒီအချိန်မှာ အမြတ်တရား ၆-ပါးလုံးကို အပြည့်အဝ ရနေပြီဆိုတာ သတိပြုကြရမယ်၊ အဲဒီလို အမြတ်ဆုံးတရား ၆-ပါးနဲ့ ပြည့်စုံသည့် အားလျော်စွာ အမြတ်ဆုံးနိဗ္ဗာန်ကိုရအောင် ဆက်လက်ကြိုးစား အားထုတ်နိုင်ကြပါစေသောဝ်။

မင်္ဂလာဆွမ်းကျွေး-၂

တန်ဆောင်မုန်းလဆန်း ၅-ရက်နေ့မှာ မောင်မျိုးသန့်နဲ့မကြည်ဝင်းတို့ မင်္ဂလာဆောင်အတွက် မြောင်းမြို့ ၁၁-လမ်း ဦးအင်ဖား+ဒေါ်တင်ကြည်တို့အိမ်၌ သံဃာတော်များနဲ့ လူပရိသတ်ကိုပါ ဧည့်ခံကျွေးမွေးကြပြန်သည်။

မြို့ပေါ်မှသံဃာတော်များကို အရဏ်ဆွမ်းပင့်ကျွေးကြသည်၊ နေ့ဆွမ်းအတွက်ကိုမူ ဓမ္မိကာရုံကျောင်းတိုက်သံဃာတော်များကို ပင့်ထားကြသည်။

ဆရာတော်ဦးဓမ္မိကသည် နောက်လိုက်နောက်ပါ သံဃာတော်များနဲ့အတူ ပင့်ထားသည့်အတိုင်း ၁၀-နာရီခွဲအချိန်မှာ ကြွရောက်လာသည်၊ သီလပေး, ဆွမ်းအနုမောဒနာတရား ဟောတော်မူသည်၊ ထို့နောက်-

"ရေစက်ချတယ်-ဆိုတာ အလှူရှင်ရဲ့တာဝန်ဖြစ်တယ်၊ ရှေးက ဝေဿန္တရာမင်းကြီး ဆင်ဖြူတော်ကို ရွှေကရား၊ နဲ့ ကိုယ်တိုင်ရေစက်ချလှူတယ်၊ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကလဲ ဗိမ္ဗိသာရမင်းကြီးက ဝေဠုဝန်ဥယျာဉ်

http://www.dhammadownload.com

ကြီးကို ကိုယ်တိုင် ရွေကရားကို ကိုင်ပြီး မြတ်စွာဘုရားအား ရေစက်ချလှူတယ်၊ အဲဒါတွေကိုထောက်ပြီး အလှူရှင်ဟာ ကိုယ်တိုင်ရေစက်ချတာ တစ်နံပါတ် အကောင်းဆုံးပဲ၊ မင်းတို့ကိုယ်တိုင် ရေစက်ချတတ်အောင် ကြိုးစားကြ၊ အလှူရှင်မတတ်ရင် ဘုန်းကြီးက ရေ့ကဆိုပေးပြီး အလှူရှင်က နောက်ကလိုက်ဆိုရင် ၂-နံပါတ်အဖြစ် တော်သေးတယ်၊ အလှူရှင်က ဘာမှမဆိုဘဲ ဘုန်းကြီးကချည်း ဆိုသွား၍ ရေစက်ချတာကတော့ မကောင်းလှဘူး။ ကဲ-ဒီတစ်ခါတော့ မင်းတို့မတတ်ရင် ဘုန်းကြီးက ရေ့ကဆိုပေးမယ်၊ လိုက်ဆိုကြ"။

ဤသို့ အမိန့်ရှိပြီး လှူဖွယ်ဝတ္ထုများကို အကပ်ခံလျက် ရေစက်ချပေးလိုက်သည်။

ဆွမ်းကပ်မည်လုပ်သောအခါ ပြင်ထားသောခုံက အဆမတန်ကြီးနေသည့် အတွက် တစ်ခွက်ချင်းကပ်ရန် ဆရာတော်ဦးဓမ္မိကက ညွှန်ကြားတော်မူသည်၊ ကျောက်ကာခွက်များနဲ့ ပြင်ထားသော လက်ဖက်စိမ်များကိုလည်း အခြားခွက်များနဲ့ လဲလှယ်စေ၍ အကပ်ခိုင်းသည်။

"နံနက် အရုဏ်ဆွမ်းစား ကြွလာတဲ့ ဘုန်းကြီးများကိုလဲ ဒီခုံတွေ, ဒီခွက်တွေနဲ့ ကပ်တာပဲ၊ ဘာမှ အမိန့်မရှိကြပါဘူး၊ ဒီအတိုင်း ဘုဉ်းပေးသွားကြတာပါပဲ"။

ဒါယကာတစ်ယောက်က ကြားဖြတ်ပြောဆိုလိုက်သည်၊ ယင်းစကားကို ကြားရသည့် အခါ ဆရာတော်ဦးဓမ္မိကက နံနက်ဆွမ်း ဘုဉ်းပေးသွားသော ဘုန်းကြီးများကိုလည်း မထိခိုက်ရအောင်, မိမိအလိုရှိသည့်အတိုင်းလည်း အဆင်ပြေအောင် ပြောဆို မိန့်ကြားရပါတော့သည်။

"ဒကာတို့ဆွမ်းကပ်တာက အခုဘုန်းကြီးများ ဘုဉ်းပေးရအောင် ကပ်တာလား၊ ဒါမှမဟုတ်ရင် မနက်က ကြွလာတဲ့ ဘုန်းကြီးများ ဘုဉ်းပေးရအောင် ကပ်တာလား ?"။

"အရှင်ဘုရားများ ဘုဉ်းပေးရအောင် ကပ်တာပါအရှင်ဘုရား"။

"အေး- တို့ဘုဉ်းပေးရအောင်ကပ်ရင် တို့ညွှန်ကြားတဲ့အတိုင်း လုပ်ရုံပေါ့၊ ဘာတွေများ ထွေရာလေးပါး ပြောနေစရာ လိုသေးသလဲလို့"။

မောင်မျိုးသန့်တို့ ဇနီးမောင်နှံကလည်း ဆရာတော်ဦးဓမ္မိက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက် လုပ်ကိုင်ပေးနေကြသည်၊ ထို့နောက် မောင်မျိုးသန့်ရော မကြည်ဝင်းပါ ဟင်းချိုင့်ကိုယ်စီနဲ့ သံဃာတော်များကို ဟင်းလိုက်ပေးနေကြသည်။

မကြည်ဝင်းက ဆရာတော်ဦးဓမ္မိကတို့ ဘုဉ်းပေးနေသော ဆွမ်းဝိုင်းအလယ် ဟင်းချိုခွက်ထဲကို ဟင်းလိုက်ထည့်ပေးသည်၊ ဟင်းလိုက်သည့်ဇွန်းကို ပြန်ရုပ်သိမ်း

http://www.dhammadownload.com

လိုက်သည့်အခါ ဇွန်းမှာကပ်ပါလာသော ဟင်းစက်များ ဘေးက ဟင်းခွက်တစ်ခွက်ပေါ်သို့ ကျသွားသည်၊ ဆရာတော်ဦးဓမ္မိကက ယင်းအစက်ကျသွားသော ဟင်းခွက်ကို ချက်ချင်းပြန်အကပ်ခိုင်းသည်။

မောင်မျိုးသန့်က ဒါတွေကို အကုန်လုံး မှတ်သားထားသည်၊ ဆရာတော်ဦးဓမ္မိက၏ ပြုမူလုပ်ကိုင်သမျှမှာ မောင်မျိုးသန့်အတွက် ပဟေဠိဆန်ဆန် ဖြစ်နေပါတော့သည်၊ သို့သော် လူပရိသတ်အလယ်၌ ဘာတစ်ခုမျှ မေးမြန်းလျှောက်ထားမှုကို မပြုခဲ့ပါ။

ဆွမ်းကိစ္စပြီးသည့်အခါ ဆရာတော်ဦးဓမ္မိကတို့ ကျောင်းကို ပြန်ကြွသွားကြသည်၊ မောင်မျိုးသန့်နဲ့ မကြည်ဝင်းတို့ကမူ ဧည့်ပရိသတ်ကို ကျွေးမွေးဧည့်ခံ နေကြရသည်၊ အိမ်ကို မပြန်နိုင်ကြသေးပါ။

အင်္ကျီလက်ပြတ်နှင့် အင်္ကျီပါး

ညနေ ၂-နာရီလောက် ဧည့်ပရိသတ် စဲသွားသည့်အခါ မောင်မျိုးသန့်နဲ့ မကြည်ဝင်းတို့ကလည်း ဓမ္မိကာရုံကျောင်းအတွက် လှူဖွယ်တန်းရန်များကို ယူဆောင်၍ ပြန်လာကြသည်၊ ၁၁-လမ်းထိပ်မှာ သမ္မန်ကြို့တွေ့သည့်အတွက် အိမ်ကိုမဝင်တော့ဘဲ ဓမ္မိကာရုံကျောင်းကို တစ်ဆက်တည်း လိုက်ပါသွားကြသည်။

"အေး- မင်းဝတ်လာတဲ့ အင်္ကျီနဲ့ တို့ဆရာတော်နဲ့ ဒီနေ့တော့ တွေ့ကြရောပေါ့ကွာ"။

မြစ်လယ်လောက် ရောက်သည့်အခါ မောင်မျိုးသန့်က မကြည်ဝင်း ဝတ်လာသော အင်္ကျီကို သတိထားကြည့်ရှုပြီး ပြောဆိုလိုက်ခြင်း ဖြစ်သည်။

"ဒီအင်္ကျီမျိုးကို မောင်တို့ဆရာတော်က ဘာလုပ်တတ်လို့လဲ?"။

မကြည်ဝင်းက တကဲ့ကို မသိနားမလည်သေးသည့်အတွက် မိမိဝတ်လာသော အင်္ကျီကို ညာဘက်လက်ဖြင့် ကိုင်ပြလျက် ပြန်မေးလိုက်သည်။

"အေး- တို့ဆရာတော်က အခုမင်းဝတ်လာတဲ့ အင်္ကျီလက်ပြတ်မျိုးတွေ, အင်မတန်ပါးလွှာတဲ့ အင်္ကျီတွေကို ဝတ်ပြီး ကျောင်းထဲကိုလာတဲ့ အမျိုးသမီးတွေကို တွေ့ရင် သိပ်ဆူပေါ့၊ အလာကို မခံဘူး"။

"ဒါဖြင့် ဘယ့်နယ်လုပ်ကြမလဲ?"။

"ခုမှတော့ ဘာမှ လုပ်မနေနဲ့တော့၊ ဆရာတော်ကို တောင်းပန်လျှောက်ထားရုံအပြင် ဘာမှမလုပ်တတ်တော့ဘူး၊ ဆူရင်လဲ ငုံ့ခံကြရုံပဲရှိတော့တာပေါ့"။

http://www.dhammadownload.com

ယင်းသို့ ပြောရင်းဆိုရင်း မောင်မျိုးသန့်နဲ့မကြည်ဝင်းတို့သည် သမ္မန်သယ်ဆောင်ရာ လိုက်ပါလာကြလျက် ကျောင်းနားဆိပ်ကမ်းကို ရောက်လာကြသည်၊ လူဖွယ် တန်းရန်များကို ယူဆောင်ကာ သမ္မန်ပေါ်မှဆင်းလျက် ကျောင်းကိုတက်သွားကြသည်။

သို့သော် ဆရာတော်ဦးဓမ္မိကနဲ့ကား တွေ့ခွင့်မရသေးပါ၊ စာဝါမပြီးသေးသည့် အတွက် အတော်ကြာအောင် စောင့်ဆိုင်းနေကြရသည်၊ စာဝါပြီးသည့်အခါ ဆရာတော်ဦးဓမ္မိကက ဧည့်ခန်းကို ကြွလာသည်၊ ထိုအချိန်ကျမှ တွေ့ကြရပါတော့သည်။

မောင်မျိုးသန့်နဲ့ မကြည်ဝင်းတို့က ရှိခိုးဦးချ၍ နေသားတကျ ထိုင်မိလျှင်ပင် ဆရာတော်ဦးဓမ္မိကက မကြည်ဝင်း၏ အင်္ဂလိပ်ပြတ်ကိစ္စကို စတင်ပြောဆိုပါတော့သည်။

"ဒကာမလေး ဝတ်လာတဲ့အင်္ဂျီက မလုံမလဲသဘောမျိုး သက်ရောက်နေတယ်၊ ဒီလိုမလုံမလဲ ဝတ်စားသွားလာနေတဲ့ မာတုဂါမတွေကို တွေ့ရတဲ့အခါ ရဟန်းတော်များမှာ တဏှာရာဂ ဖြစ်ပေါ်လာတတ်တယ်၊ အဲဒီဖြစ်ပေါ်လာတဲ့ တဏှာရာဂကို မနှိပ်ကွပ်နိုင်လို့ရှိရင် ရဟန်းဘဝက လူ့ဘဝကို ရောက်သွားသည်အထိ ဆိုးဝါးလာတတ်ပါတယ်၊ ဒါကို ဘုရားရှင်က 'ငါးဆိုးငါးကြမ်းဘေး' ဆိုပြီး ဟောထားခဲ့တယ်၊ တို့ကလဲ ရဟန်းငယ်တွေ, ရှင်ငယ်တွေ, ပရိသတ်တွေနဲ့ နေရလေတော့ အဲဒီငါးဆိုး ငါးကြမ်းဘေးကြီး မမိအောင် 'အမျိုးသမီးတွေ ကျောင်းဝင်းထဲကို လာတဲ့အခါမှာ အင်္ဂျီ လက်ပြတ်တွေ, အင်မတန်ပါးလွှာတဲ့ အင်္ဂျီတွေကိုဝတ်ပြီး မလာကြရ'လို့ ဘုန်းကြီးကိုယ်တိုင်က တားမြစ်ထားတယ်"။

"ဒီတစ်ကြိမ်တော့ သည်းခံတော်မူပါဘုရား၊ နောင်ကို ဒီလိုဝတ်စားပြီး မလာရန် တာဝန်ယူပါတယ်ဘုရား၊ ဘုရားတပည့်တော်မကလဲ နဂိုက မသိနားမလည်တာ အမှန်ပါဘုရား၊ မြစ်လယ်လောက်ရောက်မှ ကိုမျိုးသန့်က ပြောပြလို့ သိရပါတယ်ဘုရား၊ ဘယ်လိုမှ မလုပ်တတ်တာနဲ့ ဒီအတိုင်းပဲ လာခဲ့ရပါတယ်ဘုရား"။

"အေးအေး–ဒီလိုဆိုရင်လဲ ပြီးတာပါပဲ၊ မင်းတို့ သာသနာပြုမဲ့ ဒကာဒကာမတွေက သူများထက်ပိုပြီး သတိထားရမယ်"။

ဆွမ်းကပ်ရာဝယ် သတိပြုဖွယ်များ

"ဆရာတော်ဘုရား ခွင့်ပြုမယ်ဆိုရင် တပည့်တော် နားမလည်တာတွေကို နည်းနည်းပါးပါး လျှောက်ထားလိုပါတယ်ဘုရား"။

http://www.dhammadownload.com

မကြည်ဝင်း၏ အကိုကြီးလက်ပြတ်ကိစ္စ ပြီးပြတ်သွားသည့်အခါ မောင်မျိုးသန့်က အရက်ဆွမ်း, နေ့ဆွမ်းကပ်စဉ်က တွေ့ကြုံလာရသော မိမိအတွက် ပဟေဠိဆန်နေသည့် ကိစ္စများ လျှောက်ထားရန် ခွင့်ပန်လိုက်သည်။

"အေး-မင်းသိလိုတာရှိရင် လျှောက်ထားနိုင်တယ်၊ တို့က လျှောက်ထားသူ မရှိဘဲနဲ့တောင်မှ ပြောပြနေရသေးတာပဲ"။

"နေ့လယ်ဆွမ်းကပ်တုန်းက ခါတိုင်းလို ခုံလိုက်အကပ်မခံဘဲ တစ်ခွက်ချင်း အကပ်ခံတာဟာ ဘာကြောင့်ပါလဲဘုရား ?"။

"အဲဒါတွေကို မင်းတို့ဒကာတွေ, ဒကာမတွေလဲ သိထားသင့်တာပေါ့၊ တို့-ဘုန်းကြီးတွေဆိုတာဟာ ကိုယ်ပိုင်ပစ္စည်းဖြစ်ပေမဲ့ အကပ်မခံဘဲ မစားကောင်းဘူး၊ ကပ်တယ်ဆိုတာဟာလဲကွာ အထူးအဆန်းတော့ မဟုတ်ပါဘူး၊ လူပြောပြောရရင် ပေးတာပါပဲ၊ အဲဒီတော့ ပေးတဲ့အခါမှာ-

၁။ ပေးမဲ့လူက ရွေးရှုယူလာရမယ်၊

၂။ ပေးမဲ့လူက ခံယူမဲ့ရဟန်းရဲ့ နှစ်တောင့်တစ်ထွာအတွင်းကို ရောက်နေစေရမယ်၊

၃။ ပေးမဲ့ဝတ္ထုကလဲပဲ အားအလတ်စားရှိတဲ့လူ မြှောက်နိုင်တဲ့ဝတ္ထု ဖြစ်စေရမယ်၊

၄။ ပေးတဲ့လူက ကိုယ်နဲ့ဖြစ်စေ, ကိုယ်နဲ့စပ်နေတဲ့ (ကိုင်ထားတဲ့) ခွက်-စသည်နဲ့ ဖြစ်စေ, ပစ်လွှင့်လို့ဖြစ်စေ- ဒီ ၃-မျိုးထဲက တစ်မျိုးမျိုးနဲ့ ပေးရမယ်၊

၅။ ခံယူတဲ့ ရဟန်းက ကိုယ်နဲ့ဖြစ်စေ, ကိုယ်နဲ့စပ်နေတဲ့ (ကိုင်ထားတဲ့)ဇွန်း-စသည်နဲ့ ဖြစ်စေ- ဒီ ၂-မျိုးထဲက တစ်မျိုးမျိုးနဲ့ ခံယူရမယ်၊ ဒီ ၅-ချက်လုံးနဲ့ ပြည့်စုံညီညွတ်မှုအပေးမြောက်တယ်၊ အကပ်မြောက်တယ်။

"ဒီတော့ မင်းလဲ စဉ်းစားကြည့်ပေါ့၊ မင်းတို့ ပြင်ထားတဲ့ ခုံကြီးက အားအလတ်စားရှိတဲ့လူ မြှောက်နိုင်ပါ့မလား ?"။

"မမြှောက်နိုင်ပါဘုရား၊ ၂-ယောက်တောင် အတော် မ-ယူရပါတယ်"။

"အေး- ဒါကြောင့် တစ်ခွက်ချင်း အကပ်ခိုင်းရတာပေါ့၊ နားလည်ပြီလား၊ သဘောကျရဲ့လား ?"။

"နားလည်ပါတယ်၊ သဘောကျပါတယ်ဘုရား"။

"ဒါဖြင့် တပည့်တော်မ ဟင်းလိုက်တဲ့အခါ ဘေးကဟင်းခွက်တစ်ခွက်ကို ပြန်အကပ် ခိုင်းတာကော ဘာသဘောပါလဲဘုရား ?"။

မကြည်ဝင်းကလည်း မိမိစိတ်ထဲမှာ မတင်မကျဖြစ်နေသော အချက်ကို ထပ်ဆင့် လျှောက်ထားပြန်သည်။

http://www.dhammadownload.com

"ဒကာမလေးက ဟင်းလိုက်တဲ့အခါ ဇွန်းကိုပြန်အရုပ်မှာ အဲဒီပြန်အကပ်ခိုင်းတဲ့ ဟင်းခွက်ထဲကို ဟင်းရည်စက် ကျသွားတာကိုကော သတိထားမိရဲ့လား?"။

"သတိထားမိပါတယ်ဘုရား"။

"ဒီတော့ ဘုန်းကြီး အစကပြောခဲ့တဲ့ အကပ်မြောက်ရန်လိုတဲ့ ၅-ချက်ထဲမှာ ပေးမဲ့လူက ရွေးရှုယူလာရမယ်-ဆိုတာကိုကော မှတ်မိရဲ့လား?"။

"မှတ်မိပါတယ်ဘုရား၊ စာနဲ့လဲ ရေးထားပါတယ်"။

"ဒီတော့ ဒကာမလေးက ဇွန်းကိုပြန်အရုပ်မှာ ကျသွားတဲ့ ဟင်းရည်စက်ဟာ အပေးအယူမြောက်ပါ့မလား၊ အကပ်မြောက်ပါ့မလား?"။

"ရွေးရှုယူလာတာမဟုတ်တဲ့အတွက် အကပ်မမြောက်နိုင်တော့ပါဘုရား"။

"အေး- ဒါကြောင့် ထပ်အကပ်ခိုင်းရတာပဲ"။

"ကျောက်ကာခွက်တွေနဲ့ ပြင်ထားတဲ့ လက်ဖက်စိုတွေကို အခြားခွက်တွေနဲ့ လဲလှယ်အကပ်ခိုင်းတာကော ဘာကြောင့်ပါလဲဘုရား?"။

မောင်မျိုးသန့်က မိမိအတွက် ပဟေဠိဆန်ဆန်ဖြစ်နေသော အချက်အလက်များကို ဆက်လက်လျှောက်ထားပြန်သည်။

"အေး ဒီလိုဟာတွေကိုလဲပဲ မင်းတို့လူတွေက နားလည်ထားသင့်တယ်၊ 'လူ ဝိနည်းမသင်ကောင်းဘူး'လို့ သူများကပြောတိုင်း ယောင်တောင်တောင်မလုပ်ကြနဲ့၊ လူတွေက ဒီလို ဝိနည်းနဲ့ ပတ်သက်တာတွေကို သိနားလည်ထားမှသံဃာတော်များအတွက် ဆောင်ရွက်ပေးတဲ့အခါမှာ လွယ်ကူချောမောမှာပေါ့၊ အခုဟာက နားမလည်လို့ ကျောက်ကာခွက်နဲ့ ကပ်နေကြတာပဲ။

ရဟန်းတော်များဟာ ကြေးနီခွက်, သံခွက်, မြေခွက်-ဆိုတဲ့ ဒီခွက် ၃-မျိုးကို ကိုယ်ပိုင်ထားပြီးတော့လဲ အသုံးပြုကောင်းတယ်၊ လူဥစ္စာဖြစ်မယ်, သံဃာ့ဥစ္စာဖြစ်မယ်-ဆိုရင်လဲ အသုံးပြုကောင်းတယ်၊ ထည့်စားကောင်းတယ်။

ဖန်ခွက်, ကြေးဖြူခွက်, ကြေးဝါခွက်-ဆိုတဲ့ ခွက်တွေကိုတော့ ကိုယ်ပိုင်ထားပြီး အသုံးမပြုကောင်းဘူး၊ လူဥစ္စာဖြစ်မယ်, သံဃာ့ဥစ္စာဖြစ်မယ်ဆိုရင် အသုံးပြုကောင်းတယ်၊ ထည့်စားကောင်းတယ်။

သစ်သားခွက်, (နှီးခွက်, နှီးကွမ်းအစ်-စသည်) ငွေခွက်, ငွေဖလား, ငွေထုံးဗူး-စတဲ့ ခွက်တွေကိုတော့ ဘယ်သူ့ဟာဖြစ်ဖြစ် အသုံးမပြုကောင်းဘူး၊

http://www.dhammadownload.com

ဒါတွေနဲ့ထည့်ပြီး ရဟန်းတော်များ မစားကောင်းဘူး၊ မသောက်ကောင်းဘူး၊ ဒါပေမဲ့ သစ်သားခွက်, နှီးခွက်တွေနဲ့တော့ ရေတစ်ခုလောက် ထည့်သောက်ကောင်းတယ်၊ ငွေခွက်-စတဲ့ဟာတွေကိုတော့ ကိုင်တောင်ကိုင်ကောင်းတာ မဟုတ်ဘူး၊ ဒါကြောင့်မို့ မင်းတို့ ကျောက်ကာခွက်တွေနဲ့ ထည့်ထားတဲ့ လက်ဖက်စိုတွေကို အခြားခွက်များနဲ့ လဲလှယ်အကပ်ခိုင်းရတာပဲ"။

"ပြီးတော့ ဒီနေ့နံနက် အရဏ်ဆွမ်းကပ်တဲ့အခါမှာ 'ဟေ့ ခုံခင်းကို လွတ်အောင် မ၊ ခုံခင်းက ကြမ်းနဲ့လွတ်ပစေ'ဆိုတာနဲ့ တပည့်တော်ရော မကြည်ဝင်းပါ မ-လိုက်ရတာဘုရား၊ မချိမဆံ့ပါဘဲ၊ ခုံကလဲ ကြီးကကြီးပါဘိသနဲ့၊ ဘေးက ကူမဲ့လူရှိလို့သာ တော်တော့်တယ်၊ ဒါက ဘာသဘောပါလဲဘုရား ?"။

"ဒါက ဝိနည်းကို နားမလည်လို့ ခိုင်းတာလောက်ပဲ ရှိတယ်၊ ဘာသဘောမှ မဟုတ်ဘူး၊ ပေးတဲ့အခါမှာ ပေးမဲ့လူက ရှေးရှုယူလာရမယ်-လို့ မင်းတို့ကို အစက ပြောခဲ့တယ် မဟုတ်လား ?၊ မ-ခိုင်းတဲ့လူတွေက အဲဒီ အချက်ကို သဘောမမိလို့ မင်းတို့ကို ခိုင်းတာပဲ၊ ကပ်မဲ့လူက နည်းနည်းကြွလို့ ရှိရင် ပြီးတာပဲ၊ ခုံခင်း ကြမ်းနဲ့ လွတ်တာ, မလွတ်တာက လိုရင်းမဟုတ်ပါဘူး၊ ဥပမာ ပြောကြပါစို့ရဲ့ကွယ်၊ ယာဂုအိုးကြီးတစ်လုံးကို ကိုရင်ကလေးက မကြွနိုင်, မ-မနိုင်တာနဲ့ လှိမ့်ယူလာမယ်၊ အကပ်ခံရမဲ့ရဟန်းက အိုးရဲ့အောက်ကို လက်ထားပြီး အကပ်ခံလိုက်မယ်၊ ဒါတောင် အကပ်မြောက် တယ်လို့ အဋ္ဌကထာများမှာ ဆိုထားတာပဲ၊ ဒီတော့ ခုံခင်းလွတ်အောင် မ-စရာမလိုဘူး ဆိုတာဟာ မထင်ရှားဘူးလား ?"။

"ထင်ရှားပါတယ်ဘုရား"။

"ဒါပေမဲ့ကွာ သူတို့ ဘုဉ်းပေးမဲ့ဟာကို သူတို့ သံသယကင်းအောင် မင်းတို့က လိုက်နာဆောင်ရွက်ပေးတာဟာ အကောင်းဆုံးပါပဲ"။

"ပြီးတော့ ဘုရားတပည့်တော်တို့အိမ်မှာ ဆွမ်းကျွေးတုန်းက ကပ်ထားတဲ့ ဟင်းခွက်တွေကို အဆင်ပြေအောင် အမေနဲ့ အဖေတို့က ရွေ့ရွေ့ပေးနေတာကို တွေ့ရပါတယ်၊ အရှင်ဘုရားများကလဲ ဘာမှ အမိန့်ရှိတာကို မကြားရပါဘူး၊ ဒီနေ့ မကြည်ဝင်းတို့အိမ်မှာ အရဏ်ဆွမ်းကပ်တဲ့အခါ 'ဟေ့ဟေ့ ဘုန်းကြီးတွေကို ကပ်ထားပြီးပြီ၊ သွားမထိကြနဲ့'လို့ ပြောနေကြပါတယ်၊ ဘုန်းကြီးတွေကတော့ မဟုတ်ပါဘူး၊ လူတွေက ပြောတာပါ၊ ဒါက ဘယ်လိုသဘောပါတဲ့လဲဘုရား ?"။

http://www.dhammadownload.com

"အမှန်ပြောရရင် ဒါက ဘယ်လိုသဘောမှ မဟုတ်ဘူး၊ ဘာမှနားမလည်ဘဲနဲ့ လူလယ်ဝင်လုပ်တာလောက်ပဲ ရှိတယ်၊ အကပ်ခံထားတဲ့ ဝတ္ထုပစ္စည်းများဟာ–

၁။ ပိုင်ဆိုင်တဲ့ပုဂ္ဂိုလ်တွေက အာလယပြတ် စွန့်လွှတ်လိုက်လို့ရှိရင်လဲပဲ အကပ်ပျက်သွားတာပဲ၊

၂။ ပိုင်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေက သိက္ခာချ(လူထွက်သွား)တဲ့အတွက်လဲ အကပ်ပျက်တတ်တယ်၊

၃။ လူသာမဏေများကို စွန့်လွှတ်ပေးကမ်းလိုက်တဲ့အတွက်လဲ အကပ်ပျက်သွားတတ်တယ်၊

၄။ လူသာမဏေတွေက လုယူသွားတဲ့အတွက်လဲပဲ အကပ်ပျက်သွားတတ်တယ်၊

၅။ အကပ်ခံထားတဲ့ ပိုင်ရှင်ရဟန်းက လိင်ပြန်(ယောကျ်ားစင်စစ်က မိန်းမဖြစ်)သွားတဲ့အတွက်လဲပဲ အကပ်ပျက်သွားတတ်တယ်၊

၆။ ပိုင်ဆိုင်တဲ့ပုဂ္ဂိုလ် သေသွားရင်လဲ အကပ်ပျက်တယ်။

ဒီတော့ မင်းတို့လဲ စဉ်းစားကြည့်ပေါ့၊ ကပ်ပြီးသားကို ထိရဲ့ ကိုင်ရုံနဲ့ အကပ်ပျက်တာနဲ့ ဘာဆိုင်တာလဲလို့၊ အကပ်ခံပြီးဖြစ်တဲ့ ဆွမ်းသပိတ်ကို ပိုင်ရှင်ရဟန်းက ခိုင်းတဲ့အတွက် အခိုင်းခံရတဲ့ လူသာမဏေက အခြားတစ်နေရာသွားထားတောင်မှ အကပ်ပျက်တာမဟုတ်ဘူး၊ ဒီတော့ ကပ်ပြီးသား ဝတ္ထုတွေကို ထိကောင်းတယ်, ကိုင်ကောင်းတယ်, ရွှေ့ပေးကောင်းတယ် ဆိုတာဟာ မထင်ရှားဘူးလာ ?"။

"ထင်ရှားပါတယ်ဘုရား"။

"နောက်တစ်ခုလောက် လျှောက်ထားချင်ပါသေးတယ်ဘုရား၊ တပည့်တော်တို့ရဲ့အိမ်မှာ ဆွမ်းကျွေးတုန်းကတော့ အမေနဲ့အဖေတို့က ဘာမှ ထူးထူးထွေထွေ လျှောက်ထားတာကို မကြားလိုက်ရပါ၊ ဒီနေ့ မကြည်ဝင်းရဲ့ မိဘများအိမ်မှာ ဆွမ်းကျွေးတဲ့ အခါကျတော့ 'လျှောက်လိုက်လေ၊ လျှောက် လိုက်လေ'နဲ့ ဘေးကလဲ ဝိုင်းပြီးတိုက်တွန်းကြတာကို တွေ့ရပါတယ်၊ မကြည်ဝင်းရဲ့ အမေအဖေများကလဲပဲ 'ဒီအိမ်ကို ကျောင်းအမှတ် သီတင်းသုံးတော်မူကြပါဘုရား'လို့ လျှောက်ထားကြပါတယ်၊ အဲဒီလို လျှောက်ထားတဲ့အတွက် ဘယ်လိုအကျိုးထူးများ ရနိုင်ပါသလဲ ?"။

"အားမနာ ပါးမနာ ပြောရရင် ဘာအကျိုးထူးမှ မရပါဘူးကွာ၊ ပါးစပ်ညောင်းရုံပဲရှိမယ်၊ မင်းတို့ကိုယ်တိုင်လဲ စဉ်းစားကြည့်ပေါ့၊ သူတို့ လျှောက်ထား

http://www.dhammadownload.com

တဲ့အတိုင်း ရဟန်းတော်များက သူတို့အိမ်ကြီးကို ဘယ်လိုလုပ်ပြီး ကျောင်းအမှတ် သီတင်းသုံးလို့ ဖြစ်နိုင်မလဲ ?၊ အိမ်ဟာ အိမ်ပဲဖြစ်မယ်၊ ကျောင်းကတော့ ကျောင်းပဲဖြစ်တယ်၊ တခြားစီပဲ၊ ဒီတော့ ရဟန်းတော်များ အတွက်လဲ ဘာမှ အကျိုးသက်ရောက်မှု မရှိပါဘူး၊ အလှူဒါနမမြောက်တဲ့အတွက် လျှောက်ထား သူများအတွက်လဲ ဘာမှ အကျိုးသက်ရောက်မှု မရှိပါဘူး"။

"ဒီအိမ်ကို အရှင်ဘုရားတို့ သီတင်းသုံးနေတဲ့အခိုက်မှာ ကျောင်းအဖြစ် လှူဒါန်းပါတယ်၊ ဒီလိုလျှောက်ထား လှူဒါန်းတောင်မှ အလှူဒါနမမြောက်ပါဘူး၊ ခဏခေတ္တ ငှားရမ်းတဲ့သဘောလောက်ပဲ ရှိမယ်၊ မိမိဥစ္စာအဖြစ်က အပြီးအပိုင် စွန့်လွှတ်နိုင်မှ အလှူဒါနမြောက်တယ်၊ အပြီးအပိုင် မစွန့်လွှတ်နိုင်လို့ရှိရင် အလှူဒါနမမြောက်ဘူး၊ ဒါတွေကို အထိုက်အလျောက် နားလည်ထား ကြလို့လဲ မင့်းအမေအဖေတို့က မလျှောက်ကြတာဘဲ၊ ဘာမှမလျှောက်ကြတဲ့အတွက် 'အ–အတွေ့, အဖျင်းတွေ့'လို့များ ထင်မနေကြနဲ့အုံး"။

"ကိုင်း ပြောလက်စနဲ့ လိုနေတာလေးတွေကိုတော့ မင်းတို့က မလျှောက်ပေမဲ့ ငါကပဲ ပြောပြပါတော့မယ်၊ ကပ်တာနဲ့စပ်ပြီး 'ပေးမဲ့လူက ခံယူမဲ့ရဟန်းရဲ့ နှစ်တောင့်တစ်ထွာ အတွင်းကို ရောက်နေစေရမယ်' လို့ ပြောခဲ့တယ် မဟုတ်လား ?"။

"မှန်ပါဘုရား"။

"အဲဒီနှစ်တောင့်တစ်ထွာကို ဘယ်လိုတိုင်းမလဲ ?၊ ဒါကိုလဲသိနားလည်ထားမှ ဖြစ်မယ်၊ ရှေ့ကနေပြီး ကပ်တဲ့အခါမှာ ရဟန်းက ထိုင်နေရင် တင်ပါးရဲ့ နောက်ဘက်အစွန်းနဲ့, ရပ်နေရင် ဖနောင့်စွန်းနဲ့, စောင်းရက် လှဲနေရင် စောင်းနေတဲ့နံပါးရဲ့ ပြင်ဘက်စွန်းနဲ့ (လိုရင်းမှာ လှမ်းယူတဲ့လက်မှတစ်ပါး အနီးဆုံးကိုယ်အင်္ဂါရဲ့ နောက်ဘက်စွန်းနဲ့) ကပ်တဲ့ပုဂ္ဂိုလ်ရဲ့ (လှမ်းပေးတဲ့ လက်မှတစ်ပါး အခြား) အနီးကပ်ဆုံး အင်္ဂါရဲ့ ရှေ့ဘက်စွန်းကို တိုင်းတာရမယ်။

ဒါကြောင့်လဲ မင်းတို့က အမှတ်တမဲ့ အဝေးကနေ ကပ်တဲ့အခါမှာ 'ရှေ့ကိုတိုးအုံးဟဲ့၊ ရှေ့ကိုတိုးအုံးဟဲ့'လို့ ပြောနေရတာပဲ၊ ဒီတော့ ဘာကိုကပ်ကပ် အကောင်းဆုံးကတော့ အကပ်ခံတဲ့ ရဟန်းနဲ့ နီးနိုင်သမျှနီးအောင် ကပ်ဖို့ပဲ၊ ဒကာမလေးကလဲ ဒီလိုကိစ္စမျိုးမှာ ငါမိန်းမသားပဲဆိုပြီး ဘာမှ ရှိုးတိုးရှန့်တန့် လုပ်မနေနဲ့၊ ဒီလိုလှူတာတန်းတာမှာ မိန်းမနဲ့ယောကျ်ားး ဘာထူးအုံးမှာတဲ့လဲ၊ လူချင်းထိမနေရင် တော်ပြီပေါ့"။

http://www.dhammadownload.com

"မှန်လှပါဘုရား"။

"ဒီပြင် နောက်တစ်ခု သတိပြုစရာက ရေကိုအကပ်မခံဘဲ သောက်ကောင်းတယ်လို့ ဆိုထားတာရှိတယ်၊ အဲဒီ အကပ်မခံဘဲ သောက်ကောင်းတဲ့ရေဆိုတာဟာ မြူမှုန်တွေ, အမှိုက်သရိုက်အစအနတွေ ဘာမှမပါဘဲ အင်မတန် သန့်စင်ကြည်လင်တဲ့ ရေမျိုးဖြစ်တယ်၊ ဒီတော့ ဆွမ်းကျွေးတဲ့အခါ အနားမှာ တည်ထားတဲ့ ရေများဟာ ဒီလိုသန့်စင် ကြည်လင်တဲ့ ရေဖြစ်ဖို့ရာ အင်မတန် ခဲယဉ်းတယ်၊ ဒါကြောင့်လဲပဲ တို့က ရေကို အကပ်ခိုင်းနေကြရတာပဲ၊ ကျောင်းမှာ တောင်မှ သေသေချာချာစစ်ပြီးမှ သောက်ကြရတာပဲ"။

"ကိုင်း နေလဲ အတော်စောင်းသွားပြီ၊ မင်းတို့လဲ ပြန်ကြအုံး၊ တို့ကလဲ နောက်ထပ် စာဝါရှိနေသေးတယ်"။

၂။ ကထိန်အလှူ

ဦးရာကျော်နဲ့ ဒေါသဲနုတို့သည် ဓမ္မိကာရုံကျောင်းတိုက်မှာ ကထိန်သင်္ကန်းလှူဒါန်းရပါမည့်အကြောင်း လွန်ခဲ့သော တန်ဆောင်မုန်းလကပင် ဆရာတော် ဦးဓမ္မိကထံမှာ ခွင့်တောင်းလာခဲ့သည်။

"နောက်နှစ် တန်ဆောင်မုန်းလပြည့်နေ့မှာ လှူကြတာပေါ့"ဟူသော ဆရာတော် ဦးဓမ္မိက၏ ခွင့်ပြုချက်ကို ရသည့်အချိန်မှစ၍ မိသားစု ၃-ယောက် တစ်ယောက် အတွက် ရက်ပေါင်းတစ်ရာစီ ရည်မှန်းပြီးလျှင် တစ်နေ့မှာ ၅၀-ကျပ် မှန်မှန်စုဆောင်းလာကြသည်၊ အချိန်စေ့ရောက်၍ စာရင်းချုပ်လိုက်သည့်အခါ ငွေတစ်သောင်းငါးထောင် ဖြစ်နေပါတော့သည်။

တန်ဆောင်မုန်းလဆန်း ၇-ရက်နေ့မှာ ဦးရာကျော်+ဒေါသဲနုတို့က သားနဲ့ချွေးမတို့ကိုပါ ခေါ်ယူလျက် ဓမ္မိကာရုံကျောင်းတိုက်ကို သွားကြသည်၊ စာဝါနားထားသောနေ့ ဖြစ်သည့်အတွက် ဆရာတော်ဦးဓမ္မိကနဲ့ အေးအေးဆေးဆေး လျှောက်ထားဆွေးနွေးခွင့် ရသည်။

"ကထိန်ကိစ္စအတွက် ဆရာတော်ရဲ့ သြဝါဒကို ခံယူရအောင်လို့ လာကြပါတယ်ဘုရား"။

ဆရာတော်ကို ဦးချ၍ နေသားတကျထိုင်မိသည့်အခါ ဦးရာကျော်က မိမိတို့ရောက်လာရသော ကိစ္စကို ပြောကြားထားသည်။

"ကထိန်ဆိုတာဟာ အင်မတန် ခက်တယ်ဒကာကြီး၊ 'မွေးမေရင်းကို တောင်မှ မတောင်းကောင်းဘူး'လို့ စာတွေကဆိုထားတာ ရှိတယ်၊ ဒီကဝင်ပြီး မအပ်မရာ စီမံမိရင် ခက်နေအုံးမယ်"။

http://www.dhammadownload.com

"ဒီလိုမဖြစ်စေရပါဘုရား၊ ဆရာတော်ဘုရားများ အမိန့်ရှိထားလို့ တပည့်တော်များကလဲ ဒါတွေကို သိသင့်သလောက် သိထားပါတယ်၊ ဆရာတော့် ကျောင်းတိုက်မှာ သံဃာဘယ်လောက် ရှိနေတယ်ဆိုတာကို တပည့်တော် သိလိုပါတယ်"။

"၄၅-ပါး ရှိနေတယ်"။

"အခြားကျောင်းမှ သံဃာများကိုကော ပင့်စေလိုပါသေးသလား ဘုရား ?"။

"ဒါ ဘုန်းကြီးအလုပ် မဟုတ်ဘူး၊ ဒကာတို့သဘောအတိုင်းပဲ"။

"ဒါဖြင့်ဘုရား ကထိန်ဆိုတာဟာ သင်္ကန်းလှူတဲ့ အလှူပွဲဖြစ်လေတော့ ဥတ်သင်္ကန်းအတွက် ၃၀၀၊ လိုလိုမယ်မယ် သင်္ကန်းအစုံ ၅၀-အတွက် ၅၀၀၀၊ စုစုပေါင်း ၅၃၀၀၀-ကိုတော့ တပည့်တော်ကိုယ်တိုင် စီမံပြီးပြီပဲ ထားပါတော့၊ ဘုရားတပည့်တော်များ လှူမယ်လို့ ရည်မှန်းထားကြတဲ့ ၁၅၀၀၀-ထဲက ၉၇၀၀-ကျန်နေပါသေးတယ်၊ ဒီအတွက် သံဃာတော်များမှာ အရေးတကြီး လိုအပ်တဲ့ ဦးစားပေး လှူဒါန်းရမဲ့ ပစ္စည်းများကို ညွှန်ကြားတော်မူပါ"။

အကျွေးအမွေးအတွက်ကော ဘယ်နှယ်လဲ၊ ဒီအထဲက ပါအုံးမှာလား ?။

"တပည့်တော်က ကထိန်ဒကာမျှသာ ဖြစ်ပါတယ်၊ အကျွေးအမွေးဒကာ မဟုတ်ပါဘုရား၊ ဒါပေမဲ့ ဒီသားနဲ့သမီးတို့ ဦးဆောင်တဲ့ ကျေးရွာအဖွဲ့က ကျွေးမွေးစည့်ခံပါလိမ့်မယ်၊ ဒီတော့ကာ ကျန်နေတဲ့ ၉၇၀၀-တန်အတွက် လိုအပ်တဲ့ ပစ္စည်းစာရင်းကို အခုချက်ချင်း မပေးနိုင်စေကာမူ နက်ဖြန်နံနက်ပိုင်း အချိန်မီ ကျောင်းသားကလေးများကို အပို့ခိုင်းတော်မူပါ၊ 'ပိုသွားမလား, လိုသွားမလား' ဆိုတာကို အရှင်ဘုရားများ ဘာမှ စဉ်းစားတော်မမူပါနဲ့၊ လိုတဲ့ပစ္စည်းစာရင်းကိုသာ ပေးတော်မူပါ၊ တပည့်တော်က အဆင်ပြေအောင် ကြည့်ရှုလုပ်ကိုင်သွားပါ့မယ်"။

"လာတုန်းကတော့ 'ဆရာတော်ရဲ့ သြဝါဒကို ခံယူရအောင် လာတယ်' ဆိုပြီး အခုလက်တွေ့ကျတော့ ဘုန်းကြီးက ဒကာကြီးရဲ့ သြဝါဒကို ခံယူနေရသလို ဖြစ်နေပြီပဲ"။

ငယ်စဉ်ကပင် အတူနေလာဘူးသည့် ရင်းနှီးသောဒကာ ဖြစ်နေသည့်အတွက် ဆရာတော်ဦးဓမ္မိကက ပြောင်သလိုလို ပြောလိုက်သည်။

"ဒီလို ဘယ်ဟုတ်မလဲဘုရား၊ သြဝါဒခန်းမှ မရောက်သေးဘဲနဲ့၊ ဘယ်နှယ်လုပ် အရှင်ဘုရား သြဝါဒပေးလို့ ဖြစ်အုံးမလဲ၊ သြဝါဒခန်းရောက်တဲ့

http://www.dhammadownload.com

အခါ ပေးရမှာပေါ့၊ ကိုင်း ဒီတော့ အခုပဲ သြဝါဒခန်း ရောက်ပါပြီ၊ ဒီသားနဲ့ သမီးတွေလဲ နားလည်သွားအောင် 'သာသနာမှာ အကျိုးရှိတဲ့ကထိန်ခင်းနည်း'ကို အမိန့်ရှိပါတော့ဘုရား"။

"အခုလို လျှောက်ထားတောင်းပန်လာလို့ရှိရင် ဘုန်းကြီးကလဲ မပြောဘဲ မနေသာတော့ဘူး၊ ကိုယ့်စွမ်းအားအလျောက် ပြောရတော့မှာပဲ၊ မင်းတို့ရပ်ရွာမှာ ခေါင်းဆောင်နေကြတဲ့ လူငယ်တွေကလဲ ကျကျနန မှတ်သားပြီး ခေတ်လူငယ်များကို ပြုပြင်ပေးကြပါ"။

"မှန်ပါဘုရား၊ ဆရာတော်ဘုရား အမိန့်ရှိတာလို အခုတပည့်တော်များ အသင့်ယူဆောင်လာတဲ့ ကက်ဆက်နဲ့ အသံဖမ်းယူခွင့် ပြုတော်မူပါ၊ တပည့်တော်များက ဆရာတော်ဘုရားရဲ့ သြဝါဒကို မူထားပြီး လုပ်ကိုင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"။

"ဒါဖြင့် ကောင်းပြီ၊ မင်းတို့ဟာ အဆင်သင့် ဖြစ်ပြီလား?"။

"ဖြစ်ပါပြီဘုရား"။

"ဖြစ်ရင် ဒီက ပြောတော့မယ်"။

"ပြောနိုင်ပါပြီဘုရား"။

သာသနာမှာ အကျိုးပြုကထိန်

ကထိန်ဆိုတာဟာ သူ့ခေတ်သူ့အခါနဲ့ ပေးလှူရတဲ့အလှူမျိုးဖြစ်တယ်၊ လှူချင်တဲ့အချိန်မှာ လှူလို့ရတဲ့အလှူမျိုး မဟုတ်ဘူး၊ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လအတွင်းမှာသာ ကထိန်သင်္ကန်း လှူဒါန်းနိုင်တယ်။

လှူတဲ့ပုဂ္ဂိုလ်ကတော့ ယခုလိုဒကာ ဒကာမတွေကလဲ လှူနိုင်တာပဲ၊ ရဟန်းတော်များကလဲ လှူနိုင်တာပဲ၊ ကိုရင်များကလဲ လှူနိုင်တာပဲ၊ ဖိုးသူတော်, မယ်သီလကလဲ လှူနိုင်တာပဲ၊ ဘယ်သူမဆို လှူနိုင်ပါတယ်။

အလှူဝတ္ထုကတော့ "ဒုကူဋ်ခေါ်တဲ့ ၂-ထပ်သင်္ကန်းကြီးရယ်, ဧကသီရယ်, ခါးဝတ်သင်းပိုင်ရယ်" ဒီသင်္ကန်း ၃-မျိုးထဲက တစ်မျိုးမျိုးကိုလှူရင် ကထိန်ခင်းလို့ဖြစ်တာပါပဲ၊ ယခုကာလလို များများစားစား လှူမှရယ်လို့ မဟုတ်ပါဘူး၊ များများစားစားလှူလဲပဲ ကထိန်သင်္ကန်းဟာ တစ်ထည်ပါပဲ။

လှူတဲ့အခါမှာလဲပဲ ကိုယ်ကြည်ညိုနေတဲ့ဘုန်းကြီး, ကိုယ့်ကျောင်းက ကျောင်းထိုင်ဘုန်းကြီးကို ရည်မှန်းပြီး မလှူရဘူး၊ "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"၊ ဒီကထိန်

http://www.dhammadownload.com

သင်္ကန်းကို သံဃာအား လှူဒါန်းပါတယ်၊ ဒီလိုလျှောက်ထားပြီး သံဃာကိုရည်မှန်း လှူဒါန်းရမယ်။

အဲဒီကထိန်သင်္ကန်းကို ခံယူနိုင်တဲ့ပုဂ္ဂိုလ်, ကထိန်ခင်းနိုင်တဲ့ ပုဂ္ဂိုလ်ကတော့ ကထိန်ခင်းမည့်ကျောင်းတိုက်မှာ ဝါမထပ်ရင် ဝါဆိုလပြည့်ကျော် ၁-ရက်နေ့က ဝါကပ်ခဲ့ပြီး, ဝါထပ်ရင် ဒုတိယဝါဆိုလပြည့်ကျော် ၁-ရက်နေ့က ဝါကပ်ခဲ့ပြီး ဝါကျိုးမှု, ဝါပြတ်မှု မရှိဘဲ သီတင်းကျွတ်လပြည့်နေ့မှာ ပဝါရဏာပြုခဲ့တဲ့ရဟန်း ဖြစ်ရမယ်၊ ဝါကျိုး ဝါပြတ်တဲ့ရဟန်း, ဒုတိယဝါကပ်တဲ့ရဟန်း, ဝါဆိုဝါကပ်မှုမပြုတဲ့ ရဟန်း, အခြားကျောင်းတိုက်မှာ ဝါကပ်လာတဲ့ရဟန်း ဒီရဟန်းမျိုးတွေက ကထိန် သင်္ကန်းခံယူမှု မပြုနိုင်ဘူး။

အဲဒီလို ကထိန်ခင်းဖို့ရန် သံဃာအား လှူဒါန်းလာတဲ့သင်္ကန်းကို သံဃာတော်က ဝတ်စရာသင်္ကန်းမရှိတဲ့ ရဟန်းကို ပေးရမယ်၊ ဦးစားပေး ရွေးချယ်ရမယ်၊ ကထိန် သင်္ကန်းကို ခံယူနိုင်ခွင့်ရှိတဲ့ ရဟန်းအကုန်လုံး သင်္ကန်းပြည့်စုံနေသူချည်းဖြစ်နေရင် ဝါအကြီးဆုံးမထေရ်ကို ပေးရမယ်။

ပေးတဲ့အခါမှာလဲပဲ ရော့-အရှင်ဘုရား ဒီသင်္ကန်းကို ယူပြီး ကထိန်ခင်းပါ၊ ဒီလို လွယ်လွယ်ကူကူ ပေးရတာမျိုး မဟုတ်ဘူး၊ "ဥတ္တိဒုတိယကံ"ဆိုတဲ့ ကံ တစ်မျိုးကို ပြုလုပ်ပေးရမယ်၊ "သိမ်ထဲမှာ ဥတ္တိဒုတိယကမ္မဝါစာ-ဖတ်ပြီး ပေးရမယ်"လို့ ဆိုလိုတယ်၊ ဒါကြောင့်မို့လဲ အဲဒီကထိန်ခင်းမဲ့ သင်္ကန်းကို "ဥတ် သင်္ကန်း"လို့ ခေါ်ကြတာပဲ။

အဲဒီ ဥတ်သင်္ကန်းကို ရတဲ့ရဟန်းက (ဝိနည်းဒေသနာတော်အရ) ကထိန် ခင်းရမယ်၊ ပြီးတော့ ဝမ်းမြောက်ကျေနပ်ကြောင်း ပြောဆိုမြွက်ကြားရန် ကျန်ကထိန် သင်္ကန်းမရတဲ့ ရဟန်းတော်များကို တိုက်တွန်းရမယ်၊ ကျန် ကထိန်သင်္ကန်းမရတဲ့ ရဟန်းတော်များကလဲ ဝမ်းမြောက်ကျေနပ်ကြောင်း ပြောဆိုမြွက်ကြား ရမယ်၊ ဒီတော့ ကထိန်ခင်းတဲ့ရဟန်းရော, ဝမ်းမြောက်ကျေနပ်ကြောင်း ပြောဆိုမြွက်ကြားတဲ့ ရဟန်း တွေရော ရဟန်းအကုန်လုံး ကထိန်ခင်းတဲ့အတွက် ရသင့်တဲ့အကျိုးတွေကို ရကြတယ်၊ အဲဒီရသင့်တဲ့ အကျိုးတွေက ၅-ပါး:ရှိတယ်။

၁။ အနာမန္တစာရ= ထင်ရှားရှိတဲ့ရဟန်းကို ခွင့်မပန်ဘဲ ဆွမ်းမစားခင်ဘဲ ဖြစ်ဖြစ်, ဆွမ်းစားပြီးမှပဲဖြစ်ဖြစ် အိမ်တို့၌ မလှည့်လည်ရ၊ လှည့်လည်တဲ့ ရဟန်းမှာ အစေလကဝဂ် စာရိတ္တသိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်တယ်၊ ကထိန်ခင်းလိုက်တဲ့အတွက် ထင်ရှားရှိတဲ့ ရဟန်းကို ခွင့်မ ပန်ဘဲ အိမ်တို့၌ လှည့်လည်သွားလာနိုင်ပါတော့တယ်၊ အဲဒီ သိက္ခာပုဒ်

http://www.dhammadownload.com

တော်အရ အာပတ်မသင့်တော့ဘူး၊ ဒါဟာ ကထိန်ရဲ့ အကျိုးအာနိသင် တစ်မျိုးပဲ။

၂။ အသမာဒါနစာရ= ရဟန်းတော်တွေမှာ အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်းကို သွားလေရာရာ ယူပြီး အရုဏ်တက်ချိန်မှာ မိမိနဲ့မကင်းကွာအောင် နေရတယ်၊ ကင်းနေရင် ဒုတိယကထိန(စီဝရဝိပ္ပဝါသ)သိက္ခာပုဒ်အရ နိဿဂ္ဂိယပါစိတ်အာပတ် သင့်တယ်၊ ကထိန်ခင်းလိုက်တဲ့အတွက် အဲဒီလို မယူဘဲ ပေါ့ပေါ့ပါးပါး သွားလာနိုင်တော့တယ်၊ ဒါလဲ ကထိန်ရဲ့အကျိုး အာနိသင် တစ်မျိုးပဲ။

၃။ ဂဏဘောဇန= မအပ်တဲ့နည်းနဲ့ "ထမင်းစား ကြွပါ"လို့ ပင့်ရင် ရဟန်း ၄-ပါး အတူခံယူပြီး မစားကောင်း၊ ဂဏဘောဇနသိက္ခာပုဒ်အရ ပါစိတ် အာပတ်သင့်တယ်၊ ကထိန်ခင်းလိုက်တဲ့အတွက် အဲဒီလိုစားပေမဲ့ အာပတ် မသင့်တော့ဘူး၊ ဒါလဲ ကထိန်ရဲ့ အကျိုးအာနိသင် တစ်မျိုးပဲ။

[ဒါတင်မကသေးဘူး၊ ပရမ္မရဘောဇနသိက္ခာပုဒ်ကလဲ လွတ်လပ်ခွင့် ရတာပါပဲ၊ ဒါပေမဲ့ ဂဏဘောဇနနဲ့ သဘောသွား နည်းနည်းဆင်တဲ့ အတွက် အာနိသင်ထဲ ထည့်မဟောဟန် တူပါတယ်၊ ဒါမှမဟုတ်ရင်လဲ ပရမ္မရဘောဇနသိက္ခာပုဒ်ကို ကထိန်ကိုခွင့်ပြုပြီးမှ ပညတ်လို့ဖြစ်ဟန် တူပါတယ်၊ ပရမ္မရဘောဇဉ်-ဆိုတာက မအပ်တဲ့နည်းနဲ့ "ထမင်းစား ကြွပါ"လို့ ပင့်ထားတဲ့ ရှေးပင့်သူရဲ့ဆွမ်းကို မစားဘဲ နောက်မှရသော ဘောဇဉ်ကို စားခြင်းကို ဆိုတာ။]

၄။ ယာဝဒတ္ထစီဝရ= ကထိန်အာနိသင်မရရင် သင်္ကန်း(အဝတ်)ကို အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ ၁၀-ရက်လွန်အောင်မထားရ၊ ကထိန်အာနိသင်ရရင်တော့ အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ အလိုရှိသလောက် ထားနိုင်တယ်၊ အဲဒီလိုထားတဲ့ အတွက် ပထမကထိနသိက္ခာပုဒ်အရ အာပတ်မသင့်တော့ဘူး၊ ဒါလဲ ကထိန်ရဲ့ အကျိုးအာနိသင် တစ်မျိုးပဲ။

၅။ ယော စ တတ္ထ စီဝရုပ္ပါဒေါ၊ ဘော နေသံ ဘဝိဿတိ= ကထိန်ခင်းတဲ့ ကျောင်းတိုက်မှာ ဖြစ်ပေါ်လာသမျှ သံဃိကသင်္ကန်း(အဝတ်အထည်) များကို ကထိန်အာနိသင် ရထားတဲ့ အဲဒီကျောင်းတိုက်ရှိ ရဟန်းများ ကသာ ဝေဖန်ယူနိုင်တယ်၊ အခြားရဟန်းများနဲ့ မဆိုင်တော့ဘူး၊ ဒါလဲ ကထိန်ရဲ့အကျိုးအာနိသင် တစ်မျိုးပဲ။

http://www.dhammadownload.com

အဲဒီအကျိုး ၅-ပါးကို တပေါင်းလပြည့်နေ့ထိအောင် ခံစားခွင့်ရှိတယ်၊ ဒီတော့ သံဃာတော်တွေအတွက် အဲဒီထိအောင် အကျိုးသက်ရောက်မှုရှိတဲ့ ကထိန်အလှူကို လှူဒါန်းရသူတို့မှာလဲပဲ ဘယ်လို တူတဲ့အကျိုးတွေ ရနိုင်တယ်ဆိုတာကို အရေးမကြီးလှတဲ့အတွက် မပြောလိုတော့ပါဘူး၊ မင်းတို့ ခေတ်ပညာတတ် လူငယ်တွေက မပြောပေမဲ့ မှန်းဆနားလည်နိုင်စရာ ရှိပါတယ်။

အခုခေတ်မှာတော့ ခုနကပြောခဲ့တဲ့ ဥတ်သင်္ကန်းရဲ့ အခြေအရံဖြစ်တဲ့ လှူဖွယ်ဝတ္ထုတွေလဲ ပါလာတတ်သေးတယ်၊ အဲဒါတွေကို စုပေါင်းပြီးတော့ "ဥတ်မကြီး" လို့ ခေါ်ကြတယ်၊ အခုတော့ "ညှပ်မကြီး"လို့ ခေါ်သူက များနေတယ်။

ဘယ်ပစ္စည်းဝတ္ထုတွေက ကျောင်းတိုက်သံဃိကပါဘုရား၊ ဘယ်ပစ္စည်းဝတ္ထုတွေကတော့ ပင့်သံဃာအတွက်ပါဘုရား၊ ဘယ်ပစ္စည်းဝတ္ထုတွေကတော့ ဥတ်သင်္ကန်း ခံယူတဲ့ ပုဂ္ဂိုလ်အတွက်ပါဘုရား၊ ဒီလို အလှူဒကာက ခွဲခြားပြီး မလျှောက်ထားရင် အဲဒီဥတ်မကြီးမှာ ပါနေတဲ့ ပစ္စည်းအားလုံးဟာ ဥတ်သင်္ကန်း ရသူနဲ့သာ ဆိုင်တော့တယ်၊ ဒီတော့ မင်းတို့ ဒကာတွေက ကိုယ်ရည်မှန်းထားတဲ့ အတိုင်း ခွဲခြားလျှောက်ထားကြရမယ်။

အခုနေအခါမှာတော့ သင်္ကန်းရွက်တဲ့ ပုဂ္ဂိုလ်က မရှိသလောက် ဖြစ်နေတဲ့အတွက် မထေရ်ကြီးချည်း ဥတ်သင်္ကန်းကို ရနေတတ်တယ်၊ အဲဒီမထေရ်ကြီးက တိုက်ထဲမှာရှိနေတဲ့ သံဃာတော်တွေနဲ့ ဝေစားမျှစား ပုဂ္ဂိုလ်ဖြစ်နေရင် တော်ပါသေးတယ်၊ ရသမျှပစ္စည်းတွေကို ငါပိုင်ချည်းလုပ်ထားရင်သာသနာအတွက် အမြတ်မထွက်ဘူး၊ ဒါမျိုးတွေကိုလဲပဲ မင်းတို့ ဒကာတွေက သတိထားကြရမယ်။

မင်းတို့သာသနာပြုနေကြတဲ့ ဒကာ ဒကာမတွေဆိုတာဟာ တို့-ဒီလို ထောက်ပံ့လှူဒါန်းလိုက်တဲ့အတွက် ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ ဘယ်လိုအကျိုးရှိနိုင်တယ်, ဘယ်လိုတိုးတက်နိုင်တယ်, ဘယ်လိုကြီးပွားနိုင်တယ်-ဆိုတာတွေကို အမြဲအာရုံပြုလှူဒါန်းကြရမယ်၊ တို့-ကိုးကွယ်တဲ့ ကျောင်းတိုက်အတွက်, တို့-ဆရာတော်အတွက် ဆိုတဲ့ အင်မတန် ကျဉ်းမြောင်းသေးသိမ်တဲ့ စိတ်စေတနာမျိုးကို မထားရဘူး၊ တိုက်တာရေး, ပုဂ္ဂိုလ်ရေးထက် သာသနာရေးကို ဦးစားပေးရမယ်၊ ဒါမှလဲ သာသနာပြုရာ ရောက်တော့မပေါ့။

ပြီးတော့ ဒီကထိန်သင်္ကန်းဆိုတာက ဆရာတော်တစ်ပါးလောက်, ကျောင်းထိုင်ဘုန်းကြီးတစ်ပါးလောက်ကိုရည်စူးပြီး လှူဒါန်းတဲ့သင်္ကန်းမျိုး မဟုတ်ဘူး၊ သံဃာတော်အားလုံးကို ရည်စူးလှူပါမှ, တတ်နိုင်ရင် တစ်သာသနာလုံးကို ရည်စူး လှူဒါန်းပါမှ သံဃိကအစစ်ဖြစ်နိုင်တယ်၊ အဲဒီလိုသံဃိကအစစ် ဖြစ်မှလဲပဲ ကထိန်မြောက်နိုင်တယ်။

http://www.dhammadownload.com

အခုကတော့ ကိုယ်ကြည်ညိုတဲ့ဆရာတော်, ကိုယ်ကြည်ညိုတဲ့ ကျောင်းထိုင်ဘုန်းကြီးလောက်ကို ရည်စူးပြီး ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းကြတာက များနေတယ်၊ ဒီတော့ ဒါတွေဟာ သံဃာတော်တွေက ဘယ်လိုလုပ်လုပ် ကထိန် မြောက်ပါအုံးမလား၊ ကထိန်အလှူ ဖြစ်နိုင်ပါအုံးမလား ?။

"မဖြစ်နိုင်တော့ပါဘုရား"။

အေး--ကထိန်အလှူ မဖြစ်နိုင်ရင် ကထိန်ခင်းမှုကို အကြောင်းပြုပြီး ရသင့်တဲ့ အကျိုးအာနိသင်များကို သံဃာတော်များကလဲ မရနိုင်တော့ဘူး၊ မင်းတို့ ဒကာတွေကလဲ မရနိုင်တော့ဘူးပေါ့၊ ၂-ဦး ၂-ဖက်လုံး ဆုံးရှုံးရတော့တယ်။

အဲဒီလို ဆုံးရှုံးရုံတင် မကသေးဘူး၊ သံဃာတော်များက ကထိန်အာနိသင် ရတယ်ထင်ပြီး ကထိန်အာနိသင်ကြောင့် လွတ်လပ်ခွင့်ရနေတဲ့ သိက္ခာပုဒ်တွေကို ကူးသွန်မိရင် အချောင်အာပတ်သင့်နေအုံးမယ်၊ ဒီတော့ နားမလည် ပါးမလည်နဲ့ လှူဒါန်းတဲ့ ကထိန်အလှူဟာ "ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်ကြောင့်လေး"ဆိုသလို ဖြစ်နေတယ်ဆိုတာ သတိပြုကြရလိမ့်မယ်။

အခုခေတ်ဖြစ်နေကြပုံပဲ နည်းနည်းဆက်ပြောအုံးမယ်၊ ကထိန်အလှူဆိုတာဟာ ဒကာကြီးဦးရာကျော် ပြောခဲ့သလို အစပထမကတော့ သင်္ကန်းအလှူသက်သက်ပဲ ဖြစ်တယ်၊ အခုခေတ်မှာတော့ တဖြည်းဖြည်း လူတွေက တိုးချဲ့လာတာနဲ့ အခြေအရံဖြစ်တဲ့ အခြားလှူဖွယ်တန်းရန်တွေလဲ ပါလာတတ်ကြတယ်။

ဒီလှူဖွယ်တန်းရန်တွေဟာ ရဟန်းသံဃာတွေအတွက် တကယ်အသုံးလိုနေတဲ့ ပစ္စည်း ဟုတ်ဘလား, မဟုတ်ဘူးလား--ဆိုတာကို ထည့်သွင်းစဉ်းစားတဲ့ လူက အင်မတန်နည်းနေတယ်၊ ပဒေသာပင်မှာ ချိတ်ဆွဲလို့လှအောင်, လူမြင်ကောင်းအောင်-ဆိုပြီး လုပ်နေကြတာက များနေတယ်၊ ရဟန်းများမှာ အသုံးဝင်တာထက် ဂုဏ်ပကာသနရဲ့ နောက်ကို လိုက်နေကြတာက များနေတယ်။

ပြီးတော့ အတီးအမှုတ် အကအခုန်တွေနဲ့ ရပ်ကွက်တကာလိုက်ပြီး အလှူခံ၊ ရလာတဲ့ဝတ္ထုတွေထဲက ရဟန်းသံဃာများကို လှူကြတန်းကြတာက နည်းနည်းပါးပါး မဖြစ်စလောက်၊ သူတို့ဗိုက်ထဲကို ရောက်နေတာ, ပွဲလမ်းသဘင် အတီး အမှုတ် အကအခုန်တွေဘက် ရောက်နေတာတို့က များနေတယ်၊ ကထိန်ဟာ အလှူဒါန ဆိုပေမဲ့ အချို့နေရာတွေမှာတော့ ပျော်ပွဲရွှင်ပွဲဆန်ဆန် ဖြစ်နေကြပြီ။

ဒါတွေကို မင်းတို့ခေတ်လူငယ်တွေက တဖြည်းဖြည်းပြုပြင်ယူရမယ်၊ နေရာတကာ ဘုန်းကြီးတွေချည်း လုပ်လို့ရတာ မဟုတ်ဘူး၊ မင်းတို့လောကီလူသားတွေအတွက် ပျော်ပွဲရွှင်ပွဲတွေ လုပ်တာကိုတော့ တို့က ဘာမှ မပြောလိုပါဘူး၊ ဒါပေမဲ့

http://www.dhammadownload.com

ပျော်ပွဲရွှင်ပွဲက တခြား၊ ကုသိုလ်ကောင်းမှုလုပ်တာက တခြား၊ ဒီလို ကတ္တားခြားပြီး လုပ်ကြရမယ်။

ကထိန်ခင်းရန်အတွက် အစောကြီးက ခင်းမဲ့ကျောင်းဘုန်းကြီးနဲ့တိုင်ပင်ပြီး ဖြတ်ပိုင်းရိုက် အလှူခံတာတို့ဆိုတာလဲ မလုပ်ကောင်းဘူး၊ အဲဒီလိုအလှူခံလှူလို့ ကထိန်မဖြစ်ဘူး၊ ကထိန်ဆိုတာ ခင်းမဲ့ကျောင်းဘုန်းကြီးရဲ့ပယောဂမပါရဘူး၊ အခြားသာသနာ့ဝန်ဆောင်ရဟန်းသာမဏေတွေရဲ့ ပယောဂလဲမပါရဘူး၊ ဒါတွေကို သတိထားရမယ်။

ဒါတွေဟာ ခေတ်သဘောနဲ့ပဲကြည့်ကြည့်, ဘာသာရေးသဘောနဲ့ပဲကြည့်ကြည့် အင်မတန် မသင့်တော်တဲ့ လုပ်ငန်းတွေ ဖြစ်နေတယ်၊ ကထိန်ခေတ်ကျရင် အလှူခံတွေ များလွန်းလို့ လူတွေက ငြီးငွေ့လာကြပြီ၊ စေတနာသဒ္ဓါတရား မရှိဘဲ လူတွေကို အားနာတာနဲ့ အလှူငွေတွေ ထည့်နေကြရတယ်၊ ဒါတွေဟာ ဘာသာရေး အတွက် ကောင်းတဲ့ အလုပ်တွေ မဟုတ်ပါဘူး။

ဒီတော့ အကောင်းဆုံးကတော့ အခုလိုတစ်ဦးတည်းတတ်နိုင်ရင် တစ်ဦးတည်းလှူ၊ တစ်ဦးတည်းမတတ်နိုင်ရင် ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ရပ်ကွက်ထဲမှာ နေကြတဲ့ သဘောတူသူချင်း စုပေါင်းပြီး လှူ၊ ဒါလောက်ပဲ ကောင်းပါတယ်၊ သူများဆီက တစ်ဆင့်အလှူခံပြီး လှူကြတာကတော့ မကောင်းလှပါဘူး၊ သန့်ရှင်းတဲ့ကထိန်ဖြစ်ဖို့ မလွယ်ဘူး။

လှူတဲ့အခါမှာလဲပဲ ကထိန်ခံမဲ့ကျောင်းတိုက်မှာရှိတဲ့ သံဃာအရေအတွက်ကို ကြည့်ပြီး သင်္ကန်းကို ဦးစားပေးလှူရမယ်၊ ပိုလျှံနေမယ်ဆိုရင် ဖိနပ်တွေ, စောင်တွေ, သံဃာတော်မှာ မရှိမဖြစ်တဲ့ စာအုပ်စာတန်းတွေ, သံဃာတော်အတွက် အသုံးလိုနေတဲ့ အိုးခွက်တွေ ဒါတွေကို မိမိတို့ရဲ့ အင်အားအလျောက် လှူဒါန်းကြရမယ်၊ ဖြည့်စွက်ပေးကြရမယ်၊ ဒါမှလဲ သံဃာတော်တွေ ပရိယတ်အလုပ်, ပဋိပတ်အလုပ်ကို လုပ်ကြတဲ့ အခါမှာ ချမ်းသာလွယ်ကူစွာ လုပ်နိုင်ကြမယ်၊ ရဟန်းသံဃာအတွက် ဘာမှအရေးမကြီးတဲ့ သံဃာတော်များမှာ မရှိရင်လဲဖြစ်နိုင်တဲ့ ဓိမ်ခံပစ္စည်းတွေကိုတော့ ရှောင်နိုင်သမျှ ရှောင်တာကောင်းတယ်။

ကျောင်းနေသံဃာက လှူဖွယ် သိပ်မရဘဲ ကျောင်းဘုန်းကြီးနဲ့ ကထိန်အပြန်အလှန်ပင့်တဲ့ အခြားကျောင်းမှ သံဃာတွေက လှူဖွယ်များများရတတ်တဲ့ ကထိန်မျိုးလဲ မဖြစ်စေနဲ့။

အခု အချို့နေရာတွေမှာ ဖြစ်နေကြတာကတော့ ဟိုကျောင်းက ပင့်သံဃာ ၂၀–ပင့်ရင် ဒီကျောင်းက ၃၀–ပင့်မယ်၊ ဒီကျောင်းက အငြိမ့်ပါရင် ဟိုကျောင်းက ဇာတ် သွင်းမယ်၊ ဟိုကျောင်းက မုန့်ဟင်းခါးအချိန် ၂၀၀–နဲ့ ဧည့်ခံရင် ဒီကျောင်းက

http://www.dhammadownload.com

အချိန် ၃၀၀-နဲ့ ဧည့်ခံမယ်၊ အဲဒီလို မဟုတ်တဲ့နေရာမှာ ဂုဏ်တုဂုဏ်ပြိုင် လုပ်နေကြတယ်၊ ဒီကတည်းက သိပ်မှားနေပြီပေါ့။

"မင်းတို့ပဲ စဉ်းစားကြည့်စမ်းပါ၊ အလှူဒါနလုပ်တယ်ဆိုတာဟာ ဒီဘဝအတွက်လား, နောက်ဘဝတွေအတွက်လား ဆိုတာကို ?"။

"နောက်ဘဝတွေအတွက်ပါဘုရား"။

"အေး နောက်ဘဝတွေအတွက်ဆိုရင် ဒီဘဝမှာ သူများထက်သာအောင် ပကာသနမှုတွေ လုပ်တာဟာ ဂုဏ်ယူစရာ ဟုတ်နိုင်ပါအုံးမလား ?"။

"မဟုတ်နိုင်တော့ပါဘုရား"။

"ဒီတော့ နောက်ဘဝတွေအတွက် ရည်ရွယ်ပြီး ဒါနလုပ်ရိုးမှန်ရင် နောက်ဘဝတွေအတွက် အကျိုးကြီးမားအောင် မလုပ်သင့်ပေဘူးလား. ?"။

"လုပ်သင့်ပါတယ်ဘုရား"။

ဒီတော့ကာ နောက်ဘဝတွေအတွက် အကျိုးကြီးမားစေလိုရင် ယခုလို ဒါနလုပ်တဲ့အခါမှာ ဂုဏ်ပကာသန အသိုင်းအဝိုင်းတွေ ကင်းနိုင်သမျှ ကင်းပါစေ၊ အတီးအမှုတ် အကအခုန်-စတဲ့ အကုသိုလ်အသိုင်းအဝိုင်းတွေ လုံးဝမပါစေနဲ့၊ တို့လုပ်တဲ့ အလှူဒါနဟာ နိဗ္ဗာန်ရသည့်တိုင်အောင် အဆင့်ဆင့်ကောင်းကျိုးတွေကို ပေးနိုင်ဝယ်ဆိုတဲ့ ယုံကြည်မှု အပြည့်အဝ ရှိရမယ်၊ တို့မှာ အဝတ်အစား-စတဲ့ အရာဝတ္ထုတွေ ပြည့်စုံသလို သံဃာတော်တွေမှာလဲပဲ ပြည့်စုံပါစေဆိုတဲ့ မေတ္တာစေတနာ အပြည့်အဝထား၊ တို့ဟာဖြင့် ဒီဒါနကုသိုလ်ကြောင့် နိဗ္ဗာန်မဂ်ဖိုလ်ကို ရရပါလို၏၊ ဒါမှမဟုတ်ရင် ပစ္စေကဗောဓိဉာဏ်ကို ရရပါလို၏၊ ဒါမှမဟုတ်ရင် သဗ္ဗညုတဉာဏ်ကို ရရပါလို၏၊ အဲဒီ ၃-မျိုးထဲက တစ်မျိုးမျိုးကို ဆုတောင်း၊ အဲဒီ လို ပြုလုပ်တဲ့ဒါနမှ နောက်ဘဝတွေအတွက် အကျိုးများနိုင်တယ်၊ အဆုံးမှာ ဘဝကင်းပြတ်ပြီး နိဗ္ဗာန်ထိအောင် အရောက်ပို့နိုင်တယ်။

ဒီတော့ မင်းတို့တစ်တွေလဲပဲ နောင်ဘဝအဆက်ဆက် အကျိုးကြီးမားအောင်, ဘဝကင်းပြတ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် စနစ်တကျ ဒါန-စတဲ့ကုသိုလ်များကို ဆည်းပူးအားထုတ်နိုင်ကြပါစေသတည်း။

လက်တွဲညီညာ ဆရာဒကာ

"ဘုရားတပည့်တော် နောက်ထပ်တစ်ခု လျှောက်ထားလိုပါသေးတယ် ဘုရား၊ ကထိန်တရားက ဒီလောက်ဆိုရင် တပည့်တော်များအတွက် ပြည့်စုံပါပြီ၊ လုံလောက်ပါပြီ၊ ကထိန်နေ့ကျတော့ ရဟန်းတော်များနဲ့ ဒကာဒကာမများ

http://www.dhammadownload.com

ဆက်ဆံရေးကို ဟောပေးစေလိုပါတယ်၊ အဲဒီနေ့ကျတော့ ဒီသားနဲ့သမီးတွေက စည်းရုံးထားတဲ့အတွက် လူလဲ အတော်စုံပါလိမ့်မယ်၊ ခုကာလ သားသမီးတွေက ရဟန်းသံဃာများအပေါ်မှာ ရှိသေမှု နည်းနေတာကို အများဆုံး တွေ့နေရပါတယ်ဘုရား"။

ဆရာတော်ဦးဓမ္မိကာ၏ ကထိန်နဲ့ ပတ်သက်သော ဩဝါဒအဆုံးမှာ ဦးရာကျော်က မိမိ၏ဆန္ဒကို ဖွင့်ဖော်လျှောက်ထားသည်၊ ဆရာတော်ဦးဓမ္မိကကလည်း ဦးရာကျော်၏ဆန္ဒကို လိုက်လျောတော်မူသည်၊ ထို့နောက် အလှူနေ့မှာ ဆူဆူညံညံဖြစ်မည်စိုးသည့်အတွက် မောင်မျိုးသန့်တို့ဘက်ကို လှည့်၍မေးတော်မူသည်။

"မောင်မျိုးသန့်၊ ဒို့ ဧည့်ခံကျွေးမွေးမယ်–ဆိုတာ ဘယ်လိုစီစဉ်ထားကြသလဲ၊ ကျောင်းဝင်းထဲမှာ ဆူဆူညံညံ ဖြစ်နေအုံးမှာလား ?"။

"မဖြစ်စေရပါဘုရား၊ ဆရာတော်များကို ဆွမ်းပင့်ကျွေးတုန်းက ဇွန်းသံ, ပန်းကန်သံမှ မကြားရအောင် ငြိမ်ငြိမ်သက်သက် သိမ်သိမ်မွေ့မွေ့ ဘုဉ်းပေးနေကြာတာကို တွေ့ရတဲ့အတွက် မကြည့်ဝင်းကိုယ်တိုင်က အတော်ကြည်ညိုမှုရသွားပါတယ်ဘုရား၊ ဒီလို ငြိမ်သက်သိမ်မွေ့တဲ့ သံဃာတော်တွေ သီတင်းသုံးတဲ့ ကျောင်းတိုက်မှာ ပရိသတ်ကို ဧည့်ခံကျွေးမွေးတော့ ငြိမ်ငြိမ်သက်သက်ဖြစ်မှ တော်မယ်လို့ သူကပဲ စတင်ပြောဆိုလာပါတယ်၊ ဒါနဲ့ တပည့်တော်တို့ ၂–ဦးသား တိုင်ပင်ပြီး အစီအစဉ် ရေးဆွဲထားပါတယ်၊ ဧည့်ပရိသတ်ကိုလဲ ဖိတ်စာကမ်းရင်း တပည့်တော်ကိုယ်တိုင် ပြောဆိုစည်းရုံးထားပါတယ်၊ ဒီအတွက်လဲ စည်းဝေးကြအုံးမှာပါ၊ ဒီအတွက်တော့ ဆရာတော် ဘာမှစိုးရိမ်တော်မမူပါနဲ့၊ ဆရာတော် အလိုရှိတဲ့အတိုင်း ဖြစ်ပါလိမ့်မယ်ဘုရား"။

"အေး–လူများလို့ရှိရင် ဆူတတ်လွန်းအားကြီးလို့ ပြောနေရတာပါ၊ မင်းတို့က ကြိုတင်စီစဉ်ထားတယ်ဆိုရင်လဲ ပြီးတာပါပဲ"။

ပကာသနာ ကထိန်

ဦးအင်ဖား+ဒေါ်တင်ကြည်တို့က မိမိတို့နဲ့ နီးစပ်သော ကျောင်းတစ်ကျောင်းဌ်တန်ဆောင်မုန်းလဆန်း ၁၀–ရက်နေ့မှာ ကထိန်သင်္ကန်း ကပ်လှူရန် စီစဉ်နေကြသည်၊ ဦးရာကျော်တို့ တစ်အိမ်သားလုံးကိုလည်း ဖိတ်ထားသည်၊ မောင်မျိုးသန့်နဲ့ မကြည့်ဝင်းတို့ကိုမူ ၉–ရက်နေ့ ညနေကပင် လာရောက်ကူညီရန် ခေါ်ထားသည်။

"မကြည့်ဝင်းရဲ့ အမေအဖေတို့က သူတို့ကထိန်အလှူမှာ ကူညီဆောင်ရွက်ပေးရန် ခေါ်ထားတဲ့အတွက် ဒီနေ့ ညနေမှာပဲ ကျွန်တော်တို့ သွားပါရစေ"။

http://www.dhammadownload.com

၉-ရက်နေ့ ညနေမှာ မောင်မျိုးသန့်နဲ့ မကြည်ဝင်းတို့က အလှူသို့ သွားခွင့်ပေးရန် ဦးရာကျော်ထံမှာ ခွင့်ပန်ကြသည်။

"အေး သွားတော့ သွားကြပေါ့ကွာ၊ ဒါပေမဲ့ မတော်တာတွေ့တိုင်း မင်းတို့က ဝင်ဝင်ပြောမနေကြနဲ့၊ ရေလိုက်ငါးလိုက်ဆိုသလိုနေ၊ သူတို့ခိုင်းတဲ့အတိုင်း လုပ်ပေး၊ သူတို့မှာ ဆရာကြီးတွေက ရှိနေသေးတယ်၊ ဘာမှ ဆန့်ကျင်ဘက် မဖြစ်စေနဲ့၊ အခြေအနေမပေးခင်တော့ အောင့်အီး သည်းခံပြီး နေကြသေးတာပေါ့၊ သူတို့အမှားကို သူတို့မြင်လာတဲ့တစ်နေ့မှာ မင်းတို့က ဦးဆောင်ခွင့်ရလာကြလိမ့်မယ်၊ အဲဒီတော့မှ မင်းတို့သဘောကျ စီစဉ်ပေးကြတာပေါ့၊ ငါပြောတာကို နားလည်ကြရဲ့လား၊ သဘောပေါက်ကြရဲ့လား ?"။

"နားလည်ပါတယ်၊ သဘောပေါက်ပါတယ် အဖေ"။

မောင်မျိုးသန့်နဲ့ မကြည်ဝင်းတို့၏ နှုတ်ဖျားမှ ပြိုင်တူ တစ်သံတည်း ထွက်လာသည်။

"အေး ဒါဖြင့် သွားကြတော့၊ နောက်ကျနေအုံးမယ်"။

မောင်မျိုးသန့်နဲ့ မကြည်ဝင်းတို့ ရောက်သွားသည့် အချိန်မှာ ရန်ကုန်က ခေါ်ထားသော တီးဝိုင်းများကလည်း အိမ်နား လမ်းပေါ်မှာ တီးမှုတ်ရန် အစပြုနေပါပြီ၊ အငြိမ့်ကလည်း ကျောင်းဝိုင်းထဲမှာ က-ရန် ပြင်ဆင်နေပါပြီ၊ ကျောင်းနဲ့ အိမ်ကလည်း ဝေးလှသည် မဟုတ်ပါ၊ ခဲတစ်ပစ်စာလောက်သာ ကွာပါသည်။

ချက်ပြုတ်ရန် တာဝန်ယူထားသူများကလည်း အိမ်နောက်ဖေးမှာ ဆူဆူညံညံ ဖြစ်နေကြသည်၊ ပုလင်း ထောင်မပေးသည့်အတွက် အိုးဖင်အောက်က မီးပင် မတောက်သေးပါ၊ အလိုက်သိစွာဖြင့် အလှူအတွက် ကူညီလုံးပမ်းနေသူများက ပုလင်းထောင်ပေးလိုက်မှ မီးတောက်လာပါတော့သည်။

တီးဝိုင်းနားထောင်ရန်, အငြိမ့်ကြည့်ရန် လာရောက်သော ပရိသတ်ကလည်း စည်ကားလှဘိသည်၊ မြို့တွင်း ရပ်ကွက်ပေါင်းစုံမှ လာကြသလို မြို့စွန်မြို့ဖျားမှ လာကြသူများလည်း မနည်းလှပါ၊ လှေသမ္မန်များ, မော်တော်များ, လှည်းများနဲ့ အဆင်ပြေသလို တောရွာများမှလည်း စုပြုံလာရောက်ကြပါသည်၊ ယင်းသို့ လာရောက်ကြသော လူထုပရိသတ်နဲ့ ကျောင်းဝိုင်းထဲမှာလည်း ကြိတ်ကြိတ်တိုး ဖြစ်နေသည်၊ အိမ်နားလမ်းပေါ်မှာလည်း ကြိတ်ကြိတ်တိုး ဖြစ်နေသည်။

ထိုစဉ် အမျိုးသမီးကလေးများကို နောက်ပြောင်ရာမှစပြီး ကျောင်းသားလူငယ်များ တစ်ဖက်နဲ့တစ်ဖက် ခိုက်ရန်ဖြစ်ပွားကြသည်၊ ဆဲလိုက်ဆိုလိုက်နဲ့ တစ်ဖက်နဲ့ တစ်ဖက် ရိုက်နှက်ကြမည်ဟု ရန်စောင်နေကြသည်။

http://www.dhammadownload.com

ထိုစဉ် ဘေးကလူများက ကြောက်လန့်တကြား နီးရာအိမ်များကို တက်ပြေးကြသည်၊ ယင်းသို့ တက်ပြေးလာသော လူများကြောင့် အလှူအိမ်၌ သံဃာတော်များကို နံနက်အရုဏ်ဆွမ်းကပ်ရန် ပြင်ဆင်ထားသော ဟင်းအိုးများလည်းမှောက်, ပန်းကန်ခွက်ယောက်များလည်း ကွဲ, လှူဖွယ်တန်းရန်များလည်း ကစဉ့်ကရဲဖြစ်သွား, လူများကလည်း အလန့်တကြား ဖြစ်သွားပါတော့သည်၊ ဦးအင်ဖား+ ဒေါ်တင်ကြည်တို့လည်း အတော်ပင် စိတ်ထိခိုက်သွားပုံရပါသည်။

ရပ်ကွက်လူကြီးများနဲ့ ပြည်သူ့ရဲများက အချိန်မီ အုပ်ထိန်းနိုင်သည့်အတွက် မကြာမီမှာပင် ငြိမ်းအေးသွားပါသည်၊ ပရိသတ်များကလည်း နေသားတကျ ကြည့်ရှုနားထောင်နေကြပါသည်။

အလှူအိမ်၌ကား အတော်ပင် အလုပ်ရှုပ်သွားကြသည်၊ အချို့က သံဃာတော်များကပ်ရန် ညတွင်းချင်း ဟင်းလိုက်ရှာကြသည်၊ အချို့က ပန်းကန်ခွက်ယောက်များ အစားလိုက်ရှာကြသည်၊ အချို့က ကစဉ့်ကရဲဖြစ်သွားသော လှူဖွယ် တန်းရန်များကို နေသားတကျဖြစ်အောင် ပြုပြင်ကြရသည်၊ အချို့က ပျက်စီးသွားသည်များကို အစားလုပ်ကိုင်ပေးနေကြသည်။

မောင်မျိုးသန့်က ကထိန်သင်္ကန်းလှည့်ရန် ယာဉ်များပြင်ဆင်ရာ၌ ကူညီလုပ်ကိုင်ပေးနေသည်၊ မိုးလင်းခါနီးမှ ပြီးသည်၊ မကြည်ဝင်းကမူ အမေဖြစ်သူ ဒေါ်တင်ကြည်နားမှာ နေ၍ လိုအပ်သမျှကို ကူညီလုပ်ကိုင်ပေးနေသည်။

နံနက် အရုဏ်ဆွမ်းကို အိမ်မှာပင် ဆက်ကပ်လှူဒါန်းကြသည်၊ သံဃာတော်များကလည်း ထမင်းကောင်းကြောင်း, ဟင်းကောင်းကြောင်း သောင်းကြောင်းထွေလာပြောဆိုသုံးဆောင်ကြပါသည်၊ ၇၀၀–တန် ဥတ်သင်္ကန်းကို ကြည့်လိုသေးသည်ဆို၍ ကရဝိက်ယာဉ်မှာ ချိတ်ဆွဲထားရာမှ မောင်မျိုးသန့်ကိုယ်တိုင် ယူဆောင်လာလျက် ပြလိုက်ရပါသေးသည်။

သံဃာတော်များ ပြန်ကြွသွားသည့်အချိန်မှာ ကထိန်သင်္ကန်းလှည့်ရန် စီစဉ်ကြသည်၊ ကရဝိက်ယာဉ်ပေါ်မှာ လှူဖွယ်တန်းရန်များကို ကြည့်ကောင်းအောင် ပြင်ဆင်ချိတ်ဆွဲကြသည်။

လှူဖွယ်တန်းရန်များမှာ ကထိန်ခံမည့်ကိုယ်တော်သဘောကျ ဝယ်ပေးရသော ၇၀၀–တန် ခေတ်ပေါ်ဥတ်သင်္ကန်းတစ်စုံ, အခြားသံဃာတော်များအတွက် ပိတ်သင်္ကန်း ၂၁–စုံဖြစ်သည်၊ အခြားတိုလီမိုလီ ဟိုကဒီက ကူညီချိတ်ဆွဲကြသော ပစ္စည်းတွေကလည်း အတော်အများသား၊ သို့ဖြင့် ကရဝိက်ယာဉ်မှာ အတော်ကြည့်ကောင်းသွားပါတော့သည်၊ မြို့ငြိမ်မြို့ဆိုင်ဆိုင် ဖြစ်သွားပါတော့သည်။

http://www.dhammadownload.com

ယင်းကရဝိက်ယာဉ်က ရှေ့ဆုံးမှထွက်သည်၊ အငြိမ့်သမများက နောက်မှသီးသန့် ယာဉ်တစ်စီးဖြင့် တီးမှုတ်ကခုန်လိုက်ပါလာကြသည်၊ ငွေပဒေသာပင်ကို ကိုင်ထားသော အမျိုးသမီးကလေးများ, အချို့သော ဧည့်ပရိသတ်များက နောက်မှ တန်းစီလိုက်ပါလာကြသည်၊ တီးဝိုင်းသမားများက နောက်ဆုံးမှ ကားတစ်စီးဖြင့် တီးမှုတ်လိုက်ပါလာကြသည်။

ဦးဘချိုလမ်းအတိုင်း မြောက်ပိုင်းအဖျား ၁–လမ်းထိအောင်လှည့်၍ ကမ်းနားလမ်းအတိုင်း ကွေ့လာလျက် ကျောင်းတိုက်ထဲကို ၈–နာရီလောက်မှာ ရောက်လာကြသည်၊ ကျွေးမွေးဧည့်ခံမည့်သူများက ဓမ္မာရုံထဲမှာ အဆင်သင့် ပြင်ဆင်ထားနှင့်ကြသည်။

"မုန့်ဟင်းခါးသုံးဆောင်ရန် ကြွတော်မူကြပါ ခင်ဗျား"။

အသံချဲ့စက်မှ ထွက်ပေါ်လာသော အသံကို ကြားရသည်နဲ့တစ်ပြိုင်နက် သူ့ထက်ငါဦး ဓမ္မာရုံထဲကို အတင်းတိုးဝှေ့ ဝင်ရောက်လာကြသည်၊ ဦးရာလူက ဝင်ရောက်စားသောက်နေကြသည်၊ မုန့်လိုက်ပွဲတောင်းသံ, မုန့်ဟင်း တောင်းသံ, ငရုပ်မှုန့်တောင်းသံ, နံနံပင်တောင်းသံ, ဇွန်းသံ, ပန်းကန်သံ, ကလေးငိုသံတို့ဖြင့် ဘဝဂ်လျှံအောင် ဆူညံနေပါတော့သည်၊ ခုံမဆုံသည့်အတွက် ဘေးကထိုင်နေကြရသူများကလည်း တောပြောတောင်ပြော တသောသော ဖြစ်နေကြသည်။

ကျွေးမွေးဧည့်ခံနေသူများကလည်း တစ်သုတ်ပြီးတစ်သုတ် ဆေးကြောပြင်ဆင်ကျွေးမွေးဧည့်ခံနေကြပါသည်၊ ၉–နာရီသာသာလောက်မှာ မုန့်ဟင်းခါးအချိန် ၂၀၀–ကျော် ပြောင်စင်သွားပါတော့သည်။

မစားရသေးသည့်သူများကလည်း တစ်ဝက်နီးပါး ကျန်နေသေးသည်၊ သို့အတွက် ဆိုက်ကားနဲ့တစ်မျိုး, စက်ဘီးနဲ့တစ်သွယ် မုန့်ဟင်းခါးအဝယ် လွှတ်ရပါတော့သည်၊ ရရသမျှကို သိမ်းကျုံးဝယ်ယူလာကြလျက် ကျန်နေသူများကို ဖြစ်သလို ကျွေးမွေးရပါတော့သည်၊ သံဃာတော်များကို ကျွေးမွေးရန် ရှိသေးသည့်အတွက် ၁၀–နာရီသာသာလောက်မှာ ဧည့်ခံကျွေးမွေးမှုကို ရပ်ဆိုင်းထားလိုက်သည်။

၁၀–နာရီခွဲမှာ သံဃာတော်များကို ဆွမ်းကပ်လျက် ၁၂–နာရီအချိန်မှာ ကထိန်သင်္ကန်း ကပ်လှူကြသည်၊ ကထိန်ခံမည့်ကိုယ်တော်ကပင် တရားဟောသည်၊ ၁–နာရီခွဲအချိန်မှာ ရေစက်ချအမျှပေးဝေ၍ အလှူကိစ္စကို ပြီးဆုံးစေသည်။

ထူးဆန်းသည်မှာ ကျွေးမွေးဧည့်ခံသည့်အခါ မုန့်ဟင်းခါးအချိန် ၃၀၀–လောက် ကျွေးမွေးရစေကာမူ တရားနာသည့်အခါ ပရိသတ် ၃၀၀–ပင် ပြည့်မည်မထင်တော့ပါ။

http://www.dhammadownload.com

၂-ဖက်ရှုံးအလှူ

အလှူကိစ္စပြီးသွားသော်လည်း မောင်မျိုးသန့်နဲ့မကြည်ဝင်းတို့က ချက်ချင်း မပြန်ကြရသေးပါ၊ သိမ်းဆည်းစရာရှိသည်များကို ကူညီသိမ်းဆည်းပေးနေကြသည်၊ မိုးချုပ်ခါနီးမှ အိမ်ကို ပြန်လာကြသည်။

"ဘယ့်နယ်လဲဟေ့ ဒီနေ့အလှူကို မင်းတို့ ဘယ်လို သဘောရကြသလဲ၊ မင်းတို့စိတ်ထဲမှာ ရှိတဲ့အတိုင်း ငါ့ကိုပြောစမ်း ?"။

မောင်မျိုးသန့်နဲ့မကြည်ဝင်းတို့ ရေမိုးချိုး အဝတ်အစားလဲပြီး၍ ဧည့်ခန်း၌ အနားယူနေချိန်မှာ ဦးရာကျော်က မေးလိုက်သည်။

"အလှူဒါနလုပ်တယ်လို့သာ ဆိုရပါတယ်၊ အလှူပွဲရဲ့ သွင်ပြင်လက္ခဏာက မရှိသလောက်ပါဘဲ အဖေရယ်၊ မကြည်ဝင်းရဲ့ အမေအဖေတို့လဲပဲ စိတ်ချမ်းသာမှုရဟန် မတူပါဘူး၊ ညဦးပိုင်းမှာ ပွဲကြည့်လာတဲ့ ကျောင်းသားချင်း ရန်ဖြစ်တာနဲ့ သံဃာတွေအတွက်ချက်ထားတဲ့ ဟင်းအိုးတွေ မှောက်, ပန်းကန်တွေကွဲနဲ့ အတော်ကလေး ကသိကအောက် ဖြစ်သွားပါသေးတယ်၊ မနက်ပိုင်းမှာတော့ အဖေတို့လဲ မျက်မြင်ကိုယ်တွေ့ပါပဲ၊ ဒါတွေကို သားက ပြောစရာမလိုတော့ပါဘူး"။

မောင်မျိုးသန့်က မိမိထင်မြင်ချက်ကို ထိန်းထိန်းသိမ်းသိမ်း ပြောဆိုပြန်ကြားလိုက်သည်။

"ကထိန်အလှူလို့သာ ဆိုရပါတယ်အဖေရယ်၊ ကထိန်တော့ ဖြစ်မယ် မထင်ပါဘူး"။

မောင်မျိုးသန့်စကား ဆုံးသည်နဲ့တစ်ပြိုင်နက် မကြည်ဝင်းက မိမိထင်မြင်ချက်ကို စိတ်ပျက်အားငယ်စွာနဲ့ ပြောမည်လုပ်သည့်အခါ ဦးရာကျော်က စကားဆုံးအောင်ပင် မစောင့်နိုင်တော့ပါ။

"ဟေ့-သမီး ! သူများအလှူဒါနကို ဒီလိုတော့ မပြောကောင်းပါဘူးကွယ်"။

ကြားမှဖြတ်ကာ တားမြစ်လိုက်ပါတော့သည်။

"သမီးက မဟုတ်မတရားပြောတာ မဟုတ်ပါဘူး အဖေရယ်၊ အလှူရှင်တွေက ကျွန်မရဲ့အမေအဖေတွေပါ၊ ကထိန်ခံမယ့်ကိုယ်တော်က လိုချင်တယ်ဆိုတာနဲ့ ၇၀၀-တန် ဥတ်သင်္ကန်းကြီးကို ဝယ်ပေးရသတဲ့၊ ၇-ရက်နေ့က ဆရာတော်ဦးဓမ္မိက အမိန့်ရှိလိုက်တဲ့ ဩဝါဒအရ-ဆိုရင် ကထိန်ဖြစ်နိုင်

http://www.dhammadownload.com

ပါတော့မလား ?၊ အဖေလဲ စဉ်းစားကြည့်ပေါ့၊ ဆရာတော်ဦးဓမ္မိက မိန့်ဆိုချက် အရဆိုရင် ၂-ဖက်ရှုံးအလှူကြီးပဲ၊ ကုန်လိုက်တာကလဲ မနည်းပါဘူး၊ သောက် သောက်လဲပဲ၊ ပြီးတော့ သာသနာတော်အတွက် အမြတ်မထွက်တဲ့အပြင် အရှုံး ဘက်က များနေပါသေးတယ်"။

"သမီးပြောတာဟာ အကုန်လုံး အမှန်ချည်းပါပဲ၊ ဒါပေမဲ့ အပြင်ကို မပွင့် စေနဲ့၊ ကိုယ့်ဝမ်းထဲမှာပဲ ထား၊ သူတို့ကြားသွားက စိတ်မကောင်းဖြစ်နေအုံးမယ်၊ ပြီးပြီးသားဟာတွေ ပြီးပါစေတော့၊ သမီးတို့သွားခါနီးမှာ အဖေက မှာလိုက်တဲ့ အတိုင်း အခွင့်အခါကိုသာ စောင့်ကြည့်နေပါ၊ တစ်နေ့နေ့မှာ ကိုယ်က ကူညီ နိုင်တဲ့ အခွင့်အလှည့်ကို ရလာပါလိမ့်မယ်"။

တာဝန်ကိုယ်စီ

ဦးရာကျော်တို့ ကထိန်ရက်ကား တဖြည်းဖြည်း နီးကပ်လာခဲ့ပြီ၊ ကျွေးမွေး ညီခံရန်အတွက် ၁၂-ရက်နေ့မှာ ဦးရာကျော်တို့အိမ်၌ပင် ရွာလုံးကျွတ် စုဝေးတိုင်ပင် ကြသည်၊ မောင်မျိုးသန့်တို့ အမျိုးသားအဖွဲ့က တစ်အိမ်ဆွမ်းတစ်အုပ်ချက်ပို့ရန် အကြံပြုပြောဆိုလာကြသည်။

"တစ်အိမ်ဆွမ်းတစ်အုပ် ချက်ပို့နေက အချင်းချင်း ပန်းကန်များကြတာနဲ့, ပန်းကန်ပျောက်ကြတာနဲ့ ကျောင်းဝင်းထဲမှာ ဆူဆူညံညံ ဖြစ်ကုန်လိမ့်မယ်၊ ဆွမ်းအုပ်ပို့ကြမဲ့အစား တစ်အိမ် ဆန်တစ်ပြည်သာ ထည့်ဝင်ကြပါ၊ ကျွန်မတို့ အမျိုးသမီးအဖွဲ့က စုဆောင်းပြီး အဆင်ပြေအောင် ဆွမ်းရော, ဟင်းရော တစ်နေ ရာမှာ ချက်ပြုတ်ထားပါ့မယ်။

အဲဒီချက်ပြုတ်ပြီး ဆွမ်းတွေ, ဟင်းတွေကို သီးသန့်အိုးခွက်ပန်းကန်တွေနဲ့ ထည့်ပေးပါ့မယ်၊ အဲဒါတွေကို ကထိန်သင်္ကန်းနဲ့အတူ အသီးအသီး တန်းစီရွက်ပို့ ကြရုံပါပဲ၊ အဲဒီလိုလုပ်လိုက်တဲ့အတွက် ဟင်းတွေကလဲ ညီတူညီမျှဖြစ်လာမယ်၊ ဆူဆူညံညံ ဖြစ်စရာလဲ မရှိတော့ပါဘူး"။

အမျိုးသမီးများ၏ကိုယ်စား မကြည်ဝင်းက ဝင်ရောက်ပြောဆိုသည်၊ အကုန်လုံးက ဝမ်းမြောက်ဝမ်းသာ လက်ခံကြသည်။

ထို့နောက် အမျိုးသားများကို နီးစပ်ရာ နီးစပ်ရာ လူ ၅၀-လျှင် တစ်ဖွဲ့ဖွဲ့၍ ခေါင်းဆောင်တစ်ဦးစီ ခန့်ထားကြသည်၊ ယင်းခေါင်းဆောင်များကို ကွပ်ကဲ အုပ်ချုပ်ရန် အကြီးအကဲ ဥက္ကဋ္ဌတစ်ယောက်ကိုလဲ တင်မြှောက်ထားကြသည်၊ အမျိုးသမီးများကိုလည်း အလားတူပင် ဖွဲ့စည်းထားကြသည်၊ ယင်းအဖွဲ့များ ကိုလည်း အသီးအသီး နံပါတ်တပ်ထားကြသည်။

http://www.dhammadownload.com

မြို့မှလာသော ဧည့်သည်များအတွက် တာဝန်ယူ ကူညီဆောင်ရွက်ရန်လည်း အမျိုးသမီး ၂-ယောက်, အမျိုးသား ၂-ယောက် သီးသန့်တာဝန် ပေးထားကြသည်၊ သူတို့၏တာဝန်မှာ မြို့ဘက်မှ ကူးလာသမျှသော ဧည့်သည်များကို ကူးတို့ဆိပ်မှ ဆီးကြို၍ ၁၀-နာရီထိုးသည်အထိ ဦးရာကျော်တို့အိမ်၌ ဧည့်ခံထားရန်, ကျောင်းတိုက်ထဲကို ရောက်သည့်အခါမှာလည်း စီစဉ်ထားသည့်အတိုင်း နေရာချထားပေးရန် မျှသာ ဖြစ်ပါသည်။

၁၃-ရက်နေ့မှစ၍ တစ်အိမ်ဆန်တစ်ပြည် လိုက်လံစုဆောင်းရန်, ရလာသည့် ဆန်များထဲမှ ထုခွဲသင့်သည်ကို ထုခွဲ၍ ဟင်းလျာများ ဝယ်ယူရန်, ၁၄-ရက်နေ့ ညနေမှာ အသင့်ပြင်ဆင်ထား၍ ၁၅-ရက်နေ့မှာ အချိန်မီ ဆွမ်းရောဟင်းပါ အပြည့်အစုံ ချက်ပြုတ်လုပ်ကိုင် ဆောင်ရွက်ပေးရန်, ၁၀-နာရီထိုးသည်နဲ့တစ်ပြိုင်နက် ဝေစုကျရာ လူဖွယ်ဝတ္ထုများကို ရွက်၍ ကျောင်းအရောက်ပို့ရန် အမျိုးသမီးများအား တာဝန်အပ်နှင်းကြသည်။

လပြည့်နေ့မှာ ကျောင်းတိုက်ကို စောစောသွား၍ နေရာထိုင်ခင်း ခင်းကျင်းပြင်ဆင်ရန်, သောက်ရေသုံးရေများကို အဆင်သင့်တည်ထားရန်, ကျွေးမွေးဧည့်ခံရာ၌ အသုံးပြုမည့် ပန်းကန်ခွက်ယောက်များကို ထုတ်ယူဆေးကြောထားရန်နှင့် သံဃာစင်များ တရားဟောပလ္လင်များကို ခင်းကျင်းပြင်ဆင်ထားရန်, အလှူဝတ္ထုထားမည့် နေရာများကို စနစ်တကျပြုလုပ်ထားကြရန် အမျိုးသားများအား တာဝန်အပ်နှင်းကြသည်။

ထို့ပြင် ပရိသတ်ကို ဧည့်ခံကျွေးမွေးရာ၌ ရေနဲ့အဆေးအကြော တာဝန်ကို အမျိုးသားများက ယူ၍ ခူးခပ်ပြင်ဆင်ကျွေးမွေးရန် တာဝန်ကို အမျိုးသမီးများက ယူကြသည်။

တန်ဆောင်မုန်းလပြည့်နေ့ကား ဆိုက်ရောက်လာခဲ့ပါပြီ၊ အမျိုးသမီးများရော အမျိုးသားများပါ အသီးအသီး ကိုယ့်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နေကြသည်၊ အဖွဲ့ခေါင်းဆောင်များနဲ့ အမျိုးသမီးဥက္ကဋ္ဌ, အမျိုးသားဥက္ကဋ္ဌများ ကလည်း ချုတ်ယွင်းချက် မရှိရအောင် လိုက်ပါကွပ်ကဲ ဆောင်ရွက်နေကြသည်။

မောင်မျိုးသန့်နဲ့ မကြည်ဝင်းတို့က လုပ်ကိုင်ဆောင်ရွက်နေသူများအား ကျွေးမွေးရန် လက်ဖက်ရည်ကြမ်းနဲ့ မုန့်စိမ်းပေါင်း ဒါယကာခံထားကြသည်။

ထိုနေ့မှာ မြို့ဘက်မှ အဦးဆုံးရောက်လာသူများကား ဦးအင်ဖား+ ဒေါ်တင်ကြည် တို့ဇနီးမောင်နှံတို့တည်း၊ သူတို့ဇနီးမောင်နှံ ၂-ဦးသည် မိမိတို့ ၁၀-ရက်နေ့က ပြုလုပ်ခဲ့သော ကထိန်နဲ့ ဦးရာကျော်တို့ ကထိန်ကိုလည်းနှိုင်းယှဉ် ကြည့်ရှုလိုကြသည်၊

http://www.dhammadownload.com

ဦးရာကျော်၏ လှူပုံတန်းပုံ စနစ်ကိုလည်း အကဲခတ် ကြည့်ရှုလိုကြသည်၊ သမီးနဲ့ သမက်တို့ ဦးဆောင်သော ရပ်ရွာလူထု၏ လုပ်ကိုင်ဆောင် ရွက်ပုံကိုလည်း ကြည့်လို မြင်လိုကြသည်၊ သို့ဖြင့် စောစောစီးစီး အိပ်ရာမှထ၍ သူများထက်ဦးအောင် ရောက်လာ ကြခြင်း ဖြစ်ပေသည်။

ရောက်လာသည့်အခါမှာလည်း မထိုင်အားသေးပါ၊ သူတို့၏ မျက်လုံးအစုံကို ဦးရာကျော်တို့ အိမ်ဦးခန်းဌ စီစဉ်ပြင်ဆင်ထားသော လှူဖွယ်တန်းရန်များက ဆွဲဆောင်ခေါ်ယူထားသလို ဖြစ်နေသည်၊ သို့ဖြင့် သူတို့သည် လှူဖွယ်တန်းရန်များကို အတော်ကြာအောင် လှည့်ပတ်ကြည့်ရှုနေကြသည်၊ ပြီးမှ ဦးရာကျော်တို့ ခေါ်ဆောင်ရာသို့ လိုက်ပါစကားပြောနေကြသည်။

အလှူအိမ်သာဆိုရသည် ဦးရာကျော်တို့အိမ်ကား ခါတိုင်းနဲ့ မထူးလှ၊ တိတ်ဆိတ် ငြိမ်သက်လှဘိသည်၊ မကြည်ဝင်းတို့ ဦးဆောင်သော အမျိုးသမီးများက အိမ်နောက်ဘက် ဥယျာဉ်ထဲ၌ ကိုယ့်အပေါ်သို့ ကျရောက်လာသော တာဝန်ကို အသီးအသီး ရွက်ဆောင်နေကြသည်၊ အမျိုးသမီး ၂၀၀-ကျော် ၃၀၀-လောက် ရှိနေစေကာမူ ဆူဆူညံညံ ဘာသံမှ မကြား၊ ဤသည်ကပင်လျှင် ဦးအင်ဖားတို့ ဧနီးမောင်နှံအတွက် ထူးဆန်းသလို ဖြစ်နေပါတော့သည်။

ထို့နောက် အခြားဧည့်သည်များလည်း တဖွဖွ ရောက်လာကြသည်၊ တာဝန် ကျသူများက ရောက်လာသမျှသော ပရိသတ်များကို ဦးရာကျော်တို့အိမ်သို့ ပို့ဆောင်၍ ဧည့်ခံနေရာချထားကြသည်။

၁၀-နာရီထိုးသည်နှင့်တစ်ပြိုင်နက် မကြည်ဝင်းတို့အမျိုးသမီးများက နံပါတ် စဉ်အလိုက် တန်းစီဝင်လာကြသည်၊ ကျေးရွာထုံးတမ်းစဉ်လာအရ ကထိန်ဥတ်မ ကြီးကို ဒေါ်သဲနုကရွက်ရန် ဖြစ်သော်လည်း ခွေးမဖြစ်သူ မကြည်ဝင်းအား ရွက်ယူ ပို့ဆောင်ခွင့် ပေးထားသည်။

သို့ဖြင့် မကြည်ဝင်းက ကထိန်ဥတ်မကြီးကို ရွက်၍ ရှေ့ဆုံးမှ ထွက်သွားသည်၊ ထို့နောက် အစဉ်လိုက် ၁-နံပါတ်အဖွဲ့က သင်္ကန်း, ၂-နံပါတ်အဖွဲ့က စောင်များ, ၃-နံပါတ်အဖွဲ့က သေနာသနအသုံးအဆောင် ဇလုံပန်းကန်များ, ၄-နံပါတ်အဖွဲ့က စာအုပ်စာတမ်းနှင့် ဖိနပ်များ, ၅-နံပါတ်အဖွဲ့နဲ့ ၆-နံပါတ်အဖွဲ့တို့က ဆွမ်းနဲ့ ဆွမ်းဟင်းများကို အသီးအသီးရွက်၍ တန်းစီလိုက်ပါသွားကြသည်၊ တစ်ဖက်မှ အစဉ်လိုက်ဝင်၍ တစ်ဘက်မှ အစဉ်လိုက်ထွက်သွားရန် စီစဉ်ထားသည့်အတွက် ဘာမျှရှုပ်ရှုပ်ထွေးထွေး ဆူဆူညံညံ မရှိပါ၊ ငြိမ်သက်တိတ်ဆိတ်စွာပင် ကိစ္စပြီးသွား ပါသည်။

http://www.dhammadownload.com

အမျိုးသမီးများအထွက် စုံသည့်အခါ ဦးရာကျော်+ဒေါသဲနုတို့က ဧည့်သည်များနဲ့အတူ နောက်မှလိုက်ပါသွားကြသည်။

နေရာထိုင်ခင်း သွားရောက်ပြင်ဆင်နေနှင့်ကြသော အမျိုးသားများက ကျွေးမွေးဧည့်ခံမည့် ဓမ္မာရုံ၌ အလယ်မှ လမ်းကြောင်းထား၍ အမျိုးသမီးများအတွက် တစ်ဖက်, အမျိုးသားများအတွက် တစ်ဖက် သီးသန့်ပြင်ဆင်ထားကြသည်၊ လူ ၅၀–စာ, လူ ၅၀–စာအတွက် အကွက်ချ၍ အသီးအသီး နံပါတ်တပ်ထားကြသည်၊ ဧည့်သည်များအတွက်ကိုမူ ခေါင်းရင်းဘက်၌ သီးသန့်ပြင်ဆင်ထားကြသည်၊ အလှူဝတ္ထုထားမည့် နေရာများကိုလည်း နံပါတ်စဉ်အလိုက် စနစ်တကျ ပြင်ဆင်ထားနှင့်ကြသည်။

အမျိုးသမီးများက ဓမ္မာရုံထဲကို ရောက်လာသည့်အခါ အလယ်လမ်းကြောင်းမှဝင်၍ လှူဖွယ်ဝတ္ထုများကို နံပါတ်စဉ်အလိုက် သူ့နေရာနဲ့သူ နေသားတကျ ထားခဲ့၍ အဖွဲ့နံပါတ်စဉ်အလိုက် မိမိတို့အတွက် ခင်းထားသောနေရာမှာ ဝင်ထိုင်လိုက်ကြသည်။

ဧည့်သည်များကိုလည်း တာဝန်ကျရောက်သူများက သီးသန့်ပြင်ဆင်ထားသော နေရာသို့ ပို့ဆောင်နေရာချထားကြသည်။

အမျိုးသမီးများ, ဧည့်သည်များ နေသားတကျထိုင်မိကြသောအခါ ကျောင်းဝင်းထဲကို ကြိုတင်ရောက်ရှိနေနှင့်ကြသော အမျိုးသားများကလည်း အဖွဲ့နံပါတ်စဉ်အလိုက် မိမိတို့အတွက် ခင်းထားသောနေရာမှာ ဝင်ရောက်နေထိုင်ကြသည်။

ပရိသတ်စုံသည့်အခါ မောင်မျိုးသန့်က ၇–ရက်နေ့က ဆရာတော်ဦးဓမ္မိကမိန့်ကြားထားသောကထိနဒါန သြဝါဒကထာတရားခွေကို ဖွင့်ပြခွင့်ပေးပါမည့်အကြောင်း ဆရာတော်ဦးဓမ္မိကထံမှာ သွားရောက်ခွင့်တောင်းသည်၊ ဆရာတော်၏ခွင့်ပြုချက်အရ ကထိနဒါနသြဝါဒကထာ တရားခွေကို ဖွင့်ပေးထားသည်၊ ပရိသတ်များကလည်း စူးစူးစိုက်စိုက် တိတ်ဆိတ်ငြိမ်သက်စွာ နာနေကြသည်။

၁၀–နာရီခွဲမှာ သံဃာတော်များကို ဆွမ်းကပ်၍ ၁၁–နာရီလောက်မှာ လူထုပရိသတ်ကို စတင်ကျွေးမွေးသည်၊ နေ့ ၁–နာရီမှာ ကျောင်းရှိသံဃာတော်များကို ဓမ္မာရုံ သံဃာစင်ပေါ်သို့ ပင့်လျက် ကထိန်သင်္ကန်း ကပ်လှူကြသည်။

ဆရာဒကာ ဆက်ဆံရေး

ဆရာတော်ဦးဓမ္မိကက ဦးရာကျော် ကြိုတင်လျှောက်ထားချက်အရ "ဆရာ ဒကာ ဆက်ဆံရေး" တရားကို စတင်ဟောကြားသည်၊ ထူးခြားသည်မှာ ဆရာတော် တရား

http://www.dhammadownload.com

ဟောသည့်အချိန်အထိ ပြန်သွားသူ တစ်ဦးတစ်ယောက်မျှ မရှိပါ၊ အကုန်လုံးပင် စူးစူးစိုက်စိုက် တရားနာနေကြသည်။

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူတဲ့ အချိန် ဖြစ်တယ်၊ ပသေနဒိကောသလမင်းက ဘုရားရှင်ထံ လာရောက်ပြီး လျှောက်ထား ဘူးတယ်။

"အရှင်ဂေါတမကလဲပဲ အင်မတန် အထက်တန်းကျတဲ့ သဗ္ဗညုတဉာဏ် တော်ကို ထိုးထွင်းသိမြင်တယ်-လို့ ဝန်ခံပါသလား ?"တဲ့။

ဒီလိုလာရောက်လျှောက်ထားတော့ ဘုရားရှင်ကလဲ အမှန်အတိုင်းပဲ ပြန်လည်မိန့်ကြား တော်မူပါတယ်။

"မဟာရာဇာ ! အင်မတန်အထက်တန်းကျတဲ့ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိမြင်တယ်-ဆိုတဲ့ စကားကို ပြောတဲ့ ပုဂ္ဂိုလ်ဟာ ငါဘုရားကို ရည်ညွှန်းပြောဆိုမှသာ အမှန်အကန် ပြောဆိုရာ ရောက်မယ်၊ ဟုတ်ပါတယ်၊ ငါဘုရားဟာ အင်မတန် အထက်တန်းကျတဲ့ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိမြင်ပြီးပါပြီ"။

ဒီလို မိန့်ကြားတော်မူပေမဲ့ ပသေနဒိကောသလမင်းက တယ်သဘောမတွေ့လှဘူး၊ အဲဒီအချိန်မှာ ဘုရားရှင်ကလည်း ငယ်ငယ်ရွယ်ရွယ် ရှိသေးတာကိုး၊ ဒါနဲ့ သူက ထပ်လျှောက်ပြန်တယ်။

"အရှင်ဘုရားဂေါတမ ! 'ပုရာဏကဿပ, မက္ခလိဂေါသာလ, နိဂဏ္ဌ နာဋပုတ္တ, သဉ္စယဗေလဋ္ဌပုတ္တ, ပကုဓကစ္စာယန, အဇိတကေသကမ္ဗလ' ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ သံဃာနဲ့လဲ ပြည့်စုံကြပါတယ်၊ ဂိဏ်းနဲ့လဲ ပြည့်စုံကြ ပါတယ်၊ ဂိဏ်းဆရာလဲ ဖြစ်ကြပါတယ်၊ ထင်လဲထင်ရှားကြပါတယ်၊ ကျော်စော မှုလဲ ရှိကြပါတယ်၊ အယူဝါဒကိုလဲ တီထွင်ကြပါတယ်၊ လူများကလဲပဲ သူတို့ကို သူတော်ကောင်းတွေလို့ အသိအမှတ် ပြုထားကြပါတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေ တောင်မှ တပည့်တော်က မေးလျှောက်ကြည့်တဲ့ အခါမှာ 'အင်မတန် အထက် တန်းကျတဲ့ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိမြင်တယ်' လို့ ဝန်မခံကြပါဘူး၊ အရှင်ဂေါတမကတော့ အသက်အရွယ်လဲ ငယ်ပါသေးတယ်၊ ရဟန်းပြုလာတာ လဲပဲ သိပ်မကြာသေးပါဘူး၊ ဒီလို ဖြစ်ပါလျက် ဘာ့ကြောင့်ဝန်ခံရပါသလဲ ?"။

မထီလေးစား မပြုသင့်သောအရာ ၄-ပါး[1]

အဲဒီလို လျှောက်ထားလာတဲ့အခါမှာ ဘုရားရှင်က ငယ်တယ်ဆိုပြီး မထီ

၁။ သဂါထာဝဂ္ဂသံယုတ်-ပါ၊ ၆၈။ ၄င်း-၄၊ ၁၂၂။

http://www.dhammadownload.com

လေးစား မပြုသင့်တာတွေ့, ပြောင်လျောင်ပြက်ရယ်မှု မပြုသင့်တာတွေကို ဟောကြား တော်မူပါတယ်။

"မဟာရာဇာ ! မင်းသားရယ် (အခုခေတ်မှာတော့ အုပ်ချုပ်သူ လူတန်းစား တွေပေါ့), မြွေရယ်, မီးရယ်, သီလနဲ့ပြည့်စုံတဲ့ရဟန်းရယ်၊ ဒီ ၄-မျိုးကို သေးငယ် တယ်ဆိုပြီး မထီလေးစား မပြုသင့်ဘူး၊ သေးငယ်တယ် ဆိုပြီး ပြောင်လျောင် ပြက်ရယ်မှုကို မပြုသင့်ဘူး"။

"မင်းလည်းတခန်း, ရဟန်းတသီး, မီးလည်းတထွေ, မြွေလည်း တခြား, ဤလေးပါးကို, လေးစားမမှု, ငယ်၏ဟူ၍, စွဲယူဝမ်းတွင်း, မှတ်မသွင်းလင့်"။[၁]

မန်လည်ဆရာတော်ဘုရားကလဲ ဒီလို မိန့်ဆိုထားပါသေးတယ်။

ရဟန်းများအား မထီလေးစား ပြုပုံ

အဲဒီ ၄-မျိုးထဲက အခြားဟာတွေကိုတော့ မပြောလိုတော့ပါဘူး၊ အခုဟော နေတဲ့ တရားနဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့ သီလနဲ့ပြည့်စုံတဲ့ ရဟန်းဆိုတဲ့ နောက်ဆုံး တစ်မျိုးကိုပဲ ပြောသွားပါ့မယ်။

"ရဟန်းတွေ သာမဏေတွေကို တွေ့တဲ့အခါ လမ်းဖယ်မပေးတဲ့လူ, ခြံထည်ကို မရုပ်သိမ်းတဲ့လူ, ထိုင်ရာက ထမပေးတဲ့လူ, ဆင်ကျောက်ကုန်း- စသည်က ဆင်းမပေးတဲ့လူ, အောက်တန်းစားအနေနဲ့ သဘောထားပြီး အခြား အလားတူ မလုပ်သင့်တာတွေကို လုပ်တဲ့လူ၊ ဒီလူတွေဟာ ရဟန်း (သာမဏေ) ကို မထီလေးစားပြုရာရောက်တယ်" လို့ အဋ္ဌကထာဆရာက ဖွင့်ပြထားတယ်။

အဲဒီ အဋ္ဌကထာစကားကို တစ်ခုချင်း ခပ်ကျဉ်းကျဉ်း ရှင်းလင်းပြောဆို သွားပါ့မယ်၊ "လမ်းဖယ်မပေးတဲ့လူများဟာ ရဟန်းတော်တွေကို မထီလေးစားပြုရာ ရောက်တယ်" လို့ အဆိုပြုထားတဲ့ အဋ္ဌကထာဆရာရဲ့ အလိုအရဆိုရင် လမ်းမှာ ရဟန်းတော်များကို တွေ့ရင် လမ်းဖယ်ပေးရမယ်၊ ရဟန်းတော်တွေရဲ့ အရိပ်ကိုတော့ ရှောင်ကွင်းနေစရာ မလိုပါဘူး၊ လမ်းဘေးကို တိမ်းရှောင်ပြီး ထိုင်ခွင့်မသာရင် မတ်တတ်ရပ်ပြီး လက်အုပ် ချီနေရမယ်၊ ရဟန်းတော်တွေက လွန်သွားမှ ဆက်လက် သွားလာမှုကို ပြုရမယ်၊ အခုပြောနေတာတွေကို လူကြီးရော, လူငယ်ပါ လိုက်နာတတ်အောင် သတိပြု မှတ်သားထားကြ၊ လူငယ်တွေဟန်မရရင် တွေ့တဲ့လူကြီးက ပြင်ပေးရမယ်၊ လူကြီး ဟန်မရလို့ လူငယ်တွေက မပြောရဲရင် လူကြီးချင်း ပြုပြင်ပေးကြ။

၁။ မဃ-ပုဒ်ရေနံပါတ်၊ ၃၆၇။

http://www.dhammadownload.com

ပြီးတော့ "ခြုံထည်ကို မရပ်သိမ်းသူဟာလဲပဲ မထီလေးစားပြုရာ ရောက်တယ်" လို့ ဆိုထားတော့ ရဟန်းတော်တွေရဲ့ရှေ့မှာ ပခုံး ၂-ဖက်အုပ်မိအောင် စောင်တို့, တဘက်တို့, ပုဆိုးတို့ကို ခြုံမထားရဘူး၊ ဒါမျိုးကို ဆောင်းတွင်းအခါမှာ အမှတ်တမဲ့ လုပ်တတ်ကြတယ်၊ ပြီးတော့ ဦးထုပ်ဆောင်းတာတွေ, ဘာတွေကိုလဲ ဆင်ခြင်သင့်တယ်။

"ထိုင်ရာက ထမပေးသူဟာလဲပဲ မထီလေးစားပြုရာ ရောက်တယ်"လို့ ဆိုထားတော့ ရဟန်းတော်များ ကြွလာတဲ့အခါ ထိုင်ရာက ထပေးကြရမယ်၊ ရဟန်းတော်တွေကို နိမ့်ရာကထားပြီး ကိုယ်က မြင့်တဲ့နေရာမှာလဲ မနေရဘူး၊ ဒါတွေနဲ့ ပတ်သက်ပြီး ဘာသာရေးယဉ်ကျေးမှုတွေက သိပ်နည်းနေကြတယ်၊ မန္တလေး, ရန်ကုန်-ဆို ပိုဆိုးပေါ့၊ တစ်ခါတလေ ရဟန်းတော်များက အကြောင်းမညီညွတ်လို့ ဘတ်စ်ကားစီးရတဲ့အခါမျိုးလဲ ရှိတတ်တယ်၊ ထီးထမ်းလမ်းလျှောက် ရောင်းဘတ်ရာရာ သွားလာနေကြတဲ့ ကိုယ်တော်လေးတွေကို ပြောလိုတာ မဟုတ်ပါဘူး၊ တကယ့်ကို ဣန္ဒြေသိက္ခာနဲ့နေတဲ့ ပုဂ္ဂိုလ်တွေကလဲပဲ ရင်းနှီးတဲ့ ဒကာ တွေရဲ့ကားက အဆင်မပြေ၊ သီးသန့်အငှားယာဉ်ကလဲ ခေါ်မရ၊ အဲဒီလိုအခါမျိုးမှာ အရေးတကြီး သွားစရာလာစရာရှိရင် ဘတ်စ်ကားကိုပဲ အားကိုးရတတ်ပါတယ်၊ အဲဒီလို မလွဲသာတဲ့အတွက် ဘတ်စ်ကားစီးရတဲ့ ရဟန်းတော်တွေကို ဒကာမတွေနဲ့ ရောနှောယှက်တင် မဖြစ်ရအောင် ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမတွေက နေရာပေးသင့်ပါတယ်၊ အခုကတော့ မပေးကြတဲ့အပြင် ဒကာမတွေနဲ့ တိုးလားဝှေ့လားဖြစ်အောင် လုပ်လိုက်ကြသေးတယ်၊ ဒါဟာ ကိုယ့်ဘာသာရေး ယဉ်ကျေးမှုကိုလဲ မသိနားမလည်ရာ ရောက်ပါတယ်၊ ကိုယ့်ဘာသာရေး ခေါင်းဆောင်ဖြစ်တဲ့ ရဟန်းတော်တွေကို အခြားဘာသာဝင်တွေက မထီလေးစားလုပ်ဝံ့အောင် အားပေးကူညီရာလဲ ရောက်ပါတယ်၊ ထိုင်းနိုင်ငံမှာတော့ ရဟန်းတော် တစ်ပါးပါး ဘတ်စ်ကားပေါ်တက်လာရင် ခရီးသည်အကုန်လုံး နေရာက ထပေး ကြရတယ်၊ အဲဒီရဟန်းတော်က ထိုင်မှ ကိုယ့်နေရာမှာ ပြန်ထိုင်ကြရတယ်-ဆိုတာ ဘုန်းကြီးတစ်ဆင့်ကြားဖူးပါတယ်၊ ဒီတော့ ဗုဒ္ဓဘာသာချင်း တူပေမဲ့ ရဟန်းတော်တွေကို ရိုသေလေးစားတဲ့နေရာမှာ ဘယ်လောက်ကွာခြားနေသလဲဆိုတာ နှိုင်းယှဉ်ချိန်ထိုး ကြည့်ကြပေါ့။

"ဆင်ကျောက်ကုန်း-စသည်က ဆင်းမပေးတဲ့လူဟာလဲ မထီလေးစားပြုရာ ရောက်တယ်"လို့ ဆိုထားပါတယ်၊ အဋ္ဌကထာဆရာတွေရဲ့ ခေတ်ကတော့ ဆင်ဟာ အထက်တန်းအကျဆုံး ယာဉ်ပဲပေါ့၊ ဒါကြောင့်မို့လဲ ဆင်ကိုသတ်မှတ်ပြီး ပြဆိုထားခဲ့တယ်၊ ခုခေတ်မှာတော့ မော်တော်ကားတွေ, လှည်းတွေ, ဆိုင်ကယ်တွေ, ဆိုက်ကား

http://www.dhammadownload.com

တွေ့, စက်ဘီးတွေ့, လမ်းပေါ်သွားယာဉ်တွေက အမျိုးမျိုး ပေါ်လာတယ်။

ဒီတော့ အလေးပြုရမဲ့ ရဟန်းတော်တွေကို တွေ့ရတဲ့အခါ မော်တော်ကားပေါ်က ဆင်းပေးရမယ်၊ ဆိုက်ကားပေါ်က ဆင်းပေးရမယ်၊ ဆိုင်ကယ်ပေါ်က ဆင်းပေးရမယ်၊ လှည်းပေါ်က ဆင်းပေးရမယ်၊ စက်ဘီးပေါ်က ဆင်းပေးရမယ်၊ ဒါမှလဲ အလေးပြုရာရောက်မယ်၊ ဘာသာရေး ယဉ်ကျေးမှုကို လိုက်နာကျင့်သုံးရာရောက်မယ်။

ယခုအချိန်အခါမှာတော့ ဆင်းပေးကြမဲ့ နေနေသာသာ သူတို့ကိုပဲ ရှိခိုးတောင်းပန်နေရမယ်လို ဖြစ်နေတယ်၊ ကိစ္စရှိလို့ မြောင်းမြို့ဘက်ကမ်းကို တစ်ခါတလေများ သွားရရင် ဆိုက်ကားတိုက်မိမှာ, စက်ဘီးတိုက်မိမှာစိုးတာနဲ့ မနည်းကို ကြည့်ရှောင်နေရတယ်၊ သွားလို့ကို မဖြစ်သလောက်ပါဘဲ။

"ရဟန်းတော်များကို အောက်တန်းစား အနေနဲ့ သဘောထားပြီး အခြားအလားတူ မလုပ်သင့်တာတွေကို လုပ်တဲ့လူဟာလဲပဲ မထီလေးစားပြုရာ ရောက်တယ်"လို့ ဆိုထားပါသေးတယ်၊ ဒီအချက်ဟာ အင်မတန်ကျယ်ပြန့်ပါတယ်၊ ဒီအချက်ကို ဘုန်းကြီးက သိပ်ချဲ့ထွင်ပြောမနေတော့ပါဘူး၊ ဒါပေမဲ့ နောက်ပြောတဲ့အထဲမှာတော့ အထိုက်အလျောက် ပါလာပါလိမ့်မယ်။

ဒါက မရိုမသေ မလေးမစား နေရာဖယ်မပေးခြင်း, လမ်းဖယ်မပေးခြင်းတို့ကို ပြောတာပါ၊ ရိုသေလေးစားပါလျက် အဆင်မသင့်လို့, မလွှဲမရှောင်သာလို့ ဖယ်မပေးခြင်းမျိုးကို မဆိုလိုပါဘူး၊ သန္တာတိအမတ်ကြီးဟာ ဘုရားကိုမြင်လျက်နဲ့ ဆင်ပေါ်က မဆင်းဘဲ, ဦးမချဘဲ ခေါင်းငြိမ့်ရှိခိုးတာကိုလဲ ထောက်ရမှာပေါ့လေ။ (ဓမ္မ ၄-၂၊ ၄၉။)

ရဟန်းသာမဏေများအား ပြောင်လျောင်ပုံ

ဒီကိုယ်ရင်က သိပ်လှတာပဲ၊ လည်တိုင်ကလဲတုတ်ပါပေ့၊ ဗိုက်ကြီးကလဲ ခွဲပါပေ့၊ ပိဋကတ် ၁-ပုံ ၂-ပုံလောက်တော့ ကောင်းကောင်းကြီး ဆောင်နိုင်မှာပဲ၊ တောရပ်ဆောက်တည်ဖို့ သိပ်ကောင်းတာပဲ၊ ဆရာတော်ကြီးဖြစ်လာတဲ့အခါ ကြည်ညိုစရာကြီးနေမှာပဲ၊ အဲဒီလို အစရှိတဲ့စကားမျိုးကို ပြောဆိုတဲ့လူများဟာ ပြောင်လျောင်ပြက်ရယ်ပြုရာရောက်တယ်။

ဒီတော့ မရိုမသေ မထီလေးစားပြုမှု, ပြောင်လျောင်ပြက်ရယ်မှုဆိုတဲ့ ဒီ ၂-ခုလုံးကို ရှောင်ကြဉ်ရမယ်၊ သီလနဲ့ပြည့်စုံတဲ့ ရဟန်းတွေကို မထီလေးစား ပြောင်လျောင်ပြက်ရယ်မှုကို ပြုတဲ့လူများဟာ သီလဆိုတဲ့ ရဟန်းတန်ခိုးရဲ့ လောင်မြိုက်မှုကို ခံရတတ်တယ်။

http://www.dhammadownload.com

ဒါပေမဲ့ မိမိကို ဆဲတဲ့လူကို ပြန်ဆဲတဲ့ရဟန်း, ခိုက်ရန်ပြုလာသူကို ပြန်လှန် ခိုက်ရန်ပြုတဲ့ရဟန်း, ရိုက်သူကို ပြန်ရိုက်တဲ့ရဟန်း၊ ဒီလိုရဟန်းမျိုးကတော့ ဘယ်သူ့ကိုမှ ရဟန်းရဲ့တန်ခိုးနဲ့ မလောင်ကျွမ်းစေနိုင်ပါဘူး။

ဆဲသူကိုပြန်မဆဲတဲ့ရဟန်း, ရန်ရှာလာသူကို ပြန်လည်ခိုက်ရန်မပြုတဲ့ရဟန်း, ရိုက်သူကို ပြန်မရိုက်တဲ့ရဟန်း၊ ဒီလိုရဟန်းမျိုးတို့အပေါ်မှာ မတော်မလျော်ပြုကျင့်တဲ့ ပုဂ္ဂိုလ်များကိုသာ ရဟန်းရဲ့ သီလတန်ခိုးက လောင်မြိုက်တတ်ပါတယ်။

ရဟန်းရဲ့သီလတန်ခိုး လောင်မြိုက်မှုကို ခံရသူတွေမှာ သားသမီးများလဲ မဖြစ်ထွန်းကြဘူး၊ အိမ်မှာမွေးမြူရေးလုပ်ထားတဲ့ နွား, ကျွဲ, ကြက်, ဝက်-စတဲ့ တိရစ္ဆာန်များလဲ မဖြစ်ထွန်းကြဘူး၊ အမွေခံတွေကလဲပဲ အမွေဥစ္စာကို မရကြတော့ဘူး၊ ရဟန်းတန်ခိုးရဲ့ လောင်မြိုက်မှုကို ခံနေရတဲ့ ပုဂ္ဂိုလ်တွေဟာ ထန်းပင်ငုတ်တိုလိုသာ ပြုံ့ကြရပါတော့တယ်၊ ထန်းပင်ငုတ်တိုက အခက်တွေ, အလက်တွေနဲ့ ပြန့်ပွားမှု မရှိသလို သူတို့ဟာလဲပဲ သားတွေ, သမီးတွေနဲ့ တိုးပွားစည်ပင်မှု မရှိနိုင်ကြတော့ဘူး။

"ဒါကြောင့် မိမိရဲ့အကျိုးစီးပွားကို လိုလားတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ ရဟန်းတော်များအပေါ်မှာ ကောင်းစွာ မကျင့်သင့်ပေဘူးလား ?"။

"ကျင့်သင့်ပါတယ်ဘုရား"။

"ဒါဖြင့် ဘယ်လိုကျင့်ကြမလဲ ?၊ ဒါကို ဘုန်းကြီးကပဲ ဆက်ပြောသွားပါ့မယ်"။

မကြားဘူးသေးတဲ့ တရားစကား-စသည်တွေကို ကြားနာလိုတဲ့ ပုဂ္ဂိုလ်များဟာ ရဟန်းတွေနဲ့ ရင်းနှီးကျွမ်းဝင်မှု ရှိရမယ်တဲ့၊ အဲဒီလို ရင်းနှီးကျွမ်းဝင်မှု ရှိလာတဲ့ ရဟန်းတွေကို ဆေးဝါးကုသမှု နဝကမ္မ-စတဲ့ မအပ်မရာအလုပ်တွေမှာ သွားပြီးတော့ မတိုက်တွန်းပါနဲ့၊ သူလုပ်ရမဲ့ ပရိယတ်, ပဋိပတ်လုပ်ငန်းကို စွမ်းအားရှိသလောက် လုပ်ပါစေတဲ့၊ မိမိကတော့ ပစ္စည်း ၄-ပါးနဲ့ ရိုရိုသေသေ ပြုစုလုပ်ကျွေးထားရမယ်တဲ့။

အဲဒီလို ပြုစုလုပ်ကျွေးမှုကို အကြောင်းပြုပြီးတော့ မကြားရဘူးတဲ့ တရားစကားများကိုလဲ ကြားနာရတတ်တယ်၊ မကြားဘူးသေးတဲ့ ပြဿနာအဆုံးအဖြတ်တွေကိုလဲပဲ နာခံမှတ်သားရတတ်တယ်၊ မျက်မှောက်အကျိုးစီးပွား, တမလွန် အကျိုးစီးပွားများကိုလဲပဲ ရရှိတတ်တယ်၊ နောင်ဘဝမှာ မျိုးရိုးကောင်း, အနွယ်ကောင်းများမှာလဲပဲ ဖြစ်ရတတ်တယ်၊ နတ်ပြည် ၆-ထပ်, ဗြဟ္မာပြည် ၉-ထပ် သို့လဲပဲ ရောက်နိုင်တယ်၊ သေခြင်းကင်းရာဖြစ်တဲ့ မဟာနိဗ္ဗာနဓာတ်ကိုလဲပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေနဲ့ တွေ့မြင်နိုင်ပါလိမ့်မယ်။

http://www.dhammadownload.com

ဒါတွေဟာ ရဟန်းတော်တွေရဲ့ အပေါ်မှာ ကောင်းကောင်းကျင့်ခြင်းရဲ့ အကျိုး, ဘုန်းကြီးကိုးကွယ်ရခြင်းရဲ့ အကျိုးတွေပေါ့။

ဘုရားရှင်လက်ထက်တော်အခါက ဘုန်းကြီးကိုးကွယ်ကြပုံကို နည်းနည်းပြောပြပါဦးမယ်။-

မာတိကမာတာ[၁]

ကောသလတိုင်းအတွင်းမှာ မာတိကဆိုတဲ့ ရွာတစ်ရွာ ရှိနေတယ်၊ အဲဒီရွာဟာ တောင်ခြေမြေပြန့်မှာ တည်ရှိနေပါတယ်၊ နည်းနည်းတောကျပေတဲ့ အိမ်ခြေထူထပ်လူနေကြပ်တဲ့ ရွာကြီးတစ်ရွာ ဖြစ်ပေတယ်။

ဘုရားရှင်က သာဝတ္ထိမြို့, ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေချိန် ဖြစ်တယ်၊ စိတ်တူ, သဘောတူ ရဟန်းတော် ၆-ကျိပ်ဟာ အရဟတ္တဖိုလ်တိုင်အောင် ပို့ဆောင်နိုင်တဲ့ ကမ္မဋ္ဌာန်းတရားကို ဘုရားရှင်ထံမှာ နာကြားသင်ယူကြတယ်၊ တရားအားထုတ်ဖို့ရန် သင့်တော်မည့်အရပ်ကို ရှာဖွေရင်း မာတိကရွာကို ရောက်သွားကြတယ်၊ ထေရ်စဉ်ဝါလိုက် မာတိကရွာတွင်းကို ဆွမ်းခံဝင်တော်မူကြတယ်။

အဲဒီ မာတိက ရွာကိုလဲပဲ "မာတိက"ဆိုတဲ့လူက အုပ်ချုပ်နေတယ်၊ ရွာအုပ်ဖြစ်တဲ့ မာတိကရဲ့ မိခင်ကိုလဲပဲ အမည်ရင်းကို မခေါ်ကြတော့ပဲ "မာတိကမာတာ" လို့ပဲ လူအများက ခေါ်နေကြတယ်၊ "မာတိကရဲ့ အမေ"လို့ ဆိုလိုတာပေါ့။

အဲဒီမာတိကမာတာက ဆွမ်းခံဝင်လာတဲ့ ရဟန်းတော်များကို တွေ့ရတဲ့အခါ အိမ်ပေါ်ကို ပင့်တင်ပြီး အိမ်ဦးခန်းမှာ နေရာထိုင်ခင်း လုပ်ပေးထားတယ်၊ ကိုယ်တိုင် မီးဖိုချောင်ကို ဝင်ပြီး ယာဂုကျိုကပ်ထားတယ်၊ ပြီးမှ ဆွမ်းများ, ဆွမ်းဟင်းများကို ကောင်းကောင်းမွန်မွန် ချက်ပြုတ်ပြီး လူဒါန်းဆက်ကပ်ပြန်တယ်၊ ဆွမ်းကိစ္စ ပြီးတဲ့အခါ လက်အုပ်ချီမိုး ရှိခိုးပြီးတော့ "အရှင်ဘုရားများ ဘယ်ကို ကြွလိုကြပါသလဲ ဘုရား ?"လို့ လျှောက်ထားတယ်။

"ဘယ်ကိုရယ်လို့တော့ အတိအကျ မှန်းထားတာ မရှိသေးပါဘူး၊ သင့်တော်မဲ့နေရာဌာနကို ကြွကြရမှာပါပဲ"။

ရဟန်းတော်များရဲ့ မိန့်ကြားချက်ကို ကြားရတဲ့အခါမှာ "ဒီကိုယ်တော်တွေဟာ ဝါကပ်မည့် နေရာဌာနကို ရှာနေကြတာပဲ"ဆိုတာ ရိပ်မိနားလည်သွားတယ်၊ ဒီတော့ ရဟန်းတော်များရဲ့ ခြေရင်းမှာ ဝပ်စင်းပြီး-

---

၁။ ဓမ္မပဒအဋ္ဌကထာ-၁၊ ၁၈၃။

http://www.dhammadownload.com

"အကယ်၍သာ အရှင်ဘုရားများက ဒီအရပ်မှာ ဝါကပ်ကြပါရင် တပည့်တော်က သရဏဂုံနဲ့ ငါးပါးသီလခံယူပါ့မယ်၊ ဥပုသ်သီတင်း စောင့်သုံးမှုကိုလဲ ပြုပါ့မယ်ဘုရား"–

လို့လဲ လျှောက်ထားလိုက်တယ်၊ ဒါဟာ သိပ်အရေးပါတဲ့ လျှောက်ထားချက်ပဲ၊ တစ်ခါတည်း ရဟန်းတော်များ တရားခြေချုပ် မိကုန်ရော၊ ရှေ့ကို ခရီးမဆက်နိုင်ကြတော့ဘူး၊ ဒီလျှောက်ထားချက်မျိုးဟာ သာမန်လျှောက်ထားချက်မျိုး မဟုတ်ဘူးနော်၊ ဘုရားရှင် ဒေသစာရီ ကြွချီတာကိုတောင်မှ ပြန်ကြွအောင် လုပ်နိုင်တဲ့ လျှောက်ထားချက်မျိုးပဲ၊ စပ်မိစပ်ရာ ပြောရအုံးမယ်။–

တရားခြေချုပ်[1]

ဘုရားရှင်က သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ ဝါကပ်တော်မူတယ်၊ သီတင်းဝါလကျွတ်တဲ့အခါ အဂ္ဂသာဝက ၂–ပါးကို ချန်ထားခဲ့ပြီး ဒက္ခိဏာဂိရိကို ကြွတော်မူမယ်–လို့ လုပ်နေတယ်၊ ဒီတော့ ဘုရားရှင် မကြွရအောင် ပသေနဒီကောသလမင်းကလဲ လျှောက်တာပဲ၊ အနာထပိဏ်သူဌေးကလဲ လျှောက်တာပဲ၊ ဝိသာခါကလဲ လျှောက်တာပဲ၊ အခြားလူတွေကလဲ လျှောက်ကြတာပါပဲ၊ ဘယ်သူ့လျှောက်လို့မှ မရပါဘူး၊ ဘုရားရှင်က ကြွတော်မူတာပါပဲ။

ဒီတော့ အနာထပိဏ်သူဌေးက စိတ်ပျက်လက်ပျက်နဲ့ ချောင်ခပ်ကျကျ တစ်နေရာမှာ ကြံ့မိုင်ထိုင်နေတယ်၊ ဒါကို "ပုဏ္ဏာ"ဆိုတဲ့ ကျွန်မက သွားတွေ့ရော၊ သခင်မျက်နှာမလှက ကျွန်မကလဲ မနေသာတော့ဘူးပေါ့။

"အရှင်သူဌေးမင်း ! ခါတိုင်းလို မျက်နှာတွေလဲ ကြည်ကြည်သာသာမဟုတ်ပါလား၊ ဘာဖြစ်နေပါသလဲ ?"။

"ဘာမှတော့ ထွေထွေထူးထူး မဖြစ်ပါဘူးကွာ၊ ဘုရားရှင်က ခရီးထွက်မယ်လို့ လုပ်နေတယ်လေ၊ ဘုရားရှင်မကြွအောင် တို့က လျှောက်ပေမဲ့ မရဘူး၊ မြန်မြန်ပဲ ပြန်ကြွလာမလား၊ ကြာများကြာနေမလားဆိုတာလဲ သိနိုင်တာမဟုတ်ဘူး၊ ဒါကြောင့် ငါကလဲ စိတ်ညစ်နေရတာပါပဲ"။

"တကယ်လို့သာ ကျွန်မက ဘုရားရှင်ကို ပြန်ကြွအောင် လုပ်နိုင်ခဲ့ပါရင် ကျွန်မကို ဘာလုပ်ပေးမလဲ ?"။

"ဟာ–ဒီလိုဆို သိပ်ကောင်းပေါ့ကွာ၊ နင့်ကို ငါ ကျွန်အဖြစ်က တော်လှန်ပစ်လိုက်မှာပေါ့၊ ကျွန်အဖြစ်က လွတ်လပ်ခွင့် ပေးလိုက်မှာပေါ့"။

၁။ အဂုံတ္တရ–၄–၃၊ ၁၆၉။

http://www.dhammadownload.com

သူဌေးကြီးရဲ့ စကားကို ကြားရတဲ့အခါ ပုဏ္ဏာကလဲ အားရဝမ်းသာ ဘုရားရှင်ကို မိအောင် အပြေးအလွှား လိုက်သွားတယ်၊ ဘုရားရှင်ကို မီတဲ့အခါ ရှိခိုးဝပ်ချပြီး လျှောက်ထားပါတော့တယ်။

"ရှင်တော်မြတ်ဘုရား ! ပြန်ကြွတော်မူပါ"။

"ငါ ပြန်ကြွတဲ့အတွက် သင်က ဘာလုပ်မလို့လဲ ?"။

"အရှင်ဘုရား ! အရှင်ဘုရားတို့က တပည့်တော်နဲ့ ဆက်စပ်နေတယ် ဆိုတာကို အသိအမှတ် ပြုတော်မူပါ၊ အခြား ဘာမှတော့ မလုပ်နိုင်ပါဘူး၊ သရဏဂုံတည်ပြီး ၅-ပါးသီလ ဆောက်တည်လိုပါတယ်"။

"ပုဏ္ဏာ ! ကောင်းပေစွ၊ ကောင်းပေစွ"။

ဒီလို မိန့်တော်မူပြီး တရားတော်ကို ရှိသေလေးစားတဲ့အတွက် ဒြတစ်လှမ်း လှမ်းရဲ့နဲ့ပဲ ဘုရားရှင်က ပြန်ကြွတော်မူပါတယ်။

ဒါကို အကြောင်းပြုပြီးတော့ "ရဟန်းတော်တွေက တရားခြေချုပ် မိကုန်ကြတယ်"လို့ ပြောခဲ့ရတာပဲ၊ ကိုင်း မာတိကမာတာရဲ့ ဝတ္ထုကြောင်းကို ဆက်လိုက်ကြအုံးစို့ရဲ့။

အဲဒီ တရားခြေချုပ် မိသွားကြတဲ့ ရဟန်းတော်များကလဲပဲ "ဒီရွာကို ဂေါစရဂါမ်ပြုပြီး နေကြရရင် ဆွမ်းအတွက် ပင်ပန်းမှုမရှိဘဲ ရဟန်းတရား ကြိုးစား အားထုတ်နိုင်ကြပေလိမ့်မယ်"လို့ နှလုံးသွင်းပြီး မာတိကမာတာရဲ့ လျှောက်ထားချက်ကို လက်ခံကြတယ်။

ရဟန်းတော်များဆီက ဝန်ခံချက်ရတဲ့အခါ မာတိကမာတာက ဝမ်းမြောက်ဝမ်းသာ ရဟန်းတော်များ သီတင်းသုံးနေထိုင်ဖို့အတွက် ကျောင်းကို ရှင်းလင်းသုတ်သင်ပေးတယ်၊ ရဟန်းတော်တွေကလဲပဲ အဲဒီကျောင်းမှာပဲ ဝါဆိုဝါကပ်မှုကို ပြုကြတယ်။

ဝါဆိုဝါကပ်ပြီးတဲ့ နောက်တစ်နေ့မှာ ရဟန်းတော်များ အစုံအညီ စည်းဝေးတိုင်ပင်တော်မူကြတယ်။

"ငါ့ရှင်တို့ ! တပည့်တော်တို့ အကုန်လုံးပဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မကျင့်သင့်ဘူး၊ မနေသင့်ဘူး၊ တပည့်တော်တို့ရဲ့ ကိုယ်ပိုင်အိမ်သဖွယ် ဖြစ်တဲ့ ငရဲကြီး ၈-ထပ်ဟာ အမြဲ တံခါးပွင့်နေပါတယ်၊ မှန်တဲ့အတိုင်း လျှောက်ထားရမယ်ဆိုပါရင် တပည့်တော်တို့တစ်တွေဟာ သက်တော်ထင်ရှား ဘုရားဆီက ကမ္မဋ္ဌာန်းယူပြီး လာခဲ့ရသူများ ဖြစ်ကြပါတယ်၊ ဘုရားရှင်တွေ

http://www.dhammadownload.com

ဆိုတာလဲပဲ နောက်ကထက်ကြပ်မကွာ လိုက်ပါနေပေမဲ့ ကောက်ကျစ်စဉ်းလဲတဲ့ အလုပ်မျိုးနဲ့ ကျေနပ်နှစ်သက်စေဖို့ရန် လွယ်ကူလှတာ မဟုတ်ပါဘူး၊ မှန်ကန်တဲ့ အလုပ်သဘောမျိုးနဲ့သာ နှစ်သက်ကျေနပ်စေနိုင်ပါတယ်၊ ဒါတွေကိုထောက်ထား ပြီးတော့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆတော့ မနေကြပါနဲ့"။

အဲဒီလို မထေရ်ကြီးက သြဝါဒပေးတော်မူတယ်၊ ရဟန်းတော်များကလဲ ဝမ်းမြောက် ဝမ်းသာ သာဓုအနုမောဒနာ ပြုကြပါတယ်။

"တစ်နေ့ရာတည်းမှာ ၂-ပါးအတူတွဲပြီး ရပ်လဲမရပ်ကြပါနဲ့၊ ထိုင်လဲ မထိုင်ကြပါနဲ့၊ တစ်ပါးတစ်နေရာစီ ခွဲပြီး နေကြပါစို့ရဲ့၊ ဒါပေမဲ့ ညနေဘက် မထေရ်ကြီးကို ဆည်းကပ်ချိန်မှာ တစ်ခါ, နံနက်ဖက် ဆွမ်းခံချိန်မှာ တစ်ခါ စုဆုံကြစို့ရဲ့၊ ကျန်တဲ့အခါတွေမှာတော့ အသီးအသီး ကိုယ့်နေရာမှာ ကိုယ်နေပြီး တရားအားထုတ်ကြစို့ရဲ့၊ တကယ်လို့များ တစ်ပါးပါးမှာ ရောဂါဝေဒနာ စွဲကပ်လာလို့ရှိရင် အဲဒီကျန်းမာရေး ချွတ်ယွင်းလာတဲ့ ရဟန်းက ကျောင်းအလယ်မှာ ဆွဲထားတဲ့ ကုလားတက်(အုန်းမောင်း)ကို ခေါက်တော်မူပါ၊ အဲဒီ အမှတ်သညာနဲ့ပဲ ကိုယ့်နေရာကကိုယ် ထွက်လာကြပြီး ဆေးဝါးကုသ ပြုစု လုပ်ကျွေးကြရပါလိမ့်မယ်"။

အဲဒီလို တညီတညွတ်တည်း ကတိကဝတ် လုပ်ထားကြတယ်၊ ကတိကဝတ် လုပ်ထားတဲ့အတိုင်းလဲပဲ အကုန်လုံး ကျင့်သုံးနေထိုင်ကြပါတယ်။

တစ်နေ့ ကျတော့ မာတိကမာတာ ဒကာမကြီးက ညနေစောင်းအချိန်မှာ ထောပတ်, ဆီ, တင်လဲ-စတဲ့ ဝတ္ထုပစ္စည်းတွေကို အယူခိုင်းပြီး နောက်လိုက်နောက်ပါတွေနဲ့အတူ ကျောင်းတိုက်ထဲကို ရောက်လာပါတယ်၊ ဒါပေမဲ့ ကျောင်းတိုက်အလယ်မှာ ရဟန်းအစအနကိုမျှ မတွေ့ရပါဘူး၊ ကျောင်းတိုက် တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေတာကိုသာ တွေ့ရပါတယ်၊ ဒါနဲ့ ကျောင်းအနီး အနားမှာ နေထိုင်ကြတဲ့ လူတွေကို မေးမြန်းစုံစမ်းရပါတော့တယ်။

"ဒီကျောင်းကကိုယ်တော်တွေ ဘယ်ကိုများ သွားကြသလဲဟဲ့၊ ဘသူမှ မသိကြဘူးလား ?"။

"ကိုယ့်နေရာမှာကိုယ် သွားနေကြတာ ဖြစ်ပါလိမ့်မယ် အမေရယ်"။

"ဒါဖြင့် ဘယ်လိုလုပ်ပြီး တွေ့နိုင်မလဲ ?"။

"ကုလားတက် ခေါက်လိုက်လို့ရှိရင် ရောက်လာကြပါလိမ့်မယ် အမေရယ်"။

http://www.dhammadownload.com

ရဟန်းတော်များရဲ့ ကတိကဝတ်ကို သိနားလည်နေသူများရဲ့ စကားကို ကြားရသည့် အခါ မာတိကမာတာ ဒကာမကြီးက ကုလားတက် အခေါက်ခိုင်းလိုက်ပါတော့တယ်။

ကုလားတက်သံကို ကြားရတဲ့အခါ "ကိုယ်တော်တစ်ပါးပါ။ မကျန်းမမာ ဖြစ်နေ ပြီထင်ပါရဲ့"ဆိုတဲ့ အတွေးကိုယ်စီနဲ့ ကိုယ့်နေရာကကိုယ် အသီးအသီး ထွက်ကြွ လာကြတယ်၊ ကျောင်းအလယ်မှာပဲ ပေါင်းဆုံစည်းဝေးကြတယ်၊ တစ်လမ်းတည်းက ၂-ပါးကြွလာကြတယ်ရယ်လို့တော့ မရှိပါဘူး၊ တစ်နေရာက တစ်ပါး, တစ်နေရာက တစ်ပါးစီသာ ထွက်ကြွလာကြပါတယ်။

အဲဒီလိုရဟန်းတော်များ ကြွလာတာကို တွေ့ရတဲ့အခါ မာတိကမာတာ ဒကာမ ကြီးမှာ သံသယဖြစ်လာပါတယ်၊ ရဟန်းတော်များကို ရှိခိုးဝပ်ချပြီး လျှောက်ထား ပါတော့တယ်။

"အရှင်ဘုရားတို့ ! တစ်ပါးနဲ့တစ်ပါး ရန်များဖြစ်နေကြပါသလား ဘုရား ?"။

"မဖြစ်ကြပါဘူး ဒကာမကြီး၊ ဘာဖြစ်လို့လဲ ?"။

"တကယ်ပဲ အရှင်ဘုရားများ ရန်မဖြစ်ကြလို့ရှိရင် ဒကာမကြီးအိမ်ကို ကြွလာတုန်းကလို တပေါင်းတစ်စုတည်း ကြွမလာကြဘဲ တစ်နေရာက တစ်ပါး, တစ်နေရာက တစ်ပါးစီသာ ဘာကြောင့် ကြွလာကြပါသလဲဘုရား ?"။

တစ်နေရာစီ, တစ်နေရာစီ အသီးအသီး နေထိုင်ပြီး ရဟန်းတရား ကြိုးစား အားထုတ်နေကြလို့ပဲ၊ ရန်ဖြစ်လို့ မဟုတ်ပါဘူး"။

"အဲဒီ ရဟန်းတရားဆိုတာကော ဘာပါလဲဘုရား ?"။

"၃၂-ကောဋ္ဌာသကိုလဲ ရွတ်အံနေကြပါတယ်၊ ကိုယ်ခန္ဓာမှာ ကုန်ခြင်း ပျက်ခြင်းကိုလဲ ရှုဆင်ခြင်နေကြပါတယ် ဒကာမကြီး"။

"အဲဒီ ၃၂-ကောဋ္ဌာသကို ရွတ်အံခြင်း, ကိုယ်ခန္ဓာမှာ ကုန်ခြင်း ပျက်ခြင်းကို ရှုဆင်ခြင်ခြင်းဆိုတာဟာ အရှင်ဘုရားများအတွက်သာ အပ်ပါသလား၊ ဒါမှ မဟုတ် တပည့်တော်များအတွက်လဲ အပ်ပါသလား ?"။

"ဒီတရားဟာ ဘယ်သူ့အတွက်မှ တားမြစ်ချက် မရှိပါဘူး"။

"ဒါဖြင့်ရင် တပည့်တော်အားလဲပဲ ၃၂-ကောဋ္ဌာသကို ပေးတော်မူကြပါ၊ ကိုယ်ခန္ဓာမှာ ကုန်ခြင်းပျက်ခြင်းကို ရှုဆင်ခြင်ပုံကိုလဲ ဟောပြောတော်မူကြပါ"။

မာတိကမာတာ ဒကာမကြီးရဲ့ လျှောက်ထားတောင်းပန်ချက်အရ ရဟန်းတော်များက အကုန်လုံးကိုပဲ သင်ပေးလိုက်ကြပါတယ်။

http://www.dhammadownload.com

အဲဒီအချိန်ကစပြီး မာတိကမာတာ ဒကာမကြီးက ၃၂-ကောဋ္ဌာသကိုလဲ ရွတ်အံတယ်၊ မိမိရဲ့ ခန္ဓာကိုယ်မှာ ကုန်ခြင်းပျက်ခြင်းကိုလဲပဲ ရှုဆင်ခြင်နေပါတယ်၊ ရဟန်းတော်များအလျှင် အောက်မင် ၃-ပါး, အောက်ဖိုလ် ၃-ပါးတို့ကို ရရှိသွားပါတော့တယ်၊ "မာတိကမာတာ ဒကာမကြီးဟာ အနာဂါမ်ဖြစ်သွားပြီ"လို့ ဆိုလိုပါတယ်၊ မင်္ဂလာနဲ့တစ်ပြိုင်နက် ပဋိသန္ဓိဒါ ၄-ပါး, လောကီအဘိညာဉ်များကိုလဲပဲ ရရှိသွားပါတယ်။

အဲဒီတော့ ဒကာမကြီးက "ငါရဲ့သားတော်များဟာ ဒီတရားမျိုးကို ဘယ်တုန်းကများ ရခဲ့သလဲ"လို့ အဘိညာဉ်နဲ့ ကြည့်ရှုဆင်ခြင်တဲ့အခါမှာ အကုန်လုံး ပုထုဇဉ်တွေချည်းသာ ဖြစ်နေကြတဲ့အကြောင်း စျာန်,ဝိပဿနာတောင်မှ မရှိသေးတဲ့ အကြောင်း သိရှိရပါတယ်။

ဆက်လက်ပြီး ဆင်ခြင်ကြည့်ရှုတဲ့အခါ အဲဒီရဟန်းတော်များမှာ အရဟတ္တဖိုလ်ကို ရနိုင်လောက်တဲ့ အကြောင်းအထောက်အပံ့ ရှိနေတာကိုလဲ တွေ့ရပါတယ်၊ သေနာသနသပ္ပာယဖြစ်တာကိုလဲ မြင်ရပါတယ်၊ ပုဂ္ဂလသပ္ပာယဖြစ်တာကိုလဲ သိရှိရပါတယ်၊ ဒါဖြင့် ဘာများချွတ်ယွင်းချက် ရှိနေပါလိမ့်မလဲ"လို့ ဆက်လက်ဆင်ခြင်ကြည့်တဲ့အခါမှာ အာဟာရသပ္ပာယ မဖြစ်တာကို သွားတွေ့ရပါတယ်။

အဲဒီ အချိန်ကစပြီးတော့ မာတိကမာတာ ဒကာမကြီးဟာ နေ့စဉ်နေ့တိုင်း ယာဂုအမျိုးမျိုး, ဆွမ်းဟင်းအမျိုးမျိုး, အချိုပွဲအမျိုးမျိုး၊ ဒါတွေကို အကောင်းဆုံးဖြစ်အောင် စီမံချက်ပြုတ်ပါတော့တယ်။

ရဟန်းတော်တွေကို အိမ်သို့ပင့်ပြီး လက်ဦးဆုံးအလှူရေ(ဒက္ခိဏောဒက)ကို ကပ်လှူပါတယ်၊ အဲဒီနောက်ပိုင်းမှာတော့ "ကြိုက်ရာကိုသာ ရွေးချယ်ဘုဉ်းပေးတော်မူကြပါဘုရား"လို့ ပြောဆိုလျှောက်ထားပြီး ယာဂု, ဆွမ်း-စတဲ့ စားစရာ, သောက်စရာတွေကို ဆက်ကပ်လှူဒါန်းမှုကို ပြုလုပ်နေပါတော့တယ်။

ရဟန်းတော်များလဲပဲ သင့်တော်တဲ့ အစာအာဟာရကို ဘုဉ်းပေးသုံးဆောင်ရတဲ့အတွက် စိတ်တည်ကြည်ငြိမ်သက်မှု ရရှိလာကြတယ်၊ အဲဒီလို တည်ကြည်ငြိမ်သက်တဲ့စိတ်နဲ့ ဝိပဿနာကို ဆက်လက်ပွားများ အားထုတ်ကြတဲ့အခါ မကြာခင်မှာဘဲ ပဋိသန္ဓိဒါ ၄-ပါးနဲ့တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြပါတော့တယ်၊ အကုန်လုံး ရဟန္တာဖြစ်သွားကြတာပေါ့လေ။

နည်းမှန်လမ်းမှန် ကိုးကွယ်တတ်တဲ့အတွက် ကိုးကွယ်သူမှာရော, အကိုးကွယ်ခံတဲ့ ပုဂ္ဂိုလ်တွေပါ ဘယ်လောက်အကျိုးများတယ်ဆိုတာ အားကျနည်းယူစရာတွေပါပဲ၊ ပြီးတော့ နောက်တစ်ခု ဆက်ပြောလိုပါသေးတယ်။

http://www.dhammadownload.com

စိတ္တသူကြွယ်[၁]

ပဋ္ဌဝဂ္ဂီ ၅-ဦးထဲမှာ တစ်ဦး အပါအဝင်ဖြစ်တဲ့ မဟာနာမထေရ်ဟာ မစ္ဆိကာသဏ္ဍမြို့တွင်းကို ဆွမ်းခံဝင်လာတယ်၊ ဣန္ဒသိက္ခာ အပြည့်အဝနဲ့ မနေးမမြန် ကြွနေတော်မူပါတယ်၊ ဖူးမြင်ရသူတွေမှာ ကြည်ညိုသဒ္ဓါ တိုးပွားလာအောင် ပါသာဒိက ဂုဏ်ကို အပြည့်အဝဆောင်တော်မူပါတယ်။

စိတ္တသူကြွယ်က မထေရ်မြတ် ကြွလာတာကို တွေ့ရတော့ သဒ္ဓါလွှမ်းဖုံးကြည်ညိုလှတဲ့ အပြုံးမျိုးနဲ့ သဖိတ်ကို လှမ်းယူပြီး မထေရ်မြတ်ကို မိမိအိမ်သို့ ပင့်သွားပါတယ်၊ ဆွမ်းနဲ့ ပြုစုလုပ်ကျွေးပြီးတဲ့နောက် မထေရ်မြတ်ရဲ့ တရားကို နာယူနေပါတယ်၊ တရားမဆုံးခင်မှာဘဲ သောတာပန် ဖြစ်သွားပါတယ်။

မိမိရဲ့ ခွေးပင်တောဥယျာဉ်(အမွာဌကဝန)ကိုလဲပဲ မထေရ်မြတ်ရဲ့ လက်ပေါ်မှာ ရေစက်သွန်းချပြီး သံဃာတော်ကို ရည်မှန်းလှူဒါန်းပါတယ်၊ အဲဒီဥယျာဉ်ထဲမှာ ကျောင်းကြီးတစ်ဆောင်ကိုလဲ ဆောက်လုပ်လှူဒါန်းထားပါတယ်၊ အဲဒီကျောင်းတော်ကြီးဟာ အရပ် ၄-မျက်နှာက လာလာသမျှ ရဟန်းတော်တွေရဲ့ တည်းခိုနားနေစရာ ဖြစ်နေပါတော့တယ်။

အရှင်သုဓမ္မက အဲဒီကျောင်းမှာ အမြဲနေထိုင်ပြီး ကျောင်းနဲ့ပတ်သက်တဲ့ လုပ်စရာကိုင်စရာတွေကိုလဲ ပြုလုပ်နေပါတယ်၊ စိတ္တသူကြွယ်ရဲ့ ဆွမ်းဝတ်ကိုလဲပဲ အမြဲခံယူ စားသောက်နေပါတယ်။

စိတ္တသူကြွယ်ကလဲပဲ သံဃာကိုပင့်လိုတဲ့ အခါမျိုးမှာပဲဖြစ်ဖြစ်၊ ဂိုဏ်းကိုပင့်လိုတဲ့ အခါမျိုးမှာပဲဖြစ်ဖြစ်၊ ပုဂ္ဂိုလ်ကိုပင့်လိုတဲ့အခါမျိုးမှာပဲဖြစ်ဖြစ် အရှင်သုဓမ္မကို ခွင့်ပန်ပြီးမှသာ ပင့်လေ့ပင့်ထ ရှိပါတယ်၊ အရှင်သုဓမ္မကို ခွင့်မပန်ဘဲ ပင့်ရိုးမရှိပါဘူးတဲ့။

တစ်ချိန်မှာတော့ အရှင်သာရိပုတ္တရာ ဦးဆောင်တဲ့ သံဃာတော်များဟာ ကာသိတိုင်းမှာ ဒေသစာရီ လှည့်လည်တော်မူရင်း၊ မစ္ဆိကာသဏ္ဍမြို့ကို ကြွလာတော်မူကြပါတယ်၊ အရှင်မောဂ္ဂလ္လာန်, အရှင်မဟာကစ္စာန, အရှင်မဟာကောဋ္ဌိက, အရှင်မဟာကပ္ပိန, အရှင်မဟာစုန္ဒ, အရှင်အနုရုဒ္ဓါ, အရှင်ရေဝတ, အရှင်ဥပါလိ, အရှင်အာနန္ဒာ, အရှင်ရာဟုလာ-တို့လဲ လိုက်ပါလာကြပါတယ်။

"မထေရ်မြတ်များ မစ္ဆိကာသဏ္ဍမြို့သို့ ကြွရောက်လာတယ်" ဆိုတာကို ကြားသိရတော့ စိတ္တသူကြွယ်က မထေရ်များဆီ သွားပြီး ဖူးမြော်ကန်တော့ပါတယ်၊ လက်အုပ်ကလေးချီကာ သင့်တော်ရာက ထိုင်နေပါတယ်၊ အရှင်သာရိပုတ္တရာ မထေရ်

၁။ စူဠဝဂ္ဂ-ပါ၊ ၃၇။ ၄င်း-၄၊ ၃။ ဓမ္မပဒ-၄-၁၊ ၃၂၇။

http://www.dhammadownload.com

မြတ်ရဲ့ တရားစကားကို ကြားနာရတဲ့အခါမှာ အနာဂါမိမဂ်, အနာဂါမိ ဖိုလ်ထိအောင် ရသွားပါတယ်၊ အနာဂါမ်ဖြစ်သွားတာပေါ့လေ၊ မထေရ်များကို နောက်တစ်နေ့ အတွက် ဆွမ်းစားပင့်ထားခဲ့ပြီး အရှင်သုမင်္ဂလာကို လာရောက်ပြီး ဆွမ်းစားပင့်ပြန်တယ်၊ ဒီတော့ အရှင်သုဓမ္မက–

"ဒီစိတ္တသူကြွယ်ဟာ ရှေးတုန်းကတော့ သံဃာကိုပင့်ပင့်, ဂိုဏ်းကိုပင့်ပင့်, ပုဂ္ဂိုလ်ကိုပင့်ပင့် ငါ့ကို မလျှောက်ထားဘဲ ပင့်ရှိးမရှိဘူး၊ အခုတော့ မပန်ကြား မလျှောက်ထားဘဲ မထေရ်တွေကို ပင့်လာခဲ့ပြီ၊ အခု ပျက်စီးခဲ့ပြီ၊ ငါ့အပေါ်မှာ ငဲ့ကွက်မှု မရှိတော့ဘူး၊ ခင်မင်မှုလဲ မရှိတော့ဘူး" ။

ဒီလို အတွေးချော်ပြီး "ဒကာကြီး ထော်ပြီ၊ လက်မခံနိုင်ဘူး" လို့ ငြင်းပယ် လိုက်တယ်၊ စိတ္တသူကြွယ်ကလဲပဲ ၃–ကြိမ်တိုင်အောင် ပင့်ပါသေးတယ်၊ အရှင်သုဓမ္မက ၃–ကြိမ်လုံး ပယ်လိုက်တယ်၊ လက်ခံမှုမပြုတော့ပါဘူး။

စိတ္တသူကြွယ်ကလဲပဲ အရှင်သုဓမ္မက လက်ခံခံ, မခံခံ ငါ့အပေါ်မှာ ဘာတတ်နိုင်မှာတဲ့လဲ" ဆိုတဲ့ သဘောမျိုးနဲ့ ရှိခိုးဝပ်ချပြီး အိမ်ကိုပြန်လာခဲ့ပါတယ်၊ မှန်ကန်ဖြစ်မှာ မထေရ်များကို ကျေးမွေးရအောင် မွန်မြတ်တဲ့ စားဖွယ်, သောက်ဖွယ်တွေကို စီမံနေပါတယ်။

နံနက် မိုးလင်းလာတော့ မထေရ်များအတွက် စိတ္တသူကြွယ်က စီမံထားတာကို သွားကြည့်ဦးမှပဲ–ဆိုတဲ့အကြံနဲ့ အရှင်သုဓမ္မက ကြွလာခဲ့တယ်၊ အိမ်ကို ရောက်တဲ့အခါမှာ အဆင်သင့်ခင်းထားတဲ့ နေရာမှာ ထိုင်နေပါတယ်။

စိတ္တသူကြွယ်က အရှင်သုဓမ္မအနီးကို သွားပြီး ရှိခိုးဝပ်ချပြီးတော့ သင့်တော်ရာက ထိုင်နေပါတယ်၊ အဲဒီအချိန်မှာပဲ အရှင်သုဓမ္မက "ဒကာကြီး စီမံ ထားတဲ့ခံဖွယ် ဘောဇဉ်တွေဟာ ကောင်းလဲကောင်းပါတယ်၊ ပေါလဲပေါများပါတယ်၊ စုံလဲစုံလင်ပါတယ်၊ နှမ်းပျစ်မုန့်(တိုလသံဂုဠ်ကာ)ကလေး တစ်ခုသာ လိုတော့တယ်" လို့ ပြောလိုက်ပါတော့တယ်၊ ဒါဟာ စိတ္တသူကြွယ်ကို အမျိုးဇာတ်နဲ့ ဆဲရေးမှုကို ပြုလိုက်တာပါပဲ။

စိတ္တသူကြွယ်တို့ရဲ့ အမျိုးအနွယ်မှာ မုန့်သည်တစ်ယောက် ရှိခဲ့ဖူးပါတယ်၊ ဒါ့ကြောင့်မို့လဲ "ဒီစကားဟာ စိတ္တသူကြွယ်ကို အမျိုးဇာတ်နဲ့ ဆဲရေးတဲ့စကား ဖြစ်တယ်" လို့ ဆိုရတာပါပဲ၊ ဒီတော့ စိတ္တသူကြွယ်ကလဲပဲ သာသာနဲ့ ခပ်နာနာ ကလေး ပြန်လျှောက်လိုက်ပါတယ်။–

"အရှင်ဘုရား ! ရှေးအခါတုန်းက ဒက္ခိဏာပထတိုင်းသား ကုန်သည်တွေဟာ အရှေ့ဘက်ကျေးရွာများသို့ ကုန်ရောင်းကုန်ဝယ် သွားကြပါတယ်၊

http://www.dhammadownload.com

အဲဒီအရှေ့ဘက်ကျေးရွာက ကြက်မကလေးတစ်ကောင် ယူခဲ့ကြပါတယ်၊ အဲဒီ ကြက်မကလေးဟာ ကျီးဖိုနဲ့ ပေါင်းဖော်တော့ ကြက်ကလေးတွေ မွေးလာ ကြပါတယ်၊ အဲဒီကြက်လေးတွေဟာ ကျီးလို အော်မြည်လိုတဲ့အခါ 'အာကလိ အောက်(ကာကကုက္ကုဋ္ဌိ)'လို့ အော်မြည်ကြပါတယ်၊ ကြက်လို တွန်လိုတဲ့အခါ 'အောက်ကလိအာ(ကုက္ကုဋ္ဌိကာကာ)'လို့ တွန်ကြပါတယ်၊ အဲဒီလိုပဲ အရှင် ဘုရားဟာလဲ ရတနာသဖွယ်ဖြစ်တဲ့ ဘုရားစကားတော် အများအပြား ရှိပါ ရဲ့သားနဲ့ 'နှမ်းပျစ်မုန့်(တိလသဲဂုဋ္ဌိကာ)ဆိုတဲ့ ကလေးကလား စကားမျိုးကို ပြောမှပြောတတ်ပလေတယ်"။

စိတ္တသူကြွယ်ရဲ့ ပြန်လည်လျှောက်ထားချက်ကို ကြားရတဲ့အခါမှာ အရှင် သုဓမ္မက ဆတ်ဆတ်ခါ နာလာပါတော့တယ်။

"ဒကာ ! ဒကာက ဦးပဉ္ဆင်းကို ဆဲနေတာပဲ၊ ကြိမ်းမောင်းနေတာပဲ၊ ဒါဟာ ဒကာ့ကျောင်းပဲ၊ ဦးပဉ္ဆင်းသွားတော့မယ်"။

ဒီလိုပြောဆိုပြီး ကျောင်းကိုပါ ပြန်အပ်နေပါတော့တယ်။

"အရှင်ဘုရား ! တပည့်တော်က အရှင်ဘုရားကို မဆဲပါဘူး၊ မကြိမ်း မောင်းပါဘူး၊ မစ္ဆိကာသဏ္ဍမြို့မှာပဲ ဆက်လက်ပြီး သီတင်းသုံး နေထိုင်တော် မူပါ၊ ခွေးပင်တောကျောင်းတိုက်ဟာ မွေ့လျော်ဖွယ်ရာ ကောင်းလှပါတယ်၊ တပည့်တော်က ပစ္စည်း ၄-ပါးအတွက် ကြိုးစားပါ့မယ်၊ အားထုတ်ပါ့မယ်"။

ဒီလို ၃-ကြိမ် ၃-ခါ လျှောက်ထားတောင်းပန်ပေမဲ့ မရတဲ့အဆုံးမှာ "အရှင်ဘုရား ! ဘယ်ကို ကြွမလို့ပါလဲ ?"လို့ ဆက်လက်လျှောက်ထားပြန်တယ်။

"ဘုရားဖူးရအောင် သာဝတ္ထိမြို့ကို ကြွမယ် ဒကာ"။

"ဒါဖြင့်ဘုရား အရှင်ဘုရားအမိန့်ရှိတဲ့ စကားနဲ့ တပည့်တော် ပြောသမျှ စကားအကုန်လုံးကို မခြွင်းမချန် အမှန်အတိုင်း ဘုရားရှင်အား လျှောက်ထား တော်မူပါ၊ အရှင်ဘုရားဟာ နောက်ထပ် မစ္ဆိကာသဏ္ဍမြို့ကို တကယ်ပဲ ပြန်လာရပါလိမ့်မယ်၊ ဒါဟာ အံ့ဩစရာတော့ မဟုတ်တန်ရာပါဘုရား"။

ပဋိသာရဏီယကံ

စိတ္တသူကြွယ်က ဘယ်လိုပင်လျှောက်ထားပေမဲ့ အရှင်သုဓမ္မက နောက်မဆုတ် တော့ပါဘူး၊ အိပ်ရာနေရာတွေကို သိမ်းထားခဲ့ပြီး သာဝတ္ထိမြို့ကို ထွက်ကြွလာခဲ့ ပါတယ်၊ ဘုရားရှင်ကို ဖူးမြင်ပြီးတဲ့အခါမှာ မိမိကိုယ်တိုင် ပြောခဲ့တဲ့ စကားနဲ့ စိတ္တသူကြွယ်က ပြန်ပြောသမျှ စကားအကုန်လုံးကို ဘုရားရှင်အား လျှောက်ထား လိုက်ပါတယ်။

http://www.dhammadownload.com

"စိတ္တသူကြွယ်ဆိုတာဟာ သဒ္ဓါတရားလဲရှိတယ်၊ ရတနာ ၃-ပါးကို လဲပဲ ကြည်ညိုတယ်၊ ပစ္စည်း ၄-ပါးလဲ ပေးလှူတတ်တယ်၊ သံဃာ့ကိစ္စကိုလဲ လုပ်ကိုင်ဆောင်ရွက်ပေးတတ်တယ်၊ သံဃာရဲ့ အလုပ်အကျွေးလဲဖြစ်တယ်၊ ဒီလိုပုဂ္ဂိုလ်တစ်ယောက်ကို သင်က ဘာ့ကြောင့် ယုတ်ညံ့တဲ့စကားနဲ့ ဆဲရေးရသလဲ၊ ရှုတ်ချရသလဲ ?"။

ဘုရားရှင်က အရှင်သုဓမ္မကို အပြစ်တင်တော်မူပြီး တရားစကား ဆက်လက် ဟောကြားတော်မူပါတယ်၊ ပြီးတော့ "သံဃာတော်က သုဓမ္မဆိုတဲ့ ရဟန်းကို ပဋိသာရဏီယကံ ပြုပေးရမယ်၊ စိတ္တသူကြွယ် ကျေနပ်အောင်လဲပဲ ဝန်ချတောင်းပန်ခိုင်းရမယ်"လို့လဲ အမိန့်ချမှတ်တော်မူပါတယ်။

သံဃာတော်က အရှင်သုဓမ္မကို ပဋိသာရဏီယကံပြုပြီး စိတ္တသူကြွယ်ကို ဝန်ချတောင်းပန်ရအောင် မစ္ဆိကာသဏ္ဍမြို့သို့ ပြန်လွှတ်လိုက်ပါတယ်၊ စိတ္တသူကြွယ်က မကျေနပ်သေးတဲ့အတွက် အရှင်သုဓမ္မ သာဝတ္ထိမြို့ကို နောက်ထပ် ပြန်လာရပြန်ပါတယ်။

"စိတ္တသူကြွယ်ကို ဝန်ချတောင်းပန်ရအောင် သံဃာတော်က သုဓမ္မရဟန်း အတွက် နောက်လိုက်တမန် ရဟန်းတစ်ပါးကို ကမ္မဝါစာနဲ့ သမုတ်ပေးရမယ်၊ သုဓမ္မရဟန်းက နောက်လိုက် တမန်ရဟန်းနဲ့အတူ မစ္ဆိကာသဏ္ဍမြို့ကို သွားပြီး ' ဒကာကျေနပ်ပါတော့၊ သင့်ကို ဝန်ချတောင်းပန် ပါတယ်'လို့ စိတ္တသူကြွယ်ကို ဝန်ချတောင်းပန်ရမယ်။

တကယ်လို့ မကျေနပ်ခဲ့ပါရင် နောက်လိုက်တမန်ရဟန်းက 'ဒကာ ! ဒီရဟန်းကို သည်းခံကျေနပ် ခွင့်လွှတ်ပါတော့၊ သင့်ကို တောင်းပန်နေပါတယ်'၊ ဒီလို ပြောရမယ်။

ဒါနဲ့မှ မကျေနပ်သေးရင် 'ဒကာ ! ဒီရဟန်းကို သည်းခံကျေနပ် ခွင့်လွှတ်ပါတော့၊ ဦးပဉ္စင်းက ဒကာကို တောင်းပန်ပါတယ်'လို့ ထပ်ပြီးပြောရမယ်။

ဒါနဲ့မှ မကျေနပ်သေးရင် 'ဒကာ ! သံဃာတော်ရဲ့စကားနဲ့ ဒီရဟန်းကို သည်းခံကျေနပ် ခွင့်လွှတ်ပါတော့'၊ ဒီလို ထပ်ပြောရမယ်။

ဒီလောက်နဲ့မှ မကျေနပ်သေးရင် နောက်လိုက်တမန် ရဟန်းက သုဓမ္မ ရဟန်းကို စိတ္တသူကြွယ်ရဲ့ မြင်လောက်ကြားလောက်တဲ့ နေရာမှာ ထိုင်စေပြီး အာပတ်ကို ဒေသနာကြားစေရမယ်"။

ဘုရားရှင်က ဒီလို နည်းပေးညွှန်ကြားပြီး ပြန်လွှတ်တော်မူပါတယ်။

http://www.dhammadownload.com

အရှင်သုမမွလဲပဲ နောက်လိုက်တမန် ရဟန်းနဲ့အတူ မစ္ဆိကာသဏ္ဍမြို့ကို ပြန်သွားပြီး ဘုရားရှင် နည်းပေးညွှန်ကြားတော်မူတဲ့အတိုင်း စိတ္တသူကြွယ်ကို ဝန်ချ တောင်းပန်ပါတယ်၊ အဲဒီတော့မှ စိတ္တသူကြွယ်ကလဲ သည်းခံကျေနပ် ခွင့်လွှတ် ပါတယ်၊ သံဃာတော်ကလဲပဲ ပဋိသာရဏီယကံကို ရုပ်သိမ်းတော်မူပါတယ်။

ဒါတွေကို ထောက်ဟားပြီးတော့ ဒကာ ဒကာမတွေကလဲ ဘုန်းကြီးတွေရဲ့ ချွတ်ယွင်းချက်ကို တွေ့ရတဲ့အခါမှာ ငါနဲ့မဆိုင်ဘူးဆိုပြီး ငြိမ်မနေသင့်ပါဘူး၊ မိမိတို့မှာ အခွင့်အရေး ရှိတဲ့အတိုင်း လုပ်သင့်ပါတယ်၊ ဒီလိုလုပ်မှလဲ သာသနာတော် ကောင်းလာ စရာ ရှိပါတယ်၊ ဘယ်လိုလုပ်သင့်တယ်ဆိုတာကို အင်္ဂုတ္တရနိကာယ်[၁] မှာ ဆိုထားတဲ့ အတိုင်း ဘုန်းကြီးကပဲ လမ်းခင်းပြခဲ့ပါ့မယ်။

ရဟန်းတော်များ သာမဏေများဟာ–

၁။ လူတွေမှာ ပစ္စည်းဥစ္စာမရအောင် အားထုတ်မယ်၊
၂။ လူတွေရဲ့ အကျိုးစီးပွား ပျက်ပြားအောင် အားထုတ်မယ်၊
၃။ လူတွေကို ဆဲရေးကြိမ်းမောင်းမယ်၊
၄။ လူအချင်းချင်း ကွဲပြားအောင် ကုန်းတိုက်မယ်၊
၅။ ဘုရားရှင်ရဲ့ ကျေးဇူးမဲ့(ကဲ့ရဲ့စကား)ကို ပြောဆိုမယ်၊
၆။ တရားတော်ရဲ့ ကျေးဇူးမဲ့(ကဲ့ရဲ့စကား)ကို ပြောဆိုမယ်၊
၇။ သံဃာတော်ရဲ့ ကျေးဇူးမဲ့(ကဲ့ရဲ့စကား)ကို ပြောဆိုမယ်၊
၈။ ရဟန်းတို့ မသွားမလာသင့်တဲ့ နေရာမှာ နေထိုင် သွားလာဝင် ထွက်နေမယ်၊ (အဂေါစရ ၅-ပါးကို ဆိုလိုသည်၊ နောက်မှာ တွေ့ရပါလိမ့်မည်။)

အဲဒီ ၈-ပါးထဲက တစ်ပါးပါးနဲ့ ငြိစွန်းနေတဲ့ ရဟန်းသာမဏေကို ဒကာ ဒကာမ တွေက မကြည်ညိုကြောင်း ဖွင့်ဖော် ပြောဆိုနိုင်ပါတယ်၊ အသိပေးနိုင်ပါတယ်။

ဖွင့်ဖော်ပြောဆိုနိုင်တယ် ဆိုတာက ထင်ရှားပါတယ်၊ "အသိပေးနိုင်တယ် ဆိုတာဟာ ဘယ်လို အသိပေးရမလဲ ?"၊ ဒီလို မေးစရာရှိပါတယ်၊ "အဲဒီလို ရဟန်း သာမဏေတွေ ကြွလာတဲ့အခါမှာ ထိုင်ရာက ထမပေးတာ, ရှိမခိုးတာ, ခရီးဦးကြိုဆိုမှု မပြုတာ, လှူဖွယ်ဝတ္ထုကို မပေးလှူတာ၊ ဒါတွေကိုပဲ အသိပေးတယ်လို့ ခေါ်ပါတယ်။

သပိတ်မှောက်ကံ[၂]

ပြီးတော့ ဒကာ ဒကာမတွေမှာ ချွတ်ယွင်းချက်ကို တွေ့ရတဲ့ အခါမှာလဲပဲ ရဟန်း တော်တွေက ငြိမ်မနေသင့်ပါဘူး၊ မိမိတို့မှာ ရှိတဲ့အခွင့်အရေးအတိုင်း လုပ်သင့်ပါတယ်။

၁။ အံ-ပါ-၃၊ ၁၅၈။ ၄င်း-၆-၃၊ ၂၅၄။
၂။ စူဠဝဂ်-ပါ၊ ၂၆၂။ ၄င်း-၆၊ ၅၁။ အံ-ပါ-၃၊ ၁၅၈။ ၄င်း-၆-၃၊ ၃၅၄။

http://www.dhammadownload.com

၁။ ရဟန်းတော်တွေမှာ လာဘ်မရအောင် ကြိုးစားအားထုတ်သူ၊
၂။ ရဟန်းတွေရဲ့ အကျိုးစီးပွား ပျက်ပြားအောင် အားထုတ်သူ၊
၃။ ရဟန်းသံဃာတွေ နေရာထိုင်ခင်းမရအောင် အားထုတ်သူ၊
၄။ ရဟန်းတို့ကို ဆဲရေးကြိမ်းမောင်းသူ၊
၅။ ရဟန်းအချင်းချင်း ကွဲပြားအောင် ပြုလုပ်သူ၊
၆။ ဘုရားရှင်ရဲ့ ကျေးဇူးမဲ့ကို ပြောဆိုသူ၊
၇။ တရားတော်ရဲ့ ကျေးဇူးမဲ့ကို ပြောဆိုသူ၊
၈။ သံဃာတော်ရဲ့ကျေးဇူးမဲ့ကို ပြောဆိုသူ။

ဒီ ၈-ယောက်ဟာ သပိတ်မှောက်ကံ ထိုက်တဲ့သူများ ဖြစ်ပါတယ်၊ အဲဒီသပိတ်မှောက်ကံနဲ့ စပ်ပြီးတော့ ဘုရားရှင်လက်ထက်က ဖြစ်ခဲ့ဘူးတာ နည်းနည်းမြောပြအုံးမယ်။

ဝမှ-ဆိုတဲ့ လိစ္ဆဝီဟာ မေတ္တိယဘူမဇက ရဟန်းတွေရဲ့ သူငယ်ချင်းဖြစ်တယ်၊ တစ်နေ့မှာ မေတ္တိယဘူမဇက ရဟန်းတွေဆီကို ရောက်လာတယ်၊ "အရှင်ဘုရားတို့ ! တပည့်တော်က အရှင်ဘုရားတို့ကို ဦးတိုက်ပါတယ်"လို့ လျှောက်ထားပါတယ်။

အဲဒီလို ၃-ကြိမ် ၃-ခါ လျှောက်ထားပေမဲ့ မေတ္တိယဘူမဇက ရဟန်းတွေက ဘာစကားကိုမှ ပြန်ကြားပြောဆိုမှု မပြုကြဘူး၊ အရေးမစိုက်သလို တိတ်ဆိတ်ငြိမ်သက်စွာပဲ နေကြပါတယ်။

ဒီတော့ အကြောင်းမှန်ကို သိရအောင်လို့ ဝမှလိစ္ဆဝီကပဲ မေးမြန်းလျှောက်ထားမှုကို ပြုရပါတော့တယ်။

"တပည့်တော်က အရှင်ဘုရားများအပေါ်မှာ ဘာများပြစ်မှားမိပါ သလဲ၊ အရှင်ဘုရားတို့က တပည့်တော်ကို ဘာကြောင့် စကားမပြောကြပါ သလဲ ?"။

"ဒကာဝမှ ! တို့တစ်တွေကို မလွှာမင်းတို့ရဲ့သား အရှင်ဒဗ္ဗက ညှဉ်းပန်းနှိပ်စက်နေတာကို သိရက်သားနဲ့ ဒကာက ဘာမှ ကူညီဖော်မရဘဲ ကိုယ်နဲ့မဆိုင်သလို နေခဲ့တာကိုး၊ ဒါကြောင့် တို့ကလဲ စကားမပြောကြတာဘဲ၊ တကယ်လို့သာ ဒကာက တို့ကို လိုလိုချင်ချင် ကူညီမယ်ဆိုရင် ဒီနေ့ပဲ ဘုရားရှင်က အရှင်ဒဗ္ဗကို အသွင်ကိုဖျက် လူထွက်ခိုင်းရမှာပေါ့"။

"အရှင်ဘုရားတို့ ! တပည့်တော်က ဘာလုပ်ပေးရမှာတဲ့လဲ ?၊ တပည့်တော် ဘာစွမ်းဆောင်နိုင်တယ်ဆိုတာကိုလဲ အမိန့်ရှိကြအုံးမှပေါ့"။

"ဒကာက ဘုရားရှင်ထံ သွားရောက်ပြီး အရှင်ဘုရား ! မသင့်တော်မလျောက်ပတ်လှပါ၊ ဘေးရန်ဥပဒ် မရှိတဲ့အရပ်တွေ ဘေးရန်ဥပဒ် ရှိလာခဲ့

http://www.dhammadownload.com

ပါပြီဘုရား၊ လေမရှိတဲ့ အရပ်တွေကလဲပဲ လေပြင်းမုန်တိုင်းဒဏ်ကို ခံနေရပါပြီဘုရား၊ ရေတွေကလဲ မီးတောက်မီးလျှံလို ဖြစ်နေပါပြီဘုရား၊ အရှင် ဒဗ္ဗက တပည့်တော်ရဲ့ ဇနီးကို ကျူးလွန်ဖျက်ဆီးသွားပါတယ်ဘုရား၊ ဒီလို လျှောက်ထားလိုက်ပေါ့ ဒကာရဲ့"။

ဝမုလိဿဝိကလဲ မေတ္တိယဘူမဇက ရဟန်းတွေ သင်ပေးလိုက်တဲ့အတိုင်း ဘုရားရှင်ထံသွားရောက်ပြီး လျှောက်ထားတယ်၊ အဲဒီလျှောက်ထားချက်ကို အကြောင်းပြုပြီးတော့ သံဃာတွေကို အစည်းအဝေး ခိုင်းပြီး ကိုယ်တော်တိုင်ပဲ ဘုရားရှင်က အရှင်ဒဗ္ဗကို စစ်မေးတော်မူပါတယ်။

"ရှင်တော်မြတ်ဘုရား ! တပည့်တော်ဟာ မွေးဖွားသည်က စပြီးတော့ အိပ်မက်ထဲမှာတောင်မှ မေထုန်မှိုဝဲဖူးတယ် ဆိုတာကို မသိရှိရပါ၊ နိုးနေတဲ့ အခါမှာတော့ လျှောက်ထားစရာပင် လိုမယ်မထင်တော့ပါဘုရား"။

အရှင်ဒဗ္ဗရဲ့ လျှောက်ထားချက်ကို ကြားတဲ့အခါ "သံဃာတော်က ဝမုလိဿဝိကို သပိတ်မှောက်ကံ ပြုပေးရမယ်၊ ရဟန်းသံဃာနဲ့ ဆက်ဆံမှုမရှိအောင် ပြုလုပ်ရမယ်"လို့ ဘုရားရှင်က အမိန့်ချမှတ်တော်မူပါတယ်။

သပိတ်မှောက်ကံ အပြုခံရတဲ့ ဒကာရဲ့အိမ်မှာ ဘယ်လိုလှူဖွယ်ဝတ္ထုမျိုးကိုမှ ရဟန်းသံဃာတော်တွေက မခံယူရတော့ဘူး၊ "ဘယ်ဒကာကို သပိတ်မှောက်ကံ ပြုထားပါတယ်၊ အဲဒီဒကာရဲ့အိမ်က ဘယ်လိုလှူဖွယ်ဝတ္ထုမျိုးကိုမှ မခံယူကြပါနဲ့၊ ရှောင်ကြဉ်တော်မူကြပါ"ဆိုတဲ့ အကြောင်းကိုလဲပဲ အခြားကျောင်းတိုက်တွေကိုလဲ လျှောက်ထားရမယ်၊ သတင်းစကား ပေးထားရမယ်၊ ဒီလို အဋ္ဌကထာဆရာက ဖွင့်ဆိုထားပါတယ်။[၁]

"အရှင်ဒဗ္ဗ"ဆိုတာဟာ သာမန်ပုဂ္ဂိုလ်မျိုး မဟုတ်ဘူး၊ ၇-နှစ်အရွယ်က ရဟန္တာဖြစ်လာတဲ့ ပုဂ္ဂိုလ်ပါ၊ မကောင်းတဲ့ ရဟန်းတွေနဲ့ အပေါင်းအသင်း လုပ်မိတော့ ဝမုလိဿဝိဟာ အဲဒီလိုပုဂ္ဂိုလ်ကိုတောင်မှ မာတုဂါမနဲ့ လုပ်ကြံစွပ်စွဲမိပါတယ်၊ သူ့အတွက် ဘယ်လောက်နစ်နာသွားသလဲ ?၊ သတိသံဝေဂ ရစရာ ကောင်းလှပါတယ်။

ဒီတော့ အခုတရားနာနေကြတဲ့ ဒကာ ဒကာမတွေဟာလဲပဲ "ရဟန်းတော်တွေ ခိုင်းတာပဲဆိုပြီး မသင့်မတော်တာတွေကို မလုပ်မိအောင် ရှောင်ကြဉ်ကြပါ၊ လုပ်သင့်မှ လုပ်ကြပါ"လို့ ဘုန်းကြီးက သတိပေးလိုပါတယ်။

စပ်မိစပ်ရာ ပြောနေတာနဲ့ တရားက နည်းနည်းရှေသွားပြီ၊ နိဂုံးအုပ်ဖုံးပြီး တရားအဆုံးသတ်ကြစို့ရဲ့၊ ဘုန်းကြီးတွေရဲ့ ချွတ်ယွင်းချက်ကို ဒကာဒကာမတွေက

၁။ စူဠဝါ-၄၊ ၅၂။

http://www.dhammadownload.com

မိမိတို့မှာရှိတဲ့ အခွင့်အရေးကို အသုံးချပြီး ပြုပြင်ကြသလို ဒကာ ဒကာမတွေ ရဲ့ ချွတ်ယွင်းချက်ကိုလဲ မိမိတို့မှာရှိတဲ့ အခွင့်အရေးအတိုင်း ရဟန်းသံဃာတော်တွေက လုပ်ကိုင်ဆုံးမပေးကြမယ်ဆိုရင် ဗုဒ္ဓမြတ်စွာ သာသနာတော်ဟာ ယခုနေ အခါမှာလဲပဲ ပြန်လည်သန့်ရှင်း ထွန်းလင်းတောက်ပြောင်နိုင်ပါသေးတယ်။

ဒါ့ကြောင့်မို့ ဗုဒ္ဓမြတ်စွာ သာသနာတော် ပြန်လည်သန့်ရှင်း ထွန်းလင်းတောက်ပြောင်လာအောင် အသီးအသီး ကိုယ်စီကိုယ်ငှ လုပ်ကိုင်ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

တရား၏အဆုံးမှာ သာဓုခေါ်သံ ဘဝဂ်လျှံအောင် ပေါ်ထွက်လာပါတော့သည်။

ပကာသနကထိန်မှ အကျိုးပြုကထိန်သို့-

ဦးအင်ဖား+ဒေါ်တင်ကြည်တို့ကား ဦးရာကျော်+ဒေါ်သဲနုတို့၏ ကထိန်အလှူကို အတော်သဘောတွေ့သွားကြပါသည်၊ ကထိန်ပြီးလျှင်ပြီးချင်း အိမ်ကို မပြန်နိုင်ကြသေးပါ၊ ဦးရာကျော်တို့အိမ်ကို လိုက်ပါလာကြပါသည်၊ ဦးရာကျော်တို့ အိမ်မှာပင် ညနေစာ စားကြသည်၊ ညနေစာ စားပြီးသည့်အခါ ဧည့်ခန်းမှာ ရွှေ့ပြောင်းထိုင်နေကြသည်၊ ဦးရာကျော်နဲ့ဒေါ်သဲနုတို့က ဧည့်ခံပြောဆိုနေကြသည်။

"ခင်ဗျားတို့အလှူက လှူဖွယ်ဝတ္ထုတွေကလဲ မနဲပါလား၊ ဘယ်လောက်များ ကုန်သွားသလဲ?"။

သားရေး သမီးရေးများကို ပြောဆိုနေကြသည့်ကြားမှ ဦးအင်ဖားက တအံ့တသြကြားဖြတ်မေးလိုက်သည်။

"တစ်သောင်းငါးထောင်တိတိ ကုန်ပါတယ်"။

ဦးရာကျော်၏ စကားကို ကြားရသည့်အခါ ပို၍ အံ့သြသွားသည်။

"အလို တယ်ဟုတ်ပါလား၊ ကုန်ကျတာကတော့ ကျွန်တော်တို့ရဲ့ အလှူတစ်ဝက်တောင် မရှိလှဘူး၊ လှူဖွယ်ဝတ္ထုကျတော့ ကျွန်တော်တို့ အလှူထက် လေးငါးဆလောက် သာနေပါသေးတယ်"။

"ဒါက အံ့သြစရာ မဟုတ်ပါဘူး၊ ခင်ဗျားကလဲ ဒီနေ့ ကထိန်သင်္ကန်းမလှူဒါန်းခင် ဆရာတော်ဟောထားတဲ့ ကထိနဒါနသြဝါဒကထာ တိတ်ခွေကို နာခဲ့ရတယ် မဟုတ်လား?"။

"နာခဲ့ရပါတယ်၊ နာတာကိုမှ သေသေချာချာ မှတ်မှတ်သားသား နာလာခဲ့ပါတယ်၊ ကျုပ်အတွက်လဲ မောင်မျိုးသန့်ကို အကူးခိုင်းရအုံးမယ်"။

http://www.dhammadownload.com

"ကျွန်တော်တို့က ဆရာတော်ရဲ့ ဩဝါဒအတိုင်း သာသနာမှာလဲ အကျိုးရှိအောင်, သံယာတော်များလဲ ချမ်းသာအောင်, ကိုယ့်အတွက်လဲ အကျိုးကောင်းကောင်းရအောင် လုပ်ကြကိုင်ကြတာပါပဲ"။

"ဒါပေါ့ဗျာ၊ ခင်ဗျားတို့က ဆရာကောင်းကို ဆည်းကပ်ရတော့ သိပ်တန်ဖိုးရှိတာပဲ၊ 'သာသနာမှာလဲ အကျိုးရှိအောင်, မိမိတို့အတွက်လဲ အကျိုးကောင်းကောင်းရအောင် လူပုံလူနည်းကို ကျွန်တော်လဲ ဒီနေ့မှ နည်းနည်းပါးပါးနားလည်လာတယ်" လို့ ဝန်ခံရမှာပါပဲ၊ ပြီးတော့ ခင်ဗျားတို့ရဲ့ အလူက စိတ်ညစ်စရာ ဘာတစ်ခုမှ မပါပါဘူး၊ ဝမ်းသာစရာတွေချည်းပါပဲ၊ နောက်တစ်ခု သဘောကျစရာက လူပရိသတ်ရော, ရဟန်းပရိသတ်ရော တိတ်ဆိတ်ငြိမ်သက်လိုက်တာဟာ ရိပ်သာထဲမှာ တရားထိုင်နေကြတာ ကျနေတာပါပဲ"။

"ဒါတွေကိုပြောနေလို့ ဆုံးနိုင်ကြမှာ မဟုတ်ပါဘူး၊ ဒီတော့ ဒါတွေကို ထားပါတော့၊ ဒီနေ့ကထိန်လို စီမံပေးနိုင်ကြမယ်ဆိုရင် ကျွန်မတို့လဲ ရှေ့နှစ်ကို ဒီမှာပဲ ကထိန်ခင်းလိုပါတယ်၊ ဒီတော့ ဦးဆောင်စီမံပေးမဲ့လူတွေနဲ့ ကျမတွေ့လိုပါတယ်၊ အခု သူတို့ကို ခေါ်မပေးနိုင်ဘူးလားရှင်?"။

ဒေါ်တင်ကြည်က ကြားဖြတ်၍ မိမိ၏ လိုအင်ဆန္ဒကို ဖွင့်ဖော်ပြောဆို လိုက်သည်၊ ဦးအင်ဖားကလည်း သဘောတူကျေနပ်သည့်အနေဖြင့် ပြုံးနေသည်။

"သူတို့ကို တွေ့ချင်ရင် ခေါ်ပေးနိုင်ပါတယ်ခင်ဗျား၊ ကျွန်တော့အတွက် တာဝန်မလေးလှပါဘူး"။

"ကျေးဇူးတင်ပါတယ်ရှင်၊ ဒါဖြင့် ကျွန်မတို့ မပြန်ခင် ပြောဆိုတိုင်ပင်ကြည့်ရအောင် မြန်မြန်ဆန်ဆန် လုပ်ပါအုံး"။

"ဟော့ မျိုးသန့်၊ မကြည်ဝင်းကိုပါ ခေါ်ပြီး ဒီအနားကို ခဏလာခဲ့အုံး"။

"ဟုတ်ကဲ့ အဖေ"။

မကြာလှပါ၊ မောင်မျိုးသန့်နဲ့ မကြည်ဝင်းတို့ အနားကို ရောက်လာကြပါသည်၊ အမေအဖေတို့ ပြောမည့်စကားကို နားစွင့်နေကြသည်။

"ကျွန်တော့အလူကို ဦးဆောင်စီမံပေးတဲ့ လူတွေဟာ ဒီသားနဲ့ ဒီသမီးပါပဲ ဒေါ်တင်ကြည်ရယ်၊ အခြားလူတွေ မဟုတ်ပါဘူး"။

ဒေါ်တင်ကြည်က သမီးနဲ့သမက်ကိုကြည့်ပြီး အံ့အားသင့်နေသည်၊ ပါးစပ်ကြီး အဟောင်းသားနဲ့ အတော်ကြာမှ စတင်ပြောဆိုပါတော့သည်။

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူးကွယ်၊ သားနဲ့သမီးတို့က ဒီနေ့

http://www.dhammadownload.com

အလှူလိုဖြစ်အောင် စိမ်ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် အမေတို့လဲပဲ ရှေ့နှစ်ကို ဒီမှာ ကထိန်အလှူ လုပ်လိုပါတယ်"။

"စိမ်ဆောင်ရွက်ပေးတာက ကျွန်တော်တို့အတွက် တာဝန်မလွှဲပါဘူး အမေရယ်၊ ဒါပေမဲ့ ဒီမှာတော့ ဖြစ်နိုင်မယ် မထင်တော့ပါဘူး"။

"ဘာဖြစ်လို့လဲကွဲ့?"။

မောင်မျိုးသန့်၏စကားကို ကြားရသည့်အခါ ဒေါ်တင်ကြည်က စိတ်ပျက်အားငယ်စွာနဲ့ ပြန်မေးလိုက်သည်။

"ဒီရွာက လူကြီးတွေက ရှေ့နှစ်ကထိန်ကို သူတို့ စုပေါင်းလှူဒါန်းပါရစေ–လို့ ဆရာတော်ကို အစောကြီးက ကြိုတင်လျှောက်ထားကြပါတယ်၊ ဒါ့ကြောင့် ဘယ်သူကလျှောက်လျှောက် ဆရာတော် နောက်ထပ်လက်ခံမယ် မဟုတ်တော့ပါဘူး၊ ဒီတော့ ကျွန်တော် တစ်ခုပြောလိုပါတယ်၊ လူမယ်,မလူဘူး–ဆိုတာကတော့ အမေတို့သဘောပါပဲ"။

"ပြောစရာရှိရင် ပြောသာပြောပါ– သားရယ်"။

"မြောင်းမြဘက်မှာလဲပဲ 'ဒီလို သိမ်သိမ်မွေ့မွေ့ နေထိုင်ကြတဲ့ ကျောင်းတိုက်တွေ အများကြီးရှိပါတယ်၊ အဲဒီက ကျောင်းတိုက်တစ်တိုက်မှာ လှူဒါန်းနိုင်မယ် ဆိုရင်လဲ အခုအလှူလိုဖြစ်အောင် ကျွန်တော်ရော မကြည့်ဝင်းပါလာရောက်ဆောင်ရွက်ပေးပါ့မယ်"။

"ဒီလို ဖြစ်နိုင်ရင် တို့က ကျေနပ်ပါတယ်ကွယ်"။

နှစ်ဦးလုံး ဝမ်းမြောက်ဝမ်းသာ လက်ခံပြောဆိုကြလျက် မိုးချုပ်မှ အိမ်ကို ပြန်ကြသည်၊ မောင်မျိုးသန့်နဲ့မကြည့်ဝင်းတို့လည်း ကူးတို့ဆိပ်ထိအောင် လိုက်ပို့ လိုက်ကြသည်။

၃။ လူရောရှင်ပါ ပြုပြင်ရေး

ကြီးငယ်မဟူ အိမ်ရာတည်ထောင် လူဘောင်၌ နေသူများမှာ–

၁။ ယခုဘဝ နေထိုင်စားသောက်ရန် အလုပ်တစ်မျိုး၊

၂။ နောင်ဘဝသံသရာ အဆင့်အတန်းမြင့်ရန် အလုပ်တစ်မျိုး။

ဤသို့ အလုပ် ၂–မျိုးရှိသင့်သည်၊ ယင်းအလုပ် ၂–မျိုးတို့ကို တစ်ဖက်စွန်း မရောက်စေဘဲ မျှမျှတတ လုပ်ကိုင်သင့်သည်။

ယခုဘဝ နေထိုင်စားသောက်ရန်ချည်း ဦးစားပေး လုပ်ကိုင်ပါက ဘဝသံသရာမှာ နိမ့်ကျသွားတတ်သည်၊ နောင်သံသရာ အဆင့်အတန်းမြင့်ရန်ချည်း ဦးစားပေး

http://www.dhammadownload.com

လုပ်ကိုင်နေပြန်လျှင်လည်း ယခုဘဝမှာ နိမ့်ကျလာပြီး မျှော်မှန်းသလောက် အလုပ်မအောင်မြင်ဘဲ ဖြစ်တတ်သည်၊ ထို့ကြောင့် မိမိ၏ အခြေအနေ အရပ်ရပ်ကို သုံးသပ်ဆင်ခြင်ပြီး မျှမျှတတ လုပ်ကိုင်ဆောင်ရွက်ခြင်းကသာ အကောင်းဆုံးနည်းလမ်းဖြစ်ပေသည်။

ဦးရာကျော်+ဒေါ်သဲနုတို့သည် ဤသဘောတရားကို ကောင်းစွာနားလည်ထားသူများ ဖြစ်ကြသည်၊ ငယ်ရွယ်စဉ်ကပင် ယခုဘဝ နေထိုင်စားသောက်ရန်လည်း ကြိုးကြိုးစားစား အလုပ်လုပ်လာကြသည်၊ နောင်ဘဝသံသရာ အဆင့် အတန်းမြင့်ရန်လည်း ကုသိုလ်ကောင်းမှုများကို စွမ်းအားအလျောက် ပြုလုပ်လာကြသည်။

ယခုအချိန်မှာမူ အသက်အရွယ်ကလည်း အတော်လေး ကြီးရင့်လာကြပြီဖြစ်သည့်အတွက် မိမိတို့၏ ဘဝသံသရာ အဆင့်အတန်း မြင့်မားရေးတစ်ခုတည်းကိုသာ ဦးစားပေးလုပ်ကိုင်ရန် အာသာဆန္ဒ ပြင်းပြနေကြသည်။

ယူတို့မှာ ကျောထောက်နောက်ခံကလည်း များများစားစား ရှိကြသည် မဟုတ်ပါ၊ မောင်မျိုးသန့်နဲ့မကြည်ဝင်းတို့ ၂-ဦးမျှသာ ရှိကြပါသည်၊ မောင်မျိုးသန့်မှာ သူတို့၏ သားအရင်းပင်ဖြစ်သည်၊ ငယ်ရွယ်စဉ်ကပင် အလိုရှိသည့် ပုံစံမျိုးဖြစ်လာအောင် ပြုပြင်လာကြသည်၊ စိတ်နေသဘောထားရော, လုပ်ရည်ကိုင်ရည်ကိုပါ ယုံကြည်စိတ်ချရသည်၊ မကြည်ဝင်းမူကား သားနဲ့ပတ်သက်၍ ယခုမှသာ အိမ်ပေါ်ကို ရောက်လာရသူဖြစ်သည်၊ သူ၏ စိတ်နေသဘောထားနဲ့, လုပ်ရည်ကိုင်ရည်ကို ဖြူသလား, မဲသလား မသိရသေး။

သို့ဖြစ်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို မောင်မျိုးသန့်နဲ့ မကြည်ဝင်းတို့အား လွှဲတန်သလောက် လွှဲအပ်၍ မကြည်ဝင်း၏ စိတ်နေသဘောထားနဲ့ လုပ်ရည်ကိုင်ရည်တို့ကို အကဲခတ်လေ့လာနေကြသည်၊ လေးငါးလခန့် အကဲခတ်လေ့လာသည့်အခါ မိမိတို့ မျှော်မှန်းထားသည်ထက် အဖက်ဖက်မှ အရည်အချင်း ပြည့်ဝနေသည်ကို တွေ့ကြရပါသည်။

အမှန်အတိုင်းဆိုရပါလျှင် မကြည်ဝင်းသည် ရိုးရိုးကုပ်ကုပ် ပိပိပြားပြား နေထိုင်တတ်သူ ဖြစ်သည်၊ ချက်မှု,ပြုတ်မှုမှစ၍ အိမ်တွင်းမှုလုပ်ငန်းမှာ ကျွမ်းကျင်သည်၊ လင်ယောကျ်ားနှင့်တကွ ယောကျ်ားမများကို ရိုသေလေးစားသည်၊ အသုံးအစွဲကျစ်လစ်သည်၊ အသုံးနဲ့အဖြုန်းကို နားလည်သည်၊ လူမှုဆက်ဆံရေး ကောင်းသည်၊ လူကြီးပိုင်းကိုရော, လူငယ်ပိုင်းကိုရော ဝင်ဆံ့အောင် ပေါင်းသင်းတတ်သည်၊ စိတ်သဘောထား ပြည့်ဝသည်၊ လောကရေးရာမှာရော, ဘာသာရေး မှာရော သွက်လက်ချက်ချာသည်၊ ခေါင်းဆောင်နိုင်သည်၊ ဦးစီးလုပ်ကိုင်နိုင်သည်။

http://www.dhammadownload.com

သို့ဖြင့် ချွေးမကိုပါ ယုံကြည်စိတ်ချလာကြသည်၊ တန်ခူးလမှာ ၂-ဦးသား တိုင်ပင်ပြီး သားနဲ့ချွေးမတို့အား စီးပွားရေးလုပ်ငန်း အကုန်လုံးကို ဦးစီးလုပ်ကိုင်ရန် လွှဲအပ်ထားလိုက်ကြသည်၊ မိမိတို့မူကား ဥပုသ်သီတင်း စောင့်သုံးမှု, ဆရာတော် ဦးဓမ္မိက၏ သြဝါဒကို နာယူလျက် တရားအားထုတ်မှုတို့ကို ပြုလုပ်နေကြသည်၊ သံဃာ့ဝေယျာဝစ္စများကိုလည်း စွမ်းအားအလျောက် ရွက်ဆောင်လုပ်ကိုင်ပေးနေကြသည်။

မောင်မျိုးသန့်နဲ့မကြည်ဝင်းတို့ကလည်း စီးပွားရေးလုပ်ငန်း အကုန်လုံးကို လွှဲအပ်ခံရသည့်နေ့မှာပင် လူဖွယ်တန်းရန်များကို ယူပြီး ဆရာတော်ဦးဓမ္မိကထံ သွားကြသည်၊ ဆရာတော်ဦးဓမ္မိက၏ သြဝါဒကို ခံယူကြသည်။

> "အမေနဲ့အဖေတို့က တပည့်တော်တို့ ၂-ယောက်အား စီးပွားရေးလုပ်ငန်း အကုန်လုံးကို ဦးစီးလုပ်ကိုင်ဖို့ ဒီနေ့ပဲ လွှဲအပ်ပါတယ်ဘုရား၊ ဒါနဲ့ တပည့်တော်တို့ အမြဲတမ်း လိုက်နာကျင့်သုံးဖို့ ဆရာတော်ဘုရားရဲ့ သြဝါဒကို နာခံလိုကြပါတယ်"။

မောင်မျိုးသန့်၏ စကားကို ကြားရသည့်အခါ ဆရာတော်ဦးဓမ္မိကက အောက်ပါ သြဝါဒစကားကို မိန့်ကြားတော်မူပါသည်။

ကြီးပွားကြောင်း ၆-ပါး

> အာရောဂျမိစ္ဆေ ပရမဉ္စ လာဘံ , သီလဉ္စ ဝုဒ္ဓါနုမတံ သုတဉ္စ၊
> ဓမ္မာနုဝတ္တီ စ အလီနတာ စ , အတ္ထဿ ဒ္ဝါရာ ပမုခါ ဆဠေတေ။[၁]

ဒီလို ဇာတ်ပါဠိတော်မှာ ဟောထားတာရှိတယ်၊ ဒါကိုပဲ မင်းတို့ အမှတ်ရလွယ်အောင် တို့ကမြန်မာကဗျာနဲ့ ပြန်ပေးပါ့မယ်၊ ဒါကို စာရွက်လေးနဲ့ ရေးမှတ်သွားကြပေါ့။

> ရောဂါလွတ်, မြတ်လှတဲ့-လာဘ်ပင်၊
> ကျင့်သီလာ-သြဝါဒငယ်, များလှကြားမြင်၊
> တရားခင်, အားထုတ်ချင်-စိတ်ထား၊
> ကြီးပွားရန်-ခြောက်တန်ကြောင်းငယ်, ကောင်းလှတရား။

၁။ "ရောဂါလွတ်, မြတ်လှတဲ့-လာဘ်ပင်" ဆိုတာက အနာရောဂါကင်းတာဟာ အမြတ်ဆုံးလာဘ်ပါပဲတဲ့၊ ဒါဟာ မင်းတို့ မျက်မြင်ကိုယ်တွေ့ပဲ၊ ကိုယ်ခန္ဓာ မကျန်းမာလို့ရှိရင် ပစ္စည်းဥစ္စာရအောင်လဲ မလုပ်နိုင်ဘူး၊ ရပြီးတဲ့ ပစ္စည်းဥစ္စာကိုလဲ မသုံးဆောင် မခံစားနိုင်ဘူးပေါ့၊ ဒီတော့ မကျန်းမာလို့ရှိရင် မရသေးတဲ့

၁။ ဇာတက-ပါ-၁၊ ၂၀။ ၄င်း-၄-၁၊ ၃၃၈။

http://www.dhammadownload.com

ပစ္စည်းဥစ္စာကိုလဲ ရအောင်မလုပ်နိုင်၊ ရပြီးတဲ့ ပစ္စည်းဥစ္စာတွေလဲ အကျိုးမဲ့ဖြစ်ရတာပဲ မဟုတ်လား ?၊ ကျန်းမာမှ အနာကင်းပါမှ မရသေးတဲ့ ပစ္စည်းဥစ္စာကိုလဲ ရနိုင်တယ်၊ ရပြီးတဲ့ ပစ္စည်းဥစ္စာလဲပဲ အကျိုးရှိနိုင်တယ်။

ဒါကြောင့် "အနာကင်းခြင်းကိုပဲ အမြတ်ဆုံးလာဘ်"လို့ ဆိုရတယ်၊ ဒီအနာကင်းခြင်းလာဘ်ကို လက်ဦးဆုံး အလိုရှိသင့်တယ်။

၂။ "ကျင့်သီလာ"ဆိုတာက "အကျင့်သီလနဲ့ ပြည့်စုံရမယ်၊ ငါးပါးသီလတင်မကပါဘူး၊ လောကထုံးတမ်းစဉ်လာ ကျင့်ဝတ်တွေနဲ့လဲ ပြည့်စုံရမယ်"လို့ ဆိုလိုတယ်။

၃။ "သြဝါဒငယ်"ဆိုတာက "လူကြီးမိဘ ပညာရှိတွေရဲ့အဆုံးအမကို လိုက်နာရမယ်"လို့ ဆိုလိုတာပဲ။

၄။ "များလှကြားမြင်"ဆိုတာက "အကြောင်းအကျိုးနဲ့ စပ်ယှဉ်တဲ့ အကြားအမြင်များရမယ်"လို့ ဆိုလိုတယ်။

၅။ "ဂရားခင်"ဆိုတာက "ဒုစရိုက်တွေကို မပြုကျင့်ဘဲ သုစရိုက်တရားတွေ, ပုညကြိယဝတ္ထုတွေကို ပြုကျင့်ရမယ်"လို့ ဆိုလိုတာပါပဲ။

၆။ "အားထုတ်ချင်စိတ်ထား"ဆိုတာက "စိတ်မတွန့်တို့ မဆုတ်နစ်ရဘူး၊(စိတ်ဓာတ်မကျဆင်းစေရဘူး၊) စိတ်ဓာတ်ထက်သန်မှု ရှိရမယ်၊ လုံ့လဝီရိယ ရှိရမယ်"လို့ ဆိုလိုတယ်။

ဒီ ၆-ပါးဟာ လောကကြီးပွားမှု, လောကုတ္တရာကြီးပွားမှုရဲ့ အင်မတန် မွန်မြတ်တဲ့ အကြောင်းတွေပါပဲတဲ့၊ ဒါကြောင့် "ကြီးပွားရန်, ခြောက်တန်ကြောင်းငယ်, ကောင်းလှတရား"လို့ ဆိုထားရပါတယ်။

ဒါကြောင့် လောကီဘက်ရော, လောကုတ္တရာဘက်ရော ဘက်စုံကြီးပွားလိုရင် ဒီတရား ၆-ပါးကို လက်ကိုင်ထားရမယ်။

"အရတော်ပြန်, လူဖြစ်မှန်သော်, လက်မွန်ဦးစွာ, ကင်းအနာနဲ့, ရောဂါမစပ်, မြတ်သောလာဘ်ကို, လိုအပ်သည်သာ၊ ထို့နောက်မှာလျှင်, ငါးဖြာပဋ္ဌသီ, စောင့်ထိန်းညီလျက်, ထိုပြီနောက်တိ, ပညာရှိထံ, နည်းခံဆုံးမ, နောက်မှတပါး, မြင်ကြားရှာဖွေ၊ နောက်ပေသုစရိုက်, ကိုယ်၌မကွာ, တည်စေရာ၏၊ တဖြာထိမှ, ဓနရှာခြင်း, မပျင်းလုံ့လ, ဝီရိယကို, ဖြစ်ထစေရာ, ဤခြောက်ဖြာကား, လူ့ရွာ၌မှီ, လူဟူပြီတို့, လောကီ လောကုတ်, မယုတ်အကျိုး, မည်ဉီးစင်စစ်, ပွားကြောင်းဖြစ်၏"။[၁]

၁။ မဃ-ပုဒ်ရေ၊ ၃၂၆။

http://www.dhammadownload.com

ဒီလို မဃဒေဝလက်ံကမှာလဲပဲ ဆိုထားပါသေးတယ်၊ ဒါကိုလဲ ရေးမှတ်ချင် ရေးမှတ်ထားကြအုံး၊ ကိုင်း–ဒီလောက်ဆို တော်ရောပေါ့။

ပြုပြင်ရေးလမ်းစ

ဓမ္မိကာရံကျောင်းတိုက်ထဲ၌ ဦးရာကျော်+ဒေါသဲနုတို့ ဆောက်လုပ်လှူဒါန်းထားသော ဥပုသ်ဇရပ်တစ်ခု ရှိသည်၊ သားနဲ့ချွေးမတို့အား စီးပွားရေးအကုန်လုံးကို လွှဲအပ်ပြီးသည့်နောက် နေ့ဘက်မှာ ဦးရာကျော်+ဒေါသဲနုတို့က ယင်းဇရပ်မှာပင် အနေများလာသည်၊ ဆရာတော်ဦးဓမ္မိကထံ သီလယူပြီး တရားအားထုတ်နေကြသည်၊ ညအိပ်ချိန်လောက်သာ အိမ်ကိုပြန်လာတတ်ကြသည်။

ကျောင်းကိုအရောက်အပေါက် များလာသည့်အခါ အချို့ရှင်ငယ်, ရဟန်းငယ်များ၏ အနေအထိုင် မပိပြားမှု, ရွာထဲက အချို့သော ဒကာ ဒကာမများ၏ ရှင်ငယ်, ရဟန်းငယ်များနဲ့ အရောဝင်လွန်းမှုများကို တွေ့မြင်လာရသည်၊ သို့ဖြစ်၍ တစ်နေ့မှာ ဦးရာကျော်က ဆရာတော်ဦးဓမ္မိကကို လျှောက်ထားပါတော့သည်။

"အရှင်ဘုရား ! ခွင့်ပြုမယ်ဆိုရင် သာသနာရေးနဲ့ ပတ်သက်လို့ တပည့်တော် နည်းနည်းလျှောက်ထားလိုပါတယ်"။

"သာသနာရေးကို လျှောက်မှာဖြင့် ဘုန်းကြီးဆီမှာ ခွင့်တောင်းစရာ မလိုပါဘူး၊ ဘယ်အချိန်မှာပဲဖြစ်ဖြစ် ဒကာကြီးလျှောက်လိုတဲ့ အချိန်မှာ လျှောက်ထားနိုင်ပါတယ်"။

"ဒါပေမဲ့ ခွင့်တောင်းရမဲ့ ဝတ္ထရာက ရှိနေလို့ပါဘုရား၊ ဒီမှာပဲ အချို့ကိုရင်တွေ, ဦးပဉ္ဆင်းတွေက ရွာထဲဆွမ်းခံအိမ်က ဒကာ ဒကာမတွေကို ပန်းတွေ သရက်သီးတွေ ခူးပေးနေတာ, ကောက်ပေးနေတာ တွေ့တွေ့နေရပါတယ်၊ ဒါ သင့်တော်ပါ့မလားဘုရား ?"။

"ဘယ်တော်မလဲ၊ ဒါမျိုးကို 'ကုလဒူသန, အနေသန, မိစ္ဆာဇီဝ'လို့ ခေါ်တယ်၊ အဲဒီလို ပေးဖော်ရတဲ့အတွက် သူတို့ကို ပြန်လှူတဲ့ ပစ္စည်းတွေဟာ ဘာတစ်ခုမှ မအပ်တော့ဘူး၊ သူတို့တင် မကပါဘူး၊ အခြားရဟန်း သာမဏေတွေအတွက်လဲ မအပ်တော့ဘူး၊ ဒီလို လုပ်တတ်လွန်းအားကြီးလို့ ဘုန်းကြီးက သူတို့ခံတဲ့ဆွမ်းကိုတောင်မှ မစားပါဘူး၊ သူတို့ကို မယုံတာနဲ့ ဒကာတွေက သီးသန့်စီစဉ်ပေးတဲ့ဆွမ်းကို စားနေတာပဲ"။

"ဒါကတော့ဘုရား ကိုရင်လေးတွေ, ဦးပဉ္ဆင်းလေးတွေရဲ့ အပြစ်ချည်းမဟုတ်ပါဘူး၊ ဒကာ ဒကာမတွေ မသိနားမလည်မှုလဲ တစ်ဝက်လောက်ပါနေ

http://www.dhammadownload.com

ပါတယ်၊ ဒါ့ကြောင့် ဒါတွေကို လူတွေရော, ရဟန်းသာမဏေတွေရော သိနား လည်သွားအောင် ဒီသင်္ကြန်အတွင်းမှာပဲ ပြောပေး, ဟောပေးစေလိုပါတယ်။

ပြီးတော့ လွန်ခဲ့တဲ့ ၂-နှစ်လောက်က တပည့်တော် မြောင်းမြဘက်ကမ်းကို ကိစ္စတစ်ခုနဲ့ ရောက်သွားပါတယ်၊ ကိုရင်ကြီးလား ဦးပဉ္ဇင်းလား၊ ဒါမှမဟုတ်ရင် အတုအယောင်ကြီးလား၊ ဘာရယ်လို့တော့ အတိအကျ မသိပါဘူး၊ ပုဂ္ဂိုလ် တစ်ဦးကို တွေ့ခဲ့ရပါတယ်၊ အဲဒီပုဂ္ဂိုလ်ဟာ ညီညွတ်ညစ် သင်္ကန်းကို ဝတ်ထား ပါတယ်၊ ဈေးနှား လူသွားလမ်းဘေးမှာ ရေသနုပ်လိုဟာ တစ်ခုကို ခင်းပါတယ်၊ အဲဒီအပေါ်မှာ ထိုင်နေပါတယ်၊ အဖုံးမပါတဲ့သပိတ် တစ်လုံးကိုတော့ ရှေ့ကချ ထားပါတယ်၊ ရှေ့ကဖြတ်သွားတဲ့ လူတွေဆီမှာ ပိုက်ဆံ လိုက်အလှူခံနေပါတယ်၊ ဒါကိုလဲ လှူတဲ့လူက လှူနေပါတယ်ဘုရား၊ ဒါဟာ တပည့်တော်တို့ ဒကာ ဒကာမ တွေဘက်က ဘာသာရေးအသိဉာဏ် ခေါင်းပါးလို့ လှူတယ်-ဆိုရမှာပါပဲ။

ပြီးတော့ အဲဒီ လွန်ခဲ့တဲ့ ၂-နှစ် ၃-နှစ်လောက်ကပဲ ဝိဇ္ဇာလိုလို, ဘာလိုလို ဘုန်းကြီးတစ်ပါး ရောက်လာပါသေးတယ်၊ သူ့အသက်က 'တစ်ထောင်'ရှိပြီ-လို့ ပြောလိုပြော၊ 'ရှစ်ရာ'ရှိပြီ-လို့ ပြောလိုပြော၊ ပြောချင် သလို ပြောနေပါတယ်၊ သူ့ရဲ့အဓိဋ္ဌာန်ခွက်ထဲမှာ ရွှေတစ်ကျပ်ထည့်ရင် ၂-ကျပ် ဖြစ်လာမယ်-ဆိုတော့ ရွှေအပွားလိုချင်တဲ့ လူတွေက အတော်ထည့်ကြပါ သေးတယ်၊ ၅-ကျပ်သား, ၁၀-ကျပ်သားအထိ ထည့်တဲ့လူက ထည့်ကြပါတယ်၊ အတော်ကြာတော့ ဝိဇ္ဇာ ဘုန်းကြီးက အဓိဋ္ဌာန်ခွက်ကိုယူပြီး ပျောက်သွားပါတယ်၊ အစအနရှာမရတော့ ပါဘူး၊ အချို့က ရူးမတတ် ဖြစ်သွားကြရပါတယ်၊ ဒါတွေဟာ အမှန်စင်စစ် ကတော့ ဘာသာရေးအခြေခံ မပြည့်ဝလို့ သင်္ကန်းဝတ်ထားလို့ရှိရင် ဘုန်းကြီးပဲ မလိမ်ဘူး, မညာဘူးဆိုတဲ့ ယုံကြည်ချက်ကြောင့် ခံကြရတယ်-လို့ ဆိုရမှာပါပဲ။

ဒီတော့ အရှင်ဘုရားတို့ သာသနာပြုတဲ့ နေရာမှာ ရဟန်းတော်တွေ လောက်တင် ပြုပြင်လို့ အခုခေတ်မှာ မလုံလောက်တော့ပါဘူး၊ လူတွေကိုပါ ပြုပြင်နိုင်မှ တော်ရုံကျပါလိမ့်မယ်၊ ဒါ့ကြောင့် အခုလာမဲ့ သင်္ကြန်တွင်းကစပြီး လူတွေကိုပါ အသိဉာဏ် သွင်းပေးဖို့ တပည့်တော် လျှောက်ထားရတာ ဖြစ်ပါတယ်"။

"ဒါဖြင့် ဒကာကြီး သင်္ကြန်ရက် ဘယ်လောက်လိုသေးသလဲ ?"။

"သင်္ကြန်က လကုန်ခါနီးမှ ကျမှာပါ၊ အခု တန်ခူးလဆန်းဆိုတော့ တစ်လ နီးပါး ကျန်ပါသေးတယ်"။

http://www.dhammadownload.com

"ဒီလောက် စာကြည့်ချိန်ရရင် ဒကာကြီးအလိုရှိတဲ့အတိုင်း ဖြစ်ပါလိမ့်မယ်"။

ဆရာတော်ဦးဓမ္မိကဆီက ဝန်ခံချက်ရသည့်အခါ ဦးရာကျော်က ရှိခိုးဝပ်ချပြီး ပြန်လာခဲ့သည်၊ ဆရာတော်ဦးဓမ္မိကလဲ ဦးရာကျော်လျှောက်ထားသည့်နေ့မှစ၍ သက်ဆိုင်ရာစာတွေကို ပြန်ကြည့်ပြီး မှတ်မှတ်သားသား စီစဉ်ထားသည်။

တစ်လနီးပါးဆိုသည့် အချိန်ကား ကြာလှသည်မဟုတ်ပါ၊ ကိုယ့်ကိစ္စနဲ့ကိုယ် လှုပ်ရှားသွားလာနေထိုင်ကြရင်း သင်္ကြန်နေ့ကို ရောက်မှန်းမသိ ဆိုက်ရောက်လာခဲ့ပါသည်၊ သင်္ကြန်အကျနေ့မှာ ဦးရာကျော်တို့ကပင် သံဃာတော်များကိုလဲ ဆွမ်းကပ်သည်၊ ဥပုသ်သည်များကိုလဲ ကျွေးမွေးဧည့်ခံသည်။

ဆရာတော်ဦးဓမ္မိက၏ အမိန့်အရ ဓမ္မာရုံသံဃာစင်ပေါ်မှာ သံဃာတွေအတွက် နေရာပြင်ထားရသည်၊ ဥပုသ်သည်များကို သီလပေးပြီးသည့်အခါ သံဃာတော်များ ကြွလာရန် အချက်ပေးသံချောင်း အခေါက်ခိုင်းလိုက်သည်၊ သံဃာတော်များ ကြွလာ၍ နေသားတကျ ထိုင်မိသည့်အခါ ဆရာတော်ဦးဓမ္မိကက တရားစတင် ဟောကြားပါတော့သည်။

အခု သာသနာတော် နောက်ပိုင်းရောက်လာတော့ သာသနာ့ဝန်ထမ်း **ရဟန်း** တော်တွေဘက်က လျော့ပါးလာတာတွေလဲ ရှိနေတယ်၊ သာသနာပြု **ဒကာ ဒကာမ** တွေဘက်က ကူညီမှု လွဲမှားနေတာတွေကလဲ ရှိနေတယ်၊ ၂-ဦး ၂-ဖက်လုံးက **သတိ** ထားပြီး ဒါတွေကို အချိန်မီ ပြုပြင်သင့်ပါတယ်။

"ဒီအချိန်ရောက်လာတော့ ဒီလိုဖြစ်လာလိမ့်မယ်"ဆိုတာကို ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓမြတ်စွာကလဲ ကြိုတင်ပြီး မြင်တော်မူပါတယ်၊ ကြိုတင်ပြီး ဟောထားခဲ့ပါတယ်၊ ဒီတော့ အဲဒီဗုဒ္ဓမြတ်စွာ ဟောကြားထားခဲ့တဲ့ တရားတော်ကိုပဲ အခြေခံပြီး ဘုန်းကြီးက ပြောသွားပါ့မယ်။

သာသနာ့ဘေးရန်[၁]

ရဟန်းတို့ ဒီဘေးရန် ၅-မျိုးဟာ အခု ငါဘုရားလက်ထက်မှာတော့ မဖြစ်သေးဘူး၊ နောက်တစ်ချိန်မှာ ဖြစ်ပေါ်လာလိမ့်မယ်၊ သင်တို့တစ်တွေဟာ အဲဒီဘေးရန်တွေကို သိထားသင့်တယ်၊ သိနားလည်ပြီးတဲ့နောက် အဲဒီဘေးရန်တွေကို ပယ်နိုင်အောင် ကြိုးစားအားထုတ်ရမယ်။

အဲဒီဘေးရန် ၅-မျိုးဆိုတာ ဘာတွေလဲဆိုတော့-

၁။ အနာဂတ်ကာလမှာ ရဟန်းတော်တွေဟာ သင်္ကန်းကောင်းကို အလိုရှိလာကြလိမ့်မယ်၊ သင်္ကန်းကောင်းကို အလိုရှိကြတဲ့အတွက် ပုံသကူ

၁။ အံ-ပါ-၂၊ ၉၅။

http://www.dhammadownload.com

ဓုတင်ဆောင်မှုကို စွန့်လွှတ်ကြလိမ့်မယ်၊ တောရကျောင်းတွေကို စွန့်လွှတ်ကြလိမ့်မယ်၊ မြို့ကြီး ရွာကြီး မင်းနေပြည်သို့ ဝင်ရောက်နေထိုင်ကြလိမ့်မယ်၊ သင်္ကန်းကောင်းရအောင် မအပ်စပ်တဲ့နည်း (အနေသန အမျိုးမျိုး)နဲ့ ရှာဖွေကြလိမ့်မယ်။

၂။ အနာဂတ်ကာလမှာ ရဟန်းတော်တွေဟာ ဆွမ်းကောင်းကို အလိုရှိလာကြလိမ့်မယ်၊ ဆွမ်းကောင်းကို အလိုရှိကြတဲ့အတွက် ပိဏ္ဍပါတ် ဓုတင်ဆောင်မှုကို စွန့်လွှတ်ကြလိမ့်မယ်၊ တောရကျောင်းတွေကို စွန့်လွှတ်ကြလိမ့်မယ်၊ မြို့ကြီး ရွာကြီး မင်းနေပြည်တို့သို့ ဝင်ရောက်နေထိုင်ကြလိမ့်မယ်၊ ဆွမ်းကောင်း, ဟင်းကောင်း-စတဲ့ဟာတွေကို ရအောင် မအပ်မစပ်တဲ့နည်း (အနေသနအမျိုးမျိုး)နဲ့ ရှာဖွေကြလိမ့်မယ်။

၃။ အနာဂတ်ကာလမှာ ရဟန်းတော်တွေဟာ ကျောင်းကောင်းကို အလိုရှိလာကြလိမ့်မယ်၊ ကျောင်းကောင်းကို အလိုရှိကြတဲ့အတွက် ရက္ခမူဓုတင်ဆောင်မှုကို စွန့်လွှတ်ကြလိမ့်မယ်၊ တောရကျောင်းများကို စွန့်လွှတ်ကြလိမ့်မယ်၊ မြို့ကြီးရွာကြီး မင်းနေပြည်တို့သို့ ဝင်ရောက်နေထိုင်ကြလိမ့်မယ်၊ ကျောင်းကောင်းရအောင် မအပ်စပ်တဲ့နည်း (အနေသနအမျိုးမျိုး)နဲ့ ရှာဖွေကြလိမ့်မယ်။

၄။ အနာဂတ်ကာလမှာ ရဟန်းတော်တွေဟာ ဘိက္ခုနီ, သိက္ခမာန်, သာမဏေမ, (သီလရှင်, ရသေ့မ, ယောဂီမ)တွေနဲ့ ရောရောနှောနှော (သံသဋ္ဌဖြစ်)နေကြလိမ့်မယ်၊ အဲဒီလို ရောနှောနေထိုင်ရင် မပျော်မွေ့ဘဲသော်လဲ သာသနာမှာ နေရတတ်တယ်၊ ရန့်ရင်းကြမ်းတမ်းတဲ့ အာပတ် သို့သော်လဲ ရောက်ရတတ်တယ်၊ လူသော်လဲ ထွက်ရတတ်တယ်၊ ဒီ နောက်ဆက်တွဲ အကျိုးတွေ တကယ်ပဲ ဖြစ်ပေါ်လာတတ်တယ်။

၅။ အနာဂတ်ကာလမှာ ရဟန်းတော်တွေဟာ ကျောင်းတိုက်ထဲမှာ ရှိနေတဲ့ အရံစောင့်တွေ, ကပ္ပိယတွေ, သာမဏေငယ်တွေနဲ့ ရောရောနှောနှော (သံသဋ္ဌဖြစ်) နေကြလိမ့်မယ်၊ အဲဒီလို ရောနှောနေတဲ့ အတွက် စားသောက်စရာတွေကို နောက်တစ်နေ့ စားသောက်ဖို့ သိမ်းထားမှုကိုသော်လဲ ပြုကြလိမ့်မယ်၊ ဟင်းသီးဟင်းရွက်စိုက်ဖို့ မြေကို ကိုယ်တိုင်သော်လဲ တူးဆွကြလိမ့်မယ်၊ မအပ်တဲ့အသုံးအနှုန်းနဲ့ အတူးအဆွသော်လဲ ခိုင်းကြလိမ့်မယ်၊ ဟင်းသီးဟင်းရွက်တွေကို ကိုယ်တိုင်ခူးမှု, ပေါင်းပင်တွေကို ကိုယ်တိုင်ပယ်နုတ်မှုကိုလဲ ပြုလုပ်ကြလိမ့်မယ်၊ မအပ်စပ်တဲ့ အသုံးအနှုန်းနဲ့ ဆွတ်ခူးရန်,

http://www.dhammadownload.com

ပယ်နုတ်ရန်လဲ ခိုင်းကြလိမ့်မယ်၊ ဒီနောက် ဆက်တွဲ အကျိုးတွေဟာ တကယ်ပဲ ဖြစ်ပေါ်လာတတ်တယ်။

ရဟန်းတို့ ! ဘေးရန် ၅-မျိုးဆိုတာ ဒါတွေပါပဲ၊ ဒီဘေးရန် ၅-ပါးဟာ ငါဘုရား လက်ထက်မှာ မဖြစ်သေးဘူး၊ နောက်တစ်ချိန်မှာ ဖြစ်လာလိမ့်မယ်၊ သင်တို့ တစ်တွေဟာ အဲဒီဘေးရန်တွေကို သိထားသင့်တယ်၊ နားလည်ထားသင့်တယ်၊ သိနားလည်ပြီးတဲ့နောက် အဲဒီဘေးရန်တွေကို ပယ်နိုင်အောင် ကြိုးစားအားထုတ်ကြရမယ်။

ဘေးရန်ဖြစ်ခြင်း အကြောင်းရင်း

ဗုဒ္ဓမြတ်စွာက ဒီလိုကြိုတင်ပြီး ဟောထားခဲ့ပါတယ်၊ ဒီတော့ ဒီဘေးရန်တွေဟာ အခုနေအချိန်မှာ ဘယ်အခြေအနေကို ရောက်နေပြီလဲ၊ ဘယ်အတိုင်း အတာထိအောင် ဖြစ်နေပြီလဲ၊ အဲဒီဘေးရန်တွေကို ဘယ်လိုကာကွယ်ကြမလဲ၊ ဘယ်လို ဟန့်တားကြမလဲ၊ ဘယ်လို ပယ်ကြမလဲ ?။

ဒါဟာ ဗုဒ္ဓဘာသာဝင်တိုင်း စိတ်ပါဝင်စားသင့်တဲ့ အချက်ပဲ ဖြစ်ပါတယ်၊ ဗုဒ္ဓမြတ်စွာ သာသနာကို အသက်တမျှ ချစ်ခင်မြတ်နိုးကြတဲ့ ရဟန်းရှင်လူတိုင်း အလေးမူရမဲ့ အချက်ပဲ ဖြစ်ပါတယ်၊ ဒီဘေးရန်တွေကို အချိန်မီ မဟန့်တား မကာကွယ်နိုင်လို့ရှိရင် လေးသဒ္ဒေနဲ့ ကမ္ဘာတစ်သိန်းကြာမျှ ပါရမီတော်တွေကို ဖြည့်ကျင့်ပြီးမှ တည်ထောင်တော်မူနိုင်တဲ့ ဗုဒ္ဓမြတ်စွာ သာသနာတော်, ရှင်လူအများရဲ့ စီးပွားချမ်းသာကို တကယ်ပဲ ရွက်ဆောင်ပေးစွမ်းနိုင်တဲ့ ဗုဒ္ဓမြတ်စွာသာသနာတော်၊ ဒီသာသနာတော်ဟာ လုံးပါးပါးပြီး ပျက်စီးပျောက်ကွယ်သွားဖို့သာ ရှိပါတော့တယ်။

ရောဂါဝေဒနာ စွဲကပ်နေတဲ့ လူမမာတစ်ဦးတစ်ယောက်ကို ဆေးဝါးကုသမှု ပြုလိုပါရင် ရောဂါရဲ့ ဇာစ်မြစ်ကို ဦးစားပေး ရှာဖွေရပါ့မယ်၊ ရောဂါရဲ့ ဇာစ်မြစ် အကြောင်းရင်းကို သိပြီးတဲ့နောက် သင့်တော်တဲ့ ဆေးဝါးဓာတ်စာကို ပေးရပါ့မယ်၊ ဒီလို အနာနဲ့ဆေး တဲ့အောင်ပေးမှပဲ ရောဂါပျောက်ကင်း ချမ်းသာနိုင်ပါတယ်။

ဒီသဘောအတိုင်းပါပဲ၊ ဗုဒ္ဓမြတ်စွာသာသနာတော်မှာ ဖြစ်ပေါ်လာတဲ့ ဘေးရန်တွေကို ပယ်ရှားလိုလို့ရှိရင် ဘေးရန်ရဲ့ အကြောင်းရင်းကို ဦးစားပေး ရှာဖွေရပါလိမ့်မယ်၊ အကြောင်းရင်းကို သိမြင်နားလည်ပြီးတဲ့နောက် ဘေးရန်ကို ပယ်ရှင်းပျောက်ကင်းစေနိုင်တဲ့ နည်းလမ်းကောင်းတွေကို လိုက်နာအသုံးပြုပြီး ဘေးရန်ကို ပယ်ဖို့ ကြိုးစားရပါ့မယ်၊ ဒီလိုလုပ်မှပဲ ဗုဒ္ဓမြတ်စွာ သာသနာတော်ဟာ ဘေးရန်ကင်းကွာပြီး အညစ်အကြေး ကင်းစင်တဲ့ လပြည့်ဝန်းပမာ အစွမ်းကုန်ထွန်းလင်းတောက်ပြောင်လာပါလိမ့်မယ်။

http://www.dhammadownload.com

ဒီတော့ ဘေးရန်ရဲ့ အကြောင်းရင်းကို ရှာကြစို့ရဲ့၊ ဗုဒ္ဓမြတ်စွာ ဟောကြားထားခဲ့တဲ့ ဘေးရန် ၅-မျိုးထဲက အစဘေးရန် ၃-မျိုးဟာ (ကုလဒူသန, အနေသန-ဆိုတဲ့) မအပ်စပ်တဲ့ နည်းတွေနဲ့ ရဟန်းတော်တွေက သင်္ကန်းကောင်းရအောင်, အစားအစာကောင်းရအောင်, ကျောင်း အိပ်ရာ နေရာကောင်းရအောင် ရှာဖွေတာပဲ ဖြစ်တယ်၊ နောက်ဘေးရန် ၂-မျိုးကတော့ ဒကာ ဒကာမတွေနဲ့ ရောနှောယှက်တင် နေထိုင်မှု (ဆိုတဲ့-သံသဂ္ဂ)ကြောင့် ရဟန်းတော်တွေ ပျက်စီးဆုံးပါးရတာပဲဖြစ်တယ်။

ဒီတော့ ရဟန်းတော်တွေဟာ ကုလဒူသန, အနေသနတွေက ရှောင်ကြဉ်ကြမယ်, ဒကာ ဒကာမတွေနဲ့ ရောနှောယှက်တင်မှု မရှိဘဲ ကင်းကင်းရှင်းရှင်းလဲ နေထိုင်ကြမယ်ဆိုရင် သာသနာ့ဘေးရန် ၅-ပါးလုံး မလွတ်ကင်းနိုင်ဘူးလား ?။

"လွတ်ကင်းနိုင်ပါတယ်ဘုရား"။

ဒီတော့ ရဟန်းတော်တွေက ကုလဒူသန, အနေသနတွေက ရှောင်နိုင်အောင်, ဒကာ ဒကာမတွေနဲ့ ကင်းကင်းရှင်းရှင်းနေနိုင်အောင် ဗုဒ္ဓဘာသာ ဒကာ ဒကာမတွေက တစ်တပ်တစ်အားအနေနဲ့ ကူညီမှု ဖြစ်နိုင်ပါတယ်၊ ဒကာ ဒကာမတွေရဲ့ အကူအညီ မပါဘဲနဲ့ မဖြစ်နိုင်ပါဘူး။

"ရဟန်းတို့ ! ဒကာ ဒကာမတွေဟာ သင်တို့အတွက် ကျေးဇူးများလှပါတယ်၊ သူတို့တစ်တွေဟာ သင်တို့ကို သင်္ကန်း, ဆွမ်း, ကျောင်း, ဆေးပစ္စည်း ၄-ပါးတွေနဲ့ ပြုစုလုပ်ကျွေးနေကြတာပဲ။

သင်တို့တစ်တွေဟာလဲပဲ ဒကာ ဒကာမတွေအတွက် ကျေးဇူးများလှပါတယ်၊ သင်တို့တစ်တွေဟာ ဒကာ ဒကာမတွေအား တရားဓမ္မကိုလဲ ဟောပြောကြပါတယ်၊ စင်ကြယ်မြင့်မြတ်တဲ့ အကျင့်ကိုလဲ ထင်ရှားပြကြပါတယ်။

ရဟန်းတို့ ! ဒီလိုပဲ တစ်ဦးကိုတစ်ဦး အမှီပြုပြီး သြဃ ၄-ဖြာ သံသရာကလွတ်မြောက်ဖို့, ဝဋ်ဆင်းရဲအဆုံးကို ပြုဖို့ ဒီမြင့်မြတ်တဲ့ အကျင့်ကို ကောင်းစွာကျင့်သုံးသင့်တယ်"။[၁]

ဒီလိုဗုဒ္ဓမြတ်စွာက ချမှတ်ပေးခဲ့တဲ့မူအတိုင်း ဒကာ ဒကာမတွေကလဲ ရဟန်းတော်တွေကိုကူညီမှု, ရဟန်းတော်တွေကလဲ ဒကာ ဒကာမတွေကို ပြန်ပြီးကူညီမှုကို ပြုသင့်ပါတယ်။

ဒီလို ပစ္စည်း ၄-ပါးနဲ့ ကူညီတဲ့အပြင် ရဟန်းတော်တွေ ကုလဒူသန, အနေသနမဖြစ်ရအောင်, သံသဂ္ဂမဖြစ်ရအောင် ကူညီရန်လဲ လိုပါသေးတယ်၊ ဒါ့ကြောင့် ဒကာ

၁။ ကထိ-ပါ၊ ၂၆၉။ ၆၊ ၃၂၂။

http://www.dhammadownload.com

ဒကာမတွေကပါ ကုလဒူသန, အနေသန-ဆိုတာတွေ, သံသဂ္ဂ-ဆိုတာတွေကို မူသဘောလောက် သိနားလည်ထားသင့်တယ်-လို့ ဘုန်းကြီးက သဘောပေါက်နေပါတယ်။

ဒါကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ ဖြစ်ပေါ်လာတဲ့ ဘေးရန်တွေကို အချိန်မီ ကာကွယ်ဟန့်တားဖို့ "ကုလဒူသန, အနေသန, သံသဂ္ဂ"ဆိုတာတွေကို ဘုန်းကြီးက ပြောပြသွားပါ့မယ်၊ ဒါတွေကို အခြေခံမူသဘောလောက် နားလည်ထားတော့ သာသနာပြုတဲ့နေရာမှာ အများကြီး ခရီးရောက်ပါတယ်။

ကုလဒူသန-အမျိုးဗျက်မှု[၁]

"သူငယ်ချင်းတို့ ! တို့လူစုဟာ လူဘဝနဲ့နေရင် လယ်လုပ်မှု, ဈေးရောင်းမှု, နွားမွေး နွားကျောင်းမှု, လခစား စာရင်းငှားလုပ်မှု-စတဲ့ အလုပ်တစ်ခုခုကို လုပ်ကိုင်နိုင်ပါမှ ဝမ်းဝ ခါးလှုံရှိမယ်၊ လူဘဝနဲ့ အသက်မွေးရ တယ်ဆိုတာဟာ သိပ်တော့ လွယ်လှတာ မဟုတ်ဘူး"။

"ဒါဖြင့် တို့လူစု ဘုန်းကြီးလုပ်ရရင် မကောင်းဘူးလား သူငယ်ချင်း ?"။

"ဘုန်းကြီးလုပ်တယ်ဆိုတာကလဲ သိပ်လွယ်လှတာ မဟုတ်ဘူး သူငယ်ချင်းရေ၊ စည်းနဲ့ ကမ်းနဲ့ အပြစ်မဖြစ်အောင် နေရမယ်"။

"ဒါကတော့ မခက်ပါဘူး သူငယ်ချင်းရေ၊ အပြစ်ဖြစ်ပေါ်လာလို့ရှိရင် လွတ်မြောက်အောင် ကယ်တင်နိုင်တဲ့ ပုဂ္ဂိုလ်ရဲ့အထဲမှာ ဝင်ရောက်ပြီး တပည့်ခံလိုက်ရုံပါပဲ"။

ဒီလို သာဝတ္ထိမြို့သား သူငယ်ချင်း ဖ-ယောက်တို့က စုဝေးတိုင်ပင်နေကြပါတယ်၊ တိုင်ပင်တာကလဲ ဘုန်းကြီးလုပ်စားရအောင်လို့ တိုင်ပင်ကြတာပါပဲ၊ ဘယ်လောက် ကြောက်စရာကောင်းသလဲ၊ "စကတည်းက ယဉ်သကို" ဆိုသလို ဖြစ်မနေဘူးလား ?။

သူတို့လူစုဟာ ဒီလိုတိုင်ပင်ကြပြီးတဲ့နောက် အဂ္ဂသာဝက ၂-ပါးဆီမှာ ရဟန်းပြုကြပါတယ်၊ ရဟန်း ၅-ဝါရတဲ့အထိ ဆရာနဲ့အတူ နေကြပါတယ်၊ ဒွေမာတိကာကို ကြည်ညာအောင် လေ့လာထားကြပါတယ်၊ ဒါကတော့ သဒ္ဓါတရားရှိလို့ ဟုတ်ဟန် မတူပါဘူး၊ ဆရာနဲ့ကင်းပြီး ကိုယ့်ကျောင်းကိုယ့်ကန်နဲ့ နေနိုင်အောင်လို့ လုပ်ကြတာ ဖြစ်ပါလိမ့်မယ်။

"မြို့ရွာ တိုင်းနိုင်ငံတွေဆိုတာဟာ ရံခါ အစားအစာ ပေါများတတ်တယ်၊ ရံခါ အစားအစာ ရှားပါးတတ်တယ်၊ ဒီတော့ အကြောင်းရှိက တစ်ဦးကို

၁။ ပါရာဇိက-ပါ၊ ၂၇၉။ ၄င်း-၆-၂၊ ၁၉၈။

http://www.dhammadownload.com

တစ်ဦး ကူညီနိုင်အောင် တို့ ၆-ပါးလုံး တစ်နေရာတည်းမှာ စုမနေဘဲ ၂-ပါး တစ်တွဲ ၂-ပါးတစ်တွဲ ၃-နေရာခွဲနေကြရင် မကောင်းပေဘူးလား ?"။

ဒီလို သူတို့က ၅-ဝါရပြီးလို့ ဒွေမာတိကာကို လေ့လာပြီးတဲ့ တစ်ချိန်မှာ စုဝေး တိုင်ပင်ကြပြန်တယ်၊ အကုန်လုံး သဘောတူလက်ခံကြပြီး တာဝန်အသီးအသီး ခွဲဝေကြပါတယ်။

"သာဝတ္ထိမြို့ဆိုတာဟာ အင်မတန် လူဦးရေ ထူထပ်တယ်၊ ဘေးပတ် ဝန်းကျင် ရွာတွေကလဲ အင်မတန်များတယ်၊ ကာသိတိုင်း, ကောသလတိုင်း ၂-တိုင်းတို့ရဲ့ အခွန်ဆက်သွင်းရာ မြို့တော်လဲဖြစ်တယ်၊ ဒီတော့ ဒီသာဝတ္ထိမြို့ အနီးအနားမှာပဲ အရှင်ပဏ္ဍုကနဲ့ အရှင်လောဟိတကတို့က ကျောင်းတိုက် တည်ထောင်ကြပါ၊ သရက်, ပိန္ဒဲ, အုန်း-စတဲ့ အပင်တွေကို စိုက်ပျိုးပြီး ပန်းတွေ, အသီးတွေ, အရွက်တွေနဲ့ လာလာသမျှလူတွေကို ချီးမြှောက် ပေးကမ်းကြပါ၊ သိမ်းသွင်းကြပါ၊ ရင်းနှီးကျွမ်းဝင်လာတဲ့ တစ်နေ့ကျတော့ သူတို့ရဲ့ ကလေး သူငယ်တွေကို ရှင်ပြုပေးပြီး ပရိသတ်တိုးပွားအောင် လုပ်ကြပါ"။

"ရာဇဂြိုဟ်မြို့ဆိုတာဟာလဲပဲ လူဦးရေ အင်မတန် ပေါများထူထပ်တယ်၊ ကျေးလက်တောရွာတွေလဲ အင်မတန် တောင့်တင်းတယ်၊ အင်္ဂတိုင်း, မဂဓ တိုင်း ၂-တိုင်းတို့ရဲ့ အခွန်ဆက်သွင်းရာ မြို့တော်လဲဖြစ်တယ်၊ ဒီတော့ အဲဒီ ရာဇဂြိုဟ်မြို့အနီးမှာပဲ အရှင်မေတ္တိယနဲ့ အရှင်ဘူမဇကတို့က ကျောင်းတိုက် တည်ထောင်ကြပါ၊ သစ်ပင်များ စိုက်ပျိုးပြီး လာလာသမျှ လူတွေကို ပန်းတွေ, အသီးတွေ, အရွက်တွေနဲ့ ချီးမြှောက်ပေးကမ်း သိမ်းသွင်းကြပါ၊ ကလေးသူငယ် တွေကို ရှင်ပြုပေးပြီး ပရိသတ်တိုးပွားအောင်လဲ လုပ်ကြတာပေါ့"။

"ပြီးတော့ ကီဋာဂိရိဆိုတာဟာ အင်မတန်ရာသီဥတု ကောင်းတယ်၊ မိုးဥတုမှာရော, ဆောင်းဥတုမှာရော မိုးရွာတယ်၊ ကောက်ပဲသီးနှံတွေကို ၃-သီးစား စိုက်ပျိုးလို့ရတယ်၊ အဲဒီကီဋာဂိရိမှာ အရှင်အဿဇိနဲ့ အရှင် ပုနဗ္ဗသုက တို့က ကျောင်းတိုက်တည်ထောင်သင့်တယ်၊ ပန်းပင်လေးတွေ, သီးပင်လေးတွေ စိုက်ပြီး လာရောက်သမျှ လူတွေကို ပန်းတွေ, သစ်သီးတွေ, သစ်ရွက်တွေပေးပြီး ချီးမြှောက်သိမ်းသွင်းကြပါ၊ ကလေးသူငယ်တွေကို ရှင်ပြု ပေးပြီး ပရိသတ် တိုးပွားအောင်လဲ လုပ်ကြပါ"။

ဒီလိုတိုင်ပင် တာဝန်ခွဲဝေကြတဲ့အတိုင်း သူတို့ ၆-ပါးက ပြုမူလုပ်ကိုင် နေထိုင်ကြ ပါတယ်၊ တစ်အုပ်စု တစ်အုပ်စုမှာ တပည့်ရင်း ငါးရာငါးရာ တိုးပွားလာပါတယ်၊

http://www.dhammadownload.com

ဆရာကြီး ၆–ပါးနဲ့ဆိုရင် ဆဗ္ဗဂ္ဂိုဂိုဏ်းဝင်ရဟန်းပေါင်း ၁၅၀၀–ကျော် ဖြစ်လာပါတယ်၊ အဲဒီ အထဲမှာ အရှင်အဿဇိနဲ့ အရှင်ပုနဗ္ဗသုကတို့ဆိုတာဟာ အကြီးဆုံး ဆဗ္ဗဂ္ဂိတွေ ဖြစ်ကြပါတယ်။

အဲဒီဆဗ္ဗဂ္ဂိ ၃–အုပ်စုထဲက အရှင်ပဏ္ဍာကနဲ့ အရှင်လောဟိတကတို့ အုပ်စုဟာ တပည့်တွေရော ဆရာတွေရော သီလရှိသူချည်း ဖြစ်ကြပါတယ်၊ ဘုရားရှင် ဒေသစာရီ လှည့်လည်ရာသို့လဲ အတူလိုက်ပါ လှည့်လည်တတ်ကြပါတယ်၊ သိက္ခာပုဒ် မပညတ်ရသေးတဲ့ အမှုသစ်တွေကိုသာ ပြုလုပ်တတ်ကြပါတယ်၊ ပညတ်ပြီးတဲ့ သိက္ခာပုဒ်တွေကိုတော့ လွန်ကျူးမှု မလုပ်ကြပါဘူး။

ကျန်တဲ့ ဆဗ္ဗဂ္ဂိ ၂–အုပ်စုကတော့ ဆရာရောတပည့်ပါ အကုန်လုံး အလဒ္ဓိတွေချည်းသာ ဖြစ်ကြပါတယ်၊ သိက္ခာပုဒ် မပညတ်ရသေးတဲ့ ဝတ္ထုတွေကိုလဲ ဖြစ်ပေါ်စေကြပါတယ်၊ ပညတ်ပြီးတဲ့ သိက္ခာပုဒ်တွေကိုလဲ လွန်ကျူးမှုကို ပြုကြပါတယ်၊ ဒီလိုနဲ့ပဲ အရှင်အဿဇိနဲ့ အရှင်ပုနဗ္ဗသုကတို့ဟာ ကီဋာဂိရိမှာ ကျောင်းပိုင် ကျောင်းထိုင်ပုဂ္ဂိုလ်တွေ ဖြစ်လာကြပါတယ်။

သူတို့ဟာ ပန်းပင်ငယ်တွေကိုလဲ ကိုယ်တိုင်လဲ စိုက်ကြပါကယ်၊ သူများကိုလဲ အစိုက်ခိုင်းကြပါတယ်၊ ကိုယ်တိုင်လဲ ရေလောင်းကြပါတယ်၊ သူများကိုလဲ ရေလောင်းခိုင်းကြပါတယ်၊ ကိုယ်တိုင်လဲ ဆွတ်ခူးကြပါတယ်၊ သူများတွေကိုလဲ ဆွတ်ခူးခိုင်းကြပါတယ်။

သူတို့ဟာ ကိုယ်တိုင်လဲ ပန်းကုံးအမျိုးမျိုး ကုံးကြပါတယ်၊ သူများတွေကိုလဲ အကုံးခိုင်းကြပါတယ်၊ အမျိုးသမီးတွေဆီသို့ ကိုယ်တိုင်လဲ ပန်းကုံးအမျိုးမျိုးကို ပို့ဆောင်ကြပါတယ်၊ သူများကိုလဲ အပို့ခိုင်းကြပါတယ်။

သူတို့ဟာ အမျိုးသမီးတွေနဲ့အတူ တစ်ခွက်တည်းမှာလဲ စားကြပါတယ်၊ တစ်ခွက် တည်းမှာလဲ သောက်ကြပါတယ်၊ တစ်နေရာတည်းမှာလဲ ထိုင်ကြပါတယ်၊ ခုတင်တစ်ခုတည်းမှာလဲ အိပ်ကြပါတယ်၊ အခင်းတစ်ခုတည်းမှာလဲ အိပ်ကြပါတယ်၊ ခြုံထည်တစ်ခုတည်းကို ခြုံပြီးတော့လဲ အိပ်ကြပါတယ်၊ အခင်းတစ်ခုတည်းရဲ့ တစ်ဖက်စကိုခင်း, တစ်ဖက်စကို ခေါက်ခြုံပြီးတော့လဲ အိပ်ကြပါတယ်။

သူတို့ဟာ နေလွဲညစာကိုလဲ စားကြပါတယ်၊ သေရည်အရက်ကိုလဲ သောက်ကြပါတယ်၊ ပန်းနဲ့သာ နံ့သာပျောင်းတွေကိုလဲ ဆောင်ကြပါတယ်၊ ကလဲ ကကြပါတယ်၊ သီချင်းလဲ ဆိုကြပါတယ်၊ တီးမှုတ်မှုကိုလဲ ပြုလုပ်ကြပါတယ်၊ အမျိုးမျိုးအဖုံဖုံ သရုပ်ဆောင်မှုကိုလဲ ပြုလုပ်ကြပါတယ်။

http://www.dhammadownload.com

သူတို့ဟာ ကျားကစားခြင်း အမျိုးမျိုးကိုလဲ ပြုလုပ်ကြပါတယ်၊ ဖယ်တောက် ကစားမှုကိုလဲ ပြုလုပ်ကြပါတယ်၊ အန်စာတွေနဲ့လဲ ကစားကြပါတယ်၊ ဂေါလီ ကစားခြင်း–စတဲ့ အခြားကစားခြင်း အမျိုးမျိုးကိုလဲ ကစားကြပါတယ်။

သူတို့ဟာ ကပွဲသဘင်အလယ်မှာ ဒုကုဋ်သက်နှံးကြီးကို ဖြန့်ခင်းပေးပြီး ကချေသည်မကို "ညီမလေး ! ဒီအပေါ်မှာ ကစမ်း"လို့လဲ ပြောကြပါတယ်၊ "ငါ့ညီမလေးက သိပ်တော်တာပဲ၊ သိပ်တော်တာပဲ"ဆိုပြီး ကောင်းချီးလဲ ပေးကြ ပါတယ်၊ (ကချေသည်မလေးရဲ့ နဖူးပေါ်မှာ လက်ချောင်းများကို တင်ထားပြီး) ဆလဲလဲ ပေးကြ ပါတယ်၊ အကျင့်ဆိုး မျိုးစုံကိုလဲ ပြုလုပ်နေထိုင်ကြပါတယ်။

အဲဒီလို ကီဋာဂိရိက ရဟန်းတွေ အကျင့်ပျက်နေချိန်မှာ ရဟန်းတော် တစ်ပါးဟာ ကာသိတိုင်း ကျေးလက်မှာ ဝါဆိုခဲ့ပြီး သီတင်းဝါလကျွတ်တဲ့အခါ ဘုရားဖူးရအောင် သာဝတ္ထိမြို့ဘက်ကို ထွက်ကြွလာခဲ့ပါတယ်၊ လမ်းခရီးအကြား ကီဋာဂိရိကို ရောက်လာခဲ့ပါတယ်။

အဲဒီ ဧည့်သည်ရဟန်းဟာ နံနက်အချိန်မှာ ကီဋာဂိရိသို့ ဆွမ်းခံဝင်တော်မူပါတယ်၊ အဲဒီရဟန်းရဲ့ ဝတ်ပုံရုံပုံကလဲ အချိုးအစား ကျနလှပါတယ်၊ ကြည်ညိုစရာ ကောင်းလှပါတယ်၊ ရှေ့သို့တက်ပုံ, နောက်သို့ဆုတ်ပုံ, ရှေ့သို့ကြည့်ပုံ, စောင်းငဲ့ကြည့်ပုံ, ကွေးပုံ, ဆန့်ပုံတွေဟာလဲပဲ သဒ္ဓါစစ် သဒ္ဓါမှန် ရှိသူတွေကို မကြည်ညိုဘဲ မနေနိုင်အောင် ဆွဲဆောင်နိုင်လောက်ပါတယ်၊ ၄–တောင် လောက်သာ ကြည့်ပြီး မျက်လွှာကလေးချကာ ငြိမ်ငြိမ်သက်သက် ကြွနေတဲ့ ကိုယ်အမူအရာကလဲ ကြည်ညိုဖွယ်ရာ အတိသာ ဖြစ်နေပါတော့တယ်၊ ဒါပေမဲ့ ကီဋာဂိရိက လူအများစုကတော့ အဲဒီရဟန်းကို တွေ့ရတဲ့အခါ အထူးအဆန်းလို ဖြစ်နေကြပါတယ်။

"ဒီရဟန်းဟာဘယ်လိုရဟန်းတဲ့လဲ ?၊ ကြည့်ကြစမ်းပါအုံးတော်၊ သိပ်ထိုင်းမှိုင်းတာပဲ၊ မတုန်မလှုပ်နဲ့ သွားပုံလာပုံကလဲ နုကိုနုလွန်းလှတယ်၊ သူ့ကို ကြည့်ရတာမျက်နှာကြီးရဲ့တွတွနဲ့ စိတ်ဆိုးနေသလိုပါပဲလား၊ ဒီလိုရဟန်းမျိုးကို ဘယ်သူက ဆွမ်းလောင်းချင်မှာတဲ့လဲ၊ တို့အရှင် ဦးအဿဇိ, ဦးပုနဗ္ဗသုက တို့နဲ့ သိပ်ကွာတာပဲ၊ ဦးအဿဇိ, ဦးပုနဗ္ဗသုကတို့ကတော့ အင်မတန် သိမ်မွေ့ကြတယ်၊ ပြေပြစ်ကြတယ်၊ နူတ်ချိုကြတယ်၊ လူတွေကို တွေ့လိုက်တာနဲ့ ပြုံးနေတာပဲ၊ 'ကြွပါ ကြွပါ–အဒေါ်ရယ်, အစ်မရယ်, ညီမလေးရယ်'၊ ဒီလိုလဲပဲ အဒေါ်တန်ရင် အဒေါ်, အစ်မတန်ရင် အစ်မ, ညီမတန်ရင် ညီမ ဖော်ဖော်ရွေရွေ ပြောဆိုကြဆိုကြပါတယ်၊ ပြီးတော့ သူတို့မျက်နှာတွေကလဲ သိပ်ချိုတာပဲ၊ သိပ်ပေါ်လွင်တာပဲ၊ လူကိုတွေ့လိုက်ရင်လဲ သူတို့က ပြုံးပြီး ဦးအောင်နူတ်ဆက်

http://www.dhammadownload.com

လိုက်တာချည်းပဲ၊ အဲဒီလို နေထိုင်ကြတဲ့ တို့ဆရာတော် တွေကိုသာ ဆွမ်းလောင်း သင့်တာပဲ"။

ဒီလိုလဲ အချင်းချင်း တီးတိုးစကား ပြောကြားနေကြပါတယ်။

ဥပါသကာ တစ်ယောက်က ကီဋာဂိရိမှာ ဆွမ်းခံလှည့်လည်နေတဲ့ အဲဒီ ဧည့်သည် ရဟန်းကို သွားတွေ့ပါတယ်၊ "ဒီလိုပုံစံမျိုးနဲ့ တစ်နေ့လုံး လှည့်လည်နေမေမဲ့ ဆွမ်းတစ်ဖွန်းမှ ရမယ်မဟုတ်ဘူး" ဆိုတာကို သိနားလည်နေပါတယ်၊ ဒါနဲ့ ရဟန်းအနားကို သွားပြီး ရိုရိုသေသေ ရှိခိုးလျှောက်ထား၊ပါတယ်။

"အရှင်ဘုရား ! ဆွမ်းများ ရပါရဲ့လား ?"။

"ဆွမ်း မရသေးပါ ဒကာကြီးရယ်"။

"ဒါဖြင့် အရှင်ဘုရား ! တပည့်တော်တို့အိမ်ကို ကြွတော်မူပါ"။

ဥပါသကာက ဧည့်သည်ရဟန်းကို သူ့အိမ်သို့ပင့်သွားပါတယ်၊ ကောင်းကောင်း မွန်မွန် ချက်ပြုတ်ခိုင်းပြီး ဆွမ်းကပ်လှူပါတယ်၊ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ဆက်လက် လျှောက်ထားပြန်တယ်။

"အရှင်ဘုရားက ဘယ်အရပ်ကို ကြွမယ်လို့ပါလဲဘုရား ?"။

"သာဝတ္ထိမြို့ကို ဘုရားဖူးသွားမယ်လို့ပါပဲ ဒကာကြီး"။

"ဒါဖြင့် ဘုရားတပည့်တော် အလျှောက်နဲ့ပဲ မြတ်စွာဘုရားရဲ့ ခြေတော်စုံကို ဦးတိုက်ပြီး လျှောက်ထားပါတော့ဘုရား၊ ရှင်တော်မြတ်ဘုရား ! ကီဋာဂိရိမှာ ကျောင်းတိုက်တွေ ပျက်စီးနေပါပြီ၊ ဦးအဿဇိ, ဦးပုနဗ္ဗသုက–ဆိုတဲ့ အလဇ္ဇီရဟန်းတွေဟာ ကီဋာဂိရိမှာ ကျောင်းပိုင်, ကျောင်းထိုင်တွေ ဖြစ်နေကြပါတယ်၊ သူတို့တစ်တွေဟာ ဒီလိုအကျင့်ဆိုးတွေကို ပြုကျင့်နေကြပါတယ်"။

(သူတို့ဟာ ပန်းပင်ငယ်တွေကိုလဲ စိုက်ပျိုးနေကြပါတယ်ဘုရား၊–အစရှိတဲ့ သူတို့လုပ်သမျှတွေကိုလဲ ခရေစေ့တွင်းကျ လျှောက်ထားလိုက်ပါတယ်၊ အဲဒီနောက် ဆက်လက်ပြီး–)

"ရှင်တော်မြတ်ဘုရား ! ရှေးအခါတုန်းက ရတနာ ၃–ပါး:ကို ကြည်ညိုကြတဲ့ လူတွေဟာလဲပဲ အခုနေအခါမှာ ရတနာ ၃–ပါး:ကို မကြည်ညိုကြတော့ပါ၊ ရှေးအစဉ်အဆက် လူဒါန်းလာကြတဲ့ သံဃာတော်ရဲ့ အလှူဝတ်တွေဟာလဲ အခုနေအခါမှာ ပြတ်ကုန်ပါပြီ၊ သီလကို ချစ်မြတ်နိုးကြတဲ့ ရဟန်းတွေဟာ တစ်ပါး:မှ မနေနိုင်ကြတော့ပါ၊ ယုတ်မာတဲ့ ရဟန်းတွေချည်းသာ ရှိကြပါတော့တယ်။

http://www.dhammadownload.com

"ရှင်တော်မြတ်ဘုရား ! တောင်းပန်ပါရစေ၊ ရှင်တော်မြတ်ဘုရားက ကိုဋာဂိရိသို့ ရဟန်းတော်များကို စေလွှတ်ပေးတော်မူပါ၊ အဲဒီလို ရဟန်းတော်တွေကို စေလွှတ်ပေးတော်မူမယ်ဆိုပါရင် ကိုဋာဂိရိမှာ ကျောင်းတိုက်တွေဟာ ကောင်းစွာတည်နိုင်စရာ ရှိပါသေးတယ်"။

ဧည့်သည်ရဟန်းကလဲပဲ ဥပါသကာရဲ့ လျှောက်ထားချက်ကို လက်ခံပြီး သာဝတ္ထိမြို့ကို ထွက်ကြွလာခဲ့ပါတယ်၊ သာဝတ္ထိမြို့ကို ရောက်တဲ့အခါ ဇေတဝန် ကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူတဲ့ မြတ်စွာဘုရားကို သွားရောက်ဖူးမြော် ပါတယ်၊ ဘုရားရှင်ကို ရှိခိုးပြီး သင့်တော်ရာက ထိုင်နေပါတယ်။

ဧည့်သည် အာဂန္တုရဟန်းတွေနဲ့ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြားတော်မူခြင်းဟာ ဘုရားရှင်တွေရဲ့ အလေ့အထတစ်ခုပဲ ဖြစ်ပါတယ်။

"ရဟန်း ! ကျန်းမာရဲ့လား၊ မျှတရဲ့လား၊ လမ်းခရီးမှာ မပင်မပန်း ခြံမ်းခြံမ်းသာသာ လာခဲ့ရရဲ့လား၊ ငါ့ရှင်ဟာ ဘယ်အရပ်ကများ လာခဲ့သလဲ ?"။

ဘုရားရှင်ရဲ့ မေးမြန်းမိန့်ကြားတော်မူချက်အရ ဧည့်သည်ရဟန်းက ကျန်းမာချမ်းသာကြောင်းကိုလဲ လျှောက်ထားပါတယ်၊ လမ်းခရီးအကြား ကိုဋာဂိရိမှာ တွေ့ခဲ့ရတဲ့ အဖြစ်သနစ်တွေကိုလဲ လျှောက်ထားပါတယ်၊ ကိုဋာဂိရိဥပါသကာ မှာလိုက်သမျှ စကားတွေကိုလဲ မခြွင်းမချန် ပြန်လည်လျှောက်ထားပါတယ်။

အဲဒီ စကားတွေကို ကြားရတဲ့အခါ ဘုရားရှင်က ရဟန်းသံဃာတွေကို စည်းဝေးစေပြီး စစ်ဆေးမေးမြန်းတော်မူပါတယ်၊ ရဟန်းတော်တွေက မှန်ကန်ပါကြောင်း လျှောက်ထားတဲ့အခါ အဿဇိ, ပုနဗ္ဗသုကတို့ကိုလဲ ကဲ့ရဲ့တော်မူပါတယ်၊ ရောက်လာတဲ့ ရဟန်းပရိသတ်အား တရားစကားကိုလဲ ဟောကြားတော်မူပါတယ်၊ ပြီးတော့ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလ္လာန်တို့ကို မိန့်တော်မူပါတယ်။

"သာရိပုတ္တရာနဲ့မောဂ္ဂလ္လာန်တို့ ! သင်တို့ ကိုဋာဂိရိကို သွားကြရမယ်၊ အဿဇိ, ပုနဗ္ဗသုကရဟန်းတွေကို ကိုဋာဂိရိက နှင်ထုတ်မှု (ပဗ္ဗာဇနီယကံ) ပြုကြရမယ်၊ အဲဒီ ရဟန်းတွေဟာ သင်တို့ရဲ့ တပည့်တွေပါပဲ"။

"ရှင်တော်မြတ်ဘုရား ! အဿဇိ, ပုနဗ္ဗသုကရဟန်းတွေဟာ ကြမ်းတမ်းကြပါတယ်၊ ခက်ထန်ကြပါတယ်၊ တပည့်တော်တို့က သူတို့အား ဘယ်လို နှင်ထုတ်ခြင်းအမှုကို ပြုကြရပါ့မလဲဘုရား ?"။

"ဒါဖြင့်ရင် သင်တို့က ရဟန်းအများအပြား ခေါ်သွားကြတာပေါ့"။

http://www.dhammadownload.com

ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလ္လာန်တို့ကလဲပဲ ဘုရားရှင်ရဲ့ မိန့်ကြားချက်ကို လက်ခံကြပါတယ်၊ ဘုရားရှင်ကလဲ လုပ်ထုံးလုပ်နည်း စည်းကမ်းဥပဒေများကို သတ်မှတ်ပေးတော်မူလိုက်ပါတယ်။

မကြာခင်မှာဘဲ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလ္လာန် အမှူးရှိတဲ့ ရဟန်းတော်များက ကိဋာဂိရိကို ကြွပြီး အဿဇိ, ပုနဗ္ဗသုက ရဟန်းတွေကို နှင်ထုတ်မှု (ပဗ္ဗာဇနိယကံ)ကို ပြုကြပါတယ်။

နှင်ထုတ်ခံရပြီးတဲ့ (ပဗ္ဗာဇနိယကံ အပြုခံရပြီးတဲ့) နောက်ပိုင်းမှာလဲ သူတို့ဟာ ကောင်းကောင်းမကျင့်ကြပါဘူး၊ ရဟန်းတွေကို မတောင်းပန်ကြတဲ့အပြင် ဆဲရေးတိုင်းထွာကြပါတယ်၊ ဒီကိုယ်တော်တွေဟာ အဂတိတရား လိုက်စားကြတယ်လို့ စွပ်စွဲလာကြပါတယ်၊ အချို့ကလဲ သင့်တော်ရာကို ထွက်သွားကြပါတယ်၊ အချို့ကလဲ လူထွက်သွားကြပါတယ်။

ဒါတွေကို အကြောင်းပြုပြီး ရှင်တော်မြတ်ဘုရားက ကုလဒူသကသိက္ခာပုဒ်ကို ပညတ်တော်မူပါတယ်။

"ကုလဒူသက"ဆိုတာဟာ အမျိုးကို ဖျက်ဆီးတတ်တဲ့ ရဟန်း–လို့ အဓိပ္ပာယ်ရပါတယ်၊ အမျိုးဆိုတာဟာ အထည်ကိုယ်ခြံပ် ရှိတာမဟုတ်ပါဘူး၊ အမည်ပညတ်မျှသာ ဖြစ်ပါတယ်၊ ဒါကြောင့် အမျိုးကိုဖျက်ဆီးလို့ မဖြစ်နိုင်ပါဘူး၊ အဲဒီအမျိုးထဲမှာ အပါအဝင်ဖြစ်တဲ့ ဒကာ ဒကာမတွေကိုသာ ဖျက်ဆီးနိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီ အချိန်အခါတုန်းက အဲဒီအရပ်ဒေသတွေမှာ အမျိုးကို နာမည်တပ်ပြီး ပြောလေ့ပြောထရှိကြတဲ့အတွက် "ကုလဒူသက (အမျိုးကို ဖျက်ဆီးတတ်တဲ့ ရဟန်း)လို့ ဟောတော်မူထားပါတယ်၊ ဒါကြောင့် အမျိုးဆိုတဲ့ စကားလုံးအစား ဒကာ ဒကာမဆိုတဲ့ စကားလုံးကိုပဲ အသုံးပြုပြီး ပြောသွားပါ့မယ်။

ဒကာ ဒကာမတွေကို ဖျက်ဆီးတယ်ဆိုတာဟာ မစင်, ရွံ့ညွန်–စတဲ့ဟာတွေနဲ့ သွန်းလောင်းပြီး ဖျက်ဆီးတာမျိုး မဟုတ်ပါဘူး၊ အမှန်ကတော့–

၁။ ပန်းပေးခြင်း၊
၂။ သစ်သီးပေးခြင်း၊
၃။ ကုက္ကိုမှုန့်, အဖန်မှုန့်,မျက်နှာချေပေါင်ဒါပေးခြင်း၊
၄။ မြေညက်ပေးခြင်း၊
၅။ တံပူ(သွားပွတ်တံ) ပေးခြင်း၊
၆။ ဝါး–ပေးခြင်း၊

http://www.dhammadownload.com

၇။ ဆေးပေး, ဆေးကုခြင်း၊

၈။ လူတွေရဲ့ စာကိုပဲဖြစ်ဖြစ်, နှုတ်မှာစကားကိုပဲဖြစ်ဖြစ် ယူဆောင်သွားလာပေးခြင်း ဆိုတဲ့ မိမိတို့ရဲ့ မကောင်းတဲ့ အကျင့်တွေနဲ့ ဖျက်ဆီးခြင်းမျိုးသာ ဖြစ်ပါတယ်။

ဥပမာအနေနဲ့ ပြောရမယ်ဆိုရင် မိန်းကလေး တစ်ဦးဟာ ပင်ကိုယ်က သဒ္ဓါတရားရှိသူ ဖြစ်ပါတယ်၊ ရတနာ ၃-ပါးကို ကြည်ညိုပါတယ်၊ ကံ, ကံရဲ့ အကျိုးကိုလဲ ယုံကြည်ပါတယ်၊ ရဟန်းတစ်ပါးက ကိုယ့်ဘက်ကိုပါအောင် သိမ်းသွင်းတဲ့ အနေနဲ့ အဲဒီမိန်းကလေးကို ပန်းတွေ, မျက်နှာချေပေါင်ဒါတွေ, မိန်းကလေးများနဲ့ သင့်တော်တဲ့ အခြားလက်ဆောင် ပစ္စည်းတွေကို ပေးနေတယ်ဆိုကြပါစို့ရဲ့။

ပေးဖန်များလာတဲ့အခါ မိန်းကလေးက အဲဒီရဟန်းကို ခင်မင်လာမယ်၊ ပြန်ပြီး ပေးချင်ကမ်းချင်တဲ့စိတ် ဖြစ်လာမယ်၊ ဒါပေမဲ့ ရဟန်းရဲ့ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တွေကို ကြည်ညိုလို့ ပေးလှူတာမျိုး, ကံ ကံရဲ့အကျိုးကို ယုံကြည်လို့ ပေးလှူတာမျိုးကတော့ မဖြစ်နိုင်တော့ပါဘူး၊ မိမိကို ပေးဖော်ရလို့ ပြန်ပေးတာမျိုးလောက်ပဲ ဖြစ်ပါလိမ့်မယ်၊ ဒီထက်တော့ ပိုမယ်မဟုတ်တော့ပါဘူး၊ ပြီးတော့ မိမိကို ပေးဖော်ကမ်းဖော်မရတဲ့ အခြားရဟန်းကောင်းတွေကိုတော့ လှူချင်တန်းချင်မယ်လဲ မဟုတ်တော့ပါဘူး၊ ဆည်းကပ်ကိုးကွယ်ချင်မယ်လဲ မဟုတ်တော့ပါဘူး။

ဒီလိုနဲ့ မိန်းကလေးရဲ့ အစစ်အမှန် အဖိုးတန်သဒ္ဓါတရားဟာ ပျက်စီးဆုံးရှုံးရပါတော့တယ်၊ ရဟန်းကို ပေးလှူတယ်ဆိုပေမဲ့ ပေးလှူခြင်းရဲ့ အကျိုးကိုလဲ အပြည့်အဝ ရနိုင်စရာ မရှိတော့ပါဘူး၊ ယုံကြည်ကိုးကွယ်မှုမှာလဲပဲ ပေါ့ပေါ့တန်တန် ဖြစ်လာပါလိမ့်မယ်။

အဲဒီလို ဒကာ ဒကာမတွေရဲ့ သဒ္ဓါတရား အစစ်အမှန်ပျက်ပြီး သဒ္ဓါတရား အတုအယောင် ဖြစ်တာကြောင့် ကုလ=အမျိုးကို+ဒူသက=ဖျက်ဆီးသူလို့ ခေါ်တယ်၊ ဒကာ ဒကာမတွေမှာရှိတဲ့ သဒ္ဓါတရား ဖျက်ဆီးတာကိုပင် အမျိုးကို ဖျက်ဆီးတယ်လို့ တင်စားခေါ်တယ်၊ မြန်မာလို ဒကာ ဒကာမကို ပါဠိလို ကုလ=အမျိုးလို့ ခေါ်တယ်၊ ကုလဒူသကဆိုတော့ အမျိုးကို ဖျက်ဆီးသူလို့ ပြောတာပါပဲ။

ဒါကြောင့် ဒကာ ဒကာမများက ရဟန်းတွေရဲ့ အဖျက်အဆီး မခံရအောင် အထူးသတိထားပြီး ဆည်းကပ်ကိုးကွယ်သင့်ပါတယ်၊ ဘုရားရှင်က ခွင့်မပြုတဲ့ ဝတ္ထု ပစ္စည်းတွေကို မိမိတို့ကိုယ်တိုင်ကလဲ ရဟန်းတော်တွေဆီမှာ မတောင်းသင့်ပါဘူး၊ ရဟန်းတော်တွေက လောကဝတ်လုပ်ပြီး ပေးတောင်မှ ပေးတိုင်းလဲ မယူသင့်ပါဘူး၊ ကျွေးတိုင်းလဲ မစားသင့်ပါဘူး။

http://www.dhammadownload.com

အခုခေတ်မှာတော့ ဘယ်လိုဖြစ်နေကြသလဲ ?၊ ဒကာ ဒကာမတွေက ကိုယ်လို ချင်တာလေး တွေ့ရင် ရဟန်းတော်တွေဆီမှာ သွားတောင်း၊ ရဟန်းတော်တွေက ပေးချင်မေမဲ့ ဝိနည်းသိက္ခာပုဒ်က ရှိနေလေတော့ မပေးနိုင်ဘူးပြော၊ ဒီတော့ သူတို့က "ဒကာ ဒကာမတွေပစ္စည်းကျတော့ အလကား၊ ဘုန်းကြီးပစ္စည်းကျတော့ မူးတင်းပဲတင်းတဲ့တော်" ၊ ဒီလို မဟုတ်တရုတ်တွေ ပြောကုန်ရော။

အမှန်ကတော့ ဒီလို ပေးဖော်မရတဲ့ ဘုန်းကြီးကို "တို့ကိုပေးချင်မေမဲ့ ဘုရားက တားမြစ်ထားလို့ မပေးတာဘဲ၊ ဘုရားစကားကို နားထောင်ပါပေတယ်၊ ဝိနည်း သိက္ခာပုဒ်ကို ရိုသေပါပေတယ်၊ လေးစားပါပေတယ်" ဆိုပြီး ပိုကြည်ညိုသင့်ပါတယ်၊ ပိုလေးစားသင့်ပါတယ်။

အခုတော့ ဒီလို မဟုတ်ပါဘူး၊ ပြောင်းပြန်ဖြစ်နေပါတယ်၊ ပေးဖော်ရတဲ့ ဘုန်းကြီး ကိုတော့ ကြည်ညိုပြီ၊ ပေးဖော်မရတဲ့ ဘုန်းကြီးကျတော့ အလကားဘုန်းကြီးပဲ၊ အဲဒီ ဘုန်းကြီးအနားကို နောက်ထပ် မသွားတော့ဘူး၊ ဒကာ ဒကာမတွေကိုက ဒီလိုဖြစ်နေ လေတော့ ဘုန်းကြီးတွေကလဲ ခပ်ကျပ်ကျပ်ပဲ၊ ဒါကြောင့် "ဘာသာရေးရဲ့ အခြေခံမူ သဘောလောက်ကိုတော့ ဒကာ ဒကာမတိုင်း နားလည်အောင် လုပ်ကြပါ" လို့ ဘုန်းကြီးက တိုက်တွန်းလိုပါတယ်။

ရဟန်းတော်တွေဆိုတာဟာ ဆွေမျိုးမတော်တဲ့ ဒကာ ဒကာမတွေကို ချိုးမြှောက် သိမ်းသွင်းလိုတဲ့အတွက် ပန်းလဲ မပေးကောင်းဘူး၊ သစ်သီးလဲ မပေးကောင်းဘူး၊ မျက်နှာချေပေါင်ဒါ, ဆပ်ပြာတွေကိုလဲ မပေးကောင်းဘူး၊ မြေညက်ကိုလဲ မပေး ကောင်းဘူး၊ တံပူ(သွားပွတ်တံ)ကိုလဲ မပေးကောင်းဘူး၊ ဝါးကိုလဲ မပေးကောင်းဘူး၊ (လိုရင်းကတော့ လူတွေ သုံးဆောင်စားသောက်ဖို့ ဘာပစ္စည်းကိုမှ မပေးကောင်း ပါဘူး၊) ပေးလို့ရှိရင် ဒကာ ဒကာမတွေရဲ့ သဒ္ဓါတရားကို ဖျက်ဆီးရာရောက်ပါတယ်၊ ပြီးတော့ ဆေးပေး ဆေးကုခြင်း, လူတွေရဲ့ စာကိုပဲဖြစ်ဖြစ် နှုတ်မှာစကားကိုပဲဖြစ်ဖြစ် ယူဆောင်သွားလာပေးခြင်း ဒါတွေကို လုပ်လို့ရှိရင်လဲ ဒကာ ဒကာမတွေရဲ့ သဒ္ဓါ တရားကို ဖျက်ဆီးရာ ရောက်ပါတယ်၊ "ကုလဒူသက" ဆိုတဲ့အပြစ် သင့်ရောက် ပါတယ်။

ဒီတော့ ဒကာ ဒကာမတွေကလဲ လိမ္မာရမယ်၊ ပါးနပ်ရမယ်၊ မိမိတို့ရဲ့ သဒ္ဓါ တရား အပျက်မခံရဘူး၊ သဒ္ဓါတရား ပျက်သွားလို့ရှိရင် မိမိတို့လူသမျှ တန်းသမျှ ဟာလဲပဲ အလကားလိုလို ဖြစ်သွားမယ်၊ အကျိုးရသင့်သလောက် မရကောဘူး၊ ဒါကြောင့် မိမိတို့ ကိုယ်တိုင်ကလဲ ဘုန်းကြီးတွေဆီမှာ လိုချင်တာလေးတွေကို သွားမတောင်းပါနဲ့၊ ဘုန်းကြီးတွေ ပေးလို့ရှိရင်လဲ ယူသင့်မှ ယူပါ။

http://www.dhammadownload.com

ဒါပေမဲ့ ခြွင်းချက်ကတော့ ရှိပါသေးတယ်၊ ကျောင်းကိုရောက်သွားတဲ့ အခါမျိုးမှာ ဘုရားကို ပူဇော်ရအောင်လို့ ပေးတာကတော့ ဘုန်းကြီးတွေကလဲ ပေးကောင်းပါတယ်၊ အပြစ်မရှိပါဘူး၊ ဒကာ ဒကာမတွေကလဲ အဲဒီပန်းတွေ, သစ်သီးတွေကို ယူပြီး ဘုရားကို ပူဇော်နိုင်ပါတယ်။

ပန်ဆင်ရအောင်, နတ်–စသည်ကို ပူဇော်ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့တော့ ဆွေမျိုးတော်သူကိုရော, မတော်သူကိုရော မည်သူ့ကိုမှ မပေးကောင်းပါဘူး၊ ဒါ့ကြောင့် အမျိုးသမီးတွေကလဲပဲ ကျောင်းကပန်းကို မပန်ချင်ကြပါနဲ့လို့ ဘုန်းကြီးက ကြိုတင် တောင်းပန်ထားလိုပါတယ်။

မကျန်းမမာတဲ့ လူတွေအတွက် တောင်းလာတဲ့အခါမျိုး, လမ်းစာရိက္ခာပြတ်လာတဲ့ ဧည့်သည်တွေ တောင်းလာတဲ့ အခါမျိုးမှာ လာဘ်လာဘကို မမျှော်လင့်မတောင့်တဘဲ ရဟန်းရဲ့ ကိုယ်ပိုင်သစ်သီးကို ပေးကောင်းပါတယ်၊ သံဃိကပစ္စည်းကိုတော့ ကိုယ်စိုးကိုယ်ပိုင်အနေနဲ့ မပေးကောင်းပါဘူး၊ သတ်မှတ်ထားတဲ့ စည်းမျဉ်း ဥပဒေသ ဘောင်အတွင်းကသာ ပေးရပါတယ်။

မိမိကိုယ်ပိုင် သစ်သီးကို လူမမာတွေအတွက် ပေးကောင်းတယ်ဆိုပေမဲ့ "ဟိုအပင်က ခူးသွားကြတာပေါ့"ဆိုပြီး ပေးကောင်းတာမျိုး မဟုတ်ဘူး၊ "ဘုန်းကြီးတို့က အရိပ်ရအောင်လို့ စိုက်ထားကြတာပဲ၊ အသီးရှိရင် ဒကာတို့ အလိုလို သိကြတာပေါ့"၊ ဒီလို ပရိယာယ်စကားမျိုးနဲ့သာ ပေးကောင်းပါတယ်။

ပြီးတော့ သံဃာ့ဝေယျာဝစ္စကို လုပ်ပေးနေတဲ့ လူတွေကိုကျပြန်တော့ ရဟန်းတော်တွေက ကျွေးကောင်း မွေးကောင်းပါတယ်၊ စားတဲ့လူကလဲ စားကောင်းပါတယ်၊ အပြစ်မရှိပါဘူး။

ကုက္ကိုမှန့်တွေ, အဖန်မှုန့်တွေ, မြေညက်တွေဆိုတာက ရှေးခေတ်အိန္ဒိယ အမျိုးသား အမျိုးသမီးတွေရဲ့ အသုံးအဆောင်တွေပါ၊ သူတို့ဟာ အဲဒီအမှုန့်တွေကို ချေးတွန်းတဲ့ အခါမှာလဲ အသုံးပြုတတ်ကြပါတယ်၊ မျက်နှာတွေမှာ အဖုတွေကင်းပျောက်အောင် လိမ်းသပ် ခြယ်မှုန်းစရာ အနေနဲ့လဲ အသုံးပြုတတ်ကြပါတယ်၊ ဒါကြောင့် မြန်မာနိုင်ငံမှာ အခုအသုံးပြုနေကြတဲ့ မျက်နှာချေ ပေါင်ဒါ် ဆပ်ပြာတွေကိုပဲ ဘုန်းကြီးက အစားထိုး ထည့်ပေးလိုက်ပါတယ်။

"မုန့်ညင်းတခါ, ဆပ်ပြာတထွေ, မြေညက်တလမ်း, နှမ်းလဲတခင်း, နန္ဒင်းဟူသည်, ငါးမည်မှတ်ဖွယ်, ကသယ်လိမ်းသပ်"

ဒီလို ကုသပျို့ (ပိုဒ်ရေ ၃၉၆)မှာ ဆိုထားတာလဲ ရှိပါသေးတယ်။

http://www.dhammadownload.com

"တံပူ"ဆိုတာကလဲ အိန္ဒိယတိုင်းသူ တိုင်းသားတွေရဲ့ အသုံးပါပဲ၊ မြန်မာက ဒါကိုအသုံးပြုသူ အင်မတန် ရှားပါတယ်၊ အခုခေတ်မှာ ဘုန်းတော်ကြီး အချို့လောက်ပဲ အသုံးပြုကြပါတော့တယ်၊ ဒါနဲ့ အခုခေတ်မှာ တံပူအစား အသုံးပြုနေကြတဲ့ သွားပွတ်တံကို တွဲဖက်ထည့်ပေးလိုက်ရပါတယ်။

ဆေးပေးတယ်, ဆေးကုတယ် ဆိုတာကတော့ "ကိုယ့်မှာ အဆင်သင့်ရှိနေတဲ့ **ဆေးကို ပေးတာကိုပဲ ဆေးပေးတယ်**"လို့ခေါ်ပါတယ်၊ "**ဒီရောဂါအတွက် ဒီဆေး ဒီဆေးတွေကို** ပေးရမယ်လို့ အနာရောဂါ ရှိသူအတွက် အနာရောဂါနဲ့ သင့်တော်လျောက်ပတ်တဲ့ ဆေးကို ပြောတာကိုတော့ ဆေးကုတယ်"လို့ ခေါ်ပါတယ်။

ရဟန်းတော်တွေ ဆိုတာဟာ လာလာသမျှ သူစိမ်းပြင်ပ လူတွေအား ဆေးပေးမှုကိုလဲ မလုပ်ကောင်းပါဘူး၊ ဆေးကုမှုကိုလဲ မလုပ်ကောင်းပါဘူး။

ရဟန်း, သာမဏေ, အမိ, အဘ, အမိအဘကို ပြုစုလုပ်ကျွေးနေသူ, ရှင်လောင်း, ဝေယျာဝစ္စကရ(သံဃာတော်ရဲ့ အလုပ်ကို လုပ်ကိုင်နေသူ), ရဟန်းတွေရဲ့ ကိစ္စကြီးငယ်ကို လုပ်ကိုင်ပြီး ရဟန်းတွေကို မှီခိုနေသူ(ကျောင်းသားသူငယ်), ဆွေမျိုးသားချင်း ဒီလိုပုဂ္ဂိုလ်တွေကိုတော့ ဆေးဝါးကုသပေးကောင်းပါတယ်။

ဧည့်သည်အာဂန္တု, သူခိုး, သူပုန်, ဓားပြ, ဆွေမျိုးတွေက စွန့်လွှတ်ထားတဲ့ အထီးကျန်မွဲ သူဆင်းရဲ, ခရီးသွားလူပုဂ္ဂိုလ်၊ ဒီလူတွေက မကျန်းမမာတဲ့အတွက် ကျောင်းကို ဝင်လာမယ်ဆိုရင် ပစ္စည်းလာဘ်လာဘကို မမျှော်လင့်, မတောင့်တဘဲ ဆေးဝါးကုသပေးကောင်းပါတယ်။

သဒ္ဓါတရားရှိတဲ့ အိမ်ထောင်စု တစ်ခုဟာ ရဟန်းသံဃာတွေကို ပစ္စည်း ၄-ပါးနဲ့ လုပ်ကျွေးနေပါတယ်၊ သံဃာရဲ့ မယ်တော်+ခမည်းတော် အရာမှာတည်ပါတယ်၊ အဲဒီအိမ်ထောင်စုထဲက တစ်ဦးတစ်ယောက် နာမကျန်းဖြစ်လာလို့ရှိရင် အကျွမ်းဝင်တာနဲ့ အဲဒီဂိလာနအတွက် "အရှင်ဘုရား ! ဆေးဝါးဖော်စပ်ပြီး ပေးတော်မူပါအုံး"၊ ဒီလို လျှောက်ထားလာတယ် ဆိုပါတော့၊ ဆေးလဲ မပေး ကောင်းပါဘူး၊ ဆေးလဲ မကုကောင်းပါဘူး။[၁]

ဒကာ ဒကာမတွေကိုယ်တိုင်က အပ်စပ်တဲ့ နည်းလမ်းကို နားလည်တဲ့အတွက် "အရှင်ဘုရား ! ဘယ်ရောဂါအတွက် ဘယ်ဆေးဘယ်ဝါးကို ပေးကြ ပါသလဲ ?"၊

၁။ ပစ္စည်း ၄-ပါးကို ပေးလှူနေကြတဲ့ ဒကာ ဒကာမတွေဟာ အမိအဘ အရာမှာတည်တယ်၊ ဒါနဲ့ ဆေးလဲကုကောင်းတယ်၊ ဆေးလဲပေးကောင်းတယ်၊ ပစ္စည်းအသုံးအဆောင်တွေကိုလဲ ပေးကောင်းတယ်၊ အချို့ပုဂ္ဂိုလ်တွေက ဒီလိုလဲ ပြောကြပါတယ်၊ ပေးလဲပေးကြပါတယ်၊ ဒါကတော့ ဘုန်းကြီး ခုနကပြောခဲ့တဲ့ အဋ္ဌကထာစကားကို သတိမထားမိလို့ အမှတ်တမဲ့ လုပ်မိတာ ဖြစ်စရာ ရှိပါတယ်။

http://www.dhammadownload.com

ဒီလို လူနာနဲ့မစပ်ဘဲ လျှောက်ထားမယ်ဆိုရင် "ဒီဆေး ဒီဆေးတွေကို ယူပြီး ပေးကြ တာပဲ"၊ ဒီလိုတော့ ပြောကောင်းပါတယ်။

"အရှင်ဘုရား ! တပည့်တော်ရဲ့ မယ်တော်မကျန်းမမာ ဖြစ်နေပါတယ်၊ ဆေးကို ညွှန်ကြားတော်မူပါအုံး"၊ ဒီလို လူနာနဲ့စပ်လို့ မေးလာလို့ရှိရင်တော့ မပြောကောင်း တော့ပါဘူး၊ ဒါပေမဲ့ ရဟန်းတော်အချင်းချင်း, ဒါမှမဟုတ်ရင် ကိုရင်နဲ့ စကားပြောဆို မှုကို ပြုသင့်ပါတယ်။

"အရှင်ဘုရား ! ဘယ်ကိုယ်တော် နေမကောင်းတုန်းက (ဒီလိုရောဂါမျိုး ဖြစ်တုန်းက) ဘယ်ဆေးတွေကိုများ ပေးကြပါသလဲ ?"။

"ဒီဆေး ဒီဆေးတွေကို ပေးကြပါတယ်ဘုရား"။

ဒီလို ပြောဆိုသံကို ကြားရတဲ့အတွက် ဆေးညွှန်ကြားရအောင် မေးလာတဲ့ ပုဂ္ဂိုလ်က သူတို့အမေအတွက် သူတို့ဘာသာ ဆေးရွာကုမယ်ဆိုရင် ရဟန်းတော်တွေမှာ အပြစ် မရှိပါဘူး၊ လူတွေက ဝိနည်းကို နားလည်သင့်တယ်ဆိုတာဟာ ဒီအချက်တစ်ခုနဲ့ပဲ အင်မတန် ထင်ရှားပါတယ်။

တစ်ချိန်မှာ ဝသဘမင်းရဲ့ မိဖုရားတစ်ယောက် မကျန်းမမာ ဖြစ်နေပါတယ်၊ မိန်းမတစ်ယောက်ကို မဟာပဒုမထေရ်ဆီကို လွှတ်ပြီး လျှောက်ထားမေးမြန်းခိုင်း ပါတယ်၊ မဟာပဒုမထေရ်ကလဲပဲ "ငါမသိ နားမလည်ဘူး"လို့ မပြောဘဲ ခုနက ပြောခဲ့တဲ့အတိုင်း ရဟန်းတော်တွေနဲ့ မေးမြန်းပြောဆိုမှုကို ပြုခဲ့ဘူးပါတယ်၊ ဒီလို အစဉ်အလာ မှတ်သားချက် ရှိနေပါတယ်။

အဲဒီ ရဟန်းတော်တွေရဲ့ စကားကို မှတ်သားလာပြီး မိဖုရားကို ဆေးဝါးကုသ ကြပါတယ်၊ ရောဂါပျောက်ကင်း ချမ်းသာသွားတဲ့အခါ တိစီဝရိတ်, ၎ ၃၀၀၊ ဒါတွေကို ဆေးကလပ်မှာ ထည့်ပြီး ယူလာကြပါတယ်၊ မဟာပဒုမထေရ်ရဲ့ ခြေရင်းမှာ ချထားပြီး "အရှင်ဘုရား ! ပန်းပူဇော်မှုကို ပြုတော်မူကြပါ"၊ ဒီလို လျှောက်ထားကြ ပါတယ်။

မဟာပဒုမထေရ်က "ဒါမျိုးကို ဆရာ့အဖို့ ခေါ်တယ်"၊ ဒီလို မိန့်တော်မူပြီး အပ်စပ်တဲ့ အသုံးအနှုန်းနဲ့ ယူစေပါတယ်၊ ပန်းပူဇော်မှုကို ပြုဘူးပါတယ်။

"ဝိနည်းကို နားမလည်တဲ့ သူတွေကျတော့ မေးတဲ့အခါတုန်းက ဝိနည်းနဲ့ လျော်အောင် မစီစဉ်နိုင်တဲ့အတွက် ဒီလိုလာဘ်မျိုးကို မရနိုင်ဘူး၊ အခုကတော့ ဝိနည်းနားလည်လို့ လျော်အောင် စီစဉ်တတ်တဲ့အတွက် ဒီလာဘ်ကို ရတာပဲ၊ အခု

http://www.dhammadownload.com

ရလာတဲ့လာဘ်ဟာ အပ်စပ်တဲ့လာဘ်ဖြစ်လို့ ဆရာ့အဖို့ ဆရာသုံးထိုက်တဲ့လာဘ်ပါပဲ"၊ ဒီလို ဆိုလိုပါတယ်။

"ငွေတွေကို ယူထားလိုက်ကြလို့" မဆိုဘဲ "ပန်းပူဇော်မှုကို ပြုတော်မူကြပါ"လို့ ဆိုတာဟာလဲ ကပ္ပိယဆေါဟာရ ဖြစ်ပါတယ်၊ ဒါဃမဲ့ အဲဒီငွေကိုတော့ ကပ္ပိယကာရက တွေက ယူပြီး "၃၀၀–တန် အပ်စပ်သော ပစ္စည်းများကို အလိုရှိတဲ့အခါ ထောင်းတော်မူပါ"လို့ မဟာပဒုမထေရ်အား လျှောက်ထားပါမှ အပ်တဲ့ပစ္စည်းကို သုံးစွဲကောင်းပါလိမ့်မယ်။

လူတွေရဲ့ ပေးစာကိုပဲဖြစ်ဖြစ်, နှုတ်မှာစကားကိုပဲဖြစ်ဖြစ် ရဟန်းတော်တွေက ယူဆောင်သွားလာ ပေးကောင်းတာမျိုး မဟုတ်ဘူး၊ ဒါကို "တမန်သည်တွေရဲ့ အလုပ်မျိုး=ဇယ်ပေသနိယ"လို့ ခေါ်ပါတယ်။ (ဇယ်–ခြေသလုံးနဲ့+ပေသနိယ- အစေအပါး+ခံမှု"လို့ ဆိုလိုပါတယ်။)

လူတို့ရဲ့ ပေးစာတွေ, နှုတ်မှာစကားတွေကို ယူသွားတဲ့ရဟန်းဟာ ခြေတစ်လှမ်း အာပတ်တစ်ချက်, ခြေတစ်လှမ်း အာပတ်တစ်ချက် အသင့်ခံရပါတော့တယ်၊ အဲဒီလို အစေအပါးခံမှုကို အကြောင်းပြုပြီး ရလာတဲ့ ပစ္စည်းတွေကို စားသောက်လို့ရှိရင်လဲ စားမျိုတိုင်း, စားမျိုတိုင်း အာပတ်သင့်ပါတော့တယ်၊ ဒါကြောင့် ရဟန်းတော်တွေနဲ့ စာပေးမှု, သတင်းစကား ပို့ဆောင်မှုတွေကို ဒကာ ဒကာမတွေကလဲ ရှောင်သင့်ပါတယ်။

သတင်းစကားကို ယူလာတာမဟုတ်ဘဲ အလိုအလျောက် ရောက်လာတဲ့ ရဟန်းတစ်ပါးကို "အရှင်ဘုရားကြွလာတဲ့ ရွာမှာ ဘယ်သူတွေ ဘယ်သူတွေ နေကောင်းကြပါရဲ့လား၊ဘုရား ?"၊ ဒီလို ဒကာ ဒကာမတွေက မေးမြန်းလျှောက်ထားရင် နေကောင်းကြောင်း, နေမကောင်းကြောင်းကို ပြောကောင်းပါတယ်၊ မေးလာတဲ့ ပြဿနာကို ဖြေဆိုတဲ့အတွက် ကုလဒူသနအပြစ် မရှိပါဘူး။

ခြွင်းချက်အနေနဲ့တော့ ရဟန်း, ကိုရင်, အမိ, အဘ, ရှင်လောင်း, ဝေယျာဝစ္စကရတွေရဲ့ သတင်းစကားကို ဆောင်ယူကောင်းပါတယ်၊ မိမိ(ရဟန်း)ရဲ့ အမိအဘကို လုပ်ကျွေးနေသူ, စေတီတော်, သံဃာတော်တို့ရဲ့ သတင်းစကားကိုလဲ ယူသွားကောင်းပါတယ်။

ပြီးတော့ လူတွေက "အလှူပေးလိုပါတယ်၊ ပူဇော်လိုပါတယ်၊ ရဟန်းတော်တွေကို ပင့်ပေးတော်မူပါ၊ ဘယ်ဆရာတော်ကို ပေးလှူတော်မူပါဘုရား"ဆိုပြီး ဆွမ်းကို ပဲဖြစ်ဖြစ်, ဆေးကိုပဲဖြစ်ဖြစ်, သင်္ကန်းကိုပဲဖြစ်ဖြစ် တစ်ဆင့်ပေးလှူတတ်ကြပါတယ်၊ "ကျောင်းမှာ ပူဇော်မှုကို ပြုကြပါ"လို့ မှာကြားပြီး ပန်း, နံ့သာ, နံ့သာပျောင်းတွေကိုပဲ

http://www.dhammadownload.com

ဖြစ်ဖြစ်, တံခွန်ကုက္ကား–စတဲ့ဟာတွေကိုပဲဖြစ်ဖြစ် အပ်နှံတတ်ကြပါတယ်၊ ဒီလိုရတနာ ၃–ပါးနဲ့ စပ်တဲ့ကိစ္စ အကုန်လုံးကိုတော့ ဆောင်ရွက်ကောင်းပါတယ်၊ ခြေနဲ့အစေအပါး ခံတာမျိုး မဖြစ်ပါဘူး၊ ဒါတွေဟာ အပ်စပ်တဲ့ အလုပ်တွေ ဖြစ်ပါတယ်။

ဒီလို ကုလဒူသန ၈–ပါးကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ ပစ္စည်းတွေဟာ ရဟန်းသာမဏေ အကုန်လုံးအတွက် မအပ်တော့ပါဘူး၊ မဟုတ်မမှန် ဈာန်မရဘဲနဲ့ ရသယောင်ယောင်, မဂ်မရဘဲနဲ့ ရသယောင်ယောင်, ရဟန္တာမဟုတ်ဘဲနဲ့ ဟုတ်သယောင်ယောင်, အရိယာမဟုတ်ဘဲနဲ့ ဟုတ်သယောင်ယောင် ကြွားဝါပြောဆိုတဲ့ အတွက် ရလာတဲ့ပစ္စည်း, ရဟန်းကိုယ်တိုင် ရွှေငွေ လဲလှယ်ရောင်းဝယ်လို့ ရလာတဲ့ ပစ္စည်းတွေနဲ့ ဘာမှမထူးတော့ပါဘူး။

ဒါ့ကြောင့် အခုခေတ်မှာလဲပဲ ဒါတွေကို ထောက်ထားပြီး ဝိနည်းကို အလေးဂရု ပြုတော်မူကြတဲ့ ရဟန်းတော်တွေဟာ ဓာတ်သိမဟုတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ပစ္စည်းတွေကို သုံးစွဲမှု မပြုလိုကြပါဘူး။

ဒီနေ့ ကုလဒူသနအကြောင်းကို ပြောလာတာ အတော်လေးတော့ စုံသွားပါပြီ၊ ဒီတော့ "ရဟန်းသာမဏေတွေကလဲ ဒကာ ဒကာမတွေရဲ့ အစစ်အမှန် သဒ္ဓါတရားကို မဖျက်ဆီးကြပါနဲ့၊ ဒကာ ဒကာမတွေကလဲပဲ ဘယ်သူကဖျက်ဖျက် မိမိတို့ရဲ့ အဖိုးတန် သဒ္ဓါတရားကို မဖျက်စေကြပါနဲ့၊ ဒီလို ဖျက်နေကြတာ, အဖျက်ခံနေကြရတာတွေဟာ နှစ်ဦးနှစ်ဖက်လုံးအတွက် အင်မတန် နစ်နာပါတယ်" လို့ ဒီမှာ တရားနာနေကြတဲ့ ရဟန်း သာမဏေတွေ, ဒကာ ဒကာမတွေ အကုန်လုံးကိုပဲ ဘုန်းကြီးက သတိပေးလိုပါတယ်၊ သတိပေးတဲ့ အတိုင်းလဲပဲ ကိုယ်စီကိုယ်ငင ကိုယ့်ကျင့်ဝတ်ကို ကိုယ်ထိန်းသိမ်းကြပြီး သာသနာတော် စည်ပင်သန့်ရှင်း စည်ကားထွန်းလင်း လာအောင် နည်းမှန်လမ်းမှန် ကြိုးစားအားထုတ် ပြုစုနိုင်ကြပါစေကုန်သတည်း။

သာဓု – သာဓု – သာဓုပါ ဘုရား။

အနေသန=မအပ်မစပ်ရှာဖွေမှု

ဆရာတော်ဦးဓမ္မိကာ၏ အမိန့်အရ ရပ်ရွာလူကြီးများက ဦးဆောင်လျက် သင်္ကြန် ၃–ရက်လုံးမှာပင် မနက်တရားပွဲ, ညတရားပွဲ စီစဉ်ထားကြပါသည်၊ ညတရားပွဲကျတော့ သံဃာပရိသတ်, လူပရိသတ်တွေက ဓမ္မာရုံကြီးတစ်ခုလုံး ကွက်လပ်မရှိအောင် နေရာယူထားကြသည်၊ ဓမ္မာရုံမဆံ့သည့်အတွက် ရှေ့ဘက် ကွက်လပ်မှာ နေရာယူထားကြသူများကလည်း မနည်းလှပါ၊ ကွက်လပ်ကြီး တစ်ခုလုံး ပြည့်ကြပ်နေပါသည်၊ တကူးတက မြောင်းမြဘက်မှ လာရောက်နာကြားသူတွေကလည်း မနည်းလှပါ။

http://www.dhammadownload.com

မောင်မျိုးသန့်နဲ့မကြည်ဝင်းတို့က ကြွလာသမျှ ပရိသတ်ကို အဖျော်ရည်နဲ့ ဧည့်ခံရန် တာဝန်ယူထားကြသည်၊ ဆရာတော်ဦးဓမ္မိကက ဟောသမျှ ပြောသမျှကိုလည်း အကုန်လုံး အသံဖမ်းယူထားကြသည်၊ ၈-နာရီထိုးသည်နှင့် တစ်ပြိုင်နက် ဆရာတော်ဦးဓမ္မိကက တရားစတင်ဟောကြားပါတော့သည်။

မနက်က ကုလဒူသနပြီးသွားတော့ အခုညနေမှာ အနေသနကို ပြောပါ့မယ်၊ မဟာနိဒ္ဒေသပါဠိတော်[၁] စူဠနိဒ္ဒေသပါဠိတော်[၂]-တွေမှာ အနေသန ဘယ်လောက် ရှိတယ်ရယ်လို့ အတိအကျ သချိုင်္ကာတပ်ပြီး ပြဆိုထားတာ မတွေ့ရပါဘူး။

၁။ ကုဟနာ= အံ့သြဖွယ်ဖြစ်အောင် သုံးစွဲပြောဆိုနေထိုင်ခြင်း၊
၂။ လပနာ= ပစ္စည်းလာဘ်လာဘရအောင် ဆွယ်၍ပြောဆိုခြင်း၊
၃။ နေမိတ္တိကတာ= ပေးလှူခြင်းနဲ့စပ်တဲ့ အရိပ်နိမိတ်ကို ပြုခြင်း၊
၄။ နိပ္ပေသိကတာ= သူတစ်ပါး၏ အပြစ်ကိုပြောပြီး လာဘ်ကိုရှာခြင်း၊
၅။ လာဘေနလာဘံနိဇိဂီသနတာ= နည်းတဲ့လာဘ်နဲ့ များတဲ့လာဘ်ကို ရှာခြင်း၊
၆။ ဒါရုဒါန= သစ်သားပေးခြင်း၊
၇။ ဝေဠုဒါန= ဝါးပေးခြင်း၊
၈။ ပတ္တဒါန= အရွက်ပေးခြင်း၊
၉။ ပုပ္ဖဒါန= ပန်းပေးခြင်း၊
၁၀။ ဖလဒါန= အသီးပေးခြင်း၊
၁၁။ သိနာနဒါန= ရေချိုးစရာအမှုန့်ပေးခြင်း၊
၁၂။ စုဏ္ဏဒါန= မျက်နှာချေမှုန့်ပေးခြင်း၊
၁၃။ မတ္တိကာဒါန= မြေညက်ပေးခြင်း၊
၁၄။ ဒန္တကဋ္ဌဒါန= တံပူ(သွားပွတ်တံ) ပေးခြင်း၊
၁၅။ မုခောဒကဒါန= မျက်နှာသစ်ရေ ပေးခြင်း၊
၁၆။ စာတုကမျတာ= မိမိကို နှိမ့်ချပြောဆိုခြင်း၊
၁၇။ မုဂ္ဂသူပျတာ= အမှန်နည်းပါး အမှားများတဲ့စကားကို ပြောဆိုခြင်း၊
၁၈။ ပါရိဘဋျတာ= ကလေးသူငယ်ကို ချီပွေ့ချော့မြှူခြင်း၊
၁၉။ ပိဋ္ဌမဒ္ဒိကတာ= အဆောတလျင် အိမ်ထဲဝင်၍ ကုလားထိုင်ပေါ်, ထိုင်ခုံပေါ်မှာ ထိုင်နေခြင်း၊
၂၀။ ဝတ္ထုဝိဇ္ဇာ= အိမ်ရာမြေရာ-စတဲ့အတတ်၊

၁။ မဟာနိ-ပါ၊ ၂၉၀။ ခုဒ္ဒ၆။ ၂။ စူဠနိ-ပါ၊ ၂၅၈။

http://www.dhammadownload.com

၂၁။ တိရစ္ဆာနဝိဇ္ဇာ= နတ်ရွာလမ်း, မဂ်ဖိုလ်လမ်းရဲ့ ဖီလာဖြစ်တဲ့ အင်္ဂကျမ်း, နေမိတ္တကဝိဇ္ဇာ–စတဲ့ကျမ်းအတတ်၊

၂၂။ အင်္ဂဝိဇ္ဇာ= မိန်းမ ယောက်ျားတွေရဲ့ တင့်တယ်ခြင်း, မတင့်တယ်ခြင်း လက္ခဏာကို သိကြောင်းအတတ်၊

၂၃။ နက္ခတ္တဝိဇ္ဇာ= နက္ခတ်တို့ရဲ့ယှဉ်ခြင်းစသည်ကိုသိကြောင်းအတတ်၊

၂၄။ ဒူတဂမန= လူများရဲ့ စေတမန်ပြုလုပ်ခြင်း၊

၂၅။ ပဟိဏဂမန= လူတွေရဲ့အစေအခိုင်းခံခြင်း၊

၂၆။ ဇင်္ဂပေသနိယ= ရွာတစ်ပါး, အရပ်တစ်ပါးသို့ လူတွေရဲ့ပေးစာ, နှုတ်မှာစကားတွေကို ယူဆောင်သွားလာခြင်း၊

၂၇။ ဝေဇ္ဇကမ္မ= ဆေးပေးမှု, ဆေးကုသမှု ပြုလုပ်ခြင်း၊

၂၈။ နဝကမ္မ= လူတွေရဲ့လုပ်ငန်းကိစ္စကို လုပ်ကိုင်ဆောင်ရွက်ပေးခြင်း၊

၂၉။ ပိဏ္ဍပဋိပိဏ္ဍက= ဆွမ်းတုံ့ပေးခြင်း၊

၃၀။ ဒါနာနုပွဒါန= လှူဒါန်းလာသူတွေကို သင့်တော်တဲ့ ဝတ္ထုကို ပြန်ပေးခြင်း။

ဒီ မအပ်တဲ့ အသက်မွေးမှုတစ်ခုခုနဲ့ စားဖွယ် သောက်ဖွယ်, အဝတ်သင်္ကန်း, ကျောင်း အိပ်ရာနေရာတွေကို ရှာဖွေသုံးစွဲမှု မပြုဘဲ တရားနဲ့လျော်စွာ ရှာဖွေသုံးစွဲမှုကို ပြုရမယ်။

ဒီလို ၃၀–ထိအောင် ပြထားတာကို တွေ့ရပါတယ်၊ မိလိန္ဒပဉာပါဠိတော်[၁] မှာ လဲပဲ ဘယ်လောက်ရယ်လို့ အတိအကျ သင်္ချာတပ်ပြီး ပြဆိုတာကို မတွေ့ရပါဘူး။

၁။ ဝေဠုဒါန= ဝါးပေးခြင်း၊

၂။ ပတ္တဒါန= အရွက်ပေးခြင်း၊

၃။ ပုပ္ပဒါန= ပန်းပေးခြင်း၊

၄။ ဖလဒါန= အသီးပေးခြင်း၊

၅။ သိနာနဒါန= ရေချိုးစရာအမှုန့်ပေးခြင်း၊

၆။ မတ္တိကာဒါန= မြေညက်ပေးခြင်း၊

၇။ စုဏ္ဏဒါန= မျက်နှာချေမှုန့်ပေးခြင်း၊

၈။ ဒန္တကဋ္ဌဒါန= တံပူ(သွားပွတ်တံ) ပေးခြင်း၊

၉။ မုခေါဒကဒါန= မျက်နှာသစ်ရေ ပေးခြင်း၊

၁၀။ စာတုကမျတာ= မိမိကို နှိမ့်ချပြောဆိုခြင်း၊

၁။ မိလိန္ဒပဉာ–ပါ၊ ၃၅၂။

http://www.dhammadownload.com

၁၁။ မုဂ္ဂသူပျတာ= မနုပ်နည်းပါး အနုပ်များတဲ့ ပဲနောက်ဟင်းလို အမှုန် နည်းပါး အမှားများတဲ့ စကားကို ပြောဆိုခြင်း၊

၁၂။ ပါရိဘဋ္ဌတာ= ကလေးသူငယ်ကို ချီပွေ့ချော့မြှူခြင်း၊

၁၃။ ဖေဿပေသနိယ= ရွာတစ်ပါး, အရပ်တစ်ပါးသို့ လူတွေရဲ့ ပေးစာ, နှုတ်မှာစကားကို ယူဆောင်သွားလာခြင်း၊

၁၄။ ဝေဇ္ဇကမ္မ= ဆေးပေးမှု, ဆေးကုသမှု ပြုလုပ်ခြင်း၊

၁၅။ ဒူတကမ္မ= လူတွေရဲ့ စေတမန် ပြုလုပ်ခြင်း၊

၁၆။ ပဟိဏဂမန= လူတွေရဲ့ အစေအခိုင်းခံခြင်း၊

၁၇။ ပိဏ္ဍပဋိပိဏ္ဍက= ဆွမ်းတုံ့ပေးခြင်း၊

၁၈။ ဒါနာနုပ္ပဒါန= ပေးတုံ့ပေးခြင်း၊

၁၉။ ဝတ္ထုဝိဇ္ဇာ= အိမ်ရာမြေရာ-စတဲ့အတတ်၊

၂၀။ နက္ခတ္တဝိဇ္ဇာ= နက္ခတ်တွေရဲ့ယှဉ်ခြင်း-စသည်ကို သိကြောင်းကျမ်း အတတ်၊

၂၁။ အင်္ဂဝိဇ္ဇာ=မိန်းမ ယောကျ်ားတွေရဲ့တင့်တယ်ခြင်း မတင့်တယ်ခြင်း လက္ခဏာကို သိကြောင်းအတတ်။

ဒီလို မှားယွင်းတဲ့ အသက်မွေးမှုတွေနဲ့ ဖြစ်ပေါ်လာတဲ့ စားဖွယ် သောက်ဖွယ်ကိုပဲ ဖြစ်ဖြစ်, ဘုရားရှင် ကဲ့ရဲ့စက်ဆုပ်တော်မူတဲ့ အခြားမှားယွင်းတဲ့အသက်မွေးမှု တစ်ခုခုနဲ့ ဖြစ်ပေါ်လာတဲ့ စားဖွယ် သောက်ဖွယ်ကိုပဲဖြစ်ဖြစ် မစားသောက်သင့်။

ဒီလို မဟာနိဒ္ဒေသ, စူဠနိဒ္ဒေသပါဠိတော်တွေထဲက ထုတ်နှုတ်ပြီး ၂၁-ပါးပြထားပါတယ်၊ ဒါကိုပဲ အထောက်အထားပြုပြီး "အနေသန ၂၁-ပါး" လို့ ဖြစ်ပေါ်လာပုံ ရပါတယ်၊ ကျန်နေတဲ့ အနေသနတွေကိုတော့-

"ဘုရားရှင် ကဲ့ရဲ့စက်ဆုပ်တော်မူတဲ့ အခြား မှားတဲ့အသက်မွေးမှု တစ်ခုခုနဲ့ ဖြစ်ပေါ်လာတဲ့ စားဖွယ်သောက်ဖွယ်တွေကိုပဲဖြစ်ဖြစ် မစားသောက်သင့်"။

ဒီလို အကျဉ်းချုံးပြီး သိမ်းသွင်း ပြဆိုသွားပါတယ်၊ မိလိန္ဒပဉ္ဉာပါဠိတော်မှာ ပြဆိုထားတဲ့ ဒီ ၂၁-ပါးကိုပဲ ယူပြီး ခုဒ္ဒကပါဌအဋ္ဌကထာ[၁], သုတ္တနိပါတအဋ္ဌကထာ[၂], သိင်္ဂါလဝဒသုတ္တန်တို့မှာ "အနေသန ၂၁-ပါး" လို့ ပြဆိုထားပါတယ်။

မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ[၃], ဓမ္မသင်္ဂဏီမူလဋီကာ[၄] တွေမှာတော့ မဟာနိဒ္ဒေသ, စူဠနိဒ္ဒေသပါဠိတော်တွေထဲက ၁၅-ပါးလောက်သာ ယူပါတယ်၊ ပြီးတော့ ၂၁-ပါးပြည့်အောင်-

---

၁။ ခုဒ္ဒကပါဌ-ဋ္ဌ၊ ၂၀၂။ ၂။ သုတ္တနိပါတ-ဋ္ဌ-၁၊ ၁၇၈။
၃။ မဇ္ဈိပဏ္ဏာ-ဋ္ဌ၊ ၄။ မူဋီ၊ ၉၇။ နဋီ၊ ၁၀၅။

http://www.dhammadownload.com

၁။ ဂဏ္ဍံ ဖာလေတိ= အနာကို ဓားနဲ့ခွဲခြင်း၊
၂။ အရုမက္ခံနံ ဒေတိ= ဆေးလိမ်းပေးခြင်း၊
၃။ ဥဒ္ဒဓိရေစနံ ဒေတိ= ပျို့အန်ဆေးပေးခြင်း၊
၄။ အဓောဓိရေစနံ ဒေတိ= ဝမ်းလျှောဆေး ပေးခြင်း၊
၅။ နတ္ထုတေလံ ပစတိ= နှာဆေး ပေးခြင်း၊
၆။ စက္ခုတေလံ ပစတိ= မျက်စဉ်း ပေးခြင်း။

ဒီလို သီလကွန်ပါဠိတော် ဗြဟ္မဇာလသုတ်က[၁] အချို့အဝက်လျော်ရာကိုယူပြီး ဖြည့်စွက်ထားပါတယ်၊ ဒီဖြည့်စွက်ထားတဲ့ ၆-ပါးကတော့ မဟာနိဒ္ဒေသ, စူဠနိဒ္ဒေသပါဠိတော်တွေမှာ လာတဲ့ ဓေဇ္ဇကမ္မမှာပဲ ပါဝင်နိုင်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီအနေသနခန်းမှာတော့ မဟာနိဒ္ဒေသလာ အနေသနတွေကိုပဲ မူထားပြီး ပြောသွားပါ့မယ်၊ ဒါပေမဲ့ အနေသနကတော့ ဒီလောက်တင် မဟုတ်သေးပါဘူး၊ သီလကွန်ပါဠိတော် ဗြဟ္မဇာလသုတ်မှာလာတဲ့ မိစ္ဆာဇီဝ အနေသနအချို့ ကျန်နေပါသေးတယ်၊ အဲဒီအထဲက ကာလဒေသနဲ့ လျော်တဲ့ မိစ္ဆာဇီဝအချို့ကိုလဲ နောက်ပိုင်းမှာ ဖြည့်စွက်ပြောဆိုသွားပါ့မယ်။

၁။ ကုဟနာ[၂] ဒီတော့ မဟာနိဒ္ဒေသပါဠိတော်မှာ လာတဲ့ အနေသနတွေကိုပဲ အခုအချိန်ကစပြီး ပြောပြသွားပါတော့မယ်၊ အဲဒီအထဲက "ကုဟနာ-အံ့သြဖွယ်ကို ဖြစ်စေခြင်း" ဆိုတာကို စတင်ပြောပါ့မယ်။

က။ ပစ္စယပဋိသေဝန= လာဘ်ကိုမျှော်ပြီး လူကြည်ညိုအောင် ခြိုးခြိုးခြံခြံ ခေါင်းခေါင်းပါးပါးနဲ့ ပစ္စည်း ၄-ပါးကို သုံးစွဲမှု၊

ခ။ သာမန္တဇပ္ပန= တရားထူးကို ရထားတဲ့ လေသံမျိုးနဲ့ စျာန်,မဂ်,ဖိုလ်ရဲ့ အနီးအပါးဖြစ်တဲ့ စကားမျိုးကို ပြောဆိုမှု၊

ဂ။ ဣရိယာပထသန္ဓိသိတ= အရိယာပုဂ္ဂိုလ်လို့ ထင်ရလောက်အောင် ဟန်ဆောင်ပြီး ဣရိယာပုတ် ၄-ပါးကို ထူးထူးခြားခြား ငြိမ်ငြိမ်သက်သက် ထားကာ သွားလာနေထိုင်မှု၊

ဒီ ၃-မျိုးကိုပဲ "အံ့သြဖွယ်ဖြစ်အောင် သုံးစွဲပြောဆို နေထိုင်ခြင်း-ကုဟနာ"လို့ ခေါ်ပါတယ်၊ ဒါကို သိသာရုံလောက် ရှင်းလင်းပြောပြသွားပါ့မယ်။

က။ ပစ္စယပဋိသေဝန[၃] ဒကာ ဒကာမတွေက ရဟန်းတစ်ပါးကို သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး" ပစ္စည်း ၄-ပါးတွေနဲ့ ဖိတ်ကြပါတယ်၊ လှူဒါန်းမယ်လို့ လုပ်ကြပါတယ်၊ ရဟန်းကတော့ ဒါတွေကို လိုချင်တာပါပဲ့၊ မက်မော

၁။ သီ-ပါ၊ ၁၁။ ၂။ ဝိသုဒ္ဓိမဂ်-၄-၁၊ ၂၃။ သမ္မော-၄၊ ၄၆၁။ ၃။ မဟာနိ-ပါ၊ ၁၇၂။

http://www.dhammadownload.com

တာပါပဲ၊ ဒါပေမဲ့ နောက်ထပ် များများရအောင် ရည်ရွယ်ပြီးသကာလ ဘာကိုမှ အလှူခံမှု မပြုပါဘူး၊ သင်္ကန်းကိုလဲ ပယ်ပါတယ်၊ ဆွမ်းကိုလဲ ပယ်ပါတယ်၊ ကျောင်း အိပ်ရာ နေရာကိုလဲ ပယ်ပါတယ်၊ ဆေးကိုလဲ ပယ်ပါတယ်။

"ဒီလို အဖိုးထိုက်အဖိုးတန် သင်္ကန်းတွေကို ရဟန်းမှာ ဘာလုပ်ဖို့လဲ ?၊ သုသာန်, အမှိုက်ပုံ, ဈေးကြီးဈေးကြားတွေက ရရသမျှ အဝတ်တွေကို ကောက်ယူ ချုပ်စပ်ပြီး ဝတ်ရုံတာဟာ ရဟန်းအတွက် ပိုပြီး သာရပ္ပဖြစ်တယ်၊ ရဟန်းအတွက် အဖိုးထိုက်အဖိုးတန် အကောင်းအမွန် ဆွမ်းတွေ, ဟင်းတွေလဲ မလိုပါဘူး၊ ဆွမ်းခံပြီး အသက်မွေးတာဟာ ဗုဒ္ဓအလိုတော်ကျ ဖြစ်ပါတယ်၊ ရဟန်းအတွက် အဖိုးထိုက်အဖိုးတန် ကျောင်းတွေ, အိပ်ရာနေရာတွေလဲ မလိုပါဘူး၊ သပ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်မှာ နေတာ, သုသာန်မှာ သွားနေတာ, ကွင်းပြင်မှာ သွားနေတာဟာ ရဟန်းအတွက် အကောင်းဆုံးပေါ့၊ ရဟန်းအတွက် အဖိုးထိုက် အဖိုးတန် ဆေးဝါးတွေလဲ မလိုပါဘူး၊ နွားကျင် ငယ်ပုပ်, သျှိသျှားသီးပိုင်းတွေနဲ့ ဆေးကိစ္စကို ပြုလုပ်တာဟာ အသင့်တော်ဆုံးပါပဲ"။

ဒီလိုလဲ ပြောဆိုတတ်ပါတယ်၊ အဲဒီအချိန်ကစပြီး ကိုယ့်မှာမရှိတဲ့ ဂုဏ်ကို ပြဖို့ ကြိုးစား ပါတော့တယ်၊ လူကြည်ညိုအောင် ဟန်ဆောင်ပါတော့တယ်၊ ဟောင်းနွမ်းစုတ်ပြတ်တဲ့ သင်္ကန်းကို ဝတ်ရုံတယ်၊ ကြမ်းတမ်းတဲ့ ဆွမ်းကို သုံးဆောင် တယ်၊ အညံ့ဆုံးဖြစ်တဲ့ ကျောင်း အိပ်ရာနေရာကိုမှ အသုံးပြု နေထိုင်ပါတယ်၊ အညံ့ဆုံး ဖြစ်တဲ့ နွားကျင်ပုပ်-စတဲ့ ဆေးမျိုးကိုသာ မှီဝဲသုံးဆောင်ပါတော့တယ်။ အဲဒီတော့-

"ဒီရဟန်းဟာ အလိုနည်းတယ်၊ ရိုတာလေးနဲ့ တင်းတိမ်ရောင့်ရဲနေတယ်၊ လူတွေ လှူတာကိုတောင်မှ လက်ခံချင်တာ မဟုတ်ဘူး၊ ကင်းကင်းရှင်းရှင်းလဲ နေတယ်၊ လူတွေနဲ့ ရောနှောမှုလဲ မရှိဘူး၊ တကယ့်ကို ရဟန်းတရား ကြိုးစား အားထုတ်နေတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ"။

ဒီလို လူတွေက အဲဒီရဟန်းကို အသိအမှတ် ပြုလာတတ်ကြပါတယ်၊ အထင်ကြီးလာ တတ်ကြပါတယ်၊ ဟိုလူကလဲ ပင့်ဖိတ်၊ ဒီလူကလဲ ပင့်ဖိတ်၊ ပစ္စည်း ၄-ပါးတွေနဲ့ တိုးကာတိုးကာသာ ပင့်ဖိတ်လာကြပါတော့တယ်၊ အချို့ကလဲ လူကိုယ်တိုင် လာရောက်လှူဒါန်းကြပါတယ်၊ မိမိကို လူတွေက အထင်ကြီးနေကြောင်း တမ်းတမ်းစွဲ ဖြစ်နေကြောင်း သိရတဲ့အခါ ရဟန်းက လေသံတစ်မျိုး ပြောင်းလာပါတော့တယ်။

"ဒကာတို့ ! 'သဒ္ဓါတရားရယ်, လှူဖွယ်ဝတ္ထုရယ်, အလှူခံပုဂ္ဂိုလ်ရယ်၊ ဒီလို အကြောင်း ၃-ပါး ပေါင်းဆုံညီညွတ်ပါမှ သဒ္ဓါကြည်ညိုတဲ့ အမျိုးသားဟာ ကုသိုလ်ကောင်းမှု အများအပြားကို တိုးပွားစေနိုင်ပါတယ်၊ ဒကာတို့မှာ သဒ္ဓါ

http://www.dhammadownload.com

ကြည်ညိုမှုကလဲ ရှိနေတယ်၊ လူစရာ တန်းစရာတွေကလဲ ရှိနေတယ်၊ အလှူခံမဲ့ ပုဂ္ဂိုလ်ကသာ လိုနေပါတော့တယ်၊ ဒီတော့ ဘုန်းကြီးက အလှူခံပုဂ္ဂိုလ်ပဲပေါ့၊ တကယ်လို့သာ ဘုန်းကြီးက အလှူမခံလို့ရှိရင် ဒကာတို့မှာ ကုသိုလ်ဖြစ်ခွင့်တွေ ဆုံးရှုံးကုန်လိမ့်မယ်၊ ဘုန်းကြီးက ဒါတွေ (ဒီ ပစ္စည်းတွေ)ကို မလိုချင်တာ အမှန်ပါပဲ၊ ဒါပေမဲ့ ဒကာတို့ကို ငဲ့ညှာထောက်ထားပြီး ဒကာတို့ကို ချီးမြှောက်လို တာနဲ့ပဲ ခံယူရပါတော့တယ်"။

လူလိုသူ များလာတဲ့အခါ ဒီစကားမျိုးကို ပြောဆိုပြီး အလှူခံစပြုလာပါတော့တယ်၊ အဲဒီလို ပထမအလှူခံတဲ့ အချိန်ကစပြီး လူဒါန်းလာသမျှကို လက်ခံ သိမ်းပိုက်နေပါတော့တယ်။

ဒါဟာ လာဘ်ကိုမျှော်ပြီး လူကြည်ညိုအောင် ခြိုးခြိုးခြံခြံ ခေါင်းခေါင်းပါးပါးနဲ့ ဆွမ်း, သင်္ကန်း, ကျောင်းအိပ်ရာနေရာ, ဆေးတွေကို မှီဝဲသုံးစွဲခြင်းပါပဲ။

၉။ သာမန္တဇပ္ပနာ[1] အချို့ရဟန်းတွေကျပြန်တော့လဲ ကိုယ့်မှာ မရှိတဲ့ဂုဏ်ကို ပြလို ပါတယ်၊ မှန်ကန်တဲ့ အသက်မွေးမှုကင်းအောင် ယုတ်မာတဲ့ အလိုဆိုးရဲ့ ညှဉ်းပန်းနှိပ်စက်မှုကို အလူးအလိမ့် ခံနေရပါတယ်၊ လူအများရဲ့ အထင်ကြီးမှု, ချီးမွမ်းမှုကို ခံလိုပါတယ်၊ ဒီလို ပြောလိုက်လို့ရှိရင် ငါ့ကို လူအများစုက ချီးမွမ်းလာကြလိမ့်မယ်၊ အထင်ကြီးလာကြလိမ့်မယ်–ဆိုတဲ့ အတွေးအထင်မျိုးနဲ့ အရိယာယောင်ဟန်ဆောင်ပါတော့တယ်။

"တန်ခိုးကြီးတဲ့ ရဟန်းမှ ဒီလို(ယောဂီရောင်) သင်္ကန်းမျိုးကို ဝတ်ရုံနိုင်တယ်၊ ဒီလိုကျောင်းမျိုး, ဒီလိုအိပ်ရာ နေရာမျိုးမှာ နေတဲ့ပုဂ္ဂိုလ်ဟာ သိပ်တန်ခိုးကြီးပေါ့"။

ဒီလို အစရှိတဲ့ စကားတွေနဲ့ ကိုယ့်ကိုကိုယ် ရည်ညွှန်း ပြောဆိုနေပါတော့တယ်၊ အရိယာယောင် ဟန်ဆောင်ဝါကြွား နေပါတော့တယ်။

ဒီရဟန်းဟာ ကိုယ်အမူအရာကိုလဲပဲ အလွန့်အလွန် ဟန်လုပ်စောင့်စည်းလာပါတော့တယ်၊ မျက်လွှာချကာ ဟန်လုပ်နေထိုင်ပါတယ်၊ မိမိကို သူများက လှူချင်တန်းချင်လာအောင် လှည့်ကာပတ်ကာ ပြောဆိုပါတယ်၊ ဒကာ ဒကာမတွေ ချီးမွမ်းအောင် ကိုယ့်မှာမရှိတဲ့ဂုဏ်ကို ကြဲဖန်ပြောဆို နေပါတော့တယ်။

"စျာန်တရား, မဂ်တရား, ဖိုလ်တရားကို ရထားတဲ့ ရဟန်းမျိုးကသာ ဒီလို ဣန္ဒြေသိက္ခာမျိုးနဲ့ ပြည့်စုံနိုင်တယ်၊ ဒီလို နက်နဲလှို့ဝှက် အသိဓက်တဲ့, သိမ်မွေ့တဲ့, ဖုံးကွယ်နေတဲ့ တရားစကားမျိုးကို ပြောနိုင်တယ်"။–

၁။ မဟာနိ–ပါ၊ ၁၇၃။

http://www.dhammadownload.com

စတဲ့ စကားမျိုးနဲ့လဲ မိမိကို ရည်ညွှန်း ပြောဆိုလာတတ်ပါတယ်၊ အသိဉာဏ်နည်းပါးတဲ့ လူတွေက "တကယ့်ကို ရဟန္တာကြီး"လို့ ထင်မှတ်သွားတတ်ကြပါတယ်၊ ကြည်ညိုဆည်းကပ်လာကြပါတယ်၊ လှူကြတန်းကြပါတယ်။

ဒါကတော့ လာဘ်ကိုမျှော်ပြီး တရားထူးကို ရထားတဲ့ လေသံမျိုးနဲ့ စျာန်မဂ်ဖိုလ်ရဲ့ အနီးအပါးဖြစ်တဲ့ စကားမျိုးကို ပြောဆိုခြင်းပါပဲ။

၈။ **ဣရိယာပထသန္နိဿိတ**[၁] အချို့ရဟန်းကတော့ ကိုယ့်မှာမရှိတဲ့ ဂုဏ်ကို ပြလိုပါတယ်၊ မှန်ကန်တဲ့ အသက်မွေးမှုကင်းအောင် အလိုယုတ်ရဲ့ ညှဉ်းပန်းနှိပ်စက်မှုကို ခံနေရပါတယ်၊ လူအများရဲ့ ချီးမွမ်းမှုကို ခံလိုပါတယ်၊ "ဒီလိုအမူအရာမျိုးနဲ့ သွားလာနေထိုင်ရင် လူအများက ငါ့ကို ရဟန္တာလို့ ချီးမွမ်းကြလိမ့်မယ်"ဆိုတဲ့ ယုတ်ညံ့တဲ့ စိတ်နေစိတ်ထားမျိုးနဲ့ တရားထူးကို ရထားတဲ့ ပုဂ္ဂိုလ်တွေရဲ့ သွားပုံ သွားဟန်မျိုး, ရပ်ပုံ ရပ်ဟန်မျိုး, ထိုင်ပုံ ထိုင်ဟန်မျိုး, လျောင်းပုံ လျောင်းဟန်မျိုးကို ဟန်ဆောင် ပြုလုပ်နေပါတော့တယ်။

"ငါ့ကို ရဟန္တာလို့ သိကြပါစေ"ဆိုတဲ့ ရည်မှန်းတောင့်တချက်နဲ့ ဖြည်းဖြည်းညှင်းညှင်း သိမ်သိမ်မွေ့မွေ့ သွားလာပါတယ်၊ မတုန်မလှုပ် ရပ်ပါတယ်၊ ထိုင်ပါတယ်၊ လျောင်းပါတယ်၊ စျာန်သမာဓိနဲ့ တည်ကြည်ငြိမ်သက်နေသလို သွားပါတယ်၊ ရပ်ပါတယ်၊ ထိုင်ပါတယ်၊ လျောင်းပါတယ်၊ လူမြင်ကွင်းမှာ စျာန်ဝင်စားနေသလိုလို ပြုမူနေထိုင်ပါတယ်။

အသိဉာဏ်နည်းပါးတဲ့ လူတွေက သူ့ကိုတွေ့ရတဲ့အခါ "တကယ့် ရဟန္တာကြီး"လို့ ထင်မှတ်သွားကြပါတယ်၊ ကြည်ညိုဆည်းကပ်ကြပါတယ်၊ လှူကြတန်းကြပါတယ်။

ဒါဟာ လာဘ်ကိုမျှော်ပြီး အရိယာပုဂ္ဂိုလ်လို့ ထင်ရလောက်အောင် ဟန်ဆောင်ပြီး "သွား, ရပ်, ထိုင်, လျောင်း"ဆိုတဲ့ ဣရိယာပုတ် ၄-ပါးကို ထူးထူးခြားခြား ငြိမ်ငြိမ်သက်သက်ထားကာ သွားလာနေထိုင်မှုကို ပြုခြင်းပါပဲ။

ရဟန္တာထက်ကြည်ညိုသူများသော ကုဟကရဟန်း[၂]

ဝေသာလီမြို့မှာ ဝသဘဆိုတဲ့ လိစ္ဆဝီမင်းသား တစ်ဦးရှိပါတယ်၊ မြတ်စွာဘုရား ဝေသာလီမြို့ကို ကြွလာတဲ့အချိန်မှာ ဘုရားရှင်ရဲ့ တန်ခိုးအာနုဘော်ကို တွေ့မြင်ရတဲ့အတွက် သာသနာမှာ သက်ဝင်ကြည်ညိုလာပါတယ်၊ သဒ္ဓါတရား ဖြစ်ပေါ်လာပါတယ်၊ ရဟန်းပြုပြီး ဝိပဿနာကို ပွားများအားထုတ်ပါတယ်၊ မကြာခင်မှာဘဲ ရဟန္တာဖြစ်သွားပါတယ်။

၁။ မဟာနိဒ္ဒေသ-ပါ၊ ၁၇၃။ ၂။ ထေရဂါထာ-၆-၁၊ ၃၂၆။

http://www.dhammadownload.com

ရဟန္တာဖြစ်ပြီးတဲ့နောက် ဒကာတွေကို ချီးမြှောက်လိုတဲ့အတွက် ဒကာများ လာရောက်လှူဒါန်းတဲ့ ပစ္စည်းတွေကို ပယ်မြစ်မှု မပြုခဲ့ပါဘူး၊ လှူဒါန်းလာတဲ့ ပစ္စည်းတွေကို ခံယူသုံးဆောင်နေပါတယ်။

ပုထုဇဉ်ဖြစ်သူ လူအချို့က ဒီကိုယ်တော်ဟာ ကိုယ်ခန္ဓာတောင့်တင်း ခိုင်ခံ့အောင် ပြုလုပ်နေတာက များတယ်၊ စိတ်ကို စောင့်ရှောက်မှု မရှိပါဘူး၊ ဒီလို ဝသဘထေရ်ရဲ့ အပေါ်မှာ အထင်အမြင် လွဲမှားကြပါတယ်၊ အထင်သေးကြပါတယ်၊ ဝသဘထေရ်ကတော့ ဒီလို လူတွေ အထင်အမြင်သေးတာကို ဘာမှအရေးမစိုက်ဘဲ နေထိုင်လာခဲ့ပါတယ်။

အဲဒီ ဝသဘထေရ်ရဲ့အနီးမှာ အံ့ဖွယ်ကို ဖြစ်စေတတ်တဲ့ ကုဟကရဟန်း တစ်ပါးဟာ ယုတ်မာတဲ့အလိုရှိသူ ဖြစ်ပါလျက် အလိုနည်းသူ ဖြစ်သလိုလို, ရရသမျှနဲ့ တင်းတိမ်ရောင့်ရဲနေသူ ဖြစ်သလိုလို မိမိကိုယ်ကို သရုပ်ဆောင်ပြီး နေထိုင်ပါတယ်၊ လူထုအား လှည့်ပတ်ညာစားမှုကို ပြုနေပါတယ်၊ လူထုကလဲ သူ့ကို ရဟန္တာတစ်ဦးကို ချီးမွမ်းကြသလို ချီးမွမ်းကြပါတယ်၊ ယုံကြည်ကြပါတယ်၊ ရိုသေကြပါတယ်၊ မြတ်နိုးကြပါတယ်၊ ဆည်းကပ်ကိုးကွယ်ကြပါတယ်။

သိကြားမင်းက အဲဒီကုဟကရဟန်းရဲ့ အပြုအမူကို သိနားလည်နေပါတယ်၊ ဒါနဲ့ ဝသဘထေရ်ကို လာရောက်လျှောက်ထား မေးမြန်းပါတယ်။

"အရှင်ဘုရား ! ဒီကုဟကကိုယ်တော်ဟာ ဘယ်လိုဟာတွေကိုများ လုပ်နေပါသလဲ ?"။

"အံ့ဩဖွယ်ဖြစ်အောင် ဟန်ဆောင်ဝါကြွားနေတဲ့ 'ကုဟက'ပုဂ္ဂိုလ်ဟာ အစပထမတော့ ကိုယ့်ကိုယ်ကို ဖျက်ဆီးတာပါပဲ၊ ပြီးမှ သူတစ်ပါးကို ဖျက်ဆီးတယ်၊ ငှက်မုဆိုးဟာ တိန်ညင်ငှက်နဲ့ အခြားငှက်တွေကို လှည့်ပတ်ဖျက်ဆီးသလို ကုဟကပုဂ္ဂိုလ်ဟာလဲပဲ မိမိကိုယ်ကို အစွမ်းကုန် ဖျက်ဆီးပါတယ်။

သိကြားမင်း ! ကျရိယာပုတ်ကို ကောင်းစွာပြုပြင်မှု–စတဲ့ အပြင်အပ ပြည့်စုံကာမျှနဲ့ မကောင်းမှုကို ပယ်ထားသူ မဖြစ်နိုင်ပါဘူး၊ ကိုယ်တွင်းမှာ သီလ–စသည်တို့ ပြည့်စုံမှုမျိုးနဲ့သာ မကောင်းမှုကို ပယ်ထားသူ ဖြစ်နိုင်ပါတယ်၊ ဒါ့ကြောင့် 'ယုတ်ညံ့တဲ့ အမှုကိစ္စရှိနေသူကို ယုတ်ညံ့တဲ့ ပုဂ္ဂိုလ်'လို့ပဲ သိရမှာပေါ့"ဟု မိန့်တော်မူပါတယ်။

ယုတ်မာတဲ့ အလိုရှိသူကို ကဲ့ရဲ့လိုတဲ့အတွက် ဝသဘထေရ်ရဲ့ ပြန်လည်မိန့်ကြားချက်ကို ကြားရတဲ့အခါ သိကြားမင်းက အံ့ဩဖွယ်ဖြစ်အောင် ဟန်ဆောင်ဝါကြွား

http://www.dhammadownload.com

နေတဲ့ (ကုဟက)ရဟန်းကို ခြိမ်းခြောက်ပြီး "ကိုယ့်တရားကိုသာ မှန်မှန်ကန်ကန် ကျင့်စမ်းပါ"လို့ ဆုံးမစကား ပြောကြားပါတယ်၊ ပြီးတော့မှ မိမိနေရာကို ပြန်သွားပါတယ်။

ပါပိဿ=ယုတ်မာသောအလိုရှိသူ[၁]

အဲဒီ "ဟန်ဆောင်ဝါကြွားမှု"ဆိုတာဟာ "ပါပိဿ"ဆိုတဲ့ တရားကို အခြေခံပြီး ဖြစ်လာရပါတယ်၊ ဒီတော့ "ပါပိဿ"ဆိုတဲ့ တရားသဘောကိုလဲ နည်းနည်း ဆက်ပြောပါအုံးမယ်။

မိမိမှာ မရှိတဲ့ဂုဏ်နဲ့ ချီးမွမ်းခံလိုမှု–စသည်ကိုပဲ "ပါပိဿ"လို့ ခေါ်ပါတယ်၊ အချို့ရဟန်းဟာ မိမိကိုယ်တိုင်က သဒ္ဓါတရားမရှိသူ ဖြစ်ပါလျက်ကယ်နဲ့ သဒ္ဓါတရား ရှိလေသယောင် ဟန်ဆောင်ပြတတ်ပါတယ်၊ သီလမရှိသူ ဖြစ်ပါလျက် ကယ်နဲ့ သီလရှိသယောင် ဟန်ဆောင်ပြတတ်ပါတယ်၊ ဒီလိုအစရှိတဲ့ နည်းတွေနဲ့ ဟန်ဆောင်ပြတတ်တဲ့ ရဟန်းမျိုးကို ယုတ်မာတဲ့ အလိုရှိသူ "ပါပိဿ"လို့ ဆိုရပါတယ်။

ဒါကိုပဲ ဆက်လက်ပြီး နည်းနည်းရှင်းလင်း ပြောပြပါအုံးမယ်၊ ပွဲကြီးလမ်းကြီး ရှိတဲ့နေ့တွေကျတော့ လူတွေ အများအပြား ကျောင်းကို လာရောက်တတ်ကြပါတယ်၊ အဲဒီလို လူတွေ ကျောင်းကို လာရောက်ချိန်မှာ သဒ္ဓါတရားမရှိတဲ့ ရဟန်းဟာ တံမြက်စည်းကိုယူပြီး ကျောင်းတိုက်ကို တံမြက်လှည်းပါတယ်၊ အမှိုက်ကို စွန့်ပစ်ပါတယ်၊ လူတွေတွေ့သွားကြောင်း, မြင်သွားကြောင်း သိရတဲ့အခါ စေတီရင်ပြင်ကို သွားပြန်တယ်၊ စေတီရင်ပြင်မှာလဲ တံမြက်လှည်းပြီး အမှိုက်ကိုစွန့်ပါတယ်၊ စေတီရင်ပြင်မှာ ခင်းထားတဲ့သဲကို ညီညွတ်အောင်ညှိပါတယ်၊ နေရာတွေကို ဆေးကြောပါတယ်၊ ဗောဓိပင်ကို ရေသွန်းလောင်းပါတယ်၊ အဲဒီနေ့မှာဖြင့် တစ်ကျောင်းတိုက်လုံး သူ့လက်ရာချည်း ဖြစ်နေပါတော့တယ်။

လူတွေက သူ့ကို တွေ့ရတဲ့အခါ–

> "ကျောင်းတိုက်ကို သုတ်သင်ရှင်းလင်းတတ်တဲ့ အခြားရဟန်းတစ်ပါးမှ မရှိလေရော့သလား၊ ဒီကိုယ်တော်တစ်ပါးတည်းပဲ ကျောင်းတိုက်ကြီး တစ်ခုလုံးကို သုတ်သင်နေရပါဘိတယ်၊ ဒီကိုယ်တော်ဟာ တယ်သဒ္ဓါတရားကောင်းတယ်"။

ဒီလို ထင်မှတ်သွားကြပါတော့တယ်၊ အိမ်ကို ပြန်ခါနီးမှာ ဆွမ်းစားတောင် ပင့်သွားတတ်ကြပါသေးတယ်။

၁။ သမ္မော–၄၊ ၄၅၅။ မဟာနိ–၄၊ ၂၅၈။

http://www.dhammadownload.com

သီလမရှိတဲ့ (ဒုဿီလ)ပုဂ္ဂိုလ်ဟာလဲပဲ အလုပ်အကျွေး ဒကာတွေရဲ့ရှေ့မှာ ဝိနည်းဓိရ်ပုဂ္ဂိုလ်သို့ ချဉ်းကပ်ပြီး မေးတတ်ပါတယ်။

"အရှင်ဘုရား ! တပည့်တော် သွားလို့ရှိရင် နွားတွေ လန့်ပြေးတတ်ကြပါတယ်၊ တပည့်တော်ကြောင့် နွားတွေ လန့်ပြေးလို့ မြက်တွေပြတ်သွားတဲ့ အခါ တပည့်တော်မှာ အာပတ်များ သင့်ပါသလား ?၊ တပည့်တော် တံမြက်လှည်းတဲ့ အခါမှာလဲပဲ မြက်တွေ ပြတ်ပါသွားတတ်ပါတယ်၊ အဲဒီလို မြက်တွေ ပြတ်ပါသွားတဲ့အတွက် တပည့်တော်မှာ အာပတ်များ သင့်ပါသေးသလား ?၊ တပည့်တော် လမ်းလျှောက်လို့ရှိရင်လဲပဲ ပိုးကောင်လေးတွေကို နင်းမိတတ်ပါတယ်၊ ဒါနဲ့ ပိုးကောင်လေးတွေ သေကုန်တတ်ပါတယ်၊ အဲဒီလို ပိုးကောင်လေးတွေ သေတဲ့အတွက် အာပတ်သင့်ပါသေးသလား ?၊ တပည့်တော် အမှတ်မဲ့တံတွေးထွေးမိတဲ့ အခါမှာလဲပဲ စိမ်းစိုတဲ့မြက်တွေရဲ့ အပေါ်ကို ကျသွားတတ်ပါတယ်၊ ဒါကော အပြစ်ရှိပါသေးသလား ?"။

(သက်သက် ဟန်လုပ်မေးခြင်းမျှသာ ဖြစ်ပါတယ်။)

"ငါ့ရှင် ! စေတနာမရှိဘဲ ပြုလုပ်မိတဲ့ပုဂ္ဂိုလ်, အမှတ်မဲ့ ပြုလုပ်မိတဲ့ပုဂ္ဂိုလ်, မသိတဲ့အတွက် ပြုလုပ်မိတဲ့ပုဂ္ဂိုလ်တွေမှာ အာပတ်မသင့်ပါဘူး"။

ဒီလို ဝိနည်းဓိရ်ပုဂ္ဂိုလ်က ဖြေဆိုတဲ့ အခါမှာလဲပဲ "အရှင်ဘုရား တပည့်တော်ရဲ့ စိတ်ထဲမှာတော့ အင်မတန် ကြီးလေးတဲ့ အပြစ်လို့ ထင်လာပါတယ်၊ သေသေချာချာ နှိုင်းချိန်စဉ်းစားတော်မူပါအုံး" လို့ ပြောဆိုတတ်ပါသေးတယ်။

အဲဒီစကားကို ကြားရတဲ့အခါ အလုပ်အကျွေး ဒကာတွေက "ငါတို့ရဲ့ အရှင်မြတ်ဟာ ဒီလောက်သေးမွှားတဲ့ အမှုမှာတောင်မှ သံသယရှိပါပေတယ်၊ အခြားကြီးကျယ် ရှုန့်ရင်းတဲ့ အမှုကို ဘယ်လိုလုပ်ပြီး ကျူးလွန်တော့မှာလဲ၊ တို့အရှင်နဲ့ တူတဲ့ သီလရှိတဲ့ ရဟန်းမျိုးဟာ လောကမှာ မရှိနိုင်တော့ပါဘူး"၊ ဒီလို အသိအမှတ် ပြုလာကြပါတယ်၊ တိုးလို့တိုးလို့ ကြည်ညိုလာကြပါတယ်၊ ပူဇော်သက္ကာရ ပြုလာကြပါတယ်။

ပိဋကတ်စာပေ မကျွမ်းကျင် မတတ်မြောက်တဲ့ (အပွသုတ)ရဟန်းကလဲပဲ အလုပ်အကျွေး ဒကာတွေရဲ့ အလယ်မှာထိုင်ပြီး "ဟိုတိပိဋကဓရကိုယ်တော်ဟာ ဘုန်းကြီးရဲ့ တပည့်ပဲ၊ ဟိုနိကာယ ၄-ရပ်ကို တတ်တဲ့ရဟန်းဟာလဲပဲ ဘုန်းကြီးရဲ့ တပည့်ပေါ့၊ ဘုန်းကြီးဆီမှာပဲ သူတို့က ပါဠိအဋ္ဌကထာတွေကို သင်ယူသွားကြတယ်" လို့ ပြောတတ်ပါတယ်။

http://www.dhammadownload.com

လူများကတော့ တကယ့်အဖြစ်မှန်ကို ဘယ်သိကြမလဲ၊ "တို့ဘုန်းကြီးလို စာတတ်တဲ့ပုဂ္ဂိုလ် မရှိဘူး၊ တို့ဘုန်းကြီးရဲ့ဆီမှာ ဟိုတိပိဋကဓရကိုယ်တော်နဲ့ နိကာယ် ၄-ရပ်ကို တတ်တယ်ဆိုတဲ့ ကိုယ်တော်တွေကတောင် ပါဠိအဋ္ဌကထာတွေကို သင်ယူကြရတယ် ဆိုတာပဲ"၊ ဒီလို ကြည်ညိုလာကြပါတယ်၊ တိုးပြီးတော့ ပူဇော်သကာ ပြုလာကြပါတယ်။

အပေါင်းအသင်းနဲ့သာ မွေ့လျော်နေတဲ့ (သင်္ကာကာရာမ)ရဟန်းကလဲပဲ ပွဲကြီးလမ်းကြီး ရှိတဲ့နေ့မှာ ခုံတန်းလျားရှည် ကုလားထိုင်တွေကို အယူခိုင်းပြီး ကျောင်းတိုက်ရဲ့ အစွန်အဖျားကို ထွက်သွားပါတော့တယ်၊ လူအထင်ကြီးအောင် သစ်တစ်ပင်အောက်မှာ ထိုင်နေမှုကို ပြုပါတော့တယ်။

လူများက ကျောင်းကို ရောက်လာတဲ့အခါ "ဆရာတော် ဘယ်မှာပါလဲဘုရား" လို့ မေးတတ်ကြပါတယ်၊ ညာဖြန်းပြောဆိုတတ်တဲ့ လူလိမ်လူညာတွေရဲ့ သားသမီးတွေဆိုတာဟာ ညာဖြန်းပြောဆိုတတ်ကြတာချည်းပါပဲ၊ ဒီလောက သဘာဝအတိုင်းပေါ့လေ၊ ဆရာလုပ်သူက အညာမခိုင်းရဘဲ ညာဖြန်းတတ်တဲ့ ဆရာရဲ့ တပည့်တွေကလဲ ညာဖြန်းတတ်ကြပါတယ်၊ ဒါနဲ့ "ဆရာတော်က ဒီလို လူရှုပ်တဲ့အခါမျိုးမှာ ရှုပ်ရှုပ်ယှက်ယှက် မနေတတ်ပါဘူး၊ ကျောင်းအစွန် အဖျား နေ့နေရာဖြစ်တဲ့ စင်္ကြံရည်ကြီးမှာ သွားနေတတ်ပါတယ်"၊ ဒီလို ညာဖြန်း ပြောဆိုကြပါတော့တယ်။

အဲဒီ စင်္ကြံ ရည်ကြီးကတော့ ဘယ်တော့မှ စင်္ကြံ သွားလာမှုကို မပြုတဲ့ စင်္ကြံရည်ကြီးပဲ ဖြစ်ပါတယ်၊ ဒါနဲ့ ပင့်ကူမျှင်တွေနဲ့ ပြည့်နှက်နေပါတယ်၊ အဲဒီ ရဟန်းဟာ တစ်နေ့လုံး သစ်ပင်အောက်မှာ အိပ်ငိုက်ရင်းသာ နေခဲ့ပါတယ်၊ ညနေစောင်းတော့ စင်္ကြံ ရည်ကြီးကို ဖြတ်ပြန်လာပါတယ်၊ ဒီတော့ သူ့နဖူးမှာ ပင့်ကူချည်မျှင်တွေ ငြိကပ်ပါလာပါတော့တယ်၊ အဲဒီအချိန်မှာတော့ သူဟာ ကျောင်းပရဝုဏ်တံခါးအနီးမှာ ထိုင်နေပါတော့တယ်၊ လူတွေ ကလဲ အိမ်ပြန်ခါနီးမှာ လာရောက်နှုတ်ဆက်ကြပါတယ်။

"အရှင်ဘုရား ! ဘယ်ကိုများ ကြွနေပါသလဲ ?၊ စောစောက တပည့်တော်များ တစ်ခေါက် လာကြပါသေးတယ်၊ အရှင်ဘုရားကို မတွေ့ခဲ့ရပါဘူး"။

"ဒကာတို့ ! ကျောင်းတိုက်အတွင်း ဆိုတာဟာ လူတွေနဲ့ ရောပြွမ်းရှုပ်ထွေးနေပါတယ်၊ ရဟန်းကလေးတွေ, သာမဏေကလေးတွေရဲ့ လှည့်ပတ်သွားလာနေတဲ့ နေရာမျိုးဖြစ်တယ်၊ ဟိုဘက် ကျောင်းတိုက်အဆုံးနားမှာ အတောင် ၆၀-ရှိတဲ့ စင်္ကြံ မှာ နေ့ဘက်ကို သွားနေပါတယ်"။

http://www.dhammadownload.com

အဲဒီလို မိမိရဲ့ အပေါင်းအဖော်နဲ့ မနေတတ်တဲ့ အဖြစ်မျိုးကို သိနားလည် စေပါတယ်၊ ဟန်ဆောင်ဝါကြွား ပြောကြားနေပါတော့တယ်။

ပျင်းပြီးတော့ အိပ်နေတတ်တဲ့ (ကုသီတ)ရဟန်းကလဲပဲ အလုပ်အကျွေး ဒကာတွေရဲ့ အလယ်မှာ ထိုင်ရင်း ဟန်ဆောင်ဝါကြွား ပြောကြားတတ်ပါတယ်။

"ဒကာတို့ ! မနေ့ညက ဥက္ကာကျတာကို မြင်လိုက်ကြရဲ့လား ?"။

"မမြင်လိုက်ကြပါဘုရား၊ ဘယ်အချိန်များ ကျပါသလဲ ?"။

ဒီလို ဒကာတွေက ပြန်မေးတယ်ဆိုရင်ပဲ-

"ဘုန်းကြီးစကြံ ကြွနေတဲ့ အချိန်မှာ ကျတာပဲ"။

ဒီလို ပြောဆိုပြီးတဲ့နောက်-

"ငလျင်လှုပ်တာကိုကော သိလိုက်ကြရဲ့လား ?"။

ထပ်ပြီး မေးပြန်ပါတယ်။

"မသိလိုက်ကြပါဘုရား၊ ဘယ်အချိန်မှာများ ငလျင်လှုပ်သွားပါသလဲ ?"။

"သန်းခေါင်ယာမ်မှာ တို့က နောက်မှီပျဉ်ချပ်ကလေးကို မှီပြီး ရပ်နေတယ်လေ၊ အဲဒီအချိန်မှာ လှုပ်သွားတာပါပဲ"။

ဒီလို ပြောဆိုပြီးတဲ့နောက် ဒကာတွေကို ဆက်မေးပြန်ပါတယ်။

"နောက်ပိုင်းမှာ အလင်းရောင်ကြီးတွေ ဖြစ်ပေါ်လာသေးတယ်၊ အဲဒီ အလင်းရောင်ကြီးတွေကိုကော ဒကာတို့ မြင်လိုက်ကြရဲ့လား ?"။

"အရှင်ဘုရား ! ဘယ်အချိန်မှာ အလင်းရောင်ကြီးတွေ ဖြစ်ခဲ့ပါ သလဲ ?"။

"ဘုန်းကြီးက စကြံ က ဆင်းလာတဲ့ အချိန်မှာ အလင်းရောင်ကြီးတွေ ဖြစ်ခဲ့တာပေါ့"။

ဒီစကားကိုကြားရတဲ့အခါ သူ့ကိုဆည်းကပ်ကိုးကွယ်နေကြတဲ့ ဒကာဒကာမတွေက-

"တို့ကိုးကွယ်နေတဲ့ ဆရာတော်ဟာ ညဥ့် ၃-ယာမ်လုံး စကြံ မှာသာ ရှိနေတယ်၊ တို့ဆရာတော်လို ရဟန်းတရားကို ကြိုးစားအားထုတ်တဲ့ ရဟန်းဟာဖြင့် ရှိမယ်မထင်ပါဘူး"။

ဒီလို အထင်ကြီးလာကြပါတယ်၊ အတိုင်းထက်အလွန် ကြည်ညိုလာကြပါတယ်၊ ပူဇော်မှု, လှူဒါန်းမှုတွေကို ပြုကြပါတယ်။

မေ့လျော့တတ်တဲ့ (မုဋ္ဌဿတိ)ရဟန်းကလဲပဲ မိမိကို ဆည်းကပ်ကိုးကွယ်နေကြတဲ့ ဒကာတွေအလယ်မှာ အကျအနထိုင်ပြီး ဝါကြွားပြောဆိုတတ်ပါတယ်။

http://www.dhammadownload.com

"တို့ဟာ ဘယ်အရွယ်တုန်းက ဒီဃနိကာယ်ကို သင်ယူခဲ့တယ်၊ ဘယ်အရွယ်တုန်းက မဇ္ဈိမနိကာယ်ကို သင်ယူခဲ့တယ်၊ ဘယ်အရွယ်တုန်းက သံယုတ္တနိကာယ်ကို သင်ယူခဲ့တယ်၊ ဘယ်အရွယ်တုန်းက အင်္ဂုတ္တရနိကာယ်ကို သင်ယူခဲ့တယ်၊ နောက်ထပ် ပြန်ကြည့်ရတယ်လို့ မရှိပါဘူး၊ ဘယ်နေရာကိုလိုလို အဲဒီ အလိုရှိတဲ့ ပါဠိတွေဟာ နှုတ်တက်ပြီးသားချည်း ဖြစ်နေတယ်၊ အခြားရဟန်းတွေကတော့ ဆိတ်သိုးကြီးတွေလို ပါးစပ်တလှုပ်လှုပ်နဲ့ ရပြီးသားတွေမေ့မှာစိုးလို့ တတွတ်တွတ်နဲ့ ရွတ်နေကြရတယ်၊ အံနေကြရတယ်၊ ပြန်နေကြရတယ်"။

ဒီစကားကို ကြားရတဲ့အခါ ဒကာတွေက "တို့ဆရာတော်လို သတိကောင်းတဲ့ရဟန်း မရှိတော့ဘူး"၊ ဒီလို အထင်ကြီးလာကြပါတယ်၊ တိုးလို့ တိုးလို့ ကြည်ညိုလာကြပါတယ်။

မတည်ကြည်တဲ့ (အသမာဟိတ)ရဟန်းကလဲပဲ မိမိကို ကိုးကွယ်ဆည်းကပ်နေကြတဲ့ ဒကာ ဒကာမတွေရဲ့ရှေ့မှာ အဋ္ဌကထာဆရာ (စာချဆရာ)တွေကို ပြဿနာမေးတတ်ပါတယ်။

"ကသိဏ်းဆိုတာကို ဘယ်လို ပွားများရပါ့မလဲ၊ ဘယ်လောက်ဆိုရင် ပဋိဘာဂနိမိတ် ဖြစ်ပါသလဲ၊ ဘယ်အခြေအနေရောက်ရင် ဥပစာရသမာဓိ ဆိုတာ ဖြစ်ပါသလဲ၊ ဘယ်အခြေအနေရောက်ရင် အပ္ပနာသမာဓိ ဖြစ်ပါသလဲ၊ ပထမစျာန်အင်္ဂါတွေဟာ ဘယ်လောက်ရှိပါသလဲ၊ ဒုတိယစျာန်အင်္ဂါ တွေကော ဘယ်လောက် ရှိပါသလဲ၊ တတိယစျာန်အင်္ဂါတွေက ဘယ်လောက် ရှိပါသလဲ၊ စတုတ္ထစျာန်မှာတော့ အင်္ဂါဘယ်လောက် ရှိပါသလဲ?"။

အဋ္ဌကထာဆရာ(စာချဆရာ)တွေက မိမိတို့ သင်ယူထားတဲ့ အဋ္ဌကထာမှာ လာတဲ့အတိုင်း ဖြေဆိုတဲ့အခါမှာ ပြိုးနေတတ်ပါတယ်။

"အရှင်ဘုရား! ဒီကဖြေဆိုတဲ့အတိုင်း မဟုတ်ပါလား?"။

ဒီလို အဋ္ဌကထာဆရာ(စာချဆရာ)တွေက ပြန်မေးတဲ့အခါမှာ-

"သင့်လောက်ပါရဲ့"။

ဒီလို မိမိက စျာန်သမာဓိကို ရနေသူဖြစ်ကြောင်း ဟန်ဆောင်ဝါကြွားနေပါတော့တယ်။

သူ့ကို ဆည်းကပ်ကိုးကွယ်နေကြတဲ့ ဒကာ ဒကာမတွေက "တို့ဆရာတော်ဟာ သာမန်ပုဂ္ဂိုလ် မဟုတ်ဘူး၊ စျာန်သမာဓိကို ရထားတဲ့ပုဂ္ဂိုလ် ဖြစ်တယ်"၊ ဒီလို အထင်

http://www.dhammadownload.com

ကြီးလာကြပါတယ်၊ အတိုင်းထက်အလွန် ကြည်ညိုလာကြပါတယ်၊ ပူဇော်သက္ကာရကို ပြုကြပါတယ်။

ပညာမရှိတဲ့ (ဒုပ္ပညာ)ရဟန်းကလဲပဲ မိမိကို ကိုးကွယ်ဆည်းကပ်နေကြတဲ့ ဒကာဒကာမတွေရဲ့ အလယ်မှာထိုင်ပြီး ဟန်ဆောင်ပလွှား ဝါကြွားနေပါတော့တယ်။

"မဇ္ဈိမနိကာယ်မှာ ပဥ္စင်္ဂယသုတ်ဆိုတာရှိတယ်၊ ဘုန်းကြီးက အဲဒီသုတ်ကို ကြည့်ရင်း တန်ခိုးနဲ့တကွ မဂ်ကို ရလာတယ်၊ ပရိယတ္တိဆိုတာ တို့အတွက် မခက်ပါဘူး၊ ဒါပေမဲ့ ပရိယတ္တိမှာ ကြောင့်ကြစိုက်တဲ့ ရဟန်းဟာ ဝဋ်ဒုက္ခက မလွတ်နိုင်ပါဘူး၊ ဒီလို နှလုံးသွင်းပြီး တို့က ပရိယတ္တိကို စွန့်လွှတ်လာခဲ့တာပဲ"။

ဒီလို မိမိက အရိယာပညာရှိကြီး ဖြစ်ကြောင်း ကိုယ့်ကိုကိုယ် အမွှမ်းတင် ပြောဆိုနေပါတော့တယ်။

ဒီလိုပြောဆိုတဲ့ ရဟန်းဟာ ဘုရားရှင်သာသနာတော်ကို ပုတ်ခတ်စော်ကားရာရောက်ပါတယ်၊ "ဒီရဟန်းနဲ့တူတဲ့ ခိုးသူကြီး"ဆိုတာ မရှိတော့ပါဘူး၊ အမှန်အတိုင်း ပြောမယ်ဆိုရင် ပရိယတ်ကိုဆောင်တဲ့ ရဟန်းဟာ ဒုက္ခကမလွတ်နိုင်တာတော့ မဟုတ်ပါဘူး၊ လွတ်မြောက်နိုင်တာပဲ ဖြစ်ပါတယ်။

ရဟန္တာမဟုတ်တဲ့ (အခီဏာသဝ)ပုဂ္ဂိုလ်ကလဲပဲ ကလေးသူငယ်တွေကို တွေ့ရတဲ့အခါ အရောတဝင် ခေါင်ငင်ပြောဆိုနေပါတော့တယ်။

"ဟေ့–ချာတိတ်တွေ ! မင်းတို့ရဲ့ အမေအဖေတွေက တို့ကို ဘယ်လိုများပြောနေကြသလဲဟေ့ ?"။

"ရဟန္တာလို့ ပြောနေကြပါတယ်ဘုရား"။

မိမိတို့ သင်ထားတဲ့အတိုင်း ကလေးများက ပြန်လည်ဖြေဆိုတဲ့အခါ–

"ဟာ–သိပ်ပါးနပ်လိမ္မာကြတာပဲ၊ ဒီဒကာ ဒကာမတွေကို မရိပ်မိ မသိရှိအောင် ရှောင်တိမ်းလို့ကို မရနိုင်ပါဘူး"။

ဒီလို ဘေးပတ်ဝန်းကျင်က ကြားလောက်အောင် အော်ကျယ်ဟစ်ကျယ် (အော်ကြီးဟစ်ကျယ်) ပြောနေပါတော့တယ်၊ မိမိကပဲ တကယ်ရဟန္တာ ဖြစ်နေသလိုလို ပြောဆိုကြေညာနေပါတော့တယ်။

စဉ့်အိုးရဟန္တာ[၁]

အံ့သြဖွယ်ဖြစ်အောင် ဟန်ဆောင်ဝါကြွားတတ်တဲ့ ကုဟကရဟန်းတစ်ပါးဟာ မိမိနေထိုင်တဲ့ ကျောင်းရဲ့ တိုက်ခန်းအတွင်းမှာ စဉ့်အိုးကြီးတစ်လုံးကို မြှုပ်ထား

၁။ သမ္မော–၄၊ ၄၅၈။

http://www.dhammadownload.com

ပါတယ်၊ လူတွေ ကျောင်းသို့လာနေတာကို တွေ့ရတဲ့အခါ စဉ့်အိုးထဲကို အသာ ကလေး ဝင်နေလိုက်ပါတယ်။[၁]

လူတွေက ကျောင်းကို ရောက်လာတဲ့အခါ ဘုန်းကြီးကို မတွေ့ရတဲ့အတွက် အပြင်မှာရှိနေကြတဲ့ ရဟန်းကလေးတွေ, သာမဏေကလေးတွေကို မေးမြန်းလျှောက် ထားကြပါတယ်။

"ဆရာတော် ဘယ်ကို ကြွသွားပါသလဲဘုရား ?"။

"ဆရာတော် ဘယ်ကိုမှ မကြွပါဘူး၊ အခန်းထဲမှာ ရှိနေပါတယ်"။

လူတွေက ရဟန်းကလေးတွေ, သာမဏေကလေးတွေရဲ့ ပြောစကားအရ အခန်းထဲကို ဝင်ရှာကြပါတယ်၊ ဆရာတော်ကို မတွေ့ရပါဘူး၊ ဒါနဲ့ အခန်းထဲက ပြန်ထွက်လာ ကြပါတယ်။

"ဆရာတော် အခန်းထဲမှာ မရှိပါဘူးဘုရား၊ ဘယ်ကိုများ ကြွသွားပါ သလဲ ?"။

"ဆရာတော် ဘယ်ကိုမှ မကြွပါဘူး၊ အခန်းထဲမှာပဲ ရှိနေပါတယ်"။

ရဟန်းကလေးတွေ, သာမဏေကလေးတွေရဲ့ စကားကို ကြားရတဲ့အခါ လူတွေက နောက်ထပ် ဝင်ရှာကြပြန်ပါတယ်၊ အဲဒီအချိန်မှာတော့ ဆရာတော်ဟာ စဉ့်အိုးကြီး ထဲက ထွက်လာပြီး ကုလားထိုင်ပေါ်မှာ အစွင့်သား ထိုင်နေနှင့်ပြီး ဖြစ်ပါတော့တယ်။

"တပည့်တော်များ အရင်တစ်ခေါက် ဝင်ကြည့်တုန်းက အရှင်ဘုရားကို မတွေ့ခဲ့ရပါဘုရား၊ ဒါနဲ့ ပြန်ထွက်လာကြရပါတယ်၊ အဲဒီတုန်းက အရှင်ဘုရား ဘယ်ကိုများ ကြွသွားနေပါသလဲ ?"။

"ရဟန်းတွေဆိုတာဟာ ကိုယ်သွားလိုရာ သွားနိုင်ကြတာပါပဲ"။

ဒီလို အစရှိတဲ့ စကားမျိုးတွေနဲ့ ရဟန္တာဖြစ်နေသလိုလို, စျာန်အဘိညာဉ်ကိုပဲ ရထား သလိုလို မိမိကို ရည်ညွှန်းပြောဆို နေပါတော့တယ်။

မြစ်ပျဉ်းရဟန္တာ[၂]

အံ့သြဖွယ်ဖြစ်အောင် ဟန်ဆောင်ဝါကြွားတတ်တဲ့ ကုဟကရဟန်းတစ်ပါးဟာ လဲပဲ ရွာနဲ့မနီးမဝေး တောင်ကလေးတစ်ခုပေါ် သစ်ရွက်မိုးကျောင်းမှာ နေထိုင် ပါတယ်။

၁။ ဟိန္နူကုလားတွေ နေတဲ့အိမ်လိုရှေးကကျောင်းတွေမှာ ကြမ်းခင်းမရှိပါဘူး၊ မြေပေါ်မှာ ခုတင်နဲ့ နေကြပါတယ်၊ ဒါနဲ့ တိုက်ခန်းအတွင်းမှာ စဉ့်အိုးကြီးကို မြှုပ်ထားလို့ ဖြစ်နိုင်တာပါ။

၂။ သမ္မော-၄၊ ၄၅၈။

http://www.dhammadownload.com

အဲဒီ သစ်ရွက်မိုးကျောင်းရဲ့ နောက်ဘက် ရွာသွားလမ်းအနီးမှာ ကမ်းပါးပြတ်ကြီး ဖြစ်နေပါတယ်၊ အဲဒီ ကမ်းပါးပြတ်ထိပ်မှာ ညောင်ကြတ်ပင်တစ်ပင် ရှိနေပါတယ်၊ အဲဒီ ညောင်ကြတ်ပင်ရဲ့ မြစ်ပျဉ်းတစ်ခုဟာ ရွာသွားလမ်းနား မြေပြန့်မှာ ထောက်နေပါတယ်။

လူတွေက သွားနေကျလမ်းနဲ့ တောင်ကို ကွေ့ကာပတ်ကာ တက်ရောက်လာကြပြီး အဲဒီ တောင်ပေါ်ကျောင်းဘုန်းကြီးကို ပင့်ကြပါတယ်၊ ပြန်တဲ့အခါမှာလဲပဲ အဲဒီ သွားနေကျလမ်းကပဲ ပြန်လာကြပါတယ်၊ ဘုန်းကြီးက သင်္ကန်းကိုရုံ သပိတ်ကို ယူပြီး မြစ်ပျဉ်းက လျှောဆင်းလာပါတယ်၊ ရွာတံခါးအနီးက နေပြီး ဒကာတွေကို စောင့်နေပါတယ်၊ ဒကာတွေက အတော်လေးကြာမှ ရောက်လာကြပါတယ်။

"ဟာ အရှင်ဘုရား ! ဘယ်လမ်းက ကြွလာပါသလဲ ?"။

ဒီလို ဒကာတွေက တအံ့တသြနဲ့ မေးကြတဲ့အခါ–

"ရဟန်းများလာတဲ့လမ်းဆိုတာ မေးကောင်းတာ မဟုတ်ဘူး၊ ကိုယ်လာလိုတဲ့အရပ်က လာနိုင်ကြတာပါပဲ"။

ဒီလို စကားမျိုးနဲ့ ရဟန္တာဖြစ်နေသလိုလို, စျာန်အဘိညာဉ်ကို ရနေသလိုလို ပြောဆိုနေပါတော့တယ်။

ပါးရည်နပ်ရည်ရှိတဲ့ ဒကာတစ်ဦးက အဲဒီ ရဟန်းအပေါ်မှာ ယုံမှားသံသယ ဖြစ်နေပါတယ်၊ ရိပ်မိသင့်သလောက်လဲ ရိပ်မိနေပါတယ်၊ "ဒီရဟန်းကိုတော့ အမိအရဖမ်းအုံးမှပဲ" ဆိုတဲ့ အကြံနဲ့ တစ်နေရာက ချောင်းမြောင်းကြည့်ရှုနေပါတယ်၊ ကိုယ်တော်မြတ်က မြစ်ပျဉ်းက လျှောဆင်းစျာန်ကြွနေတာကို တွေ့မြင်ရပါတော့တယ်၊ ဒီတော့ အဲဒီ မြစ်ပျဉ်းကို အရင်းက ကပ်ဖြတ်ပြီး တဲတဲကလေး လောက်သာ ချန်ထားခဲ့ပါတယ်။

အဲဒီ ကုဟကရဟန်းလဲပဲ နောက်တစ်နေ့မှာ လူတွေလာပင့်တဲ့အတွက် ဆင်းနေကျအတိုင်း "မြစ်ပျဉ်းက လျှောဆင်းမယ်"လို့ ကြံပြီး ဆင်းလိုက်တယ် ဆိုရင်ပဲ မြစ်ပျဉ်းပြတ်ပြီး ထိုင်းကနဲ အောက်ကို တလိမ့်ခေါက်ကွေး ကျသွားပါတော့တယ်၊ (ရဟန္တာကြီး စျာန်လျှောသွားပြီပေါ့လေ၊) လက်စွဲတော် မြေသပိတ်ကလဲ ကြေမွသွားပါတော့တယ်၊ လူကလဲ အတော်ကလေး အထိနာသွားပါတော့တယ်၊ "ငါ့အကြောင်းကို လူတွေ သိကုန်ပါပေါ့လား"လို့ တွေးပြီး အဲဒီ နေရာမှာ ဆက်လက်မနေဝံ့တော့ဘဲ အရပ်တစ်ပါး ထွက်ပြေးတိမ်းရှောင်သွားရပါတော့တယ်။

http://www.dhammadownload.com

မြန်မာပြည်မှာလဲပဲ စာခြောက်ရုပ်ရဟန္တာ, ဂူအောင်းရဟန္တာ, နေပူခံရဟန္တာ, မိုးစိုခံရဟန္တာ–စတဲ့ ရဟန္တာအမျိုးမျိုး ပေါ်ခဲ့ဖူးပါတယ်၊ ဒါတွေကိုတော့ ပြောလို့ မတော်သေးဘူးထင်တာနဲ့ ဘုန်းကြီးက ချန်ထားခဲ့ပါတယ်၊ ဒီတော့ "ရဟန္တာ ဆိုတိုင်းလဲပဲ အကိုးအကွယ် မမြန်ဘဲ စဉ်းစားဆင်ခြင်ပြီးမှ ကိုးကွယ်ကြပါ"လို့ ဘုန်းကြီးက သတိပေးလိုပါတယ်။

၂။ **လပနာ**[၁] ကုဟနာကို ပြောပြီးတဲ့နောက် "လပနာ"ကို ဆက်ပြောပါ့မယ်၊ ရဟန်းတစ်ပါးဟာ လာဘ်ပူဇော်သကာ အကျော်အစောကို လိုလားပါတယ်၊ ယုတ်ညံ့တဲ့အလို ရှိပါတယ်၊ မှန်ကန်တဲ့ အသက်မွေးမှုမှ ကင်းကွာအောင် အလိုဆိုးရဲ့ လွှမ်းမိုးနှိပ်စက်မှုကို ခံနေရပါတယ်၊ အဲဒီရဟန်းမျိုးဟာ ကျောင်းကို လာတဲ့ လူတွေကို တွေ့ရတဲ့အခါ ရွှန်းရွှန်းဝေအောင် ပြောဆိုနေပါတော့တယ်။

"အလို ! ဒကာကြီးတွေပါလား၊ ဘာကိစ္စ လာကြသလဲ ?၊ ဘုန်းကြီးပင့်မလို့လား ?၊ ဘုန်းကြီးပင့်မယ်လို့လာကြရင် သွားနှင့်ကြတော့လေ၊ ဘုန်းကြီးက ဦးပဉ္ဇင်းတွေကို ခေါ်ပြီး လိုက်ခဲ့မှာပေါ့"။

ဒီလို ပစ္စည်းလာဘ်လာဘနဲ့ စပ်တဲ့စကားမျိုးကိုသာ လမ်းကြောင်းပေးပြီး ပြောခြင်းမျိုးဟာလဲ "လပနာ(ပစ္စည်းလာဘ်လာဘရအောင် ဆွယ်ပြီး ပြောဆိုခြင်း)" မည်ပါတယ်။

"အရှင်(တိဿ)ဆိုတာဟာ အခြားလူ မဟုတ်ပါဘူး၊ ဘုန်းကြီးပါပဲ၊ ဘုန်းကြီးကို သမ္မတကြီးကလဲ ကြည်ညိုတယ်၊ ဘယ်ဗိုလ်ချုပ်တွေ, ဘယ်ဗိုလ်မှူးတွေကလဲ သိပ်ကြည်ညိုပေါ့၊ ဘယ်သူဌေးကြီးတွေ, ဘယ်သူဌေးကတော်တွေကလဲ အသဲစွဲ ဖြစ်နေကြတယ်လေ"။

အစရှိတဲ့ စကားမျိုးနဲ့ မိမိရဲ့နာမည်ကို ကပ်ဆောင် ပြောဆိုခြင်းမျိုးကိုလဲပဲ "လပနာ" လို့ပဲ ခေါ်ရပါတယ်။

"အရှင်(တိဿ)ဆိုတာ ဘယ်ပုဂ္ဂိုလ်ပါလဲဘုရား ?" စသည်ဖြင့် ဒကာ ဒကာမတွေက မေးမြန်းလျှောက်ထားလာတဲ့အခါ "အို ! အရှင်(တိဿ)ကို မေးကြတာလား ?၊ အရှင်(တိဿ)ဆိုတာ တစ်ခြားသူ မဟုတ်ပါဘူး၊ ဘုန်းကြီးပါပဲ" စသည်ဖြင့် ခုနကပြောခဲ့တဲ့ စကားမျိုးကို ပြောဆိုခြင်းမျိုးကိုလဲပဲ "လပနာ"လို့ပဲ ခေါ်ရပါတယ်။

မိမိချည်း ပြောနေလို့ရှိရင် နားထောင်နေသူတွေ ပျင်းမှာစိုးတဲ့အတွက် သူများတွေ

၁။ သမ္မော–၅၊ ၄၆၄။ ဝိသုဒ္ဓိ–၅–၁၊ ၂၆။ မဟာနိ–၅၊ ၃၇၀။

http://www.dhammadownload.com

ကိုလဲ ပြောလှည့်ပေးပြီး ဒကာ ဒကာမတွေနဲ့ အလွမ်းသင့်အောင် ပြောဆိုခြင်း မျိုးကိုလဲပဲ "လပနာ"လို့ပဲ ခေါ်ရပါတယ်။

ဒကာ ဒကာမတွေကို တွေ့ရတဲ့အခါ "သူဌေးကြီး, သဘော်ပိုင်ရှင်ကြီး" စသည်ဖြင့် မြှောက်ပင့်ပြောဆို ခေါ်ဝေါ်ခြင်းမျိုးကိုလဲ "လပနာ"လို့ပဲ ဆိုရပါတယ်။

"ဒကာတို့ ! ရှေးတုန်းက ဒီအချိန်မျိုးမှာ လှူကြတန်းကြပါတယ်၊ အခုတော့ ဘာ့ကြောင့် မလှူကြတာလဲ ?"စတဲ့ စကားမျိုးကို ပြောဆိုပြီး "အရှင်ဘုရား ! လှူပါ့မယ်၊ အားလပ်ခွင့် မရသေးလို့ပါ"စသည်ဖြင့် ဒကာတွေက လျှောက်ထားရတဲ့ အထိ အထက်မှာ နှောင့်ဖွဲ့ရစ်ပတ် ပြောဆိုခြင်းမျိုးကိုလဲ "လပနာ"လို့ပဲ ခေါ်ရပါတယ်။

ရဟန်းတစ်ပါးက ကြဲချောင်းကိုင်လာတဲ့လူတွေကို တွေ့ရတဲ့အခါ နှုတ်ကောင်း လျှာပါးနဲ့ မေးမြန်းပြောဆိုတတ်ပါတယ်။

"ဟေ့ဒကာတွေ ! အဲဒီကြဲတွေကို ဘယ်ကများ ယူလာခဲ့ကြသလဲကွ ?"။

"ကြဲခင်းက ယူလာခဲ့ကြပါတယ်ဘုရား"။

"အဲဒီကြဲခင်းက ကြတွေ ချိုရဲ့လာ ?"။

"စားကြည့်ရင် ချိုမချို သိရမှာပေါ့ဘုရား"။

"ဟေ့ ဒကာတွေ ! မင်းတို့ တယ်မိုက်ကြပါလား ?၊ ဘုန်းကြီးဆိုတာ မျိုးဟာ 'မင်းတို့ ကြဲလှူခဲ့ကြ'လို့ မပြောကောင်းဘူးကွ၊ ပိုက်ဆံနဲ့လဲ မဝယ်ကောင်းဘူးဟေ့"။

ဒီလိုဖြေရှင်းပြီး (လမ်းခင်းပေးပြီး) ကြဲ–စသည် လှူဖို့ လှည့်ပတ်ပြောဆိုတဲ့ စကားမျိုးကိုလဲ"လပနာ"လို့ပဲ ခေါ်ရပါတယ်။

"ဒီအိမ်ထောင်စုဟာ ဘုန်းကြီးတစ်ပါးတည်းကိုပဲ အသိအမှတ်ပြုပါတယ်၊ အခြားဘယ်ဘုန်းကြီးကိုမှ အသိအမှတ်ပြုတာမဟုတ်ဘူး၊ ဒီအိမ်ထောင်စုမှာ လှူစရာ တန်းစရာ ရလာလို့ရှိရင် ဘုန်းကြီးကိုပဲ လှူတယ်"။

ဒီလို ထင်ထင်ရှားရှား မြှောက်ပင့်ပြောဆိုတာမျိုးကိုလဲ "လပနာ"လို့ပဲ ခေါ်ရပါတယ်။

ရဟန်း ၂–ပါးဟာ ရွာတစ်ရွာကို ဆွမ်းခံဝင်သွားကြပါတယ်၊ နည်းနည်းစောသေးတာနဲ့ နားနေစရာ ဧရပ်တစ်ခုမှာ ထိုင်နေကြပါတယ်၊ အမျိုးသမီးကလေးတစ်ယောက်ကို တွေ့ရတဲ့အခါ ခေါ်ကြပါတယ်၊ အမျိုးသမီးကလေး အနီးကို ရောက်လာတဲ့အခါ သူတို့ ၂–ပါး အချင်းချင်း ပြောဆိုကြပါတယ်။

http://www.dhammadownload.com

"အရှင်ဘုရား ! ဒီကလေးမဟာ ဘယ်သူ့သမီးပါလဲ ?"။

"ဒီကလေးမဟာ တပည့်တော်တို့ရဲ့ အလုပ်အကျွေးဖြစ်တဲ့ "တေလကန္ဒရိကာ(ဒေါ်ဆီချိုင့်)ရဲ့ သမီးကလေးပေါ့၊ ဒီကလေးမရဲ့ အမေဟာ တပည့်တော်များ အိမ်ကိုရောက်သွားလို့ရှိရင် ထောပတ်တို့, ဘာတို့ လှူတဲ့အခါ အိုးလိုက် လှူလိုက်တာပဲ၊ ဒီကလေးမဟာလဲပဲ မည့်လှပါဘူး၊ သူ့အမေလို အိုးလိုက်ပဲ လှူတတ်ပါတယ်၊ အမေတူသမီးလေးပေါ့"။[၁]

ဒီလို သိသာထင်ရှားအောင် မြှောက်ပင့်ပြောဆိုနေကြပါတော့တယ်။

မှန်ကန်မှု, တရားနည်းလမ်းကျမှု ဘာတစ်ခုကိုမှ တွေးတောစဉ်းစား မနေတော့ဘဲ ထပ်ကာထပ်ကာ ချစ်ဖွယ်(သနားဖွယ်) စကားမျိုးကိုသာ ပြောဆိုခြင်းမျိုးကိုလဲ "လပနာ(ပစ္စည်းလာဘ်လာဘ ရအောင် ဆွယ်ပြီး ပြောဆိုခြင်း)"လို့လဲပဲ ဆိုရပါတယ်။ (ဒီလို ပြောဆိုမှုမျိုးတွေကို ပြုလို့ရလာတဲ့ ပစ္စည်းတွေဟာ မအပ်တော့ပါဘူး။)

"ရဟန်းတို့ ! အဲ့ဖွယ်ကို ပြုတတ်သူ(ကုဟ), ခက်ထန်သူ(ထဒ္ဒ), ဖြားယောင်းပြောဆိုတတ်သူ(လပ), ဦးချိုပမာပေါ်လွင်တဲ့ ကိလေသာရှိသူ(သိဂ်ီ), သွေးကြီးသူ(ဥန္နဠော), မတည်ကြည်သူ(အသမာဟိတ)၊ ဒီရဟန်းမျိုးတွေဟာ ငါဘုရားရဲ့သားတော် မဟုတ်ကြဘူး၊ ဒီသာသနာတော်မှ ကင်းဝေးကြတယ်၊ ဒီသာသနာတော်မှာ ကြီးပွားစည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ မရောက်နိုင်ကြဘူး"။[၂]

ဒီလို မြတ်စွာဘုရား ကိုယ်တော်တိုင်ကလဲ ကုဟကရဟန်းတွေ, လပကရဟန်းတွေကို ပြင်းပြင်းထန်ထန် နှိပ်ကွပ်ဟောထားခဲ့ပါတယ်၊ ဒါ့ကြောင့် ရဟန်းတော်တွေကလဲ ဒီလိုအဖြစ်မျိုးကို မရောက်ရအောင်, ဒကာ ဒကာမတွေကလဲ ဒီလို ရဟန်းမျိုးတွေကို အားပေးမမှားအောင် သတိပြုသင့်ကြပါတယ်။

၃။ နေမိတ္တိကတာ[၃] ကိုယ်အမူအရာ, နှုတ်အမူအရာနဲ့ ပစ္စည်း ၄-ပါး ပေးလှူခြင်းနဲ့ စပ်တဲ့ အရိပ်နိမိတ် ပြုခြင်းမျိုးကို "နေမိတ္တိကတာ" လို့ ဆိုပါတယ်။

ဆွမ်းခံရဟန်းတစ်ပါးဟာ အလုပ်အကျွေးဖြစ်တဲ့ ပန်းပဲဆရာရဲ့ အိမ်တံခါးကို ကြွသွားပါတယ်။

၁။ သမ္မော-၅၊ ၄၆၄။ ၂။ ဣတိ-ပါ၊ ၂၇၀။ ၃။ သမ္မော-၅၊ ၄၆၅။ ဝိသုဒ္ဓိ-၄-၁၊ ၂၇။

http://www.dhammadownload.com

"ဘာကိစ္စပါလဲဘုရား ? ! "။

ပန်းပဲဆရာက မေးတဲ့အခါ သင်္ကန်းကြားက လက်ကိုထုတ်ပြီး ဓားနဲ့ခုတ်ပုံ ခုတ်ဟန်ကို ပြလုပ်ပြပါတယ်၊ ဓားလှူအောင် ကိုယ်အမူအရာနဲ့ အရိပ်နိမိတ် ပြလုပ်ပြခြင်း ပါပဲ။

"အရှင်ဘုရား ! တပည့်တော် နားလည်ပါပြီ"။

ဒီလိုလျှောက်ထားပြီး ပန်းပဲဆရာက ဓားလုပ်လှူလိုက်ရပါတယ်။

ငှက်ပျောသီး, သရက်သီးစတဲ့ အသီးအနှံတွေကို ယူဆောင်သွားနေတဲ့ လူတွေကို တွေ့ရတဲ့အခါ "ငှက်ပျောသီးတွေ, သရက်သီးတွေ ရလာခဲ့သလားဟေ့ ?၊ တို့ဆာနေတာနဲ့ အတော်ပါပဲ" စသည်ဖြင့် စောင်းပါးရိပ်ခြည် ပြောဆိုခြင်းမျိုးကို "နှုတ်အမူအရာနဲ့ အရိပ်နိမိတ် ပြုလုပ်တယ်"လို့ ဆိုရပါတယ်။

ရဟန်းတစ်ပါးဟာ နောက်လိုက်နှားကလေးတွေနဲ့ တကွဖြစ်တဲ့ နို့စားနွားမ တွေကို ထိန်းကျောင်းနေတဲ့ ကလေးတွေကို တွေ့ရတဲ့အခါ ပြောင်သလိုလို, လှောင်သ လိုလိုနဲ့ ပြောဆိုနေပါတော့တယ်။

"ဟေ့–ကောင်လေးတွေ ! အဲဒီနွားကလေးတွေဟာ နို့ရည်ထွက်တဲ့ နွားမရဲ့ သားကလေးတွေလား၊ ရက်တက်ရည်ထွက်တဲ့ နွားမရဲ့ သားကလေး တွေလား ?"။

"ဟာ–အရှင်ဘုရားနှယ် ကြဲကြီးစည်ရာ ဘယ်ကလာ ရက်တက်ရည် ထွက်တဲ့ နွားမရဲ့ သားကလေးတွေ ဟုတ်ပါ့မလဲ၊ နို့ရည်ထွက်တဲ့ နွားမရဲ့ သားကလေးတွေပေါ့"။

"နို့ရည်ထွက်တဲ့ နွားမရဲ့ သားကလေးတွေ ဟုတ်ဟန်မတူပါဘူးကွာ၊ နို့ရည်ထွက်တဲ့ နွားမရဲ့ သားကလေးတွေ ဟုတ်လို့ရှိရင် တို့ရဟန်းတွေလဲ နို့ရည်ရကြမှာပေါ့ကွ"။

ဒီလို စတဲ့နည်းမျိုးနဲ့ နွားကျောင်းသားကလေးတွေက (မိဘများကို နို့ရည်အလှူ ခိုင်းရလောက်အောင်) ပြောဆိုခြင်းမျိုးကိုလဲပဲ "နှုတ်အမူအရာနဲ့ အရိပ်နိမိတ် ပြုလုပ်တယ်"လို့ပဲ ဆိုရပါတယ်။

ပစ္စည်းရဲ့အနီးကို ပြုလုပ်ပြောဆိုခြင်းမျိုးဟာလဲပဲ နှုတ်အမူအရာနဲ့ အရိပ်နိမိတ် ပြုလုပ်ခြင်းပဲ ဖြစ်ပါတယ်၊ သိသာထင်ရှားအောင် ဝတ္ထုကလေး တစ်ခု ပြောပြပါ အုံးမယ်။

http://www.dhammadownload.com

ဇာတကဘာဏကရဟန်း[၁]

ဇာတ်တော်ကို လေ့လာရွတ်အံနေတဲ့ (ဇာတကဘာဏက) ရဟန်းတစ်ပါးက ဆွမ်းစားလိုတဲ့အတွက် အသိအကျွမ်း ဒကာမတစ်ဦးရဲ့ အိမ်ကို ဝင်ရောက်ထိုင်နေပါတယ်။

အိမ်ရှင်ဒကာမက မပေးလှူလိုတဲ့အတွက် "အလို ! အိမ်မှာလဲ ဆန်တစ်စေ့မှ မရှိပါလား"လို့ ညည်းနေပါတယ်၊ ပြီးတော့ ဆန်ရှာသွားဟန်ဆောင်ရင်း အိမ်နီးနားချင်းများဆီကို ထွက်သွားပါတော့တယ်။

အိမ့်ရှင်ဒကာမ ကျောခိုင်းသွားတယ်ဆိုရင်ပဲ ကိုယ်တော်မြတ်က အိမ်ခန်းထဲကို ဝင်ရောက်ပြီး မွေနှောက်ကြည့်ရှုပါတော့တယ်၊ ဒီတော့ တံခါးထောင့်မှာ ထောင်ထားတဲ့ ကြံချောင်းတစ်ချောင်းကိုလဲ တွေ့ရပါတယ်၊ အိုးတစ်လုံးထဲမှာ ထည့်ထားတဲ့ ထန်းလျက်ခဲတွေကိုလဲ တွေ့ပါတယ်၊ တောင်းတစ်လုံးထဲမှာ အကျအန ထည့်ထားတဲ့ ငါးခြောက်ပြားကိုလည်း တွေ့ရပါတယ်၊ စဉ့်အိုးတစ်လုံးထဲမှာ ထည့်ထားတဲ့ ဆန်တွေကိုလဲ တွေ့ပါတယ်၊ အခြားအိုးကလေး တစ်လုံးထဲမှာ တရိတသေထည့်ထားတဲ့ ထောပတ်တွေကိုလဲ မြင်လာရပါတယ်၊ အကုန်လုံးကို မွေနှောက်ကြည့်ရှုပြီးတဲ့နောက် အခန်းထဲက ထွက်ပြီး ဣန္ဒြေမပျက် ထိုင်နေပါတော့တယ်။

အိမ့်ရှင်ဒကာမက "ဆန်လိုက်ရှာတာ ဆန်လဲ မရခဲ့ပါဘူး"ဆိုပြီး ပြန်လာခဲ့ပါတယ်၊ အဲဒီစကားကို ကြားရတော့ ကိုယ်တော်မြတ်က ပစ္စည်းရဲ့အနိုးကို ပြုလုပ်ပြောဆိုမှုကို ပြုပါတော့တယ်။

"ဒကာမကြီး ! ဒီကနေ့ ဆွမ်းပြည့်စုံမယ် မဟုတ်ဘူးဆိုတာ စောစောက အတိတ်နိမိတ်တော့ အပြသားပဲ"။

"ဘယ်လို အတိတ်နိမိတ်တွေ ပြပါသလဲဘုရား ?"။

"ဦးပဉ္စင်း ကျောင်းကထွက်လာတယ်ဆိုရင်ပဲ လမ်းမှာ မြွေတစ်ကောင်ကို တွေ့ရပါတယ်၊ အဲဒီမြွေဟာ ဟိုနားက တံခါးထောင့်မှာ ထောင်ထားတဲ့ ကြံချောင်းကြီးလို အရှည်ကြီးပဲ၊ မဖြစ်ချေဘူး၊ ဒီမြွေကို ခြောက်အုံးမှပဲ ဆိုပြီး ဘေးကို လိုက်ကြည့်လိုက်တော့ ကျောက်ခဲတစ်လုံးကို သွားတွေ့တယ်၊ အဲဒီကျောက်ခဲကလဲ အိုးထဲမှာ ထည့်ထားတဲ့ ထန်းလျက်ခဲနဲ့ သိပ်တူတာပဲ၊ အဲဒီခဲကို ကောက်ယူပြီး ဦးပဉ္စင်းက ပေါက်လိုက်တော့ မြွေကြီးက ပါးပျဉ်း ထောင်လာ

၁။ သမ္မော-၄၊ ၄၆၅။ ဝိသုဒ္ဓိ-၄-၁၊ ၂၇။

http://www.dhammadownload.com

လိုက်တာ တကတည်းမှပဲ တောင်းထဲမှာထည့်ထားတဲ့ ငါးခြောက် ပြားကြီးနဲ့ သိပ်တူပေါ့၊ ပြီးတော့ အဲဒီပေါက်လိုက်တဲ့ခဲကို ကိုက်မယ်လို့ လုပ်လိုက်တဲ့ မြွေကြီးရဲ့ သွားတွေကလဲ စဉ့်အိုးထဲမှာ ထည့်ထားတဲ့ ဆန်တွေလို ဖွေးနေတာပဲ၊ စိတ်ဆိုးလာတဲ့ မြွေကြီးရဲ့ပါးစပ်က ထွက်လာတဲ့အဆိပ်နဲ့ ရောနေတဲ့ အရိုးရွဲ တွေကလဲ အိုးကလေးထဲမှာ ထည့်ထားတဲ့ ထောပတ်နဲ့ တစ်ပုံစံတည်းပါပဲ ဒကာမကြီးရယ်၊ ကျောင်းကထွက်ကတည်းက ဒါတွေကို တွေ့လာခဲ့ရတယ်လေ၊ ဒီနေ့ဟာ နိမိတ်ကို မကောင်းပါဘူး"။

ဒီစကားကို ကြားရတဲ့အခါ အိမ်ရှင်ဒကာမက "ဒီကတုံးကိုတော့ ဘယ်လိုဖုံးလို့, လှည့်ပတ်လို့မှ ရနိုင်တော့မှာ မဟုတ်ပါဘူး"လို့ ကြံစည်စဉ်းစားပြီး တံခါးထောင့်က ကြံချောင်းကို ယူပြီး ကပ်လှထားခဲ့ပါတယ်၊ ကိုယ်တော်မြတ်က ကြံစုပ်နေတုန်းမှာ ဆွမ်းသွားချက်ပါတယ်၊ ထောပတ်, ထန်းလျက်, ငါးခြောက်တွေနဲ့ ဆွမ်းကပ်လှူ လိုက်ရပါတယ်။

ပစ္စည်းကို ရနိုင်လောက်အောင်သော နည်းမျိုးနဲ့ လှည့်ကာပတ်ကာ ပြောဆို ခြင်းမျိုး, ပစ္စည်းတစ်ခုကို တစ်နည်းနဲ့မရရင် အခြားတစ်နည်းနဲ့ လှည့်ကာပတ်ကာ ပြောဆိုခြင်းမျိုးဟာလဲပဲ "နှုတ်အမူအရာနဲ့ အရိပ်နိမိတ်ပြုတာပဲ" ဖြစ်ပါတယ်။

၄။ နိမွေသိကတာ[၁] မိမိကိုမလှူဘဲ မနေရဲအောင် "ခွေးမသားတွေ ဘယ်အကောင် တစ်ကောင်ကမှ လှူဖော်မရဘူး"စသည်ဖြင့် ဆဲရေးခြင်းမျိုး။ မလှူဘဲ မနေနိုင်လောက်အောင် ဒကာတွေကို လွှမ်းမိုးပြောဆိုခြင်းမျိုး။ "သဒ္ဓါတရား မရှိတဲ့ အကောင်ပဲ၊ ရတနာ ၃-ပါးကို ကြည်ညိုလေးစားမှု မရှိတဲ့ အကောင်ပဲ" စသည်ဖြင့် အပြစ်တင်ခြင်းမျိုး။ ဒီအိမ်ထောင်စုကို(ဒီပုဂ္ဂိုလ်ကို) သဒ္ဓါတရား မရှိဘူး၊ ရတနာ ၃-ပါးကို ကြည်ညိုလေးစားမှု မရှိဘူးလို့ မပြောကြပါနဲ့" စသည်ဖြင့် မြှောက်ထိုးပင့်ကော် လုပ်ခြင်းမျိုး။ လှူဒါန်းပေးကမ်းမှုမရှိတဲ့ သူများကို တွေ့ရတဲ့အခါ "အော် ! သိပ် အံ့သြစရာ ကောင်းတာပဲ၊ အလှူရှင်ကြီးပါလား" စသည်ဖြင့် မဲ့ကာ ရွဲ့ကာ ပြောဆိုခြင်းမျိုး။ "ဒီအကောင်ဟာ အဟောင်း ကိုသာ စားနေတာပဲ၊ ဒီလို အကောင်မျိုး အသက်ရှင်နေတာ ဘာအကျိုးရှိမှာတဲ့လဲ"စသည်ဖြင့် ပြောင်လှောင်ခြင်းမျိုး။ "ဒီလူဟာ အမြဲတန်း ရောက်လာသမျှ အလှူခံပုဂ္ဂိုလ်တွေအား 'မရှိဘူး' ဆိုတဲ့စကားကို ပေးလှူနေတာပဲ၊ ဒီလို အမြဲ ပေးလှူနေသူတစ်ယောက်ကို ဘာ့ကြောင့် မပေးရက်သူ, မလှူရက်သူလို့ ပြောကြရသလဲ ?"စသည်ဖြင့် အတိုင်းထက်အလွန်

၁။ သမ္မော-၄၊ ၄၆၆။ ဝိသုဒ္ဓိ-၄-၁၊ ၂၈။

http://www.dhammadownload.com

ပြောင်လျောင်ခြင်းမျိုး။ မပေးတတ်သူ, မလှူတတ်သူဖြစ်ကြောင်း လူသိရှင်ကြား ကြေညာပြောဆိုခြင်းမျိုး။ "ဒီလို အပြစ်ကို သွားပြောလိုက်လို့ရှိရင် အပြစ်ပြောမှာ ကြောက်တာနဲ့ ငါ့ကို ပေးလှူလာလိမ့်မယ်" လို့ တွေးတောကြံစည်ပြီး မပေးလှူ တတ်သူရဲ့အိမ်က အခြားတစ်အိမ်သို့, မပေးလှူတတ်သူရဲ့ရွာက အခြားတစ်ရွာသို့, မပေးလှူတတ်သူရဲ့မြို့နယ်က အခြားမြို့နယ်သို့ သွားရောက်ပြီး အပြစ်ကို ပြောဆို ခြင်းမျိုး။

ဒီလို ပြောဆိုခြင်း အကုန်လုံးကိုပဲ "နိပ္ပေသိကတာ (အပြစ်ပြောဆိုပြီး လာဘ်ရှာ ခြင်း)"လို့ ဆိုရပါတယ်။

သနပ်ခါးတုံး–စသည်ကို သွေးကာကြိတ်ကာနဲ့ နံ့သာကို ရှာသလို "သူတစ်ပါး ရဲ့ဂုဏ်ကို သွေးကာကြိတ်ကာနဲ့(အပြစ်ပြောကာ မုန့်မုန့်ညက်ညက် ကြိတ်ချေဖျက်ပြီး) လာဘ်ကို ရှာခြင်းမျိုးကိုပဲ နိပ္ပေသိကတာ"လို့ ဆိုရပါတယ်။

၅။ လာဘေနလာဘံနိဓိဂိသနတာ[1] မိမိရဲ့ အနည်းငယ်ဖြစ်တဲ့ လာဘ်နဲ့ ဒကာဒကာမ တွေဆီက များတဲ့လာဘ်ကို လှည့်ပတ်ယူလိုတဲ့ အတွက် တစ်အိမ်က ရလာတဲ့လာဘ်ကို အခြားတစ်အိမ်သို့ ဆောင်ပေးခြင်းမျိုးနဲ့ လာဘ်ကို ရှာတာဟာ "လာဘေနလာဘံနိဓိဂိသနတာ" မည်ပါတယ်။

ရဟန်းတစ်ပါးဟာ နံနက်စောစော ရွာထဲကို ဆွမ်းခံဝင်သွားပါတယ်၊ အစဆုံး အိမ်က လောင်းလှူလိုက်တာကို နောက်တစ်အိမ်မှာ ကလေးတွေအား ပေးစွန့်ထားခဲ့ ပါတယ်၊ အဲဒီအိမ်က လောင်းလှူလိုက်တာကိုလဲပဲ နောက်တစ်အိမ်မှာ ကလေးတွေအား ပေးစွန့်ထားခဲ့ပြန်တယ်။

ဒီလိုနဲ့ တစ်အိမ်က ရတဲ့လာဘ်ကို တစ်အိမ်မှာ ပေးစွန့်လာခဲ့ရင်း နောက်ဆုံး အိမ်ကျတော့ ခို့နဲ့ ရောစပ်ထားတဲ့ ယာဂုနည်းနည်းကလေးပဲ ရတော့တယ်၊ အဲဒီနေ့ အတွက် ဆွမ်းမဘုဉ်းပေးရတော့ဘဲ အဲဒီခို့နဲ့ ရောစပ်ထားတဲ့ ယာဂုနည်းနည်း ကလေးနဲ့ပဲ ရောင့်ရဲတင်းတိမ် နေရပါတော့တယ်၊ ဒါကတော့ "အလိုကြီးလို့ အရ နည်းတာ"လို့ ဆိုလိုက ဆိုနိုင်ပါ၏ဟယ်။

ဒါပေမဲ့ နောက်နေ့နောက်နေ့တွေမှာတော့ "ကလေးတွေကို ပေးကမ်းကျွေး မွေးဖောက်ရတဲ့ ရဟန်းပဲ"လို့ ဘာသာရေး အသိဉာဏ်နည်းတဲ့ လူတွေက များများ စားစား လှူဒါန်းကြပါလိမ့်မယ်၊ အဲဒီရဟန်းကို ကြည်ညိုဆည်းကပ်ကြပါလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ရလာသမျှ ပစ္စည်းတွေကတော့ အပ်စပ်တဲ့ပစ္စည်း မဖြစ်နိုင်တော့ ပါဘူး။

၁။ သမ္မော–၌၊ ၄၆၇။ ဝိဘင်္ဂ–၌–၁. ၂၅။

http://www.dhammadownload.com

ဒါရုဒါနာဒီ ပစ္စည်းလာဘ်လာဘကို မျှော်လင့်တောင့်တပြီး ခွင့်ပြုချက်မရှိတဲ့ ဒကာ ဒကာမတွေအား-

၆။ သစ်သားပေးမှု[၁]
၇။ ဝါးပေးမှု[၂]
၈။ သစ်ရွက်ပေးမှု[၃]
၉။ ပန်းပေးမှု[၄]
၁၀။ သစ်သီးပေးမှု[၅]
၁၁။ ရေချိုးစရာ အမှုန့်ပေးမှု[၆]
၁၂။ မျက်နှာချေမှုန့်ပေးမှု[၇]
၁၃။ မြေညှက်ပေးမှု[၈]
၁၄။ တံပူပေးမှု[၉]
၁၅။ မျက်နှာသစ်ရေပေးမှု-[၁၀]

တွေနဲ့ အသက်မွေးခြင်းဟာလဲပဲ အနေသနပဲ ဖြစ်ပါတယ်၊ အဲဒီ အပေး ခံရတဲ့ ဒကာ ဒကာမတွေက ပြန်လှူသမျှ ပစ္စည်းတွေဟာ မအပ်တော့ပါဘူး။

၁၆။ စာတုကမျဘာ[၁၁] ပစ္စည်းလာဘ်လာဘကို မျှော်လင့်တောင့်တပြီး လူတွေနဲ့ ပြောဆိုဆက်ဆံတဲ့အခါမှာ မိမိကိုနှိမ့်ချပြီး လူတွေကိုတော့ မြှောက်ကာပင့်ကာနဲ့ "ကျုပ်, ခင်ဗျား"စတဲ့ စကားတွေကို သုံးနှုန်း ပြောဆိုခြင်း ဟာလဲ အနေသနတစ်မျိုးပဲ ဖြစ်ပါတယ်။

"မိမိကိုတော့ ကျွန်လို နိမ့်ကျတဲ့အရာမှာ ထားပြီး ဒကာ ဒကာမတွေရဲ့ မှားနေတဲ့ စကားကိုတောင်မှ အမှန်ဖြစ်အောင် ပြင်ပေးပြီး မိမိကို ချစ်ခင်စေလိုတဲ့ အတွက် ဒကာ ဒကာမတွေကို ချီးမြှောက်ပြောဆိုခြင်း (ဒကာ ဒကာမတွေကို အောက်ကျို့ ခံပြီး ဆက်ဆံပြောဆိုခြင်း)မျိုးဟာ စာတုကမျတာ" မည်ပါတယ်။

၁၇။ မုဂ္ဂသူမျတာ[၁၂] ပစ္စည်းလာဘ်လာဘကို မျှော်လင့်တောင့်တပြီး မှန်တာပဲဖြစ်ဖြစ်, မှားတာပဲဖြစ်ဖြစ် လူတွေနဲ့ လိုက်လျောအောင် (ပွဲကျအောင်) ထွေရာလေးပါး စကားပြောပြီး လူတွေနဲ့ အကျွမ်းတဝင် ချစ်ခင်အောင် ပြုလုပ်ခြင်း ဟာလဲပဲ အနေသနတစ်မျိုးပဲ ဖြစ်ပါတယ်။

၁။ သမ္မော-၌၊ ၃၂၁။ မဟာနိ-၌၊ ၃၅၀။ ၂။ သမ္မော-၌၊ ၃၂၀။ မဟာနိ-၌၊ ၃၅၀။
၃။ သမ္မော-၌၊ ၃၂၁။ မဟာနိ-၌၊ ၃၅၁။ ၄။ သမ္မော-၌၊ ၃၂၂။ မဟာနိ-၌၊ ၃၅၃။
၅+၆။ မဟာနိ-၌၊ ၃၅၂။ ၇+၈+၉+၁၀။ မဟာနိ-၌၊ ၃၅၃။
၁၁+၁၂။ သမ္မော-၌၊ ၃၂၄။ မဟာနိ-၌၊ ၃၅၃။ ဝိသုဒ္ဓိ-၌-၁၊ ၂၇။

http://www.dhammadownload.com

ပဲနောက်တွေကို ဟင်းချက်တဲ့အခါမှာ အနည်းငယ်မျှဖြစ်တဲ့ ပဲနောက်တွေက မကျက်ပါဘူး၊ အများစုကတော့ ကျက်ပါတယ်၊ ဒီလိုပါပဲ အဲဒီရဟန်းမျိုး စကား ပြောတဲ့အခါမှာ မှန်တာကတော့ နည်းပါတယ်၊ မမှန်တာက များပါတယ်၊ အဲဒီလို အမှန်နည်းပါး အများများတဲ့ စကားကို ပြောဆို(အသက်မွေး)ခြင်း, မှန်တာပဲဖြစ်ဖြစ် မှားတာပဲဖြစ်ဖြစ် လူတွေနဲ့ လိုက်လျောပွဲကျအောင် ထွေရာလေးပါး စကားပြောပြီး အကျွမ်းတဝင် ချစ်ခင်အောင် ပြုလုပ်ပြောဆို အသက်မွေးခြင်းဟာလဲ အနေသန တစ်မျိုးပဲ ဖြစ်ပါတယ်။

ပဲနောက်ဟင်းဟာ အာဟာရအကုန်လုံးတို့နဲ့ လိုက်လျောတဲ့အတွက် သူမပါဝင် နိုင်တဲ့ ထမင်းပွဲဆိုတာ မရှိသလို မှန်တဲ့စကား, မမှန်တဲ့စကားကို ပြောဆိုမှုနဲ့ အသက် မွေးတဲ့ ပုဂ္ဂိုလ်ရဲ့ မဝင်အပ် မဝင်နိုင် မပြောနိုင်တဲ့ စကားဆိုတာ မရှိပါဘူး၊ အများ ကိုလဲ ပြောနိုင်, အမှန်ကိုလဲ ပြောနိုင်တာပါပဲ။

လမ်းဆုံလမ်းခွဟာ လမ်းအမျိုးမျိုးကလာတဲ့ ရေအလျဉ်ရဲ့ တည်ရာဖြစ်သလို မုဂ္ဂသူပျပုဂ္ဂိုလ်ဟာလဲပဲ ပြောလိုသမျှ စကားအလျဉ်ရဲ့တည်ရာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် "မုသားများများပြောပြီး အသက်မွေးတာကို မုဂ္ဂသူပျတာ"လို့ ဆိုရပါတယ်။

၁၈။ ပါရိဘဋ္ဌတာ[1] ပစ္စည်းလာဘ်လာဘကို မျှော်လင့်တောင့်တပြီး ဒကာ ဒကာမ တွေရဲ့ သားသမီးငယ်တွေကို အထိန်းတော်လို ရင်ခွင်နဲ့ ပွေ့ ပိုက်ချီပိုးတာ, ပခုံးနဲ့ ထမ်းဆောင်ချီပိုးတာ, တန်ဆာဆင်ပေးတာ, ချော့မြှူတာ တွေလဲ မိစ္ဆာဇီဝအနေသနပဲ ဖြစ်ပါတယ်၊ မိဘတွေက ကြည်ညိုလာအောင် လှူချင် တန်းချင်လာအောင် ပြုလုပ်ခြင်း တစ်မျိုးပါပဲ။

၁၉။ ပိဋ္ဌမဒ္ဒိကတာ[2] ပစ္စည်းလာဘ်လာဘကို မျှော်ပြီး အဆောတလျင် အိမ်ထဲကို ဝင်ရောက်ပြီး ကုလားထိုင်ပေါ်, ထိုင်ခုံပေါ်မှာ ထိုင်နေခြင်း မျိုးဟာလဲ အနေသနတစ်မျိုးပါပဲ။

ဒီနေရာမှာ-

က။ ကာယပါဂဇ္ဈိယ= ကိုယ်ကြမ်းတမ်းမှု၊

ခ။ ဝါစာပါဂဇ္ဈိယ= နှုတ်ကြမ်းတမ်းမှု၊

ဒါတွေကိုလဲ ဖြည့်စွက်မှတ်သားသင့်ပါတယ်။

က။ ကာယပါဂဇ္ဈိယ[3] ဒီသာသနာတော်မှာ ရှိနေကြတဲ့ အချို့ရဟန်းတွေဟာ ရွာထဲကို ရောက်သွားတယ်ဆိုရင် အရှင်ဘုရား ! မဝင်ပါနဲ့၊ ဒီလိုပြောဆို

၁။ သမ္မော-၌၊ ၃၂၄။ မဟာနိ-၌၊ ၃၅၃။ ဝိသုဒ္ဓိ-၌-၁၊ ၂၇။

၂။ မဟာနိ-၌၊ ၃၅၃။ ၃။ မဟာနိ-ပါ၊ ၁၇၆။ ၁၇၇။

http://www.dhammadownload.com

တားမြစ်ပေမဲ့ မရပါဘူး၊ အိမ်ထဲကို အတင်းဝင်လာတတ်ပါတယ်၊ မရပ်ပါနဲ့ဘုရား ပြောပေမဲ့ မရဘူး၊ ရပ်တတ်ပါတယ်၊ မထိုင်ပါနဲ့ဘုရား ပြောပေမဲ့ မရဘူး၊ ထိုင်တတ်ပါတယ်။

မဝင်သင့်တဲ့ နေရာကိုလဲ ဝင်တာပဲ၊ မရပ်သင့်တဲ့ နေရာမှာလဲ ရပ်တာပဲ၊ မထိုင်သင့်တဲ့ နေရာမှာလဲ ထိုင်တာပဲ၊ အိမ်ထောင်စုတွေရဲ့ လျှို့ဝှက်အပ်တဲ့အခန်း, ဖုံးကွယ်ထားတဲ့ အခန်းတွေကိုလဲ ဝင်တာပဲ၊ အမျိုးသမီးတွေ နေထိုင်တဲ့အခန်းကိုလဲ သုတ်သီးသုတ်ပျာနဲ့ ဝင်လာတတ်တာပဲ၊ ပြီးတော့ ကလေးငယ်တွေရဲ့ ခေါင်းစတဲ့ အင်္ဂါတွေကိုလဲ ကိုင်တွယ်ပွတ်သပ် နေတတ်ပါတယ်၊ ဒါမျိုးကို ကိုယ်ကြမ်းတမ်းမှုလို့ ခေါ်ပါတယ်။

၅။ **ဝါစာပါဂုဇ္ဈိယ**[1] အချို့ရဟန်းတွေကျတော့ ရွာတွင်းကို ရောက်သွားလို့ရှိရင် အမျိုးသမီးတွေကို နှုတ်ရဲလျှာရဲ အရောတဝင် ခေါ်ဝေါ်ပြောဆိုတတ်ကြပါတယ်။

"ဒကာမကြီး ! ခင်ခင်တို့, ရင်ရင်တို့ မရှိကြဘူးလား ?"။

"ရှိပါတယ် ဦးပဉ္စင်းရေ !၊ ဦးပဉ္စင်းနှမတွေ ဒီနေ့ ဘယ်ကိုမှ မသွားကြပါဘူး၊ အခန်းထဲမှာ ရှိနေကြပါတယ်"။

"ဟော့–ခင်ခင်တို့, ရင်ရင်တို့ ! လာကြလေ၊ ဘာရှိကြသလဲ၊ ဆွမ်းရှိသလား၊ မုန့်ရှိသလား၊ ဦးပဉ္စင်းအတွက် ဘာများရှာထားကြသလဲ၊ ဘာစား ရမလဲ၊ ဘာသောက်ရမလဲ၊ ဦးပဉ္စင်းကိုတော့ ဒီနေ့ တစ်ခုခု ကျွေးမှဖြစ်မှာ၊ ပြီးတော့ ဘာတွေများ လှူမယ်လို့ စိတ်ကူးထားကြသေးသလဲ ?"။

စတဲ့ စကားမျိုးတွေနဲ့ ပရမ်းပတာ ပြောဆိုတတ်ကြပါတယ်၊ ဒီလို နှုတ်ကြမ်းတမ်းမှုမျိုးဟာလဲ အနေသနတစ်မျိုးပဲ ဖြစ်ပါတယ်။

ကိုင်း ဒီညဒီလောက်နဲ့ပဲ ရပ်ထားလိုက်ကြအုံးစို့ရဲ့၊ ကျန်တဲ့ဟာတွေကိုတော့ နက်ဖြန်မနက်ပိုင်းမှာ ဆက်ပြီးပြောပါ့မယ်။

ဒီတရားတော်ကို နာကြားမှတ်သားကြပြီး ရဟန်းတော်တွေကလဲ မှန်မှန်ကန်ကန် အသက်မွေးမှုကို ပြုလုပ်လို့, ဒကာ ဒကာမတွေကလဲ အဲဒီလို တရားသဖြင့် အသက်မွေးနေကြတဲ့ ရဟန်းကောင်တွေကို ကူညီထောက်ပံ့လို့ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားလာအောင် ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

သာဓု – သာဓု – သာဓုပါ ဘုရား။

၁။ မဟာနိ–ပါ၊ ၁၇၆။ ၁၇၇။

http://www.dhammadownload.com

သင်္ကြန်အကြတ်နေ့ နံနက်ပိုင်း၌ ဥပုသ်သည်များကို သီလပေးပြီး၍ သံဃာတော်များ ကြွလာလျက် နေသားတကျ ထိုင်နေပြီးသည့် အချိန်မှာ ဆရာတော်ဦးဓမ္မိကက အကျနေ့ညဘက်မှာ ဟောကြားခဲ့သော တရားကိုပင် ဆက်လက် ဟောတော်မူသည်။

၂၀။ **ဝတ္ထုဝိဇ္ဇာ**[1] အိမ်ဆောက်မဲ့နေရာ, ဥယျာဉ်မြေနေရာ–စတဲ့ နေရာဌာနတွေရဲ့ အကျိုးအပြစ်ကို သိနားလည်တဲ့ အတတ်မျိုးကို "ဝတ္ထုဝိဇ္ဇာ"လို့ ခေါ်ပါတယ်။

"ဒီဝတ္ထုဝိဇ္ဇာအတတ်ကို တတ်တဲ့သူတွေဟာ မြေ–စသည်တို့ကို ကြည့်လို့ပဲ ဖြစ်ဖြစ်, မကြည့်ဘဲနဲ့ပဲဖြစ်ဖြစ် မန္တန်စုတ်ပြီး (မန်းမှုတ်မှုကို ပြုပြီး) အောက်မြေထဲ အတောင် ၃၀–ရှိတဲ့အရပ်, အထက်ကောင်းကင် အတောင် ၈၀–ရှိတဲ့ အရပ်တွေမှာ အကျိုးအပြစ်ကို သိမြင်နိုင်ကြတယ်"လို့ အဆိုရှိပါတယ်။

တစ်နည်းအားဖြင့် "ဗူးပင်စိုက်မဲ့နေရာ, ဖရဲပင်စိုက်မဲ့နေရာ, မုန်လာစိုက်မဲ့နေရာ" စတဲ့ ယာမြေတွေရဲ့ သင့်မသင့်, တော်မတော်, စိုက်ပျိုးသင့်တဲ့အချိန်အခါ ဒါတွေကို သိနားလည်တဲ့ အတတ်မျိုးကို "ဝတ္ထုဝိဇ္ဇာ"လို့ ခေါ်ပါတယ်၊ ယခုကာလ စိုက်ပျိုးရေးအတတ် ပညာမျိုးပါပဲ"။

"အာရာမ်, အာရာမ်ရဲ့တည်ရာ မြေ–စသည်တို့မှာ မြေကိုပြုပြင်မှု, မျိုးစေ့ကို ပြုပြင်စိုက်ပျိုးမှု–စသည်ကို သိနားလည်တဲ့အတတ်"လို့ ဆိုပါတယ်။

ဒီအတတ်မျိုးကို ကျွမ်းကျင်နားလည်ရုံလောက်နဲ့ "မိစ္ဆာဇီဝ"အနေသနဖြစ်တာ မဟုတ်ပါဘူး၊ "တတ်တဲ့ပညာ မနေသာ"ဆိုတဲ့အတိုင်း လာဘ်လာဘကို မျှော်လင့်တောင့်တပြီး ဒကာ ဒကာမတွေအား နည်းညွှန်လမ်းပြ ပြုလုပ်မှသာ မိစ္ဆာဇီဝ အနေသန ဖြစ်ပါတယ်။

၂၁။ **တိရစ္ဆာနဝိဇ္ဇာ**[2] သုဂတိလမ်း, မဂ်ဖိုလ်လမ်းရဲ့ ဖီလာဖြစ်တဲ့ အင်္ဂကျမ်း, နေမိတ္တကကျမ်း, အိပ်မက်တိတ္ထုံကျမ်း, လက္ခဏာကျမ်း–စတဲ့ ကျမ်းအတတ်မျိုးကိုပဲ "တိရစ္ဆာနဝိဇ္ဇာ"လို့ ခေါ်ပါတယ်။

လက်ခြေ–စတဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းကို ကြည့်ရှုပြီး ဒီအင်္ဂါမျိုးနဲ့ ပြည့်စုံတဲ့သူဟာ အသက်ရှည်မယ်၊ အခြေအရံများမယ်၊ ကျော်စောထင်ရှားမယ် စသည်ဖြင့် ပြဆိုတဲ့ကျမ်းဟာ "အင်္ဂကျမ်း"မည်ပါတယ်။

၁။ မဟာနိ–၄၊ ၃၅၃။ သီလက္ခန်–၄၊ ၈၈။ သံယုတ်–၄–၂၊ ၃၁၉။ သံယုတ်–ဋီ–၂၊ ၂၇၄။
၂။ မဟာနိ–၄၊ ၃၅၃။ သီလက္ခန်–၄၊ ၈၃။ ပါစိတ်–ပါ၊ ၄၀၁။ ၄င်း–၄၊ ၂၁၅။

http://www.dhammadownload.com

ပဏ္ဏာမင်းက ပုလဲ ၃-လုံးကို ဆုပ်ထားပါတယ်၊ ပြီးတော့မှ ကျုပ်လက်ထဲမှာ ဘာရှိသလဲ ?လို့ မေးလိုက်ပါတယ်၊ ဒီစကားကို ကြားရတဲ့အခါ နိမိတ်ကျမ်းတတ် ဆရာက ဟိုဟိုဒီဒီ လှမ်းကြည့်နေပါတယ်၊ အဲဒီအချိန်မှာပဲ အိမ်မြှောင် တစ်ကောင်က ယင်တစ်ကောင်ကို လိုက်ဖမ်းပါတယ်၊ မမိလိုက်ပါဘူး၊ လွတ်သွားပါတယ်။

လွတ်သွားတာကို ပါဠိဘာသာနဲ့ "မုတ္တ"လို့ ခေါ်တယ်၊ အဲဒီမုတ္တသဒ္ဒါဟာ "ပုလဲ"ဆိုတဲ့ အနက်ကိုလဲ ဟောနိုင်ပါတယ်၊ ဒါနဲ့ "ပုလဲပါ အရှင်မင်းမြတ်"လို့ ဖြေလိုက်ပါတယ်။

"ဒါဖြင့် ဘယ်နှစ်လုံးလဲ ?"။

အဲဒီလိုမေးတဲ့အချိန်မှာတော့ နိမိတ်ဆရာက ကြက်တစ်ကောင်ရဲ့ ၃-ကြိမ် ဆင့်ကာ ဆင့်ကာတွန်တဲ့ အသံကို ကြားလိုက်ရပါတယ်၊ အဲဒါကို နိမိတ်ကောက် ယူပြီး "၃-လုံးပါ အရှင်မင်းမြတ်"လို့ ဖြေဆိုလိုက်ပြန်တယ်။

ဒီလို ဟိုဟိုဒီဒီ အရိပ်နိမိတ်ကို ကောက်ယူပြီး ဟောပုံဟောနည်းကိုပြတဲ့ ကျမ်းကို "နိမိတ္တကကျမ်း"လို့ ခေါ်ပါတယ်။

နံနက်စောစော အိပ်မက်မြင်မက်သူမှာ ဒီလို အကျိုးမျိုးကို ရတတ်တယ်၊ "ဆင်စီး ရတယ်၊ မြင်းစီးရတယ်၊ ရထားစီးရတယ်၊ ပြာသာဒ်ပေါ်သို့ တက်ရတယ်၊ တောင်ပေါ်သို့တက်ရတယ်"လို့ မြင်မက်သူတွေမှာ ဒီလိုအကျိုးမျိုး ဖြစ်တတ်တယ် စတဲ့ဟာတွေကို ညွှန်ပြတဲ့ကျမ်းကို "အိပ်မက်တိတ္ထဲကျမ်း"လို့ ခေါ်ပါတယ်။

"ဒီလက္ခဏာနဲ့ ပြည့်စုံတဲ့သူဟာ မင်းဖြစ်တတ်တယ်၊ ဒီလက္ခဏာမျိုး ပါရှိသူ ကတော့ အိမ်ရှေ့မင်း ဖြစ်တတ်တယ်"စသည်ကို ညွှန်ပြတဲ့ ကျမ်းမျိုးကို "လက္ခဏာ ကျမ်း"လို့ ခေါ်ပါတယ်။

သာမုဒ္ဒိကကျမ်းမျိုး, အခုခေတ်မှာ ပေါ်နေတဲ့ လက္ခဏာကျမ်းမျိုးပဲ ဖြစ်ပါတယ်၊ ဒီတိရစ္ဆာနဝိဇ္ဇာမျိုးကိုတော့ သင်ယူတဲ့အတွက် အပြစ်ရှိမယ် မထင်ပါဘူး။

သာသနာတော်ရဲ့ ပြင်ပဖြစ်တဲ့ အကျိုးမဲ့နဲ့စပ်ယှဉ်တဲ့ အတတ်ဟာ "တိရစ္ဆာန ဝိဇ္ဇာ"မည်ပါတယ်။

"ဆင်အတတ်, မြင်းအတတ်, ရထားအတတ်, လေးအတတ်, ဓားခုတ် လုံထိုး အတတ်, အာထဗ္ဗဏမန္တန်အတတ်, အဆိပ်ဆေး(ပိုးသတ်ဆေး) ဖော်စပ်နည်း အတတ်"စတဲ့ သူတစ်ပါးကို ညှဉ်းဆဲမှုကို ပြုတတ်တဲ့ အတတ်မျိုးတွေပဲ ဖြစ်ပါ တယ်၊ ဒီအတတ်မျိုးကိုတော့ ရဟန်းတော်များ သင်ယူမှုတောင်မှ မပြုသင့်ပါဘူး။

တိရစ္ဆာနဝိဇ္ဇာဆိုတာဟာ အတတ်ပညာမျှသာ ဖြစ်ပါတယ်၊ မိစ္ဆာဇီဝ, အနေသန မဟုတ်သေးပါဘူး၊ မိစ္ဆာဇီဝ, အနေသနဆိုတာကတော့ ရဟန်းတို့နဲ့ မသင့်တော်တဲ့

http://www.dhammadownload.com

လူတွေအား ဆေးပေးမှု, ဆေးကုမှုစတဲ့ အလုပ်မျိုးပါပဲ။

ဒီလို အတတ်နဲ့ အလုပ်ကို တစ်မျိုးစီ ခွဲပြီး အချို့အတတ်ကို သင်ကောင်းတယ်၊ ဒါပေမဲ့ တတ်ပြီးတဲ့နောက်မှာ မိစ္ဆာဇီဝ, အနေသနဖြစ်အောင် မလုပ်ကောင်းဘူး၊ ဥပမာအားဖြင့် ပြောရမယ်ဆိုရင် ဆေးအတတ်, ဂဏန်းအတတ်ကို တိရစ္ဆာန ဝိဇ္ဇာဆိုပေမဲ့ တတ်ကောင်း, သင်ကောင်းတယ်၊ မိစ္ဆာဇီဝ, အနေသနဖြစ်အောင် ဆေးမကုကောင်း၊ အခကြေးငွေယူပြီး တစ်ဆင့်သင်မပေးကောင်း၊ အခကြေးငွေ မယူဘဲနဲ့တော့ သင်ပေးကောင်းပါတယ်။

၂၂။ **အင်္ဂဝိဇ္ဇာ**[၁] မိန်းမ ယောကျ်ားတွေရဲ့ တင့်တယ်ခြင်းလက္ခဏာ, မတင့်တယ်ခြင်းလက္ခဏာကို သိနားလည်နိုင်တဲ့ အတတ်မျိုးကို "အင်္ဂဝိဇ္ဇာ"လို့ ခေါ်ပါတယ်၊ အဲဒီအတတ်မျိုးနဲ့ ပစ္စည်းလာဘ်လာဘကို မျှော်လင့်တောင့်တပြီး အကျိုးအပြစ်ကို ဟောပြောခြင်း စတဲ့ဟာလဲပဲ အနေသနတစ်မျိုးပဲ ဖြစ်ပါတယ်။

ခုနကပြောခဲ့တဲ့ တိရစ္ဆာနဝိဇ္ဇာမှာ ပါဝင်တဲ့ အင်္ကျမ်းအတတ်ဟာ အင်္ဂါကြီး ငယ်ကို ကြည့်ပြီးဟောတဲ့ အတတ်ဖြစ်ပါတယ်၊ ဒီအင်္ဂဝိဇ္ဇာအတတ်ကတော့ "လက်ချောင်းရိုး(တစ်ကိုယ်လုံး)ကို ကြည့်ပြီး ဂါထာမန္တန် စုတ်ပြီးတဲ့နောက် အမျိုးကောင်းသား(သမီး) ဖြစ်နိုင်တယ်, မဖြစ်နိုင်ဘူး"ဆိုတာကို ဟောတဲ့အတတ်မျိုးဖြစ်ပါတယ်၊ ဒီအတတ်မှာ မန္တန်စုတ်ခြင်း ပါလာတာက အင်္ကျမ်းအတတ်ထက် ထူးခြားချက်ပဲ ဖြစ်တယ်။

မိန်းမလက္ခဏာ, ယောကျ်ားလက္ခဏာတွေနဲ့ ပတ်သက်ပြီး အင်္ဂါပြည့်စုံမှုကို သိနားလည်ပြီး "ဒီလို အင်္ဂါရဲ့ပြည့်စုံမှုကြောင့် ဒီလိုအကျိုးကို ရနိုင်တယ်"လို့ သိမြင်ဟောပြောနိုင်တဲ့ အတတ်ပညာဟာ "အင်္ဂဝိဇ္ဇာ" မည်ပါတယ်၊ ဒီလိုလဲ သံယုတ်အဋ္ဌကထာမှာ ဆိုထားပါသေးတယ်။

၂၃။ **နက္ခတ္တဝိဇ္ဇာ**[၂] "ဒီနေ့, ဒီနက္ခတ်သို့ ဒီနက္ခတ်က ရောက်လာမယ်၊ အဲဒီလို ရောက်လာတဲ့အတွက် ဒါတွေ ဒါတွေကို လုပ်သင့်တယ်" လို့သိနားလည်နိုင်တဲ့ အတတ်မျိုးဟာ "နက္ခတ္တဝိဇ္ဇာ" မည်ပါတယ်၊ ပစ္စည်းလာဘ်လာဘကို မျှော်လင့်တောင့်တပြီး ဒီအတတ်မျိုးနဲ့ ဟောပြောညွှန်ပြခြင်းဟာလဲပဲ အနေသန တစ်မျိုးပဲ ဖြစ်ပါတယ်။

၂၄။ **ဒူတဂမန**[၃] ပစ္စည်းလာဘ်လာဘကို မျှော်လင့်တောင့်တပြီး လူများအတွက် တမန်သည်တို့ရဲ့ အလုပ်ကို ပြုလုပ်သွားလာပေးခြင်းဟာလဲ အနေသန တစ်မျိုးပဲ ဖြစ်ပါတယ်။

၁။ မဟာနိ-၄၊ ၃၅၃။ သီ-၄၊ ၈၈။ သံယုတ်-၄-၂၊ ၃၁၉။ ၂။ မဟာနိ-၄၊ ၃၅၃။
၃။ မဟာနိ-၄၊ ၃၅၄။ သီ-ပါ၊ ၈။ ၄င်း-၄၊ ၈၇။

http://www.dhammadownload.com

"ဒီက ဘယ်အရပ်ကို ခဏသွားပေးစမ်းပါဘုရား၊ အဲဒီနေရာက ဘယ်ကို လာခဲ့ပါ၊ ဒါလေးကို ခဏယူသွားစမ်းပါ၊ အရှင်ဘုရား ရောက်သွားတဲ့အရပ်က ဘာလေးကို ယူခဲ့စမ်းပါ"–

စသည်ဖြင့် လူများခိုင်းသမျှကို သွားလာယူဆောင် လုပ်ကိုင်ပေးခြင်းကို "စေတမန်မှု ပြုလုပ်သွားလာခြင်း(ဒူတဂမန)"လို့ ခေါ်ပါတယ်။

ဒီစေတမန် အလုပ်မျိုးကို လူများအတွက် ရတနာ ၃-ပါး၊ ပတ်သက်တဲ့ ကိစ္စကို ပြုလုပ်ဆောင်ရွက်ပေးကောင်းပါတယ်၊ အခြားကိစ္စတွေကိုတော့ ဆောင်ရွက်မပေးကောင်းပါ၊ ရဟန်းသာမဏေတွေအတွက်တော့ ရတနာ ၃-ပါး၊ စပ်တာပဲဖြစ်ဖြစ်, မစပ်တာဘဲဖြစ်ဖြစ် ပြုလုပ်ဆောင်ရွက်ပေးကောင်းပါတယ်။

၂၅။ **ပဟိဏဂမန**[၂] လူများက စေခိုင်းလိုက်တဲ့အတွက် တစ်အိမ်က သတင်းစကားကို ဆောင်ယူပြီး အခြားတစ်အိမ်သို့ သွားပို့ပေးခြင်း, လယ်ယာ-စသည်သို့ သွားလာပေးခြင်းမျိုးဟာလဲ အနေသနပဲ ဖြစ်ပါတယ်။

ဒါဟာ လူတွေအတွက်လဲ အင်မတန် အပြစ်ကြီးပါတယ်၊ လူတွေကလဲ ဆင်ခြင်သင့်ပါတယ်၊ ဝတ္ထုလေးတစ်ခု ထည့်သွင်းပြောပြပါ့မယ်။

အခိုင်းမတော်က ကျွန်ဖြစ်ရ

ကဿပဘုရားရှင်လက်ထက် ဗာရာဏသီမြို့မှာ သူဌေးသမီးကလေးတစ်ယောက် ရှိပါတယ်၊ သူတို့အိမ်ထောင်စုက ရဟန္တာထေရီမ တစ်ပါးကို ဆည်းကပ်ကိုးကွယ်ကြပါတယ်၊ တစ်နေ့မှာ ထေရီမက သူတို့အိမ်ကို ကြွလာပါတယ်။

"အရှင်မရယ် ! ကျွန်မရဲ့ ဝတ်စားတန်ဆာ ထည့်ထားတဲ့ အဲဒီသေတ္တာလေးကို ခဏပေးစမ်းပါ"။

သူဌေးသမီးကလေးက ထေရီမကို ခိုင်းမိပါတယ်၊ ဒီတော့ ထေရီမက စဉ်းစားဆင်ခြင်ရပါတော့တယ်။

"သူခိုင်းတာကို ငါ မပေးလို့ရှိရင် ဒီကလေးမဟာ ငါ့အပေါ်မှာ ဒေါသအာဃာတတွေ ဖြစ်ပြီး ငရဲမှာ ဖြစ်ရပေလိမ့်မယ်၊ ငါက ပေးလိုက်ပြန်ရင်လဲ သူတစ်ပါးရဲ့ အစေခံကျေးကျွန် ဖြစ်ရပေလိမ့်မယ်၊ (တတ်နိုင်ပါဖူးလေ) ငရဲမှာ ပူလောင်ရတာထက် ကျွန်ဖြစ်ရတာက တော်ပါသေးတယ်"။

ဒီလို စဉ်းစားဆင်ခြင်ပြီး သူဌေးသမီးကလေးကို သနားတဲ့အတွက် သူပြောတိုင်းပဲ လိုက်နာဆောင်ရွက်ပေးလိုက်ပါတယ်။

၁။ မဟာနိ-၄၊ ၃၅၄။ ၂။ ဣတိဝုတ်-၄၊ ၂၈။ ဓမ္မပဒ-၄-၁၊ ၁၄၄။ အင်္ဂုတ္တရ-၄-၁၊ ၃၃၈။

http://www.dhammadownload.com

အဲဒီကလေးမကလေးဟာ ထေရီမကို ခိုင်းမိတဲ့ အကုသိုလ်ကံကြောင့် ဘဝ ၅–ရာလုံးလုံး သူများရဲ့ အစေခံကျေးကျွန် ဖြစ်ရပါတယ်၊ ဂေါတမမြတ်စွာဘုရား လက်ထက် ရောက်လာတော့ သာမာဝတီရဲ့ အစေခံကျေးကျွန် ဖြစ်လာရပြန်တယ်၊ သူရဲ့ နာမည်ကတော့ ခုဇ္ဇုတ္တရာပါတဲ့။

၂၆။ ဧယ်ပေသနိယ[၁] လူတွေရဲ့စာကိုပဲဖြစ်ဖြစ်, နှုတ်မှာစကားကိုပဲဖြစ်ဖြစ် ယူဆောင်ပြီး ရွာတစ်ပါး, အရပ်တစ်ပါးသို့ သွားလာ ပေးခြင်းဟာလဲ အနေသနတစ်မျိုးပဲ ဖြစ်ပါတယ်။

ရဟန်းတွေ ခရီးသွားခါနီးမှာ လူများက "မည်သူ့အား မာကြောင်းသာကြောင်းကို ပြောလိုက်ပါ" စသည်ဖြင့် မှာလို့ရှိရင် "ပြောလိုက်ပါ့မယ်"လို့ ဝန်မခံရ၊ ဝန်ခံယူသွားမိလို့ရှိရင် ခြေလှမ်းတိုင်းမှာလဲ အာပတ်သင့်ပါတယ်၊ အဲဒီအလုပ်ကို အကြောင်းပြုပြီး ရလာတဲ့ဆွမ်းတွေကို စားရင်လဲ မျိုတိုင်းမျိုတိုင်းမှာ အာပတ်သင့်ပါတယ်၊ သွားလိုရာအရပ်ကို ရောက်သွားတဲ့ အခါ မိမိလာခဲ့ရာ အရပ်က "မည်သူတွေ မည်သူတွေ မာကြရဲ့လား?"လို့ မေးရင်တော့ မာကြောင်းကို ပြောကောင်းပါတယ်။

ဒီဧယ်ပေသနိယ, ပဟိဏကမန, ဒူတကမနတွေနဲ့ ပတ်သက်တဲ့ မှတ်ဖွယ်တွေကို ကုလဒူသနတုန်းက ပြောခဲ့ပြီးပါပြီ။

၂၇။ ဝေဇ္ဈကမ္မ[၂] ပစ္စည်းလာဘ်လာဘကို မျှော်လင့်တောင့်တပြီး ဒကာ ဒကာမတွေအား ဆေးပေးမှု, ဆေးကုသမှုကို ပြုလုပ်ခြင်းဟာလဲ မိစ္ဆာဇီဝ အနေသနတစ်မျိုးပဲ ဖြစ်ပါတယ်၊ ကုလဒူသနတုန်းက အကျယ်ပြောခဲ့ပြီး ဖြစ်ပါတယ်၊ ဒီနေရာမှာတော့ ဘုရားရှင်လက်ထက်က ဖြစ်ပေါ်ခဲ့ဖူးတဲ့ အကြောင်းအရာလေးတစ်ခုကို ပြောပြပါအုံးမယ်။

ဆေးဆရာရဟန်း[၃]

မြတ်စွာဘုရား သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့အချိန် ဖြစ်ပါတယ်၊ စူဠသာရီဆိုတဲ့ ရဟန်းဟာ ရှင်သာရိပုတ္တရာရဲ့ တပည့် ဖြစ်ပါတယ်၊ တစ်နေ့ကျတော့ အဲဒီ စူဠသာရီဆိုတဲ့ ရဟန်းက (လူတွေအား) ဆေးဝါးကုသမှုပြုလို့ မွန်မြတ်တဲ့ ဘောဇဉ်ကို ရလာပါတယ်၊ အဲဒီ ဘောဇဉ်ကို ယူပြီး ရွာကထွက်လာခဲ့ပါတယ်၊ လမ်းခရီးအကြားမှာ ဆွမ်းခံဝင်လာတဲ့ ရှင်သာရိပုတ္တရာကို တွေ့ပါတယ်။

၁။ သမ္မော–၅၊ ၃၂၄။ ၂။ မဟာနိ–၅၊ ၃၅၄။ ၃။ ဓမ္မပဒ–၅–၂၊ ၂၂၄။

http://www.dhammadownload.com

"အရှင်ဘုရား ! တပည့်တော်က ဒီဘောဇဉ်ကို (လူတွေအား) ဆေးဝါး ကုသပေးတဲ့အတွက် ရလာခဲ့ပါတယ်၊ အရှင်ဘုရားများဟာ အခြားနေရာမှာ ဒီလို ကောင်းတဲ့ဘောဇဉ်ကို ရနိုင်မယ်မဟုတ်ပါဘူး၊ ဒါကို ဘုဉ်းပေးတော်မူပါ၊ တပည့်တော်က ဆေးဝါးကုသမှုကိုပြုပြီး အရှင်ဘုရားအတွက် အမြဲတမ်း ဒီလို ကောင်းတဲ့အစားအစာတွေကို ယူဆောင်ဆက်ကပ် ပါ့မယ်"။

သူ့စကားကို ကြားရတဲ့အခါ အရှင်သာရိပုတ္တရာက ဘာမှ မပြောကြားဘဲ ထွက်ခွာ ကြွသွားတော်မူပါတယ်၊ ကျောင်းကိုပြန်ရောက်တော့ ရဟန်းတော်များက ဒီအကြောင်း ကို ဘုရားရှင်ထံ သွားရောက်လျှောက်ထားကြပါတယ်။

"ရဟန်းတို့ အရှက်မရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ကြမ်းကြုတ်တယ်၊ ကျိုးရဲနဲ့ တူတယ်၊ မိစ္ဆာဇီဝအမှုတွေ, အနေသနအမှုတွေနဲ့ အသက်မွေးလွယ်တယ်၊ အရှက်အကြောက်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကတော့ အသက်မွေးခက်တယ်"။

ဘုရားရှင်က ဒီလိုလဲ မိန့်ကြားတော်မူပါတယ်၊ ပြီးတော့ ဆက်လက်ပြီး တရားစကား ကိုလဲ ဟောကြားတော်မူပါတယ်။

အရှက်မရှိတဲ့ရဟန်း, (မရှက်တတ်တဲ့ရဟန်း) ကျိုးရဲနဲ့ တူတဲ့ရဟန်း, သူများဂုဏ်ကို ဖျက်ဆီးတတ်တဲ့ရဟန်း, ဟန်ဆောင်ကောင်းတဲ့ရဟန်း, ကြမ်းကြုတ်တဲ့ရဟန်း၊ ဒီရဟန်းတွေဟာ အသက်မွေး လွယ်ကူတယ်၊ သူတို့ရဲ့ အသက်မွေးမှုကို "ညစ်နွမ်းတဲ့ အသက်မွေးမှုမျိုး"လို့ ဆိုရမယ်။

အရှက်ရှိတဲ့ရဟန်း, (ရှက်တတ်တဲ့ရဟန်း) အမြဲစင်ကြယ်မှုကို ရှာတဲ့ ရဟန်း, မတွန့်ဆုတ်တဲ့ရဟန်း, မကြမ်းကြုတ်တဲ့ရဟန်း၊ ဒီရဟန်းတွေဟာ အသက်မွေးမှု စင်ကြယ်တဲ့ ရဟန်းတွေ ဖြစ်တယ်၊ သူတို့ဟာ စင်ကြယ်တဲ့ အသက်မွေးမှုကို အနှစ်သာရအနေနဲ့ မြင်နေကြတဲ့အတွက် အသက်မွေး ခဲယဉ်းကြတယ်။

အရှက်မရှိတဲ့ရဟန်း မကောင်းမှုမှရှက်မှု, ထိတ်လန့်ကြောက်ရွံ့မှု မရှိတဲ့ ရဟန်းကို အရှက်မရှိတဲ့ရဟန်းလို့ ဟောထားပါတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးဟာ အမေမဟုတ်သူကို "အမေ"လို့ ခေါ်ဖို့လဲ ဝန်မလေးပါဘူး၊ အဖေမဟုတ်သူကို "အဖေ"လို့ ခေါ်ဖို့လဲ ဝန်မလေးပါဘူး၊ အစ်မမဟုတ်သူကို "အစ်မ"လို့ ခေါ်ဖို့လဲ ဝန်မလေးပါဘူး၊ ဒီလို အမေအဖေ စသည်ဖြင့် ခေါ်ဝေါ်ပြောဆိုပြီး မိစ္ဆာဇီဝ အနေသနတွေကို ထောက်တည်ရာပြုပြီး လွယ်လွယ်ကူကူ အသက်မွေးနိုင်ကြ ပါတယ်။

http://www.dhammadownload.com

ကျီးရဲနဲ့တူတဲ့ရဟန်း ကျီးကန်းလို ရဲရဲတင်းတင်း အစားအစာကို ရှာဖွေစားသောက်မှုကို ပြုတဲ့ရဟန်းကို "ကျီးရဲနဲ့တူတဲ့ရဟန်း"လို့ ဟောတော်မူထားပါတယ်၊ ဒါကို နည်းနည်းချဲ့ပြီး ပြောပြပါအုံးမယ်၊ ကျီးဆိုတဲ့ သတ္တဝါဟာ အင်မတန် ရဲရင့်ပါတယ်၊ အိမ်စသည်မှာ တွေ့ရတဲ့အစာကို ထိုးသုတ်လိုတဲ့အခါ နံရံစသည်မှာ နားနေတတ်ပါတယ်၊ လူတွေက မိမိကို ကြည့်နေတယ်ဆိုတာကို သိရလို့ရှိရင် အစာရှိတဲ့ဘက်ကို မကြည့်သလို, တစ်ခြားကို ကြဲစည်စဉ်းစားနေသလို, အိပ်ငိုက်နေသလို လုပ်နေတတ်ပါတယ်၊ လူတွေက သတိလစ်တာနဲ့ တစ်ပြိုင်နက် အိုးခွက်ထဲက ပါးစပ်ပြည့်အောင် ထိုးပြီး "ရှူးရှူး"လို့ လူများအော်နေတုန်းမှာပဲ ထိုးသုတ်ကာယူဆောင် ပြေးတတ်ကြပါတယ်။

ဒီလိုပဲ အရှက်မရှိတဲ့ ရဟန်းဟာလဲ ရဟန်းတွေနဲ့အတူ မြို့ထဲရွာထဲကို လိုက်ပါသွားပြီး ယာဂုရမဲ့နေရာ, ဆွမ်းရမဲ့နေရာ စတဲ့ဟာတွေကို ပိုင်းခြားသတ်မှတ်ပြီး အစီအစဉ် ရေးဆွဲနေတတ်ပါတယ်။

ရဟန်းတွေက မြို့ထဲရွာထဲမှာ ဆွမ်းခံလှည့်လည်ပြီး မျှတရုံ ခံယူလာတတ်ကြပါတယ်၊ အဲဒီနောက် ဆွမ်းစားကျောင်းကို ကြွပြီး ပစ္စဝေက္ခဏာဆင်ခြင်ရင်း ယာဂုသောက်ကြပါတယ်၊ ပြီးလို့ရှိရင် ကမ္မဋ္ဌာန်းကို နှလုံးသွင်းကြပါတယ်၊ စာအံကြ, စာပြန်ကြပါတယ်၊ ဆွမ်းစားကျောင်းကို တံမြက်လှည်းကြပါတယ်။

ကျီးရဲနဲ့တူတဲ့ ရဟန်းကတော့ ဒါတွေကို ဘာမှ မလုပ်ပါဘူး၊ မြို့ဘက်ရွာဘက်ကိုသာ ကြည့်နေပါတယ်၊ "ဒါလေးကို ကြည့်ကြစမ်းပါအုံး"လို့ ရဟန်းတွေက ပြောပေမဲ့ မကြည့်သလို, အခြားကို ကြဲစည်စိတ်ကူးနေသလို, အိပ်ငိုက်နေသလို, သင်္ကန်းအနားပတ်သီး တပ်နေသလို, သင်္ကန်းကို ပြင်နေသလို လုပ်နေပါတော့တယ်၊ မကြာခင်မှာဘဲ "ငါ့မှာ ဘာကိစ္စလေး ရှိသေးတယ်"လို့ ပြောကာဆိုကာ မြို့ထဲရွာထဲကို ဝင်သွားပါတော့တယ်။

စောစောက ကြိုတင်ပြီး စီစဉ်သတ်မှတ်ထားတဲ့ အိမ်တွေထဲက တစ်အိမ်အိမ်သို့ ချဉ်းကပ်သွားပါတော့တယ်၊ အိမ်သူအိမ်သားတွေက တံခါးရွက်ကို စေ့ရုံစေ့ပြီး တံခါးနားမှာထိုင်ရင်း အော်ဟစ်တားမြစ်နေတုန်းမှာပဲ လက်တစ်ဖက်နဲ့ တံခါးရွက်ကို တွန်းဖွင့်ပြီး အိမ်ထဲကို ဝင်သွားပါတော့တယ်။

အဲဒီလို အတင်းဝင်ရောက်လာတာကို တွေ့ရတော့ လူတွေက မလျှောင့်ပေမဲ့ နေရာမှာ အထိုင်ခိုင်းပြီး ယာဂုရှိရင် ယာဂုလှူကြရပါတယ်၊ ဆွမ်းရှိရင် ဆွမ်းကို လှူကြရပါတယ်၊ ကိုယ်တော်မြတ်ကတော့ အလိုရှိတိုင်း စားသောက်ပြီး အကြွင်း

http://www.dhammadownload.com

အကျန်ကို သပိတ်နဲ့ ယူဆောင်ထွက်ကြွလာပါတော့တယ်၊ ဒီရဟန်းမျိုးဟာ "ကျိုးရဲနဲ့ တူတဲ့ရဟန်း" မည်ပါတယ်။

သူများဂုဏ်ကို ဖျက်ဆီးတတ်တဲ့ရဟန်း "ဘယ်မထေရ်ဟာဖြင့် သိပ်အလိုနည်းတာပဲ" စသည်ဖြင့် လူတွေရဲ့ ပြောစကားကို ကြားရတဲ့အခါ "တို့က အလိုမနည်းဘူးတဲ့လား ?" စတဲ့စကားမျိုးနဲ့ သူတစ်ပါးရဲ့ဂုဏ်ကို ချိုးဖဲ့ဖျက်ဆီးတတ်တဲ့ ရဟန်း မျိုးကို "သူများဂုဏ်ကို ဖျက်ဆီးတတ်တဲ့ရဟန်း" လို့ ဟောထားပါတယ်။

အဲဒီ ရဟန်းရဲ့ စကားကို ကြားရတဲ့အခါ (အသိဉာဏ် နည်းပါးသူတွေက) "ဒီကိုယ်တော်လဲပဲ အလိုနည်းမှုစတဲ့ ဂုဏ်နဲ့ ပြည့်စုံပါတယ်" လို့ အထင်ရောက်သွားကြပါတယ်၊ "ဒီကိုယ်တော်ကို လူသင့်တန်းသင့်တယ်" လို့လဲ အသိအမှတ် ပြုလာတတ်ပါတယ်။

ပညာရှိလူတန်းစားတွေက အဲဒီလို ပြောပုံဆိုပုံမျိုးကို မကြိုက်ကြပါဘူး၊ မနှစ်သက်ကြပါဘူး၊ အဲဒီအချိန်ကစပြီး အဲဒီရဟန်းဟာ ပညာရှိလူတန်းစားတွေကို မနှစ်သက် မကျေနပ်စေနိုင်တော့ဘဲ မိမိရဲ့ လာဘ်လာဘကလဲ ယုတ်လျော့ရပါတော့တယ်၊ ဒီလိုပဲ သူများဂုဏ်ကို ဖျက်ဆီးတတ်တဲ့ ပုဂ္ဂိုလ်ဟာ မိမိသူတစ်ပါးနှစ်ဦးသားရဲ့လာဘ်ကို ဖျက်ဆီးရာ ရောက်ပါတော့တယ်။

ဟန်ဆောင်ကောင်းတဲ့ရဟန်း သူများလုပ်ထားတာကို သူလုပ်တာလို့ သူများအထင် ရောက်အောင် ဟန်ဆောင် လှည့်ပတ် သွားလာနေတဲ့ရဟန်းမျိုးကို "ဟန်ဆောင်ကောင်းတဲ့ရဟန်း" လို့ ဟောတော်မူထားပါတယ်၊ အဲဒီရဟန်းမျိုးဟာ သူတစ်ပါး လုပ်ကိုင်ထားတဲ့ ကိစ္စတွေကိုလဲ မိမိက လုပ်ထားသလို ညွှန်ပြလိုတဲ့အတွက် ရဟန်းတော်များ စောစောထပြီး စေတီ ရင်ပြင်စသည်တို့မှာ ဝတ်ကြီးဝတ်ငယ် ပြုပြီးတဲ့အခါ ကမ္မဋ္ဌာန်းကို နှလုံးသွင်းရင်း သင့်တော်ရုံ ထိုင်ကြပြီးတဲ့နောက် ရွာထဲကို ဆွမ်းခံဝင်သွားလို့ရှိရင် မျက်နှာသစ်ပြီး ဖျော့တော့တဲ့သင်္ကန်းကို ဝတ်ရုံခြင်း, မျက်စဉ်းကွင်းခြင်း, ခေါင်းမှာဆီသုတ်လိမ်းခြင်း စသည်ဖြင့် ကိုယ်ခန္ဓာကို တန်ဆာဆင်ပြီး တံမြက်လှည်းနေသလို ၂-ချက် ၃-ချက်လောက် လှည်းပြီးတော့ တံခါးမုခ်ဖက်ကိုသာ ကြည့်နေပါတော့တယ်။

လူတွေက နံနက်စောစော စေတီတော်ကို ပူဇော်ဝတ်ပြုဖို့ လာကြလို့ရှိရင် အဲဒီရဟန်းကို တွေ့ရတဲ့အခါမှာ "ဒီကျောင်းတိုက်ကြီး တစ်ခုလုံးဟာ ဒီရဟန်းငယ်က သုတ်သင်ထားလို့ ရှင်းရှင်းလင်းလင်း ရှိနေတာပဲ၊ ဒီကိုယ်တော်လေးကို မမေ့လျော့

http://www.dhammadownload.com

ကြနဲ့"လို့ ပြောဆိုကြပြီး "သူ့ကို လှူသင့်တန်းသင့်တယ်"လို့ အသိအမှတ် ပြုထားကြပါတယ်၊ ဒီလိုသဘောရှိတဲ့ ဟန်ဆောင်ကောင်းတဲ့ ရဟန်းမျိုးကလဲ အသက်မွေးလွယ်ကူပါတယ်။

ကြမ်းကြုတ်တဲ့ရဟန်း ကိုယ်ရဲ့ကြမ်းတမ်းမှု, နှုတ်ရဲ့ကြမ်းတမ်းမှုနဲ့ ပြည့်စုံတဲ့ ရဟန်းမျိုးကိုပဲ "ကြမ်းကြုတ်တဲ့ ရဟန်း"လို့ ဟောတော်မူထားပါတယ်၊ လိုရင်းအဓိပ္ပာယ်ကတော့ (ပိဋကတ်သုံးပုံကတာမှာ ပြောဆိုလာခဲ့တဲ့) ကာယပါဂတ္တိယ, ဝါစာပါဂတ္တိယတွေနဲ့ မထူးလှတော့ပါဘူး။

၂၈။ နဝကမ္မ ဒကာ ဒကာမတွေဆီက ပစ္စည်းလာဘ်လာဘကို မျှော်လင့်တောင့်တပြီး လုပ်စရာ ကိုင်စရာတွေကို ကူညီလုပ်ကိုင် ဆောင်ရွက်ပေးတာဟာလဲပဲ မိစ္ဆာဇီဝ, အနေသနတစ်မျိုးပဲ ဖြစ်ပါတယ်။

ဒကာ ဒကာမတွေကလဲ "အရှင်ဘုရား ! ဒါလေးကို ခဏကူညီလုပ်ကိုင်ပေးပါအုံး"လို့ ရဟန်းတော်တွေကို မခိုင်းကောင်းပါဘူး၊ ခိုင်းရင် ခိုင်းတဲ့လူများမှာလဲ အပြစ်ရှိပါတယ်။

ကဿပဘုရားရှင်လက်ထက်မှာ အမျိုးသားတစ်ယောက်ဟာ ရဟန္တာထေရ်တစ်ပါးကို ဆည်းကပ်ကိုးကွယ်ပါတယ်၊ တစ်နေ့မှာ မိမိလုပ်ငန်းကို ကူညီလုပ်ကိုင်ပေးဖို့ မထေရ်မြတ်ကို ခိုင်းစေမိပါတယ်၊ အဲဒီကံကြောင့်ပဲ ဂေါတမမြတ်စွာဘုရားရဲ့ လက်ထက်မှာ အနာထပိဏ်သူဌေးရဲ့ ကျွန်မဝမ်းမှာ ပဋိသန္ဓေ တည်နေလာရပါတယ်၊ အရွယ်ရောက်တဲ့အခါ အနာထပိဏ်သူဌေးက ဇေတဝန်ကျောင်းတော်ကို သုတ်သင်ရှင်းလင်း ခိုင်းထားပါတယ်၊ သူ့ရဲ့နာမည်ကတော့ "ဒါသက"ပဲ ဖြစ်ပါတယ်။[၁]

၂၉။ ပိဏ္ဍပဋိပိဏ္ဍ[၂] ဒကာ ဒကာမတွေက ဆွမ်းစသည်ကို လာလှူတဲ့အခါ မိမိကလဲ အတုံ့အပြန်ပေးခြင်း, ကျေးမွေးခြင်းဟာလဲပဲ မိစ္ဆာဇီဝ, အနေသနတစ်မျိုးပဲ ဖြစ်ပါတယ်၊ ယခုကာလ ဆွမ်းစသည် လာလှူတဲ့လူတွေကို ရဟန်းတော်များက ငှက်ပျောသီး, အုန်းသီးစသည်တို့ကို ပေးခြင်း, ကျောင်းမှာရှိတဲ့ စားစရာ သောက်စရာတွေကို ချကျွေးခြင်းမျိုးပဲ ဖြစ်ပါတယ်။

ဦးဦးဖျားဖျား မည်သူကမှ မစားရသေးတဲ့ ဆွမ်းစသည်ကို ပေးမိ, ကျေးမိပါက သဒ္ဓါဒေယျဝိနိပါတဒုက္ကဋ် အာပတ်လဲ သင့်နိုင်ပါသေးတယ်။

၁။ ထေရ-၁-၁၊ ၈၅။

၂။ မဟာနိ-၁၊ ၃၅၄။

http://www.dhammadownload.com

ဆွမ်းဦး ပေးကောင်းသူ[၁]

တစ်ကျပ်တန်ဆွမ်းကိုတောင်မှ[၂] အမိအဘတို့အား ပေးကောင်းပါတယ်၊ သဒ္ဓါတရားနဲ့ ပေးလှူတဲ့ပစ္စည်းကို အလွဲသုံးစားပြုရာ မရောက်ပါဘူး၊ ဒုက္ကဋ္ဌအာပတ်လဲ မသင့်ပါဘူး။

မိမိ(ရဟန်း)ရဲ့ အမေအဖေကို ပြုစုလုပ်ကျွေးနေတဲ့သူတွေ, ဝေယျာဝစ္စပြုလုပ်နေသူတွေ, ရှင်လောင်း ဒီပုဂ္ဂိုလ်တွေကိုလဲ ဦးဦးဖျားဖျားဆွမ်းကို ပေးကောင်းပါတယ်။

အဲဒီပုဂ္ဂိုလ်တွေထဲက ရှင်လောင်းကို ရဟန်းတို့စားတဲ့ခွက်မှာ ထည့်ပေးကောင်းပါတယ်၊ ရှင်လောင်းမှတစ်ပါး အခြား လူဝတ်ကြောင်တွေကိုတော့ အမိအဘတွေဖြစ်နေတောင်မှ ရဟန်းတို့စားတဲ့ခွက်မှာ ထည့်မပေးကောင်းပါဘူး၊ ရဟန်းတွေရဲ့ အသုံးအဆောင်ဟာ လူဝတ်ကြောင်တွေရဲ့ စေတီအရာမှာ တည်နေပါတယ်။[၃]

ဒါတင်မကသေးပါဘူး၊ ဆွမ်းဦးဆွမ်းဖျားကို ကျောင်းသို့ရောက်လာတဲ့ ခိုးသား, ဓားပြ, သူပုန်, အစိုးရ(အာဏာလက်ကိုင်ရှိသူ)တွေကိုလဲ ပေးကောင်းပါသေးတယ်။

အဲဒီ ခိုးသား, ဓားပြ, သူပုန်, အစိုးရတွေဟာ မပေးဘဲ နေပြန်ရင်လဲ "ပေးဖော်, ကမ်းဖော်မှ မရဘူး"ဆိုပြီး အမျက်ထွက်တတ်ကြပါတယ်၊ ဦးဦးဖျားဖျား ယူထားပြီးမှ ပေးပြန်ရင်လဲ"စားကြွင်းစားကျန်ကို ပေးကြတာပဲ"လို့ အမျက်ထွက်တတ်ကြပါတယ်၊ သူတို့ စိတ်ဆိုးအမျက်ထွက်လို့ရှိရင် ရဟန်းတွေကိုသော်လဲ သတ်သွားတတ်ကြပါတယ်၊ ဒါမှ မဟုတ်ရင် သာသနာတော်ရဲ့ အန္တရာယ်ကိုသော်လဲ ပြုသွားတတ်ကြပါတယ်၊ ဒါ့ကြောင့် သူတို့ကို မပေးဘဲ မနေသင့်ပါဘူး။

ဒီလို တုံ့ပြန်ပူဇော်ပါ[၄]

ရဟန်းတို့ ဒီဒကာ ဒကာမတွေဟာ သင်တို့ရဲ့ ဆွေမျိုးလဲ မဟုတ်ကြဘူး၊ မိတ်ဆွေလဲ မဟုတ်ကြဘူး၊ ကြွေးမြီယူထားကြသူတွေလဲ မဟုတ်ကြဘူး၊ အမှန်ကတော့ ဒီရဟန်းတော်တွေဟာ သူတော်ကောင်းတွေပဲ၊ ကောင်းတဲ့အကျင့်ကို ကျင့်နေကြတဲ့ သူတွေပဲ၊ ဒီရဟန်းတော်တွေမှာ ပြုလုပ်တဲ့ ငါတို့ရဲ့ ပူဇော်မှုဟာ အကျိုးကြီးမားပေလိမ့်မယ်၊ အာနိသင်ကြီးမားပေလိမ့်မယ်၊ ဒီလိုအကျိုးထူးကို လိုလားတောင့်တပြီး

၁။ ပါရာဇိက–၄–၂၊ ၆၇။

၂။ ရှေးခေတ်က တစ်ကျပ်တန်ဆွမ်းဆိုရင် အတော်အဆင့်အတန်းမြင့်တဲ့ ဆွမ်းမျိုးပဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် "တစ်ကျပ်တန် ဆွမ်းကိုတောင်မှ"လို့ မြှောက်ပင့်ပြီး ပြောဆိုလိုက်ပါတယ်။

၃။ ရဟန်းတွေရဲ့ စားခွက်စတဲ့ အသုံးအဆောင်တွေဟာ လူဝတ်ကြောင်တွေရဲ့ ရှိသေလေးစားရာဖြစ်ပါတယ်၊ ဒါ့ကြောင့် လူဝတ်ကြောင်တွေက ရဟန်းတွေရဲ့ အသုံးအဆောင်ကို မသုံးဆောင်ကောင်းပါဘူး၊ ရဟန်းတွေကလဲ သုံးစွဲဖို့ ခွင့်မပြုကောင်းပါဘူး။

၄။ ဣတိဝုတ်–၄၊ ၃၂၃။

http://www.dhammadownload.com

သင်တို့ကို သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်း ၄-ပါးတွေနဲ့ ပြုစုလုပ်ကျွေးနေကြတာပဲ။

ဒါ့ကြောင့် သင်တို့တစ်တွေဟာ သူတို့ရဲ့ လိုလားတောင့်တချက်ကို ပြည့်ဝအောင် လုပ်ကြရမယ်၊ မမေ့မလျော့ သတိတရားနဲ့ ပြည့်စုံကြရမယ်၊ သင်တို့က တရားဟောကြားတာဟာလဲပဲ အားထုတ်တတ်တဲ့ လူတွေကို ဟောမှပဲ တင့်တယ် ပါတယ်၊ အဲဒီလို လူတွေကမှ လိုက်နာတတ်ပါတယ်၊ အခြား လူတွေကို ဟောလို့တော့ တင့်လဲမတင့်တယ်ပါဘူး၊ လိုက်နာမယ်လဲ မဟုတ်ပါဘူး၊ ဒီလို မှန်ကန်တဲ့ အကျင့်မှာ မေ့လျော့မှုကို မပြုသင့်ပါဘူး။

ဒီတော့ ဘုရားရှင်ရဲ့ အလိုတော်ကတော့ ဆွမ်းစသည်ကို လာရောက်လှူဒါန်းတဲ့ အတွက် သူတို့ကို တုံ့ပြန်ပူဇော်လိုခဲ့ပါရင် "သူတို့ လိုလားတောင့်တတဲ့အတိုင်း အကျိုးကြီးမားအောင် ကိုယ်က ကောင်းကောင်း နေရမယ်၊ ကောင်းကောင်း ကျင့်ရမယ်၊ တရားစကားများများပြောပေးရမယ်" လို့ ဆိုလိုတာပါပဲ။

၃၀။ ဒါနာနုပ္ပဒါန[၁] နောက်ထပ်ပေးလှူမဲ့ ပစ္စည်းလာဘ်လာဘကို မျှော်လင့်တောင့်တပြီး မိမိကို လာရောက်လှူဒါန်းသူတွေအား မိမိမှာ ရှိနေတဲ့ ဝတ္ထုကို အတုံ့အလှည့် ပေးခြင်းမျိုးဟာလဲပဲ မိစ္ဆာဇီဝ, အနေသနပဲ ဖြစ်ပါတယ်။

ပဋိသန္ထာရ[၂]

ဆွမ်းတုံ့ပေးခြင်း, ပေးတုံ့ပေးခြင်းမျိုးတွေ ဆိုတာဟာ ပဋိသန္ထာရ တစ်မျိုးပဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဒီနေရာမှာ ပဋိသန္ထာရကို ထည့်သွင်းပြီး ပြောသွားပါ့မယ်။

အသုံးအဆောင်ပစ္စည်း (အာမိသ)ကို မရတဲ့အတွက်ပဲဖြစ်ဖြစ်, စာပေကျမ်းဂန်သင်ကြားမှုကို မရတဲ့အတွက်ပဲဖြစ်ဖြစ် မိမိနဲ့ အခြားပုဂ္ဂိုလ်တွေရဲ့ ကြားမှာ ဖြစ်ပေါ်လာမဲ့ အပေါက်အကြား, အကွဲအအက်ကို ပိတ်ဆို့ဖာထေးခြင်း, ဆက်စပ်ပေးခြင်းကိုပဲ ပဋိသန္ထာရလို့ ခေါ်ပါတယ်။

ဒါဟာ မှန်ပါတယ်၊ လောကသူ လောကသားတွေဟာ ပစ္စည်းလာဘ်လာဘကို မရတဲ့အတွက်ကြောင့်ပဲဖြစ်ဖြစ်, စာပေကျမ်းဂန်သင်ကြားမှုကို မရတဲ့အတွက်ကြောင့်ပဲဖြစ်ဖြစ် တစ်ဦးနဲ့တစ်ဦး ရင်ကြားမစ့ဲဘဲ အပေါက်အကြား ဖြစ်လာ တတ်ပါတယ်၊ အဲဒီလို အပေါက်အကြား မထင်ရအောင် ကုလားထိုင်ကို အပေါ်ခင်းနဲ့ ခင်းထားလိုက်သလို ပစ္စည်းလာဘ်လာဘနဲ့ စ့ေစပ်အောင် ပြုလုပ်ပေးတာကို "အာမိသပဋိသန္ထာရ" လို့ ခေါ်ပါတယ်၊ တရားပေစာ သင်ကြားပေးခြင်း, ဟောပြောပေးခြင်းနဲ့ စ့ေစပ်အောင် ပြုလုပ်ပေးတာကိုတော့ "ဓမ္မပဋိသန္ထာရ" လို့ ခေါ်ပါတယ်။

၁။ မဟာနိ-၄၊ ၃၅၄။ ၂။ ပါရာဇိကဏ်-၄-၂၊ ၆၈။

http://www.dhammadownload.com

အဲဒီ ၂-မျိုးထဲက အာမိသပဋိသန္ဓာရကို လာလာသမျှ လူတွေအပေါ်မှာ မပြုလုပ်ကောင်းပါဘူး၊ ခုနက ဘုန်းကြီးပြောထားခဲ့တဲ့ မိဘစသူတွေရဲ့ အပေါ်မှာသာ ပြုလုပ်ကောင်းပါတယ်၊ ပြီးတော့ "ကျောင်းကိုရောက်လာတဲ့ ဧည့်သည်, ဆင်းရဲနွမ်းပါးသူ, ဓားပြ, သူပုန်, အစိုးရ" ဒီပုဂ္ဂိုလ်တွေ အပေါ်မှာလဲ ပြုကောင်းပါသေးတယ်။

ရိက္ခာကုန်(ပြတ်)ပြီး ကျောင်းကိုရောက်လာတဲ့ ဧည့်သည်ကို "ရေသောက်ပါအုံး" ပြောပြီး ရေကိုပေးသင့်ပါတယ်၊ ခြေနယ်ဆီကို ပေးသင့်ပါတယ်၊ နံနက်အချိန်မှာ ရောက်လာတဲ့ ဧည့်သည်တွေအား ယာဂုထမင်းကို ပေးသင့်ပါတယ်၊ ညနေအချိန်မှာ ရောက်လာတဲ့ ဧည့်သည်တွေအား ဆန်ရှိရင် ဆန်ပေးသင့်ပါတယ်၊ အချိန်မဲ့ညဉ့်အခါမှ ရောက်လာတဲ့ ဧည့်သည်ကို "ပြန်သွားပါ"လို့ မပြောသင့်၊ အိပ်ရာနေရာကို ပေးသင့်ပါတယ်၊ ဒီ အလုပ်ကိစ္စ အကုန်လုံးကို ပစ္စည်းလာဘ် လာဘကို မတောင့်တဘဲသာ ပြုသင့်ပါတယ်။

"လူတွေဆိုတာဟာ ပစ္စည်း ၄-ပါးကို ပေးလှူတတ်ကြတယ်၊ ဒီလို ချီးမြှောက်မှုကို ပြုလိုက်ရင် ထပ်ကာထပ်ကာ ကြည်ညိုလာပြီး သင့်တော်တဲ့ ကျေးဇူးကို ပြုကြလိမ့်မယ်"၊ ဒီလိုစိတ်မျိုးကို မဖြစ်စေသင့်။

ပဋိသန္ဓာရအကျိုး

သီဟိုဠ်ကျွန်းမှာ "အဘယ"ဆိုတဲ့ သူပုန်ဟာ နောက်လိုက်နောက်ပါ အခြံအရံ ၅-ရာနဲ့အတူ တစ်နေရာမှာ သစ်တုံးခံတပ်ကို ပြုလုပ်နေထိုင်ပါတယ်၊ ပတ်ဝန်းကျင် ၃-ယူဇနာလောက်ရှိတဲ့ အရပ်မှာ မိမိလူတွေမှတစ်ပါး အခြားလူတွေကို နေထိုင်ခွင့်မပေးပါဘူး၊ အကုန်လုံးကို ထွက်သွားအောင် လုပ်ထားပါတယ်။

အနုရာဓ မြို့သူမြို့သားတွေက ကလမ္ဘမြစ်ကို မကူးဝံ့ကြပါဘူး၊ စေတိယဂိရိတောင်ကျောင်းကို သွားတဲ့လမ်းမှာ လူအသွားအလာ ပြတ်စဲသွားပါတယ်။

တစ်နေ့ကျတော့ သူပုန်တွေက "စေတိယဂိရိကျောင်းကို လုယက်မယ်"ဆိုတဲ့ အကြံနဲ့ ကျောင်းနားကို ရောက်လာကြပါတယ်၊ အာရာမ်စောင့်တွေက တွေ့တော့ ဒီဃနိကာယ်ဆောင် အဘယထေရ်ကို လျှောက်ထားကြပါတယ်၊ မထေရ်က အာမိသပဋိသန္ဓာရပြုရအောင် စစ်ဆေးစီမံတော်မူပါတယ်။

"ကျောင်းမှာ ထောပတ်တင်လဲ စတဲ့ဟာတွေ ရှိကြရဲ့လား ?"။

"အဆင်သင့် ရှိနေပါတယ်ဘုရား"။

"ဒါဖြင့် အဲဒါတွေကို သူပုန်တို့အား ပေးလိုက်ကြတာပေါ့၊ ဆန်များကော ရှိသေးရဲ့လား ?"။

http://www.dhammadownload.com

"သံဃာတော်တွေအတွက် ယူဆောင်လာတဲ့ ဆန်များလဲ ရှိပါတယ်၊ ဟင်းရွက်များလဲ ရှိပါတယ်၊ နွားနို့ထောပတ်များလဲ ရှိပါတယ်"။

"ထမင်းချက်ပြီး သူပုန်တွေကို ကျွေးလိုက်ကြတာပေါ့"။

အာရာမ်စောင့်တွေကလဲ မထေရ်အမိန့်ရှိတဲ့အတိုင်း သူပုန်တွေအား ပေးကမ်းကျွေးမွေးကြပါတယ်၊ ထမင်းစားပြီးတဲ့အခါ သူပုန်တွေက အာရာမ်စောင့်တွေကို မေးမြန်းစုံစမ်းကြပါတယ်။

"ဘယ်ပုဂ္ဂိုလ်က ဒီလိုပေးကမ်းကျွေးမွေးဖို့ ခိုင်းတာလဲ ?"။

"ကျွန်တော်တို့ရဲ့ အရှင်အဘယထေရ်က ခိုင်းတာပါပဲ"။

အဲဒီစကားကို ကြားရတဲ့အခါ သူပုန်တွေက အာရာမ်စောင့်တွေကို လမ်းပြခိုင်းပြီး အဘယထေရ်ဆီကို သွားရောက်ကြပါတယ်၊ ရောက်သွားတဲ့အခါ ရှိခိုး လျှောက်ထားကြပါတယ်။

"တပည့်တော်များက 'သံဃာတော်ရဲ့ဥစ္စာ, စေတီတော်ရဲ့ဥစ္စာတွေကို လုယူမယ်လို့' လာကြတာပါ၊ ဒါပေမယ်လို့ အရှင်ဘုရားတို့က ဒီလို ပေးကမ်းကျွေးမွေးတာနဲ့ပဲ ကြည်ညိုကြပါတယ်၊ ကျေနပ်ကြပါတယ်၊ ဒီနေ့ကစပြီး ကျောင်းမှာ တရားနဲ့လျော်တဲ့ အစောင့်အရှောက်ဟာ တပည့်တော်တို့ရဲ့ တာဝန်ဖြစ်ပါစေ၊ မြို့သူမြို့သားတွေလာပြီး အလှူအတန်း ပြုလုပ်ကြပါစေ၊ စေတီတော်ကို ဖူးမြော်ရှိခိုးကြပါစေ"။

အဲဒီအချိန်ကစပြီး သူပုန်တွေက အလှူအတန်းလုပ်မယ်လို့ လာကြတဲ့ မြို့သူမြို့သားတွေကို ကလမ္ဘမြစ်ကမ်းကပင် ခရီးဦးကြိုဆိုကြပါတယ်၊ ကူညီစောင့် ရှောက်ပြီး ကျောင်းကိုရောက်အောင် ပို့ဆောင်ပေးကြပါတယ်၊ ကျောင်းမှာ အလှူအတန်း ပြုလုပ်နေတဲ့ အချိန်မှာလဲ ကူညီစောင့်ရှောက်မှုကို ပြုလုပ်နေကြပါတယ်။

မြို့သူမြို့သားတွေက ရဟန်းတော်တွေ ဘုဉ်းပေးပြီး ကြွင်းကျန်နေတဲ့ စားစရာသောက်စရာတွေကို သူပုန်တို့အား ကျွေးကြပါတယ်၊ ပြန်တဲ့အခါမှာလဲ သူပုန်တွေက မြစ်ကမ်းရောက်အောင် လိုက်ပါပို့ဆောင်ပေးကြပါတယ်။

တစ်နေ့ကျတော့ ရဟန်းသံဃာတော်တွေရဲ့ အလယ်မှာ ကဲ့ရဲ့ရှုတ်ချတဲ့ စကားမျိုး ဖြစ်ပွားလာခဲ့ပါတယ်။

"အဘယထေရ်ဟာ ပိုင်စိုးပိုင်နင်းသဘောနဲ့ သံဃာပိုင်ပစ္စည်းတွေကို သူပုန်များအား ပေးခဲ့တာပါပဲ"။

ဒီလို ပြောဆိုလာကြပါတယ်၊ "အဲဒီပစ္စည်းတွေအတွက် အဘယထေရ်က ဘဏ္ဍာစား ပေးသင့်တယ်"လို့လဲ စောဒနာကြပါတယ်။

http://www.dhammadownload.com

အဲဒီလို အပြောအဆို များလာတဲ့အခါ အဘယထေရ်က သံဃာ့အစည်းအဝေး ခေါ်ပြီး ရှင်းလင်းလျှောက်ထားပါတယ်။

"သူပုန်များဟာ 'သံဃာတော်ရဲ့ ပစ္စည်းတွေ, စေတီတော်ရဲ့ ဥစ္စာတွေကို လုယူမယ်'လို့ လာကြတာပဲ၊ အဲဒီအချိန်မှာ တပည့်တော်က ဒီလို ပေးကမ်း ကျွေးမွေးလိုက်လို့ရှိရင် မလုယူဘဲ နေကြလိမ့်မယ်'လို့ ကြံစည်စိတ်ကူးမိတာနဲ့ ဒီလောက်ကလေး ပေးကမ်းကျွေးမွေးမှုကို ပြုခဲ့တာပါ၊ အဲဒီ တပည့်တော် ပေးခဲ့သမျှ အကုန်လုံးကို စုပေါင်းပြီး တန်ဖိုးအဖြတ်ခိုင်းကြပါ၊ ပြီးတော့ တပည့်တော်က ပေးကမ်းကျွေးမွေးမှုကို ပြုလိုက်တဲ့အတွက် အလုအယက် မခံရတဲ့ ဘဏ္ဍာတွေကိုလဲပဲ စုပေါင်းပြီး တန်ဖိုးအဖြတ်ခိုင်းကြပါ၊ တပည့်တော် ပေးကမ်းကျွေးမွေးလိုက်တာက တန်ဖိုးများနေမယ်ဆိုရင် တပည့်တော်က ဘဏ္ဍာစား ပေးပါ့မယ်"။

အဘယထေရ်ရဲ့ ရှင်းလင်းလျှောက်ထားချက်ကို ကြားရတဲ့အခါ သံဃာတော်များက ညှိနှိုင်းစဉ်းစားကြပါတယ်၊ အဘယထေရ်က ကျွေးမွေးပေးကမ်းလိုက်သမျှ ပစ္စည်းအကုန်လုံးဟာ စေတီတော် ကျောင်းဆောင်မှာရှိနေတဲ့ လက်ရာမြောက်လှတဲ့ ရုပ်စုံအခင်း တစ်ခုလောက်မျှ မထိုက်တန်ကြောင်း ဆုံးဖြတ်ကြပါတယ်။

"အဘယထေရ် ပြုလုပ်ခဲ့တဲ့ အာမိသပဋိသန္ထာရဟာ အင်မတန် ကောင်းမွန်တဲ့ ပဋိသန္ထာရ ဖြစ်ပါတယ်၊ အဘယထေရ်ကို အပြစ်မတင်သင့်ပါ၊ သတိပေးရန်, စောဒနာရန်လဲ မသင့်ပါ၊ ဘဏ္ဍာစားလဲ မထိုက်ပါ၊ ခိုးခြင်းလဲ မဖြစ်နိုင်ပါ"။

အဲဒီလို ရဟန်းတော်များက ပြောဆိုဝန်ခံကြရပါတယ်၊ "အာမိသပဋိသန္ထာရ" ဆိုတာဟာ "ဒီလိုပဲ ကြီးကျယ်တဲ့ အကျိုးရှိတယ်"လို့ မှတ်သားသင့်ပါတယ်၊ ဒါပေမဲ့ ဝိနည်းကို ကျွမ်းကျင်နားလည်တဲ့ ရဟန်းကသာ အာမိသပဋိသန္ထာရကို လုပ်သင့်ပါတယ်၊ ဝိနည်းကို နားမလည်တဲ့ရဟန်းက မလုပ်သင့်ပါ၊ ဝိနည်းကို နားမလည်ဘဲနဲ့ ပြုလုပ်ခဲ့ရင် ကုလားသန, အနေသန, မိစ္ဆာဇီဝတွေ ဖြစ်တတ်ပါတယ်။

"ဓမ္မပဋိသန္ထာရကိုတော့ ဘယ်ပုဂ္ဂိုလ်တွေအား မပြုရ"လို့ တားမြစ်ချက် မရှိပါဘူး၊ လူဝတ်ကြောင်တွေကိုပဲဖြစ်ဖြစ်, ရဟန်းသာမဏေတွေကိုပဲဖြစ်ဖြစ် ဘယ်ပုဂ္ဂိုလ်မျိုးကိုမဆို ဓမ္မနဲ့ချီးမြှောက်မှုကို ပြုသင့်တာချည်းပါပဲ။[၁]

ဒါ့ကြောင့်မို့လို့ ရဟန်းတော်များဟာ ပဋိသန္ထာရပြုသင့်တဲ့ပုဂ္ဂိုလ်, မပြုသင့်တဲ့ ပုဂ္ဂိုလ်, ထိုထိုပုဂ္ဂိုလ်အလိုက် ပြုသင့်တဲ့ပဋိသန္ထာရ, မပြုသင့်တဲ့ ပဋိသန္ထာရတွေကို

၁။ သာရတ္ထ-ဋီ-၂၊ ၂၇၆။

http://www.dhammadownload.com

သိနားလည်အောင် လေ့လာပြီးတဲ့နောက် ဘုရားရှင် ခွင့်ပြုထားတဲ့ ဥပဒေတောင် အတွင်းကနေပြီး စွမ်းအားအလျောက် ပဋိသန္ဓာရ ပြုသင့်တာပါပဲ။

ဒီစကားဟာ မှန်ကန်တဲ့စကား ဖြစ်ပါတယ်၊ ပဋိသန္ဓာရကို စနစ်တကျ မပြုလုပ်ရင် သာသနာတော် ကြာရှည်လေးမြင့် မတည်တဲ့နိုင်ကြောင်း, ပဋိသန္ဓာရကို အချိုးတကျ ပြုလုပ်မှသာ သာသနာတော် ကြာရှည်လေးမြင့် တည်တဲ့နိုင်ကြောင်း များကို အခု ဘုန်းကြီးပြောပြမဲ့ ကိမိလသုတ်က ညွှန်ပြနေပါတယ်။

ကိမိလသုတ်[1]

ဘုရားရှင် ကိမိလမြို့ ကျည်းပင်တော(နိစုလဝန)မှာ သီတင်းသုံး နေတော်မူချိန် ဖြစ်ပါတယ်။

အရှင်ကိမိလက ဆည်းကပ်ခစားဖို့ ဘုရားရှင်ဆီကို သွားရောက်ခဲ့ပါတယ်၊ ဘုရားရှင်ကို ရှိခိုးပြီး သင့်တော်ရာက ထိုင်နေပါတယ်၊ အဲဒီလို ထိုင်နေပြီးတဲ့နောက် သာသနာတော်ရဲ့ အနာဂတ်ရေးရာနဲ့စပ်လျဉ်းပြီး ဘုရားရှင်ကို လျှောက်ထားပါတယ်။

"ရှင်တော်မြတ်ဘုရား ! ရှင်တော်ဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးတဲ့ နောက်ပိုင်းမှာ သာသနာတော်(သဒ္ဓမ္မ) ကြာရှည်လေးမြင့် မတည်တဲ့နိုင်ခြင်းရဲ့ အကြောင်းဟာ ဘာတွေပါလဲဘုရား ?"။

"ကိမိလ ! ငါဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးတဲ့နောက်ပိုင်းမှာ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများနဲ့ ဒကာ ဒကာမတွေဟာ–

၁။ ဘုရားအပေါ်မှာ ရိုသေကျိုးနွံမှုမရှိဘဲ နေကြလိမ့်မယ်၊
၂။ တရားအပေါ်မှာ ရိုသေကျိုးနွံမှုမရှိဘဲ နေကြလိမ့်မယ်၊
၃။ သံဃာ့အပေါ်မှာ ရိုသေကျိုးနွံမှုမရှိဘဲ နေကြလိမ့်မယ်၊
၄။ အကျင့်သိက္ခာအပေါ်မှာ ရိုသေကျိုးနွံမှုမရှိဘဲ နေကြလိမ့်မယ်၊
၅။ သမာဓိအရာမှာ ရိုသေကျိုးနွံမှုမရှိဘဲ နေကြလိမ့်မယ်၊
၆။ အပွမာဒအရာမှာ ရိုသေကျိုးနွံမှုမရှိဘဲ နေကြလိမ့်မယ်၊
၇။ အစေ့အစပ်ပြုမှု(ပဋိသန္ဓာရ) အရာမှာ ရိုသေ လေးစားမှု မရှိဘဲ နေကြလိမ့်မယ်။

ဒါတွေဟာ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးတဲ့ နောက်ပိုင်းမှာ သာသနာတော် ကြာရှည်လေးမြင့် မတည်တဲ့ခြင်းရဲ့ အကြောင်းဖြစ်တယ်"။

"ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးတဲ့ နောက်ပိုင်းမှာ သာသနာတော် ကြာရှည်လေးမြင့် တည်တဲ့ခြင်းရဲ့အကြောင်းကော ဘာတွေပါလဲဘုရား ?"။

၁။ အင်္ဂုတ္တရ-ပါ-၂၊ ၄၆၀။

http://www.dhammadownload.com

"ကိမိလ ! ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးတဲ့ နောက်ပိုင်းမှာ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများနဲ့ ဒကာ ဒကာမတွေဟာ–

၁။ ဘုရားအပေါ်မှာ ရိုသေလေးစားမှု ရှိနေကြမယ်၊

၂။ တရားအပေါ်မှာ ရိုသေလေးစားမှု ရှိနေကြမယ်၊

၃။ သံဃာ့အပေါ်မှာ ရိုသေလေးစားမှု ရှိနေကြမယ်၊

၄။ အကျင့်သိက္ခာအပေါ်မှာ ရိုသေလေးစားမှု ရှိနေကြမယ်၊

၅။ သမာဓိအရာမှာ ရိုသေလေးစားမှု ရှိနေကြမယ်၊

၆။ အပွမာဒအရာမှာ ရိုသေလေးစားမှု ရှိနေကြမယ်၊

၇။ အစ္စေ့အစပ်ပြုမှု(ပဋိသန္ဓာဂရ) အရာမှာ ရိုသေလေးစားမှု ရှိနေကြမယ်

ဆိုရင် ငါဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးတဲ့ နောက်ပိုင်းမှာ သာသနာတော်ဟာ ကြာရှည်လေးမြင့် တည်တံ့ပေလိမ့်မယ်။

ဒီဘုရားကို ရိုသေလေးစားမှု စသည်ပဲ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးတဲ့ နောက်ပိုင်းမှာ သာသနာတော် ကြာရှည်လေးမြင့် တည်တံ့ခြင်းရဲ့ အကြောင်း ဖြစ်ပေတယ်"။

ဒွန်းစဏ္ဍားရဲ့ စားကြွင်းစား[၁]

တစ်ချိန်မှာ ရဟန်းတော်အများအပြားဟာ ဆေးကုသမှု, တမန်တို့ရဲ့ဥစ္စာဖြစ်တဲ့ လူတွေရဲ့ ပေးစာတွေ နှုတ်မှာစကားတွေကို ယူဆောင်ပြီး တစ်ရွာက တစ်ရွာ(စသည်) သို့ ခရီးရှည်သွားလာပေးမှု, လူတွေက ခိုင်းစေလိုက်တဲ့အတွက် တစ်အိမ်ကတစ်အိမ်သို့ ခရီးတိုသွားလာပေးမှု, တစ်အိမ်ကတစ်အိမ်ကို သွားပြီး အစေအပါးခံမှု, ဆွမ်းတဲ့ပေးမှု၊ ဒီလိုအစရှိတဲ့ မိစ္ဆာဇီဝ, အနေသနတွေနဲ့ အသက်မွေးမှုကို ပြုနေကြပါတယ်။

"ယခုနေအချိန်မှာ ရဟန်းတွေဟာ မိစ္ဆာဇီဝ, အနေသနတွေနဲ့ အသက်မွေးမှုကို ပြုနေကြတယ်၊ ဒီလိုအသက်မွေးမှုကို ပြုကြတဲ့အတွက် ဒီရဟန်းတွေဟာ ဘီလူးဘဝ, ပြိတ္တာဘဝက လွတ်ကြမှာမဟုတ်ဘူး၊ ဝန်ဆောင်နွားလား(ဓုရဂေါဏ) ဖြစ်ကြရလိမ့်မယ်၊ ငရဲမှာ ပဋိသန္ဓေ ယူကြရလိမ့်မယ်၊ အဲဒီရဟန်းတွေရဲ့ စီးပွားချမ်းသာအလို့ငှာ တရားဒေသနာ တစ်ခုကို ငါဘုရားဟောသင့်တယ်"။

ဘုရားရှင်က ဒီလို တွေးတော စဉ်းစားပြီးတဲ့နောက် ရဟန်းသံဃာကို စည်းဝေးစေပြီး တရားစကား မိန့်ကြားတော်မူပါတယ်။

"ရဟန်းတို့ မအပ်တဲ့ ရှာဖွေခြင်းမျိုးနဲ့ ပစ္စည်း ၄–ပါးကို မရှာသင့်ဘူး၊ မအပ်တဲ့ ရှာဖွေခြင်းမျိုးနဲ့ ရှာဖွေလို့ ရလာတဲ့ဆွမ်းဟာ အလျှံရဲရဲ တောက်လောင်

၁။ ဇာတက–၄–၂၊ ၇၄။

http://www.dhammadownload.com

နေတဲ့ သံလုံးနဲ့တူတယ်၊ လတ်တလောချင်း သေစေတတ်တဲ့ အဆိပ်နဲ့လဲ တူတယ်၊ မအပ်မစပ် ရှာဖွေမှုဆိုတဲ့ အလုပ်ဟာ ဘုရား, ပစ္စေကဗုဒ္ဓါ, ဗုဒ္ဓသာဝကတို့ ကဲ့ရဲ့သင့်တဲ့ အလုပ်မျိုးဖြစ်တယ်၊ စက်ဆုပ်သင့်တဲ့ အလုပ်မျိုးဖြစ်တယ်၊ အဲဒီလို မအပ်မရာ ရှာဖွေခြင်းနဲ့ ရှာပြီးရလာတဲ့ဆွမ်းကို သုံးဆောင်စားသောက်တဲ့ ရဟန်းမှာ ရွှင်လန်းဝမ်းမြောက်မှုဆိုတာလဲ မရှိနိုင်ပါဘူး၊ အဲဒီလို မအပ်မရာ ရှာဖွေပြီး ရလာတဲ့ဆွမ်းကို စားတာဟာ ငါဘုရားရဲ့ သာသနာတော်မှာ ဒွန်းစဏ္ဍားရဲ့ စားကြွင်းကို စားရတာနဲ့ မထူးတော့ပါဘူး"။

သီလကွန်ပါဠိတော်လာ မိစ္ဆာဇီဝအချို့

သီလကွန်ပါဠိတော်မှာလာတဲ့ မိစ္ဆာဇီဝအချို့တွေကိုတော့ သရုပ်လောက်ပဲ ရေတွက်ပြပါတော့မယ်၊ အကျယ်ချဲ့ပြီးတော့ မပြောတော့ပါဘူး။

၁။ လက္ခဏာ= ရုပ်လက္ခဏာရဲ့ အကျိုးအပြစ်ကိုပြတဲ့ ကျမ်းအတတ်၊

၂။ ဘူတဝိဇ္ဇာ= တစ္ဆေမြေဘုတ်ကို မိမိအလိုသို့ပါအောင် ပြုလုပ်နိုင်တဲ့ မန္တန်အတတ်၊

၃။ အဟိဝိဇ္ဇာ= မြွေကိုက်တာကို ဆေးကုသတဲ့အတတ်၊ မြွေကို ခေါ်နိုင်တဲ့ မန္တန်အတတ်၊

၄။ ပက္ကဇ္ဈာန= ရင့်ပြီးတဲ့အရွယ်ကို ထောက်ပြီး နောက်ဘယ်လောက် အသက်ရှည်အုံးမယ်ဆိုတာကို ညွှန်ပြဟောကြားနိုင်တဲ့ အတတ်၊ (သက်ကြည့်ဗေဒင်အတတ်၊)

၅။ သရပရိတ္တာဏ= မြားကို ကာကွယ်နိုင်တဲ့အတတ်၊ (ကျည်လွဲအတတ်၊)

၆။ မဏိလက္ခဏ= ပတ္တမြား(ရတနာ)ရဲ့ကောင်း, မကောင်း လက္ခဏာကို သိတဲ့အတတ်၊

၇။ အာဝါဟန= "ဒီသတို့သားဖို့ ဘယ်နက္ခတ်နဲ့ ဘယ်သတို့သမီးကို ဆောင်ကြ"လို့ သတို့သမီးရတနာ မင်္ဂလာဆောင်ကြောင်း နေ့ကောင်းရက်သာ ရွေးတဲ့အတတ်၊

၈။ ဝိဝါဟန= "ဘယ်သတို့သားအား ဘယ်နက္ခတ်နဲ့ ဒီသတို့သမီးကို ပေးလိုက်ကြ"လို့ သမီးပေးကြောင်း နေ့ကောင်းရက်သာရွေးတဲ့အတတ်၊ (အခါပေးအတတ်၊)

၉။ ဝိရုဒ္ဓဂဗ္ဘကရဏ= ကိုယ်ဝန်တည်အောင် ဆေးပေးတဲ့အတတ်၊

၁၀။ အာဒါသပဉ= ကြေးမုံမှန်အတွင်း နတ်ကိုသွင်းပြီး ပြဿနာမေးတဲ့အတတ်၊

၁၁။ ကုမာရိကပဉ= အမျိုးသမီးအတွင်း နတ်ကိုသွင်းပြီး ပြဿနာမေးတဲ့အတတ်၊

၁။ သီလကွန်-ပါ၊ ၉။ ၁၀။ ၁၁။

http://www.dhammadownload.com

၁၂။ ဒေဝပဉ္စ= နတ်ကတော်အတွင်း နတ်ကို သွင်းပြီး ပြဿနာမေးတဲ့အတတ်
၁၃။ ဘူတကမ္မ= မန္တန်နဲ့ တစ္ဆေမြေဘုတ်ကို သွင်းတဲ့အတတ်၊
၁၄။ ဝတ္ထုပရိကမ္မ= အိမ်ရာမှာ ဗလီနတ်စာတင်တဲ့အတတ်
၁၅။ ဒါရကတိကိစ္စာ= သူငယ်ကို ဆေးကုခြင်း(သူငယ်နာဆေးပေးခြင်း)အတတ်။

အလားတူ အတတ်မျိုးနဲ့ အသက်မွေးခြင်းဟာလဲ မိစ္ဆာဇီဝပဲဖြစ်ပါတယ်။

ကိုင်း–ဒီတော့ ဘုန်းကြီး အစကပြောလာခဲ့တဲ့ အနာဂတ် သာသနာ့ဘေးရန် ၅–မျိုးကို မှတ်မိကြသေးရဲ့လား၊ မမှတ်မိလို့ရှိရင် ဘုန်းကြီးကပဲ လိုရင်းသဘောကို ပြန်ပြောပြပါ့မယ်။

အနာဂတ်ကာလမှာ ရဟန်းတော်များရဲ့–

၁။ သင်္ကန်းကောင်းရအောင် မအပ်စပ်တဲ့နည်း အမျိုးမျိုးနဲ့ ရှာဖွေခြင်း၊
၂။ အစားအစာကောင်းရအောင် မအပ်စပ်တဲ့နည်း အမျိုးမျိုးနဲ့ ရှာခြင်း၊
၃။ ကျောင်းကောင်းရအောင် မအပ်စပ်တဲ့နည်း အမျိုးမျိုးနဲ့ ရှာခြင်း၊
၄။ ဒကာမတွေနဲ့ ရောရောနှောနှော နေထိုင်ခြင်း၊
၅။ ဒကာတွေနဲ့ ရောရောနှောနှော နေထိုင်ခြင်း၊

ဒီလို ဗုဒ္ဓမြတ်စွာ ဟောကြားထားခဲ့တဲ့ ဘေးရန် ၅–မျိုးအနက် ရှေ့ဘေးရန် ၃–မျိုးနဲ့ ပတ်သက်နေတဲ့ ကုလဒူသန, အနေသန, မိစ္ဆာဇီဝတွေကို ဘုန်းကြီးက သက်ဆိုင်ရာ ပါဠိတော်တွေ, အဋ္ဌကထာတွေ, ဋီကာတွေထဲက ထုတ်နှုတ်ပြီး ပြောပြလာခဲ့ပါတယ်။

ဒါတွေကို သိနားလည်ကြတော့ ရဟန်းတော်တွေကလဲ ရှောင်ကြဉ်နိုင်မယ်၊ ဒကာ ဒကာမတွေလဲ အဲဒီလိုရှောင်ကြဉ်အောင် ရဟန်းတော်တွေကို အားပေးကူညီနိုင်ကြမယ်၊ ဒီလို ၂–ဦး ၂–ဖက်က ပြုပြင်သွားကြမယ်ဆိုရင် ဗုဒ္ဓမြတ်စွာ သာသနာတော်ဟာ ရှေ့ဘေးရန် ၃–ပါးကလွတ်ကင်းပြီး တိမ်ဖုံးရာက လွတ်ကင်းလာတဲ့ လပြည့်ဝန်းပမာ အစွမ်းကုန် ထွန်းလင်းတောက်ပြောင်လာစရာ ရှိပါတယ်။

ဒီတော့ "ရှင်ရောလူပါ ဗုဒ္ဓမြတ်စွာ သာသနာတော် ထွန်းတောက်လာအောင် ကြိုးစားကြပါ၊ အားထုတ်ကြပါ"လို့ ဘုန်းကြီးက တိုက်တွန်းလိုပါတယ်၊ တိုက်တွန်းတဲ့အတိုင်းလဲ အသီးအသီး ကိုယ်စီကိုယ်ငြ ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု – သာဓု – သာဓုပါ ဘုရား။

http://www.dhammadownload.com

သံသဂ္ဂ-ရောနှောမှု[1]

အကြတ်နေ့မှာလည်း ပရိသတ်က နည်းမသွားသည့်အပြင် အကျနေ့ညက ထက်ပင် များလာပါသေးသည်၊ ဤအချက်ကပင် ကွယ်လွယ်ရွာသူရွာသားများနဲ့ မြောင်းမြို့သူမြို့သားများ၏ သာသနာရေးစိတ်ဓာတ်ကို ဖော်ပြပြီး ဖြစ်နေပါသည်၊ ၈-နာရီထိုးသည်နဲ့ တစ်ပြိုင်နက် ဆရာတော်ဦးဓမ္မိကက တရားကို စတင်ဟောကြားပါသည်။

အနာဂတ်သာသနာ့ဘေးရန် ၅-ပါးအနက် ရှေ့ဘေးရန် ၃-ပါးနဲ့ ပတ်သက်တာတွေကတော့ မနက်ကပဲ ပြီးသွားပါတယ်၊ ဒီတော့ "နောက်ဘေးရန် ၂-ပါးနဲ့ ပတ်သက်နေတဲ့ သံသဂ္ဂအကြောင်းကိုပဲ ဒီနေ့ည ပြောပြသွားမယ်" လို့ စီစဉ်ထားပါတယ်။

၁။ သဝနသံသဂ္ဂ= အသံကိုကြားခြင်းကြောင့် ဖြစ်တဲ့-ရာဂ၊

၂။ ဒဿနသံသဂ္ဂ= ရုပ်အဆင်းကို မြင်ရခြင်းကြောင့် ဖြစ်တဲ့-ရာဂ၊

၃။ သမုလ္လပနသံသဂ္ဂ= တွေ့ဆုံစကားပြောခြင်းကြောင့် ဖြစ်တဲ့-ရာဂ၊

၄။ သမ္ဘောဂသံသဂ္ဂ= ပစ္စည်းကိုသုံးစွဲခြင်းကြောင့် ဖြစ်တဲ့-ရာဂ၊

၅။ ကာယသံသဂ္ဂ= ကိုယ်ကိုသုံးသပ်ကိုင်တွယ်ရခြင်းကြောင့် ဖြစ်တဲ့-ရာဂ။

ဒီလို သံသဂ္ဂ ၅-မျိုးရှိပါတယ်၊ အဲဒါတွေကို တစ်ခုပြီးတစ်ခု ရှင်လင်း ပြောပြသွားပါ့မယ်။

၁။ သဝနသံသဂ္ဂ၊ "ဘယ်မြို့ဘယ်ရွာက ဘယ်အမျိုးသမီးကလေးဟာဖြင့် သိပ်ချောတာပဲ၊ သိပ်လှတာပဲ"၊ ဒီလို တစ်ဆင့်စကား ကြားရရုံမျှနဲ့လဲ တဏှာရာဂ ဖြစ်လာတတ်ပါတယ်၊ မာတုဂါမရဲ့ အသံကို ကြားရတဲ့ အတွက်ကြောင့်လဲပဲ တဏှာရာဂ ဖြစ်လာတတ်ပါတယ်၊ ဒါမျိုးကိုပဲ "သဝနသံသဂ္ဂ" လို့ ခေါ်ပါတယ်။

သီချင်းသံကြောင့် ဈာန်လျော

ဂိရိရွာသူ ပန်းပဲသမီးပျိုကလေးတစ်ယောက်နဲ့ အဖော်မိန်းမပျိုကလေး ၅-ဦးတို့ဟာ ရေချိုးမယ်လို့ အိမ်ကထွက်လာကြပါတယ်၊ အဝတ်တွေကို ရေစပ်နားမှာ စုပုံထားခဲ့ကြပါတယ်၊ ပြီးတော့ ရေအိုင်တစ်ခုထဲကိုဆင်းပြီး ရေချိုးနေကြပါတယ်၊ တွေ့သမျှ ကြာပန်းကလေးတွေကိုလဲ သူထက်ငါဦး ခူးယူပန်ဆင်နေကြပါတယ်၊ အဲဒီလို တပျော်တပါး ရေထဲမှာ ဆော့ကစားနေကြရင်း ပန်းပဲသမီးပျိုကလေးက သာယာနာပျော်ဖွယ်ကောင်းတဲ့ အသံနဲ့ သီချင်းဆိုနေပါတယ်။

၁။ မူလပဏ္ဏ-၌-၂၊ ၅၀။ ၄င်း-ဋီ-၂၊ ၁၂၂။ သံယုတ်-၌-၁၊ ၁၁၃။ ဥဒါန-၌၊ ၂၁၀။ သုတ္တနိ-၌-၁၊ ၆၂။ အပဒါန်-၌-၁၊ ၁၃၇။ မဟာနိ-၌၊ ၂၈၉။ စူဠနိ-၌၊ ၁၀၂။

၂။ မူလပဏ္ဏ-၌-၂၊ ၅၀။ သုတ္တနိ-၌၊ ၆၂။ အပဒါန်-၌-၁၊ ၁၇၃။ ၁၇၄။ စူဠနိ-၌၊ ၁၀၂။

http://www.dhammadownload.com

အဲဒီအချိန်မှာပဲ ပဉ္စဂ္ဂဠလိုဏ်မှာ သီတင်းသုံးနေထိုင်တဲ့ ရဟန်းပျိုတစ်ပါးဟာ ကောင်းကင်ခရီးက စျာန်ယာဉ်စီးပြီး ကြွလာတော်မူပါတယ်၊ ပန်းပဲသမီးပျိုကလေးရဲ့ သီချင်းသံကို ကြားရတဲ့အခါ "ကာမရာဂ"ဆိုတဲ့မြားက ရဟန်းပျိုကလေးရဲ့ နှလုံးသားကို စူးဝင်နစ်မြုပ်သွားပါတော့တယ်၊ ဒါနဲ့ ရထားတဲ့စျာန်ကလဲ ပျက်ပြား, ရဟန်းဘဝကလဲ ဆုံးပါးသွားရပါတော့တယ်။

၂။ ဒဿနသံသဂ္ဂ အချို့ရဟန်းတော်များဟာ ချောမောလှပ အချိုးအဆစ်ကျလှတဲ့ အမျိုးသမီးကို တွေ့မြင်ရတဲ့အတွက် ကာမဥွန်မှာ နစ်မြုပ်လာတတ်ပါတယ်၊ စိတ်ချောက်ချားလာတတ်ပါတယ်၊ ဒါနဲ့ သာသနာ့ဘုန်းစရိယကို မထမ်းဆောင်နိုင်တော့ဘဲ လူဘဝကို ရောက်သွားတတ်ပါတယ်၊ ဒီလို ဝိသဘာဂ အာရုံကို ကြည့်ရှုတဲ့ပုဂ္ဂိုလ်ရဲ့ မြင်ခြင်းကိုအကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ ရာဂမျိုးဟာ "ဒဿနသံသဂ္ဂ"မည်ပါတယ်။

မျက်နှာမြင် ချစ်ခင်သူ

ကာလဒီဃဝါဝိဒွါရကျောင်းတိုက်ကို စာသင်ရအောင် ရဟန်းငယ်တစ်ပါး ရောက်လာခဲ့ပါတယ်၊ သူ့မှာ အန္တရာယ်ရှိနေကြောင်း ဆရာလုပ်သူက တွေ့မြင်ထားပါတယ်၊ ဒါနဲ့ ရဟန်းငယ်အား စာသင်ခွင့် မပေးဘဲ ထားပါတယ်၊ ရဟန်းငယ်ကလဲပဲ သူများနည်းတူ စာတတ်ချင်ပါတယ်၊ ဒါနဲ့ ထပ်ကာထပ်ကာ ခွင့်တောင်းပါတယ်။

ကျောင်းတိုက်နဲ့ မနီးမဝေးမှာ ရွာတစ်ရွာ ရှိနေပါတယ်၊ အဲဒီရွာသူတွေဟာ အများအားဖြင့် အချောအလှတွေချည်းသာ ဖြစ်ကြပါတယ်၊ ဒါနဲ့ ဆရာဖြစ်သူက ရဟန်းငယ်ဆီမှာ ဝန်ခံချက်တောင်းထားပါတယ်။

"ကိုယ်တော် ရွာထဲကို မသွားဘူးလို့ ဝန်ခံနိုင်လို့ရှိရင် စာသင်ပေးမယ်"။

"မှန်လှပါဘုရား၊ ရွာထဲကို မသွားဘဲ နေပါ့မယ်၊ စာသာ သင်ပါရစေ"။

ရဟန်းငယ်ဆီက ဝန်ခံချက်ကို ရတဲ့အခါ ဆရာက စာသင်ပေးလိုက်ပါတယ်၊ စာသင်မှုကိစ္စ ပြီးဆုံးတဲ့အခါ ရဟန်းငယ်က ဆရာကို ကန်တော့ခွင့်ပန်ပြီး ကိုယ့်ကျောင်းကို ပြန်လာခဲ့ပါတယ်၊ တဖြည်းဖြည်းနဲ့ ရွာနားကို ရောက်လာပါတယ်။

"ဆရာက ငါ့ကို ဒီရွာသို့ ဝင်ခွင့်မပေးဘဲ ဘာ့ကြောင့် တားမြစ်ထားရပါလိမ့်မလဲ ?"။

ဒီလို တွေးတောစဉ်းစားပြီး သင်္ကန်းရုံကာ ရွာထဲသို့ ဝင်သွားပါတော့တယ်။

၁။ မူလပဏ္ဏာ-၄-၂၊ ၅၀။ သုတ္တနိ-၄၊ ၆၂။ အပဒါန်-၄-၁၊ ၁၇၃။ ၁၇၄။ စူဠနိ-၄၊ ၁၀၂။

http://www.dhammadownload.com

အမျိုးသမီးကလေးတစ်ဦးက အဝါရောင်အဝတ်ကို ဝတ်ဆင်ပြီးအိမ်ပေါ်မှာ ရပ်နေနှင့်ပါတယ်၊ ရဟန်းငယ်ကို တွေ့မြင်ရတဲ့အခါ တပ်မက်မှုရာဂ ဖြစ်လာပါတယ်၊ ဟင်းချိုမှုတ်(ယောက်ချို)နဲ့ ယာဂုကိုခပ်ယူပြီး သုတ်သီးသုတ်ပျာ အိမ်ပေါ်မှဆင်းကာ ရဟန်းငယ်ရဲ့သပိတ်မှာ လောင်းထည့်ထားခဲ့ပါတယ်၊ အိမ်ပေါ်ကို ပြန်တက်လာပြီး ခုတင်ပေါ်မှာ ဝမ်းလျားမှောက်ကာ လဲလျောင်းနေပါတော့တယ်။

အမေအဖေများက သမီးကလေးရဲ့ အမူအရာကို တွေ့ရတဲ့အခါ စိုးရိမ်စိတ် ဝင်လာကြတယ်။

"ဟေ့–သမီး ! ဘာဖြစ်တာလဲ ?"။

ဒီလို မေးမြန်းပြီး ခြေကိုစမ်းသူကစမ်း၊ နဖူးကို စမ်းသူကစမ်းနဲ့ အလုပ်များနေကြပါတယ်။

"ခုနက အိမ်နားက ဖြတ်သွားတဲ့ ရဟန်းကလေးကိုရမှ လူပြည်မှာ ဆက်လက်ပြီး နေရပါလိမ့်မယ်၊ မရလို့ရှိရင် သမီးသေရပါလိမ့်မယ် အမေရယ်"။

သမီးဖြစ်သူရဲ့ စကားကို ကြားရတဲ့အခါ အမေအဖေတွေက ရဟန်းကလေးရဲ့ နောက်ကို အပြေးအလွှား လိုက်သွားကြပါတယ်၊ ရွာအထွက်မှာ ရဟန်းကလေးကို မိကြပါတယ်။

"အရှင်ဘုရား ! ပြန်ကြွပါအုံး၊ ဆွမ်းအလှူခံပါအုံး"။

ဒီလို လက်အုပ်ချီကာ လျှောက်ထားကြပါတယ်။

"တော်ပြီ၊ သွားစရာ ရှိသေးတယ်"။

ရဟန်းကလေးရဲ့ တိကျပြတ်သားလှတဲ့ စကားကို ကြားရတဲ့အခါ သမီးကလေးရဲ့ တမ်းတမ်းစွဲ ဖြစ်နေပုံကိုလဲ ပြောပြကြပါတယ်၊ အမျိုးမျိုးအဖုံဖုံလဲ တောင်းပန်ကြပါတယ်။

"အရှင်ဘုရား ! တပည့်တော်တို့မှာ ပစ္စည်းဥစ္စာလဲ ပေါများလှပါတယ်၊ သမီးကလဲ ဒီတစ်ယောက်တည်းသာ ရှိပါတယ်၊ အရှင်ဘုရားကို တပည့်တော်တို့ရဲ့ သားကြီးအရာမှာ ထားပါ့မယ်၊ နောင်ရေးအတွက် အရှင်ဘုရား ဘာမှ စိုးရိမ်ပူပန်စရာ မရှိပါဘူး၊ ချမ်းချမ်းသာသာ တစ်သက်လုံး ဘာမှ မလုပ်ဘဲ ထိုင်စားနေရုံပဲ ရှိပါတယ်"။

ဒီလိုလဲ လျှောက်ထားကြပါတယ်၊ ဘယ်လိုပဲ တောင်းပန်လျှောက်ထားကြပေမဲ့ နားမဝင်ပါ။

"ဦးပဉ္ဇင်း ဒီအနှောင်အဖွဲ့တွေကို မလိုချင်ပါဘူး"။

http://www.dhammadownload.com

ဒီလို ဒေါ်ပြာဆိုထားခဲ့ပြီး ရဟန်းကလေးက ထွက်ခွာကြွသွားပါတော့တယ်၊ ရဟန်းကလေး ထွက်သွားပြီးတဲ့နောက် စိတ်ပျက်အားငယ်စွာနဲ့ ၂-ဦးလုံး အိမ်ကို ပြန်လာခဲ့ကြပါတယ်၊ သမီးအနားကို သွားပြီး ချော့မော့ဖျောင်းဖျ ပြောဆိုနေကြပါတယ်။

"သမီးပြောတဲ့ ရဟန်းကလေးကို အမေတို့က နည်းမျိုးစုံနဲ့ ဖြားယောင်းသွေးဆောင်ကြပေမဲ့ မရပါဘူးကွယ်၊ ဒီတော့ မမိုက်ချင်စမ်းပါနဲ့ သမီးရယ်၊ လောကမှာ ယောကျ်ားရှားတာမှ မဟုတ်ဘဲ၊ သမီးလိုချင်တဲ့ အခြားလင်တစ်ယောက်ကိုတော့ ရစေရမှာပေါ့၊ ထစမ်းပါ သမီးရယ်၊ အလိမ္မာသားနဲ့၊ ဘာ့ကြောင့် ဒီလိုလုပ်ပြီး နေရတာလဲ၊ ရော့ရော့ ဒါလေးကို စားကြည့်စမ်းပါအုံး၊ ဒါလေးကို သောက်ကြည့်စမ်းပါအုံး"။

အမေနဲ့အဖေတွေက ဘယ်လိုပဲ ဖျောင်းဖျပြောဆိုပေမဲ့ မရတာ့ပါ၊ ဘယ်လိုပဲ ပြောပြော နားမဝင်တော့ပါ၊ အစာကလဲပြတ် တဏှာအပူဓာတ်ကလဲ လောင်ဟပ် တဲ့အတွက် ၇-ရက်လောက်ကြာတဲ့အခါ ဆုံးပါးသွားရပါတော့တယ်။

အမေဖြစ်သူနဲ့ အဖေဖြစ်သူတို့က သမီးအလောင်းကို သင်္ဂြိုဟ်ပြီးတဲ့အခါ သမီးကလေး အမြတ်တနိုး ဝတ်နေကျဖြစ်တဲ့ အဝါရောင်အဝတ်ကို ရွာဦးကျောင်းမှာ သီတင်းသုံးနေထိုင်ကြတဲ့ သံဃာတော်များအား သွားရောက်လှူဒါန်းကြပါတယ်။

ရဟန်းတော်များက ဒီအဝတ်ကို ဖြတ်ပိုင်းပြီး ဓဖန်ယူကြပါတယ်၊ ရဟန်းကြီးတစ်ပါးက မိမိဝေစုရလာတဲ့ အဝတ်ပိုင်းကလေးကို ယူဆောင်ပြီး ကလျာဏီကျောင်းတိုက်ကို ကြွလာခဲ့ပါတယ်။

စာသင်ပြန်လာတဲ့ ရဟန်းကလေးကလဲပဲ ဘုရားဖူးလှည့်လည်ရင်း ကလျာဏီကျောင်းတိုက်ကို ရောက်လာခဲ့ပါတယ်၊ နေ့လယ်ချိန်ရောက်လာတော့ တစ်နေရာမှာ ထိုင်နေပါတယ်။

ရဟန်းကြီးက အဝတ်ပိုင်းကလေးကို ယူလာပြီး ရဟန်းငယ်နားကို ရောက်လာပါတယ်။

"ဒီအဝတ်စကလေးနဲ့ တပည့်တော်အတွက် ရေစစ်တစ်ခု ချုပ်ပေးစမ်းပါကိုယ်တော်"။

ဒီလို ရဟန်းကလေးကို ပြောဆိုစေခိုင်းပါတယ်၊ ရဟန်းကလေးက အဝတ်စကို မြင်တယ်ဆိုရင်ပဲ မှတ်မိသွားပါတယ်။

"အလို-အရှင်ဘုရား ! ဒီအဝတ်စကို ဘယ်ကရလာပါသလဲ ?"။

ဒီလို မေးပါတယ်၊ ရဟန်းကြီးက အဖြစ်အပျက်အကုန်လုံးကို ဇာတ်ကြောင်း လှန်ပြီး ပြောပြပါတယ်။

http://www.dhammadownload.com

"ဒီလို ချောမောလှပတဲ့ မိန်းကလေးနဲ့ ပေါင်းသင်းနေထိုင်မှုကို မပြုလိုက်ရတာဟာ ငါ့အတွက် ဆုံးရှုံးနစ်နာမှု တစ်မျိုးပါပဲ၊ ငါကံနှယ် ဆိုးမှဆိုးတတ်ပလေတယ်"။

ရဟန်းကလေးက ဒီလို ကြံစည်စိတ်ကူးရင်း ကိုယ်တိုင်တွေ့ကြုံလာခဲ့တာ တွေကို ပြန်တွေးငေးမောနေပါတယ်၊ ရာဂမီး လောင်ကျွမ်းတဲ့အတွက် အဲဒီ ကလျာဏီကျောင်းတိုက်မှာပဲ ဘဝတစ်ပါး ကြွသွားရပါတော့တယ်။

၃။ သမုလ္လပနသံသဂ္ဂ တွေ့ဆုံစကားပြောနေရခြင်းနဲ့ စပ်လျဉ်းပြီး ဖြစ်ပေါ်လာတဲ့ ရာဂဟာ "သမုလ္လပနသံသဂ္ဂ" မည်ပါတယ်။

ဦးပဉ္စင်းပန်းကျော်

အခုပြောမဲ့ဟာက ဘုန်းကြီးတို့ရဲ့ မြန်မာနိုင်ငံအတွင်း ကုန်းဘောင်ခေတ်ဦးက ဖြစ်ခဲ့တဲ့ အကြောင်းအရာတွေပဲ ဖြစ်ပါတယ်၊ ဦးပဉ္စင်းပန်းကျော်ဟာ ကျောင်းကလေး တစ်ကျောင်းမှာ နေပါတယ်၊ မဖွားလှရဲ့သမီး မငြိမ်းသွင်က ဦးပဉ္စင်းပန်းကျော်နဲ့ ရင်းနှီးကျွမ်းဝင်နေပါတယ်၊ မကြာခဏ ဝင်ထွက်သွားလာမှုကို ပြုနေပါတယ်၊ ထွေရာ လေးပါးစကား ပြောနေတတ်ပါတယ်။

တစ်နေ့မှာ ဦးပဉ္စင်းပန်းကျော်က ကိုယ်ထိလက်ရောက် ကျူးလွန်မှုကို ပြုမိပါတယ်၊ မငြိမ်းသွင်ရဲ့အမေ မဖွားလှက "သူ့သမီးကို စော်ကားတယ်"ဆိုပြီး မဟာအတုလဆရာတော်ဆီကို လျှောက်လွှာတင်သွင်းပါတယ်၊ ဦးပဉ္စင်းပန်းကျော် ကလဲ ထုချေလွှာ တင်သွင်းပါတယ်၊ ဒါကိုပဲ အခြေခံထားပြီး အတုလဆရာတော်က ကောက်ချက်ချကာ ဆုံးဖြတ်ပေးရဖူးပါတယ်။

"ဘုရားကျွန်တော်မ မဖွားလှ အစီရင်တော် ခံပါသည်၊ ကျွန်တော်မ သမီးအငယ်အရွယ်ကို ဆိတ်ကွယ်ရာ၌ ဦးပဉ္စင်းပန်းကျော် ဆွဲကိုင်ဖက်ယမ်း၍ ပြုဘိသည်ကို ခံနေရပါတော့တယ်"။

"ပဉ္စင်းပန်းကျော် အစီရင်ခံပါသည်၊– ရဟန်းတရားကို စောင့်ထိန်းကျင့်ဆောင်၍ ဆိတ်ကွယ်ရာမှာ နေပါသည်ကို ဒါယိကာမ ဖွားလှသမီး မငြိမ်းသွင် ဆိတ်ကွယ်ရာသို့ တိုးဝင်လာသောကြောင့် ရဟန်းပင် ဖြစ်သော်လည်း ပုထုဇဉ်ဂတိ ကိလေသာကျွန်ဖြစ်၍ ဆွဲကိုင်ဖက်ယမ်းမိသည် မှန်၏၊ ကာမဂုဏ်မှု မစပ်ယှက်ပါ၊ ဖွားလှသမီး မငြိမ်းသွင် ဆိတ်ကွယ်ရာမှာနေ သည်ကို ရဟန်းတော် ပန်းကျော် မဆွဲကိုင်ကြောင်းကို လျှောက်ပါသည်"။

၁။ မဟာအတုလဖြတ်ထုံး၊ ၁၀–ကြောင်းမေ၊ နီ–အစ၊ ပါး–အဆုံး၊ ပကျော။

http://www.dhammadownload.com

"ဖွားလှန့် ပဉ္စင်းပန်းကျော်ကာမတရားကို အစီရင်ခံကြသည်မှာ ဖွားလှ သမီး မိငြိမ်းသွင်သည် မိန်းမတကာတို့ စောင့်တမ်း ဟိရိသြတ္တပ္ပ ဝတရားကို မစောင့်၊ သူ့နေရာကျောင်းသို့ အကြိမ်ကြိမ်သွားသည့်အရာသည် မိန်းမတကာတို့ ကျင့်တမ်းတရားကို ကျူးလွန်သည်၊ ပဉ္စင်းပန်းကျော်လည်း ဘုရားပညတ်တော် သိက္ခာပုဒ်ကို စောင့်ထိန်းလို၍ ရဟန်းပြုသည်ကား ဟူ၏၊ ကျူးလွန်စရာ အကျင့်း အမြောင်း မတွေ့ခိုက်သာ စောင့်ရာ ရောက် ခဲ့သည်၊ နှစ်ဦးပင် ဟိရိသြတ္တပ္ပမရှိ၊ တရားလွန်ချည်း ဖြစ်သည်၊ လွန်မိသမျှသာ လွန်စေ၊ နောက်မိငြိမ်းသွင်လည်း မိန်းမစဉ်မိအောင်ကျင့်၊ ပဉ္စင်းပန်းကျော်လည်း ရဟန်းစဉ်မိအောင်ကျင့်"။ (ဆုံးမစီရင်လျှင်)

"သူ့သမီးငယ်, သားငယ်တို့ကို ကိုယ်ထိလက်ရောက် ဆွဲကိုင်၍ ကာမဂုဏ်စပ်ယှက်လျှင် သုံးဆယ်လျော်စေ၊ မစပ်ယှက်လျှင် တဆယ့် ငါးကျပ် လျော်စေ၊ ဓမ္မသတ်ထုံးစံ ရှိပါသည်၊ ငထွန်းနှင့် ပဉ္စင်းစံကောင်း နွားပျောက် စကားမှာလည်း ရဟန်းပဉ္စင်းဖြစ်လျက် တရားရောက်သည့်အတိုင်း နွားဖိုး လျော်စေ၊ လယ်တွင်းဆရာတော် 'ကျမ်းဂန်ရှိသည်'ဟူ၍ စီရင်ထုံး ရှိပါသည်၊ တရားပြော ဆုံးမတော်မူသည်မှာ သင့်ပေ၏၊ ပုထုဇဉ်ဂတိဖြစ်၍ တရားပြော မခံနိုင်ခြင်းကြောင့် တရားရောက်ရာကို အလိုရှိ၍ ရှေ့တော်သို့ ရောက်ပါသည်"။ (မိငြိမ်းသွင်ရှေ့နေက လျှောက်လဲသည်။)

"ဘုရားသဗ္ဗညုရှိစဉ် ရှင်ဥဒါယီကျောင်းကို ကြည့်လိုသည်ဟူ၍ ပုဏ္ဏား သမီးခင်ပွန်း အတွင်းသို့ဝင်၍ ကြည့်ရှုကြလျှင် ပုဏ္ဏား မမြင်ခင် ပုဏ္ဏားမယားကို ဆွဖက်ယမ်း၍ ရှင်ဥဒါယီရဟန်း ပြုကျင့်သည်ကို "ငါ့မယားကို ကျူးလွန် ဘိသည်"ဟူ၍ ပုဏ္ဏားလည်း တရားမပြု၊ တရားဒဏ်ရောက်ချေသည်၊ "တစ်ဆယ့်ငါးကျပ် လျော်စေ"ဟူ၍လည်း မစီရင်၊ ရှင်ဥဒါယီလည်း မလျော်၊ လျော်ထိုက်လျက် မလျော်သော် တရား၌ မည်သို့ဖြစ်မည်ဟူ၍ ဘုရားမပညတ် သောကြောင့် မိငြိမ်းသွင်လည်း ပုဏ္ဏားမနှင့်မခြား ပဉ္စင်းပန်းကျော်လည်း ဘုရားရှင်တပည့် ရှင်ဥဒါယီထက် မထူးကြောင်း တရားရောက်သည်ကို လျှောက်ပါသည်"။ (ပဉ္စင်းပန်းကျော်ရှေ့နေက ထောက်၍လဲသည်။)

မသန့်မရှင်း ကာမစကားဖြစ်၍ တိတ်တိတ်ပြီးစေလိုသောကြောင့် ပြေနေ ကြတော့ စီရင်သည်၊ ပဉ္စင်းပန်းကျော်လည်း ဘုရားပညတ်တော်ကို မစောင့်၊ မင်းမိန်းမကို ဆွဲကိုင်သောအပြစ်ကြောင့် အာပတ်သင့်၍ သံဃာ့ဘောင်၌ ဝန်ခံပြီးမှ ပရိဝါသ်မာနတ် နေရခြင်းသည် ဘုရားရှင် ကွမ်းဖိုးအလျော်ပင်

http://www.dhammadownload.com

ဖြစ်တော့သည်၊ ပါရာဓိကသိက္ခာပုဒ်မှ ကင်းသောကြောင့် လူပြုစေလည်း မစီရင်သာ၊ လူမဟုတ်၍ လူ့တရားအတိုင်းလည်း "လျော်စေ" မစီရင်သာ၊ ရဟန်းတို့ကိုယ်ထိလက်ရောက်ရှိက "အပြစ်သိက္ခာပုဒ်နှင့်စပ်၍ လူ့တရားအတိုင်း လျော်စေ"ဟူ၍ ဘုရားကမပညတ်၊ ဓမ္မသတ်၌လည်းမရှိ၊ အဒိန္နာဒါန် သိက္ခာပုဒ်တွင်သာ ဥစ္စာမှုဖြစ်၍ လျော်သင့်က လျော်စေ၊ ဘုရားပညတ်၍ လျော်ရသည်၊ အဒိန္နာဒါန်သိက္ခာပုဒ်နှင့် မတိုင်းသာ၊ ပဋ္ဌင်းပန်းကျော်လည်း ဘုရားပညတ်တော်၌ မတည်၊ ကျူးလွန်သည်ဖြစ်သောကြောင့် တရားနှင့်အညီ သံဃာ့ဘောင်မှာ ဝန်ခံ၍ ဝတ်နေစေ၊ မိုဋ်မိုးသွင်လည်း မိန်းမတို့ကျင့်တမ်းတရားက ကျူးလွန်၍ ရဟန်းတိုင်အောင် နှောင့်ယှက်လာသောကြောင့် သူကြီးတို့က အရှက်ကွဲအောင် ဆုံးမ၍ပြီးစေလျှင် အမှုသည်နှစ်ဦးတို့ မျက်နှာစုံညီ စီရင်ချက်အတိုင်း ဦးထိပ် ရွက်ပါတော့မည်ဟု ဝန်ခံ၍ သက္ကရာဇ် ၁၁၁၂-ခု တန်ဆောင်မုန်းလပြည့်ကျော် ၅-ရက်နေ့ ပြီးသည့်ဖြတ်စာ။

ဝိနည်းတရားတော်ကို မလိမ္မာသူတို့ လူမှုကို လျှပ်ပေါသမျှ သိက္ခာပုဒ်နှင့် သေရသည် နည်း၏၊ ဒုဿီလအဖြစ်နှင့် သေရသည် များ၏မှတ်လေ။ (သတိရှိစေ။)

ငရွေကင်းအမှု[1]

ဦးပဋ္ဌင်း ငရွေကင်းနေတဲ့ကျောင်းကို ငထွန်းသမီးတစ်ယောက်က နေ့အချိန်မှာလဲ သွားလာဝင်ထွက်နေပါတယ်၊ ညအချိန်မှာလဲ သွားလာဝင်ထွက်နေပါတယ်၊ ပြောဆိုရယ်မော အရောတဝင် နေကြပါတယ်၊ တစ်ဦးနှင့်တစ်ဦး မှားယွင်းဖောက်ပြားတဲ့ အခြေအနေကို ရောက်လာကြပါတယ်၊ ဒီလိုနဲ့ ငထွန်းသမီးကလေးမှာ ကိုယ်ဝန်အထင်အရှား ဖြစ်လာပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ငထွန်းက မဟာအတုလဆရာတော်ထံ လျှောက်လွှာတင်သွင်းပါတယ်၊ ပဋ္ဌင်း ငရွေကင်းကလဲ ထုချေလွှာ တင်သွင်းပါတယ်၊ မဟာအတုလဆရာတော်က စစ်ဆေးမေးမြန်းပြီး ဆုံးဖြတ်ပေးပါတယ်။

"ဘုရားတပည့်တော်ငထွန်း အစီရင်တော်ခံပါသည်၊ ကျွန်တော့်သမီး အငယ်အရွယ်ကို ပဋ္ဌင်းငရွေကင်း ရောက်ပေါက်ဖက်စပ်၍ သားလုံးမြေးကောင် အထင်အရှား ရှိပါသည်ကို အိမ်ထောင်လည်းမဘက်၊ တရားကိုလည်း မခံ၊ ငါရဟန်းသားကိုကားဟု အတင်းပြု၍ ရှိရခဲ့သည်"။

၁။ မဟာအတုလဖြတ်ထုံး၊ ပု-၀မ်း၊ (၁၀-ကြောင်းပေ၊ နီ-အစ၊ ပါး-အဆုံး။

http://www.dhammadownload.com

"ပဉ္စင်းငရွေကင်း အစီရင်တော်ခံပါသည်၊ ငထွန်းသမီး အငယ်ရှိလေရာ အိမ်ထောင်ဘက်လိုသည်ဟု ရဟန်းတော် မသွားရောက်၊ ငထွန်းသမီး ကာမဂုဏ်ကိုလို၍ နေ့ညဥ်မပြတ် အခေါက်များစွာ ကျောင်းသို့လာလျှင် ပုထုဇဉ်ဂတိမှားယွင်းမိသည် မှန်ပါ၏၊ အိမ်ထောင်ဘက်မည်လည်း မဆို၊ တရားဒဏ်ကို ခံကောင်းသည်ဆိုလျှင် ရဟန်းသား လူတရားကို ခံရိုးထုံးစံ မရှိ၍ မခံဘူးဟု ဆိုပါတော့သည်"။

"တကာငထွန်းသမီးနှင့် ပဉ္စင်းငရွေကင်းတို့ ကာမမှုကို အစီရင်ခံကြသည်မှာ အမှုသည်နှစ်ဦးက တစ်ယောက်ကိုတစ်ယောက်ကွယ်၍ လျှောက်ကြသည်မဟုတ်၊ ဟုတ်မှန်သည့်အတိုင်း နှစ်ဦးပင် ဖြောင့်ကြလေပြီးသည်၊ အိမ်ထောင်ဘက်မည်ဆို၍ ကာမဂုဏ်စပ်ယှက်မှ တရားဒဏ် ခံရောက်သည်မဟုတ်၊ အိမ်ထောင်ဘက်မည်ကြဲရင်း မရှိပါ လျှောက်၍လည်း လွတ်ရိုးမရှိ၊ ကာမဂုဏ်မှုကို ရဟန်းဖြစ်လျက် မစောင့်၊ သူယုံအောင် စပ်ယှက်ချေပြီးဖြစ်သောကြောင့် ရှေးပဉ္စင်းခံဘူးသောကြောင့်သာ သင်္ကန်းနှင့်မကင်းသေး၍ ပဉ္စင်းငရွေကင်း ခေါ်ရသည် ဖြစ်တော့သည်၊ သိက္ခာပုဒ်မှကင်း၍ ထင်းကုလား၊ ယောက်သွားပုပ် ဒုဿီလအရာ၌ တည်၍ ငရွေကင်း လူဖြစ်ချေပြီးသည်၊ ပုဆိုးလဲ၍ အိမ်ထောင်ဘက်လို ဘက်စေ၊ အိမ်ထောင်မဘက်လျှင် တရားဒဏ် ရှိသည့်အတိုင်း သုံးဆယ်လျော်စေ၊ ငထွန်းက တရားကို ခံစေ"။

၁၁၁၅-ခု ဝါဆိုလပြည့်ကျော် ၆-ရက်နေ့တွင် ပြီးသည့်ဖြတ်စာ။[၁]

၄။ **သမ္ဘောဂသံသဂ္ဂ** ပေးကမ်းလှူဒါန်းသောဝတ္ထုကို သုံးစွဲမှုနဲ့ စပ်လျဉ်းပြီးတော့ ဖြစ်ပေါ်လာတဲ့ ရာဂဟာ "သမ္ဘောဂသံသဂ္ဂ" မည်ပါတယ်။

ဝါ ၆၀-ရမှ လူဖြစ်ကြ

မရိစီဝဋ္ဋကျောင်းပူဇော်ပွဲတုန်းက အနယ်နယ်အရပ်ရပ်က ရဟန်းတော်တွေ, ဘိက္ခုနီမတွေ, ကြွလာကြပါတယ်၊ သာမဏေတွေ, သာမဏေမလေးတွေလည်း ပါလာကြပါတယ်။

သာမဏေတစ်ပါးက ယာဂုကို သပိတ်နဲ့ ခံယူလာပါတယ်၊ ယာဂုက သိပ်ပူနေပါတယ်၊ သာမဏေက ယာဂုထည့်ထားတဲ့ သပိတ်ကို လက်နဲ့ပွေ့ပြီး ကိုင်ယူလာပါတယ်၊ အတော်လေးကြာတော့ မကိုင်နိုင်တော့ပါဘူး၊ သင်္ကန်းစွန်းကို သပိတ်အောက်ခံလုပ်ပြီး ကိုင်ယူပြန်တယ်၊ သင်္ကန်းစပါ ပူလာပါတယ်၊ မကြာခင်မှာဘဲ

၁။ ရှေ့နေများ၏ လျှောက်လဲချက် စသည်တို့ကို ချန်ထားပါသည်။

၂။ မူလပဏ္ဏာ-၄-၂၊ ၅၀။ သုတ္တနိ-၄-၁၊ ၆၂။ အပဒါန-၄-၁၊ ၁၇၄။ စူဠနိ-၄၊ ၁၀၃။

http://www.dhammadownload.com

အပူဒဏ်ကို မခံနိုင်တဲ့အတွက် သပိတ်ကို မြေပေါ်မှာချထားပြီး မတ်တပ်ရပ်နေပါတယ်။

သာမဏေမကလေးတစ်ပါးက တွေ့ရတဲ့အခါ "ဒီအပေါ်မှာ သပိတ်ကိုတင်ပြီး ကြွပါဘုရား"လို့ လျှောက်ထားပြီး သပိတ်ခြေတစ်ခုကို သာမဏေအား လှူလိုက်ပါတယ်။

သူတို့–ပါးလုံးဟာ နောက်တစ်ချိန်ကျတော့ သီဟိုဠ်ကျွန်းမှာ ဘေးရန်ရှိနေတဲ့အတွက် သမုဒ္ဒရာတစ်ဖက် (အိန္ဒိယကျွန်းဆွယ်)သို့ ကြွကြရပါတယ်၊ အဲဒီအချိန်မှာ သာမဏေကလဲ ရဟန်းဖြစ်နေပါပြီ၊ သာမဏေမကလဲ ဘိက္ခုနီဖြစ်နေပါပြီ၊ ငယ်ရွယ်သူတွေလဲ မဟုတ်ကြတော့ပါ၊ ဝါ ၆၀–ခန့် ရနေကြပါပြီ၊ ထေရ၊ ထေရီ ဖြစ်နေကြပါပြီ။

ထေရီမက အိန္ဒိယကို အရင်ရောက်နေနှင့်ပါတယ်၊ မထေရ်က နောက်မှ ကြွလာပါတယ်၊ "သီဟိုဠ်ကျွန်းက ရဟန်းတစ်ပါးကြွလာတယ်"လို့ သတင်းစကားကြားရတာနဲ့ တစ်ပြိုင်နက် ထေရီမက မထေရ်ကို သွားရောက်တွေ့ဆုံပါတယ်၊ မထေရ်ရဲ့ အနီးကို ချဉ်းကပ်ထိုင်နေပြီး ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောဆိုနေပါတယ်။

"အရှင်ဘုရား ! မရီစိဝဋ္ဋီကျောင်းပူဇော်ပွဲ လုပ်တုန်းက အရှင်ဘုရား ဘယ်နှစ်ဝါ ရှိပါသလဲ ?"။

"အဲဒီတုန်းက ဘုန်းကြီးဟာ ၇–နှစ်အရွယ် သာမဏေကလေးပဲ ရှိပါသေးတယ်၊ ထေရီမကော အဲဒီတုန်းက ဘယ်နှစ်ဝါ ရှိနေပြီလဲ ?"။

"အဲဒီတုန်းက တပည့်တော်မလဲပဲ ၇–နှစ်အရွယ် သာမဏေမကလေးပဲ ရှိပါသေးတယ်၊ ယာဂုအပူကြီးကို သပိတ်နဲ့ ခံယူလာတဲ့ သာမဏေတစ်ပါးကို သပိတ်တင်ရအောင်လို့ သပိတ်ခြေတစ်ခုတောင် လှူလိုက်ပါသေးတယ်"။

"အဲဒီ သာမဏေဟာ တစ်ခြားလူ မဟုတ်ဘူး၊ ဘုန်းကြီးပါပဲ"။

ဒီလိုလဲ ပြောပါတယ်၊ တရိုတသေ သိမ်းထားတဲ့ သပိတ်ခြေကိုလဲ ထေရီမအား ထုတ်ပြလိုက်ပါတယ်။

သူတို့ နှစ်ပါးလုံးဟာ ဘာမှမပြောပလောက်တဲ့ ဒီသံသဂ္ဂကလေးကြောင့် သာသနာ့တာဝန်ကို ဆက်လက်ပြီး ထမ်းဆောင်နိုင်ခွင့် မရကြတော့ပါဘူး၊ ဝါ–၆၀ ရမှ လူဘဝသို့ ရောက်သွားကြရပါတော့တယ်။

၅။ **ကာယသံသဂ္ဂ** လက်ကိုကိုင်ခြင်းစသည်နဲ့ စပ်လျဉ်းပြီး ဖြစ်ပေါ်လာတဲ့ရာဂဟာ "ကာယသံသဂ္ဂရာဂ" မည်ပါတယ်။

http://www.dhammadownload.com

အထိမတော်တစ်ချက်[၁]

မဟာစေတီရင်ပြင်ပေါ်မှာ ရဟန်းငယ်ကလေးတွေ စုပေါင်းပြီး ဘုရားဟော ပါဠိတော်တွေကို ပြန်နေ၊ အံနေကြပါတယ်၊ ရဟန်းငယ်ကလေးတွေရဲ့ နောက်နားက ဘိက္ခုနီကလေးတွေ တရားနာနေကြပါတယ်။

အဲဒီအချိန်မှာ ရဟန်းငယ်ကလေး တစ်ပါးက အမှတ်တမဲ့ လက်ကို နောက်သို့ ဆန့်တန်းလိုက်ပါတယ်၊ ဘိက္ခုနီကလေး တစ်ဦးကို ထိလျက်သား ဖြစ်နေပါတယ်။

ဘိက္ခုနီကလေးက ရဟန်းကလေးရဲ့လက်ကို ဖမ်းကိုင်ပြီး မိမိရဲ့ရင်ပေါ်မှာ တင်ထားလိုက်ပါတယ်၊ ဒီလောက်ကလေး ရောနှောရုံနဲ့ သူတို့ ၂-ဦးလုံးပဲ လူဘဝကို ရောက်သွားကြရပါတယ်။

သံသဂ္ဂဖြစ်စရာပုဂ္ဂိုလ်များ[၂]

ဒီ သံသဂ္ဂဟာ "အစိုးရတွေ, အစိုးရအမှုထမ်းတွေ, ဘာသာခြားခေါင်းဆောင်တွေ, သူတို့ရဲ့နောက်လိုက်ငယ်သားတွေ, ဗုဒ္ဓဘာသာဝင် ဒကာတွေ, ဒကာမတွေ, ရဟန်းတွေ, သီလရှင်တွေ"၊ ဒီပုဂ္ဂိုလ် ၈-ယောက်တို့နဲ့ ဖြစ်တတ်ပါတယ်။

> "ဒီလောကမှာ ရဟန်းအချို့ဟာ လူတွေနဲ့ ရောနှောဆက်ဆံနေထိုင်တယ်၊ ဝမ်းသာစရာ ရှိရင်လဲ အတူဝမ်းသာတယ်၊ ဝမ်းနည်းစရာ ရှိရင်လဲ အတူ ဝမ်းနည်းတယ်၊ တူမျှတဲ့ ချမ်းသာဆင်းရဲ ရှိတယ်၊ လူတွေမှာ လုပ်စရာ ကိုင်စရာ ရှိလာပြန်ရင်လဲ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ကိုင်တယ်"။

ဒီလို ရောနှောမှုမျိုးဟာ သိက္ခာ ၃-ပါးအား မသင့်ဘင့်မလျော်ကန်တဲ့ ရောနှောဆက်ဆံမှု မျိုးဖြစ်တယ်၊ အဲဒီလို မလျော်ကန်တဲ့ ရောနှောဆက်ဆံမှု မျိုးကို ပြုရင် သာသနာ့ဩဇာစရိယ, မဂ္ဂဩဇာစရိယရဲ့ အန္တရာယ်လဲ ဖြစ်နိုင်တယ်၊ သိက္ခာပုဒ်ကို လွန်ကျူးခြင်းသို့လဲ ရောက်တတ်တယ်၊ ခေါင်းခေါင်းပါးပါး ခြိုးခြိုခြံခြံကျင့်ရတဲ့ အကျင့်ရဲ့ ဆုတ်ယုတ်ခြင်းသို့လဲ ရောက်တတ်တယ်။

ရဟန်းအချို့ဟာ ဘာသာခြားပုဂ္ဂိုလ်တွေနဲ့ ဆန္ဒချင်းလဲ တူတယ်၊ အကြိုက်ချင်းလဲ တူတယ်၊ အကျင့်ချင်းလဲ တူတယ်၊ သူတို့ကို ချစ်ခင်တယ်၊ အင်မတန် မြတ်နိုးတယ်၊ အတူ ပေါင်းသင်းတယ်၊ ဆက်ဆံတယ်၊ ဒီလို ရောနှော ကျွမ်းဝင်နေလို့ရှိရင် သူတို့ရဲ့အယူဘက်ကို ပါသွားတတ်တယ်၊ သူတို့ရဲ့အယူကို ဖျက်ဆီးပြီး ကိုယ့်အယူကို ယူစေနိုင်တဲ့ ပုဂ္ဂိုလ်ကတော့ ရောနှောတဲ့အတွက် အပြစ်မရှိလှပါဘူး။

၁။ မူလပဏ္ဏ-၄-၂၊ ၅၂။

၂။ သံယုတ်-၄-၁၊ ၁၁၃။ သမ္မော-၄၊ ၃၂၅။ သံယုတ်-၁၀-၂၊ ၁၀။ ဥဒါန်း-၄၊ ၂၁၁။

http://www.dhammadownload.com

သီတင်းသုံးဖော်နဲ့တောင်မှ ကိလေသာဖြစ်ခြင်းရဲ့အကြောင်းဖြစ်တဲ့ ရောနှော ဆက်ဆံမှုမျိုးကို မပြုသင့်ပါဘူး။

အဲဒီ သံသဂ္ဂဖြစ်စရာပုဂ္ဂိုလ် ၈-ဦးထဲက ရဟန်းတော်တွေအတွက် ဝိသဘာဂ အာရုံဖြစ်တဲ့ မာတုဂါမတွေနဲ့ ဆက်ဆံရောနှောတာဟာ ပိုပြီးအရေးကြီးပါတယ်၊ ဒါ့ကြောင့် ရဟန်းတော်တွေက မာတုဂါမတွေအပေါ်မှာ ကျင့်သုံးရမည့် နည်းလမ်းကိုလဲ ဆက်လက်ပြီး ပြောပြပါအုံးမယ်။

မာတုဂါမ၌ ကျင့်သုံးရန်

ကုသိနာရုံမြို့ မလ္လာမင်းတွေရဲ့ ဥယျာဉ်အတွင်း အင်ကြင်းပင်စုံတွေရဲ့အကြားမှာ မြောက်သို့ခေါင်းထားပြီး ခုတင်တစ်ခုကို ခင်းကျင်းပြင်ဆင်ထားပါတယ်၊ အဲဒီ ခုတင်ပေါ်မှာ ဘုရားရှင်က လက်ျာနံဘေးနဲ့ လျောင်းစက်နေတော်မူပါတယ်၊ ပရိနိဗ္ဗာန်ဝင်စံဖို့အချိန်မှာ အင်မတန် နီးကပ်နေပါတယ်။

အဲဒီ အချိန်မှာ အရှင်အာနန္ဒာက နောင်ရေးကို မြော်တွေးပြီး ဘုရားရှင်ကို မေးမြန်းလျှောက်ထားနေပါတယ်၊ ဘုရားရှင်ကလဲ မေးမြန်းလျှောက်ထားသမျှကို ဖြေဆိုနေပါတယ်။

"ရှင်တော်မြတ်ဘုရား ! မာတုဂါမတွေနဲ့ စပ်လျဉ်းပြီး ဘယ်လိုပြုကျင့်ရပါ့မလဲ ?"။

"မတွေ့အောင်နေ"။

"တွေ့ရမြင်ရလို့ရှိရင် ဘယ်လို ကျင့်ရပါ့မလဲဘုရား ?"။

"စကားမပြောနဲ့"။

"(အကြောင်းအားလျော်စွာ) စကားပြောရပါရင် ဘယ်လိုကျင့်ရပါ့မလဲ ဘုရား ?"။

"သတိထားပေါ့ အာနန္ဒာ"။

ဘုရားရှင်က အာနန္ဒာမေးလျှောက်တဲ့ ပြဿနာ ၃-ချက်ကို ခပ်ကျဉ်းကျဉ်းပဲ ဖြေဆိုတော်မူပါတယ်။

မတွေ့အောင်နေ အမေပဲဖြစ်ဖြစ်, သမီးပဲဖြစ်ဖြစ် မာတုဂါမအကုန်လုံးဟာ သာသနာ ဗြဟ္မစရိယ မဂ္ဂဗြဟ္မစရိယရဲ့ အန္တရာယ်တွေချည်းပါပဲ။[၂]

အကျင့်ဗြဟ္မ, စရိယလည်း, မိန်းမဟူသည်, ညစ်ကြေးမည်ခဲ့။[၃]

၁။ သုတ်မဟာဝါ-ပါ၊ ၁၁၆။ ၂။ ပါရာဇိကဏ်-၆-၂၊ ၁၂၈။ ၃။ မဃ-ပုဒ်ရေ၊ ၄၁၅။

http://www.dhammadownload.com

ဒီစကားဟာ အဲဒီအချိန်က သာသနာ့ဝန်ထမ်း ရဟန်းလောကအတွင်းမှာ ပျံ့နှံ့နေပြီး ဖြစ်ပါတယ်၊ ဒါ့ကြောင့်လဲ အရှင်အာနန္ဒာက နောင်ရေးကို တွေးမြော်ပြီး "မာတုဂါတွေနဲ့ စပ်လျဉ်းပြီး ဘယ်လို ပြုကျင့်ရပါ့မလဲ"လို့ လျှောက်ထားရပါတယ်။

ရဟန်းတစ်ပါးဟာ တံခါးပိတ်ပြီး ကျောင်းအတွင်းမှာ နေတယ်ဆိုကြပါစို့၊ မာတုဂါမတစ်ယောက်ကလဲ ကျောင်းကိုလာပြီး ကျောင်းတံခါးအနီးမှာ ရပ်နေတယ်ဆိုပါတော့၊ အဲဒီ မာတုဂါမကို မတွေ့မချင်း (မတွေ့ရသေးသမျှ) အဲဒီ ရဟန်းမှာ အမှန်အားဖြင့် တဏှာရာဂလဲ မဖြစ်နိုင်သေးပါဘူး၊ စိတ်လှုပ်ရှားမှုလဲ မရှိနိုင်သေးပါဘူး၊ တွေ့ရမြင်ရတာနဲ့ တစ်ပြိုင်နက် တဏှာရာဂလဲ ဖြစ်လာတတ်ပါတယ်၊ စိတ်လှုပ်ရှားမှုလဲ ဖြစ်လာတတ်ပါတယ်၊ ဒါ့ကြောင့် "ဘုရားရှင်က မတွေ့အောင်နေ"လို့ မိန့်ကြားတော်မူရပါတယ်။

စကားမပြောနဲ့ ဒါပေမဲ့ ရဟန်းတော်တွေဆိုတာဟာ မာတုဂါမတွေကို မတွေ့ရ, မမြင်ရအောင် အမြဲရှောင်တိမ်းလို့ မရနိုင်ပါဘူး၊ မာတုဂါမတွေက ရံခါဆွမ်းလာပို့တတ်ကြပါတယ်၊ ရံခါ အချိုပွဲ အချဉ်ပွဲလဲ လာကပ်တတ်ကြပါတယ်၊ ရံခါ ဆွမ်းစားလဲ လာပင့်တတ်ကြပါတယ်။

အဲဒီလို ကိစ္စရှိလို့ လာရောက်ရတဲ့ အချိန်အခါမျိုးမှာ မတွေ့မဖြစ်တော့ပါ၊ တကယ်ပဲ တွေ့ရပါတော့မယ်၊ မြင်ရပါတော့မယ်၊ ဒါ့ကြောင့် အရှင်အာနန္ဒာက "တွေ့ရမြင်ရလို့ရှိရင် ဘယ်လို ကျင့်ရပါ့မလဲဘုရား ?"လို့ လျှောက်ထားရတာ ဖြစ်ပါတယ်။

ဒီတော့ ဒီနေရာမှာ ဘုရားရှင်က ခပ်ကျဉ်းကျဉ်းလေး ပြောဆိုရတာနဲ့ စပ်လျဉ်းပြီး ဘုန်းကြီးက ဝတ္ထုကလေးတစ်ခု ထည့်သွင်းပြီး ပြောပြသွားပါ့မယ်။

အမေနှင့်သား ယွင်းဖောက်ပြား[1]

သာဝတ္ထိမြို့အနီးမှာ ရွာကလေးတစ်ရွာ ရှိနေပါတယ်၊ အဲဒီရွာမှာ ဆင်းရဲနွမ်းပါးတဲ့ မိသားစု ၃-ဦး လုပ်ကိုင်စားသောက် နေထိုင်ကြပါတယ်၊ အိမ်ထောင်ဦးစီးဖြစ်သူ လင်ယောကျ်ား သေဆုံးသွားတဲ့အခါမှာ သားအမိ ၂-ယောက် ကသီလင်တ ဖြစ်နေရစ်ကြပါတယ်၊ ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက် နေထိုင်ကြရပါတယ်။

ဆင်းရဲဒုက္ခရဲ့ဒဏ်ကို မခံနိုင်တဲ့အတွက် တစ်နေ့မှာ သားကို ရဟန်းပြုစေပြီး အမေကိုယ်တိုင်လဲ ဘိက္ခုနီလုပ်လာခဲ့ပါတယ်၊ သားအမိ ၂-ယောက်လုံးပဲ သာဝတ္ထိမြို့မှာ ဝါကပ်မှုကို ပြုကြပါတယ်။

၁။ အဋ္ဌကထာ-ပါ-၂၊ ၅၈။ ၄င်း-၌၊ ၂၇။ သုတ္တနိ-၌-၁၊ ၂၄၄။

http://www.dhammadownload.com

အမေတစ်ခု သားတစ်ခုသာ ရှိနေကြတဲ့အတွက် အမေကလဲ သားကို အမြဲတွေ့မြင်လိုပါတယ်၊ သားကလဲ အမေကို အမြဲတွေ့မြင်လိုပါတယ်၊ ၂-ဦးလုံးပဲ တစ်ဦးကို တစ်ဦး အမြဲတွေ့လိုမြင်လိုနေကြပါတယ်၊ "မခွဲနိုင် မခွာရက်"ဆိုသလို ဖြစ်နေကြပါတယ်။

ဘာလေးကိုရရ အမေကလဲ သားဆီကို သွားပို့တတ်ပါတယ်၊ သားကလဲ အမေ့ဆီကို သွားပို့တတ်ပါတယ်။

အဲဒီလို သူတို့ ၂-ဦးဟာ ညနေဘက်မှာလဲ တွေ့ဆုံနေကြတာပဲ၊ နံနက်ဘက်မှာလဲ တွေ့ဆုံနေကြတာပဲ၊ ရရသမျှကို ဝမ်းမြောက်ဝမ်းသာ ဝေငှစားသုံးနေကြပါတယ်၊ ဆင်းရဲကြောင်း ချမ်းသာကြောင်းတွေကို မေးမြန်းပြောဆိုကြပြီး ယုံမှားခြင်းကင်း ရဲတင်းစွာပဲ နေထိုင်လာခဲ့ကြပါတယ်။

အဲဒီလို အမြဲတွေ့မြင်နေတဲ့အတွက် သူတို့ ၂-ဦးမှာ ရောနှောမှု ဖြစ်လာပါတယ်၊ ရောနှောမှုကြောင့် အကျွမ်းဝင်မှု ဖြစ်လာပါတယ်၊ အကျွမ်းဝင်မှုကြောင့် တဏှာရာဂ ထကြွခွင့် ရလာပါတယ်၊ တဏှာရာဂ ထကြွလာတဲ့အခါ "ရဟန်း" ဆိုတဲ့ အမှတ်သညာလဲ ပျောက်ကွယ်သွားပါတယ်၊ "အမေ"ဆိုတဲ့ အမှတ်သညာ "သား"ဆိုတဲ့ အမှတ်သညာတွေလဲ မရှိနိုင်တော့ပါဘူး။

ဒါ့ကြောင့်မို့လို့ လူထုံးတမ်းစဉ်လာကို ကျော်လွန်ပြီး အမေနဲ့သား ဖောက်ပြားယွင်းမှားကြပါတော့တယ်၊ လူများတဲ့တွေးခွက်မှာ ပက်လက်မျောစရာ ဖြစ်လာပါတော့တယ်၊ ၂-ဦးလုံးပဲ လူဝတ်လဲပြီး ပေါင်းသင်းနေထိုင်ကြရပါတော့တယ်။

အဲဒီအချိန်မှာ ဘုရားရှင်ကလဲ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာပဲ သီတင်းသုံးနေတော်မူပါတယ်၊ ရဟန်းတော်တွေက ဘုရားရှင်ဆီ သွားရောက်ပြီး အဲဒီအကြောင်းကို လျှောက်ထားကြပါတယ်။

"ရဟန်းတို့ ! ဒီ ယောကျ်ားဖျင်းဟာ 'သားက အမေ့အပေါ်မှာ ရာဂမဖြစ်ဘူး၊ အမေကလဲ သားအပေါ်မှာ ရာဂမဖြစ်ဘူး'လို့ ဘာ့ကြောင့် မှတ်ထင်ရဘိသလဲ"။

ဘုရားရှင်က ဒီလိုလဲ ကဲ့ရဲ့ပြစ်တင်တော်မူပါတယ်၊ ပြီးတော့ မာတုဂါမအာရုံ ကာမဂုဏ်ရဲ့ ဆိုးဝါးပုံကိုလဲ ဆက်လက် ဟောကြားတော်မူပါတယ်။

"ရဟန်းတို့ မာတုဂါမရဲ့ 'အဆင်း, အသံ, အနံ့, အရသာ, အတွေ့ အထိ' ဆိုတဲ့ ကာမဂုဏ် ၅-ပါး အာရုံတရားဟာ ယောကျ်ားများကို စွဲမက်စေတတ်တယ်၊ နှစ်သက်စေတတ်တယ်၊ ယစ်မူးစေတတ်တယ်၊ နှောင်ဖွဲ့

http://www.dhammadownload.com

တတ်တယ်၊ မွန်မြတ်အထက်တန်းကျလှတဲ့ အရဟာတ္တဖိုလ်, နိဗ္ဗာန်ကိုတောင်မှ မရအောင် အန္တရာယ်ပြုနိုင်တယ်၊ အဲဒီ မာတုဂါမအာရုံလို ဆိုးဝါးတဲ့ အန္တရာယ် ပြုနိုင်တဲ့ အခြားအာရုံမျိုးဟာ ငါဘုရား၏ ဉာဏ်တော်မှာတောင်မှ ထင်မလာပါဘူး၊ မတွေ့ရပါဘူး၊ မာတုဂါမရဲ့ ကာမဂုဏ် ၅-ပါး အာရုံ တရားမှာ စွဲလမ်းမက်မောနေတဲ့ သတ္တဝါတွေဟာ အဲဒီအာရုံတွေရဲ့ နောက်ကို လိုက်ပါပြီး နေ့ရှိသမျှ စိုးရိမ်မဆုံး ဖြစ်ကြရပါတယ်။

မာတုဂါမတွေဟာ သွားတဲ့အမူအရာနဲ့လဲ ယောက်ျားရဲ့စိတ်ကို ဆွဲဆောင်နိုင်တယ်၊ ရပ်တဲ့အမူအရာနဲ့လဲ ဆွဲဆောင်နိုင်တယ်၊ ထိုင်တဲ့အမူအရာနဲ့လဲ ဆွဲဆောင်နိုင်တယ်၊ လဲလျောင်းနေတဲ့ အမူအရာနဲ့လဲ ဆွဲဆောင်နိုင်တယ်၊ ရယ်တဲ့အမူအရာနဲ့လဲ ဆွဲဆောင်နိုင်တယ်၊ ပြောတဲ့အမူအရာမျိုးနဲ့လဲ ဆွဲဆောင်နိုင်တယ်၊ သီချင်းဆိုတဲ့ အမူအရာမျိုးနဲ့လဲ ဆွဲဆောင်နိုင်တယ်၊ ငိုတဲ့အမူအရာမျိုးနဲ့လဲ ဆွဲဆောင်နိုင်ပါတယ်၊ ထိကပါး ရိကပါးလုပ်တဲ့ အမူအရာမျိုးနဲ့လဲ ဆွဲဆောင်နိုင်တယ်၊ သေပြီးလို့ ဖူးရောင်နေတောင်မှ ဆွဲဆောင်နိုင်သေးတယ်။

ဓားကြီးဆွဲကာ 'သတ်မယ်'လို့လာတဲ့ ရန်သူနဲ့ စကားပြောလိုက ပြောပါ၊ ပါးစပ်ဖြဲကာ 'စားမယ်'လို့လာတဲ့ ဘီလူးကြီးနဲ့ စကားပြောလိုက ပြောပါ၊ အကိုက်ခံရသူမှန်သမျှကို သေစေတတ်တဲ့မြွေကို ထိပါးကစားလိုက ကစားပါ၊ မာတုဂါမနဲ့တော့ ၂-ယောက်ချင်း ဘယ်တော့မှ စကားမပြောပါနဲ့၊ မာတုဂါမကို ထိပါးကစားမှုကို ဘယ်တော့မှ မပြုပါနဲ့။

မာတုဂါမများဟာ သတိလွတ်နေတဲ့ ပုဂ္ဂိုလ်ကို မခို့တရို့ ကြည့်ခြင်းမျိုးနဲ့လဲ ဖမ်းစားတတ်တယ်၊ ပြုံးပြခြင်းမျိုးနဲ့လဲ ဖြားယောင်းတတ်တယ်၊ မလုံမလဲ ဝတ်ခြင်းမျိုးနဲ့လဲ ဆွဲဆောင်တတ်တယ်၊ ချိုချိုသာသာ ပြောဆိုခြင်းမျိုးနဲ့လဲ နှောင်ဖွဲ့တတ်တယ်၊ သေပြီးလို့ ဖူးရောင်နေတဲ့ မိန်းမအလောင်းကောင်ကိုတောင်မှ ထိပါးမှု မပြုသင့်ဘူး"။

ဒီလို ဟောထားပြီးတရားတော်များ ရှိနေပြီးဖြစ်တဲ့အတွက် "မတွေ့အောင် နေ၊ စကားမပြောနဲ့"လို့ အကျဉ်းမျှသာ မိန့်ကြားဖြေဆိုမှုကို ပြုတော်မူပါတယ်။

သတိထားပေါ့ ရဲခါ မာတုဂါမတွေဟာ ရဟန်းတော်များအား နေ့ရက်ကိုလဲ မေးတတ်ပါတယ်၊ သီလကိုလဲ တောင်းတတ်ပါတယ်၊ တရားကိုလဲ တောင်းတတ်ပါတယ်၊ သာသနာရေးနဲ့ ပတ်သက်လို့ မိမိတို့ သိလိုတာကိုလဲ မေးတတ်လျှောက်ထား

http://www.dhammadownload.com

တတ်ကြပါတယ်၊ အဲဒီလို လျှောက်ထားမေးမြန်းလာတဲ့ အခါမျိုးဟာ မာတုဂါမ တွေအား စကားပြောသင့်တဲ့ အခါမျိုးပဲ ဖြစ်ပါတော့တယ်။

ပြောသင့်တဲ့အခါမျိုးမှာ စကားမပြောဘဲ နေပြန်ရင်လဲ "ဒီကိုယ်တော်ဟာ အ–အကြီးပဲ၊ နားထိုင်းကြီးပဲ၊ လူသမျှ တန်းသမျှကို စားရုံသာစားပြီး ပါးစပ်ကြီးကိုလဲ အပ်ချည်နဲ့ ချုပ်ထားသလို ထိုင်နေပါဘိတယ်" စသည်ဖြင့် ပြောဆိုကဲ့ရဲ့မှုကို ခံရတတ်ပါတယ်၊ ဒါ့ကြောင့် ပြောသင့်တဲ့အခါမျိုးမှာ မာတုဂါမနဲ့ တကယ်ပဲ စကားပြောသင့်ပါတယ်၊ မပြောဘဲနေလို့ မဖြစ်တော့ပါဘူး။

ဒီလို ပြောသင့်တဲ့အခါမျိုးကို ရည်ရွယ်ပြီး "အကြောင်းအားလျော်စွာ စကား ပြောရပါရင် ဘယ်လိုကျင့်ရပါ့မလဲဘုရား?" လို့အရှင်အာနန္ဒာ လျှောက်ထားမေးမြန်း ရခြင်းဖြစ်ပါတယ်။

ဒီတော့ "သတိထားပေါ့ အာနန္ဒာ" လို့ ဘုရားရှင် မိန့်ကြားရခြင်းရဲ့ အကြောင်း ကို ဘုန်းကြီးက ဆက်လက်ပြီး ပြောပြပါအုံးမယ်။

သာသနာမှာ နေနိုင်ခြင်း[1]

ရာသီဥတု ဆိုးဝါးပြင်းထန်နေပါတယ်၊ သိပ်ပူပြင်းအိုက်စပ်တဲ့ နွေဥတု ဖြစ်ပါတယ်၊ အရှင်ပိဏ္ဍောလဘာရဒ္ဓါဇက သာဝတ္ထိမြို့မှာ ဆွမ်းခံဘဉ်းပေးပါတယ်၊ ဆွမ်းကိစ္စပြီးတဲ့အခါ "ဒီနေ့တော့ အေးတဲ့နေရာ သွားနေအုံးမှပဲ" ဆိုတဲ့ ရည်ရွယ် ချက်နဲ့ တန်ခိုးဂုဏ်ဒွိပါဒ်နဲ့ ထွက်ကြွလာခဲ့ပါတယ်၊ ဂင်္ဂါမြစ်ကမ်း ဥဒေနမင်းရဲ့ ဥယျာဉ် အတွင်း သက်ဆင်း ဝင်ရောက်သွားပါတယ်။

အဲဒီဥယျာဉ်ဟာ အရိပ်အာဝါသနဲ့ ပြည့်စုံပါတယ်၊ ရေပြင်ပေါ်ကို ဖြတ်သန်း လာတဲ့ လေပြေလေအေးကလဲ တဖြူးဖြူး တိုက်ခတ်နေပါတယ်၊ နွေရာသီမှာ အပူ ဒဏ်ကြောင့် ပင်ပန်းနေသူတွေကို လက်ယပ်ခေါ်ယူနေသလို ဖြစ်နေပါတယ်၊ ဒါနဲ့ အရှင်ပိဏ္ဍောလကလဲ အဲဒီဥယျာဉ်အတွင်း သစ်တစ်ပင်ရင်းမှာ သီတင်းသုံး ထိုင်နေ တော်မူပါတယ်။

အဲဒီနေ့မှာပဲ ဥဒေနမင်းကလဲ နောက်လိုက်နောက်ပါ အခြွေအရံမိန်းမတွေနဲ့ အတူ ဥယျာဉ်ထဲကို ထွက်လာခဲ့ပါတယ်၊ မင်္ဂလာကျောက်ဖျာပေါ် ခင်းထားတဲ့ နေရာမှာ လဲလျောင်းနေပါတယ်၊ ကိုယ်လုပ်တော်မိန်းမတစ်ဦးက ခြေဆုပ်လက်နယ် ပြုနေပါတယ်၊ ကျန်တဲ့မိန်းမတွေက အတီးအမှုတ် အကအခုန်တွေနဲ့ ဖြေဖျော်နေကြ ပါတယ်၊ မကြာခင်မှာဘဲ ရှင်ဘုရင်က အိပ်ပျော်သွားပါတယ်။

၁။ သံယုတ်–ပါ–၂၊ ၃၂၉။ ၄င်း–၅–၃၊ ၃၉။

http://www.dhammadownload.com

ရှင်ဘုရင် အိပ်ပျော်သွားတဲ့အခါ ဖြေဖျော်နေတဲ့မိန်းမတွေက တူရိယာတွေကို ချထားခဲ့ပြီး ဥယျာဉ်ထဲကို ထွက်သွားကြပါတယ်၊ အသီးအနှံတွေတွေ့ရင် ခူးစားလိုက်, ပန်းတွေတွေ့ရင် ခူးပန်လိုက်နဲ့ တပျော်တပါးလှည့်ပတ်သွားလာ နေကြရင်း ပိဏ္ဍောလ ထေရ်ကို သွားတွေ့ကြပါတယ်၊ "ဟေ့–ကောင်မတွေ ! ဆူညံမနေနဲ့ဟေ့"လို့ မေးထိုး ပြောက, လက်ပြကာနဲ့ အချင်းချင်း တားမြစ်ကြရင်း မထေရ် အနီးကို သွားရောက်ပြီး ရှိခိုးထိုင်နေကြပါတယ်။

"သင်တို့တစ်တွေဟာ ကိုယ့်ထက်သာ မနာလိုဆိုတဲ့ သဘောကို ပယ်ဖျောက်ကြရမယ်၊ ဝန်တိုမှုဆိုတဲ့သဘောကိုလဲ မထားကြရဘူး"

စသည်ဖြင့် ပိဏ္ဍောလထေရ်က သူတို့တစ်တွေနဲ့ သင့်တော်ရုံမျှဖြစ်တဲ့ တရားစကားကို ပြောဟောနေပါတယ်။

အဲဒီအချိန်မှာပဲ ခြေဆုပ်လက်နယ် ပြုလုပ်ကျန်ရစ်နေတဲ့ ကိုယ်လုပ်တော်က ရှင်ဘုရင်ရဲ့ ခြေကိုလှုပ်ပြီး တမင်နိုးအောင် ပြုလုပ်လိုက်ပါတယ်။

"ဟိုကောင်မတွေ ဘယ်ကို ထွက်သွားကြသလဲ ?"။

ဥဒေနဘုရင်က အိပ်ရာက နိုးလျှင်နိုးချင်း မေးပါတယ်။

"အဲဒီ အကောင်မတွေက အရှင်မင်းမြတ်ကို ဘာအရေးစိုက်လိမ့်မလဲ၊ ဟိုမှာ မတွေ့ဘူးလား၊ ရဟန်းတစ်ပါးကို ဝိုင်းအုံ ထိုင်နေကြတာပဲ"။

ကိုယ်လုပ်တော်ရဲ့ စကားကို ကြားရတဲ့အခါ ဥဒေနမင်းက ဒေါသအမျက် ခြောင်းခြောင်းထွက်လာပါတော့တယ်၊ ဖိုခုံလောက်ပေါ်ကို ပစ်ချလိုက်တဲ့ ဆားလို တဖျစ်ဖျစ်မြည်ကာ ထလာပါတော့တယ်။

ဒီရဟန်းကိုတော့ ဒီနေ့ ခါချဉ်စာ ကောင်းကောင်းကျွေးလိုက်ရအုံးမယ်။

ဒီလို ပြောပြောဆိုဆို ထွက်သွားပါတော့တယ်၊ အသောကပင်တစ်ပင်မှာ ခါချဉ် ထုပ်ကြီးတစ်ထုပ်ကို အဆင်သင့် တွေ့ရတော့ လက်နဲ့ သစ်ကိုင်းကို လှမ်းဆွဲလိုက် ပါတယ်၊ သစ်ကိုင်းက လက်ကလွတ်ထွက်သွားပါတယ်၊ သစ်ကိုင်း လှုပ်ယမ်းတဲ့ အရှိန်နဲ့ ခါချဉ်ထုပ်ပြုတ်ပြီး ဥဒေနမင်းရဲ့ ခေါင်းပေါ်ကို တည့်တည့် မတ်မတ် ကျလာ ပါတော့တယ်၊ တစ်ကိုယ်လုံး စပါးဖွဲနဲ့ ကြိုဖြန့်ထားသလို, မီးတုတ်နဲ့ ရှို့လိုက်သလို ဖြစ်နေပါတော့တယ်။

ပိဏ္ဍောလထေရ်ကလဲ "ဥဒေနမင်းက ဒေါသထွက်နေတယ်"ဆိုတာကို သိရတဲ့ အတွက် တန်ခိုးဣဒ္ဓိပါဒ်နဲ့ပဲ ပြန်လည်ကြွသွားတော်မူပါတယ်။

http://www.dhammadownload.com

ဒီတော့ ပိဏ္ဍောလဆေရ်နားမှာ ဝိုင်းအုံထိုင်နေကြတဲ့ မိန်းမတွေကလဲ ဥဒေနမင်းရဲ့အနီးကို ရောက်လာကြပါတယ်၊ ဥဒေနမင်းရဲ့ကိုယ်ကို ပွတ်သပ်ဟန်ဆောင်ကြရင်း မြေပေါ်မှာကျနေတဲ့ ခါချဉ်တွေကို ကောက်ယူပြီး ကိုယ်ပေါ်မှာလဲ ပစ်တင်ကြပါတယ်။

"ဒါ ဘယ်လိုဟာတဲ့လဲ၊ အခြားဘုရင်တွေကတော့ ရဟန်းတော်တွေကို တွေ့လို့ရှိရင် ရှိုလဲခိုးကြပါတယ်၊ သိလိုတာကိုလဲ မေးမြန်းလျှောက်ထားကြပါတယ်၊ ဒီရှင်ဘုရင်ကြီးကတော့ ခါချဉ်ထုပ်ကို ကိုယ့်ခေါင်းပေါ်မှာ ပေါက်ခွဲချင်တယ်၊ ဒါဟာ ဘယ်လိုသဘောပါလိမ့်"။

ဒီလို နှုတ်လှန်ထိုးကာလဲ ပြောဆိုနေကြပါတော့တယ်၊ ဥဒေနမင်းဟာ မိန်းမလိုက်စားသူဖြစ်ပါတယ်၊ ဒါနဲ့ နဂိုကပဲ အဲဒီမိန်းမတွေနဲ့ ရင်းနှီးကျွမ်းဝင်မှု ရှိနေပါတယ်၊ ဒါ့ကြောင့် နှုတ်လှန်ထိုးကာ ဒီလို ပြောဆိုဝံ့ကြတာပါပဲ။

ဥဒေနမင်းက ကိုယ့်အပြစ်ကို ကိုယ်မြင်လာပါတယ်၊ ဒါနဲ့ ဥယျာဉ်စောင့်ကို အခေါ်ခိုင်းပြီး စုံစမ်းမေးမြန်းမှုကို ပြုပါတယ်။

"ခုနက ဥယျာဉ်ထဲမှာ နေသွားတဲ့ ရဟန်းဟာ အခြားနေ့တွေမှာလဲ ဒီကို ကြွလာတတ်သလား ?"။

"မှန်လှပါ အရှင်မင်းမြတ် ကြွလာတတ်ပါတယ်"။

"ဒါဖြင့် ဒီကိုလာတဲ့နေ့မှာ မင်းက ငါ့ကို လာပြောရမယ်"။

ဒီလို မှာထားခဲ့ပြီး ဥဒေနမင်းကလဲ နန်းတော်တွင်းကို ပြန်သွားပါတယ်။

ပိဏ္ဍောလဆေရ်ကလဲ ရက်အနည်းငယ် ကြာတဲ့အခါ ကြွလာပြီး အဲဒီ သစ်ပင်ရင်းမှာပဲ သီတင်းသုံးထိုင်နေပြန်ပါတယ်၊ ဥယျာဉ်စောင့်က တွေ့လျှင်တွေ့ချင်းပဲ ခပ်မြန်မြန်သွားပြီး ဥဒေနမင်းကို သံတော်ဦးတင်ပါတယ်။

ဥဒေနမင်းကလဲ အမတ်တွေနဲ့အတူ ဥယျာဉ်ထဲကို ထွက်လာခဲ့ပါတယ်၊ ပိဏ္ဍောလဆေရ်အနားကို ရောက်တဲ့အခါ သင့်တော်ရာကထိုင်ပြီး သိလိုတဲ့အချက်အလက်တွေကို မေးမြန်းလျှောက်ထားပါတော့တယ်။

"အရှင်ဘုရား ! ဂေါတမဗုဒ္ဓရဲ့ သာသနာတော်တွင်းမှာ နေထိုင်ကြတဲ့ အချို့ရဟန်းကလေးတွေဟာ ပထမအရွယ်မျှသာ ရှိကြပါသေးတယ်၊ သူတို့တစ်တွေဟာ ကာမဂုဏ်မခံစားဘဲ ဒီအကျင့်မြတ်ကို ပြည့်ပြည့်စုံစုံ စင်စင်ကြယ်ကြယ်ကျင့်ပြီး ဘာ့ကြောင့် တစ်သက်လုံး နေနိုင်ကြပါသလဲဘုရား ?"။

"မဟာရာဇာ ! ရှင်တော်မြတ်ဘုရားက 'ဘိက္ခုတို့ ! သင်တို့တစ် တွေဟာ အမိအရွယ်ရှိတဲ့ သူတွေရဲ့အပေါ်မှာ အမိဆိုတဲ့စိတ်ကို ထားကြရမယ်၊ နှမအရွယ်

http://www.dhammadownload.com

ရှိတဲ့ သူတွေအပေါ်မှာ နှမဆိုတဲ့စိတ်ကို ထားကြရမယ်၊ သမီး အရွယ်ရှိတဲ့ သူတွေရဲ့အပေါ်မှာ သမီးဆိုတဲ့စိတ်ကို ထားကြရမယ်၊' ဒီလို ရဟန်းတော်တွေကို ဆုံးမသြဝါဒ ပေးထားပါတယ်၊ အဲဒီဆုံးမသြဝါဒအတိုင်း လိုက်နာကျင့်သုံး နေထိုင်ကြတဲ့အတွက် သူတို့တစ်တွေဟာ တစ်သက် ပတ်လုံး လူမထွက်ဘဲ နေနိုင်ကြတာပါပဲ"။

"အရှင်ဘုရား ! စိတ်ဆိုတာဟာ လော်လည်တတ်ပါတယ်၊ ဖောက်ပြား တတ်ပါတယ်၊ ရဲခါ အမိအရွယ်ရှိတဲ့ သူတွေရဲ့ အပေါ်မှာလဲ တပ်မက်မှုရာဂ ဖြစ်တတ်ပါတယ်၊ နှမအရွယ်ရှိသူတွေရဲ့ အပေါ်မှာလဲ တပ်မက်မှုရာဂ ဖြစ်တတ် ပါတယ်၊ သမီးအရွယ်ရှိသူတွေရဲ့ အပေါ်မှာလဲပဲ တပ်မက်မှုရာဂ ဖြစ်တတ် ပါတယ်၊ ဒီတော့ သူတို့ ဒီလိုနေနိုင်ခြင်းရဲ့ အခြားအကြောင်းများ ရှိပါသေး သလား ?"။

"မဟာရာဇာ ! ရှင်တော်မြတ်ဘုရားက 'ဘိက္ခုတို့ ! သင်တို့တစ် တွေဟာ ဒီခန္ဓာကိုယ်တစ်ခုလုံးကိုပဲ အမျိုးမျိုးအစားစား မစင်မကြယ် ရွံစဖွယ်ဖြစ်တဲ့ ဝတ္ထုတွေနဲ့ ပြည့်နှက်နေတယ်လို့ ရှုဆင်ခြင်ကြပေတော့၊ ဒီခန္ဓာကိုယ်မှာ (အင်မတန် ရွံစရာကောင်းတဲ့)–

၁။ ဆံပင်, မွေးညင်း, ခြေသည်း လက်သည်း, သွား, အရေ၊
၂။ အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညှို့၊
၃။ နှလုံး, အသဲ, အမြှေး, အဖျဉ်း, အဆုတ်၊
၄။ အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်၊
၅။ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ၊
၆။ မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်။–

တွေသာ ရှိနေပါတကား၊ တပ်မက်စရာကောင်းတာ ဘာတစ်ခုမှ မရှိပါဘူး၊ ဒီလို ဆင်ခြင်ရမယ်'လို့လဲ ရဟန်းတွေကို ဟောပြောထားပါတယ်၊ ကိုယ်တော် ကလေး တွေကလဲပဲ ဟောထားတဲ့အတိုင်း လိုက်နာကျင့်သုံး နေထိုင်ကြပါတယ်၊ ဒါ့ကြောင့် လဲ လူမထွက်ဘဲ တစ်သက်ပန် နေနိုင်ကြတာပဲ"။

"အရှင်ဘုရား ! ဒီကိစ္စဟာ သိပ်မလွယ်ကူတဲ့ ကိစ္စပါ၊ အတော်ကလေး တရားရှုမှတ်ထားတဲ့ ရဟန်းတော်များအတွက်တော့ လွယ်ကူပါလိမ့်မယ်၊ 'တရားရှုမှတ်မှု အသားမကျသေးတဲ့ ရဟန်းတော်များအတွက်တော့ ခဲယဉ်း လိမ့်မယ်'ထင်ပါတယ်၊ ရဲခါ 'အသုဘ'လို့ နှလုံးသွင်းမယ် ကြံပေမဲ့ 'သုဘ' အနေနဲ့သာ ဖြစ်ပေါ်လာတတ်ပါတယ်၊ ဒီတော့ သူတို့ ဒီလို လူမထွက်ဘဲ

http://www.dhammadownload.com

တစ်သက်ပန်နေနိုင်ခြင်းရဲ့ အခြားအကြောင်းများ ရှိပါသေးသလား ?"။

"မဟာရာဇာ ! ရှင်တော်မြတ်ဘုရားက 'ရဟန်းတို့ ! သင်တို့ တစ်တွေဟာ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်-ဆိုတဲ့ ဣန္ဒြေ(၆)ပါးကို သတိဆိုတဲ့ တံခါးရွက်နဲ့ လုံခြုံအောင် ပိတ်ဆို့နေကြရမယ်၊' ဒီလိုလဲ ဟောပြောထားပါသေးတယ်၊ ဟောထားတဲ့ အတိုင်းလဲပဲ သူတို့ တစ်တွေဟာ ကျင့်သုံးနေထိုင်ကြပါတယ်၊ ဒါ့ကြောင့်လဲ လူမထွက်ဘဲ တစ်သက်ပန် နေနိုင်ကြတာပါပဲ"။

"အရှင်ဘုရား ! ဟုတ်ပြီ၊ ရှင်တော်မြတ်ဘုရားဟာ ဒီစကားတော်ကို သိပ်ကောင်းအောင် ဟောထားတာပါပဲ၊ ဒီသတိဆိုတဲ့ တရားဟာပဲ သူတို့ တစ်တွေ လူမထွက်ဘဲ တစ်သက်ပန် နေနိုင်ခြင်းရဲ့ အကြောင်းပေါ့။

အရှင်ဘုရား ! တပည့်တော်ကိုယ်တိုင်လဲပဲ သတိလွတ်ကင်းပြီး ဣန္ဒြေတွေကို မစောင့်စည်း မပိတ်ဆို့ဘဲ နန်းတော်တွင်းကို ဝင်သွားတဲ့အခါမျိုးမှာ တဏှာရာဂတရားတွေက တပည့်တော်ကို အင်မတန် နှိပ်စက်ကြပါတယ်၊ သတိကင်းလွတ်ခွင့်မပေးဘဲ ဣန္ဒြေတွေကို စောင့်စည်းပိတ်ဆို့လို့ ဝင်သွားတဲ့ အခါမျိုးမှာတော့ တဏှာရာဂတရားတွေက တပည့်တော်ကို မနှိပ်စက်နိုင်တော့ပါ"။

ဥဒေနရာဇာက ဒီလိုလဲ ဝန်ခံလျှောက်ထားပါတယ်၊ သရဏဂုံလဲဆောက်တည်သွားပါတယ်၊ ဗုဒ္ဓဘာသဝင် ဒကာတစ်ဦးအဖြစ် အသိအမှတ်ပြုပါမည့် အကြောင်းကိုလဲ လျှောက်ထားသွားပါတယ်။

ဒါကိုပဲ အကြောင်းပြုပြီး ဘုရားရှင်က "သတိထားပေါ့ အာနန္ဒာ !"လို့ အကျဉ်းမျှ ဖြေဆိုရခြင်း ဖြစ်ပါတယ်။

ဒီနေ့ညတော့ ဒီလောက်နဲ့ပဲ လက်စသတ်လိုက်ကြစို့ရဲ့၊ ဒီတော့ ရဟန်းတော်တွေကလဲပဲ သံသဂ္ဂမဖြစ်ရအောင် နေထိုင်ကျင့်သုံးကြပါ၊ ဒကာ ဒကာမတွေကလဲ "သာသနာရေး သာသနာမှုမှတစ်ပါး အခြားကိစ္စတွေအတွက် ရဟန်းတော်တွေနဲ့ အရောတဝင် ပေါင်းသင်းဆက်ဆံမှုကို ရှောင်ကြဉ်ကြပါ"လို့ ဘုန်းကြီးက မေတ္တာရပ်ခံပါတယ်။

ဒီလို မေတ္တာရပ်ခံတဲ့အတိုင်း လိုက်နာကျင့်သုံးကြပြီး မိမိတို့နဲ့ သက်ဆိုင်ရာ သာသနာ့တာဝန်တွေကို ဆတက်ထမ်းပိုး ကြိုးစားအားထုတ် နောက်မဆုတ်ဘဲ ထမ်းဆောင်နိုင်ကြပါစေကုန်သတည်း။

သာဓု – သာဓု – သာဓုပါ ဘုရာ.

http://www.dhammadownload.com

ရဟန်းတော်များနှင့် ဒကာမများဆက်ဆံရေး

သင်္ကြန်အတက်နေ့ နံနက်အချိန်မှာလည်း ဆရာတော်ဦးဓမ္မိကသည် ဥပုသ်သည်များကို ကိုယ်တိုင်သီလပေးသည်၊ ထို့နောက် သံဃာတော်များ ကြွလာရန် အချက်ပေးသံချောင်း အခေါက်ခိုင်းသည်၊ သံဃာတော်များ ကြွလာ၍ နေသားတကျ ထိုင်မိသည့်အခါ တရားစတင်ဟောကြားပါသည်။

ဒီနေ့လဲ ရဟန်းတော်များနဲ့ မာတုဂါမတွေရဲ့ ဆက်ဆံရေးကိုပဲ ဆက်လက်ပြီး ပြောပါအုံးမယ်၊ ရဟန်းတော်တွေဟာ မာတုဂါမတွေနဲ့ ပတ်သက်ပြီး အကျင့်သီလ ပျက်စီးတာ များတတ်ပါတယ်၊ ဒါ့ကြောင့် ရဟန်းတော်တွေလဲ စောင့်စည်းနိုင်အောင်, ဒကာမတွေလဲ ဆင်ခြင်နိုင်အောင်ဆိုတဲ့ ရည်မှန်းချက်နဲ့ ပါဠိတော်တွေ, အဋ္ဌကထာတွေထဲက လိုရင်းကို ထုတ်နုတ်ပြီး ဘုန်းကြီးက ဒါကိုပဲ အတော်ခပ်များများ ပြောနေရပါတယ်၊ ဒီတော့ အမျိုးသမီးတွေထဲက "ရဟန်းတော်တွေ အထူးသတိထားဆင်ခြင်သွားလာဝင်ထွက်ရမဲ့, ပေါင်းသင်းဆက်ဆံရမဲ့သူတွေ"ကို စတင်ပြောကြားပါ့မယ်။

အဂါဝရ ၅-ဌာန

ရဟန်းတို့ ရောနှောယှက်တင် အကျွမ်းတဝင် မနေသင့်သူ ၅-ယောက်ရှိတယ်၊ အဲဒီ ၅-ယောက်ထဲက တစ်ယောက်ယောက်နဲ့ ရောနှောယှက်တင် အကျွမ်းတဝင် နေထိုင်တဲ့ရဟန်းဟာ ရဟန္တာဖြစ်နေတောင်မှ "ယုတ်မာတဲ့ ရဟန်း"လို့ လူတွေရဲ့ အထင်အမြင် လွဲမှားမှုကို ခံရတတ်တယ်။

၁။ ပြည့်တန်ဆာမ၊
၂။ လင်သေလင်ပြတ် တစ်ခုလပ် မုဆိုးမ၊
၃။ အပျိုကြီး၊
၄။ နုပုံး ပဏ္ဍုက် (မိန်းမရာ, ယောကျ်ားရာ၊)
၅။ ဘိက္ခုနီ (သီလရှင်, ယောဂီမ၊)

ဒီ ၅-ယောက်ထဲက တစ်ယောက်ယောက်နဲ့ ရောနှောယှက်တင် အကျွမ်းတဝင် နေထိုင်တဲ့ ရဟန်းဟာ ရဟန္တာဖြစ်နေတောင်မှ "ရဟန်းယုတ်, ရဟန်းညံ့"လို့ သူတစ်ပါး အထင်အမြင် လွဲမှားလာစရာ ဖြစ်တယ်။

ဒီလို ဘုရားရှင်က ဟောထားပါတယ်၊ ဒီအထဲမှာ (ဘုံဆိုင်)အရက်ဆိုင်ကို ထည့်လိုက်တော့ အဂါဝရ ၆-ဌာနဖြစ်ပါတယ်။

ပြည်မတန်ဆာ, လင်ကွာမိန်းမ, မုဆိုးမနှင့်, ဟိုင်းမပျိုကြီး, တသီးသွင်ယုတ်, ပဏ္ဍုက် ဘိက္ခုနီ, တလိထိုနောက်, သေသောက်အိမ်ခေါ်, အပ်မ

၁။ ပရိ၀ါ-ပါ၊ ၂၃၀။ ၄င်း-၆၊ ၁၇၃။ ပါစိတ္တိ၃-၆၊ ၂၇၃။ အံ-ပါ-၂၊ ၁၁၂။ ၄င်း-၆-၃၊ ၄။

http://www.dhammadownload.com

လျော်သား, ဆဂေါစရ, ခြောက်ဌာနဒ္ဒ, သီလချစ်ခင်, သူတော်စင်တို့, ကျွမ်းဝင်ဘယ်ခါ, မပြုရာတည်း၊ ပြုပါတပြီး, ခရီးကုန်းကြောင်း, ဖုံထောင်း ထောင်းဌ်, မိကျောင်းကြည်းတင်, ဖြစ်တတ်ကျင်၏။[၁]

မန်လည်ဆရာတော်ကလည်း ဒီလိုဆိုထားပါတယ်၊ ဒါတွေကို နည်းနည်း ရှင်းလင်းပြောပြပါ့မယ်။

အဂေါစရ နွားတွေရဲ့ မပြတ်မလပ် ကျက်စားနေတဲ့ အရပ်ကို "နွားစားကျက်=ဂေါစရ"လို့ ခေါ်ရသလို လူသူအများအပြား သွားလာဝင်ထွက်နေတဲ့ အရပ်ကိုလဲ "ကျက်စားရာ=ဂေါစရ"လို့ပဲ ခေါ်ရပါတယ်၊ ဒါ့ကြောင့် ခေတ္တခဏ ဆွမ်းခံသွားတာ, ဆွမ်းရပ်တာတွေကို "ကျက်စားရာ"လို့ မဆိုသင့်ပါဘူး၊ မပြတ်မလပ် သွားလာပြီး မိတ်ဆွေသဘောနဲ့ စကားစမြည် ပြောဆိုနေတာမျိုးကိုသာ "ကျက်စားရာ"လို့ ဆိုသင့်ပါတယ်၊ ဒီတော့ ပြည့်တန်ဆာစတဲ့ ၅-ဦးတို့နဲ့ အဲဒီလို ရောနှောယှက်တင် အကျွမ်းတဝင် မနေရတာကိုဘဲ "အဂေါစရ"လို့ ဆိုရပါတယ်။

၁။ **ပြည့်တန်ဆာမ** ပစ္စည်းဝတ္ထု အနည်းငယ်ခန့်, ပေးရုံလောက်နဲ့, လွန်ကျူးဖို့, လွယ်ကူတဲ့ မိမိရဲ့ ကိုယ်ခန္ဓာနဲ့ ရင်းနှီးပြီး အသက်မွေးနေတဲ့ မိန်းမမျိုးကို "ပြည့်တန်ဆာမ"လို့ ခေါ်ပါတယ်။

ဆွမ်းခံသွားတာကို ရိုးမယ်ဖွဲ့လို့ပဲဖြစ်ဖြစ်, ဆွမ်းရပ်တာကို ရိုးမယ်ဖွဲ့လို့ပဲဖြစ်ဖြစ် ချစ်ခင်ပေါင်းသင်း ဆက်ဆံလိုတဲ့စိတ်မျိုးနဲ့ အမြဲတွေ့လို, စကားပြောလိုတဲ့အတွက် ပြည့်တန်ဆာမတွေဆီသို့ အမြဲတမ်း သွားလာဝင်ထွက်နေတဲ့ ရဟန်းမျိုးကို "ပြည့်တန်ဆာမနဲ့ ရောနှောယှက်တင် အကျွမ်းတဝင်နေထိုင်တဲ့ရဟန်း (ပြည့်တန်ဆာမဆိုတဲ့ ကျက်စားရာရှိတဲ့ရဟန်း)"လို့ ခေါ်ပါတယ်။

အဲဒီလို ပြည့်တန်ဆာမနဲ့ ရောနှောယှက်တင် အကျွမ်းတဝင် နေထိုင်တဲ့ ရဟန်းဟာ မကြာလှတဲ့ အချိန်အတွင်းမှာပဲ "ဘယ်ပြည့်တန်ဆာမနဲ့ ထွက်ပြေးသွားပြီ"လို့ အပြောအဆို ခံရတတ်ပါတယ်၊ ကြွင်းတဲ့သူတွေနဲ့ ရောနှောတဲ့အတွက် ဖြစ်သင့်တဲ့ အပြစ်တွေကိုလဲပဲ စဉ်းစားကြည့်မယ်ဆိုရင် သိနိုင်လောက်ပါတယ်၊ ဒါ့ကြောင့် ဒါတွေကို ဘုန်းကြီးက အကျယ်ဋီကာ မချဲ့လိုတော့ပါဘူး။

ပြည့်တန်ဆာမ စတဲ့သူတွေက ဆွမ်းစသည် လှူဒါန်းခဲ့ပါရင် အဖော်ရဟန်းတွေနဲ့ အတူသွားပြီး အတူစားလို့ပဲဖြစ်ဖြစ်, ဆွမ်းကိုယူလို့ပဲဖြစ်ဖြစ် ပြန်လာသင့်ပါတယ်။

၁။ မဃ-ဋီ၁ရေ၊ ၄၂၅။

http://www.dhammadownload.com

၂။ လင်သေလင်ပြတ် တစ်ခုလပ် မုဆိုးမ "လင်သေသွားတဲ့ မုဆိုးမ, ပြတ်စဲကွာရှင်းထားတဲ့အတွက် လင်နဲ့ကွဲနေတဲ့ တစ်ခုလပ်မိန်းမ, လင်ယောကျ်ား ခရီးထွက်နေမှု စသည်တို့ကြောင့် လင်နဲ့ အခိုက်အတန့် ကွဲကွာနေတဲ့မိန်းမ"၊ ဒီမိန်းမတွေကိုပဲ "လင်သေ လင်ပြတ် တစ်ခုလပ် မုဆိုးမ"လို့ ဆိုထားပါတယ်၊ ဒီမိန်းမမျိုးတွေဟာလဲပဲ ယောကျ်ားတစ်ဦးဦးနဲ့ မိတ်ဖွဲ့ဖို့ တောင့်တနေတတ်ကြပါတယ်။

တရားမသိ, ဣတ္ထိတံထွာ, ဓမ္မတာဖြင့်, လင်ကွာ လင်သေ, ကိုယ်နေပျက်ပြီး,ံမိန်းမကြီးတို့, နပ်ပြီးကုန်ကြ, လူဘာဝ၌, ကိစ္စသတ္တိ, လက်စည်းသိ၍, ဟိရိသြတ္တပ်, မကပ်ကြောက်ရှက်, တလင်းတက်၏။[၁]

မန်လည်ဆရာတော်ဘုရားက သူ၏မဃဒေဝလင်္ကာမှာ ဒီလိုလဲ မိန့်ဆိုထားပါသေးတယ်။

၃။ အပျိုကြီး အိမ်ထောင်မကျဘူးသေးတဲ့ အရွယ်ရောက်ပြီး, အရွယ်လွန်ပြီး အမျိုးသမီးတွေကို သိမ်းကျုံးပြီးတော့ "အပျိုကြီး"လို့ ဆိုထားပါတယ်၊ သူတို့တစ်တွေဟာလဲပဲ အများအားဖြင့် ယောကျ်ားကို လိုလားတောင့်တပြီး လှည့်လည်သွားလာနေတတ်ကြပါတယ်၊ ယောကျ်ားတစ်ဦးဦးနဲ့ အဆက်အသွယ်ဖြစ်ဖို့ တောင့်တနေတတ်ကြပါတယ်။

အသက်နုနယ်, အရွယ်ရောက်ထ, ပျံသင်စက, ဟိုင်းမပျိုသို့, မိန်းမမျိုးမှု, ဒီတိုးသော့လား, ရေငတ်နွားနှင့်, နာဖျားပျောက်စ, နာလံထသို့, ငတ်လှချင်ချင်, အိမ်မြှောင်မြင်လည်း, စားချင်ငင်းငင်း, အာသာပြင်းသို့, အူတွင်း ကယား, ယောကျ်ားအလို, လူမဆိုသေး, ခွေးကိုသော်မျှ, ကပ်တတ်ကြ၏။[၂]

သောဠသစစ်, ဆယ့်ခြောက်နှစ်သို့, ရောက်လစ်တုံငြား, မိန်းမများကား, ယောကျ်ားအလို, ကမ်းနှယ်ပြို၏၊ စီးယိုကျဖိတ်, လော်လည်စိတ်လည်း, မပိတ်ဆို့သာ, လှိုက်လှိုက်ဆာ၍, ဓမ္မတာအမျိုး, တက်ရေတိုးသို့, ဖြိုးဖြိုးဝေလျက်, ရမ္မက်သွေးကြွ, လျှမ်းလျှမ်းထ၏။[၃]

ဒီလိုလဲ မန်လည်ဆရာတော်ဘုရားက မဃဒေဝလင်္ကာမှာ မိန့်ဆိုထားပါသေးတယ်။

၄။နပုံးပဏ္ဍာက် စာထဲမှာက နပုံးဆိုတာ ကျား+မအင်္ဂါဇာတ် လုံးဝမပါသူကို ဆိုတယ်၊ ပဏ္ဍာက်ဆိုတာက "ကျား–စိတ်, မ–စိတ်" ပြည့်ပြည့်ဝဝမရှိ ချွတ်ယွင်းသူကို ခေါ်တယ်၊ အခြားသူများ မေထုန်စပ်ယှက်တာကို ကြည့်ရမှ ကာမစိတ်ပြေတဲ့

၁+၂။ မဃဒေဝ–ဗိုဒိရေ၊ ၂၉၈။ ၃။ မဃ–ဗိုဒိရေ၊ ၃၀၄။

http://www.dhammadownload.com

ပုဂ္ဂိုလ်မျိုး စသည်ပေါ့၊ ပြီးတော့ ကျား+မအင်္ဂါ ၂-မျိုးပါတဲ့ ဥဘတောဗျည်းဆိုတာလဲ ရှိသေးတယ်၊ ဒီမှာ မပါပေမဲ့ ယူသင့်တယ်၊ ဒါတွေကို ချုပ်လိုက်ရင် ကိလေသာ ကာမရာဂများတဲ့, ကာမရာဂငြိမ်းအောင် မစွမ်းဆောင်နိုင်တဲ့သူများကိုပဲ "နပုံး, ပဏ္ဍုက်, မိန်းမရာ, ယောကျ်ားရာ"လို့ ဆိုထားပါတယ်။

၅။ **ဘိက္ခုနီ** သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်နဲ့တူတဲ့ မိန်းမတွေကို "ဘိက္ခုနီ"လို့ ခေါ်ပါတယ်၊ အဲဒီဘိက္ခုနီတွေနဲ့ လျင်မြန်စွာပဲ အကျွမ်းဝင်မှု ဖြစ်တတ်ပါတယ်၊ အကျွမ်းဝင်လွန်းတော့ သီလပျက်စီးမှုလဲ ဖြစ်တတ်ပါတယ်၊ အခုခေတ်မှာတော့ ဘိက္ခုနီတွေ မရှိတော့ပါဘူး၊ လုံးဝအဆက်ပြတ်သွားပါပြီ။

ဒါပေမဲ့ သီလရှင်တွေ, ယောဂီမတွေကိုလဲ ဘိက္ခုနီအလား သဘောထားပြီး ဆက်ဆံမှုကို ပြုသင့်မယ် ထင်ပါတယ်။

ဒီနေရာမှာ "ပြည့်တန်ဆာမစတဲ့ သူတွေရဲ့အိမ်ကို အမြဲတမ်း သွားလာဝင်ထွက်နေမှုကို ပြုတဲ့ရဟန်းမှာသာ အပြစ်ရှိတယ်၊ အခြားသူတွေရဲ့အိမ်ကို အမြဲတမ်းဝင်ထွက်သွားလာမှုကို ပြုနေတဲ့ ရဟန်းမှာတော့ အပြစ်မရှိဘူးလား?"၊ မေးစရာ ရှိနေပါတယ်၊ ပြည့်တန်ဆာမစတဲ့ သူတွေရဲ့အိမ်ကို အမြဲတမ်း ဝင်ထွက်သွားလာတာလောက် မဆိုဝါးပေမဲ့ အပြစ်တော့ ရှိပါတယ်၊ ဘယ်လိုအပြစ်တွေ ရှိတယ် ဆိုတာကိုတော့ ဘုရားရှင်ကိုယ်တိုင်ကပဲ ဟောထားပြီး ဖြစ်ပါတယ်။

အိမ်လည်ရဟန်းအပြစ်[၁]

အလွန်အချိန်ကြာမြင့်အောင် အိမ်တွေမှာ လည်ပတ်ရင်း လူတွေနဲ့ ရောရောနှောနှော နေထိုင်တဲ့ ရဟန်းမှာ-

၁။ မာတုဂါမကို အမြဲတမ်း တွေ့မြင်ရတတ်တယ်၊
၂။ မြင်ဖန်များရင် ရောနှောခြင်း ဖြစ်လာတတ်တယ်၊
၃။ ရောနှောလို့ရှိရင် အကျွမ်းဝင်မှု ဖြစ်လာတတ်တယ်၊
၄။ အကျွမ်းဝင်လာလို့လာလို့ရှိရင် ကိလေသာရာဂ ထကြွသောင်းကျန်းလာတတ်တယ်။
၅။ ကိလေသာရာဂ ထကြွသောင်းကျန်းလာရင် မမွေ့လျော် မပျော်ပိုက်ဘဲ သော်လဲ သာသနာမှာ နေရတတ်တယ်၊ ညစ်ညမ်းတဲ့ (သံဃာဒိသေသ) အာပတ်တစ်ခုခုသို့သော်လဲ ရောက်ရတတ်တယ်၊ လူသော်လဲ ထွက်ရတတ်တယ်၊ ဒီလို အပြစ် ၃-ခုထဲက တစ်ခုခု ဧကန်ဖြစ်လာလိမ့်မယ်။

၁။ ပရိ၀ါ-ပါ၊ ၂၅၃။ ၄င်း-၄၊ ၁၇၈။ အံ-ပါ-၂၊ ၂၂၆။ ၄င်း-၄-၃၊ ၈၂။ ဓမ္မ-၄၊ ၂၂။ သံ-ပါ-၂၊ ၄၅၉။ ၄င်း-၄၊ ၂၁၃။

http://www.dhammadownload.com

ဒါနဲ့ တစ်ဆက်တည်း ရဟန်းတွေအတွက် အေားကြီး ၄-ပါး (ရဟန်းတွေ လူထွက်ရုံ ၄-မျိုး)ကိုလဲ မှတ်သားသင့်ပါတယ်၊ အဲဒီအေားကြီး ၄-ပါးကိုလဲ ဘုရားဟော ပါဠိတော် အတိုင်းပဲ ပြောပြသွားပါ့မယ်။

ရဟန်းများအတွက် အေားကြီး ၄-ပါး[1]

ရဟန်းတို့ ! ရေထဲကို ဆင်းသူမှာ-

၁။ လှိုင်းတံပိုးအေား၊

၂။ မိကျောင်းအေား၊

၃။ ဝဲအေား၊

၄။ ငါးဆိုးငါးကြမ်းအေား-

ဆိုတဲ့ အေားလေးမျိုးနဲ့ ဧကန်တွေကြုံရသလို ဒီငါဘုရားသာသနာတော်မှာ ရဟန်းပြုသူမှာလဲ "လှိုင်းတံပိုးအေား, မိကျောင်းအေား, ဝဲအေား, ငါးဆိုးငါးကြမ်းအေား" ဆိုတဲ့ အေား ၄-မျိုးနဲ့ ဧကန်တွေ့ကြုံရတတ်ပါတယ်။

၁။ ရဟန်းတို့ ဒီလောကမှာ အချို့သောအမျိုးကောင်းသားဟာ-

"ငါ့အပေါ်သို့ ဇာတိတရားလဲ ကျရောက်နေတယ်၊ ဇရာတရားလဲ ကျရောက်နေတယ်၊ မရဏတရားလဲ ကျရောက်နေတယ်၊ စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးရခြင်း, ကိုယ်ဆင်းရဲရခြင်း, စိတ်ဆင်းရဲရခြင်း, ပြင်းစွာပင်ပန်းရခြင်း တို့လဲကျရောက်နေတယ်၊ ငါဟာ ဆင်းရဲတွင်းသို့ ကျရောက်နေတယ်၊ ဆင်းရဲဒုက္ခရဲ့နှိပ်စက်မှုကို ခံနေရတယ်၊ ချမ်းသာမဖက် ဒီဆင်းရဲစုသက်သက်ကို ကုန်ဆုံးအောင် ပြုနိုင်တန်ရာရဲ့"။

ဒီလို ဆင်ခြင်စဉ်းစားပြီး သဒ္ဓါတရားနဲ့ ရဟန်းပြုလာခဲ့ပါတယ်၊ သာသနာ တွင်းကို ရောက်လာတော့ သူ့ကို-

"ငါ့ရှင် ! သင်ဟာ ဒီလို ရှေ့ကိုသွားရမယ်၊ ဒီလို နောက်ကိုဆုတ်ရမယ်၊ ဒီလို ရှေ့ကိုကြည့်ရမယ်၊ ဒီလို စောင်းငဲ့ကြည့်ရမယ်၊ ဒီလို ကွေးရမယ်၊ ဒီလို ဆန့်ရမယ်၊ ဒီလို သင်္ကန်း, သပိတ်ကို ဆောင်ရမယ်"။

ဒီလို သီတင်းသုံးဖော်တွေက ဆုံးမကြပါတယ်၊ သွန်သင်ကြပါတယ်၊ ဒီတော့ အဲဒီ ရဟန်းသစ်ဟာ-

"ငါဟာ ရွှေးလူဘဝတုံးက အခြားသူတွေကို သွန်သင်မှုကိုလဲ ပြုခဲ့တယ်၊ ဆုံးမမှုကိုလဲ ပြုခဲ့တယ်၊ ဒီရဟန်းတွေကတော့ ငါရဲ့သားအရွယ်, မြေးအရွယ်

၁။ မစ်ပဏ်-ပါ၊ ၁၂၂။ ၄င်း-၅၊ ၁၂၃။ အံ-ပါ-၁၊ ၄၃၈။ ၄င်း-၅၊ ၃၃၁။

http://www.dhammadownload.com

လောက်သာ ရှိသေးတယ်၊ ဒါနဲ့တောင်မှ သွန်သင်သင့်တယ်၊ ဆုံးမသင့်တယ်လို့ မှတ်ထင်ကြပါဘိတယ်"။

ဒီလို တွေးတောစဉ်းစားပြီး အမျက်ထွက်လာပါတယ်၊ စိတ်ချမ်းသာမှုလဲ မရှိတော့ပါဘူး၊ သိက္ခာချ လူထွက်သွားပါတော့တယ်။

အမျက်ထွက်ခြင်း ကောဓ, ပြင်းစွာပင်ပန်းခြင်း ဥပါယာသတို့ကိုပဲ "လှိုင်းတံပိုးဟေး"လို့ ဆိုရပါတယ်။

၂။ ဒီလောကမှာ အချို့သော အမျိုးကောင်းသားဟာ သဒ္ဓါတရားနဲ့ ရဟန်းပြုလာခဲ့ပါတယ်၊ သာသနာတွင်းကို ရောက်လာတဲ့အခါ သူ့ကိုသီတင်းသုံးဖော်တွေက–

"သင်ဟာ ဒါကို စားရမယ်၊ ဒါကို မစားရဘူး၊ နံနက်အခါမှာသာ စားရမယ်၊ နေလွဲသွားရင် မစားရတော့ဘူး"။–

စသည်ဖြင့် သွန်သင်ကြပါတယ်၊ ဆုံးမကြပါတယ်၊ ဒီတော့ အဲဒီရဟန်းသစ်က–

"ငါဟာ လူဘဝတုန်းက စားချင်တာတွေ့ရင် စားလိုက်တာပဲ၊ မစားချင်တာကိုတော့ မစားဘဲ နေလိုက်တာပဲ၊ မနက်ဘက်မှာလဲ စားတာပဲ၊ ညနေဘက်မှာလဲ စားတာပဲ၊ သဒ္ဓါတရားရှိတဲ့ ဒကာတွေက စားစရာ သောက်စရာတွေကို နံနက်ပိုင်းမှာလဲ လှူကြတာပဲ၊ ညနေပိုင်းမှာလဲ လှူကြတာပဲ၊ အဲဒီလို လှူကြတန်းကြတဲ့ နေရာမှာ ဒီရဟန်းတွေက တို့ရဲ့ပါးစပ်ကို ပိတ်ဆို့ထားသလို လုပ်နေကြပါကလား"။

ဒီလို ကြံစည်စဉ်းစားပြီး ဆုံးမသွန်သင်တဲ့ ရဟန်းတွေကို အမျက်ထွက်လာတတ်ပါတယ်၊ စိတ်ချမ်းသာမှုကိုလဲ မရတော့ပါဘူး၊ ဒါနဲ့ သိက္ခာချပြီး လူထွက်သွားပါတော့တယ်။

ဝမ်းစာရှာဖွေတာကိုပဲ "မိကျောင်းဟေး"လို့ ဆိုပါတယ်။

၃။ ဒီလောကမှာ အချို့သော အမျိုးကောင်းသားဟာ သဒ္ဓါတရားနဲ့ ရဟန်းပြုလာခဲ့ပါတယ်၊ အဲဒီရဟန်းသစ်ဟာ မြို့ထဲရွာထဲကို ဆွမ်းခံကြွပါတယ်၊ (ဒါပေမဲ့ အခြားရဟန်းတော်များလို) ကိုယ်ကိုလဲ စောင့်ရှောက်မှု မရှိဘူး၊ နှုတ်ကိုလဲ စောင့်ရှောက်မှု မရှိဘူး၊ စိတ်ကိုလဲ စောင့်ရှောက်မှု မရှိဘူး၊ သတိတရားလဲ ကင်းလွတ်နေပါတယ်၊ ဣန္ဒြေတွေကိုလဲ စောင့်စည်းမှု မရှိဘူး၊ အဲဒီရဟန်းဟာ မြို့ထဲ ရွာထဲမှာ ကာမဂုဏ် ၅–ပါး အာရုံတရားတွေနဲ့ ပြည့်စုံပျော်ပါးနေသူတွေကို တွေ့ရပါတယ်။

"ငါလဲပဲ ရှေးလူဖြစ်စဉ်တုန်းက ကာမဂုဏ် ၅–ပါး အာရုံတရားတွေနဲ့ ပျော်ပါးနေခဲ့တာပဲ၊ ငါ့အိမ်မှာလဲ ပစ္စည်းဥစ္စာတွေ အရှိသားပဲ၊ ငါဟာ စည်းစိမ်

http://www.dhammadownload.com

ကိုလဲ ခံစားနိုင်တယ်၊ ကုသိုလ်ကောင်းမှုကိုလဲ ပြုနိုင်တယ်၊ လူဝတ်လဲပြီး စည်းစိမ်ခံစားနေရရင်, ကုသိုလ်ကောင်းမှု ပြုနေရရင် ကောင်းမှာပါပဲ"။

ဒီလို စိတ်ဖောက်ပြန်လာတတ်ပါတယ်၊ ဒါနဲ့ အဲဒီရဟန်းဟာ သိက္ခာချကာ လူထွက်လာပါတော့တယ်။

ကာမဂုဏ် ၅-ပါး အာရုံတရားကိုပဲ "ဝဲဘေး"လို့ ခေါ်ပါတယ်။

၄။ အချို့သော အမျိုးကောင်းသားဟာ သဒ္ဓါတရားနဲ့ သာသနာတော်တွင်းကို ဝင်ရောက်လာခဲ့ပါတယ်၊ အဲဒီရဟန်းဟာ မြို့ထဲရွာထဲကို ဆွမ်းခံသွားတဲ့အခါ ကိုယ်ကိုလဲ မစောင့်ရှောက်၊ နှုတ်ကိုလဲ မစောင့်ရှောက်၊ စိတ်ကိုလဲ မစောင့်ရှောက်၊ သတိပဋ္ဌာန်တရားကိုလဲ မပွားများ၊ ဣန္ဒြေတွေကိုလဲ မစောင့်စည်းဘဲ ပရမ်းပတာ သွားလာနေပါတော့တယ်။

အဲဒီရဟန်းဟာ ဒီလို သွားလာနေရင်း မြို့ထဲရွာထဲမှာ မလုံမလဲ ဝတ်စားသွားလာနေထိုင်တဲ့ မာတုဂါမကို တွေ့ရပါတော့တယ်၊ ဒါနဲ့ သူ့ရဲ့စိတ်ဟာ ရာဂရဲ့ နှိပ်စက်ဖျက်ဆီးမှုကို ခံရပါတော့တယ်၊ အဲဒီ ရာဂရဲ့ ညှဉ်းပန်းနှိပ်စက်ခံရတဲ့ စိတ်ကြောင့်ပဲ သိက္ခာချကာ လူထွက်လာရပါတော့တယ်။

မာတုဂါမကိုပဲ"ငါးဆိုး ငါးကြမ်းဘေး"လို့ ဆိုပါတယ်။

သာသနာ့ဝန်ထမ်း အချို့ရဟန်းတော်တွေဟာ ဒီဘေး ၄-ပါးထဲက တစ်ပါးပါးကြောင့် လူဘောင်ကို ရောက်သွားတတ်ကြပါတယ်။

အဲဒီဘေး ၄-ပါးထဲက အခုပြောနေတာက ငါးဆိုး ငါးကြမ်းဘေးကိုပဲ ပြောနေပါတယ်၊ ဒီတော့ ရဟန်းတွေအကုန်လုံး ဒီငါးဆိုး ငါးကြမ်းဘေးကြီး သင့်နေသလား၊ ဒီဘေးကြီးကလွတ်အောင် ရုံးထွက်နိုင်တဲ့ နည်းလမ်းများ ရှိသေးသလား-ဆိုတဲ့ ဒီပြဿနာရဲ့ အဖြေကိုတော့ ဘုရားဟောပါဦးတော်နဲ့ပဲ ဘုန်းကြီးက ဖြေရှင်းပေးပါ့မယ်။

စစ်မှုထမ်းအလား ရဟန်း-၅ ဝ

၁။ ဒီလောကမှာ အချို့သောစစ်မှုထမ်းဟာ ရန်သူစစ်တပ်ချီတက်လာတဲ့အခါ အပေါ်ကို လွှင့်တက်လာတဲ့ မြှားမုန်ထုကို တွေ့မြင်ရတာနဲ့ ကြဲကြဲမခံနိုင်ဘဲ ထွက်ပြေး လာတတ်ပါတယ်။

၂။ အချို့သောစစ်မှုထမ်းက မြှားမုန်ကို မြင်ရရုံနဲ့ တုန်လှုပ်မှု မရှိသေးပါဘူး၊ ရန်သူစစ်တပ်ရဲ့ အလံတွေကို မြင်ရတဲ့အခါ ကြဲကြဲမခံနိုင်ဘဲ ထွက်ပြေးလာတတ်ပါတယ်။

၁။ ပုဂ္ဂလပညတ်-ပါ၊ ၁၇၅။ ၄င်း-၅၊ ၉၀။

http://www.dhammadownload.com

၃။ အချို့သောစစ်မှုထမ်းက မြို့မှုန်ကို မြင်ရုံလောက်နဲ့လဲ တုန်လှုပ်မှု မရှိသေးဘူး၊ အလံတွေကို မြင်ရုံလောက်နဲ့လဲ တုန်လှုပ်မှု မရှိသေးဘူး၊ ရန်သူစစ်တပ်ရဲ့ ချီတက် ပစ်ခတ်သံကို ကြားရတဲ့အခါ ကြံ့ကြံ့မခံနိုင်ဘဲ ထွက်ပြေးလာတတ်ပါတယ်။

၄။ အချို့သော စစ်မှုထမ်းက မြို့မှုန်ကို မြင်ရုံလောက်နဲ့လဲ တုန်လှုပ်မှု မရှိသေးဘူး၊ အလံတွေကို မြင်ရရုံ၊ ချီတက် ပစ်ခတ်သံကို ကြားရရုံလောက်နဲ့လဲ တုန်လှုပ်မှု မရှိသေးပါဘူး၊ နည်းနည်းလေး ထိခိုက်ဒဏ်ရာရရုံလောက်နဲ့ ကြံ့ကြံ့မခံနိုင်ဘဲ ထွက်ပြေးလာတတ်ပါတယ်။

၅။ အချို့သောစစ်မှုထမ်းက မြို့မှုန်တွေကို မြင်ရမြင်ရ၊ အလံတွေကို မြင်ရမြင်ရ၊ ချီတက်ပစ်ခတ်သံတွေကို ကြားရကြားရ တုန်လှုပ်မှု မရှိပါဘူး၊ နည်းနည်းလေး ထိခိုက်ဒဏ်ရာ ရသော်လဲ တုန်လှုပ်မှု မရှိပါဘူး၊ ရန်သူစစ်တပ်ကို ရင်ဆိုင်ပြီး ကြံ့ကြံ့ခံကာ အောင်ပွဲရသည့်အထိ တိုက်ခိုက်ပါတယ်၊ ဒီစစ်မှုထမ်းကသာ သူရဲကောင်းအစစ် ဖြစ်ပါတယ်။

၆။ အဲဒီ နည်းအတိုင်းပဲ ဒီသာသနာတော်မှာ အချို့သော ရဟန်းက "ဘယ်မြို့ ဘယ်ရွာမှာ ဘယ်မိန်းကလေးဟာဖြင့် သိပ်ချောတာပဲ၊ သိပ်လှတာပဲ" ဆိုတဲ့ သတင်းစကားကို ကြားရရုံမျှနဲ့ သာသနာတော်မှာ ထောက်တည်ရာမရဘဲ လူထွက်တတ်ပါတယ်။

၂။ အချို့သောရဟန်းက အဲဒီလိုသတင်းစကား ကြားရုံလောက်နဲ့ စိတ်လှုပ်ရှားမှု မရှိသေးဘူး၊ လုံးရပ်သဏ္ဌာန် ချောမောပြေပြစ် အချိုးအဆစ်ကျန အလွန်ချော, အလွန်လှတဲ့ မာတုဂါမကို တွေ့ရတဲ့အခါ သာသနာတော်မှာ ထောက်တည်ရာ မရဘဲ လူထွက်တတ်တယ်။

၃။ အချို့သော ရဟန်းက အဲဒီလို သတင်းစကား ကြားရရုံ, မြင်တွေ့ရရုံ လောက်နဲ့ စိတ်လှုပ်ရှားမှု မရှိသေးပါဘူး၊ မာတုဂါမက ပြိုးပြခြင်း, ပြောဆို ရယ်မောခြင်း, ကျီစယ်ခြင်းတွေနဲ့ သွေးဆောင် ဖြားယောင်းလာတဲ့အခါ သာသနာတော်မှာ ထောက်တည်ရာ မရဘဲ လူထွက်တတ်ပါတယ်။

၄။ အချို့သောရဟန်းက အဲဒီလို သတင်းစကားကြားရရုံ, တွေ့မြင်ရရုံ, သွေးဆောင်ဖြားယောင်းလာရုံလောက်နဲ့ စိတ်လှုပ်ရှားမှု မရှိသေးဘူး၊ မာတုဂါမက အနီးသို့ချဉ်းကပ် တိုးဝှေ့နေထိုင်မှု, တိုးဝှေ့လဲလျောင်းနေမှု, လွှမ်းဖိမှု စသည်တို့ဖြင့် ထိကပါး ရိကပါး လုပ်လာတဲ့အခါ သာသနာတော်မှာ ထောက်တည်ရာ မရဘဲ လူထွက်တတ်တယ်။

http://www.dhammadownload.com

၅။ အချို့သောရဟန်းက သတင်းစကားကြားရရုံ, တွေ့မြင်ရရုံ, သွေးဆောင်ဖြားယောင်းလာရုံလောက်နဲ့လဲ စိတ်လှုပ်ရှားမှု မရှိဘူး၊ ထိကပါး ရိကပါး လုပ်ရုံလောက်နဲ့လဲ စိတ်လှုပ်ရှားမှု မရှိဘူး၊ ကိုယ်လွတ်ရုန်းကာ ထွက်ကြွလာပြီး စျာန်မဂ်ဖိုလ်ရအောင် အားထုတ်နိုင်ပါတယ်။

ဒီရဟန်းကသာ ရဟန်းသူရဲကောင်းအစစ် ဖြစ်တယ်၊ သာသနာ့သူရဲကောင်း အစစ် ဖြစ်တယ်။

ပြီးတော့ မာတုဂါမတွေနဲ့ ပတ်သက်ပြီး ပညတ်ထားရတဲ့ သိက္ခာပုဒ်အချို့ ကိုလဲ ဆက်လက် ပြောပြသွားပါ့မယ်။

မာတုဂါမနှင့် ၂-ဦးချင်း ဆိတ်ကွယ်ရာမှာ မနေရ

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေတော်မူချိန် ဖြစ်ပါတယ်။

သာကီဝင်မင်းသား အရှင်ဥပနန္ဒက သူငယ်ချင်းတစ်ဦးအိမ်ကို သွားလည် ပါတယ်၊ သူငယ်ချင်းရဲ့မိန်းမနဲ့အတူ အကာအကွယ်ရှိတဲ့နေရာမှာ ထိုင်နေပါတယ်။

လင်ယောကျ်ားရဲ့ ကဲ့ရဲ့မှုကို အကြောင်းပြုပြီး ဘုရားရှင်က သိက္ခာပုဒ် ပညတ် တော်မူပါတယ်။

"မာတုဂါမနဲ့အတူ အကာအကွယ်ရှိတဲ့ နေရာမှာ ထိုင်မနေရ၊ ထိုင်နေတဲ့ ရဟန်းမှာ ပါစိတ်အာပတ် သင့်စေ"။

တစ်ခါမှာလဲ အရှင်ဥပနန္ဒပဲ သူငယ်ချင်းမိန်းမနဲ့ အတူ ၂-ဦးချင်း ဆိတ်ကွယ် ရာမှာ ထိုင်နေပြန်တယ်၊ အဲဒီအခါမှာလဲ လင်ယောကျ်ားရဲ့ ကဲ့ရဲ့ရွတ်ချမှုကို ခံရ ပြန်တယ်။

ဒါကိုပဲ အကြောင်းပြုပြီး ဘုရားရှင်က သိက္ခာပုဒ် ပညတ်တော်မူရပြန်တယ်။

"မာတုဂါမနဲ့ အတူ ၂-ယောက်ချင်း ဆိတ်ကွယ်ရာအရပ်မှာ ထိုင်မနေရ၊ ထိုင်နေတဲ့ ရဟန်းမှာ ပါစိတ်အာပတ် သင့်စေ"။

ဒါ့ကြောင့်မို့လို့ အိမ်လည်ရောက်လာတဲ့ ရဟန်းတော်ကို မာတုဂါမ တစ်ဦးတည်း လက်ခံ စကားမပြောသင့်ပါဘူး၊ အဖော်တစ်ယောက်ယောက်ကို ခေါ်ထားသင့် ပါတယ်၊ ရဟန်းတော်တွေကလဲ မာတုဂါမတစ်ဦးတည်း ရှိနေရင် အသွားအလာ ဆင်ခြင်သင့်ပါတယ်၊ ကိုယ့်နေရာကို မာတုဂါမတစ်ဦးတည်း ရောက်လာတဲ့ အခါ မှာလဲ အဖော်တစ်ဦးဦးကို ခေါ်ထားပြီးမှသာ ရဟန်းတော်များက လက်ခံစကားပြော သင့်ပါတယ်။

၁။ ပါစိတ်-ပါ၊ ၁၂၈။

http://www.dhammadownload.com

မာတုဂါမနှင့် တိုင်ပင်၍ ခရီးအတူမသွားရ[၁]

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံးနေချိန် ဖြစ်ပါတယ်။

ရဟန်းတစ်ပါးဟာ သာဝတ္ထိမြို့ကို ကြွလာနေပါတယ်၊ ကောသလတိုင်း အတွင်းမှာ တည်ရှိနေတဲ့ ရွာကလေးတစ်ရွာနားက ဖြတ်သွားနေပါတယ်။

အမျိုးသမီးကလေး ကစ်ယောက်က လင်နဲ့ရန်ဖြစ်ပြီး အိမ်ကထွက်ပြေးလာပါတယ်၊ ရွာကထွက်တာနဲ့ တစ်ပြိုင်နက် ရဟန်းကို သွားတွေ့ပါတယ်။

"အရှင်ဘုရား ! ဘယ်ကို ကြွမလို့ပါလဲဘုရား ?"။

"သာဝတ္ထိမြို့ကို ကြွမလို့ပဲ"။

"တပည့်တော်လဲ အရှင်ဘုရားနဲ့အတူ လိုက်ပါရစေ"။

"လိုက်ခဲ့တာပေါ့"။

ရဟန်းရဲ့ လိုက်လျောခွင့်ပြုချက်ကို ရတဲ့အတွက် အဲဒီအမျိုးသမီးဟာ ရဟန်းရဲ့ နောက်က လိုက်ပါသွားပါတယ်။

လင်ယောကျ်ားလဲပဲ မိန်းမထွက်ပြေးသွားကြောင်း သိရတဲ့အခါ မိန်းမရဲ့ နောက်ကို လိုက်လာပါတယ်၊ ရွာကအထွက်မှာ လူတွေကို တွေ့ရပါတယ်။

"မိတ်ဆွေတို့ ! ကျွန်တော့်မိန်းမကို မတွေ့လိုက်ကြဘူးလား ?"။

"ဟာ–တွေ့လိုက်တာပေါ့၊ ခင်ဗျားမိန်းမကို ကောင်းကောင်းကြီး တွေ့လိုက်ပါတယ်၊ ရဟန်းတစ်ပါးနဲ့အတူ လိုက်သွားလေရဲ့"။

ဒီသတင်းစကားကို ကြားတဲ့အခါ ယောကျ်ားဖြစ်သူကလဲ နောက်က ထက်ကြပ်မကွာ လိုက်သွားပါတယ်၊ ရဟန်းကိုဖမ်းပြီး ရိုက်နှက်ထောင်းထုလွတ် လိုက်ပါတော့တယ်၊ ရဟန်းက သစ်တစ်ပင်ရင်းမှာ ကြွေမှိုင်ထိုင်နေပါတယ်။

"မောင်ရယ် ဒီရဟန်းက ကျွန်မကို ရွာကခေါ်ထုတ်လာတာ မဟုတ်ပါဘူး၊ ကျွန်မကသာ ဒီရဟန်းနဲ့ အတူလိုက်လာတာပါ၊ ဒီရဟန်းမှာ ဘာအပြစ်မှ မရှိပါဘူး၊ သွားစမ်းပါ၊ သူ့ကို တောင်းပန်ကန်တော့လိုက်စမ်းပါ"။

မိန်းမဖြစ်သူရဲ့ စကားကို ကြားရတဲ့အခါ လင်ယောကျ်ားက ရဟန်းကို သွားကန်တော့ပါတယ်။

၁။ ပါစိတ်–ပါ၊ ၁၇၃။

http://www.dhammadownload.com

ရဟန်းလဲ သာဝတ္ထိမြို့ကို ဆက်လက် ကြွလာခဲ့ပါတယ်၊ သာဝတ္ထိမြို့ကို ရောက်တဲ့ အခါ ဒီအကြောင်းကို ရဟန်းတော်တွေအား ပြောပြပါတယ်၊ ရဟန်း တော်တွေက သူ့ကိုကဲ့ရဲ့ပြီး ဘုရားကို သွားလျှောက်ကြပါတယ်။

"မာတုဂါမနဲ့ တိုင်ပင်ပြီး ခရီးရှည် အတူမသွားရ၊ ကုန်ကုန်ပြောရမယ် ဆိုရင် အခြားရွာကိုတောင်မှ မသွားရ၊ သွားတဲ့ရဟန်းမှာ ပါစိတ်အာပတ် သင့်စေ"။

ဒီသိက္ခာပုဒ်တော်ကိုလဲပညတ်တော်မူပါတယ်။

ဒါတွေကိုထောက်ပြီး ယခုကာလမှာလဲ အဖော်ယောကျ်ားများ မပါဘဲ မာတု ဂါမတွေကို ဘုရားဖူးလိုက်ပို့တဲ့ ရဟန်းတော်များ ဆင်ခြင်မှ သင့်မယ်ထင်ပါတယ်၊ မာတုဂါမတွေကလဲ ရဟန်းတော်တွေကို ဘုရားဖူးလိုက်ပို့ဖို့ အပူမကပ်သင့်ပါဘူး။

ရဟန်းတော်များ အိမ်မှာ မတည်းနိုသင့်

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော် မူပါတယ်။

အရှင်အနုရုဒ္ဓါဟာ ကောသလတိုင်းအတွင်း တစ်နေရာက သာဝတ္ထိမြို့ကို ကြွလာခဲ့ပါတယ်၊ ညနေ မိုးချုပ်ခါနီး ရွာကလေးတစ်ရွာကို ရောက်သွားပါတယ်။

အဲဒီရွာမှာ အမျိုးသမီးတစ်ယောက်က ညည့်သည်တွေအတွက် တည်းခိုရိပ်သာ တစ်ခု ပြုလုပ်ထားပါတယ်၊ အရှင်အနုရုဒ္ဓါက အဲဒီ အမျိုးသမီးဆီ သွားပြီး မေတ္တာ ရပ်ခံပါတယ်။

"ဒကာမကြီး ! တကယ်လို့ ဝန်မလေးဘူးဆိုရင် တည်းခိုရိပ်သာမှာ တစ်ညဉ့်လောက် တည်းခိုလိုပါတယ်"။

"အရှင်ဘုရား ! အလိုရှိသလိုသာ တည်းခိုတော်မူပါ"။

အမျိုးသမီးရဲ့ ခွင့်ပြုချက်ကို ရတဲ့အခါ အရှင်အနုရုဒ္ဓါက တည်းခိုရိပ်သာသို့ ဝင်ရောက်ပြီး သင့်လျော်ရာမှာ သီတင်းသုံးနေပါတယ်။

မရွေးမနှောင်း ဆိုသလိုပဲ အခြားခရီးသည်တွေလဲ ရောက်လာပြန်ပါတယ်၊ ရိပ်သာပိုင်ရှင် အမျိုးသမီးထံမှာ ခွင့်တောင်းကြပါတယ်။

"အစ်ကိုတို့ရေ–ဟိုရဟန်းတစ်ပါးဟာ အလျင် ရောက်နေနှင့်ပါတယ်၊ တကယ်လို့ ရဟန်းက ခွင့်ပြုခဲ့ရင် တည်းခိုကြတာပေါ့"။

၁။ ပါစိတ်–ပါ၊ ၂၈။

http://www.dhammadownload.com

ရိပ်သာပိုင်ရှင် အမျိုးသမီးရဲ့ စကားကို ကြားရတဲ့အခါ ခရီးသည်တွေက အရှင်အနုရုဒ္ဓါဆီကို ချဉ်းကပ်ပြီး တည်းခိုခွင့် တောင်းကြပါတယ်၊ အရှင်အနုရုဒ္ဓါကလဲ တည်းခိုခွင့် ပေးလိုက်ပါတယ်။

ရိပ်သာပိုင်ရှင် အမျိုးသမီးမှာ အရှင်အနုရုဒ္ဓါကို တွေ့ရတယ်ဆိုရင်ပဲ တပ်မက်စိတ် ဖြစ်နေပါတယ်၊ မကြာခင်မှာဘဲ အရှင်အနုရုဒ္ဓါ့အနီးကို သွားရောက် လျှောက်ထားပါတယ်။

"အရှင်ဘုရား ! ဒီလူတွေနဲ့ ရောရောနှောနှော နေရပါရင် ချမ်းချမ်းသာသာ နေထိုင်ခွင့်ရမယ် မဟုတ်ပါဘူး၊ အရှင်ဘုရားအတွက် ခုတင်ကို အတွင်းခန်းမှာ ခင်းပါရစေ"။

အရှင်အနုရုဒ္ဓါကလဲ အထွေအထူး ဘာမှပြောမနေတော့ပါ၊ လက်သင့်ခံလိုက်ပါတယ်။

တည်းခိုရိပ်သာပိုင်ရှင် အမျိုးသမီးက အရှင်အနုရုဒ္ဓါအတွက် ခုတင်ကို အခန်းတွင်းမှာ ခင်းပေးထားခဲ့ပါတယ်၊ ပြီးတော့ အလှပြင်ခန်းကို သွားပါတယ်၊ ဖီးလိမ်းဝတ်စား ပြင်ဆင်ပါတယ်၊ နံ့သာနဲ့ တထောင်းထောင်းနဲ့ အရှင်အနုရုဒ္ဓါ့အနီးကို ပြန်လာခဲ့ပါတယ်။

"အရှင်ဘုရား ! အရှင်ဘုရားဟာ သိပ်ချောပါတယ်၊ သိပ်လှပါတယ်၊ ကြည့်စရာ ရှုစရာ ကောင်းလှပါတယ်၊ စိတ်ကြည်လင်ဖွယ်အတိသာ ဖြစ်ပါဘိတယ်၊ တပည့်တော်ကလဲ ချောမောလှပသူတစ်ယောက် ဖြစ်ပါတယ်၊ ကြည့်ပျော် ရှုပျော် ရှိပါတယ်၊ သူတစ်ပါးရဲ့ စိတ်ကို ဆွဲဆောင်နိုင်ပါတယ်၊ တပည့်တော်တို့ ၂-ဦးသား ပေါင်းသင်းနေကြမယ်ဆိုရင် 'နေနဲ့လ, ရွှေနဲ့မြ' ဆိုသလို အင်မတန် ရှေ့သွားနောက်လိုက် ညီပါလိမ့်မယ်၊ ဒီတော့ တပည့်တော် တောင်းပန်ပါရစေ၊ တပည့်တော်မဟာ အရှင်ဘုရားရဲ့ အလုပ်အကျွေးမယား ဖြစ်ပါရစေ၊ တပည့်တော်မကိုလဲ သိမ်းပိုက်တော်မူပါ၊ ပစ္စည်းဥစ္စာအကုန်လုံးကိုလဲ သိမ်းပိုက်တော်မူပါ"။

ရိပ်သာပိုင်ရှင် အမျိုးသမီးထံမှ မမျှော်လင့်တဲ့ စကားကို ကြားရတဲ့အခါ အရှင်အနုရုဒ္ဓါက ဘာမျှပြန်မပြောတော့ပါ၊ တိတ်ဆိတ်စွာပဲ ထိုင်နေတော်မူပါတော့တယ်၊ အမျိုးသမီးကလဲ ၃-ကြိမ်တိုင်အောင် လျှောက်ထားပါတယ်၊ အရှင်အနုရုဒ္ဓါလဲ မတုန်မလှုပ် တိတ်ဆိတ်စွာပဲ သီတင်းသုံး နေတော်မူပါတယ်။

ဒီလို ပြောရဲလောက်နဲ့ အလိုသို့ မလိုက်ပါမှန်း သိရတဲ့အခါ အမျိုးသမီးက မိမိရဲ့ အဝတ်အစားတွေကို ကိုယ်ကခွာချထားလိုက်ပါတယ်၊ အရှင်အနုရုဒ္ဓါရဲ့ရှေ့

http://www.dhammadownload.com

တည့်တည့်မှာ အမျိုးမျိုး ကိုယ်ဟန်ပြနေပါတော့တယ်၊ လမ်းလဲ လျှောက်ပြပါတယ်၊ ရပ်လဲ ရပ်ပြပါတယ်၊ ထိုင်လဲ ထိုင်ပြပါတယ်၊ အိပ်လဲ အိပ်ပြပါတယ်။

အရှင်အနုရုဒ္ဓါကတော့ စက္ခုန္ဒြေချကာ ငြိမ်သက်စွာသာ နေပါတော့တယ်၊ အဲဒီ အမျိုးသမီးကို ကြည့်လဲ မကြည့်တော့ပါ၊ စကားလဲ မပြောတော့ပါ။

"အလိုလေး ! သိပ်ထူးဆန်းတာပဲ၊ သူများတကာတွေကတော့ ငါ့ကို တစ်ရာတင်ပြီးတော့လဲ ကြောင်းလမ်းစေ့စပ်လာကြပါတယ်၊ တစ်ထောင်တင်ပြီး တော့လဲ ကြောင်းလမ်းစေ့စပ်လာကြတာပဲ၊ ဒီရဟန်းကတော့ ငါကိုယ်တိုင် တောင်းတောင်းပန်ပန် ပြောတာတောင်မှ ငါ့ကိုလဲ မသိမ်းပိုက်ချင်ဘူး၊ ပစ္စည်း ဥစ္စာတွေကိုလဲ မသိမ်းပိုက်ချင်ဘူး"။

တည်းခိုရိပ်သာပိုင်ရှင် အမျိုးသမီးက ဒီလိုတအံ့တသြ ဖြစ်နေပါတော့တယ်၊ အဲဒီ ခဏမှာပဲ စိတ်ကောင်း ပြန်ဝင်လာပါတယ်၊ အဝတ်အစားတွေကို ကောက်ယူဝတ် ဆင်ပြီး အရှင်အနုရုဒ္ဓါကို ရှိခိုးတောင်းပန်ပါတယ်၊ အရှင်အနုရုဒ္ဓါကလဲ သည်းခံ ကျေနပ် ခွင့်လွှတ်တော်မူပါတယ်။

အဲဒီရိပ်သာပိုင်ရှင် အမျိုးသမီးက ဆွမ်းချက်ပြီး အရဏ်တက်တဲ့အခါ အရှင် အနုရုဒ္ဓါအား ဆက်ကပ်လှူဒါန်းပါတယ်၊ ဆွမ်းကိစ္စပြီးတဲ့အခါ သင့်တော်ရာက ထိုင်နေတဲ့အမျိုးသမီးအား အရှင်အနုရုဒ္ဓါက တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေး တော်မူပါတယ်။

တည်းခိုရိပ်သာပိုင်ရှင် အမျိုးသမီးက သရဏဂုံလဲ ဆောက်တည်ပါတယ်၊ ဗုဒ္ဓ ဘာသာဝင် ဥပါသိကာတစ်ဦးအဖြစ် အသိအမှတ် ပြုပါမည့်အကြောင်းကိုလည်း လျှောက်ထားပါတယ်။

အရှင်အနုရုဒ္ဓါကလဲ သာဝတ္ထိမြို့ကို ဆက်လက်ကြွတော်မူပါတယ်၊ သာဝတ္ထိ မြို့ကို ရောက်တဲ့အခါ မိမိကိုယ်တိုင် လမ်းမှာတွေ့ကြုံလာတဲ့ အဖြစ်အပျက်ကို သီတင်းသုံးဖော်ဖြစ်တဲ့ ရဟန်းတော်တွေအား ပြောပြပါတယ်၊ အဲဒီကိစ္စကို ရဟန်း တော်တွေက ဘုရားရှင်ထံ သွားရောက်လျှောက်ထားကြပါတယ်။

"မာတုဂါမနှင့်အတူ တစ်မိုးတည်း တစ်ရံတည်းဖြစ်တဲ့ အဆောက်အအုံမှာ ဘာကြောင့် အိပ်ရသလဲ ?"။

ဒီလို ဘုရားရှင်က အရှင်အနုရုဒ္ဓါကိုလဲ ကဲ့ရဲ့ပြစ်တင်တော်မူပါတယ်။

"မာတုဂါမနှင့်အတူ တစ်မိုးတည်း တစ်ရံတည်းဖြစ်တဲ့ အဆောက်အအုံ မျိုးမှာ မအိပ်ရ၊ အိပ်တဲ့ရဟန်းမှာ ပါစိတ်အာပတ်သင့်စေ"။

http://www.dhammadownload.com

ရဟန်းတော်တွေအတွက် ဒီသိက္ခာပုဒ်ကိုလဲ ပညတ်တော်မူပါတယ်။

မာတုဂါမတွေနဲ့ စပ်ပြီးဖြစ်ရတဲ့ ဗြဟ္မစရိယ(မြတ်တဲ့အကျင့်ရဲ့) ကျိုးပေါက်ပြောက်ကြားမှုကိုလဲ ဆက်လက်ပြီး ပြောဖေးသွားပါအုံးမယ်၊ ဒါတွေကို နားလည်ထားမှ မာတုဂါမတွေကလဲ တို့ကိုအကြောင်းပြုပြီး ကိုယ်တော်တွေမှာ အပြစ်မဖြစ်စေရဘူး၊ ကိုယ်တော်တွေကလဲ သူတို့ကို အကြောင်းပြုပြီး တို့မှာအပြစ်ဖြစ် မခံဘူး၊ ဒီလို ၂-ဦး ၂-ဖက်က ရောင်ကြဉ်နိုင်ကြပါလိမ့်မယ်။

ဗြဟ္မစရိယ ကျိုးပေါက်ပြောက်ကျားမှု[၁]

တစ်ချိန်မှာ ဇာဏုဿောဏိပုဏ္ဏား ဘုရားရှင်ထံကို ရောက်လာပါတယ်၊ ဘုရားရှင်နဲ့အတူ ဝမ်းမြောက်စရာစကားတွေ, မှတ်သားစရာစကားတွေကို ပြောဆိုနေပါတယ်၊ ပြီးတော့ ဘုရားရှင်ကို မေးမြန်းလျှောက်ထားပါတယ်။

"အရှင်ဂေါတမလဲပဲ ဗြဟ္မစရိယ(မေထုန်မှ ရှောင်ကြဉ်မှုအကျင့်)ကို ကျင့်တယ်လို့ ဝန်ခံပါသလား ?"။

"ပုဏ္ဏား 'မကျိုးမပေါက် မပြောက်မကျား ပြည့်ပြည့်စုံစုံ စင်စင်ကြယ်ကြယ် ဗြဟ္မစရိယကို ကျင့်တယ်'ဆိုတဲ့ စကားကို ပြောလိုတဲ့သူဟာ ငါဘုရားကိုပဲ ရည်ညွှန်းပြောဆိုသင့်တယ်၊ ငါဘုရားဟာ တကယ်ပဲ မကျိုးမပေါက် မပြောက်မကျား ပြည့်ပြည့်စုံစုံ စင်စင်ကြယ်ကြယ် ဗြဟ္မစရိယကို ကျင့်နေပေတယ်"။[၂]

"ရှင်ဂေါတမ ! အဘယ်သို့လျှင် ဗြဟ္မစရိယရဲ့ ကျိုးပေါက်ပြောက်ကျားမှု ဖြစ်နိုင်ပါသလဲ ?"။

၁။ "ပုဏ္ဏား 'ဗြဟ္မစရိယကို ကျင့်နေပါတယ်'လို့ ဝန်ခံနေကြတဲ့ အချို့ပုဂ္ဂိုလ်တွေဟာ မာတုဂါမနဲ့တော့ ကျူးလွန်ဖောက်ပြားမှု မရှိပါဘူး၊ ဒါပေမဲ့

၁။ အံ-ပါ-၂၊ ၄၃၈။ ၄င်း-ဋ္ဌ-၃၊ ၁၆၇။ ၄င်း-ဋီ-၃၊ ၁၇၃။

၂။ ပုဏ္ဏားတွေရဲ့ အယူဝါဒမှာ ဓေဒကျမ်းဂန်တွေကို သင်ယူသူများဟာ ၄၈-နှစ်လုံးလုံး ဗြဟ္မစရိယကို ကျင့်ကြတယ်၊ ရဟန်းဂေါတမကတော့ အိမ်ရာတည်ထောင် လူဘောင်မှာ နေခဲ့တုန်းက ပြာသာဒ် ၃-ဆောင်မှာ ကချေသည် ၃-မျိုးနဲ့ မွေ့လျော်ပျော်ပါးနေခဲ့တယ်၊ "အခုအချိန်မှာ ဘယ်လိုများ ပြောမှာပါလိမ့်"ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဇာဏုဿောဏိ ပုဏ္ဏားက မေးမြန်း လျှောက်ထားခြင်း ဖြစ်တယ်။

အဲဒီလို မေးလာတဲ့အခါ ဘုရားရှင်က နတ်ဆေးနတ်ဝါး မန္တန်ရားနဲ့ မြွေဆိုးမြွေဟောက်ကို ဖမ်းယူသလို, ရန်သူ၏လည်ပင်းကို ခြေနဲ့နင်းထား သလို မိမိသန္တာန်မှာ ကိလေသာရှိနေသေးတဲ့ ဒုက္ကရစရိယာ အကျင့်ကို ၆-နှစ်လုံးလုံး ကျင့်နေချိန်မှာတောင်မှ မင်းဘဝရဲ့ ချမ်းသာသုခနဲ့ ပြာသာဒ် ၃-ဆောင်မှာရှိနေကြတဲ့ ကချေသည်တွေရဲ့ ပြည့်စုံမှုကို ကြံစည်စိတ်ကူးမှုမျှ မဖြစ်ဘူးကြောင်း ရဲရဲတောက် မိန့်ကြားတော်မူပါတယ်။

http://www.dhammadownload.com

မာတုဂါမရဲ့ ပွတ်သပ်မှု, ဆုပ်နယ်မှု, ရေချိုးပေးမှု, ဖျစ်ညှစ်မှုတို့ကို သာယာနေတယ်၊ ဒါတွေကိုကျေနပ်နေတယ်၊ အလိုရှိနေတယ်၊ နှစ်သက်နေတယ်၊ ဒါဟာလဲ ဗြဟ္မစရိယရဲ့ ကျိုးပေါက်ပြောက်ကျားမှု ဖြစ်တယ်။

အဲဒီလို ပုဂ္ဂိုလ်မျိုးကို 'မစင်မကြယ် ဗြဟ္မစရိယကို ကျင့်နေတယ်၊ မေထုန်မှုနဲ့ စပ်ယှဉ်နေတယ်လို့ ဆိုသင့်တယ်၊ ဒီလိုပုဂ္ဂိုလ်မျိုးဟာ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်း, စိုးရိမ်ငိုကြွေးမြည်တမ်းခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းစွာပင်ပန်းခြင်းတွေက မလွတ်နိုင်၊ ဝဋ်ဆင်းရဲမှန်သမျှက မလွတ်နိုင်'လို့ ငါဘုရား ပြောလိုပေတယ်။

၂။ အချို့သောပုဂ္ဂိုလ်တွေဟာ 'ဗြဟ္မစရိယကို ကျင့်နေတယ်'လို့ ဝန်ခံပေမဲ့ မာတုဂါမနဲ့အတူ ရယ်ရယ်မောမော ပြောဟောနေတတ်တယ်၊ ပြောင်လှောင်နေတတ်တယ်၊ ပြင်းစွာရယ်မောနေတတ်တယ်၊ ဒါဟာလဲ ဗြဟ္မစရိယရဲ့ ကျိုးပေါက်ပြောက်ကျားမှု တစ်မျိုးပဲ ဖြစ်တယ်။

၃။ အချို့သော ပုဂ္ဂိုလ်တွေဟာ 'ဗြဟ္မစရိယကို ကျင့်နေတယ်'လို့ ဝန်ခံပေမဲ့ မာတုဂါမနဲ့ မျက်နှာချင်းဆိုင်ပြီး စူးစူးစိုက်စိုက် ကြည့်နေတတ်တယ်၊ ဒါဟာလဲ ဗြဟ္မစရိယရဲ့ ကျိုးပေါက်ပြောက်ကျားမှု တစ်မျိုးပဲ။

၄။ အချို့သော ပုဂ္ဂိုလ်တွေဟာ 'ဗြဟ္မစရိယကို ကျင့်နေတယ်'လို့ ဝန်ခံပေမဲ့ နံရံတစ်ဖက်ကပဲဖြစ်ဖြစ်, တံတိုင်းတစ်ဖက်ကပဲဖြစ်ဖြစ် ရယ်နေတဲ့, စကားပြောနေတဲ့, သီချင်းဆိုနေတဲ့, ငိုနေတဲ့ မာတုဂါမရဲ့ အသံကို နားထောင်နေတတ်တယ်၊ ဒါဟာလဲ ဗြဟ္မစရိယရဲ့ ကျိုးပေါက်ပြောက်ကျားမှု တစ်မျိုးပဲ။

၅။ အချို့အချို့ ပုဂ္ဂိုလ်တွေကတော့ ရှေးတုန်းက မာတုဂါမနဲ့အတူ ရယ်ရွှင်ဖူး, ပြောဆိုဖူး, မြူးတူးပျော်ပါး ကစားဖူးတာတွေကို ထပ်ကာ ထပ်ကာ သတိရနေတတ်တယ်၊ ဒါဟာလဲပဲ ဗြဟ္မစရိယရဲ့ ကျိုးပေါက် ပြောက်ကျားမှု တစ်မျိုးပဲ။

၆။ အချို့ပုဂ္ဂိုလ်တွေကတော့ ကာမဂုဏ် ၅-ပါး အာရုံတရားတွေနဲ့ မြူးတူးပျော်ပါးနေကြတဲ့ လူပုဂ္ဂိုလ်တွေကို ကြည့်ရှုငေးမော နေတတ်ကြတယ်၊ ဒါဟာလဲပဲ ဗြဟ္မစရိယရဲ့ ကျိုးပေါက်ပြောက်ကျားမှု တစ်မျိုးပဲ။

၇။ အချို့ပုဂ္ဂိုလ်တွေကတော့ 'ငါဟာ ဒီသီလနဲ့, ဒီကျင့်ဝတ်နဲ့, ဒီခြိုးခြံမှုနဲ့, ဒီမြတ်တဲ့အကျင့်နဲ့ နတ်မင်းဖြစ်လိုပါတယ်၊ နတ်သားဖြစ်လိုပါတယ်'လို့ နတ်တစ်မျိုးမျိုးကို တောင့်တပြီး ဗြဟ္မစရိယကို ကျင့်တတ်ကြတယ်၊

http://www.dhammadownload.com

သူတို့တစ်တွေဟာ ဒီနတ်အဖြစ်ကိုပဲ သာယာနေတတ်တယ်၊ လိုလား နေတတ်တယ်၊ နှစ်သက်နေတတ်တယ်၊ ဒါဟာလဲပဲ ဗြဟ္မစရိယရဲ့ ကျိုးပေါက်ပြောက်ကျားမှု တစ်မျိုးပဲ။

ပုဏ္ဏား ! ဒီလိုပုဂ္ဂိုလ်မျိုးတွေကို 'မစင်မကြယ် ဗြဟ္မစရိယကို ကျင့်နေကြတယ်၊ မေထုန်အမှုနဲ့ စပ်ယှဉ်နေကြတယ်'လို့ ဆိုသင့်တယ်၊ ဒီလို ပုဂ္ဂိုလ်မျိုးတွေဟာ 'ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်း, စိုးရိမ်ခြင်း, ငိုကြွေးမြည်တမ်းခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းစွာပင်ပန်းခြင်းတို့က မလွတ်နိုင်ကြဘူး၊ ဝဋ်ဆင်းရဲ အကုန်လုံးက မလွတ်နိုင်ကြဘူး'လို့ ငါဘုရား ဟောလိုပေတယ်။

ငါဘုရားဟာ ဒီမေထုန်အမှုနဲ့ စပ်ယှဉ်နေတဲ့ ၇-မျိုးထဲက တစ်မျိုးမျိုးကို ကိုယ့်သန္တာန်မှာ မပယ်ရသေးတာကို တွေ့နေရ, မြင်နေရသမျှ ကာလပတ်လုံး လူ့လောက, နတ်လောကအလယ်မှာ 'အင်မတန်မွန်မြတ်တဲ့ အရဟတ္တ မဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိမြင်ပြီးဖြစ်တယ်'လို့ ဝန်မခံခဲ့ပါဘူး။

ဒီမေထုန်အမှုနဲ့ စပ်ယှဉ်နေတဲ့ ၇-မျိုးထဲက တစ်မျိုးမျိုးကို ကိုယ့်သန္တာန်မှာ မပယ်ရသေးတာကို မတွေ့ရတဲ့အခါကျမှသာ လူ့လောက, နတ်လောက အလယ်မှာ 'အင်မတန် မွန်မြတ်တဲ့ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိမြင်ပြီး ဖြစ်တယ်'လို့ ဝန်ခံခဲ့ပါတယ်၊ ငါဘုရားရဲ့ အရဟတ္တဖိုလ်ဟာ မပျက်စီးတော့ဘူး၊ ဒီဘဝဟာ နောက်ပိတ်ဆုံး ဘဝပဲ ဖြစ်တယ်၊ နောက်ထပ် ဖြစ်စရာဘဝသစ် မရှိတော့ဘူး၊ ဒီလိုဉာဏ် အမြင်လဲပဲ ငါဘုရားမှာ ဖြစ်ပေါ်လာတယ်"။

ဒီစကားကို နာကြားရတဲ့အခါ ဇာဏုဿောဏိ ပုဏ္ဏားက သရဏဂုံလဲ ဆောက်တည်သွားပါတယ်၊ ဗုဒ္ဓဘာသာဝင် ဥပါသကာလို့ အသိအမှတ် ပြုပါမဲ့ အကြောင်းကိုလဲ လျှောက်ထားသွားပါတယ်။

ဒီတော့ ရဟန်းတော်တွေကလဲ ပစ္စည်း ၄-ပါး ဒကာ ဒကာမတွေကို အကြောင်းပြုပြီး ငါတို့ရဲ့ဗြဟ္မစရိယ မကျိုးပေါက် မပြောက်ကျားစေရဘူး၊ ဒကာ ဒကာမတွေကလဲပဲ ငါတို့ကိုအကြောင်းပြုပြီး ငါတို့ရဲ့ကိုးကွယ်အားထားရာဖြစ်တဲ့ ရဟန်းတော်တွေမှာ ဗြဟ္မစရိယ ကျိုးပေါက်ပြောက်ကျားမှု မဖြစ်စေရဘူး၊ ဒီလို ရဟန်းတော်တွေရော, ဒကာ ဒကာမတွေပါ ခိုင်မာမြင့်မြတ်တဲ့ စိတ်ဓာတ်မျိုးနဲ့ သာသနာတော်သန့်ရှင်း အစွမ်းကုန် တောက်ပြောင်ထွန်းလင်းအောင် ရွက်ဆောင်အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

http://www.dhammadownload.com

ရွှေငွေကို အလှူခံမှု

သင်္ကြန်အတက်နေ့ ညမှာလည်း ပရိသတ်က လျော့နည်းမသွားပါ၊ တိုးရှိသာ လာပါသည်၊ ဆရာတော်ဦးဓမ္မိကက ၈-နာရီထိုးသည်နဲ့ တစ်ပြိုင်နက် တရားစတင် ဟောကြားပါသည်။

ဘုရားရှင်ဟာ ရွှေငွေအလှူခံတာကို မာတုဂါမရဲ့ "ကာမဂုဏ်နဲ့ နှိုင်းယှဉ်ညွှန်ပြ ဟောကြားပယ်မြစ်တော်မူခဲ့ပါတယ်၊ ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးတဲ့ နောက် ပိုင်းမှာ ရွှေငွေအလှူခံမှုဟာ ဒုတိယသင်္ဃိဿနာ တင်ရလောက်အောင် ကြီးကျယ်လာ ခဲ့ပါတယ်၊ အခုခေတ်မှာလဲ လုံးဝပျောက်ကွယ်သွားတာတော့ မဟုတ်ပါဘူး၊ တစ်အိမ် တက်ဆင်း လိုက်လံအလှူခံနေကြတာတွေ, လမ်းဘေးမှာ ပုံစံမျိုးစုံ (ပုံစံအမျိုးမျိုး)နဲ့ လူမြင်မကောင်းလောက်အောင် အလှူခံနေကြတာတွေကို အများအပြားပဲ တွေ့မြင် နေကြရပါတယ်၊ ဒကာ ဒကာမအချို့ကလဲ "လူလို့ရှိရင် ကုသိုလ်ရတာပဲ" ဆိုပြီး ဖြစ်သလို လှူဒါန်းနေကြပါတယ်၊ ဒါ့ကြောင့် ရွှေငွေကို အလှူခံမှု, ရောင်းဝယ်ဖလှယ် မှုတို့နဲ့ စပ်ပြီး မအပ်တဲ့နည်း, အပ်တဲ့နည်းတွေကို ရဟန်းတော်တွေရော, ဒကာ ဒကာမ တွေပါ သိနားလည်ထားသင့်ပါတယ်၊ ဒါ့ကြောင့် ဒါတွေကိုပဲ ကျယ်ကျယ်ပြန့်ပြန့် ပြောပေးမယ်လို့ ဒီနေ့စီစဉ်ထားပါတယ်။

ဒုတိယသင်္ဃိဿနာ

ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးတဲ့နောက် နှစ်ပေါင်းတစ်ရာလောက် ရှိလာတဲ့အခါ ဓေသာလီမြို့မှာနေကြတဲ့ ဝဇ္ဇီတိုင်းသား ရဟန်းတွေက-

"၁။ တစ်မျိုးတစ်ဖုံ ကြဲဆအပ်တဲ့ သားချိုမှာရှိတဲ့ဆား(သိင်္ဂီလောဏကပွ)ဟာ အပ်တယ်၊

၂။ တစ်မျိုးတစ်ဖုံ ကြဲဆအပ်တဲ့ လက် ၂-သစ်(ဒွင်္ဂုံလကပွ)ဟာ အပ်တယ်၊

၃။ တစ်မျိုးတစ်ဖုံ ကြဲဆအပ်တဲ့ ရွာတစ်ပါး(ဂါမန္တရကပွ)ဟာ အပ်တယ်၊

၄။ တစ်မျိုးတစ်ဖုံ ကြဲဆအပ်တဲ့ကျောင်း(အာဝါသကပွ)ဟာ အပ်တယ်၊

၅။ တစ်မျိုးတစ်ဖုံ ကြဲဆအပ်တဲ့ အလိုဆန္ဒ(အနုမတိကပွ)ဟာ အပ်တယ်၊

၆။ တစ်မျိုးတစ်ဖုံကြဲဆအပ်တဲ့ အလေ့အကျင့်(အာစိဏ္ဏကပွ)ဟာ အပ်တယ်၊

၇။ တစ်မျိုးတစ်ဖုံကြဲဆအပ်တဲ့ နို့ရည်(အမထိတကပွ)ဟာ အပ်တယ်၊

၈။ သေနု(ဇဋ္ဌောဂီ)ကို သောက်ကောင်းတယ်၊

၉။ အမြိတ်အဆာမရှိတဲ့ နိသီဒိုင် အပ်တယ်၊

၁၀။ ရွှေငွေ အပ်တယ်"။

ဒီဝတ္ထု ၁၀-ပါးကို လူသိရှင်ကြား ကြေညာကျင့်သုံးနေကြပါတယ်။

http://www.dhammadownload.com

အဲဒီအချိန်မှာ ကာကဏ္ဍပုဏ္ဏားရဲ့သား အရှင်ယသက ဝဇ္ဇီတိုင်းမှာ ဒေသစာရီ လှည့်လည်နေပါတယ်၊ ဝဇ္ဇီတိုင်းသား ရဟန်းတွေက ဝေသာလီမြို့မှာ ဝတ္ထု ၁၀-မျိုးကို ကြေညာကျင့်သုံး နေကြတယ်-ဆိုတာကိုလဲ သတင်းစကား ကြားသိရပါတယ်။

"ဘုရားရှင်သာသနာ ပျက်စီးနေတာကို ကြားလျက်သားနဲ့ ကြောင့်ကြမဲ့ နေတာဟာ မသင့်လျော်လှဘူး၊ အခုပဲ အဓမ္မဝါဒီပုဂ္ဂိုလ်တွေကို နှိပ်ကွပ်ပြီး အမှန်တရား ထင်ရှားအောင် လုပ်မှတော်တော့မယ်"။

ဒီလိုစဉ်းစားဆင်ခြင်ပြီး ဝေသာလီမြို့သို့ ထွက်ကြွလာခဲ့ပါတယ်၊ ဝေသာလီမြို့အနီး မဟာဝုန်တော ပြာသာဒ်ကျောင်းတိုက် (ကူဋာဂါရသာလာ)မှာ တည်းခို သီတင်းသုံး တော်မူပါတယ်။

ဥပုသ်နေ့ ရောက်လာတဲ့အခါ ဝဇ္ဇီတိုင်းသား ရဟန်းတွေက ရေခွက်မှာ ရေအပြည့် ထည့်ပြီး ရဟန်းသံဃာတွေရဲ့ အလယ်မှာ တည်ထားကြပါတယ်။

"ဒကာတို့ ! တစ်ကျပ်ပဲဖြစ်ဖြစ်, ငါးမူးပဲဖြစ်ဖြစ်, တစ်မတ်ပဲဖြစ်ဖြစ်, တစ်ပဲပဲဖြစ်ဖြစ် တတ်နိုင်သလောက် လှူကြပါ၊ သံဃာတော်က ပရိက္ခရာအတွက် အသုံးချကြရပါလိမ့်မယ်"။

ရောက်လာသမျှ ဒကာတွေကို ဒီလို ပြောဆိုအလှူခံနေကြပါတယ်။

ဒီလောက်ဆိုးဝါးတဲ့ အပြုအမူတွေကို တွေ့မြင်ကြားသိရတဲ့အခါ အရှင်ယသက ရောက်သစ်စဉ်သည် အာဂန္တုဖြစ်နေပေမဲ့ အမှုမဲ့ အမှတ်မဲ့ မနေနိုင်တော့ပါ၊ ပါဝင် ပြောဆိုရပါတော့တယ်။

"ဒကာတို့ ! သံဃာအား တစ်ကျပ်လဲ မလှူကြပါနဲ့၊ ငါးမူးလဲ မလှူကြပါနဲ့၊ တစ်မတ်လဲ မလှူကြပါနဲ့၊ တစ်ပဲလဲမလှူကြပါနဲ့၊ ရဟန်းသံဃာအား ရွှေငွေမအပ်ပါဘူး၊ ရဟန်းတော်တွေဟာ ပတ္တမြား, ရွှေ, ငွေတွေကို ပယ်ထားပြီးဖြစ်ပါတယ်၊ ရွှေ, ငွေနဲ့ ကင်းကင်းရှင်းရှင်း နေကြရပါတယ်"။

အရှင်ယသက ဘယ်လိုပဲပြောပြော ဝေသာလီမြို့သား ဒကာတွေက ရဟန်းသံဃာအား မလှူဘဲ မည်သူမျှ ပြန်မသွားကြပါ၊ လှူနေကျအတိုင်း လှူပြီးမှသာ ပြန်သွားကြပါတယ်၊ အချို့က တစ်ကျပ်, အချို့က ငါးမူး, အချို့ကတစ်မတ်, အချို့ကတစ်ပဲ မိမိတို့စွမ်းအား အလျောက် လှူဒါန်းထားခဲ့ကြပါတယ်။

ဥပုသ်အထွက် တစ်ရက်နေ့မှာ ဝဇ္ဇီတိုင်းသား ရဟန်းတွေက ဥပုသ်နေ့က အလှူခံလို့ရသမျှ ရွှေငွေဒင်္ဂါး ပိုက်ဆံများကို ရဟန်းဦးရေအလိုက် ဝေဖန်ယူကြပါတယ်။

"ငါ့ရှင်ယသ ! ဒါဟာ ငါ့ရှင်ရဲ့ ဝေစုအသပြာငွေ ဖြစ်တယ်"။

http://www.dhammadownload.com

ဒီလိုပြောပြီး အရှင်ယသကိုလဲ ပေးကမ်းလာကြပါတယ်။

"ငါ့ရှင်တို့ ! တပည့်တော်မှာ ဝေစုရတဲ့ ငွေအသပြာရယ်လို့ မရှိပါဘူး၊ တပည့်တော် ငွေအသပြာကို မသာယာပါ၊ မခံယူပါ"။

အရှင်ယသရဲ့ ပယ်မြစ်လျှောက်ထားတဲ့ စကားကိုကြားရတဲ့အခါ ဝဇ္ဇီတိုင်းသား ရဟန်းတွေက "ယမ်းပုံ မီးကျ"ဆိုသလို ဒေါသအမျက် ခြောင်းခြောင်း ထွက်လာကြပါတယ်။

"ငါ့ရှင်တို့ ! ကာကဏ္ဍပုဏ္ဏားရဲ့သား ဒီအရှင်ယသဆိုတဲ့ ကိုယ်တော်ဟာ သဒ္ဓါတရားရှိကြတဲ့, ရတနာ ၃-ပါးအပေါ်မှာ ကြည်ညိုနေကြတဲ့ ဒကာတွေကို ဆဲနေပါတယ်၊ ခြိမ်းခြောက်နေပါတယ်၊ အကြည်ညိုပျက်အောင် လုပ်နေပါတယ်၊ အခု ငါတို့က ဒီအရှင်ယအပေါ်မှာ ပဋိသာရဏီယကံ ပြုကြ စို့ရဲ့"။

ဒီလို အချင်းချင်း တိုင်ပင်ညှိနှိုင်းကြပါတယ်၊ အဲဒီလို ညှိနှိုင်းပြီးတဲ့နောက် သံဃာစည်းဝေးပြီး အရှင်ယသအပေါ်မှာ ပဋိသာရဏီယကံ[၁] ကို လုပ်ကြပါတယ်။

"ငါ့ရှင်တို့ ! ပဋိသာရဏီယကံ အပြုခံရတဲ့ ရဟန်းအတွက် 'နောက်လိုက်တမန်ရဟန်းတစ်ပါး'ကို ထည့်ပေးရမယ်'လို့ ဘုရားရှင် ပညတ်ထားပါတယ်၊ တပည့်တော်အား နောက်လိုက်တမန် ရဟန်းတစ်ပါး ထည့်ပေးကြပါအုံး"။

အရှင်ယသက ကံပြုပြီးချိန်မှာ ဒီလို နောက်လိုက်တမန် ရဟန်းတစ်ပါး ထည့်ပေးဖို့ တောင်းဆိုပါတယ်၊ ဝဇ္ဇီတိုင်းသား ရဟန်းတွေကလဲ ရဟန်းတစ်ပါးကို ကမ္မဝါစာနဲ့ သမုတ်ပေးကြပါတယ်။

အရှင်ယသကလဲ နောက်လိုက်တမန် ရဟန်းနဲ့အတူ ဝေသာလီမြို့သား ဒကာတွေထံကို ကြွတော်မူပါတယ်၊ ဒကာများနားလည်မှု ရသွားအောင် ရှင်းလင်းမိန့်ကြားတော်မူပါတယ်။

"ဒကာတို့ ! ဘုန်းကြီးဟာ တရားမဟုတ်တာကို တရားမဟုတ်လို့ပဲ ပြောပါတယ်၊ တရားဟုတ်တာကိုတော့ တရားဟုတ်တယ်လို့ပဲ ပြောပါတယ်၊

၁။ တစ်ဖန် အမှတ်ရစေကြောင်း ကံမျိုးကို "ပဋိသာရဏီယကံ"လို့ ခေါ်ပါတယ်၊ ဒီကံအပြုခံရတဲ့ ရဟန်းဟာ သက်ဆိုင်ရာ ဒကာ ဒကာမတွေကို ဝန်ချတောင်းပန်ရပါတယ်၊ ၂-ဦး ၂-ဘက် ကြေအေးမှ သံဃာတော်က အဲဒီကံကို ရုပ်သိမ်းပေးရပါတယ်၊ (စိတ္တသုကြွယ်ဝတ္ထု ၅၂-ကို ပြန်ရှုပါ၊) ယခုကိစ္စမှာတော့ တကယ် ပဋိသာရဏီယကံ ပြုထိုက်တဲ့အတွက် အရှင်ယသကို ပဋိသာရဏီ ယကံ ပြုပေးကြတာတော့ မဟုတ်ပါဘူး၊ အဓမ္မဝါဒီ အလန္ဒိအများစုက မတရား ဖိနှိပ် ပြုလုပ်ခြင်းမျှသာ ဖြစ်ပါတယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ် အရှင်ယသကတော့ စိုးရိမ်ပူပန်မှု မရှိပါဘူး၊ ဒကာ ဒကာမတွေကို ရှင်းပြဖို့ အခွင့်အရေး ပေါ်လာတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ငြိမ်သက်စွာပဲ နေလိုက်ပါတယ်။

http://www.dhammadownload.com

ဝိနည်းမဟုတ်တာကို ဝိနည်းမဟုတ်လို့ပဲ ပြောပါတယ်၊ ဝိနည်းဟုတ်တာကိုတော့ ဝိနည်းဟုတ်တယ်လို့ပဲ ပြောပါတယ်၊ ဒီလို အမှန်အတိုင်း ပြောနေတဲ့ ဘုန်းကြီးက သဒ္ဓါတရားရှိတဲ့, ရတနာ ၃-ပါးအပေါ်မှာ ကြည်ညိုလေးစားနေကြတဲ့ သင်ဒကာတို့ကို ဆဲရေးနေတယ်၊ ကြိမ်းမောင်းနေတယ်၊ အကြည်ညိုပျက်အောင် လုပ်နေတယ်ဆိုတာဟာ ဟုတ်နိုင်ပါ့မလား ?။

ဒကာတို့ ! ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတုန်းက ရဟန်းတွေအား ဟောကြားဘူးတဲ့ တရားစကားကို ဒကာများအား တစ်ဆင့်ပြောပြပါအုံးမယ်။

ရဟန်းတို့ 'တိမ်တိုက်, ဆီးနှင်း, မြူခိုး, ရာဟုအသူရိန်' ရယ်လို့ လ-နေတွေမှာ ညစ်နွမ်းကြောင်းဘေးရန် ၄-မျိုးရှိတယ်၊ အဲဒီဘေးရန်တွေက ညစ်နွမ်းအောင်လုပ်ထားတဲ့ လ-နေတွေဟာ မတောက်ပနိုင်တော့ဘူး၊ မထွန်းလင်းနိုင်တော့ဘူး၊ မတင့်တယ်နိုင်တော့ဘူး။

ဒီသဘောအတိုင်းပဲ 'အရက် သေစာ သောက်စားခြင်း, မေထုန်မှီဝဲခြင်း, ရွှေငွေကို ခံယူခြင်း, ယုတ်ညံ့တဲ့ အသက်မွေးမှုနဲ့ အသက်မွေးခြင်း' ဒီလို ရဟန်းသူတော်ကောင်းတွေမှာလဲပဲ ညစ်နွမ်းကြောင်း ဘေးရန် ၄-မျိုးရှိနေတယ်၊ အဲဒီဘေးရန်တွေကြောင့် ညစ်နွမ်းနေကြတဲ့ ရဟန်းသူတော်ကောင်းတွေဟာ ဂုဏ်အားဖြင့် မတောက်ပနိုင်တော့ဘူး၊ မထွန်းလင်းနိုင်တော့ဘူး၊ မတင့်တယ်နိုင်တော့ဘူး။

ဒီလို ဘုရားဟောတော်မူတဲ့အတိုင်း အမှန်ကိုသာပြောနေတဲ့ ဘုန်းကြီးက သဒ္ဓါတရားရှိကြတဲ့, ရတနာ ၃-ပါးအပေါ်မှာ ကြည်ညိုလေးစားမှု ရှိနေကြတဲ့ သင်ဒကာတို့ကို ဆဲရေးနေတယ်၊ ကြိမ်းမောင်းနေတယ်၊ အကြည်ညိုပျက်အောင် လုပ်နေတယ် ဆိုတာဟာ ဟုတ်နိုင်ပါ့မလား ?။

ဒကာတို့ ! ဘုရားရှင် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူတဲ့ အချိန်မှာလဲပဲ မင်းနန်းတော်တွင်းမှာ စည်းဝေးနေကြတဲ့ ပရိသတ်အလယ်မှာ 'ရဟန်းတို့အား ရွှေငွေအပ်တယ်၊ ရဟန်းတော်များဟာ ရွှေငွေကို သာယာကြတယ်၊ ရွှေငွေကို ခံယူနေကြတယ်' ဆိုတဲ့စကား ဖြစ်ပွားလာဘူးပါတယ်။

မဏိစူဠကဆိုတဲ့ ရွာသူကြီးတစ်ဦးဟာလဲ အဲဒီပရိသတ်မှာ ပါဝင်နေပါတယ်၊ ဒီတော့ မဏိစူဠကဆိုတဲ့ ရွာသူကြီးက 'မိတ်ဆွေတို့ ! ဒီလို မပြော

http://www.dhammadownload.com

ကြပါနဲ့၊ ရဟန်းတို့အား ရွှေငွေမအပ်ပါ၊ ရဟန်းတွေက ရွှေငွေကို မသာယာကြပါ၊ ခံလဲ မခံယူကြပါ၊ ရဟန်းတော်တွေဟာ ပတ္တမြားရွှေငွေကို ပယ်သင့်ပါတယ်၊ ရွှေငွေနဲ့ ကင်းကင်းရှင်းရှင်းပဲ နေကြပါတယ်'၊ ဒီလို ကန့်ကွက်ပြောဆိုပါတယ်၊ ပရိသတ်ကလဲ နားလည်မှုရသွားပါတယ်၊ မဏိစူဠကာ ရွာသူကြီးရဲ့ စကားကို လက်ခံကြပါတယ်။

အဲဒီလို ပြောဆိုပြီးတဲ့နောက် မဏိစူဠကရွာသူကြီးက ဘုရားရှင်ကို သွားလျှောက်ပါတယ်၊ ဘုရားရှင်က မဏိစူဠကရွာသူကြီးရဲ့ စကားကို လက်ခံအတည်ပြုပေးတဲ့အပြင် 'ရွှေငွေအပ်သူအတွက် ကာမဂုဏ် ၅-ပါး လဲ အပ်တော့မှာပေါ့၊ ကာမဂုဏ် ၅-ပါး အပ်တယ်ဆိုကတည်းကိုက ဘယ်မှာ ရဟန်းတရားဟုတ်နိုင်တော့မလဲ၊ ဒါပေမဲ့ မြက်ကိုအလိုရှိတဲ့ ရဟန်းဟာ မြက်ကိုရှာနိုင်တယ်၊[၁] သစ်သားကို အလိုရှိတဲ့ရဟန်းဟာ သစ်သားကိုရှာနိုင်တယ်၊ လုပ်အားကို အလိုရှိတဲ့ ရဟန်းဟာ လုပ်အားပေးနိုင်တဲ့ ယောကျ်ားကိုရှာနိုင်တယ်၊ ရွာသူကြီး ! ဘယ်လိုအကြောင်းနဲ့မှ ရွှေငွေကို သာယာနိုင်တယ်, ရှာဖွေနိုင်တယ်'လို့ ငါဘုရား ဟောတော်မမူဘူး၊ ဒီလိုလဲ ဖြည့်စွက်ဟောကြားတော်မူပါတယ်။

ဒီလို ဗုဒ္ဓအလိုတော်ကျ အမှန်ကိုသာ ပြောလေ့ပြောထရှိတဲ့ ဘုန်းကြီးက သဒ္ဓါတရားရှိကြတဲ့, ရတနာ ၃-ပါးအပေါ်မှာ ကြည်ညိုလေးစားနေကြတဲ့

၁။ မြက်မိုးကျောင်းပဲဖြစ်ဖြစ်, အုတ်မိုးကျောင်းပဲဖြစ်ဖြစ် မိုးယိုလာလို့ရှိလျှင် ကျောင်းဒကာများထံသွားပြီး ဒကာတို့ကျောင်း မိုးယိုလာပြီ၊ နေလို့ မဖြစ်တော့ဘူးလို့ ပြောသင့်တယ်၊ ကျောင်းဒကာက တတ်နိုင်ရင် ကိုယ်တိုင်လုပ်ကိုင် ပြုပြင်ပေးပါလိမ့်မယ်၊ မတတ်နိုင်ရင် 'အရှင်ဘုရားများက လက်သမားခေါ်ပြီး အလုပ်ခိုင်းကြပါ၊ သူတို့အား တပည့်တော်တို့က အဖိုးအခပေးပါ့မယ်'လို့ ပြောကြပါလိမ့်မယ်။

ဒကာများ လျှောက်ထားလိုက်တဲ့အတိုင်း အလုပ်ခိုင်းပြီးတဲ့နောက် ဒကာများကို ပြန်ပြောရမယ်၊ ဒကာများက လက်သမားအား ကျသင့်တဲ့ အဖိုးအခကို ပေးကြပါလိမ့်မယ်။

ကျောင်းဒကာ မရှိခဲ့ပါရင် (ဒါမှမဟုတ် ကျောင်းဒကာက လုံးဝတာဝန်မယူနိုင်ခဲ့ပါရင်) မြို့ထဲရွာထဲကို ဝင်ပြီး ဆွမ်းခံဝတ်နဲ့ အိမ်တံခါးအနီးမှာ ရပ်ရမယ်၊ ဒကာတစ်ဦးဦးက 'အရှင်ဘုရား ! ဘာများအလိုရှိပါသလဲ?' လို့ မေးမြန်းလျှောက်ထားမှသာ ကျောင်းမိုးယိုနေတဲ့အတွက် မြက်အလို ရှိနေတယ်'ဆိုတာကို ပြောပြနိုင်ပါတယ်၊ အလုပ်ခိုင်းနိုင်ပါတယ်၊ မလျှောက်ထားလို့ရှိရင်တော့၊ ပြောလဲမပြောကောင်း၊ ခိုင်းလဲမခိုင်းကောင်းပါဘူး၊ သစ်သားစတဲ့ဟာတွေကိုလဲ အလှူးတူပဲ ရှာနိုင်ပါတယ်။ [သာရတ္ထ-၃၊ ၄၅၂။]

http://www.dhammadownload.com

သင်ဒကာတို့ကို ဆဲရေးနေတယ်, ကြိမ်းမောင်းနေတယ်, အကြည်ညှိပျက်အောင် လုပ်နေတယ်ဆိုတာဟာ ဟုတ်နိုင်ပါ့မလား ?။

ဒကာတို့ ! တစ်ချိန်မှာလဲပဲ ဘုရားရှင်က ရာဇဂြိုဟ်မြို့မှာ သာကီဝင်မင်းသား အရှင်ဥပနန္ဒကို အကြောင်းပြုပြီး ရွှေဌေ(အလှူခံမှူ)ကို ပယ်မြစ် ခဲ့ပါတယ်၊ သိက္ခာပုဒ်ကိုလဲ ပညတ်ခဲ့ပါတယ်။

ဒကာတို့ ! ဘုန်းကြီးဟာ တရားမဟုတ်တာကို တရားမဟုတ်လို့ပဲ ပြော ပါတယ်၊ တရားဟုတ်တာကိုဆော့ တရားဟုတ်တယ်လို့ပဲ ပြောပါတယ်၊ ဝိနည်း မဟုတ်တာကို ဝိနည်းမဟုတ်လို့ပဲ ပြောပါတယ်၊ ဝိနည်းဟုတ်တာကိုတော့ ဝိနည်းဟုတ်တယ်လို့ပဲ ပြောပါတယ်၊ ဒီလို ဗုဒ္ဓအလိုတော်ကျ အမှန်အတိုင်း ပြောနေတဲ့ ဘုန်းကြီးက သဒ္ဓါတရားရှိကြတဲ့, ရတနာ ၃-ပါး အပေါ်မှာ ကြည်ညှိ လေးစား အားထားနေကြတဲ့ သင်ဒကာ တို့ကို ဆဲရေးနေတယ်, ကြိမ်းမောင်း နေတယ်, အကြည်ညှိပျက်အောင် လုပ်နေတယ် ဆိုတာဟာ ဟုတ်နိုင်ပါ့ မလား ?"။

အရှင်ယသရဲ့ ရှင်းလင်းဟောပြောချက်ကို ကြားရတဲ့အခါ ဝေသာလီမြို့သူမြို့သား ဒကာ ဒကာမများဟာ အမြင်မှန်ရသွားကြပါတယ်။

"အရှင်ယသတစ်ပါး တည်းကသာ ရဟန်းအစစ် ဖြစ်ပါပေတယ်၊ သာကီဝင်မင်းသား ဘုရားသားတော်အစစ် ဖြစ်ပါပေတယ်၊ ဝဇ္ဇီတိုင်းသား ရဟန်းတွေကတော့ ရဟန်းအစစ် မဟုတ်ကြပါဘူး၊ သာကီဝင်မင်းသား ဘုရားသားတော်အစစ် မဟုတ်ကြပါဘူး၊ အရှင်ဘုရားက ဝေသာလီမြို့မှာ သီတင်းသုံး နေထိုင်တော်မူပါ၊ ဘုရားတပည့်တော်များက အရှင်ဘုရားအတွက် ပစ္စည်း ၄-ပါးနဲ့ အားထုတ်မှုကို ပြုကြပါမယ်"။

ဒီလိုလဲ အရှင်ယသကို လျှောက်ထားကြပါတယ်၊ အဲဒီနောက်မှာ အရှင်ယသက နောက်လိုက်တမန် ရဟန်းနဲ့အတူ ကျောင်းတိုက်ကို ပြန်ကြွလာခဲ့ပါတယ်။

"ငါ့ရှင် ! ကာကဏ္ဍပုဏ္ဏားရဲ့သား အရှင်ယသက ဝေသာလီမြို့သား ဒကာ များကို တောင်းပန်လာခဲ့ရဲ့လား ?"။

ကျောင်းကို ပြန်ရောက်လာတဲ့အခါ ဝဇ္ဇီတိုင်းသား ရဟန်းတွေက နောက်လိုက်တမန် ရဟန်းကို မေးကြပါတယ်။

"ငါ့ရှင်တို့ ! ဒကာတွေက တပည့်တော်တို့ကို ဘာမှ သုံးမရအောင် ပြောဆို ပြုလုပ်နေကြပါပြီ၊ 'ကာကဏ္ဍပုဏ္ဏားရဲ့သား အရှင်ယသတစ်ပါးတည်းကိုသာ ရဟန်းအစစ်ဖြစ်တယ်၊ သာကီဝင်မင်းသား ဘုရားသားတော်အစစ် ဖြစ်တယ်' လို့

http://www.dhammadownload.com

ပြောဆိုပြုလုပ်နေကြပါပြီ၊ တပည့်တော်တို့ အကုန်လုံးကိုတော့ 'ရဟန်းအစစ် မဟုတ်ကြဘူး၊ သာကီဝင်မင်းသား ဘုရားသားတော်အစစ် မဟုတ်ကြဘူး'လို့ ပြောဆိုပြုလုပ်နေကြပါပြီ"။

နောက်လိုက်တမန်ရဟန်းရဲ့ ပြန်လည်လျှောက်ထားတဲ့ စကားကို ကြားရတဲ့အခါ ဝဇ္ဇီတိုင်းသား ရဟန်းတွေက အရှင်ယသကို မတရားဖိနှိပ်ရန် ကြံစည်ကြပြန်တယ်။

"ငါ့ရှင်တို့ ! ကာကဏ္ဍပုဏ္ဏားရဲ့သားဖြစ်တဲ့ ဒီအရှင်ယသဟာ သမ္မာတိရသူ မဟုတ်ဘဲ လူတွေသိနားလည်သွားအောင် ငါတို့ရဲ့ အပြစ်ကို ဖော်ထုတ်ခဲ့ပါတယ်၊ အခု တပည့်တော်တို့က သူ့အပေါ်မှာ ဥက္ခေပနီယကံ ပြုကြစို့ရဲ့"။

ဒီလို အချင်းချင်းတိုင်ပင်ပြီး ဥက္ခေပနီယကံပြုဖို့ စည်းဝေးကြပြန်တယ်၊ ဒီအကြိမ်မှာတော့ အရှင်ယသက ကံပြုမခံတော့ပါ၊ ကောသမ္မီမြို့သို့ တန်ခိုးကြွဒွိပါဒ်နဲ့ ထွက်ကြွလာခဲ့ပါတယ်၊ ပါဝေယျကတိုင်းမှာ သီတင်းသုံးနေထိုင်ကြတဲ့ ရဟန်းများနဲ့ အဝန္တီဒက္ခိဏာပထတိုင်းမှာ သီတင်းသုံးနေထိုင်ကြတဲ့ ရဟန်းတော်များရဲ့ အထံသို့ အဓမ္မစသည်တို့ မထွန်းကားခင် အဓိကရဏ်းကို ကိုင်တွယ်ဆုံးဖြတ်ဖို့ ကြွလာတော်မူကြပါမည့်အကြောင်း တမန်စေလွှတ် လျှောက်ထားလိုက်ပါတယ်။

အဲဒီ အချိန်မှာ သာဏဝါသီအရပ်မှာ သီတင်းသုံး နေထိုင်တော်မူတဲ့ အရှင်သမ္ဘူတဟာ အဟောဂင်္ဂါတောင်ကို ရောက်နေပါတယ်၊ အရှင်ယသက အရှင်သမ္ဘူတရှိရာကို လိုက်သွားပြီး ဝဇ္ဇီတိုင်းသား ရဟန်းများရဲ့ ဝတ္ထု ၁၀-မျိုးကို လူသိရှင်ကြား ကျင့်သုံးနေထိုင်ကြပုံနဲ့ အဓမ္မစသည် မထွန်းကားခင် ဒီအဓိကရဏ်းကို ကိုင်တွယ်ဆုံးဖြတ်သင့်တဲ့ အကြောင်းတွေကို လျှောက်ထားပါတယ်၊ အရှင်သမ္ဘူတကလဲ လက်ခံတော်မူပါတယ်။

အဲဒီအချိန်မှာပဲ ပါဝေယျကတိုင်းမှာ သီတင်းသုံးနေထိုင်ကြတဲ့ ရဟန်း ၆-ကျိပ်တို့ဟာ အဟောဂင်္ဂါတောင်ကို ကြွရောက်လာကြပါတယ်၊ အဲဒီရဟန်းတော်တွေဟာ အရည်ကင်ဓုတင်ကိုလဲ ဆောင်ကြပါတယ်၊ ပိဏ္ဍပါတ်ဓုတင်ကိုလဲ ဆောင်ကြပါတယ်၊ ပံ့သကူဓုတင်ကိုလဲ ဆောင်ကြပါတယ်၊ တိစီဝရိက်ဓုတင်ကိုလဲ ဆောင်ကြပါတယ်၊ အားလုံးရဟန္တာတွေချည်း ဖြစ်ကြပါတယ်။

အဝန္တီဒက္ခိဏာပထတိုင်းမှာ သီတင်းသုံးနေထိုင်ကြတဲ့ ရဟန်း ၈-ကျိပ်တို့လဲ တစ်ပြိုင်နက်လိုလိုပဲ အဟောဂင်္ဂါတောင်ကို ကြွရောက်လာကြပါတယ်၊ အဲဒီရဟန်းတော်တွေထဲမှာ အချို့က အရည်ကင်ဓုတင် ဆောင်ပါတယ်၊ အချို့က ပိဏ္ဍပါတ်ဓုတင် ဆောင်ပါတယ်၊ အချို့က ပံ့သကူဓုတင် ဆောင်ပါတယ်၊ အချို့က တိစီဝရိက်ဓုတင် ဆောင်ပါတယ်၊ အကုန်လုံး ရဟန္တာတွေချည်း ဖြစ်ကြပါတယ်။

http://www.dhammadownload.com

"ဒီ အဓိကရုဏ်းဟာ ကြမ်းတမ်းရုန့်ရင်းလှပေတယ်၊ နောက်ထပ် ဘယ် ပုဂ္ဂိုလ်ကို သိမ်းသွင်းရရင် ဒီအဓိကရုဏ်းမှာ ပိုပြီးအားရှိနိုင်မလဲ"။

ကြွရောက်စုဝေးမိကြတဲ့ မထေရ်တွေက ဒီလိုနှိုင်းချိန် စဉ်းစားကြပါတယ်၊ ဆွေးနွေးတိုင်ပင်ကြပါတယ်။

အဲဒီအချိန်မှာ အရှင်ရေဝတဟာ သောရေယျမြို့မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီ အရှင်ရေဝတဟာ သာမန်ပုဂ္ဂိုလ်မျိုး မဟုတ်ပါ၊ ဗဟုသုတစုတဲ့ ပရိယတ္တိဂုဏ်ထူး, လန့်ဖြေသလစတဲ့ ပဋိပတ္တိဂုဏ်ထူးတွေနဲ့ ပြည့်ဝစုံလင်တဲ့ ပုဂ္ဂိုလ်မျိုးသာ ဖြစ်ပါတယ်။

မထေရ်တွေကလဲ အရှင်ရေဝတကို သိမ်းသွင်းရရင် ဒီအဓိကရုဏ်းမှာ ပိုပြီးအားရှိနိုင်မည့်အကြောင်းကို ဆက်လက်ဆွေးနွေးနေကြပါတယ်၊ မထေရ်တွေရဲ့ ဆွေးနွေးနေသံမျှ စကားအကုန်လုံးကို အရှင်ရေဝတက ဒီဗွသောတအဘိညာဉ်နဲ့ ကြားသိနေပါတယ်။

"ဒီ အဓိကရုဏ်းဟာ ကြမ်းတမ်းရုန့်ရင်းလှပေတယ်၊ ဒီလို အဓိကရုဏ်းမျိုးမှာ တွန့်ဆုတ်နေဖို့ မသင့်တော်ဘူး၊ အခုမကြာခင်မှာဘဲ ရဟန်းတော်တွေ ငါ့ဆီကို ကြွလာကြလိမ့်မယ်၊ ရဟန်းတော်တွေနဲ့ ပူးပေါင်းမိတဲ့အခါ ချမ်းချမ်းသာသာ သွားရမယ် မဟုတ်ဘူး၊ ကြိုတင်ထွက်သွားမှ တော်လိမ့်မယ်"။

အရှင်ရေဝတက ဒီလိုတွေးတောစဉ်းစားပြီး သောရေယျမြို့က သင်္ကန်းသမြို့ကို ထွက်ကြွလာခဲ့ပါတယ်။

မထေရ်များက အဟောဂင်္ဂါတောင်က သောရေယျမြို့ အရှင်ရေဝတဆီကို လိုက်လာကြပါတယ်။

"အရှင်ရေဝတ ဘယ်မှာလဲ?"။

ရောက်တာနဲ့ တစ်ပြိုင်နက် မေးမြန်းစုံစမ်းကြပါတယ်၊ သင်္ကန်းသမြို့ကို ကြွသွားကြောင်း ကြားသိရတဲ့အခါ သင်္ကန်းသမြို့ကို ဆက်လိုက်သွားကြပါတယ်။

အဲဒီအချိန်မှာ အရှင်ရေဝတက သင်္ကန်းသမြို့က ကဏ္ဍကုဇ္ဇမြို့ကို ကြွတော်မူပါတယ်၊ မထေရ်တွေကလဲ ကဏ္ဍကုဇ္ဇမြို့ကို လိုက်သွားကြပြန်ပါတယ်၊ ဥဒုမ္ဗရမြို့ကို ကြွသွားကြောင်း ကြားသိရတဲ့အခါ ဥဒုမ္ဗရမြို့သို့ ဆက်လိုက်ကြပြန်ပါတယ်၊ ဥဒုမ္ဗရမြို့သို့ ရောက်တဲ့အခါ အရှင်ရေဝတက အဂ္ဂပုရသို့ ကြွသွားကြောင်းသတင်း ရကြပြန်ပါတယ်၊ ဒါနဲ့ အဂ္ဂပုရသို့ လိုက်သွားကြပြန်ပါတယ်၊ အဂ္ဂပုရမြို့က သဟဇာတိမြို့ကို ကြွသွားကြောင်း သတင်းရတဲ့အခါ တစ်ဆက်တည်း သဟဇာတိမြို့သို့ လိုက်သွားကြပြန်တယ်၊ သဟဇာတိမြို့ကိုရောက်မှ အရှင်ရေဝတကို မိကြပါတယ်။

http://www.dhammadownload.com

ဒီတော့ အရှင်သမ္မုတက အရှင်ယသအား အရှင်ရေဝတရဲ့ ပရိယတ္တိဂုဏ်, ပဋိပတ္တိဂုဏ်တွေကိုလဲ ပြောပြထားပါတယ်၊ ဝတ္ထု ၁၀–မျိုးကို အရှင်ရေဝတနဲ့ အကျအလည် ကြိုတင်ဆွေးနွေးထားဖို့လဲ တိုက်တွန်းပါတယ်။

အရှင်ယသကလဲ အရှင်သမ္မုတ တိုက်တွန်းတဲ့အတိုင်း ဝတ္ထု ၁၀–မျိုးကို အရှင်ရေဝတနဲ့ ကြေညက်အောင် ဆွေးနွေးပါတယ်။

"အရှင်ဘုရား ! ဝေသာလီမြို့မှာ နေထိုင်ကြတဲ့ ဝဇ္ဇီတိုင်းသား ရဟန်းတွေဟာ ဒီဝတ္ထု ၁၀–မျိုးကို လူသိရှင်ကြား ကြေညာကျင့်သုံးနေကြပါတယ်၊ အခုပဲ အဓမ္မစသည်မထွန်းကားခင်, အဓမ္မဝါဒီပုဂ္ဂိုလ်များ အားမရှိခင် ဒီအဓိကရဏ်းကို ကိုင်တွယ်ဖြေရှင်းကြပါစို့ရဲ့"။

ဒီလိုလဲ ဆက်လက်လျှောက်ထားပါတယ်၊ အရှင်ရေဝတကလဲ အရှင်ယသ လျှောက်ထားချက်ကို သဘောတူပါတယ်၊ လက်ခံတော်မူပါတယ်။

ဝဇ္ဇီတိုင်းသား ရဟန်းတွေကလဲ အရှင်ယသအကြောင်းကို အမြဲထောက်လှမ်းစုံစမ်းနေကြပါတယ်၊ သတင်းစကားကို နားထောင်နေကြပါတယ်၊ အရှင်ယသက အသင်းအပင်း ရှာနေတဲ့အကြောင်း, အသင်းအပင်းလဲ ရရှိတဲ့အကြောင်းကို ကြားသိနေကြပါတယ်၊ အဲဒီလို ကြားသိတဲ့အခါ အရှင်ရေဝတကို မိမိတို့ဘက်သို့ပါအောင် သွေးဆောင်သင့်တဲ့အကြောင်း တိုင်ပင်ဆွေးနွေးကြပါတယ်။

အဲဒီလို သဘောတူ တိုင်ပင်ဆွေးနွေးပြီးတဲ့နောက်ပိုင်းမှာ အဲဒီဝဇ္ဇီတိုင်းသား ရဟန်းတွေက "သပိတ်, သင်္ကန်း, နိသီဒိုင်, အပ်ဗူး, ခါးပန်းကြိုး, အဝတ်ရေစစ်, ဓမ္မကရိဏ်ရေစစ်"ဆိုတဲ့ များပြားလှတဲ့ ရဟန်းအသုံးအဆောင်တွေကို စီရင်ကြပါတယ်၊ အဲဒီရဟန်းအသုံးအဆောင်တွေကို ယူပြီးတော့ လှေနဲ့ သဟဇာတိမြို့ကို ဆန်တက်သွားကြပါတယ်၊ လှေကဆင်းပြီး သစ်တစ်ပင်ရင်းမှာ ဆွမ်းစားနေကြပါတယ်။

အဲဒီအချိန်မှာ အရှင်သာဠ္ဟက ဆိတ်ငြိမ်ရာမှာ တစ်ပါးတည်း ကိန်းအောင်းနေတော်မူပါတယ်။

"ဘယ်ရဟန်းတွေက ဓမ္မဝါဒီဖြစ်ပါ့မလဲ၊ အရှေ့အရပ်မှာနေကြတဲ့ (ဝဇ္ဇီတိုင်းသား) ရဟန်းတွေကပဲ ဓမ္မဝါဒီဖြစ်လေရော့သလား၊ ဒါမှမဟုတ်ရင် ပါဝေယျကတိုင်းမှာ နေကြတဲ့ ရဟန်းတော်တွေကပဲ ဓမ္မဝါဒီဖြစ်လေရော့သလား"။

ဒီလိုလဲ တွေးခေါ်စဉ်းစားနေပါတယ်၊ အရှင်သာဠ္ဟက ဓမ္မနဲ့ဝိနယကို စိတ်နဲ့ ဆင်ခြင်ကြည့်တဲ့အခါမှာ အရှေ့အရပ်မှာ နေကြတဲ့ (ဝဇ္ဇီတိုင်းသား) ရဟန်းတွေက အဓမ္မဝါဒီ

http://www.dhammadownload.com

ဖြစ်တဲ့အကြောင်း, ပါဝေယျကတိုင်းမှာနေကြတဲ့ ရဟန်းတော်တွေက ဓမ္မ ဝါဒီဖြစ်တဲ့ အကြောင်း သိနားလည်သွားပါတယ်။

ဒီလို နားလည်နေပေမဲ့ "ဒီအဓိကရဏ်းမှာ ငါ့ကို ဆုံးဖြတ်သူအဖြစ်နဲ့ သမ္မုတိ ပေးတန်ရာရဲ့" လို့ တွေးတောကြံဆပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖွင့်ဖော် ပြောဆိုမှု မပြုခဲ့ပါဘူး၊ (ဒီအရှင်သာဠကတော့ ဓေသာလီမြို့မှာ သီတင်းသုံးနေထိုင်တဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်ပါတယ်။)

ဆွမ်းကိစ္စပြီးတဲ့အခါ ဝဇ္ဇီတိုင်းသား ရဟန်းများက ပရိက္ခရာတွေကို (တစ်ထမ်း တစ်ပိုး) ယူဆောင်လာပြီး အလှူခံတော်မူပါမည့်အကြောင်း အရှင်ရေဝတကို လျှောက်ထားကြပါတယ်။

"ငါ့ရှင်တို့ ! တော်ပြီ၊ တပည့်တော်မှာ သပိတ်သင်္ကန်း ပြည့်စုံပါတယ်"။

အရှင်ရေဝတက ဒီလိုမိန့်ကြား မြစ်ပယ်တော်မူပါတယ်၊ ဘယ်ဟာတစ်ခုကိုမှ အလှူခံမှု မပြုပါဘူး။

အဲဒီအချိန်မှာ ဥတ္တရဆိုတဲ့ ရဟန်းက အရှင်ရေဝတရဲ့ အလုပ်အကျွေးရဟန်း ဖြစ်နေပါတယ်၊ အရှင်ရေဝတရဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြုလုပ်နေပါတယ်၊ အဲဒီ အရှင် ဥတ္တရကလဲ မငယ်လှတော့ပါဘူး၊ ဝါ ၂၀-တောင် ရနေပါပြီ။

ဝဇ္ဇီတိုင်းသား ရဟန်းတွေက အရှင်ဥတ္တရဆီ သွားကြပြန်ပါတယ်၊ ပရိက္ခရာ တွေကို အလှူခံပါမည့်အကြောင်း လျှောက်ထားကြပြန်တယ်၊ အရှင်ဥတ္တရကလဲ လက်ခံမှုကို မပြုဘဲ ပယ်မြစ်တော်မူပါတယ်။

"ငါ့ရှင်ဥတ္တရ လူတွေက ဘုရားရှင်အား ရဟန်းအသုံးအဆောင်တွေကို ကပ်လှူတတ်ကြပါတယ်၊ ဘုရားရှင်က လက်ခံလို့ရှိရင် အဲဒီလို လက်ခံတဲ့ အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါတယ်၊ တကယ်လို့ ဘုရားရှင်က လက်ခံတော်မမူရင် 'အရှင်ဘုရား ရဟန်းအသုံးအဆောင်ကို လက်ခံတော်မူပါ၊ အရှင်ဘုရားက လက်ခံလို့ရှိရင် ဘုရားရှင် လက်ခံသလိုပဲ ဖြစ်ပါလိမ့်မယ်'၊ ဒီလို ပြောဆိုလျှောက်ထားပြီး (ဘုရားရှင်ရဲ့ အလုပ်အကျွေးဖြစ်တဲ့) အရှင်အာနန္ဒာကို ကပ်လှူတတ်ကြပါတယ်၊ ဒီလို အကြောင်းကြောင်းကို ထောက်ထားပြီး (အရှင် ရေဝတရဲ့ အလုပ်အကျွေးဖြစ်တဲ့) အရှင်ဥတ္တရက ဒီအသုံးအဆောင်တွေကို လက်ခံတော်မူပါ၊ အရှင်ဥတ္တရက လက်ခံလို့ရှိရင် အရှင်ရေဝတက လက်ခံ သလိုပဲ ဖြစ်ပါလိမ့်မယ်"။

ဒီလို ဝဇ္ဇီတိုင်းသား ရဟန်းတွေက လက်ခံဖို့ ထပ်ကာထပ်ကာ ပြောဆို လာတဲ့အတွက်

http://www.dhammadownload.com

အရှင်ဥတ္တရက သင်္ကန်းတစ်ထည်ကိုလဲ လက်ခံထားလိုက်ပါတယ်၊ "အရှင်ဘုရားတို့ အလိုရှိတာကို အမိန့်ရှိကြပါ" လို့လဲ လျှောက်ထားလိုက်ပါတယ်။

"အရှင်ဘုရား ! အရှေ့ဘက် ဓနပုဒ်မှာသာ ဘုရားရှင်တွေ ပွင့်တော်မူကြပါတယ်၊ အဲဒီ ဘုရားရှင်ပွင့်ရာအရပ်မှာ နေကြတဲ့ အရှေ့ဘက်သား ရဟန်းတွေကသာ ဓမ္မဝါဒီဖြစ်ပါတယ်၊ ပါဝေယျကတိုင်းသား ရဟန်းတွေကတော့ အဓမ္မဝါဒီဖြစ်ပါတယ်၊ ဒီစကားကလေးလောက်ကိုသာ အရှင်ရေဝတထေရ်က သံဃာ့ပရိသတ်အလယ်မှာ ပြောတော်မူပါစေ၊ ဒီမျှလောက် စကားကလေးကိုတော့ အရှင်ဘုရားက(တစ်ဆင့်) အရှင်ရေဝတထေရ်ကို လျှောက်ထားပြောကြားပေးစေလိုပါတယ်"။

အခွင့်ကောင်းကို စောင့်နေကြတဲ့ ဝဇ္ဇီတိုင်းသား ရဟန်းတွေက ဒီလို ပြောဆိုမှာထားခဲ့ပြီး တစ်နေရာကို ထွက်သွားကြပါတယ်၊ အရှင်ဥတ္တရကလဲ ဝဇ္ဇီတိုင်းသား ရဟန်းတွေ ပြောဆိုမှာထားခဲ့တဲ့အတိုင်း အရှင်ရေဝတထေရ်အား သွားရောက်လျှောက်ထားပါတယ်။

"ရဟန်း ! သင်က ငါ့ကို အဓမ္မမှုမှာ တိုက်တွန်းနှိုးဆော်ပါပေတယ်"။

ဒီလိုပြောပြီး အရှင်ရေဝတထေရ်က အရှင်ဥတ္တရကို နှင်ထုတ်လိုက်ပါတယ်၊ အရှင်ဥတ္တရကလဲ ကြံရာမရတဲ့အဆုံးမှာ ဝဇ္ဇီတိုင်းသား ရဟန်းတွေဆီကို ထွက်သွားပါတယ်။

"အရှင်ရေဝတထေရ်က ဘာများ မိန့်တော်မူလိုက်ပါသလဲဘုရား ?"။

ရှင်ဥတ္တရ ရောက်လာတဲ့အခါ ဝဇ္ဇီတိုင်းသား ရဟန်းတွေက ဝိုင်းအုံမေးမြန်းကြပါတယ်။

"ငါ့ရှင်တို့ ! သင်တို့တစ်တွေဟာ တပည့်တော်ကို ဖျက်နေကြတာပဲ၊ 'နင်က ငါ့ကို အဓမ္မမှုမှာ တိုက်တွန်းနှိုးဆော်နေတယ်' ဆိုပြီး အရှင်ရေဝတထေရ်က တပည့်တော်ကို နှင်ထုတ်လိုက်ပါတယ်"။

"ငါ့ရှင် ! ငါ့ရှင်ဟာ ထေရ်ကြီးဝါကြီး ဖြစ်နေပြီ မဟုတ်ပါလား၊ ဝါ ၂၀-တောင် ရနေမှပဲ"။

ဆရာတပည့် ကွဲပြားစေလိုတဲ့ ဆန္ဒနဲ့ ဝဇ္ဇီတိုင်းသား ရဟန်းတွေက ဒီ စကားကို ပြောကြားပါတယ်။

"ငါ့ရှင်တို့ မှန်ပါတယ်၊ ဒါပေမဲ့ တပည့်တော်တို့က အလေးပြုထိုက်တဲ့ နိဿယည်းဆရာထံမှာ နိဿယည်းကို ယူကြရပါသေးတယ်"။

အဲဒီအချိန်မှာပဲ အဓိကရဏ်းကို ဆုံးဖြတ်ဖို့ သံဃာ့အစည်းအဝေး ပြုလုပ်ကြပါတယ်၊ အရှင်ရေဝတက သံဃာတော်ကို နားလည်အောင် လျှောက်ထားပါတယ်။

http://www.dhammadownload.com

"ငါ့ရှင်တို့ ! သံဃာတော်က တပည့်တော် လျှောက်ထားတာကို သည်းခံနားထောင်စေလိုပါတယ်၊ ဒီအဓိကရဏ်းကို ဒီသဟဇာတိအရပ်မှာ အကယ်၍ ငြိမ်းစေမယ်ဆိုရင် အဓိကရဏ်းရဲ့ အကြောင်းရင်းဖြစ်တဲ့ ဝတ္ထု ၁၀-မျိုးကို ကြေညာကျင့်သုံးနေကြတဲ့ ရဟန်းတော်တွေဟာ နောက်ထပ်ကံပြုဖို့ လှုံ့ဆော်လာစရာ ရှိပါတယ်၊ အကယ်၍ သံဃာတော်မှာ သင့်လျော်တဲ့ အခါအခွင့် ရရှိခဲ့မယ်ဆိုပါရင် အဓိကရဏ်း စတင်ဖြစ်ပွားရာဖြစ်တဲ့ ဝေသာလီမြို့မှာပဲ ဒီအဓိကရဏ်းကို ငြိမ်းစေသင့်ပါတယ်"။

အရှင်ရေဝတရဲ့ လျှောက်ထားချက်အရ ထေရ်ကြီး၀ါကြီး ရဟန်းတော်တွေက အဓိကရဏ်းကို ဆုံးဖြတ်ဖို့ ဝေသာလီမြို့ကို ကြွတော်မူကြပါတယ်။

အဲဒီအချိန်မှာ အရှင်အာနန္ဒာရဲ့ တပည့်ဖြစ်တဲ့ အရှင်သဗ္ဗကာမိထေရ်ဟာ ဝေသာလီမြို့မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီ သဗ္ဗကာမိထေရ်ဟာ တစ်မြေပြင်လုံးမှာ ဝါအကြီးဆုံး သံဃာ့ထေရ်ပဲဖြစ်ပါတယ်၊ ဝါတော် ၁၂၀-ရှိနေပါပြီ။

"ငါ့ရှင် ! တပည့်တော်က သဗ္ဗကာမိထေရ် သီတင်းသုံးနေထိုင်တဲ့ ကျောင်းကို သွားနှင့်ပါ့မယ်၊ အရှင်ဘုရားက နံနက်စောစောမှာ ကြွလာပြီး သဗ္ဗကာမိထေရ်အား ဝတ္ထု ၁၀-မျိုးကို လျှောက်ထားပါ"။

အရှင်ရေဝတက အရှင်သမ္ဘူတကို ဒီလိုပြောဆိုမှာထားခဲ့ပြီး သဗ္ဗကာမိထေရ် သီတင်းသုံးနေထိုင်တဲ့ ကျောင်းကို ကြွသွားပါတယ်၊ သဗ္ဗကာမိထေရ်အတွက် အိပ်ရာကို အခန်းတွင်းမှာ ခင်းထားပါတယ်၊ အရှင်ရေဝတအတွက် အိပ်ရာကို အခန်း၀မှာ ခင်းထားပါတယ်။

"ဒီမထေရ်ဟာ သက်တော်၀ါတော် ကြီးရင့်သူဖြစ်လျက်သားနဲ့ လျောင်းစက်တော်မမူသေးဘူး"။

အရှင်ရေဝတက ဒီလိုကြံစည်တွေးတောပြီး ကျိန်းစက်မှုကို မပြုပါဘူး။

"ဒီရဟန်းဟာ အာဂန္တုဖြစ်ပြီး ခရီးပန်းလာသူ ဖြစ်လျက်သားနဲ့ လဲလျောင်းမှုကို မပြုသေးဘူး"။

အရှင်သဗ္ဗကာမိထေရ်ကလဲ ဒီလို ကြံစည်စဉ်းစားပြီး ကျိန်းစက်မှုကို မပြုပါဘူး။

မထေရ် ၂-ပါးလုံးပဲ နံနက်စောစော ထတော်မူကြပါတယ်၊ ပြီးတော့ တရားစကား ပြောဆိုဆွေးနွေးနေကြပါတယ်၊ သဗ္ဗကာမိထေရ်က အရှင်ရေဝတကို စတင်မေးတော်မူပါတယ်။

"ငါ့ရှင်(ဘူမိ) ! ငါ့ရှင်ဟာ ခုနေအချိန်မှာ ဘယ်လိုနေခြင်းမျိုးနဲ့ အမျှားဆုံးနေပါသလဲ ?"။

http://www.dhammadownload.com

"အရှင်ဘုရား ! တပည့်တော်က ခုနေအချိန်မှာ 'မေတ္တာ'ဆိုတဲ့ နေခြင်းမျိုးနဲ့ အများဆုံးနေပါတယ်"။

"ငါရှင် ! ငါရှင်ဟာ ပေါ့ပါးလွယ်ကူတဲ့ နေခြင်းမျိုး(ကုလ္လဝိဟာရ)နဲ့ နေတာပဲ၊ ငါရှင် ! အဲဒီ'မေတ္တာ'ဆိုတာဟာ ပေါ့ပါးလွယ်ကူတဲ့ နေခြင်းမျိုးပေါ့"။

"အရှင်ဘုရား ! ရှေးလူဘဝတုန်းကလဲပဲ တပည့်တော်ဟာ မေတ္တာကိုပဲ အမြဲလေ့ကျက်ဖူးပါတယ်၊ ဒါကြောင့် ခုနေအချိန်မှာလဲပဲ 'မေတ္တာ'ဆိုတဲ့ နေခြင်းမျိုးနဲ့ပဲ အများဆုံးနေပါတယ်၊ အမှန်ကတော့ တပည့်တော် ရဟန္တာဖြစ်တာကြာလှပါပြီ"။

"အရှင်သဗ္ဗကာမီထေရ်မြတ်ကကော အခုအချိန်မှာ ဘယ်လိုနေခြင်း မျိုးနဲ့ အများဆုံး နေထိုင်ပါသလဲဘုရား ?"။

"ငါရှင် ! တပည့်တော်ကတော့ အခုအချိန်မှာ 'ဖလသမာပတ်'ဆိုတဲ့ နေခြင်းမျိုး(သုညတဝိဟာရ)နဲ့ အများဆုံး နေထိုင်ပါတယ်"။

"အရှင်ဘုရား ! အရှင်ဘုရားကတော့ အခုအချိန်မှာ ယောက်ျားမြတ်တို့ရဲ့ နေခြင်းမျိုးနဲ့ အများဆုံးနေတော်မူပါကလား၊ အဲဒီ 'ဖလသမာပတ်'ဆိုတာ ယောက်ျားမြတ်တို့ရဲ့ နေခြင်းမျိုးပေါ့ဘုရား"။

"ငါရှင် ! တပည့်တော်ဟာ ရှေးလူဘဝတုန်းကလဲပဲ ဖလသမာပတ်ကို အလေ့အလာပြုခဲ့ဖူးပါတယ်၊ အဲဒီ 'ဖလသမာပတ်'ဆိုတဲ့ နေခြင်းမျိုးနဲ့ပဲ အခုအချိန်မှာ အများဆုံး နေထိုင်ပါတယ်၊ အမှန်ကကော့ တပည့်တော်လဲပဲ ရဟန္တာဖြစ်ခဲ့တာ ကြာလှပါပြီ"။

မထေရ် ၂-ပါး ဆွေးနွေးနေတုန်းမှာပဲ အရှင်သမ္မူတထေရ် ရောက်လာ ပါတယ်၊ အရှင်သမ္မူတက အရှင်သဗ္ဗကာမီထေရ်အား ရှိခိုးဝပ်ချပြီးတယ် ဆိုရင်ပဲ ဝဇ္ဇီတိုင်းသား ရဟန်းတွေက ဝတ္ထု ၁၀-မျိုးတို့ကို လူသိရှင်ကြား ကြေညာကျင့်သုံး နေကြတာကိုလဲ လျှောက်ထားပါတယ်။

"မထေရ်မြတ်ကတော့ ဥပဇ္ဈာယ်ဖြစ်တော်မူတဲ့ အရှင်အာနန္ဒာဆီက ဓမ္မဝိနယကို လက်ပွန်းတတီး သင်ယူပြီး ဖြစ်ပါတယ်၊ အဲဒီ ဓမ္မဝိနယနဲ့ ညှိနှိုင်းဆင်ခြင်တော်မူတဲ့အခါမှာ ဘယ်လိုသဘောရပါသလဲ၊ အရှေ့အရပ်မှာ နေထိုင်ကြတဲ့ ရဟန်းတော်တွေက ဓမ္မဝါဒီဖြစ်ပါသလား၊ ဒါမှမဟုတ်ရင် ပါဝေယျကတိုင်းသား ရဟန်းတွေက ဓမ္မဝါဒီဖြစ်ပါသလား ?"။

ဆက်တိုက်ပဲ သဗ္ဗကာမီမထေရ်ရဲ့ ထင်မြင်ချက်ကိုလဲ မေးလျှောက်ပါတယ်

http://www.dhammadownload.com

"ငါ့ရှင်လဲပဲ ဥပဇ္ဈာယ်ဆရာဖြစ်တော်မူတဲ့ အရှင်အာနန္ဒာထံမှာ ဓမ္မဝိနယကို သင်ယူလာခဲ့တာပဲ၊ ငါ့ရှင်ကော ဘယ်လိုသဘောရသလဲ ?"။

"ဓမ္မဝိနယနဲ့ ညှိနှိုင်းဆင်ခြင် ကြည့်ရှုတဲ့အခါမှာ 'အရှေ့အရပ်မှာ နေထိုင်ကြတဲ့ ရဟန်းတွေက အဓမ္မဝါဒီဖြစ်တယ်၊ ပါဝေယျကတိုင်းသား ရဟန်းတွေက ဓမ္မဝါဒီဖြစ်တယ်' ဆိုတာ ထင်ရှားပါတယ်၊ ဒါပေမဲ့ ဒီအဓိကရဏ်းမှာ 'ဆုံးဖြတ်သူအနေနဲ့ သမုတ်တန်ရာရဲ့' လို့ စဉ်းစားမိတဲ့အတွက် တပည့်တော်ရဲ့ အယူအဆကို မျိုသိပ်ထားခဲ့ပါတယ်၊ ထုတ်ဖော်ပြောဆိုမှု မပြုခဲ့ပါဘူး"။

အရှင်သမ္ဘူတထေရ်ရဲ့ လျှောက်ထားချက်ကို ကြားရတဲ့အခါ သဗ္ဗကာမီ မထေရ်မြတ်ကလဲ အလားတူပဲ ပြန်လည်မိန့်ကြားတော်မူပါတယ်။

မကြာခင်မှာဘဲ အဓိကရဏ်းဆုံးဖြတ်ဖို့ သံဃာ့အစည်းအဝေး ပြုလုပ်ကြပါတယ်၊ အစည်းအဝေးစတာနဲ့ တစ်ပြိုင်နက် သူတစ်မျိုး ငါတစ်ဖုံ အမျိုးမျိုး ပြောဆိုလာကြပါတယ်၊ တစ်ဦးကပြောတာကို တစ်ဦးက နားလည်ဖို့တောင်မှပဲ မလွယ်ကူတော့ပါ။

အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီး အရှင်ရေဝတက သံဃာ့ကိုယ်စားလှယ် ရွေးချယ်ပေးဖို့ သံဃာတော်ကို ပန်ကြားလျှောက်ထားပါတယ်၊ သံဃာတော်က အရှေ့အရပ်မှာ နေထိုင်ကြတဲ့ ရဟန်းတော်တွေဘက်မှ အရှင်သဗ္ဗကာမီ, အရှင်သာဠ္ဠ, အရှင်ခုဇ္ဇသောဘိတ, အရှင်ဝါသဘဂါမိကတို့ကို ရွေးချယ်တော်မူပါတယ်၊ ပါဝေယျကတိုင်းသား ရဟန်းတော်တွေဘက်မှ အရှင်ရေဝတ, အရှင်သမ္ဘူတ, အရှင်ယသ, အရှင်သုမနတို့ကို ရွေးချယ်တော်မူပါတယ်။[၁]

အဲဒီလို ရွေးချယ်ပြီးတဲ့နောက် အရှင်ရေဝတက အဓိကရဏ်းငြိမ်းစေဖို့ အဲဒီ ရဟန်းတွေကို ဥဇ္ဈာဟိကသမ္ဘူတိဖြင့်[၂] သမုတ်ကြောင်း လျှောက်ထားသိစေပါတယ်။

"အရှင်ဘုရားတို့ ! သံဃာတော်က တပည့်တော်ရဲ့ စကားကို သည်းခံနားထောင်တော်မူပါ၊ ဒီအဓိကရဏ်းကို ဆုံးဖြတ်တော့မယ်လို့ စလိုက်တယ် ဆိုရင်ပဲ သူတစ်မျိုး ငါတစ်ဖုံ အမျိုးမျိုး ပြောဆိုလာကြပါတယ်၊ တစ်ဦး

၁။ အဲဒီမထေရ် ၈-ပါးထဲက "သဗ္ဗကာမီထေရ်, အရှင်သာဠ္ဠ, အရှင်ရေဝတ, အရှင်ခုဇ္ဇသောဘိတ, အရှင်ယသ, အရှင်သမ္ဘူတ" ဒီမထေရ် ၆-ပါး ဟာ အရှင်အာနန္ဒရဲ့ ဥပဇ္ဈာယ်ယူ အတူနေတပည့်များ ဖြစ်ကြပါတယ်၊ "အရှင်သုမန, အရှင်ဝါသဘဂါမိက" ဒီမထေရ် ၂-ပါးကတော့ အရှင်အနုရုဒ္ဓါ ထေရ်ရဲ့ ဥပဇ္ဈာယ်ယူ အတူနေတပည့်များ ဖြစ်ကြပါ တယ်၊ မထေရ် ၈-ပါး လုံးပဲ ဘုရားရှင်ကို မိလိုက်ကြပါတယ်။ [ပါရာဓိကဏ်-၄-၁၊ ၂၇၊]

၂။ အဓမ္မဝါဒီ အလွန်မှုပုဂ္ဂိုလ်တွေရဲ့ ငြိမ်းခြောက်မှုကိုပဲဖြစ်ဖြစ်, ခိုက်ရန်ဖြစ်ဖြစ်မှုကိုပဲဖြစ်ဖြစ် ပြေပျောက်အောင် ပြုလုပ်ရတဲ့ သမ္ဘူတိမျိုးကို "ဥဇ္ဈာဟိကာ" လို့ ခေါ်ပါတယ်။

http://www.dhammadownload.com

ပြောတာကို တစ်ဦးက နားလည်ဖို့တောင်မှပဲ မလွယ်ကူတော့ပါ၊ တကယ်လို့ သံဃာတော်မှာ (ဥဇ္ဈာဟိကသမ္မုတိပေးဖို့ရန်) သင့်တော်တဲ့အခွင့်အခါ ရှိခဲ့ပါရင် ဥဇ္ဈာဟိကသမ္မုတိဖြင့် ဒီအဓိကရဏ်းကို ငြိမ်းစေဖို့ရန် သံဃာတော်က ပါစိနက (အရှေ့အရပ်မှာ နေထိုင်ကြတဲ့)ရဟန်းတော် ၄-ပါး, ပါဝေယျက (တိုင်းသား) ရဟန်းတော် ၄-ပါးတို့ကို သမ္မုတိပေးသင့်ပါတယ်၊ ဒါဟာ လက်ဦးဆုံး အသိပေးခြင်းပါပဲ။

အရှင်ဘုရားတို့ ! သံဃာတော်က တပည့်တော်ရဲ့ စကားကို သည်းခံနားထောင်ကြပါအုံး၊ ဒီ အဓိကရဏ်းကို ဆုံးဖြတ်တော့မယ်လို့ စတယ်ဆိုရင်ပဲ ဟိုကတစ်မျိုး, ဒီကတစ်မျိုး ပြောဆိုလာကြပါတယ်၊ တစ်ဦးကပြောတာကို တစ်ဦးကနားလည်ဖို့ရန်တောင်မှပဲ မလွယ်ကူတော့ပါ၊ ဥဇ္ဈာဟိကသမ္မုတိဖြင့် ဒီအဓိကရဏ်းကို ငြိမ်းစေဖို့ရန် သံဃာတော်က ပါစိနကရဟန်း ၄-ပါး, ပါဝေယျကရဟန်း ၄-ပါးတို့ကို သမုတ်ပါတယ်၊ (သမ္မုတိ ပေးပါတယ်၊) ဒီလို သမ္မုတိပေးတာကို သဘောတူတဲ့ပုဂ္ဂိုလ်က ဆိတ်ဆိတ်နေတော်မူပါ၊ သဘောမတူတဲ့ပုဂ္ဂိုလ်က ကန့်ကွက်ပြောဆိုတော်မူပါ။

သံဃာတော်က ပါစိနကရဟန်း ၄-ပါး, ပါဝေယျကရဟန်း ၄-ပါးတို့ကို ဥဇ္ဈာဟိကသမ္မုတိဖြင့် ဒီအဓိကရဏ်းကို ငြိမ်းစေဖို့ရန် သမ္မုတိပေးပြီးပါပြီ၊ သံဃာတော်က သဘောတူကျေနပ်ပါတယ်၊ ဒီလိုသဘောတူ ကျေနပ်တဲ့အတွက် ဆိတ်ဆိတ်နေခဲ့ပါတယ်၊ ဒီလိုဆိတ်ဆိတ်နေတာနဲ့ပဲ သဘောတူကျေနပ်တယ်လို့ အသိအမှတ် ပြုရပါတော့တယ်"။

အဲဒီအချိန်မှာ ၁၀-ဝါရှိတဲ့ "အဇိတ"ဆိုတဲ့ ရဟန်းဟာ သံဃာတော်ရဲ့ ပါတိမောက္ခုဒ္ဒေသက(ပါတိမောက်ပြတဲ့) ရဟန်းဖြစ်ပါတယ်၊ မထေရ်တွေအတွက် နေရာခင်းကျင်းပြင်ဆင်ဖို့ သံဃာတော်က အရှင်အဇိတကိုပဲ သမ္မုတိပေးကြပါတယ်၊ မထေရ်တွေက အဓိကရဏ်းငြိမ်းစေဖို့ သင့်တော်မဲ့ နေရာဌာနကို ညွှန်ကြားပင်းတိုင်ပင်ကြတဲ့အခါ ဝါလိကာရုံကျောင်းတိုက်ကို သဘောကျကြပါတယ်၊ ဒါနဲ့ ဝါလိကာရုံကျောင်းတိုက်သို့ ကြွတော်မူကြပါတယ်။

ဝါလိကာရုံကျောင်းတိုက်သို့ ရောက်တဲ့အခါ အရှင်ရေဝတက ဝိနည်းကို မေးလျှောက်ဖို့ မိမိကို သမုတ်တော်မူပါတယ်၊ အရှင်သဗ္ဗကာမိမထေရ်က ဖြေဆိုဖို့ မိမိကိုသမုတ်တော်မူပါတယ်၊ အဲဒီလို သမုတ်ပြီးတဲ့နောက်မှာ အရှင်ရေဝတက အရှင်သဗ္ဗကာမိမထေရ်ကို မေးလျှောက်ပါတယ်၊ အရှင်သဗ္ဗကာမိမထေရ်က မေးလျှောက်သမျှကို ဖြေရှင်းတော်မူပါတယ်။

http://www.dhammadownload.com

၃။ "အရှင်ဘုရား ! တစ်မျိုးတစ်ဖုံ ကြဲဆအပ်တဲ့ သားချိုမှာရှိတဲ့ဆား(သိုဂီလောဏကပ္ပ)ဟာ အပ်ပါသလားဘုရား ?"။

"အဲဒီ 'တစ်မျိုးတစ်ဖုံ ကြဲဆအပ်တဲ့ သားချိုမှာရှိတဲ့ဆား' ဆိုတာဟာ ဘာလဲ ငါ့ရှင် ?"။

"ဆားမပါတဲ့ဆွမ်းတွေ, ဟင်းတွေကို ရတဲ့အခါမှာ (ရောနှော)စားရလိမ့်မယ်ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် သားချိုဖြင့် ဆားကို ဆောင်ယူ (စားသောက်) ခြင်းပါပဲ၊ ဒါဟာ အပ်ပါသလား အရှင်ဘုရား ?"။

"မအပ်ဘူး ငါ့ရှင်"။

"ဒါဖြင့် ဘယ်ပါဠိရပ်မှာ ပယ်မြစ်တော်မူခဲ့ပါသလဲဘုရား ?"။

"ဘုရားရှင် သာဝတ္ထိမြို့မှာ သီတင်းသုံးနေစဉ် သိင်္ဂာပုဒ်မာတိကာကို အကျယ်ဝေဖန်ပြတဲ့ ပဒဘာဇနီမှာ ပယ်မြစ်တော်မူခဲ့ပါတယ် ငါ့ရှင်"။

"အဘယ်အာပတ် သင့်ပါသလဲ အရှင်ဘုရား ?"။

"သိမ့်သိမ်းဆည်းခြင်းကို ပြုပြီးတော့ သုံးဆောင်ခြင်းဆိုတဲ့ အကြောင်းကြောင့် ပါစိတ်အာပတ် သင့်ပါတယ် ငါ့ရှင်"။

"အရှင်ဘုရားတို့ ! သံဃာတော်က တပည့်တော်ရဲ့စကားကို နားထောင်တော်မူပါ၊ ဒီအကြောင်းကြောင့် ဒီ(သိုဂီလောဏကပ္ပ)ဝတ္ထုဟာ ဓမ္မမဟုတ်ပါ၊ ဝိနယမဟုတ်ပါ၊ ဘုရားရှင်ရဲ့ သာသနာ(အဆုံးအမ)တော်နဲ့ ကင်းကွာနေပါတယ်၊ အဲဒီလိုပဲ အစဆုံးဖြစ်တဲ့ (သိုဂီလောဏကပ္ပ)ဝတ္ထုကို သံဃာတော်က ဆုံးဖြတ်ပြီးပါပြီ၊ အစဆုံးဖြစ်တဲ့ ဒီဆုံးဖြတ်ချက်ကို အတည်ပြုပါတယ်"။

၄။ "တစ်မျိုးတစ်ဖုံ ကြဲဆအပ်တဲ့ လက် ၂-သစ်(ဒွင်္ဂုံလကပ္ပ)ဟာ အပ်ပါသလား အရှင်ဘုရား ?"။

"အဲဒီ 'တစ်မျိုးတစ်ဖုံ ကြဲဆအပ်တဲ့ လက် ၂-သစ်' ဆိုတာ ဘာလဲ ငါ့ရှင် ?"။

"မွန်းတည့်ပြီးတဲ့နောက် အရိပ်လက် ၂-သစ်လောက် လွန်သွားတဲ့အခါမျိုးမှာ နေလွဲညစာ စားခြင်းပါပဲ၊ ဒါဟာ အပ်ပါသလား အရှင်ဘုရား ?"။

"မအပ်ဘူး ငါ့ရှင်"။

"ဒါဖြင့် ဘယ်ပါဠိရပ်မှာ ပယ်မြစ်တော်မူခဲ့ပါသလဲ အရှင်ဘုရား ?"။

http://www.dhammadownload.com

"ဘုရားရှင် ရာဇဂြိုဟ်မြို့မှာ သီတင်းသုံးနေတော်မူတုန်းက 'ဝိကာလ ဘောဇနသိက္ခာပုဒ်'ဆိုတဲ့ မာတိကာနဲ့, အဲဒီသိက္ခာပုဒ်ရဲ့ ပဒဘာဇနီမှာ ပယ်မြစ်တော်မူခဲ့ပါတယ် ဘုရှင်"။

"အဘယ်အာပတ် သင့်ပါသလဲ အရှင်ဘုရား ?"။

"နေလွဲတဲ့အခါ ဘောဇဉ်ကို စားခြင်းဆိုတဲ့ အကြောင်းကြောင့် ပါစိတ် အာပတ်သင့်တယ် ဘုရှင်"။

"အရှင်ဘုရားတို့ ! သံဃာတော်က တပည့်တော်ရဲ့ စကားကို နားထောင် တော်မူပါ၊ ဒီအကြောင်းကြောင့် ဒီ(ဒွဂုံလကပွ)ဝတ္ထုဟာလဲ ဓမ္မမဟုတ်ပါ၊ ဝိနယမဟုတ်ပါ၊ ဘုရားရှင်ရဲ့ အဆုံးအမတော်နဲ့ ကင်းကွာနေပါတယ်၊ ဒီလိုပဲ ၂-ခုမြောက်ဖြစ်တဲ့ ဒီ(ဒွဂုံလကပွ)ဝတ္ထုကိုသံဃာတော်က ဆုံးဖြတ်ပြီးပါပြီ၊ ၂-ခုမြောက်ဖြစ်တဲ့ ဒီဆုံးဖြတ်ချက်ကိုလဲ အတည်ပြုပါတယ်"။

၃။ တစ်မျိုးတစ်ဖုံ ကြဲဆအပ်တဲ့ ရွာတစ်ပါး(ဂါမန္တရကပွ)ဟာ အပ်ပါသလား အရှင်ဘုရား ?"။

"အဲဒီ 'တစ်မျိုးတစ်ဖုံကြဲဆအပ်တဲ့ ရွာတစ်ပါး'ဆိုတာဟာ ဘာလဲ ဘုရှင် ?"။

"ပဝါရိတ်သင့်ပြီးတဲ့ ရဟန်းတစ်ပါးက 'အခုပဲ ရွာတစ်ပါးကို သွားတော့ မယ်"လို့ နှလုံးသွင်းပြီး အတိရိက်ဝိနည်းက မပြုရသေးတဲ့ဘောဇဉ်, ဂိလာနရဲ့ အကြွင်းအကျန်မဟုတ်တဲ့ ဘောဇဉ်ကို စားခြင်းပါပဲ၊ ဒါကော အပ်ပါသလား အရှင်ဘုရား ?"။

"မအပ်ဘူး ဘုရှင်"။

"ဒါဖြင့် ဘယ်ပါဠိရပ်မှာ ပယ်မြစ်တော်မူခဲ့ပါသလဲ အရှင်ဘုရား ?"။

"ဘုရားရှင် သာဝတ္ထိမြို့မှာ သီတင်းသုံးတော်မူတုန်းက ပထမပဝါရဏာ သိက္ခာပုဒ်နဲ့ အဲဒီ သိက္ခာပုဒ်ကို ဝေဖန်ပြတဲ့ ပဒဘာဇနီမှာ ပယ်မြစ်တော်မူခဲ့ ပါတယ် ဘုရှင်"။

"အဘယ်အာပတ် သင့်ပါသလဲ အရှင်ဘုရား ?"။

"အတိရိက်ဝိနည်းက် မပြုရသေးတဲ့ ခဲဖွယ်ဘောဇဉ်, ဂိလာနရဲ့ အကြွင်း အကျန်မဟုတ်တဲ့ ခဲဖွယ်ဘောဇဉ်ကို စားတဲ့အတွက် ပါစိတ်အာပတ် သင့်တယ် ဘုရှင်"။

"အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့ စကားကို နားထောင် တော်မူပါ၊ ဒီအကြောင်းကြောင့် ဒီ(ဂါမန္တရကပွ)ဝတ္ထုဟာ ဓမ္မနဲ့လဲ ဆန့်ကျင်

http://www.dhammadownload.com

နေပါတယ်၊ ဝိနယနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဘုရားရှင်ရဲ့ အဆုံးအမတော်နဲ့လဲ ကင်းကွာနေပါတယ်၊ အဲဒီလို ၃-ခုမြောက်ဖြစ်တဲ့ (ဂါမန္တ ရကပွ)ဝတ္ထုကိုလဲ သံဃာတော်က ဆုံးဖြတ်ပြီးပါပြီ၊ ၃-ခုမြောက်ဖြစ်တဲ့ ဒီဆုံးဖြတ်ချက်ကိုလဲ အတည်ပြုပါတယ်"။

၄။ "အရှင်ဘုရား ! တစ်မျိုးတစ်ဖုံ ကြဲဆအပ်တဲ့ကျောင်း(အာဝါသကပွ)ဟာ အပ်ပါသလား၊အရှင်ဘုရား ?"။

"အဲဒီ 'တစ်မျိုးတစ်ဖုံ ကြဲဆအပ်တဲ့ကျောင်း'ဆိုတာက ဘာလဲ ငါ့ရှင် ?"။

"မဟာသိမ်ကြီး တစ်သိမ်တည်းမှာ တည်ရှိနေကြတဲ့ ကျောင်းတွေမှာ အသီးအသီး ဥပုသ်(စတဲ့ သံဃာ့ကံ) ပြုခြင်းပါပဲ၊ ဒါကော အပ်ပါသလား အရှင်ဘုရား ?"။

"မအပ်ဘူး ငါ့ရှင်"။

"ဒါဖြင့် ဘယ်ပါဠိရပ်မှာ ပယ်မြစ်တော်မူခဲ့ပါသလဲ အရှင်ဘုရား ?"။

"ဘုရားရှင် ! ရာဇဂြိုဟ်မြို့မှာ သီတင်းသုံးနေတော်မူတုန်းက ဥပေါသထက္ခန္ဓကမှာ ပယ်မြစ်တော်မူခဲ့ပါတယ် ငါ့ရှင်"။

"ဘယ်အာပတ် သင့်ပါသလဲ အရှင်ဘုရား ?"။

"ဝိနည်းကို ကျော်လွန်တဲ့အတွက် ဒုက္ကဋ်အာပတ် သင့်တယ် ငါ့ရှင်"။

"အရှင်ဘုရားတို့ ! သံဃာတော်က တပည့်တော်ရဲ့ စကားကို နားထောင်တော်မူကြပါ၊ ဒီအကြောင်းကြောင့်လဲ ဒီ(အာဝါသကပွ)ဝတ္ထုဟာ ဓမ္မနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဝိနယနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဘုရားရှင်ရဲ့ အဆုံးအမတော်နဲ့လဲကင်းကွာနေပါတယ်၊ ဒီလိုပဲ ၄-ခုမြောက်ဖြစ်တဲ့ (အာဝါသကပွ)ဝတ္ထုကိုလဲ သံဃာတော်က ဆုံးဖြတ်ပြီးပါပြီ၊ ၄-ခုမြောက်ဖြစ်တဲ့ ဒီဆုံးဖြတ်ချက်ကိုလဲ အတည်ပြုပါတယ်"။

၅။ "အရှင်ဘုရား ! တစ်မျိုးတစ်ဖုံ ကြဲဆအပ်တဲ့ အလိုဆန္ဒ(အနုမတိကပွ)ဟာ အပ်ပါသလား၊အရှင်ဘုရား ?"။

"အဲဒီ 'တစ်မျိုးတစ်ဖုံ ကြဲဆအပ်တဲ့ အလိုဆန္ဒ'ဆိုတာဟာ ဘာလဲ ငါ့ရှင် ?"။

"မလာသေးတဲ့ ရဟန်းတွေရဲ့ အလိုဆန္ဒကို 'လာတဲ့အခါကျမှ ယူရတော့မယ်'လို့ ကြိုပြီး ဝင်ဖြစ်နေတဲ့ သံဃာနဲ့ ကံပြုခြင်းပါပဲ၊ ဒါကော အပ်ပါရဲ့လား၊အရှင်ဘုရား ?"။

http://www.dhammadownload.com

"မအပ်ပါဘူး ငါ့ရှင်"။

"ဒါဖြင့် ဘယ်ပါဠိရပ်မှာ ပယ်မြစ်တော်မူခဲ့ပါသလဲ အရှင်ဘုရား ?"။

"စမွေယျကွန္ဓက ဝိနည်းနဲ့စပ်တဲ့ဝတ္ထု(အဓမ္မေနဝဂ္ဂါဒိကမ္မကထာ)မှာ ပယ်မြစ်တော်မူခဲ့ပါတယ် ငါ့ရှင်"။

"အဘယ်အာပတ် သင့်ပါသလဲ အရှင်ဘုရား ?"။

"ဝိနည်းကို ကျော်လွန်တဲ့အတွက် ဒုက္ကဋ်အာပတ်သင့်တယ် ငါ့ရှင်"။

"အရှင်ဘုရားတို့ ! သံဃာတော်က တပည့်တော်ရဲ့ စကားကို နားထောင်တော်မူကြပါ၊ ဒီအကြောင်းကြောင့်လဲ ဒီ(အနုမတိကပ္ပ)ဝတ္ထုဟာ ဓမ္မနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဝိနယနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဘုရားရှင်ရဲ့ အဆုံးအမတော်နဲ့လဲ ကင်းကွာနေပါတယ်၊ ဒီလိုပဲ ၅-ခုမြောက်ဖြစ်တဲ့ (အနုမတိကပ္ပ) ဝတ္ထုကိုလဲ သံဃာတော်က ဆုံးဖြတ်ပြီးပါပြီ၊ ၅-ခုမြောက်ဖြစ်တဲ့ ဒီဆုံးဖြတ်ချက်ကိုလဲ အတည်ပြုပါတယ်"။

၆။ "အရှင်ဘုရား ! တစ်မျိုးတစ်ဖုံ ကြဲဆအပ်တဲ့ အလေ့အကျက်(အာစိဏ္ဏကပ္ပ)ကော အပ်ပါသလား အရှင်ဘုရား ?"။

"အဲဒီ 'တစ်မျိုးတစ်ဖုံ ကြဲဆအပ်တဲ့ အလေ့အကျက်'ဆိုတာ ဘာလဲ ငါ့ရှင် ?"။

"ဒါကို ငါ့ရဲ့ဥပဇ္ဈာယ်ဆရာက အမြဲလေ့ကျက်ခဲ့တယ်၊ ဒါကို ငါ့ရဲ့ ဆရာက အမြဲလေ့ကျက်ခဲ့တယ်၊ ဒီလိုနှလုံးသွင်းပြီး အဲဒီ ဆရာ, ဥပဇ္ဈာယ်တွေရဲ့ အလေ့အကျက်မှန်သမျှကို လိုက်နာကျင့်သုံးခြင်းပါပဲ၊ ဒါကော အပ်ပါရဲ့လား အရှင်ဘုရား ?"။

"ဓမ္မဝိနယနဲ့ညီတဲ့ အချို့အလေ့အကျက်က အပ်တယ်၊ ဓမ္မဝိနယနဲ့ မညီတဲ့ အချို့အလေ့အကျက်ကတော့ မအပ်ဘူး ငါ့ရှင်"။

"အရှင်ဘုရားတို့ ! သံဃာတော်အကုန်လုံးက တပည့်တော်ရဲ့စကားကို နားထောင်တော်မူကြပါ၊ ဒီအကြောင်းကြောင့်လဲ ဒီ(အာစိဏ္ဏကပ္ပ)ဝတ္ထုဟာ ဓမ္မနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဝိနယနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဘုရားရှင်ရဲ့ အဆုံးအမတော်နဲ့လဲ ကင်းကွာနေပါတယ်၊ ဒီလိုပဲ ၆-ခုမြောက်ဖြစ်တဲ့ (အာစိဏ္ဏကပ္ပ)ဝတ္ထုကိုလဲ သံဃာတော်က ဆုံးဖြတ်ပြီးပါပြီ၊ ၆-ခုမြောက်ဖြစ်တဲ့ ဒီဆုံးဖြတ်ချက်ကိုလဲ အတည်ပြုပါတယ်"။

၇။ "အရှင်ဘုရား ! တစ်မျိုးတစ်ဖုံ ကြဲဆအပ်တဲ့ နို့ရည်(အမထိတကပ္ပ)ကော အပ်ပါရဲ့လား အရှင်ဘုရား ?"။

http://www.dhammadownload.com

"အဲဒီ 'တစ်မျိုးတစ်ဖုံ ကြဲဆအပ်တဲ့ နို့ရည်' ဆိုတာကော ဘာလဲ ငါ့ရှင်?"။

"နို့ရည်အဖြစ်ကိုလဲ စွန့်ပြီး နို့မမ်းအဖြစ်သို့လဲ မရောက်သေးတဲ့ နို့ရည်ကို ပဝါရိတ်သင့်ပြီးတဲ့ ရဟန်းက အတိရိက်ဝိနည်းက် မပြုဘဲ သောက်ကောင်းတယ်' ဆိုတာပါပဲ၊ ဒါကော အပ်ပါရဲ့လား အရှင်ဘုရား?"။

"မအပ်ပါဘူး ငါ့ရှင်"။

"ဒါဖြင့် ဘယ်ပါဠိရပ်မှာ ပယ်မြစ်တော်မူခဲ့ပါသလဲ အရှင်ဘုရား?"။

"ဘုရားရှင် သာဝတ္ထိမြို့မှာ သီတင်းသုံးနေတော်မူတုန်းက ပထမ ပဝါရဏာ သိက္ခာပုဒ်နဲ့ အဲဒီသိက္ခာပုဒ်ရဲ့ ပဒဘာဇနီမှာ ပယ်မြစ်တော်မူခဲ့ပါတယ် ငါ့ရှင်"။

"ဒါဖြင့် ဘယ်အာပတ် သင့်ပါသလဲ အရှင်ဘုရား?"။

"အတိရိက်ဝိနည်းက် မပြုရသေးတဲ့ ခဲဖွယ်[၁] ကို သောက်တဲ့အတွက် ပါစိတ် အာပတ်သင့်တယ် ငါ့ရှင်"။

"အရှင်ဘုရားတို့ ! အခုစည်းဝေးနေကြတဲ့ သံဃာတော်တွေက တပည့်တော်ရဲ့စကားကို နားထောင်တော်မူကြပါ၊ ဒီအကြောင်းကြောင့်လဲ ဒီ(အမထိတကပ္ပ)ဝတ္ထုဟာ ဓမ္မနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဝိနယနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဘုရားရှင်ရဲ့ အဆုံးအမတော်နဲ့လဲ ကင်းကွာနေပါတယ်၊ ဒီလိုပဲ ၇-ခုမြောက် ဖြစ်တဲ့ (အမထိတကပ္ပ)ဝတ္ထုကိုလဲ သံဃာတော်က ဆုံးဖြတ်ပြီးပါပြီ၊ ၇-ခုမြောက်ဖြစ်တဲ့ ဒီ ဆုံးဖြတ်ချက်ကိုလဲ အတည်ပြုပါတယ်"။

၈။ "အရှင်ဘုရား ! သေနု(ဓဇ္ဇောဂီ)ကော သောက်ခြင်းငှာ အပ်ပါသလား အရှင်ဘုရား?"။

"အဲဒီ 'သေနု' ဆိုတာကော ဘာတဲ့လဲ ငါ့ရှင်?"။

"အရက်ဖြစ်ဖို့ရာ အဆောက်အဦများကို တစ်ပေါင်းတည်းပြုပြီး (စုပေါင်းပြီး) စိမ်ထားတဲ့ အရက်မဖြစ်သေးတဲ့ စိမ်ရည်ပါပဲ အရှင်ဘုရား၊ ဒါကို သောက်ကောင်းပါရဲ့လား အရှင်ဘုရား?"။

"မသောက်ကောင်းဘူး ငါ့ရှင်"။

"ဒါဖြင့် ဘယ်ပါဠိရပ်မှာ ပယ်မြစ်တော်မူခဲ့ပါသလဲ အရှင်ဘုရား?"။

၁။ သြဒန-ထမင်း၊ သတ္တု-မုန့်မှုန့်၊ ကုမ္မာသ-မယောမုန့်၊ မဏ္ဍ-ငါး၊ မံသ-အသား။ ဒီဘောဇဉ် ၅-ပါးမှ ကြွင်းကျန်သမျှ ယာဝကာလိက(မွန်းမလွဲခင် နံနက်ပိုင်းမှာသာ စားကောင်းတဲ့) ဝတ္ထုကို "ခဲဖွယ်"လို့ ခေါ်ပါတယ်။

http://www.dhammadownload.com

"ဘုရားရှင် ကောသမ္မီမြို့မှာ သီတင်းသုံးနေတော်မူတုန်းက သုရာပါန သိက္ခာပုဒ်နဲ့ အဲဒီသိက္ခာပုဒ်ရဲ့ ပဒဘာဇနီမှာ ပယ်မြစ်တော်မူခဲ့ပါတယ် ငါ့ရှင်"။

"ဘယ်အာပတ် သင့်ပါသလဲ အရှင်ဘုရား?"။

"သေရည်အရက်ကို သောက်တဲ့အတွက် ပါစိတ်အာပတ် သင့်တယ်ငါ့ရှင်"။

"အရှင်ဘုရားတို့ ! အခုစည်းဝေးနေကြတဲ့ သံဃာတော်တွေက တပည့်တော်ရဲ့ စကားကို နားထောင်တော်မူကြပါ၊ ဒီအကြောင်းကြောင့်လဲ ဒီ (ဇဋ္ဌောဂီ)ဝတ္ထုဟာ ဓမ္မနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဝိနယနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဘုရားရှင်ရဲ့ သာသနာတော်နဲ့လဲ ကင်းကွာနေပါတယ်၊ ဒီလိုပဲ ၈-ခုမြောက်ဖြစ်တဲ့ (ဇဋ္ဌောဂီ)ဝတ္ထုကိုလဲ သံဃာတော်က ဆုံးဖြတ်ပြီးပါပြီ၊ ၈-ခုမြောက်ဖြစ်တဲ့ ဒီဆုံးဖြတ်ချက်ကိုလဲ အတည်ပြုပါတယ်"။

၉။ "အမြိတ်အဆာ မပါတဲ့ နိသီဒိုင်ကော အပ်ပါရဲ့လား အရှင်ဘုရား?"။

"မအပ်ဘူး ငါ့ရှင်"။

"ဒါဖြင့် ဘယ်ပါဠိရပ်မှာ ပယ်မြစ်တော်မူခဲ့ပါသလဲ အရှင်ဘုရား?"။

"ဘုရားရှင် သာဝတ္ထိမြို့မှာ သီတင်းသုံးနေတော်မူတုန်းက ပညတ်တော်မူခဲ့တဲ့ ရတနဝဂ် နိသီဒနသိက္ခာပုဒ်နဲ့ အဲဒီသိက္ခာပုဒ်ရဲ့ ပဒဘာဇနီမှာ ပယ်မြစ်တော်မူခဲ့ပါတယ် ငါ့ရှင်"။

"ဒါဖြင့် ဘယ်အာပတ် သင့်ပါသလဲ အရှင်ဘုရား?"။

"ဆေဒနက(သဒ္ဒါ-ပါရှိတဲ့) နိသီဒနသိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်ပါတယ် ငါ့ရှင်"။

"အရှင်ဘုရားတို့ ! စည်းဝေးနေကြတဲ့ သံဃာတော် အရှင်မြတ်များက တပည့်တော်ရဲ့ စကားကို နားထောင်တော်မူကြပါ၊ ဒီအကြောင်းကြောင့်လဲ ဒီ(အဒသကနိသီဒန)ဝတ္ထုဟာ ဓမ္မလဲ မဟုတ်ပါ၊ ဝိနယလဲ မဟုတ်ပါ၊ ဘုရားရှင်ရဲ့ သာသနာတော်နဲ့လဲ ကင်းကွာနေပါတယ်၊ ဒီလိုပဲ ၉-ခုမြောက်ဖြစ်တဲ့ (အဒသကနိသီဒန)ဝတ္ထုကိုလဲ သံဃာတော်က ဆုံးဖြတ်ပြီးပါပြီ၊ ၉-ခုမြောက်ဖြစ်တဲ့ ဒီ ဆုံးဖြတ်ချက်ကိုလဲ အတည်ပြုပါတယ်"။

၁၀။ "ရွေဂွေကော အပ်ပါရဲ့လား အရှင်ဘုရား?"။

"မအပ်ဘူး ငါ့ရှင်"။

"ဒါဖြင့် ဘယ်ပါဠိရပ်မှာ ပယ်မြစ်တော်မူခဲ့ပါသလဲ အရှင်ဘုရား?"။

"ဘုရားရှင် ရာဇဂြိုဟ်မြို့မှာ သီတင်းသုံး နေတော်မူတုန်းက ပညတ်တော်

http://www.dhammadownload.com

မူခဲ့တဲ့ ဧဋ္ဌကလောမဝဂ် ဇာတရူပသိက္ခာပုဒ်နဲ့ အဲဒီသိက္ခာပုဒ်ရဲ့ ပဒဘာဇနီမှာ ပယ်မြစ်တော်မူခဲ့ပါတယ် ငါ့ရှင်"။

"ဒါဖြင့် ဘယ်အာပတ် သင့်ပါသလဲ အရှင်ဘုရား ?"။

"ရွှေငွေကို အလှူခံတဲ့အတွက် ပါစိတ်အာပတ်သင့်တယ် ငါ့ရှင်"။

"အရှင်ဘုရားတို့ ! သံဃာတော်က တပည့်တော်ရဲ့စကားကို နားထောင်တော်မူကြပါ၊ ဒီအကြောင်းကြောင့် ဒီ(ဇာတရူပ)ဝတ္ထုဟာလဲ ဓမ္မနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဝိနယနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဘုရားရှင်ရဲ့ သာသနာတော်နဲ့လဲ ကင်းကွာနေပါတယ်၊ ဒီလိုပဲ ၁၀-ခုမြောက်ဖြစ်တဲ့ (ဇာတရူပ)ဝတ္ထုကိုလဲ သံဃာတော်က ဆုံးဖြတ်ပြီးပါပြီ၊ ၁၀-ခုမြောက်ဖြစ်တဲ့ ဒီဆုံးဖြတ်ချက်ကိုလဲ အတည်ပြုပါတယ်"။

"အရှင်ဘုရားတို့ ! သံဃာတော်က တပည့်တော်ရဲ့ စကားကို ဆက်လက် နားထောင်တော်မူပါအုံး၊ ဒီလို အကြောင်းအမျိုးမျိုးကြောင့် ဒီဝတ္ထု ၁၀-ပါး လုံးဟာ ဓမ္မနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဝိနယနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဘုရားရှင်ရဲ့ သာသနာတော်နဲ့လဲ ကင်းကွာနေပါတယ်၊ ဒီလိုပဲ ဝတ္ထု ၁၀-ပါး လုံးကို သံဃာတော်က ဆုံးဖြတ်ပြီးပါပြီ"။

ဒီလို အရှင်ရေဝတက နိဂုံးချုပ် လျှောက်ထားလိုက်ပါတယ်။

"ငါ့ရှင် ဒီအဓိကရဏ်းဟာ ကောင်းကောင်းကြီး ငြိမ်းအေးပါပြီ၊ ဒါပေမဲ့ အဲဒီ ဝဇ္ဇီတိုင်းသား ရဟန်းတွေ နားလည်သွားအောင် ငါ့ရှင်က တပည့်တော်ကို ရဟန်းအကုန်လုံး ပါဝင်တဲ့ သံဃာ့အလယ်မှာလဲပဲ ဒီဝတ္ထု ၁၀-ပါးကို ထပ်မေးပါအုံး"။

ဒီလို သဗ္ဗကာမီမထေရ်က မိန့်တော်မူပါတယ်၊ အမိန့်ရှိတဲ့အတိုင်းပဲ အရှင်ရေဝတက သဗ္ဗကာမီထေရ်ကို (ရဟန်းအကုန်လုံး ပါဝင်တဲ့) သံဃာ့အလယ်မှာလဲ မေးလျှောက်ပါတယ်၊ မေးတိုင်း မေးတိုင်း အရှင်သဗ္ဗကာမီထေရ်က ရှေးနည်းတူပဲ ဖြေတော်မူပါတယ်။

ခုနက ပြောခဲ့တဲ့အထဲမှာ ပါလာတဲ့ ဧဋ္ဌကလောမဝဂ် ဇာတရူပသိက္ခာပုဒ် ဆိုတာကို ဆက်ပြီးပြောပြပါအုံးမယ်။

ရွှေငွေကို ခံယူမှု[1]

ဘုရားရှင် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတုန်းက ဖြစ်ပါတယ်။

၁။ ပါစိတ်-ပါ၊ ၃၄၄။

http://www.dhammadownload.com

သာကီဝင်မင်းသား အရှင်ဥပနန္ဒက အိမ်တစ်အိမ်ကို အမြဲဆွမ်းခံရောက်နေပါတယ်၊ အဲဒီအိမ်ကလဲ ရရသမျှ စားစရာ, သောက်စရာတွေကို အရှင်ဥပနန္ဒအတွက် တစ်ဖို့ သီးသန့်ချန်ထားတတ်ပါတယ်။

တစ်နေ့ကျတော့ အဲဒီအိမ်မှာ ညနေဘက် အမဲသား ချက်ပြုတ်စားသောက်ကြပါတယ်၊ အရှင်ဥပန္ဒအတွက်လဲ တစ်ဖို့သီးသန့်ချန်ထားပါတယ်၊ သူတို့ရဲ့ သားကလေးက နံနက်စောစောထပြီး "အမဲသားပေးပါ, အမဲသားပေးပါ"နဲ့ အတင်းငိုယိုတောင်းနေပါတယ်။

"အရှင်ဥပနန္ဒအတွက် ချန်ထားတဲ့အဖို့ကို သားကလေးအား ပေးလိုက်တာပေါ့ကွာ၊ အခြားဟင်းလျာတစ်ခုခု ဝယ်ပြီး အရှင်ဥပနန္ဒအား အစားလှူကြတာပေါ့"။

လင်ယောကျ်ားရဲ့ ပြောစကားကို ကြားရတဲ့အခါ မယားဖြစ်သူက အရှင်ဥပနန္ဒအတွက် ချန်ထားတဲ့ အဖို့ကိုယူပြီး ကလေးကို ကျွေးလိုက်ပါတယ်။

အရှင်ဥပနန္ဒက လာနေကျအချိန်မှာပဲ အဲဒီအိမ်သို့ ဆွမ်းခံကြွလာပါတယ်၊ အဆင်သင့် ခင်းထားတဲ့နေရာမှာ ထိုင်နေပါတယ်။

"အရှင်ဘုရား ! မနေ့ညနေဘက်မှာ အမဲသား ချက်ပြုတ်စားသောက်ကြပါတယ်၊ အရှင်ဘုရားအတွက်လဲ တစ်ဖို့သီးသန့် ချန်ထားပါတယ်၊ ဒါပေမဲ့ ဒီကလေးက စောစောထပြီး ငိုတောင်းတာနဲ့ အရှင်ဘုရားအတွက် ချန်ထားတဲ့အဖို့ကို ကလေးအား ပေးလိုက်ရပါတယ်၊ ဒီငွေနဲ့ အရှင်ဘုရားအတွက် ဘာကိုသွားဝယ်ရမလဲ ?၊ အရှင်ဘုရား အလိုရှိတာကို အမိန့်ရှိတော်မူပါ"။

အနားကို လာရောက်လျှောက်ထားတဲ့ ဒကာရဲ့စကားကို ကြားရတဲ့အခါ အရှင်ဥပနန္ဒက မေးမြန်းစစ်ဆေးမှုကို ပြုပါတော့တယ်။

"ဒကာ အဲဒီငွေကို ဦးပဉ္စင်းအား စွန့်လွှတ်လှူဒါန်းပြီး ဖြစ်ပါသလား ?"။

"မှန်ပါဘုရား၊ စွန့်လွှတ်လှူဒါန်းပြီးပါပြီ"။

"ဒါဖြင့် အဲဒီငွေကိုပဲ ပေးလိုက်တာပေါ့"။

အိမ်ရှင်ယောကျ်ားကလဲ အရှင်ဥပနန္ဒ တောင်းဆိုတဲ့အတိုင်းပဲ ငွေကို လှူလိုက်ပါတယ်။

"တို့လူတွေက ငွေကိုခံယူနေကြသလို သာကီဝင်မင်းသား ဘုရားသားတော်ဖြစ်ကြတဲ့ ဒီရဟန်းတော်တွေဟာလဲပဲ ငွေကိုခံယူကြတာပဲ"။

http://www.dhammadownload.com

အဲဒီအိမ်ရှင်ယောကျ်ားက ငွေကို လှူလိုက်ပြီးသည့်နောက်ပိုင်းမှာ ဒီလိုကဲ့ရဲ့ရွတ်ချ အပြစ်ပြကာ ပြောဆိုနေပါတော့တယ်၊ ဒီသတင်းစကားဟာ အဆင့်ဆင့် ဘုရားရှင်ထံ ရောက်သွားပါတော့တယ်။

ဘုရားရှင်က အရှင်ဥပနန္ဒအားလဲ ကဲ့ရဲ့ပြစ်တင်တော်မူပါတယ်၊ သိက္ခာပုဒ်ကိုလဲ ပညတ်တော်မူပါတယ်။

"ရွှေငွေကို ကိုယ်တိုင်ခံယူတဲ့ရဟန်း, ကိုယ့်အတွက် သူများကို ခံယူစေတဲ့ ရဟန်း, အပ်နှံလှူဒါန်းတဲ့ ရွှေငွေကို သာယာတဲ့ရဟန်းမှာ ပါစိတ်အာပတ် သင့်စေ"။

အပ်နှံလှူဒါန်းတဲ့ ရွှေငွေ "ဒီဟာ အရှင်ဘုရားအတွက် ဖြစ်ပါတယ်လို့ လျှောက်ထား လှူဒါန်းလာတဲ့ ရွှေငွေမျိုး, ဘယ်ဌာနမှာရှိတဲ့ ရွှေငွေတွေ ဘယ်သူ့ထံမှာရှိနေတဲ့ ရွှေငွေတွေကို အရှင်ဘုရားအား လှူပါတယ်လို့ အဝေးအရပ်ကို ညွှန်ပြပြီး လှူဒါန်းတဲ့ ရွှေငွေမျိုး" ဒီ ၂-မျိုးလုံးကိုပဲ "အပ်နှံလှူဒါန်းတဲ့ရွှေငွေ"လို့ ဆိုရပါတယ်။

သာယာတဲ့ရဟန်း အဲဒီလို လာလှူတဲ့အခါ ခေါင်းခါလို့ပဲဖြစ်ဖြစ်, 'ငါတို့မှာ ရွှေငွေ မအပ်၊ ရွှေငွေကို ငါတို့ အလိုမရှိ'လို့ ပြောလို့ပဲဖြစ်ဖြစ် ကိုယ်နှုတ် တစ်ခုခုနဲ့ မပယ်ဘဲ စိတ်နဲ့လက်ခံမှုကို ပြုတဲ့ရဟန်း, ကျေနပ်နေတဲ့ ရဟန်းကို "သာယာတဲ့ရဟန်း"လို့ ဆိုရပါတယ်။

ဒကာများပါ နားလည်သင့်

ရွှေငွေကို အလှူခံလို့ အဲဒီရွှေငွေနဲ့ ဝယ်ယူထားတဲ့ ပစ္စည်းများ, ကုလဒူသန အမှုကိုပြုလို့ ရလာတဲ့ပစ္စည်းများ, မိမိကိုကြည်ညိုအောင် ဟိတ်ဟန်ဆောင်သဖြင့် အထင်ကြီးလို့ လှူဒါန်းလာတဲ့ပစ္စည်းများဟာ အဲဒီရွှေငွေကို အလှူခံမှုစသည်ကို ပြုတဲ့ရဟန်း အတွက်သာ မအပ်တာမဟုတ်သေးပါဘူး၊ သီတင်းသုံးဖော် ၅-ဦးလုံး အတွက် (အခြားရဟန်းသာမဏေတွေအတွက်)လဲပဲ မအပ်မစပ် ဖြစ်ရပါတော့တယ်၊ အဲဒီပစ္စည်းတွေကို အခြားရဟန်းသာမဏေတွေလဲ မသုံးစွဲကောင်းတော့ပါဘူး။

ဒါ့ကြောင့် ရွှေငွေနဲ့စပ်ပြီး အပ်အောင်လှူဒါန်းတဲ့နည်းကို ရဟန်းတော်တွေသာ သိနားလည်သင့်တာ မဟုတ်ပါဘူး၊ ဗုဒ္ဓသာသနာတော်ကို ကြည်ညိုလေးစား အားထားကိုးကွယ်နေကြတဲ့ ဒကာ ဒကာမတွေကပါ သိနားလည်ထားသင့်ပါတယ်။

အပ်အောင်လှူနည်း

ဒီတော့ ဒကာတစ်ယောက်က ငွေတစ်ရာ ရဟန်းတစ်ပါးအား လှူတယ်ဆိုပါတော့၊ ဒကာက အဲဒီငွေကို ယူလာပြီး "အရှင်ဘုရားအား ငွေတစ်ရာလှူပါတယ်၊

http://www.dhammadownload.com

လက်ခံတော်မူပါ"၊ ဒီလို မလျှောက်ထားရဘူး၊ ဒီလိုလျှောက်ထားရင် ဒီငွေ မအပ်တော့ဘူး။

"အရှင်ဘုရား တပည့်တော်(မောင်ဖြူ)ထံမှ တစ်ရာတန် အပ်စပ်တဲ့ပစ္စည်း ၄-ပါးကို အလှူခံတော်မူပါ၊ ကပ္ပိယကိုသော်လဲ ညွှန်းတော်မူပါ၊ လုံခြုံရာအရပ်ကို သော်လဲ ညွှန်ပြတော်မူပါ"။

ဒီလိုလျှောက်ထားက ငွေကိုလှူရာမရောက်ပါဘူး၊ ပစ္စည်း ၄-ပါးကို လှူရာပဲရောက်ပါတယ်။

ဒီတော့ အလှူခံမဲ့ရဟန်းက "ဒီနေရာ လုံခြုံတယ်"လို့ ညွှန်ပြရင် အဲဒီညွှန်ပြတဲ့ နေရာမှာ ထားသွားနိုင်ပါတယ်၊ ဒါမှမဟုတ် "ဒီပုဂ္ဂိုလ်ဟာ ဘုန်းကြီးရဲ့ ကပ္ပိယပဲ"လို့ ညွှန်ပြလို့ရှိရင်လဲပဲ အဲဒီညွှန်ပြတဲ့ပုဂ္ဂိုလ်ရဲ့လက်မှာ အပ်နှံထားခဲ့နိုင်ပါတယ်။

ရွှေငွေဖြင့် လဲလှယ်ရောင်းဝယ်မှု[၁]

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေချိန်က ဖြစ်ပါတယ်။

ဆဗ္ဗဂ္ဂိရဟန်းတွေဟာ အထူးထူး အပြားအပြားသော ရွှေငွေ လဲလှယ်ရောင်းဝယ်မှုကို ပြုလုပ်ကြပါတယ်၊ အဲဒါကို တွေ့ကြရ, မြင်ကြရတဲ့ လူတွေက ကဲ့ရဲ့ကြပါတယ်၊ ရှုတ်ချကြပါတယ်၊ အပြစ်ပြောဆိုကြပါတယ်။

ဘုရားရှင်နား ပေါက်ကြားသွားတဲ့အခါ ဘုရားရှင်က ဆဗ္ဗဂ္ဂိရဟန်းတွေကိုလဲ ကဲ့ရဲ့ပြစ်တင်တော်မူပါတယ်၊ သိက္ခာပုဒ်ကိုလဲ ပညတ်တော်မူပါတယ်။

"အထူးထူး အပြားပြားရှိတဲ့ ရွှေငွေကို လဲလှယ်ရောင်းဝယ်တဲ့ရဟန်းမှာ နိဿဂ္ဂိယပါစိတ်အာပတ် သင့်စေ"။

ရှေ့သိက္ခာပုဒ်နဲ့ ရွှေငွေရတနာတွေကို ခံယူခြင်းမှ တားမြစ်ပါတယ်၊ ဒီသိက္ခာပုဒ်နဲ့ ရွှေငွေရတနာတွေနဲ့ အခြားဝတ္ထုတွေကို လဲလှယ်ခြင်းမှ တားမြစ်ပါတယ်။

အပ်သောပစ္စည်းချင်း လဲလှယ်မှု[၂]

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေတော်မူချိန်ကပဲ ဖြစ်ပါတယ်။

သာကီဝင်မင်းသား အရှင်ဥပနန္ဒဟာ သင်္ကန်းချုပ်ဆိုးမှုမှာ ကျွမ်းကျင်ပါတယ်၊ အဝတ်နွမ်းတွေကို ဒုကုဋ်သင်္ကန်းချုပ်ပြီး ကောင်းစွာဆိုး, ကောင်းစွာအပြေအပြစ် ပြုလို့ ဝတ်ရုံနေပါတယ်။

၁။ ပါစိတ်-ပါ၊ ၁၄၇။ ၂။ ပါစိတ်-ပါ၊ ၃၄၉။

http://www.dhammadownload.com

ပရဖိုဖ်တစ်ယောက်က အဖိုးများစွာထိုက်တန်တဲ့ အဝတ်ကိုရုံပြီး အရှင်ဥပနန္ဒ ဆီကို ရောက်လာပါတယ်။

"အရှင်ဘုရားရဲ့ ဒုကုဋ်သင်္ကန်းဟာ တယ်ကောင်းပါလား၊ တပည့်တော့် အဝတ်နဲ့ လဲကြစို့ရဲ့"။

"ငါ့ရှင် ! နားလည်အောင် ကြည့်အုံးနော်"။

"မှန်ပါဘုရား၊ နားလည်အောင် ကြည့်ပြီးပါပြီ"။

"ဒါဖြင့် ရော့ ငါ့ရှင် ယူတော့"။

အရှင်ဥပနန္ဒက မိမိရဲ့ ဒုကုဋ်သင်္ကန်းကို ပေးလိုက်ပါတယ်၊ ပရဖိုဖ်လဲ မိမိအဝတ်ကို အရှင်ဥပနန္ဒအား ပေးထားခဲ့ပြီး ပရဖိုဖ်အရံကို ပြန်သွားပါတယ်၊ အရံထဲမှာ ရှိနေကြတဲ့ ပရဖိုဖ်တွေရဲ့အနားကို ရောက်သွားပါတယ်၊ ပရဖိုဖ်တွေက တအံ့တသြ မေးကြပါတယ်။

"အလို ! ငါ့ရှင်ရဲ့ ဒီဒုကုဋ်သင်္ကန်းဟာ တယ်ကောင်းပါလား၊ ဘယ်ကများ ရလာခဲ့သလဲ ?"။

"တပည့်တော်ဝတ်နေကျအဝတ်နဲ့ လဲလှယ်ခဲ့တာပါ"။

"ဟင် ! ငါ့ရှင်ရဲ့ ဒီဒုကုဋ်သင်္ကန်းဟာ ဘယ်နှစ်ရက်ခံမယ်လို့လဲ၊ ငါ့ရှင် ဝတ်နေကျအဝတ်ကသာ ကောင်းပေမပေါ့"။

ပရဖိုဖ်တွေရဲ့ပြောစကားကို ကြားရတဲ့အခါ အဲဒီသင်္ကန်းလဲလာတဲ့ ပရဖိုဖ်က အရှင် ဥပနန္ဒဆီကို ပြန်သွားပါတယ်။

"အရှင်ဘုရားရဲ့ ဒုကုဋ်သင်္ကန်းကို ပြန်ယူပါ၊ တပည့်တော်ရဲ့ အဝတ်ကို ပြန်ပေးပါ"။

"ငါ့ရှင်ကို 'နားလည်အောင် ကြည့်အုံး' လို့ ပြောခဲ့တယ်မဟုတ်လား ?၊ ဘယ်နည်းနဲ့မှ ပြန်မပေးတော့ဘူး"။

အရှင်ဥပနန္ဒရဲ့စကားကို ကြားရတဲ့အခါ ပရဖိုဖ်လဲ မကျေမချမ်းနဲ့ လက်လျှော့ ပြန်လာ ရပါတယ်။

"လူအချင်းချင်းဟောင်မှ မကျေနပ်လို့ရှိရင် ပြန်ပေးသေးတာပဲ၊ ရဟန်း တစ်ပါးက ကျူပ်လိုရဟန်းတစ်ပါးကို ဘာ့ကြောင့် ပြန်မပေးနိုင်ရသလဲ ?"။

ဒီလိုလဲကဲ့ရဲ့ပါတယ်၊ ရှုတ်ချပါတယ်၊ အပြစ်ပြပြောဆိုပါတယ်၊ အဲဒီစကားဟာ အဲဒီ

http://www.dhammadownload.com

နေရာမှာတင် ပျောက်ကွယ်သွားတာတော့ မဟုတ်ပါဘူး၊ အဆင့်ဆင့်နဲ့ ဘုရားရှင်ထံ ရောက်သွားပါတော့တယ်။

ဘုရားရှင်က အရှင်ဥပနန္ဒကိုလဲ ကဲ့ရဲ့ပြစ်တင်တော်မူပါတယ်၊ သိက္ခာပုဒ်ကိုလဲ ပညတ်တော်မူပါတယ်။

"အထူးထူး အပြားပြားရှိတဲ့ ဝယ်ခြင်း, ရောင်းခြင်းကို ပြုတဲ့ရဟန်းမှာ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်စေ"။

အထူးထူး အပြားပြားရှိတဲ့ သင်္ကန်းစတဲ့ အပ်တဲ့အသုံးအဆောင် အမျိုးမျိုးကိုပဲ "အထူးထူး အပြားပြားရှိတဲ့"လို့ဆိုထားပါတယ်၊ ရှေ့သိက္ခာပုဒ်နဲ့ ရွှေငွေနဲ့ဝယ်ခြင်းကြောင့် အာပတ်သင့်တာနဲ့ ရွှေငွေကိုပဲဖြစ်ဖြစ် ရွှေငွေနဲ့ ရဟန်းကိုရင်တို့ ဝယ်ထားတဲ့ နိဿဂ္ဂိပစ္စည်းကိုပဲဖြစ်ဖြစ် လဲလှယ်ယူခြင်းကြောင့် အာပတ်သင့်တာတွေကို ပြပါတယ်၊ ဒီသိက္ခာပုဒ်နဲ့ ကပ္ပိယဝတ္ထုတွေကို လူစတဲ့ပုဂ္ဂိုလ်တို့နဲ့ လဲလှယ်ခြင်းကြောင့် အာပတ်သင့်တာကို ပြပါတယ်။

မအပ်သော လဲနည်း

ဈေးသည်စတဲ့ သူတို့ရဲ့ ထံမှာရှိတဲ့ပစ္စည်းကို မိမိမှာရှိတဲ့ သင်္ကန်း, ဖိနပ်စသည်တို့နဲ့ လဲလှယ်ယူလိုရင် မိမိ(ရဟန်းသာမဏေ)ကိုယ်တိုင် "ဒီသင်္ကန်းကို ယူပါ၊ ဟိုသပိတ်ကို ပေးပါ"၊ ဒီလိုပြောလို့ပဲဖြစ်ဖြစ်, "ဒီသင်္ကန်းနဲ့ ဟိုသပိတ်ကို ပေးပါ"၊ ဒီလို ပြောလို့ပဲဖြစ်ဖြစ် မလဲလှယ်ကောင်းပါဘူး၊ ဒီလို လဲလှယ်တဲ့ စကားမျိုးကို ပြောပြီး လူ့ပစ္စည်းမှန်ရင် မိဘပစ္စည်းကိုတောင်မှ မလဲကောင်းပါဘူး၊ လဲလှယ်လို့ ရလာတဲ့ ပစ္စည်းလဲ နိဿဂ္ဂိထိုက်ပါတယ်၊ စွန့်ပစ်ရမယ်၊ ပါစိတ် အာပတ်လဲ သင့်ပါတယ်။

အပ်သောလဲနည်း

"ဈေးသည်ဆီက ဟိုသပိတ်ကို လိုချင်တယ်၊ ဒီသင်္ကန်းနဲ့ လဲပေးစမ်းပါ"၊ ဒီလို ကပ္ပိယလုပ်သူကို ပြောကောင်းပါတယ်၊ ကျောင်းသားကပ္ပိယမရှိရင် ဈေးဆိုင်ကို သွားပြီး ဈေးသည်မှတစ်ပါး ဈေးသည်ရဲ့ သားသမီးစတဲ့ ပုဂ္ဂိုလ်တွေကိုတောင်မှ "ငါ့မှာ သင်္ကန်းရှိတယ်၊ ဒီသင်္ကန်းနဲ့ ဟိုသပိတ်ကို လဲပေးစမ်းပါ"လို့ စေခိုင်းပြီး လဲကောင်းပါတယ်။

ဘယ်လိုနည်းနဲ့မှ ကပ္ပိယကို ရှာမရရင်, သို့မဟုတ် ကပ္ပိယမရှာလိုရင် ဈေးသည်ထံသွားပြီး "ဦးပဉ္စင်းမှာ သင်္ကန်းရှိတယ်၊ သင်္ကန်းအသုံးမကျဘူး၊ သပိတ်လိုနေတယ်"လို့ ပရိယာယ်စကား ပြောကြားတော့ ဈေးသည်က သင်္ကန်းကိုယူပြီး သပိတ်ကို ပေးလိုက်ရင် အဲဒီသပိတ် အုပ်ပါတယ်။

http://www.dhammadownload.com

နိုင်းစေရာ၌ အပ်, မအပ်

တောင်းရမ်းစားသောက်နေတဲ့ စားကြွင်းစားတွေကိုပဲဖြစ်ဖြစ်, လက်သမားစတဲ့ ပုဂ္ဂိုလ်တွေကိုပဲဖြစ်ဖြစ် တွေ့မြင်ရတဲ့အခါ "ဒီထမင်းကိုစားပြီး ဆိုးရေခေါက်ခွာပေးစမ်း၊ ဒီထမင်းကိုစားပြီး ကျောင်းကို ပြင်ပေးစမ်း" စတဲ့ စကားမျိုးကို ပြောဆိုစေခိုင်းလို့ရှိရင် နိသဿဂ္ဂိယပါစိတ်အာပတ်သံ့ပဲ ဖြစ်ပါတယ်၊ အဲဒီလို ခိုင်းတဲ့အတွက် ဆိုးရေခေါက်စတဲ့ပစ္စည်း တစ်စုံတစ်ရာရရင် အဲဒီပစ္စည်းကို စွန့်ရမယ်၊ အာပတ်ကိုလဲ ဒေသနာပြောကြားရမယ်၊ ကျောင်းပြင်ခိုင်းမှု, ခေါင်းရိတ်ခိုင်းမှု စသည်တို့မှာ ပစ္စည်းတစ်စုံတစ်ခုကိုမျှ မရတဲ့အတွက် အာပတ်ကိုသာ ဒေသနာပြောကြားရမယ်။

"ထမင်းစားပြီး အလုပ်လုပ်"လို့ တစ်ဆက်တည်းမပြောဘဲ "ဒီထမင်းကို စားရမယ်ဟေ့၊ ဒီအလုပ်ကို လုပ်စမ်း"၊ ဒီလို စကား ၂-ရပ်ကို ခွဲပြီး ပြောဆို စေခိုင်းတတ်ရင် အပ်ပါတယ်။

အနာဂတ်ကာလမှာ ရဟန်းတော်တွေရဲ့-

"၁။ သင်္ကန်းကောင်းရအောင် မအပ်မစပ်တဲ့ နည်းအမျိုးမျိုးနဲ့ ရှာဖွေခြင်း၊
၂။ အစားအသောက်ကောင်းရအောင် မအပ်စပ်တဲ့ နည်းအမျိုးမျိုးနဲ့ ရှာခြင်း၊
၃။ ကျောင်းကောင်းရအောင် မအပ်စပ်တဲ့ နည်းအမျိုးမျိုးနဲ့ ရှာခြင်း၊
၄။ ဒကာမတွေနဲ့ ရောရောနှောနှော နေထိုင်ခြင်း၊
၅။ ဒကာတွေနဲ့ ရောရောနှောနှော နေထိုင်ခြင်း"။

ဒီလို ဗုဒ္ဓမြတ်စွာ ဟောကြားထားတဲ့ ဘေးရန် ၅-ပါးထဲက ရှေ့ဘေးရန် ၃-ပါးနဲ့ ပတ်သက်နေတဲ့ ကုလဒူသန, အနေသန, မိစ္ဆာဇီဝတွေ, ဒါတွေနဲ့ အလားတူဖြစ်တဲ့ ရွှေငွေကို အလှူခံမှု, ရောင်းဝယ် လဲလှယ်မှုတွေကို သင်္ဃာဆိုင်ရာ ပါဠိတော်, အဋ္ဌကထာ, ဋီကာတွေထဲက ထုတ်နုတ်ပြီး ပြောပြလာခဲ့ပါတယ်။

ပြီးတော့တစ်ခါ နောက်ဘေးရန် ၂-မျိုးနဲ့ ပတ်သက်နေတဲ့ ရောရောနှောနှော နေထိုင်မှု(သံ့သဂ္ဂ) တွေကိုလဲ ဆိုင်ရာပါဠိတော်, အဋ္ဌကထာ, ဋီကာတွေထဲက ထုတ်နုတ်ပြောပြလာခဲ့ ပါတယ်။

ဒါတွေကို သိနားလည်ကြတော့ ရဟန်းတော်တွေကလဲ ရှောင်ကြဉ်ကြမယ်၊ ဒကာ ဒကာမတွေကလဲ တစ်တပ်တစ်အား အနေနဲ့ ပါဝင်ကူညီကြမယ်၊ ဒီလို ၂-ဦး ၂-ဖက် ဝိုင်းပြီး ပြုပြင်လာမယ်ဆိုရင် ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓမြတ်စွာ သာသနာဟာ ဘေးရန် ၅-ပါးလုံးက လွတ်ကင်းပြီး အစွမ်းကုန် ထွန်းလင်းတောက်ပြောင်လာပါလိမ့်မယ်၊ ဒါကိုရည်ရွယ်ပြီး ဘုန်းကြီးက ဒီလောက်အပင်ပန်းခံ ပြောနေရတာပါ။

http://www.dhammadownload.com

ဒီတော့ ဘုန်းကြီးရဲ့ ရည်ရွယ်ချက်အတိုင်း ဗုဒ္ဓမြတ်စွာ သာသနာတော်အစွမ်းကုန် ထွန်းလင်းတောက်ပြောင်လာအောင် ရှင်ရောလူပါ အားပေးမြှင့်တင်နိုင်ကြပါစေ ကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

၄။ ကိုယ်ဝန်သူငယ်နှင့် သရဏာဂုံ

ဆိုခဲ့ပြီးသည့်အတိုင်း ဦးရာကျော်+ဒေါ်သဲနုတို့က ယခုဘဝ နေထိုင်စားသောက်ရန် အလုပ်ကို သားနဲ့ချွေးမတို့အား လုံးဝလွှဲအပ်ထားပြီး မိမိတို့ ကိုယ်တိုင် မူကား နောင်ဘဝသံသရာ အဆင့်အတန်းမြင့်ရန်အလုပ် တစ်ခုတည်းကိုသာ လုပ်ကိုင်နေကြပါတော့သည်၊ နေ့အချိန်မှာ ဓမ္မိကာရုံကျောင်းတိုက်ကို သွား၍ တရားအားထုတ်နေကြသည်၊ အိမ်ကို ညအိပ်ချိန်လောက်သာ ပြန်လာကြသည်က များပါသည်။

မောင်မျိုးသန့်နဲ့မကြည်ဝင်းတို့မူကား ငယ်ရွယ်သူတို့အတွက် ဘဝပေးတာဝန်အရ ယခုဘဝ နေထိုင်စားသောက်ရန် အလုပ်ကိုလည်း လုပ်ကိုင်နေကြသည်၊ နောင်ဘဝသံသရာ အဆင့်အတန်းမြင့်ရန် အလုပ်မျိုးကိုလည်း လုပ်ကိုင်နေကြသည်၊ ကျရာတာဝန်ကို တက်တက်ကြွကြွ ထမ်းဆောင်နေကြသည်။

ယင်းသို့ ကိုယ့်အလုပ်ကို ကိုယ်လုပ်ကိုင်နေထိုင်ကြရင်း ဝါတွင်း ၃-လကို ကျော်လွန်လာခဲ့ကြသည်၊ သီတင်းဝါလကျွတ်သည့်အခါ မောင်မျိုးသန့်နဲ့ မကြည်ဝင်းတို့က ဦးအင်ဖား+ဒေါ်တင်ကြည်တို့ ကထိန်အတွက် ဦးဆောင်စီမံပေးကြရသည်၊ မြောင်းမြမြို့ဘက် ကျောင်းတိုက်တစ်တိုက်မှာ ကထိန်သင်္ကန်း လှူဒါန်းခွင့်ရအောင် ကြိုတင်လျှောက်ထားပေးကြသည်။

ကထိန်သင်္ကန်း ကပ်လှူပြီးသည်အထိ ၂-ဦးလုံးကပင် လိုလေသေးမရှိအောင် ဦးဆောင်စီမံပေးကြသည်၊ အလှူရှင်များကလည်း နှစ်သက်ကျေနပ်မှု အပြည့်အဝ ရရှိသွားကြသည်၊ သမီးနဲ့သားမက်တို့အား ကျေးဇူးတင်လို့ မဆုံးနိုင်အောင် ဖြစ်နေကြသည်။

အလှူပြီး၍ မကြာလှသော ရက်ပိုင်းအတွင်းမှာပင် မကြည်ဝင်း မအီမသာဖြစ်လာပါသည်၊ မိတ်ဆွေဆရာဝန်များထံမှာ သွားရောက်ပြသကြသည်၊ ဘာရောဂါမှ မရှိကြောင်း,ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း ဆရာဝန်များက ပြောပြကြပါသည်။

ယင်းအကြောင်းကို သိရသည်နဲ့ တစ်ပြိုင်နက် အလှူဒါနတစ်ခုခု ပြုလုပ်ကြရန် ၂-ဦးသား တိုင်ပင်ဆုံးဖြတ်ကြသည်၊ မောင်မျိုးသန့်က ဆရာတော်ဦးဓမ္မိကနဲ့ တကွ

http://www.dhammadownload.com

သံဃာတော်များကို ဆွမ်းစားသွားပင့်သည်၊ ဆွမ်းကျွေးရခြင်း၏ အကြောင်းကိုလည်း လျှောက်ထားခဲ့သည်။

ပင့်ထားသောနေ့ရက် ရောက်လာသောအခါ ဆရာတော်ဦးဓမ္မိကက သံဃာတော်များနဲ့အတူ ကြွလာတော်မူသည်၊ ဆွမ်းဘုဉ်းပေးပြီးသည့်အခါ ဗောဓိမင်းသားဝတ္ထုကြောင်းကို ဟောပြောတော်မူသည်။

ဗောဓိမင်းသားဝတ္ထု[1]

ဘုန်းကြီးတို့ရဲ့ ဂေါတမဘုရားရှင်ဟာ ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့မှာ သီတင်းသုံးနေထိုင်တော်မူပါတယ်၊ အဲဒီအချိန်မှာ ဗောဓိမင်းသားရဲ့ကောကနဒဆိုတဲ့ ပြာသာဒ်ဟာ ဆောက်လုပ်ပြီးခါစ ဖြစ်ပါတယ်၊ အဲဒီပြာသာဒ်မှာ လူတစ်ဦး တစ်ယောက်မှ မနေရသေးပါဘူး။

ဗောဓိမင်းသားက ဘုရားအမှူးပြုတဲ့ သံဃာတော်ကို ဆွမ်းကျွေးလိုတာနဲ့ သဋ္ဌိကာပုတ္တဆိုတဲ့ သူငယ်ချင်းတစ်ယောက်ကို ဆွမ်းစားပင့်ရအောင် ဘုရားဆီကို လွှတ်လိုက်ပါတယ်။

သဋ္ဌိကာပုတ္တလုလင်ကလဲပဲ ဘုရားရှင်ဆီသွားပြီး ဆွမ်းစားပင့်ပါတယ်၊ ဘုရားရှင်ကလဲပဲ ထုံးစံအတိုင်း ဆိတ်ဆိတ်နေသောအားဖြင့် လက်ခံလိုက်ပါတယ်၊ သဋ္ဌိကာပုတ္တလုလင်က ဘုရားရှင်ကို ဆွမ်းစားပင့်ခဲ့ပြီးဖြစ်တဲ့အကြောင်း ဗောဓိမင်းသားကို ပြန်ပြောပါတယ်။

ဒီတော့ ဗောဓိမင်းသားကလဲ (ဝမ်းမြောက်ဝမ်းသာ) ဖွယ်ဖွယ်ရာရာဖြစ်အောင် စီမံပါတယ်၊ တစ်ညလုံး ချက်ပြုတ်ခိုင်းနေပါတယ်၊ အရုဏ်တက်ခါနီးမှာ ဆွမ်းများ, ဟင်းများ အဆင်သင့် ပြင်ဆင်ပြီးစီးနေပါတယ်၊ ကောကနဒပြာသာဒ်ကိုလဲပဲ အောက်ဆုံးလှေခါးထစ်ကစပြီး အဝတ်ဖြူတွေနဲ့ ခင်းထားစေပါတယ်။

သဋ္ဌိကာပုတ္တလုလင်ကိုပဲ ဘုရားရှင်ထံ စေလွှတ်ပြီး ဆွမ်းပြင်ဆင်ပြီးစီးပြီဖြစ်တဲ့အကြောင်း လျှောက်ထားခိုင်းပါတယ်၊ မိမိကိုယ်တိုင်ကတော့ တံခါးမုခ်ပြင်ဘက်ကရပ်ပြီး ဘုရားရှင်ကို ကြိုဆိုနေနှင့်ပါတယ်။

ဘုရားရှင်ကလဲ နောက်လိုက်နောက်ပါ သံဃာတော်များနဲ့အတူ ဗောဓိမင်းသားရဲ့ ပြာသာဒ်ကို ကြွလာတော်မူပါတယ်၊ ဗောဓိမင်းသားကလဲပဲ ဘုရားရှင် ကြွလာနေတာကို ခပ်လှမ်းလှမ်းကပဲ တွေ့မြင်နေရပါတယ်၊ ခရီးဦးကြိုဆိုပြီး လက်အုပ်ချီကာ ဘုရားရှင်ကို ကောကနဒပြာသာဒ်သို့ ပင့်ဆောင်လာပါတယ်၊ ဘုရားရှင်က လှေခါးဦးမှာပဲ ရပ်နေတော်မူပါတယ်၊ ရှေ့ကို ဆက်ပြီးကြွတော် မမူပါဘူး။

၁။ စူဠဝဂ္ဂ-ပါ၊ ၂၆၅။ မဒ်ပဏ္ဏ-ပါ၊ ၂၇၇။

http://www.dhammadownload.com

ဒီတော့ ဗောဓိမင်းသားက လက်အုပ်ချီကာ ဘုရားရှင်ကို လျှောက်ထားပါတယ်။

"အဝတ်များကို နှင်းသာနှင်းတော်မူပါဘုရား၊ အဝတ်များကို နှင်းသာ နှင်းတော်မူပါဘုရား၊ အဲဒီလို နှင်းတော်မူခြင်းကပဲ တပည့်တော်များအတွက် ကြာရှည်လေးမြင့် စီးပွားချမ်းသာ တိုးတက်ဖို့ရန် ဖြစ်ပါလိမ့်မယ်ဘုရား"။

ဘယ်လိုပဲ လျှောက်ထားထား ဘုရားရှင်က ဆိတ်ဆိတ်သာ နေတော်မူပါတယ်၊ ဘာမှလဲ မိန့်တော်မမူပါဘူး၊ အဝတ်အခင်းကိုလဲ နှင်းတော်မမူပါဘူး။

ဘုရားရှင်က ဘာ့ကြောင့် "ဒီလို တိတ်တိတ်နေတော်မူရတယ်"ဆိုတာကိုတော့ ပါဠိတော်တွေမှာ မတွေ့ရပါဘူး၊ အဋ္ဌကထာ[၁] ဋီကာ[၂] တွေမှာတော့ ဖွင့်ပြထားတာ တွေ့ရပါတယ်၊ ဒါကို ကြားညှပ်ပြီး နည်းနည်းပြောပြပါအုံးမယ်။

"ဗောဓိမင်းသားဟာ ဘယ်လိုရည်ရွယ်ချက်နဲ့ ဒီလိုကြီးကျယ်တဲ့ပူဇော်သကာကို ပြုလုပ်ထားပါလိမ့်မလဲ"။

ဘုရားရှင်က ဒီလို ဆင်ခြင်တော်မူလိုက်တဲ့အခါမှာ "သားသမီးရလိုတာနဲ့ ပြုလုပ်ထားတယ်"ဆိုတာကို သိတော်မူပါတယ်။

ဒါကို နည်းနည်းအကျယ်ချဲ့ပြီး ပြောပြပါအုံးမယ်၊ အဲဒီ ဗောဓိမင်းသားမှာ သားသမီးတစ်ယောက်မှ မထွန်းကားခဲ့ပါဘူး။

"ဘုရားရှင်တို့အပေါ်မှာ ထူးခြားတဲ့ ကောင်းမှုကုသိုလ်(အဓိကာရ)ကို ပြုလုပ်ရင် စိတ်ထဲက တောင့်တသမျှကို ရနိုင်တယ်"။

ဒီစကားကိုလဲပဲ သူက ကြားဘူးနားဝ ရှိနေတယ်၊ ဒီတော့ကာ–

"တကယ်ပဲ သားသမီး ရနိုင်မယ်ဆိုရင် ဘုရားရှင်က ဒီအဝတ်အခင်း (စောဠပဋိက)ကို နှင်းပါလိမ့်မယ်၊ မရနိုင်ဘူးဆိုရင် မနှင်းဘဲ နေပါလိမ့်မယ်"။

ဒီလို ရည်ရွယ်ချက်နဲ့ အခင်းခိုင်းထားခဲ့ပါတယ်၊ ဒီတော့ ဘုရားရှင်က "ဒီ မင်းသားမှာ သားသမီးဖြစ်ထွန်းနိုင်ပါ့မလား"လို့ ဆင်ခြင်ကြည့်ရှုတော်မူတဲ့အခါ "မဖြစ်ထွန်းနိုင်ဘူး" ဆိုတာကို တွေ့ရပါတယ်။

ရှေးအတိတ်ဘဝတုန်းက ဒီမင်းသားဟာ ကျွန်းတစ်ကျွန်းမှာ နေကြတဲ့အခါ (မယားနဲ့) စိတ်တူသဘောတူ ငှက်ကလေးတွေကို သတ်ဖြတ်စားသောက်ခဲ့ဘူးပါတယ်၊ တကယ်လို့ သူဒကာမက ကုသိုလ်ကောင်းမှုရှိသူ ဖြစ်မယ်ဆိုရင် သားသမီးရနိုင်စရာရှိပါသေးဘယ်၊ အခုကတော့ ၂–ယောက်လုံး စိတ်တူသဘောတူ မကောင်းမှု

၁။ မဇ္ဈိမ-၅၊ ၂၂၂။ ၂။ သာရတ္ထ-ဋီ-၃၊ ၃၈၉။

http://www.dhammadownload.com

အကုသိုလ်ကို ပြုလာခဲ့ကြပါတယ်၊ ဒါ့ကြောင့် "သူမှာ သားသမီး ဖြစ်ထွန်းမယ် မဟုတ်ဘူး" ဆိုတာကို ဘုရားရှင်က သိတော်မူပါတယ်၊ အဝတ်ကို နင်းတော်မူခဲ့ရင်–

၁။ "ဘုရားရှင်တို့အပေါ်မှာ ထူးခြားတဲ့ ကုသိုလ်ကောင်းမှုကို ပြုလုပ်ရင် တောင့်တသမျှကို ရနိုင်တယ်" လို့ လူများထဲမှ တစ်ဆင့်စကား ကြားရဖူးပါတယ်၊ ငါဟာလဲပဲ ထူးခြားတဲ့ ကုသိုလ်ကောင်းမှုကို ပြုလုပ်ခဲ့ပါတယ်၊ သားသမီးလဲ မရပါဘူး၊ ဒီစကားဟာ အလကားစကားပဲ၊ ဒီလို မိစ္ဆာအယူကို ယူစရာရှိပါတယ်။

၂။ တိတ္ထိတွေကလဲ "ရဟန်းတွေအတွက် မလုပ်သင့်တာရယ်လို့ မရှိပါဘူး၊ အဝတ်အခင်းတွေကိုနင်းပြီး လှည့်လည်နေကြတာပဲ"၊ ဒီလိုလဲကဲ့ရဲ့စရာရှိနေပြန်ပါတယ်။

၃။ အခုအချိန်မှာ နင်းတဲ့ရဟန်းတွေထဲက ရဟန်းတော်အများအပြားဟာ သူများရဲ့စိတ်ကို သိနိုင်ကြတယ်၊ သူတို့တစ်တွေက နင်းထိုက်တာကို သိနားလည်ပြီး နင်းကြပေလိမ့်မယ်၊ မနင်းထိုက်တာကို သိနားလည်ပြီး မနင်းဘဲ နေကြပေလိမ့်မယ်၊ နောင်အခါကျတော့ (ဒီလိုသိနိုင်ဖို့ရာ) အကြောင်းဥပနိဿယ နည်းလာကြလိမ့်မယ်၊ အနာဂတ်အကြောင်းအရာကို သိနားလည်နိုင်မှာ မဟုတ်ကြတော့ဘူး၊ သူတို့တစ်တွေ နင်းလို့ရည်ရွယ်ချက် (တောင့်တချက်) ပြည့်စုံသွားမယ်ဆိုရင် တော်သေးရဲ့၊ မပြည့်စုံဘူးဆိုရင် ရှေးတုန်းက ရဟန်းသံဃာအပေါ်မှာ ထူးခြားတဲ့ကောင်းမှုကုသိုလ်ကို ပြုလုပ်ရင် လိုလားတောင့်တသမျှကို ရနိုင်ကြတယ်၊ အခုတော့ မရနိုင်တော့ဘူး၊ အဲဒီ ရှေးရဟန်းတော်တွေကသာ ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်ခဲ့ကြဟန် တူပါတယ်၊ အခု ဒီရဟန်းတွေကတော့ ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်ကြဟန် မတူပါဘူး"၊ ဒီလို လူတွေက နှလုံးမသာမယာ ဖြစ်လာစရာလဲ ရှိနေပြန်ပါတယ်။

ဒီအကြောင်း ၃–မျိုးကြောင့် ဘုရားရှင်က မနင်းလိုပါဘူး၊ တိတ်တိတ် နေတော်မူရပါတယ်။

ဗောဓိမင်းသားကလဲပဲ နောက်ထပ်အလားတူပင် လျှောက်ထားပြန်ပါတယ်၊ ဘုရားရှင်က ဒီတော့မှ အရှင်အာနန္ဒာကို လှည့်ပြီး အရိပ်နိမိတ် ပြတော်မူလိုက်ပါတယ်။

အဲဒီတော့ အရှင်အာနန္ဒာက ဗောဓိမင်းသားအား ဘုရားရှင်ရဲ့ အလိုသဘောထားကို မိန့်ကြားတော်မူလိုက်ပါတယ်။

http://www.dhammadownload.com

"အဝတ်ပုဆိုးတွေကို ရုပ်သိမ်းလိုက်ပါတော့ ဒကာမင်းသား၊ ဘုရားရှင်က ဒီအဝတ်ဖြူတွေကို နင်းမှာမဟုတ်ပါဘူး၊ နောင်လာနောက်သားတွေကို စောင့်ရှောက်တော်မူလိုပါတယ်"။

ဒီစကားကို ကြားရမှ ဗောဓိမင်းသားက အဝတ်အထည်များကို အဖယ်ခိုင်း လိုက်ပါတယ်၊ အရုပ်သိမ်းခိုင်းလိုက်ပါတယ်၊[1] ကောကနဒပြဿဒ်ပေါ်မှာ နေရာထိုင်ခင်းကိုပဲ ခင်းကျင်းပြင်ဆင်စေပါတယ်။

အဲဒီအချိန်ကျမှ ဘုရားရှင်က ကောကနဒပြာသာဒ်ပေါ်သို့ ကြွတော်မူပါတယ်၊ ခင်းထားတဲ့ နေရာပေါ်မှာ ရဟန်းသံဃာတော်တွေနဲ့ အတူထိုင်နေတော်မူပါတယ်။

ဗောဓိမင်းသားကလဲပဲ ဘုရားအမှူးရှိတဲ့ သံဃာတော်များအား ကောင်းမွန်သန့်ပြန့်တဲ့ စားဖွယ်, သောက်ဖွယ်တွေကို ကိုယ်ထိလက်ရောက် ဆက်ကပ်လှူဒါန်းပါတယ်၊ လိုလေသေးမရှိအောင် ပြုစုလုပ်ကျွေးပါတယ်၊ "စားမကုန် သောက်မကုန်တောင်လိုပုံ" ဆိုသလို ဖြစ်နေပါတော့တယ်။

ကျွေးမွေးဆက်ကပ်မှုကိစ္စ ပြီးတဲ့အခါမှာ ဗောဓိမင်းသားက သင့်တော်တဲ့ နေရာမှာ ထိုင်နေပါတယ်၊ လက်အုပ်ချီမိုး ရှိခိုးပြီးတော့ –

"ရှင်တော်မြတ်ဘုရား ! ချမ်းသာသုခနဲ့ ရင်းနှီးလို့ ချမ်းသုခကို မရနိုင်ပါဘူး၊ ဆင်းရဲဒုက္ခနဲ့ ရင်းနှီးမှသာ ချမ်းသာသုခကို ရနိုင်ပါတယ်၊ ဒီလိုပဲ တပည့်တော်က ယူဆနေပါတယ်"။

ဆိုတဲ့ အကြောင်းကို လျှောက်ထားတယ်။

ဒီတော့ ဘုရားရှင်က ငါဘုရားကိုယ်တိုင်ကလဲပဲ ဘုရားလောင်းဖြစ်စဉ်တုန်းက ဒီလိုပဲ ယူဆခဲ့ဖူးတဲ့အကြောင်း, ဆင်းရဲဒုက္ခနဲ့ရင်းနှီးပြီး ချမ်းသာသုခကို လက်တွေ့ရှာခဲ့ဖူးတဲ့အကြောင်း, အကျိုးသက်ရောက်မှု မရှိတဲ့အတွက် လမ်းစဉ်တစ်မျိုးပြောင်းကျင့်မှ ချမ်းသာစစ် ချမ်းသာမှန်ကို ရခဲ့တဲ့အကြောင်း, တပည့်သာဝကများကိုလဲပဲ အဲဒီလမ်းစဉ်ကိုပဲ ညွှန်ကြားနေတဲ့အကြောင်းများကို ပြောပြသိစေတော်မူပါတယ်၊ တောထွက်လာခဲ့တဲ့အချိန်ကစပြီး ပဉ္စဝဂ္ဂီတို့ ရဟန္တာဖြစ်သည်အထိ ဇာတ်ကြောင်းလှန်ကာ ဟောတော်မူပါတယ်။

အဲဒီ အကြောင်းအရာတွေကို ကြားသိရတဲ့အခါမှာ ဗောဓိမင်းသားက ဘုရားရှင်အား လျှောက်ထားမေးမြန်းပါတယ်။

၁။ အရှင်အာနန္ဒာကလဲပဲ ခုနက်ပြောခဲ့တဲ့ အကြောင်း ၃-မျိုးထဲက နောက်ဆုံး (တတိယ) အကြောင်းကိုပဲ ရည်ရွယ်ပြောဆိုတော်မူပါတယ်။

http://www.dhammadownload.com

"ရှင်တော်မြတ်ဘုရား ! အရှင်မြတ်ရဲ့ ဆုံးမမှုကို ခံယူရတဲ့ ရဟန်း တစ်ပါး ဟာ ဘယ်လောက်ကြာမြင့်(အောင်ကျင့်)မှ အရဟတ္တဖိုလ်ကို ရနိုင်ပါသလဲ ?"။

"ဒီလိုဆိုရင် သင့်ကိုပဲ ပြန်မေးရပေလိမ့်မယ်၊ သင့်သဘောအလျောက်သာ ဖြေဆိုပေတော့၊ သင်မင်းသားဟာ ဆင်စီးအတတ်မှာ ကျွမ်းကျင်လိမ္မာတယ် မဟုတ်လား ?"။

"မှန်လှပါဘုရား၊ တပည့်တော်ဟာ ဆင်စီးအတတ်မှာ လိမ္မာကျွမ်းကျင် ပါတယ်"။

"(ဒါဖြင့်ရင်) ဗောဓိမင်းသားဟာ ဆင်စီးအတတ်မှာ လိမ္မာကျွမ်း ကျင်တယ်၊ ငါဟာ သူ့ဆီမှာ ဆင်စီးအတတ်ကို သင်ယူအုံးမှပဲ၊ ဒီလိုရည်ရွယ် ချက်မျိုးနဲ့ သင့်ဆီကို ယောကျ်ားတစ်ယောက် ရောက်လာတယ် ဆိုပါတော့၊ အဲဒီလူဟာ–

'၁။ ယုံကြည်မှုမရှိခြင်း၊
၂။ အနာရောဂါထူပြောခြင်း၊
၃။ ဟန်ဆောင်လှည့်ပတ်လေ့ ရှိခြင်း၊
၄။ ပျင်းရိခြင်း၊
၅။ အသိအလိမ္မာ ဉာဏ်ပညာနည်းပါးခြင်း'။–

ဒီအင်္ဂါ ၅–ပါးနဲ့ပြည့်စုံ နေမယ်ဆိုရင် သင့်ဆီမှာ ဆင်စီးအတတ်ကို ဆုံးခန်း တိုင်ရောက် တတ်မြောက် အောင် သင်ယူနိုင်ပါ့မလား ?"။

"အရှင်ဘုရား ! အဲဒီလူဟာ အရှင်ဘုရားအမိန့်ရှိတဲ့ အင်္ဂါ ၅–ပါးထဲက တစ်ပါးပါးနဲ့ ပြည့်စုံနေတောင်မှ တပည့်တော်ရဲ့အထဲမှာ ဆင်စီးအတတ်ကို ဆုံးခန်းတိုင်ရောက် တတ်မြောက်အောင် သင်ယူနိုင်မယ် မဟုတ်ပါ၊ အင်္ဂါ ၅–ပါးလုံးနဲ့ ပြည့်စုံရင်တော့ ဘာပြောစရာ လိုပါတော့မလဲဘုရား"။

"မင်းသား ! ဆင်စီးအတတ်ကို သင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲ သင့်ဆီ ကို ယောကျ်ားတစ်ယောက် ရောက်လာပြန်ပြီဆိုပါတော့၊ အဲဒီလူကတော့–

'၁။ ယုံကြည်မှု ရှိခြင်း၊
၂။ ကျန်းမာရေးကောင်းခြင်း၊
၃။ ဟန်ဆောင်လှည့်ပတ်မှု မရှိခြင်း၊
၄။ လုံ့လဝီရိယရှိခြင်း၊
၅။ အသိအလိမ္မာ ဉာဏ်ပညာနဲ့ ပြည့်စုံခြင်း'။–

http://www.dhammadownload.com

ဒီအင်္ဂါ ၅-ပါးနဲ့ ပြည့်စုံနေမယ်ဆိုရင် သင့်ဆီမှာ ဆင်စီးအတတ်ကို ဆုံးခန်းတိုင်ရောက် တတ်မြောက်အောင် သင်ယူနိုင်ပါ့မလား ?"။

"အရှင်ဘုရား ! အဲဒီလူဟာ အရှင်ဘုရားအမိန့်ရှိတော်မူတဲ့ အင်္ဂါ ၅-ပါးထဲက တစ်ပါးပါးနဲ့ ပြည့်စုံရင်ပဲ တပည့်တော်ဆီမှာ ဆင်စီးအတတ်ကို ဆုံးခန်းတိုင်ရောက် တတ်မြောက်အောင် သင်ယူနိုင်စရာ ရှိပါတယ်၊ အင်္ဂါ ၅-ပါးလုံးနဲ့ ပြည့်စုံနေရင်တော့ ဘာပြောစရာ လိုပါတော့မလဲဘုရား"။

"မင်းသား ! အဲဒီနည်းအတိုင်းပဲ-

'၁။ ယုံကြည်မှု သဒ္ဓါတရားရှိခြင်း၊
၂။ ကျန်းမာရေးကောင်းခြင်း၊[1]
၃။ ဟန်ဆောင်လှည့်ပတ်မှု မရှိခြင်း၊
၄။ မပျင်းမရိ လုံ့လရှိခြင်း၊
၅။ ဥဒယဗ္ဗယဉာဏ်ပညာနဲ့ ပြည့်စုံခြင်း။-

ကမ္မဋ္ဌာန်းတရား အားထုတ်သူတို့ ပြည့်စုံစေရမဲ့ ဒီအင်္ဂါ ၅-ပါးနဲ့ ပြည့်စုံပြီး ဝါဘုရားရဲ့ ဆုံးမမှုကို ခံယူရတဲ့ရဟန်းဟာ ၇-နှစ်ကြာ (အောင်ကျင့်လို့ရှိ)ရင် အရဟတ္တဖိုလ်ကို ရရှိပေလိမ့်မယ်၊ ဒါမှမဟုတ်ရင် ၆-နှစ်၊ ၅-နှစ်၊ ၄-နှစ်၊ ၃-နှစ်၊ ၂-နှစ်၊ ၁-နှစ်၊ ၁-လ၊ ၆-လ၊ ၅-လ၊ ၄-လ၊ ၃-လ၊ ၂-လ၊ ၁-လ၊ လခွဲ၊ ၇-ရက်၊ ၆-ရက်၊ ၅-ရက်၊ ၄-ရက်၊ ၃-ရက်၊ ၂-ရက်၊ ၁-ရက်လောက်ကျင့်ရင် အရဟတ္တဖိုလ်ကို ရရှိပေလိမ့်မယ်၊ ဒါတွေကို အသာထားပါတော့၊ ဝါဘုရားက ညနေဘက်မှာ ဆုံးမခဲ့ပါရင် နောက်တစ်နေ့ နံနက်ဘက်မှာ တရားထူးကို ရပါလိမ့်မယ်၊ ဝါဘုရားက နံနက်ချိန်မှာ ဆုံးမရင် အဲဒီနေ့ ညနေချိန်မှာ တရားထူးကို ရပါလိမ့်မယ်"။

အဲဒီလို ဘုရားရှင်ရဲ့ ဟောပြောချက်ကို ကြားနာရတဲ့ အခါမှာ ဗောဓိ မင်းသားက-

"ညနေချိန်မှာ ဆုံးမခံရသူကို နံနက်ချိန်မှာ တရားထူးရအောင်, နံနက်ချိန်မှာ ဆုံးမခံရသူကို ညနေချိန်မှာ တရားထူးရအောင် စွမ်းဆောင်နိုင်တော်မူတဲ့ ဘုရားရှင်ဟာ အံ့ဩဖွယ်ရာ ကောင်းလှပါဘိတယ်၊ တရားတော်ကလဲပဲ အံ့ဩစရာ ကောင်းလှပါဘိတယ်၊ တရားတော်ကို ကောင်းစွာ ဟောကြားထားပုံ သွက်လွှတ်တာ ဂုဏ်တော်ဟာလဲပဲ အံ့ဩဖွယ်ရာ ကောင်းလှပါဘိတယ်"။

၁။ မနုံ့လွန်းမထက်လွန်း အလယ်အလတ် ဖြစ်တဲ့ ပါစကတောဏာတ်နဲ့ ပြည့်စုံခြင်း။

http://www.dhammadownload.com

အဲဒီလို ဝမ်းမြောက်ဝမ်းသာ ချီးကျူးစကား ပြောကြားနေပါတော့တယ်။

အဲဒီစကားကို ကြားရတဲ့အခါ သဋ္ဌိကာပုတ္တလုလင်က ဗောဓိမင်းသားကို အပြစ်တင် ပြောဆိုပါတယ်။

"ဒီ ဗောဓိမင်းသားက ဘုရားရှင်ဟာ အံ့ဩဖွယ်ရာ ကောင်းလှပါဘိတယ်၊ တရားတော်ဟာလဲ အံ့ဩဖွယ်ရာ ကောင်းလှပါဘိတယ်၊ တရားတော်ကို ကောင်းစွာ ဟောကြားထားပုံ သွားကွာတတာ ဂုဏ်တော်ဟာလဲ အံ့ဩဖွယ်ရာ ကောင်းလှပါဘိတယ်၊ ဒီလို ချီးကျူးစကားလောက်ကိုသာ ပြောကြားဖော် ရပါပေတယ်၊ ဘုရားရှင်ကိုတော့ 'ကိုးကွယ် ရာ'လို့ အသိအမှတ် မပြုပါဘူး၊ တရားတော်ကိုလဲပဲ 'ကိုးကွယ်ရာ'လို့ အသိအမှတ် မပြုပါဘူး၊ သံဃာတော်ကိုလဲပဲ 'ကိုးကွယ်ရာ'လို့ အသိအမှတ် မပြုပါဘူး"။

သဋ္ဌိကပုတ္တလုလင်ရဲ့ အပြစ်တင်ပြောဆိုတာကို ကြားရတော့ ဗောဓိမင်းသားက–

"အဆွေသဋ္ဌိကာပုတ္တ ! ဒီလို မပြောပါနဲ့၊ ကျွန်ုပ်ကိုယ်ဝန်သူငယ်ဘဝနဲ့ ရှိနေစဉ်တုန်းက ကျွန်ုပ်ရဲ့ မယ်တော်ဟာ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူခိုက်ဖြစ်တဲ့ ဘုရားရှင်ထံမှောက်ကို သွားရောက်ပါတယ်၊ သင့်တော်ရာမှာ ထိုင်နေပါတယ်၊ လက်အုပ်ချီမိုး ရှိခိုးပြီးတော့ 'အရှင်ဘုရား ! တပည့်တော်ရဲ့ ကိုယ်ဝန်သူငယ်ဟာ ယောကျ်ားကလေး ဖြစ်သလား၊ မိန်းကလေးဖြစ်သလားဆိုတာ မထင်ရှားသေးပါ၊ ဘယ်လိုပဲ ဖြစ်ဖြစ် ဒီကလေးဟာ မြတ်စွာဘုရားကို ကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်၊ တရားတော်ကိုလဲ ကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်၊ သံဃာတော်ကိုလဲ ကိုးကွယ်ရာလို့ အသိအမှတ် ပြုပါတယ်၊ ရှင်တော်မြတ်ဘုရား ! ဒီကလေးကို ဒီနေ့ကစပြီး အသက်ထက်ဆုံး သရဏဂုံတည်တဲ့ ဥပါသကာ တစ်ဦးရယ်လို့ အသိအမှတ် ပြုတော်မူပါ'၊ ဒီလို လျှောက်ထားခဲ့ပါတယ်၊ ဒီအကြောင်းကိုလဲ မယ်တော်က ပြောပြတဲ့အတွက် ကျွန်ုပ်က သိရှိရပါတယ်။

အဆွေသဋ္ဌိကာပုတ္တ ! နောက်တစ်ချိန်မှာလဲ ဒီဘဂ္ဂတိုင်း သုသုမာရဂိရမြို့ ဘေသကဋ္ဌာဝနမိဂဒါယမှာပဲ သီတင်းသုံးနေတော်မူတဲ့ ဘုရားရှင်ရဲ့ ထံတော်မှောက်သို့ ကျွန်ုပ်ရဲ့အထိန်းတော်က ရောက်သွားခဲ့ပါတယ်၊ အကျွန်ုပ်ကိုလဲ ရင်ခွင်နဲ့ ပိုက်ချီထားပါတယ်၊ ဘုရားရှင်ကို ရှိခိုးပြီး သင့်တော်ရာက ရပ်ပြီးတော့ 'အရှင်ဘုရား ဒီဗောဓိမင်းသားဟာ မြတ်စွာဘုရားကို ကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်၊ တရားတော်ကိုလဲ ကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်၊

http://www.dhammadownload.com

သံဃာတော်ကိုလဲကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်'၊ ဒီလိုလဲလျှောက်ထားခဲ့ဖူးပါတယ်။

မိတ်ဆွေသဠိကာပုတ္တ ! အကျွန်ုပ်ဟာ ၃-ကြိမ်မြောက် အခုနောက်ထပ်တစ်ဖန်လဲပဲ ဘုရားရှင်ကို ကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်၊ တရားတော်ကိုလဲ ကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်၊ သံဃာတော်ကိုလဲ ကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်၊ မြတ်စွာဘုရားဟာ အကျွန်ုပ်ကို အသက်ထက်ဆုံး သရဏဂုံတည်တဲ့ ဥပါသကာတစ်ယောက် ဖြစ်တယ်ဆိုတာကို အသိအမှတ်ပြုတော်မူပါ"။

ဒီလိုပဲ ဖြေရှင်းပါတယ်၊ သရဏဂုံလဲ ထပ်ဆင့်ဆောက်တည်ပါတယ်။

"ကိုယ်ဝန်ရှိစဉ်က မိခင်ဆောက်တည်ပေးတဲ့ သရဏဂုံဟာ ဗောဓိမင်းသားအတွက် သရဏဂုံ ယူပြီးရာ မရောက်သေးပါဘူး၊ စိတ်နဲ့ ကင်းကွာပြီး သရဏဂုံဖြစ်ရိုးလဲ မရှိပါဘူး၊ အစောင့်အရှောက်လောက်တော့ ဖြစ်ပါတယ်၊ သိမြင်နားလည်ချိန် ရောက်လာတဲ့အခါ 'သားရယ် ! သား ကိုယ်ဝန်တည်နေတုန်းကပဲ အမေ သားအတွက် သရဏဂုံ ယူခဲ့ပါတယ်'၊ ဒီလို မိဘများကလဲ သတိပေးမယ်၊ သူကိုယ်တိုင်ကလဲပဲ 'ငါဟာ သရဏဂုံ တည်ပြီးတဲ့ ဥပါသကာတစ်ယောက် ဖြစ်တယ်'၊ ဒီလို သတိရလာမယ်ဆိုရင် သရဏဂုံ ယူပြီးပဲ ဖြစ်ပါတယ်"။

ဒီလို အဋ္ဌကထာ[1]မှာ ဖွင့်ဆိုထားပါတယ်၊ ဒီတော့ အစောင့်အရှောက်ဖြစ်အောင် သရဏဂုံယူမှုဟာ ဘုရားရှင်လက်ထက်တော်က ရှိခဲ့ဖူးကယ်ဆိုတာ မထင်ရှားဘူးလား ?။

"ထင်ရှားပါတယ်ဘုရား"။

ကိုယ်ဝန်သူငယ်အတွက် သရဏဂုံယူပုံ

အဲဒါကြောင့် အခုလဲပဲ ပဋိသန္ဓေတည်နေတဲ့ ကလေးသူငယ်ရဲ့ အစောင့်အရှောက်ဖြစ်အောင် အမေရောအဖေပါ သရဏဂုံယူထားလိုက်ကြ၊ ကိုင်း-မယူတတ်ရင် ဒီကပဲ ချပေးပါ့မယ်၊ လိုက်ဆိုကြ။

"ယော အမှာကံ ဘန္တေ ပုတ္တော မာတုကုစ္ဆိဂတော ဒါရကော နာ ပညာယတိ ကုမာရကော ဝါ ကုမာရိကာ ဝါ၊ သော ဗုဒ္ဓံ သရဏံ ဂစ္ဆတိ၊ ဓမ္မံ သရဏံ ဂစ္ဆတိ၊ သံဃံ သရဏံ ဂစ္ဆတိ၊ ဥပါသကံ တံ ဘန္တေ အယျော ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။

၁။ မနိုပဏ်--၄၊ ၂၂၆။

http://www.dhammadownload.com

အရှင်ဘုရား ! အမေ့ဝမ်းထဲ၌ ပဋိသန္ဓေတည်နေသော တပည့်တော်တို့ရဲ့ ကိုယ်ဝန်သူငယ်ကလေးဟာ ယောကျ်ားဖြစ်လာမည်လား, မိန်းမဖြစ်လာမည်လား မထင်ရှားသေးပါ၊ အဲဒီ တပည့်တော်တို့ရဲ့ ကိုယ်ဝန်သူငယ်ကလေးဟာ ဘုရားကို ကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်၊ တရားကို ကိုးကွယ်ရာလို့ အသိအမှတ် ပြုပါတယ်၊ သံဃာကို ကိုးကွယ်ရာလို့ အသိအမှတ် ပြုပါတယ်၊ အရှင်ဘုရား ! အရှင်ဘုရားသည် ဒီကလေးကို ဒီနေ့ကစပြီး အသက်ထက်ဆုံး သရဏဂုံ တည်တဲ့ ဥပါသကာတစ်ဦးလို့ အသိအမှတ် ပြုတော်မူပါ"။

ဒီသရဏဂုံဟာ ဘုန်းကြီးတို့ဗုဒ္ဓဘာသာမှာ အင်မတန် အရေးပါ အရာရောက်ပါတယ်၊ သရဏဂုံ မဆောက်တည်ဘဲနဲ့ ဗုဒ္ဓဘာသာဝင် ဖြစ်လာတဲ့လူရယ်လို့ မရှိပါဘူး၊ ဒီတော့ ဘာသာရေးခေါင်းဆောင်ဖြစ်တဲ့ ဘုန်းတော်ကြီးတွေက ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် သီလ ပေးတယ်ဆိုရင်ပဲ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"နဲ့ ဘုရားရှိခိုးခိုင်းပြီး သရဏဂုံကို အရင်ယူစေပါတယ်၊ ဒါဟာ လာတဲ့ပရိသတ်ကို ဗုဒ္ဓဘာသာဝင်ဖြစ်အောင် လုပ်ပေးလိုက်တာပဲ။

အခြားဘာသာတွေမှာလို အခမ်းအနားတွေ, ဘာတွေလုပ်ပြီး ဗုဒ္ဓဘာသာဝင်ဖြစ်အောင် လုပ်ပေးရိုး မရှိပါဘူး၊ ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့ရာ အင်မတန် လွယ်ပါတယ်၊ ဒါကြောင့်လဲ ကိုယ့်ကိုကိုယ် ဘယ်အချိန်ကစပြီး ဗုဒ္ဓဘာသာ ဖြစ်လာတယ်ဆိုတာကို သိတဲ့လူ အင်မတန် ရှားပါတယ်၊ ပြီးတော့ ဒီသရဏဂုံဟာ အကျိုးလဲ အင်မတန် ကြီးပါတယ်၊ အဲဒီအကျိုးတွေကိုတော့ နောင်အခွင့်သင့်တဲ့ အခါမှ ပြောပြပါ့မယ်။

၅။ ကလေးဆိုင်ရာ မင်္ဂလာမျိုးစုံ

ဆရာတော်ဦးဓမ္မိကက တရားကို ရပ်ဆိုင်းလိုက်သည့်အခါ မောင်မျိုးသန့်က မကြည်ဝင်းနဲ့ တိုင်ပင်ထားသော မိမိတို့၏ လိုအင်ဆန္ဒတစ်ခုကို လျှောက်ထားပါသည်။

"ဆရာတော်ဘုရား ! အခုခေတ်လူတွေဟာ မွေးနေ့မင်္ဂလာစတဲ့ အခမ်းအနား အမျိုးမျိုးကို ပြုလုပ်နေကြပါတယ်၊ 'အဲဒီ မင်္ဂလာအခမ်းအနားတွေဟာ ဗုဒ္ဓဘာသာဝင်တွေရဲ့ ထုံးတမ်းစဉ်လာ ဟုတ်တယ်–မဟုတ်ဘူး, ဗုဒ္ဓဘာသာဝင်တွေရဲ့ ထုံးတမ်းစဉ်လာနဲ့ ညီညွတ်အောင် ဘယ်လိုလုပ်သင့်တယ်'ဆိုတာကို တပည့်တော်များ နာကြားမှတ်သားလိုပါတယ်၊ နောင်အခွင့်သင့်တဲ့အခါမှာ ကျယ်ကျယ်ပြန့်ပြန့် မိန့်ကြားတော်မူပါဘုရား"။

http://www.dhammadownload.com

"အေး–တို့ကလဲပဲ ဒီလို ကြိုတင်လျှောက်ထားမှပဲ ဟောတတ်ပြောတတ်ပါတယ်၊ ဓမ္မကထိကတွေလို အဆင်သင့် ကျက်ထားမှတ်ထားတာ ဘာမှရှိတာမဟုတ်ဘူး၊ ဒီတော့ နောင်အခွင့်သင့်တဲ့အခါ ပြောပြရတာပေါ့"။

ဆရာတော်ဦးဓမ္မိကက ဤသို့ ဝန်ခံစကား မိန့်ကြားထားခဲ့ပြီး ကျောင်းကို ပြန်ကြွသွားသည်၊ နောက်တစ်လလောက် ကြာသည့်အခါ မောင်မျိုးသန့်က ကျောင်းရှိ သံဃာကုန် ဆွမ်းစားပင့်ပြန်သည်။

သို့သော် ယခုအချိန်၌ အမှုမဲ့အမှတ်မဲ့ ပင့်ထားသည်ကားမဟုတ်ပါ၊ ဆရာတော်ဦးဓမ္မိက အားလပ်ခွင့်ရသော ဥပုသ်နေ့ကို တမင်ရွေးချယ် ပင့်ထားပါသည်။

ဆရာတော်ဦးဓမ္မိကလည်း ပင့်ထားသည့်အချိန်မှာ သံဃာတော်များနဲ့အတူ အိမ်ကို ကြွရောက်လာပါသည်၊ သီလယူမှု, ပရိတ်တရားနာကြားမှု, ဆွမ်းကပ်မှု, ရေစက်ချ အမျှအတန်းပေးဝေမှုတို့ကို တစ်ခုပြီးတစ်ခု အစဉ်အတိုင်းပြုလုပ်စေသည်၊ ပြီးမှ ဆွမ်းဘုဉ်းပေးတော်မူသည်၊ ဆွမ်းကိစ္စပြီးသည့်အခါ သံဃာတော်များကို ပြန်လွှတ်လိုက်ပြီး တရားဟောရန် အစပျိုးလာပါ၏တော့သည်။

"မင်္ဂလာ အခမ်းအနားတွေနဲ့ ပတ်သက်တဲ့ တရားကို ဟောတော်မူပါလို့ လွန်ခဲ့တဲ့ တစ်လလောက်က ဒီနေရာမှာပဲ မောင်မျိုးသန့် ကိုယ်တိုင် လျှောက်ထားဖူးတယ်၊ ဘုန်းကြီးကလဲ ဝန်ခံလာခဲ့တယ်၊ ဒီတော့ ဒီနေ့ ဝနဝါသီတိသုသာမဏောဝတ္ထုကိုပဲ ပြောပြမယ်လို့ ကြိစည်ထားတယ်၊ တရားကတော့ နည်းနည်းရှည်လိမ့်မယ်ထင်တယ်၊ နာနိုင်မယ်, မနာနိုင်ဘူးဆိုတာကို အခုက ကြိုတင်ပြီး လျှောက်ထားကြ၊ 'တရားရှည်လို့ ငြီးငွေ့ကြမယ်ဆိုရင် ဘုန်းကြီးက ခပ်တိုတိုပဲ ဟောပေးပါ့မယ်"။

"ကိစ္စမရှိပါဘူး ဆရာတော်ဘုရား၊ တရားရှည်လေ ဘုရားတပည့်တော်များအတွက် အမြတ်ထွက်လေပါပဲ၊ ဒီလို ဆရာတော်ဘုရားက ခပ်ရှည်ရှည် ပြောခွင့် ဟောခွင့် ရအောင်လို့လဲပဲ ဘုရားတပည့်တော်များက ဥပုသ်နေ့ကို တမင်ရွေးချယ်ပြီး ဆရာတော်ဘုရားကို ပင့်တာပါ"။

ဝနဝါသီတိသုသာမဏောဝတ္ထု[၁]

မောင်မျိုးသန့်၏စကား ဆုံးသွားသည်နဲ့ တစ်ပြိုင်နက် ကိုင်း–ဒါဖြင့် တရားစတော့မယ်ဆိုပြီး ဝနဝါသီတိသုသာမဏောဝတ္ထုကို စတင်ဟောပါတော့သည်။

ဝက်န်ကပုဏ္ဏားဆိုတာဟာ ရှင်သာရိပုတ္တရာထေရ်ရဲ့အဖေဖြစ်ပါတယ်၊ မဟာသေနဆိုတဲ့ ပုဏ္ဏားက ဝက်န်ကပုဏ္ဏားရဲ့ သူငယ်ချင်းပါပဲ၊ သူဟာ ရာဇဂြိုဟ်မြို့မှာ နေပါတယ်။

၁။ ဓမ္မပဒ–၆–၁၊ ၃၃၃။

http://www.dhammadownload.com

တစ်နေ့မှာ ရှင်သာရိပုတ္တရာထေရ်ဟာ မဟာသေနပုဏ္ဏားကို သနားတာနဲ့ ဆွမ်းခံရင်း သူ့အိမ်တံခါးကို ကြွသွားပါတယ်၊ မဟာသေနပုဏ္ဏားဟာလဲပဲ အဲဒီအချိန်မှာ စီးပွားရေးကျဆင်းမှုဒဏ်ကို ခံနေရပါတယ်၊ အင်မတန် ဆင်းရဲနွမ်းပါးနေပါတယ်၊ (သူငယ်ချင်းသား ဖြစ်လေတော့ ရှင်သာရိပုတ္တရာကို ကိုယ့်သားလိုပဲ သဘောထားပါတယ်။)

"ငါ့သားဟာ ငါ့အိမ်တံခါးကို ဆွမ်းခံရအောင်လို့ လာတာဖြစ်မေလိမ့်မယ်၊ ငါကလဲ အင်မတန် ဆင်းရဲနွမ်းပါးနေတယ်၊ ငါဆင်းရဲနွမ်းပါးနေကြောင်း သိဟန်မတူဘူး၊ ငါ့မှာလဲပဲ လူစရာ တန်းစရာဆိုလို့ ဘာတစ်ခုမှ ရှိတာမဟုတ်ဘူး"။

ဒီလိုတွေးပြီး သူဟာ ရှင်သာရိပုတ္တရာကို မျက်နှာမပြရဲတာနဲ့ ပုန်းနေပါတယ်၊ ရှင်သာရိပုတ္တရာက နောက်တစ်နေ့မှာလဲ ကြွတော်မူပါတယ်၊ ပုဏ္ဏားက ရှေ့နေ့ကလိုပဲ ပုန်းနေပါတယ်၊ ဘာပဲဖြစ်ဖြစ် တစ်ခုခု ရရင် လူမယ်လို့တော့ ကြံစည်နေတာပဲ၊ ဒါပေမဲ့ ဘာတစ်ခုကိုမှ မရပါဘူးတဲ့။

တစ်နေ့သောအခါကျတော့ ပုဏ္ဏားတို့ရဲ့ မင်္ဂလာရွက်ဖတ်ပွဲတစ်ခုက အဝတ်ကြမ်းတစ်ပိုင်းနဲ့ နို့ထမင်းတစ်ခွက် ရပါတယ်၊ အိမ်ကိုယူလာပြီး "ငါဟာ ဒီဆွမ်းကို ရှင်သာရိပုတ္တရာထေရ်အား လှူသင့်တယ်"လို့ ရှင်သာရိပုတ္တရာထေရ်ကို သတိရနေပါတယ်၊ ရှင်သာရိပုတ္တရာထေရ်ကလဲပဲ စျာန်သမာပတ်ကထပြီး အဘိညာဉ်စက္ခုနဲ့ ပုဏ္ဏားကို ကြည့်ရှုတော်မူပါတယ်။

"ပုဏ္ဏားဟာ လူဖွယ်ဝတ္ထုကို ရလို့ ငါကြွလာဖို့ရန် မျှော်လင့်တောင့်တနေတယ်၊ ငါ သူ့ဆီကို သွားမှတော်လိမ့်မယ်"။

ဒီလို တွေ့မြင်စဉ်းစားပါတယ်၊ သင်္ကန်းရုံ သပိတ်ယူပြီး ပုဏ္ဏားရဲ့အိမ်တံခါးမှာ သွားရပ်နေပါတယ်။

ပုဏ္ဏားဟာ ရှင်သာရိပုတ္တရာမထေရ်ကို တွေ့မြင်ရတယ်ဆိုရင်ပဲ အင်မတန် စိတ်ကြည်လင်မှုကို ရသွားပါတယ်၊ ရှင်သာရိပုတ္တရာမထေရ်အနားကို သွားရောက်ရှိခိုးပြီး နှုတ်ခွန်းဆက်သမှုကို ပြုပါတယ်၊ အိမ်ပေါ်ကို ပင့်တင်ထိုင်နေစေပါတယ်၊ ပြီးတော့မှ နို့ထမင်းတစ်ခွက်ကိုယူလာပြီး ရှင်သာရိပုတ္တရာထေရ်ရဲ့ သပိတ်ထဲကို လောင်းထည့်နေပါတယ်။

ရှင်သာရိပုတ္တရာထေရ်က တစ်ဝက်ကို လက်ခံပြီး သပိတ်ကို လက်နဲ့ပိတ်ထားပါတယ်၊ ဒီတော့ ပုဏ္ဏားက–

http://www.dhammadownload.com

"အရှင်ဘုရား ! ဒီနို့ဆွမ်းဟာ တစ်ယောက်စာမျှသာ ဖြစ်ပါတယ်၊ တပည့်တော်အား တမလွန်လောကအတွက်သာ ချီးမြှောက်မှုကို ပြုတော်မူပါ၊ ဒီလောကအတွက် ချီးမြှောက်မှုကို ပြုတော်မမူပါနဲ့၊ ဘာမှချန်မထားဘဲ အကုန်လုံးကိုပဲ ပေးလှူလိုပါတယ်"။

ဒီလိုလျှောက်ထားပြီး အကုန်လုံးကိုပဲ ပေးလှူလိုက်ပါတယ်၊ ရှင်သာရိပုတ္တရာထေရ်ကလဲ ဒီနေရာမှာပဲ ဘုဉ်းပေးတော်မူပါတယ်။

ဆွမ်းဘုဉ်းပေးပြီး အချိန်မှာ ပုဏ္ဏားက ရှင်သာရိပုတ္တရာထေရ်အား အဝတ်ကြမ်းပိုင်းကို ပေးလှူပြန်တယ်၊ လက်အုပ်ချီမိုး ရှိခိုးပြီး "အရှင်ဘုရား ! တပည့်တော်လဲပဲ အရှင်ဘုရားများ သိမြင်ထားတဲ့ တရားမျိုးကိုသာ ရလိုပါတယ်"လို့ ဆုတောင်းလိုက်တယ်။

ရှင်သာရိပုတ္တရာထေရ်က "ပုဏ္ဏား သင်တောင်းတဲ့အတိုင်းပဲ ဖြစ်ပါစေ"လို့ သူ့အား အနုမောဒနာစကား မြွက်ကြားပြီး ပြန်ကြွလာခဲ့ပါတယ်၊ နောက်အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူရင်း သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်ကို ရောက်သွားပါတယ်။

ဆင်းရဲနွမ်းပါးတဲ့အခါ ပေးလှူရတဲ့ အလှူဒါနမျိုးဟာ အင်မတန် နှစ်သက်ကျေနပ်မှုကို ရစေတတ်ပါတယ်၊ ဒါ့ကြောင့် ပုဏ္ဏားလဲပဲ အဲဒီအလှူကို လှူပြီးတဲ့နောက်ပိုင်းမှာ အင်မတန် စိတ်ကြည်လင်မှု ရရှိနေပါတယ်၊ ဝမ်းမြောက်ဝမ်းသာဖြစ်နေပါတယ်၊ ရှင်သာရိပုတ္တရာထေရ်ကို အတိုင်းထက်အလွန် ကြည်ညိုမြတ်နိုးနေပါတယ်။

ဒီပုဏ္ဏားဟာ သေချိန်ရောက်လို့ သေတဲ့အခါမှာလဲပဲ ရှင်သာရိပုတ္တရာကို ကြည်ညိုတဲ့စိတ်နဲ့ပဲ သေဆုံးသွားပါတယ်၊ သာဝတ္ထိမြို့ ရှင်သာရိပုတ္တရာထေရ်ရဲ့ အလုပ်အကျွေးဖြစ်တဲ့ ဒကာကြီးတစ်ဦးအိမ်မှာ ပဋိသန္ဓေ တည်နေပါတယ်။

ကလေးအမေဖြစ်လာမဲ့ ဒကာမက ပဋိသန္ဓေတည်တဲ့ခဏမှာပဲ "ငါ့မှာ ကိုယ်ဝန်တည်နေပြီ"ဆိုတာ သိပါတယ်၊ ယောကျ်ားဖြစ်သူကိုလဲ ပြောပြပါတယ်၊ ယောကျ်ားဖြစ်သူက ကိုယ်ဝန်အစောင့်အရှောက်ကို စီမံပေးပါတယ်။

ကိုယ်ဝန်ဆောင် ဒကာမဟာလဲပဲ ပူလွန်းတဲ့အစာ, အေးလွန်းတဲ့အစာ, ချဉ်လွန်းတဲ့အစာ, ငန်လွန်းတဲ့အစာ, စပ်လွန်းတဲ့အစာ, ခါးလွန်းတဲ့အစာများနဲ့ အရက်သောက်မှု, ဆေးလိပ်သောက်မှုတို့ကို ရှောင်ကြဉ်ပါတယ်၊ အဆင်းအနံ့ အရသာ သြဇာပြည့်ဝတဲ့ အစားအစာများကို မျှတအောင် စားသောက်ပါတယ်၊ အိပ်ပျက်လို

http://www.dhammadownload.com

မခံတော့ပါဘူး၊ အိပ်ရေးဝအောင် အနည်းဆုံး တစ်နေ့မှာ ၉-နာရီလောက် အိပ်ပါတယ်၊ အဲဒီလိုပဲ ချမ်းချမ်းသာသာ ကိုယ်ဝန်ကို စောင့်ရှောက်နေရင်း သူ့မှာ ချင်ခြင်း ဖြစ်ပေါ်လာပါတယ်။

"ငါဟာ ရှင်သာရိပုတ္တရာဦးဆောင်တဲ့ ရဟန်းတော် ၅-ရာကို ပင့်မယ်၊ ဒီအိမ်မှာ သီတင်းသုံးနေစေပြီး ရေမရောတဲ့ နို့ဆွမ်းကို ကပ်လှူမယ်၊ ကိုယ်တိုင်လဲ ဖန်ရည်ဆိုးအဝတ်(သင်္ကန်းရောင်အဝတ်)ကို ဝတ်မယ်၊ ရွှေခွက်ကလေး တစ်ခွက်ကို ယူပြီး အစွန်အဖျားနေရာမှာ ထိုင်မယ်၊ ဒီလို ထိုင်ပြီးတဲ့နောက် ရဟန်း ၅-ရာရဲ့ အကျန်အကြွင်း နို့ထမင်းကို စားမယ်၊ ဒီလို လုပ်လို့ရရင်ဖြင့် သိပ်ကောင်းမှာပဲ"။

အမေဖြစ်သူမှာ ဖန်ရည်ဆိုးအဝတ်ကို ဝတ်လိုတဲ့ချင်ခြင်း ဖြစ်ပေါ်လာတာဟာ ဘုရားရှင့်သာသနာတော်မှာ ကိုယ်ဝန်သူငယ် ရဟန်းပြုခြင်းရဲ့ ရှေ့ပြေး(ပုဗ္ဗ)နိမိတ် ဖြစ်ပါတယ်။

ဒီလို ချင်ခြင်းမျိုးဖြစ်တဲ့ အကြောင်းကို သိရတော့ ဆွေမျိုးသားချင်းတွေက "တို့သမီးမှာ တရားနဲ့လျော်တဲ့ချင်ခြင်းမျိုး ဖြစ်ပေါ်လာတာပဲ" ဆိုပြီး ရှင်သာရိပုတ္တရာ ဦးဆောင်တဲ့ ရဟန်းတော် ၅-ရာအား ရေမရောတဲ့ နို့ဆွမ်းကို ပေးလှူဆက်ကပ်ကြပါတယ်။

ကိုယ်ဝန်ဆောင် ဒကာမကလဲပဲ ဖန်ရည်ဆိုးအဝတ် တစ်ထည်ကို ဝတ်ပါတယ်၊ တစ်ထည်ကိုတော့ ခြုံပါတယ်၊ ရွှေခွက်ကလေးတစ်ခုကိုလဲ ယူလာပါတယ်၊ ပြီးတော့ အစွန်အဖျားနေရာမှာ သွားထိုင်နေပါတယ်၊ အဲဒီလိုလုပ်ပြီး ရဟန်းတော်တွေရဲ့ အကျန်စားကြွင်း နို့ထမင်းကို စားပါတယ်၊ ချင်ခြင်းလဲ ငြိမ်းသွားပါတယ်။

ကလေးအမေအဖေတွေဟာ ကိုယ်ဝန်တည်တယ်လို့ သိတဲ့အချိန်က စပြီး မမွေးခင် အကြားမှာ မင်္ဂလာပွဲတွေ လုပ်ကြပါတယ်၊ ကလေးမွေးပြီးတဲ့နောက်ပိုင်း မှာလဲပဲ မင်္ဂလာပွဲတွေ လုပ်ကြပါတယ်၊ ဒီလိုလုပ်သမျှ မင်္ဂလာပွဲတွေမှာ ရှင်သာရိပုတ္တရာ ဦးဆောင်တဲ့ ရဟန်းတော် ၅-ရာတို့အား ချိုမြိန်ကောင်းမြတ်တဲ့ နို့ဆွမ်းကိုချည်း ကပ်လှူကြပါတယ်၊ ဒါဟာ ကလေးသူငယ် မဟာသေနပုဏ္ဏားဖြစ်တဲ့ အခါက ပေးလှူခဲ့တဲ့ နို့ထမင်းရဲ့ အကျိုး(ဆက်)ပါပဲတဲ့။

"ကိုယ်ဝန်တည်တယ်လို့ သိတဲ့အချိန်ကစပြီး မမွေးခင်အကြားမှာ လုပ်တဲ့ မင်္ဂလာတွေကို ဘယ်လိုခေါ်တယ်၊ ဘယ်နှစ်ကြိမ်လုပ်တယ်" လို့တော့ စာဆိုမရှိပါဘူး၊ "အကြိမ်ပေါင်းများစွာလုပ်တယ်" လို့တော့ စာဆိုရှိပါတယ်၊ ဒီတော့ ကိုယ်ဝန်ဆောင်တဲ့အတွင်းမှာ လုပ်တဲ့မင်္ဂလာတွေကို "ဂဗ္ဘပရိဟရဏ(ကိုယ်ဝန်ဆောင်)

http://www.dhammadownload.com

မင်္ဂလာ"လို့ပဲ ခေါ်သင့်မယ် ထင်ပါတယ်၊ ဒီမင်္ဂလာမျိုးကို ကိုယ်စွမ်းအား ရှိသလောက် အကြိမ်ပေါင်းများစွာ လုပ်နိုင်တယ်၊ ဒီလိုပဲ မှတ်ရပါ့မယ်။

မွေးနေ့မင်္ဂလာလုပ်တဲ့ နေ့တစ်နေ့မှာ နံနက်စောစော ကလေးကို ရေမိုးချိုးပြီး တန်ဆာဆင်ပေးကြပါတယ်၊ ကျက်သရေရှိတဲ့ အိပ်ရာမှာ အဖိုးတစ်သိန်းတန်တဲ့ ကမ္ဘလာကိုခင်းပြီး အဲဒီကမ္ဘလာရဲ့ အပေါ်မှာ ကလေးကို သိပ်ထားကြပါတယ်၊ ကလေးက အဲဒီ အိပ်ရာပေါ်မှာ အိပ်ရင်းပဲ ရှင်သာရိပုတ္တရာထေရ်ကို ကြည့်နေပါတယ်။

"ဒီမထေရ်ဟာ ငါ့ရဲ့ ရွေးဘဝဆရာပဲ၊ ငါဟာ ဒီမထေရ်ကို အမှီပြုပြီး ဒီစည်းစိမ်ချမ်းသာကို ရလာတယ်၊ ဒီမထေရ်အား တစ်ခုခုကို စွန့်ကြဲပေးကမ်း လှူဒါန်းသင့်တယ်"။

ဒီလို စဉ်းစားနေတယ်၊ သိက္ခာပုဒ်(သီလ) ယူရအောင်လို့ လူကြီးတွေက သူ့ကို ပွေ့ယူ သွားတဲ့အခါ အဲဒီကမ္ဘလာကို လက်သန်းကလေးမှာ ရစ်ပတ်ပြီးယူလာပါတယ်။

အဲဒါကို တွေ့ရတော့ လူကြီးတွေက "ကလေးလက်မှာ ကမ္ဘလာငြိနေတယ်" ဆိုပြီး ယူဖို့ရန် ကြိုးစားကြတယ်၊ ဒီတော့ ကလေးက ငိုပါတယ်၊ ဆွေမျိုးသားချင်း တွေက "ဟော့ ဟော့ မဖယ်ကြပါနဲ့၊ ကလေးငိုအောင် မလုပ်ကြပါနဲ့"ဆိုပြီး ကမ္ဘလာနဲ့ အတူပဲ ကလေးကို ပွေ့ချီသွားကြပါတယ်။

မထေရ်ကို ရှိခိုးတဲ့အချိန်မှာ ကလေးက လက်ချောင်းကလေးကို ကမ္ဘလာမှ ရုပ်သိမ်းပြီး မထေရ်ရဲ့ ခြေရင်းမှာ ကမ္ဘလာကို ကျစေပါတယ်၊ ချထားလိုက်ပါတယ်။

ဒီတော့ ဆွေမျိုးသားချင်းတွေက "ကလေးလေးက နားမလည်လို့ လုပ်တာပဲ"၊ ဒီလို ပြောဆိုမှု မပြုကြဘဲ "တပည့်တော်တို့ရဲ့ သားကလေးက ပေးလှူထားတဲ့ ပစ္စည်းဟာ တပည့်တော်တို့လဲ စွန့်လွှတ်ပြီး ဖြစ်ပါတယ်ဘုရား"လို့ လျှောက်ထားပြီး "အရှင်ဘုရား ! တစ်သိန်းတန် ကမ္ဘလာနဲ့ ပူဇော်မှုကို ပြုလုပ်တတ်တဲ့ အရှင်ဘုရားရဲ့ တပည့် ကလေးအား သိက္ခာပုဒ်တွေကို (သီလကို) ပေးသနားတော်မူပါဘုရား"လို့ လျှောက်ထားကြပါတယ်၊ ဒီတော့ ရှင်သာရိပုတ္တရာထေရ်က ကလေးရဲ့အမည်ကို မေးပါတယ်။

"ဒီကလေးရဲ့ အမည်ကို ဘယ်လိုခေါ်သလဲ ?"။

"ဒီကလေးရဲ့ အမည်ဟာ အရှင်ဘုရားအမည်နဲ့ တူနေပါတယ်၊ သူဟာ 'တိဿ' အမည်ရှိသူ ဖြစ်ပါလိမ့်မယ်ဘုရား"။

ရှင်သာရိပုတ္တရာဟာ လူဖြစ်စဉ်က "ဥပတိဿ" မည်သူ ဖြစ်ခဲ့ပါတယ်၊ ဒါကြောင့် ဒီစကားကို လျှောက်ထားရခြင်း ဖြစ်ပါတယ်၊ ကလေးအမေကလဲ "ငါဟာ သားက

http://www.dhammadownload.com

လေးရဲ့ အလိုဆန္ဒကိုတော့ မဖျက်သင့်ဘူး"လို့ အဲဒီကတည်းက စဉ်းစားထားပါတယ်၊ အဓိဋ္ဌာန်ပြုထားပါတယ်။

ဒါဟာ "ကလေးအား အမည်ပေးမှု–နာမကရဏမင်္ဂလာ"လုပ်တာပါပဲ၊ ဒါတွေကို အကုန်လုံးခြုံပြီး စဉ်းစားလိုက်တော့ "မွေးနေ့–ဝိဇာတမင်္ဂလာနဲ့+ အမည်ပေး–နာမကရဏမင်္ဂလာကို တစ်နေ့ထဲမှာ ပူးတွဲကျင်းပတယ်"ဆိုတာ ထင်ရှားလာပါတယ်။

အဲဒီလို ပူးတွဲကျင်းပတဲ့ မင်္ဂလာ ၂–ခုမှာလဲပဲ "မွေးနေ့မင်္ဂလာ"ဆိုတာ ကျယ်ပြန့်ပါတယ်၊ အကြိမ်အရေအတွက် အကန့်အသတ်မရှိ လုပ်နိုင်ပါတယ်၊ အခြားမင်္ဂလာတွေနဲ့ မတွဲဘဲ သီးသန့်လဲ လုပ်နိုင်ပါတယ်၊ ပူးတွဲလို့လဲ လုပ်နိုင်ပါတယ်။

မွေးနေ့မင်္ဂလာကို သီးသန့်လုပ်တဲ့အခါမှာ သံဃာတော်တွေကို ကျွေးမွေးလှူဒါန်းမှု, လူပရိသတ်ကို ဧည့်ခံကျွေးမွေးမှု စသည်ကို ပြုရုံနဲ့ ကိစ္စပြီးပါတယ်။

နာမကရဏမင်္ဂလာနဲ့ တွဲဖက်ပြုလုပ်တဲ့ အခါမှာတော့ ခုနကပြောခဲ့တဲ့ ကိစ္စတွေအပြင် ကလေးကို အမည်ပေးရပါ့မယ်၊ အမည်ပေးတဲ့ အခါမှာလဲပဲ ဘုန်းကြီးက ပေးဖို့ မဟုတ်ပါဘူး၊ လူတွေက ပေးရမှာပါ၊ အခုကာလမှာတော့ ဘုန်းကြီးတွေကို အမည်ပေးခိုင်းနေတတ်ကြပါတယ်၊ ဒါဟာ မကောင်းပါဘူး၊ အမည်ပေးပြီးတော့ ကလေးကို ဘုန်းကြီးတွေရဲ့ အနီးကို ယူဆောင်လာရပါ့မယ်၊ ကလေးအတွက် သိက္ခာပုဒ် ပေးရပါ့မယ်၊ အဲဒီလို သိက္ခာပုဒ်ပေးတဲ့ အခါမှာလဲပဲ ကလေးနာမည် ပါစေရပါ့မယ်၊ ဒါတွေကို ဆက်လက်ပြုလုပ်ရပါ့မယ်။

ကလေးနာမည်ကို ထည့်သွင်းပြီး သိက္ခာပုဒ်ပေးပုံကို နည်းနည်းဆက်ပြောပါအုံးမယ်၊ ယောကျ်ားကလေးအတွက်ဖြစ်က "အဟံ ဘန္တေ (မောင်ခင်နာမကဿ ဒါရကဿ အတ္ထာယ) တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ မိန်းကလေးအတွက်ဖြစ်က အဟံ ဘန္တေ (မတင်နာမိကာယ ဒါရိကာယ အတ္ထာယ) တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ"၊ ဒီလို အနည်းငယ်ဖြည့်စွက် ပေးရုံမျှသာဖြစ်ပါတယ်။

ဒီလို နာမကရဏမင်္ဂလာကို ပြုလုပ်ပြီးတဲ့ နောက်ပိုင်းမှာလဲ ကလေးအတွက်–

"အာဟာရပရိဘောဂမင်္ဂလာ= ထမင်းခွံ့မင်္ဂလာ၊
ကဏ္ဏဝိဒ္ဓနမင်္ဂလာ= နားထွင်းမင်္ဂလာ၊
ဒုဿဂဟနမင်္ဂလာ= ပုဆိုးဝတ်မင်္ဂလာ၊
စူဠာကပွနမင်္ဂလာ=ဆံထုံးထုံးမင်္ဂလာ၊ (ဦးစွန်းဖုတ် ပြုပြင်တဲ့မင်္ဂလာ။)"

http://www.dhammadownload.com

ဆိုတာတွေကိုလဲ လုပ်ပေးကြပါသေးတယ်၊ အဲဒီမင်္ဂလာတွေကို လုပ်တဲ့အချိန်မှာ လဲပဲ ရှင်သာရိပုတ္တရာဦးဆောင်တဲ့ ရဟန်းတော် ၅-ရာတို့အား အင်မတန် ချီးမွမ်းကောင်းမွန်တဲ့ နို့ဆွမ်းကိုပဲ ပေးလှူဆက်ကပ်ကြပါတယ်။

ဒီလိုနဲ့ပဲ ကလေးဟာ တဖြည်းဖြည်း ကြီးလာခဲ့ပါတယ်၊ ၇-နှစ်အရွယ်ရှိလာတဲ့အချိန်မှာ သူ့အမေကို တောင်းပန်ပြောဆိုပါတယ်။

"အမေရယ် ! ရှင်သာရိပုတ္တရာဆီမှာ ကျွန်တော် ရှင်ပြုလိုပါတယ်"။

"သားရယ် ! ကောင်းတာပေါ့၊ အမေက 'သားရဲ့ အလိုဆန္ဒကို ငါ မဖျက်ဘူး' လို့ ရှေးတုန်းကပင် ကြိစည်စိတ်ကူးထားခဲ့ပါတယ်၊ အဓိဋ္ဌာန်ထားခဲ့ပါတယ်၊ ငါ့သား ရှင်ပြုလိုရင် ပြုတာပေါ့"။

ဒီလို အမေက သားကို ခွင့်ပြုလိုက်ပါတယ်၊ အဲဒီအချိန်မှာပဲ ရှင်သာရိပုတ္တရာကို အပင့်ခိုင်းလိုက်ပါတယ်၊ ရှင်သာရိပုတ္တရာ အိမ်ကို ကြွလာတဲ့အခါမှာ ဆွမ်းလဲဆက်ကပ်လှူဒါန်းပါတယ်။

"အရှင်ဘုရား ! အရှင်ဘုရားတို့ရဲ့ တပည့်ကလေးဟာ 'ရှင်ပြုမယ်'လို့ ပြောနေပါတယ်၊ ဒီကလေးကို ခေါ်ပြီး တပည့်တော်တို့က ညနေချိန်မှာ ကျောင်းကို လာခဲ့ပါ့မယ်"။

ဒီလိုလဲ လျှောက်ထားပါတယ်၊ ကိစ္စပြီးတဲ့ အခါ ရှင်သာရိပုတ္တရာကလဲ ကျောင်းကို ပြန်ကြွသွားပါတယ်။

ညနေအချိန်ရောက်လာတော့ များမြတ်တဲ့ ပူဇော်မြတ်နိုးမှုတွေနဲ့ သားကလေးကို ခေါ်ပြီး ကျောင်းကို သွားကြပါတယ်၊ ရှင်သာရိပုတ္တရာထေရ်အား သားကလေးကို အပ်နှင်းလိုက်ပါတယ်၊ "အပ်နှင်းတယ်"ဆိုတာက အပြီးအပိုင် လှူလိုက်တာပါပဲ။

ရှင်သာရိပုတ္တရာမထေရ်က သာမဏေလောင်း တိဿကလေးနဲ့ ပြောဆိုနေပါတယ်၊ တိဿရဲ့ အရည်အသွေးကို တီးခေါက်ကြည့်ရှုပါတယ်။

"တိဿ ! ရှင်ရဟန်းဘဝဟာ မလွယ်ကူလှဘူး၊ အပူကို လိုချင်ရင် အအေးကို ရတတ်တယ်၊ အအေးကို လိုချင်ရင် အပူကိုရတတ်တယ်၊ ရှင်ရဟန်းတွေဆိုတာဟာ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း အသက်မွေးကြရတယ်၊ ငါ့တပည့်ကလဲပဲ ချမ်းချမ်းသာသာ ကြီးပွားလာရသူ ဖြစ်နေတယ်"။

"အရှင်ဘုရား ! တပည့်တော်ဟာ အရှင်ဘုရားတို့ မိနှံ့ကြားသမျှ နည်းလမ်းညွှန်ပြ ဥပဒေသနဲ့ပဲ အကုန်လုံးကို လိုက်နာလုပ်ကိုင်နိုင်ပါလိမ့်မယ်"။

http://www.dhammadownload.com

တိသရဲ့ စကားကို ကြားရတဲ့အခါ အရှင်သာရိပုတ္တရာမထေရ်မြတ်က သာဓု ခေါ်တော်မူပါတယ်၊ စက်ဆုပ်ရွံရှာဖွယ်ကို နှလုံးသွင်းတဲ့အနေနဲ့ တစပဉ္စကကမ္မဋ္ဌာန်း ("ဆံပင်, မွေးညင်း, ခြေသည်းလက်သည်း, သွား, အရေ" ဆိုတဲ့ အရေပါ ၅-ခုအပါင်း အစုဖြစ်တဲ့ ကမ္မဋ္ဌာန်း)ကို ပြောပြပြီး တိသကို ရှင်ပြုပေးလိုက်ပါတယ်။

ဒီလိုပြောပြရခြင်းရဲ့ အကျိုးကို နည်းနည်း ပြောပါအုံးမယ်၊ တတ်နိုင်ရင် ဒွတ္တိ သာကာရ အကုန်လုံးကိုလဲ ပြောပြသင့်တာပါပဲတဲ့၊ အကုန်လုံးကို မပြောနိုင်တဲ့ ပုဂ္ဂိုလ်ကတော့ တစပဉ္စကကမ္မဋ္ဌာန်းကို မပြောမနေရ၊ ဧကန် ပြောရမယ်တဲ့၊ ဘာ့ကြောင့်လဲဆိုတော့ ဒီကမ္မဋ္ဌာန်းဟာ ဘုရားရှင်အကုန်လုံးတို့က မစွန့်နိုင်တဲ့ (လက်လွှတ်မခံနိုင်တဲ့) ကမ္မဋ္ဌာန်းပါတဲ့၊ ဆံအစရှိတဲ့ တစ်ခုတစ်ခုသော အဖို့အစုကို ပွားများပြီး အရဟတ္တဖိုလ်ကို ဆိုက်ရောက်သွားကြတဲ့ (ရဟန္တာဖြစ်သွားကြတဲ့) ရဟန်းတွေ, ရဟန်းမတွေ, ဥပါသကာတွေ, ဥပါသိကာမတွေဟာ ရေတွက်ပိုင်းခြား လို့တောင်မှပဲ မရနိုင်ပါဘူးတဲ့။

ဒါတွေကို နားမလည်တဲ့ ရဟန်းတွေကတော့ ရှင်ပြုပေးတဲ့အခါမှာ အရဟတ္တ ဖိုလ်ရဲ့အကြောင်း (ဥပနိဿယ)ကို ဖျက်ဆီးပစ်တတ်ကြပါတယ်တဲ့၊ ဒါဟာ ၃၂-ကောဋ္ဌာသကို လုံးဝမပြောပြဘဲနဲ့ ရှင်ပြုပေးတဲ့ ရဟန်းတွေကို အပြစ်တင်တဲ့ စကားဖြစ်ပါတယ်၊ ဒါ့ကြောင့် ရှင်သာရိပုတ္တရာမထေရ်က ကမ္မဋ္ဌာန်းကိုပြောကြားပြီး တိသကို ရှင်ပြုပေးတော်မူပါတယ်၊ ၁၀-ပါးသီလမှာ တည်စေတော်မူပါတယ်၊ ဒါကိုတော့ "ပဗ္ဗဇ္ဇမင်္ဂလာ= ရှင်ပြုမင်္ဂလာ"လို့ ခေါ်ရမှာပေါ့။

အမေအဖေတွေက သားရှင်ပြုတာကို ပူဇော်တဲ့အနေနဲ့ ကျောင်းမှာပဲ ၇-ရက် လုံးလုံး ဘုရားအမှူးရှိတဲ့ သံဃာတော်အား အင်မတန် ချိုဆိမ့်ကောင်းမွန်တဲ့ နို့ဆွမ်း ကိုချည်း ပေးလှူနေကြပါတယ်၊ "အမြိတန်း ဒီလိုချိုဆိမ့်ကောင်းမွန်တဲ့ နို့ဆွမ်းကိုချည်း မဘဉ်းပေးနိုင်တော့ပါဘူး" လို့ ရဟန်းတော်တွေ ညည်းညူယူရတဲ့ အဖြစ်မျိုးကို ရောက်ပါရောတဲ့။

တိသသာမဏေရဲ့ အမေအဖေတွေက ၇-ရက်ပြည့်တဲ့နေ့ ညနေချမ်းအချိန်မှာ အိမ်ကို ပြန်သွားကြပါတော့တယ်၊ သာမဏေက ၈-ရက်မြောက်နေ့မှာ ရဟန်းတွေနဲ့ အတူ ဆွမ်းခံဝင်လာပါတယ်။

သာဝတ္ထိ မြို့သူမြို့သားတွေက "ဒီနေ့ တိသသာမဏေ ဆွမ်းခံဝင်လာမတဲ့၊ သူ့အား ပူဇော်မှုကို ပြုကြရပေလိမ့်မယ်"လို့ ပြောဆိုတိုင်ပင်ပြီး အဝတ် ၅-ရာကို ခေါင်းခု(အိုးအောက်ခံ) လုပ်ကြပါတယ်၊ ဆွမ်းအိုး ၅-ရာကိုလဲ စိမ်ထားကြပါတယ်၊

http://www.dhammadownload.com

ဒါတွေအကုန်လုံးကို လမ်းက ဆီးကြိုလောင်းလှူကြပါတယ်၊ နောက်တစ်နေ့မှာတော့ ကျောင်းအနား တောတန်းအထိ လာရောက်လှူဒါန်းကြပါတယ်။

အဲဒီလို တိဿသာမဏေဟာ ၂-ရက်အတွင်းမှာပဲ အဝတ်တစ်ထောင်နဲ့အတူ ဆွမ်းအိုးတစ်ထောင်ကိုရပြီး ရဟန်းသံဃာအား အလှူခိုင်းပါတယ်၊ ဒါဟာ မဟာသေနပုဏ္ဏား ဖြစ်တဲ့အခါက ရှင်သာရိပုတ္တရာထေရ်အား အဝတ်ကြမ်းပိုင်း တစ်ပိုင်းနဲ့ နို့ဆွမ်း တစ်ခွက်ကို လှူဒါန်းရခြင်းရဲ့ အကျိုးပါပဲတဲ့၊ အဲဒီအချိန်မှာ ရဟန်းတော်တွေက သာမဏေကလေးအား "(ပိဏ္ဍာပါတဒါယကတိဿ)ဆွမ်း အလှူရှင်တိဿ"ဆိုတဲ့ ဘွဲ့ထူးကို ပေးထားကြပါတယ်။

နောက်တစ်နေ့ အေးတဲ့အချိန်မှာ တိဿသာမဏေကလေးဟာ ကျောင်းတိုက်အတွင်း လှည့်ပတ်သွားလာနေပါတယ်၊ ဟိုအနား ဒီအနားမှာ မီးလှုံနေကြတဲ့ ရဟန်းတော်များကို တွေ့ရတော့ မေးမြန်းလျှောက်ထားပါတယ်၊-

"အရှင်ဘုရားတို့ ! ဘာ့ကြောင့် မီးလှုံနေကြရပါသလဲ ?"။

"အအေးဒဏ်ကို မခံနိုင်လို့ပါ ကိုရင်ရယ် !"။

"အရှင်ဘုရားတို့ ! အေးတဲ့အချိန်မှာ ကမ္မလာကို ခြိုသင့်တယ် မဟုတ်ပါလား ?၊ ကမ္မလာဟာ အအေးဒဏ်ကို ကာကွယ်နိုင်ပါတယ်"။

"ကိုရင်ရေ ! ကိုရင်ကတော့ ဘုန်းကံရှိတဲ့သူဆိုတော့ ကမ္မလာကို ရနိုင်မှာပါပဲ၊ တပည့်တော်တို့မှာ ဘယ်ကလာ ကမ္မလာရနိုင်မလဲ ?"။

"ဒါဖြင့်ဘုရား ကမ္မလာအလိုရှိနေတဲ့ ရဟန်းတွေ တပည့်တော်နဲ့သာ အတူလိုက်ခဲ့ကြပါတော့"။

ဒီလို တစ်ကျောင်းတိုက်လုံးကို လိုက်ပြီးအပြောခိုင်းပါတယ်၊ ဒီတော့ ရဟန်းတွေက "ကမ္မလာယူရအောင်"လို့ ကိုရင်နဲ့အတူ လိုက်သွားကြပါတယ်၊ ၇-နှစ် အရွယ် သာမဏေကလေးကို အမှီပြုပြီး ရဟန်းတစ်ထောင်လောက် ထွက်လာကြပါတယ်။

သာမဏေကလဲပဲ "ဒီလောက်များတဲ့ ရဟန်းတွေအတွက် ကမ္မလာ ဘယ်ကရလိမ့်မလဲ"ဆိုတာ စိတ်ကူးထဲမှာတောင်မှ မထည့်ပါဘူးတဲ့၊ အဲဒီ ရဟန်းအကုန်လုံးကို ခေါ်ပြီး မြို့ဘက်ကို ထွက်သွားပါတယ်။

အကြောင်းအကျိုး ဆက်စပ်သွားအောင် နည်းနည်းကြိုတင် ပြောထားရအုံးမယ်၊ ကောင်းစွာလှူဒါန်းခဲ့တဲ့ ဒါနရဲ့ စွမ်းအင်သတ္တိဟာ ဒီလိုပဲ ဖြစ်လာတတ်တယ်တဲ့၊ ဒီတော့ "ဘယ်လို ဖြစ်လာတယ်"ဆိုတာ စောင့်ပြီးသာ နားထောင်ကြပါတော့။

http://www.dhammadownload.com

ကိုရင်ကလေးဟာ မြို့အပြင်မှာပဲ အိမ်စဉ်အတိုင်း လှည့်ပတ်သွားလာတော့ ကမ္ဘာလာ ၅-ရာ ရလာပါတယ်၊ ပြီးမှ မြို့တွင်းကို ဝင်သွားပါတယ်၊ လူတွေက ဟိုက ဒီက ကမ္ဘာလာတွေကို ဆောင်ယူလှူဒါန်းကြပါတယ်။

အဲဒီအချိန်မှာ လူတစ်ယောက်ဟာ ဈေးတံခါးနားက ဖြတ်သွားနေပါတယ်၊ ကမ္ဘာလာ ၅-ရာကို ဖြန့်ခင်းပြီးနေတဲ့ ဈေးသည်တစ်ယောက်ကို တွေ့ရတော့ သတိပေးပြောဆိုပါတယ်။

"မိတ်ဆွေ ! ကိုရင်လေးတစ်ပါးဟာ ကမ္ဘာလာတွေကို စုဆောင်းပြီးလာနေပါတယ်၊ ခင်ဗျားရဲ့ ကမ္ဘာလာတွေကို ဝှက်ထားစမ်းပါအုံး"။

"အဲဒီ ကိုရင်ကလေးဟာ ပေးလှူတဲ့ကမ္ဘာလာကို ယူတာလား၊ သို့မဟုတ် မပေးလှူတဲ့ ကမ္ဘာလာတွေကို ယူတာလား ?"။

"ပေးလှူတဲ့ ကမ္ဘာလာတွေကို ယူတာပါပဲ"။

"ဒီလိုဆိုရင် ဘာပူစရာရှိမလဲ ?၊ ကျုပ်လှူချင်ရင် လှူမယ်၊ မလှူချင်ရင် မလှူဘူးပေါ့၊ ခင်ဗျားသွားမဲ့ဟာသာ သွားစမ်းပါ"။

သတိထားစရာက ဝန်တိုနှမြောတတ်တဲ့ လူမိုက်တွေဟာ အခြားလူတွေက ဒီလို အလှူဒါနကို ပေးလှူနေကြတဲ့ အခါမျိုးမှာ သူများပေးလှူတဲ့ အလှူဒါနမှာ မနာလို ဝန်တိုနှမြောမှုကို ပြုတဲ့အတွက် ငရဲကို ရောက်တတ်ပါတယ်၊ ကောသလမင်းရဲ့ အသဒိသဒါနကို တွေ့ရတဲ့ အခါမှာ ဝန်တိုနှမြောမှုကို ပြုတဲ့ ကာဠအမတ်လိုပေါ့။[၁]

"ဒီလူဟာ သူ့ဘာသာသူ လာပြီး 'ခင်ဗျားကမ္ဘာလာတွေကို ဝှက်ထားစမ်းပါ'လို့ ငါ့ကို ပြောဆိုသွားတယ်၊ ကိုရင်ကလေးက ပေးတာကိုမှ ယူတာမှန်တယ်၊ ငါကလဲ 'ကိုယ့်ပစ္စည်းကို လှူချင်လှူမယ်၊ မလှူချင် မလှူဘူးပေါ့'လို့ ပြောလိုက်တာ မှန်တယ်၊ ဒါပေမဲ့ မြင်နေရတဲ့ပစ္စည်းကို မလှူတဲ့သူမှာ ရှက်စရာဖြစ်နေပါတယ်၊ ကိုယ့်ပစ္စည်းကို ဝှက်ထားတဲ့အတွက် အပြစ်မရှိနိုင်ပါဘူး၊ ဒီကမ္ဘာလာတွေထဲက ကမ္ဘာလာ ၂-ထည်ဟာ တစ်သိန်းတန်တယ်၊ ဒီ ၂-ထည်ကိုတော့ ဝှက်ထားအုံးမှပဲ"။

ဈေးသည်က ဒီလို စဉ်းစားနေပါတယ်၊ အခြားကမ္ဘာလာ ၂-ထည်ကို အမြတ်ချင်းဆက်ချည်ပါတယ်၊ အဲဒီအကြားမှာ ထည့်သွင်းပြီး တစ်သိန်းတန် ကမ္ဘာလာ ၂-ထည်ကို ဝှက်ထားလိုက်ပါတယ်။

သာမဏေကလဲ ရဟန်းတစ်ထောင်နဲ့အတူ အဲဒီနေရာကို ရောက်လာပါတယ်၊

၁။ ခု-၁-ပါ၊ ၄၀။

http://www.dhammadownload.com

သာမဏေကို တွေ့ရတယ်ဆိုရင်ပဲ ဈေးသည်မှာ သားလိုခင်မင်စိတ် ဖြစ်လာပါတယ်၊ တစ်ကိုယ်လုံးဟာ ခင်မင်မှုရဲ့ လွှမ်းခြုံမှုကို ခံနေရပါတော့တယ်။

ဈေးသည်က "ကမ္မလာတွေကို မဆိုထားနဲ့ ဒီကိုရင်ကလေးကို တွေ့ရတော့ နှလုံးသားကိုတောင် လှူသင့်တယ်"လို့ စဉ်းစားဆင်ခြင်နေပါတယ်၊ ဝှက်ထားတဲ့ ကမ္မလာ ၂-ထည်ကိုပါ ထုတ်ယူလိုက်ပါတယ်၊ သာမဏေရဲ့ ခြေရင်းမှာ အကုန်လုံးကို ချထားလိုက်ပါတယ်၊ ရိုသေစွာရှိခိုးပြီး "အရှင်ဘုရား သိမြင်ထားတဲ့ တရားရဲ့ ဝေစုရသူ ဖြစ်လိုပါတယ်ဘုရား"လို့ ဆုတောင်းလှူဒါန်းလိုက်ပါတယ်၊ သာမဏေကလဲ "တောင်းတဲ့အတိုင်း ဖြစ်ပါစေ"လို့ ဈေးသည်အတွက် အနုမောဒနာ ပြုတော်မူပါတယ်။

သာမဏေဟာ မြို့တွင်းမှာလဲ ကမ္မလာ ၅-ရာ ရပြန်ပါတယ်၊ အဲဒီလို တစ်နေ့တည်းမှာပဲ ကမ္မလာတစ်ထောင်ကိုရပြီး ရဟန်းတစ်ထောင်အား ပေးလှူပါတယ်၊ ဒီတော့ သူ့ကို "(ကမ္မလဒါယကတိဿ)ကမ္မလာအလှူရှင်တိဿ"ဆိုတဲ့ ဘွဲ့ကို ပေးထားကြပြန်တယ်၊ စုစုခဲခဲရတာကို ရည်ရွယ်ပြီး "တစ်ထောင်"လို့ ဆိုထားပါတယ်၊ ဟိုကဒီက ရတာနဲ့ဆိုရင် တစ်ထောင်မကပါဘူး။

ဒီလိုပဲ အမည်မှည့်တဲ့နေ့ (နာမကရဏမင်္ဂလာနေ့)မှာ ရှင်သာရိပုတ္တရာအား ပေးလှူခဲ့တဲ့ ကမ္မလာဟာ ၇-နှစ်အရွယ် ရှိလာတဲ့အခါ ကမ္မလာတစ်ထောင် ဖြစ်လာပါတယ်၊ ဒါဟာ မယုံကြည်စရာတော့ မဟုတ်ပါဘူး၊ နည်းနည်းလှူလို့ရှိရင် များတဲ့အကျိုးကို ရစေနိုင်တယ်၊ များများလှူလို့ရှိရင် ပိုပြီးများတဲ့ အကျိုးကို ရစေနိုင်တဲ့ ဌာနမျိုးဟာ ဘုရားသာသနာမှတစ်ပါး အခြားဌာန မဟုတ်ပါဘူး၊ ဒါ့ကြောင့် ဘုရားရှင်က-

> "ဘိက္ခုတို့ သံဃာတော်အား နည်းနည်းလှူရင် များတဲ့အကျိုးကို ရနိုင်တယ်၊ များများလှူရင် ပိုပြီးများတဲ့ အကျိုးကို ရနိုင်တယ်၊ သံဃာတော်ဟာ ဒီလိုသဘောရှိပါတယ်" [၁]-

လို့ဟောထားပါတယ်၊ ဒီလိုပဲ သာမဏေဟာ ကမ္မလာတစ်ထည်ရဲ့ အကျိုးဆက်ကြောင့် ၇-နှစ်အရွယ်မှာပဲ ကမ္မလာတစ်ထောင်ကို ရပါတယ်၊ ဒါနရဲ့ အကျိုးဟာ တယ်ပြီး အံ့သြစရာ ကောင်းတာပဲနော်။

ဆွေမျိုးဒကာတွေက ဇေတဝန်ကျောင်းမှာနေတဲ့ ကိုရင့်ဆီကို ခဏခဏ လာပြီးတော့ စကားပြောဆိုမှုကို ပြုတတ်ကြပါတယ်၊ ဒါနဲ့ သာမဏေက-

> "ငါဟာ ဒီမှာနေလို့ရှိရင် ဆွေမျိုးဒကာတွေက လာလာပြီးစကားပြောတဲ့

၁။ ဥပရိပဏ္ဏာ-ပါ၊ ၁၂၃။

http://www.dhammadownload.com

အခါမှာ မပြောဘဲနေလို့ မဖြစ်ဘူး၊ သူတို့နဲ့ စကားပြောအချိန်ဖြုန်းနေရတာနဲ့ ကိုယ့်အတွက် ထောက်တည်ရာကို မလုပ်နိုင်ဘူး၊ ငါဟာ ဘုရားရှင်ဆီက ကမ္မဋ္ဌာန်းယူပြီး တောဝင်ရရင် ကောင်းမှာပဲ"။

ဒီလို ကြံစည်စဉ်းစားနေပါတယ်၊ ဘုရားရှင်ကို ဆည်းကပ်ရှိခိုးပြီး အရဟတ္တဖိုလ် တိုင်အောင် ကမ္မဋ္ဌာန်းကို နာယူပါတယ်၊ ဥပဇ္ဈာယ်ဆရာဖြစ်တဲ့ ရှင်သာရိပုတ္တရာကို ရှိခိုးခွင့်ပန်ပါတယ်၊ ဆရာ့ဆီက ခွင့်ရတယ်ဆိုရင်ပဲ သပိတ်သင်္ကန်းကို ယူပြီး ဇေတဝန် ကျောင်းတိုက်က ထွက်ကြွလာခဲ့ပါတယ်၊ "တကယ်လို့သာ နီးတဲ့အရပ်မှာ နေခဲ့ပါရင် ဆွေမျိုးတွေက ငါ့ကို ပြန်ပင့်ကြလိမ့်မယ်"လို့ ကြံစည်စဉ်းစားပြီး ယူဇနာ -၁၂၀ ဝေးတဲ့ခရီးကို ကြွသွားပါတော့တယ်၊ ရွာတံခါးတစ်ခု အနီးကို ရောက်တဲ့အခါမှာ ဥပါသကာ ဒကာကြီးတစ်ယောက်ကို တွေ့တာနဲ့ မေးမြန်းစုံးစမ်းပါတယ်။

"ဒကာကြီး ! ဒီအရပ်မှာနေကြတဲ့ လူတွေရဲ့ တောရကျောင်းများ ရှိရဲ့လား ?"။

"ရှိတာပေါ့ဘုရား"။

"ဒါဖြင့် ကိုယ်ရင့်ကို လမ်းညွှန်စမ်းပါ"။

တိဿသာမဏေလေးကို တွေ့ရတယ်ဆိုရင်ပဲ ဥပါသကာ ဒကာကြီးမှာ ကိုယ့်သား အရင်းကိုလိုပဲ ချစ်ခင်ကြည်ညိုတဲ့စိတ်တွေ ဖြစ်ပေါ်လာပါတယ်၊ ဒါနဲ့ ကိုရင် ကလေးအား အဲဒီနေရာကရပ်ပြီး ညွှန်ပြမှု မပြုတော့ဘဲ "အရှင်ဘုရား ! ကြွသာ ကြွပါ၊ အရှင်ဘုရားအား ညွှန်ပြပါ့မယ်"လို့ ဆိုပြီး ပင့်သွားပါတယ်။

တောရကျောင်းကို ရောက်တဲ့အခါ "အရှင်ဘုရား ! ဒါဟာ ဆိတ်ငြိမ်အေး ချမ်းတဲ့ အရပ်ပါပဲ၊ ဒီမှာပဲ သီတင်းသုံးပါတော့"လို့လဲ လျှောက်ထားပါတယ်၊ "အရှင်ဘုရားရဲ့ ဘွဲ့တော်ကို အမိန့်ရှိပါအုံးဘုရား"လို့လဲ အမည်ကို မေးပါတယ်။

"ကိုရင်ဟာ ဝနဝါသီတိဿ မည်ပါတယ် ဒကာကြီး"။

ကိုရင့်စကားကို ကြားရတော့ ဥပါသကာ ဒကာကြီးက "နက်ဖြန် တပည့်တော်တို့ ရွာမှာပဲ ဆွမ်းခံသင့်ပါတယ်ဘုရား"လို့ လျှောက်ထားပြီး ရွာကိုပြန်လာ ခဲ့ပါတယ်၊ "ဝနဝါသီတိဿဆိုတဲ့ ကိုရင်တစ်ပါး ကျောင်းကို ရောက်နေတယ်၊ သူ့အတွက် ယာဂု, ဆွမ်းစသည်တို့ကို စီမံထားကြ"လို့ လူတွေကို ပြောကြားထားပါတယ်။

သာမဏေကလေးဟာ ၇-နှစ်အတွင်းမှာပဲ "တိဿ, ပိဏ္ဍပါတဒါယက တိဿ, ကမ္မလဒါယကတိဿ, ဝနဝါသီတိဿ" ဆိုတဲ့ အမည် ၄-မျိုးကို ရပါတယ်။

http://www.dhammadownload.com

သာမဏေဟာ နောက်တစ်နေ့မှာ ခပ်စောစောပဲ ရွာထဲကို ဆွမ်းခံဝင်လာပါတယ်၊ လူတွေက ဆွမ်းလောင်းပြီး ရှိခိုးကြပါတယ်၊ သာမဏေက "ချမ်းသာကြပါစေ၊ ဆင်းရဲလွတ်ကင်းကြပါစေ"လို့ မိန့်ဆိုပါတယ်၊ သူ့ကို ဆွမ်းလောင်းပြီးတဲ့နောက် လူတစ်ဦးတစ်ယောက်မျှ အိမ်ကို မပြန်နိုင်ကြပါဘူး၊ အကုန်လုံးရပ်ပြီး ကြည့်နေကြပါတယ်၊ကိုရင်ကလဲ မျှတရုံလောက်သာ ခံယူပါတယ်။

ရွာသူရွာသား အကုန်လုံးက ကိုရင့်ခြေရင်းမှာ ပြားပြားဝပ်ပြီး "အရှင်ဘုရား တို့က ဝါတွင်း ၃-လပတ်လုံး ဒီမှာ သီတင်းသုံး နေထိုင်ခဲ့ပါရင် တပည့်တော်တို့က သရဏဂုံလဲ ယူပါ့မယ်၊ ၅-ပါးသီလကိုလဲ စောင့်ထိန်းပါ့မယ်၊ တစ်လမှာ ၈-ရက် ဥပုသ် စောင့်သုံးမှုကိုလဲ ပြုကြရပါလိမ့်မယ်၊ ဒီမှာ သီတင်းသုံးဖို့ရန် တပည့်တော်တို့အား ပဋိညာဉ်ပေးတော်မူပါဘုရား"လို့ လျှောက်ထားကြပါတယ်၊ ဒါဟာ ကျောင်းထိုင်ဘုန်းကြီး ပင့်နည်းပါပဲ။

သာမဏေကလဲ ကျေးဇူးများမှာ မြင်တာနဲ့ သူတို့အား ပဋိညာဉ်ပေးလိုက်ပါတယ်၊ အမြဲတမ်း အဲဒီရွာမှာပဲ ဆွမ်းခံနေပါတယ်၊ ရှိခိုးတိုင်း ရှိခိုးတိုင်းလဲပဲ "ချမ်းသာကြပါစေ၊ ဆင်းရဲလွတ်ကင်းကြပါစေ"ဆိုတဲ့ ၂-ပုဒ်ကိုသာ ပြောဆိုကြသွားပါတယ်၊ ကိုရင်ကလေးဟာ အဲဒီတောရကျောင်းမှာပဲ ပထမလ, ဒုတိယလတွေကို လွန်လာပြီး တတိယလ ရောက်လာတဲ့အခါ ပဋိသန္ဓိဒါ ၄-ပါးနဲ့တကွ အရဟတ္တဖိုလ်ကို ဆိုက်ရောက်သွားပါတယ်၊"ရဟန္တာဖြစ်သွားပြီ"လို့ ဆိုလိုပါတယ်။

ပဝါရဏာပြုပြီးလို့ သီတင်းဝါလကျွတ်တဲ့အခါမှာ ဝနဝါသီတိသသာမ ဏေရဲ့ ဥပဇ္ဈာယ်ဆရာ ရှင်သာရိပုတ္တရာဦးဆောင်တဲ့ မဟာသာဝက ၈၀-ကျိပ်က ဘုရားရှင်ထံမှာ ခွင့်ပန်ပြီး ဝနဝါသီတိသသာမဏေဆီကို ယွက်ကြွလာကြပါတယ်၊ တစ်ပါး တစ်ပါးမှာ နောက်လိုက်နောက်ပါ ပရိသတ် ၅-ရာ, ၅-ရာစီ ပါလာပါတယ်၊ ဒါနဲ့ မဟာသာဝကအကုန်းလုံးရဲ့ ခြေရုံးပရိသတ်ဟာ ရဟန်း ၄-သောင်း ဖြစ်နေပါတယ်။

အဲဒီ ရဟန်းတော်များဟာ ယူဇနာ ၁၂၀-ခရီး ပေါက်ရောက်လာတဲ့အခါ သာမဏေရဲ့ ဆွမ်းခံရွာကို ရောက်လာကြပါတယ်၊ သာမဏေကို အမြဲလုပ်ကျွေးနေတဲ့ ဥပါသကာတစ်ယောက်က ရွာတံခါးအနီး ရောက်လာတဲ့ ရဟန်းတော်တွေကို တွေ့ရတော့ ခရီးဦးကြိုဆိုပြီး ရှိခိုးပါတယ်၊ ဒီတော့ ရှင်သာရိပုတ္တရာမထေရ်က အဲဒီဒကာကိုပဲ မေးမြန်းစုံစမ်းတော်မူပါတယ်။

"ဒကာ ! ဒီအရပ်မှာ တောကျောင်းများ ရှိသလား ?"။

"ရှိပါတယ်ဘုရား"။

http://www.dhammadownload.com

"ရဟန်းရှိတဲ့ကျောင်းလား၊ ရဟန်းမရှိတဲ့ ကျောင်းလား ?"။
"ရဟန်းရှိတဲ့ ကျောင်းပါဘုရား"။

"ဘယ်ရဟန်းက အဲဒီကျောင်းမှာ နေသလဲ ?"။
"ဝနဝါသီ တိဿဆိုတဲ့ သာမဏေ နေပါတယ်ဘုရား"။
"ဒါဖြင့် တို့ကို လမ်းညွှန်ပါအုံး"။

"အရှင်ဘုရားတို့က ဘယ်သူတွေတုံး ?"။
"တို့က သာမဏေဆီကို လာတဲ့ပုဂ္ဂိုလ်တွေပါ"။

ရှင်သာရိပုတ္တရာရဲ့ စကားကို ကြားရတဲ့အခါ ဥပါသကာက သေချာစွာ ကြည့်ရှုပါတယ်၊ ရှင်သာရိပုတ္တရာကို အစထားပြီး မဟာသာဝကအကုန်လုံးကို မှတ်မိသွားပါတယ်၊ သူ့ရဲ့တစ်ကိုယ်လုံးမှာ ကွက်လပ်မရှိအောင် (နှစ်သိမ့်မှု)ပီတိတွေက စိမ့်ဝင်လာပါတော့တယ်။

ဒီတော့မှ ဥပါသကာက "ခဏလောက် သည်းခံရပ်ဆိုင်းတော်မူပါအုံးဘုရား" လို့ လျှောက်ထားပြီး ရွာထဲကို အလျင်အမြန် ဝင်သွားပါတယ်။

"အမောင်တို့ အမိတို့ ! ရှင်သာရိပုတ္တရာ အစရှိတဲ့ မဟာသာဝက ၈-ကျိပ်ဟာ မိမိတို့ရဲ့အခွေအရံ ပရိသတ်နဲ့အတူ သာမဏေဆီကို ကြွလာနေကြပါတယ်၊ ခုတင်, ကုလားထိုင်, အိပ်ရာခင်း, ဆီမီး, ဆီ-စသည်တို့ကိုယူပြီး ခပ်မြန်မြန် ထွက်လာခဲ့ကြပါ"။

ဒီလို လိုက်လံနှိုးဆော်ပါတယ်၊ လူတွေလဲ အဲဒီခဏမှာပဲ ခုတင်စသည်တို့ကို ယူပြီး မထေရ်တွေရဲ့ နောက်က လိုက်လာကြပါတယ်၊ မထေရ်တွေနဲ့ အတူတူပဲ ကျောင်းကို ဝင်ရောက်လာကြပါတယ်။

သာမဏေက ရဟန်းသံဃာတော်တွေကို တွေ့ရတော့ မထေရ် ၂-ပါး၃-ပါးရဲ့ သပိတ်သင်္ကန်းကို လှမ်းယူပြီး ဝတ်ပြုပါတယ်၊ မထေရ်များအတွက် နေရာထိုင်ခင်းကို ပြင်ဆင်နေတုန်း, သပိတ်သင်္ကန်းတွေကို နေရာချနေတုန်းမှာပဲ မှောင်မိုက်လာပါတယ်၊ မိုးချုပ်လာပါတယ်၊ ဒီတော့ သာရိပုတ္တရာထေရ်က ဒကာတွေကို ပြောဆိုပြန်လွှတ်နေပါတယ်။

"ဒကာတို့ ! ပြန်ကြတော့၊ မှောင်မိုက်လာပြီ"။

"အရှင်ဘုရား ! ဒီနေ့ဟာ တရားနာရမဲ့ နေ့ပါပဲ၊ တပည့်တော်တို့ မပြန်တော့ပါဘူး၊ တရားပဲ နာပါတော့မယ်၊ ရွေးရွေးနေ့တွေမှာ တရားစကား နာကြားရမှု မရှိခဲ့ပါဘုရား"။

http://www.dhammadownload.com

"ဒါဖြင့် ကိုရင်ရေ ! မီးထွန်းပြီး တရားနာချိန်ကို ကြေညာလိုက်တော့"။

ဒကာများရဲ့ လျှောက်ထားတောင်းဆိုချက်ကို ကြားရတဲ့အခါ ရှင်သာရိပုတ္တရာမထေရ်မြတ်က သာမဏေကို အမိန့်ရှိလိုက်ပါတယ်၊ သာမဏေကလဲ ဆရာ့အမိန့်အတိုင်း အကုန်လုံးကို လုပ်ကိုင်ဆောင်ရွက်ပါတယ်။

"ကိုရင်တိသရေ ! ကိုရင့်ဒကာတွေက တရားနာချင်တယ်လို့ ပြောဆို လျှောက်ထားကြတယ်၊ သူတို့ကို တရားချီးမြှင့်စမ်းပါအုံး"။

ကိစ္စပြီးတဲ့အခါ ရှင်သာရိပုတ္တရာမထေရ်က အမိန့်ရှိပြန်တယ်။

"အရှင်ဘုရား တပည့်တော်တို့ရဲ့ကိုရင်ကလေးဟာ 'ချမ်းသာကြပါစေ၊ ဆင်းရဲလွတ်ကင်းကြပါစေ'ဆိုတဲ့ ဒီ ၂-ပုဒ်ကိုထားပြီး အခြား ဘာတရားစကားကိုမှ နားမလည်ပါ၊ ဒီတော့ တပည့်တော်တို့အား အခြားဓမ္မကထိကတစ်ပါးကိုသာ ပေးသနားတော်မူစေလိုပါတယ်"။

ရှင်သာရိပုတ္တရာမထေရ်ရဲ့ အမိန့်ရှိသံကို ကြားရသည့်အခါ ဒကာတွေရဲ့ ပါးစပ်ဖျားက တိုင်ပင်ညှိနှိုင်းထားသလို တစ်သံတည်း ထွက်လာပါတယ်၊ သာမဏေကတော့ ရဟန္တာဖြစ်ပြီးတဲ့ နောက်ပိုင်းမှာလဲပဲ ဒကာတွေအား တရားမဟောခဲ့ပါဘူး၊ ဒီတော့ သူတို့တစ်တွေက သာမဏေရဲ့ အစွမ်းအစကို ဘယ်လိုလုပ် နားလည်နိုင်တော့မလဲ၊ သူတို့ကိုလဲ အဆိုးမဆိုသာဘူးပေါ့။

ဒကာတွေက ဘယ်လိုပင်လျှောက်ထားပေမဲ့ ရှင်သာရိပုတ္တရာမထေရ်က အခြားဓမ္မကထိကကို ပေးတော်မမူပါ၊ ကိုရင်ကိုပဲ ထပ်ပြီးခိုင်းတော်မူပါတယ်။

"ကိုရင်ရေ ! ဘယ်လိုချမ်းသာတယ်၊ ဘယ်လို ဆင်းရဲလွတ်ကင်းတယ် ဆိုတဲ့ ဒီ ၂-ပုဒ်ရဲ့ အနက်အဓိပ္ပာယ်ကို ကိုရင်ကိုယ်တိုင် ငါတို့ တစ်တွေအား ရှင်းလင်းဟောပြောရမယ်"။

ဆရာရဲ့အမိန့်ကို ကြားရတဲ့အခါ သာမဏေက "မှန်လှပါ၊ ဟောပြောပါ့မယ်" လို့လဲ ဝန်ခံပါတယ်၊ ဆန်းကြယ်တဲ့ ယပ်တစ်ချောင်းကိုလဲ ကိုင်ဆောင်ပါတယ်၊ တရားဟောပလ္လင်ပေါ်ကိုလဲ တက်ရောက်ထိုင်နေလိုက်ပါတယ်၊ ပြီးတော့မှ ဘုရားဟောပါဠိတော် နိကာယ် ၅-ရပ်မှာလာတဲ့ အနက်အဓိပ္ပာယ်တွေ, အကျိုးတွေ, အကြောင်းတွေကို ထုတ်နှုတ်ပြီး သည်းထန်စွာ ၄-ကျန်းနဲ့အောင်ရွာတဲ့ မိုးကြိုးလို ခန္ဓာ, အာယတန, ဓာတ်, ဗောဓိပက္ခိယတရားတွေကို တစ်ခုပြီးတစ်ခု ခွဲစိတ်ဝေဖန်ပြရင်း အရဟတ္တဖိုလ်ကို အထွတ်တင်ပြီး တရားဟောနေပါတော့တယ်။

http://www.dhammadownload.com

"အရှင်ဘုရား ! ဒီလို အရဟတ္တဖိုလ်ကို ရောက်တဲ့သူဟာ ချမ်းသာပါတယ်၊ အရဟတ္တဖိုလ်ကို ရောက်တဲ့သူဟာ ဆင်းရဲလွတ်ကင်းပါတယ်၊ ကျန်တဲ့ လူတွေဟာ ပဋိသန္ဓေနေရခြင်းစတဲ့ ဆင်းရဲတွေကလဲ မလွတ်ကင်းကြပါဘူး၊ ငရဲမှာ ခံစားရတဲ့ ဆင်းရဲစသည်တို့ကလဲ မလွတ်ကင်းကြပါဘူး" ။

ပြီးခါနီးမှာ ဒီလို နိဂုံးအုပ်ပြီး တရားကို အဆုံးသတ်လိုက်ပါတယ်။

"ကိုရင်ရေ ! ကောင်းပါပေ့၊ ကောင်းပါပေ့၊ ကိုရင်ဟာ ဉာဏ်မှာထင်လာတဲ့ တရားကို ကောင်းစွာ ဟောကြားပါပေတယ်၊ အခု ဘုရားဟော သုတ္တန်ပါဠိတော် တစ်ခုလောက် အသံနေ အသံထားနဲ့ (ဌာန်ကရိဏ်း ကျအောင်) ရွတ်ပြစမ်း ပါအုံး" ။

တရားအဆုံးမှာ ရှင်သာရိပုတ္တရာက ဒီလို အမိန့်ရှိပြန်တယ်၊ ကိုရင်က ဆရာအမိန့်ရှိတဲ့ အတိုင်း သုတ္တန်တစ်ခုကို အသံနေအသံထားနဲ့ (ဌာန်ကရိဏ်းကျအောင်)လဲ ရွတ်ဆိုပြ ပါတယ်၊ အရဏ်တက်ချိန်မှာ သာမဏေရဲ့ အလုပ်အကျွေး ဒကာတွေဟာ ၂-အုပ်စု ကွဲသွားကြပါတော့တယ်။

"တို့ဟာ ရှေးက ဒီလိုရက်စက်တဲ့ ပုဂ္ဂိုလ်မျိုးကို မတွေ့ဖူးပါဘူး၊ ဒီလို တရားကို သိနားလည်ရဲ့သားနဲ့ ဒီမျှလောက်ကာလပတ်လုံး အမေအဖေအရာမှာ ထားပြီး လုပ်ကျွေးနေကြတဲ့ ပုဂ္ဂိုလ်တွေကို ဘာ့ကြောင့် တရားလေးတစ်ပုဒ်မှ မဟောရသလဲ ?" ။

ဒီလို အချို့လူတွေက သာမဏေအပေါ်မှာ စိတ်ဆိုးကြပါတယ်၊ အမျက် ထွက်ကြ ပါတယ်။

"တို့တစ်တွေဟာ ဒီလို အရှင်မြတ်ကို 'ဂုဏ်ရှိတယ်၊ မရှိဘူး" ဆိုတာကို နားမလည်ပဲ လုပ်ကျွေးလာခဲ့ကြပါတယ်၊ အခုတော့ သူ့ဆီက တရားတော်ကို နာကြားကြရပါတယ်၊ တို့အတွက် သိပ်အရတော်တာပဲ" ။

ဒီလို အချို့လူတွေက နှစ်သက်ဝမ်းသာကြပါတယ်၊ ကျေနပ်ကြပါတယ်။

ဘုရားရှင်ကလဲ အဲဒီနေ့ အရဏ်တက်ခါနီး အချိန်မှာ လောကကို ကြည့်ရှု ဆင်ခြင်တော်မူတဲ့အခါ-

"ဝနဝါသီတိဿသာမဏေရဲ့ အလုပ်အကျွေး ဒကာတွေဟာ အချို့ကတော့ နှစ်သက်ကျေနပ်ကြတယ်၊ အချို့ကတော့ စိတ်ဆိုးအမျက်ထွက် ကြတယ်၊ ငါ့ရဲ့ သားတော်ဖြစ်တဲ့ သာမဏေကလေးအား စိတ်ဆိုးအမျက် ထွက်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ငရဲကိုရောက်ကြရလိမ့်မယ်၊ ငါဘုရားဟာ အဲဒီ

http://www.dhammadownload.com

နေရာကို သွားသင့်တယ်၊ ငါဘုရား ကြွသွားလို့ရှိရင် သူတို့အကုန်လုံး သာမဏေ အပေါ်မှာ မေတ္တာစိတ်ထားပြီး ဆင်းရဲဒုက္ခတွေက လွတ်ကြရလိမ့်မယ်"။ ဒီအကြောင်းကို တွေ့မြင်ရပါတယ်။

တရားပွဲပြီးတဲ့အခါ လူတွေက ရဟန်းသံဃာတော်တွေကို ပင့်ဖိတ်ပြီး ရွာထဲကို ပြန်သွားကြပါတယ်၊ လူစုခွဲပြီး အချို့က မဏ္ဍပ်ဆောက်ကြပါတယ်၊ အချို့က ယာဂု, ဆွမ်းစသည်တို့ကို စီမံကြပါတယ်၊ အချို့က နေရာထိုင်ခင်း ခင်းကျင်းစီမံကြပါတယ်၊ ကိစ္စပြီးသွားတဲ့အခါ ရဟန်းတွေကြွလာမည့် လမ်းကို ကြည့်ကာ ရှုကာနဲ့ နေကြပါတယ်။

ရဟန်းတွေကလဲကိုယ်လက်သုတ်သင်မှုကိစ္စကို (အခင်းကြီး အခင်းငယ်ကိစ္စကို) ပြုပြီးတဲ့နောက် ဆွမ်းခံချိန် ရောက်လာလို့ ရွာတွင်းကိုဝင်ခါနီးမှာ သာမဏေကို မေးကြပါတယ်။

"ကိုရင်တိသ ! ကိုရင်ဟာ တပည့်တော်တို့နဲ့အတူ လိုက်မှာလား၊ ဒါမှမဟုတ်ရင် နောက်မှကြွမှာလား ?"။

"တပည့်တော် သွားနေကျ အချိန်မှာပဲ သွားပါ့မယ်၊ အရှင်ဘုရားတို့သာ ကြွတော်မူနှင့်ကြပါဘုရား"။

ကိုရင်ရဲ့ ပြောဆိုချက်ကို ကြားရတဲ့အခါ ရဟန်းတော်တွေက သပိတ်သင်္ကန်းကို ယူပြီး ရွာထဲကို ဝင်သွားကြပါတယ်။

ဘုရားရှင်ကလဲ ဇေတဝန်ကျောင်းတော်မှာပဲ သင်္ကန်းရုံနေပါတယ်၊ ပြီးတော့ သပိတ်ကိုယူပြီး စိတ္တကွဇာတစ်ချက်တည်းနဲ့ပဲ ကြွလာပါတယ်၊ ("ခဏချင်း တန်ခိုးနဲ့ ကြွလာတယ်"လို့ ဆိုလိုပါတယ်၊) ရဟန်းတော်တွေရဲ့ရှေ့မှာ ရပ်နေတော် မူပါတယ်၊ ဒီတော့ "ဘုရားရှင်ကြွလာနေပြီ, ဘုရားရှင်ကြွလာနေပြီ"ဆိုပြီး တစ်ရွာလုံး ချောက်ချားသွားပါတယ်၊ အုတ်အုတ်ကျက်ကျက် ဖြစ်သွားပါတယ်။

လူတွေကလဲ ပိုပြီး စိတ်တက်ကြွလာပါတယ်၊ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို အဆင်သင့်ပြင်ဆင်ထားတဲ့ နေရာကို ပင့်တင်ပြီး ယာဂုကပ်ကြပါတယ်၊ ပြီးမှ ခဲဖွယ် ဘောဇဉ်တွေကို ဆက်ကပ်ကြပါတယ်။

ဆွမ်းကိစ္စ မပြီးဆုံးသေးတဲ့ အချိန်မှာပဲ သာမဏေက ရွာထဲကို ကြွလာပါတယ်၊ ရွာသူရွာသားတွေက ဆွမ်းတွေ, ဟင်းတွေကို ယူလာကြပြီး ရိုရိုသေသေ လှူဒါန်းကြပါတယ်၊ ကိုရင်က မျှတရုံခံပြီးတော့ ဘုရားရှင်ဆီကို သွားပါတယ်၊ သပိတ်ကို ဆက်ကပ်ပါတယ်။

http://www.dhammadownload.com

ဘုရားရှင်က "တိသ ! ယူခဲ့စမ်း"လို့ မိန့်တော်မူရင်း လက်ကိုဆန့်တန်းပြီး သပိတ်ကို ယူလိုက်ပါတယ်၊ "သာရိပုတ္တရာ ! သင့်ကိုရင်ရဲ့ သပိတ်ကို ကြည့်စမ်း" ဆိုပြီး သာရိပုတ္တရာထေရ်အား ပြတော်မူပါတယ်၊ သာရိပုတ္တရာထေရ်က ဘုရားရှင့် လက်တော်မှ သပိတ်ကိုယူပြီး သာမဏေအား ပေးပါတယ်၊ "သွားတော့ကိုယ့်အတွက် ကျရောက်တဲ့နေရာမှာ ထိုင်ပြီး ဆွမ်းဘုဉ်းပေးမှုကို ပြုတော့"လို့ ပြောဆိုလွှတ်လိုက်ပါတယ်။

ရွာသူရွာသားတွေက ဘုရားအမှူးရှိတဲ့ သံဃာတော်ကို လုပ်ကျွေးပြီးတဲ့နောက် ဘုရားရှင်ကို ရှိခိုးပြီး အနုမောဒနာတရား တောင်းပန်ကြပါတယ်၊ ဘုရားရှင်က အနုမောဒနာတရား ဟောတော်မူရင်း-

"ဒကာတို့ ! ဒကာတို့ တစ်တွေဟာ သိပ်အရတော်တာပဲ၊ ဒကာတို့ဟာ ကိုယ့်ဆွမ်းခံကိုရင်ကို အကြောင်းပြုပြီး သာရိပုတ္တရာ, မောဂ္ဂလ္လာန်, ကဿပ, အနုရုဒ္ဓါအစရှိတဲ့ မဟာသာဝက ၈-ကျိပ်တို့ကိုလဲ ဖူးမြော်ခွင့် ရကြတယ်၊ ငါဘုရားဟာလဲပဲ ဒကာတို့ရဲ့ ဆွမ်းခံကိုရင်ကိုပဲ အကြောင်းပြုပြီး ကြွလာခဲ့တာပဲ၊ ဒါနဲ့ ဘုရားဖူးမြင်ခွင့်ကိုလဲ ဒကာတို့ဟာ ဒီကိုရင်ကိုပဲ အကြောင်းပြုပြီး ရလာကြပါတယ်၊ ဒီတော့ ဒကာတို့ဟာ ကောင်းကျိုးမင်္ဂလာ အဖြာဖြာကို ရနေကြတာပဲ၊ သိပ်ပြီးတော့ လူဖြစ်ကျိုး နပ်ကြတာပဲ"။

ဒီစကားကို ထည့်သွင်းမိန့်ကြားတော်မူပါတယ်၊ ဒီတော့ လူတွေက-

"ငါတို့ဟာ သိပ်ပြီးတော့ အရတော်တာပဲ၊ ဘုရားရှင်ကိုရော, ရဟန်းသံဃာတော်ကိုရော နှစ်သိမ့်ကျေနပ်စေနိုင်တဲ့ တို့အရှင်မြတ်ကလေးကို ဖူးမြင်ကြရပါတယ်၊ လူဖွယ်ဝတ္ထုကိုလဲ ပေးလှူခွင့် ရကြပါတယ်"။

ဒီလို စဉ်းစားဆင်ခြင်လာကြပါတယ်၊ သာမဏေအား စိတ်ဆိုးအမျက်ထွက်နေတဲ့လူတွေက နှစ်သက်ကျေနပ်သွားကြပါတယ်၊ နှစ်သက်ကျေနပ်ပြီး လူတွေက အတိုင်းထက်အလွန် ကြည်ညိုလာကြပါတယ်၊ အနုမောဒနာတရား အဆုံးမှာ အများအပြား သောတာပတ္တိဖိုလ်စသည်သို့ ရောက်ကြရပါတယ်။

ဘုရားရှင်က နေရာမှထပြီး ထွက်ကြွလာခဲ့ပါတယ်၊ လူတွေက ဘုရားရှင်ကို လိုက်ပို့ပြီး ရှိခိုးပြန်သွားကြပါတယ်၊ ဘုရားရှင်က သာမဏေနဲ့အတူဆက်လက် ကြွတော်မူပါတယ်၊ သာမဏေကလေးရဲ့ နေရာဌာနကို ရောက်တဲ့အခါ တောင်ပေါ်ကို တက်တော်မူပါတယ်။

"တိသ ! တောင်ပေါ်ကရပ်ပြီး ဟိုဟိုဒီဒီ ကြည့်လိုက်တော့ ဘာကို တွေ့ရသလဲ ?"။

http://www.dhammadownload.com

"ရဟန်းတို့ ! ဟုတ်ပေတယ်၊ လာဘ်ရကြောင်း အကျင့်ဆိုတာဟာ တစ်မျိုးတခြားပဲ၊ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ဟာ တစ်မျိုးတခြားပဲ၊ ဒါဟာ မှန်တယ်၊ 'ဒီလိုကျင့်သုံးလို့ ရှိရင် လာဘ်ရလိမ့်မယ်' ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ အရည်ကင်ဓုတင်စသည်ကို ဆောက်တည်တာနဲ့ စပ်ပြီး လာဘ်ရကြောင်း အကျင့်ကို ကျင့်သုံးရတဲ့အတွက် အပါယ် ၄-ပါးဟာ အဆင်သင့် တံခါး ဖွင့်ပြီး ဖြစ်နေပါတယ်၊ ဖြစ်ပေါ်လာသမျှ လာဘ်ပူဇော်သကာကို ပယ်စွန့်ပြီး နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြင့် တောရဆောက်တည်ဖို့ ကြိုးစားအားထုတ်တဲ့ ရဟန်းကတော့ အရဟတ္တဖိုလ်ကို ရယူနိုင်ပါတယ်"။

ဒီလို အနုသန္ဓေ ဆက်စပ်ပြီး တရားကို ဆက်လက် ဟောတော်မူပါတယ်။

"လာဘ်ရကြောင်း အကျင့်ဟာ တစ်မျိုးတခြားပဲ၊ နိဗ္ဗာန်ရကြောင်း အကျင့်ဟာ တစ်မျိုးတခြားပဲ၊ ဒီလို အကျင့် ၂-မျိုး ၂-စားကို ခွဲခြားသိမြင်ပြီး ငါဘုရား၏ တပည့်သား ရဟန်းဟာ လာဘ်ပူဇော်သကာကို မနှစ်သက်ရဘူး၊ ဝိဝေက ၃-ပါးကိုသာ တိုးပွားစေရမယ်"။

ဒါကိုနည်းနည်း ရှင်းလင်းပြပါအုံးမယ်၊ လာဘ်ကို ဖြစ်စေတဲ့ရဟန်းဟာ အနည်းနဲ့ အများ အကုသိုလ်အမှုကို ပြုရတာပါပဲ၊ ကိုယ်ကောက်ကွေ့မှုစသည်တို့ကို ပြုရတာပါပဲ၊ ဒီစကား မှန်ပါတယ်၊ ကိုယ်ကောက်ကွေ့မှု စသည်တို့ထဲက တစ်ခုခုကို ပြုလုပ်တဲ့ အချိန်အခါမျိုးမှာသာ 'လာဘ်' ဆိုတာ ဖြစ်ပေါ်လာတတ်ပါတယ်။

ဥပမာကလေး တစ်ခု ပြောပြပါအုံးမယ်၊ နို့ထမင်းခွက် တစ်ခုထဲမှာ ကောက်ကွေးမှုကို မပြုလုပ်ဘဲ လက်ကိုထိုးသွင်းပြီးတော့ ဖြောင့်ဖြောင့်တန်းတန်း နှုတ်ယူလိုက်တဲ့ ပုဂ္ဂိုလ်ရဲ့လက်ဟာ ပေကျဲရုံလောက်ပဲ ဖြစ်တတ်ပါတယ်၊ ထိုးသွင်းပြီး ကောက်ကွေးအောင်လုပ်လို့ နှုတ်ယူလိုက်တဲ့ ပုဂ္ဂိုလ်ရဲ့လက်ကတော့ နို့ထမင်းခဲကို နှုတ်ယူပြီး ထွက်လာမှာပါပဲ။

ဒီသဘောအတိုင်းပါပဲ၊ ကိုယ်ကောက်ကွေ့မှု စသည်တို့ကို ပြုလုပ်တဲ့အခါမျိုးမှာသာ လာဘ်ဖြစ်ပေါ်လာတတ်ပါတယ်၊ ဒါဟာ တရားနဲ့ မလျော်တဲ့ လာဘ်ဖြစ်ကြောင်းအကျင့် မည်ပါတယ်။

"ကိုယ်ခန္ဓာပြည့်ဖြိုး သပ္ပာယ်မှု, အချိုးတကျ သင်္ကန်းဝတ်ရုံမှု, အကြားအမြင်များမှု(စာပေတတ်မြောက်မှု), အခြေအရံများမှု, တောရပ်ဆောက်တည်မှု" ဒီလိုအကြောင်းတွေကြောင့် ဖြစ်ပေါ်လာတဲ့ လာဘ်ကိုတော့ "တရားနဲ့ လျော်ညီတယ်"လို့ပဲ ဆိုရပါတယ်။

http://www.dhammadownload.com

နိဗ္ဗာန်ရကြောင်း အကျင့်ကို ဖြည့်ကျင့်တဲ့ရဟန်းဟာ ကိုယ်ကောက်ကွေးမှု စသည်တို့ကို ပယ်သင့်ပါတယ်၊ မကန်းပေမဲ့ ကန်းသလို, မ အပေမဲ့ အ သလို, နားမထိုင်းပေမဲ့ ထိုင်းသလို ဖြစ်သင့်ပါတယ်၊ မကောက်ကျစ် မစဉ်းလဲသူ, မလှည့်ပတ်တတ်သူ (မိမိအပြစ်ကို မဖုံးကွယ်သူ) ဖြစ်သင့်ပါတယ်။

"လာဘ်ပူဇော်သကာကို မနှစ်သက်ရဘူး" ဆိုတာဟာလဲပဲ "တရားနဲ့ မလျော်တဲ့ ပစ္စည်း ၄-ပါးဆိုတဲ့ လာဘ်ပူဇော်သကာကို မနှစ်သက်ရဘူး"လို့ ဆိုလိုတာပါ၊ တရားနဲ့ လျော်တဲ့ ပစ္စည်း ၄-ပါးကိုတော့ မတားမြစ်ရပါဘူး။

"ဝိဝေက ၃-ပါးကို တိုးပွားစေရမယ်"လို့ ဟောထားတာနဲ့ စပ်ပြီး ဝိဝေကသဘောကို နည်းနည်းပြောပြပါအုံးမယ်။

၁။ "ကာယဝိဝေက"ဆိုတာဟာ တစ်ဦးတည်း တစ်ယောက်တည်း နေတာပါပဲ၊

၂။ "စိတ္တဝိဝေက"ဆိုတာကတော့ သမာပတ် ၈-ပါး(ဈာန်၉-ပါး)ပါပဲ၊

၃။ "ဥပဓိဝိဝေက"ဆိုတာကတော့ နိဗ္ဗာန်ပါပဲ။

ဒီ ၃-မျိုးထဲက ကာယဝိဝေကဟာ အပေါင်းအသင်းတွေနဲ့ ပေါင်းသင်းနေထိုင်ခြင်းကို ပယ်ဖျောက်နိုင်ပါတယ်၊ စိတ္တဝိဝေကဟာ ကိလေသာအပေါင်း အဖော်ကို ပယ်ခွာနိုင်ပါတယ်၊ ဥပဓိဝိဝေကဟာ သင်္ခါရအပေါင်းအဖော်ကို ပယ်ခွာနိုင်ပါတယ်။

ကာယဝိဝေကဟာ စိတ္တဝိဝေကရဲ့ အကြောင်းဖြစ်ပါတယ်၊ စိတ္တဝိဝေကဟာ ဥပဓိဝိဝေကရဲ့ အကြောင်းဖြစ်ပါတယ်၊ "ဒီဝိဝေက ၃-ပါးကို တိုးပွားစေရမယ်၊ ပြည့်စုံအောင် ကြိုးစားရမယ်"လို့ ဆိုလိုပါတယ်။

ကိုင်း- ဒီ ဝနဝါသီတိသဿသာမဏေရဲ့ ဝတ္ထုကို ကောက်ချက်ချပြီး ကြည့်ကြအုံးစို့ရဲ့၊ မဟာသေနပုဏ္ဏားဟာ ရှင်သာရိပုတ္တရာအား နို့ထမင်းတစ်ခွက်နဲ့ အဝတ်ကြမ်းတစ်ပိုင်းကို ပေးလှူခဲ့ပါတယ်၊ အဲဒီပစ္စည်းတွေကို လှူတဲ့အခါမှာ "တပည့်တော်လဲပဲ အရှင်ဘုရားများ သိမြင်ထားတဲ့ တရားမျိုးကိုသာ ရလိုပါတယ်လို့ ဆုတောင်းခဲ့ပါတယ်၊ အဲဒီဘဝက စုတေ့တော့ ဝနဝါသီတိသဿသာမဏေ ဖြစ်လာပါတယ်၊ ရှင်ဖြစ်တယ်ဆိုရင်ပဲ လာဘ်လာဘပေါများလိုက်တာ လျှမ်းလျှမ်းတောက်ပါပဲ၊ ဒါပေမဲ့ အဲဒီလာဘ်တွေကို ခင်တွယ်မှု မရှိပါဘူး၊ တောကျောင်းသွားနေပါတယ်၊ အရဟတ္တဖိုလ်ကို ရပြီး အဲဒီမှာပဲ ဘဝဇာတ်သိမ်းရပါတယ်။

ဒါဟာ ဆွမ်းလှူတဲ့အကျိုး, အဝတ်သင်္ကန်းလှူတဲ့ အကျိုးပါပဲ၊ ဒီတော့ ယခုခေတ်မှာလဲပဲ ပရိယတ်, ပဋိပတ် ကြိုးစားအားထုတ်နေတဲ့ ရဟန်းသာမဏေတွေကို

http://www.dhammadownload.com

နိဗ္ဗာန်ရည်မှန်းပြီး ဆွမ်းမလောင်းသင့်ဘူးလား၊ အဝတ်သင်္ကန်း မလှူသင့်ဘူးလား ?။

"လောင်းသင့်, လှူသင့်ပါတယ်ဘုရား"။

ပရိယတ်, ပဋိပတ်ကို ကြိုးစားအားထုတ်နေတဲ့ ရဟန်းသာမဏေတွေဟာ သာသနာ့မျိုးဆက်တွေပါပဲ၊ ဒါကို ပေါ့သေးသေး မထင်ကြပါနဲ့၊ ဒီလိုရဟန်း သာမဏေမျိုးတွေ အဆက်မပြတ် ရှိနေလို့ပဲ ဘုရားရှင်ကိုယ်တော်မြတ်က လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကြိုးစားပြီး တည်ထောင်ထားခဲ့တဲ့ သာသနာတော်ဟာလဲ အဆက်မပြတ် တည်ရှိနေပါတယ်၊ အဲဒီ ရဟန်းသာမဏေမျိုးတွေ အဆက်ပြတ်သွားတဲ့ တစ်နေ့မှာ ဗုဒ္ဓမြတ်စွာ သာသနာတော်ဟာလဲ အဆက်ပြတ် ကွယ်ပျောက်သွားရမှာပါပဲ။

ဒီတော့ "ပရိယတ်, ပဋိပတ် ကြိုးစားအားထုတ်နေတဲ့ ရဟန်းသာမဏေတွေကို ဆွမ်းလောင်း, အဝတ်သင်္ကန်းလှူတဲ့အတွက် မိမိတို့မှာလဲ မင်္ဂလိမျိုးစေ့ ဖြစ်လာမယ်၊ သာသနာတော် တည်တဲ့အောင် လုပ်ရာလဲ ရောက်မယ်"လို့ ပြောလိုပါတယ်။

၇-နှစ်တွင်းမှာ မင်္ဂလာ

ဝနဝါသီတိဿသာမဏေ ပဋိသန္ဓေတည်နေတဲ့ အချိန်ကစပြီး ၇-နှစ် အတွင်းမှာ-

၁။ ဂဗ္ဘပရိဟရဏမင်္ဂလာ= ကိုယ်ဝန်ဆောင်မင်္ဂလာ၊
၂။ ဝိဇာတမင်္ဂလာ= မွေးနေ့မင်္ဂလာ
၃။ နာမကရဏမင်္ဂလာ= အမည်ပေးမင်္ဂလာ၊
၄။ အာဟာရပရိဘောဂမင်္ဂလာ= ထမင်းခွံ့မင်္ဂလာ၊
၅။ ကဏ္ဏဝိဒ္ဓနမင်္ဂလာ= နားထွင်းမင်္ဂလာ၊
၆။ ဒုဿဂဟဏမင်္ဂလာ= ပုဆိုးဝတ်မင်္ဂလာ၊
၇။ စူဠာကမ္မနမင်္ဂလာ= ဥဿျောင်ထုံးမင်္ဂလာ၊(ဦးစွန်းဖုတ်ပြုပြင်တဲ့ မင်္ဂလာ။)

ဒီမင်္ဂလာတွေကိုလုပ်တာ တွေ့ရမယ်၊ ဒီအထဲမှာ မြန်မာပြည်မှာ လုပ်လေ့လုပ်ထရှိတဲ့ ပုခက်တင်မင်္ဂလာ ပါလာတာတော့ မတွေ့ရဘူး။

အဲဒီမင်္ဂလာတွေထဲက "ဂဗ္ဘပရိဟာရမင်္ဂလာ, ဝိဇာတမင်္ဂလာကို အကြိမ်ပေါင်းများစွာလုပ်တယ်"ဆိုတာကို တွေ့ရပါတယ်၊ ကျန်တဲ့မင်္ဂလာတွေကိုတော့ ဝိဇာတမင်္ဂလာနဲ့ တွဲဖက်ပြီး လုပ်တန်လုပ်ပါလိမ့်မယ်၊ ဒါမှမဟုတ်ရင် သူ့အချိန်အခါနဲ့ ဆီလျော်အောင် လုပ်တန်လုပ်ပါလိမ့်မယ်။

မင်္ဂလာတိုင်း မင်္ဂလာတိုင်းမှာလဲပဲ ရှင်သာရိပုတ္တရာ အမှူးပြုတဲ့ ရဟန်းတော် ၅-ရာကို ဆွမ်းကျွေး, သီလယူ ဒါတွေကိုပဲ လုပ်တာတွေ့ရပါတယ်။

http://www.dhammadownload.com

အဲဒီမင်္ဂလာတွေထဲက ဂဗ္ဘပရိဟာရဏမင်္ဂလာ, ဝိဇာတမင်္ဂလာတွေကို သီးသန့် လုပ်တဲ့အခါမှာ သံဃာတွေကို ဆွမ်းကျွေး, (ကလေးအတွက် အစောင့်အရှောက် ဖြစ်အောင်) သရဏဂုံဆောက်တည်, သီလယူ, ပရိတ်တရားနာကြား, လူပရိသတ်ကို စွမ်းအားအလျောက် ကျွေးမွေးစည်ခံ၊ ဒီလောက်လုပ်က သင့်တော်လောက်ပါပြီ၊ ဒီလို "ကုသိုလ်ကောင်းမှု လုပ်တာကိုပဲ မင်္ဂလာ"လို့ ခေါ်ပါတယ်။

တခြားမင်္ဂလာတွေကို လုပ်တဲ့အခါ ခုနကပြောခဲ့တဲ့ ကိစ္စတွေအပြင် မိမိတို့ လုပ်တဲ့ မင်္ဂလာအလိုက် အမည်ပေးမှု, ထမင်းခွံ့မှုစတဲ့ ကိစ္စတွေကို တိုးချဲ့လုပ်ပေး ရုံမျှသာ ဖြစ်ပါတယ်။

ရှင်ပြုမင်္ဂလာ

ပြီးတော့ ပဗ္ဗဇ္ဇာမင်္ဂလာ(ရှင်ပြုမင်္ဂလာ) ပြုလုပ်တာနဲ့ ပတ်သက်ပြီး ဝနဝါသီ တိဿ သာမဏေအလောင်း ရှင်ပြုခန်းကို ပြန်စဉ်းစားပါ။

"သားကလေးက ရှင်ပြုလိုတဲ့အကြောင်း အမေ့ထံမှာ ခွင့်တောင်းပါတယ်၊ အမေဖြစ်သူက သားကလေးကို ရှင်ပြုပေးဖို့ရန် ရှင်သာရိပုတ္တရာကို လျှောက်ထားပါတယ်၊ ညနေချိန်မှာ သားကလေးကို ခေါ်ပြီး ကျောင်းကို သွားကြတယ်၊ အမေဖြစ်သူက သားကလေးကို ရှင်သာရိပုတ္တရာအား အပြီး အပိုင် လှူလိုက်ပါတယ်၊ ရှင်သာရိပုတ္တရာက တစပဉ္စကကမ္မဋ္ဌာန်းကို ပေးပြီး ရှင်ပြုပါတယ်"။

ဒါလောက်ပဲ တွေ့ရပါလိမ့်မယ်၊ ဒါဟာ ဘုရားလက်ထက်က ရှင်ပြုပါပဲ၊ အဋ္ဌကထာ ဆရာတွေက မှတ်တမ်းတင်ထားခဲ့တယ်၊ ဘယ်လောက်လွယ်သလဲ၊ အခုကာလလို အကုသိုလ်ဖြစ်စရာ ဘာတစ်ခုမှ ပါမလာဘူး။

ပြီးတော့ အမေအဖေတွေက သားရှင်ပြုတာကို ပူဇော်တဲ့အနေနဲ့ ၇-ရက်လုံးလုံး ဘုရားအမှူးရှိတဲ့ သံဃာတော်ကို နို့ဆွမ်းဆက်ကပ်လှူဒါန်းပါတယ်။

အခုခေတ်မှာလဲပဲ ဒါကို နည်းယူပြီး ရှင်ပြုမင်္ဂလာကို ပြုသင့်ပါတယ်၊ သိပ် အကျယ်မချဲ့သင့်ပါဘူး၊ အခုတော့ မဟုတ်တဲ့ နေရာမှာ အကျယ်ချဲ့နေကြတာက များနေတယ်၊ ဒါတွေဟာ ခေတ်နဲ့လဲ မလျော်တော့ပါဘူး၊ အကျိုးမရှိတဲ့နေရာမှာ အကုန်အကျလဲ မခံသင့်ပါဘူး။

ပဋိသန္ဓေ တည်နေတာက အစပြုပြီး ၇-နှစ်အတွင်း ကလေးတစ်ယောက် အတွက် လုပ်ရိုးလုပ်စဉ် မင်္ဂလာအမျိုးမျိုး, အဲဒီမင်္ဂလာတွေကို ဗုဒ္ဓဘာသာဝင်တွေရဲ့ ထုံးတမ်းစဉ်လာနဲ့ ညီညွတ်အောင် လုပ်ထုံးလုပ်နည်း ဒါတွေကို အထိုက်အလျောက် သဘောပေါက်အောင် ဘုန်းကြီးပြောပြပြီးပါပြီ။

http://www.dhammadownload.com

ဒါနဲ့ပဲ အခုလုပ်နေကြတဲ့ မင်္ဂလာအခမ်းအနားတွေဟာ ဘယ်သင်း(ဘယ် ဥစ္စာ)က ဗုဒ္ဓဘာသာဝင်တွေရဲ့ ထုံးတမ်းစဉ်လာ ဟုတ်တယ်၊ ဘယ်သင်း(ဘယ် ဥစ္စာ)က မဟုတ်ဘူးဆိုတာ သိနိုင်လောက်ရောပေါ့၊ သူများ လုပ်တာကိုင်တာတွေ ကိုတော့ ဘုန်းကြီးက မဝေဖန်လိုတော့ပါဘူး။

အခု ဒီမှာ တရားနာနေကြတဲ့ ပရိသတ်အကုန်လုံးဟာ, ဒီတရားကို ကြားနာ ရသမျှ ပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓဘာသာဝင်တွေရဲ့ ထုံးတမ်းစဉ်လာနဲ့ ကိုက်ညီတဲ့ မင်္ဂလာ အမျိုးမျိုးကို ဆတက်ထမ်းပိုး ကြိုးစားပြီး ပြုလုပ်နိုင်ကြပါစေဆောဝ်။

သာဓု - သာဓု - သာဓုပါ ဘုရား။

ဂဗ္ဘပရိဟရဏမင်္ဂလာ လုပ်လိုပါ

တရား ပြီးဆုံးသွားသည့်အခါ မကြည်ဝင်းနဲ့ မောင်မျိုးသန့်တို့က တတွတ် တွတ်နဲ့ တီးတိုးတိုင်ပင်နေကြသည်၊ အတော်ကြာမှ မောင်မျိုးသန့်က ဆရာတော် ဦးဓမ္မိကကို လျှောက်ထားသည်။

"ဆရာတော်ဘုရား မကြည်ဝင်းက 'နောက်လပြည့်နေ့တွေမှာလဲပဲ ယခုလို ဆွမ်းကျွေးတရားနာလိုပါတယ်'လို့ ပြောနေပါတယ်၊ တစ်ခါတည်းပဲ ဆရာတော်ဘုရားကို ပင့်ထားပါရစေ၊ လာမဲ့ တပို့တွဲ, တပေါင်း, တန်ခူး, ကဆုန်, နယုန်လပြည့်နေ့များမှာလဲ ဒီနေ့လိုပဲ ကျောင်းရှိသံဃာကုန် ဆွမ်း ဘဉ်းပေး ကြွတော်မူပါ၊ တရားလဲ ချိုးမြွှင့်တော်မူပါ"။

"မင်းတို့က ဘာတရားတွေများ နာချင်သေးသလဲ ?"။

"ဒီနေ့ ဆရာတော်ဘုရား ဟောကြားဟဲ့ တရားတော်ရဲ့ အဆက်ပါပဲ ဘုရား၊ 'မင်္ဂလာအခမ်းအနားတွေ လုပ်တဲ့အခါမှာ သံဃာတော်ကို ဆွမ်းကျွေး, သရဏဂုံဆောက်တည်, သီလယူ, ပရိတ်နာ, လူပရိသတ်ကို ကျွေးမွေးဧည့်ခံ၊ ဒါတွေကို လုပ်ရမယ်'လို့ ဆရာတော်ဘုရား မိန့်ကြားသွားပါတယ်၊ အဲဒီ အထဲက ဆွမ်းကျွေးခြင်းရဲ့ အကျိုးကတော့ ဝနဝါသီတိသသာမဏေရဲ့ ဝတ္ထုနဲ့ပဲ ပြည့်စုံလုံလောက်ပါတယ်၊ သီလယူတဲ့အခါမှာ 'နမော တဿရယ်, သရဏဂုံရယ်, သီလရယ်' ဒါတွေ ပါလာပါတယ်၊ ဒီတော့ နမော တဿရဲ့ သမိုင်းနဲ့ နမော တဿရဲ့အကျိုး, သရဏဂုံရဲ့အကျိုး, ၅-ပါးသီလစတဲ့ တရားကို စောင့်ရှောက်ရခြင်းရဲ့အကျိုး, ပရိတ်တရားတော်ရဲ့ တန်ခိုးအာနိသင် ဒါတွေ လိုနေပါသေးတယ်၊ ဒါတွေကိုလဲ အထိုက်အလျောက် သဘောပေါက် အောင် မိန့်ကြားစေလိုပါတယ်၊ ပြီးတော့ ဝနဝါသီတိသသာမဏေဝတ္ထုမှာ ပါမလာတဲ့

http://www.dhammadownload.com

ထိမ်းမြားလက်ထပ်မင်္ဂလာ, အိမ်တက်မင်္ဂလာနှင့် 'သပိတ်သွတ် ဆွမ်းကျွေး' ဆိုတဲ့ ဒုမင်္ဂလာကိုလဲ တစ်ဆက်တည်း မိန့်ကြားစေလိုပါတယ်"။

"အေး– မင်းတို့ဟာက လူတစ်ယောက်အတွက် အမေ့ဗိုက်ထဲကစပြီး ခေါင်းထဲ, မြေကြီးထဲ, ထင်းပုံထဲ, ဂူထဲအထိ လုပ်သင့်တဲ့ ကိစ္စတွေ ဆိုပါတော့ကွာ"။

"မှန်လှပါ ဘုရား၊ ဒါမှလဲ ပြည်စုံမှာပါ"။

"အေး–တို့ကလဲ စာကြည့်နိုင်သလောက် ကြည့်ပြီး တစ်ကဏ္ဍစီ, တစ်ကဏ္ဍစီ ပြောပေးသွားပါ့မယ်၊ ဒါနဲ့ မင်းတို့ကို မေးရအုံးမယ်၊ မင်းတို့ဟာက နာရုံတင်နာမှာလား ?"။

"မဟုတ်ပါဘုရား၊ ဆရာတော်ဘုရားအမိန့်ရှိတဲ့အတိုင်း လိုက်နာကျင့်သုံးမှုကိုလဲ ပြုပါ့မယ်၊ အပေါင်းအသင်းတွေကိုလဲ လိုက်နာကျင့်သုံးအောင် ညွှန်ကြားပေးပါ့မယ်၊ ဒီလို လုပ်ချင်လို့လဲပဲ အသံဖမ်းထားပြီး ဆရာတော်ဘုရားရဲ့ တရားတိတ်ခွေတွေကို အားတဲ့အချိန်မှာ ဖွင့်နားထောင်နေကြပါတယ်၊ ဗောဓိမင်းသားဝတ္ထုဆိုရင် အလွတ်ရသလောက် ဖြစ်နေပါပြီ၊ ပြီးတော့ ဆရာတော်ဘုရားကို လပြည့်နေ့များမှာ ပင့်ထားတာဟာလဲပဲ ဆရာတော်ဘုရား ဟောထားတဲ့အတိုင်း ဂဗ္ဘပရိဟာရဏမင်္ဂလာ လုပ်ချင်လို့ပါပဲ"။

"အေး–ဒီလိုဆိုရင်တော့ 'တို့ ပင်ပန်းခံပြီးဟောရကျိုး နပ်တယ်'လို့ ဆိုရမှာပဲ၊ ကိုင်း–တို့ကလဲ ကျောင်းကို ပြန်လိုက်အုံးမယ်"။

၆။ နမော တဿ သမိုင်း

ဆရာတော်ဦးဓမ္မိကက တပို့တွဲလပြည့်နေ့မှာ မောင်မျိုးသန့်တို့အိမ်ဦးခန်းကို ရောက်နေသည်၊ ထုံးစံအတိုင်း လုပ်စရာ ကိုင်စရာကိစ္စတွေကို ဆောင်ရွက်ပေးပြီး သည့်နောက် တရားဟောရန် အစပျိုးနေသည်။

"မောင်မျိုးသန့်က 'နမော တဿ'ကို သမိုင်းကြောင်းနဲ့ချီပြီး ဘာ့ကြောင့် သိချင်တာလဲ၊ ဒါကို အရင်ပြောစမ်းပါအုံး ?"။

"တပည့်တော်တို့ စကားပြောတတ်တယ်ဆိုရင်ပဲ အမေနဲ့အဖေက နမော တဿကို လက်ဦးဆုံး သင်ပေးခဲ့ပါတယ်၊ တပည့်တော်တို့ စာသင်ကျောင်းကို ရောက်တဲ့အခါမှာလဲ နမော တဿကိုပဲ စသင်ရပါတယ်၊ ပြီးတော့ ဘာသာရေးဆိုင်ရာ စာအုပ်တွေမှာလဲပဲ နမော တဿကိုပဲ ထိပ်ဆုံးက တွေ့ရပါတယ်၊ သီလယူမှုစသည်တို့ကို လုပ်တဲ့အခါမှာလဲပဲ ဒီနမော တဿ မပါရင်

http://www.dhammadownload.com

မပြီးပါ၊ 'ဒီလောက်အများသုံးတဲ့ နမော စာသကို နောက်ခံသမိုင်းကြောင်းပါ သိနားလည်သင့်တယ်'လို့ ယူဆကြပါတယ်ဘုရား။

ပြီးတော့ကာ–

'၁။ သာတာဂိရိနတ်မင်းက နမော,
၂။ အသူရိန်မင်းက တသ,
၃။ စတုမဟာရာဇ်နတ်မင်းကြီး ၄–ဦးတို့က ဘဂဝတော,
၄။ သိကြားမင်းက အရဟတော,
၅။ ဗြဟ္မာမင်းက သမ္မာသမ္ဗုဒ္ဓဿ၊

ဒီလိုဆိုပြီး အသီးအသီး ရှိခိုးကြတယ်၊ ဒါကို စုပေါင်းလိုက်တော့မှ 'နမော တသ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'လို့ ဖြစ်လာတယ်၊ ဒီလိုလဲ တပည့်တော်များ ကြားဖူးနေပါတယ်၊ 'ဒါဟာ မှန်တယ်, မမှန်ဘူးဆိုတာလဲ သိလိုပါတယ်၊ ဒါ့ကြောင့် နမော တသ–ရဲ့ သမိုင်းကြောင်းကိုပါ ဟောပေးရန် ဆရာတော်ဘုရားကို လျှောက်ထားရခြင်း ဖြစ်ပါတယ်ဘုရား"။

လိုရင်းကတော့ "နမော တသ"ဆိုတာဟာ ဘုရားရှိခိုးပါပဲကွာ၊ ဒီတော့ ဘုရားရှိခိုးခြင်းဆိုတဲ့ ကောင်းမှုမင်္ဂလာကို ကြိုတင်ပြုလုပ်ပြီးမှ လုပ်လို့ ကိုင်လို့ ရှိရင် အန္တရာယ်ကင်းတယ်၊ လုပ်ငန်းကိစ္စတွေ ပြီးပြေချောမောနိုင်တယ်၊ ဒါ့ကြောင့်လဲ ဒီနမော တသကို နေရာတိုင်းမှာ ဦးစားပေးထားရတာပါပဲ၊ ဒီလောက်ဆိုရင် နမောတသဟာ ကိစ္စတိုင်းမှာ မပါရင်မပြီးသလောက် အရာရောက်တဲ့ အကြောင်းကို နားလည်နိုင်လောက်ပါတယ်၊ သမိုင်းကြောင်းကိုတော့ နောက်မှပြောပြပါ့မယ်။

ပြီးတော့ နမော တသ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ–ဆိုတာဟာ ၅–ပဒရှိတဲ့ ဂါထာပါပဲ၊ မြတ်စွာဘုရားသာသနာမှာ လောကီဆန်းကို မငဲ့တဲ့ အတွက် "၅–ပဒရှိတဲ့ ဂါထာ"လို့ မှတ်ရမယ်၊ ဒီလို သံယုတ်ဋီကာ (ပ–၂၅၄)မှာ ဆိုထားတာလောက်ပဲ ရှိတယ်၊ နတ်မင်းကြီး ၅–ယောက်က တစ်ဦးတစ်ပုဒ်ကျ ရှိခိုးတယ်ဆိုတာ ဘယ်ပါဦးတော်, အဋ္ဌကထာမှာမှ မပါပါဘူး၊ ပြီးတော့လဲ စဉ်းစားကြည့်အုံးပေါ့၊ တစ်ပုဒ်ချင်းအနေနဲ့ ဘယ်ကလာဘုရားရှိခိုး ဖြစ်နိုင်မလဲ၊ စကားတစ်ရပ်မှ မပြည့်စုံဘဲနဲ့၊ ဒီတော့ ဒါဟာ အသင့်ယူတွဲလဲ မရှိပါဘူး၊ ဒါ့ကြောင့် "ဒီစကားဟာ နောက်ဆရာတို့ ကြဲဖန်ရေးသားထားခဲ့တဲ့ စကားလောက်သာ ဖြစ်တယ်"လို့ မှတ်ရမယ်။

ပါဠိတော်တွေထဲမှာ လာတာကတော့ 'နမော တသ–ဟာ ဥဒါန်းကျူးတဲ့

http://www.dhammadownload.com

စကားဖြစ်တယ်"လို့ လာပါတယ်၊ ဥဒါန်းဆိုတာဟာလဲပဲ "ဝမ်းသာလွန်းအားကြီး, ကြည်ညိုလွန်းအားကြီးလို့ ဝမ်းထဲမှာ မျိုသိပ်မထားနိုင်ဘဲ နှုတ်က (ပါးစပ်က) အန်ထွက်လာတဲ့ စကားမျိုး"လို့ အဓိပ္ပာယ်ရပါတယ်။

ဒီတော့ နမော တဿရဲ့ သမိုင်းကြောင်းကို နားလည်အောင် အဲဒီ နမော တဿနဲ့ ဥဒါန်ကျူးခဲ့တဲ့ ပုဂ္ဂိုလ်တွေရဲ့ အကြောင်းကိုပဲ ပြောပြပါ့မယ်။

"၁။ ဗြဟ္မာယုပုဏ္ဏား, ၅။ သိင်္ဂီမင်း,
၂။ ဇာဏုဿောဏိပုဏ္ဏား, ၆။ ကာရဏပါလိအမတ်,
၃။ ကောသလမင်း, ၇။ အာရာမဒဏ္ဍပုဏ္ဏား"၊
၄။ ဓနဉ္ဇာနီအရိယာမ, [၈။ မဟိန္ဒမင်း]

ဒီလို နမော တဿနဲ့ ဥဒါန်းကျူးသူ ဘုရားဟောပါဠိတော်မှာ အာရာမဒဏ္ဍပုဏ္ဏားထိ ၇-ယောက်ပဲ တွေ့ရပါတယ်၊ မဟိန္ဒမင်းဆိုတာက အဋ္ဌကထာမှာတွေ့ရတာဖြစ်ပါတယ်၊ ဂေါတမဘုရားရှင်ရဲ့ လက်ထက်လဲမဟုတ်ပါဘူး၊ လွန်ခဲ့တဲ့ ဓ၁-ကမ္ဘာက ဖုဿဘုရားရှင်ရဲ့ ဘခမည်းတော်မျှသာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဗဟုသုတအနေနဲ့ မှတ်သားစရာ ဖြည့်စွက်ထည့်သွင်းထားရုံမျှသာ ဖြစ်ပါတယ်၊ "ဘာ့ကြောင့် ဥဒါန်းကျူးရတယ်"ဆိုတာကိုတော့ ဝတ္ထုကြောင်းတွေကို နားထောင်ရင်းနဲ့ပဲ နားလည်သွားပါလိမ့်မယ်၊ အဲဒီ နမော တဿနဲ့ ရှိခိုးတဲ့သူတွေကို အလွယ်တကူ မှတ်မိအောင် ကဗျာကလေးတစ်ပုဒ် ရွတ်ပြပါ့မယ်။

ဗြဟ္မာယု-ဇာဏုဿော, ကောသလော၊
ဓနဉ္ဇာရိယာမငယ်, သင်္ကရာဇ၊
ကာရဏာ, အာရာမဒဏ္ဍော၊
ဤသူတွေ, နမောတသ်ကို ကျူးရွတ်ပါသော။

၁။ ဗြဟ္မာယုပုဏ္ဏား[၁]

ဗုဒ္ဓမြတ်စွာဟာ ရဟန်းငါးရာနဲ့အတူ ဝိဒေဟတိုင်းမှာ ဒေသစာရီ ကြွချီတော်မူနေပါတယ်၊ ဗုဒ္ဓမြတ်စွာ ကျော်စောသတင်းဟာလဲ အရပ် ၄-မျက်နှာ ပျံ့နှံ့နေပါတယ်၊ ဒီတော့ ဗြဟ္မာယုပုဏ္ဏားက တပည့်ဖြစ်သူ ဥတ္တရလုလင်ကို ဘုရားဆီလွှတ်ပြီး ကျော်တဲ့အတိုင်း ဟုတ်မဟုတ် အကဲခတ်လေ့လာခိုင်းပါတယ်။

ဥတ္တရလုလင်ကလဲပဲ ဘုရားရှင့်နောက်ကို တကောက်ကောက်လိုက်ပြီး အကဲခတ်လေ့လာနေလိုက်တာ ၇-လလောက် ကြာသွားပါတယ်၊ ဘုရားဆီက ပြန်လာ

၁။ မဇ်ဈိမ-ပါ၊ ၃၄၁။

http://www.dhammadownload.com

ပြီးတဲ့နောက် တွေ့ခဲ့ရသမျှဂုဏ်တွေကို ဆရာဖြစ်သူ ဗြဟ္မာယုပုဏ္ဏားအား ပြန်ပြော ပြပါတယ်၊ ပြီးတော့ အရှင်ဂေါတမဟာ ကျွန်တော်ပြောခဲ့တဲ့ ဂုဏ်တွေ လောက်တင် မဟုတ်သေးပါ၊ ပြောမကုန်နိုင်လောက်အောင် ဂုဏ်ပေါင်းစုံနဲ့ ပြည့်စုံ ပါတယ်ဆိုပြီး နိဂုံးအုပ်လိုက်ပါတယ်။

ဒီတော့ ဗြဟ္မာယုပုဏ္ဏားကြီးက ထိုင်ရာကထပြီး အပေါ်ရုံကို လက်ကတော့ တင်(ထိုး)ပါတယ်၊ ဘုရားရှင်ရှိရာဘက်ကို လက်အုပ်ချီပြီး-

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"-

လို့ ၃-ကြိမ်တိုင် ဥဒါန်းကျူးပါတယ်၊ ကိုင်း-ဒီနမော တဿရဲ့ အနက်ကို ရအောင် လိုက်ဆိုကြ၊ ကျဉ်းကျဉ်းလေးပဲ ချပေးပါ့မယ်။

အရဟတော- အလွှတော်မွန်, အပူဇော်ကို ခံတော်မူထိုက်သော၊

သမ္မာသမ္ဗုဒ္ဓဿ- ကိုယ်တိုင်မှန်စွာ, ၄-သစ္စာကို ကောင်းစွာသိမြင်တော် မူတတ်သော၊

တဿဘဂဝတော-ဘုန်းတော်ခြောက်ပါးသခင်, ထိုဘုရားရှင်အား၊

နမော- ရိုသေမြတ်နိုး, လက်စုံမိုး၍, ရှိခိုးပါ၏ဘုရား။

၂။ ဇာဏုဿောဏိပုဏ္ဏား[2]

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေချိန် ဖြစ်ပါတယ်၊ ဇာဏုဿောဏိပုဏ္ဏားဟာ မွန်းတည့်အချိန်မှာ မြင်းလှည်းစီးပြီး သာဝတ္ထိမြို့က ထွက်လာပါတယ်၊ သူရဲ့လှည်းမှာ တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူတဲ့ မြင်းမ ၄-ကောင်ကို တပ်ထားပါတယ်၊ လှည်းရောလူပါ အကုန်လုံး အဖြူထည်နဲ့ချည်းပဲ တန်ဆာဆင်ထား ပါတယ်။

အဲဒီအချိန်မှာ ပိလောတိကာပရိဗိုဇ်လဲပဲ ဇေတဝန်ကျောင်းတော်က မြို့ကို ပြန်လာ ခဲ့ပါတယ်၊ ဇာဏုဿောဏိပုဏ္ဏားက ပိလောတိကာပရိဗိုဇ်ကို အဝေးကြီးကပဲ တွေ့နေရ ပါတယ်၊ အနားကို ရောက်လာတဲ့အခါ မြင်းလှည်းကို ရပ်ပြီး မေးမြန်းစုံစမ်းပါတယ်။

"အရှင်ဝစ္ဆာယန[၂]! အခုလို မွန်းတည့်အချိန်ကြီးမှာ ဘယ်ကလာခဲ့ ပါသလဲ?"။

"ရဟန်းဂေါတမဆီက လာခဲ့တယ် ဒကာကြီး"။

"အရှင်ဂေါတမရဲ့ ပညာစွမ်းရည်ကို ဘယ်လိုထင်မြင်ပါသလဲ၊ ပညာ ရှိလို့ ထင်ပါသလား?"။

၁။ မူပဏ္ဏ-ပါ၊ ၂၃၂။ ၌-၂၊ ၉၈။

၂။ ဝစ္ဆာယနဆိုတာဟာ ပိလောတိကာပရိဗိုဇ်ကို အနွယ်စွဲပြီး ခေါ်လိုက်တာ ဖြစ်ပါတယ်။

http://www.dhammadownload.com

"ကျုပ်က ဘယ်လိုလူစားမို့ ရဟန်းဂေါတမရဲ့ ပညာစွမ်းရည်ကို သိနိုင်မှာတဲ့လဲ ?၊ ရဟန်းဂေါတမရဲ့ ပညာစွမ်းရည်ကို သိနိုင်တဲ့လူဟာ ရဟန်းဂေါတမလိုလူပဲ ဖြစ်ရပေမပေါ့"။

"အရှင်ဝစ္ဆာယနဟာ အရှင်ဂေါတမကို မြတ်တဲ့ချီးမွမ်းခြင်းမျိုးနဲ့ ချီးမွမ်းပါဘိတယ်"။

"ကျုပ်က ဘယ်လိုလူစားမို့လို့ ရဟန်းဂေါတမကို ချီးမွမ်းနိုင်မှာတဲ့လဲ ?၊ ရဟန်းဂေါတမဟာ လောကသူလောကသား အကုန်လုံးတို့က ချီးကျူးရမဲ့အမြတ်ဆုံးဖြစ်တဲ့ ကိုယ်ပိုင်ဂုဏ်တွေနဲ့ပဲ ချီးမွမ်းထိုက်တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်နေပါတယ်၊ သူ့ကို တခြားလူက ချီးမွမ်းနေစရာမလိုပါဘူး၊ ရဟန်းဂေါတမဟာ လူတွေ, နတ်တွေထက်လဲ မြတ်တော်မူပါတယ်"။

"အရှင်ဝစ္ဆာယန ! ဘယ်အကျိုးအာနိသင်တွေကို (ဘယ်အကြောင်းထူးတွေကို) မြင်လို့ ရဟန်းဂေါတမအပေါ်မှာ အခုလို သိပ်ကြည်ညိုနေရတာလဲ ?"။

"ဉာဏ်ခြေရာ ၄-ခုကို တွေ့ရလို့ပါပဲ"။

"ဘယ်လို ဉာဏ်ခြေရာတွေကို တွေ့ရပါသလဲ ?"။

၁။ ဒကာကြီးအယူဝါဒရေးရာမှာ အင်မတန်ထက်မြက်တဲ့ အချို့မင်းပညာရှိတွေဟာ [ရဟန်းဂေါတမအပေါ်မှာ 'အပြစ်တင်ရအောင်'လို့ ပြဿနာအမျိုးမျိုးကို စီရင်ပြီး ရောက်လာတတ်ကြပါတယ်၊ အဲဒီ မင်းပညာရှိတွေဟာ ရဟန်းဂေါတမရဲ့တရားကို ကြားနာရတဲ့အခါမှာ တရားကျင့်ဖို့ရန်သာ စိတ်အားထက်သန်လာကြပါတယ်၊ ရွှင်လန်း အားတက်လာကြပါတယ်၊ ဒီတော့ ရဟန်းဂေါတမကို ပြဿနာတောင်မှ မမေးကြတော့ပါဘူး၊ အပြစ်တင်ဖို့ဆိုတာကတော့ ဝေးပါသေးရဲ့၊] အမှန်ကတော့ ရဟန်းဂေါတမရဲ့ တပည့်တွေသာ ဖြစ်ကုန်ပါတော့တယ်၊ (ဒါဟာ ပထမဉာဏ်ခြေရာပါပဲ။)

၂။ အယူဝါဒရေးရာမှာ အင်မတန် ထက်မြက်ကြတဲ့ အချို့ပုဏ္ဏားပညာရှိတွေဟာ [-----] အမှန်ကတော့ ရဟန်းဂေါတမရဲ့ တပည့်တွေသာ ဖြစ်ကုန်ပါတော့တယ်၊ (ဒါဟာ ဒုတိယဉာဏ်ခြေရာပါပဲ။)

၃။ အယူဝါဒရေးရာမှာ အင်မတန် ထက်မြက်ကြတဲ့ အချို့အိမ်နေသူလူပညာရှိတွေဟာ [-----] အမှန်ကတော့ ရဟန်းဂေါတမရဲ့ တပည့်တွေသာ ဖြစ်ကုန်ပါတော့တယ်၊ (ဒါဟာ တတိယဉာဏ်ခြေရာပါပဲ။)

http://www.dhammadownload.com

၄။ အယူဝါဒရေးရာမှာ အင်မတန် ထက်မြက်ကြတဲ့ အချို့[သာသနာ့ပြင်ပ] ရဟန်းပညာရှိတွေဟာ [ရဟန်းဂေါတမအပေါ်မှာ 'အပြစ်တင်ရအောင်'လို့ ပြဿနာအမျိုးမျိုးကို စီရင်ပြီး ရောက်လာတတ်ကြပါတယ်၊ အဲဒီ ရဟန်း ပညာရှိတွေဟာ ရဟန်းဂေါတမရဲ့တရားကို နာကြားရတဲ့ အခါမှာ တရား ကျင့်ဖို့ရန်သာ စိတ်အားထက်သန်လာကြပါတယ်၊ ရွှင်လန်းအားတက် လာကြပါတယ်၊ ဒီတော့ ရဟန်းဂေါတမကို ပြဿနာတောင်မှ မမေးကြ တော့ပါဘူး၊ အပြစ်တင်ဖို့ဆိုတာကတော့ ဝေးပါသေးရဲ့၊] အမှန်ကတော့ ရဟန်းဂေါတမဆီမှာ ရဟန်းပြုခွင့်သာ တောင်းကြပါတော့တယ်၊ ရဟန်း ဂေါတမကလဲပဲ သူတို့ကို ရဟန်းပြုပေးလိုက်ပါတယ်၊ သူတို့တစ်တွေဟာ လဲပဲ ဆိတ်ငြိမ်ရာကို ကပ်ရောက်ပြီး တရားအားထုတ်ကြပါတယ်၊ အရ ဟတ္တဖိုလ်ထိအောင် ရသွားကြပါတယ်၊ ရဟန္တာဖြစ်သွားကြပါတယ်။

အဲဒီပုဂ္ဂိုလ်တွေကပဲ "တို့ဟာ ဆုံးရှုံးပျက်စီးဖို့ နည်းနည်းလေးသာ လိုတော့တယ်၊ အမှန်ကတော့ တို့တစ်တွေဟာ ရှေးတုန်းက သမဏ မဟုတ်ဘဲ သမဏလို့ ဝန်ခံခဲ့ကြတယ်၊ ဗြာဟ္မဏမဟုတ်ဘဲ ဗြာဟ္မဏလို့ ဝန်ခံခဲ့ကြတယ်၊ ရဟန္တာမဟုတ်ဘဲ ရဟန္တာလို့ ဝန်ခံခဲ့ကြတယ်၊ တို့ တစ်တွေဟာ အခုမှသာ သမဏအစစ် ဖြစ်ကြပါတယ်၊ ဗြာဟ္မဏအစစ် ဖြစ်ကြပါတယ်၊ ရဟန္တာအစစ် ဖြစ်ကြပါတယ်"၊ ဒီလိုလဲ ဝန်ခံပြောဆိုကြ ပါသေးတယ်၊ (ဒါဟာ စတုတ္ထဉာဏ်ခြေရာပါပဲ။)

ဒကာကြီး "ဆုင်တောမှာ နေလေ့ရှိပြီး ဆင်အရာမှာ လိမ္မာကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ဟာ အလျားရှည်ပြီး အနံကျယ်ပြန့်တဲ့ ဆင်ခြေရာကြီးကို တွေ့ရတဲ့ အခါ ဒီဆင်ဟာ ဆင်ကြီးပါပဲ"လို့ ဆုံးဖြတ်နိုင်ပါတယ်။

အဲဒီအတိုင်းပါပဲ ကျွန်ုပ်ဟာလဲ ရဟန်းဂေါတမရဲ့ ဒီဉာဏ်ခြေရာကြီး ၄-ခုကို မြင်ရတဲ့ အခါကစပြီး "မြတ်စွာဘုရားဟာ တရားဥသုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူတဲ့ ဘုရားပါပဲ၊ တရားတော်ဟာလဲ ဘုရားက ကောင်းစွာ ဟောထားတဲ့ တရားပါပဲ၊ ဘုရား၏ တပည့်သံဃာတော်ဟာ လဲပဲ ကောင်းစွာ ကျင့်တဲ့ သံဃာပါပဲ"၊ ဒီလို ဆုံးဖြတ်နိုင်ခဲ့ပါတယ်။

ဒီ လိုပြောလိုက်တဲ့ ပိလောတိကာပရဗိုဇ်ရဲ့စကားကို ကြားရတဲ့အခါ ဇာဏုဿောဏိပုဏ္ဏားဟာ မြင်းလှည်းပေါ်က ဆင်းပါတယ်၊ ပြီးတော့ လက်ဝဲဘက်ပခုံးမှာ ကိုယ်ဝတ်ကို တင်လိုက်ပါတယ်၊ မြတ်စွာဘုရား ရှိရာဘက်ကို လက်အုပ်ချီပြီး-

http://www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"–
လို့ ၃–ကြိမ် ဥဒါန်းကျူးပါတယ်။

ကိုင်း–ဇာဏုသောဏိပုဏ္ဏား အကြောင်းပြီးတော့ ကောသလမင်း အကြောင်းကို ဆက်ကြအုံးစို့ရဲ့။

၃။ ကောသလမင်း[၁]

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ တစ်နေ့မှာ မျက်စိမျက်နှာ မကြည်မသာနဲ့ ဒကာတစ်ယောက် ဘုရားဆီကို ချဉ်းကပ်ရောက်လာပါတယ်၊ သားသေလို့ ပူဆွေးငိုကြွေးနေရတဲ့ အကြောင်းကို လျှောက်ထားပါတယ်။

ဒီတော့ ဘုရားရှင်က "ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ, အပြင်းအထန် ပင်ပန်းရတာတွေဟာ အချစ်ကြောင့် ဖြစ်ရတာပဲ၊ အချစ်က စလာတာပဲ"လို့ မိန့်ကြားတော်မူပါတယ်။

ဒီတော့ ဒကာက "ဘယ်ဟုတ်ပါ့မလဲဘုရား၊ နှစ်သက်တာ, ဝမ်းသာတာတွေကသာ အချစ်ကြောင့် ဖြစ်ရမှာပါ၊ အချစ်က စလာရမှာပါ"လို့ ဘုရားရှင့် စကားကို ကန့်ကွက်ပြောဆိုပြီး နေရာကထသွားပါတယ်။

ဒကာက ဒီအကြောင်းကို ဒီအနားမှာ ရှိနေကြတဲ့ သူ့မိတ်ဆွေ ကစားသမားတွေကို ပြောပြပါတယ်၊ "ဒါဟာ ဒီအတိုင်း (အမှန်ပဲ)ပေါ့ မိတ်ဆွေရဲ့၊ နှစ်သက်တာ, ဝမ်းသာတာတွေကသာ အချစ်ကြောင့် ဖြစ်ရမှာပါ၊ အချစ်က စလာရမှာပါ"၊ ဒီလို သူ့ဝါဒကို ထောက်ခံကြပါတယ်။

ဒီစကားဟာ အဆင့်ဆင့်ကျယ်ပြန့်လာပါတယ်၊ ကောသလမင်းကြီးရဲ့ နန်းတော်တွင်းထိအောင် ရောက်သွားပါတယ်၊ ဒီတော့ ကောသလမင်းကြီးက မလ္လိကာမိဖုရားကို ပြောဆိုပါတယ်။

"နှမတော်! နှမတော်ရဲ့ဆရာဖြစ်တဲ့ ရဟန်းဂေါတမက 'ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ, အပြင်းအထန်ပင်ပန်းရတာတွေဟာ အချစ်ကြောင့် ဖြစ်ရတယ်၊ အချစ်က စလာတယ်'လို့ ဟောနေတယ်ဆိုပါကလား"။

အရှင်မင်းမြတ်! တကယ်လို့သာ ဘုရားရှင်က ဒီအတိုင်း ဟောခဲ့ပါရင် ဒါဟာ ဒီအတိုင်း (အမှန်)ပဲပေါ့၊ 'ဘုရားဟောစကား လွဲမှားတယ်'လို့ဘယ်ရှိမလဲ"။

၁။ မဇ်ဈိမ–ဋီ၊ ၃၀၉။

http://www.dhammadownload.com

မလ္လိကာမိဖုရား၏စကားကို ကြားရသည့်အခါ ကောသလမင်းကြီးက သဘောမကျ လှဘူး၊ စိတ်ဆိုးအမျက်ထွက်လာပါတော့တယ်။

"တပည့်ကလေးတစ်ယောက်ဟာ ဆရာက ပြောသမျှစကားကို အမှန်ချည်းပဲလို့ ဝမ်းမြောက်ဝမ်းသာ လက်ခံသလို မလ္လိကာ ! နင်လဲပဲ ရဟန်းဂေါတမ ပြောသမျှ, ဆိုသမျှစကားကို 'ဒါဟာ ဒီအတိုင်း (အမှန်)ပဲပေါ့'လို့ ဝမ်းမြောက်ဝမ်းသာ လက်ခံနေတာပဲ၊ မလ္လိကာ ! နင်ဟာ သိပ်မုန်းစရာ ကောင်းတာပဲ၊ သွားတော့ နင်ဟာ ပျက်စီးနေပြီ"။

ဒီလိုပြောဆို အော်ငေါက်နေပါတယ်။

မလ္လိကာမိဖုရားက နာဋ္ဌိဇဃ်ပုဏ္ဏားကို ခေါ်ပြီး မြတ်စွာဘုရားအား ဒီအကြောင်းကို လျှောက်ထားခိုင်းပါတယ်၊ "မြတ်စွာဘုရား ပြန်လည်အမိန့်ရှိသမျှကို မှတ်သားလာခဲ့ပါ"လို့လဲ မှာကြားလိုက်ပါတယ်၊ မလ္လိကာမိဖုရား မှာလိုက်တဲ့အတိုင်း နာဋ္ဌိဇဃ်ပုဏ္ဏားက ဘုရားရှင်ထံ သွားရောက်လျှောက်ထားပါတယ်။

"ဒါဟာ ဒီအတိုင်း (အမှန်)ပဲပေါ့၊ ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ, သိပ်ပင်ပန်းရတာတွေဟာ အချစ်ကြောင့် ဖြစ်ရတာချည်းပါပဲ၊ အချစ်က စလာတာချည်းပါပဲ"။

ဘုရားရှင်က ဒီလိုဝန်ခံပါတယ်၊ ပြီးတော့ "အချစ်ကစပြီး ဘယ်လိုပူဆွေးမှု အစရှိတဲ့ဟာတွေ ဖြစ်လာရတယ်"ဆိုတာကိုလဲ သာဓကတွေထုတ်ပြီး အကျယ် ဟောပြလိုက်ပါတယ်။

"ပုဏ္ဏား ! ရှေးအခါက သာဝတ္ထိမြို့မှာ နေထိုင်တဲ့အမျိုးသမီး တစ်ယောက်မှာ အမေသေဆုံးသွားပါတယ်၊ အဲဒီအမျိုးသမီးဟာ အမေသေဆုံးတဲ့အတွက် အတော်စိတ်ထိခိုက်သွားပါတယ်၊ ရူးသွပ်သွားပါတယ်၊ 'ကျွန်မအမေကို တွေ့လိုက်ကြပါသလား၊ ကျွန်မအမေကို တွေ့လိုက်ကြပါသလား ?' ဆိုပြီး တစ်လမ်းထွက် တစ်လမ်းဝင် လှည့်ပတ်သွားလာ နေပါတော့တယ်၊ ဒီလို ပူဆွေးရတာဟာ ဘာ့ကြောင့်လဲ ?၊ အမေကို ချစ်လွန်းတဲ့ အချစ်ကြောင့်ပဲ မဟုတ်လား ?၊ ဒီတော့ 'ပူဆွေးရခြင်းရဲ့ အစဟာ အချစ်ဖြစ်တယ်'ဆိုတာ မထင်ရှားဘူးလား ?"။

ဒီလိုလဲ မိန့်တော်မူပါတယ်၊ ပြီးတော့ အဖေသေလို့ ရူးသွားသူ, အစ်ကိုသေလို့ ရူးသွားသူ, နှမသေလို့ ရူးသွားသူ, သားသေလို့ ရူးသွားသူ, သမီးသေလို့ ရူးသွားသူ, မယားသေလို့ ရူးသွားသူတွေဟာလဲပဲ အချစ်ကြောင့်ပဲ ပူဆွေးရတဲ့အကြောင်း, ပူဆွေးမှုဟာ အချစ်ကပဲ စလာတဲ့အကြောင်းတွေကိုလဲ ဟောပြလိုက်ပါသေးတယ်။

http://www.dhammadownload.com

နာဠိဖေယ်ပုဏ္ဏားကလဲပဲ ဘုရားရှင် အမိန့်ရှိသမျှကို မှတ်သားလာခဲ့ပါတယ်၊ မလွိကာမိဖုရားကို အကုန်လုံး ပြန်ပြောပြပါတယ်၊ ဒီတော့ မလွိကာမိဖုရားက ကောသလမင်းကြီးဆီသွားပြီး ပရိယာယ်နဲ့ နားလည်အောင် ရှင်းပြပါတယ်။

"အရှင်မင်းမြတ် ! ဝဖိရိမင်းသမီးကလေးကို အရှင်မင်းမြတ် ချစ်ရဲ့လား ?"။

"ချစ်တာပေါ့ကွာ၊ ဘယ့်နယ်ပြောပါလိမ့်၊ ဝဖိရိဟာ ငါ့သမီးကလေးပဲ မဟုတ်လား ?"။

"ဒါဖြင့် တကယ်လို့သာ ဝဖိရိသမီးတော်ကလေး တစ်စုံတစ်ရာ ဖြစ်သွားရင်, သေဆုံးသွားရင် အရှင်မင်းကြီးမှာ ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ, သိပ်ပင်ပန်းတာတွေ ဖြစ်အုံးမှာလား ?"။

"ဟော့–မလွိကာ မင်းဘယ့်နယ်ပြောလိုက်တာတုန်း၊ ဝဖိရိသမီးတော်ကလေး တစ်စုံတစ်ရာဖြစ်သွားရင် ငါ့အသက်တောင် ဆုံးချင်ဆုံးသွားမှာကွာ၊ ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ, သိပ်ပင်ပန်းတာတွေလောက်တော့ ဘယ်မဖြစ်ဘဲ နေမှာလဲ"။

"အရှင်မင်းမြတ် ! ဘုရားရှင်က ဒါကို ရည်ရွယ်ပြီး 'ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ, သိပ်ပင်ပန်းတာတွေဟာ အချစ်ကြောင့် ဖြစ်တယ်၊ အချစ်က စတယ်'လို့ မိန့်တော်မူတာ ဖြစ်ပါတယ်"။

ထို့နောက် မလွိကာမိဖုရားက တစ်ဖက်ကို လှည့်မေးပြန်ပါတယ်။

"ဝါသဘခတ္တိယာကိုကော အရှင်မင်းမြတ် ချစ်ရဲ့လား ?"။

"မချစ်ပဲ နေပါ့မလားကွာ၊ ငါ့မိဖုရားပဲဟာ"။

"ဝိဋဋဗျူပစစ်သူကြီးကိုကော ချစ်တယ်မဟုတ်လား ?"။

"ချစ်တာပေါ့၊ ငါ့စစ်သူကြီးပဲမဟုတ်လား ?"။

"ကျွန်မကိုကော ချစ်ရဲ့လား ?"။

"ချစ်တာပေါ့ကွာ၊ ကိုယ့်မိဖုရားကြီးပဲဟာ၊ မချစ်ဘဲနေပါ့မလား ?"။

"ကာသိတိုင်း, ကောသလတိုင်းကိုကော ချစ်တယ်မဟုတ်လား ?"။

"ချစ်တာပေါ့ကွာ၊ တို့တစ်တွေဟာ အဲဒီတိုင်းတွေက ထွက်တဲ့အခွန်အတုတ်တွေကို သုံးစွဲနေကြရတာပဲ၊ ဘယ်မချစ်ဘဲ နေပါ့မလဲ"။

"ဒါဖြင့် ဝါသဘခတ္တိယာရယ်, ဝိဋဋဗျူပစစ်သူကြီးရယ်, ကျွန်မရယ်, ကာသိတိုင်း ကောသလတိုင်းရယ် ဒါတွေထဲက တစ်ခုခု ပျက်စီးသွားရင်

http://www.dhammadownload.com

အရှင်မင်းမြတ်မှာ ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ, သိပ်ပင်ပန်းတာတွေ ဖြစ်အုံးမှာလား ?"။

"ဟာ ဘယ်မဖြစ်ဘဲ နေမလဲ၊ ဖြစ်မှာပေါ့ကွာ"။

"အရှင်မင်းမြတ် ! ဘုရားရှင်က ဒါကို ရည်ရွယ်ပြီး 'ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ, သိပ်ပင်ပန်းတာတွေဟာ အချစ်ကြောင့် ဖြစ်တယ်၊ အချစ်က စတယ်'လို့ မိန့်တော်မူတာဖြစ်ပါတယ်"။

"ဟော့–မလွိကာ ! တော်တော့၊ ရှေ့ကို မဆက်နဲ့တော့၊ ငါ နားလည်ပြီ၊ သိပ်အံ့သြစရာကောင်းတာပဲ၊ သိပ်ထူးဆန်းတာပဲ၊ မြတ်စွာဘုရားဟာ ပညာနဲ့ ထိုးထွင်းပြီး သိပ်မြင်တော်မူတာပဲ၊ ခပ်မြန်မြန် လာခဲ့စမ်းပါအုံး၊ လုပ်ဆေးရေလေး ယူခဲ့စမ်းပါအုံး"။

ကောသလမင်းကြီးဟာ ဒီလို ပြောဆိုပြီး ပါးစပ်ကို ဆေးကြောသုတ်သင်ပါတယ်၊ နေရာကထပြီး လက်ဝဲတစ်ဖက် ပခုံးထက်မှာ ကိုယ်ဝတ်ကို စံပယ်တင်ပါတယ်၊ ဘုရားရှိရာဘက်ကို လက်အုပ်ချီပြီး–

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"–

လို့ ၃–ကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်ပါတယ်။

နမော တဿနဲ့ ဥဒါန်းကျူးကြတဲ့ ပုဂ္ဂိုလ် ၇–ဦးထဲက "ဗြဟ္မာယု, ဇာဏုဿော, ကောသလာ"ဆိုတဲ့အရ ပုဂ္ဂိုလ် ၃–ဦးအကြောင်း ပြောပြီးသွားပါပြီ၊ "ဓနဉ္ဇာနီယာ မငယ်"ဆိုတဲ့အတိုင်း ဓနဉ္ဇာနီအရိယာမအလှည့် ရောက်လာပြီပေါ့၊ ဒီဒကာမဟာ တယ်တော်တယ်၊ တယ်နည်းယူစရာ ကောင်းတယ်၊ အတုခိုးစရာ ကောင်းတယ်။

၄။ ဓနဉ္ဇာနီ[၁]

မြတ်စွာဘုရား ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီအချိန်မှာ ဘာရဒ္ဝါဇ+ဓနဉ္ဇာနီဆိုတဲ့ ပုဏ္ဏားဇနီးမောင်နှံ ၂–ယောက် ရှိနေပါတယ်၊ ဘာရဒ္ဝါဇပုဏ္ဏားက ဗြာဟ္မဏအယူကို ယူသူဖြစ်ပါတယ်၊ "ဘုရား, တရား, သံဃာ"ဆိုတဲ့ စကားကို သူ့အနားမှာ ပြောလာလို့ရှိရင် နားကို ပိတ်ထားပါတယ်၊ ဒီလောက်အစွဲအလမ်း ပြင်းထန်တဲ့သူပါပဲ၊ ဓနဉ္ဇာနီကတော့ သောတာပန် အရိယာမဖြစ်ပါတယ်၊ ဘုရား, တရား, သံဃာကို အင်မတန် ကြည်ညိုလေးစားပါတယ်၊ "အသွင်မတူဘဲ အိမ်သူဖြစ်နေရတယ်ပဲ" ဆိုပါတော့။

ဘာရဒ္ဝါဇပုဏ္ဏားက အလှူအတန်းလုပ်လို့ရှိရင် ပုဏ္ဏား ၅–ရာကို ပင့်ဖိတ်ပြီး

၁။ သံ–ပါ–၁၊ ၁၆၂။ ဋ၊ ၂၀၇။ မဇ္ဈိမ–ပါ၊ ၄၂၄။ ဋ၊ ၃၀၇။

http://www.dhammadownload.com

နို့ထမင်းကို ပေးလှူတတ်ပါတယ်၊ ဓနဉ္ဇာနီပုဏ္ဏားမကတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို ပင့်ဖိတ်ပြီး ရသာစုံဆွမ်းကို ကပ်လှူတတ်ပါတယ်။

"နို့ရည်, ဒိန်(နို့ချဉ်), ထောပတ်, ရက်တက်, မသကာ" ဆိုတဲ့ နွားနို့အရသာ ၅-မျိုးနဲ့ စီမံချက်ပြုတ်ထားတဲ့ ဆွမ်းမျိုးကို "နို့ဆွမ်း(နို့ထမင်း)" လို့ ခေါ်ပါတယ်၊ "ပဲဟင်း, ဟင်းလျာ, ဟင်းသီးဟင်းရွက်ဟင်း" အစရှိတာတွေနဲ့ စီမံထားတဲ့ ဆွမ်းမျိုးကိုတော့ "ရသာစုံဆွမ်း" လို့ခေါ်ပါတယ်၊ ဒါဟာ ပုဏ္ဏားတွေရဲ့ အစားအစာ ၂-မျိုးပါပဲ။[၁]

ပုဏ္ဏားက အလှူအတန်းလုပ်တဲ့နေ့မှာ ပုဏ္ဏေးမက ကိုယ်ထိလက်ရောက် လုပ်ကျွေးပြုစုပါတယ်၊ ဒီလို လုပ်နိုင်တာဟာလဲပဲ လင့်အလိုကို လိုက်လိုတဲ့အတွက်, နှမြောတွန့်တိုမှု မရှိတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်၊ ပုဏ္ဏေးမ အလှူအတန်းလုပ်တဲ့နေ့ကျတော့ ပုဏ္ဏားက စောစောစီးစီး အိမ်ကထွက်ပြေးပါတော့တယ်။

တစ်နေ့ကျတော့ ပုဏ္ဏားက ပုဏ္ဏေးမကို မတိုင်ပင်ဘဲ ပုဏ္ဏား ၅-ရာကို ထမင်းစား ဖိတ်ထားပါတယ်၊ နောက်မှ ပုဏ္ဏေးမကို ပြောပါတယ်။

"ရှင်မရေ ! နက်ဖြန်ခါ ပုဏ္ဏား ၅-ရာ တို့အိမ်မှာ ထမင်းသုံးဆောင် လာကြလိမ့်မယ်"။

"ဒါဖြင့် ကျွန်မ ဘာလုပ်ပေးရမှာလဲရှင် ?"။

"အခြား လုပ်စရာရယ်လို့တော့ မယ်မယ်ရရ မရှိတော့ပါဘူးကွာ၊ ချက်ရေးပြုတ်ရေး လုပ်ကျွေးတာကို အခြားလူတွေက လုပ်ကြပါလိမ့်မယ်၊ မင်းကတော့ 'ရပ်လို့ရှိရင်လဲ နမော ဗုဒ္ဓဿ, ထိုင်လို့ရှိရင်လဲ နမော ဗုဒ္ဓဿ, ချေ(ဆတ်)လို့ရှိရင်လဲ နမော ဗုဒ္ဓဿ, ချောင်းဆိုးလို့ရှိရင်လဲ နမော ဗုဒ္ဓဿ' ဆိုပြီး ရဟန်းကတုံးကြီးကို ရှိခိုးတတ်ပါတယ်၊ ဒါလေးကိုတော့ နက်ဖြန်တစ်နေ့လောက် မလုပ်စမ်းပါနဲ့၊ ဒီအသံမျိုးကို ကြားရလို့ရှိရင် ပုဏ္ဏားတွေက စိတ်မချမ်းမသာဖြစ်တတ်ပါတယ်၊ ကျုပ်ကို ပုဏ္ဏားတွေနဲ့ ကွဲပြားအောင် မလုပ်ပါနဲ့"။

"ရှင်တို့က ပုဏ္ဏားတွေနဲ့မကလို့ နတ်တွေနဲ့ပါ ကွဲချင်ကွဲပေါ့၊ ကျွန်မကတော့ မြတ်စွာဘုရား၏ ဂုဏ်တော်ကို အောက်မေ့မိလို့ရှိရင် ရှိမခိုးဘဲ နေကို မနေနိုင်ပါဘူးရှင်"။

"ရှင်မရေ ! အိမ်ခြေတစ်ရာရှိတဲ့ရွာမှာ ရွာတံခါးကိုတောင်မှ ပိတ်နိုင်ကြသေးတာပဲ၊ လက် ၂-ချောင်းကလေးလောက်နဲ့ ပိတ်ရမဲ့ မင့်ပါးစပ်ကလေးကို

၁။ (ဦး၊ ၂၅၄။)

http://www.dhammadownload.com

ပုဏ္ဏားတွေကို ကျေးမွေးဧည့်ခံနေတဲ့ ခဏကလေးလောက်မှ မပိတ်နိုင်ဘူးလား ?"။

ဒီလို ထပ်ဖန်တစ်လဲလဲ တောင်းပန်ပြောဆိုပေမဲ့ "နမော ဗုဒ္ဓဿကို မဆိုဘဲ နေပါ့မယ်" လို့ ဓနဥ္ဇာနီပုဏ္ဏေးမက ဝန်မခံပါဘူး၊ ဘယ်လို တားပေမဲ့ ရမယ်မဟုတ်ဘူးလို့ သိရတဲ့အခါ ပုဏ္ဏားက ခေါင်းရင်းမှာထားတဲ့ ဓားကိုဆွဲယူလိုက်ပါတယ်။

"ဟေ့ ! တကယ်လို့သာ နက်ဖြန်ခါ ပုဏ္ဏားတွေ ရှိနေတုန်း အဲဒီရဟန်းကတုံးကြီးကို ရှိခိုးရင် မျှစ်ကို နုတ်နုတ်စဉ်းသလို ဒီဓားနဲ့ ခြေဖျားကစပြီး ဆံဖျားထိအောင် မင်းကိုလဲ နုတ်နုတ်စဉ်းပြီး စုပုံထားလိုက်မယ်"။

ဒီလို ကြိမ်းမောင်းခြိမ်းခြောက်ပါတော့တယ်၊ ဘယ်လိုပဲပြောပြော, ဘယ်လိုပဲ လုပ်လုပ် ဓနဥ္ဇာနီကတော့ မြေကြီးနဲ့သာ အလားတူပါတော့တယ်၊ ဘာမှ တုန်လှုပ် ချောက်ချားမှု မရှိတော့ပါ၊ မြင်းမိုရ်တောင်ကြီးနဲ့လဲ တူပါတယ်၊ ဘာမှ ဗလောင်းဗလဲ ပြောင်းလဲမှု မရှိတော့ပါ။

ဒါ့ကြောင့်–

"ပုဏ္ဏား ! ရှင်က ကျုပ်ရဲ့ အင်္ဂါကြီးငယ်တွေကို တကယ်ပဲ ဖြတ်ချင်ဖြတ်ပါတော့၊ ဘုရားမြတ်ရဲ့ အဆုံးအမကိုတော့ ကျွန်မက ဘယ်နည်းနဲ့မှ မစွန့်ပယ်နိုင်ပါဘူး၊ ကျွန်မဟာ ဥက္ကာကရာဇ် နွယ်တော်စစ်ဖြစ်တဲ့ မြတ်ဘုရားကို မရှောင်ကွင်း မဆန့်ကျင်နိုင်ပါဘူး၊ ကျွန်မဟာ မြတ်စွာဘုရားရဲ့ သမီးတော်ပါပဲ၊ ရှင်က ကျွန်မကို ဖြတ်ချင်လဲဖြတ်၊ သတ်ချင်လဲ သတ်ပေါ့ ရှင်ရယ်"။

ဒီလို ဓနဥ္ဇာနီက ရင်ကော့ပြီး ရဲရဲတောက် ကြုံးဝါးပြောဆိုပါတော့တယ်၊ ပုဏ္ဏားက ရိုက်မှာ, ခုတ်မှာကို မပြောနဲ့ လက်ဖျားနဲ့တောင် မထိရဲပါဘူး။

"ဒါဖြင့်ကွာ မင့်သဘောပါပဲ၊ မင်းကြိုက်သလိုသာ လုပ်တော့"–

ဆိုပြီး ဓားကို အိပ်ရာပေါ် ပစ်တင်လိုက်ပါတယ်၊ ပုဏ္ဏားက လက်နက်ချရပြီပေါ့၊ ရတနာ ၃–ပါးကို ဆည်းကပ်ကိုးကွယ်တဲ့ နေရာမှာ တယ်အားကျနည်းယူစရာကောင်းတဲ့ ဒကာမပါပဲ။

နောက်တစ်နေ့မှာ ပုဏ္ဏား ၅–ရာတို့အား ကျေးမွေးဧည့်ခံမှုကို ပြုပါတယ်၊ ဓနဥ္ဇာနီကလဲပဲ ဝတ်စားဆင်ယင်ပြီး ထမင်းချက်ရုံမှာ ပုဏ္ဏားတွေကို ပြုစုလုပ်ကျွေးနေရင်း သူတို့နဲ့ တစ်တန်းတည်းမှာ ထိုင်နေတဲ့ လင်ဖြစ်သူ ဘာရဒွါဇအတွက် ထမင်းခွက်ကလေးကို ယူလာပါတယ်၊ သစ်ပိုင်းကလေးတစ်ခုကို ခလုတ်တိုက်

http://www.dhammadownload.com

မိတော့ ချော်လဲသွားပါတယ်၊ ထိခိုက်မိတာနဲ့ အတော်ကလေး နာသွားပါတယ်၊ အဲဒီအချိန်မှာ မြတ်စွာဘုရားကို အမှတ်ရလာပါတယ်၊ သတိက ရှိနေလေတော့ နို့ထမင်းခွက်ကို လွှတ်မပစ်ဘဲ ဖြေးဖြေးနေးနေး မြေကြီးပေါ်မှာ ချလိုက်ပါတယ်၊ ပုဏ္ဏား ၅-ရာတွေရဲ့ အလယ်မှာပဲ ခေါင်းပေါ်မှာ လက်အုပ်ကလေး တင်ထားလိုက်ပါတယ်၊ ဝေဠုဝန်ကျောင်းတော် ရှိရာဘက်သို့ လက်အုပ်ကို ညွှတ်စေပြီး-

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"-

ဒီလို ဥဒါန်း ၃-ကြိမ် ကျူးလိုက်ပါတယ်၊ ဒီအသံကို ကြားရတော့ ကျီးကို လေးနဲ့ ခြောက်လိုက်သလို ပုဏ္ဏားတွေလဲ အကုန်လုံး ထွက်ပြေးကုန်ပါရော။

ဓနဉ္ဇာနီအကြောင်း ပြီးသွားတော့ ဘယ်သူ့အလှည့် ရောက်လာသလဲ၊ "ဓနဉ္ဇာရိယာမငယ်, သက္ကရာဇာ"လို့ ဆိုခဲ့တဲ့အတိုင်း သိကြားမင်းအလှည့် ရောက်လာပြီပေါ့၊ ဒီတော့ သိကြားမင်းအကြောင်းကို ဆက်ကြအုံးစို့ရဲ့။

၅။ သိကြားမင်း[၁]

တစ်ချိန်က မြတ်စွာဘုရားဟာ မဂဓတိုင်း ရာဇဂြိုဟ်မြို့ရဲ့အရှေ့ဘက် အမွှသဏ္ဍာမည်တဲ့ ပုဏ္ဏားရွာရဲ့ မြောက်အရပ် ဝေဒိယကတောင် ဣန္ဒသာလဂုမှာ သီတင်းသုံးနေတော်မူပါတယ်၊ "ဣန္ဒသာလဂု"ဆိုတာက အဲဒီဂုရဲ့ အဝင်ဝမှာ နံပဲပင်ရှိနေတဲ့အတွက် ခေါ်ဝေါ်နေကြတဲ့ အမည်ဖြစ်ပါတယ်။

အဲဒီအချိန်မှာ သိကြားမင်းဟာ ဘုရားရှင်ကို သိပ်ဖူးမြင်လိုပါတယ်၊ ဘုရားဖူးလိုတဲ့ အာသာဆန္ဒက သူ့မှာ သိပ်ပြင်းထန်နေပါတယ်၊ ဒါနဲ့ ပဉ္စသိခနတ်သားကို ရှေ့ဆောင်ပြုပြီး တာဝတိံသာနတ်တွေနဲ့အတူ ဝေဒိယကတောင်ကို ရောက်လာပါတယ်၊ မြတ်စွာဘုရားကို ခွင့်ပန်ရအောင် ပဉ္စသိခနတ်သားကို အရင်လွှတ်လိုက်ပါတယ်၊ မြတ်စွာဘုရားရဲ့ ခွင့်ပြုချက်ကို ရတဲ့အခါ သိကြားမင်းက ဣန္ဒသာလဂုကို ဝင်ရောက်လာပါတယ်၊ ဘုရားကိုရှိခိုးပြီး သင့်တော်ရာက နေပါတယ်၊ တာဝတိံသာနတ်တွေနဲ့ ပဉ္စသိခနတ်သားလဲပဲ ဘုရားကို ရှိခိုးပြီး သင့်တော်ရာက နေကြပါတယ်။

သိကြားမင်းက မိမိသိလိုတာတွေကို ဘုရားရှင်အား မေးမြန်းလျှောက်ထားပါတယ်၊ ဘုရားရှင်ကလဲ မေးသမျှကို ရှင်းလင်းပြတ်သား မိန့်ကြားဖြေဆိုတော်မူပါတယ်၊ သိကြားမင်းက နှစ်သက်ကျေနပ်မှု အပြည့်အဝ ရရှိသွားပါတယ်။

"ရှင်တော်မြတ်ဘုရား တပည့်တော်တို့ဟာ ရှေးအခါတုန်းကတော့ နတ်တွေနဲ့အတူ သနင်္ကုမာရဗြဟ္မာမင်းကြီးကို ရှိခိုးခဲ့ကြပါတယ်၊ ယခုအချိန်က

၁။ သုတ်မဟာဝါ-ပါ၊ ၂၁၁။

http://www.dhammadownload.com

စပြီး ရှင်တော်မြတ်ဘုရားအား ရှိခိုးခွင့် ပေးသနားတော်မူပါ၊ ရှင်တော်မြတ်ဘုရားကသာ တရားအကုန်လုံးကို သိမြင်တော်မူတဲ့ ဗုဒ္ဓအစစ် ဖြစ်တော်မူပါတယ်၊ ရှင်တော်မြတ်ဘုရားကသာ အတုမရှိမြတ်တော်မူတဲ့ ဆရာဖြစ်တော်မူပါတယ်၊ နတ်နဲ့တကွဖြစ်တဲ့ လောကမှာ (လူ့လောက, နတ်လောကမှာ) ရှင်တော်မြတ်ဘုရားနဲ့ တူတဲ့ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မှ ရှိတော်မမူ ပါဘုရား"။

ဒီလိုလဲ ဘုရားရှင်ကို နိဂုံးချုပ်အနေနဲ့ လျှောက်ထားပါတယ်၊ ပြီးတော့ ပဉ္စသိခနတ်သားကို ခေါ်ပြီး အမိန့်ရှိပြန်ပါတယ်။

"အမောင်ပဉ္စသိခ ! သင်ဟာ ငါ့အတွက် ကျေးဇူးများလှပေတယ်၊ သင်က မြတ်စွာဘုရားကို အရင်နှစ်သိမ့်စေခဲ့ပါတယ်၊ သင်က နှစ်သိမ့်အောင် လုပ်ပြီးမှ တို့က ဖူးမြော်ချဉ်းကပ်ခွင့် ရကြပါတယ်၊ သင့်ကို အဖရာထူးမှာ ခန့်ထားပါ့မယ်၊ သင်ဟာ ဂန္ဓဗ္ဗနတ်မင်းကြီး ဖြစ်ရပေတော့မယ်၊ သင်က ငမ်းငမ်းတက် လိုချင်စွဖက်နေတဲ့ သူရိယဝစ္ဆသာ နတ်သမီးကိုလဲ သင့်အား ပေးပါ့မယ်"။

ပဉ္စသိခနတ်သားအား ဒီလို ကတိပေးပြီးတဲ့နောက် မြေကြီးကို လက်နဲ့ ပုတ်ပြီးတော့–

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ဒီလို ဥဒါန်း ၃–ကြိမ်ကျူးပါတယ်၊ ဒီ တော့ တို့ကလဲ မြန်မာလို ဥဒါန်းကျူးကြည့်ကြရအောင်၊ အကုန်လုံး လိုက်ဆိုကြစမ်းပါ–

လူနတ်များရဲ့–ပူဇော်ခံ၊
ကိုယ်တိုင်မှန်သိ–လေးသစ္စံ၊
ဘုန်းကံကြီးတဲ့ ဘုရားအား၊
ရိုသေလေးမြတ် ဦးညွတ်တွား။

ကိုင်း ကိုင်း– တော်လောက်ပါပြီ၊ သိကြားပြီးသွားတော့ ဘယ်သူ့အလှည့် ရောက်လာပါသလဲ၊ "ဓနဉ္ဇာရိယာမငယ်, သက္ကရာဇာ၊ ကာရဏာ, အာရာမဒဏ္ဍာ" လို့ ဆိုထားတော့ ကာရဏာပါလီ အမတ်ကြီးအလှည့် ရောက်လာပြီပေါ့၊ "သူက ဘာတွေကို ကြည်ညိုပြီး ဒီလိုဥဒါန်းကျူးရတယ်"ဆိုတာကို သိရအောင် သူ့အကြောင်းကိုလဲ ဆက်လိုက်ကြအုံးစို့ရဲ့။

၆။ကာရဏာပါလီ[၁]

ဘုရားရှင်ဟာ ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလာကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီအချိန်မှာ ကာရဏာပါလီပုဏ္ဏားဟာ လစ္ဆဝီမင်းတို့ရဲ့ လုပ်ငန်းကို စီမံနေရပါတယ်။

၁။ အံ–ပါ–၂၊ ၂၀၆။

http://www.dhammadownload.com

ကာရဏပါလီပုဏ္ဏားက ပိဂီယာနီပုဏ္ဏား အဝေးကြီးကလာနေတာကို တွေ့နေရပါတယ်၊ အနီးကို ရောက်လာတဲ့အခါ နှုတ်ခွန်းဆက်သမှုကို ပြုပါတယ်။

"အလို ! မိတ်ဆွေကြီး ပိဂီယာနီပါလား၊ မွန်းတည့်အချိန်ကြီးမှာ ဘယ်က လာပါသလဲ ?"။

"ရဟန်းဂေါတမဆီက လာခဲ့ပါတယ် မိတ်ဆွေ"။

"ရဟန်းဂေါတမရဲ့ ပညာစွမ်းဟာ ဘယ်လိုပါလဲ (သူ့ကို)ပညာရှိလို့ ထင်ပါသလား ?"။

"ကျုပ်လိုလူက ရဟန်းဂေါတမရဲ့ ပညာစွမ်းကို ဘယ်လိုလုပ်ပြီး သိနိုင်မှာတဲ့လဲ ?၊ ရဟန်းဂေါတမလို ပညာထက်မြက်သူကသာ ရဟန်းဂေါတမရဲ့ ပညာစွမ်းကို သိနိုင်မှာပေါ့"။

"မိတ်ဆွေကြီးပိဂီယာနီက ရဟန်းဂေါတမကို သိပ်အထက်တန်းကျတဲ့ ချီးမွမ်းခြင်းမျိုးနဲ့ ချီးမွမ်းနေတာပဲ"။

"မိတ်ဆွေ ! ကျုပ်လိုလူက ရဟန်းဂေါတမကို ဘယ်လိုလုပ်ပြီး ချီးမွမ်းနိုင်မှာတဲ့လဲ ?၊ အဲဒီ ရဟန်းဂေါတမဆိုတာဟာ တကယ့်ကို ချီးမွမ်းထိုက်တဲ့အတွက် ချီးမွမ်းခံရသူသာ ဖြစ်ပါတယ်၊ နတ်တွေ, လူတွေထက်လဲမြင့်မြတ်အထက်တန်းကျတော်မူပါတယ်"။

"မိတ်ဆွေက ဘယ်လိုကောင်းကျိုးတွေကို တွေ့ထားလို့ ရဟန်းဂေါတမအပေါ်မှာ ဒီလောက်ကြည်ညိုနေရပါသလဲ ?"။

"မိတ်ဆွေ ! အရှင်ဂေါတမရဲ့ တရားတော်ကို နာကြားရတဲ့အခါ အခြားသမဏ, ဗြာဟ္မဏတွေရဲ့ အယူဝါဒကို မတောင့်တတော့ပါဘူး၊ နှစ်လို ဝမ်းမြောက်မှုကိုလဲ ရပါတယ်၊ စိတ်ကြည်လင်မှုကိုလဲ ရပါတယ်၊ နှစ်သိမ့်မှုကိုလဲ ရပါတယ်၊ ဝမ်းသာမှုကိုလဲ ရပါတယ်၊ စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, အပြင်း အထန် ပင်ပန်းခြင်းတွေလဲ ချုပ်ပျောက်ခြင်းသို့ ရောက်ရပါတယ်၊ ပူလောင်မှု, ပင်ပန်းမှု, ပူအိုက်မှုအကုန်လုံးတို့ဟာလဲပဲ ငြိမ်းအေးကြရပါတယ်"။

ဒီစကားကို ကြားရတဲ့အခါ ကာရဏပါလီပုဏ္ဏားက နေရာကထပြီး အပေါ် ရုံကို လက်ကတော့တင်လိုက်ပါတယ်၊ ပြီးတော့ လက်ျာဘက်ဒူးကို မြေကြီးပေါ်မှာ ထောက်လိုက်ပါတယ်၊ ဘုရားရှင်ရှိရာဘက်ကို လက်အုပ်ချီပြီး-

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"-

လို့ ၃-ကြိမ် ဥဒါန်းကျူးပါတယ်။

http://www.dhammadownload.com

ဘုန်းကြီးတို့တစ်တွေလဲ ဥဒါန်းကျူးကြည့်ကြရအောင် လိုက်ဆိုကြပါအုံး၊ ဘုန်းကြီးကပဲ ချပေးပါ့မယ်။

လူတွေနှတ်တွေ–ပြားပြားဝပ်လို့၊ ဦးညွတ်ရံခ–ထက်ဝန်းကျင်၊
သစ္စာလေးတန်–မြတ်တရားကို၊ ပိုင်းခြားမြင်သိ–ကိုယ်တိုင်ပင်၊
ဘုန်းတော်ခြောက်စုံ–ဂုဏ်တော်မျိုးတို့၊ စုံပြည့်ဖြိုးတဲ့–ဘုရားရှင်၊
လေးစားရိသေ–လွန်မြတ်နိုးလို့၊ ဝပ်လျှိုးတုပ်ကွ–ရှိဦးတင်။

ပြီးတော့ နောက်ပိတ်ဆုံးဖြစ်မဲ့ အာရာမဒဏ္ဍာပုဏ္ဏားအလှည့် ရောက်လာ ပါတယ်၊ အစက "ကာရဏာ–အာရာမဒဏ္ဍာ"လို့ ဆိုခဲ့တယ်မဟုတ်လား၊ ဒီတော့ "သူက ဘာကိုအကြောင်းပြုပြီး ဥဒါန်းကျူးရတဲ့အထိ ကြည်ညိုလာတယ်" ဆိုတာကိုလဲပဲ နားထောင်ကြည့်ပါအုံး။

၇။ အာရာမဒဏ္ဍာပုဏ္ဏား ။

အရှင်မဟာကစ္စည်းထေရ်ဟာ ဝရဏာမြို့ ဘဒ္ဒသာရီမြစ်နားမှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီအချိန်မှာပဲ အာရာမဒဏ္ဍာပုဏ္ဏားက မဟာကစ္စည်းထေရ်ထံ ဆည်းကပ်ရောက်လာပါတယ်။

မင်းအချင်းချင်း, ပုဏ္ဏားအချင်းချင်း အခြားအိမ်နေသူ လူအချင်းချင်း ငြင်းခုံကြရခြင်းရဲ့ အကြောင်းကို မေးပါတယ်၊ အရှင်မဟာကစ္စည်းထေရ်က "(ကာမဂုဏ် ၅–ပါးကို အကြောင်းပြုပြီးဖြစ်တဲ့) တပ်မက်မှုရာဂရဲ့ ဖမ်းစားဝါးမျိုမှုကို ခံနေကြရတဲ့ အတွက် ငြင်းခုံနေကြရတယ်"လို့ ဖြေတော်မူပါတယ်။

ပြီးတော့ ရဟန်းအချင်းချင်း ငြင်းခုံကြရခြင်းရဲ့ အကြောင်းကို မေးပြန်တယ်၊ အရှင်မဟာကစ္စည်းထေရ်က "(မိစ္ဆာဒိဋ္ဌိကို အကြောင်းပြုပြီးဖြစ်တဲ့ တပ်မက်မှု)ရာဂရဲ့ ဖမ်းစားဝါးမျိုမှုကို ခံနေကြရတဲ့အတွက် ငြင်းခုံ နေကြရတယ်"လို့ ဖြေတော်မူ ပါတယ်။

"ဒီကာမရာဂ, ဒိဋ္ဌိရာဂ ၂–ပါးရဲ့ ဖမ်းစားဝါးမျိုမှုကို မခံရတဲ့ပုဂ္ဂိုလ် တစ်ဦး တလေမျှား ရှိပါသလား"လို့ မေးပြန်ပါတယ်၊ ရှိတဲ့အကြောင်းကို အရှင်ကစ္စည်းက အမိန့်ရှိပါတယ်။

"ဒါဖြင့် ဘယ်သူဖြစ်ပါသလဲ?"လို့ မေးတဲ့အခါ ဟိုအရှေ့ဘက်တိုင်းမှာ "သာဝတ္ထိမြို့"ဆိုတာ ရှိတယ်၊ အခုအဲဒီမြို့မှာ သီတင်းသုံးနေတော်မူတဲ့ ဘုရားရှင် ဖြစ်တဲ့အကြောင်းကို မဟာကစ္စည်းထေရ်က ဖြေတော်မူပါတယ်။

အံ–ပါ–၁၊ ၆၆။

http://www.dhammadownload.com

ဒီတော့ အာရာမဒဏ္ဍပုဏ္ဏားက နေရာမှထပြီး အပေါ်ရုံကို လက်ကတော့ တင်ပါတယ်၊ လက်ျာဘက်ဒူးကို မြေကြီးပေါ်မှာ ထောက်လိုက်ပါတယ်၊ ဘုရား ရှိတော်မူရာအရပ်ကို လက်အုပ်ချီပြီး-

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"-

လို့ ၃-ကြိမ် ဥဒါန်းကျူးပါတယ်။

တို့လဲ ဥဒါန်းကျူးကြရအောင် လိုက်ဆိုကြအုံး။

လွန်ကြည်နူး၊ ပူဇော်ထူးခံထိုက်တန်၊
လေးသစ္စာ-မြတ်တရားကို၊ ပိုင်းခြားသိပြန်၊
ဘုန်းခြောက်တန်-အမှန်ပင်ပြည့်ဖြိုး၊
စိတ်ကြည်လင်-ရှင်တော်မြတ်ကို၊ ဦးညွတ်ရှိခိုး။

ဘုရားဟောပါဠိတော်မှာ တွေ့ရတဲ့ နမော တဿနဲ့ ဥဒါန်းကျူးတဲ့ပုဂ္ဂိုလ် ၇-ယောက် အကြောင်းကတော့ ပြည့်စုံသွားပါပြီ၊ ပြီးတော့ အဋ္ဌကထာမှာ လာတဲ့ ပုဂ္ဂိုလ် တစ်ယောက်ရဲ့ အကြောင်းကိုလဲ နည်းနည်းဆက်ပြောပါအုံးမယ်။

၈။ မဟိန္ဒမင်း[၁]

ဒီကမ္ဘာကို မရောက်ခင် ၉၁-ကမ္ဘာထက်မှာ "တိဿ, ဖုဿ"ဆိုတဲ့ ဘုရား ၂-ဆူ ပွင့်တော်မူခဲ့ပါတယ်၊ 'မဟိန္ဒမင်း'ဆိုတာက ဖုဿဘုရားရှင်ရဲ့ ခမည်းတော် ပါပဲ၊ ပြီးတော့ အဲဒီ မဟိန္ဒမင်းရဲ့သားငယ်က ပထမအဂ္ဂသာဝက, ပုရောဟိတ် သားက ဒုတိယအဂ္ဂသာဝက ဖြစ်လာပါတယ်။

မဟိန္ဒမင်းဟာ ဘုရားဆီကို ရောက်သွားတဲ့အခါ "ငါရဲ့သားကြီးက ဘုရား၊ သားငယ်က ပထမအဂ္ဂသာဝက၊ ပုရောဟိတ်သားက ဒုတိယအဂ္ဂသာဝက"၊ ဒီလို ဘုရားနဲ့ အဂ္ဂသာဝက ၂-ပါးကိုကြည့်ပြီး ပီတိဖြစ်နေပါတယ်။

"မမေဝ ဗုဒ္ဓေါ၊ မမေဝ ဓမ္မော၊ မမေဝ သံဃော၊
နဂမာ တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
ဘုရားကလဲ ငါ့ဥစ္စာ၊ တရားကလဲ ငါ့ဥစ္စာ၊
သံဃာကလဲ ငါ့ဥစ္စာ၊ ပူဇော်ခံထိုက် သိသစ္စာ၊
ဘုန်းတော်ခြောက်ပါး ပြည့်စုံလာ၊ အဲဒီဘုရား ရှိခိုးပါ"။

ဒီလို ဥဒါန်း ၃-ကြိမ်ကျူးပါတယ်။

၁။ ဓံ-၄-၂၊ ၂၀၄။

http://www.dhammadownload.com

ဒီဝတ္ထုကြောင်းကို ထောက်လိုက်တော့ "ဒီနမော တဿ"ဆိုတာဟာ ငါတို့ ဘုရားလက်ထက်မှာမှ ပေါ်လာတာမဟုတ်၊ ရှေးရှေးဘုရားရှင်တွေရဲ့ လက်ထက်ကတည်းက ရှိနေတယ်ဆိုတာ ထင်ရှားပါတယ်။

ပြီးတော့ ဒီနမော တဿနဲ့ ဥဒါန်းကျူးတဲ့ပုဂ္ဂိုလ်တိုင်းဟာ ၃-ကြိမ်ကျူးတာကိုချည်း တွေ့ရပါတယ်၊ ဒါကြောင့် ယခုကာလသီလယူကြတဲ့ အခါမှာလဲပဲ လူတွေက ဒါကို နည်းယူပြီး နမော တဿကို ၃-ခေါက်ဆိုနေကြရတာပါ။

နမော တဿနဲ့ ဥဒါန်းကျူးကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ "ဗြဟ္မာယုပုဏ္ဏား, အာရာမဒဏ္ဍပုဏ္ဏား, ဇာဏုဿောဏိပုဏ္ဏား, ကာရဏပါလိပုဏ္ဏား" ဒီပုဏ္ဏားတွေဟာ အဲဒီခေတ် အဲဒီအချိန်အခါက အင်မတန် အထက်တန်းကျတဲ့ ပုဏ္ဏားတွေပါ၊ တကဲ့ပညာရှိကြီးတွေပါ၊ ဘုရား၏ ဂုဏ်တော်တွေကို တစ်ဆင့်ကြားရတာနဲ့ ဘုရားရှင့် အပေါ်မှာ ဘယ်လောက်ကြည်ညိုသွားသလဲ၊ ပြီးတော့ ကောသလမင်းကိုလဲပဲ တစ်ဆင့်ကြားနဲ့ ဘုရားကို ကြည်ညိုသူလို့ပဲ ဆိုရမှာပါ။

သိကြားမင်းနဲ့ မနဏ္ဍာနီ ပုဏ္ဏေးမတို့ကတော့ တရားကို ကိုယ်တိုင်သိမြင်ပြီးတဲ့ အရိယာပုဂ္ဂိုလ်တွေဖြစ်လို့ ဘုရားအပေါ်မှာ ပိုပြီးကြည်ညိုကြတာပါ။

ဒီတော့ အခုတရားနာနေကြတဲ့ ပုဂ္ဂိုလ်တွေလဲပဲ "သူတို့ နမော တဿနဲ့ ဥဒါန်းကျူးရလောက်အောင်, ကြည်ညိုကြရတဲ့ ဂုဏ်တော်တွေကို အာရုံပြုပြီး ဘုရားကို လေးလေးနက်နက် ကြည်ညိုတတ်အောင်, မိရိုးဖလာဗုဒ္ဓဘာသာအဖြစ်က လွတ်ကင်းအောင် ကြိုးစားကြပါ"လို့ ဘုန်းကြီးက သတိပေးလိုပါတယ်။

နမော တဿရဲ့ သမိုင်းကတော့ ဒီလောက်ဆို တော်ရော့ပေါ့၊ "နမော တဿရဲ့ အကျိုးကိုလဲ ပြောပေးပါအုံး"ဆိုထားတော့ ဝတ္ထုကြောင်းလေး တစ်ခုလောက်ပဲ ပြောပြပါ့မယ်၊ အချိန်ကလဲ သိပ်မရှိတော့ဘူး၊ ပြီးတော့ကာ နောက်ပြောမဲ့ သရဏဂုံရဲ့ အကျိုးထဲမှာလဲပဲ အထိုက်အလျောက် ပါလာအုံးမှာပါ၊ ဒီတော့ ဒါလောက်နဲ့ပဲ ကျေနပ်ကြပါ"လို့ ဘုန်းကြီးက တောင်းပန်လိုပါတယ်၊ ကိုင်း-ဝတ္ထုကြောင်းလေး ပြောကြစို့ရဲ့-

အဆောင်ကောင်း[၁]

ရာဇဂြိုဟ်မြို့မှာ ဗုဒ္ဓဘာသာဝင် အိမ်ထောင်စုရဲ့ သားကလေးတစ်ယောက်၊ သူ့ကိုတော့ 'မောင်မှန်'လို့ပဲခေါ်ကြစို့ရဲ့၊ တိတ္ထိတွေကို ကိုးကွယ်တဲ့ အိမ်ထောင်စုရဲ့ သားကလေးတစ်ယောက်၊ သူ့ကိုတော့ 'မောင်လွန်'လို့ပဲ ခေါ်ကြပါစို့ရဲ့၊ အဲဒီမောင်မှန်, မောင်လွန် သူငယ်ချင်း ၂-ယောက်တို့ဟာ အမြဲ ဂေါ်လီပစ်တမ်း ကစားကြပါတယ်။

၁။ ခံ-၄-၂၊ ၂၈၄။

http://www.dhammadownload.com

မောင်မှန်က ဂေါလီပစ်တဲ့အခါမှာ ဘုရားဂုဏ်တော်ကို အောက်မေ့ဆင်ခြင်ပြီး "နမော ဗုဒ္ဓဿ(ဘုရားရှင်အား ရှိခိုးပါတယ်)"လို့ ဆိုပြီး ပစ်ပါတယ်၊ မောင်လွန်ကတော့ တိတ္ထိတွေရဲ့ဂုဏ်ကို ရည်ညွှန်းပြီး "နမော အရဟန္တာနံ(ရဟန္တာကြီးတွေအား ရှိခိုးပါတယ်)"လို့ ဆိုပြီးပစ်ပါတယ်၊ ပွဲတိုင်းမှာ မောင်မှန်ကချည်း အနိုင်ရနေပါတယ်၊ မောင်လွန်ကတော့ ရှုံးလို့ချည်းနေပါတယ်၊ ဒါနဲ့ မောင်လွန်က မောင်မှန်ရဲ့ လုပ်ပုံကိုင်ပုံတွေကို တွေ့ရတော့ "ဒီအကောင်ဟာ ဒီလိုအောက်မေ့လို့ ဒီလိုဆိုပြီး ဂေါလီကို ပစ်ရင် ငါ့ကို နိုင်တာချည်းပဲ၊ ငါလဲ ဒီလိုလုပ်အုံးမှပဲ"လို့ စဉ်းစားပြီး ဘုရားဂုဏ်တော်ပွားများမှုကို လေ့လာနေပါတယ်။

တစ်နေ့မှာ မောင်လွန့်အဖေက လှည်းကိုတပ်ပြီး ထင်းခုတ်ရအောင် တောကို သွားတော့ သားကိုပါ ခေါ်သွားပါတယ်၊ ထင်းတွေကို လှည်းမှာအပြည့်တင်ပြီး သားအဖ ၂-ယောက် တောထဲက ပြန်လာကြပါတယ်၊ အချိန်စောနေသေးတာနဲ့ မြို့ပြင်ဘက် သုသာန်နားက ရေဆိပ်အနီးမှာ နွားတွေကို လွှတ်ပြီး ကျောင်းနေပါတယ်၊ မောင်လွန့်အဖေ ထင်းလှည်းသမားရဲ့ နွားတွေဟာ ညနေဘက်မှာ မြို့တွင်းကို ဝင်တဲ့ နွားအုပ်နဲ့ ရောနှောလိုက်ပါသွားကြပါတယ်။

မောင်လွန့်အဖေ ထင်းလှည်းသမားကလဲ နွားတွေနောက်ကို လိုက်ရင်း မြို့ထဲကို ရောက်သွားပါတယ်၊ မိုးချုပ်ခါနီး နွားတွေကိုဖမ်းပြီး မြို့ပြင်ကို ထွက်မယ်လို့လာတော့ မြို့တံခါးပိတ်ထားတာကို တွေ့ရပါတယ်၊ မြို့ပြင်ကို ထွက်ခွင့်မရတော့ပါဘူး။

ဒါနဲ့ မောင်လွန်က ထင်းလှည်းတစ်စီးနဲ့ မြို့ပြင်မှာ တစ်ယောက်တည်း ဖြစ်နေပါတော့တယ်၊ မိုးချုပ်လာတော့ လှည်းအောက်မှာပဲ ဝင်အိပ်နေလိုက်ပါတယ်၊ ဒါနဲ့ အိပ်ပျော်သွားရော၊ ရာဇဂြိုဟ်မြို့ဆိုတာဟာ နဂိုကပဲ အင်မတန် အစိမ်းသူရဲပေါတဲ့ မြို့ဖြစ်တယ်၊ ဒီကလေးကလဲ သုသာန်အနီးမှာ အိပ်ပျော်နေပါတယ်။

ဒီတော့ သူ့ကို ဘီလူး ၂-ကောင်က တွေ့သွားပါရော၊ တစ်ကောင်က သာသနာ့ရန်သူ မိစ္ဆာအယူရှိတဲ့ ဘီလူးဖြစ်တယ်၊ တစ်ကောင်ကတော့ သမ္မာအယူရှိတဲ့ ဘီလူးပါပဲ၊ မိစ္ဆာဘီလူးက "ဒါဟာ ဒို့အစာပဲ၊ ဒီကလေးကို စားကြစို့ရဲ့"လို့ ပြောပါတယ်၊ သမ္မာဘီလူးက "မတော်ပါဘူးကွာ၊ မစားချင်ပါနဲ့"ဆိုပြီး တားပါတယ်၊ ဘယ်လိုပဲတားတား မိစ္ဆာဘီလူးက နားမထောင်ပါဘူး၊ ကလေးခြေထောက်ကို ကိုင်ပြီး ဆွဲယူလိုက်ပါတယ်။

ဘီလူးအဆွဲခံနေရတဲ့ မောင်လွန်ကလေးဟာ ဘုရားဂုဏ်တော်ပွားများမှုကို လေ့လာထားတဲ့အတွက် အဲဒီခဏမှာပဲ "နမော ဗုဒ္ဓဿ(ဘုရားကို ရှိခိုးပါတယ်)"

http://www.dhammadownload.com

လို့ ဆိုလိုက်ပါတယ်၊ ဘီလူးက သိပ်ကြောက်လန့်သွားပါတယ်၊ ကျင်စက်နဲ့ တို့လိုက်သလို ဖြစ်သွားပါတယ်၊ နောက်ဆုတ်ပြီး ရပ်နေပါတယ်၊ အဲဒီအချိန်မှာ "သမ္မာဘီလူးက တို့ မလုပ်သင့်တာကို လုပ်မိပြီ၊ ဒီအတွက် ဒဏ်ထမ်းမှုကို ပြုကြအုံးမှပဲ" ဆိုပြီး ကလေးကို စောင့်ရှောက်ရင်း ရပ်နေပါတယ်။

မိစ္ဆာဘီလူးကတော့ မြို့တွင်းကိုဝင်သွားပါတယ်၊ ဘုရင့်စားတော်ခွက်မှာ စားစရာ အပြည့် ထည့်ယူလာပါတယ်၊ ဘီလူး ၂-ကောင်က အမေအဖေအသွင် ဖန်ဆင်းပြီး မောင်လွန်ကလေးကို ကျွေးမွေးကြပါတယ်၊ ပြီးတော့ ဖြစ်သမျှ အကြောင်းစုံကို ဘီလူးတို့ရဲ့တန်ခိုးနဲ့ ဘုရင့်စားတော်ခွက်မှာ စာရေးပါတယ်၊ ဒီစာတွေကို ရှင်ဘုရင်ကြီး တစ်ဦးတည်းသာ မြင်ပါစေ၊ အခြားဘယ်သူမှ မမြင်ပါ စေနဲ့"၊ ဒီလိုအဓိဋ္ဌာန်ပြုကြပါတယ်၊ ပြီးတော့ ရွှေခွက်ကို လှည်းပေါ်မှာ ပစ်တင်ထား လိုက်ပါတယ်၊ မောင်လွန်ကလေးကိုလဲ တစ်ညဉ့်လုံး စောင့်ရှောက်ကြပြီး လင်းခါ နီးမှ ထွက်သွားကြပါတယ်။

နောက်တစ်နေ့မှာ "ဘုရင့်နန်းတော်ထဲက စားတော်ခွက် အခိုးခံရတယ်" ဆိုပြီး အုတ်အုတ်ကျက်ကျက် ဖြစ်လာပါတယ်၊ မြို့တံခါးတွေကို ပိတ်ပြီးရှာကြပါတယ်၊ မြို့တွင်းမှာ မတွေ့ရတော့ မြို့ပြင်ထွက်ပြီး ဟိုဟိုဒီဒီ လိုက်ရှာကြပြန်တယ်၊ ထင်းလှည်းပေါ်မှာ ရွှေခွက်ကို သွားတွေ့တော့ သူခိုးကို ခိုးရာပါပစ္စည်းနဲ့အတူ မိပြီဆိုပြီး ကလေးရော ရွှေခွက်ပါ ဘုရင်မင်းမြတ်ထံ အပ်ကြပါတယ်။

ဘုရင်မင်းမြတ်က ရွှေခွက်ကစားကို ဖတ်ကြည့်ပြီး "ဟော့-ကလေး ! ဒီကိစ္စဟာ ဘယ်လိုဖြစ်တာလဲ ?" လို့ မေးပါတယ်၊ ဒီတော့ မောင်လွန်ကလေးက-

> "အရှင်မင်းမြတ် ! ကျွန်တော်လဲ ဘာမှမသိပါ၊ အမေအဖေတွေက လာပြီး ညတုန်းက ကျွန်တော့်ကို ထမင်းကျွေးကြပါတယ်၊ တစ်ညလုံးစောင့်ရှောက်နေကြပါတယ်၊ကျွန်တော်ကလဲ အမေနဲ့အဖေ ငါ့ကိုစောင့်ရှောက်နေကြတာပဲဆိုပြီး မကြောက်မလန့် အိပ်ပျော်နေပါတယ်၊ ဒါလောက်ပဲ ကျွန်တော်သိပါတယ်"။

ဒီလို ပြောကြားလိုက်ပါတယ်၊ သားအဖမ်းခံရတဲ့အကြောင်းကို ကြားသိရတော့ အမေအဖေတွေလဲ သားကလေးရှိရာ လိုက်လာကြပါတယ်။

ဘုရင်မင်းမြတ်က အဖြစ်စုံကို နားလည်ထားလေတော့ မောင်လွန်ရယ်, သူ့အမေရယ်, သူ့အဖေရယ် ၃-ယောက်လုံးကို ခေါ်ပြီး ဘုရားဆီကို သွားပါတယ်၊ အဖြစ်စုံကို လျှောက်ထားပါတယ်။

> "ရှင်တော်မြတ်ဘုရား ! ဗုဒ္ဓါနုဿတိ တစ်ခုတည်းကသာ အစောင့်အရှောက် ဖြစ်နိုင်ပါသလား၊ သို့မဟုတ် ဓမ္မာနုဿတိစတဲ့ တရားတွေဟာလဲပဲ အစောင့်အရှောက် ဖြစ်နိုင်ပါသလား ?"။

http://www.dhammadownload.com

ဒီလိုလဲပဲ လျှောက်ထားပါတယ်၊ ဒီတော့ ဘုရားရှင်က–

"မဟာရာဇာ ! ဗုဒ္ဓါနုဿတိ တစ်ခုတည်းကသာ စောင့်ရှောက်နိုင်တာ မဟုတ်ပါဘူး၊ နည်း ၆–မျိုးနဲ့ စိတ်ကိုကောင်းကောင်းပွားများထားတဲ့ ပုဂ္ဂိုလ် အတွက် 'အခြားအစောင့်အရှောက်တွေ' အဆောင်တွေဆိုတာ မလိုပါဘူး၊ 'ဆေးဝါးမန္တန ရားတွေ'ဆိုတာလဲ မလိုပါဘူး"။

ဒီလို မိန့်တော်မူပြီး နည်း ၆–မျိုးကို ဆက်လက်ဟောတော်မူပါတယ်။

၁။ နေ့ရောညဥ့်ပါ ဘုရားဂုဏ်ကို အာရုံပြုပြီးဖြစ်တဲ့ သတိရှိသူ ဘုရားတပည့် သားဟာ အခါခပ်သိမ်း ကောင်းစွာနိုးကြားရပါတယ်။ (ဗုဒ္ဓါနုဿတိ။)

၂။ နေ့ရောညဥ့်ပါ တရားဂုဏ်ကို အာရုံပြုပြီးဖြစ်တဲ့ သတိရှိသူ ဘုရားတပည့် သားဟာ အခါခပ်သိမ်း ကောင်းစွာနိုးကြားရပါတယ်။ (ဓမ္မာနုဿတိ။)

၃။ နေ့ရောညဥ့်ပါ သံဃာဂုဏ်ကို အာရုံပြုပြီးဖြစ်တဲ့ သတိရှိသူ ဘုရားတပည့် သားဟာ အခါခပ်သိမ်း ကောင်းစွာနိုးကြားရပါတယ်။ (သံဃာနုဿတိ။)

၄။ နေ့ရောညဥ့်ပါ ၃၂–ကောဋ္ဌာသကို အာရုံပြုပြီးဖြစ်တဲ့ သတိရှိသူ ဘုရား တပည့်သားဟာ အခါခပ်သိမ်း ကောင်းစွာနိုးကြားရပါတယ်။ (ကာယ ဂတာသတိ။)

၅။ နေ့ရောညဥ့်ပါ မည့်ဉ်းဆဲမှု ကရဏာဘာဝနာမှာ မွေ့လျော်စိတ်ရှိသူ ဘုရားတပည့်သားဟာ အခါခပ်သိမ်း ကောင်းစွာနိုးကြားရပါတယ်။ (ကရဏာဘာဝနာ။)

၆။ အခါခပ်သိမ်း မေတ္တာဘာဝနာမှာ မွေ့လျော်စိတ်ရှိသူ ဘုရားတပည့် သားဟာ အခါခပ်သိမ်း ကောင်းစွာနိုးကြားရပါတယ်။ (မေတ္တာ ဘာဝနာ။)

ဒီတရားတွေကို မှတ်မိသွားအောင် လိုက်ဆိုကြပါအုံး။

၁။ ဘုရားမြတ်ဂုဏ်–အာရုံညွတ်လို့၊ မပြတ်မလပ်–အောက်မေ့လျှင်၊
အမြဲတမ်းသာ–ကောင်းစွာနိုးလို့၊ ကြီးမားဖွံ့ဖြိုး–အကျိုးထင်။

၂။ တရားမြတ်ဂုဏ်–အာရုံညွတ်လို့၊ မပြတ်မလပ်–အောက်မေ့လျှင်၊
အမြဲတမ်းသာ–ကောင်းစွာနိုးလို့၊ ကြီးမားဖွံ့ဖြိုး–အကျိုးထင်။

၃။ သံဃာမြတ်ဂုဏ်–အာရုံညွတ်လို့၊ မပြတ်မလပ်–အောက်မေ့လျှင်၊
အမြဲတမ်းသာ–ကောင်းစွာနိုးလို့၊ ကြီးမားဖွံ့ဖြိုး–အကျိုးထင်။

http://www.dhammadownload.com

၄။ သုံးဆယ့်နှစ်ဖြာ–ကောဋ္ဌာသကို၊ မြဲစွာနေ့ည–အောက်မေ့လျှင်၊
အမြဲတမ်းသာ–ကောင်းစွာနိုးလို့၊ ကြီးမားဖွံ့ဖြိုး–အကျိုးထင်။

၅။ ညှဉ်းဆဲကင်းကွာ–ကြင်နာတတ်တဲ့၊ စိတ်ကောင်းစိတ်မြတ်–မွေးမြူလျှင်၊
အမြဲတမ်းသာ–ကောင်းစွာနိုးလို့၊ ကြီးမားဖွံ့ဖြိုး–အကျိုးထင်။

၆။ ခပ်သိမ်းသတ္တဝါ–ချမ်းသာကြဖို့၊ မေတ္တာပို့သ–နေပါလျှင်၊
အမြဲတမ်းသာ–ကောင်းစွာနိုးလို့၊ ကြီးမားဖွံ့ဖြိုး–အကျိုးထင်။

ဆောင်။ ။ ဗုဒ် ဓမ် သံ ကာ, နုသ်လေးဖြာနှင့်, မေတ္တာ ကရု, နှစ်ခုဘာဝနာ,
ပွားများပါ, လွန်စွာကျိုးကြီးမား။

ဒီနေ့တရားကတော့ ဂုဏ်တော်တွေနဲ့ ပတ်သက်နေလေတော့ နိဂုံးအုပ်တဲ့ အခါမှာ လဲပဲ ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာ့ဂုဏ်တော်, သာသနာတော်ရဲ့ ပြည့်စုံပုံတွေကို ရှိခိုးပြီး နိဂုံးအုပ်ကြစို့ရဲ့။

ဘုရားဂုဏ်တော် ၉–ပါး

၁။ ကိလေသာမာရ်, ကိုယ်တွင်းရန်ကို, လေးတန်သောမဂ်, ဉာဏ်လက်နက်ဖြင့်, ပယ်ဖျက်သုတ်သင်, အောင်ပွဲဆင်တတ်, ရှင်တော်မြတ် !---တုလွတ်ဂုဏ်ထင်, မြတ်အရှင်အား, ကြည်လင်ကြိမ်ကြိမ်, ရှိဦးနှိမ်သည်---နာမ်အိမ်မြတ်ဂုဏ် ထုံစေသောဝ်။ [အရဟံ။]

၂။ သိသင့်သိရန်, တရားမှန်လျှင်, ဖောက်ပြန်မရှိ, ကိုယ်တိုင်သိတတ်, ရှင်တော်မြတ် !---တုလွတ်ဂုဏ်ထင်, မြတ်အရှင်အား, ကြည်ရွှင်ကြိမ်ကြိမ်, ရှိဦးနှိမ်သည်---နာမ်အိမ်မြတ်ဂုဏ် ထုံစေသောဝ်။ [သမ္မာသမ္မုဒ္ဓေါ။]

၃။ ခြေတောင်ပံလား, ကျင့်ဆယ့်ငါးနှင့်၊ နှုတ်ဖျားအသွင်, သုံးအင်ရှစ်ဖြာ, ဉာဏ်ဝိဇ္ဇာနှင့်, ကောင်းစွာပြည့်တတ်, ရှင်တော်မြတ် !---တုလွတ်ဂုဏ်ထင်, မြတ်အရှင်အား, ကြည်ရွှင်ကြိမ်ကြိမ်, ရှိဦးနှိမ်သည်---နာမ်အိမ်မြတ်ဂုဏ် ထုံစေသောဝ်။ [ဝိဇ္ဇာစရဏသမ္ပန္နော။]

၄။ ထုထည်ကြီးစွာ, ဖြည့်ဆည်းလာသည့်, ပါရမီမျိုး, ရွာသည့်မိုးသို့, ဖွံ့ဖြိုး ဆုံးဝယ်, ကျိုးပေးကြွယ်၍, တင့်တယ်ကောင်းမွန်, မြတ်နိဗ္ဗာန်သို့, ဖြောင့်မှန်ရောက်တတ်, ရှင်တော်မြတ် !---တုလွတ်ဂုဏ်ထင်, မြတ်အရှင်အား, ကြည်ရွှင်ကြိမ်ကြိမ်, ရှိဦးနှိမ်သည်---နာမ်အိမ်မြတ်ဂုဏ် ထုံစေသောဝ်။ [သုဂတော။]

http://www.dhammadownload.com

၅။ သတ္တဝါအစုံ, ဘုံအနန္တ, သခ်ၤါရဟု, လောကသုံးပုံ, အလုံးစုံကို, အကုန်အစင်, သိမြင်ပေတတ်, ရှင်တော်မြတ် ! ---တုလွတ်ဂုဏ်ထင်, မြတ်အရှင်အား, ကြည်ရွှင်ကြိမ်ကြိမ်, ရှိခိုးနှိမ်သည်---နာမ်အိမ် မြတ်ဂုဏ် ထုံစေသောဝ်။ [လောကဝိဒူ]

၆။ ယဉ်ကျေးအောင်ပြု, ဆုံးမမှုဌ်, သူ့ထက်ထူးချွန်, လွန်မြတ်မွန်၍, အားခွန်မာန်တက်, ဆုံးမခက်သည့်, ရက်စက်ယုတ်မာ, သတ္တဝါကို, မေတ္တာရှေ့သွား, တုတ်ဓားမပြ, တရားချ၍, မာန်ကျလုံးလုံး, ကိစ္စတုံးအောင်, ဆုံးမပေတတ်, ရှင်တော်မြတ် ! ---တုလွတ်ဂုဏ်ထင်, မြတ်အရှင်အား, ကြည်ရွှင်ကြိမ်ကြိမ်, ရှိခိုးနှိမ်သည်---နာမ်အိမ်မြတ်ဂုဏ် ထုံစေသောဝ်။ [အနုတ္တရောပုရိသဒမ္မသာရထိ။]

၇။ လူနတ်ဗြဟ္မာ, သတ္တဝါကို, ချမ်းသာသုခ, ခံစံရအောင်, ဆုံးမပဲ့ပြင်, သွန်သင်ပေးတတ်, ရှင်တော်မြတ် ! ---တုလွတ်ဂုဏ်ထင်, မြတ်အရှင်အား, ကြည်ရွှင်ကြိမ်ကြိမ်, ရှိခိုးနှိမ်သည်---နာမ်အိမ်မြတ်ဂုဏ် ထုံစေသောဝ်။ [သတ္ထာဒေဝမနုဿာနံ။]

၈။ ဒုက္ခအစု, ဖြစ်ရမှုကား, သမုဒယ, ကြောင်းမှစ၏၊ ဒုက္ခချုပ်ရာ, ရောက်လိုပါမူ, ရှစ်ဖြာမဂ်ကို, ပွားရန်လိုဟု, ကိုယ်လည်းသိမြင်, သူလည်းမြင်အောင်, လင်းရောင်ပေးတတ်, ရှင်တော်မြတ် ! ---တုလွတ်ဂုဏ်ထင်, မြတ်အရှင်အား, ကြည်ရွှင်ကြိမ်ကြိမ်, ရှိခိုးနှိမ်သည်---နာမ်အိမ် မြတ်ဂုဏ် ထုံစေသောဝ်။ [ဗုဒ္ဓေါ။]

၉။ ဣဿရိယာ, အစလာသား, ခြောက်ဖြာဘုန်းမျိုး, ပြည့်စုံဖြိုး၍, မြေမိုး ရပ်ခွင်, လွန်ပေါ်ထင်သည်, လူရှင်အထွတ်, ရှင်တော်မြတ် ! ---တုလွတ်ဂုဏ်ထင်, မြတ်အရှင်အား, ကြည်ရွှင်ကြိမ်ကြိမ်, ရှိခိုးနှိမ်သည်---နာမ်အိမ်မြတ်ဂုဏ် ထုံစေသောဝ်။ [ဘဂဝါ။]

တရားဂုဏ်တော် ၆-ပါး

၁။ အနုတ္တရ, ဓမ္မသာမိ, တုမရှိသည့်, မုနိပရမေ, သုံးလူ့ဆွေသည်, ဒေသနာဉာဏ်, သေချာညွှန်၍, ဝေဖန်ဟောဖွင့်, လွန်လေးနက်သည့်, မဂ်ဖိုလ်နိဗ္ဗာန်, ဓမ္မက္ခန်ဟု, ဆယ်တန်အကျော်, တရားတော်ကား, မြွက်ဟော်စထား, အလယ်သားနှင့်, ဆုံးဖျားနောက်မှာ, ကောင်းသာစုံပုံ, လွန်ကုန်လုံ၍, ပြည့်စုံပုဒ်နက်, လောင်းစွက်ပယ်ဖွယ်, ဓိဗွာယ်နက်ကင်း, သန့်ရှင်းပြည့်ဝ, စသည့်ဂုဏ်မှာ, ပြည့်စုံပါ၍, သွာက္ခာတအစ, ဂုဏ်ကိုရဈ်။

http://www.dhammadownload.com

၂။ ရာဂစသား, ကိလေများကို, ပယ်ရှားတွန်းလှန်, ရိယာမွန်တို့, ဧကန်မြင်သိ, သကတ်ရှိ၍, သန္ဓိဋ္ဌိက, ဂုဏ်လည်းရ၏။

၃။ ကာလရှည်လျား, ဆိုင်းမထားဘဲ, နောက်ပါးမကွာ, ကျိုးပေးပါ၍, အကာလိက, ဂုဏ်လည်းရ၏။

၄။ စန်းလသော်တာ, ရှေ့ပြုဗွာမှ, ပေါ်လာထွက်စ, သမယသို့, လာကြစမ်းပါ, ရှုကြပါဟု, ကောင်းစွာကြည်လင်, စီအရင်ကို, ခံတင်ထိုက်ဘိ, အကြောင်းရှိ၍, ဧဟိပဿိက, ဂုဏ်လည်းရ၏။

၅။ ခါးကပုဆိုး, ထိပ်မိုးဥသျှောင်, မီးလောင်ငြိစွဲ, မသတ်ဘဲနှင့်, စိတ်ထဲဆောင်သင့်, စိတ်ဖြင့်မကွေ, ဆောင်ထိုက်ပေ၍, သြပနေယျိက, ဂုဏ်လည်းရ၏။

၆။ လေးဝသစ္စာ, မြတ်ဓမ္မာကို, သေချာမြင်သိ, ပညာရှိတို့, မိမိစိတ်မှာ, သိမှီးကာဖြင့်, မကွာခံစံ, အကြောင်းခံ၍, ပစ္စတ္တံဝေဒိတဗ္ဗ, ဂုဏ်လည်းရ၏။

ဖွင့်ဟဥဿုံ, ဂုဏ်ပေါင်းစုံဖြင့်,လွှမ်းခြုံပြည့်ဝ, မြတ်ဓမ္မအား, ရွှင်ပျကြိမ်ကြိမ်, ရှိဦးနှိမ်သည်---နာမ်အိမ်မြတ်ဂုဏ် ထုံစေသောဝ်။

သံဃာ့ဂုဏ်တော် ၉-ပါး

၁။ သုံးလူ့ထွတ်ထား, မြတ်ဘုရား၏, သားတော်မြတ်မှန်, ရိယာမွန်ကား, ဟောညွှန်တိုင်းသာ, ကျင့်သိကွာကို, ကောင်းစွာမြဲမြံ, ကျင့်ကြံတတ်ဘိ, သကတ်ရှိ၍, သုပွဋိပန္နော, ဂုဏ်ကိုရ၏။

၂။ မဇ္ဈိမပဋိပဒါ, လမ်းမှန်စွာဖြင့်, ဖြောင့်စွာကျင့်မှု, ကြောင်းထောက်ရှု၍, ဥဇုပွဋိပန္နော, ဂုဏ်လည်းရ၏။

၃။ ဒုက္ခကင်းမြဲ, ချမ်းသာစုံသည့်, ရွှေဘုံနိဗ္ဗာန်, ရရန်အကျိုး, မြော်ကိုးနှိုင်းညှိ, ကျင့်တတ်ဘိ၍, ဉာယပွဋိပန္နော, ဂုဏ်လည်းရ၏။

၄။ မိုးကဗြဟ္မာ, နတ်တကာနှင့်, လူ့ရွာရပ်သူ,ခပ်သိမ်းသူတို့, ကြည်ဖြူခယ, လေးစားရအောင်, ကျင့်လုထိမိ, အကြောင်းရှိ၍, သာမိစိပွဋိပန္နော, ဂုဏ်လည်းရ၏။

၅။ ဝေးမသော်ပင်, ဆောင်ယူငင်၍, ကြည်လင်ရွှင်ပျ, ပေးလှူကြသား, ပစ္စည်းများကို, ခံထားထိုက်မှု, ကြောင်းထောက်ရှု၍, အာဟုနေယျ, ဂုဏ်လည်းရ၏။

http://www.dhammadownload.com

၆။ ဓေးလှလွန်စွာ, ရပ်ဒိသာမှ, ရောက်လာမိတ်ကောင်း, ဆွေအပေါင်းအား, ရည်ဆောင်ထား၍, ထူးခြားကဲလွန်, လက်ဆောင်မွန်ကို, လှူရန်ထိုက်မှု, ကြောင်းထောက်ရှု၍, ပါဟုနေယျ, ဂုဏ်လည်းရ၏။

၇။ သတ္တဝါများ, ချမ်းသာပွားရန်, ရည်သန်ကြည်ဖြူ, ပေးအလှူကို, ခံယူထိုက်ဘိ, အကြောင်းရှိ၍, ဒကွိဏေယျ, ဂုဏ်လည်းရ၏။

၈။ မြင်ရသသူ, နှတ်လူထိုထို, လွန်ကြည်ညို၍, နှစ်လိုစုံမက်, လက်နှစ်ဖက်ကို, ထိပ်ထက်တင်မိုး, ရှိခိုးထိုက်ဘိ, အကြောင်းရှိ၍, အဉ္ဇလိကရဏီယ, ဂုဏ်လည်းရ၏။

၉။ သုံးဝရပ်သူ, နတ်နှင့်လူ၏, အတူမရှိ, မြတ်ခေါင်ထိလျက်, ကျိုးရှိထိုထို, ကုသိုလ်မှုမျိုး, စိုက်ပျိုးပေါက်ပွား, ဖွံ့ထွားစည်ရာ, လယ်ယာတမူ, အလားတူသား, လှူသူကဲနှင့်, အကျိုးထွက်၍, ပုညက္ခေတ္တ, ဂုဏ်လည်းရ၏။

ဖွင့်ဟဥသုံ, ဂုဏ်ပေါင်းစုံဖြင့်, လွမ်းခြုံပြည့်ဝ, မြတ်သံဃာ့အား, ရွှင်ပျကြိမ်ကြိမ်, ရှိဦးနှိမ်သည်---နာမ်အိမ်မြတ်ဂုဏ် ထုံစေသောဝ်။

သာသနာတော် ပြည့်စုံပုံ

ငါတို့လေးစား, မြတ်ဘုရားကား, ထင်ရှားလောက်လုံ, ဂုဏ်ပြည့်စုံ၍, ဘယ်ပုံသနစ်, ဘယ်ပုံစစ်လည်း, အပြစ်မဖော်, ဂုဏ်သာပေါ်၍, အဟော်အစ္ဆရိ, စစ်မှန်ဘိ၏၊ ကျင့်သိစရာ, တရားမှာလည်း, များစွာပြည့်စုံ, ဂုဏ်လောက်လုံ၍, ဘယ်ပုံသနစ်, ဘယ်ပုံစစ်လည်း, အပြစ်မဖော်, ဂုဏ်သာပေါ်၍, အဟော်အစ္ဆရိ, စစ်မှန်ဘိ၏၊ မငြိပစ္စာ, ကောင်းစွာကျင့်ငြား, တပည့်သားလည်း, ထင်ရှားလောက်လုံ, ဂုဏ်ပြည့်စုံ၍, ဘယ်ပုံ သနစ်, ဘယ်ပုံစစ်လည်း, အပြစ်မဖော်, ဂုဏ်သာပေါ်၍, အဟော်အစ္ဆရိ, စစ်မှန်ဘိ၏၊ စရှိဘုရား, စစ်မှန်ငြားက, တရားစစ်မှန်, သံဃာမွန်လည်း, စစ်မှန်ရခြင်း, နှလုံးသွင်းလျက်, ပက်ပင်းကြိုလာ, သာသနာ၏, ကောင်းစွာလောက်လုံ, ပြည့်စုံပုံကို, အာရုံပြုကာ, ဦးညွတ်ပါသည်---ချမ်းသာကိုယ်စိတ် မြိစေသောဝ်။

သာဓု - သာဓု - သာဓုပါ ဘုရား။

http://www.dhammadownload.com

၇။ သရဏာဂုံနှင့် သီလအကျိုး

ဒီနေ့ဟာ တပေါင်းပွဲတော်နေ့ပဲ၊ မောင်မျိုးသန့်လျှောက်ထားတဲ့ အစီအစဉ် အရဆိုရင် ဒီနေ့ သရဏာဂုံအကျိုးကို စပြောပေးဖို့ပါပဲ၊ ဒါဖေမဲ့ လွန်ခဲ့တဲ့ လပြည့်နေ့က တရားအဆုံးမှာ နိဂုံးအုပ်လာခဲ့တဲ့ ဘုရားစစ်မှန်ပုံ, တရားစစ်မှန်ပုံ, သံဃာစစ်မှန်ပုံတွေကိုလဲ အထိုက်အလျောက် အကဲဖြတ်နိုင်အောင်, တပေါင်းလပွဲတော်ကိုလဲ ဂုဏ်ပြုရာရောက်အောင် "ဓမ္မစေတိယသုတ်ကို ကြားညှပ်ပြောပေးသွားမယ်"လို့ ဘုန်းကြီးက စိတ်ကူးထားပါတယ်၊ ဒီတော့ သရဏာဂုံ ညစ်နွမ်းပုံကပဲ စတင်ပြောကြားပါ့မယ်။

ဆရာတော်ဦးဓမ္မိကသည် မောင်မျိုးသန့်တို့အိမ်မှာ အရက်ဆွမ်းဘုဉ်းပေးမှုကိစ္စ ပြီးစီးသွားသည့်အချိန်မှာ တရားဟောရန် အစပျိုးနေပါသည်၊ တစ်အိမ်လုံးပြည့်ကြပ်နေအောင် ရောက်ရှိနေကြသော ပရိသတ်ကလည်း ငြိမ်သက်စူးစိုက်စွာ နားထောင်နေကြပါသည်။

သရဏာဂုံ ညစ်နွမ်းပုံ

"သရဏာဂုံ"ဆိုတာဟာ "လောကုတ္တရာသရဏာဂုံ, လောကီသရဏာဂုံ" ရယ်လို့ ၂-မျိုးရှိနေပါတယ်၊ ဒီ ၂-မျိုးထဲက လောကုတ္တရာသရဏာဂုံဟာ ဒိဋ္ဌ ဝိစိကိစ္ဆာတို့ကို အကုန်အစင် ပယ်ပြီးဖြစ်တဲ့အတွက် ရတနာ ၃-ပါးရဲ့ဂုဏ်ကို နှိုက်နှိုက်ချွတ်ချွတ် သိမြင်သက်ဝင် ယုံကြည်ပြီးဖြစ်တဲ့ အရိယာပုဂ္ဂိုလ်တို့ သန္တာန် မှာသာ ဖြစ်ပါတယ်၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သန္တာန်မှာ မဖြစ်နိုင်ပါဘူး၊ ဒါ့ကြောင့် ညစ်နွမ်းတယ်လို့ မရှိတော့ပါဘူး။

လောကီသရဏာဂုံကတော့ ဒိဋ္ဌ ဝိစိကိစ္ဆာတို့ကို မပယ်ခွာရသေးတဲ့ ပုထုဇဉ် ပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာသာ ဖြစ်ပါတယ်၊ ဒီတော့ကာ-

ရတနာ ၃-ပါးကို လုံးဝမသိနားမလည်တာ, သိပ်တွေဝေနေတာက သမ္မောဟ,

ဗုဒ္ဓ(ဘုရား) ဟုတ်သလား, မဟုတ်ဘူးလား စသည်ဖြင့် ယုံမှားသံသယ ရှိနေတာက ဝိစိကိစ္ဆာ,

ရတနာ ၃-ပါးရဲ့ဂုဏ်ကို သိမ်ငယ်သွားအောင် တစ်မျိုးတစ်ဖုံ ယူဆသိမြင်တာက ဒိဋ္ဌိ,

ရတနာ ၃-ပါးကို မရှိသေတာက **အနာဒရ**,

http://www.dhammadownload.com

ရတနာ ၃-ပါးကို မလေးစားတာက အဂါရဝ-
စတဲ့ တရားတွေကြောင့် ညစ်နွမ်းရပါတယ်၊ စင်ကြယ်သန့်ရှင်းမှု မရှိနိုင်တော့ပါ၊ များများစားစား တောက်ပမှု, ထက်မြက်မှု-ဆိုတာတွေလဲ မရှိနိုင်တော့ပါဘူး၊ အစုခေတ်မှာလဲပဲ ဗုဒ္ဓ, ဓမ္မတို့ အပေါ်မှာ ရိုသေလေးစားမှု သိပ်နည်းနေတာကို တွေ့မြင်ရပါတယ်။

ဒါ့ကြောင့် ရတနာ ၃-ပါးရဲ့ဂုဏ်ကို သိမြင်နားလည်အောင် လေ့လာထားမှု, ဘုရားစစ်မှန်ပုံ, တရားစစ်မှန်ပုံနှင့် သံဃာစစ်မှန်ပုံကို သိမြင်နားလည်အောင် လေ့လာထားမှုဟာ ဗုဒ္ဓဘာသာဝင်တွေအတွက် မလုပ်မနေရ တကယ်လုပ်သင့်တဲ့ လုပ်ငန်း တစ်ရပ်ဖြစ်တယ်ဆိုတာကို သဘောပေါက်ဖို့ လိုပါတယ်။

မွေးစေတီယသုတ်

ဘုန်းကြီးတို့ရဲ့ ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရားဟာ သက္ကတိုင်း "မေဒါဠုပ"ဆိုတဲ့ သာကီဝင်မင်းတို့ရဲ့ နိဂုံးမှာ သီတင်းသုံး နေတော်မူပါတယ်။

အဲဒီအချိန်မှာပဲ ပဿေနဒီကောသလမင်းဟာ "နဂရက"ဆိုတဲ့ သာကီဝင်မင်းတို့ရဲ့ နိဂုံးကို ကိစ္စတစ်စုံတစ်ရာနဲ့ ဆိုက်ရောက်လာပါတယ်။

ကောသလမင်းက "ဒီဃကာရာယန"ဆိုတဲ့ စစ်ဗိုလ်ချုပ်ကို ခေါ်ပြီး အမိန့်ပေးလိုက်ပါတယ်။

"အမောင်ကာရာယန ! ကောင်းပေ့ဆိုတဲ့ ယာဉ်တွေကိုသာ ရွေးပြီးပြင်ဆင်ပေတော့၊ သာယာရှုမောဖွယ်ကောင်းလှတဲ့ ရှုမျှော်ခင်းတွေကို ကြည့်ရှုရအောင် ဥယျာဉ်ကို ထွက်ကြစို့ရဲ့"။

ကောသလမင်းရဲ့ အမိန့်အာဏာအတိုင်း ဒီဃကာရာယနကလဲပဲ အကောင်းဆုံးဖြစ်တဲ့ ယာဉ်တွေကို ရွေးချယ်ပြင်ဆင်ထားပါတယ်။

"အရှင်မင်းမြတ် ! ယာဉ်တွေကို အဆင်သင့် ပြင်ထားပြီးပါပြီ၊ ဥယျာဉ်ကို ထွက်ကြွလိုက ထွက်ကြွနိုင်ပါပြီ"။

ဒီဃကာရာယနရဲ့ စကားကို ကြားရတဲ့အခါ ကောသလမင်းလဲပဲ ယာဉ်စီးပြီး နဂရကနိဂုံးက မင်းခမ်းမင်းနားနဲ့ ထွက်လာခဲ့ပါတယ်၊ ယာဉ်နဲ့သွားလို့ရသမျှ ယာဉ်နဲ့ပဲ သွားပါတယ်၊ သွားလို့မဖြစ်တဲ့ နေရာရောက်မှ ယာဉ်ကဆင်းပြီး ခြေလျင်ပဲ ဥယျာဉ်ခြံအတွင်းကို ဝင်လာခဲ့ပါတယ်။

၁။ မန်ပဏ်-ပါ၊ ၃၂၀။

http://www.dhammadownload.com

အဲဒီ ဥယျာဉ်အတွင်းမှာ သစ်ပင်အောက်တွေဟာ စိတ်ကြည်နူးစရာတွေ ဖြစ်နေပါတယ်၊ တိတ်ဆိတ်ငြိမ်သက်ပါတယ်၊ လူသူတို့မှာလဲ ကင်းရှင်းနေပါတယ်၊ လောကသူလောကသားတွေအတွက် လျှို့ဝှက်မှုကို လုပ်စရာ အင်မတန်ကောင်းပါတယ်၊ တရားအားထုတ်လိုတဲ့ ပုဂ္ဂိုလ်တွေအတွက်ကတော့ တစ်ဦးချင်း တရားအားထုတ်နေထိုင်စရာ ကောင်းလှပါတယ်။

ကောသလမင်းဟာ လမ်းလျှောက်လှည့်လည်နေရင်း အဲဒီသစ်ပင်အောက်တွေကို တွေ့ရတော့ ဒီလိုသစ်ပင်အောက်မျိုးမှာ "ငါဟာ အပူဇော်ခံ အမှန်သိမြင် ဘုရားရှင်ကို ဆည်းကပ်လိုက်ချင်စမ်းပါဘို"၊ ဒီလို ဘုရားရှင်ကို သတိရလာပါတယ်၊ ဒီတော့ ဒီဃကာရာယနဘက်ကို လှည့်ပြီး မေးပါတယ်။

"အချင်းကာရာယန ! ငါဟာ ဒီလိုသစ်ပင်အောက်မျိုးမှာ ဘုရားရှင်ကို ဆည်းကပ်ချင်ပါတယ်၊ အပူဇော်ခံ အမှန်သိမြင် ဘုရားရှင်ဟာ အခု ဘယ် အရပ်မှာ သီတင်းသုံး နေထိုင်ပါသလဲ ?"။

"အရှင်မင်းမြတ် ! ဘုရားရှင်ဟာ 'မေဒါဠုပ'ဆိုတဲ့ သာကီဝင်မင်းတို့ရဲ့ နိဂုံးမှာ သီတင်းသုံး နေတော်မူပါတယ်"။

"အချင်းကာရာယန ! ဒီနဂရကနိဂုံးနဲ့ မေဒါဠုပနိဂုံးဟာ ဘယ်လောက် ဝေးသလဲ ?"။

"သိပ်မဝေးလှပါ အရှင်မင်းမြတ်၊ ခရီး ၃-ယူဇနာလောက်သာ ရှိပါတယ်၊ ကျန်ရှိနေတဲ့ အချိန်ပိုင်းနဲ့ ဒီနေ့ပဲ အရောက်သွားနိုင်ပါသေးတယ်"။

"ဒါဖြင့် ယာဉ်ကောင်းယာဉ်မွန်တွေကို ရွေးချယ်စီစဉ်ပေတော့၊ တစ်ဆက်တည်း ဘုရားဖူးသွားကြရအောင်"။

ဒီဃကာရာယနက ကောသလမင်း အမိန့်ရှိတဲ့အတိုင်း ယာဉ်တွေကို အသင့် စီစဉ်ထားပါတယ်၊ စီစဉ်ပြီးကြောင်းကိုလဲ လျှောက်ထားသံတော်ဦးတင်ပါတယ်။

ဒီတော့ ပသေနဒီကောသလမင်းက ယာဉ်စီးပြီး နဂရကနိဂုံးက မေဒါဠုပ နိဂုံးကို ထွက်လာခဲ့ပါတယ်၊ အဲဒီနေ့မှာပဲ ရောက်သွားပါတယ်၊ ကျောင်းတိုက်အနား ယာဉ်နဲ့ သွားလို့ဖြစ်တဲ့ နေရာထိအောင် ယာဉ်နဲ့ပဲ သွားပါတယ်၊ ယာဉ်နဲ့သွားလို့ မဖြစ်တဲ့ နေရာကိုရောက်မှ ယာဉ်ကဆင်းပြီး ခြေလျင်လျှောက်ကာ ကျောင်းတိုက်အတွင်းကို ဝင်လာခဲ့ပါတယ်။

အဲဒီအချိန်မှာ ရဟန်းတော်တွေဟာ ကျောင်းဝင်းထဲမှာ လမ်းလျှောက်နေကြပါတယ်၊ ကောသလမင်းက အဲဒီရဟန်းတော်တွေထံ သွားပြီး "အပူဇော်ခံ အမှန်

http://www.dhammadownload.com

သိမြင် ဘုရားရှင်ဟာ အခုဘယ်ကျောင်းမှာ သီတင်းသုံး နေတော်မူပါသလဲ ?၊ တပည့်တော်များ ဘုရားဖူးလိုကြပါတယ်"လို့ လျှောက်ထားပါတယ်။

"မဟာရာဇာ ! တံခါးပိတ်ထားတဲ့ ဟိုနားကကျောင်းဟာ ဘုရားရှင် သီတင်းသုံး နေတော်မူတဲ့ ဂန္ဓကုဋိကျောင်းတော်ပါပဲ၊ အဲဒီကျောင်းသို့ တိတ်ဆိတ်ငြိမ်သက်စွာ သွားပါ၊ မနေးမမြန် ကျောင်းဦးတံခါးမုခ်သို့ဝင်ပါ၊ တံခါးရွက်ကို လက်ဖျားကလေးနဲ့ အသာကလေး ခေါက်လိုက်ပါ၊ ဒီတော့ ဘုရားရှင်က တံခါးဖွင့်ပေးပါလိမ့်မယ်"။

ရဟန်းတော်များရဲ့ ညွှန်ကြားချက်ကို ကြားရတဲ့အခါ မင်းမြွှာက်တန်ဆံ ၅-ပါးကို ဒီဃကာရာယနအား ပေးအပ်လိုက်ပါတယ်။

"ဘုရင်မင်းမြတ်ဟာ ဘုရားရှင်နဲ့ နှစ်ကိုယ်ကြား တိုင်ပင်လိုဟန် တူပါတယ်၊ ငါ ဒီနေရာမှာပဲ နေသင့်တယ်"။

ဒီဃကာရာယနက ဒီလိုစဉ်းစားပြီး အလိုက်သိစွာနဲ့ အဲဒီနေရာမှာပဲ နေရစ်ပါတယ်၊ ပဃေနဒီကောသလမင်းကတော့ ရဟန်းတော်များညွှန်ကြားတဲ့အတိုင်း သွားပြီး ဂန္ဓကုဋိတိုက်တံခါးကို အသာလေး ခေါက်လိုက်ပါတယ်၊ ဘုရားရှင်က တံခါးကို ဖွင့်ပေးတော်မူတဲ့အခါ ကျောင်းတွင်းကိုဝင်သွားပါတယ်၊ ဘုရားရှင်ရဲ့ ခြေတော်များအပေါ်မှာ ခေါင်းနဲ့ပျပ်ဝပ်ပြီး ခြေတော်တွေကို ပါးစပ်နဲ့လဲစုပ်ပါတယ်၊ လက်တွေနဲ့လဲ ပွတ်သပ်ဆုပ်နယ်ပါတယ်၊ "တပည့်တော်ကောသလမင်းပါဘုရား၊ တပည့်တော်ကောသလမင်းပါဘုရား"လို့ နာမည်ကိုလဲ ထုတ်ဖော်လျှောက်ထားပါတယ်။

"မဟာရာဇာ ! သင်ဟာ ဘယ်လိုအကျိုးတွေကို တွေ့မြင်ပြီး ငါဘုရားရဲ့ ကိုယ်ခန္ဓာမှာ ဒီလို ကျိုးနွံမှုကို ပြုရပါသလဲ၊ မိတ်ဆွေအမှတ်နဲ့ ပူဇော်မှုကို သိသိသာသာကြီး ပြုရပါသလဲ ?"။

ဒီလို ဘုရားရှင်က မေးတော်မူတဲ့အခါမှာ အကျယ်တဝင့် ပြန်လည် လျှောက်ထားဖြေကြားမှုကို ပြုပါတယ်။

"အို-ရှင်တော်မြတ်ဘုရား ! ရှင်တော်မြတ်ဘုရားဟာ ကိုယ်တိုင်မှန်စွာ သိသင့်ရာကို သိတော်မူတတ်ပါပေတယ်၊ တရားတော်ဟာလဲ ရှင်တော်မြတ် ဘုရားက ကောင်းစွာ ဟောကြားထားတဲ့ တရားတော် ဖြစ်ပါပေတယ်၊ ဘုရားရှင်ရဲ့ တပည့်သံဃာတော်ဟာလဲပဲ ကောင်းစွာကျင့်တော်မူတတ်ပါပေတယ်"။

ဒီလို ဘုရားရှင်အပေါ်မှာ နှိုင်းယှဉ်ဆင်ခြင် သိမြင်တတ်တဲ့ အသိဉာဏ်မျိုးဟာ တပည့်တော်မှာ ရှိနေပါတယ်၊ ဒါ့ကြောင့် ဘုရားရှင်ရဲ့ ကိုယ်ခန္ဓာမှာ ဒီလို ကျိုးနွံမှုကို ပြုပါတယ်၊ မိတ်ဆွေအနေနဲ့ ပူဇော်မှုကို သိသိသာသာကြီး ပြုရပါတယ်။

http://www.dhammadownload.com

တပည့်တော်ဟာ အခု လောကမှာရှိနေကြတဲ့ အချို့သမဏဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်တွေကို သတိပြုကာ ကြည့်ရှုလေ့လာခဲ့ပါတယ်၊ သူတို့တစ်တွေဟာ မြတ်တဲ့ အကျင့်(မေထုန်မှုကရှောင်ကြဉ်တာ)ကို အချိန်ပိုင်းဖြတ် သတ်မှတ်ပြီး ကျင့်ကြပါတယ်၊ ၁၀-နှစ်ကျင့်သူလဲ ရှိပါတယ်၊ အနှစ် ၂၀-ကျင့်သူလဲ ရှိပါတယ်၊ အနှစ် ၃၀-ကျင့်သူလဲ ရှိပါတယ်၊ အနှစ် ၄၀-ကျင့်သူလဲ ရှိပါတယ်၊ အဲဒီလို ကျင့်ပြီးတဲ့ အခါမှာ သူတို့တစ်တွေဟာ ရေမိုးကောင်းကောင်း ချိုးကြပါတယ်၊ ကောင်းကောင်း လိမ်းကျံကြပါတယ်၊ ဆံမုတ်ဆိတ်ကျင်စွယ်တွေကို ဖြတ်တောက် ပြုပြင်ကြပါတယ်၊ ကာမဂုဏ်တွေကို အစွမ်းကုန်လိုက်စား ပျော်ပါးပြီး နေကြပါတော့တယ်။

တပည့်တော်ဟာ ရှင်တော်မြတ်ဘုရား၏ သာသနာတော်တွင်းမှာ ရှိနေကြတဲ့ ရဟန်းတော်တွေကိုလဲ သတိပြုကာ ကြည့်ရှုလေ့လာပါသေးတယ်၊ အဲဒီ ရဟန်း တော်တွေကတော့ သက်ဆုံးတိုင် ပြည့်ပြည့်စုံစုံ သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ် မြတ်တဲ့အကျင့်(မေထုန်မှုကရှောင်ကြဉ်တာ)ကို ကျင့်သုံးနေထိုင်ကြပါတယ်၊ ဘုရား တပည့်တော်ဟာ ဘုရားသာသနာတော်၏ ပြင်ပလောကမှာ ဒီလိုပြည့်စုံသန့်စင်တဲ့ အခြားမြတ်တဲ့အကျင့်(ကိုကျင့်သူ)မျိုးကို မတွေ့မမြင်ရပါ။

ဒီလို သာသနာတွင်းမှာသာ ပြည့်စုံသန့်စင်တဲ့ မြတ်သောအကျင့်ကို တွေ့ရပြီး သာသနာတော်၏ပြင်ပလောကမှာ မတွေ့မမြင်ရတာဟာလဲပဲ ဘုရားရှင့်အပေါ်မှာ ဘုရားစစ် ဘုရားမှန်ဖြစ်ပုံကို နှိုင်းယှဉ်ဆင်ခြင် သိမြင်နားလည်ဖို့ ခိုင်လုံတဲ့ အကြောင်း တစ်ရပ် ဖြစ်ပါတယ်ဘုရား။

ပြီးတော့ကာ ဒီလောကမှာ မင်းအချင်းချင်းလဲ ငြင်းခုံကြပါတယ်၊ မင်းမျိုး မင်းနွယ်အချင်းချင်းလဲ ငြင်းခုံကြပါတယ်၊ ဗြာဟ္မဏအချင်းချင်းလဲ ငြင်းခုံကြပါတယ်၊ အခြားအိမ်နေသူ လူအချင်းချင်းလဲ ငြင်းခုံကြပါတယ်၊ သားနဲ့အမိလဲ ငြင်းခုံကြ ပါတယ်၊ အမိနဲ့သားလဲ ငြင်းခုံကြပါတယ်၊ သားနဲ့အဖလဲငြင်းခုံကြပါတယ်၊ အဖနဲ့ သားလဲ ငြင်းခုံကြပါတယ်၊ နှမနဲ့မောင်လဲ ငြင်းခုံနေကြပါတယ်၊ မောင်နဲ့နှမလဲ ငြင်းခုံ နေကြပါတယ်၊ မိတ်ဆွေအချင်းချင်းလဲ ငြင်းခုံနေကြပါတယ်။

ဒီလို ပြင်ပလောကမှာ အချင်းချင်း ငြင်းခုံနေကြပေမယ်လို့ ဒီသာသနာတော် တွင်းမှာ ကျင့်သုံးနေထိုင်ကြတဲ့ ရဟန်းတော်တွေကတော့ စည်းလုံးညီညွတ်ကြ ပါတယ်၊ ပေါင်းစုညီညာ ဝမ်းမြောက်ဝမ်းသာ ရှိကြပါတယ်၊ သူတစ်မျိုး ငါတစ်ဖုံ ငြင်းခုံမှုတွေက ကင်းရှင်းကြပါတယ်၊ နို့နဲ့ရေကို ရောစပ်ထားသလို တစ်သားတည်း ဖြစ်နေကြပါတယ်၊ ချစ်ခင်မှုကို အပြည့်အဝ ပြတတ်တဲ့ မျက်စိတွေနဲ့ တစ်ဦးကို တစ်ဦး ကြည့်ရှုနေထိုင်ကြပါတယ်၊ တပည့်တော် သတိပြုပြီး ကြည့်ရှုလေ့လာတဲ့

http://www.dhammadownload.com

အခါမှာ ဒီလိုပဲ တွေ့မြင်ရပါတယ်၊ အရှင်ဘုရား ! တပည့်တော်ဟာ ဒီသာသနာတော်ရဲ့ ပြင်ပလောကမှာ ဒီလို-ညီညွတ်တဲ့ အခြားပရိသတ်မျိုးကို မတွေ့မမြင်ရပါ။

ဒီလို သာသနာတော်တွင်းမှာသာ ညီညွတ်စည်းလုံးတဲ့ ပရိသတ်မျိုးကို တွေ့ရှိရပြီး သာသနာတော်ရဲ့ ပြင်ပလောကမှာ မတွေ့ရှိရခြင်းဟာလဲပဲ ဘုရားရှင့်အပေါ်မှာ ဘုရားစစ်ဘုရားမှန် ဖြစ်ပုံကို နှိုင်းယှဉ်ဆင်ခြင် သိမြင်နားလည်ဖို့ ခိုင်လုံတဲ့အကြောင်းတစ်ရပ် ဖြစ်ပါတယ်ဘုရား။

ပြီးတော့ ဘုရားတပည့်တော်ဟာ အရံတစ်ခုမှ အရံတစ်ခုသို့, ဥယျာဉ်တစ်ခုမှ ဥယျာဉ်တစ်ခုသို့ လမ်းလျှောက်လှည့်လည် သွားပါတယ်၊ အဲဒီ အရံ, ဥယျာဉ်တွေမှာ အချို့သော သမဏဗြာဟ္မဏတွေကို ကြည့်ရှုလေ့လာပါတယ်၊ သူတို့တစ်တွေဟာ ပိန်ကြိုးကြပါတယ်၊ အသားအသွေး ခေါင်းပါးကြပါတယ်၊ အရုပ်ဆိုး အကျည်းတန်ကြပါတယ်၊ သွေးအားနည်းပြီး ဖြူဖတ်ဖြူရော် ဖြစ်နေကြပါတယ်၊ တစ်ကိုယ်လုံး အကြောပြိုင်းပြိုင်း ထနေကြပါတယ်၊ လူအများ မကြည့်ချင်လောက်အောင် ဆွဲဆောင်မှုဓာတ်အား နည်းပါးနေကြပါတယ်။

"ဒီကိုယ်တော်တွေဟာ တကယ်မပျော်မွေ့ဘဲ မြတ်တဲ့အကျင့်ကို ကျင့်နေကြရမှာပါပဲ၊ ဒါမှမဟုတ်ရင် လူသိမခံဝံ့တဲ့ ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ထားသူတွေဖြစ်ကြရမှာပါပဲ၊ ဒါ့ကြောင့်မို့သာ ဒီလို ရုပ်ပျက်ဆင်းပျက် ဖြစ်နေကြဟန် တူပါတယ်"၊ ဒီလိုပဲ သူတို့ကို တွေ့ရတဲ့အခါမှာ တပည့်တော်က စဉ်းစားမိပါတယ်။

"ကိုယ်တော်တို့ဟာ ဘာ့ကြောင့် ဒီလို ရုပ်ပျက်ဆင်းပျက် ဖြစ်နေရသလဲ"လို့ သူတို့ထံသွားပြီး မေးမြန်းစုံစမ်းကြည့်တဲ့အခါမှာ "မဟာရာဇာ ! တို့တစ်တွေမှာ ဆွေမျိုးစဉ်ဆက် ကူးစက်လာတဲ့ ရောဂါရှိနေကြပါတယ်"၊ ဒီလို ပြောဆိုကြပါတယ်။

အရှင်ဘုရား ! သာသနာ့ပြင်ပ သမဏဗြာဟ္မဏတွေက ဘယ်လိုပဲဖြစ်နေနေ သာသနာတော်တွင်း ရှင်ရဟန်းတွေကတော့ ကြည်သာရွှင်လန်းကြပါတယ်၊ တက်တက်ကြွကြွ ရှိကြပါတယ်၊ သာသနာတော်မှာ ပျော်ပိုက်တဲ့သဘော ရှိကြပါတယ်၊ နှစ်လိုဖွယ်ကျွန်ခြွေ ရှိကြပါတယ်၊ ကြောင့်ကြဗျာပါရ နည်းပါးကြပါတယ်၊ မာန်မာနဆိုတဲ့အမွေးကို ချထားပြီးသူများ ဖြစ်ကြပါတယ်၊ သူတစ်ပါး လှူဒါန်းတဲ့ပစ္စည်းနဲ့ပဲ အသက်မွေး နေထိုင်ကြပါတယ်၊ သားသမင်သဖွယ် ကြောင့်ကြမဲ့စိတ်နဲ့ နေထိုင်ကြပါတယ်၊ ဒီလိုပဲ တပည့်တော်ကိုယ်တိုင် လေ့လာတွေ့မြင်ရပါတယ်။

ဒီလို တွေ့မြင်ရတဲ့အခါမှာ ဒီအရှင်မြတ်တွေဟာ "တဏှာယ်ပဲ ဘုရားရှင်ရဲ့ သာသနာတော်မှာ မွန်မြတ်တဲ့, တစ်ဆင့်ထက်တစ်ဆင့် ထူးခြားဖွဲ့ (ကသိဏ်း, ပရိက်,

http://www.dhammadownload.com

စျာန်, မဂ်, ဖိုလ်–ဆိုတဲ့) တရားတွေကိုသာ သိကြရမှာပါပဲ၊ ဒါ့ကြောင့်မို့လဲ ဒီလို နေနိုင်ကြဟန်တူပါတယ်"လို့ တွေးတောစဉ်းစားမိပါတယ်။

ဒီလို သာနာတော်တွင်းမှာသာ မွန်မြတ်တဲ့, တစ်ဆင့်ထက်တစ်ဆင့် ထူးခြားတဲ့ (ကသိဏ်း, ပရိကံ, စျာန်, မဂ်, ဖိုလ်–ဆိုတဲ့) တရားကို သိမြင်သူများရှိပြီး သာသနာတော်ရဲ့ ပြင်ပလောကမှာ မရှိခြင်းဟာလဲပဲ ဘုရားရှင်အပေါ်မှာ ဘုရားစစ်ဘုရားမှန်ဖြစ်ပုံကို နှိုင်းယှဉ်ဆင်ခြင် သိမြင်နားလည်ဖို့ ခိုင်လုံတဲ့ အကြောင်းတစ်ရပ် ဖြစ်ပါတယ်ဘုရား။

ရှင်တော်မြတ်ဘုရား ! တပည့်တော်ဟာ မင်းမျိုးမင်းနွယ် စစ်မှန်ပြီး အဘိသိက်ခံထားတဲ့ ရှင်ဘုရင်တစ်ဦး ဖြစ်ပါတယ်၊ သတ်သင့်သူကို သတ်နိုင်ပါတယ်၊ ဒဏ်တပ်သင့်သူကိုလဲ ဒဏ်တပ်နိုင်ပါတယ်၊ နှင်ထုတ်သင့်သူကိုလဲ ပြည်နှင်ဒဏ်အထိ ပေးနိုင်ပါတယ်၊ ဘုရားတပည့်တော်က တရားလွတ်တော်မှာ ရုံးထိုင်ပြောဆိုနေတုန်းမှာတောင်မှ ကြားဖြတ်စကား ဝင်ပြောကြပါတယ်၊ ဟေ့–မင်းတို့တစ်တွေ တရားရုံးတော်မှာ ကြားဖြတ်စကား ဝင်မပြောကြပါနဲ့၊ ငါ့စကားပြီးဆုံးအောင် စောင့်ဆိုင်းကြစမ်းပါ"၊ ဒီလိုပြောဆိုတားမြစ်ပေမဲ့ မရပါ၊ ကြားဖြတ် ပြောမြဲသာ ပြောဆိုကြတာပါပဲ။

ပြင်ပလောကမှာ ဒီလိုမငြိမ်သက်တဲ့ ပရိသတ်တွေ ရှိနေပေမဲ့ ရာပေါင်းများစွာရှိတဲ့ ပရိသတ်မှာ ရှင်တော်မြတ်ဘုရား တရားဟောနေတဲ့ အချိန်မှာတော့ တပည့်သာဝကတွေဟာ ချေဆတ်ချောင်းဟန့်တာကလေးကိုတောင်မှ မပြုလုပ်ကြပါ၊ ဒါကို ဘုရားတပည့်တော်ကိုယ်တိုင် လေ့လာတွေ့ရှိရပါတယ်။

တစ်ခါတုန်းက မြတ်စွာဘုရားဟာ ရာပေါင်းများစွာရှိတဲ့ ပရိသတ်မှာ တရားဟောနေပါတယ်၊ ရှင်တော်မြတ်ဘုရားရဲ့ တပည့်တစ်ပါးက ချောင်းဟန့်မိပါတယ်၊ အဲဒီရဟန်းကို အခြားသီတင်းသုံးဖော်ရဟန်းတစ်ပါးက "ငါ့ရှင် ! တိတ်တိတ်နေစမ်းပါ၊ အသံမပြုစမ်းပါနဲ့၊ တပည့်တော်တို့ရဲ့ဆရာ ဘုရားက တရားဟောနေပါတယ်"၊ ဒီလိုအမှတ်သညာမျိုးနဲ့ ဒူးနဲ့ အသာကလေး ထိကာ တို့ကာ သတိပေးပါတယ်။

အဲဒီအဖြစ်အပျက်ကို တွေ့ရတဲ့အခါ "အလိုလေး ! သိပ်အံ့သြစရာ ကောင်းတာပဲ၊ သိပ်ထူးဆန်းတာပဲ၊ တုတ်ဓားကင်းကွာ လက်နက်တစ်စုံတစ်ရာ မပါဘဲ ပရိသတ်ကို အတိုင်းထက်အလွန် ငြိမ်သက်အောင် ဆုံးမနိုင်ပါဘိတယ်"၊ ဒီလို စဉ်းစားအံ့သြမိပါတယ်၊ ဘုရားတပည့်တော်ဟာ ဒီသာသနာတော်ရဲ့ ပြင်ပလောကမှာ ဒီလိုယဉ်ကျေးသိမ်မွေ့တဲ့ အခြားပရိသတ်ကို မတွေ့မမြင်ဘူးပါ။

http://www.dhammadownload.com

ဒီလို သာသနာတော်တွင်းမှာသာ ယဉ်ကျေးသိမ်မွေ့တဲ့ ပရိသတ်ကို တွေ့ရှိရပြီး သာသနာ့ပြင်ပလောကမှာ မတွေ့ရှိရခြင်းဟာလဲပဲ ဘုရားရှင့်အပေါ်မှာ ဘုရားစစ် ဘုရားမှန်ဖြစ်ပုံကို နှိုင်းယှဉ်ဆင်ခြင် သိမြင်နားလည်ဖို့ ခိုင်လုံတဲ့အကြောင်း တစ်ရပ် ဖြစ်ပါတယ်ဘုရား။

အရှင်ဘုရား ! ပြီးတော့ကာ တပည့်တော်ဟာ မင်းမျိုးမင်းနွယ် ပညာရှိတွေကို ကြည့်ရှုလေ့လာဖူးပါသေးတယ်၊ သူတို့တစ်တွေဟာ လိမ္မာထက်မြက်ကြပါတယ်၊ သူတစ်ပါး၏ အယူဝါဒကိုလဲပဲ လေ့လာဆည်းပူးထားကြပါတယ်၊ ထိုးထွင်းဉာဏ် ရှိကြပါတယ်၊ သားမြီးဖျားကို မှန်အောင်ပစ်နိုင်တဲ့ လေးသည်ကျော်အလား နက်နဲ သိမ်မွေ့တဲ့ အကြောင်းအရာတွေကိုတောင်မှ သိမြင်နားလည်နိုင်ကြပါတယ်၊ သူတို့ တစ်တွေဟာ မိမိတို့ရဲ့ပညာစွမ်းနဲ့ အခြားသူတွေရဲ့ အယူကို လိုက်လံဖျက်ဆီးနေကြ သလို လှည့်ပတ်သွားလာနေကြပါတယ်။

"ရဟန်းဂေါတမ ဘယ်မြို့, ဘယ်ရွာ, ဘယ်နိဂုံးကို ရောက်လာလိမ့်မယ်"လို့ သတင်းစကား ကြားသိရတဲ့ အခါမျိုးမှာ "တို့တစ်တွေဟာ ရဟန်းဂေါတမဆီကို သွားပြီး ပြဿနာမေးကြရလိမ့်မယ်၊ ငါတို့က ဒီလိုမေးလို့ ရဟန်းဂေါတမက ဒီလိုဖြေရင် ဒီလိုအပြစ်တင်ကြရလိမ့်မယ်၊ ငါတို့က ဒီလိုမေးလို့ ဒီလိုဖြေပြန်ရင်လဲပဲ ဒီလိုပဲ အပြစ်တင်ကြရလိမ့်မယ်"၊ ဒီလိုကြံစည်စိတ်ကူးပြီး ၂-စွန်းထွက်ပြဿနာ (ဘယ်လိုပဲဖြေဖြေ အပြစ်မလွတ်နိုင်တဲ့ ပြဿနာမျိုး)ကို သူတို့တစ်တွေက စီစဉ် ထားတတ်ကြပါတယ်။

သူတို့တစ်တွေဟာ "ရဟန်းဂေါတမ ဆိုက်ရောက်လာပြီ"လို့ သတင်းစကား ကြားရတယ်ဆိုရင်ပဲ ရဟန်းဂေါတမ ထံတော်မှောက်ကို အရောက်သွားကြပါတယ်၊ အဲဒီလို ရောက်သွားတဲ့အခါမှာ ဘုရားရှင်က သူတို့ကို တရားစကား ဟောပြောရင်းနဲ့ပဲ ပစ္စုပ္ပန်ဆိုတဲ့အကျိုး, သံသရာဆိုတဲ့အကျိုး ဒီအကျိုး ၂-မျိုးကို ကောင်းကောင်း မြင်အောင် ပြပါတယ်၊ ကုသိုလ်တရားတွေကို ဆောက်တည်စေပါတယ်၊ ကုသိုလ် ကောင်းမှု ပြုလုပ်ဖို့ရန် စိတ်အားထက်သန်စေပါတယ်၊ ကြည်သာရွှင်ပျစေပါတယ်။

သူတို့တစ်တွေဟာ ဘုရားရှင်ရဲ့ တရားသဘောကို ထိုးထွင်းသိမြင်သွားကြ ပါတယ်၊ ဘုရားရှင်အား ပြဿနာလေးတောင်မှ မမေးကြတော့ပါဘူး၊ အပြစ်တင် မှာတော့ ဝေးပါသေးရဲ့၊ အမှန်မှာ (သရဏဂုံခံယူပြီး) ဘုရားရှင်ရဲ့ တပည့်သာဝက တွေသာ ဖြစ်သွားကြပါတယ်။

အဲဒီ မင်းမျိုးမင်းနွယ် ပညာရှိတွေက ပြဿနာမမေးဖြစ်တဲ့ အကြောင်းကို

http://www.dhammadownload.com

အဋ္ဌကထာ[၁] အလိုကျ နည်းနည်းရှင်းပြပါအုံးမယ်။

"ဘုရားရှင်တွေ"ဆိုတာဟာ တရားဟောလို့ရှိရင် ပရိသတ်ရဲ့ အလိုဆန္ဒကို ကြည့်ပြီး ဟောတော်မူပါတယ်၊ ဒါ့ကြောင့် ဒီပုဂ္ဂိုလ်တွေဟာ လျှို့ဝှက်သိခက်တဲ့ ပြဿနာကို ခါးပိုက်ဆောင်ပစ္စည်းသဖွယ် ပြုလုပ်ပြီး လာကြတာပဲ"၊ ဒီလို သိမြင်တော်မူပါတယ်။

ဒီတော့ သူတို့ မမေးခင်ကပဲ ကြိုတင်ပြီး ဒီလိုပြဿနာမျိုးကို မေးတဲ့နေရာမှာ အပြစ် ဘယ်လောက်ပါဝင်တယ်၊ ဖြေဆိုတဲ့နေရာမှာ အပြစ်ဘယ်လောက် ပါဝင်တယ်၊ အနက်မှာ အပြစ်ဘယ်လောက်ပါဝင်တယ်၊ ပုဒ်မှာ အပြစ်ဘယ်လောက် ပါဝင်တယ်၊ အက္ခရာမှာ အပြစ်ဘယ်လောက်ပါဝင်တယ်၊ ဒီပြဿနာမျိုးကို မေးလိုလို့ရှိရင် ဒီလိုသာ မေးသင့်တယ်၊ ဖြေရင်လဲ ဒီလိုသာ ဖြေသင့်တယ်၊ ဒီလို သူတို့က ခါးပိုက်ဆောင်ပစ္စည်းသဖွယ် ပြုလုပ်ယူဆောင်လာတဲ့ ပြဿနာတွေကို တရားဟောတော်မူရင်း ထည့်သွင်းချေဖျက်သွားပါတယ်။

အဲဒီစကားကို နာကြားရတဲ့အခါ "ဒီပြဿနာတွေကို မမေးဖြစ်တာဟာ တို့အတွက် ကံကောင်းတာပဲ၊ တကယ်လို့များ မေးမိလို့ရှိရင် ထောက်တည်ရာ မရအောင် ရဟန်းဂေါတမက ချေဖျက်ပစ်မှာ အမှန်ပါပဲ"၊ ဒီလို သူတို့တစ်တွေက ဝမ်းသာကြရပါတယ်၊ ဒါ့ကြောင့် ပြဿနာမမေးဖြစ်တာပါပဲ။

နောက်တစ်နည်း ပြောရမယ်ဆိုရင် ဘုရားရှင်တွေဆိုတာဟာ တရားဟောတော်မူရင်း ပရိသတ်ကို မေတ္တာဓာတ်ပို့နှံ့နေအောင် လုပ်ထားတော်မူပါတယ်၊ မေတ္တာဓာတ်ပို့နှံ့လာတဲ့အခါ ပရိသတ်ရဲ့စိတ်ဟာ ကြည်လင်လာပါတယ်။

ပြီးတော့ကာ ဘုရားရှင်တွေဆိုတာဟာ အချောမော အလှပဆုံးဖြစ်တဲ့ ရုပ်ရေရွယ်ကာယကို ပိုင်ဆိုင်ထားတဲ့ ပုဂ္ဂိုလ်များတွေ ဖြစ်ကြပါတယ်၊ ဖူးမြင်ချင်စဖွယ် သဖွယ်တော်မူပါတယ်၊ ချီးမြှင့်သာယာတဲ့ အသံနဲ့လဲ ပြည့်စုံတော်မူပါတယ်၊ နူးညံ့ပျော့ပျောင်းတဲ့ လျှာတော်လဲ ရှိတော်မူပါတယ်၊ ကောင်းစွာထိစပ်တဲ့ နှုတ်ခမ်းတော်လဲ ရှိတော်မူပါတယ်၊ ရေခဲရေနဲ့ စိတ်နှလုံးကို လောင်းထားလိုက်သလို တရားဟောတော်မူပါတယ်။

အဲဒီအခိုက်အတန့်မှာ မေတ္တာပို့နှံ့မှု, စိတ်ကြည်လင်အေးချမ်းမှု ရှိနေကြတဲ့ အဲဒီ မင်းမျိုးမင်းနွယ် ပညာရှိတွေက "ရဟန်းဂေါတမဟာ တစ်ထစ်ချစကားမျိုး, အကျိုးရှိတဲ့စကားမျိုး, လွတ်မြောက်ရေးစကားမျိုးကိုချည်း ပြောနေတာပဲ၊ ဒီလို ပုဂ္ဂိုလ်နဲ့ ဆန့်ကျင်ရင် ဆန့်ကျင်တဲ့ပုဂ္ဂိုလ်ကသာ အဆိုးဖြစ်တော့မယ်၊ ဒီတော့

၁။ မူလပဏ္ဏ-၄-၂၊ ၁၀၂။

http://www.dhammadownload.com

ဘယ်သူက ဆန့်ကျင်ရဲတော့မလဲ" ဒီလို စဉ်းစားတွေးတောပြီးသာ နေကြရပါတော့တယ်။

ဒီလို သူတို့ကိုယ်တိုင်က ဘုရားအပေါ်မှာ ကြည်ညိုလာကြတဲ့အတွက် ပြဿနာမမေးဖြစ်တာပါပဲတဲ့။

အဲဒီလို "ပြဿနာမေးမယ်၊ အပြစ်တင်မယ်"လို့ ရောက်လာကြတဲ့ မင်းမျိုးမင်းနွယ် ပရိသတ်တွေရဲ့ ဘုရားတပည့်သာဝက ဖြစ်သွားရတာဟာလဲ ဘုရားရှင့်အပေါ်မှာ ဘုရားစစ်ဘုရားမှန်ဖြစ်ပုံကို နှိုင်းယှဉ်ဆင်ခြင် သိမြင်နားလည်ဖို့ ခိုင်လုံတဲ့ အကြောင်းတစ်ရပ် ဖြစ်ပါတယ်ဘုရား။

နောက်ပြီးတစ်ခါ တပည့်တော်က ဗြာဟ္မဏပညာရှိ, အခြားအိမ်နေသူလူပညာရှိတွေကိုလဲပဲ ကြည့်ရှုလေ့လာရပါသေးတယ်၊ သူတို့တစ်တွေဟာလဲပဲ အဆုံးတစ်နေ့ကျတော့ မင်းမျိုးမင်းနွယ် ပညာရှိတွေလို အရှင်ဘုရားရဲ့ တပည့်သာဝကတွေချည်း ဖြစ်သွားကြရပါတယ်၊ ဒီအချက်တွေဟာလဲပဲ ဘုရားရှင့်အပေါ်မှာ ဘုရားစစ်ဘုရားမှန်ဖြစ်ပုံကို နှိုင်းယှဉ်ဆင်ခြင် သိမြင်နားလည်ဖို့ ခိုင်လုံတဲ့အကြောင်းရပ်များ ဖြစ်ကြပါတယ်ဘုရား။

ပြီးတော့တစ်ခါ တပည့်တော်က သမဏပညာရှိတွေကိုလဲ ကြည့်ရှုလေ့လာပါသေးတယ်၊ သူတို့လဲပဲ လိမ္မာထက်မြက်ကြပါတယ်၊ သူတစ်ပါး၏ အယူဝါဒတွေကိုလဲ လေ့လာဆည်းပူးထားကြပါတယ်၊ ထိုးထွင်းဉာဏ်လဲ ရှိကြပါတယ်၊ သားမြီးဖျားကို မှန်အောင်ပစ်နိုင်တဲ့ လေးသည်ကျော်အလား နက်နဲသိမ်မွေ့တဲ့ အကြောင်းအရာတွေကိုတောင်မှ သိမြင်နားလည်နိုင်ကြပါတယ်၊ သူတို့တစ်တွေဟာလဲပဲ သူတို့ရဲ့ ပညာစွမ်းနဲ့ သူများရဲ့အယူတွေကို ဖျက်ဆီးနေကြသလိုပဲ လှည့်လည် သွားလာနေကြပါတယ်။

သူတို့တစ်တွေလဲပဲ မင်းမျိုးမင်းနွယ် ပညာရှိတွေလို ၂-စွန်းထွက်ပြဿနာများကို စီစဉ်ပြီး အရှင်ဘုရားရဲ့ ထံတော်မှောက်သို့ ရောက်လာကြပါတယ်၊ တရားတော်ကို နာကြားရတဲ့အခါမှာ အရှင်ဘုရားအား ပြဿနာတောင် မမေးကြတော့ပါ၊ အပြစ်တင်မှာတော့ ဝေးပါသေးရဲ့၊ အမှန်ကတော့ အရှင်ဘုရားထံမှာ ရဟန်းပြုခွင့်သာ တောင်းကြပါတော့တယ်၊ အရှင်ဘုရားကလဲပဲ သူတို့ကို ရှင်ရဟန်း ပြုပေးလိုက်ပါတယ်။

ရှင်ရဟန်းအဖြစ်ကို ရပြီးတဲ့အခါ သူတို့တစ်တွေဟာ ဆိတ်ငြိမ်ရာကို ကပ်ရောက်ကြပါတယ်၊ နိဗ္ဗာန်ကို မျှော်မှန်းပြီး မမေ့မလျော့ အပြင်းအထန် ကြိုးစားအားထုတ်နေကြပါတယ်၊ သူတို့တစ်တွေဟာ မကြာခင်မှာဘဲ အရဟတ္တဖိုလ်ကို

http://www.dhammadownload.com

ကိုယ်တိုင်သိမြင် မျက်မှောက်ပြုကာ ရရှိနေထိုင်ကြပါတော့တယ်၊ အဲဒီ အရဟတ္တဖိုလ် ဆိုတာဟာလဲပဲ ရဟန်းပြုကြတဲ့ အမျိုးကောင်းသားတွေရဲ့ မျှော်မှန်းချက်ပန်းတိုင် ဖြစ်ပါတယ်၊ အမြင့်မြတ်ဆုံး, အထက်တန်းအကျဆုံး တရားပဲ ဖြစ်ပါတယ်၊ မြတ်တဲ့ အကျင့်ရဲ့ နိဂုံးကမ္ဘတ် အဆုံးသတ်တရားပဲ ဖြစ်ပါတယ်။

"အလို ! ငါတို့တစ်တွေဟာ ရဟန်းဂေါတမ ထံတော်မှောက်သို့ ရောက်လို့ သာယော့၊ မရောက်ခဲ့ရလို့ရှိရင် ရဟန်းဂေါတမကို အနည်းအကျဉ်းမျှ မဆည်းကပ် ရခဲ့လို့ရှိရင် အကုန်လုံး ပျက်စီးကြရမှာပါပဲ၊ အခုတော့ ဂေါတမ ထံမှောက်သို့ ရောက်လာဆည်းကပ်ရတဲ့အတွက် မပျက်စီးကြရတော့ဘူး၊ ငါတို့တစ်တွေဟာ ရွေးတုန်းကဆိုရင် ရဟန်းအစစ်မဟုတ်ဘဲနဲ့ 'ရဟန်း'လို့ ဝန်ခံခဲ့ကြတယ်၊ ဗြာဟ္မဏအစစ်မဟုတ်ဘဲနဲ့ 'ဗြာဟ္မဏ'လို့ ဝန်ခံခဲ့ကြတယ်၊ ရဟန္တာအစစ် မဟုတ်ဘဲနဲ့ 'ရဟန္တာ'လို့ ဝန်ခံခဲ့ကြပါတယ်၊ အခုမှသာ ငါတို့ တစ်တွေဟာ ရဟန်းအစစ် ဖြစ်ကြရပါတော့တယ်၊ ဗြာဟ္မဏအစစ် ဖြစ်ကြရ ပါတော့တယ်၊ ရဟန္တာအစစ် ဖြစ်ကြရပါတော့တယ်"။

သူတို့တစ်တွေက ဒီလိုလဲ ဝန်ခံပြောဆိုကြပါတယ်။

ဒီလို ရှင်တော်မြတ်ဘုရားကို ဆည်းကပ်မိကြတဲ့ သမဏပညာရှိတွေရဲ့ အရဟတ္တဖိုလ်ထိအောင် ရနိုင်တာဟာလဲပဲ ရှင်တော်မြတ်ဘုရားအပေါ်မှာ ဘုရားစစ် ဘုရားမှန်ဖြစ်ပုံကို နှိုင်းယှဉ်ဆင်ခြင် သိမြင်နားလည်ဖို့ လုံလောက်တဲ့အကြောင်း တစ်ရပ် ဖြစ်ပါတယ်ဘုရား။

နောက်အကြောင်းတစ်ခုကတော့ "ဣသိဒတ္တ, ပုရာဏ"ဆိုတဲ့ လက်သမား ၂-ယောက်ဟာ တပည့်တော်ရဲ့ ထမင်းကို စားနေကြပါတယ်၊ တပည့်တော်ရဲ့ ယာဉ်ကို စီးနေကြရပါတယ်၊ တပည့်တော်ဟာ သူတို့ရဲ့ အသက်သခင် ဖြစ်ပါတယ်၊ သူတို့အား အခြေအရံကိုလဲ ဆောင်နှင်းပေးအပ်ထားပါတယ်၊ ဒီလိုဖြစ်ရက်သားနဲ့ သူတို့ ၂-ဦးဟာ ဘုရားရှင်အပေါ်မှာ ရိုသေကျိုးနွံမှုကို ပြုကြသလို တပည့်တော့် အပေါ်မှာ မပြုကြပါ။

တစ်ခါတုန်းက တပည့်တော်ဟာ စစ်တပ်သို့ ထွက်ခဲ့ရပါတယ်၊ ကျဉ်းကျပ်တဲ့ နေရာတစ်နေရာမှာ သူတို့နဲ့အတူ နေထိုင်ရပါတယ်၊ သူတို့ကို စုံစမ်းလိုတဲ့အတွက် တပည့်တော်က အိပ်ပျော်ယောင် ဆောင်နေပါတယ်၊ အဲဒီ အခါမှာ သူတို့က အတော်လေး ညဉ့်နက်လာသည်အထိ တရားစကား ပြောဆိုဆွေးနွေးနေကြ ပါတယ်၊ ပြီးတော့ ဘုရားရှင်ရှိရာဘက်ကို ခေါင်းပြုပြီး တပည့်တော့်ဘက်ကို ခြေရင်းပြုကာ အိပ်ကြပါတယ်။

http://www.dhammadownload.com

ဒီလိုကြည်ညိုဒတ္တနဲ့ ပုရာဏတို့ရဲ့ အသက်သခင် ထမင်းရှင်ဖြစ်တဲ့ တပည့်တော်ကိုထက် တရားသခင် ဘုရားရှင်ကို ရိုသေကျိုးနွံကြခြင်းဟာလဲပဲ ဘုရားရှင့် အပေါ်မှာ ဘုရားစစ်ဘုရားမှန်ဖြစ်ပုံကို နှိုင်းယှဉ်ဆင်ခြင် သိမြင်နားလည်ဖို့ လုံလောက်တဲ့ အကြောင်းတစ်ရပ် ဖြစ်ပါတယ်ဘုရား။

အရှင်ဘုရား ! ပြီးတော့ကာ မြတ်စွာဘုရားဟာ မင်းမျိုးမင်းနွယ်ရှိသူ ဖြစ်ပါတယ်၊ တပည့်တော်လဲပဲ မင်းမျိုးမင်းနွယ်ရှိသူ ဖြစ်ပါတယ်၊ မြတ်စွာဘုရားလဲ ကောသလတိုင်းသား ဖြစ်ပါတယ်၊ တပည့်တော်လဲပဲ ကောသလတိုင်းသား ဖြစ်ပါတယ်၊ မြတ်စွာဘုရားလဲ အသက် ၈၀-ရှိပါတယ်၊ တပည့်တော်လဲပဲ အသက် ၈၀-ရှိပါတယ်။

ဒီလို မျိုးနွယ်, ဒေသ, အသက်အရွယ် တူမျှတဲ့အတွက်ကြောင့်လဲပဲ ဘုရားရှင့် အပေါ်မှာ လွန်ကဲတဲ့ကျိုးနွံမှုကို ပြုဖို့, မိတ်ဆွေအမှတ်နဲ့ ပူဇော်မှုကို သိသိသာသာကြီး ပြုလုပ်ဖို့ ထိုက်တန်တော့တာပါပဲ၊ အရှင်ဘုရား ! အခုပဲ တပည့်တော်တို့ သွားပါရစေ၊ တပည့်တော်တို့မှာ လုပ်စရာ ကိုင်စရာ အလုပ်ကိစ္စတွေ များလှပါတယ်။

ဒီလို ပသေနဒီ ကောသလမင်းက လျှောက်ထားတောင်းပန်လိုက်တော့ ဘုရားရှင်က "မဟာရာဇာ ! သွားလိုက သွားတာပေါ့"၊ ဒီလို အမိန့်ရှိလိုက်ပါတယ်၊ ဒီတော့ ပသေနဒီ ကောသလမင်းက နေရာကထပြီး မြတ်စွာဘုရားကို ရှိခိုးအရှိ အသေပြုကာ ထွက်သွားပါတော့တယ်။

ပသေနဒီ ကောသလမင်းထွက်သွားလို့ မကြာခင်မှာဘဲ ဘုရားရှင်က ရဟန်းတွေကို အမိန့်ရှိ သိစေတော်မူပါတယ်။

> "ရဟန်းတို့ ! ပသေနဒီကောသလမင်းဟာ တရားတော်ကို ကြည်ညိုခြင်းနဲ့ စပ်ယှဉ်တဲ့စကား(ဓမ္မစေတိယ)တွေကို လျှောက်ထားသွားပါတယ်၊ အဲဒီစကားတွေကို သင်ယူကြရမယ်၊ လေ့လာကြရမယ်၊ ဆောင်ရွက်မှတ်သားထားကြရမယ်၊ တရားတော်ကို ကြည်ညိုခြင်းနဲ့ စပ်ယှဉ်တဲ့ စကားတွေဟာ အကျိုးစီးပွား များပြားစေနိုင်ပါတယ်၊ မင်္ဂလာဆိုတဲ့ မြတ်သောအကျင့်ရဲ့ အခြေခံ အုတ်မြစ်တွေ ဖြစ်ကြပါတယ်"။

ဓမ္မစေတိယသုတ္တန် ဒေသနာတော်ဟာ ဒီနေရာမှာပဲ ပြီးဆုံးသွားပါတယ်၊ ကောသလမင်းက ဘုရားရှင်ရဲ့ ဂုဏ်တော်နဲ့စပ်တဲ့ စကားတွေကိုချည်း လျှောက်ထားသွားပါတယ်၊ ဘုရားရှင်က "တရားတော်ကို ကြည်ညိုခြင်းနဲ့စပ်တဲ့ စကားတွေကို လျှောက်ထားသွားတယ်"ဆိုပြီး ဒီသုတ်ကို "ဓမ္မစေတိယသုတ္တန်"လို့ အမည်ပေး

http://www.dhammadownload.com

ပါတယ်၊ ဒီတော့ ဘုရားရှင်က ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ "ဓမ္မစေတီယသုတ္တန်"လို့ အမည်ပေးရပါသလဲ ?၊ ဒီလို စဉ်းစားစရာအချက် ပေါ်လာပါတယ်။

ရတနာ ၃-ပါးထဲက တစ်ပါးပါးကို ကြည်ညိုခဲ့လို့ရှိရင် အကုန်လုံးကို ကြည်ညိုပြီး ဖြစ်ပါတော့တယ်တဲ့၊ ဒါကြောင့် 'ဘုရားရှင်ကို ကြည်ညိုလို့ရှိရင် တရားတော်ကိုလဲပဲ ကြည်ညိုပြီးပဲ ဖြစ်တော့တယ်'ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုရားရှင်က ဒီသုတ်ကို "ဓမ္မစေတီယ"လို့ အမည်ပေးထားရပါတယ်တဲ့။

အခု သာသနာတော်တွင်းမှာ "ဒါန, သီလ, ဘာဝနာ-ဆိုတဲ့ ကုသိုလ်ကောင်းမှုတွေကို စိတ်ထက်ထက်သန်သန် သဒ္ဓါအားကောင်းကောင်းနဲ့ လုပ်ကြ ကိုင်ကြတာဟာ ဘာ့ကြောင့်လဲ ?"လို့ အကြောင်းကို လိုက်ရှာတော့ ရတနာ ၃-ပါးကို ကြည်ညိုလို့ လုပ်တယ်ဆိုတာ တွေ့ရပါ့မယ်၊ ဒီတော့ ဒီကုသိုလ်ကောင်းမှု အကုန်လုံးဟာ ရတနာ ၃-ပါးကို ကြည်ညိုတာက အစပြုပြီး ဖြစ်ပေါ်လာတယ်"လို့ မဆိုသင့်ဘူးလား ?။

"ဆိုသင့်ပါတယ်ဘုရား"။

"ပြီးတော့ကော ဒီကုသိုလ်တွေဟာ မဂ်ဖိုလ်ရဲ့ အခြေခံမျိုးစေ့ကော မဖြစ်နိုင်ဘူးလား ?"။

"ဖြစ်နိုင်ပါတယ်ဘုရား"။

"ဒါကြောင့် ရတနာ ၃-ပါးကို ကြည်ညိုတယ်ဆိုတဲ့ တရားကို သေးသေးကွေးကွေးလို့ မထင်ကြပါနဲ့၊ မဂ်ဖိုလ်ကိုရဖို့ရန် တကယ်ခိုင်ခန့်ကြီးကျယ်တဲ့ 'အခြေခံအုတ်မြစ်'လို့ မှတ်ကြရမယ်"၊ ကိုင်း -လိုက်ဆိုကြပါအုံး။

ဗုဒ္ဓဘာသာ-ရှင်လူများတို့၊ သေချာစဉ်းစား-ဆင်ခြင်ပါ၊
ပေးစွန့်ကြည်ဖြူ-လှူဒါနနှင့်၊ သီလတရား-ဘာဝနာ၊
စိတ်ထားထက်သန်-သဒ္ဓါပွားလို့၊ ကုသိုလ်အများ-ပြုခြင်းမှာ၊
သုံးပါးရတနာ-ကြည်ညိုမှုက၊ အစပြုလို့-ဖြစ်ပေါ်လာ၊
ဒါ့ကြောင့်နှစ်လို-ကြည်ညိုမှုကို၊ မဂ်အုတ်မြစ်ဟု-မှတ်လိုက်ပါ။

ကျန်ရှိနေတဲ့အချိန်မှာ သရဏဂုံအကျိုးကို ဆက်ပြီးပြောပါအုံးမယ်၊ ပြီးသလောက်ပေါ့၊ ကျန်နေတာကိုတော့ နောက်လပြည့်နေ့မှ ဆက်ပြောပေးပါ့မယ်။

သရဏဂုံအကျိုး

"သရဏဂုံ"ဆိုတာဟာ "လောကုတ္တရာသရဏဂုံ, လောကီသရဏဂုံ"ရယ်လို့ ၂-မျိုးရှိနေတဲ့ အကြောင်းကို ပြောပြခဲ့ပြီးပါပြီ၊ အဲဒီ ၂-ပါးထဲက လောကုတ္တရာသရဏဂုံရဲ့ အကျိုးကို အရင်ပြောပါ့မယ်။

http://www.dhammadownload.com

"ငါဘုရားရဲ့ တပည့်သာဝက တစ်ဦးတစ်ယောက်ဟာ ဘုရားကိုလဲ ကိုးကွယ်တယ်၊ တရားကိုလဲ ကိုးကွယ်တယ်၊ သံဃာကိုးလဲ ကိုးကွယ်တယ်၊ အရိယာဖြစ်စေတတ်တဲ့ သစ္စာ ၄-ပါး တရားတွေကို မှန်မှန်ကန်ကန် မဂ်ပညာနဲ့သိမြင်တယ်၊ ဒုက္ခသစ္စာကိုလဲ သိမြင်တယ်၊ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကိုလဲ သိမြင်တယ်၊ ဒုက္ခကို လွန်မြောက်ကြောင်း နိရောဓသစ္စာကိုလဲ သိမြင်တယ်၊ ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အင်္ဂါ ၈-ပါးရှိတဲ့ မဂ္ဂသစ္စာကိုလဲ သိမြင်တယ်။

ဒီသစ္စာ ၄-ပါးကိုသိမြင်ကြောင်း အရိယမဂ်ဟာ ဘေးတို့ရဲ့ ကုန်ရာဖြစ်တဲ့ သရဏဂုံပဲ၊ ဒီအရိယမဂ်ဟာ မွန်မြတ်တဲ့ သရဏဂုံပါပဲ၊ ဒီသစ္စာ ၄-ပါးကို သိမြင်ခြင်းဆိုတဲ့ သရဏဂုံကို အကြောင်းပြုပြီး ဒုက္ခအကုန်လုံးက လွတ်မြောက်ရတော့တယ်"။[၁]

ဒီလို အဂ္ဂဒတ္တပုဏ္ဏားအား ဘုရားရှင်က ဟောကြားခဲ့ပါတယ်၊ ဒီဟောကြားချက်ကိုပဲ အထောက်အထားပြုပြီး "အရိယမဂ်ပဲ လောကုတ္တရာသရဏဂုံမည်တယ်၊ ဒါ့ကြောင့် ဖိုလ် ၄-ခုဟာ လောကုတ္တရာသရဏဂုံရဲ့ အကျိုးရင်းမည်ပါတယ်၊ ဒုက္ခကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ကတော့ ဆက်သွယ်လို့ရအပ်တဲ့ အကျိုးဆက်မည်ပါတယ်"၊ ဒီလို မှတ်သားကြရမယ်နော်။

မဂ်ဉာဏ်ကို ရပြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ "ရုပ်နာမ်ဓမ္မ သခ်ါရ တစ်စုံတစ်ခုကို မြဲတယ်"လို့ ယူဆစရာအကြောင်း မရှိတော့ဘူး၊ (အတ္တဒိဋ္ဌိအရင်းခံနဲ့) "သုခ"လို့ ယူဆစရာအကြောင်း မရှိတော့ဘူး၊ ဘယ်လိုတရားမျိုးကိုမှ "အတ္တ"လို့ ယူဆစရာလဲ အကြောင်းမရှိတော့ဘူး၊ အမိကိုသတ်စရာလဲ အကြောင်းမရှိတော့ဘူး၊ အဖကိုသတ်စရာလဲ အကြောင်းမရှိတော့ဘူး၊ ရဟန္တာကို သတ်စရာလဲ အကြောင်းမရှိတော့ဘူး၊[၂] ဒေါသအာဃာတစိတ်နဲ့ သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ ကိုယ်တော်မှာ ဆွေးခြည်ညှောင် ပြုစရာလဲ အကြောင်းမရှိဘူး၊ ဘာသာခြားပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို ဘာသာရေးရာမှာ ဆရာရယ်လို့ ညွှန်ပြစရာအကြောင်းလဲ မရှိဘူး၊ အခွင့်လမဟုတ်ဘူး၊ ဒီအကြောင်းမျိုးဟာ ဖြစ်နိုင်စရာလဲ မရှိတော့ပါဘူး။[၃]

၁။ ခံ-ပါ၊ ၄၂။

၂။ အရိယာပုဂ္ဂိုလ်တွေဟာ အခြားသတ္တဝါတွေကိုလဲ သတ်စရာအကြောင်း မရှိပါဘူး၊ ဒါပေမဲ့ ပုထုဇဉ်အဖြစ်ရဲ့ အပြစ်ကြီးလေးပုံ, အရိယာအဖြစ်ရဲ့ ကုသိုလ်ရေးမှာ အားကောင်းပုံကို ပြရအောင်လို့သာ ဘုရားရှင်က ဒီလို ဟောကြားရတာပါ။

၃။ အံ-ပါ-၁၊ ၂၉။

http://www.dhammadownload.com

ဒီအဋ္ဌာနဝဂ် ပါဠိတော်ကို ထောက်ထားပြီး "ရုပ်နာမ်ဓမ္မ သခ်ါရ တစ်စုံတစ်ခုကို နိစ္စ, သုခ, အတ္တ"လို့ စွဲလမ်းမှု မရှိတာ၊ ပဋ္ဌာန်၌ ရိယက်ကို မကျူးလွန်တာ၊ အခြားဘာသာခြားပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို ဘာသာရေးရာမှာ ဆရာလို့ မည္ညန်ပြတာ–စတဲ့ဟာတွေလဲပဲ "လောကုတ္တရာသရဏဂုံရဲ့ ဆက်သွယ်ပြီးရလာတဲ့အကျိုး"လို့ ယူဆသင့်ပါတယ်၊ ဒီလောက်နဲ့ပဲ လောကုတ္တရာသရဏဂုံရဲ့ အကျိုးကို လက်စသတ်လိုက်ကြစို့ရဲ့။

လောကီသရဏဂုံရဲ့ အကျိုးကို ပြောတဲ့နေရာမှာတော့ အခြေခံဖြစ်တဲ့ သရဏဂုံ, သရဏဂုံတည်သူ ဒါတွေကိုပါ ထည့်သွင်းပြောသွားမှ ဖြစ်ပါလိမ့်မယ်။

သရဏဂုံလို့ ပြောနေကြတဲ့ စကားဟာ "သရဏ ဂမန"ဆိုတဲ့ ပါဠိစကားက ဆင်းသက်လာတာ ဖြစ်တယ်၊ "သရဏ–ကိုးကွယ်ရာ"လို့, နောက်တစ်နည်းက "သရဏ–ဆင်းရဲကိုဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တတ်တယ်"လို့၊ ဂမန–သိတဲ့စိတ်၊ ဒီလို တစ်ပုဒ်ချင်းအနေနဲ့ အဓိပ္ပာယ်ရပါတယ်၊ ဒီတော့ "ဘုရား, တရား, သံဃာတွေကို ကိုးကွယ်စရာ"လို့ သိတဲ့စိတ်ကို "သရဏဂုံ"လို့ ခေါ်ပါတယ်၊ နောက်တစ်နည်းအလို အရကတော့ "ဘုရား, တရား, သံဃာတွေကို ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တတ်တယ်"လို့ သိတဲ့စိတ်ကို "သရဏဂုံ"လို့ ခေါ်ပါတယ်။

> "ဘုရားရှင်ဟာ သိစရာမှန်သမျှ တရားတွေကို ဘယ်ဆရာဆီမှာမှ နည်းမခံဘဲ ကိုယ်တော်တိုင် သိတော်မူတတ်ပါတယ်၊ တရားတော်ဟာလဲ ကောင်းကောင်းမွန်မွန် မှန်မှန်ကန်ကန် ဟောထားတဲ့တရားတော် ဖြစ်ပါတယ်၊ သံဃာတော်ဟာလဲ ကောင်းကောင်းမွန်မွန် မှန်မှန်ကန်ကန် ကျင့်တော်မူတတ်ပါပေတယ်"။

ဒီလို စတဲ့နည်းနဲ့ ရတနာ ၃–ပါး အပေါ်မှာ ကြည်ညိုမှု, ယုံကြည်မှု, ရိုသေလေးစားမှု ဖြစ်ပေါ်လာလို့ရှိရင် မဆုံးဖြတ်နိုင်မှု–ဝိစိကိစ္ဆာ၊ တွေဝေမှု–သမ္မောဟ၊ မကြည်ညိုမှု–အသဒ္ဓိယစတဲ့ အညစ်အကြေးတရားတွေ ကင်းစင်လွင့်ပျောက်ရပါတယ်၊ ရတနာ ၃–ပါးကို ခိုကိုးလိုတဲ့စိတ်, အားထားလိုတဲ့စိတ်တွေ ပေါ်ပေါက်လာရပါတယ်၊ အဲဒီစိတ်မျိုးကိုပဲ "သရဏဂုံ"လို့ ခေါ်ရတာပါပဲ။

ပြီးတော့ ဘယ်ပုဂ္ဂိုလ်မှာပဲဖြစ်ဖြစ် "ဘုရား, တရား, သံဃာတွေကို ကိုးကွယ်ရာ"လို့ သိတဲ့ ဒီအသိစိတ်မျိုး ပေါ်လာလို့ရှိရင် အဲဒီပုဂ္ဂိုလ်ကို "သရဏဂုံတည်သူ"လို့ ဆိုရပါတယ်။

http://www.dhammadownload.com

အေး–ဒီလို သရဏဂုံတည်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ "ဘုရား, တရား, သံဃာတွေကို ကိုးကွယ်ရာ မဟုတ်ဘူး"လို့ အယူပြောင်းသွားမယ်, စိတ်ပြောင်းသွားမယ်ဆိုရင် သရဏဂုံပျက်သွားတယ်၊ ဒီလို အယူမပြောင်းဘဲ, စိတ်မပြောင်းဘဲနဲ့တော့ ဘယ်တော့မှ သရဏဂုံ မပျက်ပါဘူး၊ သေသွားမှပဲ ပျက်ပါတယ်၊ နောက်ထပ် ဆောက်တည်စရာလဲ မလိုတော့ပါဘူး၊ ဒီတော့ နောက်ထပ်ဆောက်တည်တဲ့အတွက် အပြစ်ရှိသလားဆိုတော့ မရှိပါဘူး၊ ဆောက်တည်တဲ့အတွက် နောက်ထပ် ကုသိုလ် တိုးပွားစရာပဲ ရှိပါတယ်။

ပြီးတော့တစ်ခါ "ဘုရားကို ကိုးကွယ်ပါတယ်"ဆိုတဲ့ နေရာမှာလဲ အခုကာလ ရှိနေကြတဲ့ ရုပ်ပွားဆင်းတုတော်တွေ, ရွှေတိဂုံစတဲ့ စေတီတော်တွေ, ရုပ်ပုံကားချပ်တွေ ဒါလောက်တင် စိတ်မထားရဘူး၊ ရှေ့က ဘုန်းကြီးပြောပြလာတဲ့ ဂုဏ်တော်တွေနဲ့ ပြည့်စုံတော်မူတဲ့ သက်တော်ထင်ရှား ဘုရားထိအောင် စိတ်ကို ရောက်စေရမယ်။

တရားကို ကိုးကွယ်ပါတယ်ဆိုတဲ့ နေရာမှာလဲ ယခုကာလ ဓမ္မကထိကတွေ ဟောပြောနေကြတဲ့ တရားတွေ, ပေစာတွေ, စာအုပ်တွေ ဒါလောက်တင် စိတ်မထားရဘူး၊ "မဂ် ၄–ပါး, ဖိုလ် ၄–ပါး, နိဗ္ဗာန်"ဆိုတဲ့ လောကုတ္တရာတရား ၉–ပါး၊ "ဘုရားဟောပါဠိတော်,အဋ္ဌကထာ"ဆိုတဲ့ ပရိယတ္တိတရား၊ ဒီတရားတော် ၁၀–ပါး ထိအောင် စိတ်ကို ရောက်စေရမယ်။

"သံဃာတော်ကို ကိုးကွယ်ပါတယ်"ဆိုတဲ့ နေရာမှာလဲပဲ အခုကာလ ရှိနေကြတဲ့ ကိုရင်တွေ, ဦးပဉ္စင်းတွေ, ဘုန်းကြီးတွေ, ဆရာတော်ကြီးတွေ ဒါလောက်တင် စိတ်မထားရပါဘူး၊ "မဂ္ဂင်္ဂာန် ၄–ယောက်, ဖလင်္ဂာန် ၄–ယောက်"ဆိုတဲ့ အရိယာ သံဃာတွေထိအောင် စိတ်ကို ရောက်စေရမယ်။

ဒီလို စိတ်ကို ရောက်စေနိုင်, ထားနိုင်မှသာ သရဏဂုံအစစ် ဖြစ်နိုင်ပါတယ်၊ ဒီတော့ ဒီနေရာမှာ ဘုရားရှင်ကိုယ်တော်တိုင် "ဆတ္တ"ဆိုတဲ့ ကျောင်းသားကလေး တစ်ယောက်ကို သင်ပေးတဲ့ သရဏဂုံဆောက်တည်ပုံကို ထည့်သွင်းပြောသွားပါ့မယ်၊ ဒီ"ဆတ္တ"ဆိုတဲ့ ကျောင်းသားကလေးရဲ့ ဝတ္ထုကြောင်းနဲ့ပဲ "ဘယ်လိုသဘောရှိတဲ့ ဘုရား, တရား, သံဃာကို အာရုံပြုရမယ်၊ အခုကာလလို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–စတဲ့ပါဠိကို မဆိုပေမဲ့ သရဏဂုံ တည်ပြီးဖြစ်နိုင်တယ်"ဆိုတာတွေကို နားလည်သွားကြပါလိမ့်မယ်။

မောင်ဆတ္တ[1]

သေတဗျမြို့သား ပုဏ္ဏားတစ်ယောက်မှာ ရတောင့်ရခဲ ရထားတဲ့ သားကလေး တစ်ယောက် ရှိနေတယ်၊ အဲဒီကလေးရဲ့အမည်က မောင်ဆတ္တတဲ့၊ ပညာသင်ချိန်

၁။ ဝိမာန–၅၊ ၁။

http://www.dhammadownload.com

ရောက်လာတဲ့အခါ သူ့အဖေက မောင်ဆတ္တကို ဥက္ကဋ္ဌမြို့ ပေါက္ခရသာတိပုဏ္ဏား ဆီကို ပညာသင်ရအောင် လွှတ်လိုက်တယ်၊ မောင်ဆတ္တကလေးဟာ ပင်ကိုဉာဏ်ပညာကလဲထက်မြက်, လုံ့လဝီရိယကလဲရှိတော့ မကြာခင်မှာဘဲ ပုဏ္ဏားတွေရဲ့ အတတ်အကုန်လုံးကို တတ်မြောက်သွားပါတယ်၊ ဒီတော့ မောင်ဆတ္တကလေးက ဆရာကို ရှိခိုးပြီး မေးပါတယ်။

"ကျွန်တော်က ဆရာ့ဆီမှာ အတတ်ပညာတွေကို သင်ယူခဲ့ပါတယ်၊ အဲဒီအတွက် ဆရာ့ပူဇော်ခ ဘယ်လောက်ပေးရမှာပါလဲ ?"။

"ဆရာ့ပူဇော်ခဆိုတာဟာ တပည့်ကလေးရဲ့ ပစ္စည်းအင်အားကိုလိုက်ပြီး ပေးရတာပါပဲကွာ၊ မင်းအတွက်ကတော့ 'တစ်ထောင်'ဆိုရင် တော်လောက်ပါပြီ၊ ဒီတော့ ငွေတစ်ထောင်ပဲ ယူခဲ့တာပေါ့"။

ဆရာ့စကားကို ကြားရတဲ့အခါ မောင်ဆတ္တက ဆရာကို ရှိခိုးပန်ပြောပြီး သေတဗျူမြို့ကို ပြန်လာပါတယ်၊ အမေအဖေတွေနဲ့ ဝမ်းပန်းတသာ ပြောဆိုနေရင်း သူ့အဖေကို အကျိုးအကြောင်း ပြောပြပါတယ်၊ ဆရာပြောလိုက်တဲ့စကားကို ပြောပြတာပေါ့လေ။

"အဖေရယ် ! ပေးရမယ့်ဥစ္စာကို ကျွန်တော့်အား ပေးပါ၊ ဒီနေ့ပဲ သွားပေးပြီး ပြန်လာပါ့မယ်"။

မောင်ဆတ္တရဲ့ စကားကို ကြားရတဲ့အခါ "သားရယ် ! ဒီနေ့ အချိန်မရှိတော့ပါဘူး၊ နက်ဖြန်မှ သွားတာပေါ့"ဆိုပြီး ငွေတွေကိုရေပြီး အဆင်သင့် ထုပ်ထားပါတယ်။

ခိုးသားဓားပြတွေက ဒီအကြောင်းကို သိနေကြပါတယ်၊ "ကလေးကိုသတ်ပြီး ငွေတွေကို ယူမယ်"ဆိုတဲ့ အကြံနဲ့ မောင်ဆတ္တသွားမဲ့ လမ်းနားက ချုံထဲမှာ ပုန်းနေကြပါတယ်။

အဲဒီအချိန်မှာ ဘုရားရှင်က သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ "ဒီနေ့ မောင်ဆတ္တကို ချီးမြှောက်ရမဲ့နေ့ပဲ"ဆိုတာ ဘုရားရှင်က နံနက်အစောကြီးကတည်းက သိမြင်ထားပါတယ်၊ ဒါနဲ့ ကြိုတင်ကြွတော်မူပြီး မောင်ဆတ္တသွားမဲ့ လမ်းနားက သစ်ပင်တစ်ပင်အောက်မှာ သီတင်းသုံး ထိုင်နေတော်မူနှင့်ပါတယ်။

မောင်ဆတ္တကလဲ ဆရာ့အတွက် ဥစ္စာကိုယူပြီး သေတဗျူမြို့ကနေ ဥက္ကဋ္ဌမြို့ ဘက်ကို ထွက်လာခဲ့ပါတယ်၊ လမ်းခုလတ်မှာ ဘုရားရှင်ကို တွေ့ရတော့ အနားကို သွားပြီး ရပ်နေပါတယ်၊ ဒီတော့ ဘုရားရှင်ကပဲ သူ့ကို စတင်နှုတ်ခွန်းဆက်မှုကို ပြုပါတယ်။

http://www.dhammadownload.com

"မောင်ဆတ္တက ဘယ်ကို သွားမလို့လဲ ?"။

"ကျွန်တော့်ဆရာ ပေါက္ခရသာတိပုဏ္ဏားအား ဆရာပူဇော်ခပေးရအောင် 'ဥက္ကဋ္ဌမြို့ကို သွားမလို့ပါဗဲ' အရှင်ဂေါတမ"။

"မောင်ဆတ္တရယ် ! 'သရဏဂုံ ၃-ပါး၊ ၅-ပါး သီလ' ဆိုတာတွေကို မင်းနားလည်ရဲ့လား ?"။

ကျွန်တော် နားမလည်ပါဘူး၊ အဲဒါတွေဟာ ဘာအကျိုးရှိပါသလဲ၊ ဘယ်လို ဟာတွေတဲ့လဲ ?"။

ဒီတော့ မြတ်စွာဘုရားက "ဒါတွေဟာ ဒီလိုပါပဲ" ဆိုပြီး သရဏဂုံရဲ့ အကျိုးအာနိသင်တွေ, သီလဆောက်တည်ခြင်းရဲ့ အကျိုးအာနိသင်တွေကို ရှင်းလင်းဟောပြတော်မူပါတယ်၊ ပြီးတော့မှ "မောင်ဆတ္တရေ ! သရဏဂုံ ဆောက်တည်ပုံကို သင်ယူအုံးမလား ?" လို့ မေးတော်မူပြန်တယ်။

"ကောင်းပါတယ်၊ သင်ယူပါ့မယ်၊ အမိန့်ရှိတော်မူပါဘုရား" လို့ တောင်းပန်ပါတယ်၊ ဒီတော့ ရှင်တော်မြတ်ဘုရားက သရဏဂုံဆောက်တည်ပုံကို သူ့စိတ်ကြိုက်ဖြစ်တဲ့ ပါဠိကဗျာ ၃-ပုဒ်ကို ရွတ်ပြသင်ပေးပါတယ်။

အဲဒီ ပါဠိကဗျာတွေကို ပါဠိလိုရွတ်ပြတော့ ဒကာဒကာမတွေက ဘာမှ နားလည်ကြမှာ မဟုတ်ဘူး၊ ဒါနဲ့ ဘုန်းကြီးက မြန်မာလိုပဲ ပြောပြပါ့မယ်၊ ပြီးမှ အဓိပ္ပာယ်မပျက်အောင် မြန်မာမှုပြုထားတဲ့ မြန်မာကဗျာ ၃-ပုဒ်ကို လိုက်အဆိုခိုင်းပါ့မယ်။

၁။ ဘုရားဆိုတာဟာ ဟောတတ်သူ, ပြောတတ်သူမှန်သမျှထက်လဲ မြတ်ပါတယ်၊ သာကီဝင်မင်းမျိုးက ရဟန်းပြုလာသူလဲ ဖြစ်ပါတယ်၊ ဘုန်းတော် ၆-ပါး ဂုဏ်တော်များနဲ့လဲ ပြည့်စုံတော်မူပါတယ်၊ ၁၆-ချက်သော မဂ်ကိစ္စကိုလဲ အကုန်အစင် ပြုပြီးသူဖြစ်ပါတယ်၊ နိဗ္ဗာန်ဆိုတဲ့ တစ်ဖက်ကမ်းကိုလဲ ကြွရောက်တော်မူတတ်ပါတယ်၊ ကိုယ်အား, ဉာဏ်အား, လုံ့လဝီရိယတွေနဲ့လဲ ပြည့်စုံတော်မူပါတယ်၊ အေး-ဒီလိုဂုဏ်တော်တွေနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကို ကိုးကွယ်လိုက်စမ်းပါ ပညာရှိကလေး မောင်ဆတ္တရယ် !။

၂။ ရာဂမှကင်းကွာတဲ့ အရိယမဂ်(၄-ပါး), တဏှာမရှိတဲ့အတွက် ပူဆွေးမှုကင်းတဲ့ အရိယဖိုလ်(၄-ပါး), အကြောင်းတရားတွေက မပြုပြင်အပ်တဲ့ စက်ဆုပ်ဖွယ်ရာ ဘာတစ်ခုမှမရှိတဲ့ (နိဗ္ဗာန်)၊ ဒီလောကုတ္တရာတရား ၉-ပါးနှင့် ချီမြှိုန်ကောင်းမွန် ဖြောင့်မှန်တဲ့ (ဒေသနာဉာဏ်နဲ့)

http://www.dhammadownload.com

ကောင်းစွာဝေဖန်ဟောကြားထားတဲ့ ပရိယတ်တရား၊ ဒီ ၁၀-ပါးသော တရားတော်မြတ်ကို ကိုးကွယ်လိုက်စမ်းပါ ပညာရှိကလေး မောင်ဆတ္တရယ် !။

၃။ သံဃာတော်ဆိုတာဟာ 'မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်' ဆိုတဲ့ အစုံလိုက်တွဲထားရင် (သောတာပတ္တိမဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်၊ သကဒါဂါမိမဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်၊ အနာဂါမိမဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်၊ ဒီလို) ၄-စုံဖြစ်ပါတယ်၊ ပုဂ္ဂိုလ်အနေနဲ့ကတော့ ၈-ယောက်ပဲ ဖြစ်ပါတယ်၊ အဲဒီ ပုဂ္ဂိုလ်များဟာ မိမိတို့အား ပေးလှူလာသမျှ အလှူတွေကို အကျိုးကြီးမားအောင် တကယ်ပဲ စွမ်းဆောင်နိုင်ကြပါတယ်၊ ကိလေသာတွေကလဲ စင်ကြယ်ကြပါတယ်၊ သစ္စာ ၄-ပါးတရားကိုလဲ သိမြင်တတ်ကြပါတယ်၊ ဒီအရိယာ သံဃာတော်မြတ်ကိုလဲ ကိုးကွယ်လိုက်စမ်းပါ ပညာရှိကလေး မောင်ဆတ္တရယ် !"။

ကိုင်း-ပြီးတော့ လိုက်ဆိုကြရအောင်-

၁။ ဟောပြောတတ်သူ-သူ့ထက်မြတ်တဲ့၊ သာကီနွယ်ဇာတ်-ရဟန်းရှင်၊
ခြောက်ပါးဘုန်းဂုဏ်-ပြည့်စုံလှတဲ့၊ မင်္ဂကိစ္စပြု-ကုန်အစင်၊
ဟိုဘက်နိဗ္ဗာန်-အရောက်ကြွတဲ့၊ ခွန်အားလုံ့လ-ပြည့်စုံလင်၊
မြတ်ဘုရားကို ကိုးကွယ်လိုက်ပါ၊ ဆတ္တခေါ်တဲ့-ပညာရှင်။

၂။ ရာဂကင်းကွာ-ရိယာမင်္ဂနှင့်၊ တဏှာမဖက်-ပူဆွေးစင်၊
အရိယာဖိုလ်-ထိုတရားနှင့်၊ ကြောင်းတရားတို့-မပြုပြင်၊
စက်ဆုပ်ကင်းကွာ-နိဗ္ဗာန်ဓာတ်တဲ့၊ လောကုတ်အမြတ်-ဤကိုးအင်၊
ချီမြှင့်ဖြောင့်မှန်-ဝေဖန်ပြတဲ့၊ ပရိယတ်က-တစ်မျိုးပင်၊
ဆယ်ပါးဓမ္မာ-ကိုးကွယ်လိုက်ပါ၊ ဆတ္တခေါ်တဲ့-ပညာရှင်။

၃။ မင်္ဂဖိုလ်တွဲလျှင်-လေးစုံဖြစ်လို့၊ ပုဂ္ဂိုလ်စစ်တော့-ရှစ်ယောက်ပင်၊
ပေးသည့်အလှူ-ကျိုးကြီးမားအောင်၊ တကယ်စွမ်းအား-ရှိသည်ပင်၊
ကိလေကင်းကွာ-စင်ကြယ်လှတဲ့၊ သစ္စာလေး၀-တရားမြင်၊
ရိယာသံဃာ-ကိုးကွယ်လိုက်ပါ၊ ဆတ္တခေါ်တဲ့-ပညာရှင်။

ဒါက ဘုရားရှင် နည်းပေးတာလောက်ပဲ ရှိတယ်နော်၊ ဒီတော့ တကယ်တမ်း လက်တွေ့ဆောက်တည်လို့ရှိရင် ဘယ်လိုဆောက်တည်ကြမလဲ ?၊ လိုက်ဆိုကြအုံး။

၁။ ဟောပြောတတ်သူ-သူ့ထက်မြတ်တဲ့၊ သာကီနွယ်ဇာတ်-ရဟန်းရှင်၊
ခြောက်ပါးဘုန်းဂုဏ်-ပြည့်စုံလှတဲ့၊ မင်္ဂကိစ္စပြု-ကုန်အစင်၊

http://www.dhammadownload.com

ဟိုဘက်နိဗ္ဗာန်–အရောက်ကြွတဲ့၊ ခွန်အားလုံ့လ–ပြည့်စုံလင်၊
မြတ်ဘုရားကို–ကြည်ညိုလှလို့၊ ကိုးကွယ်ရှင်ပျ–အမြဲပင်။

၂။ ရာဂကင်းကွာ–ရိယာမဂ်နှင့်၊ တဏှာမဖက်–ပူဆွေးစင်၊
အရိယာဖိုလ်–ထိုတရားနှင့်၊ ကြောင်းတရားတို့–မပြုပြင်၊
စက်ဆုပ်ကင်းကွာ–နိဗ္ဗာန်ဓာတ်တဲ့၊ လောကုတ်အမြတ်–ဤကိုးအင်၊
ချီမြှင့်ဖြောင့်မှန်–ဝေဖန်ပြတဲ့၊ ပရိယတ်က–တစ်မျိုးပင်၊
ဆယ်ပါး–ဓမ္မာ–ကြည်ညိုလှလို့၊ ကိုးကွယ်ရှင်ပျ–အမြဲပင်။

၃။ မဂ်ဖိုလ်တွဲလျှင်–လေးစုံဖြစ်လို့၊ ပုဂ္ဂိုလ်စစ်တော့–ရှစ်ယောက်ပင်၊
ပေးသည့်အလှူ–ကျိုးကြီးမားအောင်၊ တကယ်စွမ်းအား–ရှိသည်ပင်၊
ကိလေကင်းကွာ–စင်ကြယ်လှတဲ့၊ သစ္စာလေး၀–တရားမြင်၊
ရိယာသံဃာ–ကြည်ညိုလှလို့၊ ကိုးကွယ်ရှင်ပျ–အမြဲပင်။

ဒီလို မြတ်စွာဘုရားက ပါဠိကဗျာ ၃–ပုဒ်နဲ့ ကိုးကွယ်စရာဖြစ်တဲ့ ရတနာ ၃–ပါး၏ ဂုဏ်ကိုရော, သရဏဂုံ ဆောက်တည်ပုံကိုရော ပြောပြနေပါတယ်၊ မောင်ဆတ္တကလဲပဲ ဘုရားရှင်က တစ်ပုဒ်တစ်ပုဒ်ကို ပြောပြလို့ ဆုံးသွားတယ်ဆိုရင် "နားလည်ပါပြီ, ရပါပြီ"ဆိုတဲ့သဘောနဲ့ အဲဒီဆုံးသွားတဲ့ အပုဒ်ကိုပဲ ရွတ်အံပြနေပါတယ်၊ အေး–ဒီလောက်ဉာဏ်ထက်တဲ့ ကလေးပါပဲ။

ပြီးတော့တစ်ခါ ဘုရားရှင်က သိက္ခာပုဒ်တွေရဲ့ အရေအတွက်နဲ့ အကျိုးအာနိသင်တွေကို ရှင်းလင်းပြပြီး သိက္ခာပုဒ်ဆောက်တည်ပုံကိုပါ ပြောပြပါတယ်၊ မောင်ဆတ္တကလဲ ကျကျနနပဲ မှတ်သားထားပါတယ်၊ ရှင်တော်မြတ်ဘုရား အခုပဲ တပည့်တော် သွားပါရစေအုံး"လို့ ခွင့်ပန်စကား လျှောက်ထားပါတယ်၊ စိတ်ကြည်ကြည်လင်လင်နဲ့ ရတနာ ၃–ပါး၏ဂုဏ်ကို အောက်မေ့ပြီး သူသွားရမဲ့လမ်းကို ဆက်လက်သွားနေပါတယ်။

ဘုရားရှင်ကလဲ "ဒီကလေးအတွက် ဒီမျှလောက်ကုသိုလ်ဟာ နတ်ရွာအရောက် ပို့နိုင်လောက်ပါပြီ"၊ ဒီလို နှလုံးသွင်းပြီး ဇေတဝန်ကျောင်းတော်ကိုပဲ ပြန်ကြွလာခဲ့ပါတယ်။

စိတ်ကြည်ကြည်လင်လင်နဲ့ ရတနာ ၃–ပါး၏ဂုဏ်ကို အောက်မေ့ခြင်းနဲ့ စပ်ပြီး ဘုရား, တရား, သံဃာကို ကိုးကွယ်ဆည်းကပ်ပါတယ်ဆိုတဲ့စိတ် မောင်ဆတ္တရဲ့ သန္တာန်မှာ ဖြစ်ပေါ်လာရပါတယ်၊ ဒါနဲ့ သူဟာ သရဏဂုံတည်ပြီး ဖြစ်သွားပါတယ်"၊ ဒီလို အဋ္ဌကထာဆရာက တိတိကျကျ မိန့်ဆိုထားပါတယ်၊

http://www.dhammadownload.com

ဒါကိုဆောက်လိုက်တော့ "သရဏဂုံအရာမှာ ဆောက်တည်တာထက် အသိစိတ်က ပိုအရေးကြီးတယ်"ဆိုတာ မထင်ရှားဘူးလား ?။

"ထင်ရှားပါတယ် အရှင်ဘုရား"။

ပြီးတော့တစ်ခါ "မြတ်စွာဘုရား ဟောပြထားတဲ့ နည်းအတိုင်း ငါးပါးသီလတွေကို စိတ်ထဲက ဆောက်တည်ထားလိုက်တာနဲ့ သီလဆောက်တည်ပြီးလဲ ဖြစ်သွားပါတယ်"၊ ဒီလိုလဲ မိန့်ဆိုထားပါသေးတယ်၊ ဒီတော့ "ငါးပါးသီလကိုလဲပဲ စိတ်ထဲက ကျကျနန ဆောက်တည်ထားလို့ရှိရင် ဆိုင်ရာသိက္ခာပုဒ်တွေကို မလွန်ကျူးသမျှ သီလရှိတယ်"လို့ပဲ ဆိုရမှာပါပဲ။

အေး–ဒီလို သရဏဂုံတည်ပြီး, သီလဆောက်တည်ပြီးဖြစ်တဲ့ မောင်ဆတ္တကလေးက ခုနကပြောပြခဲ့တဲ့အတိုင်း ရတနာ ၃–ပါး၏ဂုဏ်ကို အောက်မေ့ပြီး သွားနေတုန်းမှာပဲ ခိုးသားဓားပြတွေက "ကောင်လေး လာနေပြီဟော့၊ မလွတ်စေနဲ့၊ သတ်ကြပါ၊ ဖြတ်ကြပါ"ဆိုပြီး လှုပ်လှုပ်ရှားရား ဖြစ်လာကြပါတယ်။

မောင်ဆတ္တလေးကတော့ ခိုးသားဓားပြတွေကို ဘာမှအရေးမစိုက်ဘဲ ရတနာ ၃–ပါး၏ဂုဏ်ကို အောက်မေ့ရင်းပဲ သွားနေပါတယ်၊ အဲဒီလို သွားနေတုန်း ဓားပြတစ်ယောက်က ချုံထဲကနေပြီး သူ့ကို ဆီပ်လူးမြားနဲ့ ပစ်သတ်လိုက်ပါတယ်၊ ပြီးတော့ ငွေထုပ်ကိုယူပြီး အပေါင်းအသင်းတွေနဲ့အတူ ထွက်သွားပါတော့တယ်။

မောင်ဆတ္တကလေးကတော့ "အိပ်သောယောက်ျား နိုးသောလားသို့"ဆိုသလို သေဆုံးသွားတာနဲ့ တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်မှာ ယူဇနာ ၃၀–ရှိတဲ့ ရွှေဗိမာန်မှာသွားပြီး နတ်သားကလေး ဖြစ်နေပါတယ်၊ သူ့ကို နတ်သမီးတစ်ထောင်က ခြံရံနေကြပါတယ်၊ သူ့ရဲ့ကိုယ်ခန္ဓာလဲပဲ လှည်းအစီး ၆၀–တိုက်လောက်ရှိတဲ့ အဆင်းတန်ဆာတွေနဲ့ တန်ဆာဆင်ပြီး ဖြစ်နေပါတယ်၊ သူ့ရွှေဗိမာန်ရဲ့ အရောင်ကတော့ ယူဇနာ ၂၀–ကျော်အောင် တလက်လက်နဲ့ ပျံ့နှံ့ပြီးနေပါသတဲ့။

မောင်ဆတ္တရဲ့ ကြင်းကျန်နေတဲ့ အလောင်းကို သင်္ဂြိဟ်တဲ့အခမ်းအနားမှာ သေတဗျို့သူမြို့သားတွေ, ဥက္ကဋ္ဌမြို့သူမြို့သားတွေ, ဣန္ဒာနဂိုလမြို့သူမြို့သားတွေ စုရုံးမိကြပါတယ်၊ ဘုရားရှင်လဲပဲ နောက်လိုက်နောက်ပါ သံဃာတွေနဲ့အတူ ကြွလာတော်မူပါတယ်၊ ဘုရားရှင် ကြွလာတယ်ဆိုရင်ပဲ ဆတ္တမာဏဝနတ်သားလဲ ဘုရားရှင်ကို ရှိခိုးရအောင် ရောက်လာပါတယ်။

ဒီတော့ ဘုရားရှင်က ဆတ္တမာဏဝနတ်သားကို "ဒီလို နတ်စည်းစိမ်ကိုရအောင် ဘယ်လို ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ခဲ့သလဲ ?" ဆိုတာမေးပါတယ်၊ဆတ္တမာဏဝ

http://www.dhammadownload.com

နတ်သားကလဲပဲ ဘုရားရှင်နဲ့တွေ့တာကစပြီး အကုန်လုံးကို ဇာတ်ကြောင်းလှန်ပြောပြပါတယ်၊ ဒီတော့ လူတွေက ကဲကိုလဲ နားလည်ကြရ ပါတယ်၊ ကဲရဲ့အကျိုးကိုတော့ မျက်မြင်ထင်ရှားပဲ တွေ့ကြရပါတယ်၊ ပြီးတော့ ဘုရားရှင်က တရားဆက်လက်ဟောတော်မူပါတယ်၊ ဆတ္တမာဇာဝနတ်သားနဲ့အတူ လူပုဂ္ဂိုလ် အမျာအပြားပဲ တရားထူးကို ရသွားကြပါတယ်။

မောင်ဆတ္တရဲ့ ဝတ္ထုကြောင်းကိုတော့ ဒီလောက်နဲ့ပဲ လက်စသတ်လိုက်ကြစို့ရဲ့၊ ပြီးတော့ "ဘုန်းကြီးက သရဏဂုံအရာမှာ ဆောက်တည်တာထက် အသိစိတ်က ပိုအရေးကြီးတယ်" ဆိုတာ ပြောခဲ့တယ်နော်၊ ဒီတော့-

၁။ ကလေးသူငယ်တွေနဲ့ အချို့သောပုဂ္ဂိုလ်တွေဟာ မိဘဆရာစတဲ့သူတွေက ခိုင်းလို့ပဲဖြစ်ဖြစ်, မိရိုးဖလာအရပဲဖြစ်ဖြစ် ရတနာ ၃-ပါးကို ကြည်ညိုကြပါတယ်၊ သရဏဂုံလဲ ဆောက်တည်ကြပါတယ်၊ ရတနာ ၃-ပါးရဲ့ဂုဏ်တော်စတဲ့ဟာတွေကိုတော့ ဘာမှ နားမလည်ကြပါဘူး၊ အဲဒီပုဂ္ဂိုလ်တွေရဲ့ သရဏဂုံဟာ ဉာဏ်မပါတဲ့ (ဉာဏဝိပ္ပယုတ်) သရဏဂုံမျိုးသာ ဖြစ်သင့်ပါတယ်။

၂။ အချို့သောပုဂ္ဂိုလ်တွေကတော့ ရတနာ ၃-ပါးကိုလဲ ကြည်ညိုကြပါတယ်၊ သရဏဂုံလဲ ဆောက်တည်ကြပါတယ်၊ ရတနာ ၃-ပါးရဲ့ဂုဏ်တော်စသည်တွေကိုလဲ သိရှိနားလည်ကြပါတယ်၊ သူတို့ရဲ့ သရဏဂုံကတော့ ဉာဏ်ပါတဲ့ (ဉာဏသမ္မယုတ်)သရဏဂုံမျိုး ဖြစ်သင့်ပါတယ်။

၃။ အချို့သော ပုဂ္ဂိုလ်တွေကတော့ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းစဉ်လာအရသာ သရဏဂုံဆောက်တည်ကြပါတယ်၊ ရတနာ ၃-ပါးကို ယုံကြည်လေးစားမှုကတော့ ဘာမှမရှိပါဘူး၊ အဲဒီ ပုဂ္ဂိုလ်မျိုးကတော့ ဘယ်လောက်ပဲ ဆောက်တည်ဆောက်တည် သရဏဂုံကို မရနိုင်ပါဘူး၊ အဲဒီပုဂ္ဂိုလ်မျိုးမှာ သရဏဂုံတည်စရာလဲ မရှိပါဘူး။

ဒီလိုပဲ လောကီသရဏဂုံကို "ဉာဏဝိပ္ပယုတ်သရဏဂုံ, ဉာဏသမ္မယုတ် သရဏဂုံ" လို့ ၂-မျိုးခွဲပြီး မှတ်သင့်ပါတယ်။

ကိုင်း-ဒီနေ့ကတော့ ဒီလောက်ဆို တော်ရောပေါ့၊ နောက်လပြည့်နေ့မှာမှ သရဏဂုံရဲ့ အကျိုးတွေကို ဆက်ပြီးပြောပြပါ့မယ်၊ ဒီတော့ ဒီတရားကို နာကြားကြရတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းပဲ ဉာဏသမ္မယုတ်သရဏဂုံ ဆောက်တည်ပြီးဖြစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

http://www.dhammadownload.com

မြန်မာလို သီလယူ

တန်ခူးလပြည့်နေ့ ရောက်လာခဲ့ပါပြီ၊ ဤတန်ခူးလပြည့်နေ့ကား ရိုးရိုးတန်ခူးလပြည့်နေ့မဟုတ်၊ သင်္ကြန်အကျနေ့နှင့် တိုက်ဆိုင်နေသော တန်ခူးလပြည့်နေ့တည်း၊ ထို့ကြောင့် လူကြီးရော, လူငယ်ရော ပရိသတ် အတော်လေး စုံနေပါသည်၊ မောင်မျိုးသန့်နဲ့ မကြည်ဝင်းတို့ကလဲ လာသမျှပရိသတ်ကို ကျေးမွေးစည်ခံရန် အဆင်သင့် စီစဉ်ထားပါသည်။

ဆရာတော်ဦးဓမ္မိကလဲ ဆွမ်းကိစ္စပြီးသည့်အခါ သံဃာတော်များကို ပြန်လွှတ်လိုက်သည်၊ သံဃာတော်များ ရှင်းသွားသည့်အခါ သီလပေး, တရားဟောရန် အဆင်သင့် ဖြစ်နေပါသည်။

"ဆရာတော်ဘုရား ဒီနေ့ကတော့ သင်္ကြန်အကျနေ့နဲ့ တိုက်ဆိုင်နေပါတယ်၊ ဒါနဲ့ လူကြီးပိုင်းက ၈-ပါးသီလ ယူလိုကြပါတယ်၊ လူငယ်တွေအကုန်လုံးကတော့ ၈-ပါးသီလ စောင့်နိုင်ကြမှာ မဟုတ်ပါဘူး၊ အချို့အဝက်လောက်သာ စောင့်နိုင်ကြပါလိမ့်မယ်၊ ဒီတော့ ၅-ပါးသီလရော, ၈-ပါးသီလရော ချီးမြှင့်ပေးစေလိုပါတယ်"။

မောင်မျိုးသန့်၏ လျှောက်ထားချက်ကို ကြားရသည့်အခါ ဆရာတော် ဦးဓမ္မိကက သီလယူကြမည့် အစီအစဉ်ကို အမိန့်ရှိပါသည်။

"ဒါဖြင့် ၅-ပါးသီလ အရင်ပေးမယ်၊ ၅-ပါးသီလကိုတော့ အကုန်လုံးပဲ ယူကြတာပေါ့၊ ပြီးတော့မှ ၈-ပါးသီလ ပေးပါ့မယ်၊ ၈-ပါးသီလကိုတော့ စောင့်ထိန်းနိုင်မဲ့ လူလောက်တင် ယူကြပေါ့၊ ပြီးတော့ တပေါင်းလပြည့်နေ့က "သရဏဂုံနဲ့ သီလကို စိတ်ထဲက ဆောက်တည်ရုံနဲ့ပဲ ရနိုင်တယ်"လို့ ဘုန်းကြီးပြောခဲ့တယ် မဟုတ်လား ?၊ စိတ်ထဲက ဆောက်တည်ရုံနဲ့ ရနိုင်တယ်ဆိုတော့ မြန်မာလို နှုတ်မြွက်ဆောက်တည်ရင် မရနိုင်ဘူးလား ?၊ ဒါစဉ်းစားရမယ်၊ ပိုပြီးရနိုင်တော့မပေါ့၊ မြန်မာလိုဆောက်တည်တော့ ကိုယ်နားလည်ပြီး ဘာသာစကား ဖြစ်နေတဲ့အတွက် ပိုပြီးအကျိုးများစရာလဲ ရှိပါတယ်၊ နားလည်သင့်တာတွေကို တစ်ခါတည်း နားလည်သွားနိုင်တယ်၊ ဒါကြောင့် ဒီနေ့ မြန်မာလိုပဲ ပေးပါ့မယ်၊ ကိုင်း -အကုန်လုံး ကန်တော့ကြ။

သြကာသ သြကာသ သြကာသ ကာယက် ဝစီက် မနောက် တည်းဟူသော ၃-ပါးသောက်တို့တွင် တစ်ပါးပါးသောက်ဖြင့် ပြုမှားမိသည်ရှိသော် ပျောက်ပါစေခြင်းအကျိုးငှာ ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ် ၃-ပါး

http://www.dhammadownload.com

တို့အား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏၊ ကန်တော့ရသော ကုသိုလ်ကံစေတနာတို့ကြောင့် အပါယ် ၄-ပါး, ကပ် ၃-ပါး, ရပ်ပြစ် ၈-ပါး, ရန်သူမျိုး ၅-ပါး, ဝိပတ္တိတရား ၄-ပါး, ဗျာသနတရား ၅-ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မင်္ဂလာများ, ဖိုလ်တရား, နိဗ္ဗာန်တရားတော် မြတ်ကို ရပါလို၏၊ အရှင်ဘုရား။

မိမိတို့ အလိုရှိအပ် တောင့်တအပ်သောဆုနဲ့ တစ်လုံးတစ်ဝတည်း ပြည့်စုံနိုင်ကြပါစေ။ (သီလတောင်း လိုက်ဆိုကြ။)

၁။ သရဏဂုံ-မြတ်သုံးပါးနှင့်၊ ငါးပါးသီလ-ကျင့်ဝတ်ကို၊
တောင်းခံပါတယ်-ဒဲ့သနားလို့၊ တပည့်တော်အား-သီလကို၊
ပေးတော်မူပါ-အရှင်မြတ်ရဲ့၊ ပေးအပ်သမျှ-ကျင့်ပါလို့။

၂။ သရဏဂုံ-မြတ်သုံးပါးနှင့်၊ ငါးပါးသီလ-ကျင့်ဝတ်ကို၊
နှစ်ကြိမ်တောင်းခံ-ဒဲ့သနားလို့၊ တပည့်တော်အား-သီလကို၊
ပေးတော်မူပါ-အရှင်မြတ်ရဲ့၊ ပေးအပ်သမျှ-ကျင့်ပါလို့။

၃။ သရဏဂုံ-မြတ်သုံးပါးနှင့်၊ ငါးပါးသီလ-ကျင့်ဝတ်ကို၊
သုံးကြိမ်တောင်းခံ-ဒဲ့သနားလို့၊ တပည့်တော်အား-သီလကို၊
ပေးတော်မူပါ-အရှင်မြတ်ရဲ့၊ ပေးအပ်သမျှ-ကျင့်ပါလို့။

ဘုန်းကြီးဆိုတာ လိုက်ဆိုကြ။
မှန်လှပါ အရှင်ဘုရား။

လူတွေ နတ်တွေ-ပြားပြားဝပ်လို့၊ ဦးညွတ်ရံခါ-ထက်ဝန်းကျင်၊
သစ္စာလေးတန်-မြတ်တရားကို၊ ပိုင်းခြားမြင်သိ-ကိုယ်တိုင်ပင်၊
ဘုန်းတော်ခြောက်စုံ-ဂုဏ်တော်မျိုးတို့၊ စုံပြည့်ဖြိုးတဲ့-ဘုရားရှင်၊
လေးမြတ်ရိုသေ-လက်စုံမိုးလို့၊ တုပ်ကွဝပ်လျှိုး-ရှိခိုးတင်။
(၃-ခေါက် ချပေးပါသည်။)

သစ္စာသီမြင်-ဘုရားမြတ်ကို၊ ကိုးကွယ်ဆည်းကပ်-ပြုပါတယ်၊
မင်္ဂဖိုလ်နိဗ္ဗာန်-တရားမြတ်ကို၊ ကိုးကွယ်ဆည်းကပ်-ပြုပါတယ်၊
ရှစ်ယောက်ရိယာ-သံဃာမြတ်ကို၊ ကိုးကွယ်ဆည်းကပ်-ပြုပါတယ်။

နှစ်ကြိမ်ထပ်မံ-ဘုရားမြတ်ကို၊ ကိုးကွယ်ဆည်းကပ်-ပြုပါတယ်၊
နှစ်ကြိမ်ထပ်မံ-တရားမြတ်ကို၊ ကိုးကွယ်ဆည်းကပ်-ပြုပါတယ်၊
နှစ်ကြိမ်ထပ်မံ-သံဃာမြတ်ကို၊ ကိုးကွယ်ဆည်းကပ်-ပြုပါတယ်။

http://www.dhammadownload.com

သုံးကြိမ်ထပ်မံ-ဘုရားမြတ်ကို၊ ကိုးကွယ်ဆည်းကပ်-ပြုပါတယ်၊
သုံးကြိမ်ထပ်မံ-တရားမြတ်ကို၊ ကိုးကွယ်ဆည်းကပ်-ပြုပါတယ်၊
သုံးကြိမ်ထပ်မံ-သံဃာမြတ်ကို၊ ကိုးကွယ်ဆည်းကပ်-ပြုပါတယ်။

သရဏာဂုံ ပြည့်စုံသွားပြီ။
မှန်လှပါ အရှင်ဘုရား။

၁။ သူသက်မညှာ-သတ်ဖြတ်မှုကို၊ လုံးဝမပြု-ရှောင်ပါ့မယ်၊
၂။ သူများဥစ္စာ-ခိုးယူမှုကို၊ လုံးဝမပြု-ရှောင်ပါ့မယ်၊
၃။ ဖောက်ပြန်မေထုန်-ကျူးလွန်မှုကို၊ လုံးဝမပြု-ရှောင်ပါ့မယ်၊
၄။ မမှန်မကန်-ပြောဆိုမှုကို၊ လုံးဝမပြု-ရှောင်ပါ့မယ်၊
၅။ အရက်သေစာ-သောက်စားမှုကို၊ လုံးဝမပြု-ရှောင်ပါ့မယ်။

မေ့လျော့မရှိ သတိတရားနဲ့ ပြည့်စုံကြပါစေ။
မှန်လှပါ အရှင်ဘုရား။

ကိုင်း ၅-ပါးသီလ ပြီးသွားပြီ၊ ၈-ပါးသီလ ယူမဲ့လူတွေ ကန်တော့်မနေကြနဲ့တော့၊ ခုနက ကန်တော့်ပြီးသားပဲ၊ သီလတောင်းကို လိုက်ဆိုကြ။

သရဏာဂုံ-မြတ်သုံးပါးနှင့်၊ ရှစ်ပါးသီလ-ဥပုသ်ကို၊
(ကျန်တာ တူပါပြီ၊ ထူးတာလောက်ကလေး ပြပါ့မယ်။)

၃။ ယုတ်ညံ့မေထုန်-မှီဝဲမှုကို၊ လုံးဝမပြု-ရှောင်ပါ့မယ်၊
၆။ နေ့လွဲညစာ-စားသောက်မှုကို၊ လုံးဝမပြု-ရှောင်ပါ့မယ်၊
၇။ ဆိုတီးကခုန်-ကြည့်နာမှုနှင့်၊ ပန်းပန်နံ့သာ-လိမ်းကျံမှုကို၊
လုံးဝမပြု-ရှောင်ပါ့မယ်၊
၈။ မြင့်မြတ်နေရာ-နေထိုင်မှုကို၊ လုံးဝမပြု-ရှောင်ပါ့မယ်။

မေ့လျော့မရှိ သတိတရားနဲ့ ပြည့်စုံကြပါစေ။
မှန်လှပါ အရှင်ဘုရား။

၉-ပါးသီလ ဆောက်တည်လိုပါက-
သရဏာဂုံ-မြတ်သုံးပါးနှင့်၊ ကိုးပါသီလ-ဥပုသ်ကို၊ (ပ)

၉။ စွမ်းအားလျော်စွာ-စိတ်ကောင်းထားလို့၊ အားလုံးသတ္တဝါ-ပျံ့နှံ့သွားအောင်၊
မေတ္တာပွားလို့ နေပါ့မယ်။

ဤမျှသာ ထူးပါသည်၊ အကြွင်းမှာ သိနိုင်လောက်ပါပြီ။

http://www.dhammadownload.com

အမြတ်ဆုံး ကြည်ညိုမှု[3]

ရဟန်းတို့ ! လောကမှာ သတ္တဝါတွေဟာ အမျိုးမျိုး အစားစား ရှိနေကြတယ်၊ ခြေမရှိတဲ့ သတ္တဝါမျိုးလဲ ရှိတယ်၊ ခြေ ၂-ချောင်းရှိတဲ့ သတ္တဝါမျိုးလဲ ရှိတယ်၊ ခြေ ၄-ချောင်းရှိတဲ့ သတ္တဝါမျိုးလဲ ရှိတယ်၊ ခြေအများကြီးရှိတဲ့ သတ္တဝါမျိုးလဲ ရှိတယ်၊ ရုပ်ရှိတဲ့ သတ္တဝါမျိုးလဲ ရှိတယ်၊ ရုပ်မရှိတဲ့ သတ္တဝါမျိုးလဲ ရှိတယ်၊ သညာရှိတဲ့ သတ္တဝါမျိုးလဲ ရှိတယ်၊ သညာမရှိတဲ့ သတ္တဝါမျိုးလဲ ရှိတယ်၊ သညာရှိတာလဲမဟုတ်, မရှိတာလဲမဟုတ်တဲ့ သတ္တဝါမျိုးလဲ ရှိတာပဲ။

အဲဒီ သတ္တဝါတွေထဲမှာဖြင့် "အပူဇော်ခံ အမှန်သိမြင် ဘုရားရှင်ကို အမြတ်ဆုံး" လို့ ဆိုသင့်တယ်၊ ဒီတော့ ဘုရားရှင်ကို ကြည်ညိုသူတွေဟာ အမြတ်ဆုံးကို ကြည်ညိုရာ ရောက်တယ်၊ အမြတ်ဆုံးကို ကြည်ညိုတဲ့သူတွေမှာ အမြတ်ဆုံးဖြစ်တဲ့ အကျိုးကို ရနိုင်တယ်။

သခ်ၤတ(အကြောင်းတရားကြောင့်ဖြစ်တဲ့) တရားထဲမှာဖြင့် အရိယာပုဂ္ဂိုလ်တို့ရဲ့ ဥစ္စာဖြစ်တဲ့ အဋ္ဌင်္ဂိကမဂ်ဟာ အမြတ်ဆုံးပါပဲ၊ အဲဒီ အဋ္ဌင်္ဂိကမဂ်တရားကို ကြည်ညိုတဲ့ သူတွေဟာလဲပဲ အမြတ်ဆုံးကို ကြည်ညိုရာ ရောက်ပါတယ်၊ အမြတ်ဆုံးကို ကြည်ညိုသူတွေမှာ အမြတ်ဆုံးအကျိုးကို ရရှိခံစားနိုင်တယ်။

(အကြောင်းတရားတွေက ပြုပြင်ဖန်တီးအပ်တဲ့) သခ်ၤတ တရားတွေ, (အကြောင်းတရားတွေက မပြုပြင် မဖန်တီးအပ်တဲ့) အသခ်ၤတ တရားတွေထဲမှာတော့ အသခ်ၤတဖြစ်တဲ့ နိဗ္ဗာန်ဟာ အမြတ်ဆုံးပါပဲ၊ အဲဒီနိဗ္ဗာန်ကို ဆိုက်ရောက်ရလို့ရှိရင် မာန်ယစ်ခြင်းမှန်သမျှ ကင်းပျောက်ရပါတယ်၊ မွတ်သိပ်တာမှန်သမျှလဲ ကင်းပျောက်ရပါတယ်၊ တပ်စွန်းတာမှန်သမျှလဲ ပျက်စီးရပါတယ်၊ ဝဋ်မှန်သမျှလဲ ပြတ်စဲရပါတယ်၊ လိုချင်မက်မောမှု တဏှာမှန်သမျှလဲ ကုန်ခန်းရပါတယ်၊ ကိလေသာအပူမှန်သမျှလဲ ချုပ်ဆုံးရပါတယ်၊ ဆင်းရဲဒုက္ခမှန်သမျှလဲ ကွယ်ပျောက်ကုန်ဆုံးရပါတယ်။

အဲဒီ နိဗ္ဗာန်တရားကို ကြည်ညိုတဲ့ သူတွေဟာလဲပဲ အမြတ်ဆုံးကို ကြည်ညိုရာ ရောက်ပါတယ်၊ အမြတ်ဆုံးကို ကြည်ညိုသူတွေမှာ အမြတ်ဆုံးအကျိုးကို ရရှိခံစား နိုင်ပါတယ်။

ရဟန်းတို့ ! ဂိုဏ်းသံဃာတွေ, အဖွဲ့အစည်းတွေထဲမှာဖြင့် "ငါဘုရားရဲ့ တပည့် သံဃာ"ဆိုတဲ့ အဖွဲ့အစည်းဟာ အမြတ်ဆုံး ဖြစ်ပေတယ်၊ ငါဘုရားရဲ့ တပည့် သံဃာ အဖွဲ့အစည်းဆိုတာဟာလဲပဲ-

---

၁။ အံ-ပါ-၁၊ ၃၄၃။ ဣတိ-ပါ၊ ၂၅၄။ ၄၊ ၂၆၈။

http://www.dhammadownload.com

"၁။ သောတာပတ္တိမဂ္ဂင်္ဘာန်+သောတာပတ္တိဖလင်္ဘာန်၊
၂။ သကဒါဂါမိမဂ္ဂင်္ဘာန်+သကဒါဂါမိဖလင်္ဘာန်၊
၃။ အနာဂါမိမဂ္ဂင်္ဘာန်+အနာဂါမိဖလင်္ဘာန်၊
၄။ အရဟတ္တမဂ္ဂင်္ဘာန်+အရဟတ္တဖလင်္ဘာန်"။

ဒီလို အစုံအနေနဲ့ ၄-စုံ၊ အရေအတွက်အနေနဲ့ ၈-ယောက်ရှိတဲ့ အရိယာပုဂ္ဂိုလ်တွေပါပဲ။

အဲဒီ အရိယာပုဂ္ဂိုလ်တွေဟာ အဝေးကဆောင်ယူပြီး သင်္ခါကြည်ဖြူ ပေးလှူလာတဲ့ ပစ္စည်း ၄-ပါးကိုလဲ ခံယူထိုက်ပါတယ်၊ ဧည့်သည်အာဂန္တုတွေအတွက် ရည်မှန်းထားတဲ့, ထူးခြားကောင်းမွန်တဲ့ လှူဖွယ်ဝတ္ထု အစုစုကိုလဲ ခံယူထိုက်ပါတယ်၊ သတ္တဝါအများ ချမ်းသာပွားဖို့ ရည်သန်ကြည်ဖြူ ပေးလှူလာတဲ့ အလှူကိုလဲ ခံယူထိုက်ပါတယ်၊ လက်[illegible]ကောက် ထိပ်ထက်တင်မိုး လူနတ်တွေရှိခိုးဖို့ရန်လဲ ထိုက်တန်ပါတယ်၊ ငြဟ္မာနတ်လူ, သုံးဘုံသူ၏ အတူကင်းကွာ ချမ်းသာပွားတိုး ကောင်းမှုမျိုး၏ စိုက်ပျိုးပေါက်ပွား ဖွံ့ထွားစည်ပင်ရာ ဒေယျာမြေကောင်းအတူလဲ ဖြစ်တော်မူပါတယ်။

"ငါဘုရား၏ တပည့်သံဃာ"ဆိုတဲ့ အဖွဲ့အစည်းကို ကြည်ညိုသူတွေဟာလဲပဲ အမြတ်ဆုံးကို ကြည်ညိုရာ ရောက်ပါတယ်၊ အမြတ်ဆုံးကို ကြည်ညိုသူတွေဟာ အမြတ်ဆုံးအကျိုးကို ရရှိခံစားနိုင်ပါတယ်။

"လောကမှာ ဘုရား, တရား, သံဃာဟာ အမြတ်ဆုံးပါပဲ၊ ဒီတော့ ဘုရား, တရား, သံဃာကို ကြည်ညိုကိုးကွယ်သူတွေဟာ အမြတ်ဆုံးကို ကြည်ညိုကိုးကွယ်ရာ ရောက်တယ်၊ အမြတ်ဆုံးကို ကြည်ညိုကိုးကွယ်တော့ အမြတ်ဆုံးအကျိုးကို ရရှိခံစားနိုင်ပါတယ်"။

ဒါဟာ ခုနက ဘုန်းကြီးပြောခဲ့တဲ့ အဂ္ဂပသာဒသုတ္တန်ရဲ့ လိုရင်းအဓိပ္ပာယ် ဖြစ်ပါတယ်၊ ဒီတော့ ဒါလေးကို မှတ်မိသွားအောင် လိုက်ဆိုထားလိုက်ကြအုံး၊

များသတ္တဝါ-အစားစားထက်၊ ရှင်တော်ဘုရား-မြတ်ပါတယ်၊
တရားဓမ္မာ-အစားစားထက်၊ မဂ် နိဗ္ဗာန်များ-မြတ်ပါတယ်၊
ဖွဲ့စည်းသံဃာ-မှန်သမျှထက်၊ ရိယာသံဃာ-မြတ်ပါတယ်၊
အမြတ်ကိုသာ-ကြည်ညိုကိုးက၊ မြတ်ဆုံးအကျိုး-ရနိုင်တယ်။

ဒီနေရာမှာ ဘုရား, တရား, သံဃာတို့ မြင့်မြတ်အထက်တန်းကျပုံကို ခပ်ကျဉ်းကျဉ်း သိသာရုံကလေး ပြောပြပါအုံးမယ်။

http://www.dhammadownload.com

ဘုရားရှင်ဟာ ဘုရားဖြစ်ဖို့ ဆုတောင်းတဲ့အခါ, ပါရမီတော်တွေကို စိစစ်ဆင်ခြင်တော်မူတဲ့အခါ၊ အဲဒီအချိန်အခါကစပြီး ဘုရားအဖြစ်ကိုရစေနိုင်တဲ့ ကုသိုလ်ကောင်းမှုအမျိုးမျိုးကို လုပ်လာခဲ့ပါတယ်၊ ဒီတော့ "ဘုရားအဖြစ်ကို ရစေနိုင်တဲ့ ကုသိုလ်" ဆိုတဲ့ ဂုဏ်တွေ, "ဘုရားအဖြစ်ကို ရစေနိုင်တဲ့အကျင့်"ဆိုတဲ့ဂုဏ်တွေဟာ အခြားပုဂ္ဂိုလ်တွေရဲ့ ဂုဏ်တွေနဲ့ နှိုင်းယှဉ်လို့ မရလောက်အောင် သာနေပါပြီ၊ "ဘုရားဖြစ်ပြီးတဲ့နောက် ရရှိလာတဲ့ ဗုဒ္ဓဂုဏ်တော်တွေကတော့ အခြားပုဂ္ဂိုလ်တွေရဲ့ ဂုဏ်တွေထက် သာမယ်"ဆိုတာ ပြောစရာတောင် မလိုတော့ပါဘူး၊ အဲဒီလို အတူမရှိတဲ့ သဘောနဲ့လဲ ဘုရားရှင်ဟာ မြင့်မြတ်အထက်တန်းကျပါတယ်။

ပြီးတော့ ဘုရားရှင်ရဲ့ မဟာကရုဏာစတဲ့ ဂုဏ်တော်တွေဟာ အခြားပုဂ္ဂိုလ်တွေရဲ့ ဂုဏ်တွေထက် ထူးကဲပါတယ်၊ လွန်မြတ်ပါတယ်၊ အဲဒီလို ဂုဏ်အားဖြင့် ထူးချွန်လွန်မြတ်တဲ့ သဘောအနေနဲ့လဲ ဘုရားရှင်ဟာ မြင့်မြတ်အထက်တန်းကျပါတယ်။

ရှေးရှေးက ပွင့်တော်မူသွားကြတဲ့ "ဘုရားရှင်တွေ"ဆိုတာဟာ အခြားဘယ်ပုဂ္ဂိုလ်တွေနဲ့မှ မတူကြပါဘူး၊ အဲဒီ ဘုရားရှင်တွေနဲ့ ဒီ ဂေါတမဗုဒ္ဓကသာရူပကာယတော်အနေနဲ့လဲ တူပါတယ်၊ ဓမ္မကာယအနေနဲ့လဲ တူပါတယ်၊ အဲဒီလို ဘယ်သူတစ်ဦးတစ်ယောက်နဲ့မှ မတူတဲ့, ရှေးရှေးဘုရားတွေနဲ့သာတူတဲ့ သဘောအနေနဲ့လဲပဲ ဘုရားရှင်ဟာ မြင့်မြတ်အထက်တန်းကျပါတယ်။

ပြီးတော့ "ဘုရားရှင်တွေ"ဆိုတာဟာ ဖြစ်တောင့်ဖြစ်ခဲ ဖြစ်လာရတဲ့, ပွင့်တော်မူလာရတဲ့ ပုဂ္ဂိုလ်ထူးများ ဖြစ်ကြပါတယ်၊ ဒါကြောင့်လဲ မြင့်မြတ်အထက်တန်းကျပါတယ်၊ အံ့သြဖွယ်ကောင်းတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်တဲ့အတွက်ကြောင့်လဲပဲ မြင့်မြတ်အထက်တန်းကျပါတယ်၊ သတ္တဝါအများအပြားရဲ့ စီးပွားချမ်းသာကို ရွက်ဆောင်နိုင်တဲ့ အတွက်ကြောင့်လဲပဲ မြင့်မြတ်အထက်တန်းကျပါတယ်၊ တစ်ဦးတည်း, တစ်ဆူတည်းသာ ပွင့်တော်မူလာတတ်တဲ့ အတွက်ကြောင့်လဲပဲ မြင့်မြတ်အထက်တန်းကျပါတယ်။

တရားတော်, သံဃာတော်တွေဟာလဲပဲ သွာက္ခာတတာစတဲ့ ဂုဏ်တော်တွေ, သုပွဋိပန္နတာစတဲ့ ဂုဏ်တော်တွေအနေနဲ့ ကြည့်မယ်ဆိုရင် အခြားတရား, သံဃာတွေနဲ့ ဘယ်လိုမှ တူနိုင်စရာအကြောင်း မရှိပါဘူး၊ သိုးကာ သိကာ လိုက်နိုင်တဲ့ တရား, သံဃာမျိုးတောင်မှ အင်မတန် ရှားပါလိမ့်မယ်၊ ပိုလွန်မြင့်မြတ်တဲ့ တရား, သံဃာဆိုတာမျိုးကတော့ ဘယ်မှာ ရှိနိုင်တော့မလဲ၊ အမှန်ကတော့ အခြားတရား, သံဃာတွေထက် မယှဉ်သာအောင် မွန်မြတ်အထက်တန်းကျကြပါတယ်၊ အဲဒီလို

http://www.dhammadownload.com

အတူမရှိအောင် လွန်ကဲတဲ့ ဂုဏ်ထူးဝိသေသတွေနဲ့ ပြည့်ဝစုံလင်နေတဲ့ အတွက်ကြောင့် မြင့်မြတ်အထက်တန်းကျကြပါတယ်။

ဘုရားရှင်တို့ ပွင့်တော်မူခဲ့မှ စသည်တို့ကြောင့်ပဲ ဘုရားရှင်ကမှတစ်ဆင့် စတင် ပေါက်ပွားလာရတဲ့ တရားတော်, သံဃာတော်တွေဟာလဲ ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ပေါ် လာကြရပါတယ်၊ အံ့သြစရာလဲ ကောင်းကြပါတယ်၊ သတ္တဝါအများရဲ့ စီးပွားချမ်းသာ ကိုလဲ ရွက်ဆောင်နိုင်ကြပါတယ်၊ တစ်မျိုးတစ်စား တည်းလဲ ဖြစ်ကြပါတယ်၊ ဒီလို အကြောင်းတွေကြောင့်လဲပဲ မြင့်မြတ်အထက်တန်းကျကြရပါတယ်။

နိဗ္ဗာန်ဆိုတဲ့ တရားတော်ကတော့ အင်မတန်, အင်မတန် နူးညံ့သိမ်မွေ့ပါတယ်၊ အင်မတန် ငြိမ်သက်မွန်မြတ်ပါတယ်၊ နက်နဲမှုစတဲ့ ဂုဏ်တော်နဲ့လဲ ပြည့်စုံပါတယ်၊ မာန်ယစ်မှုမှန်သမျှတို့ရဲ့ ကင်းပျောက်ရာလဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့်မို့လို့ နိဗ္ဗာန်လဲပဲ မွန်မြတ်အထက်တန်းကျလှပါတယ်။

> "လောကီသရဏဂုံ, လောကုတ္တရာသရဏဂုံ ၂-မျိုးလုံးပဲ အဆက်ဆက် အားဖြင့် ဝဋ်ဒုက္ခကို ကုန်ဆုံးစေတတ်တာချည်းပါပဲ၊ နိဗ္ဗာန်တိုင်အောင် အကျိုး ပေးနိုင်တာချည်းပါပဲ" တဲ့။

ဒီလို အဋ္ဌကထာဆရာက ဖွင့်ပြထားပါသေးတယ်။[၁]

> "သရဏဂုံဟာ အမြတ်ဆုံးအကျိုးကို ပေးနိုင်တယ်၊ ဝဋ်ဒုက္ခကို ကုန်ဆုံး စေနိုင်တယ်၊ နိဗ္ဗာန်တိုင်အောင် အကျိုးပေးနိုင်တယ်"။

အကုန်လုံးခြုံပြီး ကောက်ချက်ချလိုက်ရင် ဒီသဘော ပေါ်ထွက်လာပါတယ်၊ သရဏဂုံ အကျိုးနဲ့ ပတ်သက်နေတဲ့ သုတ္တန်တွေကို အတော်လေး ပြည့်စုံသွားအောင် ပြောပေး မယ်လို့ ကြံစည်ထားပါတယ်၊ အဲဒီထဲက အခု ဝေလာမသုတ္တန်ထဲက သရဏဂုံနဲ့ သက်ဆိုင်တာလောက်ကို ထုတ်ပြီးပြောပါအုံးမယ်။

ဝေလာမသုတ္တန်[၂]

ဘုရားအလောင်းတော်ဖြစ်တဲ့ ဝေလာမပုဏ္ဏားဟာ ငွေသားအပြည့်ထည့်ထားတဲ့ ရွှေခွက်ပေါင်း ရှစ်သောင်းလေးထောင်ကိုလဲ လှူပါတယ်၊ ရွှေအပြည့်ထည့်ထားတဲ့ ငွေခွက် ရှစ်သောင်းလေးထောင်ကိုလဲ လှူပါတယ်၊ ရတနာခုနစ်ပါး အပြည့်ထည့် ထားတဲ့ ကြေးခွက် ရှစ်သောင်းလေးထောင်ကိုလဲ လှူပါတယ်။

ဆင် ရှစ်သောင်းလေးထောင်ကိုလဲ လှူပါတယ်၊ အဲဒီဆင်အကုန်လုံးကို ရွှေအဆင်

၁။ ဣတိ-ဋ၊ ၂၇၀။ ၂။ အံ-ဝါ-၃၊ ၁၉၅။

http://www.dhammadownload.com

တန်ဆာတွေနဲ့လဲ ဆင်ယင်ပေးပါတယ်၊ ရွှေအလံများကိုလဲ စိုက်ထူပေးပါတယ်၊ ရွှေကွန်ရက်နဲ့လဲ ဖုံးလွှမ်းပေးပါတယ်။

ရထားပေါင်း ရှစ်သောင်းလေးထောင်ကိုလဲ လှူပါတယ်၊ အဲဒီရထား အကုန်လုံးကိုလဲပဲ ခြင်္သေ့ရေ, ကျားရေ, ကျားသစ်ရေ, အနီနုရောင် သက်ကလတ်စတွေနဲ့ ကာရံပေးပါတယ်၊ ရွှေတန်ဆာတွေနဲ့လဲ ဆင်ယင်ပေးပါတယ်၊ ရွှေအလံများကိုလဲ စိုက်ထူပေးပါတယ်၊ ရွှေကွန်ရက်တွေနဲ့လဲ ဖုံးလွှမ်းပေးပါတယ်။

နို့စားနွားမ ရှစ်သောင်းလေးထောင်ကိုလဲ ပေးလှူပါတယ်၊ အဲဒီ နွားမတွေရဲ့ ဦးချိုတွေကို ရွှေအိမ်နဲ့ စွပ်ထားပါတယ်၊ လည်ပင်းမှာ မြတ်လေးပန်းကုံးတွေကို ဆွဲထားပါတယ်၊ ခြေလေးဘက်လုံးမှာ ခြေချင်းတွေ ဝတ်ပေးထားပါတယ်၊ ကျောပေါ်မှာ ဘွဲ့ဖြူပုဆိုးကို လွှမ်းခြုံထားပါတယ်၊ ရွှေခလောက်များကိုလဲ ဆွဲပေးထားပါတယ်၊ ငွေနို့ညှစ်ခွက်တွေကိုလဲ တပါတည်း ထည့်လှူလိုက်ပါတယ်။

မိန်းမပျိုကလေး ရှစ်သောင်းလေးထောင်ကိုလဲ ပေးလှူပါတယ်၊ အဲဒီမိန်းကလေးတွေရဲ့ နားနှစ်ဖက်မှာ ပတ္တမြားနားတောင်းတွေကိုလဲ အသီးအသီး ဝတ်ဆင်ပေးထားပါတယ်။

သားရဲရုပ် အခြေတပ်ခုတင် ရှစ်သောင်းလေးထောင်ကိုလဲ ပေးလှူပါတယ်၊ အဲဒီ ခုတင်တွေမှာ မွေးရှည်ကော်ဇောကြီးတွေကို ခင်းပေးထားပါတယ်၊ သားမွေးဖြူ အခင်းကိုလဲ ခင်းပေးပါတယ်၊ ပန်းပြောက်ဖော် သားမွေးအခင်းကိုလဲ ခင်းပေးပါတယ်၊ ဝံပိုင်ရေအကောင်းစား အိပ်ရာခင်းများကိုလဲ ခင်းပေးပါတယ်၊ အပေါ်က မျက်နှာကြက်နီကိုလဲ ကြက်ထားပါတယ်၊ ခေါင်းအုံးအနီ ခြေအုံးအနီတို့ကိုလဲ ထည့်ပေးပါတယ်။

နူးညံ့တဲ့ ခေါမအဝတ်, နူးညံ့တဲ့ ပိုးထည်အဝတ်, နူးညံ့တဲ့ ဝါချည်အဝတ် ကောဋိ[၁] ပေါင်း ရှစ်သောင်းလေးထောင်စီကိုလဲပဲ ပေးလှူပါတယ်။

စားဖွယ်အမျိုးမျိုး သောက်ဖွယ်အဖုံဖုံ လျက်ဖွယ်အစုံစုံတွေကိုလဲ ၇-နှစ် ၇-လ ကြာအောင် မပြတ်မလပ် လှူပါတယ်၊ "ဘယ်လောက်များတယ်"ဆိုတာ ကိုတော့ ပြောလို့မဖြစ်နိုင်တော့ပါဘူး၊ "မြစ်ရေစီးတာနဲ့မခြား အလားတူပါပဲ" လို့သာ ပြောစရာ ရှိပါတော့တယ်။

အဲဒီအလှူမှာ အလှူခံပုဂ္ဂိုလ် အစစ်အမှန် တစ်ဦးတစ်ယောက်မျှ မပါခဲ့ပါဘူး၊ အလှူရှင်ဘက်က စင်ကြယ်ပေမဲ့ အလှူခံဘက်က မစင်ကြယ်တဲ့ အလှူမျိုးဖြစ်ပါတယ်။

၁။ လောကခေါ်ရိုး ခေါ်စဉ် အနေနဲ့ အဝတ်အစုံ ၂၀-ကို တစ်ကောဋိခေါ်ပါတယ်၊ ဒီနေရာမှာတော့ "အဝတ် ၁၀-ထည်ကို တစ်ကောဋိ"လို့ ခေါ်ဝေါ်သုံးစွဲထားပါတယ်။

http://www.dhammadownload.com

အဲဒီလောက် ကြီးကျယ်ခမ်းနားတဲ့ ဝေလာမပုဏ္ဏားရဲ့ ဒါနကုသိုလ်ထက် သောတာပန်ပုဂ္ဂိုလ် တစ်ဦးကို ကျွေးမွေးလှူဒါန်းရသူရဲ့ ဒါနကုသိုလ်က အကျိုးပိုကြီးပါတယ်၊ သောတာပန်တစ်ရာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် သကဒါဂါမ်ပုဂ္ဂိုလ် တစ်ဦးကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုးကြီးပါတယ်၊ သကဒါဂါမ်တစ်ရာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် အနာဂါမ်ပုဂ္ဂိုလ်တစ်ဦးကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုးသာလွန်ကြီးမားပါတယ်၊ အနာဂါမ်တစ်ရာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် ရဟန္တာတစ်ပါးကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုးသာလွန်ကြီးမားပါတယ်။

ရဟန္တာတစ်ရာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် ပစ္စေကဗုဒ္ဓါတစ်ဆူကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုးပိုမိုကြီးမားပါတယ်၊ ပစ္စေကဗုဒ္ဓါတစ်ရာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် အပူဇော်ခံ အမှန်သိမြင် ဘုရားရှင်ကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုးပိုမိုကြီးမားပါတယ်၊ ဘုရားရှင်ကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုးသာလွန်ကြီးမားပါတယ်။

ဘုရားအမှူးရှိတဲ့ သံဃာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် အရပ်လေးမျက်နှာမှာရှိတဲ့ သံဃာတော်ကို ရည်ညွှန်းပြီး ကျောင်းဆောက်လုပ် လှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုးသာလွန်ကြီးမားပါတယ်၊ အဲဒီ စာတုဒ္ဒိသာ သံဃိက ကျောင်းဆောက်လုပ်လှူဒါန်းတဲ့ ဒါနကုသိုလ်ထက် "ဘုရား, တရား, သံဃာ" ရတနာမြတ်သုံးပါးကို ကြည်ညိုဆည်းကပ် ကိုးကွယ်သူ (သရဏဂုံတည်သူ)ရဲ့ ကုသိုလ်ကောင်းမှုက အကျိုးသာလွန်ကြီးမားပါတယ်။

ဒီဝေလာမသုတ္တန် ပါဠိတော်မှာ သရဏဂုံရဲ့ အကျိုးကြီးမားပုံကို ဒါနအမျိုးမျိုးနဲ့ ချိန်ထိုးပြီး ပြထားပါတယ်။

စာတုဒ္ဒိသာ သံဃိကကျောင်း ဆောက်လုပ်လှူဒါန်းတဲ့ ဒါနကုသိုလ်ထက် အကျိုးကြီးမားတဲ့ သရဏဂုံဟာ မဂ်ရတာနဲ့ တစ်ပြိုင်နက် ဖြစ်ပေါ်လာရတဲ့ ပျက်စီးခြင်းကင်းတဲ့ လောကုတ္တရာသရဏဂုံသာ ဖြစ်သင့်ပါတယ်၊ ဒီလို အဋ္ဌကထာဆရာက ဖွင့်ပြထားပါတယ်၊[၁] ပါဠိတော်မှာ တစ်ဆက်တည်းပဲ အနိစ္စသညာကို ပွားများတာက အကျိုးအကြီးဆုံး ဖြစ်တဲ့အကြောင်းကို ပြဆိုထားပါတယ်၊ ဒါ့ကြောင့် ဒီစကားကို စဉ်းစားရပါ့မယ်။

၁။ ၆၊ ၂၇၂။

http://www.dhammadownload.com

ကိုယ်နဲ့အသက်ကို ရတနာ ၃-ပါးအား အပ်နှင်း ပေးလှူပြီးဖြစ်တဲ့အတွက် လောကီသရဏဂုံဟာလဲပဲ စာတုဒ္ဒီသာ သံဃိကကျောင်း ဆောက်လုပ်လှူဒါန်းတဲ့ ဒါနကုသိုလ်ထက် အကျိုးသာလွန်ကြီးမားနိုင်ပါတယ်။

ဒီအယူအဆ တစ်မျိုးကို ဆက်လက်ပြဆိုထားပါတယ်၊ ဒီအယူအဆက သဘာဝကျပါတယ်၊ အသက်စွန့်လွှတ် ဆောက်တည်ထားတဲ့ သရဏဂုံဆိုတာဟာလဲပဲ-

"တကယ်လို့ ခင်ဗျားက ယူထားပြီးတဲ့ သရဏဂုံကို မဖျက်ရင် 'ကျုပ်က ခင်ဗျားကို သတ်ရလိမ့်မယ်'ဆိုပြီး အင်မတန်ထက်တဲ့ဓားနဲ့ အသေသတ်ပေမဲ့ 'အကျွန်ုပ်ဟာ ဘုရားကို ဘုရားမဟုတ်'လို့ မပြောပါ၊ 'တရားတော်ကိုလဲ တရားမဟုတ်'လို့ မပြောပါ၊ 'သံဃာတော်ကိုလဲ သံဃာမဟုတ်'လို့ မပြောပါ၊ ဒီလို အင်မတန် ခိုင်ခိုင်မြဲမြဲဆောက်တည်ထားတဲ့ သရဏဂုံမျိုးပဲ ဖြစ်ပါတယ်"။

ဒီလို ဋီကာဆရာက ဖွင့်ပြထားပါသေးတယ်။[၁]

အခုခေတ်မှာတော့ ဒီလို ခိုင်ခိုင်မြဲမြဲ သရဏဂုံဆောက်တည်တဲ့ သာသနာ့သူရဲကောင်းတွေ ရှားပါးလာပါပြီ၊ မိမိရဲ့ အနာဂတ်ကြီးပွားမှုကို တကယ်တန်းမျှော်မှန်းကြမယ် ဆိုပါရင် လိုက်နာပြုကျင့်စရာ အင်မတန်ကောင်းပါတယ်၊ အဲဒီလို လိုက်နာနိုင်မှလဲပဲ ဗုဒ္ဓဘာသာဝင်ဖြစ်ရကျိုး နပ်ကြပါလိမ့်မယ်၊ လိုက်ဆိုကြပါအုံး။

ရက်စက်မည္ဟာ-သတ်ကာသွားလို့၊ တို့အသက်များ-သေချင်သေ၊
တကယ်စစ်မှန်-မြတ်ဘုရားကို၊ ဘုရားမဟုတ်-မပြောပေ၊
တကယ်စစ်မှန်-မြတ်တရားကို၊ တရားမဟုတ်-မပြောပေ၊
ရှစ်ယောက်ရိယာ-သံဃာစစ်ကို၊ သံဃာမစစ်-မပြောပေ၊
ရတနာသုံးတန်-ထွတ်အမြတ်ကို၊ ခိုင်မြဲဆည်းကပ်-ပြုမလေ။

သမယသုတ္တန်

ဘုရားကို ဆည်းကပ်ကိုးကွယ်တဲ့ သူတွေဟာ အပါယ် ၄-ဘုံကို ရောက်ကြရမှာ မဟုတ်ပါဘူး၊ လူ့ကိုယ်ကို ပယ်စွန့်ပြီးတာနဲ့ တစ်ပြိုင်နက် နတ်ပြည်မှာ ဖြစ်ကြရပါလိမ့်မယ်။[၂]

တရားကို ဆည်းကပ်ကိုးကွယ်တဲ့ သူတွေဟာ အပါယ် ၄-ဘုံသို့ ရောက်ကြရမှာ မဟုတ်ပါဘူး၊ လူ့ကိုယ်ကို ပယ်စွန့်ပြီးတာနဲ့ တစ်ပြိုင်နက် နတ်ပြည်မှာ ဖြစ်ကြရပါလိမ့်မယ်။[၃]

သံဃာတော်ကို ဆည်းကပ်ကိုးကွယ်တဲ့ သူတွေဟာ အပါယ် ၄-ဘုံကို ရောက်ကြ

၁။ ဋီ၊ ၂၈၈။ ၂။ သံ-ပါ၊ ၂၅။ မဟာဝဂ္ဂ-ပါ၊ ၂၀၄။ ၃။ ဇာတ်-ဋ-၁၊ ၁၁၂။

http://www.dhammadownload.com

ရမှာ မဟုတ်ပါဘူး၊ လူ့ကိုယ်ကို ပယ်စွန့်ပြီးတာနဲ့ တစ်ပြိုင်နက် နတ်ပြည်မှာ ဖြစ်ကြရပါလိမ့်မယ်။

ဘုရားရှင် သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တောမှာ သီတင်းသုံး နေတော်မူတုန်းက သုဒ္ဓါဝါသ အရိယာဖြဟ္မာတစ်ဦး ရောက်လာပြီး ဘုရားရှင်ရဲ့အနီး ဒီလို သီဆိုကျူးရင်ပါတယ်၊ ဘုရားရှင်ကလဲပဲ ခွင့်ပြုကျေနပ်တော်မူပါတယ်။ ဒီပါဠိတော်အရဆိုရင် "သုဂတိဘုံဘဝကို ရရှိခြင်း, ပစ္စည်းဥစ္စာ ပေါများကြွယ်ဝခြင်း တွေဟာ လောကီသရဏဂုံရဲ့ အကျိုးပါပဲ"လို့ မှတ်သင့်ပါတယ်၊ လိုက်ဆိုကြအုံး။

ရှေ့ဆောင်လမ်းညွှန်–မြတ်ဘုရားကို၊ ကြည်ညိုလေးစား–ဆည်းကပ်လျှင်၊
လွတ်ကင်းအပါယ်–ဘဝပြောင်းတော့၊ နတ်ကောင်းနတ်မြတ်–ဖြစ်မည်ပင်။
ဟောထားကောင်းစွာ–မြတ်တရားကို၊ ကြည်ညိုလေးစား–ဆည်းကပ်လျှင်၊
လွတ်ကင်းအပါယ်–ဘဝပြောင်းတော့၊ နတ်ကောင်းနတ်မြတ်–ဖြစ်မည်ပင်။
လိုက်နာကျင့်ကြံ–သံဃာများကို၊ ကြည်ညိုလေးစား–ဆည်းကပ်လျှင်၊
လွတ်ကင်းအပါယ်–ဘဝပြောင်းတော့၊ နတ်ကောင်းနတ်မြတ်–ဖြစ်မည်ပင်။

ဒီနေရာမှာ သက္ကသုတ်ကို နည်းနည်းဆက်ပြီး နားထောင်ကြအုံး၊ ပြီးမှ သက်သေသာဓကအနေနဲ့ ဝတ္ထုကြောင်းတွေကို ပြောပြပါ့မယ်။

သက္ကသုတ်

တစ်ချိန်မှာ အရှင်မောဂ္ဂလ္လာန်က တာဝတိ[၁]သာ နတ်ပြည်ကို ကြွလာပါတယ်၊ ဒီတော့ သိကြားမင်းက နတ် ၈–သောင်းနဲ့အတူ ရှင်မောဂ္ဂလ္လာန်ထံမှောက်ကို ချဉ်းကပ်ရောက်လာခဲ့ပါတယ်၊ ဒီတော့ ရှင်မောဂ္ဂလ္လာန်က တရားစကား ဟောကြားတော်မူပါတယ်၊ သိကြားမင်း ! ဘုရားကို ဆည်းကပ်ကိုးကွယ်တာဟာ ကောင်းတယ်၊ ဒီလောကမှာ အချို့သူတွေဟာ ဘုရားကို ဆည်းကပ်ကိုးကွယ်တဲ့အတွက် သေပြီးတဲ့နောက် ချမ်းသာမျိုးစုံ ပြည့်ဝကုံလုံရာဖြစ်တဲ့ နတ်ပြည်မှာ ဖြစ်ကြရပါတယ်။

တရားကို ဆည်းကပ်ကိုးကွယ်တာလဲ ကောင်းတယ်၊ ဒီလောကမှာ အချို့သူတွေဟာ တရားကို ဆည်းကပ်ကိုးကွယ်တဲ့အတွက် သေပြီးတဲ့နောက် ချမ်းသာမျိုးစုံ ပြည့်ဝကုံလုံရာဖြစ်တဲ့ နတ်ပြည်မှာ ဖြစ်ကြရပါတယ်။

သံဃာတော်ကို ဆည်းကပ်ကိုးကွယ်တာလဲ ကောင်းတယ်၊ ဒီလောကမှာ အချို့သူတွေဟာ သံဃာတော်ကို ဆည်းကပ်ကိုးကွယ်တဲ့အတွက် သေပြီးတဲ့နောက် ချမ်းသာမျိုးစုံ ပြည့်ဝကုံလုံရာဖြစ်တဲ့ နတ်ပြည်မှာ ဖြစ်ကြရပါတယ်။

၁။ သံ–ပါ၂၊ ၄၆၃။

http://www.dhammadownload.com

အဲဒီလို ဘုရား, တရား, သံဃာကို ဆည်းကပ်ကိုးကွယ်တဲ့ (သရဏဂုံတည်ခဲ့တဲ့) နတ်တွေဟာ အခြား(သရဏဂုံမတည်တဲ့)နတ်တွေကို အကြောင်းဆယ်မျိုးတွေနဲ့ လွှမ်းမိုးနိုင်ကြပါတယ်။

နတ်သက်နဲ့လဲ လွှမ်းမိုးနိုင်ပါတယ်၊ အဆင်းနဲ့လဲလွှမ်းမိုးနိုင်ပါတယ်၊ နတ်ချမ်းသာနဲ့လဲ လွှမ်းမိုးနိုင်ပါတယ်၊ အခြံအရံနဲ့လဲ လွှမ်းမိုးနိုင်ပါတယ်၊ အစိုးရခြင်းနဲ့လဲ လွှမ်းမိုးနိုင်ပါတယ်၊ ခံစားစရာ နတ်ရူပါရုံတွေနဲ့လဲ လွှမ်းမိုးနိုင်ပါတယ်၊ နတ်သဒ္ဒါရုံတွေနဲ့လဲ လွှမ်းမိုးနိုင်ပါတယ်၊ နတ်ဂန္ဓာရုံ, နတ်ရသာရုံ, နတ်ဖောဋ္ဌဗ္ဗာရုံတွေနဲ့လဲ လွှမ်းမိုးနိုင်ပါတယ်၊ သာလွန်နိုင်ပါတယ်။

ဒီသဋ္ဌာယတနဝဂ္ဂ မောဂ္ဂလ္လာနသံယုတ် သက္ကသုတ်ပါဠိတော်မှာ "နတ်ပြည်မှာ ဖြစ်ကြရတယ်"ဆိုတာနဲ့ပဲ သုဂတိဘုံဘဝကို ရရှိတာကို ပြပြီး ဖြစ်ပါတယ်၊ နတ်သက်နဲ့ လွှမ်းမိုးနိုင်ပါတယ် စတဲ့စကားကို ဆိုတာနဲ့ပဲ စည်းစိမ်ဥစ္စာ ပေါများကြွယ်ဝမှုကိုလဲ ပြပြီးဖြစ်ပါတယ်၊ ကိုင်း–လိုက်ဆိုလိုက်ကြအုံး။

သုံးပါးရတနာ–ဆည်းကပ်ခလို့၊ နတ်ပြည်ရောက်ကြ–နတ်ထိုထို၊
သက်ဆင်းချမ်းသာ–ခြံရုံမျိုးနှင့်၊ အစိုးရမှု–သူ့ထက်ပို၊
ခံစားစရာ–အာရုံငါးလည်း၊ ပြည့်စုံပေါများ–လွန်သကို၊
ဒါ့ကြောင့် ရတနာ–မြတ်သုံးပါး–ကို၊ ရိသေလေးစား–ဆည်းကပ်ခို။

အခု သက်သေသာဓက ဝတ္ထုတွေကို ထုတ်ပြပါအုံးမယ်၊ အဲဒီဝတ္ထုတွေကိုလဲ ဘုရားကို ကိုးကွယ်လို့ ချမ်းသာသုခ ရရှိပုံ, တရားကို ကိုးကွယ်လို့ ချမ်းသာသုခ ရရှိပုံ, သံဃာကို ကိုးကွယ်လို့ ချမ်းသာသုခရရှိပုံ ရတနာ ၃–ပါးလုံးကို ကိုးကွယ်လို့ ချမ်းသာသုခ ရရှိပုံ"၊ ဒီလို အစဉ်လိုက် ပြောပြသွားပါ့မယ်၊ ဒီတော့ ဘုရားကို ကြည်ညိုလို့ ချမ်းသာသုခ ရရှိပုံကို စကြပါစို့ရဲ့။

စဏ္ဍာလီ[1]

ဘုရားရှင်ဟာ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ အရဏ်တက်ခါနီး အချိန်မှာ မဟာကရဏာ သမာပတ်ကထပြီး ဉာဏ်စက္ခုနဲ့ လောကကို ကြည့်တော်မူပါတယ်၊ ရာဇဂြိုဟ်မြို့မှာပဲ စဏ္ဍာလ (သူတောင်းစား)အိမ်တစ်အိမ်မှာ "စဏ္ဍာလီ"ဆိုတဲ့ အမယ်အိုတစ်ယောက် ရှိနေပါတယ်၊ အဲဒီ စဏ္ဍာလီဟာ ဘုရားရှင်ရဲ့ ဉာဏ်စက္ခုမှာ ထင်လာပါတယ်၊ အဲဒီ စဏ္ဍာလီဟာ သေခါနီးဆဲဆဲပဲ ဖြစ်ပါတယ်၊ နာရီပိုင်းအတွင်းမှာပဲ သေဆုံးစရာ ရှိနေပါတယ်၊ သူ့မှာ "ပြုလုပ်ထားတဲ့ ကုသိုလ်ကံ"ရယ်လို့လဲ ပြောပလောက်အောင် ဘာမှမရှိပါဘူး၊ အကုသိုလ်ကံတွေ

၁။ ဝိမာန–ပါ၊ ၂၅။ ၆၊ ၉၄။

http://www.dhammadownload.com

ကသာ အများအပြား ရှိနေပါတယ်၊ အဲဒီ အကုသိုလ်ကံတွေက စဏ္ဍာလီကို ငရဲ ပြည်ရောက်အောင် ပို့ဆောင်ကြပါလိမ့်မယ်၊ စဏ္ဍာလီရဲ့ အသက်ကုန်ဆုံးမှုကို ငုံမျော်စောင့်ဆိုင်းနေသလို ဖြစ်နေကြပါတယ်။

"ငါဘုရားဟာ စဏ္ဍာလီကို နတ်ပြည်နတ်ရွာမှာ ဖြစ်စေနိုင်လောက်တဲ့ ကုသိုလ်ကောင်းမှုကို ပြုစေရတော့မယ်၊ အဲဒီကုသိုလ်နဲ့ပဲ ငရဲသို့ရောက်ရမှာကို တားမြစ်ပေးရတော့မယ်၊ နတ်ပြည်ကိုရောက်အောင် မြှင့်တင်ပေးရတော့မယ်"။

မဟာကရုဏာတော်ရဲ့ လုံ့ဆော်တိုက်တွန်းလျက်နဲ့ ဘုရားရှင်က ဒီလို ရည်ရွယ်တော် မူပြီး ရဟန်းတွေနဲ့အတူ ရာဇဂြိုဟ်မြို့တွင်းကို ဆွမ်းခံဝင်တော်မူပါတယ်။

အဲဒီအချိန်မှာ စဏ္ဍာလီကလဲ တောင်ဝှေးထောက်ကာ ထောက်ကာနဲ့ မြို့ထဲက ထွက်လာခဲ့ပါတယ်၊ လမ်းမှာ ခရီးရင်ဆိုင် ဘုရားကြွလာနေတာကို တွေ့ရပါတယ်၊ ဘုရားရှင်ရဲ့ ရှေ့တည့်တည့်မှာပဲ ရပ်နေပါတယ်၊ ဘုရားရှင်ကလဲပဲ သွားလမ်းကို ပိတ်ဆို့ထားသလို စဏ္ဍာလီရဲ့ ရှေ့တည့်တည့်မှာပဲ ရပ်နေတော်မူပါတယ်။

ဘုရားရှင်ရဲ့ ရည်ရွယ်ချက်ရယ်, စဏ္ဍာလီမှာ အသက်တမ်း ကုန်ဆုံးနေတာရယ် ဒါတွေကို နားလည်သိမြင်ထားတဲ့အတွက် အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်က ဘုရားရှင်ကို ရှိခိုးဖို့ စဏ္ဍာလီကို ပြောဆိုတိုက်တွန်းပါတယ်။

"အို စဏ္ဍာလီ ! သင်ဟာ ခြွေရံပရိသတ်နဲ့အတူ ကြွလာတော်မူတဲ့ ဘုရားရှင်ရဲ့ ခြေတော်ကို ရှိခိုးလိုက်ပါတော့လား၊ ဝိပဿီမုထောက် ၇-ဆူမြောက် ဖြစ်တဲ့ ဘုရားရှင်ဟာ သင့်ကို ချီးမြှောက်လိုတာနဲ့ ရပ်နေတော်မူပါတယ်၊ သင်ဟာ တာဒိဂုဏ်ရှင်* ဘုရားသခင့်အပေါ်မှာ စိတ်ကို ကြည်လင်စေပါတော့လား၊ မြန်မြန်ဆန်ဆန်ပဲ လက်အုပ်ချီမိုး ရှိခိုးလိုက်ပါတော့လား၊ သင့်အသက်ဟာ အင်မတန် တိုတောင်းလှပါတယ်"။

ရှင်မောဂ္ဂလ္လာန်ရဲ့ စကားကို ကြားရတဲ့အခါ စဏ္ဍာလီဟာ ထိတ်လန့်တုန်လှုပ်သွားပါတယ်၊ ဘုရားရှင့်အပေါ်မှာ ကြည်ညိုစိတ် ဖြစ်ပေါ်လာပါတယ်၊ ဘုရားရှင်ကို တည်ခြင်းငါးပါးနဲ့ ရှိခိုးဦးချပါတယ်၊ အသာအယာထပြီး လက်အုပ်ချီမိုး ရှိခိုးရင်း လမ်းဘေးဖယ်ကာ မတ်တပ်ရပ်နေပါတယ်၊ သူရဲ့စိတ်ဟာလဲပဲ ဘုရားဂုဏ်တော်ကို အာရုံပြုပြီး ဖြစ်ပေါ်လာတဲ့ နှစ်သက်မှုပီတိနဲ့ တည်ကြည်ငြိမ်သက်နေပါတယ်။

ဘုရားရှင်လဲ "ဒီလောက်ကုသိုလ်ဟာ စဏ္ဍာလီအတွက် နတ်ပြည်မှာ ဖြစ်ဖို့ လုံလောက်ပြီ"လို့ နှလုံးသွင်းပြီး သံဃာတော်များနဲ့အတူ မြို့တွင်းကို ဆွမ်းခံဝင်တော်

* အကောင်းနဲ့တွေ့တွေ့ အဆိုးနဲ့တွေ့တွေ့ နဂိုမူမပျက်တဲ့ သဘောကို "တာဒီ"လို့ ခေါ်ပါတယ်။

http://www.dhammadownload.com

မူပါတယ်၊ အဲဒီ အချိန်မှာပဲ နောက်လိုက်သားငယ်ရှိနေတဲ့ နွားမတစ်ကောင်က စဏ္ဍာလီကို ဝှေ့သတ်လိုက်ပါတယ်။

စဏ္ဍာလီဟာ စုတေတာနဲ့ တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်မှာ သွားဖြစ်ပါတယ်၊ နတ်သမီးတစ်သိန်းက သူ့ကို ခြံရံနေကြပါတယ်၊ စဏ္ဍာလီနတ်သမီးဟာ အဲဒီနေ့မှာပဲ ဗိမာန်နဲ့အတူ လူ့ပြည်ကို လာခဲ့ပါတယ်၊ ဗိမာန်ကဆင်းပြီး အရှင်မောဂ္ဂလ္လာန်ထံတော်ပါးကို သွားရောက်ရှိခိုးနေပါတယ်။

"အို နတ်သမီး ! သင်ဟာ လှပတင့်တယ် ရှုမောဖွယ်ကောင်းလှပါတယ်၊ ရွှေအဆင်းလို ဝါဝင်းတဲ့အဆင်းလဲ ရှိပါတယ်၊ အရောင်အဝါလဲ ထွန်းလင်းတောက်ပြောင်လှပါတယ်၊ များတဲ့အခြံအရံလဲ ရှိပါတယ်၊ ဆန်းကြယ်မှုမျိုးစုံသင်ရဲ့ကိုယ်မှာ စုပုံနေပါဘိတယ်၊ နတ်သမီးအပေါင်းခြံရံကာ ငါ့ကို လာရောက်ရှိခိုးတဲ့ သင်ဟာ ဘယ်သူများ ဖြစ်ပါသလဲ ?"။

ရှင်မောဂ္ဂလ္လာန် မထေရ်မြတ်ရဲ့ အမေးစကားကို ကြားရတဲ့အခါ စဏ္ဍာလီ နတ်သမီးက မိမိရဲ့နောက်ကြောင်းကို ပြန်လည်လျှောက်ထားပါတယ်။

"အရှင်ဘုရား ! တပည့်တော်ဟာ စဏ္ဍာလီပါပဲ၊ အရှင်မြတ်ရဲ့ ခိုင်းစေချက်နဲ့ ဘုရားရှင်ရဲ့ ခြေတော်တွေကို ရှိခိုးခဲ့ပါတယ်၊ အဲဒီဘုရားရှင်ဟာ တကယ်ပဲ ပူဇော်အထူးကို ခံထိုက်သူလဲ ဖြစ်ပါတယ်၊ ဂေါတမမျိုးနွယ်က မွေးဖွားလာသူလဲ ဖြစ်ပါတယ်၊ ခြွေရံပရိသတ် အများအပြားရှိသူလဲ ဖြစ်ပါတယ်။

အရှင်ဘုရား ! တပည့်တော်ဟာ ဘုရားရှင်ရဲ့ ခြေတော်တွေကို ရှိခိုးပြီးတဲ့နောက် စဏ္ဍာလ(သူတောင်းစား)အမျိုးက စုတေခဲ့ပြီး နှစ်သက်စဖွယ် တာဝတိံသာနတ်ပြည်မှာ အဖက်ဖက်က တင့်တယ်ကောင်းမွန်တဲ့ ဘုံဗိမာန်မှာ ဖြစ်ရပါတယ်။

နတ်သမီးတစ်သိန်းက တပည့်တော်ကို ခြံရံနေကြရပါတယ်၊ တပည့်တော်ဟာ အဲဒီနတ်သမီးတွေထက် အဆင်းရော, အခြွေအရံပရိသတ်ရော, အသက်ရှည်တာရော အကုန်လုံး အထက်တန်းကျပါတယ်၊ တပည့်တော်ရဲ့ ဘဝဟာ ချီးမွမ်းဖွယ်ရာချည်းသာ ဖြစ်ပါတယ်။

အရှင်ဘုရား ! တပည့်တော်ဟာ ကုသိုလ်အများအပြား ပြုလုပ်ထားသူလဲ ဖြစ်ပါတယ်၊ ဆင်ခြင်တိုင်းထွာ ဉာဏ်ပညာနဲ့ ပြည့်စုံသူလဲ ဖြစ်ပါတယ်၊ အမှတ်မူ သတိနဲ့ပြည့်စုံသူလဲဖြစ်ပါတယ်၊ အရှင်ဘုရားဟာ လောကမှာ မုနီတစ်ဆူလဲ

http://www.dhammadownload.com

ဖြစ်ပါပေတယ်၊ သနားကရုဏာနဲ့ ပြည့်စုံသူလဲ ဖြစ်ပါတယ်၊ အရှင်ဘုရားကို ရှိခိုးရအောင်လို့ပဲ တပည့်တော်က လာရောက်ရတာပါ"။

စဏ္ဍာလိနတ်သမီးဟာ သူ့ကျေးဇူးကို သိတတ်သူလဲ ဖြစ်ပါတယ်၊ သူ့ကျေးဇူးကို ထင်ရှားအောင်လဲ ပြုတတ်ပါတယ်၊ ရှင်မောဂ္ဂလ္လာန်ရဲ့ ခြေတော်တွေကို ရှိခိုးပြီး အဲဒီနေရာမှာပဲ ကွယ်ပျောက်သွားပါတယ်။

လူ့ဘဝကအမည်နဲ့ ခေါ်ဝေါ်သုံးစွဲခြင်းဟာ နတ်တွေရဲ့ ထုံးတမ်းစဉ်လာဖြစ်ပါတယ်၊ ဒါ့ကြောင့် နတ်ပြည်ကို ရောက်သွားတဲ့ အခါမှာလဲ "စဏ္ဍာလီ"လို့ပဲ ခေါ်နေကြပါတယ်။

အဲဒီ စဏ္ဍာလီရဲ့ ဘုရားရှင်ကို ရှိခိုးကြည်ညိုရတဲ့ ကုသိုလ်ကောင်းမှုဟာ ဖြစ်ရာ ခဏအနေနဲ့ မပြောပလောက်ပါဘူး၊ အင်မတန် တိုတောင်းပါတယ်၊ အင်မတန် နည်းပါးပါတယ်၊ ဒါပေမဲ့ ရှိခိုးခံတဲ့ ဘုရားရှင်ရဲ့ မွန်မြတ်အထက်တန်းကျမှု, အကျိုးတရား များပြားကြီးကျယ်မှု ဒါတွေကို အကြောင်းပြုပြီး "အလွန့်အလွန်များတယ်"လို့ ဆိုသင့်ပါတယ်၊ ဒါကြောင့်လဲပဲ စဏ္ဍာလီနတ်သမီးက တပည့် တော်ဟာ ကုသိုလ် အများအပြား ပြုလုပ်ထားသူ ဖြစ်ပါတယ်"လို့ ဆိုရတာပါပဲ။

ဒါက ဘုရားရှင်ကို ရှိခိုးကြည်ညိုတဲ့အတွက် ချမ်းသာသုခ ရရှိတဲ့အကြောင်းပါပဲ၊ ပြီးတော့ တရားတော်ကို ကြည်ညိုတဲ့အတွက် ချမ်းသာသုခ ရရှိတဲ့ အကြောင်းကို ပြောပြပါအုံးမယ်။

ဖားနတ်သား[၁]

ဘုရားရှင်ဟာ စမ္ဘာပြည် ဂဂ္ဂရာရေအိုင်အနီးမှာ သီတင်းသုံးနေတော်မူပါတယ်၊ အရဏ်တက်ခါနီး မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူပါတယ်၊ ဒီလို ဝင်စားတာဟာ ဘုရားရှင်တွေရဲ့ အလေ့အကျက် တစ်ခုပါပဲ၊ သမာပတ်ကထတဲ့အခါ ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို ကြည့်တော်မူပါတယ်။

"ယနေ့ ညနေချိန်မှာ ငါဘုရား တရားဟောလို့ရှိရင် ဖားကလေး တစ်ကောင်က တရားသံကို အာရုံပြုနေတုန်း သူများပယောဂနဲ့ သေဆုံးပြီး နတ်ပြည်မှာ ဖြစ်ရပေလိမ့်မယ်၊ နတ်အခြွေအရံ အများအပြားနဲ့အတူ လူတွေ ကြည့်နေတုန်းမှာပဲ ငါဘုရားရဲ့ထံတော်မှောက်ကို ရောက်လာပေလိမ့်မယ်၊ ဒီတော့ လူတွေအများအပြား သစ္စာ ၄-ပါးတရားကို သိမြင်ကြပေလိမ့်မယ်၊ ကျွတ်တမ်းဝင်ကြပေလိမ့်မယ်"။

၁။ ဝိမာန-ပါ၊ ၇၃။ ၂။ ၂၀၁။

http://www.dhammadownload.com

ဒီအကြောင်းကို မြင်တော်မူပါတယ်၊ ဒါနဲ့ နံနက်အချိန်မှာ သံဃာတော်တွေနဲ့ အတူ စမ္မာမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူပါတယ်၊ ဆွမ်းကိစ္စ ပြီးပြီးတဲ့နောက် နေ့လယ်ချိန်မှာ ဖလသမာပတ်ချမ်းသာကို ဝင်စံခံစားပြီး နေတော်မူပါတယ်။

ညနေပိုင်း ပရိသတ်စုံညီတဲ့အခါ ဂန္ဓကုဋိတိုက်တော်က ထွက်ကြွလာပါတယ်၊ အခါကာလနဲ့ သင့်တော်လျော်ကန်တဲ့ တန်ခိုးပြာဋိဟာနဲ့ ရေကန်ကမ်းစပ်ရှိ တရားဟောမဏ္ဍပ်သို့ ကြွလာတော်မူပါတယ်၊ ပြင်ဆင်ထားတဲ့ ဘုရားနေရာမှာ တင့်တယ် သပ္ပာယ်စွာ သီတင်းသုံး နေတော်မူပါတယ်။

အဲဒီလို နေသားတကျ သီတင်းသုံး ထိုင်နေတော်မူပြီးတဲ့နောက် အင်္ဂါ ၈-ပါးနဲ့ ပြည့်စုံတဲ့ အင်မတန် သာယာတဲ့ အသံတော်ကို မြွက်ဆိုပြီး မကြေစည်နိုင်တဲ့ ဘုရားတန်ခိုးတော်, နှိုင်းခိုင်းစရာ ဥပမာရှာမရတဲ့ ဘုရားရှင်တို့ရဲ့ တင့်တယ်ခြင်းမျိုးနဲ့ တရားစတင် ဟောကြားတော်မူပါတယ်။

အဲဒီအချိန်မှာပဲ ဖားကလေးတစ်ကောင်ဟာ ရေကန်က တက်လာခဲ့ပါတယ်၊ "ဒါဟာ တရားတော်ပဲ" ဆိုတဲ့ အမှတ်နဲ့ အသံတော်ကို အာရုံပြုရင်း ပရိသတ်အစွန်မှာ ဝပ်စင်းနေပါတယ်၊ အဲဒီ အခိုက်အတန့်မှာပဲ နွားကျောင်းသား တစ်ယောက်က အဲဒီနေရာကို ရောက်လာခဲ့ပါတယ်၊ တရားဟောနေတဲ့ ဘုရားရှင်ရယ်, အင်မတန် ငြိမ်ငြိမ်သက်သက် တရားနာနေတဲ့ ပရိသတ်ရယ် ဒါတွေကို တွေ့ရတဲ့အခါ အင်မတန် စိတ်ပါဝင်စားလာပါတယ်၊ ဟိုဟိုဒီဒီ မကြည့်အားတော့ဘဲ ဖားကလေးရဲ့ခေါင်းပေါ်မှာ တုတ်ထောက်လျက်သား ရပ်နေမိပါတော့တယ်။

ဖားကလေးဟာ အဲဒီခဏမှာပဲ သေဆုံးသွားပါတယ်၊ တာဝတိံသာနတ်ပြည် ၁၂-ယူဇနာရှိတဲ့ ရွှေဗိမာန်မှာ "အိပ်သော ယောက်ျား နိုးသောလားသို့" ဆိုသလို နတ်သားကလေး သွားဖြစ်ပါတယ်၊ မိမိကို နတ်သမီးတွေ ဝိုင်းအုံခြံရံနေတာကို တွေ့ရပါတယ်၊ "ငါဟာ ဘယ်ဘဝကလာပြီး ဒီဘုံဗိမာန်မှာ ဖြစ်ရပါလိမ့်မလဲ"၊ ဒီလို ဆင်ခြင်စဉ်းစားတဲ့အခါ ရှေးဘဝဇော်မြစ်ကို အမှန်အတိုင်း သိရှိရပါတော့တယ်။

"ငါ့လို အဟိတ်တိရစ္ဆာန် ဖားကလေးတောင်မှ ဒီတာဝတိံသာနတ်ပြည်မှာ ဖြစ်လာရပါပေတယ်၊ ဒီလို စည်းစိမ်ချမ်းသာမျိုးကိုလဲ ရနိုင်ပါပေတယ်၊ ငါဟာ ဘယ်လို ကုသိုလ်ကံမျိုးကို ပြုခဲ့ဖူးပါလိမ့်မလဲ"။

ဒီလို စုံစမ်းဆင်ခြင်တဲ့အခါ ဘုရားရှင်ရဲ့ တရားတော်သံကို အာရုံပြုကြည်ညိုခဲ့တဲ့ ကုသိုလ်မှတစ်ပါး အခြားကုသိုလ်ကောင်းမှု တစ်စုံတစ်ခုကိုမှ မတွေ့ရှိရပါဘူး။

ဖားနတ်သားကလေးဟာ အဲဒီအချိန်မှာပဲ ဗိမာန်နဲ့တကွ ဘုရားဆီကို လာရောက်ခဲ့ပါတယ်၊ ဗိမာန်ကဆင်းပြီး လူများကြည့်နေတုန်းမှာပဲ အခြံအရံ အများအပြား

http://www.dhammadownload.com

ကြီးမားတဲ့နတ်တန်ခိုးနဲ့ ချဉ်းကပ်ပြီး မြတ်စွာဘုရားရဲ့ ခြေတော် တွေကို ရှိခိုးပါတယ်၊ ပြီးတော့ လက်အုပ်ချီမိုး ရှိခိုးပြီး ရပ်နေပါတယ်။

ဘုရားရှင်ဟာ အကြောင်းစုံကို အကုန်အစင် သိမြင်ပြီးဖြစ်ပါတယ်၊ ဒါပေမဲ့ "ကံရယ်, ကံရဲ့အကျိုးတရားရယ်, ဘုရားရှင်ရဲ့ တန်ခိုးတော်ရယ်"၊ ဒါတွေကို လူထုအား မျက်မြင်ကိုယ်တွေ့ ပြလိုတဲ့အတွက် မေးတော်မူပါတယ်။

"သင်ဟာ နတ်တွေရဲ့ တန်ခိုးအနေနဲ့လဲပဲ ထွန်းလင်းပါဘိတယ်၊ အခြေအရံအနေနဲ့လဲ တောက်ပပါဘိတယ်၊ အင်မတန်နှစ်လိုဖွယ်ကောင်းတဲ့ အရောင်အဆင်းနဲ့ အရပ်မျက်နှာ အကုန်လုံးကိုလဲ တောက်ပြောင်စေပါ ဘိတယ်၊ ငါဘုရားရဲ့ ခြေတော်တွေကိုလဲ ရှိခိုးဦးတိုက်လာပါတယ်၊ သင်ဟာ ဘယ်သူများ ဖြစ်ပါသလဲ ?"။

"ရှင်တော်မြတ်ဘုရား ! တပည့်တော်ဟာ ရှေးဘဝက ရေမှာပေါက်ပွားပြီး ရေမှာကျက်စားတဲ့ ဖားသတ္တဝါ ဖြစ်ခဲ့ပါတယ်၊ အရှင်ဘုရားရဲ့တရားတော်ကို နာကြားနေတုန်းမှာ နွားကျောင်းသားတစ်ဦးက တပည့်တော်ကို သတ်ဖြတ်ခဲ့ပါတယ်။

တစ်ခဏမျှ တရားတော်ကို စိတ်ကြည်ညိုရတဲ့ ကုသိုလ်ကောင်းမှုကြောင့် ဖြစ်ပွားလာရတဲ့ တပည့်တော်ရဲ့ ပြည့်စုံမှုကို ရှုတော်မူပါ၊ အခြေအရံများကိုလဲ ရှုတော်မူပါ၊ နတ်တို့ရဲ့ တန်ခိုးအာနုဘော်ကိုလဲ ရှုတော်မူပါ၊ ကိုယ်ရေအဆင်းကိုလဲ ရှုတော်မူပါ၊ အရောင်အဝါကိုလဲ ရှုတော်မူပါ။

အို–ရှင်တော်မြတ်ဘုရား ! တရားတော်ကို ကြာရှည်လေးမြင့် နာကြားရတဲ့ သူတွေကတော့ တုန်လှုပ်ခြင်းကင်းတဲ့ နိဗ္ဗာန်ကို ဧကန်ရောက်ကြရမှာပဲ၊ အဲဒီ နိဗ္ဗာန်ကို ရောက်လို့ရှိရင် စိုးရိမ်ပူပန်ခြင်း အကုန်လုံးဟာလဲပဲ ပျောက်ကင်းရမှာ အမှန်ပဲ ဖြစ်ပါတယ်"။

ဒီလိုပဲ ဖားနတ်သားက မိမိရဲ့ဘဝဇာစ်မြစ် အစရှိတဲ့ဟာတွေကို ပြန်လည်လျှောက်ထားပါတယ်၊ အဲဒီနောက်မှာ ဘုရားရှင်က အကျယ်တဝင့် တရားကို ဆက်လက် ဟောတော်မူပါတယ်၊ တရားတော်အဆုံးမှာ ဖားနတ်သားက သောတာပတ္တိဖိုလ်မှာ တည်ပါတယ်၊ သောတာပန် အရိယာဖြစ်သွားပါတယ်၊ ဘုရားကို ရှိခိုးပြီး အခြေအရံတွေနဲ့အတူ နတ်ပြည်ကို ပြန်သွားပါတယ်။

တရားတော်ကို ကြည်ညိုလို့ စီးပွားချမ်းသာကို ရရှိတဲ့အကြောင်းကို ပြောပြီးတဲ့နောက် သံဃာတော်ကို ကြည်ညိုလို့ စီးပွားချမ်းသာ ရရှိတဲ့အကြောင်း ဆက်လက်ပြောပြပါအုံးမယ်။

http://www.dhammadownload.com

ဝန္ဒနာဒီမာန်[1]

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေတော်မူပါတယ်၊ အဲဒီ အချိန်မှာ ရဟန်းတော်တွေ ခပ်များများ တောရွာကျောင်း တစ်ကျောင်းမှာ ဝါကပ်ကြပါတယ်၊ ဝါလကျွတ်လို့ ပဝါရဏာ ပြုပြီးတဲ့အခါ ကျောင်းအိပ်ရာ နေရာတွေကို သိမ်းဆည်းကြပါတယ်၊ သပိတ်သင်္ကန်း ကိုယ်စီယူပြီး ဘုရားဖူးရအောင် သာဝတ္ထိမြို့ကို ထွက်လာခဲ့ကြပါတယ်၊ လမ်းခုလတ်မှာ ရွာကလေးတစ်ရွာကို တွေ့ကြရပါတယ်၊ ရွာလယ်လမ်းခရီးကို ကျော်ဖြတ်ပြီး လာကြရပါတယ်။

အဲဒီ ရွာသူဖြစ်တဲ့ အမျိုးသမီးတစ်ဦးက ရဟန်းတော်များကို တွေ့ရတဲ့အခါ အင်မတန် ကြည်ညိုသွားပါတယ်၊ ရိုသေပါတယ်၊ လေးစားပါတယ်၊ မြတ်နိုးပါတယ်၊ တည်ခြင်း ၅-ပါး၊ နဲ့ ရှိခိုးပါတယ်၊ ကြည်ညိုမှုကြောင့် အေးမြနေတဲ့ မျက်လုံးတွေနဲ့ မျက်စိတစ်ဆုံး ကြည့်ရှုပြီး နှဖူးထိပ်ဆီ လက်အုပ်ချီကာ ရပ်နေ ်တယ်၊ ရဟန်းတော်တွေ ကွယ်ပျောက်သွားမှ လုပ်စရာ ကိုင်စရာ ကိစ္စများကို ဆက်လက်လုပ်ကိုင်နေပါတယ်။

အဲဒီ အမျိုးသမီးဟာ လူ့ဘဝကို စွန့်ခွာသည်နဲ့ တစ်ပြိုင်နက် ရဟန်းတော်တွေကို ခဏတာမျှ ကြည်ညိုလိုက်ရတဲ့ ကုသိုလ်ကောင်းမှုကြောင့် တာဝတိ်သာနတ်ပြည်မှာ သွားဖြစ်ပါတယ်၊ တာဝတိ်သာနတ်ပြည်မှာပဲ နတ်စည်းစိမ်ကို ခံစားနေရပါတယ်။

တစ်ချိန်မှာ ရှင်မောဂ္ဂလ္လာန်က တာဝတိ်သာ နတ်ပြည်ကို ကြွသွားပါတယ်၊ အဲဒီ နတ်သမီးကို တွေ့ရပါတယ်၊ ဒီတော့ ဘယ်လိုကုသိုလ်ကောင်းမှုကို လုပ်ခဲ့လို့ ဒီလိုစည်းစိမ်မျိုးကို ရသလဲ?"လို့ မေးပါတယ်၊ ဒါနဲ့ နတ်သမီးက မိမိလုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုကို ပြန်ကြားလျှောက်ထားပါတယ်။

"အရှင်ဘုရား ! တပည့်တော်ဟာ လူ့ဘဝတုန်းက သီလနဲ့ပြည့်စုံတဲ့ ရဟန်းတော်တွေကို ဖူးတွေ့ခဲ့ရပါတယ်၊ အဲဒီရဟန်းတော်တွေရဲ့ ခြေတော်တွေကိုလဲ ရှိခိုးဦးတိုက်ခဲ့ပါတယ်၊ ဒီအရှင်မြတ်တွေဟာ သူတော်ကောင်းအစစ်ဖြစ်ကြပါပေစ့၊ တရားတော်တွေကို ကျင့်သုံးကြပါပေစ့၊ ညီညီမျှမျှ ကျင့်လေ့ရှိကြပါပေစ့၊ မြတ်တဲ့အကျင့်ကို ကျင့်လေ့ရှိကြပါပေစ့၊ ဒီလို ရဟန်းတော်တွေရဲ့ ဂုဏ်ကို အာရုံပြုကာ စိတ်ကြည်လင်စေခဲ့ပါတယ်၊ နှစ်သက်ရွှင်လန်း ဝမ်းပန်းတသာ လက်အုပ်ချီမှုကိုလဲ ပြုခဲ့ပါတယ်။

အဲဒီကုသိုလ်ကြောင့် အညစ်အကြေးကင်းစင်တဲ့ အရောင်အဆင်းကို ဝိုင်ဆိုင်ခဲ့ပါတယ်၊ အခြားနတ်တွေထက်လဲ သာလွန်တင့်တယ်ရပါတယ်၊ အဲဒီ

၁။ ဝိမာန-ပါ၊ ၁၆၈။ ၌၊ ၁၈၉။

http://www.dhammadownload.com

ကုသိုလ်ထူးကြောင့်ပဲ တပည့်တော်ဟာ မိမိရဲ့ကိုယ်အင်္ဂါ အစိတ်အပိုင်း တွေနဲ့ အရပ် ၈-မျက်နှာ အကုန်လုံးကို ပြောင်တဝင်းဝင်း ထွန်းလင်းတောက်ပစေနိုင် ပါတော့တယ်"။

ဒါဟာ သံဃာတော်တွေကို ကြည်ညိုရိုခိုးတဲ့အတွက် ကောင်းကျိုးရပုံပါပဲ၊ သရဏဂုံ ဆောက်တည်တာ ဘယ်လောက် အကျိုးများတယ်ဆိုတာ သိရအောင် ဝတ္ထုကြောင်း လေးတစ်ခု ပြောပြပါအုံးမယ်။

ဒမိဋ္ဌတံခါးစောင့်[1]

(သီဟိုဠ်ကျွန်း) မဓုအင်္ဂဏရွာမှာ ဒမိဋ္ဌ(တမိလ်၊ ကလယ်၊ ကျေးကုလား)လူမျိုး တံခါးစောင့်တစ်ဦး ရှိပါတယ်၊ အဲဒီ တမိလ်လူမျိုး တံခါးစောင့်ဟာ နံနက်အစောကြီး ငါးမျှားချိတ်ကို ယူပြီး အမြဲငါးမျှားသွားပါတယ်၊ ရလာတဲ့ ငါးတွေကို ၃-ပုံ ပုံပြီး တစ်ပုံကို ဆန်နဲ့ လဲပါတယ်၊ တစ်ပုံကို ထောပတ်နဲ့ လဲပါတယ်၊ တစ်ပုံကို ချက်ပြုတ် စားသောက်ပါတယ်၊ ဒီလိုချည်း အနှစ် ၅၀-လုံးလုံး သူ့အသက်သတ်မှု (ပါဏာတိ ပါတက်)ကို ပြုလုပ်နေထိုင်ခဲ့ပါတယ်၊ နောက်အသက်အရွယ် ကြီးရင့်လာလို့ သေခါနီး ကျတော့ အိပ်ရာပေါ်မှာ လဲနေပါတော့တယ်၊ မထနိုင်တော့ပါဘူး၊ ခုတင်တစ်ခုပေါ်မှာ လျောင်းစက်နေရပါတော့တယ်။

အဲဒီအချိန်မှာ တောင်ပေါ်ကျောင်း(ဂိရိဝိဟာရ)မှာ နေထိုင်တဲ့ စူဠပိဏ္ဍပါတိက တိဿမထေရ်က "ငါ့မျက်စိအောက်မှာ ဒီသတ္တဝါ မပျက်စီးပါစေနဲ့"ဆိုတဲ့ ရည်ရွယ် ချက်နဲ့ သွားပြီး အိမ်တံခါးနားမှာ ရပ်နေပါတယ်။

ဒီတော့ သူ့ရဲ့အိမ်သူသက်ထားက "မောင်ရေ ! မထေရ်တစ်ပါး ကြွလာ နေတယ်"လို့ သူ့ကို လှမ်းပြောလိုက်ပါတယ်၊ ငါဟာ အနှစ် ၅၀-လုံးလုံး မထေရ် ဆီကို တစ်ခေါက်မှ ရောက်ဖူးတာမဟုတ်ဘူး၊ ငါ့ရဲ့ ဘယ်လိုဂုဏ်ထူးကြောင့် ဒီမထေရ် ကိုယ်တိုင်ကြွလာရမှာတဲ့လဲ၊ 'ပြန်သွား'လို့သာ ပြောလိုက်ပါတော့ကွာ"လို့ သူက ပြန်ပြောလိုက်ပါတယ်၊ အဲဒီစကားကို ကြားရတဲ့အခါ သူ့အမျိုးသမီးက "ကန်တော့ ဆွမ်းပါဘုရား"လို့ လျှောက်ထားပါတယ်၊ ကန်တော့ဆွမ်း လောင်းလှူလိုက်ပါတယ်။

ဒီတော့ မထေရ်က တံခါးစောင့်ရဲ့ ကျန်းမာရေးအခြေအနေကို မေးပါတယ်၊ သိပ်အားနည်းနေတဲ့အကြောင်း ကြားသိရတဲ့အခါ မထေရ်ကိုယ်တိုင် အိမ်တွင်းကို ဝင်ပြီး တံခါစောင့်ကို သတိပေးပါတယ်၊ "သီလယူမယ်လား ?"လို့လဲ မေးပါတယ်၊ "မှန်ပါအရှင်ဘုရား၊ ပေးသနားတော်မူပါ"လို့ တံခါးစောင့်က လျှောက်ထားပါတယ်၊ မထေရ်က သရဏဂုံကို အရင်ပေးပါတယ်၊ ပြီးမှ "၅-ပါးသီလကို ပေးမယ်"လို့

၁။ အံ-၄-၂၊ ၁၀၇။

http://www.dhammadownload.com

လုပ်ပါတယ်၊ တံခါးစောင့်က "၅-ပါးသီလကို ယူမယ်"လို့ လုပ်တဲ့အခါမှာ လျှာထွက်လာပါ တော့တယ်၊ ၅-ပါးသီလကို မယူနိုင်တော့ပါဘူး၊ မထေရ်ကလဲ "ဒီလောက် ဆိုရင် သင့်တော်လှပါပြီ"လို့ အိမ်ကထွက်ကြွသွားပါတယ်။

တံခါးစောင့်ဟာ အဲဒီ ခဏမှာပဲ ဘဝပြောင်းပြီး စတုမဟာရာဇဓနတ်ပြည်မှာ ဖြစ်ပါတယ်၊ ဖြစ်လျှင်ဖြစ်ချင်းပဲ "ငါဟာ ဘယ်လိုကုသိုလ်ကောင်းမှုကို လုပ်ခဲ့လို့ ဒီနတ်စည်းစိမ်ကို ရပါလိမ့်မလဲ"လို့ စဉ်းစားဆင်ခြင်လိုက်တဲ့ အခါမှာ မထေရ် မြတ်ကို အမှီပြုပြီး ရရှိကြောင်းကို သိရှိနားလည်သွားပါတယ်၊ ခဏချင်း နတ်ပြည်က ဆင်းလာပါတယ်၊ မထေရ်မြတ်ကို ရှိခိုးပြီး သင့်တော်ရာက ရပ်နေပါတယ်။

"သင် ဘယ်သူလဲ?"။

"တပည့်တော် ဒမိဋ္ဌတံခါးစောင့်ပါဘုရား"။

"ဘယ်ဘုံမှာ ဖြစ်ရတာလဲ?"။

"စတုမဟာရာဇဓနတ်ပြည်မှာ ဖြစ်ပါတယ် အရှင်ဘုရား၊ တကယ်လို့သာ အရှင်ဘုရားက ၅-ပါးသီလကို ပေးခဲ့ပါရင် တပည့်တော် အထက်နတ်ပြည်မှာ ဖြစ်ရမှာပါပဲ"။

"ငါ ဘယ့်နယ်လုပ်မလဲ၊ သင်က မယူနိုင်တာကို"။

ဒီလို မယေရ်နဲ့ ဝမ်းမြောက်ဝမ်းသာ ပြောဆိုပြီး နတ်ပြည်ကိုပဲ ပြန်သွားပါတယ်။

"ဒီလောက် အကုသိုလ်က် အများအပြား လုပ်ထားတဲ့ လူတစ်ယောက်ကို သေခါနီးကျမှ ဆောက်တည်လိုက်ရတဲ့ သရဏဂုံကုသိုလ်က ဘယ်လိုလုပ် ကယ်ဆယ်နိုင်ပါသလဲ?"။

ဒီလို ဒီနေရာမှာ စဉ်းစားစရာ ရှိနေပါတယ်၊ ဒါကို ဘုန်းကြီးကိုယ်တိုင် ဖြေရှင်းပြ နေစရာ မလိုတော့ပါဘူး၊ မိလိန္ဒမင်းမေးလို့ ရှင်နာဂသေနက ဖြေရှင်းထားတာ ရှိပါတယ်၊ ဒီတော့ အဲဒါကိုပဲ ပြောပြပါတော့မယ်။

ပုဗ္ဗဝုဏ္ဏသတိလာဘပဉ္ဉာ [၁]

"အရှင်ဘုရားနာဂသေန ! နှစ်ပေါင်း တစ်ရာလုံးလုံး မကောင်းမှုအကုသိုလ်ကို ပြုလုပ်ထားတဲ့ လူတစ်ဦးတစ်ယောက်ဟာ သေခါနီးကျမှ ဘုရားဂုဏ်တော်ကို တစ်ကြိမ်လောက် အမှတ်ရတာနဲ့ အဲဒီလူဟာ နတ်ပြည်မှာ ဖြစ်နိုင်တယ်"ဆိုတဲ့ စကားကို အရှင်ဘုရားတို့ ပြောပြောနေကြပါတယ်၊ အဲဒီ စကားကို တပည့်တော် လက်မခံနိုင်ပါ၊ မယုံကြည်နိုင်ပါ၊ ပြီးတော့တစ်ခါ 'သူ့အသက်

၁။ မိလိန္ဒပဉ္ဉာ-ပါ၊ ၈၆။

http://www.dhammadownload.com

သတ်မှု (ပါဏာတိပါတ)ကံကလေးတစ်ခုနဲ့ ငရဲမှာ ဖြစ်နိုင်တယ်"လို့ ပြောဟော နေကြပြန်တယ်၊ ဒါကိုလဲ တပည့်တော် မယုံကြည်နိုင်ပါ၊ လက်မခံနိုင်ပါ"။

"မဟာရာဇာ ! ဒါဖြင့် သင့်ကိုပဲ မေးရတော့မယ်၊ သင် သဘောကျသလို သာ ဖြေပါတော့"။

"ကျောက်ခဲကလေးတစ်လုံးဟာ လေနဲ့ကင်းကွာပြီး ရေမှာ ပေါ်နိုင်ပါ့ မလား ?"။

"မပေါ်နိုင်ပါ အရှင်ဘုရား"။

"လှည်းအစီး တစ်ရာတိုက်ခန့်ရှိတဲ့ ကျောက်ခဲဟာ လေနဲ့ တင်ဆောင် မယ်ဆိုရင် ရေမှာ ပေါ်ရမယ် မဟုတ်လား ?"။

"မှန်ပါ၊ ပေါ်ရပါ့မယ် အရှင်ဘုရား"။

"မဟာရာဇာ ! ကုသိုလ်ကံတွေဟာ လေနဲ့ တူပါတယ်၊ အကုသိုလ်ကံ တွေကတော့ ကျောက်ခဲနဲ့ တူပါတယ်၊ ဒီလိုပဲ မှတ်ပေါ့"။

"အရှင်ဘုရားနာဂသိန် ! သင့်တော်လျောက်ပတ်လှပါပေတယ်"။

သရဏဂုံဆောက်တည်တဲ့အတွက် ဘယ်လိုအကျိုး ခံစားရတယ်ဆိုတာကို ပိုပြီး သဘောကျသွားအောင် နောက်ထပ် ဝတ္ထုကြောင်းလေးတစ်ခု ပြောပြပါအုံးမယ်။

တိသရဏဂမနိယထေရ်[1]

တိသရဏဂမနိယ မထေရ်အလောင်း အမျိုးကောင်းသားကလေး တစ်ဦးဟာ အနောမဒဿီ ဘုရားရှင်လက်ထက် စန္ဒဝတီမြို့မှာ ဖြစ်ခဲ့ပါတယ်၊ မျက်မမြင် မိဘ ၂-ဦးကို လုပ်ကျွေးနေရပါတယ်၊ တစ်နေ့သော အခါကျတော့ "ငါဟာ မိဘ တွေကို ပြုစုလုပ်ကျွေးနေရတဲ့အတွက် ရဟန်းပြုခွင့် မရနိုင်ဘူး၊ သရဏဂုံဆောက်တည် ရရင် ကောင်းမှာပဲ၊ သရဏဂုံကုသိုလ်နဲ့ပဲ မိမိကို ဒုဂ္ဂတိဘုံဘဝက လွတ်မြောက်စေရ တော့မယ်"၊ ဒီလို ကြံစည်စိတ်ကူးမိတာနဲ့ နိသဘဆိုတဲ့ အဂ္ဂသာဝကထံ ချဉ်းကပ်ပြီး သရဏဂုံဆောက်တည်ပါတယ်၊ နှစ်ပေါင်းတစ်သိန်းလုံးလုံး စောင့်ရှောက်ပါတယ်၊ ဘဝပြောင်းတဲ့အခါ အဲဒီ သရဏဂုံဆောက်တည်တဲ့ ကုသိုလ်ကံကြောင့် တာဝတိ်သာ

၁။ အပဒါန်-ပါ-၁၊ ၈၂။ ၆-၂၊ ၃၉။

၂။ အဋ္ဌကထာမှာ ဝိပဿီဘုရားရှင်လက်ထက် "ဗန္ဓုမတီမြို့"လို့ ရှိနေပါတယ်၊ "နိသဘော နာမ သမဏော၊ ဗုဒ္ဓဿ အဂ္ဂသာဝကော"ဆိုတဲ့ ပါဠိတော်, "ဝဿသတသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ"ဆိုတဲ့ ပါဠိ တော်တွေကို ထောက်မယ်ဆိုရင် အနောမဒဿီ ဘုရားရှင်လက်ထက် "စန္ဒဝတီမြို့"သာ အမှန်ဖြစ်စရာ ရှိနေပါတယ်။]

http://www.dhammadownload.com

နတ်ပြည်မှာ ဖြစ်ရပါတယ်၊ အဲဒီ နောက်ဝိုင်းမှာ လူဖြစ်လိုက်, နတ်ဖြစ်လိုက် သံသရာမှာ ကျင်လည်နေရပါတယ်၊ လူ့စည်းစိမ်, နတ်စည်းစိမ်ကို အလဲအလှယ် ခံစားလာရပါတယ်။

ဂေါတမဘုရားရှင်လက်ထက် ရောက်လာတော့ သာဝတ္ထိမြို့မှာ ပစ္စည်းဥစ္စာ အင်မတန် ချမ်းသာကြွယ်ဝတဲ့ သူဌေးမျိုးမှာ ဖြစ်လာပါတယ်၊ ၇-နှစ်သားအရွယ် ရှိတဲ့အခါ သူငယ်ချင်းတွေနဲ့အတူ ကျောင်းတိုက်တစ်ခုကို ရောက်သွားပါတယ်၊ ရဟန္တာ မထေရ်မြတ်တစ်ပါးက သူ့ကို တရားဟောပါတယ်၊ သရဏဂုံလဲ ပေးပါတယ်၊ သရဏဂုံ ယူပြီးတဲ့အခါမှာ ကိုယ်တိုင်စောင့်ရှောက်ခဲ့ဖူးတဲ့ သရဏဂုံ တွေကို ပြန်လည်သတိရလာပါတယ်၊ ဝိပဿနာကိုလဲ ဆက်လက်ပွားများပါတယ်၊ အဲဒီနေရာမှာပဲ အရဟတ္တဖိုလ်ကို ရရှိပါတယ်၊ ရဟန္တာဖြစ်သွားပါတယ်၊ ဘုရား ရှင်က အဲဒီနေ့မှာပဲ သူ့ကို ရဟန်းခံပေးပါတယ်၊ သူဟာ ဝမ်းသာလွန်းတဲ့အတွက် ကိုယ်တိုင်ကျင့်သုံးလာခဲ့တဲ့ လမ်းစဉ်ကို ထုတ်ဖော်မြွက်ဟ ပြောပြနေပါတော့တယ်။

အကျွန်ုပ်ဟာ စန္ဒဝတီမြို့တော်မှာ မိဘကို လုပ်ကျွေးသူ ဖြစ်ခဲ့ဖူးပါတယ်၊ အဲဒီ အခါတုန်းက ကျွန်ုပ်ရဲ့ မိခင်ဖခင်တွေဟာ စက္ခုနှစ်ကွင်း အလင်းမရသူများ ဖြစ်ကြ ပါတယ်၊ ကျွန်ုပ်ဟာ သူတို့ကို ကျွေးမွေးသုတ်သင်ပြီး နေရပါတယ်၊ အဲဒီ အခါတုန်းက ကျွန်ုပ်ဟာ ဆိတ်ငြိမ်ရာမှာထိုင်ပြီး ဒီလိုကြံစည်စိတ်ကူးမိပါတယ်။

> "ငါဟာ မိဘကို လုပ်ကျွေးနေတဲ့အတွက် ရဟန်းပြုခွင့် မရဘူး၊ (သတ္တဝါ အကုန်လုံးဟာ) မောဟဆိုတဲ့ အမှောင်ထုရဲ့ ပိတ်ဖုံးမှုကို ခံနေရပါတယ်၊ ('ရာဂမီး, ဒေါသမီး, မောဟမီး'ဆိုတဲ့) မီး ၃-မျိုးတို့ရဲ့ လောင်မြိုက်မှုကိုလဲ ခံနေကြရပါတယ်၊ ဘဝဆိုတာဟာ ဒီလိုပဲ ဘေးမကင်းတဲ့သဘော ရှိနေပါ တကား၊ ကယ်တင်မဲ့သူကလဲ တစ်ဦးတစ်ယောက်မျှ မရှိပါတကား၊ ဘုရား ရှင်ဟာ လောကမှာ ပွင့်တော်မူလာခဲ့ပါပြီ၊ ယခုနေအချိန်မှာ သာသနာတော်လဲ ထွန်းလင်းဆဲ ဖြစ်ပါတယ်၊ ကုသိုလ်ကောင်းမှုကို အလိုရှိတဲ့သူဟာ ကိုယ့်ကိုကိုယ် ကယ်တင်နိုင်စရာ ရှိပါတယ်၊ ငါဟာ သရဏဂုံယူပြီး စင်ကြယ်အောင် စောင့်ရှောက်ရတော့မယ်၊ အဲဒီ ကုသိုလ်ကောင်းမှုနဲ့ပဲ ကိုယ့်ကိုကိုယ် ဒုဂ္ဂတိ ဘုံဘဝက လွတ်မြောက်စေရတော့တယ်"။

(ဒီလို ကြံစည်ပြီးတဲ့နောက်) ကျွန်ုပ်ဟာ "နိသဘ"ဆိုတဲ့ ရဟန်းတော်ထံ ချဉ်းကပ်ပြီး သရဏဂုံ ယူခဲ့ပါတယ်၊ အဲဒီ ရဟန်းတော်ဟာ ဘုရားရှင်ရဲ့ အဂ္ဂသာဝက တစ်ဦး ဖြစ်ပါတယ်၊ အဲဒီအခါတုန်းက လူတွေရဲ့ အသက်တမ်းဟာ နှစ်ပေါင်း တစ်သိန်း ဖြစ်ပါတယ်၊ ကျွန်ုပ်ဟာ နှစ်ပေါင်းတစ်သိန်းလုံးလုံး သရဏဂုံတို့ကို ပြည့်စုံအောင်

http://www.dhammadownload.com

စောင့်ရှောက်ခဲ့ပါတယ်၊ စုတေခါနီးမှာ ကျွန်ုပ်ဟာ အဲဒီ သရဏဂုံတွေကို သတိရခဲ့ပါတယ်၊ အဲဒီ ကုသိုလ်ကံကြောင့်ပဲ တာဝတိံသာ နတ်ပြည်ကိုလဲ ရောက်ခဲ့ရပါတယ်။

နတ်ပြည်ကို ရောက်ပြီးတဲ့အခါ ကျွန်ုပ်ဟာ ကုသိုလ်ကောင်းမှု ပြည့်စုံပြီးဖြစ်တဲ့ အတွက် ရောက်ရာအရပ်တိုင်းမှာ (ချမ်းသာခြင်းရဲ့)အကြောင်း ၈-မျိုးတို့ကို ရရှိပါတယ်။

၁။ ကျွန်ုပ်ဟာ အရပ်မျက်နှာများမှာ အပူဇော်လဲ ခံရပါတယ်၊
၂။ ထက်မြက်တဲ့ ဉာဏ်ပညာလဲ ရှိပါတယ်၊
၃။ နတ်မှန်သမျှကို အလိုသို့လဲ လိုက်စေနိုင်ပါတယ်၊
၄။ မနှိုင်းယှဉ်နိုင်လောက်အောင် များလှတဲ့ စည်းစိမ်ဥစ္စာကိုလဲ ရပါတယ်၊
၅။ ဖြစ်ရာဘဝတိုင်းမှာ ရွှေအဆင်းနဲ့တူတဲ့ အဆင်းလဲ ရှိပါတယ်၊
၆။ လူချစ်လူခင်လဲ များလှပါတယ်၊
၇။ မိတ်ဆွေတွေရဲ့ အပေါ်မှာ လူပ်ရှားမှုလဲ ကင်းပါတယ်၊
၈။ ခြွေရံသင်းပင်း ကျော်စောခြင်းနဲ့လဲ ပြည့်စုံပါတယ်။

ကိုင်း-ဒါတွေကို မှတ်မိသွားအောင် လိုက်ဆိုထားလိုက်ကြအုံး။

ရောက်ရာရပ်မှာ-ရှောင်မလွတ်အောင်၊ ပူဇော်မပြတ်-ခံရပေ၊
ထက်မြက်ပညာ-ဉာဏ်ပြည့်ဝလို့၊ နတ်မှန်သမျှ-လိုလိုက်စေ၊
စည်းစိမ်ဥစ္စာ-ယှဉ်ဖက်ကင်းလို့၊ ရွှေလိုအဆင်း-ပြောင်ဝင်းနေ၊
လူချစ်လူခင်-တကယ်များလို့၊ မိတ်ဆွေလူပ်ရှား-မရှိပေ၊
များလှခြွေရံ-သင်းအပင်းနှင့်၊ ကျော်စောခြင်းလဲ-ပြည့်စုံပေ၊
သရဏဂုံ-ဆောက်တည်ထားလို့၊ အကျိုးရှစ်ပါး-ရခဲ့ပေ။

အကျွန်ုပ်ဟာ နတ်တွေကို အစိုးရတဲ့ သိကြားမင်း အကြိမ် ၈၀-ဖြစ်ခဲ့ဖူးပါတယ်၊ အခြွေအရံ နတ်သမီးအပေါင်း မြောက်မြားစွာနဲ့ နတ်ချမ်းသာကို ခံစားခဲ့ရပါတယ်၊ စကြဝတေးမင်းလဲ ၇၅-ကြိမ်ဖြစ်ခဲ့ရပါတယ်၊ ပဒေသရာဇ်မင်း ဖြစ်ခဲ့ရတာကတော့ များလှပါတယ်၊ ရေတွက်ပိုင်းခြားလို့တောင် ရနိုင်စရာ မရှိပါဘူး။

နောက်ဆုံးဘဝမှာတော့ အင်မတန် ချမ်းသာကြွယ်ဝတဲ့ သူဌေးမျိုးမှာ ဖြစ်လာရပါတယ်၊ (၇-နှစ်အရွယ်ရှိတဲ့အခါ) သူငယ်ချင်းတွေနဲ့အတူ သာဝတ္ထိမြို့က ထွက်လာခဲ့ပါတယ်၊ ပျော်ရွှင်ကစားရင်း ကျောင်းတိုက်တစ်ခုကို ရောက်သွားပါတော့တယ်၊ အဲဒီကျောင်းတိုက်မှာ ရဟန်းတော်တစ်ပါးကို တွေ့ရပါတယ်၊ အဲဒီ ရဟန်းတော်က အကျွန်ုပ်အား တရားဟောပါတယ်၊ သရဏဂုံလဲ ပေးပါတယ်၊ အကျွန်ုပ်ဟာ သရဏဂုံကို ကြားရတယ်ဆိုရင်ပဲ ရှေးက ဆောက်တည်ခဲ့ဖူးတဲ့ သရဏာ

http://www.dhammadownload.com

ဂုံကို အမှတ်ရလာခဲ့ပါတယ်၊ တစ်နေရာတည်း တစ်ထိုင်တည်းမှာပဲ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ရပါတယ်၊ အကျွန်ုပ်ဟာ ၇-နှစ်အရွယ်မှာပဲ ရဟန္တာ ဖြစ်ခဲ့ရပါတယ်၊ စကွေ့ ၅-ပါးသခင် ဘုရားရှင်က အကျွန်ုပ်ရဲ့ ဂုဏ်ထူးကို သိတာနဲ့ ရဟန်းပြုပေး တော်မူခဲ့ပါတယ်။

အကျွန်ုပ်ဟာ ဒီကမ္ဘာကို မရောက်ခင် တစ်သန်းခြောနဲ့ ကမ္ဘာတစ်သိန်းထက်က သရဏဂုံ ဆောက်တည်ခဲ့ဖူးပါတယ်၊ အဲဒီအခါတုန်းက ပြုလုပ်လာခဲ့တဲ့ ကုသိုလ်ကောင်းမှုဟာ အကျွန်ုပ်အား အကျိုးကို ပြခဲ့ပါပြီ၊ အကျွန်ုပ်ဟာ သရဏဂုံကို ကောင်းစွာ စောင့်ထိန်းခဲ့ဖူးပါတယ်၊ စိတ်ကိုလဲ ကောင်းစွာ ထားခဲ့ဖူးပါတယ်၊ စည်းစိမ်မျိုးစုံကို ခံစားရပြီးတဲ့နောက် ရွှေ့ရှားခြင်းကင်းတဲ့ နိဗ္ဗာန်သို့ ဆိုက်ရောက် ခဲ့ရပါတယ်၊ နားရှိနေတဲ့ သင်တို့တစ်တွေဟာ အကျွန်ုပ်ရဲ့ စကားကို နားထောင်ကြစမ်းပါ၊ အကျွန်ုပ်က သင်တို့တစ်တွေအား တရားစကား ဟောပြောပြသရ ပါလိမ့်မယ်၊ အကျွန်ုပ်ဟာ နိဗ္ဗာန်ကို ကိုယ်တိုင် မြင်သိပြီးသူတစ်ယောက် ဖြစ်ပါတယ်။

ဘုရားရှင်ဟာ လောကမှာ ပွင့်တော်မူလာခဲ့ပါပြီ၊ ဘုရားရှင်ရဲ့ သာသနာတော်ဟာ အဆက်မပြတ် ဖြစ်နေပါတယ်၊ သောကဆိုတဲ့ငြောင့်ကို ပယ်နုတ်နိုင်တဲ့ "တရားအမြုတေ" ဆိုတဲ့ စည်းကြီးကို ရိုက်တီးနေခဲ့ပါပြီ၊ ကိုယ့်စွမ်းအားရှိသလောက် မြင့်မြတ်အထက်တန်းကျတဲ့ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်မြေကောင်းမှာ ကြဲချစိုက်ပျိုးလိုက်ကြစမ်းပါ၊ ကုသိုလ်ကောင်းမှုကို ပြုလုပ်လိုက်ကြစမ်းပါ၊ အဲဒီလို ပြုလုပ်ကြလို့ရှိရင် သင်တို့ကိုယ်တိုင် ငြိမ်းအေးမှု နိဗ္ဗာန်ကို တွေ့မြင်နိုင်ကြပါလိမ့်မယ်။

သင်တို့တစ်တွေဟာ သရဏဂုံယူကြပါ၊ ၅-ပါးသီလကိုလဲ စောင့်ထိန်းကြပါ၊ အဲဒီလို သရဏဂုံယူ ၅-ပါးသီလကို စောင့်ထိန်းပြီး ဘုရားအပေါ်မှာ စိတ်ကို ကြည်လင်စေခဲ့ရင် ဝဋ်ဆင်းရဲကို ကုန်ဆုံးစေနိုင်ကြပါလိမ့်မယ်၊ တရားတော်ကို ကောင်းကောင်းပွားများပြီး သီလလုံခြုံအောင် စောင့်ထိန်းခဲ့ပါရင် သင်တို့အကုန်လုံးဟာ မကြာခင်မှာဘဲ အရဟတ္တဖိုလ်သို့ ရောက်ကြရပါလိမ့်မယ်။

အကျွန်ုပ်ဟာ ဝိဇ္ဇာ ၃-ပါးကို ပိုင်ဆိုင်ထားသူ ဖြစ်ပါတယ်၊ တန်ခိုးဣဒ္ဓိပါဒ်ကို ရထားပြီးသူလဲ ဖြစ်ပါတယ်၊ စေတောပရိယဉာဏ်အရာမှာ လိမ္မာကျွမ်းကျင်သူလဲ ဖြစ်ပါတယ်၊ အို-ရှင်တော်မြတ်ဘုရား ! အရှင်မြတ်ရဲ့ တပည့်ဖြစ်သူ သရဏဟာ ဆရာဘုရားရဲ့ ခြေတော်တွေကို ရှိခိုးဦးတိုက်ပါတယ်။

အကျွန်ုပ်ဟာ ဒီကမ္ဘာကို မရောက်ခင် တစ်သန်းခြောနဲ့ ကမ္ဘာတစ်သိန်းထက်က "ဘုရား, (တရား, သံဃာ)ကို ကိုးကွယ်စရာ"လို့ အသိအမှတ် ပြုခဲ့ပါတယ်၊ အဲဒီ

http://www.dhammadownload.com

အချိန်ကစပြီး "ဒုဂ္ဂတိဘဝ"ဆိုတာကို သိတောင်မသိခဲ့ရပါ၊ ဒီလိုဖြစ်ရခြင်းဟာ ရတနာ ၃-ပါးကို ကိုးကွယ်ဆည်းကပ်ခြင်းရဲ့ အကျိုးပါပဲ။

အကျွန်ုပ်ဟာ ပဋိသန္ဓိဒါ ၄-ပါးကိုလဲ ရရှိခဲ့ပါပြီ၊ ဝိမောက္ခ ၈-ပါးကိုလဲ ပိုင်ဆိုင်ခဲ့ပါပြီ၊ အဘိညာဉ် ၆-ပါးကိုလဲ မျက်မှောက်ပြုခဲ့ပါပြီ၊ (ဒဲ့ကြောင့်) မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာပြုကျင့်ပြီးသူတစ်ယောက် ဖြစ်ပါတော့တယ်။

တိသရဏဂမနိယထေရ်က ဒီလို မိန့်ဆိုခဲ့ပါတယ်။

သရဏာဂုံရဲ့အကျိုးကို ဒီလောက်နဲ့ပဲ လက်စသတ်ကြစို့ရဲ့၊ ဒီတော့ ဒီတရားကို နာကြားကြရတဲ့ ဒကာ ဒကာမတွေဟာလဲပဲ တိသရဏဂမနိယမထေရ်လို သရဏာဂုံကို အခြေခံပြီး နိဗ္ဗာန်မဂ်ဖိုလ်ကို ရရှိသည်တိုင်အောင် အားထုတ်နိုင်ကြပါစေသတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

တရားစောင့်ရှောက်ရခြင်းအကျိုး

သင်္ကြန်အကြတ်နေ့မှာ ရွာသူရွာသားများက ကျောင်းကိုလာရောက်၍ ကျွေးမွေးလှူဒါန်းကြသည်၊ မောင်မျိုးသန့်နှင့်မကြည်ဝင်းတို့လဲ ပါလာသည်၊ ဆွမ်းဘဉ်းပေးပြီးသည့်အခါ ဆရာတော်ဦးဓမ္မိကက ၈-ပါးသီလပေးသည်၊ "ဒီနေ့ ဘာတရားကို ဟောရမလဲ?"ဟုလည်း အမိန့်ရှိသည်၊ "မနေ့ကဟောတဲ့ တရားကိုပဲ ဆက်ဟောတော်မူပါဘုရား"ဟု ဒကာများက လျှောက်ထားတောင်းပန်ကြသည်။

မနေ့ကဟောတဲ့ သရဏာဂုံအကျိုးက ပြီးသွားမှပဲ၊ ဆက်စရာ မလိုတော့ပါဘူး၊ ဒါပေမဲ့ မောင်မျိုးသန့်တို့ လျှောက်ထားတဲ့အထဲက ၅-ပါးသီလစတဲ့ တရားကို စောင့်ရှောက်ရခြင်း၏ အကျိုးကို ဟောရမယ့်အလှည့် ရောက်နေတယ်၊ ဒီတော့ တရားစောင့်ရခြင်းရဲ့ အကျိုးကိုပဲ ဟောပါ့မယ်။

ဒါက အင်မတန် ကျယ်ပြန့်ပါတယ်၊ ဒါပေမဲ့ ဒီနေ့တစ်ရက်နဲ့ပြီးအောင် ခပ်ကျဉ်းကျဉ်းပဲ ဟောပါ့မယ်၊ နက်ဖြန်အတက်နေ့ကျတော့ ပရိတ်တရားတော်ရဲ့ အကျိုးအာနိသင်ကို ဟောပါ့မယ်၊ ဒီတော့ တရားစောင့်ရခြင်းရဲ့ အကျိုးကိုပဲ စကြ စို့ရဲ့။

တရားဆိုတာဟာ တရားစောင့်တဲ့လူကို တကယ်ပဲ ပြန်စောင့်တတ်ပါတယ်၊ ကောင်းကောင်းကျင့်ထားတဲ့ တရားဟာ "လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာ"ဆိုတဲ့ ချမ်းသာ ၃-ပါးကို ရအောင်လဲ ရွက်ဆောင်ပေးနိုင်ပါတယ်၊ တရားကျင့်တဲ့ လူတွေဟာ ဘေးတွေ, ရန်တွေလဲ ကင်းပါတယ်၊ အပါယ် ၄-ပါးကလဲ

http://www.dhammadownload.com

ကင်းလွတ်ရပါတယ်၊ ဒါဟာ ကောင်းကောင်းကျင့်ထားတဲ့ တရားတော်ရဲ့ အကျိုးပါပဲ၊ လိုက်ဆိုထားလိုက်ကြအုံး-

တရားဆိုတာ-စောင့်သူများကို၊ တကယ်လေးစား-ပြန်စောင့်တယ်၊
ကောင်းစွာကျင့်ကြ-မြတ်တရားက၊ ချမ်းသာသုံးပါး-ပေးပါတယ်၊
တရားကျင့်သူ-ဘေးရန်လွတ်လို့၊ အပါယ်လေးရပ်-ဝေးပါတယ်၊
တရားကျင့်လျှင်-ဆင့်ဆင့်တိုးလို့၊ ဤအကျိုးများ-ရနိုင်တယ်။

"တရားစောင့်တဲ့လူကို တရားက ဘယ်လိုပြန်စောင့်တယ်"ဆိုတဲ့အကြောင်း ထင်ရှားသွားအောင် မဟာဓမ္မပါလဇာတ်-[၁]ကို ပြောပြပါအုံးမယ်။

ရှေးတုန်းက ကာသိတိုင်းမှာ "ဓမ္မပါလ"ဆိုတဲ့ ရွာတစ်ရွာရှိပါတယ်၊ ဓမ္မပါလမျိုးရဲ့ နေထိုင်ရာဖြစ်တဲ့အတွက် အဲဒီရွာကိုလဲ "ဓမ္မပါလရွာ"လို့ပဲ ခေါ်ကြတာပါ။

ကုသလကမ္မပထတရား ၁၀-ပါးကို စောင့်ရှောက်တဲ့အတွက် "ဓမ္မပါလ"လို့ ထင်ရှားတဲ့ ပုဏ္ဏားတစ်ယောက်ဟာ အဲဒီရွာမှာ နေထိုင်ပါတယ်၊ အဲဒီပုဏ္ဏားရဲ့ အမျိုးအနွယ်မှာ အိမ်ဖော်အလုပ်သမားတွေတောင်မှ အလှူအတန်း ပေးလှူကြပါတယ်၊ သီလစောင့်ကြပါတယ်၊ ဥပုသ်စောင့်သုံးမှုကိုလဲ ပြုကြပါတယ်။

အဲဒီအချိန်မှာပဲ ဘုန်းကြီးတို့ရဲ့ ဘုရားအလောင်းတော်ဟာ ဓမ္မပါလအမျိုးမှာ ဖြစ်လာပါတယ်၊ သူ့ကိုလဲ "ဓမ္မပါလ"လိုပဲ အမည်ပေးထားကြပါတယ်၊ ပညာသင်ချိန် ရောက်လာတဲ့အခါ ဓမ္မပါလကလေးကို သူ့အဖေ မဟာဓမ္မပါလက ငွေတစ်ထောင် ပေးပြီး တက္ကသိုလ်မြို့ကို ပညာသင်လွှတ်လိုက်ပါတယ်။

ဓမ္မပါလဟာ တက္ကသိုလ်မြို့ကို သွားပြီး ဒိသာပါမောက္ခဆရာဆီမှာ ပညာသင်ယူနေပါတယ်၊ တပည့် ၅-ရာတို့ရဲ့ ခေါင်းဆောင်တပည့်ကြီး ဖြစ်လာပါတယ်။

အဲဒီ အချိန်မှာ ဒိသာပါမောက္ခဆရာရဲ့ သားတစ်ယောက် သေဆုံးသွား ပါတယ်၊ ဆရာက နောက်လိုက်နောက်ပါ တပည့်ကလေးတွေ, ဆွေမျိုးအပေါင်းတွေနဲ့အတူ သုသာန်မှာ အလောင်းကို သင်္ဂြိဟ်မှုကိစ္စကို ပြုလုပ်ပါတယ်၊ အဲဒီအခါမှာ ဆရာရော, ဆွေမျိုးအုပ်စုရော, တပည့်ကလေးတွေရော ငိုကြွေးမြည်တမ်းကြပါတယ်၊ ဓမ္မပါလတစ်ယောက်ကတော့ ငိုကြွေးမြည်တမ်းမှုကို မပြုလုပ်ပါဘူးတဲ့။

"သိပ်သံဃဂရုစရာ ကောင်းတာပဲ၊ ဒီလိုအကျင့်သီလနဲ့ပြည့်စုံတဲ့, နုပျိုတဲ့ကလေးတောင်မှ နုပျိုတဲ့အချိန်မှာပဲ အမေအဖေတွေကို ခွဲခွာပြီး သေဆုံးသွားရပါပေတယ်"။

၁။ ဇာတက-၆-၄၊ ၄၉။

http://www.dhammadownload.com

ဒီလို တပည့်ကလေး ၅-ရာက သုသာန်က ပြန်လာပြီးတဲ့နောက် တစ်နေရာမှာ ထိုင်ပြီး ပြောဆိုနေတုန်းမှာပဲ ဓမ္မပါလက ဝင်ရောက်ပြောဆို ဆွေးနွေးပါတယ်။

"သူငယ်ချင်းတို့ ခင်ဗျားတို့တစ်တွေက 'နုပျိုတယ်'လို့လဲ ပြောသေးတယ်၊ 'သေဆုံးသွားရတယ်'လို့လဲ ပြောသေးတယ်၊ ဒါဟာ ဟုတ်နိုင်ပါ့မလား ?၊ နုပျိုတဲ့အချိန်မှာ ဘာ့ကြောင့် သေရမှာတဲ့လဲ ?၊ နုပျိုတဲ့အချိန်မှာ သေတာဟာ သင့်တော်ပါ့မလား ?"။

ဓမ္မပါလရဲ့ ပြောစကားကို ကြားရတဲ့အခါ တပည့်ကလေးတွေက ဝိုင်းအုံ ပြောဆို လာကြပါတယ်။

"သူငယ်ချင်း ! ခင်ဗျားက ဒီသတ္တဝါတွေရဲ့ "သေခြင်း"ဆိုတဲ့ သဘော တရားကို နားမလည်ဘူးလား ?"။

"နားလည်တာပေါ့ဗျာ၊ ဒါပေမဲ့ သတ္တဝါတွေဟာ နုပျိုချိန်မှာ မသေကြ ပါဘူး၊ အသက်ကြီးလာတဲ့အခါမှာမှ သေကြတာပါ"။

"ဖြစ်ပြီးတဲ့နောက် ချုပ်ပျောက်ခြင်းသဘောရှိတဲ့ သခ်ါရတရားတွေဟာ မမြဲဘူး မဟုတ်လား ?"။

"မမြဲတာ မှန်ပါတယ်၊ ဒါပေမဲ့ ငယ်ရွယ်တဲ့အချိန်မှာ သတ္တဝါတွေဟာ မသေကြပါဘူး၊ အသက်အရွယ် ကြီးရင့်လာတဲ့ အချိန်ကျမှ သေကြရပါတယ်၊ မမြဲတဲ့သဘောကို ရောက်ကြရပါတယ်"။

"မိတ်ဆွေဓမ္မပါလရယ် ! ခင်ဗျားတို့အိမ်မှာ ဘယ်သူမှ မသေကြ ဘူးလား ?"။

"ငယ်ရွယ်တဲ့ အခါမှာတော့ မသေကြပါဘူး၊ အသက်ကြီးလာတဲ့ အခါ မှာမှ သေကြပါတယ်"။

"ဘယ့်နယ်တုံး၊ ဒါဟာ ခင်ဗျားတို့အမျိုးရဲ့ ထုံးတမ်းစဉ်လာပဲလား ?"။

"မှန်ပါတယ်၊ ကျွန်တော်တို့အမျိုးရဲ့ ထုံးတမ်းစဉ်လာပါပဲ"။

တပည့်ကလေးတွေက ဓမ္မပါလ ပြောသမျှစကားတွေကို ဆရာ့ဆီ သွားပြောကြ ပါတယ်၊ ဒီတော့ ဆရာက ဓမ္မပါလကို ခေါ်ပြီး မေးပါတယ်။

"ငါ့တပည့်ဓမ္မပါလ ! 'မင်းတို့ရဲ့ အမျိုးမှာ ငယ်ရွယ်တဲ့အချိန်မှာ မသေ ကြဘူး'ဆိုတာဟာ အမှန်ပဲလား ?"။

"မှန်ပါတယ် ဆရာ"။

http://www.dhammadownload.com

ဒီသာပါမောက္ခဆရာက ဓမ္မပါလရဲ့စကားကို ကြားရတဲ့အခါ အံ့အားသင့်သွားပါတယ်။

"ဒီကလေးဟာ အင်မတန် အံ့သြစရာကောင်းတဲ့ စကားကို ပြောနေတယ်၊ သူ့အဖေဆီ သွားမေးပြီး တကယ်မှန်လို့ရှိရင် ငါလဲပဲ အဲဒီတရားကို ဖြည့်ကျင့်ရပေလိမ့်မယ်"။

ဒီလို အကြံရလာပါတယ်၊ သေဆုံးသွားတဲ့ သားအတွက် လုပ်သင့်တဲ့ကိစ္စ တွေကို ပြုလုပ်ပြီး ၇-ရက် ၈-ရက်လောက်ရှိတဲ့အခါ ဓမ္မပါလကို အခေါ်ခိုင်းလိုက်ပါတယ်။

"တပည့်ရေ ဆရာ ခရီးသွားစရာ ကိစ္စရှိနေတယ်၊ ခပ်မြန်မြန်ပဲ ပြန်လာပါ့မယ်၊ ဆရာပြန်လာတဲ့အထိ ဒီတပည့်ကလေးတွေကို အတတ်ပညာ ပို့ချသင်ကြားပေးစမ်းပါ"။

ဒီလို ပြောဆိုမှာထားခဲ့ပြီး သိုးတစ်ကောင်ရဲ့ အရိုးကို ရအောင်ရှာပါတယ်၊ ဆေးကြောပွတ်တိုက်ပြီး လွယ်အိတ်တစ်လုံးမှာ ထည့်ပါတယ်၊ အလုပ်အကျွေး ကလေး(လက်ပါးစေကလေး) တစ်ယောက်ကို ခေါ်ပြီး တက္ကသိုလ်မြို့က ထွက်လာခဲ့ပါတယ်၊ သွားရင်းသွားရင်းနဲ့ ဓမ္မပါလရွာကို ရောက်လာပါတယ်၊ မေးမြန်းစုံစမ်းပြီး မဟာဓမ္မပါလရဲ့အိမ်တံခါးနားမှာ သွားရပ်နေပါတယ်။

မဟာဓမ္မပါလရဲ့ အလုပ်သမားတွေဟာ မြင်တယ်ဆိုရင်ပဲ အချို့က ဆရာ့လက်က ထီးကိုယူပါတယ်၊ အချို့က ဖိနပ်ကို ယူပါတယ်၊ အချို့က နောက်ပါအလုပ်အကျွေးကလေးဆီက လွယ်အိတ်ကို ယူပါတယ်။

"ခင်ဗျားတို့ရဲ့ သားဖြစ်တဲ့ 'ဓမ္မပါလရဲ့ဆရာ တံခါးနားမှာ ရပ်နေတယ်' လို့ ကလေးရဲ့အဖေကို ပြောလိုက်ကြစမ်းပါ"။

ဒီစကားကို ကြားရတဲ့အခါ အလုပ်သမားတွေက သွားပြောကြပါတယ်၊ မဟာဓမ္မပါလက သုတ်သီးသုတ်ပျာနဲ့ တံခါးနားကို ရောက်လာပါတယ်၊ "ဒီကိုကြွပါ ဆရာရယ်"ဆိုပြီး အိမ်အပေါ်ထပ်ကို ခေါ်ဆောင်သွားပါတယ်၊ ခုတင်တစ်လုံး ပေါ်မှာ အထိုင်ခိုင်းပြီး ခြေဆေးကြောမှုစတဲ့ကိစ္စ အကုန်လုံးကို လုပ်ကိုင်ပေးပါတယ်။

"မိတ်ဆွေ ! ခင်ဗျားရဲ့ သားဖြစ်တဲ့ ဓမ္မပါလကလေးဟာ ပညာရှိသူဖြစ်ပါတယ်၊ ဗေဒင် ၃-ပုံကိုလဲ တတ်ကျွမ်းပါတယ်၊ ၁၈-ရပ် အတတ်တွေကိုလဲ ဆုံးခန်းတိုင်ရောက် တတ်မြောက်ပါတယ်၊ အမှန်ကတော့ နမြောစရာပါပဲ၊ ရောဂါတစ်ခု ဖိစီးနှိပ်စက်တာနဲ့ အသက်ကုန်ဆုံးခြင်းသို့ ရောက်ရပါတယ်၊ သခ်ါရအကုန်လုံးဟာ မြဲတယ်လို့ မရှိပါဘူး၊ သိပ်စိုးရိမ်ပူပန်ပြီး မနေပါနဲ့"။

http://www.dhammadownload.com

ထမင်းစားပြီးလို့ အေးအေးလူလူ ထိုင်နေကြတဲ့ အချိန်မှာ ပြောလိုက်တဲ့ ဆရာရဲ့ စကားကို ကြားရတဲ့အခါ မဟာဓမ္မပါလက လက်ခုပ်လက်ဝါးတီးပြီး တအားရယ်နေပါတော့တယ်၊ ဒီတော့ ဆရာက ရယ်ရခြင်းရဲ့အကြောင်းကို မဟာဓမ္မပါလပုဏ္ဏားအား မေးပါတယ်။

"မိတ်ဆွေ ! 'သားကလေး သေတယ်'ဆိုတာကို ကြားရတာနဲ့ ခင်ဗျားက ဘာ့ကြောင့် ရယ်ရပါသလဲ ?"။

"ကျွန်တော့်သားတော့ မသေနိုင်ပါဘူး ဆရာရယ် ! ၊ အခြားတစ်ဦးဦး သေတာဖြစ်ပါလိမ့်မယ်"။

"သေတာဟာ ခင်ဗျားသားမှ ခင်ဗျားသား အစစ်ပါပဲ၊ အရိုးတွေကိုတောင် ယူလာသေးတယ်၊ မယုံမရှိပါနဲ့"။

ဒီလိုလဲ ပြောပြပါတယ်၊ "ဒါတွေဟာ ခင်ဗျားသားရဲ့ အရိုးတွေပါပဲ"လို့ အရိုးတွေကို ထုတ်ပြပါတယ်။

"ဒါတွေဟာ သိုးရိုး ဖြစ်ချင်ဖြစ်မယ်၊ ခွေးရိုး ဖြစ်ချင်ဖြစ်မယ်၊ ကျွန်တော့် သားကတော့ ဘယ်နည်းနဲ့မှ မသေနိုင်ပါဘူး၊ အမှန်အတိုင်း ပြောရမယ်ဆိုရင် ကျွန်တော်တို့ရဲ့အမျိုးမှာ ဆွေ ၇-ဆက် မျိုး ၇-ဆက်ကစပြီး 'နုပျိုငယ်ရွယ်တဲ့ အချိန်မှာ သေသွားတဲ့ လူရယ်"လို့ တစ်ဦးတစ်ယောက်မှ မရှိဖူးပါဘူး၊ ဆရာဟာ အလကား မုသားပြောနေတာပဲ"။

မဟာဓမ္မပါလက ဒီလို ပြန်ပြောလိုက်ပါတယ်၊ မယုံပါဘူး၊ အဲဒီအချိန်မှာတော့ အိမ်မှာ ရှိနေတဲ့ လူအကုန်လုံးပဲ လက်ခုပ်လက်ဝါးတီးပြီး တအားရယ်နေကြပါတော့တယ်။

ဆရာက ဒီလို အံ့သြစရာကို တွေ့ရတဲ့အခါ အင်မတန် ဝမ်းသာသွားပါတယ်၊ နုပျိုငယ်ရွယ်သူများ မသေရခြင်းရဲ့ အကြောင်းကိုလဲ မေးမြန်းစုံစမ်းပါတယ်။

"မိတ်ဆွေ ! မိတ်ဆွေတို့တစ်တွေဟာ ဘယ်လိုအကျင့်မျိုးကို ဆောက်တည်ထားကြပါသလဲ၊ ဘယ်လိုမြတ်တဲ့ အကျင့်မျိုးကို ကျင့်သုံးကြပါသလဲ၊ မိတ်ဆွေတို့ရဲ့ အမျိုးမှာ ဒီလို အသက်ရှည်ရခြင်းဆိုတဲ့ အကျိုးဟာ ကောင်းစွာပြုကျင့်ကြတဲ့ ဘယ်လိုအကျင့်ရဲ့ အကျိုးပါလဲ၊ ဒီအသက်ရှည်ကြောင်း အကျင့်ကို အကျွန်ုပ်အား ပြောကြစမ်းပါ၊ ဘာ့ကြောင့် ခင်ဗျားတို့ရဲ့ အမျိုးမှာ နုပျိုငယ်ရွယ်တဲ့ သူတွေ မသေကြတာလဲ ?"။

ဒီစကားကို ကြားရတဲ့အခါ မဟာဓမ္မပါလက သူတို့အမျိုးမှာ နုပျိုငယ်ရွယ် သူတွေ မသေရခြင်းအကြောင်းဖြစ်တဲ့ အင်မတန် အစွမ်းထက်မြက်တဲ့ တရားတွေကို ချီးမွမ်းပြောဆိုပါတယ်။

http://www.dhammadownload.com

"ဆရာရေ ! ကျွန်တော်တို့ တစ်တွေဟာ ကုသလကမ္မပထတရား ၁၀-ပါး ကိုလဲ ကျင့်ကြပါတယ်၊ မုသားလဲ[၁] မပြောကြပါ၊ မကောင်းမှုတွေကိုလဲ ရှောင်ကြဉ်ကြပါတယ်၊ သူတော်ကောင်းတွေ ကဲ့ရဲ့စရာဖြစ်တဲ့ မကောင်းတဲ့ အလုပ်မှန်သမျှကို ရှောင်ကြဉ်ကြပါတယ်၊ ဒါ့ကြောင့် ကျွန်တော်တို့ရဲ့ အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေကြတာပါ"။

"ကျွန်တော်တို့ဟာ သူတော်ကောင်း မဟုတ်သူတွေရဲ့တရားကိုလဲ နာကြားကြပါတယ်၊ သူတော်ကောင်းတွေရဲ့ တရားကိုလဲ နာကြားကြပါတယ်၊ ဒါပေမဲ့ သူတော်ကောင်း မဟုတ်သူတွေရဲ့ တရားကိုတော့ မနှစ်သက်ကြပါ၊ စွန့်ပယ်ကြပါတယ်၊ သူတော်ကောင်းတွေရဲ့ တရားကိုတော့ မစွန့်ပယ်ကြပါဘူး၊ လိုက်နာကျင့်သုံးကြပါတယ်၊[၂] ဒါကြောင့်လဲ ကျွန်တော်တို့ရဲ့ အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေကြတာပါ။

ကျွန်တော်တို့ဟာ အလှူဒါနကို မပေးလှူခင်လဲ ဝမ်းမြောက်ကြပါတယ်၊ လှူနေတုန်းမှာလဲ ဝမ်းမြောက်ကြပါတယ်၊ လှူပြီးတဲ့နောက်မှာလဲ နောင်တ ပူပန်မှု မရှိကြပါ၊ ဒါ့ကြောင့်လဲ ကျွန်တော်တို့ရဲ့အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေကြတာပါ။

ကျွန်တော်တို့ဟာ ပစ္စေကဗုဒ္ဓါတွေ, တရားစောင့်တဲ့ ရဟန်းပုဏ္ဏားတွေ, လမ်းသွားလမ်းလာတွေ(ခရီးသွားတွေ), သူတောင်းစားတွေ, ဆင်းရဲသားတွေကိုလဲ ထမင်းအဖျော်တွေနဲ့ တင်းတိမ်ရောင့်ရဲစေကြပါတယ်၊ နှစ်သိမ့်ကျေနပ်စေကြပါတယ်၊ ဒါ့ကြောင့်လဲ ကျွန်တော်တို့ရဲ့အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေကြတာပါ။

ကျွန်တော်တို့ကလဲ ကိုယ့်မယားမှတစ်ပါး အခြားမိန်းမတွေကို သွားလာလွန်ကျူးမှု မပြုကြပါ၊ (ကျွန်တော်တို့ရဲ့) မယားတွေကလဲပဲ ကျွန်တော်တို့မှ တစ်ပါး အခြားယောကျ်ားတွေနဲ့ ဖောက်ပြားယွင်းမှားမှု မပြုကြပါ၊ ကိုယ့်လင်

၁။ "ကုသလကမ္မပထတရား ၁၀-ပါးကိုလဲ ကျင့်တယ်"ဆိုတာနဲ့ပဲ "မုသား မပြောဘူး" ဆိုတာဟာ အတွင်းဝင်သွားပါပြီ၊ ဒါပေတဲ့ "မုသား ပြောဆိုတဲ့ ပုဂ္ဂိုလ်အတွက် မလုပ်နိုင်တဲ့ အကုသိုလ်ရယ်လို့ မရှိပါဘူး"၊ ဒီလို အရာကျယ်တဲ့အတွက် "မုသားလဲ မပြောကြပါ"လို့ ထပ်ဆိုထားရ ပါတယ်-တဲ့။

၂။ "သူတော်ကောင်း မဟုတ်သူတွေရဲ့ တရားကို နာကြားရတာက 'သူတို့ ငြင်းခုံခြင်း, ခိုက်ရန်ဖြစ်ခြင်းက လွတ်ကင်းပါစေ'ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ နာကြားရတာလောက်ပဲ ရှိတာပါတဲ့၊ ဒီတော့ မကောင်းတဲ့ မိတ်ဆွေတွေကို ပယ်စွန့်ပြီး ကောင်းတဲ့မိတ်ဆွေတွေကိုသာ မှီဝဲဆည်းကပ်ပါတယ်"လို့ ဆိုလိုပါတယ်။

http://www.dhammadownload.com

ကိုယ့်မယား‌တွေနဲ့သာ ပေါင်းသင်းစပ်ယှက်မှုကို ပြုကြပါတယ်၊ အခြား ယောကျ်ားမိန်းမတွေနဲ့ ပေါင်းသင်းစပ်ယှက်မှုကို မပြုကြပါ၊ ဒါ့ကြောင့်လဲ ကျွန်တော်တို့ရဲ့အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေကြတာပါ။

ကျွန်တော်တို့ အကုန်လုံးပဲ သူ့အသက်ကို သတ်ခြင်းမှလဲ ရှောင်ကြဉ်ကြပါတယ်၊ သူဥစ္စာကို ခိုးယူခြင်းမှလဲ ရှောင်ကြဉ်ကြပါတယ်၊ အရက်သောက်မှု (ယစ်မျိုးမှန်သမျှကို သောက်ရှုစားသုံးမှု)ကိုလဲ မပြုကြပါ၊ ဒါ့ကြောင့်လဲ ကျွန်တော်တို့ရဲ့အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေကြတာပါ။

အဲဒီလို အကျင့်သီလနဲ့ ပြည့်စုံပြီး မြင့်မြတ်အထက်တန်းကျတဲ့ မိန်းမတွေက မွေးဖွားလာသမျှ ကျွန်တော်တို့ရဲ့ သားသမီးတွေဟာ ဉာဏ်ပညာလဲ ထက်မြက်ကြပါတယ်၊ အရည်အချင်းလဲ ပြည့်ဝကြပါတယ်၊ ဗဟုသုတလဲ ရှိကြပါတယ်၊ အသိအလိမ္မာလဲ ရှိကြပါတယ်၊ ဒါ့ကြောင့် ကျွန်တော်တို့ရဲ့အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေကြတာပါ။[၁]

ကျွန်တော်တို့ရဲ့အမျိုးမှာ "အမိ, အဖ, နှမ, အစ်မ, ညီ, အစ်ကို, သား, သမီး, လင်, မယား"ဆိုတဲ့ ကျွန်တော်တို့ အကုန်လုံးဟာ တမလွန်အကျိုးကို မျှော်ကိုးပြီး သုစရိုက်တရားတွေကို ကျင့်ကြပါတယ်၊ ဒါ့ကြောင့်လဲ ကျွန်တော်တို့ရဲ့အမျိုးမှာ နုပျိုသူတွေ မသေကြတာပါ။

ဆရာရေ ! ကျွန်တော်တို့ရဲ့အမျိုးမှာ ကျွန်ယောကျ်ားတွေ, ကျွန်မိန်း မတွေ, ကျွန်တော်တို့ကို မှီခိုအသက်မွေးနေကြသူတွေ, အလုပ်အကျွေးတွေ, အလုပ် သမားတွေ အကုန်လုံးဟာ တမလွန်အကျိုးကို မျှော်ကိုးပြီး သုစရိုက်တရား တွေကို ကျင့်ကြပါတယ်၊ ဒါ့ကြောင့်လဲ ကျွန်တော်တို့ရဲ့အမျိုးမှာ နုပျို ငယ်ရွယ် သူတွေ မသေကြတာပါ"။

မဟာဓမ္မပါလပုဏ္ဏားက မိမိတို့ရဲ့အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေရခြင်းရဲ့ အကြောင်းကို အားရပါးရ ပြောပြပါတယ်၊ ပြီးတော့ နိဂုံးအုပ်တဲ့အနေနဲ့ တရားကျင့်သူ တွေရဲ့ ဂုဏ်ကိုလဲ ဆက်လက် ပြောဆိုပါတယ်။

"ဆရာ ! 'တရား'ဆိုတာဟာ တရားစောင့်တဲ့လူကို တကယ်ပဲ ပြန်စောင့် တတ်ပါတယ်၊ ကောင်းမွန်မှန်ကန်စွာ ကျင့်ထားတဲ့ တရားဟာ 'လူချမ်းသာ,

---

၁။ "ဒါကိုထောက်ပြီး 'အခုကာလ ကလေးသူငယ်တွေ ပျက်စီးဆိုးသွမ်း နေကြတာဟာ ဘာ့ကြောင့် လဲ'လို့ အဖြေမှန်ကို ရအောင်ရှာဖို့ လိုနေပါပြီ၊ အဖြေမှန်ကို တွေ့ဖို့ကတော့ ခဲယဉ်းမယ်မထင်ပါဘူး၊ အဖြေမှန်ကို ရတာနဲ့ တစ်ပြိုင်နက် အကုန်လုံး ပြင်သင့်တာတွေကို ပြင်ကြပါ"လို့ ဘုန်ကြီးက ဒီနေရာကနေပြီး တိုက်တွန်းချင်ပါတယ်။

http://www.dhammadownload.com

နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာ'ဆိုတဲ့ ချမ်းသာ ၃–ပါးကို မရရအောင် ဆောင်ရွက်ပေးနိုင်ပါတယ်၊ တရားကျင့်တဲ့လူဟာ အပါယ် ၄–ပါးကိုလဲ မလားရောက်ရပါ၊ ဒါဟာ ကောင်းကောင်းကျင့်ထားတဲ့ တရားရဲ့အကျိုးပါပဲ။

သေချာကျန ပြုလုပ်ထားတဲ့ ထီးဟာ မိုးရွာတဲ့အခါ ဆောင်းတဲ့လူကို မိုးမစိုရအောင် ကာကွယ်စောင့်ရှောက်သလို တရားဟာလဲပဲ တရားကျင့်တဲ့လူကို တကယ်ပဲ စောင့်ရှောက်တတ်ပါတယ်၊ ကျွန်တော့်သားကလေး ဓမ္မပါလဟာ မိမိစောင့်ရှောက်ထားတဲ့ တရားရဲ့ ပြန်လည်စောင့်ရှောက်မှုကို ခံနေရသူ ဖြစ်ပါတယ်၊ ဆရာယူလာတဲ့ အရိုးတွေဟာ အခြားသူရဲ့အရိုးတွေ ဖြစ်ပါလိမ့်မယ်၊ ဒါတွေကို လွှင့်ပစ်လိုက်စမ်းပါ၊ ကျွန်တော့်သားကလေးကတော့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာပဲ ရှိနေပါလိမ့်မယ်"။

မဟာဓမ္မပါလရဲ့ စကားကို ကြားရတဲ့အခါ "ငါ ဒီကိုလာရတာ သိပ်ကောင်းတာပဲ၊ သိပ်အကျိုးရှိတာပဲ၊ အကျိုးမဲ့ မဖြစ်ဘူး"၊ ဒီလို ဒီသာပါမောက္ခဆရာက ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပါတယ်။

"ကျွန်တော်က ခင်ဗျားတို့ကို စုံစမ်းချင်တာနဲ့ ဒီအရိုးတွေကို ယူပြီး တမင်သက်သက် လာခဲ့တာပါ၊ ခင်ဗျားပြောတာတွေ အကုန်လုံးမှန်ပါတယ်၊ ခင်ဗျားရဲ့ သားကလေး ဓမ္မပါလကတော့ ဘာရောဂါမှ မရှိပါဘူး၊ ခင်ဗျားတို့ စောင့်နေတဲ့ တရားကို ကျွန်တော့်ကိုလဲ ပေးစမ်းပါ"။

ဒီလို ထောင်းပန်ပြီး မဟာဓမ္မပါလ ပြောသမျှကို စာရွက်ပေါ်မှာ ရေးမှတ်ထားပါတယ်၊ မဟာဓမ္မပါလရဲ့ အိမ်မှာ ၂–ရက် ၃–ရက်လောက်နေပြီး တက္ကသိုလ်မြို့ကို ပြန်လာခဲ့ပါတယ်။

တက္ကသိုလ်ရောက်တဲ့အခါ ဓမ္မပါလကို အတတ်အကုန်လုံးကို သင်ယူစေပြီး များပြားလှတဲ့ ဆွေရဲသင်းပင်းတွေနဲ့အတူ သူ့အဖေဆီကို ပြန်ပို့လိုက်ပါတယ်။

မဟာဓမ္မပါလဝတ္ထုကတော့ ပြီးဆုံးသွားပါပြီ၊ တရားစောင့်ကြတာဟာ ဘယ်လောက် အားရစရာ ကောင်းသလဲ၊ အခုကာလမှာ ဘေးအမျိုးမျိုး ၊နှိပ်အသွယ်သွယ်နှင့် တွေ့ကြုံရင်ဆိုင်နေကြရတာဟာ လူရောရှင်ပါ တရားပျက်လို့ပဲ ဆိုတာ မထင်ရှားဘူးလား ?။

"ထင်ရှားပါတယ်ဘုရား"။

"ဒီတော့ ဒီဘေးအမျိုးမျိုး, ရန်အသွယ်သွယ် က လွတ်ကင်းအောင် ဘာလုပ်ကြရမှာတဲ့လဲ ?"။

"တရားစောင့်ကြရမှာပါဘုရား"။

http://www.dhammadownload.com

ဒီတော့ "ပါဘုရား"ဆိုတာနဲ့ ကိစ္စပြီးမှာ မဟုတ်ပါဘူး၊ တကယ်တန်း အကုန်လုံးပဲ တရားစောင့်ကြဖို့ ဘုန်းကြီးက လေးလေးနက်နက် တိုက်တွန်းလိုပါတယ်။

ပြီးတော့ တရားစောင့်သူများ ချမ်းသာ ၃-မျိုးကို ရနိုင်တယ်ဆိုတာနဲ့ ပတ်သက်ပြီး ဘုန်းကြီးက နည်းနည်းဆက်ပြောပါအုံးမယ်။

ကေသကာရီ[1]

ဘုရားရှင်ဟာ ဗာရာဏသီမြို့ ဣသိပတနမိဂဒါယမှာ သီတင်းသုံး နေတော်မူပါတယ်၊ ရဟန်းတော်အများအပြားပဲ ဗာရာဏသီမြို့တွင်းကို ဆွမ်းခံဝင်တော် မူကြပါတယ်၊ ပုဏ္ဏားတစ်ဦး၏ အိမ်တံခါးအနီးက ဖြတ်သွားကြရပါတယ်။

အဲဒီပုဏ္ဏားမှာ "ကေသကာရီ"ဆိုတဲ့ သမီးကလေးတစ်ယောက် ရှိနေပါတယ်၊ ကေသကာရီဟာ တံခါးအနီးမှာ ထိုင်ပြီး အမေပုဏ္ဏားမရဲ့ ခေါင်းမှာ သန်းရှာပေးနေပါတယ်၊ အဲဒီလို သန်းရှာနေရင်းနဲ့ပဲ ဆွမ်းခံကြွသွားတဲ့ ရဟန်းတော်တွေကို တွေ့မြင်နေရပါတယ်။

"အို အမေရယ် ! ဒီရဟန်းတော်များဟာ ငယ်ငယ်ရွယ်ရွယ်ပဲ ရှိကြပါသေးတယ်၊ ရုပ်ရေရွှေပကာယလဲ ချောမောလှပကြပါတယ်၊ တစ်နေ့လုံး ထိုင်ပြီး ကြည့်နေစရာသာ ကောင်းပါတော့တယ်၊ ကြည့်ညှိစရာကလေးတွေ, နုနုနယ်နယ်ကလေးတွေချည်း ဖြစ်ကြပါတယ်၊ တစ်စုံတစ်ခု ပျက်စီးဆုံးပါး မှုရဲ့ ဒဏ်ရာဒဏ်ချက်ကို ခံခဲ့ကြရဟန် တူပါတယ်၊ သူတို့တစ်တွေဟာ ဒီလိုအရွယ်မျိုးမှာ ဘာ့ကြောင့် ရဟန်းပြုလာကြရပါသလဲ ?"။

ဒီလို မိခင်ပုဏ္ဏားမကို မေးမြန်းပါတယ်၊ မိခင်ပုဏ္ဏားမကလဲ မိမိစွမ်းအား ရှိသလောက် ကြိုးစားဖြေရှင်းပါတယ်၊ ကြားဖူးနားဝရှိသလောက် ပြောပြပါတယ်။

"ဟဲ့-သမီး ! လောကမှာ ဘုရားပွင့်တော်မူနေပြီ၊ သူဟာ သာမန်လူတန်းစားတစ်ဦး မဟုတ်ဘူး၊ သာကီဝင်မင်းသားတစ်ဦး ဖြစ်တယ်၊ သာကီဝင်မင်းမျိုးက ရဟန်းပြုလာသူ ဖြစ်တယ်၊ တရားဟောလဲ ကောင်းလှပါတယ်၊ သူ့တရားတွေဟာ အစမှာလဲ ကောင်းတာပဲ၊ အလယ်မှာလဲ ကောင်းတာပဲ၊ အဆုံးမှာလဲ ကောင်းတာပဲ၊ အနက်နဲ့လဲပြည့်စုံ, သဒ္ဒါနဲ့လဲပြည့်စုံ, ဘယ်နေရာမှာမှ လိုကွက်ဟာကွက် မရှိအောင် အဖက်ဖက်က ပြည့်စုံပါတယ်၊ သူဟာ တရားဟောရင်း အကျင့်မြတ်ကိုလဲပဲ တပါတည်း ပြသွားတတ်ပါတယ်၊ ဒီရဟန်းတော်များဟာ အဲဒီ ဂေါတမဗုဒ္ဓရဲ့ တရားတော်ကို နာကြားရတဲ့အတွက် ရဟန်းပြုလာကြတာပဲ"။

၁။ ဝိမာန-ပါ၊ ၂၀။ ၌၊ ၇၀။

http://www.dhammadownload.com

သားအမိ ၂-ဦး ပြောဆိုနေတုန်းမှာပဲ ဥပါသကာတစ်ဦးက သူတို့အိမ် ရှေ့ကဖြတ်သွားနေပါတယ်၊ သူဟာ မဂ်ဖိုလ်ရပြီးတဲ့ လူဝတ်ကြောင် အရိယာတစ်ဦး ဖြစ်ပါတယ်၊ သာသနာရေးနဲ့ ပတ်သက်ပြီး ရင်းနှီးနားလည်ပြီး သူလဲ ဖြစ်ပါတယ်၊ သားအမိ ၂-ဦးတို့ရဲ့ ပြောဆိုသံကို ကြားရတာနဲ့ အိမ်တွင်းကို ဝင်လာခဲ့ပါတယ်၊ ဒီတော့ အမေဖြစ်သူက ဆီးပြီးမေးပါတယ်။

"အို ဥပါသကာ ! အခုနေအချိန်မှာ အမျိုးကောင်းသားကလေးတွေဟာ ရဟန်းဂေါတမဆီမှာ ရဟန်းပြုနေကြပါတယ်၊ သူတို့ဟာ များပြားလှတဲ့ ပစ္စည်းဥစ္စာတွေကိုလဲ စွန့်လွှတ်ထားခဲ့ကြပါတယ်၊ ဆွေမျိုးအသိုင်းအဝိုင်း တွေကိုလဲ စွန့်လွှတ်ထားခဲ့ကြပါတယ်၊ သူတို့တစ်တွေဟာ ဘယ်လိုအကျိုးကို တွေ့မြင်ပြီး ရဟန်းပြုကြရပါသလဲ ?"။

ပုဏ္ဏားမရဲ့ စကားကို ကြားရတဲ့အခါ ဥပါသကာက "သူတို့တစ်တွေဟာ ကာမဂုဏ်ရဲ့ အပြစ်အနာအဆာနဲ့ ကာမကထွက်မြောက်မှုရဲ့ အကျိုးကို တွေ့မြင်ပြီး ရဟန်းပြုလာကြပါတယ်"လို့ ဖြေဆိုပါတယ်၊ ဥဏ်အားရှိသလောက် အကျယ်တဝင့်လဲ ရှင်းလင်းပြပါသေးတယ်၊ ရတနာ ၃-ပါး၊ ဂုဏ်တော်များကိုလဲ ဟောပြောပြသပါတယ်၊ ၅-ပါးသီလရဲ့ မျက်မှောက်အကျိုး, တမလွန်အကျိုးတွေ ကိုလဲ ဟောပြောပြသပါတယ်။

ကေသကာရီက အနားမှာ နားစိုက်ထောင်နေပါတယ်၊ ဥပါသကာရဲ့စကား အဆုံးမှာ "ကျွန်မတို့လဲပဲ သရဏဂုံသီလ တည်ခဲ့လို့ရှိရင် ဦးလေးပြောပြတဲ့ဂုဏ်များ, အကျိုးများကို ရနိုင်ပါ့မလား ?"လို့ ကြားဖြတ်မေးလိုက်ပါတယ်။

"ဘုရားဟောကြားထားတဲ့ တရားတော်တွေဟာ သတ္တဝါအကုန်လုံးနဲ့ပဲ သက်ဆိုင်ပါတယ်၊ ဘာ့ကြောင့် မရဘဲ ရှိရမှာတဲ့လဲ ?"။

ဥပါသကာက ဒီလို ပြောကြားပြီး ကေသကာရီအား သရဏဂုံနဲ့ သီလကို ပေးပါတယ်၊ ကေသကာရီကလဲ သရဏဂုံနဲ့ သီလများကို ခံယူပြီးတဲ့နောက် "ဒီ့ပြင် လုပ်စရာအခြားကိစ္စများ ရှိပါသေးသလား ?"လို့ မေးပြန်ပါတယ်။

ဥပါသကာက ကေသကာရီရဲ့ လိမ္မာပါးနပ်ပုံကို အကဲခပ်ကြည့်ရှုနေပါတယ်၊ "မဂ်ဖိုလ်ကို ရနိုင်လောက်တဲ့ အကြောင်းပြည့်ဝစုံလင်ပြီးသူကလေး ဖြစ်လိမ့်မယ်"လို့ ဆုံးဖြတ်ပါတယ်၊ ကိုယ်ခန္ဓာရဲ့ သဘာဝကို ထင်ရှားစေပြီး ၃၂-ကောဋ္ဌာသကမ္မဋ္ဌာန်းကို ဟောပြောပါတယ်၊ ကိုယ်ခန္ဓာမှာ တပ်ခြင်းကင်းစေပါတယ်၊ သံဝဂဉာဏ် သက်ဝင်လာအောင်လဲ ဟောပြောပေးပါတယ်၊ ဝိပဿနာဉာဏ်စဉ်ကို ဟောပြောပြသပြီးတဲ့ အဆုံးမှာ ထွက်ခွာလာခဲ့ပါတယ်။

http://www.dhammadownload.com

ကေသာကာရီကလဲပဲ ဥပါသကာ ဟောပြောထားခဲ့တဲ့ လမ်းစဉ်အတိုင်း ကြိုးစားအားထုတ်ပါတယ်၊ မကြာခင်မှာဘဲ သောတာပတ္တိဖိုလ်ကို ရရှိပါတယ်၊ သောတာပန် အရိယာမကလေးတစ်ဦး ဖြစ်သွားပါတယ်၊ လူဘဝက စုတေ့တာနဲ့ တစ်ပြိုင်နက် တာဝတိ်သာနတ်ပြည်မှာ သိကြားမင်းရဲ့ အလုပ်အကျေး နတ်သမီး သွားဖြစ်ပါတယ်၊ နတ်သမီးတစ်သိန်းက သူ့ကို ခြံရံနေကြရပါတယ်၊ ကေသကာရီ နတ်သမီးကို တွေ့ရတဲ့အခါ သိကြားမင်းက အံ့သြဝမ်းသာလွန်းလို့ စစ်ကြောမေးမြန်း ရပါတယ်။

"ဒီဘုံဗိမာန်ဟာ ငါ့နေရာ ဘုံဗိမာန် ဖြစ်တယ်၊ အမြဲတမ်း နှစ်လိုဖွယ် ကောင်းတယ်၊ ပြိုးပြိုးပြက်ပြက် အရောင်တလက်လက်လဲ ထွက်နေတယ်၊ ကြောင်မျက်ရွဲတိုင်တွေနဲ့ တည်ဆောက်ဖန်ဆင်းထားပါတယ်၊ ရွှေသစ်ပင် တွေကလဲပဲ ဝန်းကျင်ပတ်လည်က ဖုံးလွှမ်းနေတယ်၊ ကဲ့ရဲ့အကျိုးပေးမှု သဘောနဲ့ ပေါ်ပေါက်လာရတဲ့ ဘုံဗိမာန်ပါပဲ။

ကျွန်ုပ်ရဲ့နေရာ ဘုံဗိမာန်မှာ နတ်သမီးဟောင်း တစ်သိန်းလောက် ရှိနေကြပါတယ်၊ ကိုယ့်ကုသိုလ်ကံအလျောက် ယခုမှ ရောက်သစ်စဖြစ်တဲ့ သင်ဟာ အခြံအရံနဲ့ ပြည့်စုံသူဖြစ်တယ်၊ ရှေးနတ်သမီးတွေထက် ကိုယ်ရောင်ကိုယ်ဝါ တောက်ပသူလဲ ဖြစ်တယ်။

ယုန်ရေးအမှတ်တံဆိပ်ရှိတဲ့ လဟာ နက္ခတ်တာရာ ကြယ်တကာတွေထက် သာလွန်တင့်တယ်သလို သင်ဟာလဲ ဒီနတ်သမီးအုပ်စုထက် သာလွန်တောက်ပ ပါတယ်၊ အခြေအရံတွေနဲ့ သာလွန်တင့်တယ်ပါတယ်။

အို-နတ်သမီး ! သင်ဟာ အောက်တန်းမကျတဲ့ အဆင်းသွင်ပြင်လဲ ရှိပါ ပေတယ်၊ သင်ဟာ ဘယ်ဘဝကနေပြီး ဒီ ငါ့ဗိမာန်ကို ရောက်လာရပါသလဲ ?၊ သိကြားမင်းရော, တာဝတိ်သာနတ်တွေရော ဗြဟ္မာမင်းကို ကြည့်ရှုလို့ အားမရ တင်းမတိမ်နိုင်ကြသလို တို့အကုန်လုံးဟာလဲပဲ သင့်ကို ကြည့်ရှုလို့ အားရတင်း တိမ်မှုကို မရနိုင်ကြပါဘူး"။

သိကြားမင်းရဲ့ စကားကို ကြားရတဲ့အခါ ကေသကာရီနတ်သမီးက မိမိရဲ့ အကြောင်း အထွူးပွတ္တိကို အကျဉ်းချုပ် ပြန်လည်ပြောပြရပါတော့တယ်။

"အို-သိကြားမင်း ! ရှင်က ကျွန်မကို 'နင်ဟာ ဘယ်ဘဝက စုတေ့ပြီး ဒီ ငါ့ဗိမာန်ကို ရောက်လာရသလဲ ?'လို့ မေးပါပေတယ်၊ အို-သိကြားမင်း ! ကာသိတိုင်းမှာ ဗာရာဏသီဆိုတဲ့ မြို့တစ်မြို့ ရှိနေပါတယ်၊ ရှေးဘဝက

http://www.dhammadownload.com

ကျွန်မဟာ အဲဒီ ဗာရာဏသီမြို့မှာ 'ကေသကာရီ'ဆိုတဲ့ ပုဏ္ဏားအမျိုးသမီး ကလေး ဖြစ်ခဲ့ဖူးပါတယ်။

ကျွန်မဟာ ဘုရားကိုလဲ ကြည်ညိုခဲ့ပါတယ်၊ တရားကိုလဲ ကြည်ညိုခဲ့ပါတယ်၊ သံဃာတော်ကိုလဲ ကြည်ညိုခဲ့ပါတယ်၊ 'အစစ်အမှန်'လို့လဲ ယုံကြည်ပါတယ်၊ ယုံမှားသံသယ ဘာတစ်ခုမှ မရှိခဲ့ပါ၊ သိက္ခာပုဒ်တွေကိုလဲ မကျိုးမပေါက်ရအောင် စောင့်ထိန်းခဲ့ပါတယ်၊ သောတာပတ္တိဖိုလ်ကိုလဲ ရခဲ့ပါတယ်၊ အထက်မဂ်ဉာဏ်များကို ရဖို့ရာ သေချာလှပါတယ်၊ မြဲတဲ့သဘော ရှိပါတယ်၊ ဘယ်လိုအနှောင့်အယှက်မှ မရှိတော့ပါ"။

ဒီစကားများကို ကြားရတဲ့အခါ သိကြားမင်းက ဝမ်းသာစကား ပြန်လည် မြွက်ကြားရပါတော့တယ်။

"အို–နတ်သမီး ! 'သင်ရဲ့ တရားပြည့်ဝမှု, နတ်စည်းစိမ်နဲ့ ပြည့်စုံမှု' ဒီ၂–ခုလုံးကိုပဲ အကျွန်ုပ်တို့က အင်မတန် နှစ်သက်ကြပါတယ်၊ ရွှင်လန်းဝမ်းမြောက်ကြပါတယ်၊ သင် ဒီဘုံဗိမာန်ကို ရောက်လာခြင်းဟာ ကောင်းလှပါပေတယ်၊ သင်ဟာ တရားနဲ့လဲ တင့်တယ်သူ ဖြစ်ပါတယ်၊ အခြံအရံနဲ့လဲ တင့်တယ်သူ ဖြစ်ပါတယ်"။

ကေသကာရီနတ်သမီးဟာ သရဏဂုံ ၅–ပါးသီလကိုလဲ ဆောက်တည်ခဲ့ပါတယ်၊ သမထဝိပဿနာကိုလဲ ပွားများအားထုတ်ခဲ့ပါတယ်၊ ဒါနဲ့ သူဘဝဟာ ဘယ်လောက် အထက်တန်းကျသွားသလဲ၊ ဘယ်လောက်အားကျစရာကောင်း သလဲ ?၊ ဒီတော့ သူလို အထက်တန်းစား ဘဝမျိုးကိုရအောင် "အခုနေကစပြီး ကြိုးစားကြပါ"လို့ ဘုန်ကြီးက တိုက်တွန်းလိုပါတယ်။

ပြီးတော့ "ကိုယ်တိုင်ကျင့်ထားတဲ့ တရားဟာ ပြန်ပြီးနှလုံးသွင်း ဆင်ခြင်လို့ ရှိရင် ဒီဘဝမှာပဲ စွဲကပ်နေတဲ့ ရောဂါဝေဒနာကိုတောင်မှ ပျောက်ကင်းစေနိုင်ပါတယ်"ဆိုတဲ့အကြောင်း ဆက်ပြောပါအုံးမယ်။

ဆေးနည်းကောင်း တစ်လက်[၁]

မြတ်စွာဘုရားဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီအချိန်မှာ အနာထပိဏ်သူဌေးဟာ အနာရောဂါ ဖိစီးနှိပ်စက်မှုကို ခံနေရပါတယ်၊ ဆင်းရဲဝေဒနာကို ခံစားနေရပါတယ်၊ အသဲအသန် မမာမကျန်း ဖြစ်နေပါတယ်။

၁။ သံ–ပါ–၃၊ ၃၃၂။

http://www.dhammadownload.com

"ဟော့-လာစမ်းပါအုံး၊ ရှင်သာရိပုတ္တရာဆီကို သွားစမ်းပါ၊ ရှင်သာရိပုတ္တရာရဲ့ ခြေတော်တွေကိုလဲ ရှိခိုးပါ၊ 'အရှင်ဘုရား ! အနာထပိဏ်သူဌေးဟာ ရောဂါဖိစီးမှုဒဏ်ကို ခံနေရပါတယ်၊ ဆင်းရဲဝေဒနာကို ခံစားနေရပါတယ်၊ အသဲအသန် မမာမကျန်း ဖြစ်နေပါတယ်၊ အရှင်မြတ်ရဲ့ ခြေတော်တွေကိုလဲ ရှိခိုးလိုက်ပါတယ်'၊ ဒီလို လက်ဦးလျှောက်ထားပါ၊ ပြီးတော့မှ 'အရှင်ဘုရား ! တောင်းပန်ပါရစေ၊ အရှင်ဘုရားကိုယ်တော်တိုင် အနာထပိဏ်သူဌေးအိမ်ကို သနားချီးမြှောက် ကြွရောက်တော်မူပါ'၊ ဒီလိုလဲ ဆက်လက်လျှောက်ထားလိုက်စမ်းပါ"။

အနာထပိဏ်သူဌေးက လူတစ်ယောက်ကို ပြောဆိုသင်ပေးပြီး စေခိုင်းလိုက်ပါတယ်၊ အဲဒီ လူကလဲပဲ အနာထပိဏ်သူဌေးက သင်ပေးလိုက်တဲ့အတိုင်း အရှင်သာရိပုတ္တရာဆီကို သွားရောက်လျှောက်ထားပါတယ်၊ အရှင်သာရိပုတ္တရာကလဲပဲ လျှောက်ထားချက်ကို လက်ခံထားလိုက်ပါတယ်။

အရှင်သာရိပုတ္တရာ မထေရ်ကလဲ နံနက်ပိုင်းအချိန်မှာ သင်္ကန်းကိုရုံ သပိတ်ကိုယူပြီး အရှင်အာနန္ဒာနဲ့အတူ အနာထပိဏ်သူဌေးအိမ်ကို ကြွလာတော်မူပါတယ်၊ အဆင်သင့် ခင်းထားပြီးတဲ့ နေရာမှာ ထိုင်နေပါတယ်။

"ဒကာကြီး ! ဘယ့်နယ် နေသေးသလဲ၊ ခံ့ကျန်းရဲ့လား၊ မျှတရဲ့လား၊ ဆင်းရဲဝေဒနာတွေ မတိုးဘဲ သက်သာတယ် မဟုတ်လား၊ မတိုးဘဲ ပျောက်ကင်းမဲ့ အခြေအနေများ ရှိရဲ့လား ?"။

"အရှင်ဘုရား ! မခံ့ကျန်းလှပါ၊ မမျှတလှပါ၊ ဆင်းရဲဝေဒနာတွေဟာ အပြင်းအထန် တိုးတက်နေပါတယ်၊ မသက်သာလှပါ၊ တိုးတက်မဲ့ အခြေအနေသာ ရှိနေပါတယ်၊ လျော့ပါးမဲ့ အခြေအနေ မရှိလှပါ"။

ရှင်သာရိပုတ္တရာရဲ့ မေးမြန်းချက်ကို အနာထပိဏ်သူဌေးက ဖြေဆိုလျှောက်ထားပါတယ်၊ အဲဒီလျှောက်ထားချက်ကို ကြားရတဲ့အခါ အရှင်သာရိပုတ္တရာက အနာထပိဏ်သူဌေးအား တရားစကား ဟောကြားတော်မူပါတယ်၊

ဒကာကြီး အချို့ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ အကြားအမြင် နည်းပါးကြပါတယ်၊ ဒါနဲ့ ဘုရားကို ကြည်ညိုရမှန်း မသိကြပါဘူး၊ ဘုရားကို မကြည်ညိုတဲ့အတွက် ကြောင့်ပဲ သူတို့တစ်တွေဟာ ခန္ဓာပျက်ကျေ သေရတဲ့နောက်မှာ အပါယ်ငရဲကို ရောက်ကြရပါတယ်၊ အဲဒီ "အပါယ်ငရဲ"ဆိုတာဟာလဲပဲ မကောင်းမှုကို ပြုလုပ်ထားသူတို့ရဲ့ လားရောက်ရတဲ့ ဘုံဘဝမျိုးပဲ ဖြစ်တယ်၊ မရောက်ချင်ပေမဲ့ ကိုယ့်ကံ

http://www.dhammadownload.com

အလျောက် ရောက်ကြရတဲ့ ဘုံဘဝမျိုးပါပဲ၊ ဒီလို ဘုရားကို မကြည်ညိုမှုမျိုး ဒကာကြီးမှာ မရှိပါဘူး။

"သုံးလူ့ထွတ်ထား ရှင်တော်မြတ်ဘုရားဟာ ပူဇော်အထူးကို ခံတော်မူထိုက်တဲ့အတွက် 'အရဟံ'မည်တော်မူပါတယ်၊ သိသင့်သမျှ တရားတွေကို ကိုယ်တိုင်မှန်စွာ သိတော်မူတတ်တဲ့အတွက် 'သမ္မာသမ္ဗုဒ္ဓ'မည်တော်မူပါတယ်၊ အသိဉာဏ်ဝိဇ္ဇာ, အကျင့်စရဏတွေနဲ့ ပြည့်စုံတော်မူတဲ့အတွက် 'ဝိဇ္ဇာစရဏသမ္ပန္နော' မည်တော်မူပါတယ်၊ ကောင်းတဲ့စကားကိုသာ ပြောဆိုတော်မူတတ်တဲ့အတွက် 'သုဂတ' မည်တော်မူပါတယ်၊ လောကအကြောင်းကို သိနားလည်တော်မူတတ်တဲ့အတွက် 'လောကဝိဒူ'မည်တော်မူပါတယ်၊ ဆုံးမသင့်သူကို ဆုံးမတဲ့နေရာမှာ သူ့ထက်ထူးချွန် သာလွန်တော်မူတတ်တဲ့အတွက် 'အနုတ္တရော ပုရိသဒမ္မသာရထိ'မည်တော်မူပါတယ်၊ လူနတ်ဗြဟ္မာ သတ္တဝါတွေရဲ့ ဆရာတစ်ဆူ ဖြစ်တော်မူတဲ့အတွက် 'သတ္ထာဒေဝမနုဿာနံ'မည်တော်မူပါတယ်၊ သစ္စာ ၄-ပါးကို သိမြင်တော်မူတတ်တဲ့အတွက် 'ဗုဒ္ဓ'မည်တော်မူပါတယ်၊ ဘုန်းတန်ခိုး ကြီးမားတော်မူတဲ့ အတွက် 'ဘဂဝါ'မည်တော်မူပါတယ်"။

ဒီလို ဘုရားကို သက်ဝင်ယုံကြည်မှုမျိုး[1] သာ ရှိတယ်၊ ကိုယ့်မှာရှိနေတဲ့ အဲဒီကြည်ညိုမှုကို ရှုဆင်ခြင်မယ်ဆိုရင် ဒကာကြီးရဲ့ဝေဒနာဟာ ခဏချင်း ငြိမ်းအေးပျောက်ကင်းသွားရမှာပါပဲ။

အချို့ ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ တရားကို မကြည်ညိုတဲ့အတွက် သေသွားတဲ့အခါ အပါယ်ငရဲကို ရောက်ကြရပါတယ်၊ ဒီလို တရားကို မကြည်ညိုတာမျိုး ဒကာကြီးမှာ မရှိပါဘူး။

"မဂ်, ဖိုလ်, နိဗ္ဗာန်, ပရိယတ်'ဆိုတဲ့ တရားတော် ၁၀-ပါးဟာ ဘုရားရှင်ကောင်းစွာဟောကြားထားတဲ့ တရားတော် ဖြစ်ပါပေတယ်၊ ကိုယ်တိုင်သိမြင်သင့်တဲ့ တရားတော် ဖြစ်ပါပေတယ်၊ လက်ငင်းချက်ချင်း အကျိုးပေးတတ်တဲ့ တရားတော်ဖြစ်ပါပေတယ်၊ လာကြစမ်းပါ, ကြည့်စမ်းပါလို့ ခေါ်ယူ ပြသင့်တဲ့ (အဖက်ဖက်က အဝေဖန်ခံနိုင်တဲ့) တရားတော် ဖြစ်ပါပေတယ်၊ စိတ်ထဲမှာ ဆောင်ယူထားသင့်တဲ့(စိတ်ဝင်စားသင့်တဲ့) တရားတော်ဖြစ်ပါပေတယ်၊ အရိယာပညာရှိတွေကသာ ကိုယ်စီ ကိုယ်ငဲ သိနိုင်တဲ့တရားတော် ဖြစ်ပါပေတယ်"။

ဒီလို တရားကို သက်ဝင်ကြည်ညိုမှုမျိုးသာ ဒကာကြီးမှာ ရှိပါတယ်၊ ကိုယ်မှာရှိနေတဲ့ အဲဒီ ကြည်ညိုမှုကို ရှုဆင်ခြင်လိုက်ရင် ဒကာကြီးရဲ့ ဝေဒနာဟာ ခဏချင်း ငြိမ်းအေးပျောက်ကင်းသွားရမှာပါပဲ။

၁။ ဘုရားကို သက်ဝင်ကြည်ညိုမှု ဆိုတာဟာ ဘုရားရဲ့ဂုဏ်တော်ကို အမှန်အတိုင်း သိနားလည်ဖြိုး မလှုပ်မယိုင် နိုင်နိုင်မြဲမြဲ ကြည်ညိုခြင်းမျိုးပါပဲ။

http://www.dhammadownload.com

အချို့ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ သံဃာတော်ကို မကြည်ညိုတဲ့အတွက် သေသွားပြီးတဲ့နောက်ပိုင်းမှာ အပါယ်ငရဲကို ရောက်ကြပါတယ်၊ အဲဒီလို သံဃာတော်ကို မကြည်ညိုတာမျိုး ဒကာကြီးမှာ မရှိပါဘူး။

"မြတ်စွာဘုရားရဲ့ တပည့်သံဃာတော်ဟာ ကောင်းစွာကျင့်တော်မူတတ်ပါပေတယ်၊ ဖြောင့်မှန်စွာ ကျင့်တော်မူတတ်ပါပေတယ်၊ နိဗ္ဗာန်အလို့ငှာ ကျင့်တော်မူတတ်ပါပေတယ်၊ မည်သူမဆို ရိုသေလေးစားလောက်အောင် ကျင့်တော်မူတတ်ပါပေတယ်၊ ရပ်ဝေးမှ ဆောင်ယူလာတဲ့ အလှူကိုတောင်မှ ခံတော်မူထိုက်ပါပေတယ်၊ ဧည့်သည်ကောင်းတို့အတွက် စီမံထားတဲ့ ပစ္စည်းဝတ္ထုကိုတောင်မှ ခံတော်မူထိုက်ပါပေတယ်၊ ချမ်းသာမျှော်မှန်း လှူဒါန်းလာတဲ့ အလှူကို ခံတော်မူထိုက်ပါပေတယ်၊ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံတော်မူထိုက်ပါပေတယ်၊ တစ်လောကလုံးရဲ့ အထက်တန်းအကျဆုံးဖြစ်တဲ့ ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်လဲ ဖြစ်တော်မူပါပေတယ်။

ဒီလို သံဃာတော်ကို သက်ဝင်ယုံကြည်မှုမျိုးသာ ဒကာကြီးမှာ ရှိနေပါတယ်၊ ကိုယ့်မှာ ရှိနေတဲ့ အဲဒီကြည်ညိုမှုကို ရှုဆင်ခြင်လိုက်ရင် ဒကာကြီးရဲ့ ဝေဒနာဟာ ခဏချင်း ငြိမ်းအေးပျောက်ကင်းသွားရမှာပါပဲ။

အချို့ ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ သီလပျက်စီးတဲ့အတွက် သေပြီးတဲ့နောက်မှာ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊ အဲဒီလို သီလပျက်စီးခြင်းမျိုး ဒကာကြီးမှာ မရှိပါဘူး၊ မကျိုး, မပေါက်, မပြောက်, မကျားတဲ့ (၅-ပါးသီလမျိုးသာ) ရှိပါတယ်၊ အဲဒီ "၅-ပါးသီလ" ဆိုတာဟာလဲပဲ အရိယာတို့ နှစ်သက်အပ်တဲ့ သီလမျိုးဖြစ်ပါတယ်၊ တဏှာကိုလဲ တော်လှန်နိုင်ပါတယ်၊ ပညာရှိတို့ ချီးကျူးမှုကိုလဲ ခံရပါတယ်၊ မှားမှားယွင်းယွင်းလဲ မသုံးသပ်အပ်ပါဘူး၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိကိုလဲ ဖြစ်စေတတ်ပါတယ်။

ကိုယ့်မှာရှိနေတဲ့ အဲဒီ အရိယာတို့သဘောကျ ၅-ပါးသီလကို ရှုဆင်ခြင်လိုက်ရင် ဒကာကြီးရဲ့ ဝေဒနာဟာ ခဏချင်း ငြိမ်းအေးပျောက်ကင်းသွားရမှာပါပဲ။

အချို့ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ အယူမှားကို ယူမိတဲ့ အတွက်ကြောင့်လဲပဲ သေပြီးတဲ့နောက်မှာ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊ မှားမှားယွင်းယွင်း ကြံစည်မိတဲ့အတွက်ကြောင့်လဲပဲ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊ မှားမှားယွင်းယွင်း ပြောဆိုမိတဲ့အတွက်ကြောင့်လဲပဲ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊ မှားမှားယွင်းယွင်း လုပ်ကိုင်တဲ့အတွက်ကြောင့်လဲပဲ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊

http://www.dhammadownload.com

မှားမှားယွင်းယွင်း အသက်မွေးတဲ့အတွက်ကြောင့်လဲပဲ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊ မှားမှားယွင်းယွင်း အားထုတ်တဲ့အတွက်ကြောင့်လဲပဲ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊ မှားမှားယွင်းယွင်း အောက်မေ့တဲ့အတွက် ကြောင့်လဲပဲ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊ မှားမှားယွင်းယွင်း တည်ကြည် တာကြောင့်လဲပဲ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊ ဒီလို မှားယွင်းတာမျိုးတွေ ဒကာကြီးမှာ ဘာတစ်ခုမှ မရှိပါဘူး၊ မှန်ကန်တာတွေချည်းပဲ ရှိနေပါတယ်။

အဲဒီ "ကိုယ့်မှာရှိနေတဲ့ မှန်ကန်တဲ့အယူ, မှန်ကန်တဲ့ အကြံအစည်, အမှန်အကန် ပြောဆိုတာ, အမှန်အကန်လုပ်ကိုင်တာ, မှန်မှန်ကန်ကန် အသက်မွေးတာ, မှန်မှန်ကန်ကန် အားထုတ်တာ, မှန်မှန်ကန်ကန်အောက်မေ့တာ, မှန်မှန်ကန်ကန် တည်ကြည်တာ" ဒါတွေကို ရှုဆင်ခြင်လိုက်ရင် ဒကာကြီးရဲ့ ဝေဒနာဟာ ခဏချင်း ငြိမ်းအေးပျောက်ကင်းသွားရမှာပါပဲ။

အချို့သော ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ မှားမှားယွင်းယွင်း ဆင်ခြင်မိတဲ့ ဉာဏ်တု ဉာဏ်ယောင်ကြောင့် သေပြီးတဲ့နောက်မှာ အပါယ်ငရဲကို ရောက်ကြရပါတယ်၊ အဲဒီလို ဉာဏ်တုဉာဏ်ယောင်မျိုး ဒကာကြီးမှာ မရှိပါဘူး၊ မှန်ကန်တဲ့ အသိဉာဏ်မျိုးသာ ရှိနေပါတယ်၊ ကိုယ့်မှာရှိနေတဲ့ မှန်ကန်တဲ့ အသိဉာဏ်ကို ရှုဆင်ချင့်လိုက်ရင် ဒကာကြီးရဲ့ ဝေဒနာဟာ ခဏချင်း ငြိမ်းအေးပျောက်ကင်းသွားရမှာပါပဲ။

အို–ဒကာကြီး ! အကြားအမြင်နည်းပါးတဲ့ အချို့ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ မှားမှားယွင်းယွင်း နှလုံးသွင်းမှုကြောင့် ခန္ဓာပျက်ကျေ သေပြီးတဲ့နောက်မှာ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊ အဲဒီလို မှားမှားယွင်းယွင်း နှလုံးသွင်းတာမျိုး ဒကာကြီးမှာ မရှိပါဘူး၊ မှန်ကန်တဲ့ နှလုံးသွင်းမှုမျိုးသာ ရှိနေပါတယ်၊ ကိုယ့်မှာရှိနေတဲ့ မှန်မှန်ကန်ကန် နှလုံးသွင်းမှုကို ရှုဆင်ခြင်လိုက်ရင် ဒကာကြီးရဲ့ ဝေဒနာဟာ ခဏချင်း ငြိမ်းအေးပျောက်ကင်းသွားရမှာပါပဲ။

ကိုင်း–ဒါတွေကို မှတ်မိသွားအောင် လိုက်ဆိုထားလိုက်ကြအုံး။

မအီမသာ–ရောဂါရလို့၊ ဆင်းရဲဒုက္ခ–တွေ့ချိန်ဝယ်၊
သရဏဂုံ–အစထားလို့၊ ရိယာလိုလား–သီလရယ်၊
ရှုစ်ဖြာမဂ္ဂင်–ပွားများခြင်းနှင့်၊ ဉာဏ်နှလုံးသွင်း–ဆင်ခြင်ကွယ်၊
ဖြစ်ပြီးရောဂါ–လွတ်ကွာကင်းလို့၊ ချမ်းသာခြင်းလဲ–ရလိမ့်မယ်။

ရှင်သာရိပုတ္တရာက တရားစကားကို လက်စသတ်လိုက်တာနဲ့ တစ်ပြိုင်နက် အနာထပိဏ်သူဌေးမှာ စွဲကပ်နေတဲ့ ရောဂါဝေဒနာတွေဟာ ခဏချင်း ငြိမ်းအေးပျောက်ကင်းသွားပါတယ်။

http://www.dhammadownload.com

အဲဒီ ခဏမှာပဲ အနာထပိဏ်သူဌေးဟာ မိမိအိမ်မှာ အဆင်သင့် ချက်ပြုတ်ထားတဲ့ ထမင်းနဲ့ ရှင်သာရိပုတ္တရာနှင့် ရှင်အာနန္ဒာတို့ကို ကိုယ်တိုင်ဆက်ကပ် ကျွေးမွေးလှူဒါန်းနိုင်ပါတယ်၊ ကျွေးမွေးလှူဒါန်းမှုကိစ္စ ပြီးဆုံးသွားတဲ့အခါ နိမ့်တဲ့နေရာတစ်ခုကို ယူပြီး သင့်တော်ရာက ထိုင်နေပါတယ်။

"ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ဟာ မြတ်စွာဘုရားကို မတုန်မလှုပ်တဲ့ သဒ္ဓါတရားနဲ့ ကြည်ညိုမယ်၊ အရိယာပုဂ္ဂိုလ်တွေ အင်မတန် လေးမြတ်ချီးကျူးအပ်တဲ့ (၅-ပါး)သီလကျင့်ဝတ်နဲ့ ပြည့်စုံမယ်၊ သံဃာတော်ကို ကြည်ညိုလေးစားမယ်၊ ဖြောင့်မတ်မှန်ကန်တဲ့ ဉာဏ်အမြင်ရှိမယ်၊ ဒီလို အဖက်ဖက်က ပြည့်စုံနေမယ်ဆိုရင် အဲဒီလို ပုဂ္ဂိုလ်မျိုးဟာ သူဆင်းရဲ မဟုတ်ပါဘူး၊ အဲဒီလိုပုဂ္ဂိုလ်ရဲ့ အသက်ရှင်ခြင်းဟာ အချည်းနှီး အလကား မဖြစ်ပါဘူး။ (အသက် ရှည်သလောက် အကျိုးများပါတယ်။)

ဒါကြောင့် သဒ္ဓါ, သီလ, ကြည်ညိုမှု, အယူအဆဖြောင့်မတ်တဲ့ ဉာဏ်အမြင်တွေကို ကိုယ့်သန္တာန်မှာ အဆင့်ဆင့် တိုးပွားအောင် ကြိုးစားအားထုတ်ကြရမယ်"။

ရှင်သာရိပုတ္တရာမထေရ်မြတ်က အနာထပိဏ်သူဌေးအား ဒီအနုမောဒနာ တရားကို ဟောပြီး ကျောင်းကို ပြန်ကြွလာပါတယ်၊ လိုက်ဆိုထားကြအုံး။

မလှုပ်မယိုင်-သဒ္ဓါပွားလို့၊ မြတ်ဘုရား-ကို-ကြည်ညိုလျှင်၊
အရိယာတွေ-လွန်လေးမြတ်တဲ့၊ သီလကျင့်ဝတ်-မချွတ်လျှင်၊
သံဃာတော်ကို-ကြည်ညိုလှလို့၊ ဉာဏ်မြင်ယူဆ-ဖြောင့်မတ်လျှင်၊
မဆင်းရဲသူ-လူတစ်ယောက်မို့၊ အသက်ရှည်သလောက်-အကျိုးထင်၊
ထို့ကြောင့်သဒ္ဓါ-မြတ်သီလနှင့်၊ ကြည်ညိုယူဆ-ဉာဏ်အမြင်၊
ကိုယ့်သန္တာန်မှာ-ဆင့်ဆင့်တိုးအောင်၊ အားထုတ်မှုမျိုး-ပြုစေချင်။

တရားစောင့်ခြင်းရဲ့ အကျိုးကို ဒီလောက်နဲ့ပဲ လက်စသတ်လိုက်ကြစို့ရဲ့၊ ဒီတော့ တရားတော်ကို နာကြားကြတဲ့ ဘုန်းကြီးတို့ရဲ့ ဒကာဒကာမတွေဟာလဲပဲ ဓမ္မပါလ အမျိုးတွေလို, ကေသကာရီအမျိုးသမီးလို, အနာထပိဏ်သူဌေးလို တရား တွေကို စောင့်ကြပြီး နိဗ္ဗာန်ရကြောင်း လမ်းမှန်လမ်းကောင်းကို လိုက်နာကျင့်သုံး နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

http://www.dhammadownload.com

၈။ ပရိတ်တန်ခိုး အကျိုးအာနိသင်

ဆရာတော်ဦးဓမ္မိကသည် အရှင်ဆွမ်း ဘုဉ်းပေးပြီးသည့်နောက် သီတင်းသုံးနေကျ အခန်းကို ပြန်ကြွပြီး အနားယူနေသည်၊ ဒကာ ဒကာမများ စားသောက်ပြီးအောင် စောင့်ဆိုင်းနေသည်၊ အကုန်လုံး စားသောက်ပြီး၍ ပရိသတ်စုံသည့်အခါ မောင်မျိုးသန့်က ဆရာတော်ဦးဓမ္မိကကို သွားရောက်လျှောက်ထားသည်၊ ဆရာတော်ဦးဓမ္မိကက ဓမ္မာရုံပေါ်ကို ကြွလာပြီး မြန်မာလို ၈-ပါးသီလပေးသည်၊ ထို့နောက် ပရိတ်အကြောင်း သိကောင်းစရာတွေကို ဆက်လက်ဟောပြောပါသည်။

ဒီနေ့ သင်္ကြန်အတက်နေ့မှာ ပရိတ်တရားတော်ရဲ့ တန်ခိုးအာနိသင်ကို ပြောပါ့မယ်၊ နက်ဖြန် နှစ်ဆန်းတစ်ရက်နေ့မှာ တစ်ရွာလုံးအတွက် "ပရိတ်ရွတ်ပေးရအုံးမယ်"ဆိုတော့ ဒီနေ့က ပရိတ်ဟော်ရဲ့ အကြောင်းကို ကြိုတင်ပြောထားရတာဟာ သိပ်အဆင်ပြေသွားတာပေါ့။

လူမမာတွေအတွက် ပရိတ်ရွတ်ပေးစေလိုရင် "ဘယ်သူ မကျန်းမမာလို့ပါဘုရား၊ ဘယ်နေ့ ဘယ်ရက် ဘယ်အချိန်မှာ ဘယ်သူ့အိမ်သို့ ကြွရောက်ပြီး ပရိတ်တရား ချီးမြှင့်တော်မူပါ"၊ ဒီလို ဒကာ ဒကာမတွေက လျှောက်ထားတတ်ရမယ်။

"ဘယ်သူဟာ မကျန်းမမာ ဖြစ်နေပါတယ်ဘုရား၊ သူ့အတွက် အရံအတား အကာအကွယ် ပြုလုပ်ပေးတော်မူပါ၊ ဘယ်သူ့အတွက် အဆောင်ကလေး, အကာအကွယ်ကလေး လုပ်ပေးတော်မူပါ"၊ ဒီလို မလျှောက်ထားရဘူး၊ ဒီလို လျှောက်ထားရင် ဘုန်းကြီးတွေက ပရိတ်ရွတ်မပေးကောင်းဘူး၊ ဆေးကုသပေးတဲ့သဘော, လူတို့ရဲ့ အလုပ်ကို လုပ်ပေးတဲ့သဘော သက်ရောက်သွားပါတယ်၊ ဒါ့ကြောင့် ဘုန်းကြီးပင့်တာကစပြီး သတိထားကြရမယ်။

ပြီးတော့ ပရိတ်ရွတ်တဲ့အခါ ပရိတ်ရေ, ပရိတ်ချည်, ပရိတ်သဲ ဒါတွေ ပါစေရမယ်၊ ဒါတွေကို သံဃာတော်တွေ ကြွမလာခင် ကြိုတင်ပြင်ဆင်ထားနှင့်ရမယ်၊ အခုတော့ ပရိတ်အိုးထဲမှာ ဆူးခက်တွေကို ထည့်လိုထည့်၊ ဩဇာခက်တွေကို ချိုးထည့်လိုထည့်နဲ့ အတော်လေး မဟုတ်မဟတ် လုပ်နေကြတာ တွေ့ရပါတယ်။

"ဆီးညွှန့်တွေ, ဩဇာရွက်တွေကို ထည့်တဲ့အလိုက သရဲကြောက်အောင်" လို့ပါတဲ့၊ ဒကာမကြီးတွေကို မေးကြည့်လို့ သူတို့ဆီကတစ်ဆင့် ဘုန်းကြီး ဒီလို သိထားရပါတယ်၊ ဒါတွေက ဒီလောက်အစွမ်းထက်နေရင် ပရိတ်ရွတ်စရာ လိုသေးသလား၊ ပြီးတော့ ပရိတ်တော်ကို အယုံအကြည်နည်းသလို ဖြစ်မသွားဘူးလား ?၊ ဒါ စဉ်းစားရမယ်။

http://www.dhammadownload.com

ပရိတ်ရွတ်တဲ့ ဘုန်းကြီးတွေကလဲပဲ ပရိတ်ရေကို လက်နဲ့လှုပ်ပြီး ပရိတ်ချည်နဲ့ ပရိတ်သဲကို လက်နဲ့ဆုပ်နယ်ပြီး ရွတ်ရမယ်၊ ဒီလို ပြုလုပ်ပေးရင် ပရိတ်တန်ခိုးဟာ ရေအတွင်း, ချည်အတွင်း, သဲအတွင်း ဝင်သွားတယ်၊ ဒီလို ဝိမတိဋ္ဌကာက ဖွင့်ဆို ထားပါတယ်၊ အခု မတွေ့ဘူးလား ?၊ ကက်ဆက်ခွေထဲကို အသံဝင်နေတာ ဒီသဘော အတိုင်းပဲပေါ့။

ပြီးတော့ ပရိတ်ရွတ်မယ့် ပုဂ္ဂိုလ်ဟာ မိမိရွတ်မယ့်ပရိတ်ကို ပုဒ်ပါဠ်အကွာရာ မှန်အောင်, အဖြတ်အတောက်မှန်အောင်, အနက်အဓိပ္ပာယ် သိနားလည်အောင် သင်ယူပြီး ဖြစ်ရပါ့မယ်၊ ဒီလို သင်ယူမှုကို မပြုဘဲ တော်အောင်လျော်အောင် ဖြစ်က တတ်ဆန်း ရွတ်ဆိုတဲ့ပုဂ္ဂိုလ်ရဲ့ ပရိတ်ဟာ တန်ခိုးသတ္တိ မရှိနိုင်ပါဘူး၊ ကျကျ နန သင်ယူလေ့လာပြီး ရွတ်တဲ့ပုဂ္ဂိုလ်ရဲ့ ပရိတ်ကသာ တန်ခိုးသတ္တိ ရှိနိုင်ပါတယ်။

လာဘ်ပူဇော်သကာ အကျော်အစောကို လိုချင်လို့ သင်ယူရွတ်ဖတ်တဲ့ ပုဂ္ဂိုလ်ရဲ့ ပရိတ်ဟာလဲပဲ အကျိုးမပြီးစေနိုင်ပါဘူး၊ ထွက်မြောက်မှုအဖို့မှာတည်ပြီး မေတ္တာကို ရှေ့သွားပြုကာ ရွတ်ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ ပရိတ်ကသာ အကျိုးရှိနိုင်ပါတယ်။

ပရိတ်ရွတ်တဲ့ ပုဂ္ဂိုလ်ဟာ–

၁။ "ပုဒ်ပါဠ်အကွာရာ မှန်ကန်အောင် ရွတ်ဆိုနိုင်ရမယ်၊
၂။ မိမိရွတ်မည့် ပရိတ်ရဲ့ အနက်အဓိပ္ပာယ်ကို သိနားလည်ထားရမယ်၊
၃။ လာဘ်လာဘကို ငဲ့ကွက်မှု ကင်းရမယ်၊
၄။ မေတ္တာရှေ့ထားပြီး ရွတ်ရမယ်"။

ဒီအင်္ဂါ ၄–ချက်နဲ့ ပြည့်စုံစေရမယ်လို့ ပြောလိုပါတယ်၊ လိုက်ဆိုထား လိုက်ကြအုံး။

ပုဒ်ပါဠ်ပီပြင်, အနက်ထင်၍, လာဘ်ခင်မမက်, မေတ္တာသက်, လေးချက် လိုပါ, ရွတ်သူမှာ။

ဒီတော့ ရွတ်တဲ့ပုဂ္ဂိုလ် ကိုယ်တိုင်က ဟန်မရရင် ပရိတ်တရားတော်ရဲ့ တန်ခိုးအာနိသင်ဟာ ရှိသင့်သလောက် မရှိနိုင်ပါဘူး၊ ဒါ့ကြောင့် ပရိတ်ရွတ်ဖို့ ပင့်တဲ့အခါမှာ ပုဂ္ဂိုလ်ရွေးတန်ရွေးရပါ့မယ်။

အရှင်အာနန္ဒာ၏ ပရိတ်တန်ခိုး[၁]

"ပရိတ်ရေ, ပရိတ်ချည်, ပရိတ်သဲ ပရိတ်ရွတ်တဲ့အခါ ဒါတွေ ပါစေရမယ်" လို့ ခုနက ပြောခဲ့ပြီးပါပြီ၊ အဲဒီထဲက ပရိတ်ရေ ဘယ်လောက် အစွမ်းထက်တယ် ဆိုတာ နားလည်ကြရအောင် ဘုရားရှင်လက်ထက်က ဖြစ်ပေါ်ခဲ့တဲ့ အကြောင်းကိုပဲ ပြောပြပါ့မယ်။

၁။ ဓမ္မပဒ–၆–၂၊ ၂၇၅။ ခုဒ္ဒကပါဋ–၆၊ ၁၃၈။ သုတ္တ–၆–၁၊ ၂၆၇။

http://www.dhammadownload.com

တစ်ချိန်တုန်းက ဝေသာလီမြို့ဟာ အင်မတန် စည်ကားပါတယ်၊ လူဦးရေလဲ အင်မတန် များပါတယ်၊ အလှည့်ကျမင်းပြုနေကြတဲ့ လိစ္ဆဝီတွေတောင်မှ ၇၇၀၇-ယောက် ရှိနေပါတယ်။

ဘုရားရှင် ပွင့်တော်မူလာတဲ့တစ်ချိန်မှာ ဝေသာလီမြို့သူမြို့သားတွေဟာ စားကုန်သောက်ကုန် ရှားပါးမှုဒဏ်ကို အလူးအလိမ့် ခံနေကြရပါတယ်၊ ထမင်းငတ်တာနဲ့ လက်ဦးဆုံး ဆင်းရဲသူ ဆင်းရဲသားတွေ သေကြရပါတယ်၊ ဒီတော့ ဟိုအနား-ဒီအနားမှာ စွန့်ပစ်ထားကြတဲ့ လူသေကောင်တွေရဲ့ အနံ့ကိုရတာနဲ့ တစ္ဆေသရဲများက မြို့တွင်းကို ဝင်လာကြပါတယ်၊ တစ္ဆေသရဲတွေ နှိပ်စက်တဲ့ အတွက် နောက်ထပ် အများအပြား သေကြရပြန်တယ်၊ အပုပ်နံ့တွေ ကျယ်ပြန့် များပြားလာတဲ့အခါ သတ္တဝါများမှာ ပလိပ်ကပ်(အဟိဝါတ)ရောဂါ ဖြစ်ကြရ ပါတယ်။

ဒီ "အဟိဝါတရောဂါ"ဆိုတာဟာ မြွေဆိပ်တက်သလို အဆိပ်ပိုးပါတဲ့ ရောဂါတစ်မျိုးဖြစ်တယ်၊ ဒီရောဂါမျိုးဖြစ်ရင် ကူးစက်မြန်တဲ့အတွက် တစ်အိမ်လုံး တစ်မျိုးလုံး အများအပြား သေဆုံးတတ်ပါတယ်၊ အနည်းအကျဉ်းသာ ကြွင်းကျန်တတ်ပါတယ်၊ ဒါ့ကြောင့် "ပလိပ်ကပ်ရောဂါ"လို့ ပြန်ဆိုလိုက်ပါတယ်၊ ဝိနည်း မဟာဝဂ္ဂအဋ္ဌကထာ (၂၈၅)မှာလဲပဲ မာရိဗျာဓိနာလို့ ဖွင့်ဆိုထားပါတယ်။

ဒီလို ဝေသာလီမြို့မှာ "ငတ်မွတ်ခြင်းဘေး, တစ္ဆေသရဲဘေး, ရောဂါဘေး"ဆိုတဲ့ ဘေးကြီး ၃-မျိုး ဖြစ်ပေါ်လာပါတယ်။

ဒီတော့ မြို့သူမြို့သားတွေ စည်းဝေးတိုင်ပင်ပြီး ဘေးရန်ဗျောက်လိုဗျောက်ငြား အမျိုးမျိုး လုပ်ကိုင်ကြပါတယ်၊ မပျောက်တဲ့အဆုံးမှာ မြတ်စွာဘုရားကိုပင့်ဖို့ အကုန်လုံးက သဘောတူကြပါတယ်။

အဲဒီအချိန်မှာ မြတ်စွာဘုရားဟာ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ ဝါဆိုဖို့ နီးကပ်နေတဲ့အတွက် "ဝေဠုဝန်ကျောင်းတော်မှာပဲ ဝါဆိုမယ်"လို့ ဗိမ္ဗိသာရမင်းကြီးဆီမှာ ဝန်ခံပြီးဖြစ်ပါတယ်။

ဝေသာလီမြို့သူမြို့သားတွေက "ဗိမ္ဗိသာရမင်းကို ခွင့်ပန်ပြီး ဘုရားရှင်ကို ဝေသာလီမြို့သို့ရောက်အောင် ပင့်ဆောင်လာခဲ့ကြပါ"လို့ ပြောပြီး မဟာလိလိစ္ဆဝီနဲ့ ပုရောဟိတ်ပုဏ္ဏားသားတို့ကို လွှတ်လိုက်ကြပါတယ်၊ လက်ဆောင်ပဏ္ဏာလဲ အများအပြား စီရင်ပေးလိုက်ကြပါတယ်။

မဟာလိလိစ္ဆဝီနဲ့ ပုရောဟိတ်ပုဏ္ဏားသားတို့က ရာဇဂြိုဟ်မြို့ကို ရောက်သွားတဲ့အခါ ဗိမ္ဗိသာရမင်းအား ပါလာတဲ့ လက်ဆောင်ပဏ္ဏာတွေကိုလဲ ဆက်သကြပါတယ်၊

http://www.dhammadownload.com

လာရတဲ့အကြောင်းကိုလဲ ပြောပြကြပါတယ်၊ "အရှင်မင်းမြတ် ! ဘုရားရှင်ကို အကျွန်ုပ်တို့ရဲ့ ဝေသာလီမြို့သို့ ပို့ဆောင်ပေးပါ" လို့လဲတောင်းပန်ကြပါတယ်၊ ဒါကို ဗိမ္ဗိသာရမင်းက လက်မခံပါဘူး၊ "ခင်ဗျားတို့ကိုယ်တိုင်ပဲ ဘုရားရှင်ကို လျှောက်ထားကြတာပေါ့" လို့ ပြောလိုက်ပါတယ်၊ ဘယ်လက်ခံလို့ဖြစ်မလဲ၊ ဘုရားရှင်ကို သူပိုင်တာမှ မဟုတ်ဘဲကိုး။

ဒီတော့ မဟာလိလ္ဆဝိနဲ့ ပုရောဟိတ်ပုဏ္ဏားသားတို့က ဘုရားရှင်ဆီ သွားရောက်ရှိခိုးပြီး လျှောက်ထားတောင်းပန်ကြပါတယ်။

"ရှင်တော်မြတ်ဘုရား ! ဝေသာလီမြို့မှာ ဘေးရန် ၃-မျိုး ဖြစ်ပေါ်နေပါတယ်၊ အဲဒီ ဘေးရန်တွေဟာ ရှင်တော်မြတ်ဘုရား ကြွလာလို့ရှိရင် ငြိမ်းအေးပါလိမ့်မယ်၊ (ဒီလို အကုန်လုံးကပဲ ယုံကြည်နေကြပါတယ်၊) ရှင်တော်မြတ်ဘုရား ကြွတော်မူပါ၊ သွားကြပါစို့ရဲ့"။

သူတို့ရဲ့ လျှောက်ထားချက်ကို ကြားရတဲ့အခါ ဘုရားရှင်က ဉာဏ်စက္ခုနဲ့ ဆင်ခြင်ကြည့်ရှုတော်မူပါတယ်။

"ဝေသာလီမြို့မှာ ရတနသုတ်ကိုဟောရင် အဲဒီ ရတနသုတ်ဆိုတဲ့ အစောင့်အရှောက်ဟာ စကြဝဠာ ကုဋေတစ်သိန်းတိုင်အောင် ပျံ့နှံ့လိမ့်မယ်၊ သုတ်ရဲ့အဆုံးမှာ သတ္တဝါပေါင်း ၈-သောင်း ၄-ထောင် အကျွတ်တရား ရကြလိမ့်မယ်၊ ဖြစ်ပွားနေတဲ့ ဘေးတွေလဲ ငြိမ်းအေးသွားကြလိမ့်မယ်"။

ဒီလို သိမြင်တော်မူပါတယ်၊ ဒါနဲ့ သူတို့လျှောက်ထားတာကို လက်ခံတော်မူလိုက်ပါတယ်။

"ဘုရားရှင် 'ဝေသာလီမြို့ကို ကြွမယ်'လို့ လက်ခံလိုက်ပြီ"ဆိုတဲ့ သတင်းစကားကို ဗိမ္ဗိသာရမင်းက ကြားသိရပါတယ်၊ ဒါနဲ့ မြို့မှာ ကြော်ငြာခိုင်းပါတယ်၊ ပြီးမှ ဘုရားရှင်ကို ချဉ်းကပ်လျှောက်ထားပါတယ်။

"ရှင်တော်မြတ်ဘုရား ! ဝေသာလီမြို့ကို ကြွမယ်လို့ လက်ခံလိုက်ပါသလား ?"။

"အေး-ဟုတ်တယ်၊ လက်ခံလိုက်ပြီ မဟာရာဇာ"။

"ဒါဖြင့် လမ်းပြင်ပြီးရုံလောက် သည်းခံစောင့်ဆိုင်းတော်မူပါဘုရား"။

ဒီလို လျှောက်ထားခဲ့ပြီး ရာဇဂြိုဟ်မြို့နဲ့ ၅-ယူဇနာရှိတဲ့ (လမ်းခရီးကို) မြေညီအောင် အညှိခိုင်းပါတယ်၊ တစ်ယူဇနာမှာ ကျောင်းတစ်ဆောင်စီ ဆောက်လုပ်ခိုင်းထား

http://www.dhammadownload.com

ပါတယ်၊ ကိစ္စပြီးတဲ့အခါ "ကြွတော်မူနိုင်ပါပြီ ရှင်တော်မြတ်ဘုရား" လို့ ဘုရားရှင်ကို လျှောက်ထားပါတယ်။

ဘုရားရှင်က ရဟန်းတော် ၅-ရာနဲ့အတူ ကြွတော်မူပါတယ်၊ ဗိမ္ဗိသာရမင်းက တစ်ယူဇနာအတွင်းမှာ ဒူးမျှလောက် အပိုင်းအခြားဖြင့် အဆင်း ၅-မျိုးရှိတဲ့ပန်းတွေကို ကြဲဖြန့်ခိုင်းပါတယ်၊ တံခွန်ကုက္ကား ငှက်ပျောပင် စသည်တို့ကိုလဲ လမ်းဘေးတစ်ဖက် တစ်ချက်မှာ အစိုက်ခိုင်းထားပါတယ်၊ ဘုရားရှင်အတွက် ၂-ဆင့်ထီး အလုပ်ခိုင်းပြီး ထီးဖြူ ၂-လက် အမိုးခိုင်းပါတယ်၊ ရဟန်းတစ်ပါးကို ထီးဖြူတစ်လက်ကျ အမိုးခိုင်းပါတယ်၊ ခွေရံပရိသတ်နဲ့အတူ နံ့သာပန်းစသည်နဲ့ ပူဇော်ရင်း လိုက်ပါလာပါတယ်၊ မြတ်စွာဘုရားကို ကျောင်းတစ်ဆောင်မှာ တစ်နေ့ သီတင်းသုံးစေပြီး ကြီးကျယ်တဲ့ အလှူဒါနကို ပေးလှူပါတယ်၊ ၅-ရက်နဲ့ ဂင်္ဂါမြစ်ကမ်းကို အရောက် ပို့ဆောင်ပါတယ်၊ "ဂင်္ဂါမြစ်ကမ်းမှာ လှေကိုတန်ဆာဆင်ရင်း လမ်းကိုပြင်ဆင်ပြီး ဘုရားရှင်ကို ဆီးကြိုကြပါ" လို့ ဝေသာလီမြို့သူမြို့သား တွေဆီကို သတင်းပို့လိုက်ပါတယ်။

ဝေသာလီ မြို့သူမြို့သားတွေက "၂-ဆတိုးတဲ့ ပူဇော်မှုမျိုးကို လုပ်မယ်" ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဝေသာလီမြို့နဲ့ ဂင်္ဂါမြစ်အကြား ၃-ယူဇနာရှိတဲ့ လမ်းခရီးကို မြေညီအောင်ညှိပါတယ်၊ မြတ်စွာဘုရားအတွက် ထီးဖြူ ၄-လက်, ရဟန်းတစ်ပါး တစ်ပါးအတွက် ထီးဖြူ ၂-လက် ၂-လက်စီ, ၂-ဆင့်ထီးချည်း စီမံလုပ်ကိုင်ပြီး မြတ်စွာဘုရားကို ပူဇော်ရအောင်လို့ လာကြပါတယ်၊ ဂင်္ဂါမြစ်ကမ်းမှာပဲ စောင့်ဆိုင်းနေကြပါတယ်။

ဗိမ္ဗိသာရမင်းက လှေ ၂-စင်းတွဲပြီး မဏ္ဍပ်အလုပ်ခိုင်းပါတယ်၊ မဏ္ဍပ်ကို ပန်းကုံး, ပန်းဆိုင်းစသည်နဲ့ တန်ဆာအဆင်ခိုင်းပါတယ်၊ ဘုရားရှင်အတွက် ရတနာမျိုးစုံနဲ့ လုပ်ထားတဲ့နေရာကို အခင်းခိုင်းထားပါတယ်၊ ဘုရားရှင်က အဲဒီခင်းထားတဲ့ နေရာမှာ သီတင်းသုံးထိုင်နေတော်မူပါတယ်၊ ရဟန်းတွေကလဲ လှေပေါ်ကိုတက်ပြီး မြတ်စွာဘုရားကို ခြံရံထိုင်နေကြပါတယ်။

ဗိမ္ဗိသာရမင်းက လိုက်ပို့ရင်း လည်ပင်းပမာဏရှိတဲ့ရေတိုင်အောင် ဆင်းပြီး "ရှင်တော်မြတ်ဘုရား ! ရှင်တော်မြတ်ဘုရား ပြန်ကြွလာတဲ့အထိ ဒီဂင်္ဂါမြစ်ကမ်းမှာပဲ နေပါ့မယ်" လို့ ပြောဆိုလျှောက်ထားပါတယ်၊ လှေကိုလွှတ်လိုက်ပြီး ပြန်တက်လာပါတယ်။

မြတ်စွာဘုရားက တစ်ယူဇနာလောက်ခရီးကို ဂင်္ဂါမြစ်ကပဲ သွားရပါတယ်၊ ပြီးမှ ဝေသာလီမြို့သူမြို့သားတို့ရဲ့ နယ်စပ်ကို ရောက်သွားပါတယ်။

http://www.dhammadownload.com

ဝေသာလီမြို့သားတွေက ဘုရားရှင်ကို ကြိုဆိုလိုကြတဲ့အတွက် လည်ပင်း ပမာဏရှိတဲ့ရေတိုင်အောင် ဆင်းလာကြပါတယ်၊ လှေတော်ကို ကမ်းနားသို့ ဆွဲယူကြပြီး ဘုရားရှင်ကို လှေက ပင့်ဆောင်ကြပါတယ်။

ဘုရားရှင် လှေကဆင်းပြီး ကမ်းကို နင်းမိတယ်ဆိုရင်ပဲ မိုးသားတွေ အများအပြား တက်လာပြီး ကြာတောမှာ ရွာတဲ့မိုးနဲ့တူတဲ့ (ပေါက္ခရဝဿ) မိုးရွာလာပါတော့တယ်၊ ရပ်ကွက်တိုင်းမှာ ဒူးလောက်, ပေါင်လောက်, ခါးလောက် စသည်ဖြင့် နက်တဲ့ရေတွေဟာ စီးသွားကြပါတယ်၊ ဒါနဲ့ လူသေကောင်ပုပ်တွေ အကုန်လုံး ဂင်္ဂါမြစ်ထဲကို မျောပါသွားကြပါတယ်၊ မြေပြင်တစ်ခုလုံး သန့်ရှင်းစင်ကြယ်သွားပါတယ်။

လိစ္ဆဝီမင်းတွေက မြတ်စွာဘုရားကို ယူဇနာတိုင်း ယူဇနာတိုင်းမှာ သီတင်းသုံးနေစေတော်မူပါတယ်၊ ကြီးမာတဲ့အလှူကို ပေးလှူကြပါတယ်၊ ၂-ဆတိုးတဲ့ ပူဇော်မှုမျိုးကို ပြုလုပ်ရင်း ၃-ရက်နဲ့အရောက် ဝေသာလီမြို့ကို ပင့်ဆောင်ကြပါတယ်။

သိကြားမင်းက နတ်အပေါင်းခြံရံပြီး ဘုရားဖူးရအောင် ရောက်လာပါတယ်၊ တန်ခိုးကြီးတဲ့နတ်တွေ စုဝေးလာတော့ တစ္ဆေသရဲတွေဟာ အများအားဖြင့် ထွက်ပြေးကုန်ကြပါတယ်။

မြတ်စွာဘုရားက ညနေချမ်းအချိန်မှာ မြို့တံခါးမှာ ရပ်တော်မူပြီး အရှင်အာနန္ဒာကို အမိန့်ရှိတော်မူပါတယ်။

"အာနန္ဒာ ! (သင်ကိုယ်တိုင်) ဒီရတနသုတ်ကို သင်ယူရမယ်၊ လိစ္ဆဝီမင်းသားကလေးတွေနဲ့အတူ လှည့်ပတ်ပြီး ဝေသာလီမြို့ရဲ့ တံတိုင်း ၃-ထပ်ကြားမှာ (ဒီရတနသုတ်ဆိုတဲ့)ပရိတ်ကို ရွတ်ရမယ်"။

အရှင်အာနန္ဒာကလဲပဲ မြတ်စွာဘုရားထံတော်ပါးက ရတနသုတ်ကို သင်ယူတော်မူပါတယ်၊ ပြီးတော့ မြတ်စွာဘုရားရဲ့ ကျောက်ညှိသပိတ်နဲ့ ရေကိုယူပြီး မြို့တံခါးမှာ ရပ်ရင်း-

"ဘုရားဆုကို တောင်းတဲ့ အခါကစပြီး မြတ်စွာဘုရားရဲ့ 'ပါရမီ ၁၀-ပါး, ဥပပါရမီ ၁၀-ပါး, ပရမတ္ထပါရမီ ၁၀-ပါး' ဒီလို အတိအကျ ဖြစ်တဲ့ ပါရမီတော် ၃၀၊ စွန့်ခြင်းကြီး ၅-ပါး၊ 'လောကအတွက်ကျင့်တော်မူပုံ, ဆွေတော်မျိုးတော်တွေအတွက်ကျင့်တော်မူပုံ, သဗ္ဗညုတဉာဏ်တော်အတွက် ကျင့်တော်မူပုံ' ဆိုတဲ့ အကျင့် ၃-မျိုး၊ နောက်ဆုံးဘဝကျတော့ မယ်တော်ဝမ်းမှာ ပဋိသန္ဓေတည်နေတာ, ဖွားတော်မူတာ, တောထွက်တော်မူတာ, ကမ္မဋ္ဌာန်းတရားကျင့်

http://www.dhammadownload.com

တော်မူတာ, ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ မာရ်နတ် သားကို အောင်တော်မူတာ, သဗ္ဗညုတဉာဏ်တော်နဲ့ တရားအကုန်လုံးကို ထိုးထွင်းသိတော်မူတာ, ဓမ္မစက်ကြာတရား ဟောတော်မူတာ, လောကုတ္တရာတရား ၉-ပါး"-

အစရှိတဲ့ ဘုရားဂုဏ်တော်, ကျေးဇူးတော်တွေကို ဆင်ခြင်ပြီး ဝေဿလီ မြို့တွင်းသို့ ဝင်သွားပါတယ်၊ ညဉ့် ၃-ယာမ်ပတ်လုံး တံတိုင်း ၃-ထပ်တို့ရဲ့အကြားမှာ ရတနသုတ် ပရိတ်တော်ကိုလဲ ရွတ်, ပရိတ်ရေကိုလဲ ပက်ဖျန်းရင်း လှည့်ပတ်သွားလာနေပါတယ်။

အရှင်အာနန္ဒာက "ယံကိဉ္စိ"လို့ ဆိုတဲ့ခဏမှာ အပေါ်ကို ပက်လိုက်တဲ့ရေဟာ တစ္ဆေသရဲတွေရဲ့ အပေါ်ကို ကျပါတယ်၊ "ယာနီဓ ဘူတာနိ"ဆိုတဲ့ ဂါထာကို ရွတ်တာကစပြီး ရေစက်ရေပေါက်တွေဟာ ကောင်းကင်ကသွားပြီး လူမမာတွေရဲ့ အပေါ်ကို ကျပါတယ်၊ အဲဒီခဏမှာပဲ လူမမာတွေဟာ ရောဂါပျောက်ကင်းသွားကြပါတယ်၊ ဟိုအနားကထလာ, ဒီအနားကထလာပြီး အရှင်အာနန္ဒာကို ဝိုင်းရံနေကြပါတယ်။

တန်ခိုးကြီးနတ်တွေ လာတုန်းက အမှိုက်ပုံတွေ, အိမ်နံရံ, တိုက်နံရံတွေမှာ ခိုကပ်ပြီး မပြေးဘဲ တစ္ဆေသရဲတွေအများကြီး ကျန်နေပါသေးတယ်၊ အရှင်အာနန္ဒာက "ယံကဉ္စိ"လို့ ရွတ်လိုက်တာကစပြီး ရေစက်ရေပေါက်ထိသမျှ အဲဒီ တစ္ဆေသရဲတွေဟာ နီးရာတံခါးက ထွက်ပြေးကြရပါတော့တယ်၊ တံခါးမဆုံတာနဲ့ အချို့က တံတိုင်းတွေကို ချိုးဖျက်ပြီး ထွက်ပြေးကြရပါတယ်။

မြို့သူမြို့သား လူအများက မြို့အလယ်မှာရှိနေတဲ့ မြို့တော်ခန်းမကို နံ့သာမျိုးစုံ လိမ်းကျံကြပါတယ်၊ အပေါ်မှာ ရွှေကြယ်ပွင့်စသည်နဲ့ ဆန်းကြယ်တဲ့ မျက်နှာကြက်ကို လုပ်ကြပါတယ်၊ ဘုရားရှင်အတွက် နေရာတော်ကို ခင်းကျင်းပြင်ဆင်ပြီး ဘုရားရှင်ကို ပင့်ဆောင်ကြပါတယ်။

ဘုရားရှင်က ပြင်ဆင်ထားတဲ့နေရာမှာ သီတင်းသုံးထိုင်တော်မူပါတယ်၊ ရဟန်းတွေနဲ့ လိစ္ဆဝီမင်းတွေက ဘုရားရှင်ကို ခြံရံပြီး ထိုင်ကြပါတယ်၊ သိကြားမင်းက နတ်အပေါင်းခြံရံပြီး သင့်တော်တဲ့နေရာက ရပ်နေပါတယ်၊ အရှင်အာနန္ဒာက တစ်မြို့လုံးကို လှည့်ပတ်ပရိတ်ရွတ်ပြီးတဲ့နောက် ရောဂါပျောက်ကင်းချမ်းသာသွားတဲ့ လူတွေနဲ့အတူ ကြွလာပြီး မြတ်စွာဘုရားကို ရှိခိုးထိုင်နေပါတယ်။

ဘုရားရှင်က ပရိသတ်ကို ကြည့်တော်မူပြီး ရတနသုတ်ကိုပဲ ဟောတော်မူပါတယ်၊ တရားတော်ရဲ့အဆုံးမှာ သတ္တဝါပေါင်း ၈-သောင်း ၄-ထောင် အကျွတ်တရား ရကြပါတယ်၊ အဲဒီလို ရတနသုတ်ကို ချည်း ၇-ရက်လုံးလုံး ထပ်ထပ်

http://www.dhammadownload.com

ဟောတော်မူပါတယ်၊ ဘေးအကုန်လုံး ငြိမ်းအေးသွားကြောင်း သိရတဲ့အခါ လိစ္ဆဝီ မင်းတွေကို ပြောကြားပြီး ဝေသာလီမြို့က ပြန်ကြွလာခဲ့ပါတယ်။

ပစ္စေကဗုဒ္ဓါတွေရဲ့ ပရိတ်

ပရိတ်ရေ အစွမ်းထက်တဲ့အကြောင်း ပြောပြပြီးတဲ့နောက် ပရိတ်သဲ့, ပရိတ် ချည်တွေ အစွမ်းထက်ပုံကို ပြောပြပါအုံးမယ်။

ဗာရာဏသီမြို့ ဖြဟ္မဒတ်မင်းမှာ သားတစ်ရာရှိတဲ့အထဲက ဘုန်းကြီးတို့ရဲ့ ဘုရားအလောင်းတော်ဟာ သားအငယ်ဆုံး ဖြစ်နေပါတယ်၊ ဘုရင့်နန်းတော်မှာလဲ ပစ္စေကဗုဒ္ဓါတွေ ဆွမ်းဘုဉ်းပေလေ့ ရှိကြပါတယ်၊ ဘုရားလောင်း မင်းသား ကလေးက ပစ္စေကဗုဒ္ဓါတွေရဲ့ ဝေယျာဝစ္စကို ဆောင်ရွက်ပေးနေရပါတယ်၊ ပစ္စေက ဗုဒ္ဓါတွေရဲ့ အလုပ်အကျွေးကလေး ဆိုကြပါစို့ရဲ့။

"ငါ့မှာ အစ်ကိုတွေ အများကြီးရှိနေတယ်၊ ငါဟာ ဒီမြို့မှာ မင်းဖြစ်နိုင်မယ်လား၊ မဖြစ်နိုင်ဘူးလား ?"။

တစ်နေ့မှာ မင်းသားကလေးက ဒီလို စဉ်းစားမိပါတယ်၊ "ပစ္စေကဗုဒ္ဓါတွေကို လျှောက်ထားကြည့်ရင် အမှန်အတိုင်း သိရမှာပါပဲ"၊ ဒီလိုလဲ အကြံရလာပြန်တယ်။

မင်းသားကလေးက နောက်တစ်နေ့ ပစ္စေကဗုဒ္ဓါတွေ ကြွလာတဲ့အခါ ရေစစ်နဲ့ ရေကိုစစ်၍ ခြေတွေကို ဆေးကြောပေးပါတယ်၊ ဆီလဲ လိမ်းပေးပါတယ်၊ ပစ္စေက ဗုဒ္ဓါတွေက ဆွမ်းမစားခင်အကြား မုန့်ပဲသရေစာတွေကို ဘုဉ်းပေးပြီး ထိုင်နေတဲ့ အချိန်မှာ ဒီအကြောင်းကို လျှောက်ထားမေးမြန်းပါတယ်။

"မင်းသားကလေး ! သင်ဟာ ဒီမြို့မှာ မင်းအဖြစ်ကိုရနိုင်မယ် မဟုတ်ဘူး၊ ဒီဗာရာဏသီမြို့ကနေ ယူဇနာ ၁၂၀-ဝေးတဲ့ ဂန္ဓာရတိုင်းမှာ တက္ကသိုလ်မြို့ ဆိုတာ ရှိတယ်၊ အဲဒီကို သွားနိုင်လို့ရှိရင် ဒီနေ့က ၇-ရက်မြောက်နေ့မှာ မင်းအဖြစ်ကို ရလိမ့်မယ်၊ ခရီးအကြား တောအုပ်ကြီးမှာတော့ ဘေးရန်ရှိနေတယ်၊ အဲဒီတောအုပ်ကို ရှောင်သွားမယ်ဆိုရင် ယူဇနာတစ်ရာဝေးတယ်၊ ဖြတ်ပြီး ဖြောင့်ဖြောင့်သွားမယ်ဆိုရင် ယူဇနာ ၅၀-ပဲ ဝေးတယ်။

အဲဒီလမ်းဟာ ဘီလူးစိုးပိုင်တဲ့ လမ်းဖြစ်တယ်၊ လမ်းခရီးအကြားမှာ ဘီလူးတွေက ရွာတွေ, တည်းခိုဇရပ်တွေ ဖန်းဆင်းထားတတ်တယ်၊ ရွှေကြယ်ပွင့်ကလေးတွေနဲ့ ဆန်းကြယ်တဲ့ အပေါ်မျက်နှာကြက်တွေ တပ်ဆင်ထားတဲ့ အိပ်ရာကို ခင်းထားတတ်တယ်၊ ဆိုးရေအမျိုးမျိုးနဲ့ ဆိုထားတဲ့ (ဆေးဆိုး

၁။ ဇာတက-၅-၁၊ ၄၁၇

http://www.dhammadownload.com

ပန်းရိုက်)အဝတ်ခန်းဆီးတွေကိုလဲ ကာရံထားတတ်တယ်၊ ပြီးတော့ သူတို့ရဲ့ တစ်ကိုယ်လုံးကို အင်မတန်ကောင်းတဲ့ အဆင်တန်ဆာတွေနဲ့ တန်ဆာဆင်ပြီး ဇရပ်တွေမှာ ထိုင်နေတတ်ကြတယ်။

ရောက်လာသမျှလူကို ချိုသာတဲ့စကားနဲ့ သိမ်းသွင်းတတ်ကြပါတယ်၊ 'ဦးကြီးတို့, ဦးလေးတို့, မောင်လေးတို့ သိပ်ခရီးပန်းလာကြပုံ ရပါတယ်၊ ဒီကို ကြွပါအုံးလား၊ ရေလေး ဘာလေးသောက်ပြီးမှ သွားကြတာပေါ့ရှင်'၊ ဒီလို ခေါ်ပြီး လာလာသမျှလူတွေကို နေရာထိုင်ခင်းများ ပေးကြပါတယ်၊ မိမိတို့ရဲ့ ရုပ်အဆင်း မူရာမာယာ အမျိုးမျိုးတွေနဲ့ ဖြားယောင်းသွေးဆောင်ကြပါတယ်၊ အလိုသို့လိုက်ပါလာပြီး သူတို့နဲ့အတူ ကျူးလွန်ဖောက်ပြားတဲ့ လူတွေကို အဲဒီ နေရာမှာပဲ သွေးရဲရဲ သံရဲရဲနဲ့ စားသောက်ပြီး အသက်ကုန်ဆုံး ခြင်းသို့ ရောက်စေ ကြပါတယ်။

ရူပါရုံကို စွဲမက်တဲ့သူကို ရူပါရုံနဲ့ပဲ ဖမ်းယူတတ်ကြပါတယ်၊ သဒ္ဒါရုံကို စွဲမက်တဲ့သူကို သာယာတဲ့ သီချင်းသံ, တီးသံ, မှုတ်သံတွေနဲ့ ဖမ်းယူတတ်ကြ ပါတယ်၊ ဂန္ဓာရုံကို စွဲမက်တတ်တဲ့သူကို အင်မတန်မွှေးကြိုင်တဲ့ အနံ့တွေနဲ့ ဖမ်းယူတတ်ကြပါတယ်၊ ရသာရုံကို မက်မောခင်တွယ်တတ်သူကို အင်မတန် ကောင်းတဲ့အစားအစာမျိုးစုံနဲ့ ဖမ်းယူတတ်ကြပါတယ်၊ ဖောဋ္ဌဗ္ဗာရုံကို စွဲမက် တတ်တဲ့သူကို ခြေရင်းခေါင်းရင်းမှာ နီတဲ့အုံးတွေပါရှိတဲ့ အင်မတန် အိစက် ညက်ညောတဲ့ အိပ်ရာနေရာတွေနဲ့ ဖမ်းယူတတ်ကြပါတယ်၊ အကယ်၍သာ အဲဒီ ဘီလူးမတွေကို မကြည့်ဘဲ သတိထား သွားနိုင်မယ်ဆိုရင် ၇-ရက်မြောက်တဲ့နေ့ တက္ကသိုလ်မြို့မှာ မင်းအဖြစ်ကို ရနိုင်စရာ ရှိပါတယ်"။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ရဲ့ စကားကို ကြားရတဲ့အခါ မင်းသားကလေးက "ဖြစ်ချင်တာ ဖြစ်ပါစေတော့ဘုရား၊ အရှင်ဘုရားတို့ရဲ့ သြဝါဒကို ခံယူထားမှပဲ ဒီကောင်မတွေကို ဘာကြည့်တော့မလဲ"၊ ဒီလို ပစ္စေကဗုဒ္ဓါတွေကို လျှောက်ထား ပါတယ်၊ ပစ္စေကဗုဒ္ဓါ တွေကို ပရိတ်ရွတ်စေပါတယ်၊ ပရိတ်သံ, ပရိတ်ချည်တွေကို ယူပြီး ပစ္စေကဗုဒ္ဓါ တွေကိုရော, အမေအဖေတွေကိုရော ရှိခိုးပြီးတဲ့နောက် ကိုယ့်အိမ်ကို ပြန်သွားပါတယ်။

"ငါဟာ တက္ကသိုလ်မြို့မှာ မင်းအဖြစ်ကို သိမ်းပိုက်ရအောင် သွားမယ်၊ ခင်ဗျားတို့ ဒီမှာပဲ နေရစ်ကြတာပေါ့"။

ဒီလို နောက်လိုက်ငယ်သားတွေကို ပြောပါတယ်၊ ဒီတော့ နောက်လိုက်ငယ်သား ၅-ယောက်က အတူလိုက်ပါကြရန် မင်းသားကလေးထံ ခွင့်ပန်ကြပါတယ်။

http://www.dhammadownload.com

"ကျွန်တော်တို့လဲ နောက်ကလိုက်ပါရစေ"။

"ခင်ဗျားတို့ လိုက်လို့မဖြစ်ဘူး၊ လမ်းခရီးအကြား ဘီးလူမတွေက ရူပါရုံကို စွဲမက်တတ်တဲ့လူကို ရူပါရုံနဲ့, သဒ္ဒါရုံကို စွဲမက်တတ်တဲ့လူကို သဒ္ဒါရုံနဲ့, ဂန္ဓာရုံကို စွဲမက်တတ်တဲ့လူကို ဂန္ဓာရုံနဲ့, ရသာရုံကို စွဲမက်တတ်တဲ့လူကို ရသာရုံနဲ့, ဖောဋ္ဌဗ္ဗာရုံကို စွဲမက်တတ်တဲ့လူကို ဖောဋ္ဌဗ္ဗာရုံနဲ့ ဖြားယောင်းသွေးဆောင်ပြီး ဖမ်းယူတတ်တယ်တဲ့၊ အင်မတန် ဘေးရန်များတယ်၊ ကျုပ်ကတော့ ကိုယ့်ကို ကိုယ် ကြဲစည်တွေးဆပြီး သွားမယ်"။

"အရှင်မင်းသားနဲ့ အတူသွားကြရတဲ့ ကျွန်တော်တို့တစ်တွေဟာ ကိုယ်ခင်တွယ် စွဲမက်တတ်တဲ့ ရူပါရုံစတဲ့ အာရုံတွေကို ဘယ်လိုလုပ်ပြီး ကြည့်နေကြတော့မလဲ ?၊ ကျွန်တော်တို့ကလဲ အရှင်မင်းသားလိုပဲ သွားပါ့မယ်"။

"ဒါဖြင့် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မလုပ်ကြနဲ့"။

ဒီလို သတိပေးပြောဆိုပြီး မင်းသားကလေးက နောက်လိုက်ငယ်သား ၅-ယောက်ကို ခေါ်ပြီး ခရီးထွက်လာခဲ့ပါတယ်။

လမ်းမှာ ဘီလူးမတွေက ရွာတွေ, တည်းခိုဧရပ်တွေကို ဖန်ဆင်းပြီး သူတို့ရဲ့ ကိုယ်ကိုလဲ ကြော့နေ မော့နေအောင် ပြုပြင်ဖန်ဆင်းထားကြပါတယ်။

မင်းသားကလေးရဲ့ နောက်လိုက်နောက်ပါ ၅-ယောက်ထဲက ရူပါရုံကို စွဲမက်တတ်သူတစ်ယောက်က ဘီလူးမတွေကို တွေ့ရတဲ့အခါ ရူပါရုံနဲ့ ဖမ်းစားမှုကို ခံရတဲ့အတွက် အနည်းငယ် နောက်ချန်နေရစ်ပါတယ်၊ ဒီတော့ သူ့လူကို စိတ်မချတာနဲ့ မင်းသားကလေးက သတိပေးပြောဆိုပါတယ်။

"ဟေ့-ဘာကြောင့် နောက်ချန်နေရစ်ရတာလဲ ?"။

"ခြေတွေ နည်းနည်းနာနေလို့ပါ အရှင်မင်းသားရယ်၊ ဧရပ်မှာ ခဏလေး ထိုင်နေပြီး လိုက်လာခဲ့ပါ့မယ်"။

"ဟေ့-ဒါတွေဟာ ဘီလူးမတွေပဲ၊ ဒီကောင်မတွေကို စွဲမက်ပြီးမနေနဲ့"။

"အရှင်မင်းသား ! ဖြစ်ချင်တာဖြစ်ပါစေတော့၊ မစွဲမက်ဘဲ မနေနိုင်တော့ပါဘူး"။

"ဒါဖြင့် နောက်ကျရင် သိရောပေါ့"။

မင်းသားကလေးက ဘယ်လိုပဲပြောပြော မရတော့ပါ၊ ကျန်ရှိတဲ့ အခြားလေးယောက်တို့ကိုပဲ ခေါ်ပြီး သွားရပါတော့တယ်။

http://www.dhammadownload.com

ရူပါရုံကို စွဲမက်ပြီး ကျန်ရစ်သူက ဘီလူးမတွေ့ဆီကို သွားပါတယ်၊ ဘီလူးမတွေကလဲ သူ့ကို ပျူပျူငှာငှာ လက်သင့်ခံပြီး ပျော်ပါးမှုကို ပြုကြပါတယ်၊ ပြီးတော့ အဲဒီနေရာမှာပဲ သွေးရဲရဲ သံရဲရဲနဲ့ ဖမ်းယူစားသောက် အသက်ကုန်ဆုံးခြင်းသို့ ရောက်စေကြပါတယ်။

အဲဒီလို စားသောက်ပြီးတဲ့အခါ ဘီလူးမတွေက မင်းသားကလေးတို့ရဲ့ ရှေ့ကို သွားပြီး အခြားတည်းခိုစရာ ဧရပ်တစ်ခုကို ဖန်ဆင်းထားကြပြန်တယ်၊ တူရိယာ အမျိုးမျိုးတို့ကို ကိုယ်စီကိုယ်စီ ကိုင်တွယ်တီးမှုတ်ကြပြီး သီချင်းဆိုနေကြပါတယ်၊ အဲဒီနေရာမှာ သဒ္ဒါရုံကို စွဲမက်တတ်တဲ့လူတစ်ယောက် ချန်နေရစ်ပြန်တယ်၊ ဘီလူးမတွေက သူ့ကိုလဲ ဖက်လဲတကင်း လက်သင့်ခံပျော်ပါးပြီး စားပစ်လိုက်ကြပါတယ်။

ပြီးတော့ မင်းသားကလေးတွေရဲ့ ရှေ့ကို သွားကြပြန်တယ်၊ နံ့သာတွေကို ဗူးကြီးဗူးငယ်အမျိုးမျိုးမှာ အပြည့်ထည့်ပြီး ဈေးဖွန့်ခင်းပြီး နေကြ[illegible]ယ်၊ သင်းပျံ့မွှေးကြိုင်တဲ့ အနံ့တွေက ပတ်ဝန်းကျင်မှာ ပျံ့လွှင်နေပါတယ်၊ အဲဒီမှာ ဂန္ဓာရုံကို စွဲမက်တတ်တဲ့လူတစ်ယောက် ချန်နေရစ်ပြန်ရော၊ ဘီလူးမတွေက သူ့ကိုလဲ လက်ခံပျော်ပါးပြီး စားပစ်လိုက်ကြတာပါပဲ။

ပြီးတော့တစ်ခါ မင်းသားကလေးတွေရဲ့ ရှေ့ကိုရောက်အောင် သွားကြ ပြန်တယ်၊ စွဲမက်စရာကောင်းတဲ့ ထမင်းတွေ, ဟင်းတွေကို အိုးတွေ ခွက်တွေနဲ့ အပြည့်ထည့်ပြီး ထမင်းဆိုင်တန်း ဖြန့်ခင်းပြီး နေကြပါတယ်၊ အဲဒီမှာ ရသာရုံကို စွဲမက်တတ်တဲ့ လူတစ်ယောက် ချန်နေရစ်ပြန်ရော၊ ဘီလူးမတွေက သူ့ကိုလဲ စားပစ်လိုက်ကြပါတယ်။

ပြီးတော့ မင်းသားကလေးတွေရဲ့ ရှေ့ကိုသွားပြီး အင်မတန် အိစက်ညက်ညောတဲ့ အိပ်ရာနေရာတွေကို ခင်းပြီး နေကြပြန်တယ်၊ အဲဒီမှာ ဖောဋ္ဌဗ္ဗာရုံကို စွဲမက်တတ်တဲ့ လူတစ်ယောက် ချန်နေရစ်ပါတယ်၊ သူ့ကိုလဲ ဘီလူးမတွေက စားပစ်လိုက်ကြတာပါပဲ၊ ဘုရားလောင်း မင်းသားကလေး တစ်ယောက်တည်းပဲ ကျန်ပါတော့တယ်။

ဒီတော့ ဘီလူးမတစ်ယောက်က "ဒီအမျိုးသားကလေးဟာ သိပ်ထက်မြက်တဲ့ ပညာရှိပါပေတယ်၊ ဘာပဲဖြစ်ဖြစ် ငါ သူ့ကို စားပြီးမှ ပြန်မယ်"၊ ဒီလိုစိတ်ကူးပြီး မင်းသားကလေးရဲ့ နောက်က ထက်ကြပ်မကွာ လိုက်သွားပါတော့တယ်။

တောအုပ်ကြီးရဲ့ တစ်ဖက်ကို ရောက်သွားတော့ တောမှာလာပြီး အလုပ်လုပ်တဲ့ လူတွေက ဘီလူးမကို သနားစဖွယ်တွေ့ကြရပါတယ်၊ ဒီတော့ "ရှေ့ကသွားတဲ့ လူဟာ အစ်မလေးနဲ့ ဘာတော်သလဲ ?"လို့ မေးကြပါတယ်၊ ကျွန်မရဲ့ ငယ်လင်ပါပဲရှင်"၊ ဒီလို ဘီလူးမက ပြန်ပြောပါတယ်၊ ဒါနဲ့ လူတွေက မင်းသားကလေးကို ပြောကြပါတယ်။

http://www.dhammadownload.com

မိတ်ဆွေ ! ဒီအမျိုးသမီးကလေးဟာ အင်မတန် နုလှပါတယ်၊ ပန်းကုံးပန်းခိုင်လေးနဲ့ မခြားလှပါဘူး၊ ရွှေအဆင်းလို ဝါဝင်းတဲ့အဆင်းလဲ ရှိပါတယ်၊ ကိုယ့်ဆွေ ကိုယ့်မျိုးတွေကို စွန့်လွှတ်ပြီး မိတ်ဆွေကို (အားကိုးအားထားရာ အနေနဲ့) ကြဲစည်တွေးဆပြီး လိုက်လာခဲ့ပါတယ်၊ ဘာ့ကြောင့် မပင်ပန်း မနွမ်းနယ်အောင် အတူခေါ်ပြီး မသွားပါသလဲ ?"။

လူတွေရဲ့ ပြောစကားကို ကြားရတော့ မင်းသားကလေးက ပြန်လည်ဖြေရှင်း ပြောပြပါတယ်။

"မိတ်ဆွေတို့ ! ဒီအကောင်မဟာ ကျွန်တော်ရဲ့မိန်းမ မဟုတ်ပါဘူး၊ ဘီလူးမပဲ ဖြစ်ပါတယ်၊ ဒီအကောင်မဟာ ကျွန်တော့်နောက်လိုက် ၅-ယောက် တို့ကို စားပစ်ခဲ့ပါပြီ"။

မင်းသားကလေးရဲ့ စကားဆုံးသွားတာနဲ့ တစ်ပြိုင်နက် ဘီလူးမက "မောင်တို့ရေ ! ယောကျ်ားတွေဆိုတာ စိတ်ဆိုးတဲ့အခါမှာ ကိုယ့်မိန်းမတွေကို ဘီလူးမလို့လဲ ပြောတတ်ကြပါတယ်၊ ပြိတ္တာမလို့လဲ ပြောတတ်ကြပါတယ်"လို့ လူတွေကို ပြောပြပါတယ်။

ဘီလူးမကလဲ သွားရင်း ကိုယ်ဝန်ဆောင်အသွင်ကို ဖန်ဆင်းပြီး ပြပါတယ်၊ ပြီးတော့တစ်ခါ သားတစ်ယောက်မွေးပြီးတဲ့ အမျိုးသမီးအသွင် ဖန်ဆင်းပါတယ်၊ သားကလေးကို ခါးတစ်ခွချီပြီး မင်းသားကလေးရဲ့နောက်က လိုက်နေတာပါပဲ။

တွေ့ရသမျှ, မြင်ရသမျှ လူတွေက တောတွင်းအလုပ်သမားတွေ မေးသလိုပဲ မေးကြပါတယ်၊ မင်းသားကလေးကလဲ အလားတူပဲ ဖြေဆိုပါတယ်၊ ဒီလိုနဲ့ သွားရင်းသွားရင်း တက္ကသိုလ်မြို့ကို ရောက်သွားပါတယ်၊ ဘီလူးမက သားကလေးကို ကွယ်ပျောက်စေပြီး တစ်ယောက်တည်းပဲ နောက်ကလိုက်လာပါတယ်။

မင်းသားကလေးက မြို့တံခါးနားကို ရောက်တဲ့အခါ ဓရုပ်တစ်ဆောင်ပေါ်တက်ထိုင်နေပါတယ်၊ ဘီလူမက မင်းသားကလေးရဲ့ တန်ခိုးကြောင့် ဓရုပ်အတွင်း မဝင်နိုင်ပါဘူး၊ နတ်သမီးကလေးလို လှပအောင်ဖန်ဆင်းပြီး ဓရုပ်တံခါးအနားမှာပဲ ရပ်နေရပါတယ်။

အဲဒီအချိန်မှာ တက္ကသိုလ်မင်းက ဥယျာဉ်ကို ထွက်လာပါတယ်၊ ဓရုပ်နားမှာ ရပ်နေတဲ့ ဘီလူးမကို တွေ့ရတော့ တိမ်းညွတ်တဲ့စိတ် ရှိလာပါတယ်။

"သွားစမ်းဟေ့ ဒီအမျိုးသမီးမှာ လင်ရှိတယ်, မရှိဘူးဆိုတာ သိအောင် လုပ်စမ်း"။

http://www.dhammadownload.com

ဒီလို ပြောပြီး လူတစ်ယောက်ကို စုံစမ်းခိုင်းလိုက်ပါတယ်။

အဲဒီလူက ဘီလူးမအနီးကိုသွားပြီး "အစ်မရေ ! အစ်မမှာ ကာမပိုင်လင် သားများ ရှိပါသလား ?"လို့ မေးပါတယ်၊ "ရှိပါတယ် မောင်ရေ ! ၊ ဟိုဇရပ်ပေါ်မှာ ထိုင်နေတဲ့ လူဟာ အစ်မရဲ့ယောကျ်ားပါပဲ"လို့ ဘီလူးမက ပြောပါတယ်၊ ဒီတော့ မင်းသား ကလေးက "အဲဒီအကောင်မဟာ ကျွန်တော့်မိန်းမ မဟုတ်ပါဘူး၊ ဘီလူးမပဲ ဖြစ်ပါ တယ်၊ ဒီအကောင်မဟာ ကျွန်တော်ရဲ့လူ ၅-ယောက်ကို စားပစ်ခဲ့ပါတယ်"လို့ ဇရပ်ပေါ်က လှမ်းပြောပါတယ်၊

ဒီတော့ ဘီလူးမကလဲပဲ ယောကျ်ားတွေဆိုတာဟာ စိတ်ဆိုးနေတဲ့အခါ ပြောချင်တာကို ပြောတတ်တာပါပဲရှင်"လို့ ပြောပြပါတယ်။

စုံစမ်းခိုင်းလိုက်တဲ့ ယောကျ်ားက ၂-ဦးလုံးရဲ့ ပြောစကားကို မင်းကြီးအား ပြန်ပြောပြပါတယ်၊ ဒီတော့ တက္ကသိုလ်မင်းက "ပိုင်ရှင်မရှိတဲ့ ဘဏ္ဍာဆိုတာ မင်းရဲ့ဥစ္စာပဲပေါ့"လို့ ပြောပြီး ဘီလူးမကို အခေါ်ခိုင်းလိုက်ပါတယ်၊ ဆင်တစ်စီး ပေါ်မှာတင်ပြီး မြို့ကို လက်ျာရစ်လှည့်ပါတယ်၊ နန်းတော်ပေါ်ကို ပြန်ရောက်တဲ့ အခါ ဘီလူးမကို မိဖုရားကြီးအရာမှာ ထားလိုက်ပါတယ်။

တက္ကသိုလ်မင်းက ရေမိုးချိုး အမွေးနုံသာ လိမ်းကျံပါတယ်၊ ညနေစာစား သောက်ပြီး ကျက်သရေရှိတဲ့ အိပ်ရာပေါ်ကို တ ်ါတယ်၊ ဘီလူးမကလဲ ကိုယ့် အတွက် တည်ခင်းကျွေးမွေးတဲ့ အစာအာဟာရကို စားသောက်ပါတယ်၊ တန်ဆာ ဆင်ယင် ပြင်ဆင်ပြီး ကျက်သရေရှိတဲ့ အိပ်ရာမှာ ရှင်ဘုရင်နဲ့အတူ ယှဉ်တွဲ လဲလျောင်း နေပါတယ်၊ မွေ့လျော်ပျော်ပါးပြီး ရှင်ဘုရင်က သက်သောင့်သက်သာ တစ်ဖက်ကို စောင်းအိပ်နေတဲ့ အချိန်မှာ ဘီလူးမက တစ်ဖက်ဘေးမှာ လူးလိမ့်ပြီး ငိုနေပါတယ်။

ဒီတော့ ရှင်ဘုရင်မှာ ပျာပျာသလဲ ခြေမကိုင်မိ လက်မကိုင်မိဆိုသလို ဖြစ်လာ ပါတယ်၊ "ရှင်မရယ် ! ဘာ့ကြောင့် ငိုနေရပါသလဲ ?"လို့လဲ မေးပါတယ်၊ ဒီတော့ ဘီလူးမက မိမိရဲ့ လိုလားချက်တွေကို ဖွင့်ဖော်အန်ထုတ်ပါတော့တယ်။

"အရှင်မင်းမြတ် ! ကျွန်မကို အရှင်မင်းမြတ်တို့က လမ်းပေါ်မှာတွေ့ တာနဲ့ သိမ်းပိုက်လာခဲ့ပါတယ်၊ အရှင်မင်းမြတ်တို့ရဲ့ နန်းတော်မှာလဲပဲ မိန်းမတွေ အများကြီးရှိနေကြပါတယ်၊ ကျွန်မဟာ လင်တူမိန်းမတွေရဲ့ ကြားမှာ နေရမှာ ဖြစ်ပါတယ်၊ 'ညည်းအမေက ဘယ်သူ, ညည်းအဖေက ဘယ်သူ, ဘယ်အနွယ်, ဘယ်အမျိုး'ဆိုတာ ဘယ်သူသိလို့လဲ ?၊ 'ညည်းဟာ လမ်းပေါ်မှာတွေ့လို့ ရှင်ဘုရင်က သိမ်းပိုက်လာတဲ့ ကောင်မပဲ'၊ ဒီလို ပြောစရာ ဆိုစရာတွေ

http://www.dhammadownload.com

ဖြစ်ပေါ်လာခဲ့ပါရင် ခေါင်းကိုကိုင်ပြီး တအားဖိနှိပ်လိုက်သလို သိန်းငယ်သွားရပါလိမ့်မယ်၊ အသရေပျက် အရှက်ကွဲရပါလိမ့်မယ်၊ အကယ်၍သာ အရှင်မင်းမြတ်တို့က တစ်တိုင်းတစ်နိုင်ငံလုံးမှာ အစိုးရမှုနဲ့ အာဏာကို ကျွန်မအား အပ်နှင်းထားပါရင် ဘယ်သူကမှ ကျွန်မစိတ်မကောင်းအောင် ပြောဆိုနိုင်မယ် မဟုတ်တော့ပါဘူး"။

"ရှင်မရေ ! တစ်တိုင်းတစ်နိုင်ငံလုံးမှာ ရှိနေတဲ့ လူတွေကို မောင်တော်က နည်းနည်းလေးမှ ပိုင်ဆိုင်ခွင့်ရှိတာ မဟုတ်ဘူး၊ မောင်တော်ဟာ အဲဒီလူတွေရဲ့ အရှင်သခင် မဟုတ်ပါဘူး၊ မင်းမိန့်အာဏာကို ဖျက်ဆီးပြီး မလုပ်သင့်တာတွေကို လုပ်နေတဲ့ လူတွေရဲ့ အရှင်သခင်သာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ရှင်မအား တစ်နိုင်ငံလုံးမှာပဲဖြစ်ဖြစ်, တစ်မြို့လုံးမှာပဲဖြစ်ဖြစ် အစိုးရမှုနဲ့ အာဏာကို မအပ်နှင်းနိုင်ပါ"။

"ဒါဖြင့် ဒါတွေကိုတော့ ထားပါတော့၊ နန်းတော်ထဲမှာ ရှိရှိသမျှ နန်းတွင်းအမှုထမ်းတွေရဲ့ အပေါ်မှာ ကျွန်မအလိုအတိုင်း လိုက်ပါအောင် အမိန့်အာဏာကို အပ်နှင်းတော်မူပါ"။

တက္ကသိုလ်ဘုရင်မင်းမြတ်က အင်မတန် အထက်တန်းကျတဲ့ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ နှောင်အိမ်ထဲမှာ ပိတ်လှောင်ထားမှုကို ခံနေရတဲ့အတွက် ဘီလူးမရဲ့ ပြောစကားကို မလွန်ဆန်နိုင်တော့ပါ။

"ရှင်မရေ ! ကောင်းပါပြီ၊ နန်းတွင်းအမှုထမ်းများ အပေါ်မှာ ရှင်မအား အာဏာအပ်နှင်းပါတယ်၊ ရှင်မကပဲ ဒီနန်းတော်တွင်းမှာ ရှိရှိသမျှသူတွေကို ကိုယ့်အလိုကျ စီမံပါတော့"။

ရှင်ဘုရင်က ဒီလို ဝန်ခံလိုက်ရပါတယ်၊ ဘီလူးမကလဲ "ကောင်းပါပြီ အရှင်မင်းမြတ် !"လို့ ပြောဆိုလက်ခံထားပါတယ်။

ဘီလူးမက ရှင်ဘုရင်အိပ်ပျော်သွားတဲ့ အချိန်မှာ ဘီလူးမြို့ကို ပြန်သွားပါတယ်၊ ဘီလူးတွေကို ခေါ်လာပါတယ်၊ သူကိုယ်တိုင်က ရှင်ဘုရင်ရဲ့ အသက်ဇီဝိန်ကို ခြွေလိုက်ပါတယ်၊ အရိုးလောက်သာ ချန်ထားပြီး အကြော, အရေ, အသား, အသွေး အကုန်လုံးကို စားသောက်ပစ်လိုက်ပါတယ်။

ကျန်တဲ့ ဘီလူးတွေက တံခါးမကြီးကစပြီး နန်းတော်ထဲမှာ ရှိရှိသမျှ ကြက်တွေ, ခွေးတွေကိုတောင် ချန်မထားဘဲ အကုန်လုံးကို စားသောက်ပစ်လိုက်ကြပါတယ်၊ အရိုးလောက်ပဲ ချန်ထားခဲ့ကြပါတယ်။

http://www.dhammadownload.com

နောက်တစ်နေ့မှာ နန်းတော်တံခါးကို ပိတ်ထားတဲ့အတိုင်းပဲ တွေ့နေကြရပါတယ်၊ ဒါနဲ့ လူတွေက ပေါက်ဆိန်တွေ, ရဲတင်းတွေနဲ့ တံခါးရွက်တွေကို ခုတ်ထစ်ပြီး အတွင်းကို ဝင်ကြည့်တဲ့အခါ နန်းတော်တစ်ခုလုံး အရိုးတွေ ပြန့်ကြဲနေတာ တွေ့ကြရပါတယ်၊ ဒီတော့ လူတွေက–

"ဒီအကောင်မဟာ ကျွန်တော်ရဲ့မိန်းမ မဟုတ်ပါဘူး၊ ဘီလူးမပဲ ဖြစ်ပါတယ်လို့ မြို့တံခါးနား ဇရပ်ကိုရောက်နေတဲ့ အမျိုးသားက ပြောဆိုတဲ့ စကားဟာ သိပ်မှန်တာပဲ၊ ရှင်ဘုရင်ကတော့ ဘာမှမသိနားမလည်ဘဲ ဒီအကောင်မကို သိမ်းပိုက်ခေါ်ယူလာပြီး မိဖုရားမြှောက်ခဲ့ပါတယ်၊ အဲဒီ အကောင်မက ဘီလူးတွေကို ခေါ်ပြီး လူအကုန်လုံးကို စားသောက်သွားတာ ဖြစ်ပါလိမ့်မယ်"။

ဒီလို ဝေဖန်ပြောဆိုနေကြပါတယ်။

မင်းသားကလေးကလဲ တစ်ညဥ့်လုံး အဲဒီဇရပ်မှာပဲ ပရိတ်သဲကို ခေါင်းပေါ်မှာ တင်ထားပါတယ်၊ ပရိတ်ချည်ကိုတော့ (ဘေးပတ်ဝန်းကျင်က) အကာအရံ လုပ်ထားပါတယ်၊ သံလျက်ကို စွဲကိုင်ပြီး ရပ်ရင်းပဲ အရဏ်တက်စေပါတယ်။

လူတွေက နန်းတော်တစ်ခုလုံးကို သုတ်သင်ရှင်းလင်းကြပါတယ်၊ နွားချေးစိုတွေနဲ့ လိမ်းသုတ်မှုကိုလဲ ပြုကြပါတယ်၊ အပေါ်မှာ နံ့သာတွေနဲ့ လိမ်းကျံကြပါတယ်၊ ပန်းတွေကို ကြဲဖြန့်ပြီး ပန်းကုံးတွေကိုလဲ ချိတ်ဆွဲထားကြပါတယ်၊ အခိုးအထုံတွေနဲ့လဲ ထုံမွှမ်းကြပါတယ်၊ လတ်ဆတ်တဲ့ ပန်းတွေကိုလဲ ဖွဲ့ချည်ထားကြပါတယ်၊ အကုန်လုံး ကိစ္စတွေ ပြီးသွားတဲ့အခါ နှီးနော်ဆွေးနွေးကြပါတယ်။

"မိတ်ဆွေတို့ ! မြို့တံခါးနားက ဇရပ်ပေါ်ကို ရောက်နေတဲ့ အမျိုးသားဟာ နတ်သမီးကလေးလို ဖန်ဆင်းပြီး နောက်ကလိုက်နေတဲ့ ဘီလူးမကို စောင်းငဲ့လို့တောင် မကြည့်ဘူး၊ အင်မတန် အထက်တန်းကျသူ ဖြစ်ပါတယ်၊ တည်ကြည်မှုလဲ ရှိပါတယ်၊ ဉာဏ်အမြော်အမြင်နဲ့လဲ ပြည့်စုံပါတယ်၊ **ဒီလို** ပုဂ္ဂိုလ်မျိုးက တစ်နိုင်ငံလုံးကို ဆုံးမအုပ်ချုပ် မင်းလုပ်လို့ရှိရင် တစ်တိုင်း တစ်နိုင်ငံလုံး ချမ်းသာသုခ ရရှိမှာ အမှန်ပါပဲ၊ သူ့ကိုပဲ မင်းမြှောက်ကြစို့"။

ဒီအဆိုပြုချက်ကို အမတ်အကုန်လုံး မြို့သူမြို့သားအကုန်လုံးက သဘောတူညီကြပါတယ်၊ ဒါနဲ့ သူတို့အကုန်လုံး မင်းသားကလေးဆီကို သွားပြီး "အရှင့်သား ! အရှင့်သားကပဲ ဒီမြို့မှာ မင်းလုပ်ပါတော့"လို့ ပြောဆိုတောင်းပန်ပြီး မြို့တွင်းကို ပင့်ဆောင်လာကြပါတယ်၊ ရတနာပုံပေါ်တင်ပြီး အဘိသိက်သွန်းကြပါတယ်၊ တက္က သိုလ်မြို့မှာပဲ မင်းမြှောက်မှုကို ပြုကြပါတယ်။

http://www.dhammadownload.com

"မင်းသားကလေးဟာ ပရိတ်ချည်, ပရိတ်သဲရဲ့ တန်ခိုးကြောင့် ဘီလူးဘေးက လွတ်မြောက်ပြီး မင်းအဖြစ်ကို ရောက်ရတယ်"လို့ ဆိုရမှာပါပဲ။

ပြီးတော့ ဘုရားရှင်လက်ထက်တော်မှာပဲ ၇-ရက်အတွင်း သေရမယ့် ကလေးတစ်ယောက်ဟာ ရဟန်းတော်တွေက ၇-ရက်လုံးလုံး ပရိတ်ရွတ်ပေး၊ ၇-ရက်မြောက်တဲ့နေ့မှာ ဘုရားရှင်ပါ ပရိတ်ရွတ်ပေး၊ ဒီလိုလုပ်တာနဲ့ ၇-ရက်အတွင်း မသေတော့ဘဲ အသက် ၁၂၀-ရှည်လာရပါတယ်၊ ဒါလဲ ပရိတ်တော်ရဲ့ တန်ခိုး, ပရိတ်ရွတ်ခြင်းရဲ့ အကျိုးအာနိသင်ပါပဲ၊ ဒီအကြောင်းကို ဆက်ပြီးပြောပြပါအုံးမယ်။

မောင်သက်ရှည်[1]

ဒီဃလဿီကမြို့သား ပုဏ္ဏား ၂-ယောက်တို့ဟာ သာသနာပြင်ပရသေ့ လုပ်ကြပါတယ်၊ ၄၈-နှစ်လုံးလုံး ကိုယ်ခန္ဓာကို ပူပန်ဆင်းရဲစေတတ်တဲ့ (အတ္တကိလမထ) အကျင့်မှားကို ကျင့်ကြပါတယ်။

ရသေ့တစ်ဦးက "ငါရဲ့ အန္တယ်အဆက်ဟာ ပျက်စီးရပေလိမ့်မယ်၊ လူထွက်အုံးမှပဲ"လို့ တွေးတောစဉ်းစားပြီး မိမိကျင့်လာတဲ့ အကျင့်ကို အခြားလူများအား ရောင်းချပါတယ်၊ နွားတစ်ရာ, ငွေတစ်ရာ, မယားတစ်ယောက် ရရှိပါတယ်၊ ဒါနဲ့ အိမ်ရာတည်ထောင် လူဘောင်မှာ နေထိုင်မှုကို ပြုပါတယ်၊ သူ့မိန်းမမှာ သားကလေးတစ်ယောက် မွေးဖွားလာပါတယ်။

သူ့ရဲ့ သူငယ်ချင်းရသေ့ကတော့ အရုပ်တစ်ပါးကို သွားနေပြီးတဲ့နောက် အဲဒီမြို့ကိုပဲ ပြန်လာပါတယ်၊ ရသေ့လူထွက်က သူငယ်ချင်းရသေ့ ပြန်လာကြောင်းကြားရတဲ့အခါ သားမယားကို ခေါ်ပြီး သူငယ်ချင်းကို ဖူးမြင်ရအောင် သွားပါတယ်၊ ရောက်သွားတဲ့အခါ အမေ့လက်ထဲမှာ ကလေးကိုထားပြီး လက်ဦးဆုံး ကိုယ်တိုင် ရှိခိုးပါတယ်၊ အမေကလဲ သားကလေးကို အဖေ့လက်ပြန်အပ်ပြီး ရှိးခိုးပါတယ်၊ ရသေ့က "အသက်ရှည်ကြပါစေ"လို့ ပြောဆိုမြွက်ကြားပါတယ်၊ သားကလေးကို ရှိခိုး ခိုင်းတဲ့အခါမှာတော့ တိတ်တိတ်နေပါတယ်၊ ဘာမှ ပြောဆိုမြွက်ကြားမှုကို မပြုပါဘူး၊ ဒီတော့ ကလေးအဖေက ရသေ့ကို မေးမြန်းလျှောက်ထားပါတယ်။

"အရှင်ဘုရား ! တပည့်တော်တို့ လင်မယား ရှိခိုးတဲ့အခါမှာ 'အသက်ရှည်ကြပါစေ'လို့ ပြောဆိုမြွက်ကြားပြီး ဒီကလေး ရှိခိုးတဲ့အခါမှာတော့ အရှင်ဘုရားက ဘာစကားကိုမှ ပြောဆိုမြွက်ကြားမှု မပြုပါ၊ ဘာ့ကြောင့် ဒီလို ပြုလုပ်ရပါသလဲ ?"။

၁။ ဓမ္မပဒ-၆-၁၊ ၄၂၃။

http://www.dhammadownload.com

"မိတ်ဆွေပုဏ္ဏား ! ဒီကလေးမှာ အန္တရာယ်တစ်ခု ရှိနေတယ်"။

"ဘယ်လောက် အသက်ရှည်နိုင်မှာလဲဘုရား ?"။

"ဒီကလေးဟာ ၇-ရက်လောက်သာ အသက်ရှည်မယ်"။

"အန္တရာယ်ကို ကာကွယ်တားဆီးနိုင်တဲ့နည်းလမ်း ရှိပါသလား ဘုရား ?"။

"အန္တရာယ်ကို ကာကွယ်တားဆီးနိုင်တဲ့ နည်းလမ်းကို ငါ နားမလည်ဘူး"။

"ဒါဖြင့် ဘယ်သူ နားလည်နိုင်ပါသလဲဘုရား ?"။

"ရဟန်းဂေါတမ နားလည်နိုင်စရာရှိတယ်၊ သူ့ဆီသွားပြီး မေးတာပေါ့"။

"ရဟန်းဂေါတမဆီကို သွားလို့ရှိရင် အကျင့်ယုတ်လျော့ ပျက်စီးမှာကို စိုးရိမ်ပါတယ်"။

"တကယ်လို့သာ ဒကာက သားကလေးအပေါ်မှာ ချစ်ခင်မြတ်နိုးမှုရှိရင် အကျင့်ပျက်မှာကို စိုးရိမ်မနေပါနဲ့တော့၊ သူ့ဆီကို ခပ်မြန်မြန်သွားပြီးတော့ မေးလိုက်စမ်းပါ"။

မိတ်ဆွေရသေ့ရဲ့ စကားကို ကြားရတဲ့အခါ ဘုရားရှင်ထံသွားပြီး သူကဦးစွာ ရှိခိုးပါတယ်၊ ဘုရားရှင်က "အသက်ရှည်ပါစေ"လို့ မိန့်တော်မူပါတယ်၊ မယားက ရှိခိုးတဲ့အခါမှာလဲ အလားတူပဲ မိန့်တော်မူပါတယ်၊ သားကလေးကို ရှိခိုးခိုင်းတဲ့အခါမှာ တိတ်တိတ်နေတော်မူပါတယ်။

ဒီတော့ ကလေးအဖေပုဏ္ဏားက မိတ်ဆွေရသေ့ကို မေးသလိုပဲ ဘုရားရှင်ကို မေးမြန်းလျှောက်ထားပါတယ်၊ ဘုရားရှင်ကလဲ ရသေ့ပြောလိုက်သလိုပဲ အမိန့်ရှိတော်မူပါတယ် ဒီတော့ ပုဏ္ဏားက ဘုရားရှင်ကို ဆက်လက်လျှောက်ထားမေးမြန်းပါတယ်။

"အရှင်ဘုရား ! ဘေးရန်ကို တားမြစ်နိုင်တဲ့ နည်းလမ်းရှိပါသလား ?"။

"ရှိပါတယ် ဒကာပုဏ္ဏား"။

"ဘယ်လို ရှိပါသလဲဘုရား ?"။

"သင်က မိမိရဲ့အိမ်နားမှာ မဏ္ဍပ်ဆောက်လုပ်ခိုင်းရမယ်၊ အဲဒီမဏ္ဍပ်ရဲ့ အလယ်မှာ ခုတင်ကလေးတစ်ခု ထားရမယ်၊ အဲဒီခုတင်ကလေးရဲ့ ဘေးပတ်ပတ်လည်က နေရာ ၈-ခုဖြစ်စေ, ၁၆-ခုဖြစ်စေ ခင်းထားရမယ်၊ အဲဒီ နေရာတွေမှာ ငါဘုရားရဲ့ တပည့်သာဝကဖြစ်တဲ့ ရဟန်းတော်များကို နေစေပြီး

http://www.dhammadownload.com

၇-ရက်လုံးလုံးမပြတ်မလပ် ပရိတ်ရွတ်စေရမယ်၊ ဒီလိုလုပ်နိုင်လို့ရှိရင် အန္တရာယ် ပြေပျောက်သွားမှာပါပဲ"။

"အရှင်ဂေါတမ အကျွန်ုပ်က မဏ္ဍပ်စတဲ့ဟာတွေကို လုပ်နိုင်ပါတယ်၊ အရှင်ဘုရား၏တပည့် ရဟန်းတွေကို ဘယ်လိုရနိုင်ပါ့မလဲ?"။

"သင်ပုဏ္ဏားက ဒီလောက်လုပ်ထားလို့ရှိရင် ငါဘုရားက ငါရဲ့တပည့် ရဟန်းတော်တွေကို လွှတ်လိုက်မှာပေါ့"။

"ဒါဖြင့် ကောင်းပါပြီ အရှင်ဂေါတမ"။

ပုဏ္ဏားက ဒီလို ဝန်ခံသွားပြီး မိမိရဲ့အိမ်တံခါးအနီးမှာ မဏ္ဍပ်လဲ ဆောက်ပါတယ်၊ ကျန်တဲ့ကိစ္စတွေကိုလဲ ပြီးဆုံးအောင် စီမံလုပ်ကိုင်ပါတယ်၊ ပြီးတော့ ဘုရားဆီကို သွားရောက်လျှောက်ထားပါတယ်။

ဘုရားရှင်က ရဟန်းတော်တွေကို လွှတ်လိုက်ပါတယ်၊ ရဟန်းတော်တွေက အဆင်သင့် ပြုလုပ်ထားတဲ့ နေရာမှာ သွားရောက်ထိုင်နေကြပါတယ်၊ ကလေးကိုလဲ ခုတင်ကလေးပေါ်မှာ သိပ်ထားခိုင်းကြပါတယ်။

ရဟန်းတော်တွေက ၇-ရက်လုံးလုံး မပြတ်မလပ် (အသံမစဲအောင်) ပရိတ် ရွတ်နေကြပါတယ်၊ ၇-ရက်မြောက် ညနေချမ်းအချိန်မှာ ဘုရားရှင်ကိုယ်တော်တိုင် ကြွလာပါတယ်၊ ဘုရားရှင် ကြွလာတယ်ဆိုရင်ပဲ စကြဝဠာအကုန်လုံးမှာ ရှိနေတဲ့ နတ်ဗြဟ္မာတွေက လာရောက်စည်းဝေးကြပါတယ်။

နည်းနည်းကြားညှပ်ပြီး ပြောပါအုံးမယ်၊ အဝရုဒ္ဓဆိုတဲ့ ဘီလူးတစ်ကောင်ဟာ ဝေဿဝဏ်နတ်မင်းကို ၁၂-နှစ်လုံးလုံး လုပ်ကျွေးပါတယ်၊ ပရိတ်စရွတ်တဲ့နေ့က "၇-ရက်မြောက်တဲ့နေ့မှာ ဒီကလေးကို ဖမ်းယူစားသောက်နိုင်တယ်"ဆိုတဲ့ဆုကို ဝေဿဝဏ်နတ်မင်းဆီက ရထားပါတယ်၊ ဒါ့ကြောင့် အဲဒီ အဝရုဒ္ဓဘီလူးလဲပဲ လာရောက်ရပ်နေပါတယ်။

မြတ်စွာဘုရားက အဲဒီနေရာကို ရောက်လာလို့ တန်ခိုးကြီးတဲ့နတ်တွေ စုပြုံရောက်လာတဲ့အခါ တန်ခိုးမရှိတဲ့နတ်တွေက ၁၂-ယူဇနာထိအောင် နောက်ကို ဆုတ်ဆုတ်ပြီး ပေးကြရပါတယ်၊ ဘုရားရှင်အနားမှာ နေရာမရကြပါဘူး၊ အဝရုဒ္ဓ ဘီလူးဟာလဲ အဲဒီလိုပဲ ၁၂-ယူဇနာထိအောင် ဆုတ်ပေးရပါတယ်၊ ဘုရားရှင်ကလဲ တစ်ညဉ့်လုံး ပရိတ်ရွတ်တော်မူပါတယ်၊ ၇-ရက်လွန်သွားတဲ့ အခါ အဝရုဒ္ဓဘီလူးက ကလေးကို စားခွင့်မရတော့ပါဘူး။

၈-ရက်မြောက်နေ့ အရုဏ်တက်လာတယ်ဆိုရင်ပဲ ပရိတ်ရွတ်တာကို ရပ်ဆိုင်း လိုက်ပါတယ်၊ အမေအဖေတွေက ကလေးကို ယူလာပြီး ဘုရားရှင်ကို ရှိခိုးခိုင်း

http://www.dhammadownload.com

ကြပါတယ်၊ ဒီတော့မှ ဘုရားရှင်က "အသက်ရှည်ပါစေ"လို့ မိန့်မြွက်တော်မူပါတယ်၊ "အရှင်ဂေါတမ ! ဒီကလေးဟာ ဘယ်လောက် အသက်ရှည်မှာပါလဲ ?"၊ ပုဏ္ဏားက မေးလျှောက်တဲ့အခါမှာ "အသက် ၁၂၀-ရှည်ပါလိမ့်မယ်"လို့ မိန့်တော်မူပါတယ်။

(ယခုကာလမှာ ဇာတာတွေ, ရက်ချုပ်တွေ ရေးပေးနေတဲ့ လူတွေက အဆုံးမှာ "အသက် ၁၂၀-ရှည်စေသော၀်"လို့ ရေးရေးနေကြတာဟာ ဒါကို အကြောင်းပြုပြီး ရေးနေကြဟန် တူပါတယ်။)

ဒါနဲ့ အဲဒီကလေးကို "အာယုဝမုန(မောင်သက်ရှည်)"လို့ အမည်ပေးကြပါတယ်၊ သူဟာ ကြီးလာတဲ့အခါ နောက်လိုက်နောက်ပါ အခြွေအရံ ဥပါသကာ ၅-ရာနဲ့ အတူ လှည့်ပတ်သွားလာနေပါတယ်၊ ဒီတော့ တစ်နေ့သောအခါ ဓမ္မာရုံပေါ်မှာ ရဟန်းတွေက ဒီအကြောင်းကို ပြောနေကြပါတယ်။

"ငါ့ရှင်တို့ ! ကြည့်ကြစမ်း၊ အာယုဝမုနကလေးဟာ ၇-ရက် မြောက်နေ့မှာ သေရမယ့်သူပါ၊ အခုတော့ အသက် ၁၂၀-ရှည်မယ့်သူကလေး ဖြစ်လာပါတယ်၊ နောက်လိုက်နောက်ပါ အခြွေအရံ ၅-ရာနဲ့အတူ လှည့်ပတ်သွားလာနေပါတယ်၊ ဒီသတ္တ၀ါတွေမှာ အသက်ဝိုးပွားခြင်းရဲ့အကြောင်း ရှိဟန်တူပါတယ်"။

ဒီလို ဆွေးနွေးနေကြတဲ့အချိန်မှာပဲ ဘုရားရှင်ကြွလာပြီး "သင်တို့တစ်တွေဟာ ဘာတွေကို ပြောဆိုဆွေးနွေးနေကြသလဲ ?"လို့ မေးတော်မူပါတယ်၊ ရဟန်းတွေကလဲ မိမိတို့ ပြောနေသမျှစကားတွေကို မခြွင်းမချန် အမှန်အတိုင်း ပြန်လည်လျှောက်ထားကြပါတယ်၊ ဒီတော့ ဘုရားရှင်က-

"ရဟန်းတို့ ! အသက်တိုးပွားရုံသက်သက်သာ မဟုတ်သေးပါဘူး၊ ဂုဏ်ရှိသူတွေကို ရှိခိုးကြတဲ့ ဒီသတ္တ၀ါတွေဟာ အကြောင်း ၄-ပါးနဲ့ တိုးတက်ကြီးပွားကြပါတယ်၊ ဘေးရန်က လွတ်ကင်းကြပါတယ်၊ အသက်တမ်းကုန်ဆုံးအောင်ပဲ နေကြရပါတယ်"။

ဒီစကားကို မိန့်တော်မူပါတယ်၊ ပြီးတော့ ဒီစကားနဲ့ ဆက်စပ်ပြီး-

"အသက်သိက္ခာကြီးသူတွေကို ရိုသေမြတ်နိုး ရှိခိုးနေသူ, အမြဲတမ်း ပူဇော်နေသူတွေမှာ 'အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာခြင်း, ခွန်အားကြီးခြင်း'ဆိုတဲ့ အကျိုးတရား ၄-ပါး တိုးပွားရပါတယ်"။-

ဒီတရားတော်ကိုလဲ ဟောကြားတော်မူပါတယ်၊ လိုက်ဆိုလိုက်ကြအုံး"။

အသက်သိက္ခာ-ကြီးသူများကို၊ ရိုသေလေးစား-ရှိခိုးကွယ်၊
[illegible]ကွာ-ပူဇော်မူလဲ၊ ကောင်းစွာပြုကြ-မောင်တို့ရယ်၊

http://www.dhammadownload.com

အသက်ရှည်ကြာ–အဆင်းလှလို့၊ ချမ်းသာပြည့်ဝ–ခွန်အားကြွယ်၊
လက်ငင်းမကြာ–ကျိုးလေးပါးတို့၊ ဖွံ့ဖြိုးတိုးပွား–လာလိမ့်မယ်။

ဒီအကျိုး ၄–ပါးထဲက အသက်ရှည်ခြင်းဟာ ပဓာနပါပဲ၊ အသက်ရှည်သလောက် ကျန်တဲ့အကျိုးတွေလဲ တိုးပွားကြရတာပါပဲ၊ နှစ်ပေါင်း ၅၀–အသက်ရှည်နိုင်လောက်တဲ့ကုသိုလ်ကံကို ပြုလုပ်ထားသူတစ်ယောက်မှာ "၂၅–နှစ်လောက်ရှိတဲ့အခါ အသက်အန္တရာယ် ဖြစ်လာတယ်"ဆိုပါတော့၊ ရှိသေမြတ်နိုး ရှိခိုးတာနဲ့ပဲ အဲဒီအန္တရာယ်ဟာ ငြိမ်းအေးသွားရပါတယ်၊ အဲဒီလူဟာ အသက်တမ်းရှိသလောက် အသက်–၅၀ အသက်ရှည်နိုင်ပါတယ်၊ "သူမှာ အဆင်းလှခြင်း, ချမ်းသာခြင်း, ခွန်အားကြီးခြင်း" ဆိုတဲ့ အကျိုးတွေဟာလဲ အသက်နဲ့အတူပဲ တိုးပွားလာရပါတယ်၊ "အန္တရာယ်မရှိဘဲ သူ့ကံအလျောက်ဖြစ်နေတဲ့ အသက်ရဲ့တိုးပွားမှု"ဆိုတာကတော့ မရှိနိုင်ပါဘူး။

ဒါနဲ့ပတ်သက်လို့ ပိုပြီး သဲသဲယဉ်းသွားအောင် မိလိန္ဒမင်းနဲ့ ရှင်နာဂသေနတို့ ဆွေးနွေးခန်းကို ဆက်လက်ပြောပြပါအုံးမယ်။

သေမင်းကျော့ကွင်းက လွတ်နိုင်, မလွတ်နိုင်[၁]

"အရှင်ဘုရား ! မိုးပေါ်ကို ပျံတက်နေပေမယ့် သေမင်းကျော့ကွင်းက မလွတ်နိုင်၊ သမုဒ္ဒရာအလယ်မှာ နေပေမယ့် သေမင်းကျော့ကွင်းက မလွတ်နိုင်၊ တောင်ခေါင်းထဲကို ဝင်နေပေမယ့် သေမင်းကျော့ကွင်းက မလွတ်နိုင်၊ သေမင်းကျော့ကွင်းက လွတ်မြောက်နိုင်တဲ့ မြေအရပ်ဟာ မရှိပါဘူး"ဆိုတဲ့ စကားကိုလဲ ဘုရားရှင် ဟောထားတော်မူပါတယ်၊

နောက်တစ်ခါ "ရတနသုတ်, မေတ္တာသုတ်, ခန္ဓပရိတ်, မောရပရိတ်, ဓဇဂ္ဂပရိတ်, အာဋာနာဋိယသုတ်, အင်္ဂုလိမာလပရိတ်"ဆိုတဲ့ (အရံအတား) ပရိတ်တွေ ကိုလဲ ဘုရားရှင် ညွှန်ပြဟောကြားတော်မူပါတယ်။

အရှင်ဘုရား ! ကောင်းကင်၌ တည်နေသူ, သမုဒ္ဒရာအလယ်၌ တည်နေသူ, ပြာသာဒ် အိမ် လိုဏ်ဂူ တောင်ခေါင်း ချောက်ကြား တွင်း အပေါက် တောင်ကြားများမှာ ခိုးအောင်းနေသူများဟာ တကယ်လို့သာ သေမင်းကျော့ကွင်းက မလွတ်ခဲ့ပါရင် ပရိတ်အရံအတားကို ပြုတာဟာ မှားရာရောက်တော့မှာပေါ့၊ ပရိတ်အရံအတားကို ပြုတဲ့အတွက် သေမင်းကျော့ကွင်းက လွတ်ရိုးမှန်ပါရင် "သေမင်းကျော့ကွင်းက လွတ်မြောက်နိုင်တဲ့ မြေအရပ်မရှိ"ဆိုတဲ့ စကားဟာ မှားရာရောက်တော့မှာပေါ့။

၁။ မိလိန္ဒပဉှာ–ပါ၊ ၁၂၅။

http://www.dhammadownload.com

အစွန်း ၂-ဖက်ထွက်တဲ့ (အနှောင့်မလွတ် အသွားမလွတ်ဖြစ်နေတဲ့), အင်မတန် ခဲရာခဲဆစ်ဖြစ်နေတဲ့ ဒီပြဿနာကို ဖြေရှင်းပေးတော်မူပါ။

"မဟာရာဇာ ! 'သေမင်းကျော့ကွင်းက လွတ်မြောက်နိုင်တဲ့ မြေအရပ်မရှိ' ဆိုတဲ့ စကားကို ဘုရားရှင် ဟောတော်မူတာလဲ မှန်ပါတယ်၊ မြတ်စွာဘုရားဟာ ပရိတ်အရံ အတားကို ထုတ်ဖော်ဟောကြားတာလဲ မှန်ပါတယ်၊ အဲဒီပရိတ်အရံအတားဟာလဲ အရှယ်နဲ့ ပြည့်စုံပြီး ကံတားမြစ်ပိတ်ပင်ခြင်းက လွတ်တဲ့ (အပေတကမ္မာဝရဏ) အသင်းကြွင်းရှိနေသေးတဲ့သူ အတွက်သာ ဖြစ်ပါတယ်၊ အသက်တမ်းကုန်ပြီးတဲ့ လူတစ်ယောက်ဆက်လက်တည်တံ့ဖို့ ပြုပြင်လို့လဲ မရပါဘူး၊ ကြိုးစားလို့လဲ မရပါဘူး။

မဟာရာဇာ ! ရေအိုးတစ်ထောင်လောက်နဲ့ ရေပက်ဖျန်း သွန်းလောင်းမေမဲ့ အူနာခေါင်းဆွေးဖြစ်နေတဲ့ သစ်ခြောက်ပင် တစ်ပင်ဟာ အရွက်တွေ, အညွှန့်တွေနဲ့ စိုပြေစိမ်းရှင်ခြင်း မဖြစ်နိုင်တော့သလို အသက်တမ်းကုန်ပြီး လူတစ်ယောက် သေလက်တည်တံ့ဖို့ ပြုပြင်လို့လဲ မရတော့ပါဘူး၊ ကြိုးစားလို့လဲ မရတော့ပါဘူး၊ ဘုံအပြင်မှာ ရှိရှိသမျှ ဆေးတွေဟာလဲ အသက်တမ်းကုန်ပြီးဖြစ်တဲ့ လူတစ်ယောက် အသက်ဆေးကိစ္စကို မပြုလုပ်နိုင်တော့ပါဘူး။

မဟာရာဇာ ! အရွယ်နဲ့လဲ ပြည့်စုံရမယ်၊ ကံပိတ်ပင်တားမြစ်မှုကလဲ ကင်းလွတ်ရမယ်၊ အသက်ကြွင်းလဲ ရှိရမယ်၊ ဒီလို လူမျိုးကိုသာ ပရိတ်အရံအတားက စောင့်ရှောက်နိုင်ပါတယ်၊ လုံခြုံစေနိုင်ပါတယ်၊ ဒီလို လူမျိုးအတွက်သာ ဘုရားရှင်က ပရိတ်အရံအတားကို ထုတ်ညွှန်ဟောကြားတော်မူပါတယ်။

မဟာရာဇာ ! အသီးတွေ မှည့်ရင့်လာပြီး သေစပြုလာတဲ့ ကောက်ပင်ဟာ ရေသွင်းပေးပေမယ့် ရေအားနဲ့ မကြီးပွားနိုင်တော့ပါဘူး၊ ဒါနဲ့ လယ်သမားဟာလဲ ဒီလိုကောက်ပင်တွေအတွက် ရေသွင်းမှုကို ရပ်ဆိုင်းထားတတ်ပါတယ်၊ နေသေးပြီး စိမ်းညှိနေတဲ့ အရွယ်ရှိသေးတဲ့ ကောက်ပင်မျိုးကသာ ရေအားနဲ့ ကြီးပွားနိုင်ပါတယ်၊ ဒီနည်းအတိုင်းပါပဲ၊ အသက်ကုန်ပြီးတဲ့ လူအတွက် ဆေးဝါးကုသမှု, ပရိတ်ရွတ်မှုကို ရပ်တန့်ထားရပါတယ်၊ ပယ်မြစ်ထားရပါတယ်၊ အရွယ်နဲ့လဲ ပြည့်စုံမယ်၊ အသက်ကြွင်းလဲ ရှိသေးမယ်၊ ဒီလူတွေအတွက်သာ ပရိတ်ရွတ်ရန်, ဆေးဝါးကုသရန် ဟောကြားတော်မူပါတယ်၊ အဲဒီလို လူတွေကသာ ပရိတ်ရွတ်မှု, ဆေးဝါးကုသမှုနဲ့ တိုးတက်ကြီးပွားနိုင်ပါတယ်"။

"အရှင်ဘုရား ! အသက်ကုန်ပြီးတဲ့ လူတစ်ယောက်က သေမယ်၊ အသက်ကြွင်းသေးတဲ့ လူတစ်ယောက်က အသက်ရှင်မယ်၊ ဒီလိုဆိုတော့ ပရိတ်ရွတ်မှု, ဆေးဝါးကုသမှုတွေဟာ အကျိုးမရှိရာ ရောက်နေပြီပေါ့"။

http://www.dhammadownload.com

မဟာရာဇာ ! ဆေးတွေကြောင့် သက်သာပျောက်ကင်းသွားတဲ့ အနာရောဂါ တစ်မျိုးကို သင် တွေ့ဖူးရဲ့လား ?"။

"အရှင်ဘုရား ! ရာပေါင်းများစွာ တွေ့ဖူးပါတယ်"။

"မဟာရာဇာ ! ဒီလိုသာ ဖြစ်ရိုးမှန်ရင် 'ပရိတ်ရွတ်မှု, ဆေးဝါးကုသမှုဟာ **အကျိုးမရှိ'** ဆိုတဲ့စကားဟာ မှားနေပြီပေါ့"။

"အရှင်ဘုရား ! 'ဆေးသောက်ခြင်း, ဆေးလိမ်းခြင်း' ဆိုတဲ့ ဆေးဆရာတွေရဲ့ လုံ့လဟာ ထင်ရှားပါတယ်"။

"မဟာရာဇာ ! ပရိတ်တွေကို ရွတ်လို့ရှိရင်လဲပဲ ပရိတ်ရွတ်ဆိုသံကို ကြားရမယ်၊ လျှာခြောက်လာမယ်၊ စိတ်ထဲက ကြောင့်ကြစိုက်ရမယ်၊ လည်ချောင်းနာလာမယ်၊ အဲဒီ ပရိတ်ရွတ်သံကြောင့်ပဲ ရောဂါအကုန်လုံးဟာ ငြိမ်းအေးရပါတယ်၊ ဘေးရန် အကုန်လုံး ကင်းကွာသွားရပါတယ်။

မဟာရာဇာ ! မြွေဆရာက ဂါထာမန်းမှုတ်ပြီး အဆိပ်ချတဲ့အခါ ပျို့**အန်ဝမ်း** လျှောတဲ့ မြွေကိုက်ခံရသူ တစ်ဦးတစ်ယောက်ကို သင် တွေ့ဖူးရဲ့လား ?"။

"အရှင်ဘုရား ! တွေ့ဖူးပါတယ်၊ လောကမှာ အခုအချိန်ထိအောင်ပဲ **အဲဒီ အဆိပ်ချခြင်း**ဟာ ရှိနေပါသေးတယ်"။

"မဟာရာဇာ ! ဒီလိုဆိုရင် 'ပရိတ်ရွတ်မှု, ဆေးဝါးကုသမှုဟာ အကျိုးမရှိ' ဆိုတဲ့စကား မှားနေပြီပေါ့၊ မဟာရာဇာ ! ပရိတ်အရံအတား ပြုလုပ်ထားတဲ့သူကို ကိုက်လိုတဲ့မြွေလဲ မကိုက်ဝံ့ပါဘူး၊ ဟင်းလင်းပွင့်လာတဲ့ မြွေပါးစပ်ဟာ ပိတ်သွားရပါတယ်၊ ခိုးသားဓားပြတွေ မြှောက်ချီရွယ်မိုးထားတဲ့ တင်းပုတ်ဟာလဲ (ရိုက်ပုတ်သတ်ဖြတ်ရန်) မဖြစ်မြောက်နိုင်တော့ပါဘူး၊ တင်းပုတ်ကို ကိုင်ထားတဲ့ လူတွေဟာ တင်းပုတ်ကို လွှတ်ချပြီး ချစ်ခင်မှုကို ပြုကြရပါတယ်၊ အမျက်ထွက်နေတဲ့ ဆင်ပြောင်ကြီးဟာလဲ 'ထိုးမယ်'လို့ အနားကို လာပြီးမှ ကြဉ်ရှောင်သွားရပါတယ်၊ တောက်လောင်လာတဲ့ မီးပုံကြီးဟာလဲ အနားကို ရောက်လာတဲ့အခါ ငြိမ်းအေးသွားရပါတယ်၊ စားမျိုမိတဲ့ လတ်တလော သေစေတတ်တဲ့ အဆိပ်အတောက်ဟာလဲပဲ ဆေးဖြစ်ပြီး အာဟာရအလို့ငှာ ပျံ့နှံ့ရပါတယ်၊ သတ်လိုတဲ့အတွက် အနားကို ရောက်လာကြတဲ့ လူသတ်သမားတွေဟာလဲပဲ ကျွန်အဖြစ်သို့ ကပ်ရောက်သွားကြပါတယ်၊ နင်းမိတဲ့ ကျောက္ကွင်းဟာလဲပဲ မဖွဲ့မိနိုင်တော့ဘူး။

မဟာရာဇာ ! 'ပရိတ်အရံအတား ပြုလုပ်ထားတဲ့ ဥဒေါင်းမင်းကို မုဆိုးက အနှစ် ၇-ရာငယုံလုံး မဖမ်းဆီးနိုင်ဘူး၊ ပရိတ်အရံအတားကို မပြုမိတဲ့ နေ့မှာမှ ကျောက္ကွင်းနဲ့ ဖမ်းဆီးနိုင်တယ်' ဆိုတဲ့ စကားကို သင်ကြားဖူးရဲ့လား ?"။

http://www.dhammadownload.com

"မှန်ပါဘုရား၊ ကြားဖူးပါတယ်၊ ဒီစကားသံဟာ လူ့လောက နတ်လောကကို လွှမ်းခြုံနေပါတယ်"။

"မဟာရာဇာ ! ဒီလိုဆိုရင် 'ပရိတ်အရံအတားကိုပြုမှု, ဆေးဝါးကုသမှုဟာ အကျိုးမရှိဘူး' ဆိုတဲ့ စကားဟာ မှားပြီပေါ့"။

မဟာရာဇာ ! ဒါနဝဘီလူးဟာ မယားကို စောင့်ရှောက်လိုတဲ့အတွက် ကြိုတ်ထဲထည့်မျိုပြီး ဝမ်းနဲ့ ဆောင်ယူသွားတယ်၊ အဲဒီအခါမှာ ဝိဇ္ဇာဓိရ်တစ်ယောက်က ဒါနဝဘီလူးရဲ့ ပါးစပ်ကဝင်ပြီး အဲဒီ မိန်းမပျိုနဲ့ ပျော်ပါးနေတယ်၊ (ဒီအကြောင်းကို) ဒါန(ဝ)ဘီလူး ရိပ်မိသိရှိသွားတဲ့အခါ ကြိုတ်ကို အန်ထုတ်လိုက်တယ်၊ ကြိုတ်ကို ဖွင့်လိုက်တာနဲ့ တစ်ပြိုင်နက် ဝိဇ္ဇာဓိရ်က သူသွားချင်တဲ့နေရာကို ထွက်သွားတယ်" ဆိုတဲ့ စကားကို သင်ကြားဖူးတယ် မဟုတ်လား ?"။

"မှန်ပါ၊ ကြားဖူးပါတယ်ဘုရား၊ ဒီစကားသံဟာလဲပဲ လူ့လောက နတ်လောကကို လွှမ်းခြုံနေပါတယ်"။

"မဟာရာဇာ ! အဲဒီ ဝိဇ္ဇာဓိရ်ဟာ* ပရိတ်(မန္တန်)ရဲ့ တန်ခိုးကြောင့် အဖမ်းခံရခြင်းက လွတ်တယ်မဟုတ်လား ?"။

"မှန်ပါတယ်ဘုရား"။

"မဟာရာဇာ ! ဒီလိုဆိုရင် ပရိတ်(မန္တန်)ရဲ့ တန်ခိုးဟာ ရှိနေတာပေါ့"။

မဟာရာဇာ ! အခြား ဝိဇ္ဇာဓိရ်တစ်ယောက်ဟာလဲပဲ ဗာရာဏသီမင်းရဲ့ နန်းတော်တွင်းမှာ မိဖုရားတွေနဲ့ ပြစ်မှားကျူးလွန်ပါတယ်၊ အဖမ်းခံရမယ့်ဆဲဆဲမှာ မန္တန်တန်ခိုးကြောင့် ကွယ်ပျောက်သွားပါတယ်၊ ဒီအကြောင်းကိုလဲ သင် ကြားဖူးတယ် မဟုတ်လား ?"။

"မှန်ပါ၊ ကြားဖူးပါတယ်ဘုရား"။

"မဟာရာဇာ ! အဲဒီဝိဇ္ဇာဓိရ်ဟာလဲပဲ ပရိတ်(မန္တန်)ရဲ့ တန်ခိုးကြောင့် အဖမ်းခံရခြင်းက လွတ်တယ် မဟုတ်လား ?"။

"မှန်ပါတယ်ဘုရား"။

"မဟာရာဇာ ! ဒီလိုဆိုရင် ပရိတ်တန်ခိုးဟာ ရှိနေတာပေါ့"။

"အရှင်ဘုရား ! ပရိတ်ဟာ လူအကုန်လုံးကိုပဲ စောင့်ပါသလား ?"။

"မဟာရာဇာ ! အချို့ကို စောင့်တယ်၊ အချို့ကို မစောင့်ဘူး"။

"ဒါဖြင့်ဘုရား ပရိတ်ဟာ လူအကုန်လုံးတို့ရဲ့ အကျိုးကို မပြုစေနိုင်ဘူးပေါ့"။

---

* ဝိဇ္ဇာဓိရ်များ, လေယာဉ်တိုး၍, ထက်မိုးပျံလွှား, သရုပ်အားဖြင့်, ဆေးစားတစ်တန်, မန္တန်တစ်ချက်, သံလျက်ကိုင်သွား, သုံးပါးတို့တွင် (ဥတိန်-ပုဒ်ရေ၊ ၁၀၅)

http://www.dhammadownload.com

"မဟာရာဇာ ! အစားအစာဟာ လူအကုန်လုံးတို့ရဲ့ အသက်ကို စောင့်ရှောက်ရဲ့လား ?"။

"အချို့ကို စောင့်ပါတယ်၊ အချို့ကို မစောင့်ပါဘုရား"။

"ဘာ့ကြောင့်တုံး ?"။

"အချို့လူတွေဟာ အစားအစာကို အတိုင်းထက်အလွန် စားကြတဲ့အတွက် ဝမ်းလျှောတတ်သက်ပြီး သေဆုံးကြရတဲ့ အတွက်ကြောင့်ပါပဲဘုရား"။

"မဟာရာဇာ ! ဒါဖြင့် အစားအစာဟာ လူအကုန်လုံးတို့ရဲ့ အသက်ကို မစောင့်ရှောက်ဘူးပေါ့ ?"။

"အရှင်ဘုရား ! 'အလွန်အကျွံစားမှု, ဝမ်းမီးအားနည်းမှု'ဆိုတဲ့ ဒီအကြောင်း ၂-ပါးတို့ကြောင့် အစားအစာဟာ အသက်ကို သတ်ဖြတ်နိုင်ပါတယ်၊ 'အစာဟာ အသက်ကို ပေးနိုင်တယ်'ဆိုပေမယ့် နည်းမှန်လမ်းမှန် (စနစ်တကျ) မမှီဝဲတဲ့အတွက် အသက်ကို သတ်ဖြတ်သွားပါတယ်"။

"မဟာရာဇာ ! ဒီလိုပါပဲ၊ ပရိတ်ဟာ အချို့ကို စောင့်ရှောက်တယ်၊ အချို့ကို မစောင့်ရှောက်ဘူး"။

"၁။ ကမ္မာဝရဏ= ပဉ္စာနန္တရိယကံကို ပြုလုပ်ထားခြင်း၊
၂။ ကိလေသာဝရဏ= နိယတမိစ္ဆာအယူ ရှိခြင်း၊
၃။ အသဒ္ဓဟနတာ= ယုံကြည်မှု မရှိခြင်း"-

ဆိုတဲ့ ဒီအကြောင်း ၃-ပါးတို့ကြောင့် ပရိတ်ဟာ မစောင့်ရှောက်နိုင်ပါဘူး၊ သတ္တဝါတွေကို စောင့်ရှောက်တတ်တဲ့ ပရိတ်ဟာ မိမိလုပ်ထားတဲ့ အမှုကြောင့် အစောင့်အရှောက်ကို စွန့်လွှတ်ရတော့တယ်။

မဟာရာဇာ ! ဥပမာအားဖြင့် (အမျိုးသမီးတစ်ယောက်ဟာ) ကိုယ်ဝန်သားကို စောင့်ရှောက်လာပါတယ်၊ အစီးအပွားကို ပြုကျင့်သောအားဖြင့် မွေးဖွားလာပါတယ်၊ မွေးပြီးတဲ့ နောက်ပိုင်းမှာ မစင်အညစ်အကြေး နှပ်တွေကို ပယ်ရှားပြီး အကောင်းစားအမွေးနုံ့သာတွေကို လိမ်းကျံပါတယ်၊ အဲဒီ သားကလေးဟာ နောက်တစ်ချိန်မှာ ကလေးချင်း ရန်ဖြစ်တော့ သူများသားသမီးတွေကို ရိုက်ပါတယ်၊ အရိုက်ခံရတဲ့သူတွေက သူ့ကို စိတ်ဆိုးအမျက်ထွက်ပြီး ပရိတ်သတ်အလယ်မှာ ဆွဲငင်ဖမ်းယူပြီး အစိုးရမင်းများထံမှာ သွားအပ်ကြပါတယ်၊ တကယ်လို့ အဲဒီအမျိုးသမီးရဲ့ သားကလေးက အပြစ်ရှိသူ, ဥပဒေကိုကျူးလွန်သူ ဖြစ်ခဲ့ပါရင် သူ့ကို မင်းမှုထမ်းတွေက ဆွဲငင်ပြီး တုတ်, တင်းပုတ်, ဒူး, လက်သီးတွေနဲ့ ရိုက်ကြပါတယ်၊ ထုထောင်းကြပါတယ်။

http://www.dhammadownload.com

"မဟာရာဇာ ! ကလေးအမေဖြစ်တဲ့ အမျိုးသမီးက ဆွဲယူထုတ်ဆောင်မှု, သိမ်းပိုက်နှုတ်ယူမှု, အစိုးရမင်းဆီသို့ ကပ်ဆောင်မှုကို ပြုလုပ်ခွင့် ရပါအုံးမလား ?"။

"မရနိုင်တော့ပါဘုရား"။

"မဟာရာဇာ ! ဘာကြောင့်တုံး ?"။

"ကိုယ့်အပြစ်ကြောင့်ပါပဲဘုရား"။

'မဟာရာဇာ ! ဒီနည်းအတိုင်းပါပဲ၊ သတ္တဝါတွေရဲ့ အစောင့်အရှောက်ဖြစ်တဲ့ ပရိတ်ဟာ ကိုယ့်အပြစ်ကြောင့် အကျိုးမပေးဘဲ မြို့သွားရပါတော့တယ်"။

"အရှင်ဘုရား ! ကောင်းလှပါတယ်၊ ပြဿနာကို ကောင်းစွာဆုံးဖြတ်နိုင်ပါပေတယ်၊ အရှုပ်အထွေးကို မရှုပ်ထွေးအောင် ပြုနိုင်ပါပေတယ်၊ အမိုက်မှောင်ကို အလင်းရောင်ဖြစ်အောင် လုပ်နိုင်ပါပေတယ်၊ ဂိုဏ်းဆရာတွေရဲ့ အထွတ်အမြတ် ဖြစ်တဲ့ အရှင်ဘုရားကို ဆည်းကပ်ရတဲ့အတွက် မိစ္ဆာကွန်ရက်ကို ဖြေရှင်းခွင့် ရနိုင်ပါတော့တယ်"။

ပရိတ်တရားတော်ရဲ့ တန်ခိုးအာနိသင်တွေကို ဒီလောက်နဲ့ပဲ လက်စသတ်ကြစို့ရဲ့၊ ဒီတော့ ပရိတ်တရားတော်တွေကို ယုံယုံကြည်ကြည် လေးလေးစားစား နာကြားကြပြီး မိမိတို့ရဲ့ သက်တမ်းကုန်ဆုံးအောင် ဒါန, သီလ, ဘာဝနာစတဲ့ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုကုသိုလ်များကို နေ့ညမခြား ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

၉။ ထိမ်းမြားလက်ထပ်မင်္ဂလာ

ကဆုန်လဆန်း ၇-ရက်နေ့မှာ မကြည်ဝင်း၏ ညီမ မကြည်သင်းနဲ့ မောင်သောင်းညွှန့်တို့၏ မင်္ဂလာဆောင် ရှိနေသည်၊ သတို့သားရော, သတို့သမီးပါ ဆရာတော်ဦးဓမ္မိကနဲ့ ရင်းနှီးကျွမ်းဝင်ပြီးသူများ ဖြစ်ကြသည်၊ မောင်မျိုးသန့် မကြည်ဝင်းတို့နဲ့ လိုက်ပါ၍ ဓမ္မိကာရုံကျောင်းကို အခေါက်ပေါင်းများစွာ ရောက်ဖူးနေကြသည်။

သို့ဖြစ်၍ မောင်သောင်းညွှန့်နဲ့ မကြည်သင်းတို့က ဆရာတော် ဦးဓမ္မိကကို ကြိုတင်ပင့်ထားကြသည်၊ လက်ထပ်ပွဲအခမ်းအနားကိုလဲ ဆရာတော်ဦးဓမ္မိက၏ ဩဝါဒအတိုင်း လိုက်နာလုပ်ကိုင်ကြသည်၊ အကုန်အကျခံနိုင်သော ပစ္စည်းအင်အား ရှိနေကြစေကာမူ အကျယ်ချဲ့မှုကို မပြုလုပ်ကြပါ၊ သံဃာတော်များကို အရဏ်ဆွမ်းကပ်ပြီး တရားနာယူကြရန် ကောင်စီလူကြီးများ, ရပ်ကွက် လူကြီးများ, မကင်းရာ

http://www.dhammadownload.com

မကင်းကြောင်းဖြစ်သော သူငယ်ချင်းမိတ်ဆွေများ လောက်သာ ဖိတ်၍ ကျွေးမွေးဧည့်ခံပြီး လက်ထပ်မင်္ဂလာ အခမ်းအနားပြုလုပ်ရန် ဤမျှသာ စီစဉ်ထားကြတယ်။

သို့ဖြင့် ၇-ရက်နေ့မှာ မကြည်သင်း၏ အမေအဖေများဖြစ်သော ဦးအင်ဖား+ဒေါ်တင်ကြည်တို့အိမ်သို့ သံဃာတော်များနဲ့အတူ ဆရာတော်ဦးဓမ္မိက ကြွလာပါသည်၊ အိမ်ကိုရောက်၍ နေသားတကျ ထိုင်မိသည်နဲ့တစ်ပြိုင်နက် သီလယူ, ပဂိုတ်နာ, ဆွမ်းကပ်, ရေစက်ချ, အမျှဝေမှုတို့ကို တစ်ခုပြီးတစ်ခု အစဉ်အတိုင်း လုပ်စေသည်၊ ပြီးမှ သံဃာတော်များ ဆွမ်းဘုဉ်းပေးကြသည်၊ ဆွမ်းဘုဉ်းပေးပြီးသည့်အခါ သံဃာတော်များကို ပြန်လွှတ်၍ တရားဟောရန် ဆရာတော်ဦးဓမ္မိက တစ်ပါးတည်း ချန်နေရစ်သည်၊ သံဃာတွေ ရှင်းသွားသည်နဲ့ တစ်ပြိုင်နက် တရားစတင်ဟောကြားပါတော့သည်။

ဒီနေ့ ဟောမယ့်တရားကို မောင်မျိုးသန့်က လျှောက်ထားပြီး ဖြစ်နေတယ်၊ ဒါပေမဲ့ အခြားလူတွေ မဟုတ်ဘဲ ဆွေမျိုးသားချင်းတွေလဲ ဖြစ်နေပြန်, မောင်မျိုးသန့်ကိုယ်တိုင်ကလဲ ဒီမှာ ပါနေပြန်တော့ "ဒီမှာပဲ ပြီးဆုံးအောင် ဟောတော့မယ်"လို့ စီစဉ်ထားပါတယ်။

ယောကျ်ားကလေးအတွက် အခြားအိမ်က အမျိုးသမီးကို ဆောင်ယူတာကို "အာဝါဟမင်္ဂလာ"လို့ ခေါ်ပါတယ်၊ "သမီးယူမင်္ဂလာ"လို့ ဆိုလိုတာပါပဲ၊ ဒါကို ယောကျ်ားကလေးမိဘအိမ်မှာ လုပ်ရပါတယ်။

ကိုယ့်သမီးကို အခြားအိမ်သို့ ပို့တာကိုတော့ "ဝိဝါဟမင်္ဂလာ"လို့ ခေါ်ပါတယ်၊ သမီးပေးမင်္ဂလာပေါ့၊ ဒါကိုတော့ အမျိုးသမီးကလေးရဲ့ မိဘအိမ်မှာ လုပ်ရပါတယ်။

ပါဠိမှာ ဒီလို ၂-မျိုး ခွဲပြီး ဆိုထားပါတယ်၊ မြန်မာကတော့ မထူးပါဘူး၊ ထိမ်းမြားလက်ထပ်မင်္ဂလာချည်းပါပဲ၊ အဲဒီလို ထိမ်းမြားလက်ထပ်မယ့် အမျိုးသမီးအမျိုးသားကို အိမ်ထောင်ချထားတယ်၊ ထိမ်းမြားလက်ထပ်ပြီးရင် အိမ်ထောင်ကျသွားပြီ၊ ဒီလို ပြောနေကြပါတယ်၊ ဒီတော့ "အိမ်ထောင်ကျတယ်"ဆိုတာ ဘယ်လိုဟာပါလိမ့်။

အိမ်ထောင်ကျ[၁] ကျေးဇူးတော်လက်မှာ သီတင်းသုံးတော်မူကြတဲ့ ရဟန်းတော် ၃-ကျိပ်တို့ဟာ ဘုရားဖူးရအောင် သာဝတ္ထိမြို့ကို လာကြပါတယ်၊ နောက်တစ်နေ့မှာ သာဝတ္ထိမြို့တွင်းကို ဆွမ်းခံဝင်ကြပါတယ်၊ ထောင်နားကို ရောက်သွားတဲ့အခါ ထောင်ထဲမှာ ချုပ်ထားတဲ့ ခိုးသားတွေကို တွေ့လာကြရပါတယ်၊ ညနေချိန်မှာ ဘုရားဆီ ဆည်းကပ်ပြီး-

၁။ မံ-၄-၂၊ ၃၃၇။

http://www.dhammadownload.com

"ရှင်တော်မြတ်ဘုရား ! ဒီနေ့ ဆွမ်းခံသွားရင်း ထောင်ထဲမှာ ထိတ်တုံးတွေ, ကြိုးတွေ, သံခြေကျင်းတွေနဲ့ ချည်နှောင်ချုပ်ထားတဲ့ ခိုးသားတွေကို တွေ့လာကြရပါတယ်၊ သူတို့တစ်တွေဟာ အင်မတန် ဆင်းရဲဒုက္ခ ရောက်နေကြပါတယ်၊ အဲဒီအချုပ်အနှောင်တွေကို ဖြတ်ပြီး မပြေးနိုင်ကြတော့ပါဘူး၊ ဒါထက်ခိုင်မြဲတဲ့ အခြားအနှောင်အဖွဲ့များ ရှိပါသေးသလား ?"။

ဒီလို လျှောက်ထားကြပါတယ်၊ ဒီစကားကို ကြားရတော့ ဘုရားရှင်က–

"ရဟန်းတို့ ! ဒီအနှောင်အဖွဲ့မျိုးဟာ ပြောပလောက်တဲ့ အနှောင်အဖွဲ့မျိုးမဟုတ်ပါဘူး၊ ဥစ္စာ, စပါး, သား, မယားစတဲ့ဟာတွေကို တပ်မက်တတ်တဲ့ 'တဏှာ'ဆိုတဲ့ အနှောင်အဖွဲ့ဟာ အဲဒီထိတ်တုံးတွေ, ကြိုးတွေ, သံခြေကျင်းတွေထက် အဆအရာ, အဆအထောင် အဆအသိန်းမကအောင် ခိုင်မြဲလှပါတယ်"။

ဒီလို ဘုရားရှင်က မိန့်တော်မူလိုက်ပါတယ်။

ဘုရားရှင်က မိန့်တော်မူတဲ့အတိုင်းပဲ မယားဖြစ်သူက လင်ဖြစ်သူကို တဏှာနှောင်ကြိုးနဲ့ နှောင်ဖွဲ့ထား၊ လင်ဖြစ်သူကလဲ မယားကို တဏှာနှောင်ကြိုးနဲ့ နှောင်ဖွဲ့ထား၊ ဥစ္စာစီးပွား, သားသမီးတွေကလဲ အဆစ်ပါလိုက်သေး၊ ဒီတော့ ဒီအိမ်ထဲက တဏှာနှောင်ကြိုးကိုဖြတ်ပြီး ပြေးနိုင်ကြပါအုံးမလား ?၊ စဉ်းစားကြ၊ မပြေးနိုင်တော့ပါဘူး၊ တဏှာကြိုးက သိပ်ခိုင်နေတယ်၊ ၁၀၈–ပင်လိမ် ကြိုးကြီးပဲ၊ ဘယ်မခိုင်ဘဲ နေပါ့မလဲ၊ ဒါ့ကြောင့် လူတွေက အိမ်ကို ထောင်နဲ့နှိုင်းခိုင်းပြီး "အိမ်ထောင်ကျတယ်"လို့ ခေါ်နေကြပါတယ်။

ဒီတော့ "ဒီဘဝတင်မက နောက်ဘဝပါ အတူနေထိုင်လိုတဲ့ ဇနီးမောင်နှံတွေဟာ ဘယ်လိုလုပ်ကိုင် နေထိုင်ရမယ်"ဆိုတာကို ပြောပါ့မယ်။

ခုလဲအတူ နောင်လဲအတူ[1]

ဘဂ္ဂတိုင်း သုသုမာရဂိရမြို့မှာ နကုလပိတာ+နကုလမာတာ–ဆိုတဲ့ ဇနီးမောင်နှံတို့ ရှိနေကြပါတယ်၊ နကုလပိတာဟာ ဘုရားရှင်ရဲ့အဖေဘဝ ၅–ရာ, ဦးကြီးဘဝ ၅–ရာ, ဦးလေးဘဝ ၅–ရာ ဖြစ်ဖူးပါတယ်၊ နကုလမာတာလဲပဲ ဘုရားရှင်ရဲ့ အမေဘဝ ၅–ရာ, ဒေါ်ကြီးဘဝ ၅–ရာ, ဒေါ်လေးဘဝ ၅–ရာ ဖြစ်ဖူးပါတယ်။

သူတို့ ဇနီးမောင်နှံဟာ ဘုရားရှင်ကို တွေ့ရတဲ့ အချိန်ကစပြီး သားအရင်းလို ချစ်ခင်နေကြပါတယ်၊ "အလို ! တို့သားလေးပါလား၊ အလို ! တို့သားလေးပါလား"

၁။ အံ–ပါ–၁၊ ၃၇၂။ ၄–၂၊ ၃၁၁။

http://www.dhammadownload.com

ဆိုပြီး ဘုရားကို ဆည်းကပ်ကြပါတယ်၊ အစဆုံး ဘုရားကို ဖူးတွေ့ရတဲ့ အချိန်က စပြီး သောတာပန်ဖြစ်နေကြပါတယ်၊ သူတို့အိမ်မှာ ရဟန်းတော် ၅-ရာအတွက် နေရာတွေကို အမြဲခင်းထားပါတယ်။

တစ်ချိန်မှာ မြတ်စွာဘုရားဟာ သူတို့ဇနီးမောင်နှံကို ချီးမြှောက်လိုတဲ့အတွက် ဘဂဝတိုင်း သုသုမာရဂိရိမြို့ကို ကြွလာပါတယ်၊ သားကောင်တွေကို အေးမဲ့မေးထားတဲ့ ပဲစင်းငုံတော(ဘေသကဠာဝန)မှာ သီတင်းသုံး နေတော်မူပါတယ်၊ တစ်နေ့ကျတော့ မြတ်စွာဘုရားက နံနက်ချိန်မှာ နကုလပိတာရဲ့အိမ်ကို ကြွပြီး အဆင်သင့် ခင်းထားတဲ့ နေရာမှာ ထိုင်နေတော်မူပါတယ်။

ဒီတော့ နကုလပိတာရော, နကုလမာတာရော ဘုရားရှင့်အနားကို လာကြပါတယ်၊ ရှိခိုးပြီး သင့်တော်ရာက ထိုင်နေကြပါတယ်၊ နေသားတကျ ထိုင်မိတယ် ဆိုရင်ပဲ နကုပိတာက ဘုရားရှင်ကို-

"အရှင်ဘုရား ! ၂-ဦးလုံး ငယ်ရွယ်တဲ့ အချိန်တုန်းကပဲ တပည့်တော်ကို နကုလမာတာကို ထိမ်းမြားလက်ထပ်ပြီး ဒီအိမ်ကိုခေါ်လာခဲ့ပါတယ်၊ အဲဒီ အချိန်ကစပြီး နကုလမာတာမှတစ်ပါး အခြားမိန်းမတွေကို စိတ်နဲ့တောင်မှ မပြစ်မှားမိခဲ့ပါဘူး၊ ကိုယ်နဲ့တော့ ဘာပြောစရာ လိုတော့မလဲဘုရား၊ တပည့်တော်တို့ဟာ ဒီဘဝမှာလဲ အချင်းချင်းတွေ့လို မြင်လိုကြပါတယ်၊ နောက်ဘဝမှာလဲ တွေ့လို မြင်လိုကြပါတယ်"။

ဒီလို လျှောက်ထားပါတယ်၊ နကုလမာတာကလဲ နကုလပိတာလျှောက်သလိုပဲ လျှောက်ထားပါတယ်၊ ဒီတော့ ဘုရားရှင်က ဇနီးမောင်နှံ မကွဲမကွာ နေရခြင်းရဲ့ အကြောင်းရင်းဖြစ်တဲ့ တရားကို ဟောတော်မူပါတယ်။

"ဒကာတို့ ! လင်မယား ၂-ဦးလုံးက ဒီဘဝမှာလဲ အချင်းချင်း တွေ့လို မြင်လို, နောက်ဘဝမှာလဲ တွေ့လိုမြင်လိုကြပါရင် ၂-ဦးလုံးပဲ တူမျှတဲ့ သဒ္ဓါတရားရှိရမယ်၊ တူမျှတဲ့ အကျင့်သီလရှိရမယ်၊ တူမျှတဲ့ စွန့်ကြဲမှု ရှိရမယ်၊ တူမျှတဲ့ ပညာရှိရမယ်၊ (ဒီလိုကျင့်မှ) ဒီဘဝမှာလဲ အချင်းချင်း တွေ့မြင်ရမယ်၊ နောက်ဘဝမှာလဲ အချင်းချင်း တွေ့မြင်ရမယ်။

ဒီလိုကျင့်တဲ့ ဇနီးမောင်နှံဟာ ဒီဘဝမှာလဲ စည်းပွားချမ်းသာ တိုးတက်မယ်၊ နောက်ဘဝမှာလဲ နတ်ပြည်ကိုရောက်ပြီး ဝမ်းမြောက်ဝမ်းသာ နေကြရမယ်"။

စိတ်သွေမပြို, မယားကိုမှု, သက်တူမယွင်း, စောင့်စည်းခြင်းဖြင့်, ဖြောင့်စင်း ကြည်စွာ, လိုလိုက်ရာသည်-မေတ္တာကြင်ဖက်---ညီညီတည်း။[၁]

၁။ နဝရတ်-ပုဒ်ရေ၊ ၂၃။

http://www.dhammadownload.com

ချစ်ဖက် မပြား, လင်မယားတို့, မမှား မယွင်း, တည်ကြည်ခြင်းလျှင်
---ခပင်းလူတို့တန်ဆာတည်း။ [၁]

ပြီးတော့ လောကမှာ ရှိနေတတ်တဲ့ ဇနီးမောင်နှံ ၄-မျိုးကို ပြောပြပါအုံးမယ်။

ဇနီးမောင်နှံ ၄-မျိုး [၂]

တစ်ချိန်မှာ မြတ်စွာဘုရားဟာ မဓုရမြို့နဲ့ ဝေရဉ္ဇာမြို့အကြား ကြွသွားတော်မူနေပါတယ်၊ အိမ်ထောင်ရှင် အမျိုးသား အမျိုးသမီး အများအပြားဟာလဲပဲ ထိုင်ပြား လက်ထပ် မင်္ဂလာဆောင်ကိစ္စအတွက် အဲဒီလမ်းကိုပဲ သွားနေကြပါတယ်။

မြတ်စွာဘုရားက လမ်းဘေး သစ်ပင်တစ်ပင်အောက်ကို ဝင်ရောက်ထိုင်နေတော်မူပါတယ်၊ မြတ်စွာဘုရား ထိုင်နေတာကို တွေ့ရတော့ အမျိုးသား အမျိုးသမီး တွေကလဲပဲ ဘုရားရှင်အနားကို သွားပြီး သင့်တော်ရာက ရှိခိုးထိုင်နေကြပါတယ်၊ ဒီတော့ မြတ်စွာဘုရားက အခါကာလနဲ့ သင့်တော်တဲ့ တရားစကားကို မိန့်ကြားတော်မူပါတယ်။

ဒကာတို့ !-

"၁။ လင်ရော မယားပါ သူသေနဲ့တူတဲ့ ဇနီးမောင်နှံ တစ်စုံ၊
၂။ လင်ကသာ သူသေနဲ့တူပြီး မယားက နတ်သမီးနဲ့တူတဲ့ ဇနီးမောင်နှံ တစ်စုံ၊
၃။ လင်ကသာ နတ်သားနဲ့တူပြီး မယားက သူသေနဲ့တူတဲ့ ဇနီးမောင်နှံ တစ်စုံ၊
၄။ လင်ရော မယားပါ နတ်သား နတ်သမီးနဲ့တူတဲ့ ဇနီးမောင်နှံ တစ်စုံ"။

ဒီလို ဇနီးမောင်နှံ ၄-စုံ ရှိပါတယ်။

၁။ လင်ရော မယားပါ ၅-ပါးသီလကို မစောင့်ထိန်းဘူး၊ (ဒုစရိုက်တို့ကို ပြုကျင့်တယ်၊) ဒါန သီလလဲ မရှိဘူး၊ ယုတ်ညံ့တဲ့ သဘောလဲရှိတယ်၊ 'ဝန်တိုနမြောမှု'ဆိုတဲ့ အညစ်အကြေးရဲ့ နှိပ်စက်မှုကို ခံနေရတဲ့အတွက် ပေးကမ်းစွန့်ကြဲလှူဒါန်းမှုလဲ မရှိ၊ ရဟန်းသူတော်ကောင်းတွေကို ဆဲရေးခြိမ်းခြောက်တတ်ကြတယ်၊ ဒီလို လင်မယားမျိုးကို "လင်ရော မယားပါ သူသေနဲ့တူတဲ့ ဇနီးမောင်နှံ"လို့ ဆိုရတယ်။

၂။ လင်ကသာ ၅-ပါးသီလကို လွန်ကျူးတယ်၊ (ဒုစရိုက်ကို ပြုကျင့်တယ်၊) ဒါနနဲ့ သီလလဲ မရှိ၊ ယုတ်ညံ့တဲ့သဘောလဲ ရှိတယ်၊ ပေးကမ်းစွန့်ကြဲ

၁။ နဝရတ်-ပုဒ်ရေ၊ ၁၂။ ၂။ အံ-ပါ-၁၊ ၃၇၀။ ၃-၂၊ ၃၁၀။

http://www.dhammadownload.com

လူဒါန်းမှုလဲ မရှိ၊ 'ဝန်တိုနမြောမှု'ဆိုတဲ့ အညစ်အကြေးရဲ့ နှိပ်စက်မှုကို ခံနေရတယ်၊ ရဟန်းသူတော်ကောင်းတွေကိုလဲ ဆဲရေးခြိမ်းခြောက် တယ်၊ မယားကတော့ ၅-ပါးသီလကို စောင့်ထိန်းတယ်၊ (သုစရိုက်ကို ပြုကျင့်တယ်၊) သီလရှိတယ်၊ သဘောကောင်းတယ်၊ စွန့်ကြဲပေးကမ်း လူဒါန်းတတ်တယ်၊ ရဟန်းသူတော်ကောင်းတွေကိုလဲ မဆဲရေး မအော်ငေါက်တတ်ဘူး၊ ဒီလင်မယားမျိုးကို "လင်ကသာ သူသေနဲ့တူပြီး မယားက နတ်သမီးနဲ့တူတဲ့ ဓနိုးမောင်နှံ"လို့ ဆိုရတယ်။

၃။ လင်က ၅-ပါးသီလကို စောင့်ထိန်းတယ်၊ (သုစရိုက်တရားကိုလဲ ပြုကျင့်တယ်၊) သီလရှိတယ်၊ သဘောကောင်းတယ်၊ စွန့်ကြဲပေးကမ်း လူဒါန်းတတ်တယ်၊ ရဟန်းသူတော်ကောင်းတွေကို မဆဲရေး မအော်ငေါက်တတ်ဘူး၊ မယားကတော့ ၅-ပါးသီလကိုလဲ လွန်ကျူးတယ်၊ (ဒုစရိုက်ကိုလဲ ပြုကျင့်တယ်၊) ဒါနဲ့ သူမှာ သီလလဲ မရှိဘူး၊ သဘောထားလဲ ဆိုဝါးယုတ်ညံ့တယ်၊ ပေးကမ်းစွန့်ကြဲမှုလဲ မရှိဘူး၊ ရဟန်းသူတော်ကောင်းတွေကိုလဲ ဆဲရေးအော်ငေါက်တတ်တယ်၊ ဒီလို လင်မယားမျိုးကို "လင်ကသာ နတ်သားနဲ့တူပြီး မယားက သူသေနဲ့တူတဲ့ ဓနိုး မောင်နှံ"လို့ ဆိုရပါတယ်။

၄။ လင်ရော မယားပါ သီလစောင့်ထိန်းတယ်၊ (သုစရိုက်တရားကို ပြုကျင့်တယ်၊) ဒါန သီလ ရှိတယ်၊ သဘောကောင်းတယ်၊ စွန့်ကြဲပေးကမ်း လူဒါန်းတတ်တယ်၊ ရဟန်းသူတော်ကောင်းတွေကို မဆဲရေး မအော်ငေါက်တတ်ဘူး၊ ဒီလို လင်မယားမျိုးကို "လင်ရောမယားပါ နတ်သား နတ်သမီးနဲ့တူတဲ့ ဓနိုးမောင်နှံ"လို့ ဆိုရပါတယ်။

ညီတူညီမျှ သီလရှိနေကြတဲ့ ဒီလို ဓနိုးမောင်နှံမျိုးမှာ အကျိုးစီးပွားတွေ များပြားပါတယ်၊ ချမ်းချမ်းသာသာ နေရပါတယ်၊ ရန်သူတို့ နှလုံးမသာယာဖွယ်သာ ဖြစ်ပါတယ်။

ညီတူညီမျှ သီလအကျင့် ရှိနေကြတဲ့ ဓနိုးမောင်နှံတွေဟာ ဒီလောကမှာ တရားကို ကျင့်ကြတဲ့အတွက် နတ်လောကမှာ နှစ်သက်ကြရပါတယ်၊ အလိုရှိသလို ကာမတွေကို ရရှိပြီး ဝမ်းမြောက်ကြရပါတယ်။

[ဒီသုတ် တစ်သုတ်လုံးကို သူဇာပျို့မှာ လက်ံာစပ်ထားပါတယ်၊ ပိုဒ်ရေ နံပါတ် ၂၄၂။ ၃။ ၄-တို့ကို ကြည့်ရှုက တွေ့ရပါလိမ့်မယ်။]

http://www.dhammadownload.com

> မယား တိရစ္ဆာန်, လင် သူမွန်တိ, သောတာပန်လား၊ မယား သောတာပန်, လင် တိရစ္ဆာန်တို့၊ ကျင့်ဟန်မတူ, မကောင်းသူမှာ, မီးပူကျရောင်း, ကောင်းကျင့်သူကား, နတ်ပြည်လား၏၊ မယားကိုလင်, လင်ကို မယား, နတ်အလားသို့, တရားသဖြင့်, ကောင်းစွာကျင့်က, ငါးဆင့်နတ်ရွာ, ဘုံနိမ္မာဝယ်, ချမ်းသာနှစ်ပါး, တူစံစားလိမ့်၊ လင်မယားနှစ်, အကျင့်ညစ်မှု, နှစ်ကြ ငရဲ, မကွဲတဝေး, သံပြိုင် ထွေးသည်---ဝိုင်ကြွေး အော်ကြ ညံတွန်တည်း။[၁]

မဃဒေဝဆရာက ဒီလို ဆိုထားပါတယ်၊ ပြီးတော့ လင်မယားဆိုပေမဲ့ လင်က ကုသိုလ်လုပ်တဲ့အခါ မယားက စိတ်မပါရင် မယား မရဘူး၊ မယားက ကုသိုလ်လုပ်တဲ့အခါ လင်က စိတ်မပါရင် လင်မရပါဘူး၊ ၂-ဦးလုံး စိတ်တူသဘောတူလုပ်မှ ၂-ဦးလုံး ရနိုင်ပါတယ်၊ ဒါ့ကြောင့် မဃဒေဝမှာလဲ-

> အကုသိုလ်နှင့်, ကုသိုလ်နှစ်ပါး, ကံတရားကား, မယားပြုရာ, စိတ်မပါလျှင်, လင်မှာ မရ၊ လင်ပြုကလည်း, မိန်းမအိမ်သူ, စိတ်မတူသော်, မှတ်ယူမှန်စွာ, မရရာဘူး။[၂]

ဒီလို ဆိုထားပါတယ်၊ ဒီတော့ ၂-ဦးလုံး စိတ်တူသဘောတူ ကုသိုလ်လုပ်ကြလို့ ၂-ဦးလုံး နတ်ပြည်ရောက်ကြတဲ့ ဝတ္ထုကို အရင်ပြောပြပါ့မယ်၊ နောက်မှ စိတ်မတူတဲ့အတွက် မရတဲ့ဝတ္ထုတွေကို ပြောပြပါ့မယ်။

နတ်ဖြစ်လဲအတူ[၃]

ရာဇဂြိုဟ်မြို့မှာ အိမ်ထောင်စုတစ်ခုဟာ လင်ရောမယားပါ ရတနာ ၃-ပါးကို ကြည်ညိုပါတယ်၊ သီလအကျင့်နဲ့ ပြည့်စုံပါတယ်၊ ရဟန်းတော်တွေ, ရဟန်းမတွေရဲ့ ရေဆိပ်သဖွယ် ဖြစ်နေပါတယ်။

သူတို့ ဇနီးမောင်နှံဟာ ရတနာ ၃-ပါးကို ရည်ညွှန်းပြီး အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုကြပါတယ်၊ အဲဒီဘဝက စုတေ့တော့ တာဝတိ်သာ နတ်ပြည်မှာ ဖြစ်ကြရပါတယ်၊ သူတို့အတွက် ၁၂-ယူဇနာရှိတဲ့ ရွှေဗိမာန် ဖြစ်ပေါ်လာရပါတယ်၊ သူတို့ ၂-ဦးလုံးဟာ အဲဒီတာဝတိ်သာ နတ်ပြည်မှာပဲ နတ်စည်းစိမ်ချမ်းသာကို ခံစားနေကြရပါတယ်။

ဒါဟာ ၂-ဦးလုံး စိတ်တူသဘောတူ လုပ်ကြလို့ ၂-ဦးလုံး နတ်ပြည်ကို ရောက်ကြရတဲ့ သာဓကပါပဲ၊ အခုလင်လုပ်တာကို မယားစိတ်မတူတဲ့အတွက် မရနိုင်တဲ့ အကြောင်းကို မဃလုလင်ဝတ္ထုနဲ့, ရေဝတီဝတ္ထု ဒီဝတ္ထု ၂-ခုနဲ့ ပြပါ့မယ်။

၁။ ပုဒ်ရေ၊ ၃၉၀။ ၂။ ပုဒ်ရေ၊ ၂၈၉။ ၃။ ဓမ္မာန-၌၊ ၂၆၅။

http://www.dhammadownload.com

လင်သိကြား မယားဗျိုင်းမ[၁]

ရှေးတုန်းက မဂဓတိုင်း မစလရွာမှာ နေထိုင်ကြတဲ့ အမျိုးသား ၃-ကျိပ် ၃-ယောက် တို့ဟာ ငယ်ငယ်ရွယ်ရွယ်ပဲ ရှိကြပါသေးတယ်၊ သူတို့ဟာ စိတ်တူ သဘောတူ "မဃ"ဆိုတဲ့ အမျိုးသားရဲ့နောက်ကို လိုက်ပါပြီး ကုသိုလ်ကောင်းမှုတွေကို ပြုလုပ် နေကြတယ်၊ သူတို့တစ်တွေဟာ လမ်းတွေကိုလဲ ကောင်းအောင် ပြုပြင်ကြပါတယ်၊ ရေတွင်းရေကန်လဲ တူးကြပါတယ်၊ ဧရပ်လဲ ဆောက်ကြပါတယ်၊ တံတားလဲ လုပ်ကြပါတယ်၊ တစ်နေ့မှာ မစလရွာသူကြီးက မဟုတ်မတရား အစိုးရမင်းကို တိုင်ကြားတာနဲ့ "ခိုးသူတွေ"ဆိုပြီး သူတို့အကုန်လုံးကို ဖမ်းပြီး ရှင်ဘုရင်ဆီကို ပို့ဆောင်ကြပါတယ်။

ဒီသတင်းကို ကြားရတော့ သူတို့ရဲ့ အိမ်သူမိန်းမတွေက-

"သူတို့တစ်တွေဟာ လိမ်နေတာ, ညာနေတာ ကြာလှမှပဲ၊ 'ကုသိုလ် ကောင်းမှု လုပ်တယ်'ဆိုပြီး နေ့တိုင်း နေ့တိုင်း တောမှာချည်းပဲ နေကြတယ်၊ အိမ်မှုကိစ္စတွေကို ဘာတစ်ခုမှ လုပ်ကြတာ မဟုတ်ဘူး၊ အကုန်လုံး ကျဆင်း နေတာပဲ၊ အိမ်မှာ ဘာတစ်ခုမှ တိုးတက်မှု မရှိဘူး၊ သူတို့ကို ဖမ်းထားတာပဲ ကောင်းတယ်"။

ဒီလို ပြောဆိုနေကြတယ်၊ အတော်ဆိုးတဲ့ မိန်းမတွေပါပဲ။

ရှင်ဘုရင်ဆီ ရောက်သွားတော့ ရှင်ဘုရင်က ဘာမျှ စစ်ဆေး မေးမြန်းမှုကို မပြုတော့ပါဘူး၊ ဒီလူတွေကို ဆင်နဲ့နင်းပြီး သတ်ပစ်ရမယ်လို့ အမိန့်ချလိုက်ပါတယ်၊ ဒီတော့ သူတို့က မဃအမျိုးသားရဲ့ ညွှန်ကြားချက်ကို လိုက်နာပြီး "တို့ဟာ ခိုးသား ဓားပြဖြစ်ရင် ဆင်နင်းပါစေ၊ ခိုးသားဓားပြ မဟုတ်ရင် မနင်းပါစေနဲ့"၊ ဒီလို သစ္စာ ဆိုကြပါတယ်။

မင်းချင်းယောက်ျားတွေက ဆင်ကို အနင်းခိုင်းတော့ ဆင်က သူတို့အနား ကိုတောင် မကပ်နိုင်ပါဘူး၊ အော်လို့ချည်း ပြေးနေပါတယ်၊ ဘယ်လိုလုပ်လုပ် ဆင်က သူတို့ကို မနင်းရဲပါဘူး၊ ဗျာနဲ့ဖုံးပြီး အနင်းခိုင်းပြန်တော့လဲ မရပါဘူး၊ ပိုပြီးအော်ပြေး နေပါတော့တယ်။

ဒါနဲ့ ရှင်ဘုရင်က မသက်သာလို့ အစကပြန်ပြီး စစ်ပါတယ်၊ ဒီတော့မှ အကုန်လုံး အဖြစ်မှန်ကို သိရပါတယ်၊ ဒါနဲ့ ရှင်ဘုရင်က သူတို့နေတဲ့ မစလရွာကိုလဲ သူတို့အား အပိုင်စား ပေးလိုက်ပါတယ်၊ ဆင်ကိုလဲ သူတို့ကိုပဲ ပေးလိုက်ပါတယ်၊ မဟုတ်မတရား

၁။ ဒီ-မဟာဝဂ္ဂ-၄၊ ၃၂၀။ ဓံ-၄-၁၊ ၁၆၉။ ဇာတ်-၄-၁၊ ၂၁၇။

http://www.dhammadownload.com

တိုင်ကြားတဲ့ မစလရွာသူကြီးကိုလဲ ကျွန်အဖြစ်နဲ့ အသုံးချဖို့ သူတို့ကိုပဲ ပေးလိုက်ပါတယ်၊ "ဒီနေ့ကစပြီး ကျွပ်အတွက်လဲ ကုသိုလ်ကောင်းမှု လုပ်ပေးကြပါအုံး" ဆိုပြီး ပစ္စည်းဥစ္စာတွေကိုလဲ ပေးလိုက်ပါတယ်။

"နောင်ဘဝအတွက်လုပ်တဲ့ တို့တစ်တွေရဲ့ ကုသိုလ်ကောင်းမှုဟာ ဒီဘဝမှာပဲ အကျိုးပေးနေ ပါတော့တယ်" ဆိုပြီး သူတို့တစ်တွေဟာ စိတ်ဓာတ်တက်ကြွလာကြပါတယ်၊ ရှေးကထက်တိုးပြီး ကုသိုလ်ကောင်းမှုတွေကို လုပ်ဖို့ တိုင်ပင်ကြပါတယ်၊

"လမ်း ၄-ခွမှာ လူများ အပန်းဖြေ နားနေဖို့ ခိုင်မာတောင့်တင်းတဲ့ ဇရပ်တစ်ဆောင် ဆောက်ကြအုံးမှပဲ၊ အိမ်က အကောင်မတွေကိုတော့ ကုသိုလ် ပါဝင်ခွင့် မပေးဘဲထားမှ တော်မယ်၊ တို့အဖမ်းခံရတုန်းက ဒီအကောင်မတွေ ထဲက ဘယ်သူတစ်ဦးမှ စိုးရိမ်ပူပန်မှုကလေးမှ မရှိခဲ့ကြဘူး၊ "အဖမ်းခံရ တာပဲ ကောင်းတယ်" လို့ အော်ကြီးဟစ်ကျယ် လုပ်နေကြတယ်၊ ဒါ့ကြောင့် သူတို့ကို ကုသိုလ်ပါဝင်ခွင့် ပေးလို့မတော်ဘူး"။

ဒီလို တိုင်ပင်ပြီးတဲ့နောက် သူတို့လူစုဟာ တောကိုတက်ပြီး သစ်ပင်ခုတ်ကြပါတယ်၊ ရသမျှကို ဆင်နဲ့ဆွဲယူလာပြီး လမ်းဘေးမှာ ပုံထားကြပါတယ်၊ အဲဒီ သစ်တွေကို ရွေချောပြီး ဇရပ်ဆောက်လုပ်နေကြပါတယ်။

မဃအမျိုးသားရဲ့အိမ်မှာ "သုဇာတာ, သုဓမ္မာ, စိတ္တာ, နန္ဒာ" လို့ မိန်းမ ၄-ယောက် ရှိနေပါတယ်၊ သုဓမ္မာက လက်သမားနဲ့ပေါင်းပြီး သူတို့ ဆောက်လုပ်နေတဲ့ဇရပ်မှာ အထွတ်သစ်သား ထည့်ရအောင် ကြံစည်ထားပါတယ်၊ သစ်သားရဲ့ အောက်ဖက် လူမြင်ကွင်းမှာ "ဒါဟာ သုဓမ္မာဇရပ်ပဲ"၊ ဒီ လို စာရေးထားပါတယ်၊ ကြံစည်တဲ့အတိုင်းလဲ အောင်မြင်သွားပါတယ်။

မဃအမျိုးသားက ဇရပ်အနီးမှာ ပင်လယ်ကသစ်ပင်ကို စိုက်ပါတယ်၊ အဲဒီ အပင်ရင်းမှာ ကျောက်ဖျာတစ်ချပ်ကိုလဲ ခင်းထားပါတယ်၊ အဲဒီ မဃအမျိုးသားရဲ့ နန္ဒာဆိုတဲ့ မိန်းမက ဇရပ်အနီးမှာ ရေကန်တူးပါတယ်၊ စိတ္တာကတော့ ပန်းဥယျာဉ် စိုက်ပါတယ်။

မဃားကြီးဖြစ်တဲ့ သုဇာတာကတော့ မှန်တစ်ချပ်နဲ့ ကိုယ်ခန္ဓာကို ဖီးလိမ်းပြင်ဆင် တန်ဆာဆင်ပြီး လှည့်ပတ်သွားလာနေပါတယ်၊ ဘာကုသိုလ်ကောင်းမှုမှ မလုပ်ပါဘူး၊ ဒီတော့ မဃက သူ့ကို ပြောပါတယ်။

"နမရေ ! သုဓမ္မာက ဇရပ်မှာ ကုသိုလ်ပါဝင်ထားပါတယ်၊ နန္ဒာက ရေကန် တူးပါတယ်၊ စိတ္တာက ပန်းဥယျာဉ်စိုက်ပါတယ်၊ သင့်မှာတော့ ကုသိုလ်

http://www.dhammadownload.com

ကောင်းမှုဆိုတာ ဘာတစ်ခုမှ မရှိသေးပါဘူး၊ကုသိုလ်ကောင်းမှု တစ်ခုခုလောက် လုပ်စမ်းပါအုံးလား"။

"ရှင်က ဘယ်သူ့အတွက် လုပ်နေသလဲ ?၊ ရှင်ကလုပ်သမျှဟာ ကျွန်မ အတွက်ပဲပေါ့"။

လင်တော်မောင်ရဲ့စကားကို ကြားရတဲ့အခါ သုဇာတာက ဒီလိုပဲ ပြန်ပြောပါတယ်၊ ကိုယ်ခန္ဓာကို တန်ဆာဆင်ခြင်းကိုပဲ ကြိုးစားအားထုတ်နေပါတယ်။

ဒီလိုနဲ့ ကုသိုလ်ကောင်းမှုတွေကို လုပ်ပြီး မဃအမျိုးသားက သေသွားတဲ့အခါ တာဝတိ်သာမှာ သိကြားဖြစ်ပါတယ်၊ ကုသိုလ်လုပ်ဖက် မစလရွာသား ၃-ကျိပ် ၃-ယောက်တို့လဲ သိကြားမင်းရဲ့ အနီးမှာပဲ နတ်သားဖြစ်ကြပါတယ်။

သိကြားမင်းရဲ့ ဝေဇယန္တာပြာသာဒ်ဟာ ယူဇနာ ၇-ရာမြင့်ပါတယ်၊ ယူဇနာ ၃-ရာမြင့်တဲ့ အလံတွေနဲ့ တန်ဆာဆင်ထားပါတယ်၊ ဒါဟာ ဇရပ်ဆောက်လုပ်ခဲ့တဲ့ ကုသိုလ်ရဲ့ အကျိုးပါပဲ၊ ဇရပ်နားမှာ ပင်လယ်ကသစ်ပင် စိုက်ခဲ့တဲ့အတွက် ထက်ဝန်းကျင် ယူဇနာ ၃-ရာအဝန်းအဝိုင်းရှိတဲ့ ပင်လယ်ကသစ်ပင် ဖြစ်ပေါ်လာရပါတယ်၊ ပင်စည်လုံးပတ်က ၁၅-ယူဇနာ ရှိပါတယ်၊ ကျောက်ဖျာခင်းလှူခဲ့တဲ့ ကုသိုလ်ကြောင့် ပင်လယ်ကသစ်ပင်ရင်းမှာ ယူဇနာ ၆-ဆယ်ရှိတဲ့ ပဏ္ဍုကမ္မလာ ကျောက်နေရာ ဖြစ်ပေါ်လာရပါတယ်။

ဇရပ်မှာ အထွတ်သစ်သား လှူခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့် သုဓမ္မာလဲ တာဝတိ်သာမှာပဲ ဖြစ်ရပါတယ်၊ ယူဇနာ ၃-ရာ ရှိတဲ့ နတ်သဘင်လဲ ဖြစ်ပေါ်လာရပါတယ်၊ (ဓမ္မပဒအဋ္ဌကထာမှာ "ယူဇနာ ၉-ရာ"လို့ အဆိုရှိနေပါတယ်။)

ရေကန်တူးခဲ့တဲ့ ကုသိုလ်ကံကြောင့် နန္ဒာလဲ တာဝတိ်သာနတ်ပြည်မှာပဲ ဖြစ်ရပါတယ်၊ ယူဇနာ ၅-ဆယ် ရှိတဲ့ နန္ဒာရေကန်လဲ ဖြစ်ပေါ်လာရပါတယ်၊ (ဓမ္မပဒအဋ္ဌကထာမှာတော့ "ယူဇနာ ၅-ရာ"လို့ ဆိုထားပါတယ်။)

ပန်းဥယျာဉ်စိုက်ခဲ့တဲ့ ကုသိုလ်ကံကြောင့် စိတ္တာလဲ တာဝတိ်သာနတ်ပြည်ကိုပဲ ရောက်လာရပါတယ်၊ ယူဇနာ ၆-ဆယ် ရှိတဲ့ စိတ္တာလတာဥယျာဉ်လဲ ဖြစ်ပေါ်လာရပါတယ်၊ (ဓမ္မပဒအဋ္ဌကထာမှာတော့ "ယူဇနာ ၅-ရာ ရှိတယ်"လို့ ဆိုထားပါတယ်။)

သိကြားမင်းက နတ်သားတွေ, နတ်သမီးတွေ ခြံရံပြီး ကြိုးကျယ်တဲ့ နတ်စည်းစိမ်ကို ခံစားနေရင်း ကြည့်လိုက်တဲ့အခါ "သုဓမ္မာ, စိတ္တာ, နန္ဒာ"ဆိုတဲ့ မိန်းမ ၃-ယောက်ကိုပဲ တွေ့ရပါတယ်၊ သုဇာတာကိုတော့ မတွေ့ရပါဘူး၊ ဒီတော့

http://www.dhammadownload.com

"သုဇာတာ ဘယ်မှာ ဖြစ်နေပါလိမ့်"လို့ ကြည့်လိုက်တဲ့အခါ ဆောင်ချောက်ကြားမှာ ဗျိုင်းမကလေး ဖြစ်နေတာကို တွေ့ရပါတယ်။

ဒါနဲ့ "မဖြစ်ချေဘူးဆိုပြီး သိကြားမင်းက သူ့ဆီကိုသွားပြီး ၅-ပါးသီလ ပေးပါတယ်၊ ၅-ပါးသီလကို မကျိုးမပေါက်ရအောင် အစောင့်ခိုင်းပါတယ်၊ ဗျိုင်းဘဝနဲ့ ၅-ပါးသီလဟာ အတော်အဆင်မပြေတဲ့ ကိစ္စဖြစ်ပါတယ်၊ ဗျိုင်းမကလေးက ငါးအသေတွေ့တဲ့အခါ စားရတယ်၊ မတွေ့တဲ့အခါ မစားရဘူးပေါ့၊ ဒီလိုနဲ့ ဆင်းတောင့်ဆင်းရဲ အသက်မွေးပြီး အဲဒီဘဝက သေသွားတော့ ဗာရာဏသီမြို့မှာ အိုးထိန်းသည်သမီး ဖြစ်လာပါတယ်၊ အဲဒီဘဝမှာလဲ ၅-ပါးသီလကို စောင့်တာပါပဲ၊ ဒါပေမဲ့ ဒါနက ပါမလာတော့ ဆင်းဆင်းရဲရဲ နေရပါတယ်၊ ဒါနဲ့ အလှူဒါနလဲ ပြုလုပ်နိုင်အောင် ချမ်းချမ်းသာသာလဲ စားသုံးရအောင် သိကြားမင်းကပဲ ထောက်ပံ့ကူညီထားပါတယ်၊ အဲဒီဘဝက စုတော့တော့ ဝေပစိတ္တ အသုရာသမီး ဖြစ်လာပါတယ်၊ အဲဒီ "ဝေပစိတ္တအသုရာ"ဆိုတာဟာ တာဝတိ်သာ နတ်တွေထဲမှာ ပါဝင်ပါတယ်၊ ဒါနဲ့ ပန်းကုံးစွပ်ပြီး လင်ရွေးပွဲ လုပ်တဲ့အခါမှာ သိကြားမင်းက ပန်းကုံးအစွပ်ခံပြီး အတင်းယူဆောင်လာမှ သိကြားမိဖုရား ဖြစ်လာရပါတယ်။

ဒီဝတ္ထုက ဘာသခ်ၤန်းစာရသလဲ ?၊ ပြန်စိစစ်ကြည့်ကြအုံးစို့ရဲ့၊ သူတို့ မှားမှန်း သိပြီး လင်ကလုပ်သလို ကုသိုလ်ကောင်းမှုကို ပြုလုပ်ကြတဲ့ သူတွေက လင်နဲ့ မက္ခ မကွာ နတ်ပြည်မှာ ဖြစ်ကြရတယ်။

"လင်ကလုပ်သမျှဟာ ငါ့အတွက်ပဲပေါ့၊ ငါက လုပ်စရာ မလိုပါဘူး"ဆိုပြီး ဘာကုသိုလ်ကောင်းမှုမှ မလုပ်တဲ့ သုဇာတာကတော့ ဗျိုင်းမကလေး သွားဖြစ်ရတယ်၊ လင်ဖြစ်ဖူးခဲ့တဲ့ "သိကြားက ကယ်မဖော်ရလို့သာ တာဝတိ်သာ နတ်ပြည်ကို ရောက်လာရတယ်"ဆိုတာတွေကို တွေ့ရပါလိမ့်မယ်၊ ပြီးတော့ ၅-ပါးသီလရဲ့ အကျိုးကိုလဲ တွေ့ကြရပါလိမ့်မယ်။

"ဒီတော့ ကုသိုလ်ကောင်းမှု ပြုကြတဲ့နေရာမှာ လင်ရော မယားပါ စိတ်တူ ကိုယ်တူ ပြုလုပ်ကြပါ၊ သီလကိုလဲ စောင့်ထိန်းကြပါ"လို့ ဘုန်းကြီးက တိုက်တွန်း လိုပါတယ်။

ပြီးတော့ လင်ကသောတာပန် မယားကတိရဏ္ဍာန်လို ဖြစ်နေတဲ့ ရေဝတီဝတ္ထုကို ဆက်ပြောပါအုံးမယ်။

လင်သောတာပန် မယားတိရဏ္ဍာန်[၁]

ဘုရားရှင် ဗာရာဏသီမြို့ ဣသိပတနမိဂဒါယမှာ သီတင်းသုံး နေတဲ့အချိန် ဖြစ်ပါတယ်၊ ဗာရာဏသီမြို့မှာ "နန္ဒိယ"ဆိုတဲ့ အမျိုးသားကလေး တစ်ယောက်ဟာ

၁။ ဝိမာန-၅၊ ၂၀၄။

http://www.dhammadownload.com

သဒ္ဓါတရားရှိတဲ့ အိမ်ထောင်စုတစ်ခုရဲ့ သားကလေး ဖြစ်ပါတယ်၊ အဲဒီ "နန္ဒိယ" ဆိုတဲ့ အမျိုးသားကလေးဟာ ရတနာ ၃-ပါးကို ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာ ဖြစ်ပါတယ်၊ သဒ္ဓါတရားလဲ ရှိပါတယ်၊ ပေးလှူတတ်တဲ့ အလှူရှင်လဲ ဖြစ်ပါတယ်၊ သံဃာတော်ကိုလဲ ပြုစုလုပ်ကျွေးတတ်ပါတယ်၊ သူတို့အိမ်ရဲ့ အိမ်ရှေ့ တစ်အိမ်မှာ "ရေဝတီ" ဆိုတဲ့ မိန်းမပျိုကလေးတစ်ဦး ရှိနေပါတယ်၊ နန္ဒိယဦးလေးရဲ့ သမီးပါပဲ၊ အဲဒီအမျိုးသမီးကလေးကတော့ သဒ္ဓါတရားလဲ မရှိဘူး၊ ပေးလှူမှုလဲ မရှိပါဘူး။

နန္ဒိယရဲ့ အမေအဖေတွေက နန္ဒိယကို ရေဝတီနဲ့ ထိမ်းမြားလက်ထပ်ပေးလိုကြပါတယ်၊ နန္ဒိယက ရေဝတီကို သဘောမကျပါဘူး၊ ဒါနဲ့ နန္ဒိယအမေက ရေဝတီကို ခေါ်ပြီး-

> "တူမရေ ! ညည်းက ဒီအိမ်ကိုလာပြီး ရဟန်းသံဃာတော် ထိုင်တဲ့ နေရာကို နွားချေးစိုတွေနဲ့ သုတ်လိမ်းပါ၊ နေရာတွေကိုလဲ ခင်းပါ၊ သပိတ်ခြေတွေကိုလဲ တည်ထားပါ၊ ရဟန်းတော်တွေ ကြွလာတဲ့အချိန်မှာ ရှိခိုးပြီး သပိတ်ကို လှမ်းယူပါ၊ ခင်းထားတဲ့နေရာကို ပင့်တင်ပြီး သောက်ရေကို စစ်ပေးပါ၊ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ သပိတ်တွေကို ဆေးကြောပေးပါ၊ ဒီလို လုပ်လို့ရှိရင် ငါ့သားက ညည်းကို သဘောကျလာပါလိမ့်မယ်"။

ဒီလို ပြောဆိုသွန်သင်ထားပါတယ်၊ ရေဝတီကလဲ နန္ဒိယအမေ ပြောဆိုထားတဲ့ အတိုင်း လုပ်ကိုင်ဆောင်ရွက်နေပါတယ်၊ တစ်နေ့ကျတော့ နန္ဒိယရဲ့ အမေက "သားရေ ! ရေဝတီဟာ သားထင်သလောက် မဆိုးပါဘူး၊ ပြောလို့ဆိုလို့ အလွယ်သားပဲ"လို့ နန္ဒိယကို နားချပြောဆိုပါတယ်၊ "ဒီလိုဆိုရင်တော့ ကောင်းပါတယ် အမေရေ"လို့ နန္ဒိယက လက်ခံလိုက်ပါတယ်၊ ဒီတော့ နေ့ရက်သတ်မှတ်ပြီး သူတို့ ၂-ယောက်ကို လက်ထပ်ပေးလိုက်ကြပါတယ်၊ ဒါနဲ့ ရေဝတီဟာ နန္ဒိယတို့အိမ်ကို ရောက်လာရပါတယ်။

ဒါပေမဲ့ နန္ဒိယက သူ့ဇနီး ရေဝတီကို သိပ်ယုံကြည်လှတာ မဟုတ်ပါဘူး၊ "ရဟန်းသံဃာနဲ့ ကျွပ်ရဲ့အမေအဖေတွေကို ပြုစုလုပ်ကျွေးမယ်ဆိုရင်တော့ ဒီအိမ်မှာ နေရပါလိမ့်မယ်၊ မင်း ကောင်းကောင်းသတိထားနေပါ"လို့ ရေဝတီကို ပြောထားပါတယ်၊ "ကောင်းပါပြီ မောင်ရယ်၊ မောင် ပြောတဲ့အတိုင်းပဲ လုပ်ကိုင်ပါ့မယ်"လို့ ရေဝတီက ဝန်ခံပြောဆိုပါတယ်၊ အတော်လေးကြာအောင်တော့ သဒ္ဓါတရား ရှိသယောင် ဟန်ဆောင်ပြီး လင့်စကားကို နားထောင်ပါသေးတယ်။

ဒီလိုနဲ့ ရေဝတီဟာ ကလေး ၂-ယောက်အမေ ဖြစ်လာပါတယ်၊ နန္ဒိယရဲ့ အမေအဖေတွေကလဲ ကွယ်လွန်သွားကြပါတယ်၊ အဲဒီအချိန်မှာ ရေဝတီကပဲ တစ်အိမ်

http://www.dhammadownload.com

လုံးကို အုပ်စီးနေပါတော့တယ်၊ တစ်အိမ်လုံးဟာ သူ့လက်သူ့ခြေချည်းဆိုသလို ဖြစ်နေပါတော့တယ်။

နန္ဒိယလဲ အလှူရှင်ကြီး ဖြစ်လာပါတယ်၊ ရဟန်းသံဃာအတွက်လဲ ဒါနဝတ်ကို အမြဲတည်ထားပါတယ်၊ ပစ္စည်းမဲ့လူတန်းစား ခရီးသွားတွေအတွက်လဲ အိမ်တံခါးမှာ ထမင်းဝတ်ကို တည်ထားပါတယ်၊ ဣသိပတနကျောင်းတိုက်မှာ အခန်း ၄-ခုနဲ့ တန်ဆာဆင်ထားတဲ့ မုခ်ထွတ်လေးမျက်နှာရှိသော ကျောင်းကိုလဲ ဆောက်လုပ်စေပါတယ်၊ ညောင်စောင်း, အင်းပျဉ်တွေကိုလဲ အခင်းခိုင်းထားပါတယ်၊ ဘုရားရှင် အမှူးရှိတဲ့ သံဃာအား ကြီးကျယ်ခမ်းနားတဲ့ အလှူဒါနကိုလဲ ပေးလှူပါတယ်၊ မြတ်စွာဘုရားရဲ့လက်မှာ အလှူရေစက်ကို ကျစေပြီး အပ်နှင်းလှူဒါန်းပါတယ်။

အလှူရေစက်ကို ပေးလှူလိုက်တာနဲ့ တစ်ပြိုင်နက် တာဝတိ်သာ နတ်ပြည်မှာ အံ့သြစရာကောင်းတဲ့ ပြာသာဒ်တစ်ခု ပေါက်လာပါတယ်၊ အဲဒီ ပြာသာဒ်ဟာ အလျား အနံ ထက်ဝန်းကျင် ၁၂-ယူဇနာ ရှိပါတယ်၊ ယူဇနာတစ်ရာ မြင့်ပါတယ်၊ ရတနာ ၇-ပါးနဲ့ ပြုလုပ်ထားပါတယ်၊ နတ်သမီးတစ်ထောင်က ဟစ်အော်ဆူညံနေပါတယ်။

အဲဒီ အချိန်မှာ အရှင်မဟာမောဂ္ဂလ္လာန်ထေရ်က နတ်ပြည်ကို ကြွသွားတော့ အဲဒီပြာသာဒ်ကြီးကို တွေ့ရပါတယ်၊ ဒါနဲ့ မိမိကို ဖူးမြော်ရှိခိုးရအောင် အနားကို ရောက်လာကြတဲ့ နတ်သားတွေကို မေးကြည့်ပါတယ်။

"ဒါဟာ ဘယ်သူ့ပြာသာဒ်လဲ ?"။

"ဒီပြာသာဒ်ရဲ့ ပိုင်ရှင်ကတော့ဘုရား လူ့ပြည်မှာပဲ ရှိနေပါသေးတယ်၊ ဗာရာဏသီမြို့မှာ 'နန္ဒိယ'ဆိုတဲ့ သူကြွယ်ပါပဲ၊ သူဟာ သံဃာတော်အတွက် ဣသိပတနကျောင်းတိုက်မှာ မုခ်ထွတ်လေးမျက်နှာရှိတဲ့ကျောင်းကို ဆောက်လုပ်စေပါတယ်၊ ဒါဟာ သူ့အတွက် ဖြစ်ပေါ်လာတဲ့ ပြာသာဒ်ပါပဲ"။

ဒီလို နတ်သားတွေက လျှောက်ထားကြပါတယ်၊ ပြာသာဒ်မှာ ဖြစ်နေနှင့်ကြတဲ့ နတ်သမီးတွေကလဲ ရှင်မောဂ္ဂလ္လာန်ကို တွေ့ရတော့ သုတ်သီးသုတ်ပျာနဲ့ ပြာသာဒ်ပေါ်က ဆင်းလာကြပါတယ်၊ ရှင်မောဂ္ဂလ္လာန်ထေရ်ကို ရှိခိုးပြီး သူတို့ကလဲ လျှောက်ထားကြပါတယ်။

"အရှင်ဘုရား ! တပည့်တော်မတို့ တစ်တွေဟာ ဗာရာဏသီမြို့က 'နန္ဒိယ' ဆိုတဲ့ ဥပါသကာရဲ့ အလုပ်အကျွေးဖြစ်ရအောင် ဒီမှာ ဖြစ်နေနှင့်ကြရပါတယ်၊ ဒီကပြန်သွားလို့ရှိရင် သူ့ကို တဆိတ်လောက် ပြောပေးစမ်းပါ၊ 'သင့်ကို

http://www.dhammadownload.com

ပြုစုလုပ်ကျွေးရအောင်လို့ သင့်ဘုံဗိမာန်မှာ ဖြစ်နေနှင့်ကြတဲ့ နတ်သမီးတွေက သင်ကြာနေတဲ့အတွက် ပျင်းရိနေကြပြီ၊ နတ်ပြည်စည်းစိမ်ဆိုတာဟာ မြေခွက်ကို ခွဲပြီး ရွှေခွက်ကို ယူတာလို အင်မတန် နှစ်လိုဖွယ် ကောင်းတယ်၊' ဒီလို ပြောပြပြီး ဒီကို (ခပ်မြန်မြန်)လာအောင် တိုက်တွန်း ပေးတော်မူပါဘုရား။

ရှင်မောဂ္ဂလ္လာန်မထေရ်ကလဲ ခပ်မြန်မြန်ပဲ နတ်ပြည်က ပြန်ကြွလာပါတယ်၊ ပရိသတ် ၄-ပါးအလယ်မှာ မြတ်စွာဘုရားကို လျှောက်ထားပါတယ်။

"ကုသိုလ်ကောင်းမှု ပြုလုပ်ထားတဲ့ လူတွေက လူ့ပြည်မှာ ရှိတုန်းမှာပဲ နတ်စည်းစိမ်ချမ်းသာတွေ ဖြစ်နိုင်ပါ့မလားဘုရား ?"။

"မောဂ္ဂလ္လာန် ! နန္ဒိယအတွက် နတ်ပြည်မှာဖြစ်နေတဲ့ စည်းစိမ်ချမ်းသာတွေကို သင်ကိုယ်တိုင် တွေ့လာခဲ့တယ် မဟုတ်လား၊ ဘာ့ကြောင့် ငါဘုရားကို လာမေးနေရသေးသလဲ ?"။

"အမိန့်ရှိတဲ့အတိုင်း ဖြစ်နေတာတော့ မှန်ပါတယ်ဘုရား"။

အရှင်မောဂ္ဂလ္လာန်ထေရ်က ဒီလို ဝန်ခံတော့ မြတ်စွာဘုရားက မိန့်တော်မူပြန်တယ်။

"ကြာရှည်လေးမြင့် ကွဲကွာနေပြီး ရပ်ဝေးက ချမ်းချမ်းသာသာ ပြန်ရောက်လာတဲ့သူကို ဆွေမျိုး, မိတ်ဆွေ, ချစ်ကျွမ်းဝင်သူတွေက ပြန်ရောက်လာတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ လက်ခံသိမ်းပိုက်တတ်ကြပါတယ်။

ဒီနည်းအတိုင်းပဲ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ပြီး ဒီလောကက တမလွန်လောကသို့ ရောက်သွားတဲ့သူကိုလဲ ကိုယ်လုပ်ထားတဲ့ ကုသိုလ်ကောင်းမှုတွေက (စည်းစိမ်ချမ်းသာဆိုတဲ့ လက်တွေ့နဲ့) လက်ခံသိမ်းပိုက်တတ်ကြပါတယ်၊ ရပ်ဝေးက ပြန်ရောက်လာတဲ့သူကို ဆွေမျိုးတွေက လက်ခံသိမ်းပိုက်တာနဲ့ မထူးခြားလှပါဘူး"။

ဒီစကားကို ကြားရတော့ နန္ဒိယက အတိုင်းထက်အလွန် အလှူဒါနတွေကို ပေးလှူနေပါတယ်၊ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်နေပါတယ်။

"ရှင်မရေ ! ငါက ဝတ်တည်ထားတဲ့ သံဃာတော်အား ပေးလှူမှုရယ်, ခိုကိုးရာမဲ့ ပုဂ္ဂိုလ်တွေအတွက် ပေးလှူနေတဲ့ ထမင်းဝတ်ရယ် ဒါတွေကိုတော့ ရှင်မကဘယ်နည်းနဲ့မှ မမေ့ပါနဲ့၊ ဖြတ်မပစ်ပါနဲ့၊ အမြဲတမ်း ကြိုးစားပေးလှူရစ်ပါ"။

အရောင်းအဝယ်ကိစ္စနဲ့ ခရီးထွက်ခါနီးမှာ နန္ဒိယက ရေဝတီကို ပြောဆိုမှာထားခဲ့ပါတယ်၊ ရေဝတီက "ကောင်းပါပြီ မောင်ရေ !၊ စိတ်ချပြီး သွားမဲ့ဟာသာ သွားစမ်းပါ"လို့ ပြောဆိုမှာထားခဲ့တုန်းကတော့ ဝန်ခံပါတယ်။

http://www.dhammadownload.com

နန္ဒိယက ရောက်တဲ့အရပ်မှာလဲပဲ ရဟန်းတော်တွေ, ခိုကိုးရာမဲ့သူတွေကို ပစ္စည်းအင်အားအလျောက် ပေးလှူနေပါတယ်၊ သူ့ကို ချီးမြှောက်လိုတဲ့အတွက် ရဟန္တာပုဂ္ဂိုလ်တွေက ရပ်ဆေးကဆောင်မှ လာပြီး အလှူကို လက်ခံကြပါတယ်။

ရေဝတီကတော့ နန္ဒိယထွက်သွားပြီးတဲ့နောက် ရက်အနည်းငယ်လောက်သာ အလှူဒါနကို ပေးလှူပါတယ်၊ ခိုကိုးရာမဲ့သူတွေအတွက် ထမင်းဝတ်ကို လုံးဝဖြတ်ပစ်လိုက်ပါတယ်၊ ရဟန်းတော်တွေကိုလဲ ဆန်ကွဲထမင်း ပအုံးရည်(အချဉ်ခံထားတဲ့ ဆန်ဆေးရေ)ဟင်း ဒါကိုပဲ လှူပါတော့တယ်။

ရဟန်းတော်တွေ ဆွမ်းဘုဉ်ပေးတဲ့ နေရာမှာ ကိုယ့်စားကြွင်း ထမင်လုံးတွေ, သားငါးအပိုင်းတွေနဲ့ ရောနေတဲ့ စားဖတ် ဝါးဖတ်တွေကို ဖြန့်ကြဲထားပြီး "ဒီမှာ ကြည့်ကြ စမ်းပါအုံး၊ ရဟန်းတွေ လုပ်သွားတာကို၊ သဒ္ဓါတရားနဲ့ လှူတဲ့ပစ္စည်းကို ဒီလို စွန့်ပစ်နေကြတာပဲ"၊ ဒီလို လူတွေကို ခေါ်ပြီး ပြပါတယ်၊ (အတော့်ကိုဆိုးတဲ့ ဒကာမပါပဲ။)

နန္ဒိယက အရောင်းအဝယ်ကိစ္စနဲ့ ခရီးထွက်ရာက ပြန်လာတော့ ဒီသတင်းဆိုးကိုပဲ အရင်ကြားရပါတယ်၊ ဒါနဲ့ ရေဝတီကို အိမ်ကနှင်ထုတ်လိုက်ပြီးမှ အိမ်ထဲကို ဝင်ပါတယ်၊ နောက်တစ်နေ့မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို ကြီးကျယ်ခမ်းနားစွာ လှူဒါန်းပါတယ်၊ ရဟန်းတော်တွေအတွက် အလှူဝတ်နဲ့ ခိုကိုးရာမဲ့သူတို့အတွက် ထမင်းဝတ်ကိုလဲ ကောင်းမွန်စွာပဲ ဆက်လက်လှူဒါန်းနေပါတယ်။

နန္ဒိယရဲ့ မိတ်ဆွေသူငယ်ချင်းတွေက နန္ဒိယဆီသို့ ရေဝတီကို ခေါ်ယူပို့ဆောင်လာကြပါတယ်၊ နန္ဒိယက မိတ်ဆွေသူငယ်ချင်းတွေရဲ့ စေတနာကို ငဲ့ညှာပြီး ပြန်လက်ခံထားလိုက်ရပါတယ်၊ ဒါပေမဲ့ ရေဝတီကို အိမ်ထောင်ဦးစီးခွင့် မပေးတော့ပါဘူး၊ စားလောက်ရုံ, ဝတ်လောက်ရုံသာ ပေးကမ်းထားပါတော့တယ်။

ဒီလို နေရင်းထိုင်ရင်း နောက်တစ်ချိန်မှာ နန္ဒိယက ကွယ်လွန်သွားပါတယ်၊ တာဝတိ်သာ နတ်ပြည်မှာ ရှိနေနှင့်တဲ့ မိမိရဲ့ ဘုံဘိမာန်မှာပဲ သွားဖြစ်ပါတယ်။

နန္ဒိယ ကွယ်လွန်သွားတယ်ဆိုရင်ပဲ ရေဝတီက အလှူဒါနဝတ် အကုန်လုံးကို ဖြတ်ပစ်လိုက်ပါတယ်၊ "ဒီသူတွေကို အကြောင်းပြုပြီး ငါ့ရဲ့ လာဘ်ပူဇော်သကာ ယုတ်လျော့ခဲ့ရတာပဲ"၊ ဒီလို စိတ်ခုပြီး ရဟန်းတော်တွေကို ဆဲရေးကြိမ်းမောင်းနေပါတော့တယ်၊ အဲဒီ အချိန်မှာ ဝေဿဝဏ်နတ်မင်းက–

"ဟေ့–သွားကြစမ်း၊ 'ဒီနေ့က ၇–ရက်မြောက်တဲ့နေ့မှာ ရေဝတီကို အရှင်လတ်လတ် ငရဲမှာ ပစ်ချမယ်'လို့ ဗာရာဏသီမြို့မှာ လှည့်လည်ကြွေးကြော်လိုက်ကြစမ်း"။

http://www.dhammadownload.com

ဒီလို ဘီလူး ၂-ယောက်ကို အမိန့်ပေးလွှတ်လိုက်တယ်၊ ဘီလူး ၂-ယောက်ကလဲ တစ်မြို့လုံးကို လှည့်လည်ကြွေးကြော်ကြပါတယ်၊ အဲဒီအသံကို ကြားရတော့ မြို့နေလူထုက သံဝေဂရနေကြပါတယ်၊ ကြောက်ရွံ့ထိတ်လန့်နေကြပါတယ်၊ ရေဝတီကတော့ အိမ်အပေါ်ထပ်ကို တက်ပြီး တံခါးကို အလုံပိတ်ကာ ထိုင်နေပါတယ်။

၇-ရက်မြောက်တဲ့နေ့ ရောက်လာတော့ရေဝတီရဲ့ မကောင်းမှုအကုသိုလ်ကံကလှုံ့ဆော်ပေးတဲ့အတွက် ဝေဿဝဏ်နတ်မင်းကြီးက အင်မတန် ကြောက်စရာ, လန့်စရာကောင်းတဲ့ ဘီလူး ၂ယောက်ကို နောက်ထပ် စေခိုင်းလိုက်ရပြန်တယ်၊ အဲဒီ ဘီလူး ၂-ယောက်ရဲ့ ဆံပင် မုတ်ဆိတ် ကျင်စွယ်တွေဟာ ကြောင်တဲ့အဆင်း (အညှိုအဝါရောတဲ့အဆင်း)ရှိပြီး အရောင်တဖျပ်ဖျပ် တောက်ပနေပါတယ်၊ နှာခေါင်းကတော့ ပိန်ရှဲ့ပြီး (အတွင်းကို)ဝင်နေပါတယ်၊ အင်မတန် အကြည့်ရဆိုးပါတယ်၊ အစွယ်တွေက ကွေးညွတ်နေပါတယ်၊ မျက်လုံးတွေက (ကားနောက်မီးလို) နီရဲနေပါတယ်၊ ကိုယ်ရေအဆင်းကတော့ မိုးတိမ်ညိုလို ညိုမဲညစ်ပုပ်နေပါတယ်။

အဲဒီ ဘီလူး ၂-ကောင်က ရေဝတီအနားကို ရောက်လာကြပါတော့တယ်။

"ဟေ့-ရေဝတီ ! နင်ဟာ အင်မတန် ယုတ်မာတယ်၊ လူဒါန်းပေးကမ်းစွန့်ကြဲမှုလဲပဲ မရှိဘူး၊ ဒါ့ကြောင့် နင့်အတွက် အပါယ်တံခါး ပွင့်နေပြီ၊ ထစမ်း-အခုမှ ဘာငိုနေရသေးသလဲ၊ 'ငရဲသူ ငရဲသားတွေ'ဆိုတာဟာ အင်မတန် ဒုက္ခရောက်ကြရတယ်၊ အင်မတန် ဆင်းရဲကြရတယ်၊ ကူပါကယ်ပါ တစာစာနဲ့ ညီးတွားနေကြရတယ်၊ အဲဒီ ငရဲသို့ နင့်ကို ငါတို့က မရောက်ရောက်အောင် ပို့ဆောင်ပေးရတော့မယ်"။

ဒီလို ပြောပြီး တစ်ဖက်တစ်ယောက် လက်မောင်းကို ဆွဲကိုင်ယူသွားကြပါတယ်၊ ရေဝတီကလဲ ယက်ကန် ယက်ကန် တငိုငို တယိုယိုနဲ့ ပါသွားရပါတယ်၊ "မြို့နေလူထုအကုန်လုံး တွေ့ကြပါစေ, မြင်ကြပါစေ"ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တစ်လမ်းဝင် တစ်လမ်းထွက်နဲ့ တစ်မြို့လုံးကို လှည့်ပတ်ပြနေကြပါတယ်၊ ပြီးမှ မိုးပေါ်ကို ပျံတက်ပြီး တာဝတိ်သာ နတ်ပြည်ကို ယူသွားကြပါတယ်၊ နန္ဒိယဗိမာန်ရဲ့အနီးမှာ ချထားလိုက်ကြပါတော့တယ်။

ဒီတော့ ရေဝတီက အတိုင်းထက်အလွန် နေဝန်းလို အရောင်တလက်လက် ထွက်နေတဲ့ နန္ဒိယရဲ့ဗိမာန်ကို တွေ့ရတဲ့အခါ-

"ဒီဗိမာန်ဟာ နေအဆင်းနဲ့တူတဲ့ အဆင်းလဲရှိပါတယ်၊ နှစ်သက်စရာလဲကောင်းလှပါတယ်၊ အရောင်တွေကလဲ တလက်လက်နဲ့ ထွက်နေပါတယ်၊

http://www.dhammadownload.com

တင့်တယ်လှပပါဘိတယ်၊ ရွှေကွန်ရွက်တွေနဲ့လဲ ဖုံးလွှမ်းထားပါတယ်၊ နတ်သမီးကလေးတွေကလဲ အင်မတန် ပေါများတယ်၊ နေရောင်လို ထွန်းတောက်နေပါတယ်၊ ဒါဟာ ဘယ်သူ့ဗိမာန်ပါလဲရှင် ?။

နတ်သမီးတွေကလဲ အချောအလှတွေချည်းပဲ၊ သူတို့ရဲ့ တစ်ကိုယ်လုံးကိုလဲ စန္ဒကူးနဲ့သာနှစ်တွေနဲ့ လိမ်းကျံထားကြပါတယ်၊ သူတို့တစ်တွေဟာ ဒိဗ္ဗာန်ရဲ့အတွင်းအပြင် ၂-ဖက်လုံးကိုပဲ တင့်တယ်စေကြပါတယ်၊ 'ဒီဗိမာန်ဟာ နေနဲ့ တန်းတူညီမျှတဲ့ အဆင်းရှိတယ်'လို့လဲ ထင်ရပါတယ်၊ နတ်ပြည်ကို ရောက်လာပြီး ဒီဗိမာန်မှာ ပျော်စံနေတဲ့သူဟာ ဘယ်သူပါလဲရှင် ?"။

ဒီလို သူ့ကို ခေါ်ယူလာတဲ့ ဘီလူးတွေကို မေးပါတယ်၊ ဘီလူးတွေကလဲ သူ့အမေးကို ပြန်ဖြေကြပါတယ်။

"ဗာရာဏသီမြို့မှာ 'နန္ဒိယ'ဆိုတဲ့ ဥပါသကာတစ်ယောက် ရှိခဲ့ဖူးတယ်၊ သူဟာ နမြောဝန်တိုမှုလဲ မရှိဘူး၊ အလှူရှင်လဲဖြစ်တယ်၊ အလှူခံတွေရဲ့ အရိပ်အကဲကိုလဲ အင်မတန် နားလည်တယ်၊ နတ်သမီးတွေ အင်မတန် ပေါများတဲ့ နေရောင်လို ထွန်းပနေတဲ့ ဒီဗိမာန်ဟာ အဲဒီနန္ဒိယဥပါသကာရဲ့ ဗိမာန်ပါပဲ။

ချောမောလှပတဲ့ နတ်သမီးကလေးတွေဟာ သူတို့ရဲ့ တစ်ကိုယ်လုံးကို စန္ဒကူးနဲ့သာနှစ်တွေနဲ့ လိမ်းကျံထားကြတယ်၊ သူလေးတွေဟာ ဗိမာန်ရဲ့အတွင်းအပြင် ၂-ဖက်လုံးကိုပဲ တင့်တယ်စေကြပါတယ်၊ 'ဒီဗိမာန်ဟာ နေနဲ့ တန်းတူညီမျှတဲ့ အဆင်းရှိတယ်'လို့လဲ ထင်ရပါတယ်၊ နတ်ပြည်ကို ရောက်လာပြီး ဒီဗိမာန်မှာ ပျော်စံနေတဲ့သူဟာ အဲဒီ နန္ဒိယဥပါသကာပါပဲ"။

"ကျွန်မဟာ အဲဒီ နန္ဒိယရဲ့ ဇနီးပါပဲရှင်၊ တစ်အိမ်လုံးကို စိုးရိုပိုင်ဆိုင်တဲ့ အိမ်ရှင်မဖြစ်ပါတယ်၊ အခုကျွန်မလင့်ဗိမာန်မှာပဲ ပျော်စံပါတော့မယ်၊ ရှင်တို့ရဲ့ ငရဲကို တွေ့မြင်ဖို့ မမျှော်လင့် မတောင့်တပါဘူး"။

ရေဝတီက ဒီလို ပြောနေတုန်းမှာပဲ "နင်က ငရဲကို တောင့်တချင်လဲ တောင့်တ၊ မတောင့်တချင်လဲ နေ၊ အခုမှ လင့်ဗိမာန်မှာ ပျော်စံမယ်လေး, ဘာလေးနဲ့ မျှော်လင့်တကြီး လုပ်နေတာ၊ နင့်အတွက် ဘာအသုံးကျတော့မလဲ"၊ ဒီလို ပြောပြီး ငရဲရဲ့ အနိုးကို အတင်းဆွဲခေါ်သွားကြပါတယ်။

"ဟော့-ရေဝတီ ! နင်ဟာ အင်မတန် အကျင့်ယုတ်တဲ့ ကောင်မပဲ၊ အခုယုတ်ပါအုံးတော့လား၊ ဒါဟာ နင့်အတွက် ငရဲပါပဲ၊ လူ့ပြည်မှာ နေတုန်းက နင်ဟာ ကုသိုလ်ကောင်းမှု ဘာတစ်ခုမှ မလုပ်ခဲ့ဘူး၊ နင်ဟာ ဝန်တိုတယ်၊

http://www.dhammadownload.com

အမျက်ဒေါသကြီးတယ်၊ အကျင့်ကလဲ အင်မတန် ယုတ်တယ်၊ ဒီလို ကောင်မ မျိုးက နတ်ပြည်ကို ရောက်နေတဲ့ နတ်တွေနဲ့ အတူနေခွင့် ရပါအုံးမလား ?"။

ဒီလို ပြောပြီး ဘီလူး ၂-ကောင်က အဲဒီနေရာမှာပဲ ကွယ်ပျောက်သွားကြပါတယ်၊ ပြီးတော့ အဲဒီ ကွယ်ပျောက်သွားတဲ့ ဘီလူး ၂-ကောင်နဲ့ တူတဲ့ ငရဲထိန်း ၂-ယောက်က "သံသဝက"[၁] ဆိုတဲ့ ဘင်ပုပ်ငရဲမှာ ပစ်ချဖို့ ရေဝတီကို လာရောက် ဆွဲငင်ကြပါတော့တယ်။

"အမယ်လေး မောင်ကြီးတို့ရေ ! ခဏဆိုင်းကြပါအုံး၊ ဒီငရဲမှာ မစင်မကြယ် ရွံစဖွယ်ဖြစ်တဲ့ ကျင်ကြီးကျင်ငယ်ကိုပဲ တွေ့မြင်ရပါတယ်၊ ဘာ့ကြောင့် ဒီငရဲဟာ အနံ့ဆိုးဝါးလှတဲ့ ကျင်ကြီးတွေနဲ့ ပြည့်နှက်နေရပါသလဲ၊ ဘာ့ကြောင့် ဒီငရဲဟာ မကောင်းဆိုးဝါးတဲ့ အနံ့တွေ နံစော်ရပါသလဲ ?"။

ဒီလို ရေဝတီက မေးပါတယ်။

"ဟေ့-ရေဝတီ ! ဒါဟာ 'သံသဝက' ဆိုတဲ့ ငရဲပါပဲ၊ အသူတစ်ရာလောက် နက်တယ်၊ နင်ဟာ ဒီငရဲမှာ အနှစ်ထောင် ပေါင်းများစွာ ခံရလိမ့်မယ်"။

ဒီစကားကို ကြားရတဲ့အခါ ရေဝတီက သံသဝကငရဲမှာ ကျရောက်ရခြင်းရဲ့ အကြောင်းဖြစ်တဲ့ ကံကို မေးပါတယ်။

"ဘယ်နယ်ပါလဲ မောင်တို့ရေ ! ၊ ကျွန်မဟာ ကိုယ်, နှုတ်, စိတ်နဲ့ ဘယ်လို မကောင်းမှုကို ပြုလုပ်မိခဲ့ပါသလဲ၊ ဘာ့ကြောင့် ကျွန်မဟာ အသူတစ်ရာနက်တဲ့ သံသဝကငရဲကို ရနေရပါသလဲ ?"။

"နင်ဟာ ရဟန်းသူတော်ကောင်းတွေ, အခြားဘုန်းတောင်းယာစကာတွေကို မမှန်မကန်တဲ့ စကားနဲ့ လှည့်ပတ်လာခဲ့တယ်၊ အဲဒီ မကောင်းမှု အကုသိုလ်ကံကို နင် လုပ်လာခဲ့တယ်"။

ရေဝတီအား သူလုပ်လာတဲ့ ကံကို ပြောပြီးတဲ့နောက် ငရဲထိန်းတွေက-

"အဲဒီ အကုသိုလ်ကံကြောင့် နင်ဟာ အသူတစ်ရာနက်တဲ့ သံသဝက ငရဲကို ရလာရပါတယ်၊ နင်ဟာ ဒီသံသဝကငရဲမှာ နှစ်ထောင်ပေါင်းများစွာ ခံရပါလိမ့်မယ်"။

ဒီလို ပြောကြပြန်တယ်၊ နင်ဟာ ဒီသံသဝကငရဲမှာ ခံရရုံတင် မဟုတ်သေးပါဘူး၊ အမှန်ကတော့ ဒီငရဲမှာ နှစ်ထောင်ပေါင်းများစွာ ခံပြီးတဲ့နောက် ဒီငရဲက တက်လာ

၁။ ကျင်ကြီးကျင်ငယ်စတဲ့ စက်ဆုပ်ဖွယ်ရာ အရာဝတ္ထုကို အမြဲယိုစီးစေ တတ်တဲ့အတွက် (ဘင်ပုပ်ငရဲကိုပဲ) "သံသဝက"လို့ ခေါ်ရပါတယ်။

http://www.dhammadownload.com

(လွတ်လာ)လို့ရှိရင် လက်ဖြတ်ခံရခြင်း, ခြေဖြတ်ခံရခြင်းစတဲ့ ဆင်းရဲကိုလဲ ရလေအုံးမယ်၊ ဒီလို ငရဲတစ်ခုပြီးတစ်ခု ဆက်ခံရမဲ့အကြောင်းကို အစဖော်ပေးပြီးတဲ့နောက်-

"ရေဝတီ ! နင်ဟာ လက်ဖြတ်လဲ ခံရအုံးမယ်၊ ခြေဖြတ်လဲ ခံရအုံးမယ်၊ နားဖြတ်လဲ ခံရအုံးမယ်၊ နှာခေါင်းဖြတ်လဲ ခံရအုံးမယ်၊ ပြီးတော့ ကျီးအုပ်ကြီးက ဝိုင်းအုံလာပြီး ကတုန်ကယင်ဖြစ်နေတဲ့ နင့်ကို ထိုးဆိတ်စားသောက်ကြလအုံးမယ်"။

ဒီလို ရထိုက်တဲ့အကြောင်းတွေကိုလဲ ပြောကြပါတယ်။

(ငရဲသူမ ရေဝတီရဲ့ ၃-ဂါဝုတ်လောက်ရှိတဲ့ ကိုယ်မှာ ရာပေါင်းများစွာ, ထောင်ပေါင်းများစွာရှိတဲ့ ကျီးတွေက ဟိုကဒိက ပျံလာပြီး ထန်းပင်လောက်ရှိတဲ့ အင်မတန် အဖျားထက်တဲ့ သံနှုတ်သီးတွေနဲ့ ထိုးကာဆိတ်ကာ စားသောက်ကြလိမ့်မယ်၊ ယူတိုင်းယူတိုင်းသော နေရာမှာ အသားဟာ လျော့ရာမထင်ပါဘူး၊ ကံစွမ်းကြောင့် ပြည့်မြဲပြည့်နေတာချည်းပါပဲတဲ့။)

နောက်ထပ် ရေဝတီက လူ့ပြည်ကို ပြန်ပို့ပေးဖို့ အသနားခံတာစသည်နဲ့ စပ်ပြီး အမျိုးမျိုး ယောင်ယမ်းပြောဆိုနေပါတော့တယ်။

"အမယ်လေး မောင်ကြီးတို့ရေ ! ကျွန်မတောင်းပန်ပါတယ်၊ ကျွန်မကို လူ့ပြည်သို့ ပြန်ပို့ပေးကြပါလားရှင်၊ ကောင်းမှုကုသိုလ် ပြုတဲ့သူတွေဟာ ချမ်းသာသုခ ရကြပါတယ်၊ ပြုပြီးတဲ့နောက်မှာ မပူပန်ကြရပါ၊ အဲဒီ ကုသိုလ်မျိုးကို ကျွန်မက အများကြီးလုပ်ပါ့မယ်၊ အလှူလဲ ပေးပါ့မယ်၊ ညီညီမျှမျှလဲ ကျင့်ပါ့မယ်၊ သီတင်းသီလလဲ စောင့်သုံးပါ့မယ်၊ ဣန္ဒြေတွေကိုလဲ ဆုံးမပါ့မယ်၊ (ဣန္ဒြေယသဲဝရသီလကို လုံခြုံအောင် စောင့်ထိန်းပါ့မယ်။)"

သူ့စကားကို ကြားရတဲ့အခါ ငရဲထိန်းတွေက-

"နင်ဟာ ရှေးတုန်းကတော့ မေ့မေ့လျော့လျော့ နေခဲ့ပြီး အခုမှ ငိုကြွေးမြည်တမ်းနေဘိတယ်၊ နင်ကိုယ်တိုင်လုပ်လာတဲ့ ကံရဲ့အကျိုးကို နင်ပဲခံစားရတော့မယ်"။

ဒီလို ပြောဆိုကြပါတယ်၊ ဒီတော့ ရေဝတီက-

"(သူတစ်ပါးကို ညှဉ်းဆဲဖို့) တုတ်ဓားမကိုင်ဆောင်တဲ့ ရဟန်းသူတော်ကောင်းတို့အား အလှူပေးရမယ်၊ အဝတ်အရုံကို လှူရမယ်၊ အိပ်ရာနေရာကို လှူရမယ်၊ ဆွမ်းအဖျော်ကို လှူရမယ်၊ ဝန်တိုနမြောတဲ့သူ, အမျက်ဒေါသ

http://www.dhammadownload.com

ကြိုးတဲ့သူ, အကျင့်ယုတ်တဲ့သူတွေဟာ နတ်ပြည်ကိုရောက်နေတဲ့ နတ်တွေနဲ့ အတူနေခွင့် မရနိုင်ဘူး၊ ဒီလိုစကားမျိုးကို ကျွန်မက ကျွေးမွေး(တင်မြှောက်ပသ) ထားတဲ့ အဘယ်နတ်က နတ်ပြည်က လူ့ပြည်ကိုလာပြီး ကျွန်မကို ပြောဖော် ရပါသလဲရှင်။

တကယ်ပဲ ကျွန်မက ဒီဝရဲက လွတ်မြောက်ပြီး လူ့ဘဝကို ရလို့ရှိရင် အလှူခံတို့ရဲ့ အရိပ်အကဲကိုလဲ သိအောင်ကြိုးစားပါတော့မယ်၊ သီလနဲ့ပြည့်စုံ အောင်လဲ ကြိုးစားပါတော့မယ်၊ ကုသိုလ်အများအပြားကိုလဲ လုပ်ပါတော့မယ်၊ ညီညီမျှမျှလဲ ကျင့်ပါတော့မယ်၊ ဥပုသ်သီတင်းလဲ စောင့်ပါတော့မယ်၊ ဣန္ဒြေ တွေကိုလဲ ဆုံးမပါတော့မယ်။

အင်မတန် ကြည်လင်တဲ့စိတ်နဲ့ သစ္စသီးခြံ, ပန်းခြံတွေကိုလဲစိုက်ပါတော့မယ်၊ အသွားအလာခက်တဲ့ နေရာမှာ တံတားတွေလဲ ဆောက်လုပ်ပါတော့မယ်၊ ရေချမ်းစင်ကိုလဲ တည်ထားပါတော့မယ်၊ ရေတွင်း, ရေကန်လဲ တူးပါတော့မယ်။

ကျွန်မဟာ လဆန်းပက္ခ လဆုတ်ပက္ခရဲ့ '၁၄-ရက်ဥပုသ်နေ့, ၁၅-ရက် ဥပုသ်နေ့, ၈-ရက်ဥပုသ်နေ့' ဒီဥပုသ်နေ့တွေရဲ့ အကြိုနေ့, အပို့နေ့တွေမှာ အင်္ဂါ ၈-ပါးနဲ့ ပြည့်စုံတဲ့ ဥပုသ်ကို စောင့်ပါတော့မယ်၊ အမြဲတမ်း (၅-ပါး)သီလ စောင့်စည်းပါတော့မယ်၊ လူဒါန်းပေးကမ်းတဲ့ နေရာမှာလဲ မမေ့မလျော့တော့ ပါဘူး၊ ကျွန်မဟာ ငရဲကို ကိုယ်တိုင်မြင်နေရပါပြီ"။

ဒီလို ပါးစပ်ကလဲ မြည်တမ်းနေပါတယ်၊ တစ်ကိုယ်လုံးကလဲ တုန်တုန်လှုပ်လှုပ် (ကတုန်ကယင်)ဖြစ်နေပါတယ်၊ အဲဒီ အချိန်မှာပဲ သူ့ကို ငရဲထိန်းတွေက ဖမ်းယူပြီး ခြေထောက် ၂-ချောင်းကို အပေါ်ထောင်, ဦးခေါင်းကို စောက်ထိုးထားပြီး ကြောက်စရာ လန့်စရာကောင်းတဲ့ ဘင်ပုပ်(သဲသဝက) ငရဲမှာ ဟိုနေရာက ပစ်ချ လိုက် ပေါ်လာတဲ့အခါ ဖမ်းယူပြီး ဒီနေရာက ပစ်ချလိုက်နဲ့ ပစ်ချနေကြပါ တော့တယ်။

"ငါဟာ ရှေးလူ့ဘဝက ဝန်တိုနှမြောမှု ရှိခဲ့တယ်၊ ရဟန်းသူတော်ကောင်း တွေကို ဆဲရေးကြိမ်းမောင်းခဲ့တယ်၊ လင်ကိုလဲ မမှန်ကန်တဲ့စကားနဲ့ လိမ်ညာ ခဲ့ပါတယ်၊ ဒါ့ကြောင့် ဒီလို ကြောက်စရာ လန့်စရာကောင်းတဲ့ ငရဲမှာ ဆင်းရဲဒုက္ခ ခံနေရပါတော့တယ်"။

ဒီလို ညီးတွားမြည်တမ်းလို့သာ နေရပါတော့တယ်။

ဒီဝတ္ထုမှာတော့ လင်က သိပ်ကောင်း၊ မယားက သိပ်ညံ့၊ ဒီတော့ ကျောချင်းကပ် ပြေးကြသလို ဘဝပြောင်းတဲ့အခါ တစ်ဦးနဲ့တစ်ဦး အဝေးကြီးဝေးနေရပါတော့တယ်၊ ရေဝတီရဲ့ အဖြစ်အပျက်ဟာ တယ်သံဝေဂရစရာ ကောင်းပါတယ်။

http://www.dhammadownload.com

ပြီးတော့ အမျိုးသမီးတွေအတွက် "ဘယ်လို မယားမျိုး ဖြစ်သင့်တယ်"ဆိုတာ ကိုယ်တိုင်ရွေးတတ်အောင် မယားအမျိုးအစား ၇-ပါးကို ပြောပြပါအုံးမယ်။

မယား ၇-မျိုး[1]

မြတ်စွာဘုရားက နံနက်အချိန်မှာ အနာထပိဏ်သူဌေးအိမ်ကို ကြွပြီး ထိုင်နေတော်မူပါတယ်၊ အဲဒီ အချိန်မှာ အနာထပိဏ်သူဌေးရဲ့ အိမ်သူအိမ်သားတွေဟာ အော်ကျယ်ဟစ်ကျယ် ပြောဆိုနေကြပါတယ်၊ ဘုရားရှင် ကြွလာတယ်ဆိုရင်ပဲ အနာထပိဏ်သူဌေးက ဘုရားအနားကို ချဉ်းကပ်ရှိခိုးပြီး သင့်တော်ရာက ထိုင်နေပါတယ်။

"ဒကာ ! ငါးလုနေကြတဲ့ တံငါတွေလို ဒကာရဲ့ အိမ်သူအိမ်သားတွေက ဘာကြောင့် အော်ကျယ်ဟစ်ကျယ် ပြောဆိုနေကြသလဲ ?"။

ဒီလို မြတ်စွာဘုရားက အနာထပိဏ်သူဌေးကို မေးတော်မူပါတယ်။

"ရှင်တော်မြတ်ဘုရား ! 'သုဇာတာ'ဆိုတဲ့ ချွေးမကလေးတစ်ယောက်ကို ချမ်းသာကြွယ်ဝတဲ့အမျိုးက ဆောင်ယူလာခဲ့ပါတယ်၊ ဒီကလေးမဟာ ယောကျ်မ(မိန်းမသူ, ယောကျ်ားသူ), လင်ယောကျ်ား ဒါတွေကို ရှိတယ်လို့ တောင်မှ သူ့စိတ်ထဲမှာ ထားဟန်မတူပါဘူး၊ ဘယ်သူ့ကိုမှ ရိုသေလေးစားမှု မရှိပါ၊ စကားကိုလဲ နားမထောင်ပါ၊ မြတ်စွာဘုရားကိုတောင်မှ မရိုသေပါ၊ အလေးဂရု မပြုပါ၊ မမြတ်နိုးပါး၊ မပူဇော်ပါ"။

အနာထပိဏ်သူဌေးရဲ့ လျှောက်ထားတာကို ကြားရတဲ့အခါ မြတ်စွာဘုရားက "ဟေ့-သုဇာတာ ! လာခဲ့အုံး"လို့ သုဇာတာကို ခေါ်လိုက်ပါတယ်၊ ဒီတော့မှ သုဇာတာက ဘုရားရှင်ကို ချဉ်းကပ်ရှိခိုးပြီး သင့်တော်ရာက ထိုင်နေပါတယ်။

"သုဇာတာ လင်ယောကျ်ားအတွက်-

'၁။ သူသတ်သမားနဲ့တူတဲ့ မယား၊
၂။ ခိုးသူနဲ့တူတဲ့ မယား၊
၃။ အရှင်(သခင်)နဲ့တူတဲ့ မယား၊
၄။ အမိနဲ့တူတဲ့ မယား၊
၅။ နှမ, အစ်မနဲ့တူတဲ့ မယား၊
၆။ အဆွေ ခင်ပွန်းနဲ့တူတဲ့ မယား၊
၇။ ကျွန်မနဲ့တူတဲ့ မယား။'

၁။ အံ-ပါ-၂၊ ၄၆၆။ ၌-၃၊ ၁၇၇။ ဋီ-၃၊ ၁၈၅။ ဓာတ်-၌-၂၊ ၃၁၃။

http://www.dhammadownload.com

ဒီလို မယား ၇-မျိုး ရှိတယ်၊ အဲဒီ ၇-မျိုးအနက် သင်ဟာ ဘယ်လို မယားမျိုး ဖြစ်သလဲ ?"။

သုဇာတာက နေသားတကျ ထိုင်မိတယ်ဆိုရင်ပဲ မြတ်စွာဘုရားက ဒီလိုမိန့်ကြား တော်မူပါတယ်။

"မြတ်စွာဘုရားက အကျဉ်းမိန့်တော်မူတဲ့ ဒီစကားရဲ့ အဓိပ္ပာယ်ကို တပည့်တော်မ နားမလည်ပါ၊ တပည့်တော်မ နားလည်နိုင်လောက်အောင် အကျယ်ဟောကြားစေလိုပါတယ်ဘုရား"။

သုဇာတာက ဒီလိုလျှောက်ထားတော့ မြတ်စွာဘုရားက အကျယ်ဝေဖန်ပြီး ဟောတော်မူပါတယ်။

၁။ အချို့အမျိုးသမီးဟာ စိတ်ဆိုးတတ်တယ်၊ (လင်ရဲ့)အကျိုးစီးပွားမဲ့ကို လိုလားတတ်တယ်၊ အခြားယောကျ်ားတွေကို တပ်မက်တတ်တယ်၊ လင်ကို မခန့်လေးစား လုပ်တတ်တယ်၊ ပစ္စည်းဥစ္စာအကုန်အကျခံပြီး မိမိကို ဆောင်ယူထားတဲ့ လင်ယောကျ်ားကို သေကြောင်းကြံစည်တတ်တယ်၊ ဒီလိုအမျိုးသမီးမျိုးကို 'သူသတ်မ'လို့လဲ ဆိုသင့်တယ်၊ 'မယား'လို့လဲ ဆိုသင့်တယ်။

၂။ အချို့အမျိုးသမီးကျတော့ လင်ယောကျ်ားက တတ်ထားတဲ့ အတတ်ပညာကို အသုံးချလို့ဖြစ်စေ, ကူးသန်းရောင်းဝယ်လို့ဖြစ်စေ, လယ်ယာလုပ်ကိုင်လို့ဖြစ်စေ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ရှာဖွေပေးတဲ့ ပစ္စည်းဥစ္စာထဲက နည်းနည်းလေးကိုပဲဖြစ်ဖြစ် ကဲ့ထုတ်လိုတဲ့ ဝါသနာရှိတတ်တယ်၊ အဲဒီလို အမျိုးသမီးကိုတော့ 'ခိုးသူမ'လို့လဲ ဆိုသင့်တယ်၊ 'မယား'လို့လဲ ဆိုသင့်တယ်။

၃။ အချို့အမျိုးသမီးကျတော့ လက်ကြောတင်းအောင် အလုပ်မလုပ်ချင်၊ ပျင်းတတ်တယ်၊ အစားကြီးတယ်၊ စိတ်ကြမ်းတယ်၊ ကိုယ်အမူအရာလဲ ကြမ်းတယ်၊ နှုတ်လဲ ကြမ်းတယ်၊ လုံ့လဝီရိယရှိတဲ့ လင်ကို အနိုင်ကျင့်တတ်တယ်၊ ဒီလို အမျိုးသမီးမျိုးကိုတော့ 'အရှင်သခင်မ'လို့လဲ ဆိုသင့်တယ်၊ 'မယား'လို့လဲ ဆိုသင့်တယ်။

၄။ အချို့အမျိုးသမီးကျတော့ အမြဲတမ်း လင်ရဲ့အကျိုးစီးပွားကို လိုလားတယ်၊ အမေက သားကို စောင့်ရှောက်သလို လင်ကို စောင့်ရှောက် တတ်တယ်၊ လင်ကရှာဖွေစုဆောင်းပေးသမျှ ပစ္စည်းဥစ္စာကို စောင့်ရှောက်တတ်တယ်၊

http://www.dhammadownload.com

ဒီလို အမျိုးသမီးကိုတော့ 'အမိ'လို့လဲ ဆိုသင့်တယ်၊ 'မယား'လို့လဲ ဆိုသင့်တယ်။

၅။ အချို့အမျိုးသမီးကျတော့ အစ်မတွေ, နှမတွေက မောင်ကို ရိုသေသလို ကိုယ့်လင်ကို ရိုသေတတ်တယ်၊ ရှက်တဲ့စိတ် ရှိတယ်၊ လင့်အလိုကိုလဲ လိုက်တတ်တယ်၊ ဒီလို အမျိုးသမီးကိုတော့ 'အစ်မ, နှမ'လို့လဲ ဆိုသင့်တယ်၊ 'မယား'လို့လဲ ဆိုသင့်တယ်။

၆။ အချို့အမျိုးသမီးကျတော့ ကြာရှည်လေးမြင့် ကွဲကွာနေတဲ့ မိတ်ဆွေကို တွေ့ရတဲ့အခါ ဝမ်းသာသလို လင်ကို တွေ့ရမြင်ရတဲ့အခါ ဝမ်းသာတတ်တယ်၊ အမျိုးနဲ့လဲ ပြည့်စုံတယ်၊ သီလလဲ ရှိတယ်၊ လင့်အပေါ်မှာ ပြုကျင့်ရမဲ့ ကျင့်ဝတ်တွေကိုလဲ ပြုကျင့်တတ်တယ်၊ ဒီလို အမျိုးသမီးကိုတော့ 'အဆွေ ခင်ပွန်းမ'လို့လဲ ဆိုသင့်တယ်၊ 'မယား'လို့လဲ ဆိုသင့်တယ်။

၇။ အချို့အမျိုးသမီးကျတော့ ယောကျ်ားဖြစ်သူက တုတ် ဓားကို ဆွဲကိုင်ပြီး 'သတ်မယ်, ဖြတ်မယ်'လို့ ခြိမ်းခြောက်ပေမဲ့ အမျက်မထွက်ပဲ ငြိမ်ငြိမ်သက်သက် နေပါတယ်၊ စိတ်ထဲကတောင်မှ မပြစ်မှားပါဘူး၊ လင့်အပေါ်မှာ သည်းခံတတ်တယ်၊ မေတ္တာ ကရုဏာနဲ့လဲ ပြည့်စုံတယ်၊ လင့်အလိုသို့လဲ လိုက်တတ်တယ်၊ ဒီလိုအမျိုးသမီးကိုတော့ 'ကျွန်မ'လို့လဲ ဆိုသင့်တယ်၊ 'မယား'လို့လဲ ဆိုသင့်တယ်။

'သူသတ်မနဲ့တူတဲ့ မယား, ခိုးသူမနဲ့တူတဲ့ မယား, အရှင်သခင်နဲ့တူတဲ့ မယား' ဒီ ၃-မျိုးဟာ အကျင့်သီလပျက်တဲ့ သဘောလဲရှိတယ်၊ ကြမ်းကြုတ်ရက်စက်မှုလဲ ရှိတယ်၊ လင်ကို ရိုသေလေးစားမှုလဲ မရှိဘူး၊ (ဒါ့ကြောင့်) ဒီဘဝက ကွယ်လွန်သွားလို့ရှိရင် ငရဲကို ရောက်ကြရတယ်။

'အမိနဲ့တူတဲ့မယား, အစ်မ နှမနဲ့တူတဲ့ မယား, အဆွေ ခင်ပွန်းနဲ့တူတဲ့ မယား, ကျွန်မနဲ့တူတဲ့ မယား' ဒီမယား ၄-မျိုးကတော့ အကျင့်သီလမှာတည်တဲ့ သဘော ရှိတယ်၊ ကြာရှည်လေးမြင့် စောင့်စည်းကြတယ်၊ (ဒါ့ကြောင့်) ဒီဘဝက ကွယ်လွန်သွားလို့ရှိရင် (နိမ္မာနရတိ)နတ်ပြည်ကို ရောက်ကြရတယ်။

"သုဇာတာ ! မယား ၇-မျိုးဆိုတာ ဒါတွေပါပဲ၊ အဲဒီ ၇-မျိုးထဲက သင်ဟာ ဘယ်လို မယားမျိုး ဖြစ်သလဲ ?"။

ဒီလို ဘုရားရှင်က မေးတော့-

http://www.dhammadownload.com

"ဒီနေ့ကစပြီး တပည့်တော်မကို ကျွန်မနဲ့တူတဲ့ မယားလို့သာ မှတ်တော်မူပါတော့ ရှင်တော်မြတ်ဘုရား"။

သုဇာတာက ဒီလို ပြန်ပြီးလျှောက်ထားလိုက်ပါတယ်။

ဒီသုဇာတာဟာ ဓနဥယသူဌေးရဲ့သမီး ဝိသာခါရဲ့ ညီမလေးပါပဲ၊ ဆွေဂုဏ်, မျိုးဂုဏ်, ပစ္စည်းဥစ္စာဂုဏ်တွေနဲ့ မာန်မာနတက်ပြီး ဆိုးတုန်းကတော့ အင်မတန်ဆိုးခဲ့ပါတယ်၊ ကောင်းမယ်လို့ ကောင်းပြန်တော့လဲ အစွမ်းကုန် ကောင်းလာပါတယ်။

> မယားခုနစ်မျိုး, ရှိမြဲရိုးတွင်, ခိုးသူအရှင်, သူသတ်သွင်သို့, အကြင်မယား, လား၏ငရဲ, အမြဲမှတ်သိ၊ အမိတမျှ, နှမမယွန်း, ခင်ပွန်းသဖွယ်, ကျွန်နှယ်လေးဖြာ, မယားမှာကား, နိမ္မာနတ်ပြည်, လားမြဲမည်၏၊ ယင်းသည်လေးသွယ်, မယားဝယ်လည်း, ကျွန်နှယ်အလား, ထိုမယားမူ, ယောကျ်ားဆုပန်, နိဗ္ဗာန်ဆုကောင်း, တောင်းကမလွတ်, မချွတ်တူတည်, ပြည့်မြဲ မည်၏။[၁]

မာန်လည်ဆရာတော်ဘုရားကလဲ ဒီလို မိန့်ဆိုထားပါတယ်၊ ဒီတော့ "အကောင်းဆုံးဖြစ်တဲ့ ကျွန်မနဲ့တူတဲ့ မယားမျိုးဖြစ်အောင် အမျိုးသမီးတိုင်း ကြိုးစားသင့်တယ်"လို့ ဘုန်းကြီးက သတိပေးလိုပါတယ်၊ ဒါနဲ့ မယားကျင့်ဝတ်ကို ဆက်ပြောပါအုံးမယ်။

မယားကျင့်ဝတ်[၂]

တစ်ချိန်မှာ ဘုရားရှင်ဟာ ဘဒ္ဒိယမြို့ကို ရောက်သွားပါတယ်၊ အလေ့ကျ ပေါက်နေတဲ့ တောအုပ်ထဲမှာ သီတင်းသုံး နေတော်မူပါတယ်၊ မေဏ္ဍကသူဌေးရဲ့မြေး ဥဂ္ဂဟက "အရှင်ဘုရားပါ ၄-ပါး[၃] နက်ဖြန် တပည့်တော်ရဲ့ ဆွမ်းကို လက်ခံတော်မူပါ"လို့ ဘုရားရှင်ကို ဆွမ်းစားပင့်ထားပါတယ်။

၁။ မယ-ပုဒ်ရေ၊ ၃၁၂။ ၂။ အံ-ပါ-၂၊ ၃၀။ ၄-၃၊ ၁၈။

၃။ ဒီ ဥဂ္ဂဟက "ဘုရားရှင်ပါမှ ၄-ပါးတည်း ဘာကြောင့်ပင့်ရသလဲ?" ဆိုတော့ သူတို့ရဲ့အိမ်မှာ မင်္ဂလာပွဲက အင်မတန် ကြီးကျယ်နေတယ်၊ အဲဒီ မင်္ဂလာပွဲသို့ အစီအရင်များစွာနဲ့ လူတွေအများကြီး ရောက်လာစရာ ရှိနေတယ်၊ "ရဟန်းသံဃာအများကို ဆွမ်းလုပ်ကျွေးနေရလို့ ရှိရင် လူတွေအတွက် ပြည့်စုံအောင် ဧည့်ခံနိုင်မယ် မဟုတ်ဘူး"လို့ စိုးရိမ်တာနဲ့ ဘုရားပါမှ ၄-ပါးတည်း ပင့်ရပါတယ်တဲ့။

ပြီးတော့ "ငယ်ရွယ်တဲ့ အမျိုးသမီးတွေဟာ များပြားတဲ့ ရဟန်းသံဃာရဲ့အလယ်မှာ ဘုရားရှင်က ဆုံးမလို့ရှိရင် စိတ်တွန့်ဆုတ်ပြီး (ရှက်ကိုးရှက်ကန်း ဖြစ်ပြီး) သြဝါဒကို ခံယူနိုင်ကြမှာ မဟုတ်ဘူး"၊ ဒီလို စဉ်းစားမိတာနဲ့လဲပဲ ဘုရားရှင်ပါမှ ၄-ပါးတည်း ပင့်ရပါတယ်တဲ့။

http://www.dhammadownload.com

နောက်တစ်နေ့မှာ ဘုရားရှင်က ဥဂ္ဂဟအိမ်ကို ဆွမ်းစားကြွတော်မူပါတယ်၊ ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးသည့်အခါ ဥဂ္ဂဟက သင့်တော်ရာက ထိုင်ပြီး လျှောက်ထားပါတယ်။

"အရှင်ဘုရား ! တပည့်တော်ရဲ့ ဒီသမီးပျိုကလေးတွေဟာ လင့်အိမ်ကို လိုက်ပါသွားကြရပါတော့မယ်၊ ဒီသမီးပျိုကလေးတွေကို ရှင်တော်မြတ် ဘုရားက ဆုံးမတော်မူပါ၊ သွန်သင်တော်မူပါ၊ ရှင်တော်မြတ်ဘုရားရဲ့ အဆုံး အမတွေဟာ သူတို့အတွက် နေ့ရှည်ရက်များ စီးပွားချမ်းသာ အလို့ငှာ ဖြစ်ပါ လိမ့်မယ်"။

မြတ်စွာဘုရားကို ဒီလိုလျှောက်ထားခဲ့ပြီးတဲ့နောက် သမီးကလေးတွေ ရှက်နေမှာ စိုးတာနဲ့ ဘုရားကို ရှိခိုးပြီး တစ်နေရာကို ထွက်သွားပါတယ်။

အဲဒီအချိန်မှာ မြတ်စွာဘုရားက အမျိုးသမီးကလေးတွေကို ဩဝါဒပေးတော် မူပါတယ်။

အမျိုးသမီးကလေးတို့ ! သင်တို့ရဲ့ အမေအဖေတွေဟာ သင်တို့ရဲ့ အကျိုး စီးပွားကို လိုလားကြပါတယ်၊ သင်တို့ကို သနားစောင့်ရှောက်ကြပါတယ်၊ ဒါကို အကြောင်းပြုပြီး သင့်တော်တဲ့ လင်ယောကျ်ားနဲ့ အိမ်ထောင်ချထား ထိမ်းမြား လက်ထပ်ပေးကြပါတယ်။

ဒီတော့ သင်တို့ရဲ့ အမေအဖေတွေက ထိမ်းမြားလက်ထပ် ပေးလိုက်တဲ့ လင်ယောကျ်ား အပြင်ကလာတာကိုတွေ့ရင် ထိုင်နေရာက အလျင်အမြန်ထရမယ်၊ လင်ကထိုင်ပြီးတဲ့အခါ ယပ်ခတ်ပေးခြင်းစတဲ့ ကိစ္စတွေကို ပြုလုပ်ရင်း နောက်မှ ထိုင်ရမယ်၊ "မောင့်အတွက် ကျွန်မက ဘာလုပ်ပေးရအုံးမလဲ၊ ဘာများ လိုပါသေး သလဲ ?"လို့ မေးမြန်းရမယ်၊ လင့်အကြိုက်ကို ပြုလုပ်ပေးရမယ်၊ ချစ်ဖွယ်သာယာ ပြောဆိုရမယ်။[၁]

ပြီးတော့ မိမိလင်သားက အလေးဂရုပြုနေတဲ့ "အမေ, အဖေ, ရဟန်းသူတော် ကောင်းတွေ"ဆိုတာ ရှိတတ်ပါတယ်၊ အဲဒီပုဂ္ဂိုလ်တွေကို သင်တို့ကလဲ ရိုသေကြ ရမယ်၊ လေးစားကြရမယ်၊ မြတ်နိုးကြရမယ်၊ ပူဇော်ကြရမယ်၊ ကိုယ့်ဆီကို ရောက်လာ လို့ရှိရင် နေရာထိုင်ခင်းပေးမှု, ရေပေးမှုစသည်နဲ့ ပူဇော်ကြရမယ်။

ပြီးတော့ အိမ်တွင်းမှု လုပ်ငန်းတွေဆို ကျွမ်းကျင်ကြရမယ်၊ မပျင်းမရိပဲ အိမ်တွင်းမှုတွေကို စီမံခန့်ခွဲတတ်တဲ့ ဉာဏ်လဲရှိရမယ်၊ ကိုယ်တိုင်လဲ လုပ်ကိုင် နိုင်ရမယ်၊ စီမံခန့်ခွဲမှုကိုလဲ ပြုနိုင်ရမယ်။

၁။ ဥပရိပဏ္ဏာ-၄၊ ၁၂၆။

http://www.dhammadownload.com

သင်တို့လင်သားရဲ့ "ကျွန်, အစေခံ, အလုပ်သမား" ဆိုတဲ့ အတွင်းလူတွေ ရှိနေတတ်တယ်၊ သူတို့ လုပ်ပြီးတာကိုလဲ သိရမယ်၊ မလုပ်သေးတာကိုလဲ သိရမယ်။[၁]

မကျန်းမမာ ဖြစ်လာလို့ရှိရင်လဲ "သူတို့ အားရှိတယ်, မရှိဘူး" ဆိုတာကို သိရမယ်၊ သူတို့အား စားစရာ သောက်စရာတွေကိုလဲ ထိုက်တန်သလောက် ခွဲဝေပေးရမယ်။[၂]

လင်ယောကျ်ားက ဆောင်ယူလာသမျှ ဥစ္စာ, စပါး, ရွှေ, ငွေတွေကို လုံလုံခြုံခြုံ စောင့်ရှောက်ထားရမယ်၊ အဲဒီ ပစ္စည်းတွေကို အကြောင်းပြုပြီး အပျော်မကြူးရဘူး၊ (လင်မှတစ်ပါး အခြားယောကျ်ားနဲ့ မဖောက်ပြားရဘူး၊ လောင်းကစား မလုပ်ရဘူး၊) မခိုးဝှက်ရဘူး၊ အရက်မသောက်ရဘူး၊ မဖျက်ဆီးရဘူး။

သင်တို့ တစ်တွေဟာ ဒီအတိုင်း ကျင့်ကြရမယ်၊ ဒီတရား ၅-ပါးနဲ့ ပြည့်စုံတဲ့ အမျိုးသမီးဟာ သေလွန်သွားတဲ့အခါ နိမ္မာနရတိနတ်ပြည်ကို ရောက်ရတတ်ပါတယ်။

ဒီသုတ်ဟာ မယားကျင့်ဝတ်နဲ့ ပတ်သက်ပြီး ဟောထားတဲ့သုတ် ဖြစ်ပါတယ်၊ အပြည့်စုံဆုံးလဲ ဖြစ်ပါတယ်၊ ဒီအတိုင်း လိုက်နာနိုင်ကြရင် ဒီဘဝမှာလဲ ကြီးပွားနိုင်တယ်၊ ဘဝသံသရာမှာလဲ ကြီးပွားနိုင်တယ်၊ လူမျိုးမရွေး, ဘာသာမရွေး လက်ခံနိုင်လောက်တဲ့ သုတ်တစ်သုတ်ပါပဲ။

ပြီးတော့ ရှေးဆရာတော်တွေက-

"၁။ ပုဗ္ဗဏ္ဍာယိ= လင်ယောကျ်ားကိုတွေ့ရင် ထိုင်နေရာက အလျင်အမြန် ထရမယ်၊

၂။ ပစ္ဆာနိပါတိနီ= လင်ကထိုင်ပြီးမှ ထိုင်ရမယ်၊

၁။ "တစ်နေ့လုံး ဒီအလုပ်ကို လုပ်လာတဲ့ လူတွေကို ဒါကို ပေးသင့်တယ်၊ ဒီလိုလဲ လုပ်သင့်တယ်၊ နေ့ထက်ဝက် ဒီအလုပ်ကို လုပ်လာတဲ့ လူတွေကို ဒါကိုပေးသင့်တယ်၊ ဒီလိုလဲ လုပ်သင့်တယ်၊ အလုပ်လက်မဲ့ အိမ်မှာ ထိုင်နေတဲ့ လူတွေကို ဒါကို ပေးသင့်တယ်၊ ဒီလိုလဲ လုပ်သင့်တယ်" ဒီလို နားလည်ရမယ်လို့ ဆိုလိုပါတယ်။

၂။ တကယ်လို့သာ မကျန်းမမာတဲ့အခါ သူတို့အား ဆေးဝါးဓာတ်စာစသည်ကို မပေးဘဲ ထားမယ်၊ ရောဂါချမ်းသာအောင် မပြုလုပ်ပေးဘဲ နေမယ်ဆိုရင် "ဒီလူတွေဟာ ကျွန်းမာတုန်းကတော့ ခိုင်းချင်တိုင်း ခိုင်းကြတာပဲ၊ မကျန်းမမာဖြစ်လာတဲ့ အခါကျတော့ တို့ရှိမှန်းတောင်မှ မသိကြတော့ဘူး"၊ ဒီလိုစိတ်ပျက်ပြီး နောက်ကျတော့ လုပ်စရာကိုင်စရာတွေကို လုပ်ကြမှာ မဟုတ်တော့ဘူး၊ တော်အောင်လျော်အောင်သော်လဲ လုပ်ကြလိမ့်မယ်၊ ဒါကြောင့် "သူတို့ အားရှိတာ မရှိတာကို သိနားလည်ပြီး ပေးသင့်တာကို ပေးရမယ်၊ လုပ်သင့်တာကို လုပ်ပေးရမယ်" လို့ ဆိုလိုပါတယ်။

http://www.dhammadownload.com

၃။ ကိ်ကာရုပဋိသာဝိနီ= ဘာလုပ်ပေးရမယ်လဲ ?–လို့ ပြောဆိုမေးမြန်းရမယ်၊
၄။ မနာပစာရိနီ= လင့်အကြိုက် ပြုကျင့်ရမယ်၊
၅။ ပိယဝါဒိနီ= ချစ်ဖွယ်သာယာ ပြောဆိုရမယ်၊
၆။ အနတိစာရိနီ= ကိုယ့်လင်မှတစ်ပါး အခြားယောကျ်ားနဲ့ စိတ်ထဲက တောင်မှ မယွင်းမှား မဖောက်ပြားရဘူး။"

ဒီလို မယားဝတ် ၆–ပါးကို ပြဆိုထားကြပါတယ်။

လင်ကိုမြင်က, အလျင်ထ၍, ယုယကိုယ်နှုတ်, ကျင့်မယုတ်သား, ပုဗ္ဗုဋ္ဌာယီ၊ ဉီးချိုလက်ပြိုင်, ရှက်ကာဆိုင်၍, လင်ထိုင်လင်အိပ်, သားကိုသိပ်သို့, ခြေနှိပ်လက်စမ်း, စိတ်ချမ်းကြည်မြ, ရိသေခလျက်, နောက်မှယုဉ်ကာ, အိပ်လေ့လာသည့်, ပစ္စာနိပါတိနီ၊ ချိုအီနားဆိမ့်, နှစ်သိမ့်ဖွယ်စု, ဘယ်အမှုကို, ဘယ်ပြုအံ့နည်း, ခြည်းခြည်းနှုတ်သံ, ချေငံသာယာ, ဝါစာသိမ်မွေ့, မေးလေ့ရှိထ, နာဖွယ်လှသား, ကိ်ကာရုပဋိသာဝိနီ၊ မဖြိမသုန်, မမှုန်မဆန်, ပြန်လှန်မမြွက်, နှစ်သက်ဖွယ်သာ, ကျင့်တတ်စွာသည့်, ဣန္ဒာထဲပါး, ခစားနေကြ, ဒေဝစ္ဆာသို့, မနာပစာရိနီ၊ တိတိတာတာ, ကြည်သာနှလုံး, ရှင်ပြိုးပြယာယ်, ပျားသဖွယ်ဖြင့်, ချစ်ဖွယ်ပြကတော့, သာချမ်းမြေ့အောင်, ပြောလေ့ရှိထ, နှုတ်ချိုမြသား, ပိယဝါဒိနီ၊ ထိုပြီအပ, ဤလောကဌ်, လင်မှတစ်ပါး, နတ်ယောကျ်ားနှင့်, တွေ့ငြားစေမူ, စောသမျှသို့, အယူမယွင်း, စိတ်ညွတ်ခြင်းမျှ, ကင်းလတ်တုံဘိ, ကျင့်မြတ်ရှိသား, အနတိစာရိနီ၊ ကျမ်းညီမသွေ, သန္ဓေဥက္ကဋ္ဌ, မိန်းမမြတ်တို့, ကျင့်ဝတ်ဖြိုးစုံ, ခြောက်အင်စုံလျက်။[၁]

ဒီလိုလဲ ဆိုထားကြပါတယ်၊ ဒါဟာ စကြဝတေးမင်း မိဖုရားရတနာရဲ့ကျင့်ဝတ်ကို ယူပြီး ပြထားတာ, ဆိုထားတာ ဖြစ်ပါတယ်။[၂]

ပြီးတော့ တစ်ခါ–

၁။ အမှုကြီးငယ်ကိုလဲ ကောင်းစွာစီရင်ရမယ်၊ (ယာဂုကျိုချိုန်, ထမင်းချက်ချိန် စသည်ကို မလွန်စေဘဲ ယာဂုကျိုမှု, ထမင်းချက်မှုစတဲ့ ကိစ္စတွေကို ကောင်းကောင်းပြုလုပ်ရမယ်။)
၂။ ၂–ဖက်သော ဆွေမျိုးတွေကိုလဲ ချီးမြှောက်ရမယ်၊ (လင့်ဘက်ကဆွေမျိုး, ကိုယ့်ဘက်က ဆွေမျိုးတွေကို မြတ်နိုးမှုစသည်နဲ့ဖြစ်စေ, လက်ဆောင်ပေးခြင်း စသည်နဲ့ဖြစ်စေ ချီးမြှောက်ရမယ်။)

၁။ မယ–ပုဒ်ရေ၊ ၁၄၆။ ၂။ ဥပရိပဏ်–ပါ၊ ၂၁၃။ ၃၊ ၁၆၂။

http://www.dhammadownload.com

၃။ မိမိလင်မှတစ်ပါး အခြားယောကျ်ားဌ ကျူးလွန်တဲ့အကျင့်မှ ကင်းရမယ်၊ (မိမိလင်မှတစ်ပါး အခြားယောကျ်ားကို စိတ်ထဲကတောင်မှ မတောင့်တရဘူး။)

၄။ လင်က ရှာဖွေစုဆောင်းပေးတဲ့ဥစ္စာကို ထိန်းသိမ်းစောင့်ရှောက်ရမယ်။

၅။ အိမ်မှုကိစ္စများမှာ လိမ္မာကျွမ်းကျင်ပြီး ပျင်းရိခြင်းမှ ကင်းရမယ်၊ (ယာဂု ကျိုမှု, ထမင်းချက်မှုစတဲ့ လုပ်ငန်းတွေမှာ ကျွမ်းကျင်လိမ္မာရမယ်၊ ပျင်းရိခြင်းကင်းရမယ်၊ အချို့အပျင်းထူတဲ့ အမျိုးသမီးတွေဟာ ထိုင်မိလို့ရှိရင် မထတော့ဘူး၊ ရပ်မိလို့ရှိရင် မထိုင်တော့ဘူး၊ ဒီလို မနေဘဲ စိတ်တက်တက်ကြွကြွနဲ့ လုပ်စရာရှိတာတွေကို ပြီးအောင် လုပ်ရပါ့မယ်။)

ဒီလို မယားကျင့်ဝတ် ၅-ပါးကို ပြဆိုထားကြပါတယ်။[၁]

> မယားတို့မှာ, ဝတ်ငါးဖြာကား, ကောင်းစွာ ဆောဖန်, စီရင်ညွှန်၍, ကျေးကျွန် မကြွင်း, အိမ်နီးချင်းက ဆွေရင်း ဆွေဖျား, သူတို့အားကို, ထောက်ထား မစ, ကြည့်ရှုကြသော်, လင်မှတထူး, မလွန်ကျူးတည့်, ကျေးဇူး မြော်ကာ, ဖြောင့်သားစွာနှင့်, ဥစ္စာအိမ်ထောင်, ထိန်းသိမ်းဆောင်လျက်, များမြောင်ကိစ္စ, ရှိသမျှကို, လင်မှမခိုင်း, နေ့တိုင်းထက္ကြ, ဆော်လုံ့လသည်---အိမ်မှမှုရေး ကုန်သတည်း။[၂]

ဒီလိုလဲ ဆိုထားကြပါတယ်၊ ဒါကတော့ သိင်္ဂါလောဝါဒသုတ်[၃] က ယူပြီးပြထားတာ ဆိုထားတာဖြစ်ပါတယ်၊ ဒါတွေ အကုန်လုံးဟာ ဒီသုတ်မှာ ပါဝင်နေတာ တွေ့ရပါလိမ့်မယ်၊ ပြီးတော့ လင့်ကျင့်ဝတ် ၅-ပါးကိုလဲ ပြောပြပါအုံးမယ်။

လင်ကျင့်ဝတ် ၅-ပါး[၄]

၁။ အမြတ်တနိုး ခေါ်ဝေါ်ပြောဆိုရမယ်၊ (မောင်ဘရဲ့အမေ, မလှရဲ့အမေ၊ ဒီလို ခေါ်ရမယ်လို့ ဆိုလိုပါတယ်။)

၂။ နှိမ့်ချပြီး မခေါ်ဝေါ် မပြောဆိုရ၊ (ကျွန်တွေ, အလုပ်သမားစတဲ့ လူတွေကို ထောင်းထုနှိပ်စက်ပြီး ပြောသလို မြတ်နိုးကြင်နာမှုမရှိဘဲ နှိမ့်ချပြီး မပြောဆိုရလို့ ဆိုလိုပါတယ်။)

၃။ မိမိမယားမှာတစ်ပါး အခြားမိန်းမတို့နှင့် မဖောက်ပြားရ။

၄။ မီးဖိုချောင်အုပ်စိုးမှုကို လွှဲအပ်ရမယ်၊ (မိန်းမတွေဆိုတာဟာ မဟာလတာတန်ဆာနဲ့တူတဲ့ အဆင်တန်ဆာကို ရပေမယ့် ထမင်းဟင်း စီမံချက်

၁+၄။ ပါထိက-ပါ၊ ၁၅၄။ ၄၊ ၁၃၈။ ဇာတက-၄-၅၊ ၁၃၁။
၂။ သုတ-ပုဒ်ရေ၊ ၁၉၂။ ၃။ ဥပရိပဏ္ဏ-ပါ၊ ၂၁၃။ ၄၊ ၁၅၂။

http://www.dhammadownload.com

ပြုတ်ခွင့် မရရင် စိတ်ဆိုးတတ်တယ်၊ "ယောက်မကလေးကို ကိုင်ပြီး သင့်အလိုက္ခ လုပ်တော့"လို့ မီးဖိုချောင်ကို အပ်လိုက်လို့ရှိရင် အစိုးရမှု အကုန်လုံးကို အပ်ရာရောက်ပါသတဲ့။)

၅။ ဝတ်စားတန်ဆာတို့ကို ပေးရမယ်၊ (ကိုယ့်ပစ္စည်းအင်အားနဲ့ လျော်တဲ့ ဝတ်စားတန်ဆာကို ပေးရမှာ ဖြစ်ပါတယ်။)

ငါးပါးရေရွတ်, လင်တို့ဝတ်ကား, လေးမြတ်လွန်ပြင်း, ကြင်နာခြင်းနှင့်, မယွင်းပီပီ, မထီမဲ့ငြာ, မပြုအားတည့်၊ တစ်ပါးရွှင်မြူး, မလွန်ကျူးလျက်, လက်ဦးလက်ဖျား, ရတုံငြားလည်း, ပိုင်ကားစေလျှင်း, အိမ်ထောင်နှင်း၍, တင့်ခြင်းထွေလာ, ဆင်တန်ဆာကို, ကောင်းစွာထွေပြား, ပေးသည်များတည့်။[၁]

ဒီလိုလဲ ဆိုထားကြပါတယ်၊ ပြီးတော့ မိန်းမများရဲ့ အလေးပြုမှု မခံရတဲ့လင် ၈-မျိုးကိုလဲ ပြောပြပါအုံးမယ်၊ ဒါကိုလဲ မှတ်သင့်ပါတယ်။

၁။ ဆင်းရဲသော လင်၊
၂။ ရောဂါကပ်ရောက်နေသော လင်၊
၃။ အိုမင်းမစွမ်း လင်၊
၄။ သေသောက်ကြူး လင်၊
၅။ ဖျင်းအသော လင်၊
၆။ ပေါ့ဆဆနေတတ်သော လင်၊
၇။ သူတစ်ပါးနောက်လိုက် လင်၊
၈။ ပစ္စည်းဥစ္စာ မပေးကမ်းတဲ့ လင်။

ဒီ လင် ၈-မျိုးကို မိန်းမတွေက မကြည်သာတတ်ပါဘူး၊ မရိုမသေ မထီလေးစားလဲ ပြုတတ်ပါတယ်။[၂]

လင်မွဲ လင်နာ, လင်သုရာကြိုက်, လင်မိုက် လင်ဖျင်း, လင်ပျင်း လင်အို, အလိုမဖြည့်, မပြည့်ဆန္ဒ, ရှိတုံကလျှင်, မိန်းမဟူသည်, ဤရှစ်မည်ကြောင့်, မကြည်မသာ, အနာဒရ, ပြုတတ်စွရှင့်။[၃]

ဒီလိုလဲ မာန်လည်ဆရာတော်ဘုရားက မိန့်ဆိုထားပါတယ်၊ ဒါ့ကြောင့် လင်ဘက်ကလဲ ဒီလို အသုံးမကျတဲ့လင်မျိုး မဖြစ်စေဘဲ လင်ကျင့်ဝတ် ၅-ပါးနဲ့ ပြည့်စုံတဲ့ လင်မျိုးဖြစ်အောင် ကြိုးစားကြရမယ်။

၁။ သုတ-ပုဒ်ရေ၊ ၁၉၂။ ၂။ ဇာတက-ပါ-၂၊ ၁၂၀။ ၃-၅၊ ၄၆၆။ ၄၇၀။
၃။ မဃ-ပုဒ်ရေ၊ ၂၉၇။

http://www.dhammadownload.com

ပြီးတော့ ဒီဘဝမှာလဲ ကြီးပွားချမ်းသာကြောင်း, နောင်ဘဝမှာလဲ ကြီးပွားချမ်းသာကြောင်း ဟောထားတဲ့ ဒီဃဇာဏုသုတ်ကို ပြောပြပါအုံးမယ်။

ကြီးပွားချမ်းသာရေး[၁]

တစ်ချိန်က ဘုရားရှင်ဟာ ကောလိယမြို့ကို ရောက်သွားပါတယ်၊ "ကက္ကရပတ္တ"ဆိုတဲ့ ကောလိယမင်းတွေရဲ့ နိဂုံးမှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီအချိန်မှာ "ဒီဃဇာဏု"ဆိုတဲ့ ကောလိယမင်းသားတစ်ယောက်က မြတ်စွာဘုရားကို လာရောက်လျှောက်ထားပါတယ်။

"အရှင်ဘုရား ! တပည့်တော်တို့ လူဝတ်ကြောင်တွေဟာ ကာမဂုဏ် ခံစားနေကြပါတယ်၊ သားသမီးတွေနဲ့, ကျဉ်းကျပ်တဲ့ အိပ်ရာနေရာမှာ နေကြရပါတယ်၊ ကာသိတိုင်းက ထွက်တဲ့ စန္ဒကူးနဲ့သာကိုလဲ သုံးစွဲကြပါတယ်၊ ပန်း နဲ့သာ မျက်နှာချေတွေကိုလဲ သုံးစွဲနေကြပါတယ်၊ ရွှေငွေကိုလဲ သာယာကြပါတယ်၊ နှစ်သက်စုံမက်ကြပါတယ်၊ ဒီလို အခြေအနေ ရှိနေကြတဲ့ တပည့်တော်တို့ တစ်တွေကို ဒီဘဝမှာလဲ စီးပွားချမ်းသာ ဖြစ်ထွန်းနိုင်, နောက်ဘဝမှာလဲ စီးပွားချမ်းသာ ဖြစ်ထွန်းနိုင်တဲ့ တရားကို ဟောတော်မူပါ"။

ဒီတော့ မြတ်စွာဘုရားက "ဒီဃဇာဏု"ဆိုတဲ့ သူ့အမည်ရင်းကို မခေါ်ဘဲ အမျိုးစဉ်ဆက်က ဆင်းသက်လာတဲ့ "ဗျဂ္ဃပဒ္ဓ"ဆိုတဲ့ အမည်ကိုပဲ ခေါ်ပြီး ဟောတော်မူပါတယ်။

ဗျဂ္ဃပဒ္ဓ-

"၁။ ဥဋ္ဌာနသမ္ပဒါ= ထကြွလုံ့လနဲ့ ပြည့်စုံမှု၊
၂။ အာရက္ခသမ္ပဒါ= စောင့်ရှောက်ထိန်းသိမ်းခြင်းနဲ့ ပြည့်စုံမှု၊
၃။ ကလျာဏမိတ္တတာ= မိတ်ဆွေကောင်း ရှိမှု၊
၄။ သမဇီဝိတာ= မျှတအောင် အသက်မွေးမှု"-

ဆိုတဲ့ ဒီတရား ၄-ပါးဟာ အမျိုးသားတစ်ယောက်အတွက် ဒီဘဝမှာ စီးပွားချမ်းသာဖြစ်ဖို့ အကြောင်းတွေ ဖြစ်တယ်။

၁။ ဗျဂ္ဃပဒ္ဓ ! အမျိုးသားတစ်ဦးဟာ အလုပ်တစ်ခုခုနဲ့ အသက်မွေးရမယ်၊ (လူဘော်ကြော့, လူတော်လေလုပ်ပြီး အလုပ်လက်မဲ့မနေရဘူး၊) လယ်ယာလုပ်ကိုင်မှုနဲ့ပဲဖြစ်ဖြစ်, ကူးသန်းရောင်းဝယ်မှုနဲ့ပဲဖြစ်ဖြစ်, နွားကျောင်းနွားမွေးမှုနဲ့ပဲဖြစ်ဖြစ်, လေးအတတ်နဲ့ပဲဖြစ်ဖြစ်, အစိုးရ(လခစား)အလုပ်နဲ့ပဲဖြစ်ဖြစ်, အခြားအတတ်ပညာတစ်ခုခုနဲ့ပဲဖြစ်ဖြစ် အသက်မွေးရမယ်။

၁။ အံ-ပါ-၃၊ ၁၀၇။ ၄-၃၊ ၂၃၉။ ဒီ-၃၊ ၂၄၄။

http://www.dhammadownload.com

ကိုယ်လုပ်တဲ့ အလုပ်မှာ ကျွမ်းကျင်မှုရှိရမယ်၊ မပျင်းမရိ ဇွဲရှိရမယ်၊ လုပ်ငန်းနဲ့ ပတ်သက်သမျှမှာ အကြောင်းအားလျော်စွာ စူးစမ်းချိန်ဆတတ်တဲ့ ဉာဏ်ရှိရမယ်၊ ကိုယ်တိုင်လဲ လုပ်နိုင်ရမယ်၊ စီမံခန့်ခွဲမှုကိုလဲ တတ်ကျွမ်းရမယ်။

ဒီလို "ဆိုင်ရာလုပ်ငန်းမှာ ကျွမ်းကျင်မှုရယ်, မပျင်းမရိ ဇွဲရှိမှုရယ်, စူးစမ်းချိန်ဆတတ်တဲ့ဉာဏ်ရယ်" ဒီ ၃-မျိုးနဲ့ ပြည့်စုံတာကိုပဲ "ဥဋ္ဌာန သမ္မဒါ-ထကြွလုံ့လနဲ့ ပြည့်စုံမှု"လို့ ဆိုရတယ်။

၂။ ဗျဂ္ဃပဇ္ဇ ! အမျိုးသားတစ်ဦးရဲ့ ထကြွလုံ့လကြောင့် ရလာတဲ့, လက်ရုံးအားနဲ့ စုဆောင်းထားတဲ့, နဖူးကချွေး ခြေမကျအောင် ပင်ပန်းခံပြီး ရှာဖွေထားတဲ့ စီးပွားဥစ္စာတွေဟာ တရားနဲ့ လျော်တာချည်းပါပဲ။

အဲဒီ ပစ္စည်းဥစ္စာတွေကို အစိုးမင်းတို့က မသိမ်းယူရအောင်, ခိုးသားဓားပြတွေက မလုယူရအောင်, မီးမလောင်ရအောင်, ရေမမျောရအောင်, အမွေခံသားဆိုး သမီးဆိုးတို့ မယူရအောင် ကြံစည်စဉ်းစားပြီး လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းကိုပဲ "အာရက္ခသမ္မဒါ-စောင့်ရှောက် ထိန်းသိမ်းခြင်းနဲ့ ပြည့်စုံမှု"လို့ ဆိုရတယ်။

၃။ ဗျဂ္ဃပဇ္ဇ ! ကိုယ်နေထိုင်တဲ့ မြို့ရွာ ရပ်ကွက်မှာ အသက်အရွယ် ငယ်သေးပေမယ့် အကျင့်စာရိတ္တ ကြီးမြင့်နေကြတဲ့, အသက်အရွယ် ကြီးရင့်လို့ ရှိရင်လဲ ကြီးတဲ့အလိုက် အကျင့်စာရိတ္တပါ ကြီးရင့်နေကြတဲ့, သဒ္ဓါနဲ့လဲ ပြည့်စုံ, သီလနဲ့လဲ ပြည့်စုံ, စွန့်ကြဲပေးကမ်းမှုနဲ့လဲ ပြည့်စုံ, ပညာနဲ့လဲ ပြည့်စုံနေကြတဲ့ အိမ်ထောင်ရှင်တွေ, အိမ်ထောင်ရှင်ရဲ့သားတွေ ရှိတတ်ကြပါတယ်၊ ကြီးပွားလိုတဲ့ အမျိုးသားဟာ အဲဒီလို ပုဂ္ဂိုလ်တွေနဲ့ အတူနေရမယ်၊ အတူပြောရမယ်၊ အတူဆွေးနွေးရမယ်။ (ပေါင်းသင်းဆက်ဆံရမယ်။)

အဲဒီလို ပေါင်းသင်းဆက်ဆံတော့ သူတို့ကိုအတုလိုက်ပြီး မိမိကိုယ်တိုင်လဲပဲ သဒ္ဓါနဲ့ပြည့်စုံလာတတ်တယ်၊ သီလနဲ့ပြည့်စုံလာတတ်တယ်၊ စွန့်ကြဲပေးကမ်းမှုကို ပြုလာတတ်ပါတယ်၊ အသိအလိမ္မာ ရှိလာတတ် ပါတယ်၊ ဒီလို မိတ်ဆွေကောင်းတွေရဲ့ ကောင်းတဲ့အမှုကို အတုလိုက်ကျင့်ခြင်းကိုပဲ "ကလျာဏမိတ္တတာ-မိတ်ဆွေကောင်းရှိမှု"လို့ ဆိုရတယ်။

၄။ ဗျဂ္ဃပဇ္ဇ ! "ချိန်ခွင်ကို ကိုင်ထားတဲ့သူဟာ မြောက်လိုက်တဲ့အခါ အောက်ဖက်ကို ဘယ်လောက်နိမ့်နေတယ်၊ အထက်ဖက်ကို ဘယ်လောက်

http://www.dhammadownload.com

ထောင်နေတယ်"လို့ သိနားလည်သလို (အိမ်ရာတည်ထောင် လူ့ဘောင်မှာနေတဲ့) အမျိုးသားဟာ ပစ္စည်းဥစ္စာတွေရဲ့ အဝင်နဲ့အထွက်ကို သိနားလည်ရမယ်၊ "ဒီလောက် သုံးလိုက်ရင် ငါ့ဝင်ငွေက ထွက်ငွေထက် များလိမ့်မယ်၊ ထွက်ငွေက ဝင်ငွေထက် များမယ်မဟုတ်ဘူး"၊ ဒီလို ချင့်ချိန်ပြီး လက်လဲ မဖွာလွန်း, ချွေတာမှုကိုလဲ မပြုလွန်းဘဲ မျှမျှတတ နေထိုင်သုံးစွဲမှုကို ပြုရမယ်။

ဘယ်လိုမျှမျှတတ သုံးစွဲရမလဲဆိုတော့ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေတဲ့ ပညာရှိအမျိုးသားဟာ ရလာတဲ့ပစ္စည်းဥစ္စာကို ၄-ဖို့ ခွဲဝေရမယ်၊ တစ်ဖို့ကို သုံးစွဲစားသောက်ရမယ်၊ ၂-ဖို့ကို အရင်းအနှီးပြုလုပ်ရမယ်၊ တစ်ဖို့ကို ဘေးရန်ဖြစ်လာလို့ရှိရင် အသုံးစရိတ်အတွက် သိမ်းဆည်းထားရမယ်၊ ဘဏ်မှာ အပ်နှံထားရမယ်။[၁]

အိမ်ထောင်စုတွေဆိုတာဟာ အမြဲတမ်း အခြေအနေမပျက် ရှိနေတတ်တာ မဟုတ်ပါဘူး၊ တစ်ခါတလေ "အစိုးရဘေး, မီးဘေး, ရေဘေး, ခိုးသားဓားပြဘေး" စတဲ့ ဘေးရန်တွေ , နာမကျန်းကိစ္စတွေ ဖြစ်ပေါ်လာတတ်ပါတယ်၊ ဒီလို ဘေးရန်တွေ ဖြစ်လာရင် အသုံးချဖို့ တစ်စုကို ဘဏ်မှာအပ်ထားရမယ်လို့ ဆိုလိုပါတယ်။

ဒါဖြင့် "ကုသိုလ်ကောင်းမှုကို ဘယ်အဖို့အစုကယူပြီး လုပ်ရမလဲ?"လို့ မေးစရာရှိတယ်၊ ကိုယ်သုံးစွဲစားသောက်မယ့်အဖို့က ယူပြီးလုပ်ပေါ့၊ အဲဒီအဖို့ကပဲယူပြီး ရဟန်းတော်တွေ, ခိုကိုးရာမဲ့သူတွေ, ခရီးသွားတွေကို ပေးလှူရပါ့မယ်၊ အဝတ်ဖိုး, ဆံပင်ညှပ်ခစတဲ့ ဟာတွေကိုလဲ ဒီအဖို့ကပဲ ပေးရမယ်၊ ဒါတွေဟာ သုံးစွဲစားသောက်တာချည်းပါပဲ၊ လိုက်ဆိုကြ။

ရသည့်ဥစ္စာ-လေးစုပြုလို့၊ တစ်စုသုံးစား-ပြုသင့်တယ်၊
နှစ်စုဥစ္စာ-ပြန်ရင်းနှီးလို့၊ ဥစ္စာပစ္စည်း-ဆက်စုကွယ်၊
အရေးကြုံလာ-အသုံးပြုဖို့၊ ဘဏ်မှာတစ်စု-အပ်ရမယ်၊
သုံးစားချွေတာ-ကုသိုလ်များလဲ၊ တတ်အားသမျှ-လုပ်ရမယ်။

အမျိုးသားတစ်ဦးဟာ ဝင်ငွေနည်းနေသူ ဖြစ်ပါလျက် ခမ်းခမ်းနားနားကြီးကြီးကျယ်ကျယ် နေထိုင်သုံးစွဲမှုကို ပြုနေခဲ့ပါရင် "ဒီအမျိုးသားဟာ သဖန်းသီးကို စားတဲ့လူလို ပစ္စည်းဥစ္စာတွေကို သုံးစွဲစားသောက်နေတာပဲ" လို့ အပြောအဆို ခံရတတ်ပါတယ်။

၁။ ပါထိကဝဂ္ဂ-ပါ၊ ၁၅၃။

http://www.dhammadownload.com

သဖန်းသီးစားလိုတဲ့ လူတစ်ယောက်က အသီးတွေမှည့်နေတဲ့ သဖန်းပင်ကို လှုပ်လိုက်လို့ရှိရင် အသီးတွေအများကြီး ကြွေကျလာတတ်ပါတယ်၊ အဲဒီထဲက ကိုယ်စားလိုတဲ့အသီး အနည်းငယ်ကို ရွေးစားပြီး ထွက်သွားတတ်ပါတယ်၊ ကျန်တဲ့အသီး အများအပြားကတော့ အလဟဿဖြစ်ကျန်ရစ်တတ်ပါတယ်၊ ဒါမျိုးကို ရည်ရွယ်ပြီး "သဖန်းသီးစားတဲ့လူလို" လို့ ဆိုရပါတယ်။

ဝင်ငွေများသူ ဖြစ်ပါလျက် သိပ်ချွေတာပြီး ဆင်းတောင့်ဆင်းရဲ နေထိုင်သုံးစွဲမှုကို ပြုပြန်ရင်လဲ "ကိုယ့်လုပ်စာကို ကိုယ်မစားရက်ဘဲ အားထားရာမဲ့သေရမယ့်လူစားပဲ" လို့ အပြောအဆို ခံရတတ်ပါတယ်။

ဒါ့ကြောင့် ဝင်ငွေနဲ့ ထွက်ငွေကို ချင့်ချိန်ပြီး လက်လ မဖွာလွန်း, ချွေတာမှုကိုလဲ မပြုလွန်းဘဲ မျှမျှတတ နေထိုင်သုံးစွဲမှုကို ပြုရမယ်၊ ဒီလို နေထိုင်သုံးစွဲမှုမျိုးကိုပဲ "သမဇီဝိတာ–မျှတအောင်အသက်မွေးမှု" လို့ ခေါ်ရပါတယ်။

ဗျဂ္ဃပဇ္ဇ ! "တစ်ဖက်ဆည်ကန်ကြီးတစ်ခုမှာ ရေဝင်ပေါက် ၄–ပေါက် ရေထွက်ပေါက် ၄–ပေါက် ရှိတယ်" ဆိုကြပါစို့ရဲ့၊ ဒီတော့ အဲဒီကန်ရဲ့ ရေဝင်ပေါက်တွေကို ပိတ်ထားမယ်၊ ရေထွက်ပေါက်တွေကိုတော့ ဖွင့်ထားမယ်၊ မိုးကလဲ ကောင်းကောင်းမရွာဘဲ နေမယ်၊ ဒီလိုဆိုရင် အဲဒီ ရေကန်ကြီးမှာ ရေတွေ လျော့လာစရာသာ ရှိတယ်၊ တိုးလာစရာ မရှိတော့ပါဘူး။

ပြီးတော့တစ်ခါ အဲဒီ ရေဝင်ပေါက် ၄–ပေါက်, ရေထွက်ပေါက် ၄–ပေါက်ရှိတဲ့ ရေကန်ကြီးရဲ့ ရေဝင်ပေါက်တွေကို ဖွင့်ထားမယ်၊ ရေထွက်ပေါက်တွေကို ပိတ်ဆို့ထားမယ်၊ မိုးကလဲ မကြာမကြာ ရွာနေမယ်၊ ဒီလိုဆိုလို့ရှိရင် ဒီရေကန်ကြီးမှာ ရေတွေလျော့လာစရာ မရှိပါဘူး၊ တိုးလာစရာသာ ရှိပါတယ်။

ဗျဂ္ဃပဇ္ဇ ! ဒီနည်းအတိုင်းပါပဲ–

"၁။ ဣတ္ထိဓုတ္တ= မိန်းမလိုက်စားမှု၊
၂။ သုရာဓုတ္တ= သေသောက်ကြူးမှု၊ မူးယစ်ဆေးဝါး သုံးစွဲမှု၊
၃။ အက္ခဓုတ္တ= လောင်းကစားကြူးမှု၊
၄။ ပါပမိတ္တ= ယုတ်မာဆိုးသွမ်းသူတို့နဲ့ ပေါင်းသင်းမှု။"

http://www.dhammadownload.com

ဒီ ၄-ပါးဟာ ရှာဖွေလို့ ရလာသမျှ ပစ္စည်း ဥစ္စာတွေ ပျက်စီးဖို့ ထွက်ပေါက် ၄-ပေါက်ဖြစ်တယ်။

ပြီးတော့တစ်ခါ "မိန်းမလိုက်စား မှုမရှိခြင်း, သေသောက်ကြူးမှု မူးယစ်ဆေးဝါးသုံးစွဲမှု မရှိခြင်း, လောင်းကစားမှု မရှိခြင်း, သူတော်ကောင်းတွေနဲ့ ပေါင်းသင်းခြင်း"၊ ဒီ ၄-ပါးကတော့ ရှာဖွေလို့ရလာတဲ့ ပစ္စည်းဥစ္စာတွေရဲ့ ဝင်လာကြောင်း ကောင်းတဲ့လမ်းပေါက်တွေ ဖြစ်တယ်။

ဒီတော့ မိန်းမလိုက်စားမှုစတဲ့ ထွက်ပေါက် ၄-ပေါက်ကို (မပြုလုပ်ဘဲ) ပိတ်ဆို့ထားပြီး မိန်းမ မလိုက်စားမှုစတဲ့ ဝင်ပေါက် ၄-ပေါက်ကို ဖွင့်ပေးလိုက်ရင် ဥဋ္ဌာနသမ္မဒါစတဲ့ သမ္မဒါ ၄-ပါးနဲ့ ရွာချနေသမျှ "ပစ္စည်းဥစ္စာ" ဆိုတဲ့ မိုးရေမိုးပေါက်တွေဟာ ကောင်းကောင်းတည်တဲ့ တိုးပွားနိုင်တယ်။

ဗျဂ္ဃပဇ္ဇ ! အခု ပြောခဲ့တဲ့ တရား ၄-ပါးဟာ ဒီဘဝမှာ စီးပွားချမ်းသာဖြစ်ဖို့(တိုးပွားဖို့) အကြောင်းတွေ ဖြစ်တယ်၊ လိုက်ဆို-

ဉာဏ်နဲ့ချိန်ကာ-ကြိုးအား‌ထုတ်လို့၊ သင့်ရာအလုပ်-လုပ်ရမယ်၊
ရသည့်ဥစ္စာ-ရန်သူဖျက်လို့၊ မဖျက်ရအောင်-ထိန်းရမယ်၊
သူတော်ကောင်းတွေ-ရှာဖွေပေါင်းလို့၊ ကိုယ်လဲကောင်းအောင်-ကျင့်ရမယ်၊
ဝင်ငွေ ထွက်ငွေ-စာရင်းထားလို့၊ ချင့်ချိန်သုံးစား-ပြုရမယ်၊
မိန်းမလိုက်စား, လောင်းကစား, သောက်စားယစ်မျိုး-ရှောင်ရမယ်၊
အဲ-ဒါမှ ယခုဘဝ၊ ကြွယ်ဝချမ်းသာမယ်။

ဗျဂ္ဃပဇ္ဇ !-

"၁။ သဒ္ဓါသမ္မဒါ= သဒ္ဓါတရားနဲ့ ပြည့်စုံခြင်း၊
၂။ သီလသမ္မဒါ= သီလနဲ့ ပြည့်စုံခြင်း၊
၃။ စာဂသမ္မဒါ= စွန့်ကြဲပေးကမ်းခြင်းနဲ့ ပြည့်စုံခြင်း၊
၄။ ပညာသမ္မဒါ= ပညာနဲ့ ပြည့်စုံခြင်း။"

ဒီတရား ၄-ပါးကတော့ အမျိုးသားတစ်ယောက်အတွက် နောက်ဘဝမှာ စီးပွားချမ်းသာဖြစ်ဖို့ အကြောင်းတွေ ဖြစ်တယ်။

၁။ အမျိုးသားတစ်ယောက်ဟာ သဒ္ဓါတရားရှိတယ်၊ ဘုရားရှင်ရဲ့ (အရဟတ္တမဂ်ဉာဏ်) သဗ္ဗညုတဉာဏ်ကို ယုံကြည်တယ်၊ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ယုံကြည်တယ်၊ အဲဒီလို ယုံကြည်မှုနဲ့ ပြည့်စုံတာကိုပဲ "သဒ္ဓါသမ္မဒါ"လို့ ဆိုရတယ်။

http://www.dhammadownload.com

၂။ အမျိုးသားတစ်ယောက်ဟာ လူတို့ရဲ့ကိုယ်ကျင့်ဖြစ်တဲ့ ၅-ပါးသီလကို ထိန်းသိမ်းစောင့်ရှောက်တယ်၊ အဲဒီလို ၅-ပါးသီလနဲ့ ပြည့်စုံတာကိုပဲ "သီလသမ္မဒါ"လို့ ဆိုရတယ်။

၃။ အိမ်နေသူ လူဝတ်ကြောင်တစ်ယောက်ဟာ "ဝန်တိုနှမြောခြင်း"ဆိုတဲ့ အညစ်အကြေး ကင်းတဲ့အတွက် ဖြူစင်တဲ့စိတ် ရှိတယ်၊ တွန့်တိုမှုမရှိဘဲ လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြဲတတ်တယ်၊ ပေးလှူရအောင် ဆန့်ထား (ဖြန့်ထား)တဲ့ လက်ရှိတယ်၊ စွန့်ကြဲမှုမှာ ပျော်ပိုက်နေတယ်၊ အလှူခံတို့ တောင်းခံဖို့ရန် သင့်တော်သူ ဖြစ်တယ်၊ ပေးလှူရတာ, ခွဲစိတ်ဓေဖန် ပေးနေရတာနဲ့ပဲ ပျော်ပိုက်နေတယ်၊ အဲဒီလို စွန့်ကြဲပေးကမ်း လှူဒါန်းနေရရင် ပျော်ရွှင်နေတာကိုပဲ "စာဂသမ္မဒါ"လို့ ဆိုရတယ်။

၄။ အမျိုးသားတစ်ယောက်ဟာ ပညာရှိတယ်၊ ရုပ်တရား, နာမ်တရားတွေနဲ့ အဖြစ်အပျက်ကို သိမြင်နားလည်တဲ့ (ဥဒယဗ္ဗယ)ဉာဏ်နဲ့ ပြည့်စုံတယ်၊ အဲဒီလို ဉာဏ်နဲ့ပြည့်စုံခြင်းမျိုးကိုပဲ "ပညာ(ဉာဏ)သမ္မဒါ"လို့ ဆိုရပါတယ်။

ဗျဂ္ဃပဒ္ဓ ! ဒါတွေဟာ နောက်ဘဝမှာ စီးပွားချမ်းသာခြင်းရဲ့အကြောင်းတရား ၄-ပါး ဖြစ်တယ်။ လိုက်ဆို-

ဘုရားဂုဏ်ကို-ယုံကြည်တတ်တဲ့၊ သဒ္ဓါဓာတ်ခံ-ရှိရမယ်၊
ငါးပါးပဋိသီ-လူကျင့်ဝတ်ကို၊ အမြဲမချွတ်-ထိန်းရမယ်၊
နည်းများမဟူ-လှူဒါနကို၊ ရွှင်ရွှင်ပျပျ-လုပ်ရမယ်၊
ရုပ်နာမ်တရား,ဖြစ်ပျက်များ, ပိုင်းခြားကောင်းကောင်း-သိရမယ်၊
အဲဒါမှ-နောက်ဘဝများ၊ ကြီးပွားတိုးတက်မယ်။

အလှူရှင်တွေက "တရားကို ရှည်ချင်ရှည်ပါစေ၊ မှတ်စရာ သားစရာ ပြည့်စုံ အောင်သာ ဟောတော်မူပါ"လို့ လျှောက်ထားတဲ့အတွက် တရားတော့ အတော် ရှည်သွားပြီ၊ မှတ်စရာ ပြည့်စုံအောင်ဆိုတာကတော့ တစ်ထိုင်တည်းနဲ့ ဘယ်လိုလုပ် ပြည့်စုံနိုင်ပါ့မလဲ၊ ဒါ့ကြောင့် "ဒီလောက်နဲ့ပဲ ကျေနပ်ကြပါ"လို့ ဘုန်းကြီးက တောင်းပန်လိုပါတယ်။

ကိုင်း-ဒီတော့ ပြောလာခဲ့တဲ့ ဝတ္ထုရားတွေ, သမ္မဒါတရားတွေနဲ့ ပြည့်စုံအောင် နေထိုင်ကြပြီး နိဗ္ဗာန်ရောက်ကြောင်း တရားတွေကို ကြိုးစားအားထုတ်နိုင်ကြပါစေ ကုန်သတည်း။

သာဓု - သာဓု - သာဓုပါ ဘုရား။

http://www.dhammadownload.com

၁၀။ အိမ်တက်မင်္ဂလာ

ကဆုန်လပြည့်နေ့မှာလည်း ရှေးနေ့များလိုပဲ ဆရာတော် ဦးဓမ္မိကသည် မောင်မျိုးသန့်တို့အိမ်မှာ ဆွမ်းဘုဉ်းပေးပြီးသည့်နောက် တရားဟောရန် အဆင်သင့် ဖြစ်နေပါသည်၊ ပရိသတ်ကလည်း ငြိမ်သက်စွာ နေရာယူပြီး ဖြစ်နေကြသည်၊ တရားတော်ကို နာကြားရန် အဆင်သင့် ဖြစ်နေကြသည်။

ဒီနေ့ဟာ ကဆုန်လပြည့်ဆိုတော့ ဗုဒ္ဓနေ့ပဲ၊ တကယ့်ဗုဒ္ဓနေ့မှာမှ အိမ်တက်မင်္ဂလာကို ဟောလှည့်ရောက်လာပါတယ်၊ ဒါနဲ့ ဘုန်းကြီးက "ပါဠလိဂါမိယသုတ်ကို ဟောပေးမယ်"လို့ စီစဉ်ထားပါတယ်၊ အဲဒီ ပါဠလိဂါမိယသုတ်ကို ပြောရင်းနဲ့ပဲ ဗုဒ္ဓရဲ့ပုံတော်ကို ပေါ်လာအောင် ကြိုးစားပြီးပြောပေးပါ့မယ်၊ ဒီတော့ ဗုဒ္ဓနေ့မှာ "တရားတော်ကို အာရုံစိုက်ပြီး ဗုဒ္ဓရဲ့ပုံတော် ထင်လာမြင်လာအောင် နာကြားကြပါ၊ အဲဒီ ပုံတော်ကို အာရုံပြုပြီး ဗုဒ္ဓကို အားရပါးရ ကြည်ညိုလိုက်ကြပါ"လို့ ဘုန်းကြီးက တိုက်တွန်းလိုပါတယ်၊

ပါဠလိဂါမိယသုတ်[၁]

ဘုန်းကြီးတို့ရဲ့ ဂေါတမထွတ်ထား ရှင်တော်မြတ်ဘုရားဟာ ပရိနိဗ္ဗာန်စံလွန်ဖို့ ၁၀-လလောက်အလိုမှာ ဓေသာလီမြို့အနီး ဝေဠုဝန္တာကလေးမှာ နောက်ဆုံးဝါကပ်တော်မူပါတယ်၊ သီတင်းဝါလကျွတ်တဲ့အခါ အဲဒီဝေဠုဝန္တာက ထွက်ကြွလာခဲ့ပါတယ်၊ သာဝတ္ထိမြို့ကို ရောက်လာပြီး ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။

အဲဒီ အချိန်မှာ ရှင်သာရိပုတ္တရာက မိမိရဲ့ အသက်အပိုင်းအခြားကို ဆင်ခြင်ကြည့်ရှုတော်မူပါတယ်၊ "၇-ရက်လောက်သာ နေရတော့မယ်"ဆိုတာ သိတော်မူပါတယ်၊ ဒါနဲ့ ဘုရားရှင်ဆီမှာ ခွင့်ပန်ပြီး နာဠကရွာကို ကြွတော်မူပါတယ်၊ အဲဒီ နာဠကရွာမှာပဲ မယ်တော်ကို သောတာပတ္တိဖိုလ်မှာ တည်စေပြီး ပရိနိဗ္ဗာန် ပြုတော်မူပါတယ်။

စုန္ဒထေရ်က ရှင်သာရိပုတ္တရာရဲ့ ဓာတ်တော်တွေကို ယူလာပြီး ဘုရားရှင်ကို ဆက်ကပ်ပါတယ်၊ ဘုရားရှင်က ဓာတ်တော်တွေကို ယူပြီး ဓာတုစေတီ အတည်ခိုင်းပါတယ်၊ ပြီးတော့ တစ်ခါ ရဟန်းတော်တွေခေါ်ပြီး ရာဇဂြိုဟ်မြို့ကို ကြွလာတော်မူပါတယ်။

၁။ ဥဒါန-ပါ၊ ၁၈၃။ ဌ၊ ၃၆၇။ ဒီဃာ-ပါ၊ ၇၅။ ဌ၊ ၁၃၁။ ဝိဓာ-ပါ၊ ၃၂၁။ ဌ၊ ၃၃၇။

http://www.dhammadownload.com

ဘုရားရှင် ရာဇဂြိုဟ်မြို့ကို ရောက်တဲ့အချိန်မှာပဲ အရှင်မောဂ္ဂလ္လာန် ပရိနိဗ္ဗာန်စံလွန်တော်မူပြန်တယ်၊ ဘုရားရှင်က ရှင်မောဂ္ဂလ္လာန်ရဲ့ ဓာတ်တော်တွေကို ယူပြီး စေတီ အတည်ခိုင်းပြန်ပါတယ်။

အဲဒီနောက် ရာဇဂြိုဟ်မြို့က ထွက်ကြွလာပြီး အမွှေလဋ္ဌိကာဥယျာဉ်မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီကမှတစ်ဆင့် ဖြည်းဖြည်းမှန်မှန် ဒေသစာရီ လှည့်လည်တော်မူပါတယ်၊ တစ်နေရာ တစ်နေရာမှာ တစ်နေ့လောက်သာ သီတင်း သုံးတော်မူပြီး လော ၄ လူသားတွေကို ချီးမြှောက်တော်မူပါတယ်၊ အဲဒီလို ဒေသစာရီ လှည့်လည်တော်မူရင်း ပါဋလိရွာကို ရောက်လာပါတယ်။

ပါဋလိရွာသူ ရွာသားတွေဟာ ရှေးကလဲ ဘုရားရှင်ကို တွေ့ဖူးမြင်ဖူးတဲ့သူတွေဖြစ်ပါတယ်၊ ပထမဖူးတွေ့ရတဲ့ အချိန်မှာပဲ အချို့က သရဏဂုံဆောက်တည်ထားကြပါတယ်၊ အချို့က ၅-ပါးသီလ ဆောက်တည်ထားကြပါတယ်၊ အချို့က သရဏဂုံရော ၅-ပါးသီလရော ဆောက်တည်ထားကြပါတယ်၊ ဒါ့ကြောင့် သူတို့တစ်တွေဟာ ဘုရားရှင်ရဲ့ တပည့်သား ဥပါသကာတွေ ဖြစ်နေကြပါတယ်။

ပါဋလိရွာကို အဇာတသတ်မင်းရဲ့ မင်းမှူထမ်းတွေကလဲ မကြာမကြာ ရောက်လာတတ်ကြပါတယ်၊ လိစ္ဆဝီမင်းတွေရဲ့ မင်းမှူထမ်းတွေကလဲ မကြာမကြာ ရောက်လာတတ်ကြပါတယ်၊ အဲဒီမင်းမှူထမ်းတွေက ရောက်လာတယ်ဆိုရင်ပဲ ရွာထဲမှာ ရှိနေကြတဲ့ အိမ်ပိုင်ရှင်တွေကို အိမ်ကနှင်ထုတ်ပြီး "တစ်လ, လခွဲ" ဆိုသလို နေသွားတတ်ကြပါတယ်၊ အဲဒီလို ပါဋလိရွာသူ ရွာသားတွေဟာ အမြဲတမ်း ညှဉ်းပန်းနှိပ်စက်မှုကို ခံနေကြရပါတယ်။

ဒါနဲ့ "မင်းမှူထမ်းတွေ ရောက်လာတဲ့အခါမှာလဲ တည်းခိုနေထိုင်စရာ ဖြစ်လိမ့်မယ်"ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပါဋလိရွာသားတွေက ရွာအလယ်မှာ တည်းခိုရိပ်သာကြီးတစ်ဆောင် ဆောက်လုပ်ကြပါတယ်၊ အစိုးရတွေရဲ့ ပစ္စည်းထားမယ့်နေရာ, အစိုးရတွေရဲ့နေရာ, ခရီးသွားဧည့်သည် အာဂန္တုတွေရဲ့နေရာ, ဆင်းရဲနွမ်းပါး ခိုကိုးရာမဲ့သူတွေရဲ့နေရာ, ဂိလာနတွေရဲ့ နေရာတွေကို တစ်ဦးနဲ့တစ်ဦး မထိခိုက်ဘဲ နေနိုင်လောက်အောင် သတ်မှတ်ထားကြပါတယ်၊ အဲဒီ အဆောက်အအုံဟာလဲပဲ ဘုရားရှင် ကြွရောက်လာတဲ့ နေ့မှာပဲ ပြီးပါတယ်။

ရွာသားတွေက ပြီးကာစဖြစ်တဲ့ တည်းခိုရိပ်သာကြီးကို သွားရောက်စစ်ဆေးကြည့်ရှုကြပါတယ်။

"ဒီတည်းခိုရိပ်သာဟာ အင်မတန် မွေ့လျော်ဖွယ်ကောင်းတယ်၊ ကျက်သ

http://www.dhammadownload.com

ရေလဲ ရှိတယ်၊ဘယ်ပုဂ္ဂိုလ်က လက်ဦးဆုံး အသုံးပြုလို့ရှိရင် ငါတို့တစ်တွေမှာ ကြာရှည်လေးမြင့် စီးပွားချမ်းသာ ဖြစ်မလဲ ?"။

ဒီလို စဉ်းစားနေကြပါတယ်၊ အဲဒီ ခဏမှာပဲ "ဘုရားရှင် ကြွလာတယ်"ဆိုတဲ့ သတင်းကို ကြားကြပါတယ်၊ ဒါနဲ့ သူတို့တစ်တွေဟာ သိပ်ကျေနပ်သွားကြပါတယ်၊ သိပ်ဝမ်းသာသွားကြပါတယ်။

"တို့က ဘုရားရှင်ကို သွားလို့တောင်မှ ပင့်သင့်တာပဲ၊ အခုတော့ မပင့်ရဘဲ ဘုရားရှင်က အလိုအလျောက် တို့နေရာဌာနကို ကြွရောက်လာပါပေတယ်၊ ဒီနေ့ တို့တစ်တွေဟာ ဘုရားရှင်ကို ဒီတည်းခိုရိပ်သာမှာပဲ သီတင်းသုံးစေမယ်၊ ရဟန်းသံဃာတော်တွေကိုလဲ အလားတူပဲ သီတင်းသုံးစေရမယ်၊ ဆွမ်းကျွေးကြရမယ်၊ ရဟန်းသံဃာ ကြွလာလို့ရှိရင် ပိဋကတ်သုံးပုံဆိုတဲ့ ဘုရားစကားတော် (ပရိယတ်တရားတော်)ဟာလဲ ကြွလာပြီးပဲ ဖြစ်ပါတယ်၊ မြတ်စွာဘုရားကို မဂ်လာစကား မိန့်ကြားဖို့ တောင်းပန်မယ်၊ တရားဟောဖို့ တောင်းပန်မယ်၊ ဒီလို လုပ်လိုက်လို့ရှိရင် ရတနာ ၃-ပါးလုံးက သုံးစွဲပြီးရာ ရောက်ပါလိမ့်မယ်၊ တို့ရွာသူရွာသားတွေ အခြားပုဂ္ဂိုလ်တွေက နောက်မှ သုံးစွဲကြရတာပေါ့၊ ဒါဟာ တို့အတွက် ကြာရှည်လေးမြင့် စီးပွားချမ်းသာ ဖြစ်ထွန်းဖို့ နည်းလမ်းကောင်းပါပဲ"။

ဒီလို ဆုံးဖြတ်ချက်ချကြပါတယ်၊ ပြီးတော့-

"ဘုရားရှင်တွေဆိုတာ တောထဲမှာပဲ နေလိုကြပါတယ်၊ တောမှာပဲ မွေ့လျော်ပျော်ပိုက်တတ်ကြပါတယ်၊ 'ရွာထဲမှာ နေလို့မလား၊ မနေလို့ဘူးလား ?'ဆိုတာ မသိနိုင်ဘူး၊ ဒါ့ကြောင့် ဘုရားရှင်ရဲ့ သဘောထားကို အရင်စုံစမ်းပြီးမှ ခင်းကျင်းပြင်ဆင်မှုကို ပြုသင့်တယ်"။

ဒီလိုလဲ နောက်ထပ် တိုင်ပင်ကြပါတယ်၊ ဒါနဲ့ ဘုရားရှင်ဆီကို သွားကြပါတယ်၊ "ရှင်တော်မြတ်ဘုရား ! ဘုရားတပည့်တော်တို့ရဲ့ တည်းခိုရိပ်သာကို လက်ခံတော်မူပါ"လို့ လျှောက်ထားကြပါတယ်၊ ဘုရားရှင် လက်ခံကြောင်းကို သိရမှ သူတို့က တည်းခိုရိပ်သာကို ပြန်သွားကြပါတယ်။

ဒီတည်းခိုရိပ်သာဟာ ဘုရားရှင်ကြွလာတဲ့နေ့မှာပဲ ပြီးတဲ့အတွက် နတ်ဗိမာန်လို ကောင်းစွာစီရင်ပြီး ဖြစ်ပါတယ်၊ ကောင်းစွာသုတ်သင် ရှင်းလင်းပြီး ဖြစ်ပါတယ်၊ ဒါပေမဲ့ ဘုရားရှင်သီတင်းသုံးဖို့ သင့်တော်လောက်အောင် ခင်းကျင်းမှုကိုတော့ မပြုရသေးပါဘူး။

http://www.dhammadownload.com

တည်းခိုရိပ်သာကို ရောက်တဲ့အခါ သူတို့တစ်တွေဟာ ကွက်လပ်မကျန်ရအောင် ခင်းကြပါတယ်၊ "လက်ဦးဆုံး နွားချေးဆိုတာ မင်္ဂလာအကုန်လုံးမှာ သင့်တော်လျောက်ပတ်တာပဲ"၊ ဒီလို စဉ်းစားပြီး အောက်မြေအခင်းကို အင်္ဂတေနဲ့ အချောကိုင်ပြီး ဖြစ်ပေမဲ့ နွားချေးစိုနဲ့ ထပ်ပြီး သုတ်လိမ်းကြပါတယ်၊ ခြောက်လာတဲ့အခါ နှင်းတဲ့နေရာမှာ ခြေရာမထင်ရအောင် နဲ့သာမျိုး ၄-ပါးနဲ့ သုတ်လိမ်းကြပါတယ်၊ အပေါ်မှာ ရောင်စုံဖျာသင်ဖြူးတွေကို ခင်းကြပါတယ်၊ အဲဒီ သင်ဖြူးတွေရဲ့ အပေါ်မှာ ကော်အောကြီး ဆင်ကုန်းနီးစတဲ့ ရောင်စုံအခင်းတွေနဲ့ ခင်းသင့်သမျှ နေရာအကုန်လုံးကို ကွက်လပ်မကျန်အောင် ခင်းကြပါတယ်။

နေရာတွေရဲ့အလယ်မှာ မင်္ဂလာတိုင်ကိုမှီပြီး ဘုရားရှင်ရဲ့ နေရာကို ခင်းကြပါတယ်၊ အဲဒီ ဘုရားရှင်ရဲ့ နေရာမှာ နူးညံ့လှပတဲ့ အခင်းတွေကို အပေါ်ကလွှမ်းထားကြပါတယ်၊ ခြေရင်း, ခေါင်းရင်း ၂-ဖက်လုံးမှာ နီမြန်းလှပတဲ့ ခြေအုံးခေါင်းအုံးတွေကိုလဲ ပြင်ဆင်ထားကြပါတယ်၊ အပေါ်မှာ ရွှေကြယ်ပွင့်တွေ, ငွေကြယ်ပွင့်တွေနဲ့ ဆန်းကြယ်တဲ့ မျက်နှာကြက်တွေကိုလဲ တပ်ဆင်ထားကြပါတယ်၊ နံ့သာပန်းဆိုင်း, ပန်းကုံး, ပန်းခွေစတဲ့ အရာဝတ္ထုတွေနဲ့လဲပဲ တန်ဆာဆင်ကြပါတယ်၊ ပတ်ဝန်းကျင် ၁၂-တောင်လောက်ရှိတဲ့ နေရာမှာ ပန်းကွန်ရက်တွေကို လုပ်ထားကြပါတယ်၊ အတောင် ၃၀-လောက်ရှိတဲ့ နေရာကို အဝတ်ကန့်လန့်ကာတွေနဲ့ ကာရံထားကြပါတယ်။

အနောက်ဘက်နံရံကို မှီပြီး ရဟန်းတော်တွေအတွက် ပလ္လင်, မှီရာတကဲပျဉ်, ညောင်စောင်း, အင်းပျဉ် အစရှိတဲ့ဟာတွေကို ခင်းပါတယ်၊ အပေါ်မှာ အဝတ်ဖြူအိပ်ရာခင်းတွေကို ခင်းပါတယ်၊ တည်းခိုရိပ်သာရဲ့ အရှေ့ဘက်တစ်ခြမ်းလုံးကို မိမိတို့ ရွာသူရွာသားများ နေထိုင်ဖို့ သင့်တော်လျောက်ပတ်အောင် ပြင်ဆင်ထားကြပါတယ်။

ပြီးတော့ မြတ်စွာဘုရားနဲ့ ရဟန်းတော်တွေ လက်ခြေဆေးကြောမှု, လုပ်ဆေးမှုတို့ကို ပြုလုပ်ဖို့ နေရာအနှံ့ ရေလှောင်အိုးကြီးတွေကို တည်ထားကြပါတယ်၊ အဲဒီ ရေလှောင်အိုးတွေကို ရေအပြည့်ဖြည့်ပြီး ပန်းမျိုးစုံတွေ, ရေအနံ့ထုံတဲ့ အမှုန့်တွေကိုလဲ ထည့်ထားကြပါတယ်၊ ရေအနံ့ကောင်းအောင် လုပ်ကြပါတယ်၊ အမှုန်တွေ မဝင်နိုင်အောင် ရေအိုးတွေရဲ့ အဝကို ၄-ပျော်ဖက်တွေနဲ့ ပိတ်ထားကြပါတယ်။

ရွှေ, ငွေစသည်နဲ့ ပြုလုပ်ထားတဲ့ မီးတိုင်တွေမှာ အတင့်အတယ် စီခြယ်ထားတဲ့ စစ်သားရုပ်ကလေးတွေရဲ့လက်မှာ ရွှေမီးခွက်, ငွေမီးခွက်တွေကို ထားပါတယ်၊ အဲဒီ မီးခွက်တွေမှာ ဆီမီးတွေကိုလဲ ထွန်းညှိကြပါတယ်။

http://www.dhammadownload.com

ပါဠိလိရွာသား ဥပါသကာတွေဟာ တည်းခိုရိပ်သာလောက်တင် ပြင်ဆင်ကြတာ မဟုတ်သေးပါဘူး၊ အမှန်ကတော့ တစ်ရွာလုံးမှာ ရှိသမျှလမ်းတွေကိုလဲ ပြင်ဆင်ကြပါတယ်၊ (သာသနာ့)အလံတွေကို စိုက်ထူထားကြပါတယ်၊ အိမ်တံခါးတွေမှာ ရေပြည့်အိုးတွေကိုလဲ တည်ထားကြပါတယ်၊ ၄က်ပျော်ပင်တွေကိုလဲ စိုက်ထားကြပါတယ်၊ မိုးကောင်းကင်တစ်ခုလုံးမှာ ကြယ်တာရာတွေ တလက်လက် တောက်ပနေသလို တစ်ရွာလုံး တလက်လက်တောက်ပနေအောင် မီးတွေကိုလဲ အစဉ်လိုက် ထွန်းထားကြပါတယ်။

"ဒို့စို့ကလေးသူငယ်တွေကို နို့တိုက်ထားကြ၊ ကလေးငယ်တွေကိုခပ်မြန်မြန် ကျွေးမွေးပြီး သိပ်ထားကြ၊ ဆူဆူညံညံ မလုပ်ကြနဲ့၊ ဒီနေ့တစ်ညဉ့်လုံး ဘုရားရှင်က ရွာထဲမှာ သီတင်းသုံးလိမ့်မယ်၊ ဘုရားရှင်တွေဆိုတာ တိတ်ဆိတ်နေတာကို သဘောကျကြတယ်"။

ဒီလိုလဲ တစ်ရွာလုံးမှာ ကြေညာခိုင်းထားကြပါတယ်၊ သူတို့ကိုယ်တိုင်ကတော့ မီးတိုင်တွေကို ယူပြီး ဘုရားဆီကို သွားကြတယ်။

"ရှင်တော်မြတ်ဘုရား ! ကြွမယ်ဆိုရင် ကြွနိုင်ပါပြီ၊ အကုန်လုံး ပြင်ဆင်ပြီးနေပါပြီ"။

ဒီလို ဘုရားရှင်ကို လျှောက်ထားကြပါတယ်၊ ဒီတော့ ဘုရားရှင်က ကောင်းစွာဆိုးထားတဲ့ ၂-ထပ်သင်းပိုင်ကို ('ဒူး ၂-ဖက်နှင့် ချက်'ဆိုတဲ့) အဝန်း ၃-ပါးကို ဖုံးမိအောင် ပြုပြင်ပြီး ဝတ်တော်မူပါတယ်၊ ဒူးအောက် လက် ၄-သစ်လောက် ကျနေတဲ့ သင်းပိုင်ရဲ့အစဟာ ကပ်ကျေးနဲ့ ပဒုမ္မာကြာကို ဖြတ်ထားသလို ညီညာဝိုင်းစက်နေပါတယ်၊ အဲဒီ သင်းပိုင်ဟာလဲပဲ ချိတ်ရည်နဲ့ဆိုးထားတဲ့ ကသစ်ပွင့်လို နီညိုရောင်အဆင်း ရှိပါတယ်။

ပြီးတော့ လျှပ်စစ်နွယ်ပမာ လွန်စွာတင့်တယ် ကျက်သရေရှိတဲ့ ခါးပန်းကြိုးကို ပန်းတော်မူပါတယ်၊ ရွှေစလွယ်ကြိုးနဲ့ ပဒုမ္မာကြာစည်းကို ရစ်ပတ်ထားသလို အင်မတန် လိုက်လျောညီထွေ အဆင်ပြေတော်မူပါတယ်။

အဲဒီလို သင်းပိုင်ကိုပြင်ဝတ်, ခါးပန်းကြိုးကို ပန်းပြီးတဲ့အခါ ကောင်းစွာဆိုးထားတဲ့, အင်မတန် မွန်မြတ်အထက်တန်းကျတဲ့ ပုံသကူသင်္ကန်းကို ရုံတော်မူပါတယ်၊ အဲဒီ ပုံသကူသင်္ကန်းဟာ မြင်းမိုရ်တောင်, ယုဂန္ဓိရ်တောင်တွေနဲ့အတူ စကြဝဠာမြေပြင်တစ်ခုလုံးကို တုန်လှုပ်စေပြီး ပုံသကူကောက်ယူချုပ်လုပ်ထားတဲ့ သင်္ကန်းဖြစ်ပါတယ်၊ ပညောင်ရွက်ညွန့်အဆင်းလို နီညိုရောင်အဆင်း ရှိပါတယ်။

http://www.dhammadownload.com

အဲဒီ ပံ့သကူသင်္ကန်းကို ရုံထားလိုက်တော့ (မြတ်စွာဘုရားဟာ) ကမ္မလာနီနဲ့ ဆင်ဦးကင်းကို လွှမ်းခြုံထားသလို, အတောင်တစ်ရာမြင့်တဲ့ ရွှေစေတီမှာ သန္တာကွန်ရက်ကို ပစ်တင်ထားသလို, ကြီးမားတဲ့ ရွှေစေတီမှာ ကမ္မလာနီသင်္ကန်းကို စွပ်ထားသလို, (မိုးပေါ်မှာ)သွားနေတဲ့ လပြည့်ဝန်းကို တိမ်နီတွေ ဖုံးလွှမ်းထားသလို, ကောင်းစွာကျိုချက်ထားတဲ့ ချိတ်ရည်ကို ရွှေတောင်ထိပ်ပေါ်မှာ သွန်းလောင်းလိုက်သလို, စိတ္တကုဋ္ဌ်တောင်ထိပ်ကို လျှပ်စစ်နွယ်ကွန်ရက်နဲ့ ကာရံထားသလို အင်မတန် အဆင်းပြေပါတယ်၊ သပွာယ်တော်မူလှပါတယ်။

သင်္ကန်းရုံမှုကိစ္စ ပြီးတဲ့အခါ တောထဲက ထွက်လာတဲ့ ကေသရာဇာခြသေ့်လို, ဥဒည်တောင်(နေထွက်တောင်)ထွတ်က ပေါ်ထွက်လာတဲ့ လပြည့်ဝန်း, နေဝန်းလို သီတင်းသုံးနေတော်မူရာ တင့်တယ်လှပတဲ့ မဏ္ဍပ်က ထွက်ကြွလာခဲ့ပါတယ်။

အဲဒီ အချိန်မှာ မိုးတိမ်စပ်က လျှပ်စစ်တွေ စုပြုံထွက်လာသလို မြတ်စွာဘုရားရဲ့ ကိုယ်တော်က ရောင်ခြည်တော်တွေ စုဆုံကွန့်မြူး ထွက်လာကြပါတယ်၊ ဘေးပတ်ဝန်းကျင် သစ်ပင်တွေရဲ့ ညှာဆိုင်တွေ, အရွက်တွေ, အပွင့်တွေ, အသီးတွေ, အကိုင်းအခွတွေဟာ ရွှေရည်အလျဉ်နဲ့ သွန်းလောင်းထားသလို ဖြစ်နေပါတယ်။

အဲဒီခဏမှာပဲ များပြားလှတဲ့ ရဟန်းတော်တွေကလဲ သင်္ကန်းကို အချိုးတကျရုံ သပိတ်ကိုယ်စီယူလာကြပြီး မြတ်စွာဘုရားကို ခြံရံလိုက်ပါလာကြပါတယ်၊ အဲဒီ ရဟန်းတော်တွေဟာ ပစ္စည်းလာဘ်လာဘကို မက်မောတွယ်တာမှုမှ ကင်းကြပါတယ်၊ ကိုယ့်မှာရှိတာလေးနဲ့ နှစ်သက်ကျေနပ်နေကြပါတယ်၊ ဆိတ်ငြိမ်ရာမှာ နေတတ်ကြပါတယ်၊ ဒကာ ဒကာမတွေနဲ့ ရောနှောယှက်တင်ခြင်းမှလဲ ကင်းကြပါတယ်၊ အားထုတ်လုံ့လဝီရိယလဲ ရှိကြပါတယ်၊ အပြစ်ပြုလုပ်သူကို မညှာမတာ ပြောဆိုတတ်ကြပါတယ်၊ အကျိုးလိုလား ပြောစကားကိုလဲ လေးလေးစားစား နာခံတတ်ကြပါတယ်၊ သူတစ်ပါးကိုလဲ ဆုံးမပဲ့ပြင် သွန်သင်တတ်ကြပါတယ်၊ မကောင်းမှုကိုလဲ ကဲ့ရဲ့တတ်ကြပါတယ်၊ သီလနဲ့လဲ ပြည့်စုံကြပါတယ်၊ သမာဓိနဲ့လဲ ပြည့်စုံကြပါတယ်၊ ပညာနဲ့လဲ ပြည့်စုံကြပါတယ်၊ အရဟတ္တဖိုလ်နဲ့လဲ ပြည့်စုံကြပါတယ်၊ အရဟတ္တဖိုလ်ကို သိမြင်တတ်တဲ့ ဉာဏ်အမြင်နဲ့လဲ ပြည့်စုံကြပါတယ်။

အဲဒီလို ဂုဏ်ထူးဝိသေသတွေ, အဝတ်အရုံအချိုးကျပြီး ဣန္ဒြေသိက္ခာတွေနဲ့ ပြည့်ဝစုံလင်နေတဲ့ ရဟန်းတော်တွေက ခြံရံလိုက်ပါလာတော့ မြတ်စွာဘုရားဟာ ကမ္မလာနီနဲ့ ကာရံထားတဲ့ ရွှေတုံးကြီးလို, ပဒုမ္မာကြာနီတော အလယ်ကို ရောက်နေတဲ့ ရွှေလှေရွှေလောင်းလို, သန္တာပွတ်လုံး(ပွတ်တိုင်)တွေနဲ့ ကာရံထားတဲ့ ရွှေပြာသာဒ်လို အတိုင်းထက်အလွန် တင့်တယ်နေပါတော့တယ်။

http://www.dhammadownload.com

မဟာကဿပအမျှးရှိတဲ့ မထေရ်ကြီးတွေကတော့ ပတ္တမြားချပ်ဝတ်တန်ဆာတွေကို ဝတ်ဆင်ထားတဲ့ ဆင်ပြောင်ကြီးတွေလို မိုးတိမ်အဆင်းနဲ့တူတဲ့ ပုံသက္ကသက်နှံးကို ဝတ်ရုံပြီး ခြံရံလိုက်ပါလာကြပါတယ်၊ အဲဒီ မထေရ်ကြီးတွေကလဲပဲ ရာဂကင်းပြီးသူတွေ, ကိလေသာကို ဖျက်ဆီးပြီးသူတွေ, တဏှာအရှုပ်အထွေးကို ဖြေရှင်းထားသူတွေ, အနှောင်အဖွဲ့ အကုန်လုံးကို ဖြတ်တောက်ထားသူတွေ, ဒကာဒကာမများမှာပဲဖြစ်ဖြစ်, ဂိုဏ်းဂဏမှာပဲဖြစ်ဖြစ် မတွယ်တာ မကပ်ငြိသူတွေချည်းသာ ဖြစ်ကြပါတယ်။

အဲဒီလို မိမိကိုယ်တိုင် ရာဂကင်းပြီးတဲ့အပြင် ရာဂကင်းပြီးတဲ့ ရဟန်းတော်တွေ, မိမိကိုယ်တိုင် ဒေါသကင်းပြီးတဲ့အပြင် ဒေါသကင်းပြီးတဲ့ ရဟန်းတော်တွေ, မိမိကိုယ်တိုင် မောဟကင်းပြီးတဲ့အပြင် မောဟကင်းပြီးတဲ့ ရဟန်းတော်တွေ, မိမိကိုယ်တိုင် တဏှာကင်းပြီးတဲ့အပြင် တဏှာကင်းပြီးတဲ့ ရဟန်းတော်တွေ, မိမိကိုယ်တိုင် ကိလေသာကင်းပြီးတဲ့အပြင် ကိလေသာကင်းပြီးတဲ့ ရဟန်းတော်တွေ, မိမိကိုယ်တိုင် သစ္စာ ၄-ပါးကို သိပြီးတဲ့အပြင် မိမိကို အတုလိုက်ပြီး သစ္စာ ၄-ပါးကို သိမြင်ကြတဲ့ ရဟန်းတော်တွေ ခြံရံလိုက်ပါလာတဲ့ မြတ်စွာဘုရားဟာ ပွင့်ချပ်တွေက ခြံရံထားတဲ့ ကြာဝတ်ဆံလို, ကြာဝတ်ဆံတွေက ကာရံထားတဲ့ ကြာချက်လို, ဆင် ၈-ထောင်က ခြံရံထားတဲ့ ဆဒ္ဒန်ဆင်မင်းလို, ဟင်္သာ ၉-သောင်း ခြံရံထားတဲ့ ဓတရဋ္ဌဟင်္သာမင်းလို, စစ်အင်္ဂါတွေခြံရံထားတဲ့ စကြဝတေးမင်းလို, နတ်အပေါင်းခြံရံထားတဲ့ သိကြားမင်းလို, ဗြဟ္မာအပေါင်းခြံရံထားတဲ့ ဟာရိတဗြဟ္မာကြီးလို, ကြယ်တာရာအပေါင်း ခြံရံထားတဲ့ လပြည့်ဝန်းလို အတိုင်းထက် အလွန် တင့်တယ်နေပါတော့တယ်၊ နှိုင်းခိုင်းစရာ ဥပမာရှာမရတဲ့ ဘုရား၏ သွင်ပြင်တော်, နှိုင်းယှဉ်တိုင်းတာခြင်းမှကင်းတဲ့ ဘုရား၏တင့်တယ်ခြင်းမျိုးနဲ့ ပါဠိလိရွာလမ်းကို ကြွလှမ်းတော်မူပါတယ်။

အဲဒီအချိန်မှာ မြတ်စွာဘုရား၏ ရှေ့ဘက်ကိုယ်တော်မှ ရွှေအဆင်းလို ဝါဝင်းနေတဲ့ ရောင်ခြည်တော်တွေဟာ အတောင် ၈-ဆယ်အထိ ကွက်လပ်မရှိအောင် ဖြာထွက်နေပါတယ်၊ နောက်ဘက်ကိုယ်တော်, လက်ျာဘက်ကိုယ်တော်, လက်ဝဲဘက်ကိုယ်တော်မှလဲ အလားတူ ရွှေအဆင်းလို ဝါဝင်းနေတဲ့ ရောင်ခြည်တော်တွေဟာ အတောင် ၈-ဆယ်အထိ ကွက်လပ်မရှိအောင် ဖြာထွက်နေပါတယ်၊ အထက်ဆံစက စပြီး ဆံတွေအကုန်လုံးမှ ဥဒေါင်းမင်း၏ လည်ဆံအဆင်းနဲ့တူတဲ့ မဲနက်တဲ့ရောင်ခြည်တော်တွေဟာ ထက်ကောင်းကင်မှာ အတောင် ၈-ဆယ်အထိ ကွက်လပ်မရှိအောင် ဖြာထွက်နေပါတယ်၊ အောက်ခြေဖဝါးအပြင်တွေမှ သန္ဓာ

http://www.dhammadownload.com

အဆင်းလို နီတဲ့ရောင်ခြည်တော်တွေဟာ မြေထဲမှာ အတောင် ၈-ဆယ်အထိ ကွက်လပ်မရှိအောင် ဖြာထွက်နေပါတယ်၊ သွားတွေ, မျက်လုံးတော်တွေရဲ့ ဖြူနေတဲ့ နေရာဌာနတွေ, လက်သည်း ခြေသည်း တွေရဲ့ အသားကလွတ်နေတဲ့ နေရာဌာနတွေက ဖြူဖွေးတဲ့ ရောင်ခြည်တော်တွေဟာ အတောင် ၈-ဆယ်အထိ ကွက်လပ်မရှိအောင် ဖြာထွက်နေကြပါတယ်၊ နီတဲ့အဆင်း, ဝါတဲ့အဆင်းရောနေတဲ့ နေရာဌာနတွေက မောင်းသောအဆင်းရှိတဲ့ (ပန်းရောင် အဆင်းရှိတဲ့) ရောင်ခြည်တော်တွေဟာအတောင် ၈-ဆယ်အထိ ကွက်လပ်မရှိအောင် ဖြာထွက်နေကြပါတယ်၊ အဲဒီရောင်ခြည်တော် ၅-မျိုး ရောနှောပေါ်ထွက်လာတဲ့ အခါ ပြိုးပြိုးပြက်ပြက် လက်ကနဲ လက်ကနဲ အရောင်တစ်မျိုးလဲ ဖြာထွက်လာ ပါတယ်၊ ဒါကိုပဲ "ပြိုးပြိုးပြက်ပြက် တစ်ခဲနက်ရောင်ခြည်တော်" လို့ ဆိုကြပါတယ်။

အဲဒီလို ထက်ဝန်းကျင် အတောင် ၈-ဆယ်အရပ်တိုင်အောင် ဘုရားရှင်ရဲ့ ရောင်ခြည်တော် ခြောက်သွယ်ဟာ ထွန်းလင်းတောက်ပြောင်နေပါတယ်၊ တလျှပ်လျှပ်နဲ့ ပြေးသွားနေပါတယ်၊ ရွှေမီးတိုင်စသည်ကထွက်ပြီး ကောင်းကင်ကို ပြေးဝင်နေတဲ့ ကြီးမားတဲ့ မီးတောက်မီးလျှံလို, ၄-ကျွန်းလုံးကို အုပ်ဖုံးထားတဲ့ တိမ်တိုက်က ထွက်လာတဲ့ လျှပ်စစ်လျှပ်နွယ်လို ဝန်းကျင်ပတ်ချာ အရပ် ၁၀-မျက်နှာကို ပြေးလွှားနေကြပါတော့တယ်။

အဲဒီဘုရားရှင်ရဲ့ ရောင်ခြည်တော်တွေနဲ့ အရပ်မျက်နှာ အကုန်လုံးဟာ ရွှေစကားပွင့်တွေနဲ့ ကြဲဖြန့်ထားသလို, ရွှေအိုးထဲက ရွှေရည်အလျဉ်တွေနဲ့ သွန်းလောင်းထားသလို, ရွှေပြားပုဆိုးနဲ့ ဖြန့်ခင်းထားသလို, လေပွေ(လေဆင်နှာမောင်း)ကြောင့် လွင့်တက်လာတဲ့ ပေါက်ပန်း မဟာလေ့ခါးပန်း ကသစ်ပန်းအမှုန့်တွေနဲ့ ကြဲဖြန့်ထားသလို, ဟသ်ပဒါးနဲ့ ထက်ဝန်းကျင် သုတ်လိမ်းထားသလို အတိုင်းထက်အလွန်တင့်တယ်နေကြပါတယ်။

လက္ခဏာတော်ငယ် ၈-ဆယ်, တစ်လဲမျှသာထင်ရတဲ့ ရောင်ခြည်တော်ဝန်းတွေနဲ့ ထွန်းလင်းတောက်ပြောင်နေတဲ့ ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာတော် ၃၂-ပါးနဲ့ တန်ဆာဆင်ထားတဲ့ မြတ်စွာဘုရားရဲ့ ကိုယ်ခန္ဓာတော်ဟာလဲပဲ တိမ်တိုက်ဆီးနှင်းစတဲ့ အညစ်အကြေးတွေ ကင်းလွတ်ပြီး အရောင်တလက်လက် ကြယ်တာရာတွေ ထွန်းလင်းတောက်ပြောင်နေတဲ့ ကောင်းကင်အပြင်လို, အကုန်လုံးပွင့်နေတဲ့ ပဒုမ္မာကြာတောလို, ပင်လုံးကျွတ်ပွင့်နေတဲ့ ယူဇနာတစ်ရာရှိတဲ့ ကသစ်ပင်လို, တန်းစီထားတဲ့နေ ၃၂-စင်း, လ ၃၂-စင်း, စကြဝတေးမင်း ၃၂-ယောက်, နတ်မင်း ၃၂-ယောက်, မဟာ ဗြဟ္မာမင်း ၃၂-ယောက်တို့ရဲ့ ကျက်သရေကို မိမိရဲ့ကျက်သရေနဲ့ လွှမ်းမိုးထားသလို အလွန်အလွန် တင့်တယ်နေပါတယ်။

http://www.dhammadownload.com

ပြီးတော့ "ပါရမီ ၁၀-ပါး, ဥပပါရမီ ၁၀-ပါး, ပရမတ္ထပါရမီ ၁၀-ပါး" ဆိုတဲ့ ပါရမီတွေကို ကောင်းကောင်း ဖြည့်ကျင့်လာတော့ မြတ်စွာဘုရား၏ ကိုယ်ကာယတော်ဟာ အတိအကျ ၃-ဆယ်သော ပါရမီတွေနဲ့ တန်ဆာဆင်ထား သလိုလဲ ဖြစ်နေပါတယ်၊ ၄-သရေါ်နှင့် ကမ္ဘာတစ်သိန်းပတ်လုံး ပေးလှူလာတဲ့ ဒါန, စောင့်ရှောက်လာတဲ့ သီလ, ပြုလုပ်ထားတဲ့ ကုသိုလ်တွေဟာ ကိုယ်ခန္ဓာတစ်ခု တည်းမှာ စုပေါင်းပြီး နောက်ပိတ်ဆုံးအနေနဲ့ အကျိုးပေးကြရတဲ့အတွက် ကျဉ်းကျပ် သလို ဖြစ်နေပါတယ်၊ လှေတစ်ထောင်နဲ့ တင်လာတဲ့ဝန်ကို လှေတစ်စင်းတည်းမှာ စုပြုံတင်ရသလို, လှည်းတစ်ထောင်တိုက်ဝန်ကို လှည်းတစ်စီးတည်းမှာ စုပြုံတင်ရ သလို, မြစ်ကြီး ၂၅-သွယ်တို့ ပေါင်းစုမိတဲ့အဝမှာ ရေစုကြီး ဖြစ်နေသလို ဖြစ်နေ ရပါတော့တယ်။

အဲဒီလို ဘုရားရှင်ရဲ့ အသရေတော်နဲ့ ပတ်ဝန်းကျင် ထွန်းလင်းတောက်ပြောင် နေပေမဲ့ ပါဠိလိရွာသား ဥပါသကာများက ဘုရားရှင်ရဲ့ ရှေ့တော်မှာ ထောင်ပေါင်း များစွာသော မီးတိုင်တွေကို ညှိထွန်းကိုင်ဆောင်ပြီး လိုက်ပါလာကြပါတယ်၊ ဘုရား ရှင်ရဲ့ နောက်ဘက်, လက်ဝဲဘက်, လက်ျာဘက်တွေမှာလဲ အလားတူပဲ ထောင်ပေါင်း များစွာသော မီးတိုင်တွေကို ညှိထွန်းကိုင်ဆောင် လိုက်ပါလာကြပါတယ်။

"မြတ်လေးပန်း, စကားပန်း, တောကြက်ရုံးပန်း, ကြာနီ, ကြာညို, ခရေပန်း (ချယားပန်း), ရောနဲ့ပန်း, (ကြောင်ပန်း)" စတဲ့ ပန်းအမျိုးမျိုးနဲ့ အရောင်မျိုးစုံ ဆိုးထားတဲ့ နံ့သာမှုန့်တွေကိုလဲ ၄-ကျန်းလုံးကိုနှံ့အောင် ရွာတဲ့မိုးကြီးရဲ့ ရေစက် ရေပေါက်တွေလို အဆက်မပြတ် ကြဲဖြန့်လိုက်ပါလာကြပါတယ်။

တူရိယာ ၅-ပါး၏အသံ, ဘုရား, တရား, သံဃာတွေရဲ့ ဂုဏ်ကျေးဇူးနဲ့ စပ်ယှဉ်တဲ့ ချီးကျူးသံတွေကလဲ နှုတ်မဆိတ်ဘဲ ချီးကျူးစကား ပြောကြားနေသလို အရပ်မျက်နှာ အကုန်လုံးကို လွှမ်းခြုံပျံ့နှံ့နေပါတယ်၊ နတ်, ဂဠုန်, နဂါး, ဘီလူး, ဂန္ဓဗ္ဗနတ်, လူတွေရဲ့ မျက်လုံးတွေဟာ အမြိုက်ရေစင်(နတ်မျက်စဉ်း)နဲ့ သွန်းလောင်း ထားသလို ဖြစ်နေပါတော့တယ်။

ဒီလို ဂုဏ်အဖို့အစု အကုန်လုံးနဲ့ ပြည့်ဝစုံလင်တော်မူတဲ့ မြတ်စွာဘုရားဟာ မြေအပြင်ကို တုန်လှုပ်စေပြီး သတ္တဝါတွေကို မည်ဉ်းဆဲဘဲ ကြွနေတော်မူပါတယ်။

လက်ဦးဆုံး လက်ျာခြေတော်ကို ကြွမပြီး ကြွတော်မူတဲ့ မြတ်စွာဘုရားဟာ ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံပါပေတယ်၊ တင့်လဲတင့်တယ်တော်မူပါပေတယ်။

အဲဒီလို ကြွသွားတော်မူတဲ့ ဘုရားရှင်ရဲ့ နူးညံ့တဲ့ ခြေဖဝါးအပြင်ဟာ မြေကို

http://www.dhammadownload.com

ညီညီမျှမျှ ထိတော်မူပါပေတယ်၊ (ဒါပေမဲ့) မြေမှုန့်တွေကတော့ မလိမ်းကျဲ မကပ်ငြိပါဘူး။

ဘုရားရှင် ကြွတော်မူလာလို့ရှိရင် နိမ့်တဲ့နေရာက မြင့်တက်လာရပါတယ်၊ မြင့်တဲ့နေရာတွေကတော့ ညီလာရပါတယ်၊ စိတ်စေတနာမရှိတဲ့ မြေကြီးတောင်မှ ဒီလို ဖြစ်လာရပါတယ်။

ဘုရားရှင် "ကြွလာတယ်"ဆိုရင်ပဲ ကျောက်ခဲတွေ, ကျောက်စရစ်တွေ, အိုးခြမ်းကွဲတွေ, သစ်ငုတ်တွေ, ဆူး ငြောင့် ခလုပ်တွေ အကုန်လုံးပဲ လမ်းက ရှောင်ပေးကြရပါတယ်။

မြတ်စွာဘုရားဟာ သိပ်ခြေလှမ်းကျဲကျဲလဲ လှမ်းတော်မမူပါ၊ သိပ်ခြေလှမ်းစိပ်စိပ်လဲ မလှမ်းပါ၊ ဒူး ၂-ဖက်နှင့် ခြေဖမျက် ၂-ခုတို့ကို အချင်းချင်း မထိခိုက်စေဘဲ ကြွလှမ်းတော်မူပါတယ်။

အကျင့်စရဏနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားဟာ သိပ်အမြန်ကြီးလဲ ကြွတော်မမူပါ၊ နှေးနှေးဖြည်းဖြည်းလဲ ကြွတော်မမူပါ၊ (မနှေးမမြန်သာ ကြွတော်မူပါတယ်၊) ကြွတော်မူရင်းလဲ တည်ကြည်တော်မူပါတယ်။

မြတ်စွာဘုရားဟာ အထက်အရပ်, အောက်အရပ်, ထက်ဝန်းကျင်အရပ်, အရပ် ၄-မျက်နှာ, ထောင့်အရပ်မျက်နှာတွေကို ကြည့်ရင်း ကြွတော်မမူပါ၊ လေးတောင်လောက်သာ ကြည့်တော်မူပါတယ်။

မြတ်စွာဘုရား လှမ်းကြသွားပုံဟာ ဆင်ပြောင်ကြီး လှမ်းကြသွားတာနဲ့ တူလှပါတယ်၊ (ဒီတော့) မြတ်စွာဘုရားဟာ လှမ်းကြတော်မူတဲ့အခါမှာလဲ တင့်တယ်တော်မူပါတယ်၊ လောကရဲ့အထွတ်အမြတ် ဖြစ်တော်မူတဲ့ မြတ်စွာဘုရားဟာ နတ်တွေ, လူတွေ ရွှင်လန်းလာအောင် တင့်တင့်တယ်တယ် ကြွတော်မူတတ်ပါတယ်။

မြတ်စွာဘုရားဟာ ဥသဘနွားမင်း သွားသလိုပဲ တင့်တင့်တယ်တယ် ကြွတော်မူပါတယ်၊ ခြင်္သေ့မင်းလိုလဲ နှစ်သက်စဖွယ် ကြွတော်မူပါတယ်၊ အဲဒီလို သတ္တဝါအများအပြား နှစ်သက်ကျေနပ်မှု အပြည့်အဝရအောင် ရွာထဲကို ကြွရောက်လာပါတယ်။

ဒီလို ကျက်သရေကုံလုံ တင့်တယ်ခြင်း အပြည့်အစုံနဲ့ မြတ်စွာဘုရားဟာ တန်ဆာဆင်ယင် ပြုပြင်ထားတဲ့ ပါဋလိရွာထဲကို ဝင်ရောက်လာပါတယ်၊ စိတ်ကြည်လင်ရွှင်ပျနေတဲ့ ရွာသူရွာသားတွေရဲ့ ပန်းစည်, နံ့သာတွေ, အခိုးအထုံတွေနဲ့ အပူဇော်ခံတော်မူရင်း တည်းခိုရိပ်သာကို ရောက်လာပါတယ်။

http://www.dhammadownload.com

(ရောက်လာတယ်ဆိုရင်ပဲ) ခြေတွေကို ဆေးတော်မူပြီး[၁] တည်းခိုရိပ်သာထဲကို ဝင်လာပါတယ်၊ အလယ်တိုင်ကိုမှီပြီး အရှေ့ဘက်ကို မျက်နှာမူကာ ထိုင်တော်မူပါတယ်။

ရဟန်းတော်တွေလဲပဲ ခြေဆေးကြောပြီး တည်းခိုရိပ်သာထဲကို ဝင်လာကြပါတယ်၊ အနောက်နံရံကို ကျောပေးပြီး အရှေ့ဘက်ကို မျက်နှာပြုကြပါတယ်၊ မြတ်စွာဘုရားကို ရှေ့မှာထားပြီး ထိုင်နေတော်မူကြပါတယ်။

ပါဋလိရွာသား ဥပါသကာတွေကလဲပဲ ခြေတွေကို ဆေးကြောပြီး တည်းခိုရိပ်သာထဲကို ဝင်လာကြပါတယ်၊ အရှေ့ဘက်နံရံကို ကျောပေးပြီး အနောက်ဘက်ကို မျက်နှာပြုကြပါတယ်၊ မြတ်စွာဘုရားကို ရှေ့ကထားပြီး ထိုင်နေကြပါတယ်။

အဲဒီလို အနောက်ဘက်ခြမ်းက ရဟန်းတော်တွေနဲ့ အရှေ့ဘက်ခြမ်းက ဥပါသကာတွေရဲ့ အလယ်မှာ ထိုင်နေတော်မူတဲ့ မြတ်စွာဘုရားဟာ နံ့သာရေနဲ့ ရေချိုးမှု, သိမ်မွေ့နူးညံ့တဲ့အဝတ်နဲ့ ရေကိုသုတ်မှု, ဟသံပဒါးအစစ်နဲ့ သုတ်လိမ်းမှု, ကမ္မလာနီသင်္ကန်း လွှမ်းရုံပေးမှုတွေကို ပြုလုပ်ပြီး အင်းပျဉ်ပေါ်မှာတင်ထားတဲ့ ရွှေသားအစစ်နဲ့ (အတုံးလိုက်)ပြုလုပ်ထားတဲ့ နီမြန်းနေတဲ့ ရွှေဆင်းတုတော်လို အလွန်အလွန် တင့်တယ်နေပါတယ်။

အဲဒီ အချိန်မှာ မြတ်စွာဘုရားက ပါဋလိရွာသား ဥပါသကာတွေကို အမိန့်ရှိတော်မူပါတယ်။

ဒကာတို့ ! ဒုဿီလပုဂ္ဂိုလ်ရဲ့ သီလပျက်စီးခြင်းမှာ အပြစ် ၅-ပါးရှိတယ်၊ အဲဒီ အပြစ်တွေကတော့-

၁။ သီလပျက်တဲ့ ဒုဿီလပုဂ္ဂိုလ်ဟာ မေ့လျော့တဲ့အတွက် စည်းစိမ်ဥစ္စာ အများအပြား ဆုံးရှုံးခြင်းသို့ ရောက်တတ်တယ်၊ ဒါဟာ ပထမအပြစ်ပဲ။

၁။ မြတ်စွာဘုရားရဲ့ ခြေတော်တွေမှာ မြူမှုန်အညစ်အကြေးလိမ်းကပ်မှု မရှိပေမဲ့ "ဥပါသကာတွေရဲ့ ကုသိုလ်ပွားမှုကို လိုလားတော်မူခြင်း, အခြား ပုဂ္ဂိုလ်တွေ နမူနာယူ ပြုကျင့်စေလိုခြင်း"၊ ဒီလို အကြောင်း ၂-ပါးကြောင့် မြတ်စွာဘုရားဟာ ခြေဆေးမှုကို ပြုတော်မူပါတယ်။

နောက်တစ်မျိုး လှည့်ပြီးစဉ်းစားမယ်ဆိုရင် ဓာတ် ၄-ပါးနဲ့ တည်ဆောက်ထားတဲ့ "ကိုယ်ခန္ဓာ"ဆိုတာ အေးအောင်လုပ်သင့်ပါတယ်၊ ဒါနဲ့ ကိုယ်ခန္ဓာကို အေးအောင်လုပ်လိုတဲ့ အတွက်ကြောင့်လဲပဲ မြတ်စွာဘုရားဟာ "ရေချိုးမှု, ခြေဆေးမှု"စသည်တို့ကို ပြုလုပ်တော်မူရတာပါပဲ။

http://www.dhammadownload.com

၂။ သီလပျက်တဲ့ ဒုဿီလပုဂ္ဂိုလ်ရဲ့ မကောင်းသတင်းဟာ အနှံ့အပြားထွက်လာတတ်ပါတယ်၊ ဒါဟာ ဒုတိယအပြစ်ပဲ။

၃။ သီလပျက်တဲ့ ဒုဿီလပုဂ္ဂိုလ်ဟာ လူအများစုဝေးနေတဲ့ နေရာကို ရောက်သွားလို့ရှိရင် ကြောက်ရွံ့လာတတ်တယ်၊ မျက်နှာညှိုးငယ်လာတတ်တယ်၊ ဒါဟာ တတိယအပြစ်ပဲ။

၄။ သီလပျက်တဲ့ ဒုဿီလပုဂ္ဂိုလ်ဟာ တွေတွေဝေဝေ သေရတတ်တယ်၊ ဒါဟာ စတုတ္ထအပြစ်ပဲ။

၅။ သီလပျက်တဲ့ ဒုဿီလပုဂ္ဂိုလ်ဟာ ဒီဘဝက သေလွန်သွားပြီးတဲ့နောက် ငရဲ(အပါယ်)ဘုံကို ရောက်ရတတ်တယ်၊ ဒါဟာ ပဉ္စမအပြစ်ပဲ။

ဒကာတို့ ! ဒုဿီလပုဂ္ဂိုလ်ရဲ့ သီလပျက်စီးခြင်းမှာ ဒီလို အပြစ် ၅-ပါးရှိတယ်။

ဒီနေရာမှာ ဘုန်းကြီးက နည်းနည်းရှင်းပြပါအုံးမယ်၊ "ဒုဿီလပုဂ္ဂိုလ်" ဆိုတာဟာ သီလမရှိတဲ့ ပုဂ္ဂိုလ်ပါပဲ၊ အဲဒီ သီလမရှိတာဟာ-

"၁။ သီလကို မဆောက်တည်လို့ သီလမရှိတာ၊

၂။ ဆောက်တည်ထားတဲ့ သီလပျက်လို့ သီလမရှိတာ။"

ဒီလို ၂-မျိုးရှိပါတယ်၊ အဲဒီ ၂-မျိုးထဲက ဆောက်တည်ထားတဲ့ သီလပျက်လို့ သီလမရှိတာက ပိုအပြစ်ကြီးတယ်၊ သီလမဆောက်တည်လို့ သီလမရှိတာက အဲဒီလောက် အပြစ်မကြီးပါဘူး။

ဒီသုတ်ဟာ လူတွေအတွက် ဟောထားတဲ့ သုတ်ဖြစ်ပါတယ်၊ ဒါပေမဲ့ ရဟန်းတွေနဲ့လဲ ဆိုင်တာပါပဲ။

ပြီးတော့ "မေ့လျော့တယ်"ဆိုတာက လူတစ်ဦးတစ်ယောက်ဟာ လယ်ယာလုပ်ကိုင်မှုနဲ့ပဲဖြစ်ဖြစ်, အရောင်းအဝယ်နဲ့ပဲဖြစ်ဖြစ်, နွားမွေး နွားကျောင်းမှုနဲ့ပဲဖြစ်ဖြစ် အသက်မွေးဝမ်းကျောင်း အတတ်တစ်ခုခုနဲ့ အသက်မွေးရပါတယ်၊ ဒီတော့ ပါဏာတိပါတစတဲ့ လုပ်ငန်းတွေနဲ့ စပ်လျဉ်းပြီး ပါဏာတိပါတ စတဲ့လုပ်ငန်းတွေကို စိတ်ပါဝင်စားပြီး မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေမိတော့ အချိန်အခါအလိုက် လုပ်ရမယ့် ကိုယ့်အသက်မွေးကျောင်း လုပ်ငန်းကို မပြည့်စုံစေနိုင်တော့ဘူးပေါ့၊ ဒါနဲ့ သူရဲ့လုပ်ငန်းတွေဟာ လစ်ဟင်းပျက်စီးတတ်ပါတယ်။

ပြီးတော့ "ဒီနေ့ဒီရက်မှာ သားငါးတွေကို မသတ်ဖြတ်ရ"၊ ဒီလို အမိန့်ထုတ်ထားတဲ့ အချိန်အခါမျိုးမှာ ပါဏာတိပါတစတဲ့ လုပ်ငန်းတွေကို လုပ်မိတော့ ဒဏ်တပ်ခံရတတ်ပါတယ်၊ "ဒီတောမှာ သားကောင်တွေကို မပစ်ခတ် မသတ်ဖြတ်ရ"လို့ တားမြစ်ပိတ်ပင်ထားတဲ့ ကြိုးဝိုင်းသစ်တောထဲမှာ သားကောင်တွေကို

http://www.dhammadownload.com

သတ်ဖြတ်မိရင်လဲ အလားတူပဲ ဒဏ်တပ်ခံရတတ်ပါတယ်၊ ဒါနဲ့ ပစ္စည်းဥစ္စာ အများအပြား ပျက်စီးဆုံးရှုံးတတ်ပါတယ်၊ (သူဥစ္စာကို ခိုးယူတာတွေ, သူ့မယား သမီးပျိုတွေကို ဖျက်ဆီးတာတွေ စသည်နဲ့ ပတ်သက်လို့ ဥစ္စာပစ္စည်း ဆုံးရှုံးနိုင်တဲ့ အကြောင်းကိုလဲပဲ ကိုယ်ပိုင်ဉာဏ်နဲ့ပဲ စဉ်းစားကြည့်စေလိုပါတယ်။)

သီလမရှိတဲ့ ရဟန်းဟာလဲပဲ မေ့လျော့တဲ့အတွက် သီလကလဲ ဆုံးရှုံးရပါတယ်၊ ပရိယတ်ကလဲ ဆုံးရှုံးရပါတယ်၊ ဈာန်ကလဲ ဆုံးရှုံးရပါတယ်၊ အရိယာတို့ရဲ့ဥစ္စာ ၇-ပါးကလဲ ဆုံးရှုံးရပါတယ်။

"မကောင်းသတင်း ထွက်တယ်"ဆိုတာကတော့ ဘယ်အမျိုးအနွယ်က မွေးဖွားလာတဲ့ ဘယ်သူဟာဖြင့် သီလလဲ မရှိဘူး၊ ကိုယ်ကျင့်တရားလဲ မကောင်းဘူး၊ ဒီဘဝ နောက်ဘဝ ၂-ခုလုံးကို မျက်ကွယ်ပြုနေတာပဲ၊ (မျက်နှာလွဲနေတာပဲ၊) စာရေးတံဆွမ်းလေးတောင်မှ မပေးလှူဘူး၊ (ဆွမ်းလေးတောင်မှ လောင်းလှူဖော် မရဘူး၊) ဒီလို သီလမရှိတဲ့သူရဲ့ မကောင်းသတင်းဟာ ပရိသတ်အလယ်မှာ ထွက်ပေါ်လာတတ်ပါတယ်။

ဘယ်မထေရ်ဟာဖြင့် ဘုရားသာသနာမှာ ရဟန်းပြုပြီး သီလတွေကိုလဲ မစောင့်နိုင်ဘူး၊ ပရိယတ်ကိုလဲ မသင်ယူနိုင်ဘူး၊ ဆေးဝါးကုသမှုစတဲ့ အလုပ်တွေနဲ့ အသက်မွေးနေတယ်၊ အဂါရဝ ၆-ပါးနဲ့ ပြည့်စုံတယ်၊ ဒီလိုပဲ ရဟန်းပုဂ္ဂိုလ်ရဲ့ မကောင်းသတင်းဟာလဲပဲ ထွက်လာတတ်ပါတယ်။

"ကြောက်ရွံ့လာတတ်တယ်"ဆိုတာကတော့ သီလမရှိတဲ့လူဟာ လူအများစုဝေးနေတဲ့ နေရာကို ရောက်သွားတော့ ဒီလူတွေထဲက တစ်ဦးဦးဟာဖြင့် ငါ့ရဲ့ လုပ်ငန်းကို အမှန်အတိုင်း သိလိမ့်မယ်၊ ဒီတော့ ငါဟာ အကဲ့ရဲ့ခံရလိမ့်မယ်၊ ဒါမှမဟုတ်ရင် အစိုးရဆီမှာသော်လဲပဲ အတိုင်ခံရလိမ့်မယ်"၊ ဒီလိုကြောက်ကြောက်လန့်လန့်ဖြစ်လာတတ်ပါတယ်၊ ကိုယ့်ကိုကိုယ် မလုံဘဲ ဖြစ်လာတတ်ပါတယ်၊ မကြည်မလင် မရွှင်မပျနဲ့ ခေါင်းအောက်စိုက်ပြီး မျက်နှာမဖော်ရဲဘဲ ထိုင်နေရတတ်ပါတယ်၊ ပရိသတ်အလယ်မှာ ရဲရဲတင်းတင်းလဲ မပြောဝံ့တော့ပါဘူး။

သီလမရှိတဲ့ ရဟန်းလဲပဲ ရဟန်းသံဃာ အများအပြား စည်းဝေးနေတဲ့နေရာမှာ "တစ်ဦးဦးက ငါ့အလုပ်ကို အမှန်အတိုင်း သိလိမ့်မယ်၊ ဒီတော့ ငါ့အတွက် ဥပုသ်ပဝါရဏာကို တန့်ထားပြီး ငါ့ကို ရဟန်းဘဝက ရွှေ့လျောစေပြီး ဆွဲထုတ်ကြလိမ့်မယ်"၊ ဒီလို ကြောက်ကြောက်ရွံ့ရွံ့ သွားလာဝင်ထွက်ရတတ်ပါတယ်၊ ရဲရဲတင်းတင်း မပြောနိုင်တော့ပါဘူး။

ဒါပေမဲ့ တချို့ကတော့ သီလမရှိပေမဲ့ သီလရှိသယောင် ဟန်ဆောင်ပြီး

http://www.dhammadownload.com

လှည့်လည်နေတတ်ပါတယ်၊ အဲဒီ ပုဂ္ဂိုလ်မျိုးလဲပဲ သူ့ရဲ့အတွင်းစိတ်ဓာတ် အနေနဲ့တော့ မျက်နှာမလှသူပါဘဲ။

"တွေတွေဝေဝေ သေရတယ်"ဆိုတာက သီလမရှိတဲ့သူမှာ သေခါနီးကျတော့ သီလမရှိတဲ့အလုပ်တွေ, နောက်ဖြစ်ရမဲ့ ဌာနတွေ ထင်လာတတ်ပါတယ်၊ သေခါနီးကျတော့ သီလရှိတဲ့လူဟာ မျက်လုံးကိုဖွင့်ကြည့်လိုက်ရင် ဒီဘဝကို တွေ့နေရပါတယ်၊ မျက်စိမှိတ်ထားတော့ နောက်ရောက်ရမဲ့ ဘဝကို တွေ့နေရပါတယ်၊ အပါယ် ၄-ပါးဟာ မိမိလုပ်ထားတဲ့ ကံအားလျော်စွာ ထင်လာရပါတယ်၊ လုံတစ်ရာလောက်နဲ့ အထိုးအဆွ ခံနေရသလို, မီးလျှံတွေနဲ့ ထိထိခိုက်ခိုက်အရှို့အမြှုံက် ခံရသလို ဖြစ်နေပါတော့တယ်၊ "အလိုလေး ! မောင်းကြပါအုံး၊ ခြောက်ကြပါအုံး"နဲ့ ယောင်ယမ်းမြည်တမ်းရင်းနဲ့ပဲ စုတ်ရပါတော့တယ်။ (လိုက်ဆိုကြ)-

သီလပျက်သူ-မေ့လျော့များလို့၊ ဥစ္စာစီးပွား-ဆုံးရှုံးတယ်၊
ဆွေဂုဏ်မျိုးဂုဏ်-ပျက်ယိုယွင်းအောင်၊ မကောင်းသတင်း-ထွက်တတ်တယ်၊
လူထဲရောက်လာ-ကြောက်ရွံ့စိုးလို့၊ မျက်နှာငယ်ညှိုး-လာတတ်တယ်၊
တွေတွေဝေဝေ-သေဆုံးသွားတော့၊ အပါယ်လေးပါး-ရောက်ရမယ်၊
ကြောက်ဖွယ်၊ ကြောက်ဖွယ်။

ကိုင်း-ပြီးတော့ ဘုရားဟော စကားတော်ကို ဆက်လိုက်ကြအုံးစို့ရဲ့။

ဒကာတို့ သီလဝန္တ ပုဂ္ဂိုလ်ရဲ့ သီလပြည့်စုံခြင်းမှာ အကျိုး ၅-ပါးရှိပါတယ်။

၁။ သီလနဲ့ပြည့်စုံတဲ့ သီလဝန္တ ပုဂ္ဂိုလ်ဟာ မမေ့မလျော့တဲ့အတွက် များတဲ့ စည်းစိမ်အစုကို ရနိုင်တယ်၊ ဒါဟာ ပထမအကျိုးပဲ၊

၂။ သီလနဲ့ပြည့်စုံတဲ့ သီလဝန္တ ပုဂ္ဂိုလ်ရဲ့ ကောင်းသတင်းဟာ အနှံ့အပြား ထွက်ပေါ်လာတတ်ပါတယ်၊ ဒါဟာ ဒုတိယအကျိုးပါပဲ၊

၃။ သီလနဲ့ပြည့်စုံတဲ့ သီလဝန္တ ပုဂ္ဂိုလ်ဟာ ဘယ်လိုလူစုလူဝေးကိုမဆို မကြောက်မရွံ့, မျက်နှာထား ညှိုးငယ်မှုမရှိဘဲ သွားလာဝင်ထွက်နိုင်တယ်၊ ဒါဟာ တတိယအကျိုးပဲ၊

၄။ သီလနဲ့ပြည့်စုံတဲ့ သီလဝန္တ ပုဂ္ဂိုလ်ဟာ မတွေမဝေ သေရတတ်ပါတယ်၊ ဒါဟာ စတုတ္ထအကျိုးပဲ၊

၅။ သီလနဲ့ပြည့်စုံတဲ့ သီလဝန္တ ပုဂ္ဂိုလ်ဟာ ဒီဘဝက သေလွန်သွားပြီးတဲ့နောက် လူ့ဘဝ, နတ်ဘဝကို ရောက်ရတတ်ပါတယ်၊ ဒါဟာ ပဉ္စမအကျိုးပဲ။

ဒကာတို့ ! သီလဝန္တ ပုဂ္ဂိုလ်ရဲ့ သီလနဲ့ပြည့်စုံခြင်းမှာ ဒီလို အကျိုး ၅-ပါးရှိတယ်။

လိုက်ဆို-

http://www.dhammadownload.com

သီလရှိသူ-မေ့လျော့ကင်းလို့၊ စည်းစိမ်ပြည့်တင်း-ဥစ္စာကြွယ်၊
ဆွေဂုဏ် မျိုးဂုဏ်-လွန်တိုးပွားအောင်၊ ကောင်းသတင်းများ-ထွက်တတ်တယ်၊
လူထဲရောက်လာ-မကြောက်ရဘဲ၊ မျက်နှာရွှင်ပျ-တန်ခိုးကြွယ်၊
မတွေမဝေ-သေဆုံးရလို့၊ လူ နတ်ဘဝ-ရောက်ရတယ်၊
ရောက်မယ်၊ ရောက်မယ်၊ (တို့ရောက်မယ်။)

မြတ်စွာဘုရားဟာ ပါဠိလိရွာသား ဥပါသကာတွေကို ဒီတရားကိုလဲ ဟောကြားတော်မူပါတယ်၊ ပါဠိတော်ကလွတ်နေတဲ့ အခြားတရား (ပကိဏ္ဏကဒေသနာ)ကိုလဲ ဟောကြားပါတယ်၊ တည်းခိုရိပ်သာ အနုမောဒနာတရားကိုလဲ ဟောကြားတော်မူပါတယ်။

မြတ်စွာဘုရား ကြွရောက်လာတဲ့အချိန်မှာ အစောတသတ်မင်းက အခြားမြို့ရွာတွေမှာ နေထိုင်ကြတဲ့ သီလအကျင့်နဲ့ပြည့်စုံတဲ့ ဥစ္စာရှင်(ဓနရှင်)တွေကို ခေါ်ယူမှု, သူတို့အား ဥစ္စာ စပါး အိမ်ရာ လယ်ယာစသည်တို့ကို ပေးကမ်းမှု, အစောင့်အရှောက် ပေးမှုတွေကို ပြုလုပ်စေပြီး ပါဠိလိရွာမှာ "ပါဠိလိပုတ္တ"ဆိုတဲ့ မြို့ကို တည်ထောင်ခိုင်းထားပါတယ်။

ဒါနဲ့ပဲ ပါဠိလိရွာသား ဥပါသကာတွေဟာ သီလရဲ့အကျိုးကို မျက်မြင်ကိုယ်တွေ့လို ဖြစ်နေကြတဲ့အတွက် သီလကို အထူးအလေးဂရု ပြုနေကြပါတယ်၊ ပြီးတော့ "သီလ"ဆိုတာဟာ ရှိရှိသမျှဂုဏ်တွေရဲ့ တည်ရာဖြစ်(တယ်လို့ သိနားလည်နေကြ)တဲ့ အတွက်ကြောင့်လဲပဲ သီလကို အထူးအလေးဂရု ပြုနေကြပါတယ်။

ဒါနဲ့ မြတ်စွာဘုရားက ပါဠိလိရွာသား ဥပါသကာတွေအား သီလတရားကို စတင်ဟောကြားတော်မူပါတယ်၊ သီလတရားကို ဟောတော်မူပြီးတဲ့နောက်မှာ ရေတံခွန်ကြီးကို စီးဆင်းစေသလို, မြေဆီသြဇာကို ဆွဲထုတ်ယူငင်ပေးလိုက်သလို, (အသီးမှည့်နေတဲ့) သပြေပင်ကြီးကို ထိပ်ဖျားကကိုင်ပြီး လှုပ်ပေးလိုက်သလို, တစ်ယူဇနာလောက်ရှိတဲ့ ပျားလပို့ကို စက်ယန္တရားနဲ့ညှစ်ပြီး ပျားရည်ကို တိုက်ကျွေးသလို ပါဠိလိရွာသား ဥပါသကာတွေရဲ့ စိုးပွားချမ်းသာကို ရွက်ဆောင်နိုင်တဲ့ ပကိဏ္ဏကဒေသနာတော်ကို ဟောတော်မူပါတယ်၊ အဲဒီ ပကိဏ္ဏကဒေသနာတော်ကို ဟောတော်မူရင်း-

"ဒကာတို့ ဒီကျောင်း(တည်းခိုရိပ်သာ) အလှူဆိုတာဟာ ကြီးကျယ်တဲ့ကုသိုလ်ကောင်းမှုမျိုး ဖြစ်တယ်၊ ဒကာတို့ရဲ့ကျောင်း(တည်းခိုရိပ်သာ)ကို ငါဘုရားကိုယ်တိုင် နေထိုင်သုံးဆောင်ပြီးပါပြီ၊ ရဟန်းသံဃာတွေလဲ သုံးစွဲပြီးပါပြီ၊ ငါဘုရားနဲ့ ရဟန်းသံဃာတွေက သုံးစွဲပြီးလို့ရှိရင် တရားရတနာကလဲ

http://www.dhammadownload.com

သုံးစွဲပြီး ဖြစ်တာပါပဲ၊ ဒီလို ရတနာ ၃-ပါးက သုံးစွဲလို့ရှိရင် မနှိုင်းယှဉ် မရေတွက်နိုင်လောက်အောင် များပြားတဲ့အကျိုးကို ရနိုင်ပါတယ်။

ပြီးတော့ (နောက်တစ်မျိုးပြောရမယ်ဆိုရင်) ဒီကျောင်း(တည်းခိုရိပ်သာ)ကို လှူလိုက်လို့ရှိရင် ဒါနအကုန်လုံးကို ပေးလှူပြီးဖြစ်ပါတယ်၊ သံဃာတော်ကို ရည်ညွှန်းပြီး ပြုလုပ်တဲ့ မြေအခင်း သစ်ရွက်မိုးကျောင်းကလေးရဲ့အကျိုး, သစ်ခက်မိုးမဏ္ဍပ်ကလေးရဲ့ အကျိုးကိုတောင်မှ ပိုင်းခြားရေတွက်လို့ မရနိုင်ပါဘူး။

ကျောင်းလှူဒါန်းခြင်းရဲ့ အကျိုးဟာ ဘယ်လောက်ကြီးမားသလဲဆိုတော့ ဘဝမကုန်သေးလို့ ပဋိသန္ဓေနေရတောင်မှ "ကျဉ်းကျဉ်းကျပ်ကျပ် ပဋိသန္ဓေနေရမှုမျိုး"ဆိုတာ မဖြစ်နိုင်ပါဘူး၊ အမေ့ဝမ်းတိုက်(အမေ့သားအိမ်)ဟာ ကျောင်းအဆောက်အအုံ လှူဘူးတဲ့ပုဂ္ဂိုလ်အတွက် (၁၂-တောင်ရှိတဲ့တိုက်ခန်းလို) ကျဉ်းမြောင်းကျပ်တည်းမှု မရှိဘဲချောင်ချောင်ချိချိ ဖြစ်နေရပါတယ်"။

ဒီလို နည်းအမျိုးမျိုးနဲ့ ဆန်းကြယ်တဲ့ တရားအများအပြားကို ဟောတော်မူပါတယ်၊ အဲဒီလို တရားဟောတော်မူရင်း ညဉ့် ၂-ယာမ် ကုန်ဆုံးသွားပါတယ်၊ ယခုကာလ စက်နာရီနဲ့ တွက်ကြည့်မယ်ဆိုရင် ၂-နာရီလောက် ရောက်ပါလိမ့်မယ်၊ ဒီတော့မှ မြတ်စွာဘုရားက ဥပါသကာတွေကို ပြန်လွှတ်တော်မူပါတယ်၊ ပါဋလိ ရွာသား ဥပါသကာတွေကလဲ ဝမ်းမြောက်ဝမ်းသာ မြတ်စွာဘုရားကို ရှိခိုးအရိုအသေပြုပြီး ပြန်သွားကြပါတယ်။

ပါဋလိရွာသား ဥပါသကာတွေ ပြန်သွားတယ်ဆိုရင်ပဲ မြတ်စွာဘုရားကလဲ ဆိတ်ငြိမ်ရာသို့ ဝင်တော်မူတယ်၊ အဲဒီ တည်းခိုရိပ်သာမှာ သီးခြားဆိတ်ငြိမ်ရာရယ်လို့တော့ မရှိပါဘူး။-

"ဘုရားရှင်ဟာ တရားဟောရာက ထတဲ့အခါ အနည်းငယ် အပန်းဖြေနားနေတော်မူလိုခဲ့ပါရင် ဒီနေရာမှာ ကျိန်းစက်တန်ရာရဲ့၊ အဲဒီလို ကျိန်းစက်ခဲ့ပါရင် တို့ရဲ့ ဒီတည်းခိုရိပ်သာဟာ မြတ်ဘုရားက ဣရိယာပုတ် ၄-ပါးလုံးနဲ့ သုံးစွဲပြီးဖြစ်လိမ့်မယ်၊ ဒီတော့ တို့မှာလဲပဲ ကြာရှည်လေးမြင့် စီးပွားချမ်းသာဖြစ်လာလိမ့်မယ်"။

ဒီလို ရည်ရွယ်ချက်မျိုးနဲ့ ပါဋလိရွာသား ဥပါသကာတွေက တည်းခိုရိပ်သာရဲ့ ဘေးတစ်ဖက်မှာ အဝတ်ကန့်လန့်ကာနဲ့ ကာရံထားကြပါတယ်၊ အပ်စပ်တဲ့ ခုတင်တစ်လုံးကိုလဲ ချထားကြပါတယ်၊ အဲဒီခုတင်ပေါ်မှာလဲပဲ အပ်စပ်တဲ့ အိပ်ရာခင်းတွေခင်းထားကြပါတယ်၊ အိပ်ရာရဲ့အပေါ်မှာ ရွှေကြယ်ပွင့်, ငွေကြယ်ပွင့်, နဲ့သာ,

http://www.dhammadownload.com

ပန်းစတဲ့ဟာတွေနဲ့ တန်ဆာဆင်ထားတဲ့ မျက်နှာကြက်ကို ကြက်ထားကြပါတယ်၊ ဆီမီးလဲ ထွန်းညှိထားကြပါတယ်။

ဘုရားရှင်လဲ "သူတို့ရည်ရွယ်ချက် ပြည့်ပါစေတော့"ဆိုတဲ့ သဘောနဲ့ အဲဒီ ပြင်ထားတဲ့နေရာမှာ သင်္ကန်းကြီးကို ဖြန့်ခင်းပြီး ကျိန်းစက်မှုကို ပြုတော်မူပါတယ်၊ ဒါကိုပဲ "ဆိတ်ငြိမ်ရာသို့ ဝင်တော်မူတယ်"လို့ ဆိုရပါတယ်။

ဘုရားရှင်က ဒီတည်းခိုရိပ်သာကို ကျရိယာပုတ် ၄-ပါးနဲ့ သုံးစွဲပုံကို နည်းနည်းဆက်ပြောပါအုံးမယ်၊ တည်းခိုရိပ်သာမှာ ခြေဆေးတဲ့နေရာကစပြီး တရားဟောမဲ့နေရာရောက်အောင် ကြွသွားတော်မူပါတယ်၊ ဒါဟာ သွားခြင်းကျရိယာပုတ်နဲ့ သုံးစွဲတာပဲ၊ တရားဟောမဲ့နေရာ ရောက်တော့ ခဏလေး ရပ်နေရပါတယ်၊ ဒါဟာ ရပ်ခြင်းကျရိယာပုတ်နဲ့ သုံးစွဲတာပဲ၊ ဘုရားရှင်က ညဉ့် ၂-ယာမ်ပတ်လုံး တရားဟောရင်း ထိုင်နေပါတယ်၊ ဒါဟာ ထိုင်ခြင်းကျရိယာပုတ်နဲ့ သုံးစွဲတာပဲ၊ ဥပါသကာတွေကို လွှတ်လိုက်ပြီးတဲ့နောက် တရားဟောပလ္လင်ကဆင်းပြီး ပြင်ဆင် ထားတဲ့ နေရာမှာ ကျိန်းစက်တော်မူပါတယ်၊ ဒါဟာ အိပ်ခြင်းကျရိယာပုတ်နဲ့ သုံးစွဲတာပဲ၊ ဒီလို သူတို့ရဲ့ တည်းခိုရိပ်သာဟာ ဘုရားရှင်က ကျရိယာပုတ် ၄-ပါးနဲ့ သုံးစွဲပြီး ဖြစ်ပါတော့တယ်။

အဲဒီ အချိန်မှာ မဂဓအမတ်ကြီးများ ဖြစ်ကြတဲ့ "သုနိဓ, ဝဿကာရ"ဆိုတဲ့ ပုဏ္ဏား ၂-ယောက်ဟာ ဝဇ္ဇီမင်းတွေကို တားမြစ်ပိတ်ပင်ဖို့ ပါဋလိရွာမှာ မြို့တည် ထောင်နေကြပါတယ်။

အဲဒီလို မြို့တည်တဲ့အခါမှာ နတ်အများအပြားဟာလဲပဲ တစ်ထောင်စီ တစ်ထောင်စီ အုပ်စုဖွဲ့ပြီး ပါဋလိရွာမှာ အိမ်ရာတွေကို သိမ်းပိုက်နေကြပါတယ်။

တန်ခိုးကြီးနတ်တွေက အိမ်ရာသိမ်းပိုက်ထားတဲ့ ရပ်ကွက်မှာ တန်ခိုးကြီးတဲ့ မင်းတွေ, အမတ်တွေရဲ့ နေရာအိမ် ဆောက်လုပ်ဖို့ စိတ်ရောက်ကြပါတယ်။

တန်ခိုးအလတ်စားနတ်တွေက အိမ်ရာသိမ်းပိုက်ထားတဲ့ ရပ်ကွက်မှာ တန်ခိုးအလတ်စား မင်းတွေ, အမတ်တွေရဲ့ နေရာအိမ် ဆောက်လုပ်ဖို့ စိတ်ရောက်ကြပါတယ်။

တန်ခိုးနည်းတဲ့နတ်တွေ အိမ်ရာသိမ်းပိုက်ထားတဲ့ ရပ်ကွက်မှာ တန်ခိုးနည်းတဲ့ မင်းတွေ, အမတ်တွေရဲ့ နေရာအိမ် ဆောက်လုပ်ဖို့ စိတ်ရောက်ကြပါတယ်။

"မြို့တည်ဖို့ အိမ်ရာမြေတွေကို အကွက်ရိုက်တဲ့ ပုဂ္ဂိုလ်တွေရဲ့ကိုယ်မှာ နတ်တွေက ဝင်ပူးပြီး အဲဒီနေရာတွေမှာ အိမ်ဆောက်လုပ်ဖို့ စိတ်ရောက်အောင် လုပ်ကြတယ်၊

http://www.dhammadownload.com

ထောင့် ၄-ထောင့်မှာ ပန္နက်တွေရိုက်ပြီး အိမ်ရာမြေကို သတ်မှတ်ပြီးတာနဲ့တစ်ပြိုင်နက် အဲဒီဝင်ပူးနေတဲ့ နတ်တွေက ထွက်သွားကြတယ်"၊ ဒီလို အဋ္ဌကထာမှာ ဆိုထားပါတယ်။

သဒ္ဓါတရားရှိတဲ့ အိမ်ထောင်စုတွေအတွက် သဒ္ဓါတရားရှိတဲ့ နတ်တွေက အဲဒီလို လုပ်ကြပါတယ်၊ သဒ္ဓါတရားမရှိတဲ့ အိမ်ထောင်စုတွေအတွက် သဒ္ဓါတရားမရှိတဲ့ နတ်တွေက အဲဒီလို လုပ်ကြပါတယ်။

ဘာ့ကြောင့် ဒီလို လုပ်ရသလဲဆိုတော့-

"ဒီနေရာမှာ လူတွေက အိမ်ဆောက်လုပ်လို့ရှိရင် လက်ဦးဆုံး ရဟန်းတော်တွေကို နေစေပြီး မင်္ဂလာတရား ဟောကြားစေလိမ့်မယ်၊ အဲဒီအချိန်မှာ ငါတို့လဲပဲ သီလရှိတဲ့ ရဟန်းတော်တွေကို ဖူးမြင်ခွင့်, တရားစကားနာကြားခွင့်, ပြဿနာဖြေဆိုတာကို နာကြားခွင့်, အနုမောဒနာတရား နာကြားခွင့် ရကြလိမ့်မယ်၊ လူတွေက အလှူဒါနပြုလုပ်ပြီးတဲ့ အခါ ငါတို့ကို အမျှအတန်းပေးဝေကြလိမ့်မယ်"။

ဒီလို ရည်ရွယ်ချက်မျိုး သဒ္ဓါတရားရှိတဲ့ နတ်တွေမှာ ရှိတတ်ကြပါတယ်။

သဒ္ဓါတရားမရှိတဲ့ နတ်တွေမှာလဲပဲ "မိမိတို့ရဲ့အလိုနဲ့ ဟပ်မိတဲ့(မိမိတို့ သဘောကျဖြစ်တဲ့) လူတွေရဲ့အကျင့်ကို တွေ့မြင်ခွင့်, စကားကို နားထောင်ခွင့် ရလိမ့်မယ်" ဆိုတဲ့ ရည်ရွယ်ချက်မျိုး ရှိတတ်ကြပါတယ်၊ ဒါကြောင့် ဒီလို လုပ်ကြ ရပါတယ်တဲ့။

ဒါတွေ အကုန်လုံးကို မြတ်စွာဘုရားက ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ မြင်တော်မူပါတယ်၊ ညဉ့်မိုးသောက်ယာမ် ကျိန်းစက်တော်မူရာက ထတဲ့အခါ ဒီအကြောင်းတွေကို အရှင်အာနန္ဒာအား မိန့်ကြားတော်မူပါတယ်။ ပြီးတော့-

"အာနန္ဒာ အာရိယာန်လူမျိုးတွေ စုဝေးနေထိုင်ကြတဲ့ ကူးသန်းရောင်းဝယ်ရာ မြို့တွေထဲမှာဖြင့် ဒီမြို့သစ်ဟာ အချက်အချာကျတဲ့ မြို့တစ်မြို့ဖြစ်လာပါလိမ့်မယ်၊ ကုန်ပစ္စည်းတွေကို ဖြန့်ဝေရာဌာန ဖြစ်လာလိမ့်မယ်၊ ဒီပါဋလိပုတ်မြို့မှာ 'မီးဘေး, ရေဘေး, အချင်းချင်းစိတ်ဝမ်း ကွဲပြားမှုဘေး' ဆိုတဲ့ ဘေး ၃-မျိုး ဖြစ်လာလိမ့်မယ်"။

ဒီလိုလဲ ဆက်လက် မိန့်ကြားတော်မူပါတယ်။

အဲဒီ အချိန်မှာ သုနိဓ, ဝဿကာရပုဏ္ဏားတွေက မြတ်စွာဘုရားဆီ လာပြီး ဆွမ်းစားပင့်ကြပါတယ်၊ မြတ်စွာဘုရားက လက်ခံကြောင်း သိရတဲ့အခါ မိမိတို့တည်းခိုဆောင်ကို ပြန်လာကြပါတယ်၊ ဧကာင်းမွန်များပြားတဲ့ ခဲဖွယ်ဘောဇဉ်တွေကို

http://www.dhammadownload.com

စီမံခိုင်းကြပါတယ်၊ အကုန်လုံး ပြင်ဆင်ပြီးတဲ့အခါ မြတ်စွာဘုရားဆီ သွားပြီး လျှောက်ထားကြပါတယ်။

မြတ်စွာဘုရားက သံဃာတော်များနဲ့အတူ သုနိဓ, ဝဿကာရပုဏ္ဏားတွေရဲ့ တည်းခိုဆောင်ကို ကြွလာပြီး ဆွမ်းဘုဉ်းပေးတော်မူပါတယ်၊ သုနိဓ, ဝဿကာရ ပုဏ္ဏားတွေကလဲ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို ကိုယ်တိုင်လုပ်ကျွေးကြပါတယ်။

ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးတဲ့ အချိန်မှာ သုနိဓ, ဝဿကာရတို့က နိမ့်တဲ့နေရာ တစ်ယောက်တစ်ခုယူပြီး သင့်တော်ရာမှာ ထိုင်နေကြပါတယ်၊ မြတ်စွာဘုရားက သူတို့အား အနုမောဒနာတရား (အိမ်တက်မင်္ဂလာတရား)ဟောကြားတော်မူပါတယ်။

"(ဒကာတို့ !) ပညာရှိပုဂ္ဂိုလ်ဟာ မိမိအိမ်ရာ ဆောက်လုပ်နေထိုင်တဲ့ အရပ်မှာ သီလလဲ ရှိကြတဲ့, ကိုယ်နှုတ်နှလုံးကိုလဲ စောင့်သုံးကြတဲ့, မြတ်သော အကျင့်ကိုလဲ ကျင့်ကြတဲ့ ပုဂ္ဂိုလ်တွေကို ပင့်ဖိတ်ပြီး ကျွေးမွေးလှူဒါန်းရမယ်။

ဒီလို (သံဃာတော်အား ပစ္စည်း ၄-ပါးကို) ပေးလှူပြီးရင် အဲဒီနေရာမှာ ရှိနေနှင့်ကြတဲ့ နတ် (အိမ်စောင့်နတ်)တွေအား အလှူရဲ့အဖို့ကို အမျှအတန်း ပေးဝေရမယ်၊ အဲဒီလို အမျှအတန်း ပေးဝေတာပဲ နတ်တွေကို ပူဇော်ရာ ရောက်တယ်၊ ဒီတော့ အမျှအတန်း ပေးဝေသောအားဖြင့် အပူဇော်ခံရတဲ့ နတ်တွေက အမျှအတန်း ပေးဝေပြီး ပူဇော်တဲ့ လူတွေကို တုန့်ပြန်ပူဇော်တတ်ကြပါတယ်၊[၁] မြတ်နိုးခံရတဲ့ နတ်တွေက တုန့်ပြန်ပြီး မြတ်နိုးမှုကို ပြုတတ်ကြပါတယ်။[၂]

ဒါ့ကြောင့် မိခင်က မိမိရဲ့ သားကလေးကို စောင့်ရှောက်သလို နတ်တွေက အမျှအတန်းပေးဝေတဲ့ ပညာရှိပုဂ္ဂိုလ်ကို စောင့်ရှောက်ကြပါတယ်၊ နတ်တွေရဲ့

၁။ 'တုန့်ပြန်ပူဇော်တယ်'ဆိုတာက 'ဒီလူတွေဟာ တို့ရဲ့ဆွေမျိုးလဲ မဟုတ်ကြဘူး၊ ဒါနဲ့ဘောင်မှ တို့ကို အမျှအတန်း ပေးဝေကြသေးတယ်'၊ ဒီလို နှလုံးသွင်းပြီး 'အစောင့်အရှောက်ကို ကောင်းကောင်း စီမံပေးတတ်ကြပါတယ်၊ ကောင်းကောင်းစောင့်ရှောက်မှုကို ပြုတတ်ကြပါတယ်'လို့ ဆိုလိုပါတယ်။

၂။ သင့်တော်တဲ့ အခါမှာ ပူဇော်မှုကို ပြုတာနဲ့ မြတ်နိုးခံရတဲ့ နတ်တွေက 'ဒီလူတွေဟာ တို့ရဲ့ဆွေမျိုးလဲ မဟုတ်ကြဘူး၊ ဒါပေမဲ့ ၄-လ, ၅-လ, ၆-လအတွင်းမှာ ငါတို့အား ပူဇော်ပသမှုကို ပြုလုပ်နေကြတယ်'၊ ဒီလို မြတ်နိုးလာတတ်ကြပါတယ်၊ ဒီတော့ ဖြစ်ပေါ်လာမဲ့ ဘေးရန်ကို ဖယ်ရှားပေးတတ်ကြပါတယ်၊ ဒါကိုပဲ တုန့်ပြန်မြတ်နိုးမှုကို ပြုတတ်ကြပါတယ်'လို့ ဆိုရပါတယ်။

http://www.dhammadownload.com

စောင့်ရှောက်မှုကို ခံရတဲ့ ပုဂ္ဂိုလ်ဟာ အမြဲတမ်း ကောင်းကျိုးမင်္ဂလာတွေကိုသာ တွေ့မြင်ရပါတော့တယ်"။

ဒီအနုမောဒနာတရား (အိမ်တက်မင်္ဂလာတရား)ကို ဟောကြားပြီးတဲ့ အချိန်မှာ မြတ်စွာဘုရားက ထွက်ကြွလာခဲ့ပါတယ်။

ဒီသုတ်ကို ပြန်ပြီး စိစစ်ကြည့်မယ်ဆိုရင် "အိမ်ဆောက်တော့မယ်"လို့ ပြင်ဆင်နေ၄၌းကပဲ "မိမိတို့နဲ့ သင့်တော်တဲ့ အိမ်စောင့်နတ်တွေ နေရာယူပြီးဖြစ်တယ်" ဆိုတာ ထွေ့ရမယ်၊ "ဒီတော့ အိမ်ဆောက်မယ်"လို့ ပြင်ဆင်တဲ့ အချိန်ကစပြီး အိမ်ရာမြေမှာ ပရိတ်ရွတ်မှု, အလှူအတန်းလုပ်ပြီး နတ်တွေကို အမျှပေးဝေမှု, အိမ်သစ်ပြီးလာတဲ့ အခါမှာလဲပဲ သံဃာတော်တွေကိုပင့်ပြီး အဆင်ပြေလို့ရှိရင် တစ်ညအိပ်လောက် သီတင်းသုံးနေစေမှု, မိမိတို့စွမ်းအားအလျောက် လှူဒါန်း ကျွေးမွေးမှု, မင်္ဂလာတရားနာကြားမှု, နတ်တွေကို အမျှပေးဝေမှု ပြုသင့်ပါတယ်၊ ဒါဟာ ဗုဒ္ဓအလိုတော်ကျ အိမ်တက်မင်္ဂလာ ပြုလုပ်မှုပါပဲ။

ကိုင်း–ဒီတော့ ပါဠိလိုဂါမိယသုတ်မှာ လာတဲ့အတိုင်း သရဏဂုံ, ၅–ပါး သီလတွေကို စောင့်ထိန်းပြီး အလှူဒါနတွေကိုလဲ စွမ်းအားအလျောက် ပေးလှူပြီး သကာလ တစ်ဘဝထက်တစ်ဘဝ မြင့်သည်ထက် မြင့်ကြပြီး နိဗ္ဗာန် မင်္ဂ ဖိုလ်ကို မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု – သာဓု – သာဓုပါ ဘုရား။

၁၁။ ဒုမင်္ဂလာ= သပိတ်သွတ်ဆွမ်းကျွေး

နယုန်လပြည့်နေ့မှာလည်း ဆရာတော်ဦးဓမ္မိကသည် မောင်မျိုးသန့်တို့ အိမ်မှာပင် ဆွမ်းဘုဉ်းပေးသည်၊ ကိစ္စပြီးသည့်အခါ သံဃာတော်များကို ကျောင်းသို့ ပြန်လွှတ်လိုက်သည်၊ မိမိကိုယ်တိုင်မူကား တရားဟောရန် ချန်နေရစ်သည်၊ သံဃာတော်များ ရှင်းသွားသည့်အခါ တရားစတင် ဟောကြားတော်မူသည်။

မောင်မျိုးသန့်က လျှောက်ထားတဲ့ အစီအစဉ်အတိုင်း ကဆုန်လပြည့်နေ့က အိမ်တက်မင်္ဂလာတရားကို ဟောခဲ့ပြီးပါပြီ၊ ဒီနေ့တော့ "သပိတ်သွတ်ဆွမ်းကျွေး" ဆိုတဲ့ ဒုမင်္ဂလာတရားကို ဟောပါ့မယ်။

"သတ္တဝါ"ရယ်လို့ ဖြစ်လာတယ်ဆိုရင်ပဲ "တစ်နေ့မှာ သေကြရမယ်"ဆိုတာဟာ သေချာလှပါတယ်၊ "မသေမပျောက်ဘဲ အမြဲတမ်း တည်နေတဲ့ သတ္တဝါ" ရယ်လို့တော့ မရှိနိုင်ပါဘူး၊ အဲဒီထဲမှာ "လူ"ဆိုတဲ့ သတ္တဝါမျိုးတွေက ကိုယ့်အသိုင်းအဝိုင်း, ကိုယ့်အိမ်ထောင်စုနဲ့ကိုယ် ဖွဲ့စည်းနေထိုင်ကြတဲ့ သတ္တဝါမျိုး ဖြစ်ပါတယ်၊

http://www.dhammadownload.com

ဒီတော့ အိမ်ထောင်စုတွေထဲက ဘယ်သူမှ မသေဘဲ နေကြရမှာ မဟုတ်ဘူး၊ တစ်နေ့ ကျတော့ အကုန်သေဆုံးကြရမဲ့သူချည်း ဖြစ်ပါတယ်၊ အရင်သေနဲ့နောက်သေ ဒါလောက်ပဲ ခြားနားမှု ရှိပါတယ်၊ ဒါ့ကြောင့် "တို့ဟာ တစ်နေ့ကျတော့ တစ်ဦးကို တစ်ဦး စွန့်ခွာပြီး သေဆုံးကြမဲ့ သူတွေချည်းပါလား၊ ငါလဲတစ်နေ့ကျတော့ သေရ လေဦးမယ်"၊ ဒီလို အမြဲဆင်ခြင်နေသင့်ပါတယ်။

ဒါနဲ့ "တစ်ဦးဦးက သေဆုံးသွားတယ်"ဆိုရင်လဲပဲ ကျန်ရစ်တဲ့ လူတွေက သိပ်စိုးရိမ်ပူဆွေး ငိုကြွေးမှုကို မပြုသင့်ဘူး၊ စိုးရိမ်ပူဆွေး ငိုကြွေးတဲ့အတွက် ကိုယ်ပင်ပန်း, စိတ်ပင်ပန်းတာပဲ အဖတ်တင်ပါတယ်၊ ကိုယ့်အတွက်လဲ အကျိုး မရှိ၊ သေသွားသူအတွက်လဲ အကျိုးမရှိပါဘူး။

ဒီတော့ စိုးရိမ်ပူဆွေး ငိုကြွေးမှုကို နည်းနိုင်သမျှနည်းအောင် ထိန်းပြီး အချိန် မီသေးလို့ရှိရင် အသက်ကုန်ဆုံးတဲ့ နေ့မှာပဲ ကိစ္စပြီးသင့်ြိုဟ်မှုကို ပြုသင့်ပါတယ်၊ အချိန်မမီလို့ရှိရင်တော့ နောက်တစ်ရက်မှာ ကိစ္စပြီးသင့်ြိုဟ်သင့်ပါတယ်။

"လူတွေရဲ့ ကိုယ်ခန္ဓာ"ဆိုတာဟာ နဂိုကတည်းက သိပ်ကောင်းလှတာ မဟုတ်ပါဘူး၊ ဟန်မရတဲ့ နေရာတွေကို "လူမြင်မခံဝံ့"လို့ ဘယ်လောက်ဖုံးရ ဖိရသလဲ ?၊ အခြားဟာတွေ အသာထားပါအုံး၊ ဘာမဟုတ်တဲ့ ပွေး, ညှင်း, တင်းတိပ် လေးတွေ ပေါ်လာတာကိုတောင်မှ လူမသိစေချင်, မမြင်စေချင်ကြပါဘူး၊ ဒီတော့ သေသွားပြီးတဲ့နောက် ပုပ်ပွနံစော်အောင်ထားတာကို ကာယကံရှင်တွေ ကိုယ်တိုင်က သဘောကျနိုင်ကြပါ့မလား ?၊ ဒါ စဉ်းစားသင့်ပါတယ်၊ ကိုယ်ချင်းစာသင့်ပါတယ်၊ ဒါ့ကြောင့် "ချက်ချင်းသင်္ြိုဟ်ပစ်လိုက်တာဟာ အကောင်းဆုံးပဲ"လို့ ဘုန်းကြီးက ပြောလိုပါတယ်။

ဒီနေရာမှာ ဇာတ်တော်ထဲက ဝတ္ထုကြောင်းတစ်ခုကို ထုတ်ပြပါ့မယ်၊ ဒါပေမဲ့ မင်းတို့ သိပ္ပံနည်းသမားတွေက လက်မခံနိုင်ကြမလား မသိဘူး၊ ဘုန်းကြီးတို့ကတော့ "ဗုဒ္ဓစာပေသမားတွေ"ဆိုတော့ ဒါမျိုးကို ကောင်းကောင်း လက်ခံနိုင်တယ်၊ "သိပ္ပံနည်း"ဆိုတာက ရုပ်လောကအတွက် အသုံးချလို့ ရသင့်သလောက် ရပါ လိမ့်မယ်၊ နာမ်လောကအတွက် သိပ္ပံနည်းနဲ့ တိုင်းတာလို့ မရတာတွေ, သိပ္ပံနည်းက လိုက်မမီတာတွေ အများကြီး ရှိနေပါလိမ့်မယ်၊ သက်သေသာဓက ထုတ်ပြစရာ တွေလဲ အခုကာလ ဖြစ်ပျက်နေတဲ့ အထဲမှာပဲ အများကြီးရှိနေပါတယ်။

အဿကဇာတ်[၁]

ရှေးတုန်းက ကာသိတိုင်း ပါဠလိမြို့မှာ "အဿကမင်း"ဆိုတာ ထီးဖြူအုပ်ချုပ် မင်းလုပ်နေပါတယ်၊ "ဥပရီ"ဆိုတာက သူ့ရဲ့ မိဖုရားကြီးဖြစ်တယ်၊ ရုပ်ရေရှုပ

၁။ ဇာတက-၄-၂၊ ၁၄၂။

http://www.dhammadownload.com

ကာယက အင်မတန် ချောမောလှပတော့ အဿကမင်းက အဲဒီမိဖုရားကို အင်မတန် ချစ်ခင်မြတ်နိုးပါတယ်။

တစ်နေ့မှာ အဲဒီ မိဖုရား သေဆုံးသွားတော့ အဿကမင်းက အင်မတန် ပူဆွေးနေပါတယ်၊ စွန့်မပစ်ရက်ပါဘူး၊ မိဖုရားအလောင်းကို ခေါင်းထဲမှာ အထည့် ခိုင်းပါတယ်၊ ဆီနှစ်ကို လောင်းထည့်စေပြီး ခုတင်အောက်မှာ အထားခိုင်းပါတယ်၊ မစားနိုင် မသောက်နိုင်ဘဲ ငိုယိုမြည်တမ်းပြီး ခုတင်ပေါ်မှာ လူးလိမ့်နေပါတယ်၊ ဘယ်ဂုဏ် ဘယ်လိုပဲ တရားပြပြ မရပါဘူး၊ ဒီလိုနဲ့ ၇-ရက် လွန်လာခဲ့ပါတယ်။

အဲဒဲ အချိန်မှာ ဘုန်းကြီးတို့ရဲ့ ဘုရားအလောင်းဟာ ရသေ့ဝတ်ပြီး ဟိမဝန္တာမှာ နေပါတယ်၊ အဘိညာဉ် ၅-ပါး, သမာပတ် ၈-ပါးကို ရထားပါတယ်၊ ဒီအကြောင်းကို ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ကြည့်လို့ တွေ့မြင်ထားပါတယ်၊ ဒါနဲ့ "အဿကမင်းကို ဆုံးမရအောင်"လို့ ဟိမဝန္တာက တန်ခိုးနဲ့ ကြွလာခဲ့ပါတယ်၊ မင်းရဲ့ဥယျာဉ် မင်္ဂလာကျောက်ဖျာပေါ်မှာ ထိုင်နေပါတယ်။

အဲဒီခဏမှာပဲ ပုဏ္ဏားအမျိုးသားကလေး တစ်ဦးက ဥယျာဉ်ထဲကို ရောက်လာပါတယ်၊ အလောင်းတော် ရသေ့ကို တွေ့ရတော့ အနားကိုချဉ်းကပ်ပြီး အဿကမင်းရဲ့ အကြောင်းကို လျှောက်ထားပါတယ်။

"အဿကမင်းက ငါ့ကို လာပြီးမေးမယ်ဆိုရင် ငါက သူ့ကို ဥပရီမိဖုရား ဖြစ်ရာဌာနကိုလဲ ပြောပြမယ်၊ အဿကမင်းရဲ့ အနားမှာပဲ အဲဒီ ဥပရီမိဖုရား ကိုလဲ စကားအပြောခိုင်းမယ်"။

ဒီလို ပြောလိုက်တဲ့ အလောင်းတော် ရသေ့ရဲ့ စကားကို ကြားရတော့ ပုဏ္ဏား အမျိုးသားကလေးက-

"ဒါဖြင့် ဘုရားတပည့်တော်က အဿကမင်းကို ခေါ်လာပါ့မယ်၊ အဿကမင်း ရောက်လာတဲ့အထိ ဒီနေရာမှာပဲ ခဏသည်းခံစောင့်ဆိုင်းတော်မူပါ"။

ဒီလို အလောင်းတော်ရသေ့ကို မှာထားခဲ့ပြီး အဿကမင်းကို သွားပြောပါတယ်၊ အဿကမင်းလဲ ရထားစီး လိုက်လာပါတယ်၊ ဥယျာဉ်ထဲကို ရောက်တော့ အလောင်းတော် ရသေ့ကို မေးမြန်းလျှောက်ထားပါတယ်။

"အရှင်ဘုရား ! ဥပရီမိဖုရားရဲ့ ဖြစ်ရာဌာနကို သိတယ်ဆိုတာ ဟုတ်ပါသလား ဘုရား ?"။

"အေး ဟုတ်တယ် ဒကာတော်မင်းမြတ်"။

"ဘယ်မှာ ဖြစ်နေပါသလဲဘုရား ?"။

http://www.dhammadownload.com

"မဟာရာဇာ ! ဥပရီမိဖုရားဟာ ကိုယ့်ကိုယ်ကို အလှပြင်နေတာနဲ့ပဲ အချိန်ကုန်လွန်စေခဲ့တယ်၊ ကုသိုလ်ကောင်းမှု မပြုလုပ်ခဲ့ဘူး၊ ဒါနဲ့ ဒီဥယျာဉ်ထဲမှာပဲ နွားချေးပိုးမ ဖြစ်နေတယ်"။

"တပည့်တော် မယုံနိုင်ပါဘူးဘုရား"။

"ဒါဖြင့် ဒကာတော်မင်းမြတ်အား ခေါ်ပြပြီး စကား အပြောခိုင်းပါ့မယ်"။

"ကောင်းပါတယ်ဘုရား၊ အပြောခိုင်းတော်မူပါ"။

အဿကမင်းရဲ့ စကားအဆုံးမှာပဲ အလောင်းတော်ရသေ့က မိမိရဲ့တန်ခိုးနဲ့ "(နွားချေးပိုး ဇနီးမောင်နှံ) နှစ်ကောင်လုံးပဲ နွားချေးခဲကို ဖောက်ထွက်ပြီး အဿကမင်းရဲ့ရှေ့ကို လာကြရမယ်"လို့ နွားချေးပိုး ၂-ကောင်လာအောင် လုပ်လိုက်ပါတယ်၊ နွားချေးပိုးတွေ အနားကို ရောက်လာတော့ အဿကမင်းကို ပြောဆိုညွှန်ပြပါတယ်။

"မဟာရာဇာ ! ဒါဟာ သင်ရဲ့ဥပရီမိဖုရားပါပဲ၊ သင့်ကို စွန့်ထားခဲ့ပြီး နွားချေးပိုးရဲ့နောက်က တကောက်ကောက် လိုက်ပါနေတယ်၊ သူ့ကို တွေ့တယ်မဟုတ်လား ?"။

"အရှင်ဘုရား ! 'ဥပရီလို မိန်းမတစ်ဦးက နွားချေးပိုးမ ဖြစ်နေရတယ်' ဆိုတာကိုဖြင့် တပည့်တော် ယုံကိုမယုံနိုင်ပါဘူး"။

"မဟာရာဇာ ! သူ့ကို စကား အပြောခိုင်းရမလား ?"။

"ခိုင်းတော်မူပါဘုရား"။

အလောင်းတော်ရသေ့က မိမိရဲ့ တန်ခိုးဖြင့် စကား အပြောခိုင်းပါတယ်၊ နွားချေးပိုးမကလဲ လူ့ဘာသာစကားနဲ့ပဲ ပြန်ပြောပါတယ်။

"ဟေ့-ဥပရီ !"။

"ဘာပါလဲ ဘုရား"။

"နင်ဟာ အတိတ်ဘဝတုန်းက ဘယ်သူများ ဖြစ်ခဲ့သလဲ ?"။

"အရှင်ဘုရား ! တပည့်တော်ဟာ အဿကမင်းရဲ့ မိဖုရာကြီး 'ဥပရီ' ဆိုတာ ဖြစ်ခဲ့ပါတယ်"။

"သင်ဟာ အခု အဿကမင်းကို ချစ်သလား၊ ဒါမှမဟုတ်ရင် ဒီနွားချေးပိုးကို ချစ်သလား ?"။

"အရှင်ဘုရား ! ဒီ 'အဿကမင်း' ဆိုတာဟာ တပည့်တော်ရဲ့ ရှေးဘဝကလင်ပါပဲ၊ အဲဒီတုန်းက တပည့်တော်ဟာ သူနဲ့အတူ ဒီဥယျာဉ်ထဲမှာပဲ ကာမဂုဏ်

http://www.dhammadownload.com

၅–ပါးကို ခံစားပြီး လှည့်လည်ခဲ့ဖူးပါတယ်၊ အခုတော့ ဘဝခြားသွားတဲ့ အချိန်က စပြီး ဒီအဿကမင်းဟာ တပည့်တော်အတွက် ဘာအသုံးကျတော့မလဲ ?၊ အခု တပည့်တော်ဟာ အဿကမင်းကို သတ်ပြီး သူ့လည်ချောင်းသွေးနဲ့ တပည့်တော်ရဲ့ လင်တော်မောင် နွားချေးပိုးရဲ့ ခြေတွေကို သုတ်လိမ်းလိုပါတော့တယ်”။

ဒီစကားကို ပြောဆိုပြီးတဲ့နောက် နွားချေးပိုးမက အနည်းငယ် ရပ်နားနေလိုက်ပါတယ်၊ ပြီးတော့မှ ပရိသတ်ရဲ့ အလယ်မှာပဲ လူ့ဘာသာစကားနဲ့ ဆက်လက်ပြီး ပြောခဲ့ပါတယ်။

“ဒီဥယျာဉ်အရပ်ဟာ တပည့်တော်ကို အင်မတန် ချစ်မြတ်နိုးတဲ့ လင်ဖြစ်သူ အဿကမင်းနဲ့အတူ တပည့်တော်ရဲ့ လှည့်လည်သွားလာနေကျ အရပ်ပါပဲ။

“အသစ်ဖြစ်တဲ့ ချမ်းသာဆင်းရဲက အဟောင်းဖြစ်တဲ့ ချမ်းသာဆင်းရဲကို ဖုံးကွယ်ပိတ်ဆို့ထားလိုက်ပါတယ်၊ ဒါကြောင့် တပည့်တော်ဟာ အဿကမင်းကိုထက် ဒီနွားချေးပိုးကိုသာ ပိုပြီး ချစ်ခင်မြတ်နိုးပါတော့တယ်”။

ဒီစကားကို ကြားရတော့ အဿကမင်းက စိတ်ပျက်သွားပါတယ်၊ ဥယျာဉ်ထဲက နေပြီး အလောင်းကောင်ကို ထုတ်ဆောင်သင်္ကြိုဟ်ဖို့ အမိန့်ပေးလိုက်ပါတယ်၊ အလောင်းတော်ရသေ့ကို ရှိခိုးပြီး မြို့ထဲကို ပြန်သွားပါတယ်၊ အခြားမိန်းမတစ်ဦးကို မိဖုရားကြီးအရာမှာ ထားပြီး တရားနဲ့အညီ မင်းပြုနေပါတော့တယ်။

ဒီဝတ္ထုကို ထောက်လိုက်တော့ သေသွားတဲ့လူတွေအတွက် ပူပန်သောက ရောက်ပြီး ငိုကြွေးနေကြတဲ့ လူတွေဟာ အရူးလို ဖြစ်မနေကြဘူးလား ?၊ ဒါကို စဉ်းစားကြ။

ပြီးတော့ “နေ့ချင်းပြီး, ဒါမှမဟုတ်ရင် နောက်တစ်နေ့ ကိစ္စပြီးအောင် သင်္ကြိုဟ်မှုကို ပြုရမယ်”လို့ ဘုန်းကြီးက ပြောခဲ့ပါတယ်၊ အဲဒီလို သင်္ကြိုဟ်တဲ့အခါမှာလဲပဲ သိပ်ခမ်းခမ်းနားနား ပြင်ဆင်မွမ်းမံနေစရာ မလိုပါဘူး၊ သင့်တော်ရုံ ပြင်ဆင်မွမ်းမံလို့ရှိရင် တော်လောက်ပါပြီ၊ အကျိုးမရှိတဲ့ နေရာတွေမှာ အကုန်အကျ မခံသင့်ပါဘူး။

မကျန်းမမာ ဖြစ်တုန်းကတော့ ဘယ်လောက်ပဲဖြစ်ဖြစ် ကုန်ပါစေ၊ အဲဒီအချိန် အခါမျိုးဟာ နှမြောတွန့်တိုနေရမဲ့ အချိန်အခါမျိုး မဟုတ်ပါဘူး၊ လူ့အသက်ကို ငွေနဲ့စက်ပြီး ယူလို့ရမယ်ဆိုရင် ယူသာယူပါ၊ ဒါဟာ အကျိုးရှိတဲ့နေရာမှာ ကုန်တာပဲ၊ အကျိုးမရှိတဲ့နေရာမှာ အကုန်အကျ ခံတာကတော့ ခေတ်နဲ့လဲ မလျော်တော့ပါဘူး၊ ဒါ့ကြောင့် သင့်တော်ရုံသာ ပြင်ဆင်မွမ်းမံဖို့ ပြောဆိုရပါတယ်။

http://www.dhammadownload.com

ဒီအချိန်မှာ "သက်ပျောက်ဆွမ်းတို့, သပိတ်သွတ်တို့, သရဏဂုံတင်တို့" ဆိုတာ တွေဟာ အရေးမကြီးသေးပါဘူး၊ မလုပ်ရင်လဲပဲ ဖြစ်ပါတယ်၊ ထုံးတမ်းစဉ်လာအရ လုပ်ချင်တယ်ဆိုရင်လဲပဲ သင့်တော်တဲ့, ကိုယ်နဲ့ရင်းနှီးတဲ့ ဘုန်းကြီးတစ်ပါးပါးကို ပင့်ပြီး လုပ်နိုင်ပါတယ်။

ပြီးတော့ အချို့က သေသူရဲ့သက်စေ့ သံဃာတွေပင့်ပြီး ငွေပဒေသာပင်တွေ လုပ်ပြီး လှူတတ်ကြပါတယ်၊ ဒါကတော့ လုံးဝမသင့်တော်ပါဘူး၊ ဘာ့ကြောင့် မသင့်တော်ဘူး ဆိုတာကိုတော့ နောက်ဒီကပြောတာနဲ့ပဲ နားလည်လာပါလိမ့်မယ်။

တစ်ချို့က သံဃာတော်တွေကို မသာနဲ့အတူ သုသာန်အထိ လိုက်ပါရအောင် ပင့်တတ်ကြပါသေးတယ်၊ ဒါလဲ ကောင်းတဲ့အလုပ် မဟုတ်ပါဘူး၊ လူတွေက ဆင်ခြင်သင့်ပါတယ်၊ "သံဃာတွေ" ဆိုတာဟာ မတပရိဝါရ(မသာရဲ့ အခြံအရံ) အနေနဲ့ မသာရဲ့ ရှေ့ကပဲဖြစ်ဖြစ်, နောက်ကပဲဖြစ်ဖြစ် မလိုက်ကောင်းပါဘူး၊ ဝိနည်းပညာ[1] ချက်က ရှိနေပါတယ်။

"သေပြီးတဲ့နောက် ၃-ရက်မြောက်နေ့ကစပြီး သေဆုံးသွားတဲ့ အမေအဖေ တွေကို ရည်ညွှန်းလှူဒါန်းရမယ်"လို့ အဋ္ဌကထာ[2] မှာ ဆိုထားပါတယ်၊ ဒီတော့ ရက်လည်ဆွမ်းတွေ, ဘာတွေဆိုတာလဲပဲ ရှေးရိုးစဉ်လာအရ လုပ်နေကြတာ လောက်သာ ဖြစ်ပါတယ်၊ စာလာပေလာ မဟုတ်ပါဘူး။

"ဘာ့ကြောင့် ၃-ရက်မြောက်နေ့ကစပြီး ရည်ညွှန်းလှူဒါန်းရမယ်"လို့ ဆိုထား သလဲဆိုတော့ ပထမနေ့, ဒုတိယနေ့တွေမှာ အလောင်းကို သင်္ဂြိဟ်ရမဲ့ ကိစ္စကလဲ ရှိနေသေးတယ်၊ "ဖြုန်းစား အတူနေတဲ့ လူတစ်ယောက် သေဆုံးသွားတယ်"ဆိုတော့ ကျန်နေတဲ့ လူတွေမှာ စိတ်ထိခိုက်မှုကလဲ အနည်းနဲ့အများ ရှိနေကြမယ်၊ ၃-ရက် မြောက်နေ့ကျတော့ အလောင်းကလဲ မရှိတော့ဘူး၊ ဒါနဲ့ အိမ်ကလဲ ရှင်းသွားတယ်၊ လူတွေကလဲ စိတ်ကို အတော်ထိန်းနိုင်လာတယ်၊ ဒီတော့ စိတ်ကိုကြည်ကြည်လင်လင် ထားပြီး လှူလို့တန်းလို့လဲ ဖြစ်နိုင်လောက်ပါတယ်၊ အမျှအတန်းလဲ ပေးဝေနိုင်လောက် ပါတယ်၊ ဒါ့ကြောင့် "၃-ရက်မြောက်နေ့ကစပြီး ရည်ညွှန်းလှူဒါန်းရမယ်"လို့ အဋ္ဌကထာဆရာ ဆိုထားရပါတယ်၊ ဒီတော့ သေသွားလို့ရှိရင် ချက်ချင်းသင်္ဂြိဟ်တာ, အချိန်မရလို့ရှိရင် နောက်တစ်ရက်မှာ သင်္ဂြိဟ်တာဟာ ဒီအဋ္ဌကထာစကားနဲ့လဲ ညီညွတ်နေပါတယ်။

ဒီ ၃-ရက်မြောက်နေ့ကစပြီး လှူဒါန်းတဲ့ အလှူကိုတော့ အထူးသတိထားပြီး လုပ်သင့် ကိုင်သင့်ပါတယ်၊ လှူဖွယ်ဝတ္ထုတွေဟာ သန့်ရှင်းစင်ကြယ်တဲ့, တရားသဖြင့်

၁။ ပါထိက-၌၊ ၁၃၆။ [2] အံ-၌-၃၊ ၂၂။

http://www.dhammadownload.com

ရှာဖွေရထားတဲ့ ဝတ္ထုပစ္စည်းတွေ ဖြစ်စေရပါ့မယ်၊ အလှူခံပုဂ္ဂိုလ်ကလဲပဲ ယုံကြည်စိတ်ချရတဲ့ သီလစင်ကြယ်တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်စေရပါ့မယ်၊ အကောင်းဆုံးကတော့ ဒီအချိန်မျိုးမှာ ကိုယ့်ဘုန်းကြီး သူ့ဘုန်းကြီး ရွေးမနေဘဲ သံဃာကလှူနိုင်ရင် အကောင်းဆုံးပါပဲ။

လှူဖွယ်ဝတ္ထုကလဲ ဆွမ်းတင်မကပါဘူး၊ သင်္ကန်းလဲ ပါစေရမယ်၊ သင်္ကန်းမတတ်နိုင်က မျက်နှာသုတ်ပုဝါပဲဖြစ်ဖြစ်, လက်သုတ်ပုဝါပဲဖြစ်ဖြစ် ပါစေရမယ်၊ အိပ်ဓာဇင်း, ခုတင်လဲပဲ ပါစေရမယ်၊ ဒါက သေသွားသူရဲ့ ကျန်နေရစ်တဲ့ အဝတ်တွေကို ချုပ်လှူရင် ဖြစ်နိုင်ပါတယ်။

ပြီးတော့ လှူဖွယ်ဝတ္ထုတွေကို ကပ်တဲ့အခါမှာလဲပဲ ရေကို အရင်ကပ်ပါ၊ ပြီးမှ ကျန်တဲ့ဝတ္ထုတွေကို တစ်ခုချင်း ကိုယ်ထိလက်ရောက် ကပ်ပါ၊ အဲဒီလို ကပ်တဲ့အခါမှာ "ဒီအလှူဟာ တပည့်တော်တို့ရဲ့ အဖေ(ဦးမောင်ဟန်)အတွက် ဖြစ်ပါစေ"၊ ဒီလိုဆိုပြီး ကပ်လှူရမယ်၊ သူများကို တစ်ဆင့်အကပ်မခိုင်းပါနဲ့၊ ဘာ့ကြောင့် ဒီအလှူနဲ့ ပတ်သက်ပြီး ဒီလောက်အရေးတကြီး ပြောနေရသလဲဆိုတာ နားလည်သဘောပေါက်သွားအောင် ဝတ္ထုကြောင်းလေးတစ်ခု ထုတ်ပြပါအုံးမယ်။

ဒုဿီလချည်းပဲ လုစားနေတယ် [၁]

သီဟိုဠ်ကျွန်း ဝမုမာနဆိုတဲ့ရွာသား မုဆိုးတစ်ယောက်က ပြိတ္တာတွေကို ရည်ညွှန်းလှူဒါန်းတဲ့ အလှူကို ပေးလှူတော့ ဒုဿီလပုဂ္ဂိုလ် တစ်ဦးတည်းကိုပဲ ၃-ကြိမ်တိုင်တိုင် လှူမိပါတယ်၊ ဒီတော့ ၃-ကြိမ်မြောက်မှာ ပြိတ္တာက "ငါ့(အတွက် အလှူ)ကို ဒုဿီလချည်းပဲ လုစားနေတယ်"လို့ အော်ပါသတဲ့၊ ဒါနဲ့ သီလရှိတဲ့ရဟန်း တစ်ပါးအား ပေးလှူပြီး "ဒီအလှူဟာ ဘယ်ပြိတ္တာအတွက် ဖြစ်ပါစေ"၊ ဒီလို ရည်ညွှန်းပြီး အမျှအတန်း ပေးဝေတဲ့ အခါကျမှသာ ပြိတ္တာဆီကို ရောက်ပါသတဲ့၊ ပြိတ္တာက အနုမောဒနာပြုတော့ "ဒါနရဲ့အကျိုးကို ခံစားရတယ်"လို့ ဆိုလိုပါတယ်။

ပြီးတော့ "လူတစ်ယောက်ယောက် ကွယ်လွန်သွားတဲ့အခါ ဘာ့ကြောင့် ရည်ညွှန်းပြီး အလှူဒါနပြုလုပ်ရတယ်၊ အဲဒီလို အလှူဒါနလုပ်တဲ့အတွက် ဘယ်လို အကျိုးရှိတယ်"ဆိုတာတွေကို အထိုက်အလျောက် သဘောပေါက်အောင် တိရောကုဋ္ဌ-သုတ်ကစပြီး ပြောပါတော့မယ်။

တိရောကုဋ္ဌသုတ် [၂]

ဒီတိရောကုဋ္ဌသုတ်နဲ့ ပတ်သက်တဲ့ အကြောင်းအရာကတော့ ဒီကမ္ဘာကို မရောက်ခင် ၉၂-ကမ္ဘာထက်က အစပြုလာပါတယ်၊ အဲဒီအချိန်အခါမှာ "ကာသိ" ဆိုတဲ့ မြို့တစ်မြို့ ရှိပါတယ်၊ အဲဒီ ကာသိဆိုတဲ့ မြို့မှာ "ဇယသေန"ဆိုတဲ့ မင်းက

၁။ အံ-ပါ-၁၊ ၃၉၂။ ၌-၂၊ ၃၂၀။ ဋီ-၂၊ ၃၁၅။ ၂။ ခုဒ္ဒက-၌၊ ၁၆၈။ ဃတ-၌၊ ၁၈။

http://www.dhammadownload.com

ထိုးဖြူအုပ်ချုပ် မင်းလုပ်နေပါတယ်၊ "သီရိမာ"[၁] ဆိုတာကတော့ သူ့ရဲ့မိဖုရားကြီးပါပဲ၊ အဲဒီ သီရိမာရဲ့ ဝမ်းတိုက်မှာ "ဖုဿ"ဆိုတဲ့ ဘုရားလောင်းဟာ ပဋိသန္ဓေတည်နေမွေးဖွားလာပါတယ်၊ နောက် အရဟာတ္တမဂ်ဉာဏ်, သမ္မညုတဉာဏ်ကို ထိုးထွင်းသိမြင်လာပါတယ်၊ ဘုရားဖြစ်လာပါတယ်။

ငါ့သားဟာ တောထွက်ပြီး ဘုရားဖြစ်လာခဲ့တယ်၊ "ငါ့ဘုရား, ငါ့တရား, ငါ့သံဃာ"၊ ဒီလို ဇယသေနမင်းက "ငါ့ဥစ္စာ"လို့ စွဲလမ်းမှုကို ဖြစ်စေပြီး (ကိုယ်တစ်ဦးတည်း ပိုင်ဆိုင်တဲ့ဥစ္စာလို လုပ်ထားပြီး) အမြဲတမ်း တစ်ဦးတည်းပဲ လုပ်ကျွေးနေပါတယ်၊ အခြားလူတွေအား လုပ်ကျွေးခွင့် မပေးပါဘူး။

> "ဘုရားရှင်တွေဆိုတာဟာ တစ်လောကလုံးရဲ့ အစီးအပွားအလို့ငှာ ပွင့်တော်မူလာတာပဲ၊ တစ်ဦးတစ်ယောက်တည်းရဲ့ အစီးအပွားအလို့ငှာ ပွင့်တော်မူလာတာ မဟုတ်ဘူး၊ တို့ခမည်းတော်ကလဲပဲ ဘုရားရှင်ကို အခြားသူတွေအား လုပ်ကျွေးခွင့် မပေးလိုဘူး၊ ဒီတော့ ဘယ်လိုနည်းနဲ့ တို့က ဘုရားရှင်ကို လုပ်ကျွေးခွင့်ရကြမလဲ ?"။

ဒီလို ဖုဿဖုရားရှင်နဲ့ အဖေတူအမေကွဲ ညီတော် ၃-ယောက်တို့က တိုင်ပင်ဆွေးနွေးနေကြပါတယ်၊ "ဘယ်လိုနည်းနဲ့ရရ၊ ဘုရားရှင်ကို လုပ်ကျွေးခွင့်ရအောင် တစ်ခုခုတော့ လုပ်ကြအုံးမှပဲ"ဆိုပြီး ကျေးရွာဇနပုဒ်မှာ ဆူပူသောင်းကျန်းနေလိုဖြစ်အောင် အလုပ်ခိုင်းကြပါတယ်။

ဇယသေနမင်းက "ကျေးရွာဇနပုဒ်မှာ ဆူပူသောင်းကျန်းနေတယ်"ဆိုတဲ့သတင်းကို ကြားသိရတော့ သားတော် ၃-ယောက်လုံးကို သောင်းကျန်းသူတွေကို နှိမ်နင်းရအောင် လွှတ်လိုက်ပါတယ်၊ ဒီတော့ မင်းသား ၃-ယောက်တို့ကလဲ ကျေးရွာဇနပုဒ်ကို ငြိမ်းအေးအောင်လုပ်ပြီး ပြန်လာကြပါတယ်၊ (အစကတည်းက သူတို့လုပ်ထားတဲ့ အလုပ်ဆိုတော့ ဘာမှ ခဲယဉ်းလှတာ မဟုတ်ပါဘူး။)

ဒါနဲ့ ဇယသေနမင်းက အင်မတန် နှစ်သက်ကျေနပ်သွားပါတယ်၊ "ငါ့သားတော်များ အလိုရှိတဲ့ ဆုကို ယူကြ"ဆိုပြီး ဆုပေးပါတယ်၊ ဒီတော့ သားတော် ၃-ယောက်လဲ သူတို့အလိုရှိတဲ့ဆုကို တောင်းကြပါတယ်၊ (ဒီတော့ အဖေလုပ်သူက ပေးနိုင်မလား၊ မပေးနိုင်ဘူးလားဆိုတာကို စောင့်ကြည့်စရာပဲ လိုပါတော့တယ်။)

> "ကျွန်တော်တို့ ဘုရားရှင်ကို လုပ်ကျွေးလိုကြပါတယ် အဖေရယ်"။
>
> "ဒီဆုကို ထားပြီး အခြားဆုကို ယူကြပါလား သားတို့ရယ်"။

၁။ ဓ-၅၊ ၆၄-မှာ "မဟိန္ဒမင်း"လို့ ဆိုထားပါတယ်၊ ဒါနဲ့ သရဏဂုံခန်းမှာလဲ ဒီအတိုင်း ပြောဆိုလာခဲ့ပါတယ်။

http://www.dhammadownload.com

"ကျွန်တော်တို့ အခြားဆုကို မလိုချင်ပါဘူး"။

"ဒါဖြင့်လဲ ပိုင်းခြားကန့်သတ်ပြီး ယူကြတာပေါ့"။

ဒီလို ဇယသေနမင်းက လိုက်လျောပေးလိုက်ရပါတယ်၊ ဒီတော့ သားတော်တွေက ၇-နှစ်လုပ်ကျွေးခွင့် တောင်းကြပါတယ်၊ ဘခမည်းတော် ဇယသေနမင်းက မပေးပါဘူး၊ ၆-နှစ်, ၅-နှစ်, ၄-နှစ်, ၃-နှစ်, ၂-နှစ်, ၁-နှစ် တစ်ထစ်ပြီးတစ်ထစ် လျှော့တောင်းလာကြပါတယ်၊ ဘခမည်းတော်က မပေးပါဘူး၊ ၇-လ, ၆-လ, ၅-လ, ၄-လ လျှော့လျှော့ပြီး တောင်းလာကြပါတယ်၊ ဒါတောင်မှ ခမည်းတော် ဇယသေနမင်းက မပေးသေးပါဘူး၊ အဆုံးမှာ တစ်ယောက်တစ်လ ဝါတွင်း ၃-လ လုပ်ကျွေးခွင့် တောင်းကြပါတယ်၊ ဒီတော့မှ "ဒီလောက်တော့ လုပ်ကျွေးကြတာပေါ့ သားတို့ရယ်" ဆိုပြီး ခမည်းတော် ဇယသေနမင်းက ခွင့်ပြုလိုက်ပါတယ်။

မင်းသားကလေး ၃-ယောက်တို့ကလဲ "၃-လ လုပ်ကျွေးခွင့် ရတယ်ဆိုရင်ပဲ သိပ်ကျေနပ်သွားကြပါတယ်၊ ဘုရားရှင်ထံသွားပြီး ရှိခိုးလျှောက်ထားကြပါတယ်။

"အရှင်ဘုရား ! တပည့်တော်တို့က ရှင်တော်မြတ်ဘုရားကို ဝါတွင်း ၃-လ လုပ်ကျွေးလိုကြပါတယ်၊ ဘုရားတပည့်တော်တို့ရဲ့ နေထိုင်ရာ ဇနပုဒ်မှာ ဝါကပ်တော်မူပါ"။

ဒီလို လျှောက်ထားလို့ မြတ်စွာဘုရား လက်ခံကြောင်း သိရတဲ့အခါ မိမိတို့ရဲ့ ဇနပုဒ် အလုပ်အမှုဆောင်ဆီကို-

"ဒီဝါတွင်း ၃-လပတ်လုံး တို့က ဘုရားရှင်ကို လုပ်ကျွေးခွင့် ရတယ်၊ ကျောင်းကအစ ဘုရားရှင်အား လုပ်ကျွေးရန် အဆောက်အဦ(အသုံးအဆောင်, ပစ္စည်းစသည်) အကုန်လုံးကို လုပ်ကိုင်ထားနှင့်ရမယ်"။

ဒီလို စာရေးပြီး အပို့ခိုင်းလိုက်ပါတယ်၊ ဇနပုဒ်အလုပ်အမှုဆောင်ကလဲ အကုန်လုံး ပြည့်စုံအောင် စီမံပြီး ပြန်အကြောင်းကြားထားပါတယ်။

မင်းသားကလေး ၃-ယောက်တို့က ဖန်ရည်ဆိုး အဝတ်တွေကိုဝတ်ပြီး ဝေယျာဝစ္စ ပြုလုပ်ဆောင်ရွက်ကြတဲ့လူ ၂၅၀၀-နှင့်[၁] အတူ မြတ်စွာဘုရားကို ရိုရိုသေသေ လုပ်ကျွေးရင်း မိမိတို့ဇနပုဒ်ကို ပင့်ဆောင်လာကြပါတယ်၊ ကျောင်းကို အပ်နှင်းလှူဒါန်းပြီး သီတင်းသုံး နေစေကြပါတယ်။

၁။ ခုဒ္ဒကပါဌ အဋ္ဌကထာမှာလာတဲ့အတိုင်း ၂၅၀၀-လို့ပဲ ဆိုထားပါတယ်၊ ပေတဝတ္ထုအဋ္ဌကထာ(၁၉), ဝိနယမဟာဝဂ္ဂပါဠိ ၃၁-အလို ၁၀၀၀-သာ ဖြစ်သင့်ပါတယ်။

http://www.dhammadownload.com

မင်းသားကလေး ၃-ယောက်တို့ရဲ့ ဘဏ္ဍာစိုးတစ်ဦးဟာ သဒ္ဓါတရားလဲ ရှိတယ်၊ ရတနာ ၃-ပါးကိုလဲ ကြည်ညိုတယ်၊ သူ့အိမ်သူမိန်းမကလဲ သူ့လိုပဲ သဒ္ဓါတရားလဲ ရှိတယ်၊ ရတနာ ၃-ပါးကိုလဲ ကြည်ညိုပါတယ်၊ အဲဒီဘဏ္ဍာစိုးဟာ ဘုရားအမှူးရှိတဲ့ သံဃာတော်အား ဒါနဝတ်ကို ရိုရိုသေသေ ပေးလှူနေပါတယ်။

ဧနပုဒ်အလုပ်အမှုဆောင် ပုဂ္ဂိုလ်ကလဲ သူ့ကို အတုလိုက်ပြီး ဧနပုဒ်သား တစ်သောင်းတစ်ထောင်နဲ့အတူ ရိုရိုသေသေပဲ ဒါနဝတ်ကို ဖြစ်စေပါတယ်။

အဲဒီ လူစုထဲက အချို့ဧနပုဒ်သားတွေဟာ စိတ်ဓာတ်ပျက်စီးကြပါတယ်၊ (စိတ်ပြစ်မှားကြပါတယ်၊) ဒါနဲ့ သူတို့တစ်တွေမှာ အလှူဒါနရဲ့ အန္တရာယ်ကိုလဲ ပြုကြပါတယ်၊ လှူဖွယ်ဝတ္ထုတွေကိုလဲ ကိုယ်တိုင်စားသောက်ကြပါတယ်၊ ဆွမ်းစားကျောင်းကိုလဲ မီးရှို့ကြပါတယ်။

သီတင်းဝါလကျွတ်လို့ ပဝါရဏာ ပြုပြီးတဲ့အခါ မင်းသားကလေး ၃-ယောက်က မြတ်စွာဘုရားအား အကြီးအကျယ် ပူဇော်မှုကို ပြုကြပါတယ်၊ ပြီးတော့ ဘုရားရှင်ကို ရှေ့သွားပြုပြီး ခမည်းတော် ဧယသေနမင်းဆီကိုပဲ သွားကြပါတယ်။

ဘုရားရှင်ကလဲ ကာသိမြို့မှာပဲ ပရိနိဗ္ဗာန်စံလွန်တော်မူပါတယ်၊ ဧယသေနမင်း, မင်းသားကလေး ၃-ယောက်, ဧနပုဒ်အလုပ်အမှုဆောင်, ဘဏ္ဍာစိုးတွေကလဲ တစ်ယောက်ပြီးတစ်ယောက်ဆိုသလို သေဆုံးသွားကြတဲ့အခါ နောက်လိုက် နောက်ပါ ပရိသတ်တွေနဲ့အတူ နတ်ပြည်မှာ ဖြစ်ကြပါတယ်၊ စိတ်ပြစ်မှားတဲ့ လူတွေကတော့ ငရဲမှာ ဖြစ်ကြရပါတယ်။

သူတို့အုပ်စု ၂-စုထဲက- တစ်စုက နတ်ပြည်တစ်ခုက နတ်ပြည်တစ်ခုကို ပြောင်းပြီး ဖြစ်နေကြရပါတယ်၊ တစ်စုက ငရဲတစ်ခုက ငရဲတစ်ခုကို ပြောင်းပြီး ဖြစ်နေကြရပါတယ်၊ ဒီလိုနဲ့ ၉၂-ကမ္ဘာခရီးကို ကျော်ဖြတ်လာကြရပါတယ်၊ ၉၂-ကမ္ဘာကျော်လွန်လာကြရပါတယ်။

ဒီဘဒ္ဒကမ္ဘာမှာ ကဿပဘုရားရှင်လက်ထက် ရောက်လာတော့ စိတ်ပြစ်မှားတဲ့ လူစုက ပြိတ္တာဖြစ်နေကြရပါတယ်၊ အဲဒီအချိန်မှာ လူတွေက ကိုယ့်ဆွေမျိုး ပြိတ္တာတွေအတွက် အလှူဒါနပြုလုပ်ကြပြီး "ဒီအလှူဟာ ငါတို့ရဲ့ ဆွေမျိုးတွေ အတွက် ဖြစ်ပါစေ"လို့ ရည်ညွှန်းကြပါတယ်၊ အမျှအတန်း ပေးဝေကြပါတယ်၊ အဲဒီ ဆွေမျိုးပြိတ္တာတွေက စည်းစိမ်ချမ်းသာကို ရရှိကြပါတယ်။

ဒီတော့ (စိတ်ပြစ်မှားတဲ့လူစုက ဖြစ်နေကြရတဲ့) ပြိတ္တာတွေကလဲပဲ ဒါတွေကို တွေ့နေရတော့ ကဿပဘုရားကို ချဉ်းကပ်ပြီး လျှောက်ထားမေးမြန်းကြပါတယ်။

http://www.dhammadownload.com

"အရှင်ဘုရား ! တပည့်တော်တို့ကလဲပဲ ဒီလိုစည်းစိမ်ချမ်းသာမျိုးကို ရများရရှိနိုင်ကြပါအုံးမလား ?"။

"အခု ငါဘုရားလက်ထက်မှာတော့ သင်တို့ မရနိုင်ကြဘူး၊ ဒါပေမဲ့ နောက်တစ်ချိန်မှာ "ဂေါတမ"ဆိုတဲ့ဘုရား ပွင့်တော်မူလာလိမ့်မယ်၊ အဲဒီ ဂေါတမဘုရားလက်ထက်မှာ "ဗိမ္ဗိသာရ"ဆိုတဲ့မင်း ဖြစ်လာလိမ့်မယ်၊ အဲဒီ ဗိမ္ဗိသာရမင်းဟာ ဒီကမ္ဘာကို မရောက်ခင် ၉၂-ကမ္ဘာထက်က သင်တို့ရဲ့ ဆွေမျိုး ဖြစ်ခဲ့ဘူးတယ်၊ အဲဒီဗိမ္ဗိသာရမင်းဟာ ဂေါတမဘုရားရှင်အား အလှူ ဒါနပြုလုပ်ပြီး သင်တို့အား ရည်ညွှန်း (အမျှအတန်း ပေးဝေ)လိမ့်မယ်၊ အဲဒီ အချိန်ကျတော့ ရကြလိမ့်မယ်"။

ဒီလို မိန့်ကြားတော်မူလိုက်တဲ့ ကဿပရှင်တော်မြတ်ဘုရားရဲ့ စကားတော်ဟာ အဲဒီ ပြိတ္တာတွေအတွက်မှာဖြင့် "နက်ဖြန်ရလိမ့်"လို့ ပြောသလိုပဲ ဖြစ်နေပါတယ်တဲ့။

အဲဒီလိုနဲ့ တဖြည်းဖြည်း ဘုရားရှင် ၂-ဆူတို့ရဲ့ ကြားကာလကို လွန်လာတဲ့ အခါ ဘုန်းကြီးတို့ရဲ့ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလာပါတယ်။

မင်းသားကလေး ၃-ယောက်တို့က ဝေယျာဝစ္စကို ဆောင်ရွက်ကြတဲ့ လူပေါင်း ၂၅၀၀-နဲ့အတူ နတ်ပြည်က စုတေ့လာကြပါတယ်၊ မာဂဓတိုင်း ပုဏ္ဏားမျိုးမှာ ဖြစ်ကြ ပါတယ်၊ နောက်တစ်ချိန်မှာ ရသေ့လုပ်ကြပြီး ဂယာသီသမှာ (ဥရုဝေလ ကဿပ, နဒီကဿပ, ဂယာကဿပ-ဆိုတဲ့) ရသေ့ ၃-ယောက် ဖြစ်လာကြပါတယ်။

ဇနပုဒ်အလုပ်အမှုဆောင် ပုဂ္ဂိုလ်ကတော့ "ဗိမ္ဗိသာရမင်း" ဖြစ်လာပါတယ်၊ ဘဏ္ဍာစိုးကတော့ "ဝိသာခ"ဆိုတဲ့ သူဌေးကြီး ဖြစ်လာပါတယ်၊ ဘဏ္ဍာစိုးရဲ့ဇနီးက "ဓမ္မဒိန္နာ"ဆိုတဲ့ သူဌေးသမီး ဖြစ်လာပါတယ်၊ (ဝိသာခသူဌေးရဲ့ ဒကာမပါပဲ၊) ကျန်တဲ့ပရိသတ်တွေကတော့ ဗိမ္ဗိသာရမင်းရဲ့ အဆွေအရံတွေ ဖြစ်လာကြပါတယ်။

ဂေါတမရှင်တော်ဘုရားဟာ ဘုရားဖြစ်တော်မူပြီးတဲ့နောက် ဗောဓိပင်နဲ့ ရွှေပလ္လင် နားမှာ သတ္တသတ္တာဟ(၄၉-ရက်) ကျော်လွန်စေခဲ့ပါတယ်၊ အဲဒီကမှ တစ်ဆင့် ဗာရာဏသီမြို့ကို ကြွလာပြီး (မိဂဒါယမှာ) ဓမ္မစကြာတရား ဟောတော်မူပါတယ်၊ ပဉ္စဝဂ္ဂီ ၅-ဦးတို့ကို အစထားပြီး ၂၅၀၀(၁၀၀၀) အခြံအရံ ရှိတဲ့ ရသေ့ ၃-ဦး တို့ကို ဆုံးမတော်မူပါတယ်၊ အဲဒီကမှတစ်ဆင့် ရာဇဂြိုဟ်မြို့ကို ကြွတော်မူပါတယ်။

ရာဇဂြိုဟ်မြို့ကို ရောက်တဲ့နေ့မှာပဲ ဆည်းကပ်လာတဲ့ ဗိမ္ဗိသာရမင်းကို မဂဓ တိုင်းသား ပုဏ္ဏားတွေ, အခြားအိမ်ထောင်ရှင်တွေ တစ်သိန်း တစ်သောင်းနဲ့အဘူ သောတာပတ္တိဖိုလ်မှာ တည်စေတော်မူပါတယ်။

http://www.dhammadownload.com

အဲဒီအချိန်မှာပဲ ဗိမ္ဗိသာရမင်းက နောက်နေ့အတွက် ဆွမ်းစားပင့်ပါတယ်၊ ဘုရားရှင်က လက်ခံတော်မူပါတယ်၊ နောက်တစ်နေ့မှာ (ဆွမ်းဘုဉ်းပေးရအောင်) ရာဇဂြိုဟ်မြို့တွင်းကို ဘုရားရှင် ကြွလာတဲ့အခါ သိကြားမင်းက ကာလသားအသွင် ဖန်ဆင်းပြီး ရွှေ့ကသွားရင်း-

"သိင်္ဂီနိုက်ရွှေ-ရောင်အဆင်းလို၊ ပြောင်တဝင်းဝင်း-ထိန်လင်းဖြာ၊
ဘုရားမြတ်မွန်-လွန်ယဉ်ကျေးလို့၊ ကိလေညစ်ကြေး-ကင်းလွတ်ကွာ၊
ကိလေကင်းစင်-ယဉ်သိမ်မွေ့တဲ့၊ ရသေ့ဟောင်းတွေ-ခြံရံကာ၊
ရာဇဂြိုဟ်ခေါ်-မြို့တော်တွင်းကို၊ သာယာဖြည်းညှင်း-ကြွဝင်လာ။"

ဒီလိုအစရှိတဲ့ ကဗျာတွေနဲ့ မြတ်စွာဘုရားကို ချီးကျူးပါတယ်၊ မြတ်စွာဘုရားက ဗိမ္ဗိသာရမင်းရဲ့ နန်းတော်မှာ ကြီးကျယ်များမြတ်တဲ့ အလှူကို လက်ခံတော်မူပါတယ်။

ဒီတော့ "ဗိမ္ဗိသာရမင်းက အခုပဲ တို့အား အလှူကိုရည်ညွှန်းပြီး အမျှအတန်း ပေးဝေလိမ့်မယ်၊ အခုပဲ အမျှပေးဝေလိမ့်မယ်" ဆိုတဲ့ မျှော်လင့်ချက်နဲ့ ပြိတ္တာတွေက (နန်းတော်ကို) ခြံရံပြီး ရပ်နေကြပါတယ်။

ဗိမ္ဗိသာရမင်းက အလှူကို ပေးလှူပြီးတဲ့နောက် "ဘုရားရှင်ဟာ ဘယ်နေရာဌာနမှာ သီတင်းသုံး နေထိုင်ရပါ့မလဲ?" လို့ မြတ်စွာဘုရား သီတင်းသုံး နေထိုင်မဲ့ နေရာဌာနကိုပဲ စဉ်းစားနေပါတယ်၊ အဲဒီအလှူကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ အမျှ အတန်း မပေးဝေခဲ့ပါဘူး။

ပြိတ္တာတွေက မျှော်လင့်ချက် ပြတ်စဲဆုံးရှုံးသွားကြတဲ့အတွက် ညဘက်ကို ရောက်လာတော့ ဗိမ္ဗိသာရမင်းရဲ့ နန်းတော်ထဲမှာ အင်မတန် ကြောက်စရာ လန့်စရာ ကောင်းတဲ့ အသံမျိုးနဲ့ အော်ဟစ်ကြွေးကြော်ကြပါတယ်၊ (ယခုကာလအလို ဆိုရင်တော့ "ပြိတ္တာတွေ ဆန္ဒပြတယ်" လို့ ဆိုရမှာပဲ) ဗိမ္ဗိသာရမင်းကလဲ ကြောက်ရွံ့ ထိတ်လန့်သွားပါတယ်၊ ဒါနဲ့ မိုးလင်းတယ်ဆိုရင်ပဲ မြတ်စွာဘုရားဆီကို သွားရောက် လျှောက်ထားပါတယ်။

"ညတုန်းက ဒီလိုအသံမျိုးတွေကို ကြားနေရပါတယ်ဘုရား၊ ဘုရား တပည့်တော်မှာ ဘယ်လိုများ ဖြစ်နိုင်ပါသလဲ?"။

"မဟာရာဇာ! မကြောက်ပါနဲ့၊ သင့်မှာ တစ်စုံတစ်ရာ နိမ့်ကျမှု မဖြစ်နိုင်ပါဘူး၊ အမှန်ကတော့ သင်ရဲ့ ဆွေဟောင်းမျိုးဟောင်းတွေဟာ ပြိတ္တာတွေ ဖြစ်နေကြတယ်၊ သူတို့တစ်တွေဟာ ကဿပဘုရားရှင်နဲ့ ငါဘုရားရဲ့ ကြားကာလ

http://www.dhammadownload.com

ပတ်လုံး 'သင်မင်းမြတ်က ငါဘုရားအား အလှူဒါန ပေးလှူပြီးတဲ့အခါ ငါတို့အား အမျှအတန်း ပေးဝေလိမ့်မယ်'ဆိုတာကိုပဲ မျှော်လင့်တောင့်တပြီး လှည့်ပတ်သွားလာနေကြတယ်၊ အဲဒီ ပြိတ္တာတွေအား မနေ့က သင်မင်းမြတ်က အမျှအတန်း မပေးဝေမိခဲ့ဘူး၊ ဒါနဲ့ သူတို့တစ်တွေမှာ မျှော်လင့်ချက် ပြတ်စဲဆုံးရှုံးသွားသလို ဖြစ်သွားရတယ်၊ ဒါ့ကြောင့် ဒီလို အော်ဟစ်ကြွေးကြော်ကြတာပါပဲ"။

"အခု လူလို့ရှိရင်ကော ရကြပါအုံးမလား ဘုရား ?"။

"အေး–ရနိုင်ပါတယ်"။

"ဒါဖြင့်ဘုရား ဒီနေ့ပဲ တပည့်တော်ရဲ့အလှူကို လက်ခံတော်မူပါ၊ အဲဒီ ပြိတ္တာတွေကို အမျှပေးဝေလိုပါတယ်"။

ဒီလို ဗိမ္မိသာရမင်းက လျှောက်ထားပါတယ်၊ ဘုရားရှင်ကလဲ လက်ခံတော်မူပါတယ်၊ ဒီတော့ ဗိမ္မိသာရမင်းက နန်းတော်ကို ပြန်သွားပြီး ကြီးကျယ်ခမ်းနားတဲ့ အလှူကို စီမံပါတယ်၊ အကုန်လုံး ကိစ္စပြီးတဲ့အခါ ကြွရောက်ရန် အချိန်တန်ပြီဖြစ်ကြောင်း ဘုရားရှင်အား ပြန်လည်လျှောက်ထားခိုင်းပါတယ်၊ ဒီတော့ ဘုရားရှင်က ရဟန်းတော်တွေနဲ့အတူ နန်းတော်တွင်းကို ကြွလာပြီး ခင်းကျင်းပြင်ဆင်ထားတဲ့ နေရာပေါ်မှာ သီတင်းသုံး ထိုင်နေတော်မူပါတယ်။

ပြိတ္တာတွေကလဲပဲ "ဒီနေ့တော့ ရနိုင်တန်ရာရဲ့"ဆိုတဲ့ မျှော်လင့်ချက်နဲ့ လာရောက်ပြီး နံရံပြင်ဘက် စတဲ့နေရာတွေမှာ ရပ်နေကြပါတယ်။

အဲဒီ ပြိတ္တာတွေဟာ 'ငြူစူမှု'ဆိုတဲ့ ဣဿာ, 'ဝန်တိုမှု'ဆိုတဲ့ မစ္ဆရိယရဲ့ အကျိုးကို ခံစားနေရသူတွေ ဖြစ်ကြပါတယ်၊ ဒီတော့ အချို့ပြိတ္တာတွေက ရှည်လျားဖောက်ပြန်တဲ့ မုတ်ဆိတ်တွေ, ဆံပင်တွေ, မဲမှောင်နေတဲ့ ပါးစပ်တွေ, အကြောတွေက လျော့ရဲရဲ နှောင်ဖွဲ့ထားတဲ့အတွက် တွဲလျားကျနေတဲ့ ကိုယ်အင်္ဂါတွေ, ပိန်ကြုံ့ ကြမ်းတမ်းမဲနက်တဲ့ ကိုယ်အင်္ဂါတွေနဲ့ အင်မတန် အကျည်းတန် အရုပ်ဆိုးကြပါတယ်၊ နေရာတိုင်းလိုလိုမှာ တွေ့နေရတဲ့ တောမီးလောင်ထားတဲ့ ထန်းပင်ငုတ်တိုလို ဖြစ်နေကြပါတယ်။

အချို့ပြိတ္တာတွေက "ထမင်းဆာခြင်း"ဆိုတဲ့ပွတ်ခုံ, "ရေငတ်ခြင်း"ဆိုတဲ့ ပွတ်ကျည်တို့ရဲ့ ပွတ်တိုက်ခြင်းကြောင့် ရင်ကစ တောက်လောင်လာပြီး ပါးစပ်က ထွက်နေတဲ့ မီလျှံတွေနဲ့ တစ်ကိုယ်လုံး လောင်မြိုက်မှုကို ခံနေကြရပါတယ်။

အချို့ပြိတ္တာတွေက သူတို့ရဲ့ လည်ချောင်းပေါက်က အပ်နဖားပေါက်လောက် သေးငယ်ပြီး ဝမ်း(ဗိုက်)က တောင်ကြီးသဖွယ် ဖြစ်နေလေတော့ စားစရာ သောက်စရာကို ရပေမဲ့ မစားနိုင် မသောက်နိုင်တဲ့အတွက် ဆာလောင်မွတ်သိပ်မှုဒဏ်ကို

http://www.dhammadownload.com

အလူးအလိမ့် ခံနေကြရပါတယ်၊ သူတို့တစ်တွေဟာ အဲဒီ ဆာလောင်မွတ်သိပ်မှုမှ တစ်ပါး အခြား ဘာအရသာကိုမှ မရရှိကြပါဘူး။

အချို့ပြိတ္တာတွေက အချင်းချင်းရဲ့ ကိုယ်မှာပဲဖြစ်ဖြစ်, အခြားသတ္တဝါတွေရဲ့ ကိုယ်မှာပဲဖြစ်ဖြစ် ပြည်တည်ပြီး ပေါက်ကွဲလာတဲ့ အိုင်းအမာတွေ, (အနာဆိုး အနာပျက်တွေ), သွေးစုနာတွေရဲ့ အဝက ယိုစီးထွက်ကျလာတဲ့ သွေးပြည်အနာစေးစတဲ့ဟာတွေကို အမြိုက်သုဓာဘုတ်ကိုလို မြိန်မြိန်ရှက်ရှက် လျက်နေကြရတယ်၊ အင်မတန် အကျည်းတန် အရုပ်ဆိုးပြီး ကြောက်စရာ လန့်စရာကောင်းတဲ့ကိုယ် ရှိကြပါတယ်။

ဘုရားရှင်ကလဲ ဒီပြိတ္တာတွေ အကုန်လုံးကိုပဲ ဗိမ္မိသာရမင်း တွေ့မြင်နိုင်အောင် အဓိဋ္ဌာန်ထားပါတယ်။

ဗိမ္မိသာရမင်းက အလှူရေကို ဆက်ကပ်ရင်း "ဒီအလှူဟာ ငါ့ဆွေမျိုးတွေ အတွက် ဖြစ်ပါစေ"လို့ ရည်ညွှန်းပါတယ်၊ အမျှပေးဝေပါတယ်၊ အဲဒီ လှူဒါန်း အမျှပေးဝေတဲ့ ခဏမှာပဲ ပြိတ္တာတွေမှာ ကြာမျိုး ၅-ပါးနဲ့ ဖုံးလွှမ်းနေတဲ့ ရေကန်တွေ ဖြစ်လာရပါတယ်၊ သူတို့တစ်တွေဟာ အဲဒီဖြစ်ပေါ်လာတဲ့ ရေကန်မှာ ရေလဲချိုးကြပါတယ်၊ ရေလဲသောက်ကြပါတယ်၊ ဒါနဲ့ ပူလောင်ခြင်း, ပင်ပန်းခြင်း, ရေဆာခြင်းတွေ အေးငြိမ်းပြီး ရွှေအဆင်းနဲ့ တူတဲ့ အဆင်း ရှိလာကြပါတယ်။

ဗိမ္မိသာရမင်းက ယာဂုခဲဖွယ် ဘောဇဉ်တွေကို ပေးလှူရင်းလဲ သူတို့ကို ရည်ညွှန်းပြီး အမျှပေးဝေပါတယ်၊ အဲဒီ အမျှပေးဝေတဲ့ ခဏမှာပဲ ပြိတ္တာတွေမှာ ကောင်းမွန်တဲ့ ယာဂုခဲဖွယ် ဘောဇဉ်တွေ ဖြစ်ပေါ်လာကြပါတယ်၊ သူတို့ တစ်တွေဟာ အဲဒီ ယာဂုခဲဖွယ်ဘောဇဉ်တွေကို စားသောက်ကြရပြီး ကြည်ကြည်လင်လင် ဝဝဖြိုးဖြိုး ဖြစ်လာကြပါတယ်။

ပြီးတော့ အဝတ်တွေ, အိပ်ရာနေရာတွေကို လှူပြီး အမျှဝေပြန်ပါတယ်၊ ပြိတ္တာတွေမှာ အရောင်တလက်လက် တောက်ပြောင်နေတဲ့ အဝတ်တွေ, ယာဉ်တွေ, ပြာသာဒ်တွေ, အိပ်ရာခင်းတွေ, အိပ်ရာတွေစတဲ့ အဆင်တန်ဆာ အထူးအပြားတွေ ဖြစ်ပေါ်လာကြပါတယ်။

ဒီစည်းစိမ်ချမ်းသာ အကုန်လုံးကိုလဲ ဗိမ္မိသာရမင်း မြင်ရအောင် ဘုရားရှင်က အဓိဋ္ဌာန်ထားပါတယ်၊ ဒါနဲ့ ဗိမ္မိသာရမင်းက အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပါတယ်။

အဲဒီ နောက်မှာ မြတ်စွာဘုရားက ဆွမ်းဘုဉ်းပေးတော်မူပါတယ်၊ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ဗိမ္မိသာရမင်းအား အနုမောဒနာတရား ဟောကြားတော်မူပါတယ်။

http://www.dhammadownload.com

၁။ (မဟာရာဇာ ! သင်ရဲ့ဆွေမျိုးဖြစ်ဖူးတဲ့ ပြိတ္တာတွေဟာ) ကိုယ့်အိမ်(ဆိုတဲ့ အမှတ်နဲ့ သင်ရဲ့နန်းတော်)သို့ လာကြပြီး နံရံတစ်ဖက်, အိမ်စပ်, နံရံစပ်, လေသာပြတင်းအစပ်, ခရီးလမ်းဆုံ, တံခါးဝ, တံခါးပေါက်တွေမှာ ရပ်နေကြပါတယ်။

ဗိမ္ဗိသာရမင်းအား ပြိတ္တာတွေကို ပြလိုတာနဲ့ မြတ်စွာဘုရားက ဒီလိုမိန့်တော်မူပါတယ်၊ ပြိတ္တာတွေအတွက်–

"၁။ ဆွေဟောင်းမျိုးဟောင်းတွေရဲ့ အိမ်၊

၂။ မိမိကိုယ်တိုင် ပိုင်ရှင်အနေနဲ့ နေထိုင်ခဲ့တဲ့ အိမ်။"

ဒီအိမ် ၂–မျိုးလုံးကိုပဲ "ကိုယ့်အိမ်"လို့ဆိုရပါတယ်၊ ပြိတ္တာတွေဟာ ဒီအိမ် ၂–မျိုးလုံးသို့ ကိုယ့်အိမ်အမှတ်နဲ့ လာတတ်ကြပါတယ်၊ ဒါ့ကြောင့် ဗိမ္ဗိသာရမင်းရဲ့ နန်းတော်သို့ လာကြတာကိုပဲ "ကိုယ့်အိမ်သို့ လာကြတယ်"လို့ ဆိုရပါတယ်။

ဒီတော့ ကွယ်လွန်သွားတဲ့ ပုဂ္ဂိလ်ကို ရည်ညွှန်းပြီး အလှူဒါန ပြုလုပ်ကြတဲ့အခါမှာ "သူတို့ကိုယ်တိုင် နေထိုင်သွားတဲ့အိမ်, ဆွေမျိုးသားချင်းတွေရဲ့အိမ်"၊ ဒီအိမ် ၂–မျိုးထဲက တစ်မျိုးမျိုးမှာ လုပ်သင့်ပါတယ်၊ အခြားကျောင်းတွေ, ဇရပ်တွေမှာ သွားလုပ်ကြတာကတော့ ဒီလောက်အကျိုးသက်ရောက်မှု ရှိမယ်မထင် ပါဘူး၊ သူတို့ကိုယ်တိုင် တွေ့မြင်လိုက်ပါပြီး အနုမောဒနာပြုနိုင်မှ အကျိုးခံစားခွင့် ရကြပါလိမ့်မယ်။

၂။ မဟာရာဇာ ! များပြားလှတဲ့ ထမင်းအဖျော် ခဲဖွယ်ဘောဇဉ်တွေကို အသင့်စီမံ ပြင်ဆင်ပြီးဖြစ်ပေမဲ့ ပြိတ္တာဘုံမှာဖြစ်နေကြတဲ့ သတ္တဝါတွေရဲ့ (မိမိကိုယ်တိုင်ကလဲ မပေးလှူခြင်း, သူများလှူတာကိုလဲ တားမြစ်ခြင်းစတဲ့) အကုသိုလ်ကံကြောင့် အဲဒီပြိတ္တာဘုံမှာ ဖြစ်နေကြတဲ့ သတ္တဝါတွေကို (အမေအဖေ သားသမီး, မြေးမြစ်–စတဲ့) မည်သူတစ်ဦး တစ်ယောက်ကမှ သတိမရကြဘူး။

ဒီစကားနဲ့ "အဲဒီပြိတ္တာတွေ လုပ်လာတဲ့ အကုသိုလ်ကံဟာ ဘယ်လောက်အပြစ်ကြီးလေးတယ်"ဆိုတာကို ပြပါတယ်။

"ပြိတ္တာတွေ"ဆိုတာဟာ မိမိကိုယ်တိုင်လဲ မပေးလှူခြင်း, သူများပေးလှူတာကိုလဲ တားမြစ်ပိတ်ပင်ခြင်းစတဲ့ "အလွန်ဝန်တိုနှမြောခြင်း"ဆိုတဲ့ အကုသိုလ်ကံမျိုးကို လုပ်လာကြပါတယ်၊ ဒါနဲ့ ပြိတ္တာဘဝမှာ စားရမဲ့ သောက်ရမဲ့ဖြစ်ပြီး အင်မတန်ဆင်းရဲဒုက္ခ ရောက်ကြရပါတယ်။

http://www.dhammadownload.com

"ငါတို့ကို ရည်ညွှန်းပြီး တစ်စုံတစ်ခုကို လှူဒါန်းတန်ရာရဲ့"၊ ဒီလို ဆွေမျိုးတွေ (ရဲ့ ကုသိုလ်လုပ်ပြီး အမျှအတန်း ပေးဝေမှု)ကို မျှော်လင့်တောင့်တပြီး လှည့်ပတ် သွားလာနေကြပါတယ်၊ ဒါပေမဲ့ သူတို့လုပ်ထားတဲ့ အကုသိုလ်ကံက တားမြစ် ထားတဲ့အတွက် (အမေအဖေ သားသမီးစတဲ့ ဆွေမျိုးတွေထဲက) မည်သူတစ်ဦး တစ်ယောက်ကမှ အလှူဒါနပြုလုပ်ပြီး အမျှပေးဝေဖို့ သတိမရကြပါဘူးတဲ့။

၃+၄။ မဟာရာဇာ ! အဲဒီ ပြိတ္တာတွေရဲ့ အကုသိုလ်ကံကြောင့် အမိအဖစတဲ့ မည်သူတစ်ဦးတစ်ယောက်ကမှ သူတို့ကို သတိမရကြပေမဲ့ သင်မင်း မြတ်က ဆွေမျိုးပြိတ္တာတွေရဲ့ အကျိုးစီးပွားကို လိုလားသလို ဆွေမျိုးပြိတ္တာ တွေရဲ့ အကျိုးစီးပွားကို လိုလားကြတဲ့လူတွေက "ဒီလှူဖွယ်ဝတ္ထုဟာ ပြိတ္တာဘုံမှာဖြစ်နေကြတဲ့ တို့ဆွေမျိုးတွေအတွက် ဖြစ်ပါစေ၊ ပြိတ္တာဘုံမှာ ဖြစ်နေကြတဲ့ ဆွေမျိုးတွေဟာ ချမ်းသာသုခ ရကြပါစေ"၊ ဒီလိုရည်ညွှန်းပြီး ဒကာတော်မင်းမြတ် လှူသလို သင့်တော်လျောက်ပတ်တဲ့ အခါမှာ စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့, မွန်မြတ်တဲ့ သူတော်ကောင်းတွေအား သင့်တော်လျောက်ပတ်တဲ့ စားဖွယ်သောက်ဖွယ်(စတဲ့ လှူဖွယ်ဝတ္ထု)ကို ပေးလှူတတ်ကြပါတယ်။

ဒီစကားနဲ့ ဗိမ္မိသာရမင်းက ဆွေမျိုးပြိတ္တာတွေကို ရည်ညွှန်းလှူဒါန်းတဲ့ အလှူဒါန ကိုလဲ ချီးကျူးတော်မူပါတယ်၊ ပြိတ္တာတွေ အကျိုးခံစားခွင့်ရအောင် လှူပုံလှူနည်း ကိုလဲ ညွှန်ကြားတော်မူပါတယ်။

"သင့်တင့်လျောက်ပတ်တဲ့အခါ"ဆိုတာက အလှူခံပုဂ္ဂိုလ်တို့ သုံးဆောင်ဖို့ သင့်တော်တဲ့အခါမျိုး, ဆွေမျိုးပြိတ္တာတွေက နံရံတစ်ဖက်စသည်မှာ လာပြီးတည်နေတဲ့ အခါမျိုးကို ဆိုလိုပါတယ်။

"စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့"ဆိုတဲ့စကားနဲ့ "အလှူဝတ္ထုဟာ တရား သဖြင့် ရှာဖွေလို့ ရလာတဲ့ပစ္စည်းမျိုး ဖြစ်စေရမယ်"ဆိုတာကို ညွှန်ပြပါတယ်။

"သူတော်ကောင်းတွေအား သင့်တော်လျောက်ပတ်တဲ့"ဆိုတဲ့စကားနဲ့ "လှူဖွယ် ဝတ္ထုဟာ သူတော်ကောင်းတွေ သုံးဆောင်ထိုက်တဲ့ ပစ္စည်းမျိုး ဖြစ်စေရမယ်" ဆိုတာကို ပြပါတယ်၊ ဒီတော့ သေသူကို ရည်မှန်းပြီး လှူဒါန်းတဲ့ အလှူဒါနမျိုးမှာ ပိုက်ဆံကြေးငွေစတဲ့ ဝတ္ထုမျိုးကို မလှူဒါန်းမိအောင် သတိပြုသင့်ပါတယ်။

"စားဖွယ် သောက်ဖွယ်"ဆိုတဲ့ စကားနဲ့တော့ "အပ်စပ်တဲ့ လှူဖွယ်ဝတ္ထု အကုန် လုံးကို ညွှန်ပြပြီးဖြစ်တယ်"လို့ မှတ်ရပါမယ်။

http://www.dhammadownload.com

၄+၅။ မဟာရာဇာ ! အဲဒီ ဆွေမျိုးပြိတ္တာတွေဟာ အညီအညွတ် ပေါင်းစုပြီး မိမိတို့ကို ရည်ညွှန်းပေးလှူတဲ့ နေရာဌာနကို (အနုမောဒနာပြုဖို့) လာရောက်တတ်ကြပါတယ်၊ များပြားလှတဲ့ (မိမိတို့ကို ရည်ညွှန်း ပေးလှူတဲ့) ထမင်း အဖျော်စတဲ့ ဝတ္ထုမှာ ရိရိသေသေ အနုမောဒနာ ပြုကြပါတယ်။

ဒီ စကားရပ်နဲ့ ပြိတ္တာဘုံမှာဖြစ်နေကြတဲ့ သတ္တဝါတွေရဲ့ အဲဒီ လှူတဲ့ခဏမှာပဲ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံဖြစ်ပုံကို ပြတော်မူပါတယ်။

"ဒီအလှူဝတ္ထုဟာ တို့ဆွေမျိုးတွေအတွက် ဖြစ်ပါစေ"လို့ ပြောဆိုလှူဒါန်းပေမဲ့ တစ်ဦးကလုပ်တဲ့ ကုသိုလ်ကံဟာ အခြားတစ်ဦးအတွက် အကျိုးမပေးနိုင်ပါဘူး၊ အမှန်ကတော့ အဲဒီလို ရည်ညွှန်းလှူဒါန်းတဲ့ ဝတ္ထုဟာ ဆွေမျိုးပြိတ္တာတွေအတွက် ကုသိုလ်ကောင်းမှုရဲ့ အထောက်အကူလောက်သာ ဖြစ်ပါတယ်၊ "ဒီအလှူဒါနဟာ ငါတို့အတွက် စီးပွားချမ်းသာ ဖြစ်ပါစေ"၊ ဒီလို ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်ပြီး ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုတဲ့ ကုသိုလ်ကံက အဲဒီ ခဏမှာပဲ အကျိုးပေးပါတယ်။

"၁။ မိမိတို့ကိုယ်တိုင်က အနုမောဒနာပြုခြင်း၊
၂။ အလှူ.ဒကာတို့က ရည်ညွှန်းခြင်း၊ (အမျှဝေခြင်း၊)
၃။ အလှူခံပုဂ္ဂိုလ်ရဲ့ ပြည့်စုံခြင်း။"

ဒီအကြောင်းအင်္ဂါ ၃-ပါး ညီညွတ်မှ အလှူဒါနဟာ ပြည့်စုံနိုင်ပါတယ်၊ အဲဒီ ခဏမှာပဲ အကျိုးကို ဖြစ်စေနိုင်ပါတယ်။

၅+၆။ ငါတို့ရဲ့ ဆွေမျိုးတွေဟာ ကြာရှည်လေးမြင့်အသက်ရှည်ကြပါစေ၊ ဒီဆွေမျိုးတွေကို အကြောင်းပြုပြီး ငါတို့က ဒီလို(သဘောရှိတဲ့) စည်းစိမ်ချမ်းသာမျိုးကို ရကြပါတယ်၊ ("ဒီလှူဖွယ်ဝတ္ထုဟာ တို့ဆွေမျိုးတွေအတွက် ဖြစ်ပါစေ"လို့ ရည်ညွှန်းလှူဒါန်းကြတဲ့) အလှူ.ဒကာတွေဟာ ငါတို့ကိုလဲ ပူဇော်မှုကို ပြုကြပါတယ်။ (ဒီလို ပြိတ္တာတွေက ချီးကျူးကြပါတယ်။)

ဒါကတော့ ဆွေမျိုးတွေကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ ကုသိုလ်ကံရဲ့ အကျိုးကို ခံစားနေကြရတဲ့ ပြိတ္တာတွေက ဆွေမျိုးတွေအား ပြန်ပြီးချီးမွမ်းထောမနာ ပြုပုံကို ပြတဲ့စကားပါပဲ။

၆+၇။ မဟာရာဇာ ! ပြိတ္တာဘုံမှာ ချမ်းသာစွာ အသက်မွေးကြောင်းဖြစ်တဲ့ လယ်ထွန်မှုလဲ မရှိဘူး၊ နွားမွေး နွားကျောင်းမှုလဲ မရှိဘူး၊ စည်းစိမ်

http://www.dhammadownload.com

ချမ်းသာ ရကြောင်းဖြစ်တဲ့ ကုန်သွယ်မှုလဲ မရှိ၊ လွှဲငွေနဲ့ ရောင်းဝယ်မှုလဲ မရှိဘူး၊ ဒီဘဝက သေဆုံးသွားပြီး ပြိတ္တာဘုံမှာ ဖြစ်ကြတဲ့သူတွေဟာ ဒီလူ့ဘုံက (ဆွေမျိုးသားချင်း, မိတ်ဆွေ သူငယ်ချင်းတွေက) ရည်ညွှန်းပေးလှူတဲ့ ဒါနရဲ့အကျိုးနဲ့ပဲ ဒီပြိတ္တာဘုံမှာ မျှတနေကြရပါတယ်။

ဒီစကားနဲ့ ပြိတ္တာဘုံမှာ ဖြစ်နေကြတဲ့ သတ္တဝါတွေမှာ အခြားလယ်ထွန် နွားကျောင်းမှု စတဲ့စည်းစိမ်ချမ်းသာကို ရခြင်းရဲ့အကြောင်းမရှိပုံ, ဒီလူ့ဘုံမှာ ရှိနေကြတဲ့ ဆွေမျိုးသားချင်းတွေက ရည်ညွှန်းလှူဒါန်းတဲ့ အလှူဒါနနဲ့ပဲ ပြိတ္တာဘဝမှာ မျှတနေကြရပုံကို ပြပါတယ်။

၈။ မဟာရာဇာ ! မြင့်မောက်တဲ့နေရာမှာ ရွာတဲ့မိုးရေက နိမ့်တဲ့နေရာကို စီးသွားသလို ဒီလူ့ပြည်က (ဆွေမျိုးသားချင်း အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတွေက) ရည်ညွှန်းလှူဒါန်းတဲ့ ဒါနအကျိုးဟာ ပြိတ္တာတွေအတွက် ဖြစ်နိုင်ပါတယ်။

၉။ ရေပြည့်နေတဲ့ မြစ်ကြီးတွေဟာ သမုဒ္ဒရာကို ပြည့်စေသလို ဒီလူ့ပြည်က ရည်ညွှန်းပေးလှူတဲ့ ဒါနရဲ့အကျိုးဟာ ပြိတ္တာတွေအတွက် ဖြစ်နိုင်ပါတယ်။

ဒီစကားတွေကတော့ "ဒီဘဝက ရည်ညွှန်းလှူဒါန်းတဲ့ ဒါနနဲ့ပဲ ပြိတ္တာတွေက မျှတနေကြရတယ်"ဆိုတာကို ဥပမာနဲ့ ထင်ရှားအောင်ပြတဲ့ စကားတွေပါပဲ။

၁၀။ ဒီလူဟာ ငါ့အား ဘာတွေကို ပေးဖူးတာပဲ၊ ငါ့ရဲ့ကိစ္စကို ကိုယ်ဖိရင်ဖိ လုပ်ကိုင်ဆောင်ရွက်ပေးဖူးတာပဲ၊ ဒီလူဟာ ငါ့ရဲ့ မိဘက် ဘဘက်က တော်စပ်တဲ့ ဆွေမျိုးသားချင်းပဲ၊ ငါ့ရဲ့မိတ်ဆွေပဲ၊ ငါ့ရဲ့ သူငယ်ချင်းပဲ၊ ဒီလို ရှေးက လုပ်ကိုင်ဆောင်ရွက်ဖူးတာ(စသည်)ကို အောက်မေ့အမှတ်ရပြီး ပြိတ္တာတွေအတွက် အလှူဒါန ပြုလုပ်သင့်ပါတယ်။

ဒါကတော့ "ပြိတ္တာတွေ"ဆိုတာဟာ "ဒီအိမ်က တစ်စုံတစ်ရာရလိမ့်မယ်"ဆိုတဲ့ မျှော်လင့်ချက် ကြီးမားစွာနဲ့ ဆွေမျိုးတွေအိမ်ကို လာပြီးတော့လဲ "တို့အား ဒါလေးလောက်တော့ ပေးကြပါအုံး"လို့ မတောင်းနိုင်ကြတော့ပါဘူး၊ ဒါ့ကြောင့် "အောက်မေ့သင့် အမှတ်ရသင့်တာတွေကို အောက်မေ့အမှတ်ရပြီး သူတို့အတွက် အလှူဒါန ပြုလုပ်ပေးကြပါ"လို့ မြတ်စွာဘုရားက တိုက်တွန်းတဲ့ စကားဖြစ်ပါတယ်။

၁၁။ မဟာရာဇာ ! (ဆွေမျိုးတွေ သေဆုံးတဲ့အတွက်) ငိုကြွေးမှု, စိုးရိမ်မှု, အခြားမြည်တမ်းမှုတွေကို မပြုသင့်ပါဘူး၊ အဲဒီ "ငိုကြွေးခြင်း, စိုးရိမ်ခြင်း, မြည်တမ်းခြင်း"ဆိုတာဟာ သေသွားတဲ့လူအတွက် ဘာအကျိုးမှ မရှိ

http://www.dhammadownload.com

ပါဘူး၊ ဒါပေမဲ့ ပညာနည်းပါး၊တဲ့ အချို့ဆွေမျိုးတွေကတော့ ဒီ ငိုကြွေးမှု, စိုးရိမ်ပူဆွေးမှု, မြည်တမ်းမှုတွေကို ပြုနေကြတာပဲ။

ဒီစကားနဲ့ အချို့ပုဂ္ဂိုလ်တွေက ဆွေမျိုးသေဆုံး၊တဲ့အတွက် ငိုကြွေးမှု, စိုးရိမ်ပူဆွေးမှု, မြည်တမ်းမှုတွေကိုချည်း ပြုလုပ်နေကြပါတယ်၊ သေသွား၊တဲ့ လူတွေအတွက် (ရည်ညွှန်းပြီး) ဘာတစ်ခုမှ မပေးလှူကြဘူး၊ အဲဒီပုဂ္ဂိုလ်တွေရဲ့ ငိုကြွေးမှု, စိုးရိမ်မှု, ပူပန်မှု, မြည်တမ်းမှုတွေဟာ ကိုယ်ပင်ပန်းရုံသက်သက်မျှသာဖြစ်တယ်၊ "ပြိတ္တာတွေအတွက် ဘာအကျိုးကိုမျှ မပြီးစေနိုင်ပါဘူး၊ မဖြစ်ထွန်းစေနိုင်ပါဘူး"လို့ ညွှန်ကြားတော်မူပါတယ်။

၁၂။ မဟာရာဇာ ! ပြိတ္တာဘုံမှာ ဖြစ်နေကြတဲ့ သတ္တဝါတွေကို ရည်ညွှန်းပြီး ပေးလှူတဲ့, သံဃာတော်မှာ ကောင်းစွာတည်စေတဲ့ ဒီအလှူဟာ (ဆွေမျိုးပြိတ္တာတွေအတွက်) ကြာရှည်လေးမြင့် အစီးအပွားအလို့ငှာ ဖြစ်တယ်၊ ရည်မှတ်ပေးလှူတဲ့ ခဏမှာပဲ အကျိုးရှိတယ်။

ဒီစကားနဲ့ ဗိမ္ဗိသာရမင်းလှူတဲ့ အလှူရဲ့ အကျိုးရှိကြောင်းကို ပြတော်မူပါတယ်။

"သံဃာ"ဆိုတာဟာ လောကသူ လောကသား၊တွေအတွက် ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့နေရာမှာ အကောင်းဆုံး အလှူခံဖြစ်ပါတယ်၊ ဒါ့ကြောင့် သံဃာတွေကို ပေးလှူတဲ့ အလှူဟာ ပြိတ္တာတွေအတွက် ကြာရှည်လေးမြင့် အစီးအပွားကို ဆောင်ရွက်နိုင်ပါတယ်၊ အကျိုးရှိပါတယ်၊ ခုပွပါသိက–စားလို့မဝင် ငတ်မွတ်နေတဲ့ ပြိတ္တာမျိုး၊ ဝန္တာသ–လူနာအန်ဖတ်စသည်ကို စားရတဲ့ ပြိတ္တာမျိုး၊ ပရဒတ္တူပဇီဝိ–သူတစ်ပါး ပေးကမ်းတာကို မှီပြီး အသက်မွေးကြရတဲ့ ပြိတ္တာမျိုး၊ နိဇ္ဈာမတဏှိကာ–ဝမ်းဆွေးငိုးထဲမှာ တပြောင်ပြောင် တောက်လောင်နေတဲ့ ပြိတ္တာမျိုး စသည်အပြားရှိတဲ့ အရာဌာနမှာ ထင်ရှားဖြစ်ပေါ်လာရတယ်။

"ဘယ်လို အကျိုးရှိသလဲ ?"ဆိုတော့ ပြိတ္တာတွေကို ရည်ညွှန်းပြီး ပေးလှူတဲ့ အခါမှာ ပြိတ္တာတွေက အနုမောဒနာ ပြုလို့ရှိရင် အဲဒီ အနုမောဒနာပြုတဲ့ ခဏမှာပဲ အနုမောဒနာပြုတဲ့ကုသိုလ်ရဲ့အကျိုးကြောင့် ပြိတ္တာတွေ စားကြရ, သောက်ကြရပါတယ်၊ (ပြိတ္တာဘဝကတော့ လွတ်သွား၊တဲ့သူလဲ လွတ်သွားကြပါတယ်၊ မလွတ်တဲ့သူလဲ မလွတ်ကြပါဘူး၊) ဒါဟာ ဆွေမျိုးပြိတ္တာကို ရည်ညွှန်းလှူဒါန်း၊တဲ့ အရာမှာ ဖြစ်ရိုးဖြစ်စဉ်သဘောပါပဲ။[၁]

၁၃။ မဟာရာဇာ ! (အလှူကို ရည်ညွှန်းပေးလှူတဲ့ သင်ဟာ) ဆွေမျိုးတွေအတွက် ဆွေမျိုးတွေက လုပ်ရမဲ့ကိစ္စကို ပြုလုပ်တဲ့အတွက် ဆွေမျိုးတွေက

၁။ ပေတ–၄၊ ၁၇။

http://www.dhammadownload.com

ဆွေမျိုးတွေအတွက် လုပ်ရမဲ့အကျင့်ကို လူတွေအား ညွှန်ပြပြီး ဖြစ်တယ်၊ ပြိတ္တာတို့အား အင်မတန် ကောင်းမွန်တဲ့ စည်းစိမ်ချမ်းသာတွေကို ရစေတဲ့အတွက် ပြိတ္တာတို့အား မြတ်တဲ့ပူဇော်မှုကို ပြုလုပ်ပြီးလဲ ဖြစ်တယ်၊ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို ဆွမ်းစတဲ့ အလှူဝတ္ထုတွေနဲ့ ရောင့်ရဲစေတဲ့အတွက် ရဟန်းတော်များအား ခွန်အားဗလကိုလဲ ပေးလှူပြီး ဖြစ်တယ်၊ သနားကြင်နာမှုစတဲ့ ဂုဏ်တွေနဲ့ ခြံရံနေတဲ့ စွန့်ကြဲမှု စေတနာကို ဖြစ်စေတဲ့အတွက် များပြားလှတဲ့ ကုသိုလ်ကောင်းမှုကို ဆည်းပူးပြီးလဲ ဖြစ်တယ်။

မြတ်စွာဘုရားက ဒီလို ဟုတ်မှန်တဲ့ ဂုဏ်တွေကို မိန့်တော်မူပြီး ဗိမ္မိသာရမင်းကို ရွှင်လန်းအားတက်စေပါတယ်။

တိရောကုဋ္ဌသတ္တန် ဒေသနာတော်ဟာ ဒီမှာပဲ ပြီးဆုံးသွားပါတယ်၊ ဒီတော့ ပြိတ္တာဘုံမှာ ဖြစ်နေတဲ့ ဆွေမျိုးတွေဟာ ဒီလိုရည်ညွှန်းလှူဒါန်းတဲ့ ဒါနရဲ့အကျိုးကို ခံစားရသလား ?၊ သို့မဟုတ် အခြားဘုံမှာ ဖြစ်နေကြတဲ့ ဆွေမျိုးတွေကလဲ ခံစားကြရသလား ? ဆိုတဲ့ပြဿနာကို ဘုရားရှင်ကိုယ်တိုင် ဇာတ္တသောဏိသုတ်မှာ ဖြေရှင်းထားပါတယ်၊ ဒါနဲ့ ဇာတ္တသောဏိသုတ်ကို ဆက်လက်ပြောကြားပါ့မယ်။

ဇာတ္တသောဏိသုတ် [၁]

တစ်နေ့မှာ ဇာတ္တသောဏိပုဏ္ဏားက မြတ်စွာဘုရား ထံတော်မှောက်ကို ချဉ်းကပ်ရောက်လာပါတယ်၊ မြတ်စွာဘုရားနဲ့ ဝမ်းမြောက်ဝမ်းသာ ပြောဆိုနေပါတယ်၊ ပြီးတော့ မိမိသိလိုတဲ့ အချက်အလက်တွေကို လျှောက်ထားမေးမြန်းပါတယ်။

"အရှင်ဂေါတမ ! အကျွန်ုပ်တို့ ပုဏ္ဏားတွေက 'ဒီအလှူဟာ ကွယ်လွန်သွားတဲ့ ဆွေမျိုးသားချင်းတို့သို့ ရောက်ပါစေ၊ ဒီအလှူကို ကွယ်လွန်သွားတဲ့ ဆွေမျိုးသားချင်းတို့က သုံးဆောင်ကြပါစေ' ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အလှူများကိုလဲ ပေးလှူကြပါတယ်၊ ကုမ္မီးထမင်း[၂]ကိုလဲ ပြုကြပါတယ်၊ အဲဒီအလှူဟာ ကွယ်လွန် သွားကြတဲ့ ဆွေမျိုးသားချင်းများဆီကို ရောက်ပါသလား၊ ကွယ်လွန်သွားကြတဲ့ ဆွေမျိုးသားချင်းတွေက ဒီအလှူကို သုံးဆောင်ကြရပါသလား ?။

"ပုဏ္ဏား ! ရောက်သင့်တဲ့အရပ်မှာ ရောက်ပါတယ်၊ မရောက်သင့်တဲ့အရပ်မှာ မရောက်ပါဘူး"။

"အရှင်ဂေါတမ ! 'ရောက်သင့်တဲ့အရပ်' ဆိုတာ ဘယ်ဟာပါလဲ၊ 'မရောက်သင့်တဲ့ အရပ်' ဆိုတာကော ဘယ်ဟာပါလဲ ?"။

၁။ အံ-ပါ-၃၊ ၄၇၈။ ၂-၃၊ ၃၃၈။ ၂။ ကွယ်လွန်သူအား ရည်ညွှန်းပေးလှူသော ခဲဖွယ်ဘောဇဉ်။

http://www.dhammadownload.com

"ပုဏ္ဏား ! ဒီဘဝမှာ ဒုစရိုက်ကိုပြုကျင့်တဲ့ သူအချို့ဟာ သေသည်မှနောက် ငရဲကို ရောက်ကြရပါတယ်၊ သူဟာ ငရဲသားသတ္တဝါရဲ့ ('ကဲ'ဆိုတဲ့) အစာအာဟာရနဲ့ ငရဲမှာ မျှတရပါတယ်၊ အဲဒီ အစာအာဟာရနဲ့ပဲ သူဟာ ငရဲမှာ တည်ရပါတယ်၊ ပုဏ္ဏား ! ဒါလဲ ရောက်သင့်တဲ့အရပ် မဟုတ်ဘူး၊ ငရဲမှာ တည်နေတဲ့ ပုဂ္ဂိုလ်ဆီကို ဒီဒါနဟာ မရောက်ပါဘူး။

ပုဏ္ဏား ! ဒီဘဝမှာ ဒုစရိုက်ပြုကျင့်တဲ့ သူအချို့ဟာ သေသည်မှနောက် ဝဲရဏ္ဍာန် ဖြစ်ကြရပါတယ်၊ သူဟာ တိရစ္ဆာန်သတ္တဝါတွေရဲ့ (မြက်သစ်ရွက်စတဲ့)အစာနဲ့ တိရစ္ဆာန်ဘဝမှာ မျှတနေရပါတယ်၊ အဲဒီအစာနဲ့ပဲ သူဟာ တိရစ္ဆာန်ဘဝမှာ တည်နေရပါတယ်၊ ပုဏ္ဏား ! ဒါလဲ ရောက်သင့်တဲ့အရပ် မဟုတ်သေးပါဘူး၊ တိရစ္ဆာန်ဘဝမှာတည်နေတဲ့ ပုဂ္ဂိုလ်ဆီကို ဒီ ဒါနဟာ မရောက်ပါဘူး။

ပုဏ္ဏား ! ဒီဘဝမှာ သုစရိုက် ပြုကျင့်တဲ့သူအချို့ကတော့ သေသွားတဲ့အခါ လူ့ဘဝကို ရောက်ကြရပါတယ်၊ သူဟာ လူတို့ရဲ့ (ထမင်း, မုယောမုန့်စတဲ့) အစာနဲ့ပဲ လူ့ဘဝမှာ မျှတနေရပါတယ်၊ အဲဒီအစာနဲ့ပဲ သူဟာ လူ့ဘဝမှာ တည်နေရပါတယ်၊ ပုဏ္ဏား ! ဒါလဲ ရောက်သင့်တဲ့အရပ် မဟုတ်သေးပါဘူး၊ လူ့ဘဝမှာတည်နေတဲ့ လူ့ဆီကို အဲဒီ ဒါနဟာ မရောက်ပါဘူး။

ပုဏ္ဏား ! ဒီဘဝမှာ သုစရိုက်ကို ပြုကျင့်တဲ့သူအချို့ကတော့ သေသွားတဲ့အခါ နတ်ပြည်ကို ရောက်ကြရပါတယ်၊ သူဟာ နတ်တို့ရဲ့ (နတ်သုဓာဘုတ်စတဲ့) အစာနဲ့ပဲနတ်ဘဝမှာ မျှတနေရပါတယ်၊ အဲဒီ အစာနဲ့ပဲ သူဟာ နတ်ဘဝမှာ တည်နေရပါတယ်၊ ပုဏ္ဏား ! ဒါလဲ ရောက်သင့်တဲ့အရပ် မဟုတ်သေးဘူး၊ နတ်ပြည်မှာဖြစ်နေတဲ့ သူ့ဆီကို ဒီဒါနဟာ မရောက်ပါဘူး။

ပုဏ္ဏား ! ဒီဘဝမှာ ဒုစရိုက်ကို ပြုကျင့်တဲ့ လူအချို့ကတော့ သေသွားတဲ့အခါ ပြိတ္တာဘုံကို ရောက်ကြရပါတယ်၊ သူဟာ ပြိတ္တာဘုံသား သတ္တဝါတွေရဲ့ (တံတွေး, နှပ်–စတဲ့) အစာနဲ့ပဲ အဲဒီ ပြိတ္တာဘုံမှာ မျှတနေရပါတယ်၊ အဲဒီ အစာနဲ့ပဲ သူဟာ ပြိတ္တာဘုံမှာ တည်နေရပါတယ်၊ ဒါမှမဟုတ်ရင် သူ့အတွက် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတွေ, ဆွေမျိုးသားချင်းတွေက ပေးလှူအပ်တဲ့ ဒါနနဲ့ အဲဒီ ပြိတ္တာဟာ ပြိတ္တာဘုံမှာ မျှတနေရပါတယ်၊ အဲဒီ ဒါန(ရဲ့အကျိုး)နဲ့ ပြိတ္တာဘုံမှာ တည်နေရပါတယ်၊[၁] ပုဏ္ဏား ! ဒါဟာ ရောက်သင့်တဲ့ အရပ်ပါပဲ၊

၁။ ပြိတ္တာဘဝက လွတ်တယ်လို့ မဟောပါဘူး၊ ပြိတ္တာဘုံမှာဖြစ်တဲ့ သူတွေက သူတစ်ပါး ပေးလှူတာကိုမှီပြီး အသက်မွေးကြရတယ်၊ ပြိတ္တာမှ တစ်ပါး အခြားပုဂ္ဂိုလ်တွေအထံကို သူတစ်ပါးက ပေးလှူတဲ့ဒါနဟာ မရောက်ပါဘူး။

http://www.dhammadownload.com

ပြိတ္တာဖြစ်နေတဲ့ သူ့ဆီကို အဲဒီ ဒါနဟာ ရောက်နိုင်ပါတယ်"။

"အရှင်ဂေါတမ ! တကယ်လို့သာ ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့က အဲဒီ ပြိတ္တာဘုံကို မရောက်ခဲ့ပါရင် ဘယ်သူက အဲဒီဒါနကို သုံးဆောင်ရပါ့မလဲ ?"။

"ပုဏ္ဏား ! အဲဒီပြိတ္တာဘုံကို ရောက်နေကြတဲ့ အခြားကွယ်လွန်သူ ဆွေမျိုးသားချင်းတွေက အဲဒီဒါနကို သုံးဆောင်ခံစားကြရပါတယ်"။

"အရှင်ဂေါတမ ! အကယ်၍ အဲဒီ ကွယ်လွန်တဲ့ ဆွေမျိုးသားချင်းတွေ, အခြားကွယ်လွန်တဲ့ ဆွေမျိုးသားချင်းတွေ အဲဒီပြိတ္တာဘုံကို မရောက်ကြပါရင် အဲဒီ ဒါနကို ဘယ်သူက သုံးဆောင်ခံစားရပါ့မလဲ ?"။

"ပုဏ္ဏား ! ဒီလောက် ရှည်လျားတဲ့ အချိန်အခါ (သံသရာ)မှာ ဆွေမျိုးသားချင်း ပြိတ္တာတွေမရှိတဲ့ နေရာဌာနရယ်လို့ ရှိနိုင်စရာ အကြောင်းမရှိပါဘူး၊ (ဆွေမျိုးသားချင်း ပြိတ္တာတွေ မရှိတဲ့နေရာဌာနရယ်လို့ မရှိနိုင်ပါဘူး၊) တကယ်တော့ အလှူရှင်လဲပဲ အံကျိုးမဲ့ မဖြစ်နိုင်ပါဘူး"။[၁]

ဆွေမျိုးသားချင်းတွေ ရည်ညွှန်းလှူဒါန်းတဲ့ ဒါနရဲ့အကျိုးကို ပြိတ္တာတွေ ခံစားရတယ်ဆိုပေမဲ့ ပြိတ္တာအကုန်လုံး မခံစားရဘဲ ပြိတ္တာအချို့ကသာ ခံစားရပုံ, အလှူရှင် အကျိုးမဲ့ မဖြစ်ပုံကို မိလိန္ဒမင်းနဲ့ ရှင်နာဂသေနထေရ်တို့ရဲ့ ဆွေးနွေးခန်းနဲ့ပဲ ဆက်လက်ဖြေရှင်းပါ့မယ်။

ပုဗ္ဗပေတာဒိသပဉှ [၂]

"အရှင်ဘုရား ! အလှူ.ဒကာတွေက အလှူဒါနပြုလုပ်ကြပြီး ဒီအလှူဟာ သေလွန်သွားတဲ့သူတို့အား ရောက်ပါစေဆိုပြီး ရေးကသေလွန်သူတို့အား ရည်ညွှန်းကြပါတယ်၊ အဲဒီလို ရည်ညွှန်း လှူဒါန်းတဲ့ အတွက် အဲဒီသေလွန်ပြီးသူတွေဟာ အကျိုးတစ်စုံတစ်ရာ ရကြပါသလား ?"။

"မဟာရာဇာ ! အချို့သူတွေကသာ ရကြပါတယ်၊ အချို့သူတွေကတော့ မရကြပါဘူး"။

"အရှင်ဘုရား ! ဘယ်သူတွေက ရကြပါသလဲ၊ ဘယ်သူတွေက မရကြပါသလဲ ?"။

၁။ ရည်ညွှန်း ပေးလှူအပ်တဲ့ သူ့ဆီကို ရောက်ရောက်, မရောက်ရောက်၊ ပေးလှူတဲ့ ပုဂ္ဂိုလ်ကတော့ အကျိုးမဲ့ မဖြစ်နိုင်ပါဘူး၊ ကိုယ်ပေးလှူတဲ့ ဒါနရဲ့အကျိုးကို ရတာချည်းပါပဲ။

၂။ မိလိန္ဒပဉှ-ပါ၊ ၂၈၄။

http://www.dhammadownload.com

"မဟာရာဇာ ! ငရဲကျရောက်နေတဲ့သူတွေ, နတ်ပြည်ကိုရောက်နေတဲ့သူတွေ, လူပြန်ဖြစ်နေသူတွေ, တိရစ္ဆာန်ဖြစ်နေတဲ့သူတွေ မရကြပါဘူး၊ ပြိတ္တာ ၄-မျိုးထဲက-

'၁။ လူနာရဲ့အန်ဖတ်စသည်ကိုစားရတဲ့ ဝန္တာသပြိတ္တာမျိုး၊[1]
၂။ စားလို့မဝင် ငတ်မွတ်နေတဲ့ ခုပ္ပိပါသပြိတ္တာမျိုး၊
၃။ ဝမ်းခေါင်းထဲမှာ တပြောင်ပြောင်တောက်လောင်နေတဲ့ နိဇ္ဈာမတဏှိကပြိတ္တာမျိုး။'

ဒီပြိတ္တာ ၃-မျိုးတို့လဲ မရကြဘူး။

၄။ သူတစ်ပါးပေးကမ်းတာကိုမှီပြီး အသက်မွေးကြရတဲ့ ပရဒတ္တူပဇီဝီ ပြိတ္တာတွေကသာ ရကြပါတယ်၊ အဲဒီ ပြိတ္တာတွေဟာလဲပဲ ပေးလှူတာကိုသိလို့ (အနုမောဒနာပြု)မှသာ ရပါတယ်။

"အရှင်ဘုရား ! ဒီလိုသာ ရည်ညွှန်းခံရသူတိုင်း မရခဲ့ပါရင် ပေးလှူတဲ့သူတွေရဲ့ အလှူဒါနဟာ ခန်းခြောက်ရာ ရောက်တယ်မဟုတ်ပါလား၊ အကျိုးမရှိရာ ရောက်တယ် မဟုတ်ပါလား ?"။

"မဟာရာဇာ ! အလှူဟာ အကျိုးမရှိတာ မဟုတ်ပါဘူး၊ အကျိုးမပေးတာ မဟုတ်ပါဘူး၊ ပေးလှူတဲ့ ဒကာတွေကသာ အဲဒီ အလှူရဲ့ အကျိုးကို ခံစားကြရပါတယ်"။

"အရှင်ဘုရား ! ဒီလိုဆိုတော့ အကြောင်းအကျိုးစပ်ဟပ်ပြီး တပည့်တော် နားလည်အောင် အမိန့်ရှိပါအုံး"။

"မဟာရာဇာ ! ဒီလောကမှာ အချို့လူတွေက ငါး, အမဲ, အရက်, ထမင်း, မုန့်, ခဲဖွယ်တွေကို စီရင်ပြီး ဆွေမျိုးအိမ်ကို သွားတတ်ကြပါတယ်၊ ဆွေမျိုးတွေက အဲဒီ လက်ဆောင်ပဏ္ဏာကို လက်မခံခဲ့ပါရင် အဲဒီ လက်ဆောင်ပဏ္ဏာဟာ ခြောက်ကပ်သွားမှာလား၊ ဒါမှမဟုတ်ရင် ပျက်စီးသွားမှာလား ?"။

"အရှင်ဘုရား ! ခြောက်ကပ်သွားစရာ မရှိပါ၊ ပျက်စီးသွားစရာမရှိပါ၊ အဲဒီ လက်ဆောင်ပဏ္ဏာဟာ ဥစ္စာရှင်တွေအတွက်သာ ဖြစ်ပါတော့မယ်"။

"မဟာရာဇာ ! ဒီနည်းအတိုင်းပါပဲ၊ ပေးလှူသူ အလှူဒကာတွေကသာ အဲဒီ အလှူရဲ့အကျိုးကို ခံစားကြရပါတယ်၊ မဟာရာဇာ ! တစ်နည်းအားဖြင့် ပြောရအုံးမယ်ဆိုရင် တိုက်ခန်းထဲကို ဝင်လာတဲ့ ယောကျ်ားတစ်ယောက်ဟာ ရှေ့မှာ ထွက်ပေါက်တံခါး မရှိခဲ့ပါရင် ဘယ်တံခါးက ထွက်မှာတဲ့လဲ ?"။

၁။ မချိပူဆာ, မွတ်သိပ်စွာလျက်, သူနာအန်ဖတ်, ထွေးမှတ်တဲ့တွေး,သလိပ်ချွေးကို, မြတ်လေးစားကြ, ဝန္တာသ-ဟု, နာမမည်ဇာစ်, ပြိတ္တာဖြစ်၏။ (ဓမ္မရာသီ-ပုဒ်ရေ၊ ၁၁၂။)

http://www.dhammadownload.com

"အရှင်ဘုရား ! ဝင်လာတဲ့ တံခါးကသာ ထွက်ရမှာပါ"။

"မဟာရာဇာ ! ဒီနည်းအတိုင်းပဲ၊ ဒီအလှူရဲ့အကျိုးကို ပေးလှူသူ အလှူ. ဒကာတွေကသာ ခံစားကြရပါတယ်"။

"အရှင်ဘုရား ! ဒီအတိုင်းပဲ ဖြစ်ပါစေတော့၊ ဒါကို အရှင်ဘုရားအမိန့်ရှိတဲ့ အတိုင်းပဲ လက်ခံပါတယ်၊ အဲဒီ အလှူရဲ့အကျိုးကို ပေးလှူသူ ဒကာတွေကသာ ခံစားရပါတယ်၊ ဒီအကြောင်းကို တပည့်တော်တို့က ဆန့်ကျင်ဘက် မပြုလိုတော့ပါ"။

ဒီ မိလိန္ဒပဉ္ဉာပါဠိတော်မှာ "ပြိတ္တာ ၄-မျိုးထဲက ပရဒတ္တူပဇီဝီပြိတ္တာ တစ်မျိုးသာ အကျိုးခံစားခွင့်ရှိတယ်"လို့ ဆိုထားပါတယ်၊ အဋ္ဌကထာဆရာတွေက "ပြိတ္တာ ၄-မျိုးလုံးပဲ အကျိုးခံစားခွင့်ရှိတယ်"လို့ ဖွင့်ပြထားပါတယ်၊ ဒီတော့ ဘုန်းကြီးတို့ကလဲ ဒီနေရာမှာ အဋ္ဌကထာဆရာရဲ့ အယူအဆကိုပဲ သဘောကျပါတယ်။

ကိုင်း-ဒီတော့ မိမိတို့ရဲ့ အိမ်သူအိမ်သား တစ်ဦးတစ်ယောက်ကွယ်လွန် သွားခဲ့ပါရင် ကွယ်လွန်သွားတဲ့နေ့မှာပဲ သင်္ကြိုဟ်ပါ၊ အချိန်မမီက နောက်တစ်ရက်မှာ မဖြစ်မနေ သင်္ကြိုဟ်ပါ၊ သိပ်အကုန်အကျခံပြီး ပြင်ဆင်မွမ်းမံမှုကိုလဲ မပြုပါနဲ့၊ အကျိုးမရှိတဲ့နေရာမှာ အကုန်အကျခံတာဟာ ခေတ်နဲ့လဲ မလျော်တော့ပါဘူး၊ ဒီအချိန်မှာ ထုံးတမ်းစဉ်လာအရ လုပ်နေကြတဲ့ 'သင်္ဂျောက်ဆွမ်း, သပိတ်သွတ်, သရဏဂုံတင်' ဆိုတာတွေ လုပ်စရာ မလိုသေးပါဘူး၊ အလောင်းမြေကျဖို့သာ လိုရင်းဖြစ်တယ်၊ မသာရဲ့ အခြေအရံအနေနဲ့ သံဃာတွေကိုလဲ မပင့်ပါနဲ့၊ ငွေပဒေသာပင် လှူဒါန်းမှုစသည်တွေကိုလဲ ရှောင်ပါ။

သေပြီးတဲ့နောက် ၃-ရက်မြောက်နေ့ကစပြီး သေသူအတွက် ရည်ညွှန်း လှူဒါန်းရမယ်၊ ဒါဟာ အဋ္ဌကထာတွေမှာ ဆိုထားတဲ့ စကားပဲ၊ ဒီစကားကပဲ သေတဲ့နေ့, ၂-ရက်မြောက်နေ့မှာ သေသူအတွက် ရည်ညွှန်းလှူဒါန်းရန် မလိုသေးဘူးဆိုတာနဲ့ "၃-ရက်မြောက်နေ့ကစပြီး ဘယ်နေ့မှာပဲဖြစ်ဖြစ် သေသူအတွက် ရည်ညွှန်းလှူဒါန်းမှုကို လုပ်ရမယ်"ဆိုတာတွေကို ဖော်ညွှန်းပြီးဖြစ်ပါတယ်။

ပြီးတော့ သေသူအတွက် ရည်ညွှန်းပြီး လုပ်တဲ့အလှူမျိုးမှာ လှူဖွယ်ဝတ္ထု အနေနဲ့ ရေ, ဆွမ်း, သင်္ကန်း, (မတတ်နိုင်က မျက်နှာသုတ်ပုဝါ, လက်သုတ်ပုဝါ) အိပ်ရာခင်း, တတ်နိုင်က ခုတင်တွေ ပါစေရမယ်၊ အဲဒီ လှူဖွယ်ဝတ္ထု အကုန်လုံးဟာလဲပဲ တရားသဖြင့် ရှာဖွေရတဲ့ ပစ္စည်းဝတ္ထုတွေ ဖြစ်ရမယ်၊ အလှူခံပုဂ္ဂိုလ်ကလဲ သီလနဲ့ပြည့်စုံတဲ့ သီလဝန္တ ပုဂ္ဂိုလ် ဖြစ်ရမယ်၊ တတ်နိုင်လို့ ရှိရင် သံဃိကလှူတာ အကောင်းဆုံးဖြစ်တယ်။

အဲဒီ လှူဖွယ်ဝတ္ထုတွေကို ကပ်လှူတဲ့ အခါမှာလဲပဲ ဒီအလှူဟာ တပည့်တော်တို့ရဲ့ အမေဖြစ်သူ(ဒေါ်ညို)အတွက် ဖြစ်ပါစေ"၊ ဒီလို နှုတ်ကမြွက်ဆိုပြီး ရည်ညွှန်း

http://www.dhammadownload.com

ကပ်လှူရမယ်၊ ဒီလိုကိစ္စမျိုးမှာ ရွက်သလိုလို, ကြောက်သလိုလို လုပ်မနေရဘူး"လို့ ဘုန်းကြီးက နိဂုံးချုပ်အနေနဲ့ သတိပေးလိုပါတယ်။

"ကိုင်း–မောင်မျိုးသန့် လျှောက်ထားတဲ့အထဲ ဘာလိုနေသေးသလဲဟေ့"။

"ဘာမှမလိုတော့ပါဘုရား၊ အကုန်လုံး ပြည့်စုံသွားပါပြီ"။

အခု မောင်မျိုးသန့်တို့ လုပ်သလို ကြိုတင်နားလည်အောင် လုပ်ထားတာဟာ အင်မတန် ကောင်းတဲ့အလုပ်ပဲ၊ အခုကာလက အရေးကြုံလာတော့မှ မိရိုးဖလာ လုပ်နေကျအတိုင်း လုပ်၊ ဘုန်းကြီးသွားပင့်၊ ဘုန်းကြီးကလဲ သင့်တော်သလို ဟောပြော ရေစက်ချပေး၊ ပြန်ကြွသွား၊ ဒီလိုနဲ့ ပြီးနေကြတာ များပါတယ်၊ ဒီတော့ ဘာသာရေးနဲ့ ပတ်သက်တဲ့ အသိဉာဏ် လူတွေအတွက် ဘာမှ မယ်မယ်ရရ မရလိုက်ကြဘူး၊ ဒါနဲ့ လူတွေမှာ ဘာသာရေး အသိဉာဏ်တွေ တဖြည်းဖြည်း ဆုတ်ယုတ်လာကြတယ်၊ ဘာသာရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းကိစ္စတွေ လုပ်တတ် ကိုင်တတ်တဲ့လူတောင် မရှိသလောက်ဖြစ်လာပါတယ်၊ ဒါတွေကို ပြန်ပြီးစဉ်းစား ကြည့်မယ်ဆိုရင် ဗုဒ္ဓဘာသာအတွက် အင်မတန် သံဝေဂရစရာကောင်းတယ်။

အချိန်မီမပြုပြင်ဘဲ ဒီအတိုင်း ဆက်လက်စဉ်းသွားနေကြရင် နောက်တစ်ချိန်မှာ ၅–ပါးသီလ ခံယူတတ်တဲ့သူတောင် မရှိသလောက် ဖြစ်လာလိမ့်မယ်၊ ဒါ့ကြောင့် "ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တိုင်း ဘာသာရေးအသိဉာဏ် ပြည့်ဝအောင် ကြိုတင်လေ့လာ ထားကြပါ"လို့ ဘုန်းကြီးက တိုက်တွန်းလိုပါတယ်။

ဒီလိုတဖြည်းဖြည်း ဘာသာရေးအသိဉာဏ် ပြည့်ဝအောင်လေ့လာရင်း ဘာသာ ရေးလုပ်ငန်းတွေကို ကြိုးစားလုပ်ကိုင်ကြပြီး ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့ မျှော်မှန်း

http://www.dhammadownload.com